2415
သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## မြန်မာပြန်

### ဒုတိယတွဲ

ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ
ပြန်ဆိုသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## မြန်မာပြန်

## ဒုတိယတွဲ

ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ
ပြန်ဆိုသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

သာသနာရေးဦးစီးဌာနအတွက် ဒေါ်မြသန်း၊ သိတာဦးပုံနှိပ်တိုက်၊
၀၃၅၀၃ — ၂၄ ဒုတိယသော်မဆင်ရိပ်သာ၊ ဗိုလ်ထထောင်မြို့နယ်၊ ရန်ကုန်က
ပုံနှိပ်၍ ဦးမြင့်မောင် ဒုတိယညွှန်ကြားရေးမှူး၊ ၀၂၅၂၇ က ထုတ်ဝေသည်။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။



ကျိုက်သိုမြို့
ဘုရားသုံးဆူတောင် ဆရာတော်
အရှင်-ဦးနန္ဒမာလာ၏ပုံ

အရိမေတ္တေယျ ဘုရားအလောင်းတော်
အရှင်မဟာဗုဒ္ဓဃောသ
မထေရ်၏

## ငွမ်းရည် သတ္တိပြ"ဝိသုဒ္ဓိမဂ္ဂ"ကျမ်းအကြောင်း

# မူလနိဒါန်း

မြန်မာသက္ကရာဇ် ၁၂၉၇-ခုနှစ်မှ နောက်ပြန် ရေတွက်သည် ရှိသော် လွန်ခဲ့သော နှစ်ပေါင်း ၁၅၂၃-နှစ် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် နှစ်ပေါင်း ၉၅၆-နှစ် ကြာသောအခါ "အရိမေတ္တေယျ ဘုရားအလောင်းကော်ကြီး" ဟု ကျော်စောသော "အရှင်ဗုဒ္ဓဃောသ"မထေရ်သည် "အရှင်မဟိန္ဒ"အစရှိသော ရှေးရဟန္တာမထေရ်ကြီးတို့ သီဟိုဠ်ဘာသာအားဖြင့် ပေထက်အက္ခရာတင်ထားကြကုန်သော သီဟိုဠ်ဘာသာ အဋ္ဌကထာများကို **မာဂဓဘာသာ** ပြန်ဆိုရေးသားရန် သီဟိုဠ်ကျွန်း အနုရာဓမြို့သို့ ကြွရောက်လေသည်။

ထိုအခါ သီဟိုဠ်ကျွန်းကို **သိရိပါလ** ဘွဲ့အမည် ရှိသော "**မဟာနာမ်**"မင်း အုပ်စိုး၏၊ အနုရာဓမြို့၌ **မဟာဝိဟာရကျောင်းတိုက်, ဇေတဝန်ကျောင်းတိုက်, အဘယဂိရိကျောင်းတိုက်**ဟူသော ကျောင်းတိုက်ကြီးများ ရှိကြ၏၊ ထောင်သောင်းမကသော ရဟန်းသံဃာတော်တို့၏ သက်န်းရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းလင်း တောက်ပလျက် သာသနာတော် အလွန် စည်ပင် ထွန်းကားသောအခါ ဖြစ်လေ၏။

ထိုအခါ အရှင်ဗုဒ္ဓဃောသမထေရ်သည် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ဝင်ရောက်၍ သံဃာတော်တို့၏ အကြီးအမှူး ဦးစီး နာယက ဖြစ်သော "အရှင်သံဃပါလ" မထေရ်ကြီးယံ ချဉ်းကပ်လျက် အလုံးစုံသော သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒ များကို နာယူ မှတ်သားလေသည်၊ မြတ်စွာဘုရား ဟောတော်မူ

အပ်သော တရားတော်တို့၏ ဆိုလိုသော အနက်အဓိပ္ပါယ်သည် "ဤသီဟိုဠ်အဋ္ဌကထာတို့တွင် ဖွင့်ပြသောအတိုင်း မှန်ပါပေသည်" ဟု ဆုံးဖြတ်လေသည်။

ထို့နောက် အရှင်ဗုဒ္ဓဃောသမထေရ်သည် မဟာဝိဟာရ ကျောင်းတိုက် သံဃာတော်တို့၏ အစည်းအဝေးသို့ တက်ရောက်၍ "သီဟိုဠ်ဘာသာ အဋ္ဌကထာ စာပေများကို ပေးသနားတော်မူကြပါမည့်အကြောင်း အကျွန်ုပ်သည် ပိဋကတ်သုံးပုံ ပါဠိတော်တို့၏အဖွင့် အဋ္ဌကထာကို မာဂဓဘာသာအားဖြင့် ပြန်ဆို ပြုပြင် စီရင်ခြင်းငှါ အလိုရှိပါကြောင်း"နှင့် သံဃာတော်တို့ထံ တောင်းပန် လျှောက်ကြားလေသည်။

ထိုအခါ အစည်းအဝေးပါ သံဃာတော်အပေါင်းတို့က အရှင်ဗုဒ္ဓဃောသမထေရ်၏ စွမ်းရည်သတ္တိ ရှိမရှိကို စုံစမ်းလိုသည်ဖြစ်၍ ဂါထာနှစ်ပုဒ်ကို ပေးကြကုန်၏၊ "ဤဂါထာနှစ်ပုဒ်ကို အကျယ်ဖွင့်ဆိုရေးသား၍ သင်၏ စွမ်းရည်သတ္တိကို ပြပါ၊ သင်၏ စွမ်းရည်သတ္တိကိုသိရသောအခါ အလုံးစုံသော စာပေတို့ကို ပေးအပ်ပါမည်"ဟု ဝန်ခံစကား ပြောကြားကြကုန်၏။

ထိုအခါ အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ် သံဃာတော်တို့က ပေးသော **သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်**လာ ဂါထာနှစ်ပုဒ်ကို မှတည်၍ ပိဋကတ်သုံးပုံ ပါဠိတော်နှင့်တကွ အဖွင့်အဋ္ဌကထာများကို ကြည့်ရှု ဆင်ခြင်ပြီးလျှင် **"ဝိသုဒ္ဓိမဂ္ဂ"** အမည်ရှိသော ကျမ်းကြီးကို ပေါင်းရုံးစီစဉ် တည်ထွင် ရေးသားလေသည်၊ ထို ရေးသားသော ဝိသုဒ္ဓိမဂ်ကျမ်း ပြီးစီးသောအခါ နတ်တို့သည် အရှင်ဗုဒ္ဓဃောသ၏ ပညာစွမ်းကို သိကြစေခြင်းငှါ ထို ရေးပြီးသောပေစာကို ကွယ်ဝှက်ထားကြကုန်၏၊ အရှင်ဗုဒ္ဓဃောသသည် ပေစာပျောက်လျှင် တဖန် ထပ်၍ ရေးပြန်၏၊ ပြီးလျှင် နတ်တို့သည် ကွယ်ဝှက်ကြပြန်၏၊ သုံးကြိမ်မြောက် ပြန်၍ ရေးပြန်၏၊ ပြီးသောအခါ နတ်တို့သည် အထက် ဝှက်ထားသော ပေစာနှစ်စောင်ကို ဖော်ပြပေးကြကုန်၏၊ **ဝိသုဒ္ဓိမဂ်ကျမ်း ပေစာ သုံးစောင်** ဖြစ်လာလေ၏။

ထို ပေစာသုံးစောင်ကိုယူ၍ သံဃာတော်များအား ပေးအပ်လေ၏၊ သံဃာတော်တို့သည် ပေစာသုံးစောင်ကို တပြိုင်နက် တိုက်ဆိုင် ဖတ်စေ၏၊ ထို ပေစာ သုံးစောင်သည် အပိုင်းအခြား ကဏ္ဍ, အက္ခရာ, ပုဒ်, ဗျည်း, အနက်, အဓိပ္ပါယ်, ရှေ့,နောက်, အစီအစဉ်, ထေရဝါဒ,ပါဠိတော်,အကိုးအကား အားဖြင့် ကွဲလွဲခြင်း မရှိ၊ အလုံးစုံ တူညီကြကုန်၏။

ထိုအခါ အထောင်မကသော ရဟန်းသံဃာတော်တို့သည် "**မဟာဝိဟာရ**"ကျောင်းတိုက်ကြီးတွင် စည်းဝေး၍ မဖြစ်စဖူး ထူးဆန်းအံ့ဩဘွယ်တို့ကို တွေ့မြင်ကြရကုန်သောကြောင့် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ "**မေတ္တေယျ ဘုရား အလောင်းတော်ကြီး လာပြီ**"ဟု တပြိုင်နက် ကြွေးကြော်ကြကုန်လျက် ကောင်းချီးသာခု ပြုကြကုန်၏။

ထိုအခါ သီဟိုဠ်ကျွန်းကြီး၏အရှင် ဘုရင်မင်းမြတ်ကြီးဖြစ်တော်မူသော "မဟာနာမ" မင်းကြီးသည် အရိမေတ္တေယျ ဘုရား အလောင်း အရှင်ဗုဒ္ဓဃောသ မထေရ်၏ ထူးဆန်းအံ့ဩဘွယ် သတင်းကိုကြား၍ များစွာသော မင်းပရိသတ်ဖြင့် ခြံရံလျက် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ထွက်ကြွလာပြီးလျှင် သံဃာတော်များနှင့် အရှင်ဗုဒ္ဓဃောသမထေရ်ကို ရှိခိုးပူဇော်၍ အရှင်ဗုဒ္ဓဃောသမထေရ်အား "တရားတော်များကိုရေးသားစီရင်ခြင်း ပြီးသည်တိုင်အောင် အကျွန်ုပ်၏ နန်းတော်မှ ဆွမ်းခံယူတော်မူပါမည့်အကြောင်း"နှင့် ပင့်ဖိတ် လျှောက်ထားလေ၏၊ အရှင်ဗုဒ္ဓဃောသသည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူ၏။

ထိုအခါ ရဟန်း သံဃာတော် အပေါင်းတို့သည် ပိဋကတ် သုံးပုံ ပါဠိတော် စာပေတို့နှင့်တကွ သီဟိုဠ်ဘာသာ အဋ္ဌကထာ ပေစာတို့ကို အရှင်ဗုဒ္ဓဃောသအား ပေးအပ်ကြကုန်၏၊ အရှင်ဗုဒ္ဓဃောသသည် အလုံးစုံသော ပေစာတို့ကိုယူ၍ **မဟာဝိဟာရ ကျောင်းတိုက်ကြီး၏ တောင်မျက်နှာ ပဓာနဃရ** အမည်ရှိသောပြာသာဒ်၌ သီတင်းသုံးနေ၍ သီဟိုဠ်ဘာသာ အဋ္ဌကထာများကို မူလဘာသာဖြစ်သော မာဂဓပါဠိဘာသာဖြင့် ပြန်ဆို၍

ဝိဋ္ဌကတ်သုံးပုံ ပါဠိတော်တို့၏ အဖွင့်အဋ္ဌကထာ ကျမ်းကြီးများကို ပြုစီရင်လေသတည်း။

သီဟိုဠ်ဘာသာ အဋ္ဌကထာတို့သည် **မဟာအဋ္ဌကထာ**ဟူ၍ ၎င်း **ပစ္စရိယအဋ္ဌကထာ**ဟူ၍၎င်း **ကုရုန္ဒီအဋ္ဌကထာ**ဟူ၍၎င်း သုံးမျိုးရှိ၏၊ မဟာအဋ္ဌကထာဆိုသည်ကား—သင်္ဂါယနာ သုံးတန် တင်အပ်သော အဋ္ဌကထာဖြစ်၏၊ အရှင်မဟိန္ဒမထေရ် သီဟိုဠ် ကျွန်းသို့ ဆောင်ယူ၍ သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုထားအပ်သော အဋ္ဌကထာဖြစ်၏၊ ပစ္စရိယအဋ္ဌကထာ ဆိုသည်ကား—သီဟိုဠ် ဘာသာဖြင့်"ပစ္စရိယ" ဟုခေါ်သော ဖောင်သည်ရှိ၏၊ထိုဖောင်၌ နေ၍ ပြုစီရင်သောကြောင့် ပစ္စရိယအဋ္ဌကထာဟု ခေါ်၏၊ ကုရုန္ဒီအဋ္ဌကထာဆိုသည်ကား—ကုရုန္ဒီအမည်ရှိသောဝါးကျောင်း သည် ရှိ၏၊ထိုဝါးကျောင်း၌နေ၍ ပြုစီရင်သော အဋ္ဌကထာတည်း၊ ရှေးမထေရ်ကြီးများတို့သည် ပါဠိတော်နည်းကို ယူ၍ ပြုစီရင်အပ် သော ကျမ်းဂန်များကို **"ထေရဝါဒ"** ဟူ၍ ခေါ်၏။

အရှင်ဗုဒ္ဓဃောသသည် ရှေးဦးစွာ **ကုရုန္ဒီအဋ္ဌကထာ** ကို သီဟိုဠ်ဘာသာမှ မူလဘာသာဖြစ်သော မာဂဓဘာသာဖြင့် ပြန်ဆို၍ **သမန္တပါသာဒိက** အမည်ရှိသော ဝိနည်းပိဋကတ် အဋ္ဌကထာကို ပြုစီရင်၏။

**မဟာအဋ္ဌကထာကို** သီဟိုဠ်ဘာသာမှ မာဂဓဘာသာဖြင့် ပြန်ဆို၍ **သုမင်္ဂလဝိလာသိနီ** အမည်ရှိသော **ဒီဃနိကာယ်** အဋ္ဌ ကထာ၊ **ပပဉ္စသူဒနီ** အမည်ရှိသော **မဇ္ဈိမနိကာယ်** အဋ္ဌကထာ၊ **သာရတ္ထပကာသိနီ** အမည်ရှိသော **သံယုတ္တနိကာယ်** အဋ္ဌကထာ၊ **မနောရထပူရဏီ** အမည်ရှိသော **အင်္ဂုတ္တိုရ်** အဋ္ဌကထာများကို ပြုစီရင်၏။

**ပစ္စရိယအဋ္ဌကထာကို** သီဟိုဠ်ဘာသာမှ မာဂဓဘာသာဖြင့် ပြန်ဆို၍ **အဋ္ဌသာလိနီ** အမည်ရှိသော **ဓမ္မသင်္ဂဏီ** အဋ္ဌကထာ၊ **သမ္မောဟဝိနောဒနီ** အမည်ရှိသော **ဝိဘင်းကျမ်း** အဖွင့် အဋ္ဌ ကထာ၊ **ပရမတ္ထဒီပနီ** အမည်ရှိသော **ပဉ္စပကိုရဏ်** အဋ္ဌကထာ များကို ပြုစီရင်၏။

ထို အရှင်ဗုဒ္ဓဃောသ ပြုစီရင်အပ်သော မာဂဓဘာသာ "ဝိသုဒ္ဓိမဂ္ဂ" ကျမ်းကြီးနှင့်တကွ သီဟိုဠ်ဘာသာမှ မာဂဓဘာသာ ပြန်ဆိုအပ်သော ပိဋကတ် သုံးပုံအဖွင့် အဋ္ဌကထာကြီးတို့သည် ကမ္ဘာ တဝှမ်းလုံး အတိုင်းတိုင်း အပြည်ပြည်၌ နေကြကုန်သော အမျိုးသား အပေါင်းတို့၏ အကျိုးစီးပွါးကို ဆောင်ရွက်လျက် ရှိကြကုန်၏။

ယခုအခါ ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့သည် အရှင် ဗုဒ္ဓဃောသ မထေရ် သီဟိုဠ်ဘာသာမှ မာဂဓဘာသာ ပြန်ဆိုထားသော အဖွင့်အဋ္ဌကထာကြီးများကို အမှီပြု၍ မိမိ မိမိတို့၏ မိရိုး-ဘလာ ဘာသာစကားဖြင့် ဘုရားဟော ပိဋကတ်သုံးပုံ ပါဠိတော်တို့၏ အနက် အဓိပ္ပါယ်ကို ပြန်ဆို ရေးသား သင်ကြား လေ့ကျက် ဆောင်ရွက် မှတ်သားကြကုန်၏၊ ဝိသုဒ္ဓိမဂ္ဂကျမ်းကြီး ကိုလည်း မိမိ မိမိတို့၏ဘာသာ စကားအားဖြင့် ပြန်ဆို လေ့ကျက် ဆောင်ရွက် မှတ်သားကြကုန်၏။

> [ထူးခြားသော အချက် တရပ်မှာ မြန်မာနိုင်ငံသား မြန်မာ လူမျိုးတဦး ဖြစ်သော ရန်ကုန်မြို့ ယူနီဘာစီတီ သိပ္ပံကျောင်းတော်ကြီး ပရိဖက်ဆာ "**ဦးဖေမောင်တင် M.A.D Litt**"သည် ပါဠိဘာသာဖြင့်ရှိနေသော ဝိသုဒ္ဓိ မဂ္ဂကျမ်းကို **အင်္ဂလိပ်ဘာသာ** စကားအားဖြင့် ပြန်ဆို ရေးသား၍ ဥရောပတိုက်သားများ ဖတ်ရှုနိုင်ကြရသည်ကို အံ့ဘွယ်ကောင်းလှပေ၏။]

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ထို ပါဠိဘာသာ မာဂဓ ဘာသာဖြစ်သော ဘုရားဟော ပိဋကတ်သုံးပုံ တရားတော်တို့၏ အနက် အဓိပ္ပါယ်ကို အရှင်ဗုဒ္ဓဃောသ၏ အဖွင့် အဋ္ဌကထာကြီး များကို အမှီပြုလျက် ပါဠိတချက် မြန်မာတချက် ပြန်ဆိုထားသော နိဿယ ကျမ်းစာများကို ရှေးဆရာတော်ကြီးတို့ ပြန်ဆို ရေးသား ထားကြကုန်၏၊ ထိုနိသျကျမ်းစာများသည် ပါဠိမြန်မာ အဘိဓာန် ကြီးတွေဖြစ်၍ ပါဠိဘာသာသင်ကြားသူ မြန်မာ လူမျိုးတို့အတွက် အလွန် အသုံးဝင်ပါသော်လည်း ပါဠိဘာသာကို သင်ကြားသူ

မဟုတ်ကြသော မြန်မာလူမျိုး မိန်းမ ယောကျ်ား လူအများတို့ အတွက် ခက်ခဲခြင်း ရှိနေပြန်သောကြောင့် ယခုအခါ မြန်မာဘာသာ စကားပြေသက်သက် ပြန်ဆိုရေးသား၍ ပုံနှိပ်ရိုက်ထားသော မြန်မာဘာသာ ပိဋကတ်တော်များ ထင်ရှား ပေါ်ထွန်းလျက်ရှိပြီး ဖြစ်ပါကြောင်း။

အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂ ကျမ်းကြီးကို ရှေးအခါက မြန်မာဘာသာ စကားပြေအားဖြင့် ပြန်ဆိုပြီးမရှိသေး၍ ပိဋကတ်သုံးပုံ၏ လိုရင်းအချုပ်ဖြစ်သော သီလ, သမာဓိ, ပညာ သုံးဖြာသော သာသနာတော်ကြီး၏ အနက် အဓိပ္ပါယ် အနှစ် သာရများကို လူအပေါင်းတို့မသိရဘဲ အလွဲလွဲ အချော်ချော်နှင့်သာ နှစ်ကာလ ကုန်လွန်ခဲ့ကြရာ ယခုအခါ မေတ္တာ ကရုဏာကြီးမားတော်မူလှသော ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရညဝါသီ ယောဂီသူမြတ်ကြီးဖြစ်သော **"အရှင် ဦးနန္ဒမာလာ ဆရာတော်ဘုရားကြီး"**သည် မြန်မာဘာသာ စကားပြေအားဖြင့် ပြန်ဆိုရေးသားတော်မူပေသောကြောင့် **"မြန်မာဝိသုဒ္ဓိမဂ္ဂကျမ်းကြီး"** သည် ထင်ရှားပေါ်ထွန်း၍ လာပေကြောင်း။

ထို မြန်မာဝိသုဒ္ဓိမဂ္ဂကျမ်းကြီး ပဌမတွဲကို ကျွန်ုပ်တို့ မြန်မာပိဋကတ်ပုံနှိပ်တိုက်က ပုံနှိပ်ရာ ၁၂၉၅-ခုနှစ်ကပင် ပြီးစီး၍ လူအပေါင်းတို့ ကြည့်ရှု ကြည်ညိုရပြီ ဖြစ်ပါကြောင်း။

ယခုတဖန် ဒုတိယတွဲ ဆက်လက် ပုံနှိပ်ရာ ဝိသုဒ္ဓိမဂ္ဂကျမ်း အခဏ်းနံပါတ် ၈-မရဏာဿတိ နိဒ္ဒေသပိုင်းမှ အခဏ်း နံပါတ် ၁၄-ခန္ဓ နိဒ္ဒေသပိုင်း တိုင်အောင်သော နိဒ္ဒေသ ၇-ပိုင်းသည် ဆုံးခန်းတိုင်ရောက် ပြီးမြောက် အောင်မြင်ပြီဖြစ်၍ တတိယတွဲ အခဏ်းနံပါတ် ၁၅-အာယတနနိဒ္ဒေသမှ အခဏ်း ၂၃-ပညာဘာဝနာနိသံသနိဒ္ဒေသပိုင်း တိုင်အောင်သော နိဒ္ဒေသ ၉-ပိုင်းကို ဆက်လက် ပုံနှိပ်လျက်ရှိပါကြောင်း။

ထိုမြန်မာဘာသာ ဝိသုဒ္ဓိမဂ္ဂကျမ်းကြီးကို ပုံနှိပ်လုပ်ဆောင်ရာ ပုံမရိုက်မီ ကျွန်ုပ်ကိုယ်တိုင် အကြိမ်ကြိမ် အဖန်ဖန် တိုက်ဆိုင်

စစ်ဆေးရှုံသာမက မကြာမီက ကွယ်လွန်သူ သထုံမြို့ အငြိမ်းစား အရေးပိုင်မင်း **ဦးကျော်ထွန်း** M.A.K.S.M.,သည်လည်း ကျန်းမာ ရေးပြည့်စုံစဉ် အဋ္ဌကထာ, ဋီကာများနှင့် တိုက်ဆိုင် ပြင်ဆင်၍ ပုံနှိပ်ခြင်း ဖြစ်ပါကြောင်း။

**ဆရာမြို့**

**အဂ္ဂမဟာပဏ္ဍိတ။**

[အရှင် ဗုဒ္ဓဃောသမထေရ်၏ အကြောင်းအကျယ်ကို တဘိယတွဲအပြီးတွင် ပါဠိဘာသာနှင့်တကွ မြန်မာပြန်ဆိုလျက် ဖော်ပြပါရှိလိမ့်မည်။]

# ဒုတိယနှိပ်ခြင်းနိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ယခုအခါ ဝိပဿနာရှုရဟု ဆိုအပ်သော ပဋိပတ္တိလုပ်ငန်းကို စိတ်အားထက်သန်စွာ နာယူမှတ်သား လိုက်စားအားထုတ်လျက်ရှိကြသော ကမ္မဋ္ဌာန ယောဂီပုဂ္ဂိုလ်တို့အတွက် အထောက်အပံ့ ဖြစ်စိမ့်သော ငှါ ပိဋကတ်သုံးပုံ၏ အဆီအနှစ်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းပဋိပဒါ ဘော်ပြရာဖြစ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန်သုံးတွဲကို ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်၍ ဖြန့်ချိလိုက်ရပေသည်။

ဝိသုဒ္ဓိမဂ်ကျမ်းကြီးသည် နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော်ဟု ဆိုအပ်သော ဘုရားရှင်ဒေသနာတော်မြတ်၏ အရေးအကြီးဆုံး အဆီအနှစ်ဖြစ်သောအနက်အဓိပ္ပါယ် ကျင့်ဝတ်အသွယ်သွယ်တို့ကို သီလခဏ်း, သမာဓိခဏ်း, ပညာခဏ်းဟူ၍ သုံးခဏ်းခွဲခြားကာ ပြည့်ပြည့်စုံစုံ ရေးသားထားသည့် ကျမ်းမြတ်တဆူ ဖြစ်ပေသည်။

ဤဝိသုဒ္ဓိမဂ်ကျမ်းကြီးကို လေ့လာအားထုတ်ခြင်းဖြင့် အသိမှာ အသိမှန်, အကျင့်မှား အကျင့်မှန်တို့ကို ကွဲပြား ခြားနားစွာ သိရှိနိုင်ပြီးလျှင် ဘုရားမှု၏အလိုတော်ကျဖြစ်သော သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် ဒုက္ခအားလုံးတို့၏ ချုပ်ဆုံးရာမှန် ပြည်နိဗ္ဗာန်သို့ ဧကန်ထုတ်ချောက် ရောက်ကြမည်ဖြစ်ပေသတည်း။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
ကမ္ဘာအေး-ရေကူး
ရန်ကုန်။

# မြန်မာ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

## မာတိကာ

ရေ | အကြောင်းအရာ | မျက်နှာအမှတ်

### ၉-ဗြဟ္မဝိဟာရနိဒ္ဒေသပိုင်း


၁။ မေတ္တာဗြဟ္မဝိဟာရဘာဝနာပွါးပုံ .... ၁
၂။ ကရုဏာဗြဟ္မဝိဟာရ ... ၄၀
၃။ မုဒိတာဗြဟ္မဝိဟာရ .... ၅၂
၄။ ဥပေက္ခာဗြဟ္မဝိဟာရ .... ၅၅
၅။ ပကိဏ္ဏကကထာ .... ၅၆


### ၁၀-အာရုပ္ပနိဒ္ဒေသပိုင်း


၁။ အာကာသာနဉ္စာယတနကမ္မဋ္ဌာန်း .... ၇၇
၂။ ဝိညာဏဉ္စာယတနကမ္မဋ္ဌာန်း .... ၈၉
၃။ အာကိဉ္စညာယတနကမ္မဋ္ဌာန်း .... ၉၂
၄။ နေဝသညာနာသညာယတနကမ္မဋ္ဌာန်း .... ၉၆
၅။ အာရုပ္ပကမ္မဋ္ဌာန်းလေးပါးလုံးနှင့်
ဆိုင်သော ပကိဏ္ဏကကထာ .... ၁၀၄


### ၁၁-သမာဓိနိဒ္ဒေသပိုင်း


၁။ အာဟာရေပဋိကူလသညာဘာဝနာ ၁၁၀
(၁) အစာရှာသွားရသောအားဖြင့် ဆင်ခြင်ပုံ ၁၁၂
(၂) ရှာမှီးသောအားဖြင့် ဆင်ခြင်ပုံ .... ၁၁၄
(၃) သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ ၁၁၅
(၄) သည်းခြေစသော အာသယ
အားဖြင့် ဆင်ခြင်ပုံ .... ၁၁၇
(၅) အာဟာရ၏တည်ရာ အစာသစ်
အိမ်အားဖြင့် ဆင်ခြင်ပုံ .... ၁၁၇
(၆) မကျက်မကျေသောအားဖြင့် ဆင်ခြင်ပုံ ၁၁၈

မာတိကာ


| ဦးရေ | အကြောင်းအရာ | | မျက်နှာအမှတ် |
|---|---|---|---|
| | (၇) ကျက်ကျေပြီးသည့်အဖြစ်ဖြင့် ဆင်ခြင်ပုံ | .... | ၁၁၉ |
| | (၈) ပြီးစေအပ်သောအကျိုးအားဖြင့် ဆင်ခြင်ပုံ | .... | ၁၁၉ |
| | (၉) ယိုစီး၍ထွက်သောအားဖြင့် ဆင်ခြင်ပုံ | .... | ၁၂၀ |
| | (၁၀) အချင်းခပ်သိမ်း လိမ်းကျံသော အားဖြင့် ဆင်ခြင်ပုံ | .... | ၁၂၂ |
| ၂။ | စတုဓာတုဝဝတ္ထာနဘာဝနာ | .... | ၁၂၄ |
| ၃။ | ဓာတ်ကမ္မဋ္ဌာန်းပွါးပုံ | .... | ၁၃၁ |


## ၁၂-ဣဒ္ဓိဝိဓနိဒ္ဒေသပိုင်း


| | | | |
|---|---|---|---|
| ၁။ | လောကီအဘိညာဉ်ငါးပါးကို ဟောကြားတော်မူခြင်း | .... | ၁၀၅ |
| ၂။ | ဈာန်ကစား၍ စိတ်ကို ဆုံးမရပုံ ၁၄-မျိုး | .... | ၁၀၆ |
| ၃။ | ဣဒ္ဓိဝိဓပါဠိတော်ပါဠ်နှင့် မြန်မာပြန် အဓိပ္ပါယ် | .... | ၁၉၃ |
| ၄။ | ၎င်းပါဠိတော်စကားများအဖွင့် | .... | ၁၉၄ |
| ၅။ | တန်ခိုး ၁၀-မျိုး | .... | ၁၉၀ |
| ၆။ | အဓိဋ္ဌာနဣဒ္ဓိတန်ခိုး | .... | ၁၉၉ |
| ၇။ | ဝိကုဗ္ဗနာဣဒ္ဓိတန်ခိုး | .... | ၂၀၀ |
| ၈။ | မနောမယာဣဒ္ဓိတန်ခိုး | .... | ၂၀၀ |
| ၉။ | ဉာဏဝိပ္ဖါရဣဒ္ဓိတန်ခိုး | .... | ၂၀၀ |
| ၁၀။ | သမာဓိဝိပ္ဖါရဣဒ္ဓိတန်ခိုး | .... | ၂၀၂ |
| ၁၁။ | အရိယာဣဒ္ဓိတန်ခိုး | .... | ၂၀၄ |
| ၁၂။ | ကမ္မဝိပါကဇဣဒ္ဓိတန်ခိုး | .... | ၂၀၆ |
| ၁၃။ | ပုညဝတဣဒ္ဓိတန်ခိုး | .... | ၂၀၇ |
| | ဘုန်းကံကြီးသူ ၅-ဦး | .... | ၂၀၈ |

| ဦးရေ | အကြောင်းအရာ | | မျက်နှာအမှတ် |
|---|---|---|---|
| ၁၄။ | ဝိဇ္ဇာမယဣဒ္ဓိတန်ခိုး | .... | ၂၀၉ |
| ၁၅။ | တတ္ထတတ္ထသမ္မာပယောဂပစ္စယတန်ခိုး | .... | ၂၀၉ |
| ၁၆။ | တန်ခိုး၏ဖြစ်ရာ ဘုံလေးပါး | .... | ၂၁၁ |
| ၁၇။ | တန်ခိုး၏ အခြေပါဒလေးပါး | .... | ၂၁၃ |
| ၁၈။ | တန်ခိုး၏ မူလပဒ တဆယ့်ခြောက်ပါး | .... | ၂၁၆ |
| ၁၉။ | တခုကို အများဖြစ်အောင် ပြုသောတန်ခိုး | .... | ၂၂၀ |
| | အရှင်စူဠပန်ဝတ္ထု | .... | ၂၂၁ |
| ၂၀။ | ထင်ရှားသောအဖြစ် ဖုံးကွယ်သောအဖြစ် တန်ခိုး | .... | ၂၂၆ |
| ၂၁။ | နံရံ-တံတိုင်း တောင် အကာအဆီးများကို ကောင်းကင်ကဲ့သို့ သွားနိုင်သောတန်ခိုး | .... | ၂၃၂ |
| ၂၂။ | မြေ၌ပေါ်ခြင်း ငုပ်ခြင်းတန်ခိုး | .... | ၂၃၈ |
| ၂၃။ | ရေကိုမြေကဲ့သို့ဖြစ်အောင် ပြုသောတန်ခိုး | .... | ၂၃၉ |
| ၂၄။ | ကောင်းကင်သို့သွားသောတန်ခိုး | .... | ၂၄၁ |
| ၂၅။ | လနေတို့ကို သုံးသပ်သောတန်ခိုး | .... | ၂၄၃ |
| ၂၆။ | အငယ်ကိုအကြီးဖြစ်စေသောတန်ခိုး | .... | ၂၄၄ |
| | နန္ဒောပနန္ဒနဂါးဝတ္ထု | .... | ၂၄၅ |
| ၂၇။ | အဝေးကိုအနီးဖြစ်စေသောတန်ခိုး | .... | ၂၅၂ |
| ၂၈။ | အနီးကိုအဝေးဖြစ်စေသောတန်ခိုး | ... | ၂၅၃ |
| ၂၉။ | အနည်းကို အများ, အများကို အနည်း ဖြစ်စေသော တန်ခိုး | .... | ၂၅၄ |
| ၃၀။ | ဝိကုဗ္ဗနတန်ခိုးနှင့် မနောမယတန်ခိုးတို့ ထူးခြားပုံ | .... | ၂၅၇ |

## ၁၃-အဘိညာနိဒ္ဒေသပိုင်း

| | | | |
|---|---|---|---|
| ၁။ | ဒိဗ္ဗသောတအဘိညာဉ် | .... | ၂၆၀ |
| ၂။ | စေတောပရိယအဘိညာဉ် | .... | ၂၆၃ |
| ၃။ | ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် | .... | ၂၆၇ |

| ဦးရေ | အကြောင်းအရာ | | မျက်နှာအမှတ် |
|---|---|---|---|
| | မီးဖျက်သောကမ္ဘာ | .... | ၂၇၅ |
| | ရေဖျက်သောကမ္ဘာ | .... | ၂၈၄ |
| | လေဖျက်သောကမ္ဘာ | .... | ၂၈၆ |
| ၄။ | စုတူပပါတအဘိညာဉ် | .... | ၂၉၁ |
| ၅။ | အဘိညာဉ်ငါးပါး၏အဆုံးအဖြတ် | .... | ၃၀၄ |

## ၁၄-ခန္ဓနိဒ္ဒေသပိုင်း

| | | | |
|---|---|---|---|
| ၁။ | ပညာအကြောင်း | ... | ၃၁၆ |
| ၂။ | ပညာ၏အနက် | ... | ၃၁၇ |
| ၃။ | ပညာ၏ လက္ခဏာရသ စသည် | .... | ၃၁၉ |
| ၄။ | ပညာ၏အပြား | .... | ၃၂၀ |
| ၅။ | ပညာကိုပွါးစေခြင်း | .... | ၃၃၃ |
| ၆။ | ရူပက္ခန္ဓာ | .... | ၃၃၄ |
| ၇။ | ဥပါဒါရုပ် ၂၄-ပါး | .... | ၃၃၄ |
| ၈။ | စက္ခုသောတဃာနဇိဝှါကာယတို့၏ လက္ခဏာရသစသည် | .. | ၃၃၄ |
| ၉။ | ရူပါရုံစသောဝိသယရုပ်ငါးပါး | .... | ၃၄၁ |
| ၁၀။ | ပုရိသိန္ဒြေ-ဣတ္ထိန္ဒြေ-ဇီဝိတိန္ဒြေ | .... | ၃၄၂ |
| ၁၁။ | ဟဒယဝတ္ထုရုပ် | .... | ၃၄၃ |
| ၁၂။ | ကာယဝိညတ်, ဝစီဝိညတ် | ... | ၃၄၄ |
| ၁၃။ | အာကာသဓာတ် | .... | ၃၄၅ |
| ၁၄။ | ရူပဿလဟုတာ မုဒုတာ ကမ္မညတာ | ... | ၃၄၆ |
| ၁၅။ | ဥပစယ, သန္တတိ | .... | ၃၄၈ |
| ၁၆။ | ဇရတာအနိစ္စတာ | .... | ၃၄၉ |
| ၁၇။ | အာဟာရရုပ် | .... | ၃၅၀ |
| ၁၈။ | အဇ္ဈတ္တရုပ် ဗာဟိရရုပ်စသည် နှစ်ပါး အပြားရှိသော ရုပ်များ | .... | ၃၅၁ |
| ၁၉။ | ဝိညာဏက္ခန္ဓာကိုပြခြင်း | .. | ၃၅၆ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၂၀။ | ဇာတိဘေဒအပြားကုသိုလ်စိတ် .... | ၃၅၇ |
| ၂၁။ | အကုသိုလ်စိတ် .... | ၃၅၉ |
| ၂၂။ | အဗျာကတစိတ် .... | ၃၆၁ |
| ၂၃။ | ဝိညာဉ်တို့၏ကိစ္စ ၁၄-ပါး .... | ၃၆၈ |
| ၂၄။ | ဝေဒနာက္ခန္ဓာကိုပြခြင်း .... | ၃၇၃ |
| ၂၅။ | သညာက္ခန္ဓာကိုပြခြင်း .... | ၃၇၅ |
| ၂၆။ | သင်္ခါရက္ခန္ဓာကိုပြခြင်း .... | ၃၇၇ |
| ၂၇။ | ခန္ဓာငါးပါးနှင့်စပ်သော ပြီးပြွမ်းအဓိပ္ပါယ်.... | ၄၀၈ |
| ၂၈။ | အဒ္ဓါ, သန္တတိ, သမယ, ခဏ .... | ၄၀၁ |
| ၂၉။ | ဝေဒနာက္ခန္ဓာ၏ အပြားဝေဘန်ခြင်း .... | ၄၀၈ |
| ၃၀။ | ဟောတော်မူသော အစဉ်ဒေသနာက္ကမ .... | ၄၁၁ |
| ၃၁။ | အထူးဝေဘန်ခြင်း .... | ၄၁၃ |
| ၃၂။ | မယုတ်မလွန် ငါးပါးတိတိရှိခြင်း .... | ၃၁၅ |
| ၃၃။ | ဥပမာဖြင့် ခန္ဓာငါးပါးကိုပြခြင်း .... | ၄၁၇ |


**၁၅-အာယတနဓာတုနိဒ္ဒေသပိုင်း**


| | | |
|---|---|---|
| ၁။ | အာယတနတို့၏သဒ္ဒတ္ထစသည် အဆုံးအဖြတ် .... | ၄၂၁ |
| ၂။ | မယုတ်မလွန် တဆယ့်နှစ်ပါးတိတိရှိခြင်း .... | ၄၂၅ |
| ၃။ | ဟောတော်မူသော အစဉ်ဒေသနာက္ကမ .... | ၄၂၇ |
| ၄။ | ပညာစက္ခုဖြင့် ရှုအပ်၏ .... | ၄၂၉ |
| ၅။ | ဓာတ်တို့၏ သဒ္ဒတ္ထစသည် အဆုံးအဖြတ် .... | ၄၃၀ |
| ၆။ | ဟောတော်မူသော အစဉ်ဒေသနာက္ကမ .... | ၄၃၃ |
| ၇။ | မယုတ်မလွန် တဆယ့်ရှစ်ပါးတိတိရှိခြင်း .... | ၄၃၃ |
| ၈။ | ဓာတ်တို့အား ပစ္စည်းတပ်ပုံ .... | ၄၃၈ |
| ၉။ | ပညာစက္ခုဖြင့် ရှုအပ်၏ .... | ၄၄၁ |

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၁၆-ဣန္ဒြိယ သစ္စနိဒ္ဒေသပိုင်း


| | | |
|---|---|---|
| ၁။ | ဣန္ဒြိယနိဒ္ဒေသ သဒ္ဒတ္တစသည်အဆုံးအဖြတ် .... | ၄၄၄ |
| ၂။ | လက္ခဏာရသစသည် .... | ၄၄၇ |
| ၃။ | ဟောတော်မူသော အစဥ်ဒေသနာက္ကမ .... | ၄၄၇ |
| ၄။ | ဣန္ဒြေတို့၏ကိစ္စ .... | ၄၄၈ |
| ၅။ | သစ္စနိဒ္ဒေသ သစ္စာလေးပါး .... | ၄၅၀ |
| ၆။ | သစ္စာအနက် ၁၆-ချက် .... | ၄၅၁ |
| ၇။ | ဒုက္ခအနက် ၄-ချက် .... | ၄၅၂ |
| ၈။ | သမုဒယအနက် ၄-ချက် .... | ၄၅၂ |
| ၉။ | နိရောဓအနက် ၄-ချက် .... | ၄၅၃ |
| ၁၀။ | မဂ္ဂအနက် ၄-ချက် .... | ၄၅၃ |
| ၁၁။ | သစ္စာ ၄-ပါးတို့၏ ဝစနတ္ထ .... | ၄၅၄ |
| ၁၂။ | သစ္စာလေးပါးတို့၏ လက္ခဏာ .... | ၄၅၈ |
| ၁၃။ | သစ္စာ၏ အနက်သဘော .... | ၄၅၉ |
| ၁၄။ | မယုတ်မလွန် လေးပါးတိတိရှိခြင်း .... | ၄၆၁ |
| ၁၅။ | ဟောတော်မူသောအစဥ်ဒေသနာက္ကမ .... | ၄၆၄ |
| ၁၆။ | ဇာတိဆိုင်ရာ အဆုံးအဖြတ် .... | ၄၆၅ |
| ၁၇။ | ဒုက္ခအပြား .... | ၄၆၇ |
| ၁၈။ | ပဋိသန္ဓေနေခြင်းဆင်းရဲ .... | ၄၆၈ |
| ၁၉။ | ဇရာအကြောင်း .... | ၄၇၃ |
| ၂၀။ | မရဏအကြောင်း .... | ၄၇၅ |
| ၂၁။ | သောက .... | ၄၇၇ |
| ၂၂။ | ပရိဒေဝ .... | ၄၇၈ |
| ၂၃။ | ဒုက္ခ .... | ၄၇၉ |
| ၂၄။ | ဒေါမနဿ .... | ၄၈၀ |
| ၂၅။ | ဥပါယာသအကြောင်း .... | ၄၈၁ |
| ၂၆။ | အပ္ပိယသမ္ပယောဂ .... | ၄၈၂ |
| ၂၇။ | ပိယဝိပ္ပယောဂ .... | ၄၈၃ |

| ဦးရေ | အကြောင်းအရာ | | မျက်နှာအမှတ် |
|---|---|---|---|
| ၂၈။ | ဣစ္ဆိတာလာဘ | .... | ၄၈၄ |
| ၂၉။ | ပဉ္စုပါဒါနက္ခန္ဓာ | .... | ၄၈၅ |
| ၃၀။ | သမုဒယနိဒ္ဒေသ | .... | ၄၈၇ |
| ၃၁။ | နိရောဓနိဒ္ဒေသ | .... | ၄၈၈ |
| ၃၂။ | နိရောဓ၏အနက် | .... | ၄၈၉ |
| ၃၃။ | မဂ္ဂနိဒ္ဒေသ | .... | ၄၉၇ |
| ၃၄။ | သစ္စာဉာဏ်၏ကိစ္စ | .... | ၅၀၀ |
| ၃၅။ | အတွင်းဝင်သောတရားတို့၏အပြား | .... | ၅၀၃ |
| ၃၆။ | သစ္စာလေးပါးတို့ကို ဥပမာဖြင့်ပြခြင်း | .... | ၅၀၄ |
| ၃၇။ | စတုက္ကအားဖြင့်ပြခြင်း | .... | ၅၀၅ |
| ၃၈။ | သုညတအားဖြင့်ပြခြင်း | .... | ၅၀၆ |
| ၃၉။ | သစ္စာလေးပါးတို့၏အပြား | .... | ၅၀၈ |
| ၄၀။ | သဘာဂ ဝိသဘာဂအပြား | .... | ၅၁၃ |


**ဒုတိယတွဲ မာတိကာပြီး၏။**

မြန်မာပြန်

# ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

ဒုတိယတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၉—ဗြဟ္မဝိဟာရ နိဒ္ဒေသပိုင်း

### (၁) မေတ္တာ ဗြဟ္မဝိဟာရ ဘာဝနာပွါးပုံ

၂၄၀။ အနုဿတိကမ္မဋ္ဌာန်းကို ဖွင့်ဆို ပြောကြားပြီးသည်၏ အခြားမဲ့၌ ညွှန်ပြအပ်ကုန်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဤဗြဟ္မဝိဟာရတရားလေးပါးတို့တွင် မေတ္တာကို ပွါးလိုသော ကမ္မဋ္ဌာန်းအလုပ်စ၍ လုပ်သော ယောဂီပုဂ္ဂိုလ်သည် ပလိဗောဓ ကြောင့်ကြကြီးငယ်ကို ဖြတ်၍ ဆရာ့ထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် ဆွမ်းစားခြင်းကိစ္စကို ပြု၍ ဆွမ်းဆိုယစ်ခြင်းကို ပယ်ဖျောက်၍ ဆိတ်ငြိမ်သောအရပ်တွင် ကောင်းစွာ ခင်းအပ်သောနေရာ၌ ချမ်းသာစွာနေ၍ ပဌမအစ အမျက်ဒေါသထွက်ခြင်း၌ အပြစ်ကိုလည်း, သည်းညည်းခံနိုင်ခြင်း၌ အကျိုးကိုလည်း ဆင်ခြင်အပ်၏။

အဘယ့်ကြောင့်ဆိုသော် ဤမေတ္တာဘာဝနာဖြင့် အမျက်ဒေါသထွက်ခြင်းကို ပယ်နိုင်၏၊ သည်းခံနိုင်ခြင်းကို ရအပ်၏၊ ထို့ကြောင့် ဆင်ခြင်အပ်၏၊ မြင်သင့်သော အပြစ်မရှိသော တစုံတခုသော တရားကိုမျှ ပယ်ခြင်းငှါ မတတ်ကောင်း၊ သိအပ်သော အကျိုးအာနိသင်မရှိသော တစုံတခုသော တရားကိုလည်း ရခြင်းငှါ မတတ်ကောင်းချေ၊ သို့ဖြစ်၍ ဆင်ခြင်အပ်၏ဟူသော

ဤစကားကိုဆိုပေသည်။ ထို့ကြောင့် "**အို-ငါ့ရှင်, အမျက်ဒေါသသည် ဖျက်ဆီးအပ်သော အမျက်ဒေါသသည် ဖျက်ဆီးအပ်သည် ဖြစ်၍ ပျက်စီးသော စိတ်ရှိသောသူသည် သူ့အသက်ကိုလည်း သတ်၏**" ဤသို့ အစရှိသော သုတ်တို့၏အစွမ်းဖြင့် အမျက်ဒေါသ၌ အပြစ်ကို မှတ်အပ်၏။

> "သူတပါးတို့ ကဲ့ရဲ့ခြင်း, အကျိုးမဲ့ကိုပြုခြင်း စသည်ကို သည်းခံနိုင်ခြင်း လက္ခဏာရှိသော မျက်မာန်ချုပ်တည်း သည်းခံခြင်းကို အလွန်မြတ်သော အကျင့်ကောင်းဟူ၍ မြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူကြကုန်၏၊ နိဗ္ဗာန် တရားကို အလွန်မြတ်သော တရားဟူ၍ မြတ်စွာဘုရား တို့သည် ချီးမွမ်းတော်မူကြကုန်၏၊ သည်းခံခြင်း တည်း ဟူသောအားဖြင့် အားရှိသော ထိုပုဂ္ဂိုလ်ကို ရဟန္တာ ပုဂ္ဂိုလ်မြတ်ဟူ၍ ငါဘုရား ဟောတော်မူ၏၊ သည်းခံခြင်း ထက် လွန်မြတ်သော အကျိုးမဲ့ကို တားမြစ်နိုင်၍ အကျိုး စီးပွါးကို ဆောင်နိုင်သော ကိုးကွယ်ရာသည် မရှိ"—

ဤသို့ အစရှိသည်ဖြင့် ဟောအပ်သော သုတ်တို့၏အစွမ်းဖြင့် လည်း သည်းခံခြင်း၏ အကျိုးအာနိသင်ကို သိအပ်၏။ ထို့နောက် ဤသို့သောနည်းဖြင့် မြင်အပ်ပြီးသော အပြစ်ရှိသော ဒေါသမှ စိတ်ကို ခွါခြင်းငှါလည်း, သိအပ်ပြီးသော အကျိုးအာနိသင်ရှိသော သည်းခံခြင်းနှင့် မိမိကိုယ်ကို ယှဉ်ခြင်းငှါလည်း မေတ္တာဘာဝနာကို အားထုတ်အပ်၏။

အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် လက်ဦးအစကပင်လျှင် ဤပုဂ္ဂိုလ်တို့၌ မေတ္တာကို ရှေးဦးစွာ မပွါးအပ်၊ ဤပုဂ္ဂိုလ်တို့၌ကား လုံးလုံး မေတ္တာကို မပွါးအပ်ဟု မေတ္တာဘာဝနာကို ဖျက်တတ် သော ပုဂ္ဂိုလ်တို့ကို သိရမည်၊ ဤမေတ္တာကို မချစ်မနှစ်သက် အပ်သော **အပ္ပိယ**ပုဂ္ဂိုလ်, အလွန်ချစ်အပ်သော **အတိပ္ပိယ**ပုဂ္ဂိုလ်, အလယ်အလတ်ဖြစ်သော **မဇ္ဈတ္တ** ပုဂ္ဂိုလ်, ရန်သူဖြစ်သော **ဝေရီ** ပုဂ္ဂိုလ်၊ ဤလေးဦးသောပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မပွါးအပ်၊ လိင် အသွင်မတူသော ပုဂ္ဂိုလ်၌ သီးခြား ဝေဘန်သောအားဖြင့်

မပွါးအပ်၊ သေသောသူ၌ အချင်းခပ်သိမ်းမပွါးအပ်။ အဘယ် အကြောင်းကြောင့် ထိုအပ္ပိယ အစရှိသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မပွါးအပ်သနည်း ဟူမူကား–မချစ်အပ်သောသူကို ချစ်အပ်သော သူ၏ အရာ၌ ထားသော ယောဂီပုဂ္ဂိုလ်သည် ပင်ပန်း၏၊ အလွန် ချစ်အပ်သောသူကို အလယ်အလတ် မဇ္ဈတ္တဌာန၌ ထားသော ယောဂီပုဂ္ဂိုလ်သည်လည်း ပင်ပန်း၏။ ထိုစကားမှန်သည်၊ ထိုအလွန်ချစ်အပ်သော ပုဂ္ဂိုလ်အား အနည်းငယ်မျှလောက်သော ဆင်းရဲဒုက္ခသည် ဖြစ်လတ်သော် ယောဂီပုဂ္ဂိုလ်သည် ငိုအံ့သော အခြင်းအရာသို့ ရောက်အံ့သကဲ့သို့ ဖြစ်တတ်၏၊ ချစ်အပ်, မချစ်အပ်တို့၏ အလယ်အလတ် ဖြစ်သောသူကို အလေးပြုထိုက် သောပုဂ္ဂိုလ်အရာ, ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်အရာ၌ ထားသည် ရှိသော် ပင်ပန်း၏၊ ရန်သူဖြစ်သော ဝေရီ ပုဂ္ဂိုလ်ကို အဖန်တလဲလဲ အောက်မေ့သော ပုဂ္ဂိုလ်အား အမျက်ဒေါသ ဖြစ်တတ်၏။

ထို့ကြောင့် အပ္ပိယ အစရှိသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာ မပွါးအပ်၊ လိင်မတူသော ဝိသဘာဂ ပုဂ္ဂိုလ်၌ ထိုသူချည်းကိုသာ လျှင် အာရုံပြု၍ သူ့ချည်းအသီး ဝေဘန်သောအားဖြင့် မေတ္တာ ပွါးသော ယောဂီ ပုဂ္ဂိုလ်အား ရာဂ ဖြစ်တတ်၏။ အမတ်ကြီးသား တယောက်သည် အိမ်သို့ကြွလာသော မထေရ်ကို **"အသျှင်ဘုရား အဘယ်သူအား မေတ္တာ ပွါးရပါမည်နည်း"**ဟု မေးလျှောက်ရာ မထေရ်ကြီးက **"ချစ်အပ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွါးအပ်၏"** ဟု သာမညမိန့်ဆို၏၊ ထိုအမတ်ကြီးသားသည် မိမိ၏ မယားကို ချစ်သည် ဖြစ်၏၊ ထိုသူသည် ထိုချစ်သော မိမိမယားကို မေတ္တာ ပွါးသည်ရှိသော် ရာဂဖြစ်၍ မိမိအိပ်ရာ အခန်းမှ မယားရှိရာသို့ ထွက်သွားလိုသောကြောင့် တညဥ့်လုံး နံရံကို နွှားသိုး တိုးဝှေ့ သကဲ့သို့ နံရံနှင့် စစ်ထိုးရလေသတတ်။ ထို့ကြောင့် လိင်မတူသော ဝိသဘာဂပုဂ္ဂိုလ်၌ ထိုသူကိုချည်း အာရုံပြု၍ သူ့ချည်းအသီး ဝေဘန်သောအားဖြင့် မေတ္တာမပွါးအပ်။

သေသောပုဂ္ဂိုလ်၌ မေတ္တာပွါးသော ယောဂီပုဂ္ဂိုလ်သည် အပ္ပနာသို့ရင်း, ဥပစာရသမာဓိသို့ရင်း မရောက်နိုင်၊ တပါးသော

ရဟန်းငယ်သည် ဆရာကိုအာရုံပြု၍မေတ္တာကို ပွါးများ အားထုတ်၏၊ ထိုရဟန်းငယ်အား မေတ္တာ ဘာဝနာသည် မဖြစ်နိုင်သတတ်၊ ထိုရဟန်းငယ်သည် မထေရ်ကြီးထံသို့ သွား၍ "အသျှင်ဘုရား အကျွန်ုပ်သည် မေတ္တာ ဈာန်သမာပတ်ကို အဝါးဝစွာ လေ့လာ ပွါးများအပ်ပါ၏၊ ထိုသို့ဖြစ်လျက် ထိုသမာပတ်ကို ဝင်စားခြင်းငှါ မတတ်နိုင် ရှိပါသည်၊ အကြောင်း ဘယ်သို့ပါနည်း" ဟု လျှောက်ထားလေ၏။ မထေရ်ကြီးက "ဒို့-ငါ့သျှင် အာရုံကို ရှာလေလော့" ဟု မိန့်ဆို၏၊ ထိုရဟန်းငယ်သည် အာရုံကို ရှာသည်ရှိသော် ဆရာ သေလွန်သောအဖြစ်ကို သိ၍ ထိုအာရုံမှ တပါးသော အသက် ရှင်သောပုဂ္ဂိုလ် အာရုံကို အာရုံပြု၍ မေတ္တာကိုပွါး၍ ဈာန် သမာပတ်ကို ဝင်စားလေ၏၊ ထို့ကြောင့် သေသောပုဂ္ဂိုလ်၌ မေတ္တာကို မပွါးအပ်သတည်း။

၂၄၁။ မေတ္တာမပွါးသင့်သည်မှတပါး ပွါးသင့်သည်ကိုဆိုဦးအံ့၊ ခပ်သိမ်းသောသူတို့၏ လက်ဦးစွာ "ငါသည် ချမ်းသာ ခြင်းသို့ ရောက်သည် ဖြစ်ရလို၏" ဟူ၍၎င်း, "စိတ်ဒုက္ခ မရှိသည် ဖြစ်ရလို၏" ဟူ၍၎င်း, "အတွင်းရန်, အပရန် မရှိသည်ဖြစ်ရလို၏"ဟူ၍၎င်း, "ဒေါမနဿ ဗျာပါဒ ကင်းသည် ဖြစ်ရလို၏" ဟူ၍၎င်း, "ဤသို့မည်သော ဘေးဥပဒ်ကင်းသည် ဖြစ်ရလို၏" ဟူ၍၎င်း, ကိုယ်စိတ် နှစ်ဖြာ ချမ်းသာစွာ ငါ၏ အတ္တဘောကို ဆောင်နိုင် ရလို၏ ဟူ၍၎င်း ဤသို့ အဖန်တလဲလဲ မိမိ၌ မေတ္တာကို ပွါးအပ်၏။

မိမိ၌သော်လည်း မေတ္တာကို အကယ်၍ ပွါးသည် ဖြစ်အံ့၊ ဤသို့ ပွါးအပ်သည်ရှိသော် ဝိဘင်း၌ "ဒို-ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသော အရပ်၌ နေသော သတ္တဝါတို့ကို နှံ၍ နေသနည်း။ ဥပမာအားဖြင့် ချစ်အပ်သော နှလုံးကို ပွါးစေတတ်သော တယောက်သော ပုဂ္ဂိုလ်ကိုမြင်၍ မေတ္တာပွါးစေရာသကဲ့သို့ ဤအတူ ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာဖြင့် ပြန့်နှံ၏" ဟူ၍ အကြင်စကားကို

ဟောအပ်၏။ ပဋိသမ္ဘိဒါမဂ်၌ “ငါးပါးကုန်သော အဘယ် ဒ္ဓခြင်း အရာတို့ဖြင့် ဘယ်သူ ဘယ်သူ ဟူ၍ ပိုင်းခြားခြင်း မရှိဘဲ ဖျန်းအပ်သော မေတ္တာ စေတော ဝိမုတ္တိသည် ဖြစ်သနည်း။ ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ရန်မရှိသည် ဖြစ်ပါစေကုန်၊ နှလုံးမသာယာခြင်း ဗျာပါဒ ကင်းကြပါစေကုန်၊ ဘေးဥပဒ် ကင်းသည် ဖြစ်ပါစေကုန်၊ ချမ်းချမ်းသာသာ မိမိတို့၏ ကိုယ်အတ္တဘောကို ဆောင်နိုင်ကြပါစေကုန်၊ ခပ်သိမ်းသော ထွက်သက် ဝင်သက် ရှိသော သတ္တဝါတို့သည် ခပ်သိမ်းကုန်သော ကိုယ်ထင်ရှား ရှိသော သတ္တဝါတို့သည်....။ ခပ်သိမ်းကုန်သောပုဂ္ဂိုလ်တို့သည်····။ ခပ်သိမ်းကုန်သော အတ္တဘော၌ အကျုံးဝင်ကုန်သောသူတို့သည် ရန်မရှိသည် ဖြစ်ကြပါစေကုန်၊ နှလုံးမသာယာခြင်း ဗျာပါဒ ကင်းသည် ဖြစ်ပါစေကုန်၊ ဘေးဥပဒ်ကင်းသည် ဖြစ်ပါစေကုန်၊ ချမ်းချမ်းသာသာ မိမိတို့၏ ကိုယ်အတ္တဘောကို ဆောင်နိုင်ကြပါစေကုန်” ဤသို့ အစရှိသည်ဖြင့် အကြင်စကားကို ဟောအပ်၏။

မေတ္တာသုတ်၌ “ကာယိကသုခ စေတသိကသုခနှင့် ပြည့်စုံကုန်သည်ဎင်း, ဘေးဥပဒ်ကင်းကုန်သည်ဎင်း ဖြစ်ပါစေကုန်၊ ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ်ရှိသည် ဖြစ်ပါစေကုန်” အစရှိသော အကြင်စကားကို ဟောအပ်၏၊ ထိုဝိဘင်းစသည်တို့၌ ဟောအပ်သောစကားတော်နှင့် ဆန့်ကျင်၏၊ ထိုဝိဘင်း အစရှိသည်တို့၌ မိမိကိုယ်၌ မေတ္တာဘာဝနာကို မဟောအပ်ခဲ့ဟု ဤသို့ စောဒနာပြားအံ့၊ ထိုဝိဘင်းစသည်တို့၌ ဟောအပ်သော စကားတော်နှင့် မဆန့်ကျင်ချေ။ အဘယ့်ကြောင့် ဆိုသော် ထိုစကားကို အပ္ပနာကို ဆောင်တတ်သော ဘာဝနာ၏ အစွမ်းဖြင့် ဟောတော်မူလေသည်၊ ဤ“ငါသည် ချမ်းသာသည် ဖြစ်ရလို၏”အစရှိသော ဤစကားကိုမူကား မိမိကိုယ်ကို သက်သေအဖြစ်၌ ထားသည်၏အစွမ်းဖြင့် ဆိုအပ်သောကြောင့် မဆန့်ကျင်၊ ထိုစကားမှန်၏၊ အနှစ်တရာပတ်လုံးဎင်း, အနှစ်တထောင်ပတ်လုံးဎင်း ငါသည် ချမ်းသာသည်ဖြစ်ရလို၏ အစရှိသော နည်းဖြင့် မိမိကိုယ်၌ မေတ္တာကို အကယ်၍ ပွါးစေကာမူ ဤသို့

ပွါးစေသော်လည်း ထိုယောဂီပုဂ္ဂိုလ်အား အပ္ပနာသည်မဖြစ်နိုင်၊ ထိုစကားကို ထင်ရှားစေဦးအံ့–ငါသည် ချမ်းသာသည် ဖြစ်ရလို၏၊ ဤသို့ မေတ္တာကို ပွါးစေသောပုဂ္ဂိုလ်အား ငါသည် ချမ်းသာကို အလိုရှိသည့်, ဆင်းရဲကို စက်ဆုပ်သည့်, အသက်ရှည်လိုသည့်, မသေလိုသည် ဖြစ်လိုသကဲ့သို့ ဤအတူ ငါမှတပါးသော သတ္တဝါတို့သည်လည်း ချမ်းသာကို အလိုရှိကြကုန်သည်၊ ဆင်းရဲဒုက္ခကို စက်ဆုပ်ကြကုန်သည်၊ အသက်ရှင်လိုသည်၊ မသေလိုသည် ဖြစ်ကြကုန်၏ဟု မိမိကိုယ်ကို သက်သေပြု၍ တပါးသော သတ္တဝါတို့၌ စီးပွါးချမ်းသာကို အလိုရှိသည်၏ အဖြစ်သည် ဖြစ်၏၊ မြတ်စွာဘုရားသည်လည်း—

> "ခပ်သိမ်းသောအရပ်တို့သို့ စိတ်ဖြင့် အစဉ်လှည့်လည်၍ အားကုန်ထုတ်၍ ရှာသော်လည်း မိမိထက် ချစ်သော တပါးသော သတ္တဝါကို တစုံတခုသော အရပ်တွင်မျှ မရနိုင်ရာ၊ ဤသို့ အသီးအသီး ကိုယ်စီ ကိုယ်စီ မိမိ မိမိမှ တပါးကုန်သော သတ္တဝါတို့သည် မိမိတို့ကိုယ်ကို ချစ်အပ်၏။ ထို့ကြောင့် မိမိအကျိုးစီးပွါးကို လိုလားသောသူသည် တပါးသော သတ္တဝါကို အယုတ်သဖြင့် ခြ, ပိုးရွတို့ကို သော်လည်း မညှဉ်းဆဲရာ"။

ဤသို့ ခပ်သိမ်းသော သတ္တဝါတို့ထက် မိမိကိုယ်ကိုသာ အလွန်ချစ်အပ်သည်အဖြစ်ကို ဟောတော်မူပြီး၍ ခပ်သိမ်းသော သတ္တဝါတို့၌ ကရုဏာ ဖြစ်စေခြင်းငှါ ဟောတော်မူသော မြတ်စွာဘုရားသည် ဤ မေတ္တာ ပွါးနည်းကို ဟောအပ်၏။

၂၄၂။ ထို့ကြောင့် သက်သေအဖြစ်၌ ထားခြင်းအကျိုးငှါ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာဖြင့် ဆွတ်ဖျန်း၍ ထို့နောက်မှ မေတ္တာဖြစ်လွယ်စေခြင်းအကျိုးငှါ အကြင်ပုဂ္ဂိုလ်သည် ချစ်အပ်၏၊ နှလုံးကို ပွါးစေတတ်၏၊ ကျောက်တိုးကဲ့သို့ အလေးပြုအပ်၏၊ ချီးမွမ်းအပ်၏၊ ဆရာသော်၎င်း,ဆရာနှင့်တူသောသူသော်၎င်း,ဥပဇ္ဈာယ်သော်၎င်း, ဥပဇ္ဈာယ်နှင့်တူသော သူသော်၎င်း ရှိသည်

ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၏ ချစ်ဘွယ်သောစကား အစရှိကုန်သော ထိုချစ်ခြင်း နှစ်သက်ခြင်း၏အကြောင်းတို့ကိုငင်း, အကျင့်သီလ, အကြားအမြင်, ဗဟုသုတ အစရှိကုန်သော အလေးပြုအပ်သည့်အဖြစ် ချီးမွမ်းအပ်သည့်အဖြစ်၏ အကြောင်းတို့ကိုငင်း အဖန်တလဲလဲ အောက်မေ့၍ "ဤသူတော်ကောင်းသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ" ဤသို့ အစရှိသော နည်းဖြင့် မေတ္တာကို ပွါးအပ်၏။

ဤသို့ သဘောရှိသော ဆရာအစရှိသောပုဂ္ဂိုလ်၌ အပ္ပနာသည် စင်စစ်ပြည့်စုံနိုင်၏၊ ထိုသို့ပြည့်စုံသော်လည်း ဤယောဂီရဟန်းသည် ထိုအပ္ပနာ ပြည့်စုံကာမျှဖြင့် နှစ်သက် ရောင့်ရဲခြင်းသို့ မရောက်မူ၍ ကန့်သတ်ချက်ကို ပယ်ဖျက်လိုသော ယောဂီပုဂ္ဂိုလ်သည် ထိုဆက စသောပုဂ္ဂိုလ်၌ မေတ္တာကိုရသည်မှ အခြားမဲ့တွင် အလွန် ချစ်အပ်သော အပေါင်းအဘော်၌ မေတ္တာကို ပွါးအပ်၏၊ အလွန် ချစ်အပ်သော ပုဂ္ဂိုလ်ကို မေတ္တာပွါးပြီးသော အခြားမဲ့၌ အလယ် အလတ်ဖြစ်သော ပုဂ္ဂိုလ်၌ မေတ္တာကိုပွါးအပ်၏၊ အလယ်အလတ် ဖြစ်သော ပုဂ္ဂိုလ်ကို မေတ္တာပွါးပြီးသော အခြားမဲ့၌ ရန်သူ ပုဂ္ဂိုလ်၌ မေတ္တာကိုပွါးအပ်၏၊ မေတ္တာပွါးသောပုဂ္ဂိုလ်သည်လည်း လေးပါးသော ပုဂ္ဂလ ကောဋ္ဌာသတို့တွင် တပါးပါးသော ကောဋ္ဌာသ၌ စိတ်ကို နူးညံ့အောင် အမှု၌ခံအောင်ပြု၍ ထိုထို ကောဋ္ဌာသ၏ အခြားမဲ့၌ ဈာန်စိတ်ကို ဆောင်အပ်၏၊ ဖြစ်စေ အပ်၏ဟူလို။

အကြင် ပုဂ္ဂိုလ်အားကား ဝေရီပုဂ္ဂိုလ်သည်ပင်မရှိ၊ ယောကျ်ား မြတ်တို့၏သဘောရှိသည့်အဖြစ်ကြောင့် အကျိုးမဲ့ကိုပြုသော်လည်း ဖြစ်သောသူတပါး၌ ရန်သူ ဟူသော အမှတ်သညာသည်ပင်မဖြစ်၊ ထိုပုဂ္ဂိုလ်သည် အလယ်အလတ် မဇ္ဈတ္တဖြစ်သောပုဂ္ဂိုလ်၌ ငါ၏ မေတ္တာစိတ်သည် အမှု၌ခံသည်ဖြစ်ပြီ၊ ယခုအခါ ထိုမဇ္ဈတ္တ ပုဂ္ဂိုလ်ကို ဝေရီအဖြစ်သို့ဆောင်အံ့ ဟု အားထုတ်ခြင်းကို မပြုအပ်၊ အကြင် ပုဂ္ဂိုလ်အား ဝေရီပုဂ္ဂိုလ်သည် ရှိ၏၊ ထိုဝေရီပုဂ္ဂိုလ်ရှိသူကို

ရည်၍ "မဇ္ဈတ္တပုဂ္ဂိုလ်၏အခြားမဲ့မှာ ဝေရီပုဂ္ဂိုလ်၌ မေတ္တာကို ပွါးအပ်၏" ဟု ဆိုခဲ့၏။

၂၄၃။ ဝေရီပုဂ္ဂိုလ်၌ စိတ်ကိုဆောင်သော ယောဂီပုဂ္ဂိုလ်အား ထိုရန်သူပုဂ္ဂိုလ် ပြုအပ်သောအပြစ်ကို အဖန်တလဲလဲ အောက်မေ့သောကြောင့် ဒေါသသည် အကယ်၍ဖြစ်အံ့၊ ထိုသို့ဖြစ်သော ထိုယောဂီပုဂ္ဂိုလ်သည် ရှေးပုဂ္ဂိုလ်တို့တွင် အမှတ်မရှိ တဦးဦးသောပုဂ္ဂိုလ်၌ အဖန်တလဲလဲ မေတ္တာဈာန်ကိုဝင်စား၍ ထိုမေတ္တာဈာန်မှထပြီးလျှင် အဖန်တလဲလဲ ထိုဝေရီပုဂ္ဂိုလ်ကို မေတ္တာပြု၍ ဒေါသကို ဖျောက်ပယ်အပ်၏၊ ဤသို့အားထုတ်သော်လည်း အကယ်၍ ဒေါသမငြိမ်းခဲ့အံ့။

ထိုအခါ လွှဥပမာအဆုံးအမ စသည်တို့ကို ဆင်ခြင်သောအားဖြင့် ဒေါသကိုပယ်ခြင်းငှါ အဖန်တလဲလဲ စေ့ဆော်ကြိုးကုတ် အားထုတ်အပ်၏။

ထိုအားထုတ်ခြင်းကိုလည်း ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့် ဆုံးမ၍ အားထုတ်အပ်၏။

### ဆုံးမပုံ

"အချင်း အမျက်ထွက်လေ့ရှိသော ယောကျ်ားမြတ်စွာဘုရားသည် အို-ရဟန်းတို့၊ နှစ်ဘက် လက်ကိုင်ရှိသော ငမန်းစွယ်လွှကြီးဖြင့် ယုတ်မာဆိုးဝါးသော ခိုးသူတို့သည် ကိုယ်အင်္ဂါတို့ကို အကယ်၍ တိုက်ဖြတ်ကုန်ငြားအံ့၊ ထို အင်္ဂါကြီးငယ်တို့ကို ဖြတ်သောသူတို့၌သော်လည်း အကြင်သူသည် စိတ်ပြစ်မှားရာ၏၊ ထိုသူသည် ထိုသို့ပြစ်မှားသောကြောင့် ငါဘုရား၏ အဆုံးအမကို လိုက်နာသည်မမည်" ဟူ၍၎င်း—

**(၁) တဿေဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။**
**ကုဒ္ဓမပ္ပဋိကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။**

**(၂) ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။**
**ပရံ သင်္ကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။**

"အကြင်သူသည် အမျက်ထွက်သောသူကို တုန့်ပြန်၍ အမျက်ထွက်၏၊ ထိုသူသည် ထိုအမျက် တုန့်ပြန်ထွက်သော ကြောင့် ထိုရှေးဦး အမျက်ထွက်သောသူထက် ယုတ်မာ သည်ဖြစ်၏၊ မိမိအား အမျက်ထွက်သောသူကို တဖန် ပြန်၍ အမျက်မထွက်သောသူသည် အောင်နိုင်ခဲလှသော ကိလေ သာမာန်၏စစ်သည်ဗိုလ်ထုကို အောင်နိုင်သည် မည်၏။

အမျက်ဒေါသ ခြောင်းခြောင်းထသော သူတပါးကို သိ၍ အကြင်သူသည် သတိရှိသည်ဖြစ်၍ အမျက်ဒေါသကို ငြိမ်းစေ၏၊ ထိုသူသည် မိမိ၏၎င်း, သူတပါး၏၎င်း နှစ်ဦး သောသူတို့၏အကျိုးစီးပွါးကို ကျင့်သည် မည်၏"ဟူ၍၎င်း,

**ရန်သူနှစ်သက်ဝမ်းသာကြောင်း တရား ၇-ပါး**

"အို-ရဟန်းတို့၊ ရန်သူတို့ နှစ်သက်အပ်ကုန်သော ရန်သူတို့သည် ပြုအပ်ကုန်သော ဤခုနစ်ပါးကုန်သော တရားတို့သည် အမျက်ထွက်လေ့ရှိသော မိန်းမသို့၎င်း, ယောကျ်ားသို့၎င်း ရောက်လာကုန်၏၊ အဘယ်ခုနစ်ပါးတို့ နည်းဟူမူကား—

(၁) အို-ရဟန်းတို့၊ ဤလောက၌ ရန်သူတယောက် သည် ရန်သူတယောက်အား"ဤငါ၏ ရန်သူသည် အဆင်း မလှဖြစ်ပါမူကား ဩော်–ကောင်းလေစွ" ဟု ဤသို့ အဆင်းမလှသည်၏အဖြစ်ကို အလိုရှိ၏၊ ထိုသို့အလိုရှိခြင်း သည် အဘယ့်ကြောင့် နည်း ဟူမူကား– အို- ရဟန်းတို့၊ ရန်သူတယောက်သည် ရန်သူတယောက်၏ အဆင်းပြည့်စုံ သည်၏အဖြစ်ကို မနှစ်သက်၊ အို-ရဟန်းတို့၊ အမျက်ထွက် လေ့ရှိသော အမျက်ဒေါသသည် နှိပ်စက်အပ်သော ထိုယောကျ်ားပုဂ္ဂိုလ်သည် ကောင်းစွာ ရေမိုးချိုး၍ ကောင်းစွာနံ့သာလိမ်းကျံ၍ ရိတ်ဖြတ်ပြုပြင်အပ်သော ဆံ, မုတ်ဆိတ်ရှိသည်ဖြစ်၍ ဖြူစင်သန့်ပြန့်သော အဝတ်ပုဆိုးကို

ဝတ်ဆင်သည့် အကယ်၍ဖြစ်စေကာမူ ထိုသို့ဖြစ်သော်လည်း ထိုပုဂ္ဂိုလ်သည် ဟူးဟူးထွက်သော အမျက်ဒေါသဖြင့် နှိပ်စက်အပ်ရကား အရုပ်အဆင်း မလှသည်သာဖြစ်၏၊ အို–ရဟန်းတို့ ရန်သူတို့သည် နှစ်သက်အပ်ကုန်သော ရန်သူတို့သည် ပြုအပ်ကုန်သော ရှေးဦးစွာသော ဤတရားသည် အမျက်ထွက်လေ့ရှိသော မိန်းမသို့ငင်း, ယောကျ်ားသို့ငင်း ရောက်လာ၏။

(၂) အို–ရဟန်းတို့၊ တဖန်လည်း တပါးတုံ ရန်သူတယောက်သည် ရန်သူတယောက်အား "ဤငါ၏ ရန်သူသည် ဆင်းရဲဒုက္ခကို မြင်ရတွေ့ရမူကား ဩော်–ကောင်းလေစွ" ဟု ဤသို့ အလိုရှိ၏....။ပ။.... (၃) "များသောဥစ္စာမရှိမူ ဩော်–ကောင်းလေစွ"ဟု ဤသို့ အလိုရှိ၏....။ပ။.... (၄) "အသုံးအဆောင်မရှိ၊ ဆင်းရဲမွဲတေသော် ဩော်–ကောင်းလေစွ" ဟု ဤသို့ အလိုရှိ၏....။ပ။.... (၅) "ကျော်စောသတင်း ကင်းမဲ့မူ ဩော်–ကောင်းလေစွ"ဟု ဤသို့ အလိုရှိ၏....။ပ။.... (၆) "အဆွေခင်ပွန်း ကင်းမဲ့မူ ဩော်–ကောင်းလေစွ" ဟု ဤသို့ အလိုရှိ၏....။ပ။.... (၇) "ကိုယ်ခန္ဓာပျက်၍ သေသည့်မှနောက်၌ ကောင်းမှုပြုသော သူတို့၏လားရာ လူ့ပြည်နတ်ရပ်သို့ မကပ်မရောက်ပါမူကား ဩော်–ကောင်းလေစွ" ဟု ဤသို့ အလိုရှိ၏၊ ထိုသို့အလိုရှိခြင်းသည် အဘယ့်ကြောင့်နည်းဟူမူကား–ရန်သူတဦးသည် ရန်သူတယောက်၏ သုဂတိဘဝသို့ လားခြင်းကို မနှစ်သက်။

"အို–ရဟန်းတို့၊ အမျက်ထွက်လေ့ရှိသော အမျက်ဒေါသသည် နှိပ်စက်အပ်သော အမျက်ဒေါသသည် အစဉ်လိုက်သော ဤယောကျ်ားပုဂ္ဂိုလ်သည် ကိုယ်ဖြင့် မကောင်းမှုဒုစရိုက်ကို ကျင့်၏၊ နှုတ်ဖြင့် မကောင်းမှု ဒုစရိုက်ကို ကျင့်၏၊ စိတ်ဖြင့် မကောင်းမှု ဒုစရိုက်ကို ကျင့်၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်,နှုတ်,စိတ်တို့ဖြင့် မကောင်းမှုကို ပြုကျင့်

၏၊ ကိုယ်ခန္ဓာ ပုပ်သည်ဖြင့် သေသည့်မှနောက်၌ ချမ်းသာ ကင်းသော မကောင်းသူတို့ လားရာဖြစ်သော ဖရိုဖရဲ ကျရောက်ရာ ဖြစ်သော ငရဲသို့ ကပ်ရောက်ရလေ၏။

အို-ရဟန်းတို့၊ ဥပမာအားဖြင့် နှစ်ဘက်သော အစွန်း၌ မီးလောင်သော အလယ်၌ မစင်ကျင်ကြီးဖြင့် လိမ်းကျံအပ် သော သူသေကောင်ဖုတ်သော ထင်းစ-သည် ရွာ၌ ထင်း ကိစ္စကို မပြီးစေ၊ တော၌လည်း ထင်းအလို့ငှါ အသုံးမကျ၊ အို-ရဟန်းတို့၊ ဤဒေါသအမျက် ထွက်တတ်သော ပုဂ္ဂိုလ်ကို ထိုထင်းကလားတုံးနှင့်တူသော ဥပမာရှိ၏ ဟူ၍ ငါဘုရားသည် ဟောတော်မူ၏ဟူ၍ ဟောတော် မူသည် မဟုတ်လော။

ထိုသို့ဟောတော်မူသောကြောင့် ထိုသင်သည် ယခုအခါ ဤသို့အမျက်ဒေါသထွက်မှုကား မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာသည် မဖြစ်လတ္တံ့၊ တဖန်တုံ့ပြန်၍ အမျက်ထွက်တတ်ဘိ မူလည်း လက်ဦးအမျက်ထွက်သောပုဂ္ဂိုလ်ထက် ယုတ်မာသည် ဖြစ်၍ အောင်နိုင်ခဲသော ဒေါသစစ်ပွဲကို မအောင်ရလတ္တံ့၊ မိမိသည်ပင်လျှင် မိမိ၏ရန်သူတို့သည် ပြုအပ်သောတရားတို့ကို ပြုလတ္တံ့၊ သူသေကောင်ဖုတ်သော ထင်းမီးစနှင့်တူသော ဥပမာ ရှိသည်လည်း ဖြစ်လတ္တံ့” ဤသို့ပြောဆို၍ မိမိကိုယ်ကို မိမိဆုံးမ အပ်၏။

၂၄၄။ ဤဆိုခဲ့ပြီးသောနည်းဖြင့် စေ့ဆော်လျက် အမျက်ဒေါသ ပျောက်မှုကို လုံ့လပြုသော ထိုယောဂီပုဂ္ဂိုလ်အား ထို အမျက်ဒေါသသည် အကယ်၍ ငြိမ်းသည်ဖြစ်အံ့၊ ဤသို့ ငြိမ်းခြင်းသည် ကောင်း၏၊ အကယ်၍ မငြိမ်းသည် ဖြစ်အံ့၊ ထိုသို့မငြိမ်းခဲ့သော် မိမိရန်သူဖြစ်သောပုဂ္ဂိုလ်၏ အကြင် အကြင်သို့သောအကျင့်တရားသည် ကိလေသာမှ ငြိမ်း၏၊ ဖြူစင်သန့်ရှင်း၏၊ အောက်မေ့သည်ရှိသော် စိတ်၏

ကြည့်ခြင်းကို ဆောင်၏၊ ထိုထိုကောင်းသော အကျင့်တို့ကို အဖန်တလဲလဲ အောက်မေ့၍ အမျက်ဒေါသကို ဖျောက်ပယ်အပ်၏။

အချို့သောသူအား ကိုယ်အကျင့်ကိုသာလျှင် စောင့်စည်းအပ်သည်ဖြစ်၏၊ များစွာသော အကျင့်ဝတ်ကို ပြုကျင့်သည်ဖြစ်၍ ထိုသူ၏ ကိုယ်အကျင့်၏ ကောင်းစွာ စောင့်စည်းသည့်အဖြစ်ကို ခပ်သိမ်းသောသူတို့သိကြ၏၊ နှုတ်အကျင့်, စိတ်အကျင့်တို့ကိုကား မစောင့်စည်းအပ်သည်ဖြစ်ကုန်၏၊ ထိုသူ၏ ငြိမ်သက်သော ထို နှုတ်အကျင့်, စိတ်အကျင့်တို့ကို မကြံစည်မူ၍ ထိန်းသိမ်း စောင့်ရှောက်အပ်သော ကိုယ်အကျင့်၏ ငြိမ်းခြင်းကိုသာလျှင် အဖန်တလဲလဲ အောက်မေ့အပ်၏။

အချို့သောပုဂ္ဂိုလ်အား နှုတ်အကျင့်ကို စောင့်စည်း၏၊ စောင့်စည်းသောအဖြစ်ကို လူအပေါင်းတို့ သိကြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ပကတိသဘောအားဖြင့်ပင် အစေ့အစပ် ပြောဆိုခြင်း၌ လိမ္မာ၏၊ ပြေပြေပြစ်ပြစ် ပြောတတ်၏၊ သူတပါး နားချမ်းသာအောင် ပြောတတ်၏၊ အညီအညွတ်နှီးနှော ပြောဆိုတတ်၏၊ ပန်းပွင့်ကဲ့သို့ မျက်နှာထားရွှင်လန်း၏၊ သူတပါးနှင့်တွေ့လျှင် နှုတ်မလေးမူ၍ ရှေးဦးပြောဆို နှုတ်ဆက်လေ့ရှိ၏၊ သာယာချိုသောအသံဖြင့် တရားကို ရွတ်ဆို၏၊ ယက်ဝန်းကျင်ပြည့်စုံကုန်သော ပုဒ်ဗျည်းတို့ဖြင့် တရားစကားကို ဟောကြားတတ်၏၊ ကိုယ်အကျင့်, စိတ်အကျင့်တို့ကိုကား စောင့်ထိန်းခြင်းမရှိ။ ထိုပုဂ္ဂိုလ်၏ ထိုစောင့်စည်း ထိန်းသိမ်းခြင်းမရှိသော အကျင့်တို့ကို မကြံစည်မူ၍ စောင့်စည်း ထိန်းသိမ်းခြင်းရှိသော နှုတ်အကျင့်ကိုသာလျှင် အဖန် တလဲလဲ အောက်မေ့အပ်၏။

အချို့သောပုဂ္ဂိုလ်အား စိတ်အကျင့်ကိုသာ စောင့်စည်း၏၊ ထိုပုဂ္ဂိုလ်၏ စိတ်အကျင့်ကို စောင့်စည်းသည့်အဖြစ်ကို စေတီကို ရှိခိုးခြင်းအစရှိသည်တို့၌ ရှိသေသမှု ပြုသည်ကိုထောက်၍ လူအပေါင်းတို့အား ထင်ရှား၏၊ ထိုစကားမှန်၏၊ မစောင့်စည်းသော စိတ်ရှိသည့်သူသည် စေတီကိုငှင်း, ဗောဓိပင်ကိုငှင်း, မထေရ်ကြီး

တို့ကိုရင်း ရှိနိုးသည်ရှိသော် ရိုသေစွာရှိမခိုး၊ တရားနာမဏ္ဍပ်၌ ပြန့်လွင့်သော စိတ်ရှိသည့်ဖြစ်၍ရင်း, အိပ်ငိုက်သည်ဖြစ်၍ရင်း ထိုင်နေ၏၊ စောင့်စည်းငြိမ်သက်သော စိတ်ရှိသည့်သူသည်ကား သဒ္ဓါယုံကြည်စွာ ရှိခိုး၏၊ နားစိုက်လျက် လိုလိုချင်ချင် ပြင်းထန်စွာ အလိုဆန္ဒရှိ၍ ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း စိတ်၏ ကြည်ညိုခြင်းကို ပြုလျက် တရားကိုနာ၏၊ ဤသို့လျှင် အချို့သောပုဂ္ဂိုလ်အား စိတ်အကျင့်ကို စောင့်စည်းသဖြင့် ငြိမ်းစေ၏၊ ကိုယ်အကျင့်, နှုတ်အကျင့်တို့ကိုကား မစောင့်စည်းသဖြင့် မငြိမ်သက်။ ထိုမငြိမ်သက်သော ကိုယ်အကျင့်, နှုတ်အကျင့်တို့ကို မကြံမစည် စိတ်မကူးမူ၍ စိတ်အကျင့်စောင့်စည်း ငြိမ်သက်သည်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့အပ်၏။

အချို့သောပုဂ္ဂိုလ်သည်ကား ဤကိုယ်အကျင့်, နှုတ်အကျင့်, စိတ်အကျင့်သုံးမျိုးတို့တွင် တခုမျှလည်း မငြိမ်သက်၊ ထိုကိုယ်, နှုတ်, နှလုံး သုံးပါးလုံးအကျင့်ညစ်သောပုဂ္ဂိုလ်၌ "ဤသူကား ယခုသာလျှင် လူ့ပြည်လောက၌ ကျင်လည်၍နေရ၏၊ စင်စစ်သော်ကား နှစ်ရက်သုံးရက်လွန်သကာလ ငရဲကြီးရှစ်ထပ်, ဥဿဒငရဲ တဆယ့်ခြောက်ရပ်တို့၌ ဖြစ်ရှာရလေတော့လတ္တံ့"ဟု သနားကြင်နာမှုကို ဖြစ်စေအပ်၏၊ သနားကြင်နာကရုဏာဖြစ်ခြင်းကို အကြောင်းပြု၍ ရန်ငြိုးဖွဲ့ခြင်းသည် ငြိမ်း၏။

အချို့သော ပုဂ္ဂိုလ်သည်ကား ဤကိုယ်,နှုတ်,နှလုံး သုံးပါးလုံး ဖြစ်သော တရားတို့သည် ငြိမ်သက်သည် ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်၏ကား ထိုသုံးမျိုးသော ငြိမ်သက်မှု အကျင့်တရားတို့တွင် အလိုရှိသည့် အကျင့်တရားကို အဖန်တလဲလဲ အောက်မေ့အပ်၏၊ ထိုသို့သော ပုဂ္ဂိုလ်မျိုး၌ မေတ္တာဘာဝနာပွါးရန် မခဲယဉ်းတော့ချေ၊ ဤအနက်သဘော ထင်ရှားခြင်းငှါ "အို-ငါ့ရှင် ရန်ငြိုးကို ပယ်ဖျောက်ကြောင်း ဖြစ်ကုန်သော တရားတို့သည် ဤငါးပါးတို့တည်း။ အကြင် ရန်ငြိုးဖွဲ့အပ်သောပုဂ္ဂိုလ်၌ ရန်တုံ့မူတတ်သော ယောဂီရဟန်းအား ဖြစ်သောရန်ငြိုးကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပယ်ဖျောက်အပ်၏"။ ဤသို့ ဟောတော်မူသော

ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်လာ ဤရန်ငြိုးကို ပယ်ဖျောက်ကြောင်းကို ဟောရာဖြစ်သောသုတ်ကို အကျယ်ရှုအပ်၏။

၂၄၅။ ဤသို့ အားထုတ် ကြိုးစားပါသော်လည်း ထိုယောဂီပုဂ္ဂိုလ်အား ရန်ငြိုးသည် တလုံလဲလဲ ဖြစ်မြဲဖြစ်ခဲ့သော် ထိုအခါ ဤဆိုလတ္တံ့သောနည်းဖြင့် ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဆုံးမအပ်၏၊—

(၁) အတ္တနော ဝိသယေ ဒုက္ခံ၊
ကတံ တေ ယဒိ ဝေရိနာ။
ကိံ တဿာဝိသယေ ဒုက္ခံ၊
သစိတ္တေ ကတ္တုမိစ္ဆသိ။

(၂) ဗဟူပကာရံ ဟိတွာန၊
ဉာတိဝဂ္ဂံ ရုဒမ္မုခံ။
မဟာနတ္ထကရံ ကောဓံ၊
သပတ္တံ န ဇဟာသိ ကိံ။

(၃) ယာနိ ရက္ခသိ သီလာနိ၊
တေသံ မူလနိကန္တနံ။
ကောဓံ နာမုပလာလေသိ၊
ကော တယာ သဒိသော ဇဠော။

(၄) ကတံ အနရိယံ ကမ္မံ၊
ပရေန ဣတိ ကုဇ္ဈသိ။
ကိံ နု တွံ တာဒိသံ ယေဝ၊
ယော သယံ ကတ္တုမိစ္ဆသိ။

(၅) ဒေါသေတုကာမော ယဒိ တံ၊
အမနာပံ ပရော ကရိ။
ဒေါသုပ္ပါဒေန တဿေဝ၊
ကိံ ပူရေသိ မနောရထံ။

(၆) ဒုက္ခံ တဿ စ နာမ တွံ၊
ကုဒ္ဓေါ ကာဟသိ ဝါ နဝါ။
အတ္တာနံ ပနိဒါနေဝ၊
ကောဓဒုက္ခေန ဗာဓသိ။

(၇) ကောဓံ ဝါ အဟိတံ မဂ္ဂံ၊
အာရူဠှာ ယဒိ ဝေရိနော။
ကသ္မာ တုဝမ္ပိ ကုဇ္ဈန္တော၊
တေသံ ယေဝါနုသိက္ခသိ။

(၈) ယံ ဒေါသံ တဝ နိဿာယ၊
သတ္တုနာ အပ္ပိယံ ကတံ။
တမေဝ ဒေါသံ ဆိန္ဒဿု၊
ကိမဋ္ဌာနေ ဝိဟညသိ။

(၉) ခဏိကတ္တာ စ ဓမ္မာနံ၊
ယေဟိ ခန္ဓေဟိ တေ ကတံ။
အမနာပံ နိရုဒ္ဓါ တေ၊
ကဿ ဒါနီဓ ကုဇ္ဈသိ။

(၁၀) ဒုက္ခံ ကရောတိ ယော ယဿ၊
တံ ဝိနာ ကဿ သော ကရေ။
သယမ္ပိ ဒုက္ခဟေတုတ္တ၊
မိတိ ကိံ တဿ ကုဇ္ဈသီတိ။

ရန်သူသည် ဆင်းရဲစေခြင်းငှါ တတ်နိုင်ကောင်းသော သင်၏ကိုယ်၌ ဆင်းရဲဒုက္ခကို အကယ်၍ ပြုလာငြားအံ့၊ သင်သည် အဘယ့်ကြောင့် ထိုရန်သူ၏အရာမဟုတ်သော မိမိစိတ်၌ ဆင်းရဲကို ပြုခြင်းငှါ အလိုရှိဘိသနည်း။

အဓိပ္ပါယ်ကား—ရန်သူက ဆင်းရဲအောင် ပြုလုပ်လျှင် ကိုယ်၌သာ ပြုနိုင်သည်၊ သင်၏စိတ်၌ကား ဆင်းရဲအောင် မပြုလုပ်နိုင်၊ ထိုသို့ ဖြစ်ပါလျက် ရန်သူကို အမျက်ထွက်

ခြင်းဖြင့် မိမိ၏စိတ်ဆင်းရဲအောင် ရန်သူ ဝမ်းမြောက်အောင် အဘယ့်ကြောင့် ပြုချင်ဘော့သနည်းဟု ဆိုလိုသည်။

(၂) သင်သည် ရဟန်းပြု၍ များသောကျေးဇူးရှိသော ငိုယိုသော မျက်နှာရှိကြသူ မိဘဆွေညာတကာတို့ကိုပင် စွန့်နိုင်ပါလျက် မျက်မှောက်တမလွန် နှစ်တန်သောကာလ၌ ကြီးစွာသော အကျိုးယုတ် အကျိုးမဲ့ကို ပြုတတ်သော ရက္ခိုသ်ဘီလူး ပူးဝင်သကဲ့သို့ ကျရောက်တတ်သော အမျက်ဒေါသကို သင်သည် အဘယ့်ကြောင့် မစွန့်နိုင်ဘိသနည်း၊ စွန့်နိုင်ကောင်းလှ၏။

(၃) အို-သူတော်ကောင်း သင်သည် အကြင်သီလကို စောင့်ထိန်း၏၊ ထိုသီလတို့၏ အရင်းအမြစ်ဖြစ်သော ဟိရီ, ဩတ္တပ္ပ, ခန္တိ, မေတ္တာ, ကရုဏာတို့ကို ဖြတ်တတ်သော အမျက်ဒေါသကို ဖြားယောင်း ချော့မော့၍ ထားဘိ၏၊ သင်နှင့်တူသော သူမိုက်သည် အဘယ်မှာ ရှိတော့အံ့နည်း။

(၄) အို-ပညာရှိ တပါးသောသူတို့က "ယုတ်မာသော ပြစ်မှားမှုကို ငါ့အား ပြုလေပြီ"ဟူ၍ သင်သည် အမျက်ထွက်၏၊ သင်သည် ထိုရန်သူ ပြုသည်နှင့်တူသော ယုတ်မာသော ပြစ်မှားမှုကို ကိုယ်တိုင်ပြုခြင်းငှါ အဘယ့်ကြောင့် အလိုရှိပါသနည်း။

(၅) အို-ပညာရှိ သူစိမ်းပြင်ပဖြစ်သော ရန်သူ တစုံတယောက်က သင့်ကို ဒေါသအမျက် ထွက်စေလိုသောကြောင့် မနှစ်သက်ဘွယ်ကို အကယ်၍ ပြုငြားအံ့၊ သင်သည် "ငါ့ကို ပြုလေသည်"ဟု အမျက်ဒေါသ ထွက်သဖြင့် အဘယ့်ကြောင့် ထိုရန်သူ၏ နှလုံးအလိုကို ဖြည့်စေဘိသနည်း။

(၆) ဒို-သူတော်ကောင်း အမျက်ထွက်သော သင်သည် ရန်သူ၏ ဆင်းရဲဒုက္ခ ရောက်ခြင်းကို ပြုနိုင်သည်လည်း ဖြစ်ရာ၏၊ မပြုနိုင်သည်လည်း ဖြစ်ရာ၏၊ မိမိကိုယ်ကို မူကား သင်သည် ယခု လက်ငင်း ချက်ချင်းပင်လျှင် အမျက်ထွက်ခြင်း တည်းဟူသော ဆင်းရဲဒုက္ခဖြင့် နှိပ်စက်လျက် ရှိချေပြီ။

(၇) မိမိ အကျိုးစီးပွါးမဲ့ကို ဆောင်တတ်သော အမျက်ဒေါသ ထွက်ခြင်း တည်းဟူသော လမ်းမှားသို့ ရန်သူတို့အကယ်၍ လိုက် သွားကြ သည် လည်း ဖြစ်စေ၊ မလိုက်သွားကြ သည်လည်း ဖြစ်စေ၊ သင်ကလည်း အဘယ့်ကြောင့် အမျက်ထွက်ကုန်သော ထိုသူတို့၏ အတုကိုယူ၍ လိုက် ကျင့်ဘိသနည်း။

(၈) အကြင် ဒေါသကို အမှီပြု၍ ရန်သူသည် သင့်အား မနှစ်သက်ဘွယ်ကို ပြု၏။ ထို့ကြောင့် ထိုရန်သူ၏မှီရာ အရှင်သခင်ဖြစ်သော အမျက်ဒေါသကို ဖြတ်ဘိလော့၊ အဘယ်ကြောင့် ဒေါသ၏ ကျွန်မျှဖြစ်၍ ဖြတ်ရန် အရာမဟုတ်သော သင်၏ရန်သူ၌ ပြန်၍ အမျက်ထွက် သောအားဖြင့် ပင်ပန်းဘိသနည်း။

(၉) ထို့ပြင် ပရမတ္ထတရားတို့၏ တည်နေနိုင်သော ကာလ သည် ဖြစ်ခြင်းတို့ဖြင့် ပိုင်းခြားအပ်သည်ဖြစ်၍ ခဏ ကလေးမျှသာ ဖြစ်သောကြောင့် သင့်အား မနှစ်သက် ဘွယ်ကို ပြုသော ရန်သူ၏ ခန္ဓာတို့သည် ချုပ်ကုန်ပြီ၊ ယခု ထိုရန်သူ၏ သန္တာန်၌ အဘယ်ခန္ဓာအား သင် အမျက်ထွက်မည်နည်း။

(၁၀) တယောက်သော ပုဂ္ဂိုလ်က အခြားပုဂ္ဂိုလ် တယောက် အား ဆင်းရဲဒုက္ခကို ပြု၏၊ ဤသို့ပြုရာ၌ ဒုက္ခပြုခြင်း၏ အာရုံဖြစ်သော ထိုပုဂ္ဂိုလ်ကို ကြဉ်၍ အဘယ်သူအား ထိုဒုက္ခပြုသော ပုဂ္ဂိုလ်သည် ဆင်းရဲဒုက္ခကို ပြုနိုင်ရာ

အံ့နည်း၊ ဤသို့ဖြစ်သည်ရှိသော် သင်သည် မိမိကိုယ်တိုင်ကလည်း ဒုက္ခပြုခြင်း၏ အာရုံဖြစ်သဖြင့် ဆင်းရဲဒုက္ခ၏ အကြောင်း ဖြစ်ခဲ့၏။ ဤသို့လျှင် ဆင်းရဲဒုက္ခပြုသောသူနှင့် ဆင်းရဲ ဒုက္ခပြုခြင်း၏ အာရုံဖြစ်သော သင် ဤနှစ်ဦးသားတို့သည် ဒုက္ခ၏ အကြောင်းချည်း ဖြစ်ပါလျက် အဘယ့်ကြောင့်ဆင်းရဲဒုက္ခကို ပြုသောသူ တည်းဟူသော ထို အမှုသည် တဦးကိုသာလျှင် အသင် အမျက်ထွက်ဘိသနည်း၊ အမှုသည်တဦးဖြစ်သော သင့်ကိုယ်ကိုကား အဘယ့်ကြောင့် အသင် အမျက်မထွက်ပါသနည်း၊ ဤသို့သောနည်းဖြင့် ယောဂီပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဆုံးမအပ်၏။

၂၄၆။ ဤသို့သောနည်းဖြင့် မိမိကိုယ်ကို ဆုံးမပါသော်လည်း ထိုယောဂီပုဂ္ဂိုလ်အား အမျက်ဒေါသသည် အကယ်၍ မငြိမ်းအံ့၊ ထိုသို့ မငြိမ်းခဲ့သော် ထိုပုဂ္ဂိုလ်သည် မိမိ၏၎င်း သူတပါး၏၎င်း ကံသာလျှင် ဥစ္စာရှိသည့်အဖြစ်ကို ဆင်ခြင်အပ်၏၊ ထိုသို့ ဆင်ခြင်ရာ၌ မိမိကိုယ်ကို ရှေးဦးစွာ ဤ ဆိုလတ္တံ့သောအတိုင်း ဆင်ခြင်အပ်၏။

"အို-အချင်း သင်သည် ထိုသူတပါးအား အမျက်ဒေါသထွက်ခြင်းဖြင့် အဘယ်ပြုအံ့နည်း၊ ဒေါသလျှင် အကြောင်းရင်းရှိသော ကံသည် သင့်အားသာလျှင် အကျိုးမဲ့ကို ဖြစ်ခြင်းငှါ ဖြစ်လတ္တံ့သည် မဟုတ်ပါလော။ ထိုစကားမှန်၏၊ သင်သည် ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကံ၏အမွေခံဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် ကိုးကွယ် လည်းလျောင်းရာ ရှိ၏၊ အကြင် ကံကိုပြုအံ့၊ သင်သည် ထိုကံ၏ အမွေခံ ဖြစ်လတ္တံ့၊ သင်၏ ဤဒေါသအစွမ်းဖြင့် ဖြစ်သော ကံသည် အရဟတ္တမဂ်ဉာဏ်, သမ္ဗောဓိဉာဏ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်၊ ပစ္စေကဗောဓိဉာဏ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်၊ သာဝကဘုံသို့ ရောက်ခြင်းငှါ မစွမ်းနိုင်၊ ဗြဟ္မာမင်းအဖြစ်, သိကြား,

စကြဝတေးမင်း, ပဒေသရာဇ်မင်း အစရှိသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်။ စင်စစ်သော်ကား သာသနာတော်မှ ရွေ့လျော၍ စားကြွင်းစားအစရှိသော သူဆင်းရဲတို့၏ အဖြစ်ကိုငင်း', အပါယ်၌ဖြစ်ခြင်းအစရှိသော ဆင်းရဲအထူးကိုငင်း ထိုပုဂ္ဂိုလ်၏ ဤကံသည် ဖြစ်စေခြင်း အကျိုးရှိ၏၊ ဤကံကို ပြုသော ထိုသင်သည် နှစ်ဘက်သော လက်တို့ဖြင့် အလျံကင်းသော မီးကျီးတို့ကိုငင်း, မစင်ကျင်ကြီးကိုငင်း ယူ၍ သူတပါးကို ပုတ်ခတ်လိုသော ယောကျ်ားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ပူလောင်ခြင်းကိုငင်း, မကောင်းသောအနံ့ရှိသည်ကိုငင်း ပြုသည် မည်၏" ဤသို့ မိမိကိုယ်ကို ဆင်ခြင်အပ်၏၊ ဤသို့ မိမိ၏ကံသာလျှင် ဥစ္စာရှိသည့်အဖြစ်ကို ဆင်ခြင်ပြီး၍ သူတပါး၏ ကံသာလျှင် ဥစ္စာရှိသည့်အဖြစ်ကို ဤသို့ ဆင်ခြင်အပ်၏။

"ထိုတပါးသောသူသည်လည်း သင့်အား အမျက်ထွက်၍ အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ ထိုကံသည် ထိုအမျက်ထွက်သူ၏သာလျှင် အကျိုးမဲ့ငှါ ဖြစ်လတ္တံ့သည်မဟုတ်ပါလော၊ ထိုစကားမှန်သည်၊ ဤသူသည်လည်း ကံသာလျှင် ဥစ္စာရှိ၏၊ ကံ၏အမွေခံဖြစ်၏....။ပ။....အကြင်ကံကို ပြုလတ္တံ့၊ထိုသူသည် ထိုပြုသောကံ၏ အမွေခံဖြစ်လတ္တံ့၊ထိုသူ၏ ဤကံသည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်၊ဗြဟ္မာမင်း,သိကြားမင်း, စကြဝတေးမင်း, ပဒေသရာဇ်မင်း အစရှိသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်။ စင်စစ်သော်ကား သာသနာတော်မှ ရွေ့လျော၍ စားကြွင်းစားအစရှိသော သူဆင်းရဲတို့၏ အဖြစ်ကိုငင်း, အပါယ်၌ ဖြစ်ခြင်း အစရှိသော ဆင်းရဲအထူးကိုငင်း ထိုပုဂ္ဂိုလ်၏ ဤကံသည် ဖြစ်စေခြင်းအကျိုး ရှိ၏၊ ဤကံကိုပြုသော ထိုသူသည် လေအောက်ကရပ်၍ လေညာ၌တည်သော သူတပါးကို မြူမှုန်ဖြင့်ကြဲလိုသောယောကျ်ားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ဒေါသမြူမှုန်တို့ဖြင့် ကြဲဘိ၏။ထို့ကြောင့် မြတ်စွာဘုရားသည်—

**ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊**
**သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။**
**တမေဝ ဗာလံ ပစ္စေတိ ပါပံ၊**
**သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။**

ဤသော ဂါထာကို ဟောတော်မူ၏။

အပြစ်သူသည် သန့်ရှင်း စင်ကြယ်သော ကိလေသာ အညစ်အကြေး ကင်းဝေး ဖြူစင်သော မပြစ်မှားကောင်း မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှားမိအံ့၊ မိုက်မဲသော ထိုပြစ်မှားသောသူအားသာလျှင် မကောင်းကျိုးသည် ပြန်လာ၏။ ဥပမာ-သိမ်မွေ့သော မြူမှုန်ကို လေညာ လေယက်သို့ လွှင့်သောသူအား ထိုမိမိအပေါ်သို့သာ မြူမှုန် ပြန်လာသကဲ့သို့ ပေတည်း။ ။ဤကား အဓိပ္ပါယ်။

၂၄၇။ ဤသို့ဟောနည်းဖြင့် ကံသာလျှင် မိမိဥစ္စာရှိသည့်အဖြစ်ကို ဆင်ခြင်ပါသော်လည်း ထိုယောက်ျားပုဂ္ဂိုလ်အား အမျက် ဒေါသသည် အကယ်၍ မငြိမ်းခဲ့သော် မြတ်စွာဘုရား၏ ရှေးက ကျင့်တော်မူဘူးသော ဂုဏ်ကျေးဇူးတော်ကို ဆင်ခြင် အောက်မေ့အပ်၏။

## ဆင်ခြင်ပွါးများပုံနည်း

ဒို့-ရဟန်းတို့, သင်၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို မသိမီ ရှေးက သစ္စာလေးဝ ဥေယျ ငါးတန်ကို မသိသေးသော ဘုရားအလောင်းတော်ဖြစ်စဉ် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ဆည်းပူးသည်ရှိသော် ထိုထို ဇာတ်နိပါတ်တော်၌ ညှဉ်းဆဲ သတ်ပုတ်ကတ်ကုန်သော ရန်သူတို့ကို စိတ်မျှဖြင့်လည်း မပြစ်မှားသည် မဟုတ်လော။

အဘယ်ဇာတ်နိပါတ်တို့၌ နည်းဟူမူ **“သီလဝဇာတ်”** ၌ မိမိ၏ မိဖုရားနှင့် အတူတကွ မိန္မာစာရအမှုဖြင့် ပြစ်မှားသော

အမတ်ယုတ်သည် ဆောင်ပိုးအပ်သော ယူဇနာသုံးရာရှိသော တိုင်းပြည်ကို သိမ်းယူသော ရန်သူမင်းကို နှိပ်စက်ညှဉ်းဆဲခြင်းငှါ ထကြွကုန်သော အမတ်တို့အား လက်နက်ကိုင်ခြင်းငှါမျှလည်း အခွင့်မပြု၊ တဖန် အမတ်တထောင်တို့နှင့်တကွ သူသေကောင်စွန့်ရာ သုသာန်၌ လည်ပင်းတိုင်အောင် မြေကြီးကိုတူး၍ မြှုပ်အပ်သည်ရှိသော် စိတ်ပြစ်မှားခြင်းကိုမျှလည်း မပြုဘဲ သူကောင်ပုပ်စားခြင်းငှါ လာကုန်သော မြေခွေးတို့၏ မြေမှုန့်ယက်ခြင်းကို အမှီပြု၍ တွင်းမှထွက်ခြင်းငှါ ယောကျ်ားတို့စွမ်းအားကို ပြုလျက် အသက်ရှင်ခြင်းကို ရလတ်သော် မင်းကြီး တရားဆုံးဖြတ်သည်ကို နှစ်သက်သော စိတ်ရှိသော ဘီလူး၏ အာနုဘော်ဖြင့် မိမိ၏ အသရေရှိသော တိုက်ခန်းသို့ သက်ဝင်၍ အသရေရှိသော အိပ်ရာတွင် အိပ်နေသော ရန်သူမင်းကို မြင်ပါလျက် အမျက်မထွက်မူ၍သာလျှင် အချင်းချင်းကျိန်စာဖြင့် ကတိထားလျက် ထိုရန်သူမင်းကိုပင် မိတ်ဆွေအရာ၌ထား၍—

**အာသိသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။**
**ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟုံ။**

ဟူသော ဂါထာကို ဆို၏။

အို-အချင်းတို့၊ ပညာရှိသော ယောကျ်ားမည်သည် အကြင်အကြင် အလိုရှိအပ်သော အစီးအပွါး၌ အပြစ်ကင်းသော အခြင်းအရာဖြင့် တောင့်တအာသာ ပြုရာသည်သာတည်း။ ဤသို့ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ရောက်သော ငါ့အား အဘယ်မှာ ချမ်းသာသည်၏အဖြစ်သို့ ရောက်နိုင်ပါအံ့နည်းဟု လုံ့လလျော့မမှု မငြီးငွေ့ရာ။ အဘယ်ကြောင့်နည်းဟူမူ သင်တို့၏ အရှင်ဖြစ်သောငါသည် အပြစ်ကင်းသော အခြင်းအရာဖြင့် တစုံတယောက်သောသူကိုမျှ ညှဉ်းဆဲနှိပ်စက်ခြင်းမပြုဘဲ မင်းအဖြစ်၌တည်သော မိမိကိုယ်ကိုအလိုရှိ၏၊ ထိုအလိုအတိုင်း ငါဖြစ်ပြီ။ ရှေးကအတိုင်း မင်းဖြစ်ရသော ငါ၏ကိုယ်ကို ငါမြင်ရ၏၊

ထို့ကြောင့် မငြိုးငွေ့ရာဟု ငါဆိုပေသတည်း။ ။ဤကား အဓိပ္ပါယ်။

“**ခန္တိဝါဒဇာတ်**”၌ ပညာမဲ့သော ကာသိတိုင်းကြီးရှင် “**ကလာဗုမင်း**” သည် “အို-ရှင်ရဟန်း၊ သင်သည် အဘယ် အယူရှိသနည်း” ဟု မေးသည်ရှိသော် “ငါသည် သည်းခံခြင်း အယူရှိသည်ဖြစ်၏” ဟု ဆိုလေလျှင် သံဆူးတပ်ကုန်သော ကြိမ်လုံးတို့ဖြင့် ရိုက်နှက်၍လက်ခြေတို့ကို ဖြတ်ကုန်သော်လည်း အမျက်ထွက်ခြင်းကိုမျှမပြု။ ဤသို့ သည်းခံနိုင်ခြင်းသည် အရွယ်၏ကြီးရင့်ခြင်း, ရဟန်း သူတော်သူမြတ်ဖြစ်ခြင်းကြောင့် မအံ့ဩလောက်သေး၊ သာ၍အံ့ဩစရာကောင်းသည်ကား “**စူဠဓမ္မပါလဇာတ်**”၌ ပက်လက်အိပ်တတ်ကာမျှ ဖြစ်ပါလျက်လည်း—

“ပထဝီ မြေပြင်အလုံးကို သိမ်းကျုံးပိုင်သ အစိုးရလတ္တံ့သောအမွေခံဖြစ်သော သားတော် “**ဓမ္မပါလ**”၏ စန္ဒကူးရည်ဖြင့် လိမ်းကျံအပ်သော လက်မောင်းတို့သည် ပြတ်ကုန်ပြီ၊ အရှင်မင်းကြီး အကျွန်ုပ်၏အသက်သည် ကြင်နာလှပါကုန်၏” ဟု—

မယ်တော် မိဘုရားကြီးသည် ငိုကြွေးမြည်တမ်းစဉ် ခမည်းတော်ဖြစ်သော “**မဟာပတာပ**” မင်းသည် ဝါးမျှစ်နှသဖွယ် နုနယ်သော လေးခုသော ခြေလက်တို့ကို ဖြတ်စေပြီးသော် ထိုမျှလောက် ညှဉ်းဆဲ၍မျှ အားမရနိုင်သဖြင့် “ထို ဓမ္မပါလ၏ ဦးခေါင်းကို ဖြတ်ကြလေကုန်” ဟု ခိုင်းစေပြန်သည်ရှိသော် “အို-ဓမ္မပါလ, ယခုအခါသည်ကား သင်၏စိတ်ကို ကောင်းစွာ နှိပ်ကွပ်အပ်သော အခါပေတည်း၊ အို-ဓမ္မပါလ, ယခုအခါ၌ ဦးခေါင်းကို ဖြတ်စေသော ခမည်းတော်၌၎င်း, ဦးခေါင်းကိုဖြတ်သော လက်မရှံ့ အာဏာသား၌၎င်း, ငိုကြွေး၍နေသော မယ်တော်၌၎င်း, မိမိကိုယ်၌၎င်း ဤလေးဦးသော သူတို့၌ တူမျှသောစိတ်ရှိသည် ဖြစ်လော့” ဟု ကြပ်ကြပ်တည်းတည်း အဓိဋ္ဌာန်ဆောက်တည်၍ ပြစ်မှားလိုသောအခြင်းအရာကိုမျှလည်း မပြုချေ။ လူဖြစ်သော ဓမ္မ-

ပါလမင်းသားငယ်သည် ဤသို့ အသက်သေဆုံးသည်တိုင်အောင် အမျက်ဒေါသကို ချုပ်တည်း၍ သည်းခံခြင်းကို ပြုသော်လည်း လူဖြစ်သောကြောင့် မအံ့သြလောက်သေး။ ထို့ထက်သာ၍ အံ့သြစရာကောင်းသော သည်းခံခြင်းတို့ကား တိရစ္ဆာန်ဖြစ်ပါလျက် "**ဆဒ္ဒန္တ**" အမည်ရှိသော ဆင်မင်းသည် ဆိပ်လူးမြှားဖြင့် ချက်ကိုပစ်အပ်သော်လည်း ထိုမုဆိုးလောက် အကျိုးမဲ့ကိုပြုသော မုဆိုး၌ စိတ်မျှဖြင့် မပြစ်မှားမူ၍ ဤသို့ဆို၏——

**"သမပ္ပိတော ပုထုသလ္လေန နာဂေါ၊**
**အဒုဋ္ဌစိတ္တော လုဒ္ဒကံ အဇ္ဈဘာသိ။**
**ကိမတ္ထယံ ကိဿ ဝါ သမ္မ ဟေတု၊**
**မမံ ဝဓိ ကဿ ဝါ'ယံ ပယောဂေါ" တိ။**

ကြီးစွာသော ဆိပ်လူးမြှားဖြင့် စူးဝင်နှိပ်စက်သော "**ဆဒ္ဒန်ဆင်မင်း**"သည် စိတ်မျှဖြင့် ပြစ်မှားခြင်းမရှိဘဲ မုဆိုးကို ပြောဆို၏၊ "အို-အချင်း, မုဆိုး, အဘယ်အကျိုးရှိသောကြောင့် ငါ့ကို ပစ်သတ်သနည်း၊ အဘယ်သူ၏ အကြောင်းကြောင့်မူလည်း ပစ်သတ်သနည်း၊ အဘယ်သူ၏စေခိုင်းသော ပယောဂဖြစ်သနည်း" ဟု ဆို၏။ ။ ဤကား အဓိပ္ပါယ်။

ဤသို့ ဆိုသည်ရှိသော် မုဆိုးက "အရှင်ဆင်မင်း **ကာသိကရာဇ်မင်း၏မိဖုရားခေါင်ကြီးသည်** အရှင်ဆင်မင်း၏ အစွယ်တော်အလို့ငှါ စေခိုင်းအပ်သည်ဖြစ်ပါ၏" ဟု ဆိုလေသော် ထိုမိဖုရားကြီး၏ နှလုံးအလိုကို ပြည့်စေလျက် ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်သော အရောင်ဖြင့် တောက်ပလျက် နှစ်သက်စဘွယ် တင့်တယ်ခြင်းရှိသော မိမိ၏အစွယ်တို့ကိုဖြတ်၍ ပေးလှူ၏။

"**မျောက်မင်း**" ဖြစ်တော်မူစဉ်အခါ မိမိသည် ပင်လျှင်တောင်ကမ်းပါးချောက်ကြားမှ ထုတ်ဆောင် ကယ်တင်ရသော ယောကျ်ားသည်——

"တောဝ်၌ မျောက်မှတပါးသော သားကောင်အပေါင်းတို့သည် လူတို့၏အစာဖြစ်ကုန်သကဲ့သို့ ထို့အတူ ဤမျောက်သည်လည်း လူတို့၏အစာပင်တည်း။ ဆာလောင်မွတ်သိပ်သောငါသည် ဤမျောက်ကိုသတ်၍စားရမူကား ကောင်းလေစွ၊ ဝမ်းဝမိုက်ကားအောင်စားပြီး၍ ခရီးလမ်းစာရိက္ခာအလို့ငှါ အသားကိုယူ၍ သွားပေအံ့၊ ဤမျောက်သားသည် ငါ၏ရိက္ခာခရီးလမ်းစာ ဖြစ်လတ္တံ့၊ ဤမျောက်သားဖြင့် ကန္တာရခရီးခဲကို လွန်မြောက်ရလေအံ့" ဟု—

ကြံ၍ ကျောက်ခဲကို ကောက်ချီပြီးလျှင် မျောက်မင်း၏ဦးခေါင်းကို ပေါက်ခွဲသည်ရှိသော် မျက်ရည်ဖြင့်ပြည့်သော မျက်စိတို့ဖြင့် ထိုယောကျ်ားကို ကြည့်လျက်—

"အို-အရှင်ကောင်း၊ သင်သည် ငါ၏အရှင်ဖြစ်ပါလျက် ဤသို့သောအမှုကို မပြုသင့်ဘဲပြုဘိ၏၊ သင်သည် သူတပါးကို ဤသို့သော အမှုကို ပြုခြင်းမှ တားမြစ်ထိုက်ပါ၏၊ သင်သည် ငါ့ကြောင့် အသက်ရှင်သည် မဟုတ်ပါလော" ဟု—

ဆို၍ ထိုယောကျ်ား၌ စိတ်မျှမပြစ်မှားဘဲ မိမိ၏ဆင်းရဲဒုက္ခကိုလည်းမကြံဘဲ ထိုယောကျ်ားကိုပင် ဘေးကင်းရာအရပ်သို့ ရောက်စေ၏။

"**ဘူရိဒတ်**" အမည်ရှိသော နဂါးမင်းဖြစ်စဉ်အခါ ဥပုသ် အင်္ဂါတို့ကို ဆောက်တည်၍ တောင်ပို့ထိပ်၌ နေသည်ရှိသော် ကမ္ဘာဖျက်မီးနှင့်တူသောဆေးဖြင့် ကိုယ်အလုံးကို သွန်းလောင်းကြဲဖျန်းသော်၎င်း, ပခြုပ်၌ထည့်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ လှည့်လည်ကစားစေအပ်သော်၎င်း ထိုပုဏ္ဏား၌ စိတ်ပြစ်မှားခြင်းကိုမျှလည်း မပြု၊ ထို့ကြောင့်—

"ပခြုပ်၌ ခြေဖြင့်နင်း၍ ထည့်သွင်းလေသော်၎င်း, လက်ဖြင့် နှိပ်နယ်ခြင်းပြုသော်၎င်း ငါ၏သီလပျက်စီးအံ့ သည်မှကြောက်သောကြောင့် အလမ္ပါယ်ပုဏ္ဏားသို့ အမျက် မထွက်" ဟု ထိုနဂါးမင်းက ဆို၏။

**"စမ္ပေယျ"** နဂါးမင်းဖြစ်သောအခါ၌လည်း အလမ္ပါယ် မြွေဘမ်းသမား ဘမ်းယူ၍ ညှဉ်းဆဲနှိပ်စက်သော်လည်း စိတ်၏ ပြစ်မှားခြင်းကိုမျှလည်း **မဖြစ်စေ၊** ထို့ကြောင့် မြတ်စွာဘုရားသည် **စမ္ပေယျဇာတ်၌—**

"ထိုစမ္ပေယျနဂါးမင်းဖြစ်သောအခါ၌ တရားကို ကျင့်သုံးသော ဥပုသ်ဆောက်တည်သောငါ့ကို အလမ္ပါယ် မြွေဘမ်းသမားသည်ဘမ်းယူ၍ မင်း၏ နန်းတော်တံခါး၌ ကစား၏။ ညိုသောအရောင်အဆင်းကို၎င်း, ရွှေသော အရောင်အဆင်းကို၎င်း, နီသောအရောင်အဆင်းကို၎င်း, အကြင်အရောင်အဆင်းကို ဖြစ်စေလို၏ ဟု အလမ္ပါယ် သည် ကြံ၏၊ ထိုအလမ္ပါယ်၏ စိတ်အလိုရှိသောအတိုင်း ကြံအပ်သော အဆင်းအရောင်နှင့် တူသည်ဖြစ်၏၊ ငါသည် ကုန်း ကြည်းကို ရေဖြစ်အောင် ပြုနိုင်၏၊ ရေကိုလည်း ကုန်းကြည်းဖြစ်အောင် ပြုနိုင်၏၊ ထို အလမ္ပါယ်အား အကယ်၍ အမျက်ထွက်အံ့၊ ကြည့်သော ခဏ၌ပင်လျှင် ပြာဖြစ်အောင် ပြုနိုင်၏၊စိတ်အလိုအတိုင်းပြုသည် အကယ်၍ ဖြစ်အံ့၊ သီလမှဆုတ်ယုတ်ရလေအံ့၊ သီလမှယုတ်သော သူအား မြတ်သောအကျိုးသည် မပြီးစီးရာ" ဤသို့ ဟောတော်မူ၏။

**"သင်္ခပါလ"** နဂါးမင်းဖြစ်စဉ်အခါက မြမြထက်သော လှံမ တို့ဖြင့် ရှစ်ဌာနတို့၌ထိုး၍ လှံထိုးပေါက်တို့မှ ဆူးရှိသောနွယ်တို့ကို သွင်းပြီးလျှင် နှာခေါင်း၌ ခိုင်လှစွာသောကြိုးတို့ကို ထည့်တပ်၍ တဆယ့်ခြောက်ယောက်သော မုဆိုးသားတို့သည် ထမ်းပိုးဖြင့် ယူ၍ထမ်းအပ်သည်ရှိသော် မြေကြီးနှင့်ကိုယ်ကိုပွတ်၍ ဒရွတ်ဒရွတ် **တိုက်ဆွဲ**သောကြောင့် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရပါလျက်

အမျက်ထွက်၍ မျက်စောင်းညိတ် လှည့်ကြည့်ကာမျှဖြင့် ပင်ခပ်သိမ်းကုန်သော မှုဆိုးသားတို့ကို ပြာဖြစ်အောင် ပြုခြင်းငှါ စွမ်းနိုင်သည်ဖြစ်ပါလျက် မျက်စိကိုဖွင့်၍ ပြစ်မှားလိုသော အမူအရာကိုမျှလည်း ပြုတော်မမူ၊ ထို့ကြောင့် အောက်ပါစကားကို သခ်ပါလနဂါးမင်းက ဆို၏—

"အို-လှည်းမှူးအဋ္ဌာရ၊ တဆယ့်လေးရက်မြောက်သော နေ့၌ရင်း, တဆယ့်ငါးရက်မြောက်သောနေ့၌ရင်း ဥပုသ်ကို ငါသည် အမြဲကျင့်သုံး၏၊ ထိုသို့ ဥပုသ်ကျင့်သုံးသောအခါ၌ တကျိပ်ခြောက်ယောက်သော မှုဆိုးသားတို့သည် ကြိုးကိုရင်း, ခိုင်လှစွာသော ကျော့ကွင်းကိုရင်း ယူ၍လာကြကုန်၏၊ လာပြီးလျှင်နှာခေါင်းကို ဖောက်ထွင်း၍ ကြိုးတပ်ပြီးလျှင် တင်းတင်းဆွဲထား၏၊ ကြိမ်နွယ်တို့ဖြင့် ထက်ဝန်းကျင်မှဆိုင်း၍ မှုဆိုးတို့သည် ငါ့ကိုဆောင်ကုန်၏။ ဤသို့ သဘောရှိသော ဆင်းရဲဒုက္ခကို ငါသည် ဥပုသ်ကိုမပျက်စေဘဲ သည်းခံဘူးလေပြီ"။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အံ့ဩဘွယ် သည်းခံခြင်းတို့ကိုသာ ပြုတော်မူဘူးသည်မဟုတ်သေး၊ **"မာတုပေါသကဇာတ်"** အစရှိသည်တို့၌လည်း များစွာကုန်သော အံ့ဩဘွယ် သည်းခံခြင်းတို့ကို ပြုတော်မူဘူးလေပြီ။ ယခုအခါ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ပြီး၍ နတ်နှင့်တကွသော လောက၌ တစုံတယောက်သော သူနှင့်မျှ မတူနိုင်သော သည်းခံခြင်း ဂုဏ်ကျေးဇူးရှိတော်မူသော ထိုဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဆရာဟူ၍ ညွှန်ကြားသော ထိုသင်ယောဂီပုဂ္ဂိုလ်အား ဒေါသနှင့်ယှဉ်သောစိတ်ကို ဖြစ်စေခြင်းငှါ အလွန်မသင့်မလျော် မလျောက်ပတ်ဟူ၍ မိမိကိုယ်ကို မိမိဆုံးမကာ ဆရာဖြစ်သော မြတ်စွာဘုရား၏ ရှေးအခါက သည်းခံတော်မူဘူးသော ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့အပ်၏။

၂၄၀။ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဆရာဖြစ်သော မြတ်စွာဘုရား၏ ရှေးက ကျင့်သုံးတော်မူဘူးသော ကျေးဇူး

ဂုဏ်တော်ကို ဆင်ခြင်ပါသော်လည်း နေ့ညဉ့်ရှည်စွာ ကိလေသာတို့၏ ကျွန်အဖြစ်သို့ ရောက်လျက်ရှိသော ထို ပုဂ္ဂိုလ်အား ထို အမျက်ဒေါသသည် အကယ်၍ မငြိမ်းအံ့၊ ထိုသို့ဖြစ်ခဲ့သော် ထိုပုဂ္ဂိုလ်သည် အစ မထင် သံသရာ၌ ကျင်လည်ရဘူးသည့်ကို ဟောသော **"အနမတဂ္ဂ"** သုတ်တို့ကို ဆင်ခြင်အပ်ကုန်၏၊ ထို အနမတဂ္ဂသုတ်တို့၌—

"အို-ရဟန်းတို့, အကြင်သူသည် ရှေးက **အမိ** မဖြစ်စဘူး၊ အကြင်သူသည် ရှေးက **အဘ** မဖြစ်စဘူး၊ အကြင်သူသည် **အစ်ကို** မဖြစ်စဘူး၊ အကြင်သူသည် **နှမ** မဖြစ်စဘူး၊ အကြင်သူသည် **သား** မဖြစ်စဘူး၊ အကြင်သူသည် **သမီး** မဖြစ်စဘူး၊ ထိုဘဝနီးဝေး ရှေးရှေးကာလ မိဘ စသည် မဖြစ်ဘူးသသူကို ရလွယ်သော သဘောမရှိ"— ဟူ၍ ဟောတော်မူအပ်၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်၌ အနည်းနည်းဖြေဖျောက်၍ ဒေါသ မပျောက် မငြိမ်းမူ၊ ဤသို့ စိတ်ကို ဖြစ်စေအပ်၏၊ "ဤသူသည် လွန်လေပြီးသောအခါ ကာလများက ငါ၏ မွေးသည့်မိခင် ဖြစ်ခဲ့ဘူး၍ ဆယ်လပတ်လုံး ဝမ်းဖြင့် လွယ်ပြီးလျှင် ကျင်ငယ်, ကျင်ကြီး, တံထွေး, နှပ် စသည်တို့ကို စန္ဒကူး နံ့သာကဲ့သို့ စပ်ဆုပ် ရွံရှာခြင်းမရှိဘဲ သုတ်သင်၍ ရင်ဖြင့်ဖုံးလွှမ်းလျက် ကိုယ်လက် တို့ဖြင့် ပွေ့ချီဆောင်ရွက်သည်ဖြစ်၍ မွေးဘူးပေသတတ်၊ ဘခင် ဖြစ်၍ ဆိတ်သတ္တဝါတို့ဖြင့် သွားရာခရီး, တံသင်းစို ရိုက်နှက်၍ ဆွဲတက်သွားရသောခရီး စသည်တို့သို့ သွား၍ ကုန်သွယ်ခြင်း အမှုကို ပြုလုပ်အားထုတ်လျက် ငါ၏အကျိုးငှါ အသက်ကိုစွန့်၍ နှစ်ဘက်သော စစ်သည်တို့ ထိုးပစ်သော စစ်မြေပြင်သို့ သက်ဝင်၍ ၎င်း, လှေဖြင့် မဟာသမုဒ္ဒရာသို့ သက်ဝင်ကူးသွား၍၎င်း, ထို့ပြင် ဥစ္စာကို အလိုရှိသောအားဖြင့် သွားလာခက်သော တောင်ကမ်း ခရီး, ကူးသန်းခက်သော မြစ်လမ်းခရီးစသည်တို့သို့ သက်ဝင်၍ ခဲယဉ်းစွာသော အမှုတို့ကို ပြုပြီးလျှင် သားငယ်, သမီးငယ်တို့ကို

မွေးအံ့ဟု ထိုထိုသို့သော အကြောင်းဥပါယ်ဖြင့် ဥစ္စာကိုစုဆောင်း၍ ငါ့ကို မွေးမြူဘူးပေသတတ်၊ အစ်ကိုသည်ရင်း, နှမသည်ရင်း, သားသည်ရင်း, သမီးသည်ရင်း ဖြစ်၍လည်း ငါ့အား ဤမည် ဤမည်သော အကြောင်းကို ပြုဘူးပေသတတ်။ ထို့ကြောင့် ထို မိခင်, ဘခင်, အဆွေညာတိဖြစ်၍ မွေးမြူလုပ်ကျွေး ကျေးဇူး ပြုပေဘူးသော သူတို့၌ စိတ်နှလုံးဖြင့် ပြစ်မှားခြင်းငှါ မသင့်လျော် မလျောက်ပတ်ချေ" ဤသို့ စိတ်ကို ဖြစ်စေအပ်၏။

**မေတ္တာ၏အကျိုးအာနိသင် ၁၁-ပါး**

၂၄၉။ ဤသို့ ဆင်ခြင်သောအားဖြင့် အမျက်ဒေါသကို တားမြစ်ငြားသော်လည်း စိတ်ကို ငြိမ်းစိမ့်သောငှါ အကယ်၍ မတတ်နိုင်သည်ဖြစ်ပြန်အံ့၊ ဤသို့ ဖြစ်သည်ရှိသော် ထိုပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သောနည်းအတိုင်း မေတ္တာ၏ အကျိုး အာနိသင်တို့ကို ဆင်ခြင်အပ်ကုန်၏၊ "အို-ရဟန်း, မြတ်စွာဘုရားသည် 'အို-ရဟန်းတို့, စင်စစ်အားဖြင့် ရှိသေစွာ မှီဝဲအပ်သော ပွါးစေအပ်သော အကြိမ်များစွာ အဖန်တလဲလဲ ပြုအပ်သော ကသောယာဉ်ကဲ့သို့ ပြုအပ်သော တည်ရာဝတ္ထုကဲ့သို့ ပြုအပ်သော မလှုပ်မရှားနိုင်အောင် မြဲမြဲခိုင်ခံ့စွာသောလေ့လာအပ်ပြီးသော ကောင်းစွာ ပြည့်စုံစေအပ်ပြီးသော မေတ္တာဟု ဆိုအပ်သော စိတ်၏ဆန့်ကျင်ဘက်မှ လွတ်ကြောင်းတရား၏ * တဆယ့်တပါးကုန်သော အကျိုးအာနိသင်တို့ကို အလိုရှိအပ်ကုန်၏၊ အဘယ် တဆယ့်တပါးတို့နည်းဟူမူကား—

(၁) ချမ်းသာစွာ အိပ်ရ၏၊

(၂) ချမ်းသာစွာ နိုးရ၏၊

---

* အိပ်, နိုး, ချမ်းသာ ယုတ်မာ မမက်,၊ နှစ်သက် လူ, နတ်,၊ စောင့်မှတ်, နတ်များ၊ ဆိပ်ကား မနှံ့,၊ စိတ်ပြန့်တည်ကြည်,၊ ရှင်သည်မျက်နှာ၊ သေခါ မတွေ၊ လားလေ ဗြဟ္မာ၊ ဆယ့်တခါဟု၊ မေတ္တာနိသင်၊ ကျိုးဆက်ထင်သည်၊ ၊ရှင်လူ အများ ကျင့်ရာသောဝ်။ (နိဿျ ဆရာတော်ရေး နှုတ်တက် အရ ဆောင်ရန် လင်္ကာ)။

(၃) **ယုတ်မာဆိုး**ဝါးသော အိပ်မက်များကို မမြင်မက်ရ၊
(၄) **လူတို့သည်** ချစ်၏၊
(၅) နတ်တို့သည် ချစ်၏၊
(၆) နတ်တို့သည် စောင့်ရှောက်ကုန်၏၊
(၇) ထို မေတ္တာပွါးများလေ့ ရှိသောသူအား မီးသည်၎င်း အဆိပ်သည်၎င်း, လက်နက်သည်၎င်း မရောက်မကပ်နိုင်၊
(၈) လျင်စွာလည်တတ် ပြန့်လွင့်တတ်သောစိတ်သည် အညီအညွတ် ကောင်းစွာတည်၏၊
(၉) မျက်နှာအဆင်း ကြည်လင်၏၊
(၁၀) မတွေမဝေဘဲ စုတေသေလွန်ရ၏၊
(၁၁) ထို့ထက် အလွန်ဖြစ်သော မဂ်ဉာဏ်ကို ထိုးထွင်း၍ မရခဲ့သော် ဗြဟ္မာပြည်သို့ လားရ၏ဟု ဟောတော်မူအပ်သည်မဟုတ်ပါလော၊ သင်သည် ဤစိတ်ကိုအကယ်၍ မငြိမ်းစေသည်ဖြစ်အံ့၊ ဤမေတ္တာ၏ အကျိုးအာနိသင်တို့ကို မခံစားရဘဲ ရှိလေအံ့"ဟု ဆင်ခြင်အပ်ကုန်၏။

၂၅၀။ ဤ ဆိုအပ်ခဲ့ပြီးသော အတိုင်း ဆင်ခြင် ပွါးများပါသော်လည်း ထို အမျက်ဒေါသကို ငြိမ်းစေခြင်းငှါ မတတ်နိုင်သည်ရှိသော် ဓာတ်ခွဲခြင်းကို ပြုအပ်၏၊ ဓာတ်ခွဲရပုံကား— "အို-ရဟန်း, သင်သည် ထိုသူအား အမျက်ထွက်ရာ၌ အဘယ်အရာကို အမျက်ထွက်ဘိသနည်း၊ ဆံပင်တို့အား အမျက်ထွက်ပါသလော၊ ထိုသို့မဟုတ် အမွေးတို့အား၊ ခြေသည်း လက်သည်းတို့အား....။ ပ ။.....ကျင်ငယ်အား အမျက်ထွက်ပါသလော၊ တနည်းသော်ကား— ဆံပင်အစရှိသည်တို့၌ ပထဝီ ဓာတ်အား အမျက်ထွက်ပါသလော၊ အာပေါဓာတ်အား။ တေဇောဓာတ်အား။ ဝါယောဓာတ်အား အမျက်ထွက်ပါသလော၊ တနည်းသော်ကား—အကြင် ခန္ဓာငါးပါး, အာယတန တဆယ့်

နှစ်ပါး, ခါတ်တဆယ့်ရှစ်ပါးတို့ကိုအစွဲပြု၍ ဤသူကို ဤအမည်ရှိ၏ဟူ၍ ဆိုအပ်၏၊ ထို ခန္ဓာငါးပါးစသည်တို့တွင် ရူပက္ခန္ဓာကို အမျက် ထွက်ပါသလော၊ သို့မဟုတ် ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာတို့ကို အမျက်ထွက်ပါသလော။ တနည်းကား– စက္ခာယတနကို အမျက် ထွက်ပါသလော၊ ရူပါယတနကို အမျက် ထွက်ပါသလော....။ပ။....မနာယတနကို အမျက်ထွက်ပါသလော။ ဓမ္မာယတနကို အမျက် ထွက်ပါသလော။ တနည်းကား–စက္ခုဓာတ်ကို အမျက်ထွက်ပါသလော၊ ရူပဓာတ်ကို အမျက်ထွက်ပါသလော၊ စက္ခုဝိညာဏဓာတ်ကို အမျက် ထွက်ပါသလော....။ပ။....မနောဓာတ်ကို အမျက်ထွက်ပါသလော၊ ဓမ္မဓာတ်ကို အမျက်ထွက်ပါသလော၊မနောဝိညာဏဓာတ်ကို အမျက်ထွက်ပါသလော" ဟု ဓာတ်ခွဲခြင်းကို ပြုအပ်၏၊ ဤသို့ဓာတ်ကိုဝေဘန် ခွဲခြမ်းသောပုဂ္ဂိုလ်အား ပွတ်ဆောက်ဖျား၌ မုန်ညင်းစေ့၏ တည်ရာဌာန မရနိုင်သကဲ့သို့ ဟင်းလင်း အပြင် ကောင်းကင်၌ ပန်းချီဆေးရေးမှု၏ တည်ရာဌာနကို မရနိုင်သကဲ့သို့ အမျက် ဒေါသ၏ တည်ရာဌာနသည်မဖြစ်။

၂၅၁။ ထို့ပြင် ဓာတ်ခွဲခြင်းကို ပြုခြင်းငှါ မတတ်နိုင်သော ပုဂ္ဂိုလ်သည် ပေးကမ်း ဝေဘန်ခြင်းကို ပြုအပ်၏၊ မိမိ၏ ပစ္စည်းကို ရန်သူအား ပေးအပ်၏၊ ထိုရန်သူ၏ပစ္စည်းကို မိမိက လက်ခံယူအပ်၏၊ ရန်သူဖြစ်သူသည် အသက်မွေးမှု သေဆုံးအံ့၊ သုံးဆောင်ခြင်းငှါ မထိုက်သော အသုံးအဆောင် ပရိက္ခရာရှိသည် အကယ်၍ ဖြစ်အံ့၊ မိမိ၏ ဥစ္စာကိုသာလျှင် ပေးအပ်၏။ ဤသို့ ဝေဘန်ခြင်းကို ပြုသော ထိုပုဂ္ဂိုလ်အား စင်စစ်အားဖြင့် ထိုရန်သူ ပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းသည် ငြိမ်း၏၊ ရန်သူ ပုဂ္ဂိုလ်သည် လည်း အတိတ်ဘဝမှ အစဉ်တစိုက် လိုက်ပါလာသော

အမျက်ဒေါသသည် ထိုခဏ၌ပင် ငြိမ်းလေ၏၊ "**စိတ္တလ တောင်ကျောင်း**"၌ သုံးကြိမ်တိုင်တိုင် ရန်သူမဟာထေရ်ကို လာသဖြင့် ပြောင်းရွှေ့သွားရသော "**ဝိဏ္ဍပါတိက မထေရ်**"သည် အရှင်ဘုရား, ရှစ်သပြာ ထိုက်တန်သော ဤသပိတ်သည် အကျွန်ုပ်၏အမိ ဒါယိကာမကြီး လှူသော ကြောင့် တရားသဖြင့် ရအပ်သော ပစ္စည်း ဖြစ်ပါသည်၊ တကာမ**ကြီး**အား ကုသိုလ်ပုည ရပါလေအောင် ပြုတော်မူပါ"ဟု **ဆို၍** ပေးအပ်သော သပိတ်ကိုရသော မဟာ ထေရ်၏ ရန်သူပုဂ္ဂိုလ်အား ရန်ငြိုးဖွဲ့ခြင်း ငြိမ်းသကဲ့သို့ ပေတည်း။ ဤသို့လျှင် ပေးကမ်းခြင်းမည်သည် ကြီးသော တန်ခိုးအာနုဘော် ရှိ၏။ထိုစကားမှန်၏၊ မြတ်စွာဘုရား သည်လည်း—

**အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။**
**ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။**

ဟူ၍ ဟောတော်မူ၏။

ပေးကမ်းလှူဒါန်းခြင်းသည် မယဉ်**ကျေးသူကို**ယဉ်ကျေး စေတတ်၏၊ ပေးကမ်း လှူဒါန်းခြင်း**သည် အလုံးစုံ**သော **အကျိုး**ကျေးဇူးတို့ကို ပြီးစီးစေတတ်၏၊ **ပေးကမ်း**ခြင်းဖြင့် ၎င်း, ချစ်ဘွယ်,ခင်ဘွယ်သောစကားကို ပြောကြားသဖြင့် ၎င်း မျက်နှာပန်းပွင့် ကြီးမြင့်တတ်၏၊ ပေးကမ်းခြင်းကို ခံရသူတို့သည်လည်း ညွှတ်ကိုင်းလာတတ်ကုန်၏။ ဤကား အဓိပ္ပါယ်။

၂၅၂။ ဤသို့လျှင် ရန်သူပုဂ္ဂိုလ်၌ ဒေါသအမျက်ကို ငြိမ်းစေအပ် ပြီးသော ထိုယောဂီပုဂ္ဂိုလ်အား ချစ်အပ်သောပုဂ္ဂိုလ်, အလွန်ချစ်အပ်သော အဆွေခင်ပွန်း, လျစ်လျူပုဂ္ဂိုလ်တို့၌ မေတ္တာကို ဖြစ်စေသည်၏ **အစွမ်းဖြင့် စိတ်သည်** ဖြစ် သကဲ့သို့ ဤအတူ ထိုရန်သူ ပုဂ္ဂိုလ်၌လည်း မေတ္တာ **စိတ်သည် ဖြစ်**၏။

ထို့နောက် **ဤယောဂီပုဂ္ဂိုလ်သည် အဖန်တလဲလဲ မေတ္တာ** ပွားသည်ဖြစ်၍ မိမိ၌၎င်း, မိမိချစ်အပ်သောပုဂ္ဂိုလ်၌၎င်း, **လျစ်လျူ** ရှုအပ်သောပုဂ္ဂိုလ်၌၎င်း, မချစ်မနှစ်သက်သော ရန်သူပုဂ္ဂိုလ်၌၎င်း ဤ လေးဦးသောပုဂ္ဂိုလ်တို့၌ တူမျှသော,မေတ္တာစိတ် ရှိသော အဖြစ်ကို ပြီးပြည့်စုံစေ၍ အပိုင်းအခြားကို ပယ်ဖျက်ခြင်း သီမသမ္ဘေဒကို ပွားအပ်၏။

ဤဆိုလတ္တံ့သည်ကား အပိုင်းအခြားကို ပယ်ဖျက်ခြင်း သီမသမ္ဘေဒ၏ လက္ခဏာတည်း–မိမိနှင့်တကွ မိမိချစ်အပ်သော ပုဂ္ဂိုလ်, လျစ်လျူရှုအပ်သောပုဂ္ဂိုလ်, မချစ်မနှစ်သက်သော ရန်သူ ပုဂ္ဂိုလ်၊ ဤလေးယောက်တို့သည် တစုံတခုသောအရပ်၌ နေကြရာ ခိုးသားဓားပြတို့သည် လာ၍ "အသျှင်ဘုရား၊ အကျွန်ုပ်တို့အား ရဟန်းတပါးကိုပေးပါ" ဟု တောင်းအံ့၊ အဘယ့်ကြောင့် 'ပေးရမည်နည်း ဟု ဆိုသော် ထိုရဟန်းကိုသတ်၍ လည်ချောင်းသွေးကို ယူပြီးလျှင် နတ်ပူဇော်ရန် အလိုရှိသောကြောင့်ပေးပါဟု အကယ်၍ ဆိုငြားအံ့၊ ထိုလေးယောက်သောပုဂ္ဂိုလ်တို့တွင် ထိုရဟန်းသည် ဤမည်သောရဟန်းကို၎င်း, ဤမည်သောရဟန်းကို၎င်း ယူစေ သတည်းဟု အကယ်၍ ကြံငြားအံ့၊ သီမသမ္ဘေဒကို မပွားသော မည်သည်ဖြစ်၏၊ ငါ့ကိုယူစေသတည်း, ဤသုံးယောက်တို့ကို မယူပါစေသတည်းဟု ဤသို့လည်းကြံငြားအံ့၊ သီမသမ္ဘေဒကို မပွားသောမည်သည် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အကြင် အကြင်သူအားယူခြင်းကို အလိုရှိ၏၊ ထိုထိုသူတို့၏ အစီးအပွါးမဲ့ကို အလိုရှိသည်ဖြစ်၏၊ ဤမှတပါးသော သူတို့၏ အစီးအပွါးကို အလိုရှိသည်ဖြစ်၏၊ ထို့ကြောင့် အပိုင်းအခြားကို ပယ်ဖျက်ခြင်း သီမသမ္ဘေဒကို မပွားသောမည်သည်ဖြစ်၏၊ အသင့်အလျော်ကား အကြင်အခါ၌ လေးယောက်သောသူတို့တွင် ခိုးသားတို့အား ပေးစကောင်းသော သူတယောက်ကိုမျှ မမြင်၊ မိမိ၌၎င်း, သုံးယောက်သော ပုဂ္ဂိုလ်တို့၌၎င်း တူမျှသော စိတ်ကိုဖြစ်စေအံ့၊ ထိုအခါ၌ သီမသမ္ဘေဒကိုပွားသောမည်သည် ဖြစ်၏၊ ထို့ကြောင့် ရှေးသူဟောင်းတို့သည် အောက်ပါအတိုင်း ဆိုကြကုန်၏—

“အတ္တနိ ဟိတမဇ္ဈတ္တေ၊
အဟိတေ စ စတုဗ္ဗိဓေ။
ယဒါ ပဿတိ နာနတ္တံ၊
ဟိတစိတ္တောဝ ပါဏိနံ။

န နိကာမလာဘီ မေတ္တာယ၊
ကုသလီတိ ပဝုစ္စတိ။
ယဒါ စတဿော သီမာယော၊
သမ္ဘိန္နာ ဟောန္တိ ဘိက္ခုနော။

သမံ ဖရတိ မေတ္တာယ၊
သဗ္ဗလောကံ သဒေဝကံ။
မဟာဝိသေသော ပုရိမေန၊
ယဿ သီမာ န နာယတိ”။

မိမိ၌၎င်း, မိမိချစ်အပ်သောပုဂ္ဂိုလ်၌၎င်း, လျစ်လျူသောပုဂ္ဂိုလ်၌၎င်း, ရန်သူပုဂ္ဂိုလ်၌၎င်း ဤလေးယောက်သောပုဂ္ဂိုလ်တို့၌ အကြင်အခါ ထူးခြားသည့်အဖြစ်ကို မြင်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်ကို သတ္တဝါတို့၏ အစီးအပွါးကို လိုလားသော စိတ်ရှိပေသူ ဟူ၍ သာလျှင် ဆိုအပ်၏၊ မေတ္တာကို လိုတိုင်းရသောသူ ဟူ၍၎င်း, အလွန်လိမ္မာသူ ဟူ၍၎င်း မဆိုအပ်သေး။ အကြင်အခါ၌ကား အကြင်ရဟန်းအား မိမိကိုယ်စသော အပိုင်းအခြားတို့သည် ပျက်ကုန်၏၊ နတ်နှင့်တကွသော အလုံးစုံသောလောကကို မေတ္တာရေဖြင့် အညီအမျှဖျန်းပက်၏၊ ပုဂ္ဂိုလ်အသီးသီးတို့၏ အပိုင်းအခြားကိုမသိ၊ ထိုရဟန်းသည် မိမိကိုယ်, မိမိချစ်သော ပုဂ္ဂိုလ် စသည်ဖြင့် ထူးခြားစွာ ရှုမြင်သောရှေးပုဂ္ဂိုလ်ထက် ဘာဝနာအားဖြင့် ကြီးမြတ် ထူးလွန်သည် ဖြစ်၏။ ။ဤကား အဓိပ္ပါယ်။

၂၅၃။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အပိုင်းအခြားကို ပယ်ဖျက်သည်နှင့်မျှသော ကာလ၌သာလျှင် ဤရဟန်းသည်

*နိမိတ်ကိုင်း, ဥပစာရ ဈာန်ကိုင်း ရသည် ဖြစ်၏၊ အပိုင်းအခြားကို ပယ်ဖျက်မှု သီမသမ္ဘေဒကို ပြုပြီးလတ်သော် ထိုနိမိတ်ကိုပင် မှီဝဲသည်ရှိသော် ပွါးသည်ရှိသော် ကြိမ်ဖန်များစွာ လေ့လာသည်ရှိသော် အလွယ်တကူ မပြုမပြင် ပထဝီကသိုဏ်း၌ ဆိုခဲ့ပြီးသော နည်းအတိုင်းအပ္ပနာသို့ ရောက်၏၊ ဤသို့သော ဘာဝနာကို အားထုတ်ခြင်းဖြင့် ဤယောဂီပုဂ္ဂိုလ်သည် အင်္ဂါငါးပါးကို ပယ်အပ်၏၊ အင်္ဂါငါးပါးနှင့် ပြည့်စုံ၏၊ သုံးပါးသော ကောင်းခြင်းရှိ၏၊ ဆယ်ပါးသော လက္ခဏာနှင့် ပြည့်စုံ၏၊ မေတ္တာနှင့်တကွဖြစ်သော ပဌမဈာန်ကို ရလေ၏။

ထိုပဌမဈာန်ကိုရ၍ ထိုနိမိတ်ကိုပင် အဖန်တလဲလဲ မှီဝဲသည်ရှိသော် ပွါးသည်ရှိသော် အကြိမ်များစွာ လေ့လာသည်ရှိသော် အစဉ်အတိုင်း စတုက္ကနည်း ဒုတိယဈာန် တတိယဈာန်တို့ကိုင်း, ပဉ္စကနည်း ဒုတိယ တတိယ စတုတ္ထဈာန်တို့သို့ငင်း ရောက်၏။

ထိုစကားမှန်၏၊ ထိုမေတ္တာကမ္မဋ္ဌာန်းကို ပွါးများသောပုဂ္ဂိုလ်သည် ပဌမဈာန် အစရှိသည်တို့တွင် တပါးပါး၏အစွမ်းဖြင့် မေတ္တာနှင့်တကွ ဖြစ်သောစိတ်ဖြင့် တခုသောအရပ်ကို ဖြန့်၍နေ၏၊ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ ထို့အတူ သုံးခုမြောက်အရပ်ကို။ ထို့အတူ လေးခုမြောက်အရပ်ကို ဖြန့်၍နေ၏။ ဤနည်းအတိုင်း အထက်အရပ်မျက်နှာကိုင်း, အောက်အရပ်မျက်နှာကိုင်း, ထောင့်အရပ်မျက်နှာများကိုင်း ဖြန့်၍နေ၏၊ အလုံးစုံ အရပ်ဆယ်မျက်နှာတို့၌ အလုံးစုံ သတ္တဝါရှိသော သတ္တလောကကြီးကို အယုတ်, အလတ်, အမြတ်, မိတ်ဆွေ,ရန်သူ, လျစ်လျူရှုကုန်သော သတ္တဝါတို့၌ မိမိကိုယ်နှင့် ထပ်တူထပ်မျှဖြစ်၍ ဥပါဒ်သည်မှ ဘင်တိုင်အောင် မေတ္တာနှင့်တကွဖြစ်သော ပြန့်နှံ့သော မဟဂ္ဂုတ်ဖြစ်သော အတိုင်းအရှည်မရှိသော သတ္တဝါလျှင် အာရုံရှိသော

---

မှတ်ချက်။ ။(*) ဤ၌ နိမိတ်ဆိုသည်ကား ကသိုဏ်းပဋိဘာဂနိမိတ်ကဲ့သို့ ထင်သည် မဟုတ်၊ အပိုင်းအခြားကို ပယ်ဖျက်ခြင်း သီမသမ္ဘေဒကိုပင် နိမိတ်ကဲ့သို့ ဖြစ်၍ ဤအရာ၌ နိမိတ်ဟူ၍ ဆိုသည်။ ။(ဋီကာ)

ဗျာပါဒ ဘေးရန်မှ ကင်းသော မနောပဒေါသဟု ဆိုအပ်သော စေတသိက ဒုက္ခမှကင်းသော စိတ်ဖြင့် ပြန့်နှံ့၍နေ၏။

ထို စကားမှန်၏၊ပဋ္ဌမဈာန် အစရှိသည့်တို့၏ အစွမ်းဖြင့်အပ္ပနာသို့ရောက်သော စိတ်ရှိသော ယောဂီ ပုဂ္ဂိုလ်အားသာလျှင် ဈာန်၏ ကွန့်မြူး စံပယ်ခြင်းဟူသော အပ္ပနာသည် ပြည့်စုံ၏။

## **အဓိပ္ပါယ် ရှင်းလင်းချက်**

၂၅၄။ ဤဆိုအပ်ခဲ့ပြီးသော စကားတို့၌ **"မေတ္တာနှင့်တကွဖြစ်သော"** ဆိုသည်ကား မေတ္တာနှင့် အညီအညွတ် ဥပါဒ်သည်မှ ဘင်တိုင်အောင်တကွစပ်ကာ လာသော စိတ်ဖြင့်ဟု ဆိုလိုသည်။

**"တခုသော အရပ်ကို"** ဆိုသည်ကား တခုသော အရပ်မျက်နှာ၌ ရှေးဦးစွာ သိမ်းဆည်းအပ်သော သတ္တဝါကို အာရုံပြု၍ တခုသောအရပ်၌ အကျုံးဝင်သော သတ္တဝါတို့ကို ပြန့်နှံ့စေသည်၏ အစွမ်းဖြင့် ဆိုအပ်၏။

**"ပြန့်နှံ့စေ၍"** ဆိုသည်ကား အာရုံနှင့်တွေ့ခြင်း ပစ္စကွအားဖြင့် အာရုံပြုခြင်းကိုပင် ဆိုသည်။

**"နေ၏"** ဆိုသည်ကား မေတ္တာဈာန်ဟူသော ဗြဟ္မဝိဟာရလျှင် တည်ရာရှိသော ဣရိယာပုထ်ဖြင့် နေခြင်းကိုဖြစ်စေ၏ဟုဆိုလိုသည်။

**ထို့အတူ နှစ်ခုမြောက်သော အရပ်ကို"** ဆိုသည်ကား အရှေ့အရပ်မျက်နှာ အစရှိကုန်သော အရပ်တို့တွင် အမှတ်မရှိ တခုခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေသကဲ့သို့ ထို့အတူ ပဋ္ဌမအရပ်ကို ပြန့်နှံ့စေသည့်၏ အခြားမဲ့၌ နှစ်ခုမြောက်သောအရပ်ကိုဎင်း, သုံးခုမြောက်သောအရပ်ကိုဎင်း, လေးခုမြောက်သော အရပ်ကိုဎင်း ပြန့်နှံ့စေ၍ နေ၏ ဟု ဆိုလိုသည်။

**"ဤနည်းအတိုင်း အထက်အရပ်မျက်နှာကို"** ဆိုသည်ကား ဤကဲ့သို့ ရှုအပ်သော နည်းဖြင့် အထက်ဖြစ်သော အရပ်မျက်နှာကိုလည်း ရှုအပ်၏ ဟူ၍ ဆိုလိုသည်။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မြင်းရေး ဟန်ခင်း စီးနင်း စိုင်းနှင်ရာ သာယာလှစွာသော မြင်းပြိုင်ကွင်း၌ မြင်းကို စိုင်းနှင်ဘိသကဲ့သို့ မေတ္တာနှင့်တကွဖြစ်သော ဘာဝနာစိတ်ကို စိုင်းနှင်၏၊ ခေါက်တုံ့ ခေါက်ပြန် အဖန်ဖန်လည်း စိုင်းနှင်၏၊ ဤသို့သော အနက် အဓိပ္ပါယ်ကို သိအပ်၏။ ဤမျှသော စကားအစဉ်ဖြင့် တပါးပါး သောအရပ်ကို သိမ်းဆည်း၍ အရပ်ကို ပိုင်းခြားသောအားဖြင့် မေတ္တာဘာဝနာကို ပြန့်နှံ့စေခြင်းကို ပြအပ်၏။

ထို့ပြင် **"အလုံးစုံသော အရပ်မျက်နှာတို့ကို"** အစရှိသော စကားသည်ကား အရပ်ကိုမပိုင်းခြားဘဲ မေတ္တာကို ပြန့်နှံ့စေခြင်းကို ပြခြင်းငှါ ဟောတော်မူသည်၊ အလုံးစုံသော အရပ်ဆယ်မျက်နှာ တို့တွင် အယုတ်, အလတ်, အမြတ်, မိတ်, ရန်, လျစ်လျူစသည် အပြားရှိသော သတ္တဝါတို့၌ ဤသူကား တပါးသော သတ္တဝါ တည်းဟု ခွဲဝေခြင်းကိုမပြုမူ၍ မိမိကိုယ်နှင့် ထပ်တူထပ်မျှဖြစ်ခြင်းကို ဆိုလိုသည်။

၂၅၅။ ဤသည်ကား မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့်အစ ရှိသောနည်းဖြင့် ဟောအပ်သောဈာန်၏ ကွန့်မြူးစံပယ ခြင်း၏ အနက်အဓိပ္ပါယ်ပေတည်း။

အပ္ပနာသို့ ရောက်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်အား သာလျှင် ဤဈာန်၏ကွန့်မြူးခြင်းသည် ပြည့်စုံသကဲ့သို့ ထို့အတူ အကြင်ဈာန်၏ ကွန့်မြူးစံပယ်ခြင်း ဝိကုဗ္ဗနကိုလည်း **"ပဋိသမ္ဘိဒါမဂ်"**၌ သတ္တဝါကို မပိုင်းခြားသောအားဖြင့် ပြန့်နှံ့စေအပ်သော အနောဓိသမေတ္တာ စေတောဝိမုတ္တိကို ငါးပါးသော အခြင်းအရာ တို့ဖြင့် ယောကျ်ား, မိန်းမ စသည်ကို ပိုင်းခြားသော အားဖြင့် ပြန့်နှံ့စေအပ်သော ဩဓိသမေတ္တာ စေတောဝိမုတ္တိကို ခုနစ်ပါး သောအခြင်းအရာတို့ဖြင့် အရပ်မျက်နှာအားဖြင့် ပြန့်နှံ့စေအပ် သော မေတ္တာ စေတောဝိမုတ္တိကို ဆယ်ပါးသော အခြင်းအရာ တို့ဖြင့် ဟောအပ်၏။ ထိုသို့ ဟောအပ်သော ဝိကုဗ္ဗနသည်လည်း အပ္ပနာသို့ ရောက်သော စိတ်အားသာလျှင် ပြည့်စုံ၏ဟူ၍ သိအပ်၏။

**ထို ပဋိသမ္ဘိဒါမဂ်၌—**

(၁) ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ရန်မရှိကုန်သည်, ဗျာပါဒကင်းကြကုန်သည်, ဆင်းရဲခြင်း ကင်းကြကုန်သည် ဖြစ်ပါစေကုန်၊ ချမ်းသာစွာ မိမိတို့ ကိုယ်အတ္တဘောကို ဆောင်နိုင်ကြပါစေကုန်။

(၂) ခပ်သိမ်းကုန်သော ထွက်သက် ဝင်သက်ရှိသော သတ္တဝါတို့သည်....။

(၃) ခပ်သိမ်းကုန်သော ကံ-ကိလေသာကြောင့် ဖြစ်သော သတ္တဝါတို့သည်....။

(၄) ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်တို့သည်....။

(၅) ခပ်သိမ်းကုန်သော ခန္ဓာ အတ္တဘော၌ အကျုံးဝင်ကုန်သော သတ္တဝါတို့သည် ရန်မရှိကြကုန်သည်....။ ပ ။....ချမ်းသာစွာ မိမိတို့ ကိုယ်အတ္တဘောကို ဆောင်နိုင်ကြပါစေကုန် ဟု ဤငါးပါးသောအခြင်းအရာတို့ဖြင့် သတ္တဝါကို မပိုင်းခြားသောအားဖြင့် ပြန့်နှံ့စေအပ်သော အနောဓိသမေတ္တာ စေတောဝိမုတ္တိကို သိအပ်ကုန်၏။

(၁) ခပ်သိမ်းကုန်သော မိန်းမတို့သည် ရန်မရှိကြကုန်သည်....။ ပ ။....မိမိကိုယ်ကို ဆောင်နိုင်ကြကုန်သည်....။

(၂) ခပ်သိမ်းကုန်သော ယောကျ်ားတို့သည်....။

(၃) ခပ်သိမ်းကုန်သော အရိယာတို့သည်....။

(၄) ခပ်သိမ်းကုန်သော အရိယာမဟုတ်သူ ပုထုဇဉ်တို့သည်....။

(၅) ခပ်သိမ်းကုန်သော နတ်တို့သည်....။

(၆) ခပ်သိမ်းကုန်သော လူတို့သည်....။

(၇) ခပ်သိမ်းကုန်သော ဝိနိပါတိက သတ္တဝါတို့သည် ရန်မရှိကြကုန်သည်....။ပ။....မိမိကိုယ်ကို ဆောင်နိုင်ကြကုန်သည်

ဖြစ်ပါစေကုန်ဟု၊ ဤခုနစ်ပါးသော အခြင်းအရာတို့ဖြင့် မိန်းမ, ယောကျ်ား စသည်တို့ကို ပိုင်းခြားသောအားဖြင့် ပြန့်နှံ့ စေအပ်သော ဩဒိသမေတ္တာ စေတောဝိမုတ္တိကို သိအပ်ကုန်၏။

(၁) ခပ်သိမ်းကုန်သော အရှေ့ဖြစ်သောအရပ်၌ သတ္တဝါတို့သည် ရန်မရှိကြကုန်သည်....။ပ။....မိမိကိုယ်ကို ဆောင်နိုင်ကြပါစေ ကုန်သတည်း။

(၂) ခပ်သိမ်းကုန်သော အနောက်ဖြစ်သောအရပ်၌။
(၃) ခပ်သိမ်းကုန်သော မြောက် ဖြစ်သောအရပ်၌။
(၄) ခပ်သိမ်းကုန်သော တောင် အရပ်၌။
(၅) ခပ်သိမ်းကုန်သော အရှေ့ထောင့်အရပ်၌။
(၆) ခပ်သိမ်းကုန်သော အနောက်ထောင့် အရပ်၌။
(၇) ခပ်သိမ်းကုန်သော မြောက်ထောင့် အရပ်၌။
(၈) ခပ်သိမ်းကုန်သော တောင်ထောင့် အရပ်၌။
(၉) ခပ်သိမ်းကုန်သော အောက်အရပ်၌။
(၁၀) ခပ်သိမ်းကုန်သော အထက် အရပ်၌ သတ္တဝါတို့သည် ရန်မရှိကြကုန်သည်....။ပ။....မိမိကိုယ်ကို ဆောင်နိုင်ကြပါစေကုန်သတည်း။

(၁) ခပ်သိမ်းကုန်သော အရှေ့ ဖြစ်သော အရပ်၌ ထွက်သက်ဝင်သက် ရှိသောကြောင့် ပါဏမည်သော သတ္တဝါတို့သည်····။ ထင်ရှားဖြစ်သောကြောင့် ဘူတမည်သော သတ္တဝါတို့သည်....။ ပုဂ္ဂိုလ်မည်သော သတ္တဝါတို့သည်··· အတ္တဘော၌ အကျုံးဝင်သော သတ္တဝါတို့သည်··· ။ ရန် မရှိကြကုန်သည် ။ပ။ မိမိကိုယ်ကို ဆောင်နိုင်ကြပါစေကုန်သတည်း။

ခပ်သိမ်းကုန်သော အရှေ့ ဖြစ်သောအရပ်၌ မိန်းမတို့သည်....။ ခပ်သိမ်းကုန်သော ယောကျ်ားတို့သည်····။ အရိယာပုဂ္ဂိုလ်တို့သည်····။ အရိယာမဟုတ်သော ပုထုဇဉ်တို့သည်··· ။ နတ်တို့

သည်····။ လူတို့သည်····။ ဝိနိပါတိက သတ္တဝါတို့သည် ရန်မရှိကြကုန်သည်····။ပ။····မိမိကိုယ်ကို ဆောင်နိုင်ကြပါစေကုန်သတည်း။

(၂) ခပ်သိမ်းကုန်သော အနောက် အရပ်၌····။(၃)မြောက်အရပ်၌····။ (၄)တောင်အရပ်၌····။ (၅)အရှေ့ထောင့်အရပ်၌····။ (၆)အနောက်ထောင့်အရပ်၌····။ (၇)မြောက်ထောင့်အရပ်၌····။ (၈)တောင်ထောင့်အရပ်၌····။ (၉) အောက်အရပ်၌····။ (၁၀)အထက်အရပ်၌····။ မိန်းမတို့သည်····။ပ။····ဝိနိပါတိက သတ္တဝါတို့သည် ရန်မရှိကြကုန်သည် ဗျာပါဒကင်းကြကုန်သည် ဆင်းရဲ ကင်းကြကုန်သည် ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ကြပါစေကုန်သတည်းဟု ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာသို့ ပြန့်နှံ့စေအပ်သော ဒိသာဖရဏာ မေတ္တာ စေတောဝိမုတ္တိကို သိအပ်ကုန်၏။

၂၅၆။ ထိုမေတ္တာ ပွါးများရပုံများ၌ **"ခပ်သိမ်းကုန်သော"** ဟူသော စကားသည် အကြွင်းအကျန်မရှိ, သတ္တဝါ အသုံးကို အကုန်အစင် သိမ်းကျုံး၍ ဆိုသောစကား ဖြစ်သည်။

**"သတ္တဝါ"** ဆိုသည်ကား ရူပက္ခန္ဓာ အစရှိကုန်သော ခန္ဓာတို့၌ လိုချင်တပ်မက်သော ဆန္ဒရာဂ, တဏှာလောဘဖြင့် ကပ်ငြိတွယ်တာတတ်သောကြောင့် သတ္တဝါဟူ၍ ခေါ်သည်၊ထို့ကြောင့် မြတ်စွာဘုရားသည်—

"အို-**ရာဓ,** ရုပ်၌ အကြင် လိုချင်မှုဆန္ဒသည် အကြင်တပ်စွန်း ကပ်ငြိတတ်သော ရာဂသည် အကြင် နှစ်သက်စုံမက်မှု နန္ဒီသည် အကြင် သုံးဆောင် ခံစားလိုမှု တဏှာသည် ရှိ၏၊ ထိုရုပ်၌ တပ်စွန်းကပ်ငြိတတ်၏၊ ထိုရုပ်၌ တွယ်တာငြိကပ် လိုချင်တတ်၏၊ ထို့ကြောင့် သတ္တဝါဟူ၍ ဆိုအပ်၏၊ ဝေဒနာ၌····။ သညာ၌····။ သင်္ခါရတို့၌····။

ဝိညာဏ်၌ အကြင် လိုချင်မှုဆန္ဒ၊ အကြင် တပ်စွန်း ကပ်ငြိသော ရာဂ၊ အကြင် နှစ်သက်စုံမက်မှုနန္ဒီ၊ အကြင်သုံးဆောင်ခံစားလိုမှု တဏှာသည် ရှိ၏၊ ထိုဝေဒနာ စသည်တို့၌ တပ်စွန်း ကပ်ငြိတတ်၏၊ ထိုဝေဒနာ စသည်တို့၌ တွယ်တာငြိကပ် လိုချင်တတ်၏၊ ထို့ကြောင့် သတ္တဝါဟူ၍ ဆိုအပ်၏'' ဟူ၍ ဟောတော်မူ၏။

တင်စား၍ ခေါ်ဝေါ်ခြင်း အဘင်ရုဋ္ဌိ, ထင်ရှားသော အထင်ရုဋ္ဌိသဒ္ဒါအားဖြင့် ရာဂကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၌လည်း ဤသတ္တဝါဟူ၍ ခေါ်ဝေါ်ခြင်းသည် ဖြစ်၏၊ **ဥပမာ**-နှီးဖြင့် ရက်လုပ်အပ်သော ယပ် အထူး၌သော်လည်း ထန်းရွက်ယပ်ဟု ခေါ်ဝေါ်သကဲ့သို့ ဖြစ်၏၊ အက္ခရာကို ကြံတတ်သော သဒ္ဒါဆရာတို့သည်ကား-ဗျုပ္ပတ္တိအနက်ကို မစိစစ်မူ၍ ဤသတ္တဟူသော သဒ္ဒါသည် အမည်မျှသာဟူ၍ ဖွင့်ဆိုခြင်းကို အလိုရှိကြကုန်၏၊ ဗျုပ္ပတ်အနက်ကို စိစစ်ကုန်သော သက္ကဋ ဗျာကရိုဏ်း ဆရာတို့သည်ကား **ပညာ, ဝီရိယ, တန်ခိုး**ဟူသော*သတ္တဂုဏ်သတ္တိနှင့် ယှဉ်သောကြောင့် သတ္တ မည်ကုန်၏ဟူ၍ ဖွင့်ဆိုခြင်းကို အလိုရှိကြကုန်၏။

မှတ်ချက်။ ။*သတ္တ ဟူသော သက္ကဋ-စကားသည် သတ္တိ-ဟူသော ပါဠိစကားနှင့် အနက်ချင်းတူ၍ သတ္တိယာ ယောဂေါ သတ္တော-ဟု တဒ္ဓိတ် ဝိဂြိုဟ် ပြုစေလိုသည်။

ထွက်သက်, ဝင်သက်နှင့် စပ်သော အသက်ရှင်ခြင်းရှိသည့် အဖြစ်ကြောင့် **ပါဏ** ဟူ၍ ခေါ်၏။

ကံကိလေသာတို့ကြောင့် ဖြစ်ခြင်း, ခန္ဓအားဖြင့် ထင်ရှားဖြစ်ခြင်းကြောင့် **ဘူတ** ဟူ၍ ခေါ်၏။

ငရဲကို ''ပုံ''ဟူ၍ ဆိုသည်၊ ထို ''ပုံ'' ဟူသော ငရဲသို့လျှောကျသက်ဆင်း သွားလာတတ်သောကြောင့် **ပုဂ္ဂလ** ပုဂ္ဂိုလ်ဟူ၍ ခေါ်သည်။

ကိုယ်ကောင်ကို(တနည်း)ခန္ဓာငါးပါးအပေါင်းကို **အတ္တဘော** ဟူ၍ ဆိုသည်၊ ထို ခန္ဓာငါးပါးကို အစွဲပြု၍ ပရမတ္ထအားဖြင့်

မရှိငြားသော်လည်း ပညတ်မျှရှိသည့်အဖြစ်ကြောင့် ထိုခန္ဓာပဥ္စက အတ္တဘော၌ အကျုံးဝင်ကုန်၏၊ ထို့ကြောင့် **အတ္တဘာဝ ပရိယာပန္န** မည်၏ဟု ဆိုသည်။

သတ္တ သဒ္ဒါသည် ဆိုအပ်ပြီးသော မုချအနက်အားဖြင့် အစိတ်၌ ဖြစ်သော်လည်း ရုဠီအားဖြင့် အကြွင်းမဲ့ သတ္တဝါ အားလုံးကို သိမ်းကျုံး ယူအပ်သကဲ့သို့ ကြွင်းသော ပါဏ သဒ္ဒါ, ပုဂ္ဂလ သဒ္ဒါတို့သည်လည်း ရုဠီ၏ အစွမ်းဖြင့် တင်စား၍ အကြွင်းမဲ့ သတ္တဝါအားလုံးကို သိမ်းကျုံးတတ်၏။ ထို့ကြောင့် အလုံးစုံသော ဤစကားတို့ကို သတ္တဝါအားလုံးနှင့်ဆိုင်သော စကားပုဒ်တို့ဟူ၍ သိအပ်ကုန်၏။

သတ္တ, ပါဏ-စသည် ငါးပုဒ်မှ တပါးကုန်သော **သဗ္ဗေ ဇန္တူ၊ သဗ္ဗေ ဇီဝါ** အစရှိကုန်သော အလုံးစုံသော သတ္တဝါတို့နှင့် ဆိုင်သော စကားပရိယာယ်တို့သည် အကယ်၍ကား ရှိကုန်၏၊ ထိုသို့ ရှိသော်လည်း ထိုပရိယာယ် သဒ္ဒါတို့ကိုမယူဘဲ ထင်ရှား သောကြောင့် ဤ သတ္တ,ပါဏ စသော ဤငါးပုဒ်တို့ကိုသာယူ၍ ငါးပါးသောအခြင်းအရာဖြင့် အနောဓိသ ဖရဏ မေတ္တာစေတော ဝိမုတ္တိကို ဆိုအပ်၏။

အကြင်ဆရာတို့သည် သတ္တ,ပါဏ ဤသို့ အစရှိသော ပုဒ်တို့၏ သက်သက် သဒ္ဒါ ထူးကာမျှ အဖြစ်ကို အလိုမရှိရာ၊ စင်စစ်မှာ အနက်အားဖြင့် ထူးသည်၏အဖြစ်ကို အလိုရှိကုန်ရာ၏ ဟု ဆိုကြကုန်၏၊ ထိုဆရာတို့၏အယူသည် မပိုင်းခြားဘဲ နှံ့စေခြင်း အနောဓိသ ဖရဏ မေတ္တာနှင့် ဆန့်ကျင်၏၊ ထို့ကြောင့် ထိုသတ္တ သဒ္ဒါ စသည်တို့၏ သဒ္ဒါနက်ကို မယူမူ၍ ဤ ငါးပါးသော အခြင်း အရာတို့တွင် တပါးပါး၏ အစွမ်းဖြင့် အနောဓိသမေတ္တာကို နှံ့စေ အပ်ကုန်၏

၂၅၇။ ဤ ငါးပါးတို့တွင် "**ခပ်သိမ်းသော သတ္တဝါတို့သည် ရန် မရှိသည် ဖြစ်ပါစေသတည်း**" ဟူသော ဤစကားသည် တခုသော အပ္ပနာ ဖြစ်၏။

**"ဗျာပါဒ မရှိသည် ဖြစ်ပါစေသတည်း"** ဟူသော စကားသည် တခုသော အပ္ပနာ ဖြစ်၏၊ (အဗျာပဇ္ဇာ၊ ဗျာပါဒ မရှိ ဆိုသည်ကား နှလုံး မသာယာခြင်း ဒေါမနဿ ဗျာပါဒမှ ကင်းကြပါစေကုန်သတည်းဟု ဆိုလိုသည်။) **"ဆင်းရဲမရှိသည် ဖြစ်ပါစေသတည်း"** ဟူသော စကားသည် တခုသော အပ္ပနာ ဖြစ်၏။ (အနီဃာ၊ ဆင်းရဲမရှိ ဆိုသည်ကား ကိုယ်၌ဖြစ်သော ဆင်းရဲ ကင်းကြပါစေကုန်သတည်းဟု ဆိုလိုသည်။) **"ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ကြပါစေသတည်း"** ဟူသော စကားသည် တခုသော အပ္ပနာ ဖြစ်၏၊ ထို့ကြောင့် ခပ်သိမ်းသော သတ္တဝါတို့သည် ရန်မရှိပါစေသတည်း အစရှိသော စကားလေးပုဒ်တို့တွင် အကြင်အကြင် စကားပုဒ်သည် ထင်ရှား၏၊ ထိုထင်ရှားသော စကားပုဒ်ဖြင့် မေတ္တာကို ပြန့်နှံ့စေအပ်၏၊ ဤသို့လျှင် ငါးပါးသော အခြင်းအရာတို့၌ လေးပါး လေးပါးစီရှိသော အပ္ပနာ၏အစွမ်းဖြင့် အနောဓိသ ဖရဏာမေတ္တာ၌ နှစ်ဆယ်သော အပ္ပနာတို့သည် ဖြစ်ကုန်၏။

ဩဓိသ ဖရဏာ မေတ္တာ၌ကား ခုနစ်ပါးသောအခြင်းအရာတို့၌ လေးပါး လေးပါးစီရှိသော အပ္ပနာ၏အစွမ်းဖြင့် အပ္ပနာတို့သည် နှစ်ဆယ့်ရှစ်ပါး ရှိကုန်၏၊ ဩဓိသဖရဏာမေတ္တာ၌မိန်းမ,ယောကျ်ားဟူ၍ လိင်၏အစွမ်းဖြင့် ဆိုအပ်၏၊ အရိယာ, အနရိယာဟူ၍ အရိယာ, ပုထုဇဉ်၏ အစွမ်းဖြင့် ဆိုအပ်၏၊ နတ်, လူ, ဝိနိပါတိက ဟူသော ပုဒ်တို့ကို ဥပပတ်၏အစွမ်းဖြင့် ဆိုအပ်၏။

ထို့အပြင် အရပ်မျက်နှာကို ပြန့်နှံ့စေသော ဒိသာ ဖရဏာ မေတ္တာ၌ ခပ်သိမ်းကုန်သော အရှေ့အရပ်၌ သတ္တဝါတို့သည် အစရှိသောနည်းဖြင့် တခုခုသောအရပ်၌ နှစ်ဆယ်နှစ်ဆယ် ပြု၍ ...ရသော အပ္ပနာတို့ရင်, ခပ်သိမ်းကုန်သော အရှေ့အရပ်၌ မိန်းမတို့သည် အစရှိသောနည်းဖြင့် တခုခုသောအရပ်၌ နှစ်ဆယ့်ရှစ် နှစ်ဆယ့်ရှစ်ခုသော အပ္ပနာတို့ကိုပြု၍ နှစ်ရာ့ရှစ်ဆယ်သော အပ္ပနာတို့ရင်း ဤသို့သော အပြားအားဖြင့် ပေါင်း လေးရာ့ရှစ်ဆယ်သော အပ္ပနာတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် အနောဓိသ

မေတ္တာနှစ်ဆယ်,ဩဓိသ မေတ္တာ နှစ်ဆယ့်ရှစ်,ဒိသာဖရဏမေတ္တာ လေးရာ့ရှစ်ဆယ်အားဖြင့် ပဋိသမ္ဘိဒါမဂ်၌ ဟောအပ်သော **ငါးရာ့နှစ်ဆယ် ရှစ်သွယ်သောမေတ္တာ** အပ္ပနာတို့သည် ဖြစ်ကုန်၏။

ဤသို့လျှင် ဤ ၅၂၈-သွယ်သော မေတ္တာအပ္ပနာတို့တွင် အမှတ်မရှိ၊ တခုခုသော အခြင်းအရာ၏အစွမ်းဖြင့် မေတ္တာ စေတောဝိမုတ္တိဟု ဆိုအပ်သော မေတ္တာ စျာန်ကိုပွါး၍ ဤယောဂီပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရ၏၊ အစရှိသောနည်းဖြင့် ဟောအပ်သော တဆယ့်တပါးသော အကျိုးအာနိသင်တို့ကို ရ၏။

၂၅၈။ ထို ချမ်းသာစွာ အိပ်ရ၏ အစရှိသော ပါဠိတော်၌ **"ချမ်းသာစွာအိပ်ရ၏"**ဆိုသည်ကား မေတ္တာ စေတောဝိမုတ္တိကို မရရှာကြကုန်သော လူတို့သည် မှောက်ခုံ ပက်လက် သက်ဝန်းကျင် လူးလည်းကုန်လျက် ကြောက်မက်ဖွယ် ဖောက်ပြန်သော ဟောက်သံကိုပြုလျက် ဆင်းရဲ ငြိုငြင်စွာ အိပ်ရကုန်၏၊ ဤသို့ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် မအိပ်ရမူ၍ ချမ်းသာစွာ အိပ်ပျက်ရ၏၊ အိပ်ပျော်သော အခါလည်း သမာပတ် ဝင်စားသော ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်၏။

**"ချမ်းသာစွာ နိုးရ၏"**ဆိုသည်ကားမေတ္တာ စေတောဝိမုတ္တိကို ရသော ပုဂ္ဂိုလ်မှ တပါးသောသူတို့သည် ညည်းတွားကုန်လျက် တဆန့်ကျင်ကျင် လိမ်ကော့ ကောက်ကွေးသည်ဖြစ်လျက် အစာဝသော မြွေသည် တလွန့်လွန့် လူးလည်းသကဲ့သို့ ဆင်းရဲစွာ နိုးသကဲ့သို့ ဤ အတူ ဆင်းရဲငြိုငြင်စွာ မနိုးမူ၍ နေရောင်ခြည်သင့်၍ ပွင့်သော ပဒုမာကြာကဲ့သို့ ချမ်းသာစွာ ကိုယ်၏ ဖောက်ပြန်ခြင်း ကင်းလျက် နိုးရ၏။

**"မကောင်းသောအိပ်မက်များကို မမြင်မက်ရ"**ဆိုသည်ကား အိပ်မက်မြင်မက်သော်လည်း ကောင်းမြတ်သော အိပ်မက်ကိုသာ မြင်မက်ရ၏၊ စေတီတော်ကို ရှိခိုးရသကဲ့သို့၎င်း, ပူဇော်ခြင်းကို

ပြုရသကဲ့သို့၎င်း, တရားနာရသကဲ့သို့၎င်း ဖြစ်၏၊ တပါးသော သူတို့သည်ကား မိမိကိုယ်ကို ခိုးသားဓားပြတွေ့ ဝိုင်းရံသကဲ့သို့၎င်း, သားရဲတို့သည် နှိပ်စက်ညှဉ်းဆဲသကဲ့သို့၎င်း, ကမ်းပါးပြတ်မှ ကျသကဲ့သို့၎င်း မြင်မက်သကဲ့သို့ ဤသို့သော မကောင်းသော အိပ်မက်များကို မမြင်မက်ရ။

"**လူတို့သည်ချစ်၏**"ဆိုသည်ကား ရင်၌ လည်ပင်းတွင်စွပ်၍ တွဲလွဲကျသော ပုလဲကဲ့သို့၎င်း, ဦးခေါင်း၌ ပန်ဆင်အပ်သော ပန်းကဲ့သို့၎င်း မြင်သူ, ကြားသူ, အောက်မေ့သူ လူအပေါင်းတို့သည် ချစ်နှစ်သက် အပ်သည် ဖြစ်၏။

"**နတ်တို့သည်ချစ်၏**"ဆိုသည်ကား လူတို့ချစ်ခင်သကဲ့သို့ နတ်၊ ဗြဟ္မာတို့သည်လည်း ချစ်ခင်သည်ဖြစ်၏။ အဘယ်ကဲ့သို့နည်း၊ **ဝိသာခမထေရ်ကို** နတ်တို့ ချစ်ခင်သကဲ့သို့ ပေတည်း။ ထို ဝိသာခ မထေရ်သည် ပါဋလိပုတ်ပြည်၌ သူကြွယ် ဖြစ်ဘူးသတတ်၊ ထို ဝိသာခသူကြွယ်သည် ပါဋလိပုတ်ပြည်တွင် နေစဉ် သီဟိုဠ်ကျွန်း အကြောင်းကို သတင်းကြား၏၊ ကြားပုံကား- သီဟိုဠ်ကျွန်းသည် စေတီပုထိုး အမျိုးမျိုး တည်းဟူသော ပန်းတို့ဖြင့် တန်ဆာ ဆင်အပ်၏၊ သက်န်းရောင်ဖြင့် တပြောင်ပြောင် တောက်ပ၏၊ ဤသီဟိုဠ်ကျွန်း၌ အလိုရှိရာ အလိုရှိရာအရပ်တွင် နေခြင်းငှါ၎င်း, အိပ်ခြင်းငှါ၎င်း တတ်နိုင်ကောင်း၏၊ လျောက်ပတ်သော ဥတု သပ္ပါယကို၎င်း, ကျောင်း, အိပ်ရာ, နေရာ သေနာသန သပ္ပါယကို ၎င်း, ပုဂ္ဂလသပ္ပါယကို၎င်း, ဓမ္မဿဝန သပ္ပါယကို၎င်း ထိုသီဟိုဠ် ကျွန်း၌ ရလွယ်၏ဟု သတင်းကြားလေ၏။

ထို ဝိသာခ သူကြွယ်သည် မိမိ၏ စည်းစိမ်ဥစ္စာအစုကို သား၊ မယားတို့အား အပ်နှင်းခဲ့ပြီးလျှင် ပုဆိုးစွန်းတွင် ငွေတကျပ်မျှကို ထုပ်၍ အိမ်မှထွက်ခဲ့၍ သမုဒ္ဒရာကမ်းနားတွင် သင်္ဘောကိုမြှော်လင့် စောင့်ဆိုင်းလျက် တလပတ်လုံး နေ၏။ ထိုသူကြွယ်သည် အရောင်း အဝယ် တတ်မြောက်သောသူ ဖြစ်၍ ဤအရပ်၌ ကုန်ဝယ်ပြီးလျှင် ဤမည်သောအရပ်၌ ရောင်း၏၊ တရားနှင့်လျော်သော ကုန်သွယ် ခြင်းဖြင့် ထိုတလအတွင်းတွင်ပင် ငွေတထောင်စုမိ၏၊ အစဉ်

သဖြင့် သီဟိုဠ်ကျွန်း**မဟာဝိဟာရကျောင်းတိုက်သို့**သွား၍ ရဟန်း အဖြစ်ကို တောင်း၏၊ ထိုသူကြွယ်ကို ရဟန်းခံရန် သိမ်သို့ ဆောင်သည်ရှိသော် ထိုငွေတထောင်ထုပ်သည် ပခုန်းထက်၌ တင်ထားသော အဝတ်ခေါက်တွင်းမှ မြေသို့ ကျလေ၏။ အဘယ် အရာနည်းဟု ရဟန်းများက မေးသည်ရှိသော် ငွေတထောင် ဖြစ်ပါကြောင်းနှင့် လျှောက်၏၊ အို-ဒါယကာ, ရဟန်းပြုသော ကာလမှစ၍ ထိုငွေကို စီရင်ခြင်းငှါ မတတ်ကောင်းတော့ချေ၊ ယခု ရဟန်းမပြုမီကပင် ထိုငွေကို စီရင်နေရာချထားပေတော့ဟု ရဟန်းများက မိန့်ဆိုလေသော် ဝိသာခ၏ ရဟန်းပြုရာဌာနသို့ လာသသူတို့သည် အချည်းနှီးသော လက်ဖြင့် မပြန်စေကုန် သတည်းဟု ဆို၍ ငွေတထောင်ထုပ်ကို ဖြေပြီးလျှင် သိမ်အပြင်၌ ကြဲလိုက်ပြီးလျှင် ရှင်သာမဏေပြု၍ ပဉ္စင်းခံလေ၏။ ထိုဝိသာခ ရဟန်းသည် ငါးဝါရှိသောအခါ ဒွေမာတိကာကို လေ့လာ၍ ပဝါရဏာကို ပြုပြီးလျှင် မိမိနှင့်သင့်လျော် လျောက်ပတ်သော ကမ္မဋ္ဌာန်းကို ယူလျက် တကျောင်းတကျောင်းမှာ လေးလစီ အညီအမျှနေ၍ ကျင့်၏၊ ဤသို့ကျင့်သော တောတွင်း၌တည်လျက် ကျုံးဝါးလိုသော ဝိသာခမထေရ်သည် သမာပတ်ကိုဝင်စား၍ ထိုသမာပတ်မှထ၍ မိမိ၏ဂုဏ်ကို ဆင်ခြင်သည်ရှိသော် ဝမ်း မြောက်လှ၍—

> "**ယာဝတာ ဥပသမ္ပန္နော၊**
> **ယာဝတာ ဣဓ အာဂတော။**
> **ဧတ္ထန္တရေ ခလိတံ နတ္ထိ၊**
> **အဟော လာဘာ တေ မာရိသာတိ**"။

ဟူ၍ ဤဥဒါန်းဂါထာကို ကျူးရင့်ရွတ်ဆိုလေ၏။

> "အို-အချင်း, အကြင်မျှလောက်သော ကာလကစ၍ ရဟန်းပြု၏၊ အကြင်မျှလောက်သော ကာလဖြင့် ဤ တောတွင်းသို့ ရောက်လာ၏၊ ဤကာလအတွင်း၌ ချွတ် ချော် တိမ်းယိမ်းသော အကျင့်မည်သည်မရှိ၊ အကြင်

သူတော်ကောင်းတို့ ရအပ်သော ဂုဏ်ကျေးဇူးတို့သည် ရှိကုန်၏၊ ထိုဂုဏ်ကျေးဇူးတို့ကို သင်သည် ရတော်ပေစွ” ဤကား အဓိပ္ပါယ်။

ထိုဝိသာခမထေရ်သည် **စိတ္တလတောင်ကျောင်းသို့** သွားရာ လမ်းနှစ်ခွသို့ ရောက်၍ “ဤ လမ်းသည် လမ်းမှန်လော, သို့မဟုတ် ဤ အခြားလမ်းသည် လမ်းမှန်လော”ဟု တွေးတောကြံစည်လျက် ရပ်နေ၏။ ထိုအခါ ထိုမထေရ်အား တောင်စောင့်နတ်သည် လက်ကို ဆန့်တန်း၍ “ဤလမ်းသည် စိတ္တလတောင်ကျောင်းသို့ သွားသော လမ်းတည်း”ဟု ဆို၍ ညွှန်ပြ၏။ ထိုမထေရ်သည် စိတ္တလတောင်ကျောင်းသို့ သွား၍ ထိုကျောင်း၌ **လေးလ** နေပြီး သော် နံနက်မိုးလင်းသောအခါ သွားတော့အံ့ဟု ကြံ၍ အိပ်၏၊ စင်္ကြံကျောင်းဦး သပြေပင်စောင့်နတ်သည် စောင်းတန်း ပျဉ်ပေါ် တွင် နေ၍ ငို၏၊ မထေရ်သည် “ငိုသောသူအား အဘယ်သူ နည်း” ဟု မေး၏၊ “အသျှင်ဘုရား,ငိုသူ အကျွန်ုပ်ကား သပြေပင် စောင့် နတ်ပါတည်း”ဟု ဆို၏၊ အဘယ့်ကြောင့် ငိုသနည်း”ဟု မေးသော်“အသျှင်ဘုရားကြွသွားမည်ကို အကြောင်းပြု၍ ငိုပါသည် ဟု လျှောက်၏၊ “ဤအရပ်၌ ငါ-နေသည်ရှိသော် သင်တို့အား အဘယ်ကျေးဇူး ရှိသနည်း”ဟု မထေရ်က မေးပြန်၏၊ “အသျှင် ဘုရား, အသျှင်ဘုရားတို့သည် ဤအရပ်၌ နေသည်ရှိသော် နတ် တို့သည် အချင်းချင်း မေတ္တာကို ရပါကုန်၏၊ ယခုအခါ အသျှင် ဘုရားတို့ ကြွသွားတော်မူခဲ့သော် ထိုနတ်တို့သည် ခိုက်ရန် ဖြစ်ကြ ပါကုန်လတ္တံ့၊ ရုန့်ရင်းကြမ်းထမ်းသော စကားကို ပြောဆိုကြ ပါကုန်လတ္တံ့” ဟု လျှောက်၏။

မထေရ်သည် ဤအရပ်၌ ငါနေသည်ရှိသော် သင်တို့အား ချမ်းသာစွာ နေရသည် အကယ်၍ ဖြစ်အံ့၊ ကောင်းလှပေ၏ဟု မိန့်ဆို၍ နောက်ထပ် လေးလ ထိုအရပ်၌ပင်နေ၍ တဖန် ထိုအတူ သွားလိုသောစိတ်ကို ဖြစ်စေပြန်၏။ နတ်သည်လည်း တဖန် ထို အတူပင် ငိုပြန်၏၊ ဤသို့သော အကြောင်းကြောင့် မထေရ်သည်

ထိုအရပ်၌ပင် နေ၍ ထိုအရပ်၌ပင် ပရိနိဗ္ဗာန် ပြုရလေ၏။ ဤသို့လျှင် မေတ္တာဖြင့် နေသော ရဟန်းကို နတ်တို့သည် ချစ်ခင်သည် ဖြစ်၏။

**"နတ်တို့ စောင့်ရှောက်ကုန်၏"** ဆိုသည်ကား အမိအဘတို့သည် သားကို စောင့်ရှောက်သကဲ့သို့ နတ်တို့သည် စောင့်ရှောက်ကုန်၏။

**"ထိုပုဂ္ဂိုလ်အား မီးသည်၎င်း, အဆိပ်သည်၎င်း, လက်နက်သည်၎င်း မဝင်နိုင်"** ဆိုသည်ကား **ဥတ္တရာအမည်ရှိသော ဥပါသိကာမ**၏ကိုယ်၌ မီးသည် မလောင်သကဲ့သို့ မေတ္တာဖြင့် နေလေ့ရှိသောသူ၏ကိုယ်၌ မီးသည်မဝင်နိုင်, မလောင်နိုင်။ **သံယုတ္တနိကာယ်ဆောင် စူဠသိဝမထေရ်**၏ ကိုယ်၌ အဆိပ်မဝင်သကဲ့သို့ အဆိပ်သည် မဝင်နိုင်၊ **သံကိစ္စသာမဏေ**၏ ကိုယ်၌ လက်နက်သည် မစူးမရှနိုင်သကဲ့သို့လက်နက်သည် မစူးဝင်,မရှနိုင်၊ ထိုမေတ္တာပွါးသော ပုဂ္ဂိုလ်၏ကိုယ်ကို မနှိပ်စက် မဖျက်ဆီးနိုင်ဟု ဆိုလိုသည်။ ဤနေရာ၌ **သားငယ်ရှိသော နွားမဝတ္ထု**ကို ဆရာတို့သည် ဆိုကြကုန်၏။ တကောင်သော သားငယ် အမိဖြစ်သော နွားမသည် နွားသားငယ်အား နို့ရည် အယဉ်ကို ယိုထွက်စေလျက် နို့တိုက်ကာ ရပ်နေသတတ်၊ ထိုအခါ တယောက်သော မုဆိုးသည် ထိုနွားမကို ထိုးအံ့ဟု လက်ဖြင့် ချိန်၍ အရိုးရှည်သော လှံမကိုလွှတ်၏၊ ထိုလှံသည် နွားမ၏ ကိုယ်ကိုထိ၍ ထန်းရွက်ကဲ့သို့ ခွေလိပ်၍ သွားလေ၏။ အဘယ်၏ အစွမ်းအားဖြင့်နည်း၊ ဥပစာရ မေတ္တာ၏ အစွမ်းဖြင့် ခွေလိပ်၍ သွားသည်မဟုတ်၊ အပ္ပနာမေတ္တာ၏ အစွမ်းဖြင့်လည်း ခွေလိပ်၍ သွားသည်မဟုတ်၊ စင်စစ်သော်ကား ဥပစာရမေတ္တာ, အပ္ပနာ မေတ္တာတို့နှင့် မရောမယှက် သက်သက် သားငယ်၌ ပြင်းထန်သော ချစ်စိတ်ရှိသည့်အဖြစ်ကြောင့်သာလျှင် ခွေလိပ်၍ သွားရလေသည်။ မေတ္တာသည် ဤမျှလောက် တန်ခိုးအာနုဘော်ကြီးသည် ဖြစ်၏၊ ဤသို့ ပြောဆိုကြကုန်၏။

**"လျှင်မြန်စွာ စိတ်သည် ကောင်းစွာ တည်ကြည်၏"** ဆိုသည်ကား မေတ္တာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား လျှင်မြန်စွာ

စိတ်တည်ကြည်၏၊ ထိုပုဂ္ဂိုလ်အား စိတ်၏ နှောင့်နှေးသော အဖြစ်သည် မရှိ။

**"မျက်နှာအဆင်းသည်ကြည်လင်၏"** ဆိုသည်ကား အညှာမှ ကြွေလုခါနီးသော ထန်းသီးမှည့်ကဲ့သို့ ထို ပုဂ္ဂိုလ်၏ မျက်နှာသည် အထူးသဖြင့် ကြည်လင်သော အဆင်းရှိသည် ဖြစ်၏။

**"မတွေမဝေ သေရ၏"**ဆိုသည်ကား မေတ္တာနှင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား တွေဝေလျက် သေရခြင်း မည်သည်မရှိ၊ အိပ်ပျော်သွားသကဲ့သို့ မတွေမဝေဘဲ သေရ၏။

**"ထို့ထက် အလွန်ကို ထိုးထွင်း၍ မရနိုင်သော်"** ဆိုသည်ကား မေတ္တာသမာပတ်ထက် အထက်အမြင့်ကြီးဖြစ်သော အရဟတ္တဖိုလ်ကိုရခြင်းငှါ မတတ်နိုင်မူ၊ ဤဘဝမှစုတေ၍ အိပ်သော ယောက်ျားနိုးသောလားသို့ ဗြဟ္မာ့ဘုံလောက၌ ဖြစ်ရ၏ဟု ဆိုလိုသည်။

ဤသည်ကား မေတ္တာဘာဝနာ၌ အကျယ်ဝိတ္ထာရ ဖော်ပြအပ်သော စကားပေတည်း။

**၁-မေတ္တာ ဗြဟ္မဝိဟာရပြီး၏။**

---

## (၂) ကရုဏာ ဗြဟ္မဝိဟာရ

၂၅၉။ ကရုဏာ ဗြဟ္မဝိဟာရကို ပွါးစေလိုသော ယောဂီပုဂ္ဂိုလ်သည် ကရုဏာ ကင်းမဲ့သည်၏အဖြစ်ဟု ဆိုအပ်သော ညှဉ်းဆဲခြင်း၌အပြစ်ကိုရင်း, ကရုဏာ၏ အကျိုးအာနိသင်ကိုရင်း ဆင်ခြင်၍ ကရုဏာဘာဝနာကို အားထုတ်အပ်၏။

ထို ကရုဏာဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်သည်လည်း ရှေးဦးစွာ ပိယပုဂ္ဂိုလ်အစရှိသည်တို့၌ အားမထုတ်အပ်၊အကြောင်းမူကား ပိယပုဂ္ဂိုလ်သည် ချစ်အပ်သောအရာ၌သာ တည်၏၊ အလွန်ချစ်အပ်သော အတိပိယပုဂ္ဂိုလ်သည် အလွန်ချစ်အပ်သော

အပေါင်းအဖော် အရာ၌သာလျှင် တည်၏၊ မဇ္ဈတ္တပုဂ္ဂိုလ်သည် လျစ်လျူရှုအပ်သောအရာ၌သာလျှင် တည်၏၊ အပ္ပိယပုဂ္ဂိုလ်သည် မချစ်အပ်သောအရာ၌သာ တည်၏၊ ဝေရီပုဂ္ဂိုလ်သည် ရန်သူ အရာ၌သာ တည်၏၊ လိင်္ဂဝိသဘာဂပုဂ္ဂိုလ်, ကာလကတပုဂ္ဂိုလ် တို့သည် ကရုဏာပွါးများရာ ခေတ်မဟုတ်သည်သာ ဖြစ်၏။ ထို့ကြောင့် ပိယပုဂ္ဂိုလ်အစရှိသည်တို့၌ ရှေးဦးစွာ အားမထုတ် အပ်။

"ရဟန်းသည် အဘယ်သို့လျှင် ကရုဏာနှင့်တကွဖြစ်သော စိတ်ဖြင့်တခုသောအရပ်ကို ပြန့်နှံ့၍နေသနည်း၊ ဥပမာသော်ကား— စည်းစိမ် ဥစ္စာပျက်စီး၍ ဆင်းရဲမွဲတေသော မကောင်းသော ဒုစရိုက်မှုတို့နှင့် ပြည့်စုံသော တယောက်သောပုဂ္ဂိုလ်ကိုမြင်၍ သနားကရုဏာ ဖြစ်ရာသကဲ့သို့ ဤအတူ ခပ်သိမ်းသော သတ္တဝါ တို့ကို ကရုဏာဖြင့်ပြန့်နှံ့၏" ဟူ၍ ဝိဘင်းပါဠိတော်၌ ဟောတော် မူသောကြောင့် အလုံးစုံတို့၏ ရှေးဦးစွာ တစုံတယောက်သော ကရုဏာဖြစ်သင့်သော ဖောက်ပြန်သော ရုပ်အဆင်းရှိသော အလွန်အကဲ ဆင်းရဲငြိုငြင်ခြင်းသို့ရောက်သော ဆင်းရဲဒုက္ခရောက် သော မကောင်းသော ဒုစရိုက်မှုကို ပြုကျင့်လေ့ရှိသော အစာ အာဟာရပြတ်သော ခွက်ကိုရှေ့မှထား၍ ကိုးကွယ်ရာမဲ့သူတို့နေရာ စရပ်၌နေသော ခြေ-လက်တို့မှ ယိုထွက်သော ပိုးလောက်အပေါင်း တို့ဖြင့် ကြင်နာပင်ပန်းသော အသံကိုပြုသော အထီးကျန် သူဆင်းရဲယောကျ်ားကို မြင်၍—"ဤသတ္တဝါသည် အလွန်ငြိုငြင် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ခဲ့လေပြီတကား၊ ဤဆင်းရဲဒုက္ခမှ လွတ်မြောက်ပါမူကား ဧြော်—ကောင်းလေစွတကား" ဟု သနား ခြင်း ကရုဏာကို ဖြစ်စေအပ်၏။

ထိုအထီးကျန်သူ ဆင်းရဲ ဒုက္ခကောင်ကိုမရသော ယောဂီ ပုဂ္ဂိုလ်သည် ချမ်းသာ သုခ ရှိပါလျက်လည်း မကောင်းမှုကို ပြုသော ပုဂ္ဂိုလ်ကို သတ်ထိုးသော သူနှင့် နှိုင်းယှဉ်၍ သနား ကရုဏာ ရှိအပ်၏၊ အဘယ်သို့ ကရုဏာ ရှိအပ်သနည်းဟူမူကား—ခိုးထုပ်နှင့်

တကွ လက်ရဖမ်းမိသော ခိုးသူကို "ထိုခိုးသူကို သတ်ကြလေကုန်" ဟု အမိန့်ချမှတ်သော မင်း၏အာဏာဖြင့် မင်း၏အာဏာသားတို့သည် ကြိုးဖြင့်တုတ်ချည်၍ လမ်းလေးခွတိုင်း လမ်းလေးခွတိုင်း၌ များစွာရိုက်နှက်ကုန်လျက် လူသတ်ရာ သင်းချိုင်းသို့ ထုတ်ကုန်၏။ ထိုသူခိုးအား သနားကြင်နာ ကရုဏာရှိသော သူတို့သည် ခဲဘွယ်ကိုရင်း, ဘောဇဉ်ကိုရင်း, ပန်းနံ့သာ နံ့သာပျောင်း ကွမ်းရာတို့ကိုရင်း ပေးကုန်၏၊ ထိုခိုးသူသည် ထိုခဲဘွယ် ဘောဇဉ်စသည်တို့ကို ခဲရသည်ဖြစ်၍ရင်း, သုံးဆောင်ရသည်ဖြစ်၍ရင်း ချမ်းသာရသကဲ့သို့ စည်းစိမ်ကို ခံစံရသကဲ့သို့ အကယ်၍ကား သွားရ၏၊ ထိုသို့ဖြစ်သော်လည်း ထိုသင်းချိုင်းသို့ ရှေးရှုဆောင်သောသူခိုးကို တစုံတယောက်သောသူကမျှ "ဤသူကား ချမ်းသာလေစွတကား၊ များသော အသုံးအဆောင်ရှိပေစွတကား" ဟု မအောက်မေ့ကြကုန်။ စင်စစ်ကား "ဤသူသည် သနားကြင်နာခြင်းငှါ ထိုက်၏၊ ယခုအခါ၌ သေရပေတော့လတ္တံ့၊ ဤသူသည် ခြကြင်ခြေကို ချလှမ်း၏၊ ထိုထိုခြေလှမ်းဖြင့် သေခြင်း၏အနီး၌ ဖြစ်၏" ဟု ထိုသူခိုးကို လူအပေါင်းတို့သည် သနားကရုဏာဖြစ်၏၊ ဤအတူပင်လျှင် ကရုဏာ ကမ္မဋ္ဌာန်းစီးဖြန်းသောရဟန်းသည် ချမ်းသာရှိလျက် မကောင်းမှုပြုသောပုဂ္ဂိုလ်ကို ဤသို့ သနားကရုဏာကို ဖြစ်စေအပ်၏၊ "ဤသူသည် သနားကြင်နာ ထိုက်၏၊ ယခုအခါ၌ ချမ်းသာသည်ဖြစ်၍ ချမ်းသာကိုကောင်းစွာ ခံစားအပ်၏၊ စည်းစိမ်တို့ကို အကယ်၍ကား သုံးဆောင်ရပေ၏၊ ထိုသို့သုံးဆောင်ရသော်လည်း ဒွါရသုံးပါးတို့တွင် တခုခုသော ဒွါရဖြင့်လည်း ပြုအပ်သောကောင်းမှုကံ၏ မရှိခြင်းကြောင့် ယခုပင်လျှင် အပါယ်ဘုံတို့၌ များစွာသော ကိုယ်၏ဆင်းရဲခြင်း ဒုက္ခ, စိတ်၏ဆင်းရဲခြင်း ဒေါမနဿကို ခံစားရလတ္တံ့" ဟု သနားကရုဏာရှိအပ်၏။

ဤသို့လျှင် ထိုချမ်းသာရှိလျက် မကောင်းမှုပြုသောပုဂ္ဂိုလ်ကို သနားကရုဏာပြုပြီး၍ ထို့နောက်၌ ဤဆိုအပ်ခဲ့ပြီးသော ကရုဏာဖြစ်ကြောင်း အစီအရင်နည်းအတိုင်း ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်

၌၎င်း, ထို့နောက် လျစ်လျူရှုအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်၌၎င်း, ထို့နောက် ရန်သူပုဂ္ဂိုလ်၌၎င်း ဤသို့ အစဉ်အတိုင်း သနားကရုဏာကို ဖြစ်စေအပ်၏။

ထိုကရုဏာကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ရှေးမေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသော နည်းအားဖြင့် ရန်သူပုဂ္ဂိုလ်၌ ဒေါသသည် အကယ်၍ဖြစ်ပေါ်အံ့၊ ထိုဒေါသကိုမေတ္တာ၌ ဆိုအပ်ပြီးသော ဒေါသဖျောက်ပယ်နည်းအတိုင်း ဒေါသကို ငြိမ်းစေအပ်၏။

ဤကရုဏာ၏ အာရုံဖြစ်သော သတ္တဝါအပေါင်းတို့တွင် အကြင်သူသည်ကား ကောင်းမှုကုသိုလ်ပြုသူ ဖြစ်၏၊ ထိုကုသိုလ်ကောင်းမှုရှိသူကိုလည်း ဆွေမျိုးတို့၏ ပျက်စီးခြင်း, ရောဂါနှိပ်စက် ပျက်စီးခြင်း, စည်းစိမ်ဥစ္စာ၏ ပျက်စီးခြင်း အစရှိသည်တို့တွင် တပါးပါးသော ပျက်စီးခြင်းနှင့် ပြည့်စုံသည်ကို မြင်၍၎င်း, ကြား၍၎င်း, ထိုပျက်စီးခြင်းတို့ပင် မရှိသော်လည်း သံသရာ ဝဋ်ဆင်းရဲကို မလွန်နိုင်သည့်အဖြစ်ကြောင့် "ဤသူသည် ဆင်းရဲဒုက္ခရောက်သော သူပင်တည်း၊ ဤဆင်းရဲဒုက္ခမှ လွတ်မြောက်ပါမူကား ကောင်းလေစွ" ဟု သနားကရုဏာကို ဖြစ်စေအပ်၏။ ဤသို့ ခပ်သိမ်းသော အပြားအားဖြင့် ကရုဏာကိုပွါးစေ၍ မေတ္တာဘာဝနာ၌ ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း မိမိ၌၎င်း,ပိယပုဂ္ဂိုလ်၌၎င်း,မဇ္ဈတ္တပုဂ္ဂိုလ်၌၎င်း, ဝေရီပုဂ္ဂိုလ်၌၎င်း လေးဦးသောပုဂ္ဂိုလ်တို့၌ အပိုင်းအခြားမရှိခြင်း ဟူသော သီမသမ္ဘေဒကိုပြု၍ ထိုနိမိတ်ကို ရှီသေစွာမှီဝသည်ဖြစ်၍ ပွါးများသည်ဖြစ်၍ အကြိမ်များစွာ အလေ့အလာပြုသည်ဖြစ်၍ မေတ္တာကမ္မဋ္ဌာန်း၌ ဆိုအပ်ပြီးသော နည်းအတိုင်း တိကဈာန်, စတုက္ကဈာန်၏အစွမ်းဖြင့် အပ္ပနာကို ပွါးစေအပ်၏။

**အင်္ဂုတ္တိုရ်အဋ္ဌကထာ**၌ကား "ရှေးဦးစွာ ဝေရီပုဂ္ဂိုလ်၌ သနားကရုဏာရောက်အပ်၏၊ ထိုဝေရီပုဂ္ဂိုလ်၌ စိတ်ကိုနူးညံ့အောင် ပြု၍ ဆင်းရဲ ဒုက္ခရောက်သူကို ကရုဏာရောက်အပ်၏၊ ထို့နောက် ပိယပုဂ္ဂိုလ်, ထို့နောက် မိမိကိုယ်ကို" ဟု ဤအစဉ်ကို ဆို၏။

ထိုအစဉ်သည် "ဒုဂ္ဂတံ ဒုရူပေတံ" ဟူသော ပါဠိတော်နှင့်မညီ ထို့ကြောင့် ဆိုအပ်ပြီးသောနည်းအတိုင်း ဤကရုဏာကမ္မဋ္ဌာန်းနှင့် ပွါးများခြင်းကို အားထုတ်၍ အပိုင်းအခြားမရှိခြင်း သီမသမ္ဘေဒ ကိုပြု၍ အပ္ပနာကို ပွါးအပ်၏။

ထိုမှနောက်၌ ငါးပါးသောအခြင်း အရာရှိသော အနောဓိသ ကရုဏာပြန့်နှံ့ခြင်း, ခုနစ်ပါးသော အခြင်းအရာရှိသော ဩဓိသ ကရုဏာပြန့်နှံ့ခြင်း, ဆယ်ပါးသော အခြင်းအရာရှိသော ဒိသာ ဖရဏ ကရုဏာ ပြန့်နှံ့ခြင်းဟု ဆိုအပ်သော ဈာန်၏ ကွန့်မြူးခြင်း, အထူးထူးကို ပြုခြင်း ဝိကုဗ္ဗနာကိုင်း, ချမ်းသာစွာ အိပ်ရ၏ အစရှိ သည်ဖြင့် ဟောတော်မူအပ်သော အကျိုးအာနိသင်တို့ကိုင်း မေတ္တာဘာဝနာ၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သိအပ်ကုန်၏။

ဤသည်ကား ကရုဏာ ဘာဝနာ၌ အကျယ် ဝိတ္ထာရ ဖော်ပြအပ်သော စကားပေတည်း။

**ကရုဏာ ဗြဟ္မဝိဟာရ ပြီး၏။**

---

## (၃) မုဒိတာ ဗြဟ္မဝိဟာရ

၂၆၀။ မုဒိတာဘာဝနာကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ် သည်လည်း ရှေးဦးစွာ ပိယပုဂ္ဂိုလ်အစရှိသည်တို့၌ အား မထုတ်အပ်။ အကြောင်းမူကား–ပိယပုဂ္ဂိုလ်သည်ချစ်အပ် သော အဖြစ်မျှကြောင့်သာလျှင် မုဒိတာ၏နီးစွာသော အကြောင်းပဒဋ္ဌာန်မဟုတ်၊ မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ် တို့သည်ကား အဘယ်မှာလျှင် မုဒိတာ၏နီးစွာသော အကြောင်း ပဒဋ္ဌာန်ဖြစ်ပါအံ့နည်း၊ လိင်ကွဲလွဲသူ သေပြီး သူတို့သည်ကား ပွါးများရန်ခေတ်မဟုတ်၊ ထို့ကြောင့် ပိယပုဂ္ဂိုလ် စသည်တို့၌ ရှေးဦးစွာ အားမထုတ်အပ်။ အလွန်ချစ်အပ်သော အတိပိယ အပေါင်းအဖော်သည် ကား မုဒိတာ၏နီးသော အကြောင်း ပဒဋ္ဌာန်ဖြစ်သင့် ၏။ **အဋ္ဌကထာ** ၌ သွမ်းဖျင်းဖော်, သောဍ ဘက်ဖော်နှင့် တူသော အပေါင်းအဖော်ကို **သောဏ္ဍသဟာယ** ဟူ၍

ဆို၏၊ ထိုအပေါင်းအဖော်သည် အလွန်ချစ်အပ်သော အတိပိယအပေါင်းအဖော် မည်၏၊ ထိုသူသည်ကား ကြည်လင် ချမ်းမြေ့သည့်အဖြစ်ကြောင့် အလွန် ဝမ်းမြောက်သည်သာ ဖြစ်၏၊ ရှေးဦးစွာပြုံးရယ်၍ နောက်မှစကားပြောတတ်၏။ ထို့ကြောင့် ထိုအတိပိယ သဟာယပုဂ္ဂိုလ်၌သော်လည်း ရှေးဦးစွာ မုဒိတာဖြင့် ဖျန်းဆွတ်အပ်၏၊ ချမ်းသာသုခရှိသော ချမ်းသာသုခကို စံစားသောချမ်းသာကို စံစားရသည်ဖြစ်၍ ဝမ်းမြောက်သော ပိယပုဂ္ဂိုလ်ကို ကိုယ်တိုင်တွေ့မြင်၍၎င်း, တဆင့် စကားကြား၍၎င်း ဤသတ္တဝါသည် ချမ်းသာရိပ်ငြိမ် စည်းစိမ်စံစား၍ ဝမ်းမြောက် နှစ်သက်ရပေစွတကား၊ "ဩော်-ကောင်းပါပေ၏၊ ဩော်-ကောင်းမြတ်ပါပေ ၏" ဟု ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။ ဤသို့သော အကျိုးထူးကိုအစွဲပြု၍ **ဝိဘင်းပါဠိတော်၌**-

"အဘယ်သို့လျှင် ရဟန်းသည် မုဒိတာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသောအရပ်ကိုနှံ့၍ နေသနည်း၊ ဥပမာသော်ကား ချစ်အပ်သော နှလုံးကို ပွါးစေတတ်သော တဦးသောပုဂ္ဂိုလ်ကိုမြင်၍ ဝမ်းမြောက်သည် ဖြစ်ရာသကဲ့သို့ ဤအတူ အလုံးစုံကုန်သော သတ္တဝါတို့ကို မုဒိတာဖြင့် ပြန့်နှံ့၏" ဟူ၍ ဟောတော်မူအပ်၏။

ထိုယောဂီပုဂ္ဂိုလ်၏ ထိုပျော်ရွှင်တတ်သော သေသောက်ကြီးနှင့်တူသော အပေါင်းအဖော်သည်၎င်း, ပိယပုဂ္ဂိုလ်သည်၎င်း ရှေးအခါက ချမ်းသာဘူးသည်ဖြစ်၏၊ ထိုသို့ဖြစ်သော်လည်း ယခုအခါ ဥစ္စာမဲ့မွဲ ဆင်းရဲသည်၊ စုတ်စုတ်ဖွာဖွာ ကြည့်မြင်စရာ မကောင်း, အလွန်စုတ်ချာဆင်းရဲသည် ဖြစ်ပြန်ခဲ့အံ့၊ ထိုပုဂ္ဂိုလ်၏ ရှေးလွန်ခဲ့သောကာလက ချမ်းသာ ပြည့်စုံသည့်အဖြစ်ကို အောက်မေ့၍ "ဤသူသည် လွန်ခဲ့သောအခါကာလက ဤသို့ များသော အသုံးအဆောင်ရှိသည်, များသော အခြံအရံရှိသည်, အခါခပ်သိမ်း ဝမ်းမြောက်ဝမ်းသာ နေရသည်ဖြစ်ဘူးလေပြီ" ဟု

ထိုပုဂ္ဂိုလ်၏ ထိုရှေးကဖြစ်ဘူးသော ဝမ်းမြောက်နှစ်သက်ဖွယ် အခြင်းအရာကိုယူ၍ မုဒိတာကို ဖြစ်စေအပ်၏၊ လာလတ္တံ့သော အနာဂတ်ကာလ၌လည်း ဤပုဂ္ဂိုလ်သည် တဖန် ထိုပြည့်စုံခြင်းကို ရ၍ ဆင်ကျောက်ကုန်း, မြင်းကျောက်ကုန်း, ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရလတ္တံ့ဟု အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ထိုပုဂ္ဂိုလ်၏ဝမ်းမြောက်ဘွယ် အခြင်းအရာကိုယူ၍ မုဒိတာကို ဖြစ်စေအပ်၏။

ဤသို့သောနည်းဖြင့် ပျော်ရွှင်တတ်သော အပေါင်းအဖော် ပိယပုဂ္ဂိုလ်၌ မုဒိတာကိုဖြစ်စေ၍ ထို့နောက် မဇ္ဈတ္တပုဂ္ဂိုလ်, ထိုနောက် ရန်သူပုဂ္ဂိုလ်၌ အစဉ်အတိုင်း မုဒိတာကို ဖြစ်စေအပ်၏။ ထိုယောဂီပုဂ္ဂိုလ်အား ဆိုအပ်ပြီးသောနည်းအတိုင်း ရန်သူပုဂ္ဂိုလ်၌ ဒေါသသည်ဖြစ်အံ့၊ ထိုဒေါသကို မေတ္တာဘာဝနာ၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ငြိမ်းစေ၍ ဤပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်ဟု ဆိုအပ်သော သူသုံးယောက်တို့၌၎င်း, မိမိ၌၎င်း ဤလေးဦးသော ပုဂ္ဂိုလ်တို့၌ မျှသော စိတ်ရှိသည်၏အဖြစ်ဖြင့် အပိုင်းအခြားမရှိခြင်း သီမသမ္ဘေဒကိုပြု၍ ထိုနိမိတ်ကို ရှိသေစွာ မှီဝဲ၍ပွါး၍ အကြိမ်များစွာ အလေ့အလာပြု၍ မေတ္တာဘာဝနာ၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း တိက ဈာန်, စတုက္က ဈာန်၏ အစွမ်းဖြင့် အပ္ပနာကို ပွါးအပ်ကုန်၏။

ထို့နောက်မှ ငါးပါးသော အခြင်းအရာတို့ဖြင့် အနောဓိသ မုဒိတာ၏ပြန့်နှံ့ခြင်း, ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ဩဓိသ မုဒိတာ၏ပြန့်နှံ့ခြင်း, ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဒိသာဖရဏ မုဒိတာ၏ ပြန့်နှံ့ခြင်းဟူသော ဤဈာန်၏ကွန့်မြူးခြင်း, အထူးထူးကို ပြုခြင်းကို၎င်း, ချမ်းသာစွာအိပ်ရ၏ အစရှိသော အကျိုးအာနိသင်တို့ကို၎င်း မေတ္တာဘာဝနာ၌ ဆိုအပ်ပြီးသော နည်းအတိုင်းသိအပ်ကုန်၏။

ဤသည်ကား မုဒိတာဘာဝနာကို အကျယ်ဖွင့်ပြသော စကားပေတည်း။

**မုဒိတာ ဖြဟ္မဝိဟာရပြီး၏။**

## (၄) ဥပေက္ခာ ဗြဟ္မဝိဟာရ

၂၆၁။ ဥပေက္ခာ ဘာဝနာကို ပွါးလိုသော မေတ္တာအစရှိသည်တို့၌ ရအပ်ပြီးသောတိက-စတုက္က-ဈာန် ရှိသော ယောဂီပုဂ္ဂိုလ်သည် ကောင်းစွာ လေ့လာအပ်သော တတိယ ဗြဟ္မဝိဟာရ ဈာန်မှထ၍ "ချမ်းသာခြင်း ရှိကြကုန်သည် ဖြစ်ပါစေသတည်း"အစရှိသည့်အစွမ်းဖြင့် သတ္တဝါတို့၌ မြတ်နိုးသောအားဖြင့် နှလုံးသွင်းခြင်းနှင့် ယှဉ်သည့် အဖြစ်ကြောင့်၎င်း, မုန်းခြင်း,ချစ်ခြင်း၏အနီး၌ ကျင်လည်သည့် အဖြစ်ကြောင့်၎င်း, သောမနဿနှင့် ယှဉ်သဖြင့် ရုန့်ရင်းသည့် အဖြစ်ကြောင့်၎င်း ဒေါသဖြစ်သော ဈာန်နှင့် မေတ္တာ,ကရုဏာ,မုဒိတာတို့၏ အပြစ်ကိုမြင်၍ ဥပေက္ခာ၏ ငြိမ်သက်သော သဘောရှိသည့်အဖြစ်ကြောင့် အကျိုးအာနိသင်ကိုလည်း မြင်၍ ထိုယောဂီပုဂ္ဂိုလ်၏ ပကတိသဘောအားဖြင့်သာလျှင် လျစ်လျူဖြစ်သော အကြင်ပုဂ္ဂိုလ်သည် ရှိ၏၊ ထိုပုဂ္ဂိုလ်ကို အသင့်အားဖြင့် ရှု၍ ဥပေက္ခာကို ဖြစ်စေအပ်၏၊ ထိုမဇ္ဈတ္တပုဂ္ဂိုလ်၌ ဖြစ်စေပြီးသော နောက်မှ ပိယပုဂ္ဂိုလ် အစရှိသည်တို့၌ ဥပေက္ခာကို ဖြစ်စေအပ်၏။

ထိုစကား မှန်သည်၊ မြတ်စွာဘုရားသည် "ရဟန်းသည် အဘယ်သို့လျှင် ဥပေက္ခာနှင့်တကွ ဖြစ်သော စိတ်ဖြင့် တခုသော အရပ်ကိုနှံ့၍ နေသနည်း၊ ဥပမာသော်ကား–နှစ်သက်ဖွယ် မနာပပုဂ္ဂိုလ်လည်း မဟုတ်သော မနှစ်သက်ဖွယ် အမနာပပုဂ္ဂိုလ်လည်း မဟုတ်သော မိမိမှ တပါးသော တယောက်သောပုဂ္ဂိုလ်ကို မြင်၍ လျစ်လျူ ရှုသည်ဖြစ်ရာသကဲ့သို့ ဤအတူ ခပ်သိမ်းသော သတ္တဝါတို့ကို ဥပေက္ခာဖြင့် ပြန့်နှံ့၏"ဟု ဟောတော်မူ၏၊ ထို့ကြောင့် ဆိုအပ်ပြီးသော နည်းဖြင့် မဇ္ဈတ္တပုဂ္ဂိုလ်၌ ဥပေက္ခာကိုဖြစ်စေပြီး၍ ထို့နောက် ပိယပုဂ္ဂိုလ်၌, ထို့နောက်မှ သောဏ္ဍသဟာယ ပုဂ္ဂိုလ်၌, ထို့နောက်မှ ဝေရီပုဂ္ဂိုလ်၌ ဖြစ်စေအပ်၏၊ ဤသို့လျှင် ဤသုံးယောက်သော ပုဂ္ဂိုလ်တို့၌၎င်း, မိမိကိုယ်၌၎င်း အလုံးစုံ

သော ပုဂ္ဂိုလ်တို့၌ လျစ်လျူရှုသည့်အစွမ်းဖြင့် အပိုင်းအခြား မရှိခြင်း သီမသမ္ဘေဒကိုပြု၍ ထိုနိမိတ်ကို မှီဝဲအပ်၏၊ ပွား များ အပ်၏၊ အကြိမ်များစွာ အလေ့အလာ ပြုအပ်၏၊ ဤသို့ပြုသော ယောဂီပုဂ္ဂိုလ်အား ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသောနည်းဖြင့် စတုတ္ထဈာန်သည် ဖြစ်၏။

ဤဥပေက္ခာ ဝိဟာရ စတုတ္ထဈာန်သည် ပထဝီကသိုဏ်း စသည်တို့၌ ဖြစ်ပြီးသော တတိယဈာန်ရှိသော ပုဂ္ဂိုလ်အားလည်း ဖြစ်လေသလော၊ သို့မဟုတ် မဖြစ်ပါသလော၊ မဖြစ်။ အဘယ့် ကြောင့် ဆိုသော် အာရုံ သဘောမတူသည်၏ အဖြစ်ကြောင့် မဖြစ်။ မေတ္တာ အစရှိသည်တို့၌ ဖြစ်ပြီးသော တတိယဈာန်ရှိသော ယောဂီပုဂ္ဂိုလ်အားသာလျှင် ထိုစတုတ္ထဈာန်သည် ဖြစ်၏၊ အဘယ့် ကြောင့်ဆိုသော် အာရုံသဘောတူသည်၏ အဖြစ်ကြောင့် ေ ာည်း။ ထို့ပြင် ထိုစတုတ္ထဈာန် ဖြစ်သည့် ှ ာက်၌ဖြစ်သော ာန်၏ ကွန့်မြူးခြင်း၊ အထူးထူးကို ပြုခြ် ာုဗ္ဗနာကိုရင်း၊ အကျိုး အာနိသင် ရခြင်းကိုရင်း ေကျ ိုအပ်ခဲ့ပြီးသော နည်းဖြင့် သိအပ်၏။ ။

ဤသည်ကား ဥပေက္ခာ ဘာဝနာ ဂ် ျယ်ဝိတ္ထာရ ဖွင့်ပြ ာ စကား ရပ်ပေတည်း။

ဥပေက္ခာ ဖြပ ်ြ ာရ ပြီး၏။

---

ပကိဏ္ဏကကထာ

၂၆၂။ ဗြဟ္မုတ္တမေန ကထိတာ၊
ဗြဟ္မဝိဟာရေ ဣမေ ဣတိ ဝိဒိတွာ။
ဘိယျော ဧတေသု အယံ၊
ပကိဏ္ဏကကထာ ဝိညေယျာ။

ဗြဟ္မာတို့ထ ြတ်သော ဗြဟ္မာမြတ် ဖြစ်တော်မူ ော မြတ်စွာဘုရားသည် ဟော တော် မူ အပ် ကုန် သော ဤ လေးပါးသော ဗြဟ္မဝိဟာရတရားတို့ကို ဤပြဆိုအပ်ခဲ့ ပြီးသော အစဉ်အားဖြင့် သိ၍ ဤ ဗြဟ္မဝိဟာရ တရားတို့၌

အတိုင်းထက်အလွန် ဤဆိုလတ္တံ့သော ရောပြွမ်းသော အနက်အဓိပ္ပါယ်ကို ဖော်ပြသော ပကိဏ္ဏက ကထာကို လည်း သိအပ်၏။

ထိုမေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မ-ဝိဟာရတရား လေးပါးတို့တွင် ရှေးဦးစွာ စကား၏အနက် အဓိပ္ပါယ် ဖြစ်သော ပကိဏ္ဏက ကထာကို သိအပ်၏။

## မေတ္တာ

အကြင် တရားသဘောသည် ချစ်တတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် မေတ္တာ မည်၏။ အစီးအပွါးကို လိုလားသော အခြင်းအရာဖြစ်သောအားဖြင့် ချစ်တတ်၏ ဆိုလိုသည်။

တနည်းကား– ချစ်အပ်သော ပိယပုဂ္ဂိုလ် ဟူသော မိတ္တအာရုံ၌ ဖြစ်တတ်သောကြောင့် မေတ္တာ မည်၏။

တနည်းကား–အစီးအပွါးကိုလိုလားသောမိတ်ဆွေ၏ ချစ်ခြင်း၏အစွမ်းဖြင့် ဤသဘောတရားသည် ဖြစ်တတ်၏၊ ထို့ကြောင့် မေတ္တာ မည်၏။

## ကရုဏာ

အကြင် တရားသဘောသည် သူတပါး ဆင်းရဲသည် ရှိသော် သူတော်ကောင်းတို့၏ နှလုံးတုန်လှုပ် ပင်ပန်း ခြင်းကို ပြုတတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် ကရုဏာ မည်၏။

တနည်းကား–အကြင်တရားသဘောသည်သူတပါး၏ ဆင်းရဲဒုက္ခကို ညှဉ်းဆဲတတ် ပယ်ဖျောက်တတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် ကရုဏာ မည်၏။

တနည်းကား–အကြင် တရားသဘောသည် ဒုက္ခ ရောက်သော သတ္တဝါတို့၌ ဖြန့်နှံ့ တွေ့ထိသောအားဖြင့် ဖြန့်တတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် ကရုဏာ မည်၏။

## မုဒိတာ

ထို တရားသဘောဖြင့် ထိုတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ဝမ်းမြောက်တတ်ကုန်၏၊ ထို့ကြောင့် ထိုတရားသဘောသည် မုဒိတာ မည်၏။

တနည်းကား-အကြင် တရားသဘောသည် ဝမ်းမြောက်တတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် မုဒိတာ မည်၏။

တနည်းကား— ထို တရား သဘောသည် ဝမ်းမြောက်ခြင်းမျှသာ ဖြစ်၏၊ ထို့ကြောင့် မုဒိတာ မည်၏။

## ဥပေက္ခာ

အကြင် တရားသဘောသည် ရန်ကင်းသည် ဖြစ်ပါစေသတည်း အစရှိသော ကြောင့်ကြ ဗျာပါရကို ပယ်ခြင်းဖြင့်၎င်း၊ အလယ်အလတ် သဘောရှိသည်၏ အဖြစ်ဖြင့်၎င်း အသင့်အားဖြင့် ရှုတတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် ဥပေက္ခာ မည်၏။

၂၆၃။ **ဤ မေတ္တာ၊ ကရုဏာ မုဒိတာ၊ ဥပေက္ခာ၊ တို့၏ လက္ခဏာ အစရှိသည်ကို ဆိုပေအံ့— မေတ္တာသည်** သတ္တဝါတို့ အကျိုးစီးပွါးကို ကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏၊ သတ္တဝါတို့၏ အစီးအပွါးကို ကပ်၍ ဆောင်ခြင်းကိစ္စ ရှိ၏၊ ရန်ငြိုးကို ပယ်ဖျောက်သော အခြင်းအရာအားဖြင့် ရှုသူ့ဉာဏ်အား ထင်ရှား ထင်တတ်၏၊ သတ္တဝါတို့၏ နှစ်သက်ဘွယ် အဖြစ်ကို ရှုသော ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်း ရှိ၏၊ ဗျာပါဒ၏ ငြိမ်းခြင်းသည် ထိုမေတ္တာ၏ ပြည့်စုံခြင်းမည်၏၊ ဝါ-ကောင်းစွာ ကိစ္စပြီးခြင်းမည်၏၊ တဏှာသိနေဟ၏ ဖြစ်ခြင်းသည် ပျက်စီးခြင်း ဝိပတ္တိမည်၏။

(မေတ္တာ၏ ယောင်ဆောင်၍ ရာဂသည် လှည့်ဖြားတတ်၏)

**ကရုဏာ** သည် သတ္တဝါတို့အား ဖြစ်သော ဆင်းရဲ ဒုက္ခကို ပယ်လိုသော အခြင်း အရာအားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏၊ သူတပါး ဆင်းရဲဒုက္ခရောက်သည်ကို သည်းမခံနိုင်ခြင်း ကိစ္စ ရှိ၏၊ သတ္တဝါကို မညှဉ်းဆဲခြင်းလျှင် ဉာဏ်အား ရှေးရှု ထင်တတ်၏၊ ဆင်းရဲဒုက္ခဖြင့် နှိပ်စက်အပ်ကုန်သော သူတို့၏ ကိုးကွယ်ရာမရှိသည်၏အဖြစ်ကို ရှုသော ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏၊ သတ္တဝါတို့ကို ညှဉ်းဆဲကြောင်း ဒေါသ၏ ငြိမ်းအေးခြင်းသည် ထိုကရုဏာ၏ ပြည့်စုံခြင်းမည်၏၊ ဝါ, ကောင်းစွာ ကိစ္စပြီးခြင်း မည်၏၊ စိုးရိမ်သောက ဖြစ်ခြင်းသည် ပျက်စီးခြင်း မည်၏။

**မုဒိတာ** သည် သူတပါး စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း လက္ခဏာရှိ၏၊ မငြူစူခြင်း ကိစ္စ ရှိ၏၊ ဝါ, ငြူစူမှုဟူသောကို ပယ်ဖျက်ခြင်းကိစ္စ ရှိ၏၊ သူတပါးတို့၏ ပြည့်စုံခြင်း၌ မနှေလျော် မနှစ်သက်ခြင်းကို ဖျောက်ပယ်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏၊ သတ္တဝါတို့၏ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို ရှုမြင်လိုသော ယောနိသော မနသိကာရလျှင် နီးစွာသောအကြောင်းရှိ၏၊ မနှေလျော် မနှစ်သက်မှု အရတိ၏ ငြိမ်းခြင်းသည် ထိုမုဒိတာ၏ ပြည့်စုံခြင်းကိစ္စ ပြီးခြင်း မည်၏၊ ဂေဟသိတ ပီတိဖြင့် ရွှင်ပြခြင်း၏ဖြစ်ခြင်းသည် ထိုမုဒိတာ၏ ပျက်စီးခြင်း ဝိပတ္တိမည်၏။

**ဥပေက္ခာ** သည် ပိယပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ် အစရှိသော သတ္တဝါတို့၌ အလယ်အလတ် လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏၊ သတ္တဝါတို့၌ အညီအမျှအဖြစ်ကိုသာ ရှုခြင်းကိစ္စ ရှိ၏၊ မုန်းခြင်း, ချစ်ခြင်းကို ငြိမ်းစေခြင်း ခွါခြင်း အကျိုးကို ဖြစ်စေတတ်၏၊ သတ္တဝါတို့သည် မိမိပြုသော ကံသာ ဥစ္စာရှိကုန်၏၊ ထိုသတ္တဝါတို့သည် အဘယ်သူ၏အလိုအားဖြင့် ချမ်းသာကုန်သည်မူလည်း ဖြစ်ကုန်လတ္တံ့နည်း၊ ဆင်းရဲမှမူလည်း လွတ်ကုန်လတ္တံ့နည်း၊ ရောက်အပ်ရအပ်သော စည်းစိမ်မှမူလည်း မယုတ်ကုန်လတ္တံ့နည်းဟု ဤသို့သောအခြင်းအရာအားဖြင့် ဖြစ်သော ကံသာလျှင်

မိမိဥစ္စာ ရှိသည့်အဖြစ်ကို ရှုသောဉာဏ်လျှင် နီးစွာသောအကြောင်း ရှိ၏၊ မုန်းခြင်း, ချစ်ခြင်းတို့ကို ငြိမ်းစေခြင်းသည် ထိုဥပေက္ခာ၏ ပြည့်စုံခြင်း သမ္ပတ္တိမည်၏၊ ကာမဂုဏ်ကိုမှီသော ဉာဏ်ကင်းသော ဥပေက္ခာ၏ ဖြစ်ခြင်းသည် ပျက်စီးခြင်း ဝိပတ္တိမည်၏။

၂၆၄။ ထို့ပြင် လေးပါးသော ထိုဗြဟ္မဝိဟာရတို့၏ ဝိပဿနာသုခသည်၎င်း, သုဂတိဘဝ၏ ပြည့်စုံခြင်းသည်၎င်း ဆက်ဆံသော အကျိုးမည်၏၊ ဗျာပါဒ အစရှိသည်တို့၏ ပျောက်ခြင်း ကွာခြင်းသည် အသီးအသီး မကွေမကွာ ဖြစ်သော မဆက်ဆံသော အကျိုးမည်၏။ ဤလေးပါးတို့တွင် မေတ္တာသည် ဗျာပါဒကို ဖျောက်ပယ်ခြင်းအကျိုး ရှိ၏၊ မေတ္တာမှ တပါးသော ဗြဟ္မဝိဟာရ တို့သည် ဝိဟိံသ၏ ပျောက်ခြင်း, အရတိ၏ ပျောက်ခြင်း, ရာဂ၏ ပျောက်ခြင်း အကျိုး ရှိကုန်၏။

ထိုစကားမှန်၏၊ "ဒို-ငါ့သျှင်တို့, ထိုစကားသင့်၏၊ အကြင် မေတ္တာ စေတောဝိမုတ္တိသည်ရှိ၏၊ ထို မေတ္တာစေတောဝိမုတ္တိသည် ဗျာပါဒ၏ ထွက်မြောက် ကျွတ်လွတ်ကြောင်းဖြစ်၏။ ဒို-ငါ့သျှင်တို့, ကရုဏာ စေတောဝိမုတ္တိသည် ရှိ၏၊ ထိုကရုဏာ စေတောဝိမုတ္တိသည် ဝိဟိံသ၏ ထွက်မြောက် ကျွတ်လွတ်ကြောင်း ဖြစ်၏။ ဒို-ငါ့သျှင်တို့, မုဒိတာ စေတောဝိမုတ္တိသည်ရှိ၏၊ ထို မုဒိတာ စေတောဝိမုတ္တိသည် အရတိ၏ ထွက်မြောက် ကျွတ်လွတ်ကြောင်း ဖြစ်၏။ ဒို-ငါ့သျှင်တို့,အကြင် မုဒိတာ စေတောဝိမုတ္တိသည်ရှိ၏၊ထို မုဒိတာ စေတောဝိမုတ္တိသည် ရာဂ၏ ထွက်မြောက် ကျွတ်လွတ် ကြောင်းဖြစ်၏" ဟု ဟောတော်မူအပ်၏။

၂၆၅။ ဤ ဗြဟ္မဝိဟာရ လေးပါးတို့တွင် တပါးတပါးသော ဗြဟ္မဝိဟာရ၏ နီးသောရန်သူ, ဝေးသော ရန်သူ၏ အစွမ်းဖြင့် နှစ်ပါးနှစ်ပါးသော ရန်သူတို့သည် ဖြစ်ကုန်၏။ချုံ၍ဆိုဦးအံ့-အနီး၌ ကျင်လည်သောယောကျ်ား၏ ရန်သူကဲ့သို့ ဂုဏ်ကို ရှုခြင်း တူသည့်အဖြစ်ကြောင့် ရာဂသည် မေတ္တာ ဗြဟ္မဝိဟာရ၏ နီးသောရန်သူ မည်၏၊

ထိုရာဂသည် လျင်မြန်စွာ အခွင့်ကိုရ၏၊ ထို့ကြောင့် ထိုရာဂမှ ကောင်းစွာ မေတ္တာကို စောင့်အပ်၏။ တောင်အစရှိသော ခဲယဉ်းသော အရပ်ကို အမှီပြုသော ယောကျ်ား၏ ရန်သူကဲ့သို့ သဘောအားဖြင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဗျာပါဒသည် မေတ္တာ၏ ဝေးသောရန်သူ မည်၏၊ ထို့ကြောင့် ထိုဗျာပါဒမှ ကြောက်ရွံ့ခြင်း ကင်းသည်ဖြစ်၍ မေတ္တာကို ပွါးအပ်၏၊ မေတ္တာကိုလည်း ပွါး၏၊ အမျက်ဒေါသကိုလည်း ပြု၏ဟု ဤသို့ ဖြစ်နိုင်သောအကြောင်းသည် မရှိ။

"အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော နှလုံးကို မွေ့လျော် စေတတ်ကုန်သော တဏှာနှင့်စပ်ယှဉ်ကုန်သော စက္ခုဝိညာဏ်၏ အာရုံဖြစ်ကုန်သော ရူပါရုံတို့ကို မရသည်ကို မရလေခြင်းဟု တောင့်တောင့် တတရှိသော သူအားရင်း, လွန်လေပြီးသော ချုပ်လေပြီးသော ဖောက်ပြန်လေပြီးသော ရှေး၌ ရဘူးသော အဟောင်းကိုမူလည်း တတောင့်တတ ကြံသောသူအားရင်း အကြင်ဒေါသသည်ဖြစ်၏၊ ဤသို့သဘောရှိသော အကြင်ဒေါသသည် ရှိ၏၊ ဤဒေါသကို ကာမဂုဏ်ကိုမှီသော ဒေါမနဿဟူ၍ ဆိုအပ်၏"။ ဤသို့အစရှိသောနည်းဖြင့်လာသော ကာမဂုဏ်ကိုမှီသော ဒေါမနဿသည် ဝိပတ္တိကိုရှုခြင်း သဘောတူသည့်အဖြစ်ကြောင့် ကရုဏာ ဗြဟ္မဝိဟာရ၏ နီးသောရန်သူ မည်၏၊ ကရုဏာသဘော၏ ဝိဟိံသ သဘောနှင့် မတူသည့်အဖြစ်ကြောင့် ဝိဟိံသသည် ကရုဏာ၏ဝေးသောရန်သူ မည်၏၊ ထို့ကြောင့် ထိုဝိဟိံသမှ ကြောက်ရွံ့ခြင်းကင်းသည်ဖြစ်၍ ကရုဏာကိုပွါးအပ်၏၊ ကရုဏာ မည်သည်ကိုလည်း ပြုအံ့, လက်စသည်တို့ဖြင့်လည်း ညှဉ်းဆဲအံ့ဟု ဤသို့ ဖြစ်နိုင်သောအကြောင်းသည် မရှိ။

"အလိုရှိအပ်ကုန်သော....(ပ)....တဏှာနှင့် စပ်ယှက်ကုန်သော စက္ခုဝိညာဏ်၏ အာရုံဖြစ်ကုန်သော ရူပါရုံတို့ကို ရသည်ကိုရသောအားဖြင့် ရှုသောသူအားရင်း,လွန်လေပြီးသော ချုပ်လေပြီး

သော ဖောက်ပြန်လေပြီးသော ရှေး၌ရဘူးသော အဟောင်းကို မှုလည်း အဖန်ဖန် ကြံအောက်မေ့သောသူအား သောမနဿ သည်ဖြစ်၏၊ ဤသို့သဘောရှိသော အကြင်သောမနဿသည် ရှိ၏၊ ဤသောမနဿကို ကာမဂုဏ်ကိုမှီသော သောမနဿ ဟူ၍ ဆိုအပ်၏”။ ဤသို့ အစရှိသော နည်းဖြင့်လာသော ကာမဂုဏ်ကို မှီသော သောမနဿသည် ပြည့်စုံမှု သမ္ပတ္တိကို ရှုခြင်းသဘောတူ သည့်အဖြစ်ကြောင့် မုဒိတာ ဗြဟ္မဝိဟာရ၏ နီးသောရန်သူ မည်၏၊ မုဒိတာသဘော၏ အရတိ သဘောနှင့် မတူ ဆန့်ကျင်သည့် အဖြစ်ကြောင့် အရတိသည် ဝေးသောရန်သူ မည်၏၊ ထို့ကြောင့် ထိုအရတိမှ ကြောက်ရွံ့ခြင်းကင်းသည်ဖြစ်၍ မုဒိတာကို ပွါးအပ်၏။ အကြင့်ကြောင့် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းမည်သည် လည်းဖြစ်အံ့၊ လူနှင့်မနီးသော တောကျောင်း တောင်ကျောင်း၌ ၎င်း, လွန်သော ကုသိုလ်တရားဖြစ်သော သမထ ဝိပဿနာတို့၌ ၎င်း မပျော်မမွေ့ ငြီးငွေ့ဆန့်ကျင်လတ္တံ့၊ ဤသို့ဖြစ်နိုင်သော အကြောင်းသည် မရှိ။

“မိုက်မဲသော တွေဝေသော ပုထုဇဉ်ဖြစ်သော အရိယာမဂ်ဖြင့် ကိလေသာတို့ကို အချုပ်ခေါ်သိမ်း မအောင်နိုင်သေးသော ပဋိသန္ဓေဝိပါက်ကို အောင်ပြီး ဖြစ်၍ ဝိပါကဇိနမည်သော ရဟန္တာ အသေက္ခလည်းမဟုတ်သော အပြစ်ကို ရှုမြင်လေ့ မရှိသော အကြားအမြင် သုတမရှိသော အန္ဓပုထုဇဉ်အား မျက်စိဖြင့် ရူပါရုံကိုမြင်၍ ဥပေက္ခာသည် ဖြစ်၏၊ ဤသို့သဘောရှိသော အကြင် ဥပေက္ခာသည်ရှိ၏၊ ထိုဥပေက္ခာသည် ရူပါရုံကို မလွန်နိုင်၊ ထို့ကြောင့် ထိုဥပေက္ခာကို တဏှာ၏ဂိန်းဝပ်ရာ ကာမဂုဏ်ကို မှီသော ဂေဟသိတဥပေက္ခာ ဟူ၍ ဆိုအပ်၏”။ ဤသို့အစရှိသော နည်းဖြင့်လာသော ကာမဂုဏ်ကိုမှီသော အညာဏဖြစ်သော ဥပေက္ခာသည် အပြစ်,ဂုဏ်ကျေးဇူးကို အထူးမစိစစ် မဆင်ခြင်သော အားဖြင့် သဘောတူသည့်အဖြစ်ကြောင့် နီးသောရန်သူ မည်၏၊ ဗြဟ္မဝိဟာရဥပေက္ခာသဘောသည် ရာဂ ပဋိဃတို့နှင့် သဘော မတူသည့်အဖြစ်ကြောင့် ဝေးသောရန်သူ မည်၏၊ ထို့ကြောင့်

ထိုရာဂ, ပဋိဃမှ ကြောက်ရွံ့ခြင်း ကင်းသည်ဖြစ်၍ လျစ်လျူရှုသောအားဖြင့် ဥပေက္ခာကို ပွါးစေအပ်၏၊ ဥပေက္ခာမည်သည်ကိုမူလည်း ဖြစ်စေလတ္တံ့၊ တပ်နှစ်သက်ခြင်းလည်း ဖြစ်လတ္တံ့၊ ညှဉ်းဆဲခြင်းလည်း ဖြစ်လတ္တံ့ ဟု ဤသို့ဖြစ်နိုင်သော အကြောင်းသည် မရှိ။

၂၆၆။ ထို့ပြင် အလုံးစုံသော ဤမေတ္တာစသော ဗြဟ္မဝိဟာရတရားတို့၏ ပြုလိုသည့်အဖြစ် ဟူသော ဆန္ဒသည် အစဖြစ်၏၊ နီဝရဏစသည်ကို ခွါခြင်းသည် အလယ်မည်၏၊ အပ္ပနာသည် အဆုံးမည်၏။ ပညတ် ဟု ဆိုအပ်သော တရား၏အစွမ်းဖြင့် တဦးသော သတ္တဝါသည်၎င်း, များစွာသော သတ္တဝါတို့သည်၎င်း အာရုံမည်၏၊ ဥပစာရသို့သော်၎င်း, အပ္ပနာသို့သော်၎င်း ရောက်သည်ရှိသော် အာရုံကို ပွါးခြင်းသည် ဖြစ်၏။

ထိုအာရုံကိုပွါးခြင်း၌ ဤဆိုလတ္တံ့သည်ကား ပွါးစေသော အစဉ်တည်း—လိမ္မာသော လယ်သမားသည် ထွန်အပ်သော အရပ်ကိုပိုင်းခြား၍ ထွန်ဘိသကဲ့သို့ ထို့အတူ လက်ဦးစွာ တခုသော ကျောင်းတိုက်ကိုပိုင်းခြား၍ ထိုကျောင်းတိုက်၌ရှိသော သတ္တဝါတို့ကို "ဤကျောင်းတိုက်၌နေကုန်သော သတ္တဝါတို့သည် ရန်မရှိသည် ဖြစ်ပါစေကုန်" ၊ ဤသို့ အစရှိသောနည်းဖြင့် မေတ္တာကို ပွါးအပ်၏၊ ထိုတခုသော ကျောင်းတိုက်၌ ဘာဝနာစိတ်ကို နူးညံ့အောင် အမှုခံအောင်ပြု၍ နှစ်ခုသော ကျောင်းတိုက်တို့ကို ပိုင်းခြားအပ်ကုန်၏။ ထို့နောက် အစဉ်အတိုင်း ကျောင်းတိုက် သုံးခု, လေးခု, ငါးခု, ခြောက်ခု, ခုနစ်ခု, ရှစ်ခု, ကိုးခု, ဆယ်ခု၊ တခုသောခရီးလမ်း, ရွာပက်ပက်, ဟပ္ပါလုံး, ဇနပုဒ်တခု, တိုင်းပြည်တခု, တခုသောအရပ်မျက်နှာ ဟု ဤသို့လျှင် တခုသော စကြဝဠာတိုင်အောင် ပိုင်းခြားအပ်၏၊ ထိုစကြဝဠာတခုထက် အလွန်လည်း ထိုထိုစကြဝဠာတို့၌ နေကုန်သောသတ္တဝါတို့၌ မေတ္တာကို ပွါးအပ်၏။ ထို့အတူ ကရုဏာ အစရှိသည်တို့ကိုလည်း ပွါးအပ်ကုန်၏၊ ဤသည်ကား ဤဗြဟ္မဝိဟာရ၌ အာရုံကို ပွါးစေသော အစဉ်ပေတည်း။

၂၆၇။ ထို့ပြင် အရူပဈာန်တို့သည် ကသိုဏ်းဈာန်တို့၏ အကျိုးဖြစ်သကဲ့သို့ နေဝသညာ နာသညာယတန ဈာန်သည် ရူပဈာန်သမာဓိနှင့် အောက်အရူပဈာန် သမာဓိတို့၏ အကျိုးဖြစ်သကဲ့သို့ ဖလသမာပတ်သည် ဝိပဿနာ၏ အကျိုးဖြစ်သကဲ့သို့ နိရောဓသမာပတ်သည် သမထ ဝိပဿနာ နှစ်ပါးတို့၏ အကျိုးဖြစ်သကဲ့သို့ ဤအတူ ဤဗြဟ္မဝိဟာရ လေးပါးတို့တွင် ဥပေက္ခာ ဗြဟ္မဝိဟာရ သည် ရှေးဖြစ်သော ဗြဟ္မဝိဟာရတရား သုံးပါး၏ အကျိုးဆက်ဖြစ်၏။

ထင်ရှားစေဦးအံ့–တိုင်တို့ကို မစိုက်မထူမူ၍ ထုပ်လျောက်တို့ကို မတင်မူ၍ ကောင်းကင်၌ အထွဋ်တင်ထားခြင်းငှါ မတတ်ကောင်း သကဲ့သို့ ထို့အတူ ရှေးမေတ္တာ, ကရုဏာ, မုဒိတာ ဗြဟ္မဝိဟာရ တို့၌ ရအပ်သော တတိယဈာန်ကိုကြဉ်၍ စတုတ္ထဖြစ်သော ဥပေက္ခာ ဗြဟ္မဝိဟာရကို ပွါးခြင်းငှါ မတတ်ကောင်း။

၂၆၈။ ဤဗြဟ္မဝိဟာရကထာ၌ အဘယ့်ကြောင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ကို ဗြဟ္မဝိဟာရဟူ၍ ဆိုအပ်သနည်း၊ အဘယ့်ကြောင့် လေးပါးတို့ဟူ၍သာ ဆိုအပ်သနည်း၊ ထိုလေးပါးတို့၏ အစဉ်ကား အဘယ် နည်း၊ အဘိဓမ္မာ၌ကား အဘယ့်ကြောင့် အပ္ပမညာ ဟူ၍ ဆိုအပ်သနည်း။

အဖြေကိုဆိုအံ့–မြတ်သော အနက်သဘောကြောင့်၎င်း, အပြစ် ဒေါသမရှိသည့်အဖြစ်ကြောင့်၎င်း ဗြဟ္မဝိဟာရ မည်သည့်အဖြစ်ကို သိအပ်၏။ သတ္တဝါတို့၌ ကောင်းသော အကျင့်၏ အဖြစ်ကြောင့် ထိုဗြဟ္မဝိဟာရတို့သည်မြတ်ကုန်၏၊ထို့ပြင်ဥပပါတ်ဗြဟ္မာတို့သည် အပြစ်ကင်းသော စိတ်ရှိကုန်သည်ဖြစ်၍ နေကုန်သကဲ့သို့ ထို့အတူ ထိုမေတ္တာ စသော တရားတို့နှင့် ယှဉ်သော ယောဂီပုဂ္ဂိုလ်တို့သည် လည်း ဗြဟ္မာနှင့်တူသည်ဖြစ်၍ နေကုန်၏။ ဤသို့လျှင် မြတ်သော အနက်သဘောကြောင့်၎င်း, အပြစ်ဒေါသမရှိသည့် အဖြစ်ကြောင့် ၎င်း ထိုလေးပါးတို့ကို ဗြဟ္မဝိဟာရ ဟူ၍ ဆိုအပ်ကုန်၏။

၂၆၉။ ကျန်သော အမေးပုစ္ဆာတို့၏ အဖြေကား—

**ဝိသုဒ္ဓိမဂ္ဂါဒိဝသာ စတဿော၊**
**ဟိတာဒိအာကာရဝသာ ပနာသံ။**
**ကမော ပဝတ္တန္တိ စ အပ္ပမာဏေ၊**
**တာ ဂေါစရေ ယေန တဒပ္ပမညာ။**

ဗျာပါဒ သံကိလေသ စသည်မှ စင်ကြယ်ခြင်း၏ အစွမ်း စသည်ဖြင့် လေးပါး ဖြစ်ကုန်၏၊ အစီးအပွါးကို ကျင့်ခြင်း စသည် အခြင်းအရာ၏ အစွမ်းအားဖြင့် မေတ္တာ အစရှိသည် တို့၏အစဉ်သည် ဖြစ်ကုန်၏၊ ထိုမေတ္တာ စသည်တို့သည် ပမာဏ ကင်းသော သတ္တ ပညတ် ဟူသော အာရုံ၌ အကြင့်ကြောင့် ဖြစ်ကုန်၏၊ ထို့ကြောင့် အပ္ပမညာ ဟူ၍ ဆိုအပ်ကုန်၏။ ဤကား အကျဉ်းတည်း။

အကျယ်ချဲ့၍ ဆိုဦးအံ့—ထိုမေတ္တာစသော လေးပါးတို့တွင်—

(၁) အကြင့်ကြောင့် မေတ္တာသည် ဗျာပါဒဖြစ်ခြင်းများသူ၏, ကရုဏာသည် ဝိဟိံသ ဖြစ်ခြင်း များသူ၏, မုဒိတာသည် အရတိ ဖြစ်ခြင်းများသူ၏, ဥပေက္ခာသည် ရာဂ ဖြစ်ခြင်း များသောသူ၏ စင်ကြယ်ခြင်း အကြောင်းဖြစ်၏။

(၂) အကြင့်ကြောင့်လည်း အစီးအပွါးကိုကပ်၍ ဆောင်ခြင်း, စီးပွါးမဲ့ အနတ္ထကို ပယ်ဖျောက်ခြင်း, စည်းစိမ်နှင့် ပြည့်စုံသည်ကို ဝမ်းမြောက်ခြင်း, ပြစ်မှားခြင်း, စုံမက်ခြင်း ဘက်တို့သို့ကျသော အားဖြင့် နှလုံးမသွင်းဘဲ လျစ်လျူရှုခြင်းအားဖြင့် လေးပါးအပြား ရှိသော သတ္တဝါတို့၌ နှလုံးသွင်းခြင်းသည်ဖြစ်၏။

(၃) အကြင့်ကြောင့်လည်း အမိသည် ငယ်နုသော သား, နာမကျန်းသော သား, အရွယ်ရောက်သော သား, မိမိကိစ္စ၌ လိမ္မာရေးခြားရှိသော သား၊ ဤလေးယောက်သော သားတို့တွင် ငယ်နုသောသား၏ ကြီးပွါးခြင်းကို အလိုရှိ၏၊ မကျန်းမာသော သား၏ အနာပျောက်ငြိမ်းခြင်းကို အလိုရှိ၏၊ အရွယ်ရောက်သော သား၏ အဆင်းအရွယ်နှင့် ပြည့်စုံ၍ မြင့်ရှည်စွာ တည်နေခြင်းကို

အလိုရှိ၏၊ မိမိကိစ္စကို လေ့ကျက်ဆောင်ရွက်နိုင်သော သားအား တစုံတရာသော အကြောင်းအားဖြင့်မျှ ကြောင့်ကြ မျာပါရမရှိ ဖြစ်၏။ ဤသို့အမိသည် သားခလေးယောက်တို့၌ ကျင့်သကဲ့သို့ ထို့အတူ မြဟ္မစိုရ်ဟရားဖြင့် နေလေ့ရှိသော ရဟန်းသည်လည်း အလုံးစုံသော သတ္တဝါတို့၌ မေတ္တာအစရှိသည်တို့၏ အစွမ်းဖြင့် မေတ္တာပွါးခြင်း စသည်၌ လေ့လာခြင်းရှိသည် ဖြစ်သင့်၏။ ထို ဆိုအပ်ခဲ့ပြီးသော အကြောင်းသုံးပါးတို့ကြောင့် ဤဝိသုဒ္ဓိမဂ္ဂ အစ ရှိသော အစွမ်းဖြင့် အပ္ပမညာသည် လေးပါးသာရှိသတည်း။

အကြင့်ကြောင့် ဤမေတ္တာစသော လေးပါးလုံးကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အစီးအပွါးကို ကျင့်သော အခြင်း အရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိသော မေတ္တာ၏အစွမ်းဖြင့် သတ္တဝါတို့၌ ကျင့်အပ်၏၊ မေတ္တာသည် အစီးအပွါးကို ကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏။

ထို့နောက် ဤသို့သော အခြင်းအရာအားဖြင့် တောင့်တအပ် ပြီးသော အစီးအပွါးရှိကုန်သော သတ္တဝါတို့အား ဆင်းရဲနှိပ်စက် သည်ကို မြင်၍၎င်း,ကြား၍၎င်း ဤ အကျင့်ဖြင့် ဤသူ ငရဲ စသည်၌ ဖြစ်ရှာရလေအံ့ ဟု ကြံ၍၎င်း, ဆင်းရဲကိုပယ်လိုသော အခြင်းအရာ ဖြစ်ခြင်း၏အစွမ်းဖြင့် ကျင့်အပ်၏၊ ကရုဏာသည် ဆင်းရဲကို ပယ်လိုသောအခြင်းအရာဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏။

ထို့နောက် ဤသို့သော အခြင်းအရာအားဖြင့် တောင့်တ အပ်သော အစီးအပွါးရှိကုန်သော ဒုက္ခ၏ကင်းခြင်းကို တောင့်တ အပ်ပြီးသည်လည်း ဖြစ်ကုန်သော ထိုသတ္တဝါတို့၏ ပြည့်စုံခြင်းကို မြင်၍ စည်းစိမ်နှင့် ပြည့်စုံသည်ကို ဝမ်းမြောက်သည်၏ အစွမ်းဖြင့် ကျင့်အပ်၏၊ မုဒိတာသည် ဝမ်းမြောက်ခြင်းလက္ခဏာ ရှိ၏။

ထို့နောက် ပြုဘွယ်ကိစ္စ၏ မရှိခြင်းကြောင့် လျစ်လျူရှုသူ၏ အဖြစ်ဟု ဆိုအပ်သော အလယ်,အလတ်သဘောဟူသော အခြင်း အရာဖြင့် ကျင့်အပ်၏၊ ဥပေက္ခာသည် အလယ်,အလတ် သဘော ဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ထို့ကြောင့်

ဤဆိုအပ်ပြီးသော အစီးအပွါးကို ကျင့်ခြင်း အစရှိသော အခြင်းအရာ အစွမ်းအားဖြင့် ထိုမေတ္တာ အစရှိသည်တို့တွင် ရှေးဦးစွာ မေတ္တာကို ဆိုအပ်၏၊ ထို့နောက် ကရုဏာကို, ထို့နောက် မုဒိတာကို, ထို့နောက် ဥပေက္ခာကို ဆိုအပ်၏၊ ဤအစဉ်ကို သိအပ်၏။

ထို့ပြင် အကြင့်ကြောင့် အလုံးစုံကုန်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့သည် ပမာဏမရှိသော သတ္တဝါအာရုံ၌ ဖြစ်ကုန်၏။ ထိုစကား မှန်သည်–ပမာဏမရှိကုန်သော သတ္တဝါတို့သည် ထိုမေတ္တာ အစရှိသည်တို့၏ အာရုံဖြစ်ကုန်၏၊ သတ္တဝါတယောက်တည်း ဖြစ်စေကာမူ ဤမျှသော အရပ် တစိတ်၌ မေတ္တာ အစရှိသည်တို့ကို ပွါးအပ်ကုန်၏၊ ဤသို့ ပမာဏကို မယူမူ၍ အလုံးစုံသော ကိုယ်,အရပ်ကို နှံ့စေသည်၏အစွမ်းဖြင့် သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် "ဝိသုဒ္ဓိမဂ္ဂါဒိဝသာ....။ပ။.... တဒမပ္ပမညာ"ဟူသော ဂါထာကို ငါဆိုအပ်၏။

၂၇၀။ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် အပ္ပမာဏလျှင် အာရုံရှိသည့်အဖြစ်ဖြင့် လက္ခဏာတူသော်လည်း ထိုအပ္ပမညာတို့တွင် ရှေးဖြစ်ကုန်သော မေတ္တာ, ကရုဏာ, မုဒိတာ သုံးပါးတို့သည် တိကဈာန်, စတုက္ကဈာန် တို့နှင့်သာ ယှဉ်ကုန်၏။

အဘယ့်ကြောင့် ဆိုသော် သောမနဿနှင့် မကွေမကွာ ယှဉ်ခြင်းကြောင့် ပေတည်း၊ ထိုမေတ္တာ, ကရုဏာ, မုဒိတာတို့သည်အဘယ့်ကြောင့် သောမနဿနှင့် မကွေမကွာ ယှဉ်ကုန်သနည်း၊ ဒေါမနဿကြောင့် ဖြစ်ကုန်သော ဗျာပါဒ အစရှိသည်တို့၏ ကျွတ်လွတ်ကြောင်း ဖြစ်သောကြောင့် သောမနဿနှင့် မကွေမကွာ ယှဉ်သည် ဖြစ်၏၊ နောက်ဆုံးဖြစ်သော ဗြဟ္မဝိဟာရုပေက္ခာမူကား အကြွင်းဖြစ်သော စတုတ္ထဈာန် တခုနှင့်သာ ယှဉ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သောကြောင့် ပေတည်း။ သတ္တဝါတို့၌ လျစ်လျူရှုသော

အခြင်းအရာအားဖြင့် ဖြစ်သော ပြဟ္မဝိဟာရုပေက္ခာသည် ဥပေက္ခာဝေဒနာကို ကြည့်၍ မဖြစ်။

### စေတနာဘွယ်ရှိသည်ကား

၂၇၁။ မြတ်စွာဘုရားသည် **အဋ္ဌကနိပါတ်**၌ ' “အို-ရဟန်း, သင်သည် ထိုအခါ၌ ဝိတက်နှင့်လည်း တကွဖြစ်သော ဝိစာရနှင့်လည်း တကွဖြစ်သော ဤသမာဓိကို ပွါးစေလော့၊ ဝိတက်မရှိ, ဝိစာရမျှသာရှိသော ဤသမာဓိကိုလည်း ပွါးစေလော့၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော ဤသမာဓိကို ပွါးစေလော့၊ ပီတိရှိသည်လည်းဖြစ်သော ဤသမာဓိ ကိုလည်း ပွါးစေလော့၊ ပီတိ မရှိသော ဤသမာဓိ ကိုလည်း ပွါးစေလော့၊ သုခနှင့် တကွဖြစ်သော ဤသမာဓိကို ပွါးစေလော့၊ ဥပေက္ခာနှင့် တကွဖြစ်သော ဤသမာဓိကို ပွါးစေလော့”ဟူ၍ လေးပါးသော အပ္ပမညာတို့၌လည်း မထူးမခြားသောအားဖြင့် ဟောတော်မူအပ်၏။ ထို့ကြောင့် အပ္ပမညာ လေးပါးတို့သည်ပင် စတုက္က, ပဉ္စကဈာန်ရှိသော တရားတို့ပေတည်းဟု အကယ်၍ တစုံတယောက်သော သူက စေတနာငြားအံ့၊ ထိုသူကို ဤသို့ မဆိုလင့်ဟု ပြောဆိုအပ်သည် ဖြစ်ရာ၏။

ဤသို့ သင် စေတနာသည် အခြေမူလ ကာမာဝစရ သမာဓိ၌ ဟောအပ်သော အနက်ကို အခြားမဲ့၌ ဟောအပ်ကာမျှဖြင့် ပြဟ္မဝိဟာရတို့၌ အကယ်၍ ထည့်တုံအံ့၊ ဤသို့ ထည့်ခဲ့သည် ဖြစ်ချေသော် ကာယာနုပဿနာ, ဝေဒနာနုပဿနာ အစရှိသည် ကိုသည်လည်း စတုက္က, ပဉ္စကဈာန်တို့ ဖြစ်ကုန်ရာ၏၊ ဝေဒနာ အစရှိသည်တို့၌ ပဌမဈာန်မျှလည်း မရှိချေ၊ ဒုတိယဈာန် စသည်တို့၌ကား အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့နည်း၊ မရှိသည်သာတည်း။ ထို့ကြောင့် သဒ္ဒါ အရိပ်အမြွက်မျှကိုယူ၍ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်။ ထိုစကားမှန်သည်၊ မြတ်စွာဘုရား၏

စကားတော်သည် အလွန် နက်နဲ၏။ ထိုမြတ်စွာဘုရား စကားတော်ကို ဆရာကိုဆည်းကပ်၍–အလိုတော်နှင့် လျော်ညီစွာ ယူအပ်၏။

၂၇၂။ ဤဆိုလတ္တံ့သည်ကား ထိုသုတ်၌ ဆိုလိုသောအဓိပ္ပါယ်ပေတည်း။ "အရှင်ဘုရား, တောင်းပန်ပါ၏၊ အကျွန်ုပ်အား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားဟောတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နာယူ၍ တယောက်ထည်းတည်း ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေပါအံ့"ဟု ဤသို့လျှင် တရားဟောရန် တောင်းပန်အပ်ပြီးသော ထိုရဟန်းကို ထိုရဟန်းသည် ရှေးကလည်း တရားတော်ကိုနာ၍ ထိုအရပ်၌သာ နေ၏၊ ရဟန်းတရားကို အားထုတ်ခြင်းငှါ မသွား။

ထို့ကြောင့် ထိုရဟန်းကို မြတ်စွာဘုရားသည် "ဤသာသနာတော်၌ အချို့ကုန်သော မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော သူတို့သည် ငါဘုရားကိုသာလျှင် အကျိုးမဲ့ တောင်းပန်ကြကုန်၏။ တရားတော်ကို ဟောပါသော်လည်း ငါဘုရားကိုသာ သွားလေရာရာ လိုက်ပါအပ်၏ဟု အောက်မေ့ကြကုန်၏"ဟု မောင်းမဲတော်မူ၍ တဖန် ထိုရဟန်းသည် အရဟတ္တဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံသောကြောင့် ထိုရဟန်းကို ဆုံးမတော် မူလိုသည်ဖြစ်၍ "အိုရဟန်း, ထိုသို့ ဖြစ်တပြီးကား ဤသာသနာတော်၌ သင်သည် ဤသို့ ကျင့်အပ်၏၊ ငါ၏စိတ်သည် ဂေါစရဇ္ဈတ္တဟူသော ကမ္မဋ္ဌာန်းအာရုံ၌ တည်သည် ဖြစ်အံ့၊ ကောင်းစွာ တည်ထားအပ်သည် ဖြစ်ပေလတ္တံ့၊ ဖြစ်ပေါ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် စိတ်ကို ကုန်စေ၍ တည်လတ္တံ့"ဟု ကျင့်အပ်၏။

ဒိုး-ရဟန်း, သင်သည် ဤသို့ ငါဘုရား ဟောသောအတိုင်း ကျင့်အပ်၏ဟု ထိုရဟန်းအား ဤအဆုံးအမဖြင့် နိယျာနိကတွ၏ အစွမ်းဖြင့် စိတ်၏တည်ကြည်ကာမျှ ဖြစ်သော မူလ သမာဓိကို ဟောအပ်၏၊ ထို့နောက် ဤမူလ သမာဓိဖြင့်သာ ရောင့်ရဲ အားရခြင်းသို့ မရောက်မူ၍ ထိုသမာဓိကိုပင် ဤဆိုလတ္တံ့သော အတိုင်း ပွါးအပ်၏ဟု ပြခြင်းငှါ "ဒိုး-ရဟန်း, အကြင်အခါ၌ သင်၏စိတ်သည် တည်သည်ဖြစ်၏၊ ထို့ကြောင့် ကောင်းစွာ ထားအပ်သည် ဖြစ်၏၊ ဖြစ်ပေါ်ကုန်သော ယုတ်မာသော အကုသိုလ် တရားတို့သည် စိတ်ကိုကုန်စေ၍ မတည်ကုန်၊ ဒိုး-ရဟန်း, ထိုအခါမှနောက်၌ သင်သည် ငါဘုရားဟောသောအတိုင်း ကျင့်အပ်၏၊ ငါ၏ မေတ္တာနှင့်ယှဉ်သော စေတော ဝိမုတ္တိသည် ပွါးစေအပ်သည်, အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်, ကအပ်ပြီးသော ယာဉ်ကဲ့သို့ ပြုအပ်သည်, တည်ရာဝတ္ထုကဲ့သို့ ပြုအပ်သည်, အဖန် တလဲလဲ ဖြစ်စေအပ်သည်, လေ့လာအပ်သည်, ကောင်းစွာ အားထုတ်အပ်သည် ဖြစ်လတ္တံ့"ဟု ဤသို့ ကျင့်အပ်၏။ ဒိုး-ရဟန်း, သင်သည် ဤသို့ ငါဘုရား ဟောခဲ့ပြီ ဆိုခဲ့သောအတိုင်း ကျင့်အပ်၏။

ဤသို့လျှင် ထိုရဟန်းအား မေတ္တာ၏အစွမ်းဖြင့် ဘာဝနာ ပွါးခြင်းကို ဟောတော်မူပြီး၍ တဖန်—"ဒိုး-ရဟန်း, အကြင်အခါ၌ သင်သည် ဤသမာဓိကို ငါဘုရား ဟောသောအတိုင်း ပွါးများ သည်,အကြိမ်များစွာ အလေ့အလာ ပြုသည်ဖြစ်၏။ ထိုအခါ၌ ဒိုး-ရဟန်း,သင်သည် ဤမူလသမာဓိကို ဝိတက်နှင့်တကွ ဖြစ်သည် ကိုလည်း,ဝိစာရနှင့်တကွ ဖြစ်သည်ကိုလည်း ပြု၍ပွါးလေလော့....။ပ။.... ဥပေက္ခာနှင့်တကွ ဖြစ်သည်ကိုလည်း ပြု၍ ပွါးလေလော့"ဟူ၍ ဟောအပ်၏။

## ထိုပါဠိတော်၏ ဆိုလိုသောအနက်ကား

"ဒိုး-ရဟန်း, အကြင်အခါ၌ သင်သည် ဤမူလ သမာဓိကို မေတ္တာ၏အစွမ်းဖြင့် ပွါးစေအပ်ပြီးသည် ဖြစ်အံ့၊ ထိုအခါ၌ သင်သည် ထိုသို့ပွါးစေကာမျှဖြင့်လည်း ရောင့်ရဲ ကင်းကိမ်ခြင်းသို့

မရောက်မူ၍ ဤမှုလသမာဓိကို ကပါးသောအာရုံတို့၌လည်း စတုက္က ဈာန်, ပဉ္စကဈာန်တို့သို့ရောက်စေလျက် ဝိတက်နှင့်တကွ,ဝိစာရနှင့် တကွ ဤသို့ အစရှိသောနည်းဖြင့် ပွါးလေလော့”ဟု ဆိုလို၏။

ဤသို့ ဟောတော်မူပြီး၍လည်း တဖန် ကရုဏာ အစရှိသော မေတ္တာမှကြွင်းသော ဗြဟ္မဝိဟာရ ရှေ့သွားရှိသည်လည်းဖြစ်သော ပထဝီကသိုဏ်းစသော တပါးသော အာရုံတို့၌ စတုက္ကဈာန်, ပဉ္စကဈာန်၏ အစွမ်းဖြင့် ယိုရဟန်းအား ပွါးခြင်းကိုပြုလော့ဟု ဤသို့ ပြလိုသည်ဖြစ်၍–“အိုု-ရဟန်း, အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ဟောသောအတိုင်း ပွါးသည်,အကြိမ်များစွာ အလေ့အလာပြုသည် ဖြစ်အံ့၊ အို-ရဟန်း, ထိုအခါ သင်သည် ငါ၏ စေတောဝိမုတ္တိသည် ကရုဏာနှင့် ယှဉ်သည်ဖြစ်အံ့ဟု ဤသို့ ကျင့်အပ်၏” ဤသို့ အစရှိသည်ဖြင့် ဟောတော်မူအပ်၏။

ဤသို့လျှင် မေတ္တာစသည် ရှေ့သွားရှိသော စတုက္ကဈာန်, ပဉ္စကဈာန်တို့၏အစွမ်းဖြင့် ဘာဝနာပွါးခြင်းကို ပြပြီး၍ တဖန် ကာယာနုပဿနာ အစရှိသည် ရှေ့သွားရှိသော ဘာဝနာ ပွါးခြင်းကို ပြအံ့သောငှါ–“အို-ရဟန်း, အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ပွါးစေအပ်သည်, အကြိမ်များစွာ အလေ့ အလာပြုအပ်သည် ဖြစ်အံ့၊ အို-ရဟန်း,ထိုအခါ သင်သည် ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေအံ့၊ ဤသို့ ကျင့်အပ်၏” ဤသို့ အစရှိသောစကားကို ဟောတော်မူပြီး၍–“အို-ရဟန်း, သင်သည်အကြင်အခါ၌ ဤသမာဓိကို ဤသို့ ဆိုအပ်ခဲ့ပြီးသော အတိုင်း ပွါးအပ်ပြီးသည်, ကောင်းစွာ ပွါးအပ်သည်ဖြစ်အံ့၊ အို-ရဟန်း, ထိုအခါ၌ သင်သည် အကြင်အကြင်အရပ်၌ သွားအံ့၊ မထိဘေးချမ်း ချမ်းသာစွာသာလျှင် သွားရလတ္တံ့၊ အကြင် အကြင်အရပ်၌ရပ်အံ့၊ ချမ်းသာစွာသာလျှင် ရပ်ရလတ္တံ့၊ အကြင် အကြင်အရပ်၌ ထိုင်အံ့၊ ချမ်းသာစွာသာလျှင် ထိုင်ရလတ္တံ့၊ အကြင်အကြင်အရပ်၌ အိပ်ခြင်းကို ပြုအံ့၊ ချမ်းသာစွာသာလျှင် အိပ်ရလတ္တံ့”ဟု အရဟတ္တဖိုလ် ဟူသော အထွတ်ကိုတပ်၍ ဒေသနာတော်ကို ပြီးဆုံးစေ၏။

ထိုသို့ ဝိတက်နှင့်တကွဖြစ်သော အစရှိသော ဒေသနာကို မေတ္တာ စသည်တို့၏ အာရုံမှ တပါးသော အာရုံ၌ သမာဓိကို ရည်၍ ဟောအပ်သောကြောင့် အပ္ပမညာကိုရည်၍ မဟောအပ် သောကြောင့် မေတ္တာ, ကရုဏာ, မုဒိတာတို့သည် တိက, စတုက္က ဈာန်ရှိကုန်သည်သာ ဖြစ်ကုန်၏၊ ဥပေက္ခာသည်ကား ကြွင်းသော တခုသောစတုက္က, ပဉ္စကဈာန်ရှိသည်သာ ဖြစ်၏ဟု သိအပ်ကုန်၏။

၂၇၃။ ထို့အတူ တိက, စတုက္ကဈာန်၏ အစွမ်းဖြင့် အဘိဓမ္မာ၌ ဝေဘန်အပ်ကုန်၏၊ ဤသို့ တိက, စတုက္ကဈာန်၏ အစွမ်း ဖြင့်ငှင်း, ကြွင်းသော စတုက္ကဈာန် ပဉ္စကဈာန်၏ အစွမ်း ဖြင့်ငှင်း, နှစ်ပါး အပြားအားဖြင့် တည်သည်လည်း ဖြစ် ကုန်သော ထိုအပ္ပမညာတို့၏ သုဘဝိမောက္ခလျှင် အလွန် အကဲ အမြတ်အထွတ်ရှိသော မေတ္တာ စေတော ဝိမုတ္တိ၏ အစွမ်းဖြင့် အချင်းချင်း တပါးနှင့်တပါး မတူသော အာနုဘော်အထူးကို သိအပ်၏။

ထိုစကား မှန်သည်—**ဟာလိဒ္ဒဝသန** သုတ်၌ ထိုအပ္ပမညာတို့ကို သုဘဝိမောက္ခလျှင် အလွန်အကဲ အမြတ်အထွတ်ရှိသော မေတ္တာ စေတော ဝိမုတ္တိ စသည်တို့၏ အဖြစ်ဖြင့် တပါးနှင့်တပါး ထူးသည် ကို ပြ၍ ဟောအပ်ကုန်၏။ အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား— "အို-ရဟန်းတို့, မေတ္တာနှင့်တကွဖြစ်သော စေတော ဝိမုတ္တိကို သုဘဝိမောက္ခလျှင် အလွန်အကဲအမြတ်အထွတ် ရှိ၏ ဟူ၍ ငါဘုရားဟောတော်မူ၏။ အို-ရဟန်းတို့, ကရုဏာနှင့်တကွ ဖြစ်သော စေတော ဝိမုတ္တိကို အာကာသာနဉ္စာယတန ဈာန်- သမာပတ်လျှင် အလွန်အကဲ အမြတ်အထွတ်ရှိ၏ဟူ၍ ငါဘုရား ဟောတော်မူ၏၊ အို-ရဟန်းတို့, မုဒိတာနှင့် တကွဖြစ်သော စေတော ဝိမုတ္တိကို ဝိညာဏဉ္စာယတန သမာပတ်လျှင် အလွန် အကဲ အမြတ်အထွတ် ရှိ၏ဟူ၍ ငါဘုရားဟောတော်မူ၏၊ အို-ရဟန်းတို့, ဥပေက္ခာနှင့်တကွဖြစ်သော စေတော ဝိမုတ္တိကို အာကိဉ္စညာယတန သမာပတ်လျှင် အလွန်အကဲ အမြတ်အထွတ် ရှိ၏ ဟူ၍ ငါဘုရားဟောတော်မူ၏" ဟု ဟောအပ်၏။

အဘယ့်ကြောင့် ထိုအပ္ပမညာတို့ကို ဤသို့ ဤသုဘဝိမောက္ခ လျှင် လွန်ကဲ မြတ်ထွတ်သည်၏အစွမ်းဖြင့် ဟောအပ်သနည်း၊ ထိုထို ဝိမောက္ခ၏ အားကြီးသော မှီရာ ဥပနိဿယပစ္စည်း၏ အဖြစ် ကြောင့် ဟောအပ်၏၊ ထင်ရှားစေဦးအံ့—

မေတ္တာဖြင့် နေလေ့ရှိသူအား သတ္တဝါတို့သည် မစက်ဆုပ် မရွံရှာအပ်ကုန်၊ ထိုအခါ မေတ္တာနှင့်နေသော ပုဂ္ဂိုလ်၏ မရွံရှာ သော အခြင်းအရာကို လေ့ကျက်အပ်ပြီးသည့် အဖြစ်ကြောင့် မစက်ဆုပ် မရွံရှာအပ်ကုန်သော စင်ကြယ်သော အဆင်းရှိကုန် သော နီလကသိုဏ်း စ သည် တို့ ၌ ဘာဝနာ စိတ် ကို ကပ်၍ ဆောင်သည်ရှိသော် မငြိုမငြင်သဖြင့်သာလျှင် ထိုနီလစသော အာရုံ၌ ဘာဝနာစိတ်သည် ပြေးဝင်၏။ ထို့ကြောင့် မေတ္တာသည် သုဘဝိမောက္ခ၏ အားကြီးသော မှီရာ ဥပနိဿယပစ္စည်း ဖြစ်၏။ ထိုသုဘဝိမောက္ခထက် အလွန် တစုံတခုသော ဝိမောက္ခ၏ အားကြီးသော မှီရာ မဖြစ်။ ထို့ကြောင့် သုဘဝိမောက္ခလျှင် အလွန်အကဲ အမြတ်အထွတ်ရှိ၏ ဟူ၍ ဟောအပ်၏။

ပုတ်ခတ်ကြောင်းဖြစ်သော လုံတံ စသော ရုပ်လျှင် အကြောင်း ရှိသောသတ္တဝါတို့အား ဖြစ်သော ဆင်းရဲဒုက္ခကို အဖန်တလဲလဲ ရှုသောကရုဏာဖြင့် နေလေ့ရှိသော သူသည် ကရုဏာ၏ ဖြစ်ခြင်း၏ ဖြစ်သင့်သောကြောင့် ရုပ်အဖြစ်သည် အလွန်ထင်ရှား သည် ဖြစ်၏၊ ထိုသို့ထင်ရှားလတ်သော် ထိုကရုဏာဖြင့် နေလေ့ ရှိသောသူ၏ အလွန် ထင်ရှားသောရုပ်၌ အပြစ်ရှိသည့်အဖြစ် ကြောင့် ပထဝီကသိုဏ်း အစရှိသော ကိုးပါးသော ကသိုဏ်း တို့တွင် တပါးပါးသောကသိုဏ်းကိုခွါ၍ ရုပ်၏ ကင်းကွာကြောင်း ဖြစ်သော ကောင်းကင်ပညတ်၌ စိတ်ကိုကပ်၍ ဆောင်သည် ရှိသော် ထိုပုဂ္ဂိုလ်အား မငြိုမငြင်သဖြင့်သာလျှင် ထိုကောင်းကင် ပညတ်၌ စိတ်သည်ပြေးဝင်၏။ ထို့ကြောင့် ကရုဏာသည် အာကာသာနဉ္စာ သမာပတ်၏ အားကြီးသော မှီရာ ဥပနိဿယ ဖြစ်၏၊ ထိုအာကာသာနဉ္စာ သမာပတ်ထက် အလွန် တစုံ တခုသော ဝိမောက္ခ၏ အားကြီးသော မှီရာသည် မဖြစ်။

ထို့ကြောင့် ကရုဏာကို အာကာသာနဉ္စာ သမာပတ်လျှင် အလွန်အကဲ အမြတ်အထွတ်ရှိ၏ ဟူ၍ ဟောအပ်၏။

ထို့ပြင် ထိုထိုသို့သော ဝမ်းမြောက်ခြင်း၏ အကြောင်းဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်ကုန်သော သတ္တဝါတို့အား ဖြစ်သော ဝမ်းမြောက်ခြင်းရှိသော ဝိညာဉ်ကို အဖန်တလဲလဲ ရှုသော မုဒိတာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား မုဒိတာ ဖြစ်ခြင်း၏ ဖြစ်သင့်သောကြောင့် ဝိညာဉ်ကိုယူခြင်း၌ လေ့လာသော စိတ် ရှိသည် ဖြစ်၏။ ထိုအခါ၌ အစဉ်အတိုင်း ရပ်၌ တပ်ခြင်းကင်းသော ဘာဝနာဖြင့် ရအပ်သော အာကာသာနဉ္စာယတနစျာန်ကို လွန်၍ အာကာသနိမိတ်လျှင် အာရုံရှိသော ပဌမာရုပ္ပဝိညာဉ်၌ စိတ်ကို ကပ်၍ဆောင်သော ထိုမုဒိတာ ဝိဟာရီပုဂ္ဂိုလ်အား မငြိုမငြင် သဖြင့်သာလျှင် ထိုပဌမာရုပ္ပ ဝိညာဉ်၌ ဝိညာဏဉ္စာယတနစိတ် သည် ပြေးဝင်၏။ ထို့ကြောင့် မုဒိတာသည် ဝိညာဏဉ္စာယတန သမာပတ်၏ အားကြီးသော မှီရာဖြစ်၏၊ ထိုဝိညာဏဉ္စာ သမာပတ် ထက် အလွန်တစုံတခုသော ဝိမောက္ခ၏ အားကြီးသော မှီရာ သည် မဖြစ်၊ ထို့ကြောင့် မုဒိတာကို ဝိညာဏဉ္စာယတန သမာပတ် လျှင် အလွန်အကဲ အမြတ်အထွတ် ရှိ၏ ဟူ၍ ဟောအပ်၏။

အထူးကား—ဥပေက္ခာ ဝိဟာရီ ပုဂ္ဂိုလ်အား သတ္တဝါတို့သည် ချမ်းသာကြပါစေကုန်သတည်းဟူ၍၎င်း ဆင်းရဲဒုက္ခမှ လွတ်မြောက် ပါစေ ဟူ၍၎င်း၊ ရသော စည်းစိမ် ချမ်းသာမှ မကင်းလွတ်ပါစေ သတည်း ဟူ၍၎င်း၊ ဤသို့သော နှလုံးသွင်းခြင်း မရှိသည့်အဖြစ် ကြောင့် သုခဒုက္ခစသော ပရမတ္ထကို ယူခြင်းမှ မျက်နှာ လွှဲသည့် အဖြစ်ကြောင့် ပရမတ္ထအားဖြင့် မရှိသော သက်သက် ပညတ်ကို ယူခြင်းကြောင့် ဆင်းရဲ ငြိုငြင်သောစိတ်သည် ဖြစ်၏။ ထိုသို့ ဖြစ်သောကြောင့် ပရမတ္ထကို ယူခြင်းမှ မျက်နှာလွှဲသည့်အဖြစ်ဖြင့် လေ့ကျက်အပ်ပြီးသော စိတ်ရှိသော ပရမတ္ထအားဖြင့် မရှိသော ပညတ်ကို ယူခြင်းကြောင့် ဆင်းရဲငြိုငြင်သော စိတ်ရှိသည်လည်း ဖြစ်သော ထိုဥပေက္ခာ ဝိဟာရီ ပုဂ္ဂိုလ်အား အစဉ်အားဖြင့် ရအပ်သော ဝိညာဏဉ္စာယတနစျာန်ကို လွန်၍ သဘောအားဖြင့်

ထင်ရှားမရှိသော ပရမတ္ထဖြစ်သော ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်၌ စိတ်ကိုကပ်၍ ဆောင်သည်ရှိသော် မငြိုမငြင်သဖြင့် သာ လျှင် ထိုနတ္ထိဘာဝပညတ်၌ အာကိဉ္စ-ညာယတန စိတ်သည် ပြေးဝင်၏။ ထို့ကြောင့် ဥပေက္ခာသည် အာကိဉ္စညာယတန ဈာန်၏ အားကြီးသော မှီရာဖြစ်၏၊ ထို အာကိဉ္စညာယတန သမာပတ်ထက် အလွန် တစုံတခုသော ဝိမောက္ခ၏ အားကြီးသော မှီရာသည် မဖြစ်။ ထို့ကြောင့် ဥပေက္ခာ စေတောဝိမုတ္တိကို အာကိဉ္စညာယတန သမာပတ်လျှင် အလွန် အကဲ အမြတ်အထွတ် ရှိ၏ဟူ၍ ဟောအပ်၏၊ ဤသို့ မှတ်အပ်၏။

၂၇၄။ ဤသို့လျှင် သုဘဝိမောက္ခလျှင် အလွန်အကဲ အမြတ် အထွတ်ဖြစ်သည်၏ အစွမ်းအားဖြင့် ထိုအပ္ပမညာတို့၏ အစွမ်းအာနုဘော်ကို သိပြီး၍ တဖန် အလုံးစုံကုန်သော ထိုအပ္ပမညာတို့ကိုဒါနအစရှိကုန်သော အလုံးစုံကောင်းသော တရားဟု ဆိုအပ်ကုန်သော ဘုရားအဖြစ်ကို ပြုတတ်သောတရားတို့၏ ပြည့်ခြင်းကို ပြုတတ်ကုန်၏ဟု သိအပ်ကုန်၏။

ထိုစကားမှန်သည်—သတ္တဝါတို့၌ အစီးအပွါးကို လိုလားသော အဖြစ်ဖြင့်၎င်း, သတ္တဝါတို့၏ ဆင်းရဲကို သည်းမခံနိုင်သည်၏ အဖြစ်ဖြင့်၎င်း, ရောက်အပ်သော စည်းစိမ်အထူးတို့၏ ရှည်မြင့်စွာ ကာလပတ်လုံး တည်ခြင်းကို လိုလားသည့်အဖြစ်ဖြင့်၎င်း, အလုံးစုံသောသတ္တဝါတို့၌ အသင်းပက္ခသို့ ကျခြင်းမရှိသည့်အဖြစ်ဖြင့်၎င်း အမှုဖြစ်သော စိတ်ရှိကုန်သောဘုရားလောင်းတို့သည် "ဤသူအား ပေးအပ်၏၊ ဤသူကား မပေးအပ်"ဟု ခွဲခြမ်းဝေဘန်ခြင်းကို မပြုမူ၍ အသုံးစုံသော သတ္တဝါတို့၏ ချမ်းသာကြောင်းဖြစ်သော အလှူဝတ္ထုကို ပေးလှူကုန်၏။ ထိုအလုံးစုံသော သတ္တဝါတို့အား ညှဉ်းဆဲ နှိပ်စက်ခြင်းကို ကြဉ်ရှောင်လျက် သီလကိုဆောက်တည်ကုန်၏၊ သီလပါရမီကို ပြည့်ခြင်းအကျိုးငှါ တောထွက်၍ ရဟန်းပြုခြင်းကို ပြုကုန်၏၊ သတ္တဝါတို့၏ အကျိုးစီးပွါး ရှိ,မရှိတို့၌ တွေဝေသောမောဟကို ဖျက်ဆီးခြင်းငှါ ပညာကို ဖြူစင်စေကုန်၏၊

သတ္တဝါတို့၏ စီးပွါးချမ်းသာအလို့ငှါ အမြဲမပြတ် လုံ့လဝီရိယကို အားထုတ်ကုန်၏၊ လွန်မြတ်သော ဝီရိယ၏အစွမ်းဖြင့် စိတ်၏ ဆုတ်နစ်ခြင်းမရှိ၊ ရဲရင့်သည်၏အဖြစ်သို့ ရောက်ကုန်လျက် သတ္တဝါ တို့၏ အသားနှုတက်စ အမာဝကိုထိုးဆွသကဲ့သို့ မခံသာအောင် အထူးထူး အပြားပြားပြုကြကုန်သော လွန်ကျူး ပြစ်မှားမှုတို့ကို သည်းခံကုန်၏၊ "ဤဝတ္ထုကို သင်တို့အား ပေးကုန်အံ့၊ ဤအမှုကို ပြုအံ့" ဟု ပြုဘူးသော ပဋိညာဉ်ဝန်ခံချက်ကို မချွတ်ယွင်းစေကုန်၊ ထိုသတ္တဝါတို့၏ စီးပွါးချမ်းသာအလို့ငှါ ဆောက်တည်အပ်သော ဒါန စသည်တို့၌ မတုန်မလှုပ် မြဲစွာတည်ကုန်၏၊ ထိုသတ္တဝါတို့၌ ဆန့်ကျင်ဘက်တို့ကြောင့် မတုန်လှုပ်သောမေတ္တာဖြင့် လက်ဦး ကျေးဇူးပြုလေ့ရှိကုန်၏၊ ဥပေက္ခာဖြင့် ကျေးဇူးတုံ့ပြန်ဆပ်ပေး ရန်ကို မတောင့်တကုန်။ ထို့ကြောင့် ပါရမီဖြည့်ကျင့်ခြင်းကို ပြုကုန်၏ဟူ၍ သိအပ်ကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပါရမီတို့ကို ဖြည့်ကျင့်၍ ဌာနာဌာနဉာဏ် စသော ဆယ်ပါးသော ဉာဏ်အားတော်, လေးပါးသော ဝေသာရဇ္ဇဉာဏ်, ခြောက်ပါးသော အသာဓာ- ရဏဉာဏ်, တဆယ့်ရှစ်ပါးသော ဘုရားကျေးဇူးတော် အပြား ရှိသော ကျေးဇူးတော်တိုင်အောင် အလုံးစုံကုန်သော အပြစ် ကင်းသော ကောင်းသော သဘောရှိသော ကျေးဇူးတရားတို့ကို ပြည့်စေနိုင်ကုန်၏။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော အခြင်း အရာအားဖြင့် ထိုအပ္ပမညာတို့သည် ဒါန အစရှိသော ကောင်း သော တရားတို့ကို ပြည့်စေတတ်ကုန်သည် ဖြစ်သည်သာတည်း။

ဤသို့လျှင် သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှါ
ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း၌ သမာဓိ ဘာဝနာကို
ညွှန်ပြ ဟောကြားသော ဗြဟ္မဝိဟာရ နိဒ္ဒေသ အမည်ရှိသော
၉-ခု မြောက် အပိုင်း သည် ပြီး၏။ .

**၉-ဗြဟ္မဝိဟာရ နိဒ္ဒေသပြီး၏။**

# ၁၀–အာရုပ္ပ နိဒ္ဒေသပိုင်း

## (၁) အာကာသာနဉ္စာယတနကမ္မဋ္ဌာန်း

၂၇၅။ မြဟ္မဝိဟာရ နိဒ္ဒေသ၏ အခြားမဲ့၌ ပြအပ်ကုန်ပြီးသော လေးပါးသော အာရုပ္ပကမ္မဋ္ဌာန်းတို့တွင် လက်ဦးပဌမ အာကာသာနဉ္စာယတန ကမ္မဋ္ဌာန်းကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် "ရုပ်ဟူသော အကြောင်းကြောင့် သူတပါးကို နှိပ်စက်ရန်အလို့ငှါ တုတ်စသည်ကို စွဲကိုင်ခြင်း, လှံ-ဓား စသော လက်နက်ကို စွဲကိုင်ခြင်း, ခိုက်ရန်ဖြစ်ခြင်း, ဆန့်ကျင်ခြင်း, ငြင်းခုံခြင်းတို့သည် ထင်ကုန်၏။ စင်စစ်သော်ကား ဤဆိုအပ်ခဲ့ပြီးသော ဥပဒ် ဘေးရန်တို့သည် အခြင်းခပ်သိမ်း အရူပဘုံ၌ မရှိချေ" ဟု ဆင်ခြင်၏။

ထိုယောဂီပုဂ္ဂိုလ်သည် ဤသို့ ဆင်ခြင်၍ ရုပ်တို့ကိုသာလျှင် ခွါသောအားဖြင့် ငြီးငွေ့ခြင်းအကျိုးငှါ, စက်ဆုပ်ခြင်းအကျိုးငှါ, ချုပ်စေခြင်းအကျိုးငှါ ကျင့်သည်ဖြစ်၏ဟု ဤသို့ ဟောတော်မူသောကြောင့် ထိုလက်နက်ကို ကိုင်ဆောင်ခြင်း-စသည်တို့၏ ၎င်း, မျက်စိရောဂါ, နားရောဂါ အစရှိကုန်သော အနာရောဂါ အထောင်တို့၏၎င်း အစွမ်းဖြင့် ကရဇရုပ်၌ အပြစ်ကိုမြင်၍ ထိုရုပ်ကို လွန်မြောက်ခြင်းငှါ ထက်ဝန်းကျင် ပိုင်းခြားအပ်သော အာကာသ ကသိုဏ်းမှတပါး ကိုးပါးကုန်သော ပထဝီကသိုဏ်း စသည်တို့တွင် တပါးပါးသောကသိုဏ်း၌ စတုတ္ထဈာန်ကို ဖြစ်စေ၏၊ ထိုယောဂီပုဂ္ဂိုလ်အား ရူပါဝစရ စတုတ္ထဈာန်၏အစွမ်းဖြင့် ကရဇရုပ်ကို လွန်ခြင်းသည် အကယ်၍ကား ဖြစ်၏၊ ထိုသို့ဖြစ်သော်လည်း ကသိုဏ်းရုပ်သည်လည်း ထိုကရဇရုပ်နှင့်တူသည်သာလျှင် ဖြစ်၏၊ ထို့ကြောင့် ထိုကသိုဏ်းရုပ်ကိုလည်း လွန်ခြင်းငှါ လိုသည် ဖြစ်၏။

အဘယ်သို့ဖြစ်သနည်း ဟူမူကား–မြွေကို ကြောက်တတ်သော ယောက်ျားသည် တောအရပ်၌ မြွေလိုက်သည်ဖြစ်၍ အပန်းတကြီး အလျင်အမြန် ပြေးရာ ထိုပြေးသောအရပ်၌ အမည်း အဝါ-စသည့်

ဆေးရောင်ဖြင့် ဆန်းကြယ်စွာ ရေးခြယ်အပ်သော ထန်းရွက်ကိုင်း, နွယ်ကိုင်း,ကြိုးကိုင်း, ကွဲအက်သောမြေကြီး၏ ပတ်ကြားကိုင်း အဝေးကမြင်၍ ကြောက်သည်,လန့်သည်, ထိုဝတ္ထုကို မကြည့်လို သည် ဖြစ်သကဲ့သို့င်း, အကျိုးမဲ့ကို ပြုတတ်သော ရန်သူယောကျ်ား နှင့် အတူတကွ တရွာတည်း နေရသော ယောကျ်ားသည် ထို ရန်သူ၏ ပုတ်ခတ် နှောင်ဖွဲ့ခြင်း, အိမ်ကိုမီးရှို့ခြင်း စသည်တို့ဖြင့် နှိပ်စက်အပ်သောကြောင့် တခြားရွာသို့ ပြောင်းရွှေ့နေခြင်းငှါ သွားရောက်ကာလ ထိုရောက်သောရွာ၌လည်း ရန်သူနှင့် အဆင်း သဏ္ဌာန် အသံအပြုအမူ အကျင့်စရိုက်တူသော ယောကျ်ားကို မြင်၍ ကြောက်သည်,လန့်သည်, ထိုသူကို မမြင်လိုသည်ဖြစ်သကဲ့သို့ ငှင်းတည်း။

ထိုဥပမာ၌ဥပမာနှင့် ဥပမေယျ နှီးနှောပုံကား- ထိုမြွေကို ကြောက်သောသူ, ရန်သူရှိသူတို့အား မြွေသည်ငှင်း, ရန်သူသည် ငှင်း နှိပ်စက်သော ကာလကဲ့သို့ ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်း၏ အာရုံပြုသည်၏အစွမ်းဖြင့် မိမိအတ္တဘော ကရဇရုပ်နှင့် ငှင်း, အာရုံဖြစ်သော ရုပ်နှင့်ငှင်း ပြည့်စုံရာသော ကာလကို မှတ်အပ်၏၊ ထို ကြောက်သော သူတို့၏ အဆောတလျင် ပြေးသွားခြင်း, တပါးသောရွာသို့ ရောက်ခြင်းကဲ့သို့ ရဟန်း၏ ရူပါဝစရ စတုတ္ထဈာန်၏ အစွမ်းဖြင့် ကရဇရုပ်ကို လွန်သော ကာလကို မှတ်အပ်၏၊ ထိုသူတို့၏ ပြေးသော အရပ်၌ ငှင်း, တပါးသောရွာ၌ငှင်း ဆန်းကြယ်စွာ ရေးခြယ်အပ်သော ထန်းရွက် စသည်တို့ကိုငှင်း, ရန်သူနှင့်တူသောသူကိုငှင်း အဝေးကမြင်၍ ကြောက်ခြင်း, လန့်ခြင်း, မမြင်လိုခြင်း ဖြစ်သကဲ့သို့ ရဟန်း၏ ကသိုဏ်းရုပ်ကိုလည်း ဤကသိုဏ်းရုပ်သည် ငါ့ကသိုဏ်းရုပ်နှင့် တူသည်သာတည်းဟု မြဲစွာ မှတ်၍ ထိုကသိုဏ်းရုပ်ကိုလည်း ကြောက်ခြင်း, လန့်ခြင်း, မမြင်လိုခြင်းဖြစ်၍ လွန်မြောက်လိုသော အဖြစ်ကို မှတ်အပ်၏။

ဤကသိုဏ်းရုပ်ကို ကြောက်ခြင်း စသည် ဖြစ်ရာ၌ ဝက်တချက် ပက်ကာမျှဖြင့် ကြောက်လန့်တကြား ပြေးသော ခွေး, ဘီလူး,

တန္တွေ ကြောက်တတ်သူ အစရှိကုန်သော ဥပမာတို့ကိုလည်း သိအပ်ကုန်၏။

**ဥပမာ-** [ခွေးတကောင်သည် တောအရပ်၌ ဝက်တချက်ပက်ကာ မျှဖြင့် ပြေးလေသတတ်၊ ထိုခွေးသည် နေဝင်ရီတရော အခါ ထမင်းအိုးကို အဝေးကမြင်ရာ ထိုပက်သော ဝက်ကြီးဟု ထင်မှတ်၍ ကြောက်လန့်တကြား မဆီး မတားနိုင်အောင် ပြေးသတတ်။ ဘီလူး, တန္တွေ ကြောက်တတ်သော သူသည်လည်း ညဥ့်အခါ မိမိ မရောက်ဘူးသောအရပ်၌ ထန်းပင်ငုတ်တို့ကို အဝေးက မြင်ရာ စားအံ့မူးမူး ဘီလူး, တန္တွေအမှတ်ဖြင့် ကြောက် လန့်ရကား မိန်းမော၍ သတိမရဘဲ လည်းသတတ်၊ ဤသို့ အကြောက်ကြီးသောသူတို့ကို ရည်၍ ဆိုသော ဥပမာ ဖြစ်သည်။]

၂၇၆။ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် စတုတ္ထဈာန်၏ အာရုံဖြစ်သော ထိုကသိုဏ်းရုပ်မှငြီးငွေ့၍ ဖဲသွားလိုသောကြောင့် ငါးပါးသော အခြင်းအရာ တို့ဖြင့် လေ့လာအပ်သော ဝသီဘော်ရှိသည်ဖြစ်၍ လေ့လာအပ်သော ရူပါဝစရ စတုတ္ထဈာန်မှထ၍ ထို ဈာန်၌ ဤရူပါဝစရ စတုတ္ထဈာန်သည် ငါ-ငြီးငွေ့သော ကသိုဏ်းရုပ်ကို အာရုံပြုဘိ၏ ဟူ၍၎င်း, သောမနဿ ဟူသော ရန်သူနှင့် နီး၏ဟူ၍၎င်း, ငြိမ်သက်သော ဝိမောက္ခဖြစ်သော အရူပဈာန်ထက် ရုန့်ရင်း၏ဟူ၍၎င်း အပြစ်ကိုမြင်၏၊ ဤ ရူပါဝစရ စတုတ္ထဈာန်၌ အင်္ဂါ ရုန့်ရင်းသော အဖြစ်သည်ကား မရှိပေ၊ ဤ ရူပါဝစရ စတုတ္ထဈာန်သည် ဥပေက္ခာ, စိတ္တေကဂ္ဂတာဟူ၍ အင်္ဂါ နှစ်ပါး ရှိသကဲ့သို့ ဤအတူ အရူပဈာန်တို့သည်လည်း အင်္ဂါနှစ်ပါး ရှိကုန်၏။

ထိုယောဂီပုဂ္ဂိုလ်သည် ထိုရူပါဝစရ စတုတ္ထဈာန်၌ ဤဆိုအပ်ခဲ့ ပြီးသော နည်းအတိုင်းအပြစ်ကိုမြင်၍ငဲ့ကွက်ခြင်း နိကန္တိတဏှာကို

ကုန်စေ၍ အာကာသာနဉ္စာယတန ဈာန်ကို ပြီးမြဲသက်သော အားဖြင့် အဆုံးမရှိသောအားဖြင့် နှလုံးသွင်း၍ စကြဝဠာ ဆုံး သည့် တိုင်အောင်ရင်း, အကြင်မျှလောက်သော အရပ်တိုင်အောင် အလိုရှိ၏၊ ထိုမျှလောက်သော အရပ်တိုင်အောင်ရင်း ကသိုဏ်း ရုပ်ကို ဖြန့်၍ ထို ကသိုဏ်းရုပ်ဖြင့် တွေ့ရာအရပ်ကို "အာကာသ- အာကာသ"ဟူ၍ရင်း, အာကာသသည် အဆုံးမရှိ "အနန္တ- အာကာသ"ဟူ၍ရင်း နှလုံးသွင်းသည်ဖြစ်၍ ရူပါဝစရ စတုတ္ထ ဈာန်၏ အာရုံဖြစ်သော ပထဝီကသိုဏ်း စသော ကသိုဏ်းရုပ်ကို ခွါ၏၊ ဝါ၊ ပယ်၏။

ခွါ၏, ၊ပယ်၏ ဆိုရာ၌ ခွါသော ယောဂီပုဂ္ဂိုလ်သည် ဖျာကဲ့သို့ မခေါက်, မလိပ်၊ မုန့်ကြော်သော အိုးကင်းမှ မုန့်ကဲ့သို့ မထုတ်, မဆယ်၊ သက်သက် ထို ကသိုဏ်းကို မဆင်ခြင်, နှလုံးမသွင်း, မသုံးသပ်,မဆင်ခြင်သည်ဖြစ်၍ နှလုံးမသွင်းသည်ဖြစ်၍ မသုံးသပ် သည် ဖြစ်၍လည်း စင်စစ် ထို ကသိုဏ်းရုပ်ဖြင့် တွေ့သော အရပ်ကို "အာကာသ-အာကာသ"ဟူ၍ နှလုံးသွင်းသော ပုဂ္ဂိုလ်အား ကသိုဏ်းကို ခွါသည် မည်၏၊ ခွါအပ်သော ကသိုဏ်း သည်လည်း မထမကြွ မဆုတ်မနစ်၊ သက်သက်အားဖြင့် ယောဂီ ပုဂ္ဂိုလ်၏ နှလုံးမသွင်းခြင်းကိုရင်း, "အာကာသ-အာကာသ"ဟု နှလုံးသွင်း ပွါးများခြင်းကိုရင်း အစွဲပြု၍ ခွါအပ်သော မည်သည် ဖြစ်၏၊ ကသိုဏ်းကို ခွါရာခွါကြောင်း ကောင်းကင်မျှသည်သာ ထင်၏၊ (ကသိုဏ်းကို ခွါ၍ရသော ကောင်းကင်ဟူ၍ရင်း, ကသိုဏ်းဖြင့် တွေ့အပ်သော အရပ်ဟူ၍ရင်း, ကသိုဏ်းကိုဖြန့်အပ် သော ကောင်းကင်ဟူ၍ရင်း ဆိုအပ်သော ဤစကားစုသည် ပရိယာယ် သဒ္ဒါချည်း ဖြစ်သောကြောင့် အနက် အဓိပ္ပါယ် တူသည်။)

ထို ယောဂီပုဂ္ဂိုလ်သည် ထို ကသိုဏ်းကို ခွါရာ ခွါကြောင်း ကောင်းကင်နိမိတ်ကို "အာကာသ–အာကာသ" ဟူ၍ အဖန် တလဲလဲ ဆင်ခြင်၏၊ ဝိတက်ဖြင့် ရှေးရှု ခေါက်၏၊ ဝိတက်ဖြင့် ထက်

ဝန်းကျင်မှ ခေါက်သည်ကို ပြု၍၊ ဤသို့ အဖန်ဖန် နှလုံးသွင်းသော စိတက်ဖြင့် ရေး၍ ခေါက်သော စိတက်ဖြင့် ထက်ဝန်းကျင်မှ ခေါက်သည်ကိုပြုသော ထိုယောဂီပုဂ္ဂိုလ်အား နီဝရဏတို့သည် ကွာကုန်၏၊ အာကာသ နိမိတ်လျှင် အာရုံရှိသော သတိသည် အလွန်ထင်သည်ဖြစ်၍ ကောင်းစွာတည်၏၊ ဥပစာရ ဈာန်ဖြင့် စိတ်သည် ကောင်းစွာ တည်ကြည်၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုကသိုဏ်းကို ခွါရာ ကောင်းကင်အာရုံကို အဖန်တလဲလဲမှီဝဲ၏၊ အဖန်တလဲလဲပွါး၏၊ အကြိမ်များစွာ အလေ့အလာ ပြု၏။ ဤသို့ အဖန်ဖန်ဆင်ခြင်သော နှလုံးသွင်းသော ထိုယောဂီပုဂ္ဂိုလ်အား ပထဝီ ကသိုဏ်း စသည်တို့၌ ရူပါဝစရ စိတ်ကဲ့သို့ ကသိုဏ်းကို ခွါရာ ကောင်းကင် အာရုံ၌ အာကာသာနဉ္စာယတန စိတ်သည် အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏၊ ဤအာကာသာနဉ္စာယတန ဈာန်စိတ်၌လည်း ရှေးအဘို့၌ သုံးကြိမ်သော ဇောတို့သည်၎င်း, လေးကြိမ်သော ဇောတို့သည်၎င်း ကာမာဝစရဇောတို့သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်သည်သာ ဖြစ်ကုန်၏၊ စတုတ္ထ ဇောသည်၎င်း, ပဉ္စမဇောသည်၎င်း အရူပါဝစရဇောဖြစ်၏၊ ကြွင်းသောစကားများသည် ပထဝီကသိုဏ်း၌ ဖွင့်ဆိုအပ်ပြီးသော နည်းအတိုင်း ဖြစ်သည်။

**အထူးကား**—ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အရူပါဝစရစိတ် ဖြစ်သည်ရှိသော် ထိုယောဂီရဟန်းသည် ဥပမာအားဖြင့် ထမ်းစင် စသောယာဉ်တို့၏အဝ, ငယ်သောတံခါးဝ, အိုးဝ စသည်တို့တွင် တခုခုကို ညိုသောအဝတ်ဖြင့်၎င်း, အရွေ, အနီ, အဖြူ စသည် အရောင်ရှိသော အဝတ်တို့တွင် တခုခုသော အဝတ်ဖြင့်၎င်း, ဖွဲ့စည်း၍ ရှုကြည့်သောယောကျ်ားသည် လေ၏အဟုန်သည်၎င်း, တစုံတယောက်သောသူသည်၎င်း အဝတ်ကို ပယ်သည်ရှိသော် ယာဉ်ဝ,တံခါးဝ, အိုးဝဖြင့် ပိုင်းခြားအပ်သော ကောင်းကင်ကိုသာ ရှုလျက်တည်ရာ၏သို့ ဤအတူရှေး၌ ကသိုဏ်းဝန်းကို ဈာန် မျက်စိဖြင့် ရှုကြည့်လျက်နေ၍ "အာကာသ-အာကာသ" ဟူသော ဤပရိကံ ဥပစာရဈာန် မနသိကာရဖြင့် အဆောတလျင် ထို

ကသိုဏ်းအာရုံကို ပယ်ပြီးလတ်သော် ကောင်းကင်အာရုံကို သာလျှင် အရူပါဝစရဈာန်မျက်စိဖြင့် ရှု၍နေ၏။

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ဤယောဂီပုဂ္ဂိုလ်သည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် ရူပသညာတို့ကို လွန်ခြင်းကြောင့် ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့် အထူးထူးသော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးမရှိ၊ "အနန္တအာကာသ"ဟု စီးဖြန်း၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍နေ၏ ဟူ၍ ဆိုအပ်၏။

၂၇၇။ ထိုစကား၌ **"ခပ်သိမ်းသော အခြင်းအရာအားဖြင့်"** ဆိုသည်ကား–အကြွင်းအကျန်မရှိ၊ အလုံးစုံသော အခြင်းအရာအားဖြင့် ဟု ဆိုလိုသည်။

"ရူပသညာတို့ကို" ဆိုသည်ကား–သညာကိုပဓာနပြု၍ ဟောအပ်သော ရူပါဝစရဈာန်တို့ကိုင်း၊ ထိုရူပဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်တို့ကိုင်း အကြင့်ကြောင့် "ရူပီ ရူပါနိ ပဿတိ" အစရှိသည်တို့၌ ရူပါဝစရဈာန်ကိုလည်း "ရူပ"ရုပ်ဟူ၍ ဆိုအပ်၏၊ "ဗဟိဒ္ဓါ ရူပါနိ ပဿတိ သုဝဏ္ဏ ဒုဗ္ဗဏ္ဏာနိ"အစရှိသည်တို့၌ ထိုရူပါဝစရဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်ကိုလည်း"ရူပ" ရုပ်ဟူ၍ ဆိုအပ်၏။ ထို့ကြောင့် ဤပါဠိတော်၌ ရူပဈာန်၌ ထိုဈာန်နှင့်တကွဖြစ်သောသညာသည် ရူပသညာ မည်၏ဟု ဤသို့လျှင် သညာကို ပဓာနအားဖြင့် ဟောအပ်သော ရူပါဝစရဈာန်၏ ဤရူပသညာ ဟူသော အမည်သညာသည် ရှိ၏၊ ထို့ကြောင့် ထိုအာရုံသည် ရူပသညာ မည်၏၊ ထိုအာရုံအား ကသိုဏ်းရုပ်ဟူသော အမည်သည်ရှိ၏ဟု ဆိုလိုသည် ဖြစ်၏၊ ဤသို့လျှင် ပထဝီကသိုဏ်းစသည် အပြားရှိသော ထိုရူပဈာန်၏ အာရုံ၏လည်း ဤရူပသညာ ဟူသော အမည်သည် ဖြစ်၏ဟု သိအပ်၏။

**"လွန်ခြင်းကြောင့်"** ဆိုသည်ကား--စက်ဆုပ်ခြင်းကြောင့် ထိုရူပသညာ၌တပ်သော ဆန္ဒရာဂကိုခွါသဖြင့် ချုပ်ခြင်းကြောင့်

အဘယ်သို့ ဆိုလိုသနည်း ဟူမူကား—ကုသိုလ် ဝိပါက် ကြိယာတို့၏ အစွမ်းဖြင့် တဆယ့်ငါးပါးကုန်သော ဈာန်ဟု ဆိုအပ်ကုန်သော ထိုရူပသညာတို့ကိုငင်း,ပထဝီကသိုဏ်း အစရှိသည်တို့၏ အစွမ်းဖြင့် ကိုးပါးကုန်သော အာရုံ ဟု ဆိုအပ်သော ထို ရူပသညာတို့ကိုငင်း, အလုံးစုံသော အခြင်းအရာအားဖြင့် အကြွင်းအကျန်မရှိ စက်ဆုပ် ခြင်းကြောင့်ငင်း, ချုပ်ခြင်းကြောင့်ငင်း, စက်ဆုပ်ခြင်းဟူသော အကြောင်းကြောင့်ငင်း, ချုပ်ခြင်းဟူသော အကြောင်းကြောင့် ငင်း အာကာသာနဉ္စာယတန ဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုစကား မှန်သည်၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရူပသညာကို မလွန်မြောက်သောပုဂ္ဂိုလ်သည် ထို အာကာသာ-နဉ္စာယတန ဈာန်ကိုပြည့်စုံစေ၍နေခြင်းငှါ မတတ်ကောင်း၊ ဤသို့ ဆိုလို၏။

ထိုဝိဘင်းပါဠိတော်၌ အကြင့်ကြောင့် အာရုံ၌တပ်သော ပုဂ္ဂိုလ်အား သညာကို လွန်မြောက်ခြင်းသည် မဖြစ်၊ သညာတို့ကို လွန်မြောက်သည်ရှိသော်ကား အာရုံကို ကောင်းစွာလွန်မြောက်သည် သာလျှင် ဖြစ်၏။ ထို့ကြောင့် အာရုံကို လွန်ခြင်းကို မဟော၍ **"တတ္ထ ကတမာ ရူပသညာ၊ ရူပါဝစရသမာပတ္တိံ သမာပန္နဿ ဝါ ဥပပန္နဿ ဝါ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ ဝါ သညာ သဉ္ဇာနနာ သဉ္ဇာနိတတ္တံ ဣမာ ဝုစ္စန္တိ ရူပသညာယော၊ ဣမာ ရူပသညာယော အတိက္ကန္တော ဟောတိ ဝီတိက္ကန္တော သမတိက္ကန္တော၊ တေန ဝုစ္စတိ သဗ္ဗသော ရူပသညာနံ သမတိက္ကမာတိ"** ဟူ၍ ဤသို့လျှင် ဈာနဝိဘင်း၌ သညာတို့ကို သာလျှင် လွန်ခြင်းကို ဟောတော်မူအပ်၏။

### သာဓကပါဠိ ဝိဘင်းပါဠိတော်၏ဘာသာပြန်

ထိုရူပသညာနံ သမတိက္ကမာ—ဟူသောပါဌ်၌ အဘယ် သည် ရူပသညာ မည်သနည်း၊ ရူပါဝစရ သမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်၏ငင်း, မျက်မှောက်သော ကိုယ်၏ အဖြစ်၌ချမ်းသာစွာ နေလေ့ရှိသော ရဟန္တာပုဂ္ဂိုလ်၏ငင်း သညာသည် ကောင်းစွာ အမှတ်ပြု၍ သိသောအခြင်း

အရာသည် အမှတ်ပြု၍ သိသောစိတ်၏ အဖြစ်သည်ရှိ၏၊ ဤသည်တို့ကို ရူပသညာတို့ဟူ၍ ဆိုအပ်ကုန်၏၊ ဤရူပသညာတို့ကို လွန်သည့်,အထူးသဖြင့်လွန်သည့်,ကောင်းစွာလွန်သည် ဖြစ်၏။ ထို့ကြောင့်“ သဗ္ဗသော ရူပသညာနံ သမတိက္ကမာ”ဟူ၍ ဆိုအပ်၏။

သကဲ၍ဆိုဦးအံ့–အကြင့်ကြောင့် ထိုအရူပ သမာပတ်တို့သို့ အာရုံကိုလွန်သဖြင့် ရောက်အပ်ကုန်၏၊ တခုတည်းသော အာရုံ၌ သာလျှင် ပဌမဈာန် အစရှိသည်တို့သို့ ရောက်အပ်ကုန်ဘိသကဲ့သို့ မရောက်အပ်။ ထို့ကြောင့် အာရုံကိုလွန်သည့်အစွမ်းဖြင့်လည်း ဤအနက် အဖွင့်ကို ငါသည်ပြုအပ်သည် ဟူ၍ သိအပ်၏။

၂၇၀။ “**ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့်**” ဆိုသည်ကား– စက္ခု-အစရှိသော ဝတ္ထုမျိုးတို့၏၎င်း, ရူပါရုံ-အစရှိကုန်သော အာရုံတို့၏၎င်း အချင်းချင်း ထိပါးခြင်းဖြင့် ကောင်းစွာဖြစ်သောသညာသည် ပဋိဃသညာ မည်၏၊ ထိုပဋိဃသညာ ဟူသော အမည်သည် ရူပသညာ-အစရှိသည်တို့၏ အမည်ပေတည်း။

အဘယ်သို့ ဟောတော်မူပါသနည်းဟူမူ–“တတ္ထ ကတမာ ပဋိဃသညာ၊ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ ဖောဋ္ဌဗ္ဗသညာ ဣမာ ဝုစ္စန္တိ ပဋိဃသညာယော”ဟူ၍ ဟောတော်မူသည်၊ ကုသလဝိပါက်ဖြစ်သော ငါးပါးတို့၎င်း, အကုသလဝိပါက်ဖြစ်သော ငါးပါးတို့၎င်း ဤသို့ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဆယ်ပါးကုန်သော ထိုပဋိဃသညာတို့ကို ပယ်ခြင်းကြောင့်, တဖန် မဖြစ်ခြင်းကြောင့် တဖန် မဖြစ်ခြင်းကို ပြု၍ ဤသို့ဆိုအပ်၏၊ ထိုပဋိဃသညာတို့သည် ပဌမဈာန် စသည်တို့ကိုဝင်စား၍ နေသောပုဂ္ဂိုလ်အားလည်းအကယ်၍ကား မရှိချေ။ ထိုစကားမှန်သည်၊ ထိုပဌမဈာန် စသည်ကို ဝင်စား၍နေသော အခါ၌ ပဉ္စဒွါရ၏အစွမ်းဖြင့် စိတ်သည်မဖြစ်၊ ဤသို့ပင်မဖြစ်သော်လည်း စတုတ္ထဈာန်မှ တပါးသောဈာန်တို့၌ ပယ်အပ်ကုန်သော်လည်း သုခ,ဒုက္ခတို့ကို စတုတ္ထဈာန်၌ ဟောတော်

မှုခြင်းကဲ့သို့ရင်း, အနာဂါမိမဂ်မှ တပါးသောမဂ်တို့၌ ပယ်အပ်ကုန်သော်လည်း သက္ကာယဒိဋ္ဌိ အစရှိသည်တို့ကို တတိယမဂ်၌ ဟောတော်မူခြင်းကဲ့သို့ရင်း ဤအရူပဈာန်၌ ကျင့်သူတို့အား အားထုတ်စေခြင်းငှါ ဤအရူပဈာန်အား ချီးမွမ်းတော်မူသည့် အစွမ်းဖြင့် ထိုပဋိဃသညာတို့ကို ဤပဌမ အရူပကထာ၌ ဟောတော်မူခြင်းကို သိအပ်၏။

တနည်းကား—ထိုပဋိဃသညာတို့သည် ရူပါဝစရဈာန်ကို ဝင်စား၍နေသော သူအားလည်း အကယ်၍ကား မရှိ၊ ထိုသို့မရှိသော်လည်း ပယ်အပ်ပြီးသည့်အဖြစ်ကြောင့် မရှိသည်မဟုတ်၊ အဘယ့်ကြောင့် ဆိုသော် ရူပါဝစရဈာန်ကို ပွါးစေခြင်းသည် ရုပ်ကိုစက်ဆုပ်ခြင်းငှါ မဖြစ်၊ ထိုရူပါဝစရဈာန်တို့၏ ဖြစ်ခြင်းသည် ရုပ်နှင့်စပ်၏၊ ထို့ကြောင့် မဖြစ်ကုန်၊ ဤအရူပဘာဝနာသည်ကား ရုပ်ကိုစက်ဆုပ်ခြင်းငှါ ဖြစ်၏။ ထို့ကြောင့် ထိုပဋိဃသညာတို့ကို ဤအရူပဈာန်၌ ပယ်အပ်ကုန်၏ဟူ၍ ဆိုခြင်းသည် သင့်၏၊ သက်သက်ဆိုခြင်းငှါ သင့်သည်သာမဟုတ်သေး၊ စင်စစ်အားဖြင့် ဤသို့ပယ်အပ်ကုန်၏ဟူ၍ မှတ်ခြင်းငှါလည်း သင့်၏၊ ထိုစကာ မှန်၏၊ ထိုပဋိဃသညာတို့၏ ဤအရူပဈာန်မှ ရှေး၌မပယ်အ သေးသည့်အဖြစ်ကြောင့်သာလျှင် ပဌမဈာန်ကို ဝင်စား၍နေသော သူအား အသံကိုဆူးငြောင့်ဟူ၍ မြတ်စွာဘုရားသည် ဟော ၏၊ ဤအရူပဈာန်၌ကား ပယ်အပ်ပြီးသည့်အဖြစ်ကြောင့်သာလျှင် အရူပသမာပတ်၏ မတုန်မလှုပ်သည့်အဖြစ်ကိုရင်း, ငြိမ်သက်သော ဝိမောက္ခ၏အဖြစ်ကိုရင်း ဟောအပ်၏။ ထိုစကားမှန်သည်၊ ကာဠာမအမျိုးဖြစ်သော အာဠာရရသေ့သည် အရူပသမာပတ်ကို ဝင်စား၍နေရာ လှည်းငါးရာတို့ကို မှီ၍မှီ၍ လွန်သည်တို့ကို မမြင်၊ လှည်းသံကိုလည်း မကြား၊ ဤသို့မတုန်မလှုပ် ငြိမ်သက်သည့် အဖြစ်ကို မှတ်အပ်၏။

၂၇၉။ **"အထူးထူးသောသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်"** ဆိုသည်ကား—အထူးထူးသော သဘောရှိသော အာရုံ၌

ဖြစ်ကုန်သောသညာတို့ကိုင်း, အထူးထူးသော သဘော ရှိကုန်သော သညာတို့ကိုင်း (နှလုံးမသွင်းခြင်းကြောင့် ဆိုလိုသည်)။ ထိုစကားကို ထင်ရှားစေအံ့—

**''တတ္ထ ကတမာ နာနတ္တသညာ၊ အသမာပန္နဿ မနောဓာတုသမင်္ဂိဿ ဝါ, မနောဝိညာဏဓာတုသမင်္ဂိဿ ဝါ, သညာ သဉ္ဇာနနာ သဉ္ဇာနိတတ္တံ ဣမာ ဝုစ္စန္တိ နာနတ္တသညာယော''** ဟု ဤသို့ ဈာနဝိဘင်း၌ ခွဲခြမ်း၍ ဟောအပ်ကုန်သော ဤဈာန်၌အလိုရှိအပ်ကုန်သော ဈာန်မဝင်စားသော သူ၏ မနောဓာတ် မနောဝိညာဏဓာတ်တို့ဖြင့် ရေတွက်အပ်ကုန်သော ထို သညာတို့သည် ရူပ,သဒ္ဒ-စသည် အပြားရှိသော အထူးထူးသော သဘောရှိသော အာရုံ၌ အကြင့်ကြောင့် ဖြစ်ကုန်၏၊ ထို့အပြင် အကြင့်ကြောင့် ရှစ်ပါးကုန်သော ကာမာဝစရကုသိုလ် သညာတို့သည်ငင်း, တဆယ့် နှစ်ပါးသော အကုသိုလ် သညာတို့သည်ငင်း, တဆယ့် တပါးသော ကာမာဝစရ ကုသလဝိပါက် သညာတို့သည်ငင်း, နှစ်ပါးသော အကုသလဝိပါက် သညာတို့သည်ငင်း, တဆယ့် တပါးသော ကာမာဝစရ ကြိယာသညာ တို့သည်ငင်း ဤသို့ လေးဆယ့် လေးပါး အပြားရှိကုန်သော ထို သညာတို့သည် အထူးထူးသော သဘောရှိကုန်၏၊ အချင်းချင်း မတူကြကုန်။ ထို့ကြောင့် အထူးထူးသော သညာဟူ၍ ဆိုအပ်ကုန်၏၊ အလုံးစုံသော အခြင်းအရာအားဖြင့် ထိုအထူးထူးသော သဘောရှိသော အာရုံ၌ဖြစ်သော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့်,မဆင်ခြင်ခြင်းကြောင့် နှလုံးသို့ကောင်းစွာ မဆောင်ျင်းကြောင့်, မသုံးသပ်ခြင်းကြောင့် ထိုနာနတ္တသညာတို့ကို မဆင်ခြင် နှလုံးမသွင်း မသုံးသပ်။ ထို့ကြောင့် ဤသို့ဆိုသည် ဖြစ်၏။

အကြင့်ကြောင့် ဤသညာတို့တွင် ရှေး၌ ဖြစ်ကုန်သော ရူပသညာ စသည့်တို့သည့်ငင်း, ပဋိဃသညာတို့သည့်ငင်း ဤ ပဉ္စမာရုပ္ပဈာန်ဖြင့် ဖြစ်ရာဘုံ၌လည်း မရှိကုန်၊ ပယ်ခြင်းကြောင့် ထိုပဉ္စမ အရူပဘုံ၌ ဤပဉ္စမာရုပ္ပဈာန်ကို ပြည့်စုံစေ၍ နေသော

ကာလ၌ကား အဘယ်မှာ ရှိကုန်အံ့နည်း။ ထို့ကြောင့် ထိုရူပ-သညာ ပဋိဃသညာတို့ကို လွန်ခြင်းကြောင့်, ပယ်ခြင်းကြောင့် ဤသို့ နှစ်ပါးသော အပြားအားဖြင့်လည်း မရှိခြင်းကိုသာလျှင် ဟောအပ်၏။

အထူးကား—နာနတ္တသညာတို့တွင် အကြင်ကြောင့် ရှစ်ပါးသော ကာမာဝစရကုသိုလ် သညာတို့သည်၎င်း, ကိုးပါးသော ကြိယာ သညာတို့သည်၎င်း, ဤနှစ်ဆယ့်ခုနစ်ပါးသော သညာတို့သည် ဤရျာန်ဖြင့် ဖြစ်သောဘုံအစ၌ ရှိကုန်၏။ ထို့ကြောင့် ထိုနှစ်ဆယ့်ခုနစ်ပါးသော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ဟု ဆိုအပ်၏ ဟူ၍ သိအပ်၏၊ အကြင်ကြောင့် ထိုဘုံ၌လည်း ဤပဉ္စမာရုပ္ပဈာန်ကို ပြည့်စုံစေ၍နေသောပုဂ္ဂိုလ်သည် ထိုနှစ်ဆယ့်ခုနစ်ပါးသော သညာတို့ကို နှစ်လုံးမသွင်းခြင်းကြောင့်သာလျှင် ပြည့်စုံစေ၍နေ၏၊ ထိုနှစ်ဆယ့်ခုနစ်ပါးသော သညာတို့ကို နှလုံးသွင်းမူကားဈာန်မဝင်စားသည်ဖြစ်၏၊ထို့ကြောင့်အထူးထူးသော သညာတို့ကို နှလုံးမသွင်းမူ၍ ဟု ဆိုအပ်၏။

ဤစကားတို့တွင် အကျဉ်းအားဖြင့် “**ရူပသညာတို့ကို လွန်ခြင်းကြောင့်**” ဟူသော ဤစကားဖြင့် အလုံးစုံသော ရူပါဝစရတရားတို့ကို ပယ်ခြင်းကို ဟောအပ်၏၊ “**ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့် အထူးထူးသော သညာတို့ကို နှလုံးမသွင်းမူ၍**”ဟူသော ဤစကားဖြင့် အလုံးစုံသော ကာမာဝစရ စိတ် စေတသိက်တို့ကို ပယ်ခြင်းကို၎င်း, နှလုံးမသွင်းခြင်းကို၎င်း ဟောအပ်၏ ဟူ၍ သိအပ်၏။

၂၀၀။ “**ကောင်းကင်ပညတ်သည် အဆုံးမရှိ**” ဟူသော ဤစကား၌ ထိုကသိုဏ်းကိုးပါးကို ခွါခြင်းဖြင့် ရအပ်သော ကောင်းကင်အား ဥပါဒ် ဟူသော အပိုင်းအခြားသည်၎င်း, ဘင် ဟူသော အပိုင်းအခြားသည်၎င်း မထင်၊ ထို့ကြောင့် အဆုံးမရှိ အနန္တ မည်၏။

"**ကောင်းကင်**" ဆိုသည်ကား-ကသိုဏ်း ကိုးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ကို ဆိုသည်၊ ဤကောင်းကင်၌ နှလုံး သွင်းသည့် အစွမ်းဖြင့်လည်း အဆုံးမရှိ အနန္တ၏ အဖြစ်ကို သိအပ်၏။ ထို့ကြောင့် ဝိဘင်းပါဠိတော်၌—

"ထိုကသိုဏ်းကိုးပါးကို ခွါ၍ ရအပ်သော ကောင်းကင်၌ ဘာဝနာစိတ်ကို ထား၏၊ ကောင်းစွာ ထား၏၊ အပိုင်း အခြား မရှိသည်ကို ပြု၍ ဈာန်ဖဿဖြင့် တွေ့ရောက်၏၊ ထို့ကြောင့် အနန္တ အာကာသဟူ၍ ဆိုအပ်၏"—

ဟု ဟောတော်မူ၏။

"**အာကာသာနဉ္စာယတန ဈာန်ကို ဝင်စား၍ နေ၏**" ဟူသော စကား၌ ထိုကသိုဏ်းကိုးပါးကို ခွါ၍ ရသော ကောင်းကင်အား ဥပါဒ်အပိုင်းအခြား ဘင်အပိုင်းအခြားသည် မထင်။ ထို့ကြောင့် အဆုံးမရှိ အနန္တ မည်၏၊ ကောင်းကင်သည် အဆုံးအပိုင်းအခြား မရှိသောကြောင့် အာကာသာနန္တ မည်၏၊ ထိုအာကာသာနန္တသည်ပင် အာကာသာနဉ္စ မည်လေသည်၊ နတ်တို့၏ တည်ရာသည် ဒေဝါယတန မည်သကဲ့သို့ သမ္ပယုတ် တရားတို့နှင့်တကွ ဖြစ်သော ဤပဉ္စမာရုပ္ပဈာန်၏ တည်ရာဟူသော အနက်ကြောင့် ထိုအပိုင်းအခြားမထင် ကောင်းကင်ဟူသော တည်ရာ အာရုံသည် ရှိသောကြောင့် ထိုဈာန်သည် အာကာသာ-နဉ္စာယတန မည်၏။ "**ဝင်စား၍နေ၏**" ဟူသည်ကား ထိုဈာန်သို့ ရောက်၍ ပြီးစေ၍ ထိုဈာန်အား လျော်သော ဣရိယာပုထ်ဖြင့် နေခြင်းကို ဆိုသည်။

အာကာသာနဉ္စာယတနဈာန် ကမ္မဋ္ဌာန်း

အကျယ်ဖွင့်ပြခြင်း ပြီး၏။

## (၂) ဝိညာဏဉ္စာယတန ကမ္မဋ္ဌာန်း

၂၀၁။ ဝိညာဏဉ္စာယတန ကမ္မဋ္ဌာန်းကို ပွါးလိုသော ငါးပါးသော အခြင်းအရာတို့ဖြင့် အာကာသာနဉ္စာယတန သမာပတ်ကို လေ့လာအပ်ပြီးသော ဝသီဘော်ရှိသော ယောဂီပုဂ္ဂိုလ်သည် "ဤငါရသော အာကာသာနဉ္စာယတန သမာပတ်သည်ကား ရူပါဝစရရျာန် ဟူသော ရန်သူနှင့် နီး၏၊ ဝိညာဏဉ္စာယတန သမာပတ်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်ခဲ့"ဟူ၍ အာကာသာနဉ္စာယတန သမာပတ်၌ အပြစ်ကိုမြင်၍ ထိုအာကာသာနဉ္စ သမာပတ်၌ တပ်ခြင်း တဏှာကို ကုန်စေ၍ ဝိညာဏဉ္စာယတနဈာန်ကို ငြိမ်သက်၏ဟူ၍ နှလုံးသွင်းပြီးလျှင် ထိုကသိုဏ်းကိုးပါးကို ခွါ၍ရသော ကောင်းကင်ကို နှံ့၍ဖြစ်သော ထိုပဌမာရုပ္ပဝိညာဉ်ကို "ဝိညာဉ်-ဝိညာဉ်" ဟူ၍ အဖန်တလဲလဲ ဆင်ခြင်အပ်၏, နှလုံးသွင်းအပ်၏, သုံးသပ်အပ်၏၊ ဝိတက်ဖြင့် ခေါက်သည်ကို ဝိတက်ဖြင့် အဖန်တလဲလဲ ခေါက်သည်ကို ပြုအပ်၏၊ အဆုံးမရှိ "အနန္တ-အနန္တ"ဟူ၍ကား နှလုံးမသွင်းအပ်။

ဤသို့ ပဌမာရုပ္ပဝိညာဉ်ဟု ဆိုအပ်သောနိမိတ်၌ အဖန်တလဲလဲ ဘာဝနာစိတ်ကို ဖြစ်စေသော ထိုယောဂီပုဂ္ဂိုလ်အား နီဝရဏ တို့သည် ကွာကုန်၏၊ သတိသည် ကောင်းစွာတည်၏၊ ဥပစာရ ဈာန်ဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်၏၊ ထိုယောဂီ ပုဂ္ဂိုလ်သည် ထိုပဌမာရုပ္ပဝိညာဉ် ဟူသော နိမိတ်ကို အဖန်တလဲလဲ မှီဝဲ၏, ပွါး၏, အကြိမ်များစွာ အလေ့အလာပြု၏၊ ဤသို့ ပြုလုပ်သော ထိုယောဂီပုဂ္ဂိုလ်အား ကသိုဏ်းကိုခွါရာ ကောင်းကင်၌ အာကာသာနဉ္စာယတန စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏သို့ ထိုအတူ ကောင်းကင်ပညတ်ကို နှံ့၍ဖြစ်သော ပဌမာရုပ္ပဝိညာဉ်၌ ဝိညာဏဉ္စာယတန စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏၊ **အပ္ပနာနည်းကိုမူကား မရဏာနုဿတိ နိဒ္ဒေသ၌ ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်၏။**

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ဤပုဂ္ဂိုလ်ကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနကို လွန်၍“အနန္တံ ဝိညာဏံ”ဟု နှလုံးသွင်းသည်ဖြစ်၍ ဝိညာဏဉ္စာယတနဈာန်ကို ပြည့်စုံစေ၍ နေသောသူ ဟူ၍ ဆိုအပ်၏။

၂၀၂။ ထိုစကား၌ **“ခပ်သိမ်းသော အခြင်းအရာအားဖြင့်”** ဟူသော ဤစကားကို နောက်ကဖွင့်ပြခဲ့ပြီ၊ **အာကာသာနဉ္စာယတနဈာန်ကို လွန်၍**”ဟု ဆိုရာ၌ ရှေး၌ ဆိုအပ်ပြီးသော နည်းဖြင့် ဈာန်သည်လည်း အာကာသာနဉ္စာယတန မည်၏။ အာရုံသည်လည်း အာကာသာနဉ္စာယတန မည်၏။

ထိုစကားမှန်သည်၊ အာရုံသည်လည်း ရှေး၌ ဆိုအပ်ပြီးသော နည်းဖြင့် အဆုံးမရှိသော ကောင်းကင်လည်း ဟုတ်၏၊ ထို ကောင်းကင်ဟူသည် ပဌမအရူပဈာန်၏ အာရုံအဖြစ်ကြောင့် နတ်တို့၏နေရာသည် ဒေဝါယတန မည်သကဲ့သို့ တည်ရာဟူသော အနက်ကြောင့် အာယတနလည်း ဟုတ်၏။ ထို့ကြောင့် အာကာသာနဉ္စာယတန မည်၏။

ထို့အတူ အဆုံးမရှိသော ကောင်းကင်လည်း ဟုတ်၏၊ ထို ကောင်းကင်သည် ထိုပဌမာရုပ္ပဈာန်၏ ဖြစ်ရာအကြောင်း ဖြစ်သောကြောင့် ကမ္ဘောဇတိုင်းသည် မြင်းတို့၏ဖြစ်ရာ ဤသို့ အစ ရှိသည့် တို့ကဲ့သို့ ဖြစ်ရာဒေသဟူသော အနက်ကြောင့် ဖြစ်ရာဒေသ အာယတနလည်း ဟုတ်၏။ ထို့ကြောင့် အာကာသာနဉ္စာယတန မည်၏။

ဤသို့သောနည်းဖြင့် ပဌမာရုပ္ပဈာန်ကိုငှ်း, ထိုဈာန်၏ အာရုံ ကသိုဏ်းကို ခွါရာ ကောင်းကင်ကိုငှ်း, ထိုနှစ်ပါးစုံကိုလည်း မဖြစ်ခြင်းကိုပြုသဖြင့်ငှ်း, နှလုံးမသွင်းသဖြင့်ငှ်း အခြင်းခပ်သိမ်း လွန်၍သာလျှင် အကြင့်ကြောင့် ဤဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၍ နေသင့်၏။ ထို့ကြောင့် ထိုဈာန်နှင့် အာရုံနှစ်ပါးစုံကို တပေါင်းတည်းပြု၍ စကားကို ဆိုအပ်၏ဟု သိအပ်၏။

**အဆုံးအပိုင်းအခြားမရှိသော ဝိညာဉ်**''ဆိုသည်ကား—အဆုံး အပိုင်းအခြားမရှိသော ကောင်းကင်ဟူ၍ ဤသို့ နှံ့စေ၍ ဖြစ်သော ထိုပဉ္စမာရုပ္ပဝိညာဉ်ကိုပင်လျှင် ဝိညာဉ်သည် အဆုံး အပိုင်း အခြား မရှိဟူ၍ ဤသို့ နှလုံးသွင်းသည် ဖြစ်၏ဟု ဆိုလိုသည်။ တနည်းကား—အလုံးစုံသော ဝိညာဉ်ကို နှလုံးသွင်းသည့် အစွမ်း အားဖြင့် အကြွင်းအကျန် အစွန်းအစမရှိ၊ အလုံးစုံသောဝိညာဉ်ဟု နှလုံးသွင်း၍ အဆုံးမရှိဟု ဟောတော်မူသည်။ ထိုစကားကို ထင်ရှားစေအံ့— ထိုပုဂ္ဂိုလ်သည် ကောင်းကင်လျှင် အာရုံရှိသော ထိုပဉ္စမာရုပ္ပဝိညာဉ်ကို အကြွင်းအကျန် မရှိသောအားဖြင့် နှလုံး သွင်းသည်ဖြစ်၍ အကြွင်းအကျန်မရှိ အလုံးစုံဟူသော ဝိညာဉ်ဟု နှလုံးသွင်း၏၊ ဝိဘင်းပါဠိတော်၌ကား—

> "အနန္တံ ဝိညာဏံ-ဟူသည်ကား အကြင်ကောင်းကင်ကို အဆုံးမရှိဟူ၍ နှံ့စေ၏၊ ထို နှံ့သော ကောင်းကင်ကိုပင်လျှင် နှံ့တတ်သော ဝိညာဉ်ကို နှလုံးသွင်း၏၊ အဆုံးမရှိ နှံ၏။ ထို့ကြောင့် အနန္တံ ဝိညာဏံ-ဟု ဆိုအပ်၏"

ဟူ၍ ဟောတော်မူအပ်၏။

ဤသို့လျှင် ဤငါဆိုသောအတိုင်း အဋ္ဌကထာဆရာတို့သည် အနက်ကို ဖွင့်ကြကုန်၏၊ အကြင် ကောင်းကင်ကို အဆုံးမရှိဟူ၍ နှံ့၏၊ ဝါ၊ ဈာန သမ္ပယုတ်ဖြင့် တွေ့၏၊ ထို နှံ့သော ကောင်းကင်ကို သာလျှင် နှံ့သော ပဉ္စမာရုပ္ပဝိညာဉ်ကို နှလုံးသွင်း၏ဟု ဆိုလိုသည် ဖြစ်၏၊ ဤသို့ ဖွင့်ကြကုန်၏။

**"ဝိညာဏဉ္စာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏"**ဟူသော စကား၌ ထိုပဉ္စမာရုပ္ပဝိညာဉ်အား အပိုင်းအခြားသည် မရှိ။ ထို့ကြောင့် အနန္တ မည်၏၊ အနန္တသည်ပင် အာနဉ္စ မည်၏၊ အပိုင်းအခြားမရှိသော ပဉ္စမာရုပ္ပဝိညာဉ်သည် ဝိညာဏာနဉ္စ မည်၏ဟု မဆိုမူ၍ ဝိညာဏဉ္စဟု ဆိုအပ်၏၊ ဤဝိညာဏဉ္စ-ဟူသောသဒ္ဒါသည် တင်စား၍ ခေါ်ဝေါ်ခြင်း ရုဠှီသဒ္ဒါဖြစ်သည်၊ ထိုအပိုင်းအခြား မရှိသော ပဉ္စမာရုပ္ပဝိညာဉ်သည် နတ်တို့၏

တည်ရာကို ဒေဝါယတန ခေါ်သကဲ့သို့ တည်ရာဟူသော အနက်ကြောင့် သမ္ပယုတ်နှင့်တကွ ဖြစ်သော ဤဒုတိယဈာန်၏ တည်ရာသည် ဖြစ်၏။ ထို့ကြောင့် ဝိညာဏဉ္စာယတန မည်၏၊ ကျန်သော စကားများသည် ရှေးဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

ဝိညာဏဉ္စာယတန ကမ္မဋ္ဌာန်းအကျယ်
ဖွင့်ပြခြင်း ပြီး၏။

---

## (၃) အာကိဉ္စညာယတနကမ္မဋ္ဌာန်း

၂၀၃။ အာကိဉ္စညာယတန ကမ္မဋ္ဌာန်းကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် ငါးပါးသော အခြင်းအရာတို့ဖြင့် ဝိညာဏဉ္စာယတန သမာပတ်၌ လေ့လာ အပ်ပြီးသော ဝသီဘော် ရှိသည်ဖြစ်၍ "ဤငါရသော ဝိညာဏဉ္စာယတန သမာပတ်သည် အာကာသာနဉ္စာယတနဈာန် တည်းဟူသော ရန်သူနှင့် နီး၏၊ အာကိဉ္စညာယတနဈာန်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်"ဟု ဝိညာဏဉ္စာယတနဈာန်၌ အပြစ်ကို မြင်၍ ထို ဝိညာဏဉ္စာယတနဈာန်၌ တပ်ခြင်း တဏှာကို ကုန်စေပြီးလျှင် အာကိဉ္စညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ အကြင် အာကာသာနဉ္စာယတန ဝိညာဉ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတန ဈာန်သည် ဖြစ်၏။ ထိုသို့ သဘော ရှိသည်သာလျှင် ဖြစ်သော ဝိညာဏဉ္စာယတနဈာန်၏ အာရုံဖြစ်သော အာကာသာနဉ္စာယတန ဝိညာဉ်၏ မရှိသော အဖြစ် ဟူသော နတ္ထိဘော ပညတ်ကို ဆိတ်သည့် အဖြစ်ကို ကင်းသော အခြင်းအရာကို နှလုံးသွင်းအပ်၏။

အဘယ်သို့ နှလုံးသွင်းအပ်သနည်း ဟူမူကား–ထို ပဌမာရုပ္ပဝိညာဉ်ကို နှလုံးမသွင်းမူ၍ "နတ္ထိ, နတ္ထိ၊ မရှိ,မရှိ" ဟူ၍၎င်း, "သုညံ,သုညံ၊ ဆိတ်၏, ဆိတ်၏" ဟူ၍၎င်း, "ဝိဝိတ္တံ, ဝိဝိတ္တံ၊

ကင်း၏, ကင်း၏''ဟူ၍ပင်း ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ရှုအပ်၏၊ ဝိတက်ဖြင့် ခေါက်သည်ကို ဝိတက်ဖြင့် အဖန်တလဲလဲ ခေါက်သည်ကို ပြုအပ်၏။ ဤသို့သော နည်းဖြင့် ထိုနတ္ထိဘော ပညတ် ဟု ဆိုအပ်သော အာရုံနိမိတ်၌ ဘာဝနာစိတ်ကို ဖြစ်စေသော ထိုပုဂ္ဂိုလ်အား နီဝရဏတရားတို့သည် ကွာကုန်၏၊ သတိသည် ကောင်းစွာတည်၏၊ ဥပစာရရျာန်ဖြင့် စိတ်သည် ကောင်းစွာတည်ကြည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနတ္ထိဘောပညတ် ဟူသော နိမိတ်အာရုံကို အဖန်တလဲလဲ မှီဝဲ၏၊ ပွါး၏၊ အကြိမ် များစွာ အလေ့အလာ ပြု၏၊ ဤသို့ လေ့လာ ပြန်ခေါက် တအောက်မေ့မေ့ ညဉ့်နေ့မချန် ဝတ်မှန်ပြုသော ထိုပုဂ္ဂိုလ်အား ကသိုဏ်းကိုခွါရာ ကောင်းကင်ကို နှ၍ဖြစ်သော ထိုမဟဂ္ဂုတ် ပဉ္စမာရုပ္ပ ဝိညာဉ်၏သာလျှင် ဆိတ်သည်၏အဖြစ်, ကင်းသည်၏ အဖြစ်, မရှိသည်၏အဖြစ် တည်းဟူသော နတ္ထိဘော ပညတ်၌ ကောင်းကင်ကို နှ၍ဖြစ်သော မဟဂ္ဂုတ် ပဉ္စမာရုပ္ပ ဝိညာဉ်၌ ဝိညာဏဉ္စာယတနရျာန်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်သကဲ့သို့ ထို့အတူ အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏၊ ဤတတိယာရုပ္ပ၌လည်း အပ္ပနာနည်းကို ဆိုခဲ့ပြီးသောအတိုင်း သိအပ်၏။

အထူးကား—ထိုနတ္ထိဘောပညတ်၌ အပ္ပနာစိတ် ဖြစ်သည် ရှိသော် ထိုရဟန်းသည် ဥပမာအားဖြင့် ယောက်ျား တယောက် သည် စည်းဝေးရာမဏ္ဍပ်အပြင် စသည်တို့၌ တစုံတခု ပြုဘွယ် ကိစ္စကြောင့် စည်းဝေးသော ရဟန်းသံဃာကို မြင်၍ တစုံ တခုသော အရပ်သို့သွားပြီးလျှင် စည်းဝေးခြင်းကိစ္စ ပြီးဆုံးသော အခါ ရဟန်းတို့သည် နေရာမှ ထသွားကြကုန်၏။ ထိုအခါ လာပြန်၍ တံခါး၌ ရပ်လျက် တဖန် ထိုအရပ်ကို ကြည့်သည် ရှိသော် ရဟန်းတို့မှ ဆိတ်သည်ကို မြင်သကဲ့သို့ ရဟန်းတို့မှ ကင်းသည်ကို မြင်သကဲ့သို့ ဤမျှလောက်သော ရဟန်းတို့သည် သေမှုလည်း သေကုန်သလော, အရပ် တပါးသို့သော်လည်း သွားကြလေကုန်သလောဟု ထိုယောက်ျား၏စိတ်သည် မဖြစ် သကဲ့သို့ စင်စစ်သော်ကား ဤစည်းဝေးရာအရပ်သည် ရဟန်းတို့မှ

ဆိတ်၏၊ ရဟန်းတို့မှ ကင်း၏ဟု မရှိသည်၏အဖြစ်ကိုရှု၏။ ဤအတူ ရှေး၌ ကသိုဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်၌ ဖြစ်စေအပ် ပြီးသော ပဌမာရုပ္ပဝိညာဉ်ကို ဝိညာဏဉ္စာယတန ဈာန်မျက်စိဖြင့် ရှုလျက် နေပြီး၍ နောက်မှ **"မရှိ, မရှိ၊ နတ္ထိ, နတ္ထိ"** အစရှိသော ပရိကံ ဖြစ်သော နှလုံးသွင်းခြင်းဖြင့် ထိုပဌမာရုပ္ပ ဝိညာဉ် ကွယ်ပျောက်သည် ရှိသော် ထိုပဌမာရုပ္ပ ဝိညာဉ်၏ ကင်းခြင်း ပျောက်ခြင်းဟု ဆိုအပ်သော နတ္ထိဘော ပညတ်ကိုသာလျှင် အဖန်တလဲလဲ ရှု၍ နေ၏။

ဤမျှသော စကားအစဉ်ဖြင့် ဤပုဂ္ဂိုလ်ကို အလုံးစုံသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနဈာန်ကို လွန်၍ တစုံ တရာမျှ မရှိဟု နှလုံးသွင်းလျက် အာကိဉ္စညာယတန ဈာန်ကို ပြည့်စုံစေ၍ နေ၏ ဟု ဆိုအပ်၏။

၂၀၄။ ဤတတိယ အရူပဈာန်၌လည်း **"ခပ်သိမ်းသော အခြင်း အရာ အားဖြင့်"** ဟူသောစကားသည် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင်တည်း။

ထို့ပြင် ဝိညာဏဉ္စာယတန ဟူသော ပုဒ်၌လည်း ရှေး၌ ဆိုခဲ့ပြီးသော နည်းအတိုင်း ဒုတိယာရုပ္ပ ဈာန်သည်၎င်း, အာရုံ သည်၎င်း ဝိညာဏဉ္စာယတန မည်၏။ ထိုစကား မှန်သည်၊ အာရုံသည်လည်း ရှေးနည်းအတိုင်း အဆုံးမရှိသော ဝိညာဉ် သည်လည်း ဟုတ်၏၊ ထိုဝိညာဉ်သည် ဒုတိယ အရူပဈာန်၏ အာရုံဖြစ်သောကြောင့် နတ်တို့၏နေရာကို ဒေဝါယတန ခေါ် သကဲ့သို့ တည်ရာဟူသော အနက်ကြောင့် အာယတနလည်း မည်၏။ ထို့ကြောင့် ဝိညာဏဉ္စာယတနဟူ၍ ဆိုအပ်၏၊ ထို့အတူ အဆုံးမရှိသော ဝိညာဉ်လည်း ဟုတ်၏၊ ထိုဝိညာဉ်သည် ဒုတိယ အရူပဈာန်၏ ဖြစ်ရာဖြစ်သောကြောင့် ကမ္ဗောဇတိုင်းသည် မြင်းတို့၏ နေရာဟု ဆိုဘိသကဲ့သို့ ဖြစ်ရာဒေသဟူသော အနက် ကြောင့် အာယတနလည်း မည်၏။ ထို့ကြောင့် ဝိညာဏဉ္စာယတန မည်၏၊ ဤသို့သော နည်းဖြင့် ဈာန်ကို၎င်း, အာရုံကို၎င်း ဤ

နှစ်ပါးစုံကို မဖြစ်ခြင်းကို ပြသဖြင့်၎င်း, နှလုံးမသွင်းသဖြင့်၎င်း လွန်၍သာလျှင် ဤအာကိဉ္စညာယတန ဈာန်ကို ပြည့်စုံစေ၍ နေအပ်၏။ ထို့ကြောင့် ထိုဈာန်နှင့် အာရုံနှစ်ပါးစုံကို တပေါင်းတည်း ပြု၍ "ဝိညာဏဥ္စာယတန ဈာန်ကို လွန်စေ၍"ဟူသော ဤစကားကို ဆိုအပ်၏ဟူ၍ သိအပ်၏။

"တစုံတခုမျှမရှိ၊ နတ္ထိ ကိဉ္စိ" ဆိုသည်ကား-မရှိ,မရှိ၊ ဆိတ်၏, ဆိတ်၏၊ ကင်း၏, ကင်း၏ဟူ၍ ဤသို့ နှလုံးသွင်းလျက် ဟု ဆိုလိုသည်၊ ဝိဘင်းပါဠိတော်၌ "နတ္ထိ ကိဉ္စိ ဆိုသည်ကား-ထိုရှေး၌ အနန္တံ ဝိညာဏံ-ဟု နှလုံးသွင်းအပ်ပြီးသော ပဌမာရုပ္ပ ဝိညာဉ်ကိုသာ မထင်သည်ကို ပြု၏၊ ထင်ခြင်း ကင်းပျောက်သည်ကို ပြု၏၊ မမြင်ခြင်းသို့ ရောက်စေ၏၊ ပဌမာရုပ္ပဝိညာဉ်၏ အနည်းငယ်မျှ မရှိသည်ကို ရှု၏။ ထို့ကြောင့် နတ္ထိ ကိဉ္စိ-ဟူ၍ ဆိုအပ်၏"ဟူ၍ နတ္ထိ ကိဉ္စိ-၏ အဓိပ္ပါယ်ကိုဖွင့်ပြတော်မူ၏၊ ထိုစကားကို ကုန်သောအားဖြင့် သုံးသပ်ခြင်းကဲ့သို့ အကယ်၍ကား ဆို၏၊ ထိုသို့ဆိုသော်လည်း ထိုဝိဘင်းပါဠိတော်၏ အနက်ကို ဤ ဆိုခဲ့ပြီးသော အတိုင်းသာ မှတ်အပ်၏၊ ဤ ဆိုခဲ့ပြီးသော အနက်မှ တပါးသော အနက်ကို မမှတ်အပ်။

ထိုပြင်"အာကိဉ္စညာယတနဈာန်ကို ပြည့်စုံစေ၍နေ၏"ဟူသော စကား၌ ထိုပဌမာရုပ္ပဝိညာဉ်အား စိုးစဉ်း အနည်းငယ်မျှ အကြွင်းအကျန်သည် မရှိ။ ထို့ကြောင့် ထိုပဌမာရုပ္ပဝိညာဉ်သည် အကိဉ္စနမည်၏၊ အယုတ်သဖြင့် ဘင်မျှလည်း ထိုပဌမာရုပ္ပဝိညာဉ်အား အကြွင်းမရှိ ဟု ဆိုလို၏၊ စိုးစဉ်းအနည်းငယ်မျှ အကြွင်းအကျန်မရှိသော ပဌမာရုပ္ပဝိညာဉ်၏ အဖြစ်သည် အာကိဉ္စည မည်၏၊ ဤ အာကိဉ္စညဟူသော အမည်သည် အာကာသာနဉ္စာယတန ဝိညာဉ်အား မထင်၊ ကင်းကွာ ပျောက်ကွယ်ခြင်း၏ အမည်ပေတည်း၊ နတ်တို့၏နေရာသည် ဒေဝါယတနမည်သကဲ့သို့ ထို အနည်းငယ်မျှ အကြွင်းအကျန်မရှိသော ပဌမာရုပ္ပ ဝိညာဉ်၏အဖြစ်တည်းဟူသော နတ္ထိဘောပညတ်သည် ထို တတိယ အရူပဈာန်၏

တည်ရာ ဟူသောအနက်ကြောင့် အာယတန မည်၏။ ထို့ကြောင့် အာကိဉ္စညာယတန မည်၏၊ ကြွင်းသောစကားစုသည် ရှေးဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏၊ ဤသို့မှတ်အပ်၏။

အာကိဉ္စညာယတန ကမ္မဋ္ဌာန်းအကျယ်

ဖွင့်ပြခြင်း ပြီး၏။

---

## (၄) နေဝသညာနာသညာယတနကမ္မဋ္ဌာန်း

၂၀၅။ နေဝသညာနာသညာယတနကမ္မဋ္ဌာန်းကို ပွါးများလိုသောပုဂ္ဂိုလ်သည် ငါးပါးသော အခြင်းအရာတို့ဖြင့် အာကိဉ္စညာယတန သမာပတ်၌ လေ့လာအပ်သော ဝသီဘော်ရှိသည်ဖြစ်၍—

"ဤငါရသော တတိယာရုပ္ပ သမာပတ်သည် ဝိညာဏဉ္စာယတန သမာပတ် ဟူသော နီးသောရန်သူရှိ၏၊ နေဝသညာနာသညာယတန သမာပတ်ကဲ့သို့ ငြိမ်သက်သည်လည်းမဟုတ်ခဲ့" ဟူ၍၎င်း, "သညာသည် ရောဂါနှင့်တူ၏၊ သညာသည် အိုင်းအမာနှင့်တူ၏၊ သညာသည် ငြောင့်နှင့် တူ၏၊ အကြင်နေဝသညာနာသညာသည် ရှိ၏၊ ဤနေဝသညာနာသညာယတနဈာန်သည် ငြိမ်သက်၏၊ ဤနေဝသညာနာသညာယတနဈာန်သည် မြတ်၏" ဟူ၍၎င်း, ဤသို့ အာကိဉ္စညာယတနဈာန်၌ အပြစ်ကို၎င်း, အထက်စတုတ္ထ အရူပဈာန်၏ အကျိုးကို၎င်း မြင်၍ အာကိဉ္စညာယတန ဈာန်၌ တပ်ခြင်းတဏှာကို ကုန်စေ၍ နေဝသညာနာသညာယတန ဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ နတ္ထိဘာဝပညတ်ကို အာရုံပြု၍ဖြစ်သော ထို အာကိဉ္စညာယတန သမာပတ်ကို "ငြိမ်သက်ပေစွ, ငြိမ်သက်ပေစွ" ဟူ၍ အဖန်တလဲလဲ ဆင်ခြင်အပ်ကုန်၏၊ နှလုံးသွင်းအပ်ကုန်၏၊ ရှုကြည့်အပ်ကုန်၏၊ ဝိတက်ဖြင့် ခေါက်ခြင်းကို ဝိတက်ဖြင့် အဖန်တလဲလဲခေါက်ခြင်းကို ပြုအပ်ကုန်၏။

ဤသို့လျှင် ထိုတတိယာရုပ္ပ သမာပတ်၏ အာရုံနိမိတ်၌ အဖန်တလဲလဲစိတ်ကို ဖြစ်စေသောယောဂီပုဂ္ဂိုလ်အား နီဝရဏတို့သည် ကွာကုန်၏၊ သတိသည် ကောင်းစွာ တည်၏၊ ဥပစာရ သမာဓိဖြင့် စိတ်သည် ကောင်းစွာ တည်ကြည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်အာရုံကို အဖန်တလဲလဲ မှီဝဲ၏၊ပွါး၏၊ အကြိမ်များစွာ အလေ့အလာပြု၏၊ ဤသို့ပြုသော ထိုပုဂ္ဂိုလ်အား ပဌမာရုပ္ပ ဝိညာဉ်၏ ကင်းခြင်းနည်းဘောပည်တ်၌ အာကိဉ္စညာယတန ဈာန်ဖြစ်ဘိသကဲ့သို့ ထို့အတူ အာကိဉ္စညာယတန သမာပတ် ဟု ဆိုအပ်ကုန်သော ခလေးပါးသော ခန္ဓာတို့၌ နေဝသညာနာသညာယတန စိတ်သည် ဖြစ်၏၊ ဤစတုတ္ထအရူပကထာ၌ အပ္ပနာနည်းကို ဆိုခဲ့ပြီးသော အတိုင်း သိအပ်၏။

ဤမျှသော စကားအစဉ်ဖြင့် ဤပုဂ္ဂိုလ်ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာကိဉ္စညာယတန ဈာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတန ဈာန်ကို ပြည့်စုံစေ၍နေ၏ ဟု ဆိုအပ်၏။

၂၀၆။ ဤစကား၌လည်း"ခပ်သိမ်းသောအခြင်းအရာအားဖြင့်" ဟူသော စကားသည် ဆိုခဲ့ပြီးသောနည်းအတိုင်းပင် ဖြစ်၏၊ "အာကိဉ္စညာယတန ဈာန်ကို လွန်မြောက်၍" ဟု ဆိုရာ၌လည်း ရှေး၌ ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ဈာန်သည်၎င်း အာရုံသည်၎င်း အာကိဉ္စညာယတန မည်၏။

ထိုစကားမှန်၏၊ အာရုံသည်လည်း ရှေးနည်းအတိုင်း အာကိဉ္စည လည်း ဟုတ်၏၊ ထိုအာကိဉ္စညသည် တတိယ အရူပဈာန်၏ အာရုံ ဖြစ်သောကြောင့် နတ်တို့၏နေရာကို ဒေဝါယတန ခေါ်သကဲ့သို့ တည်ရာ ဟူသော အနက်ကြောင့် အာယတနလည်း ဟုတ်၏၊ ထို့ကြောင့် အာကိဉ္စညာယတန မည်၏၊ ထို့အတူ အာကိဉ္စည လည်း ဟုတ်၏၊ ထိုအာကိဉ္စညဟူသည် ထိုဈာန်၏ ဖြစ်ရာဖြစ်သော ကြောင့် ကမ္ဗောဇတိုင်းသည် မြင်းတို့၏နေရာ အာယတန ဆိုသကဲ့သို့ ဖြစ်ရာဌာနဖြစ်သောကြောင့် အာယတနလည်း ဟုတ်၏၊ ထို့ကြောင့်လည်း အာကိဉ္စညာယတန မည်၏၊ ဤသို့ ဈာန်၏၎င်း, အာရုံ၏၎င်း၊ ထိုနှစ်ပါးစုံ၏ မဖြစ်ခြင်းကို ပြုသဖြင့်၎င်း,နှလုံးမသွင်း

ခြင်းဖြင့် ၎င်း လွှန်မြောက်၍ သာလျှင် အကြင့်ကြောင့် ဤ နေဝသညာနာသညာယတန ဈာန်ကို ပြည့်စုံစေ၍ နေအပ်၏၊ ထို့ကြောင့် နှစ်ပါးစုံကို တပေါင်းတည်းပြု၍ အာကိဉ္စညာယတန ဈာန်ကို လွှန်မြောက်၍ ဟူသော ဤစကားကို ဆိုအပ်သည် ဟူ၍ သိအပ်၏။

“**နေဝသညာ နာသညာယတန**” ဟူသောပုဒ်၌ အကြင်သို့ သဘောရှိသော အလွှန်သိမ်မွေ့သော သညာ၏ ရှိသည့်အဖြစ် ကြောင့် ထိုစတုတ္ထ အရူပဈာန်ကို နေဝသညာ နာသညာ ယတန ဟူ၍ ဆိုအပ်၏၊ အကြင်သို့သော အခြင်းအရာအားဖြင့် ကျင့်သော ယောဂါပုဂ္ဂိုလ်အား ထိုအလွှန်သိမ်မွေ့သော သညာသည် ဖြစ်၏၊ ထိုသညာနှင့် သညာကို ရကြောင်း အကျင့်နှစ်ပါးကို ရှေးဦးစွာ ပြခြင်းငှါ ဝိဘင်းပါဠိတော်၌ နေဝသညီနာသညီ ဟူသော ပုဒ်ကို ထုတ်၍ “တညေဝ အာကိဉ္စညာယတနံ သန္တတော မနသိ- ကရောတိ၊ သင်္ခါရာဝသေသသမာပတ္တိံ ဘာဝေတိ၊ တေန ဝုစ္စတိ နေဝသညီနာသညီ”ဟူ၍ ဟောအပ်၏။

> “ထို အာကိဉ္စညာယတနဈာန်ကို ငြိမ်သက်သော အားဖြင့် နှလုံးသွင်း၏၊ သင်္ခါရတို့သာလျှင် ကြွင်းသော သမာပတ်ကို ပွါး၏၊ ထို့ကြောင့် နေဝသညီနာသညီဟူ၍ ဆိုအပ်၏”။

ဤကား-သာခက ပါဠိတော်၏ အဓိပ္ပါယ်။

ထိုပါဠိတော်၌ “ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၏” ဆိုသည်ကား- ဤသမာပတ်သည် ငြိမ်သက်ပေစွ၊ အကြင် သမာ ပတ်သည် ပဌမာရုပ္ပဝိညာဉ်၏ ဆိတ်သည့် အဖြစ် ဟူသော နတ္ထိဘောပညတ်သည် အလွှန်သိမ်မွေ့စွာလျက်လည်း ထိုတရားကို အာရုံပြု၍ အံ့ဩစရာ တည်နိုင်ပါပေသည့်တကားဟု ဤသို့ ငြိမ်သက်သော အာရုံရှိသည့် အဖြစ်ကြောင့် ထိုအာကိဉ္စညာ ယတနဈာန်ကို ငြိမ်သက်ပေစွဟု နှလုံးသွင်း၏၊ ငြိမ်သက်သော အားဖြင့် အကယ်၍နှလုံးသွင်းအံ့၊အဘယ့်ကြောင့်လွှန်မြောက်ခြင်း

ဖြစ်နိုင်သနည်းဟူမူ ဝင်စားခြင်း၄ါ အလိုမရှိသည့် အဖြစ်ကြောင့် လွှန်မြောက်ခြင်း ဖြစ်နိုင်၏၊ ထင်ရှားစေဦးအံ့၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုအာကိဉ္စညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ကား နှလုံးသွင်း၏၊ ထိုသို့ ဖြစ်သော်လည်း ထိုယောဂီပုဂ္ဂိုလ်အား ငါသည် ဤစျာန်ကို နှလုံးသွင်းအံ့, ဝင်စားအံ့, ဆောက်တည်အံ့, ထအံ့, ဆင်ခြင်အံ့ဟု ဤသို့ နှလုံးသွင်းခြင်း အာဘောဂ၊ ဆောင်ခြင်း သမန္နာဟာရ၊ နှလုံး၌ထားခြင်း မနသိကာရတို့သည် မဖြစ်၊ အဘယ့်ကြောင့် နည်းဟူမူကား အာကိဉ္စညာယတန စျာန်ထက် နေဝသညာ နာသညာယတန စျာန်က အလွန်ငြိမ်သက် အလွန်မွန်မြတ်သည့် အဖြစ်ကြောင့် ပေတည်း။

**ဥပမာအားဖြင့်သော်ကား**-မင်းသည် မြင့်မြတ်သော မင်း၏ တန်ခိုးအာနုဘော်အားဖြင့် မြတ်သော ဆင်ကျောက်ကုန်း၌ တည်လျက် မြို့တော်လမ်းမကြီးသို့ လှည့်လည်သည် ရှိသော် ဆင်စွယ် ပန်းပုထုသွား အစရှိကုန်သော အတတ်ပညာသည်တို့ကို တထည်သော အဝတ်ကို မြဲစွာဝတ်လျက် တထည်သော အဝတ်ဖြင့် ဦးခေါင်းကို ရစ်ပေါင်း၍ ဆင်စွယ်မှုန့် အစရှိသည်ဖြင့် ပေရေ ထွေးရှုပ်စွာသော ကိုယ်ရှိလျက် များစွာကုန်သော ဆင်စွယ်ကြုတ်, ဆင်စွယ်ပုတီး စသည် ပြုလုပ်နေသည်ကို မြင်၍ "အို-အချင်းအမတ်တို့, ပန်းပုဆရာတို့သည် တတ်မြောက်ကုန်ဘိ တကား၊ ဤသို့ သဘောရှိသော သိမ်မွေ့သော အတတ်တို့ကို သိလျက်လည်း အံ့ဩဘွယ် ပြုလုပ်နိုင်ကြပေကုန်၏"ဟု ဤသို့လျှင် ထိုပညာသည်တို့၏ ကျွမ်းကျင် တတ်မြောက်သည့် အဖြစ်ကို နှစ်သက်ကား နှစ်သက်၏၊ ထိုသို့ပင် နှစ်သက်သော်လည်း "ငါသည် မင်းအဖြစ်ကို ပယ်၍ ဤသို့ သဘောရှိသော အတတ်ပညာသည် ဖြစ်ရမူကား ကောင်းလေစွ"ဟု ထိုမင်း၏စိတ်သည် မဖြစ်၊ ထိုသို့ မဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူကား၊ မင်းအဖြစ်ဟူသော အသရေ၏ များသော အာနိသင် ရှိသည့် အဖြစ်ကြောင့် ထိုအတတ်ပညာတို့ကို လွန်၍သာလျှင် သွားဘိ

၏သို့၊ ဤအတူ ထိုယောဂီပုဂ္ဂိုလ်သည် ထိုအာကိဉ္စညာယတန သမာပတ်ကို ငြိမ်သက်သောအားဖြင့်ကား နှလုံးသွင်း၏၊ ထိုသို့ ဖြစ်သော်လည်း ထိုယောဂီပုဂ္ဂိုလ်အား ငါသည် ထိုသမာပတ်ကို နှလုံးသွင်းအံ့, ဝင်စားအံ့, ဆောက်တည်အံ့, ထအံ့, ဆင်ခြင်အံ့ ဟု နှလုံးသွင်းခြင်း အာဘောဂ၊ ဆောင်ခြင်း သမန္နာဟာရ၊ စိတ်၌ ထားခြင်း မနသိကာရသည် မဖြစ်၊ ထိုယောဂီပုဂ္ဂိုလ်သည် ထို တတိယ အရူပသမာပတ်ကို ရှေး၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ငြိမ်သက်ပေစွဟူ၍ နှလုံးသွင်းလျက် အကြင်သညာဖြင့် ပုဂ္ဂိုလ်သည် နေဝသညာနာသညာ မည်သည် ဖြစ်၏၊ အထူးအချွန် အလွန်အကဲ သိမ်မွေ့သည်အဖြစ်သို့ ရောက်သော ထိုသညာသို့ ရောက်၏၊ ရုန့်ရင်းသော သညာတို့မှ ကြွင်းကျန်သော အလွန်သိမ်မွေ့သော သညာရှိမှု ဖြစ်သော သမာပတ်ကို ပွါးစေ၏ဟူ၍ ဆိုအပ်၏။

ရုန့်ရင်း သောသညာတို့မှ ကြွင်းသော သမာပတ် ဆိုသည်ကား ယနိုင်း အခြားကို လွန်၍ သိမ်မွေ့သည့်အဖြစ်သို့ ရောက်လျက် မပြတ်လောက် သညာရှိမှုဖြစ်သော စတုတ္ထ အရူပသမာပတ်ကို ဆို၏။

၂၀၇။ ယခုအခါ၌ အကြင် ခန္ဓာလေးပါးကို ဤသို့ ကျင့်စဉ်ဖြင့် ရအပ်ပြီးသော သညာ၏ အစွမ်းဖြင့် နေဝသညာ နာသညာ ဟူ၍ ဆိုအပ်၏၊ ထိုခန္ဓာလေးပါးကိုပရမတ္ထ အားဖြင့် ပြခြင်းငှါ "နေဝသညာ နာသညာ ယတန ဆိုသည်ကား နေဝသညာ နာသညာ ယတနစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်၏၎င်း, ထိုဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏ ၎င်း, မျက်မှောက်ချမ်းသာ ခံစား၍နေသော ပုဂ္ဂိုလ်၏ ၎င်း စိတ်စေတသိက်ဖြစ်သော တရားတို့ပေတည်း" ဟူသော စကားကို ဟောအပ်၏၊ ထိုသုံးဦးတို့တွင် ဤအရာ၌ ဝင်စားသော ပုဂ္ဂိုလ်၏ စိတ်စေတသိက်ဖြစ် သော တရားတို့ကို နေဝသညာ နာသညာယတနဟူ၍ အလိုရှိအပ်ကုန်၏။

ဤပုဒ်၌ စကား၏အနက်ဟူသော ဝစနတ္ထကား ရုန့်ရင်းသော သညာ၏ မရှိခြင်းကြောင့် သိမ်မွေ့သော သညာ၏ ရှိသည့် အဖြစ်ကြောင့် သမ္ပယုတ်နှင့် တကွဖြစ်သော ထိုဈာန်အား ရုန့်ရင်းသော သညာသည် မရှိ၊ သိမ်မွေ့သော သညာမရှိသည် လည်း မဟုတ်၊ ထို့ကြောင့် ထိုဈာန်သည် နေဝသညာ နာသညာ မည်၏။

ထိုဈာန်သည် ရုန့်ရင်းသော သညာမရှိ၊ သိမ်မွေ့သောသညာ မရှိ မဟုတ်သည်လည်း ဖြစ်၏၊ မနာယတန, ဓမ္မာယတနတို့၌ အကျုံးဝင်သည့် အဖြစ်ကြောင့် အာယတန မည်သည်လည်း ဖြစ်၏၊ ထို့ကြောင့် နေဝသညာ နာသညာယတန မည်၏။

တနည်းကား—ဤစတုတ္ထ အာရုပ္ပဈာန်၌ အကြင်သညာသည် ရှိ၏၊ ထိုသညာသည် ထင်ရှားသော သညာကိစ္စကို ပြုခြင်းငှါ မစွမ်းနိုင်သောကြောင့် သညာမမည်၊ ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သော သင်္ခါရ၏ အဖြစ်ဖြင့် ရှိသောကြောင့် သိမ်မွေ့သော သညာမဟုတ်သည် မဟုတ်၊ ထို့ကြောင့် နေဝ-သညာ နာသညာ မည်၏၊ ထိုတရားသဘောသည် ရုန့်ရင်းသော သညာမဟုတ်၊ သိမ်မွေ့သော သညာမဟုတ်သည် မဟုတ်လည်း ဖြစ်၏၊ ကြွင်းသော တရားတို့၏တည်ရာဟူသော အနက်ကြောင့် အာယတနလည်း ဖြစ်၏၊ ထို့ကြောင့် နေဝသညာ နာသညာ-ယတန မည်၏။

ဤစတုတ္ထ အရူပ၌ သညာသည်သာလျှင် သက်သက် ဤသို့ သဘောရှိသည်မဟုတ်၊ စင်စစ်သော်ကား ဝေဒနာသည်လည်း နေဝဝေဒနာ နာဝေဒနာ မည်၏၊ စိတ်သည်လည်း နေဝစိတ္တ နာစိတ္တ မည်၏၊ ဖဿသည်လည်း နေဝဖဿနာဖဿ မည်၏၊ ကြွင်းသော သမ္ပယုတ်တရားတို့၌လည်း ဤနည်းအတိုင်းပင်တည်း၊ သညာကို ခေါင်းတပ်၍ ဤဒေသနာတော်ကို ဟောတော်မူအပ် သည်ဟု သိအပ်၏။

တစုံတခုသော ဝိသေသကိုစွဲ၍ သဘောအားဖြင့် ရှိ၏ဟူ၍ ဆိုအပ်သော တရားကိုပင် မရှိဟူ၍ ဆိုသင့်သည့် အဖြစ် ဟူသော

အနက်ကို **သပိတ်သုတ်သော ဆီ,** အစရှိသော ဥပမာတို့ဖြင့်လည်း ထင်ရှားပြအပ်၏၊ သာမဏေသည် ဆီဖြင့် သပိတ်ကို လိမ်းသုတ်၍ ထားသောကဲ့၊ ထိုသာမဏေကို မထေရ်သည် ယာဂုသောက်သော ကာလ၌ "သပိတ်ကိုယူခဲ့"ဟု ဆို၏၊ ထိုသာမဏေသည် "အသျှင်ဘုရား, သပိတ်၌ ဆီရှိပါ၏"ဟု ဆို၏၊ ထိုအခါ မထေရ်က "ဒို-သာမဏေ, ဆီကိုယူခဲ့လော့၊ ဆီကျည်ကို ပြည့်စေအံ့"ဟု ဆိုသည်ရှိသော်"အသျှင်ဘုရား,ဆီမရှိပါ"ဟု ဆိုပြန်၏၊ထိုဥပမာ၌ ပဒေသာ[illegible]၏ အဖြစ်ကြောင့် "ဝိနည်းဒေသနာဒးရ" ယာဂုနှင့် ဟာကု [illegible]သောကြောင်း ဆီ ရှိပါသည်ဟူ၍ ဆိုခြင်းသည် ဖြစ်သကဲ့သို့ [illegible] ပြုလောက်သော ဆီ အစရှိသည်တို့၏ အစွမ်းဖြင့် [illegible]ဟူ၍ ဆိုခြင်းသည် ဖြစ်သကဲ့သို့၊ ဤအတူ ဤသညာ သည်လည်း ထင်ရှားသော သညာကိစ္စကို ပြုခြင်းငှါ မစွမ်းနိုင် သောကြောင့် နေဝသညာ မည်သည် ဖြစ်၏၊ ရုန့်ရင်းသော ဘာဝီရမှ ကြွင်းသော အလွန်သိမ်မွေ့သော သင်္ခါရ၏ အဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာမည်သည် ဖြစ်၏။

ဤစတုတ္ထ အရူပသမာပတ်၌ သညာကိစ္စဟူသည် အာဘယ်နည်းဟူမူ၊ အာရုံကိုအမှတ်ပြု၍ သိခြင်းသည်ငှင်း, ဝိပဿနာ၏ အာရုံ အဖြစ်သို့ရောက်၍ နိဗ္ဗိဒါဉာဏ်ကိုဖြစ်စေခြင်းသည်ငှင်း သညာကိစ္စ မည်၏၊ ရေ၌ တေဇောဓာတ်သည် လောင်ခြင်းကိစ္စကို ပြုခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ဤသညာသည် အမှတ်ပြု၍ သိခြင်းကိစ္စကို ထင်စွာပြုခြင်းငှါ မစွမ်းနိုင်၊ ကြွင်းသော သမာပတ်တို့၌ သညာ ကဲ့သို့ ဝိပဿနာ၏ အာရုံအဖြစ်သို့ ရောက်၍ နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းကိုလည်း ပြုခြင်းငှါ မတတ်နိုင်၊ ထိုစကား မှန်သည်၊ စတုတ္ထ အရူပမှ တပါးကုန်သော ခန္ဓာတို့၌ ဝိပဿနာ နှလုံး သွင်းခြင်းကို မပြုဘူးသော ရဟန်းသည် နေဝသညာ နာသညာ ခန္ဓာတို့ကို သုံးသပ်၍ နိဗ္ဗိဒါဉာဏ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်သော မည်သည်မရှိ၊စင်စစ်သော်ကား၊**အသျှင်သာရိပုတြာ**မထေရ်သည် စွမ်းနိုင်ပေ၏၊ ပကတိအားဖြင့် ဝိပဿနာရှုသော ပုဂ္ဂိုလ်သည် ပညာကြီးသည်ဖြစ်၍ အသျှင်သာရိပုတြာနှင့် ဉာဏ်ရည်တူသူ

ဖြစ်မှုကား ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေခြင်းငှါ တတ်နိုင်ရာ၏၊ ထိုပုဂ္ဂိုလ်သည်လည်း "ဤ ဤသို့ နေဝသညာ နာသညာယတန တရားတို့သည် ရှေးကမရှိမူ၍ ယခု ဖြစ်ကုန်သတတ်၊ ယခုဖြစ်၍ ပျက်ကုန်၏"ဟု အပေါင်းအားဖြင့် သုံးသပ်သည့် အစွမ်းဖြင့် သာလျှင် တတ်နိုင်ရာ၏၊ ဖဿစသော တရားတို့ကို အသီးအသီး သရုပ်အားဖြင့် ရှုခြင်း၏အစွမ်းဖြင့်ကား မတတ်နိုင်ရာ၊ ဤစတုတ္ထ ဈာန် သ မာ ပတ် သည် ဤ သို့ သော အ ခြင်း အ ရာ အား ဖြင့် သိမ်မွေ့သောအဖြစ်သို့ ရောက်၏၊ သပိတ်သုတ်သောဆီ ဥပမာ အားဖြင့် ပြအပ်သကဲ့သို့ ထို့အတူ လမ်းခရီး၌ ရှိသော **ရေဥပမာ** အားဖြင့်လည်း ဤအနက်ကို သိအပ်၏။

ခရီးသွားသော မထေရ်၏ ရှေ့မှသွားသော သာမဏေသည် အနည်းငယ်သောရေကိုမြင်၍ "အသျှင်ဘုရား, ရေပါ၊ ဘိနပ်တို့ကို ချွတ်တော်မူပါ"ဟု ဆို၏၊ ထိုအခါ မထေရ်သည် အကယ်၍ ရေရှိသည်ဖြစ်အံ့၊ ရေသနုပ်ကို ယူခဲ့လော့, ရေချိုးအံ့"ဟုဆိုရာ၊ သာမဏေက"အသျှင်ဘုရား,ရေမရှိပါ"ဟု ပြောဆို၏၊ ထိုဥပမာ၌ ဘိနပ်ကို စိုစွတ်လောက်ရုံ ရှိသည့်အဖြစ်ကြောင့် ရေရှိ၏ဟူသော စကားကဲ့သို့ ရေချိုးလောက်သော အနက်အားဖြင့် မရှိဟူသော စကားဖြစ်သကဲ့သို့ ထို့အတူ ထိုသညာသည်လည်း သညာကိစ္စကို ပြုခြင်းငှါ မစွမ်းနိုင်သောကြောင့် နေဝသညာမည်သည် ဖြစ်၏၊ ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းသော အလွန် သိမ်မွေ့သော သင်္ခါရတို့၏ အဖြစ်ဖြင့် ရှိသောကြောင့် နာသညာမည်သည် ဖြစ်၏၊ စင်စစ်သော်ကား ထိုဆိုခဲ့ပြီးသော ဥပမာတို့ဖြင့်သာ ထင်စွာ ပြအပ်သည် မဟုတ်သေး၊ တပါးကုန်သော သင့်လျော်သော ဥပမာတို့ဖြင့်လည်း ဤအနက်ကို ထင်ရှား ပြအပ်၏။

"**ပြည့်စုံစေ၍နေ၏**"ဟူသော ဤစကားကို ဆိုခဲ့ပြီးသော နည်းအတိုင်း သိအပ်၏။

နေဝသညာနာသညာယတန ကမ္မဋ္ဌာန်း

အကျယ် ပြီး၏။

## အာရုပ္ပကမ္မဋ္ဌာန်း လေးပါးလုံးနှင့်ဆိုင်သော ပကိဏ္ဏက ကထာ

၂၀၀။ **အသဒိသရူပေါ နာထော၊**
**အာရုပ္ပံ ယံ စတုဗ္ဗိဓံ အာဟ။**
**တံ ဣတိ ဉတွာ တသ္မိံ၊**
**ပကိဏ္ဏကကထာပိ ဝိညေယျာ။**

ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာနှင့်မျှ မတူသော သဘော ရှိတော်မူသော လူ, နတ်တို့၏ ကိုးကွယ်ရာ မြတ်စွာဘုရားသည် လေးပါးအပြားရှိသော အကြင် အာရုပ္ပကမ္မဋ္ဌာန်းကို ဟောတော်မူအပ်၏၊ ထိုကမ္မဋ္ဌာန်းကို ဆိုခဲ့ပြီးသောအတိုင်း သိ၍ ထိုကမ္မဋ္ဌာန်းတို့၌ သိမှတ်စရာ ပြီးပြွမ်းဖြစ်သော စကားကိုလည်း သိရာ၏။

၂၀၉။ အကျယ်ကိုဆိုအံ့၊ လေးပါးကုန်သော အာရုပ္ပသမာပတ်ကို့သည် အာရုံကိုလွန်သောအားဖြင့် ဖြစ်ကုန်၏၊ ထို အရူပသမာပတ်တို့၏ အင်္ဂါကို လွန်ခြင်းကို ပညာရှိတို့ အလိုမရှိကြကုန်။

ထိုသမာပတ်တို့တွင် ပဌမအရူပသမာပတ်သည် ကသိဏ်းရုပ် ဟူသော ပဋိဃနိမိတ်ကို လွန်သောအားဖြင့် ဖြစ်၏၊ ဒုတိယ အရူပ သမာပတ်သည် ကသိဏ်းကိုခွါ၍ရသော အာကာသကိုလွန်သော အားဖြင့် ဖြစ်၏၊ တတိယ အရူပသမာပတ်သည် အာကာသ၌ ဖြစ်သော ပဌမာရုပ္ပဝိညာဉ်ကို လွန်သောအားဖြင့် ဖြစ်၏၊ စတုတ္ထ အရူပ သမာပတ် သည်ကား အာကာသ၌ဖြစ်သော ပဌမာရုပ္ပ ဝိညာဉ်၏ မရှိခြင်း နတ္ထိဘာဝပညတ်ကို လွန်သောအားဖြင့် ဖြစ်၏၊ ဤသို့ လေးပါးကုန်သော ဤအာရုပ္ပသမာပတ်တို့သည် ခပ်သိမ်း သော အပြားအားဖြင့် အာရုံကိုလွန်သောအားဖြင့် ဖြစ်ကုန်၏ဟု သိအပ်ကုန်၏။ ထိုအရူပ သမာပတ်တို့၌ အင်္ဂါကို လွန်ခြင်းကို ပညာရှိတို့သည် အလိုမရှိကြကုန်။ ထိုစကားမှန်သည်၊ ရူပါဝစရ သမာပတ်တို့၌ အင်္ဂါကို လွန်ခြင်းရှိသကဲ့သို့ ထိုအရူပသမာပတ်

တို့၌ အင်္ဂါကိုလွန်ခြင်းမရှိ၊ အကြောင်းမူကား အလုံးစုံသော ထိုအရူပသမာပတ်တို့၌ ဥပေက္ခာသည်၎င်း, စိတ္တေကဂ္ဂတာသည် ၎င်း ဤသို့ နှစ်ပါးသော ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏။

၂၉၀။ ထို့ကြောင့် အင်္ဂါကို လွန်ခြင်းမဖြစ်၊ ဤသို့ အင်္ဂါကို လွန်ခြင်း မဖြစ်သော်လည်း ဤအရူပသမာပတ်၌ နောက်နောက်ဖြစ်သော သမာပတ်တို့သည် အလွန် အထူးသဖြင့် မွန်မြတ်ကုန်၏။ ထိုနောက်နောက်သော သမာပတ်တို့၏ အလွန်အထူးသဖြင့် မွန်မြတ်သည့် အဖြစ်၌ ပြာသာဒ်အပြင် ပုဆိုးအဝတ်ဟူသော ဥပမာ တို့ဖြင့် သိအပ်ကုန်၏။

**ဥပမာအားဖြင့်** ဘုံလေးဆင့်ရှိသော ပြာသာဒ်၏ အောက်ထပ် အပြင်၌ နတ်၏ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ကောင်းသော ရနံ့ရှိသောပန်း ဘောဇဉ် အစာ အိပ်ရာ အဝတ်စသည်တို့၏ အစွမ်းဖြင့် မွန်မြတ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှေးရှု တည်သည် ဖြစ်ကုန်ရာ၏၊ ဒုတိယအထပ်၌ ထိုပဌမအထပ်ထက် အထူးသဖြင့် မွန်မြတ်ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ တတိယအထပ်၌ ထိုပဌမ ဒုတိယအထပ်ထက် အထူး သဖြင့် မွန်မြတ်ကုန်၏၊ စတုတ္ထအထပ်၌ အလုံးစုံသောအထပ် တို့တွင်ရှိသော ကာမဂုဏ်ငါးပါးထက် အထူးသဖြင့် မွန်မြတ် ကုန်သော ကာမဂုဏ်ငါးပါးတို့သည် ရှေးရှုတည်သည် ဖြစ်ကုန်ရာ ၏၊ ထိုဥပမာ၌ ထိုလေးပါးသော အပြင်တို့သည် ပြာသာဒ်၏ အထပ်အပြင်တို့သာ ဖြစ်ကုန်၏၊ ထိုပြာသာဒ် အပြင်တို့၏ အထူးကား မရှိ၊ ထိုသို့ဖြစ်သော်လည်း ငါးပါးသော ကာမဂုဏ် ပြည့်စုံခြင်း အထူးအားဖြင့် အောက်အောက်ဖြစ်သောအထပ် ထက် အထက်အထက်ဖြစ်သော အထပ်ကအထူးသဖြင့် မွန်မြတ် သည် ဖြစ်သကဲ့သို့၎င်း—

ထို့ပြင် တယောက်သော မိန်းမသည် ငင်အပ်သော ကြမ်းသော ချည်၊ ချောသောချည်၊ အထူးသဖြင့် ချောသောချည်၊ အလွန်

အထူးသဖြင့် ချောသော ချည်တို့ဖြင့် ယက်အပ်ကုန်သော အလေးချိန်* လေးပိုလ်စီး၊ သုံးပိုလ်စီး၊ နှစ်ပိုလ်စီး၊ တပိုလ်စီး ပုဆိုးတို့သည် အလျားအားဖြင့်၎င်း, အနံအားဖြင့်၎င်း တူသော ပမာဏရှိကုန်၏၊ အတိုင်းအရှည်အားဖြင့် ထူးသည့်အဖြစ်မရှိ၊ သို့သော် ကောင်းသောအတွေ့ရှိသည့်အဖြစ်, သိမ်မွေ့နူးညံ့သည့် အဖြစ်, အဘိုးများစွာထိုက်သည့်အဖြစ်အားဖြင့်ကား ရှေးရှေး ပုဆိုးထက် နောက်နောက်ပုဆိုးတို့က အထူးသဖြင့် မွန်မြတ်သည် ဖြစ်ကုန်သကဲ့သို့ ဤအတူ လေးပါးသော ထိုအရူပသမာပတ်တို့၌ ဥပေက္ခာ ဧကဂ္ဂတာဟူ၍ အင်္ဂါနှစ်ပါးစီရှိသော်လည်း ဘာဝနာ ထူးသောကြောင့် ထိုနှစ်ပါးသော အင်္ဂါတို့၏ မွန်မြတ်သည့် အထူးသဖြင့် မွန်မြတ်သည့်အဖြစ်ဖြင့် ဤအရူပသမာပတ်၌ နောက်နောက်ဖြစ်ကုန်သော သမာပတ်တို့သည် အလွန်အထူး သဖြင့် မွန်မြတ်ကုန်၏ဟု သိအပ်ကုန်၏။

၂၉၁။ ဤဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း အစဉ်သဖြင့် မြတ်သည် ထက် မြတ်ကုန်သော ဤလေးပါးသော သမာပတ် တို့ကိုလည်း မစင်ရှိရာအရပ်၌ တည်သော မဏ္ဍပ်ကို တယောက်သောသူသည် ဆွဲ၏၊ ထို့နောက် တယောက် သည် ထိုသူကိုမှီ၍ တည်၏၊ တယောက်သည် ထိုသူကို မှီ၍ အပ၌တည်၏၊ နောက်တယောက်သည်ကား ထို အပ၌တည်သောသူကိုမှီ၍ တည်၏၊ ဤသို့ လေးဦးသော ယောကျ်ားတို့နှင့် အစဉ်အားလျော်စွာ တူသည့် အဖြစ်ဖြင့် ထင်စွာပြခြင်းကို သိအပ်ကုန်၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်ကား အနက်ယှဉ်ခြင်းတည်း၊ မစင်ရှိသောအရပ်၌ တခုသောမဏ္ဍပ်သည် တည်၏၊ ထိုအခါ တယောက်သော ယောကျ်ားသည်လာ၍ ထိုမစင်ကိုစက်ဆုပ် ရွံရှာသည်ဖြစ်၍ ထိုမဏ္ဍပ်ကို လက်ဖြင့်ဆွဲ၍ ထိုမဏ္ဍပ်၌ ငြိ၏သို့

---

မှတ်ချက်။ ။* ပိုလ်တခု၏အလေးချိန်သည် ဒင်္ဂါးချိန် ၄-သားရှိ၏ဟု အမရကောသ၌ ဆို၏၊ ဆေးကျမ်းတို့၌ကား ၈-သားရှိ၏ဟု ဆိုကြ၏၊ မာဂဓ အဘိဓာန်၌ ၁၀-သားရှိ၏ ဆိုသည်ကား သဒ္ဒတကျမ်းတို့နှင့် မညီ။

တည်၏၊ ထို့နောက် တယောက်သောသူသည်လာ၍ ထိုမဏ္ဍပ်၌ ဆွဲသောယောကျ်ားကိုမှီ၍ တည်၏၊ ထို့နောက် တယောက်သော သူသည်လာ၍ ဤသို့ကြံ၏၊ "လူတယောက်သည် မဏ္ဍပ်၌ဆွဲလျက် တည်၏၊ အခြားသူတယောက်သည်ကား ထိုသူကို မှီ၍ တည်၏၊ ထိုလူနှစ်ယောက်စလုံးတို့သည် မကောင်းသဖြင့် တည်ကြကုန်၏၊ မဏ္ဍပ်ပြိုလတ်သော် ထိုလူတို့၏ကျခြင်းသည် မချွတ်မလွဲ ဖြစ်လတ္တံ့၊ ယခုငါသည်ကား အပ၌သာလျှင် တည်အံ့" ဟု ကြံ၏၊ ထိုသူသည် မဏ္ဍပ်၌ ဆွဲသူကိုမှီသော ယောကျ်ားကိုမမှီမူ၍ အပ၌သာလျှင် ရပ်၏၊ ထို့နောက် တယောက်သော သူသည်လာ၍ မဏ္ဍပ်၌ ဆွဲသောသူကိုရင်း, ထိုမဏ္ဍပ်၌ ဆွဲသူကိုမှီ၍ တည်သောယောကျ်ား ကိုရင်း ဘေးမလွတ်နိုင်သည့်အဖြစ်ကို ကြံ၍ အပ၌တည်သော သူကိုလည်း ကောင်းစွာတည်၏ ဟု သိ၍ ထိုအပ၌တည်သော သူကိုအမှီပြု၍ တည်၏။

**ထိုဥပမာ**၌ မစင်ကြယ်သော အရပ်၌ရှိသော မဏ္ဍပ်ကဲ့သို့ ကသိဏ်းကို ခွါရာကောင်းကင်ကို မှတ်အပ်၏၊ မစင်ကိုစက်ဆုပ်၍ မဏ္ဍပ်၌ ဆွဲသောယောကျ်ားကဲ့သို့ ကသိဏ်းရုပ် ဟု ဆိုအပ်သော ပဋိဘာဂနိမိတ်ကို စက်ဆုပ်၍ ကသိဏ်းကိုခွါရာ ကောင်းကင်လျှင် အာရုံရှိသော အာကာသာနဉ္စာယတန ဈာန်ကို မှတ်အပ်၏၊ မဏ္ဍပ်၌ ဆွဲသောသူကို အမှီပြု၍ တည်သော ယောကျ်ားကဲ့သို့ အာကာသလျှင် အာရုံရှိသော အာကာသာနဉ္စာယတန ဈာန်ကို အာရုံပြု၍ဖြစ်သော ဝိညာဏဉ္စာယတန ဈာန်ကို မှတ်အပ်၏၊ ထိုနှစ်ဦးသားတို့၏ ဘေးမလွတ်သည့်အဖြစ်ကို ကြံ၍ ထိုမဏ္ဍပ်၌ ဆွဲသောသူကို မှီ၍တည်သောသူကို မမှီမူ၍ အပ၌တည်သော သူကဲ့သို့ အာကာသာနဉ္စာယတန ဈာန်ကို အာရုံမပြုမူ၍ ထို ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း နတ္ထိဘော ပညတ်လျှင် အာရုံရှိသော အာကိဉ္စညာယတန ဈာန်ကို မှတ်အပ်၏၊ မဏ္ဍပ်၌ဆွဲသော သူကိုရင်း, ထိုသူကိုမှီသောသူကိုရင်း ဘေးမလွတ်သည့် အဖြစ်ကို ကြံ၍ အပ၌တည်သော သူကိုလည်း ကောင်းစွာတည်၏ ဟု သိ၍ ထိုသူကိုအမှီပြု၍ တည်သောသူကဲ့သို့ ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း

နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော အပအရပ်၌ တည်သော အာကာသာနဉ္စာယတန ဈာန်ကို အာရုံပြု၍ဖြစ်သော နေဝသညာနာသညာယတန ဈာန်ကို မှတ်အပ်၏။

၂၉၂။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ဖြစ်သော်လည်း—

ဤနေဝသညာနာသညာယတန ဈာန်သည် အာရုံ တပါးမရှိသည့် အဖြစ်ကြောင့် ထိုအာကိဉ္စညာယတန ဈာန်ကို အာရုံပြုသည်သာတည်း၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူ၊ လူအပေါင်းသည် မင်းကို အပြစ်မြင်သော်လည်း အသက်မွေးမှုဟူသော အကြောင်းကြောင့် မှီ၍ နေရ သကဲ့သို့ပေတည်း။

အကျယ်ဖော်ပြဦးအံ့–ဤနေဝသညာ နာသညာယတန ဈာန် သည် ဝိညာဏဉ္စာယတန ဈာန်တည်းဟူသော နီးသော ရန်သူ ရှိ၏ဟု ဤသမာပတ်ကိုမြင်အပ်သော အပြစ်ရှိသော်လည်း ထို အာကိဉ္စညာယတန ဈာန်ကို ထိုမှတပါးသော အာရုံ၏ မရှိခြင်း ကြောင့် အာရုံပြုသည်သာတည်း၊ အဘယ်ကဲ့သို့ နည်းဟူမူ– လူအများတို့သည် မင်းကို အပြစ်မြင်သော်လည်း အသက်မွေးမှု ကြောင့် မှီ၍ နေရသကဲ့သို့ပေတည်း၊ ကိုယ်နှုတ်နှလုံးကို မစောင့် စည်းသော ကြမ်းထမ်းသော ကိုယ်အကျင့်,နှုတ်အကျင့်,စိတ်အကျင့် ရှိသော တစုံတယောက်သော အရပ်မျက်နှာတို့၏ အရှင်ဖြစ်သော မင်းကို “ဤမင်းကား ကြမ်းထမ်းသော အကျင့်အာစာရ ရှိ၏”ဟု အပြစ်ကိုမြင်ပါသော်လည်း တပါးသောအရပ်၌ အသက်မွေးစရာ မရသည် ဖြစ်၍ လူအပေါင်းသည် အသက်မွေးမှုဟူသော အကြောင်းကြောင့် ထိုမင်းကိုအမှီပြု၍ အသက်မွေးရသကဲ့သို့ ဤအတူ ထိုအာကိဉ္စညာယတန ဈာန်ကို အပြစ်မြင်သော်လည်း တပါးသော လျောက်ပတ်သော အာရုံကို မရသည်ဖြစ်၍ ဤ ဈာန်ကို နေဝသညာနာသညာယတန ဈာန်သည် အာရုံပြုသည် သာတည်း။

၂၉၃။ ဤသို့ အာရုံပြုသော်လည်း—

တစုံတယောက်သော ယောဂီသည် ရှည်စွာသော လှေကားသို့တက်ရာ အခြားကိုင်စရာ မရှိသောကြောင့် လှေကားဘောင်ကို ထောက်၍သို့ရင်း, တောင်ထိပ်သို့ တက်သောသူသည် တောင်ထိပ်ကိုပင် ထောက်၍သို့ရင်း, ကျောက်တောင်သို့ တက်သောသူသည် မိမိ၏ ပုဆစ်ဒူး ကိုပင် ထောက်သကဲ့သို့ရင်း ထို့အတူ ထိုအာကိဉ္စညာယတန ဈာန်ကို အာရုံပြု၍ ဖြစ်၏၊ ဤသို့ သိအပ်၏။

ဤသို့လျှင် သူတော်ကောင်းအပေါင်းတို့ ဝမ်းမြောက်ခြင်းငှါ
ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း သမာဓိ ဘာဝနာကို
ဆိုရာ၌ အာရုပ္ပ နိဒ္ဒေသ အမည်ရှိသော
၁၀-ခုမြောက် အပိုင်းသည် ပြီး၏။

**အာရုပ္ပ နိဒ္ဒေသ ပြီး၏။**

## ၁၁-သမာဓိ နိဒ္ဒေသပိုင်း

### အာဟာရေ ပဋိကူလသညာ ဘာဝနာ

၂၉၄။ ယခုအခါ၌ အာရုပ္ပ ကမ္မဋ္ဌာန်း၏ အခြားမဲ့၌ တခုသော သညာဟူ၍ အကျဉ်းပြအပ်ပြီးသော အာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ဟူသော အမှတ် အာဟာရေ ပဋိကူလသညာ၏ ဘာဝနာကို အကျယ်ပြခြင်းဖြစ်သော နိဒ္ဒေသသို့ အစဉ် ရောက်လာပြီ။

ထိုအာဟာရ ဟူသော ပါဠိ၌ အကြင် သဘောတရားသည် အကျိုးကို ဆောင်တတ် ဖြစ်စေတတ်၏၊ ထို့ကြောင့် ထိုသဘောတရားသည် အာဟာရ မည်၏၊ ထိုအာဟာရသည် အလုပ်အလွေးကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော ကဗဠီကာရ အာဟာရရှင်း, ဖဿ ဟူသော အာဟာရရှင်း, မနောသဉ္စေတနာ ဟူသော အာဟာရရှင်း, ဝိညာဉ် ဟူသော အာဟာရရှင်း၊ ဤသို့ လေးပါး အပြား ရှိ၏။

ဤလေးပါးသော အာဟာရတို့တွင် အဘယ် အာဟာရသည် အဘယ်အကျိုးကို ဆောင်သနည်း ဟူမူကား ကဗဠီကာရ အာဟာရသည် ဩဇာလျှင် ရှစ်ခုမြောက်ရှိသောရုပ်ကို ဆောင်၏၊ ဖဿာဟာရသည် သုံးပါးသော ဝေဒနာတို့ကို ဆောင်၏၊ မနောသဉ္စေတနာဟာရသည် ဘုံသုံးပါးတို့၌ ပဋိသန္ဓေကို ဆောင်၏၊ ဝိညာဏာဟာရသည် ပဋိသန္ဓေခဏ၌ နာမ်ရုပ်ကို ဆောင်၏။

ထိုလေးပါးတို့တွင် ကဗဠီကာရ အာဟာရကြောင့် ရသ တဏှာ ဟူသော ဘေးဖြစ်၏၊ ဖဿာဟာရကြောင့် အာရုံနှင့် ပေါင်းဆုံမိခြင်း ဘေးသည် ဖြစ်၏၊ မနောသဉ္စေတနာဟာရကြောင့် ထိုထိုဘဝ၌ ဖြစ်ရခြင်းဘေးသည် ဖြစ်၏၊ ဝိညာဏာဟာရကြောင့် ပဋိသန္ဓေနေရခြင်း ဘေးသည် ဖြစ်၏၊ ဤသို့ ဘေးဘျမ်းနှင့်တကွ ဖြစ်ကုန်သော ထိုလေးပါးသော အာဟာရတို့တွင် ကဗဠီကာရ အာဟာရကို သားငယ်၏အသားကိုစားသော ဥပမာဖြင့် ပြအပ်၏၊

ဖဿာဟာရကို အရေမရှိသော နွားမ ဥပမာဖြင့် ပြအပ်၏၊ မနော သဉ္စေတနာဟာရကို မီးကျီးတွင်း မီးကျီးစု ဥပမာဖြင့် ပြအပ်၏၊ ဝိညာဏာဟာရကို လှံမ,တံကျင် ဥပမာဖြင့် ပြအပ်၏၊ ဤသို့ မှတ်အပ်၏။

ဤ လေးပါးသော အာဟာရတို့တွင် စားအပ်, သောက်အပ် လျက်အပ်, ခဲအပ်သည့် အပြားရှိသော ကဗဠီကာရ အာဟာရကို သာလျှင် ဤ ကမ္မဋ္ဌာန်း ဟူသော အနက်၌ အာဟာရ ဟူ၍ ဆိုလို၏၊ ထိုအာဟာရ၌ ရွံရှာ စက်ဆုပ်အပ်သော အခြင်းအရာကို ယူသည်၏ အစွမ်းဖြင့်ဖြစ်သော သညာသည် အာဟာရေ ပဋိကူလ သညာ မည်၏၊ ထိုအာဟာရ၌ စက်ဆုပ် ရွံရှာဘွယ်ဟူသော အမှတ် သညာကို ပွါးလိုသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို နည်းနာ ကျကျ သင်ယူပြီး၍ ဆရာလက်ထပ် သင်အပ်သည်မှ တပိုဒ်တလေ ှူလည်း မချွတ်ယွင်း မတိမ်းမယိမ်းစေမူ၍ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ပြီးလျှင် အာရုံထွေထူး စိတ်မကူးဘဲ ကိန်းအောင်း၍ စားအပ်, သောက်အပ်, ခဲအပ်,လျက်အပ်သည့် အပြားရှိသော ကဗဠီကာရ အာဟာရ၌ ဆယ်ပါးသောအခြင်းအရာတို့ဖြင့် စက်ဆုပ်ရွံရှာဘွယ် ဟူသောအဖြစ်ကို ဆင်ခြင်အပ်ကုန်၏၊ ဆယ်ပါးသောအခြင်းအရာ တို့ဟူသည်ကား—

(၁) အစာရှာ သွားရသောအားဖြင့် အာဟာရ၌ စက်ဆုပ် ရွံရှာဘွယ် ဟူသောအဖြစ်ကို ဆင်ခြင်အပ်၏၊

(၂) ရှာမှီးခြင်းအားဖြင့် အာဟာရ၌ စက်ဆုပ် ရွံရှာဘွယ် ဟူသော အဖြစ်ကို ဆင်ခြင်အပ်၏၊

(၃) သုံးဆောင်ခြင်းအားဖြင့်····။ပ။

(၄) သည်းခြေ စသော အာသယအားဖြင့်····။ပ။

(၅) တည်ရာ အစာသစ်အိမ်အားဖြင့်····။ပ။

(၆) မကျက်သေးသောအားဖြင့်····။ပ။

(၇) ကျက်သောအားဖြင့်····။ပ။

(၈) အကျိုးပြီးသောအားဖြင့်…။ ပ ။
(၉) ထိုမှ ဤမှ ယိုစီးသောအားဖြင့်…။ ပ ။
(၁၀) အချင်းခပ်သိမ်း လိမ်းကျံသောအားဖြင့်…။ ပ ။
ဤဆယ်ပါးတို့ပေတည်း။

## (၁) အစာရှာသွားရသောအားဖြင့် ဆင်ခြင်ပုံ

၂၉၅။ ထို ဆယ်ပါးတို့တွင် အစာရှာသွားသောအားဖြင့် ဆိုသည်ကား–ဤသို့ ဆိုအပ်လတ္တံ့သော အကျင့်ဖြင့် အာနုဘော်ကြီးလှသော သာသနာတော်၌ ရဟန်းဖြစ်သောသူသည် ညဉ့်သုံးယာမ်ပတ်လုံး ဘုရားစကားတော်ကို ရွတ်ဘတ် သရဇ္ဈာယ်ခြင်းကိုရင်း, ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ရဟန်းတရားကိုရင်း ပြု၍ စောစောထပြီးလျှင် စေတီယင်ပြင် ဗောဓိယင်ပြင်၌ ပြုအပ်သော ဝတ်နိဗဒ်တို့ကိုပြု၍ သောက်ရေ သုံးဆောင်ရေကို တည်ထားလျက် ပရိဝုဏ်ကျောင်းဝင်းကို တံမြက်လှဲ၍ ကိုယ်လက် သုတ်သင်ပြီးလျှင် နေရာသို့တက်၍ အကြိမ်နှစ်ဆယ် သုံးဆယ် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ နေရာမှထပြီးလျှင် သပိတ်သင်္ကန်းကိုယူ၍ လူအပေါင်းတို့ဖြင့် ကြပ်တည်းခြင်း မရှိသော ဆိတ်ငြိမ်ခြင်းကြောင့် ချမ်းသာကုန်သော အရိပ်ရေနှင့်ပြည့်စုံ၍ စင်ကြယ်သန့်ရှင်းကုန်သော အေးမြကုန်သော နှလုံးမွေ့လျော်ဘွယ်ရှိသော မြေအဘိုဖြစ်သော ခြိုးခြံစွာကျင့်ရာ တောတို့ကိုပယ်၍ မြတ်သော ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်းကို မငဲ့မူ၍ မြေခွေးသည် အစာအလို့ငှါ သုသာန်သို့ ရှေးရှု သွားသကဲ့သို့ အစာအာဟာရ အလို့ငှါ ရွာသို့ ရှေးရှုလျက် သွားအပ်၏။

ဤသို့ သွားသောရဟန်းသည် ညောင်စောင်းမှရင်း, အင်းပျဉ်မှရင်း ဆင်းသည်မှစ၍ ဖဝါးမြေမှုန့် အိမ်မြှောင်ချေး အစရှိသည်တို့ဖြင့် ပြွမ်းသော ပုဆိုးနွမ်းစသော အခင်းကို နင်းအပ်၏၊ ထို့နောက် ရံခါ ကြွက်ချေး လင်းနို့ချေး စသည်တို့သည် ဖျက်ဆီး

အပ်သည် ဖြစ်၍ တိုက်တွင်းထက် စက်ဆုပ် ရွံရှာဘွယ်ဖြစ်သော ကျောင်းဦးကြမ်းပြင်ကို ရှုအပ်၏၊ထိုနောက် ခင်ပုတ်ငှက်ချေး နို့ချေး စသည်တို့ဖြင့် လိမ်းကျံသည့်အဖြစ်ကြောင့် အထက်အပြင်ထက် အထူးသဖြင့် ရွံရှာဘွယ်ဖြစ်သော အောက်အပြင်ကို ရှုအပ်သည် ဖြစ်၏၊ ထိုထိုအရပ်မှ လေဖြင့် လွင့်ကျကုန်သော မြက်ဟောင်း သစ်ရွက်ဟောင်းတို့ဖြင့်၎င်း, နာမကျန်းရှိသော သာမဏေတို့၏ ကျင်ငယ်,ကျင်ကြီး,တံထွေး,နှပ်တို့ဖြင့်၎င်း,မိုဃ်းကာလ၌ ရေညှိ အမှိုက်·စသည်တို့ဖြင့်၎င်း ညစ်နွမ်းသည့်အဖြစ်ကြောင့် အောက် အပြင်ထက် စက်ဆုပ် ရွံရှာဘွယ်ဖြစ်သော ကျောင်းပရိဝုဏ်ကို မြင်အပ်၏။

ကျောင်းပရိဝုဏ်ထက်သာလွန်၍ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော ကျောင်းသို့ဝင်ရာလမ်းကို မြင်အပ်သည် ဖြစ်၏၊ အစဉ်သဖြင့် ဗောဓိပင်ကို၎င်း,စေတီတော်ကို၎င်း ရှိခိုး၍ "ယနေ့ ဘယ်အရပ်သို့ ဆွမ်းခံသွားရအံ့နည်း" ဟုကြံရာ တန်ဆောင်း၌ရပ်လျက် ပုလဲ အစုနှင့် တူသော စေတီတော်တို့ကို၎င်း, ဒေါင်းမြီးစည်းကဲ့သို့ နှလုံးကို ဆောင်တတ်သော ဗောဓိပင်ကို၎င်း, နတ်ဗိမာန်၏ ပြည့်စုံခြင်းကဲ့သို့ ပြည့်စုံသော အသရေရှိသော ကျောင်းကို၎င်း မငဲ့ကွက်မူ၍ ဤသို့သဘောရှိသော နှလုံးမွေ့လျော်ဘွယ် အရပ်ကို သော်လည်း နောက်ပြန်ကျောပေး၍ အစာ အာဟာရ ဟူသော အကြောင်းကြောင့် သွားအပ်သည်ဖြစ်၏တကားဟု ဖဲ၍ ရွာခရီးသို့ သွားသော ရဟန်းသည် သစ်ငုတ် ဆူးငြောင့်ရှိသော ခရီးကို၎င်း, ရေစီးဟုန်ကြောင့် ပြတ်သော မညီမညွတ်သော လမ်းကို၎င်း မြင်အပ်သည် ဖြစ်၏။

ထို့နောက်မှ အိုင်းအမာကို ဖုံးလွှမ်းဘိသကဲ့သို့ အိုင်းအမာနှင့် တူသော အတ္တဘောကို ဖုံးလွှမ်းသည်ဖြစ်၍ သင်းပိုင်ကိုဝတ် ပြီးလျှင် အမာလွှမ်းအဝတ်ကို စည်းနှောင်သကဲ့သို့ ခါးပန်းကြိုးကို ဖွဲ့ချည်၍ အရိုးစုကို ဖုံးလွှမ်းသကဲ့သို့ သင်္ကန်းကိုရုံ၍ ဆေးခွက်ကို ထုတ်သကဲ့သို့ သပိတ်ကိုအိတ်မှထုတ်လျက် ရွာတံခါးသို့ ရောက် သော ရဟန်းသည် ဆင်ကောင်ပုပ်, မြင်းကောင်ပုပ်,နွား,ကျွဲ,လူ,

မြွေ, ခွေးကောင်ပုပ်တို့ကိုပင်လည်း မြင်ရကုန်သည် ဖြစ်ကုန်၏၊ မြင်ရရုံသာ မဟုတ်သေး၊ နှာခေါင်းကို နှိပ်စက်လာသော ထို အကောင်ပုပ်တို့၏ အနံ့ကိုလည်း သည်းခံအပ်သည် ဖြစ်၏။

ထို့နောက်မှ ရွာတံခါး၌ရပ်၍ ဆင်ကြမ်း မြင်းကြမ်း-အစရှိသော ဘေးကို ကြဉ်ခြင်းငှါ ရွာလမ်းကိုကြည့်အပ်ကုန်၏၊ ဤသို့လျှင် ပုဆိုးနွမ်းအခင်း-အစ များစွာသော အကောင်ပုပ် အဆုံးရှိသော ဤစက်ဆုပ်ဘွယ်ကို အာဟာရဟူသော အကြောင်းကြောင့် နင်းအပ်သည်ဂုဏ်း, မြင်အပ်သည်ဂုဏ်း, နမ်းအပ်သည်ဂုဏ်း ဖြစ်၏၊ "အို-အချင်းတို့, အံ့သြဘွယ်ကောင်းစွတကား၊ အာဟာရသည် စက်ဆုပ်ရွံရှာဘွယ် ရှိလေစွတကား"ဟု ဤသို့ အစာရှာသွားရခြင်း အားဖြင့် စက်ဆုပ်ရွံရှာဘွယ် ရှိသည့် အဖြစ်ကို ဆင်ခြင်အပ်၏။

## (၂) ရှာမှီးသောအားဖြင့် ဆင်ခြင်ပုံ

၂၉၆။ **ရှာမှီးသောအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း** ဟူမူကား— ဤသို့လျှင် သွားရခြင်းကြောင့် ဖြစ်သော စက်ဆုပ် ရွံရှာဘွယ်ကို သည်းခံပြီး၍ ရွာတွင်းသို့ ဝင်ပြီးသော ရဟန်းသည် အစပ်စပ် အဖာဖာ ပြုအပ်သော ဒုဂုဋ်ဖြင့် ရုံအပ်သော ကိုယ်ရှိသော အထီးကျန် သူတောင်းစားသည့် ခွက်လက်စွဲကာ သွား၏သို့ အိမ်စဉ်အတိုင်း ရွာလမ်းတို့၌ လှည့်လည် သွားလာအပ်၏၊ ထိုရွာလမ်းတို့၌ မိုးရွာသည်အခါ နင်းရာ နင်းရာအရပ်၌ သားလုံး မြင်းခေါင်း အရပ်တိုင်အောင် ရေနှင့်ရောသော ညွှန်တွင်းသို့ ခြေတို့သည် ဝင်နစ်ကုန်၏၊ လက်တဖက်ဖြင့် သပိတ်ကို ကိုင်အပ်၏၊ လက်တဖက်ဖြင့် သင်္ကန်းကို ပင့်အပ်၏၊ နွေကာလ၌ လေဟုန်ကြောင့် ထက်ဝန်းကျင် တက်ကုန်သော မြေမှုန့်,မြက်မှိုက်,မြူတို့ဖြင့် ပွမ်းသောကိုယ်ရှိလျက် သွားအပ်၏။

ထိုထိုအိမ်တံခါးသို့ ရောက်၍ ငါးဆေးရည်,သားဆေးရည်,ဆန်ဆေးရည်,တံထွေး, နှပ်, ချွဲ, ဝက်ချေး အစရှိသည်တို့နှင့်ရောကုန်

သော ပိုးလောက်တို့ဖြင့် ပြည့်ကုန်သော ယင်မရိုင်းတို့ဖြင့် တသဲသဲ ပြွမ်းကုန်သော ညွန်နှင့်တကွသော လုပ်ဆေးရည် ကိုယ်ဝန်အညစ် အကြေး-အစရှိသည်တို့၏ ယိုစီးရာဖြစ်၍ အညစ် အကြေးစု ဖြစ်သော ရွံ့ပွက်တို့ကိုငင်း, သက်သက်သော လုပ်ဆေးရေကိုယ်ဝန် အညစ်အကြေး-စသော စက်ဆုပ် ရွံရှာဘွယ်တို့ကိုငင်း မြင်ရကုန် သည် နင်းရကုန်သည် ဖြစ်ကုန်၏၊ အကြင် အညစ်အကြေးတို့မှ ထို ယင်ကောင်တို့သည် ထကြကုန်၍ ဒုကုဋ္ဌဉ်ငင်း, သပိတ်ဥငင်း, ခေါင်းဥငင်း နားကုန်၏၊ အိမ်သို့ဝင်သော ရဟန်းအားလည်း အချို့သောသူတို့သည် ပေးလှူကုန်၏၊ အချို့သော သူတို့သည် မလှူကြကုန်။

ပေးလှူကုန်သော်လည်း အချို့သူတို့သည် မနေ့ကကျန်သော ထမင်းချမ်းကိုငင်း, ခဲဘွယ်ဟောင်းကိုငင်း, ပုပ်သိုးလေပြီးသော မယောမုန့်တို့ကိုငင်း ပေးလှူကုန်၏၊ မလှူသော်လည်း အချို့ သူတို့သည် ကန်တော့ပါ၏ဟူသော စကားဆိုကြကုန်၏၊ အချို့ သူတို့သည်ကား မမြင်ချင်ယောင်ဆောင်၍ တိတ်တိတ် နေကြ ကုန်၏၊ အချို့သူတို့သည်ကား တခြားဘက်ကို မျက်နှာလှည့်၍ နေကြကုန်၏၊ အချို့သူတို့သည်ကား "ဟယ်–ကတုံးဘုန်းကြီး, သွားလေ ဖဲလေ"အစရှိသော ကြမ်းတန်းသော စကားတို့ဖြင့် ခေါ်ဝေါ် ပြောဆိုကြကုန်၏၊ ဤသို့ အထီးကျန် သူတောင်းစား ထွက်သကဲ့သို့ ရွာ၌လှည့်လည်၍ ထွက်အပ်၏၊ ဤသို့ ရွာကို ဝင်သောအခါမှ ထွက်သည်တိုင်အောင် ဤရေညွန်-အစရှိသော စက်ဆုပ်ဘွယ်ကို အာဟာရဟူသော အကြောင်းကြောင့် နင်းသွား အပ်သည်ငင်း, ရှုမြင်အပ်သည်ငင်း, သည်းခံအပ်သည်ငင်း ဖြစ်၏၊ "အို–အချင်းတို့, အစာအာဟာရသည် အံ့ဩဘွယ် စက်ဆုပ် ရွံရှာဘွယ်ရာပါတကား" ဟု ရှာမှီးရသောအားဖြင့် စက်ဆုပ် ရွံရှာ ဘွယ်အဖြစ်ကို ဆင်ခြင် အောက်မေ့အပ်၏။

## (၃) သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ

၂၉၇။ **သုံးဆောင်ခြင်းအားဖြင့် စက်ဆုပ် ရွံရှာအပ်သည့်အဖြစ် ကို အဘယ်သို့ ဆင်ခြင်အပ်သနည်း** ဟူမူကား–ဤသို့

ရှာပြီးသော အာဟာရရှိသော ရဟန်းသည် ရွာပြင် လျောက်ပတ်သောအရပ်၌ ချမ်းသာစွာနေလျက် အကြင် မျှလောက် ထိုသပိတ်၌ တည်သောအာဟာရ၌ လက်ကို မချရသေး၊ ထိုမျှလောက် ထိုသို့သဘောရှိသော အလေး အမြတ် ပြုထိုက်သော ရဟန်းကိုဋ်း, လဇ္ဇီ လူပုဂ္ဂိုလ် ကိုဋ်း မြင်၍ ဖိတ်မန်ခြင်းငှါ တတ်ကောင်း၏၊ စားလို သော သဘောဖြင့် ဤအာဟာရ၌ လက်ကိုချအပ်ကာမျှ၌ ယူလေ့ဟု ဆိုရသော ငါသည် ရှက်အပ်၏သို့ ဖြစ်၏၊ လက်ကို ချ၍ နယ်သော ရဟန်း၏ လက်ငါးချောင်းသို့ အစဉ်လျောက်၍ ချွေးယိုသည်ဖြစ်၍ ခြောက်သွေ့ မာခက် သော ဆွမ်းကိုသော်လည်း စိုစွတ်စေသည်ဖြစ်၍ နူးညံ့ သည်ကို ပြု၏၊ ထို့နောက် ဆုပ်နယ်ကာမျှဖြင့် ပျက်စီး သော တင့်တယ်ခြင်းရှိသော ထိုဆွမ်းကို အလုပ်ပြု၍ ခံတွင်း၌ ထည့်သည် ရှိသော် အောက်သွားတို့သည် ဆုံ၏ ကိစ္စကို ပြီးစေကုန်၏၊ အထက်သွားတို့သည် ကျည်ပွေ့ကိစ္စကို ပြီးစေကုန်၏၊ လျှာသည် လက်ကိစ္စကို ပြီးစေ၏။

ထိုခံတွင်း၌ ခွေးစားခွက်တွင် ခွေးစာထမင်းကဲ့သို့ ထိုဆွမ်းကို အထက်သွား တည်းဟူသော ကျည်ပွေ့ဖြင့် ထောင်းထု၍ လျှာ တည်းဟူသော လက်ဖြင့် လှန်လှောလျက် လျှာဖျား၌ ကျဲသော ကြည်သော တံထွေးသည် လိမ်းကျံ၏၊ လျှာလယ်မှစ၍ ပြစ်ချွဲသော တံထွေးဖြင့် လိမ်းကျံ၏၊ ဒန်ပူမရောက်ရာ ဌာန၌ သွားချေးသည် လိမ်းကျံ၏၊ ထိုအာဟာရသည် ဤသို့သော နည်းဖြင့် မှုန့်မှုန့် ညက်ညက် ကြေစေအပ် တံထွေးဖြင့် လိမ်းကျံအပ်သည်ဖြစ်၍ ထိုခဏ၌ ပင်လျှင် ကွယ်ပျောက်သော အဆင်း အနံ့ အထူး ပြုပြင်မှု ရှိသည်ဖြစ်၍ ခွေးစားခွက်၌ တည်သော ခွေးအန်ဖတ်ကဲ့သို့ အလွန် စက်ဆုပ်အပ်သည် အဖြစ်သို့ ရောက်၏၊ ဤသို့ အလွန်စက်ဆုပ် အပ်သော သဘောရှိပါသော်လည်း မျက်စိအား ထင်ခြင်းကို လွန်သည့် အဖြစ်ကြောင့် (မျက်စိနှင့် မမြင်ရသောကြောင့်)

မျိုးအပ်သည် ဖြစ်၏၊ ဤသို့ သုံးဆောင်ခြင်းအားဖြင့် စက်ဆုပ်ရွံရှာအပ်သည့် အဖြစ်ကို ဆင်ခြင်အပ်၏။

## (၄) သည်းခြေ စသော အာသယအားဖြင့် ဆင်ခြင်ပုံ

၂၉၀။ **သည်းခြေ စသော အာသယအားဖြင့် စက်ဆုပ်ရွံရှာအပ်သည့် အဖြစ်ကို အဘယ်သို့ ဆင်ခြင်အပ်သနည်း** ဟူမူကား–ဤသို့ သုံးဆောင်စားသောက်ခြင်းသို့ ရောက်သော်လည်း ဤအာဟာရသည် ကောဋ္ဌာသ အတွင်းသို့ ဝင်သည်ရှိသော် အကြင့်ကြောင့် ဘုရားပစ္စေကဗုဒ္ဓါတို့၏ရင်း,စကြဝတေးမင်း၏ရင်း သည်းခြေ,သလိပ်,ပြည်,သွေး တည်းဟူသော အာသယတို့တွင် တပါးပါးသော အာသယသည်ရှိသည်သာတည်း၊ ဘုန်းကံနည်းပါးသော သူတို့အားကား လေးပါးသော အာသယတို့သည် ရှိကုန်၏။

ထို့ကြောင့် အကြင်သူအား သည်းခြေ ဖြစ်သော အာသယသည် လွန်၏၊ ထိုသည်းခြေ လွန်သောသူအား ဥပြစ်သော သစ်မည်ဆီဖြင့် လိမ်းကျံသကဲ့သို့ အလွန်စက်ဆုပ်ရွံရှာဘွယ် ဖြစ်၏၊ အကြင်သူအား သလိပ်အာသယလွန်၏၊ ထိုသူအား ဝက်ချေးပနဲရွက်ရည်ဖြင့် လိမ်းကျံအပ်၏သို့ အလွန်စက်ဆုပ် ရွံရှာဘွယ် ဖြစ်၏၊ အကြင်သူအား ပြည်, အာသယသည် လွန်၏၊ ထိုသူအား ရက်တက်ပုပ်ရည်ဖြင့် လိမ်းကျံအပ်၏သို့ အလွန် စက်ဆုပ်ရွံရှာဘွယ် ဖြစ်၏၊ အကြင်သူအား သွေး, အာသယသည် လွန်၏၊ ထိုသူအား ချိတ်ရည်ဖြင့် လိမ်းကျံအပ်၏သို့ အလွန် စက်ဆုပ် ရွံရှာဘွယ်ဖြစ်၏၊ ဤသို့လျှင် သည်းခြေ, သလိပ်, ပြည်,သွေး ဟူသော အာသယဖြင့် စက်ဆုပ် ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၅) အာဟာရ၏တည်ရာ အစာသစ်အိမ်အားဖြင့် ဆင်ခြင်ပုံ

၂၉၉။ **စားအပ်သော အစာအာဟာရ၏ တည်ရာ အစာသစ်အိမ်အားဖြင့် စက်ဆုပ်ရွံရှာအပ်သည့် အဖြစ်ကို အဘယ်**

**သို့ ဆင်ခြင်အပ်သနည်း** ဟူမူကား–ထိုအစာအာဟာရသည် ဤလေးပါးသော အာသယတို့တွင် တပါးပါးသော အာသယဖြင့် လိမ်းကျံ လူးလည်းအပ်သည်ဖြစ်၍ ဝမ်းတွင်းသို့ဝင်၍ ရွှေခွက်၌ သို့မိုး သိမ်းဆည်း ထားအပ်သည့် အဖြစ်သို့ ရောက်သည်မဟုတ်၊ပတ္တမြားခွက်,ငွေခွက်စသည်တို့၌ သို့မိုး ထား သည့် အဖြစ် သို့ ရောက်သည် မဟုတ်၊အသက် ဆယ်နှစ်ရှိသူ အကယ်၍ မျိုသည် ဖြစ်အံ့၊ ဆယ်နှစ်ပတ်လုံး မဆေးမကြောသော ကျင်ကြီးတွင်းနှင့် တူသော အစာသစ်အိမ်အရပ်၌ တည်၏။

အသက်နှစ်ဆယ်,....သုံးဆယ်, ...လေးဆယ်, ...ငါးဆယ်,.... ခြောက်ဆယ်,....ခုနစ်ဆယ်,....ရှစ်ဆယ်,အနှစ်ကိုးဆယ် ရှိသောသူသည် အကယ်၍ မျိုအံ့၊ အနှစ်တရာရှိသောသူသည် အကယ်၍ မျိုအံ့၊ အနှစ်တရာကာလပတ်လုံး မဆေးကြောသော ကျင်ကြီးတွင်းနှင့်တူသော အစာသစ်အိမ် အရပ်၌ တည်၏ဟူ၍ ဤသို့လျှင် သိထားရာ အစာသစ်အိမ်အားဖြင့် စက်ဆုပ် ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၆) မကျက်မကျေသောအားဖြင့်ဆင်ခြင်ပုံ

၃၀၀။ **မကျက်မကျေသောအားဖြင့် အဘယ်သို့လျှင် စက်ဆုပ် ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်အပ်သနည်း** ဟူမူကား– ဤသို့ သိထားအပ်သောအဖြစ်သို့ ရောက်သော ထို အာဟာရသည် အကြင်မျှလောက် ကာလပတ်လုံး ဆိုအပ်ပြီးသော အပြားရှိသော အလွန်ကြီးစွာသော အမိုက်တိုက်၌ အထူးထူးသော အပုပ်နံ့ဖြင့် ထုံအပ်သော ပုပ်နံ့ လှောင်းလှောင်း မကောင်းသော ဝမ်းလေ၏ သွားလာရာဖြစ်သော အလွန်မကောင်းသော အနံ့တို့ဖြင့် စက်ဆုပ်ဘွယ်ရှိသော ထိုအရပ်၌သာလျှင်—

ဥပမာအားဖြင့် နွေကြီးခေါင်ခေါင်၌ အခါမဲ့ မိုးသည် သည်းထန်စွာ ရွာသည်ရှိသော် ဒွန်းစဏ္ဍားရွာတံခါးအနီး

တွင်းဆိုးကျင်းဆိုး၌ ကျကုန်သော မြက်သစ်ရွက် ဖျာစုတ်, မြွေ ကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ် အစရှိသည်တို့သည် နေပူဖြင့် ပြင်းစွာ ပူကုန်သည်ဖြစ်၍ အမြှုပ် အပွက် စီစီတက် ကုန်လျက် တည်ကုန်၏သို့ ဤအတူ ထိုနေ့ဟင်း, ယမန်နေ့ကဟင်း, ယမန်တနေ့ကဟင်း, ရှေးရှေးသော နေ့တို့ကဟင်း မျိုးအပ်သော အလုံးစုံသော အာဟာရသည် တပေါင်းတည်းဖြစ်၍ သလိပ်လွှာ ဖြင့် မြေးရှက်လျက် ဂဟဏီမည်သော ဝမ်းမီး ကမ္ဗဇ တေဇော အပူဖြင့် ကျိုက်ကျိုက်ဆူ ကျိုချက်သဖြင့် အမြှုပ်တစီစီတက်၍ အလွန်စက်ဆုပ် ရွံရှာဘွယ်ရှိသည့် အဖြစ်သို့ ရောက်၍ တည်၏၊ ဤသို့လျှင် မကျက်မကျေသေးသော အဖြစ်အားဖြင့် စက်ဆုပ် ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၇) ကျက်ကျေပြီးသည့် အဖြစ်ဖြင့် ဆင်ခြင်ပုံ

၃၀၁။ **ကျက်ကျေပြီးသည့် အဖြစ်ဖြင့် အဘယ်သို့လျှင် စက်ဆုပ် ရွံရှာဘွယ် အဖြစ်ကို ဆင်ခြင်အပ်သနည်း** ဟူမူကား–

ထိုမျိုအပ်သော အာဟာရသည် ထိုအစာသစ်အိမ်၌ ဝမ်းမီး ကမ္ဗဇ တေဇောဓာတ်ဖြင့် ကျက်လတ်သော် ရွှေငွေ အစရှိသော ကျောက်ဓာတ်တို့သည် သင့်လျော်သော အစီအရင်ဖြင့် ချက်အပ် ကုန်သည်ရှိသော် ရွှေငွေအစရှိသော အဖြစ်သို့ ရောက်သကဲ့သို့ မဟုတ်၊ အမြှုပ် အပွက်တို့ကို လွှတ်လျက် လွှတ်လျက် သိမ်မွေ့စွာ အမှုန့်ပြုရာ ကျောက်ပျဉ်၌ ကြိတ်၍ ဝါးကျည်တောက်၌ ထည့်အပ် သော မြေညက်ကဲ့သို့ ကျင်ကြီးအဖြစ်သို့ ရောက်ပြီးလျှင် အစာကျက် အိမ်ကို ပြည့်စေ၏၊ ကျင်ငယ်၏အဖြစ်သို့ရောက်၍ ကျင်ငယ်တည်ရာ စည်ဖောင်းကို ပြည့်စေ၏၊ ဤသို့လျှင် ကျက်ပြီးသည့် အဖြစ်ဖြင့် စက်ဆုပ် ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၈) ပြီးစေအပ်သော အကျိုးအားဖြင့် ဆင်ခြင်ပုံ

၃၀၂။ **ပြီးစေအပ်သော အကျိုးအားဖြင့် စက်ဆုပ် ရွံရှာဘွယ် အဖြစ်ကို အဘယ်သို့ ဆင်ခြင်အပ်သနည်း** ဟူမူကား–

ဓာတ်မီးဖြင့် ကောင်းစွာ ကျက်သော်လည်း ဆံ, အမွေး,

ခြေသည်း, လက်သည်း, သွား အစရှိကုန်သော အထူးထူးသော အပုပ်တို့ကို ပြီးစေ၏။

ခေတ်မီးဖြင့် ကောင်းစွာမကျက်မှုကား ပွေး, ယားနာ, ဝဲနာ, နူနာ, ညှင်း, ပန်းနာ, ချောင်းဆိုးနာ, ဝမ်းသွေးသွန်သောအနာ အစရှိကုန်သော များစွာသော အနာရောဂါတို့ကို ဖြစ်စေ၏၊ ဤအလုံးစုံသည် မျိုအပ်သော အစာအာဟာရ၏ ပြီးစေအပ်သော အကျိုးတည်း၊ ဤသို့ အကျိုးအားဖြင့် စက်ဆုပ်ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၉) ယိုစီး၍ထွက်သောအားဖြင့် ဆင်ခြင်ပုံ

၃၀၃။ **ယိုစီး၍ ထွက်သောအားဖြင့် စက်ဆုပ် ရွံရှာဘွယ် အဖြစ်ကို အဘယ်သို့ ဆင်ခြင်အပ်သနည်း၊** ဟူမူကား— မျိုအပ်သော ထိုအာဟာရသည် တခုသော ခံတွင်းပေါက်ဖြင့်ဝင်၍ ယိုစီးထွက်လတ်သော် မျက်စိမှ မျက်ချေး, နားမှ နဖာချေး ဤသို့-အစရှိသည် အပြားရှိသော အညစ်အကြေးတို့သည် များစွာသောအပေါက်တို့မှ စီးယို၏။

ဤအာဟာရကို မျိုသောအခါ၌မူကား များစွာသော အခြံအရံတို့ဖြင့် မျိုအပ်၏၊ ယိုသောအခါ၌မူကား ကျင်ကြီး ကျင်ငယ်အစရှိသော အဖြစ်သို့ ရောက်သည်ဖြစ်၍ တယောက်တည်းသာလျှင် လျှိုလျှို့ဝှက်ဝှက် ထုတ်အပ်၏၊ ပဌမနေ့၌ ထိုအစာအာဟာရကို သုံးဆောင်သောသူသည် အလွန်တက်ကြွသော စိတ်ရှိသည် နှစ်သက် ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍ အလွန်ရွှင်ပျသည် ဖြစ်၏၊ ဒုတိယနေ့၌ကား ယိုထွက်စေသည်ရှိသော် ရှုံ့သော မျက်နှာရှိ၏၊ ရွံရှာစက်ဆုပ်၏၊ နှလုံးနာ၏၊ နံလွန်းသဖြင့် နှာခေါင်းကိုပိတ်၏၊ ပဌမနေ့၌ ထိုအစာအာဟာရကို တပ်နှစ်သက်ခြင်း, မက်မောခြင်း, ကပ်ငြိခြင်း, တွေဝေ မိန်းမောခြင်းသို့ ရောက်သည်ဖြစ်၍ မျိုအပ်ပါလျက်လည်း ဒုတိယနေ့ရောက်သောအခါ တညဥ့်သာ အောင်းသဖြင့် တပ်ခြင်းကင်းသည် ဖြစ်၍ ဆင်းရဲစွာရှက်နိုးသည် စက်ဆုပ်သည်ဖြစ်၍ ထုတ်၏၊ ထို့ကြောင့်

ရှေးသူဟောင်းတို့သည် အောက်ပါ ဂါထာများကို ဆိုတော်မူကြကုန်၏—

(၁) **အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။**
**ဧကဒွါရေန ပဝိသိတွာ၊ နဝဒွါရေဟိ သန္ဒတိ။**

(၂) **အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။**
**ဘုဉ္ဇတိ သပရိဝါရော၊ နိက္ခာမေန္တော နိလီယတိ။**

(၃) **အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။**
**ဘုဉ္ဇတိ အဘိနန္ဒန္တော၊ နိက္ခာမေန္တော ဇိဂုစ္ဆတိ။**

(၄) **အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။**
**ဧကရတ္တိပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိကံ။**

(၁) မြတ်သောသူတို့သာ စားခြင်းငှါ ထိုက်တန်သော ထမင်းသည်ငှင်း,အဖျော်သည်ငှင်း, ခဲဘွယ် စားဘွယ်သည်ငှင်း, ဘောဇဉ် အာဟာရသည်ငှင်း ခံတွင်းပေါက်တခုဖြင့် ဝင်၍ ကိုးခုသောအပေါက်တို့မှ ယိုထွက်ကြကုန်၏။

(၂) မြတ်သောသူတို့သာ စားခြင်းငှါ ထိုက်တန်သော ထမင်းကိုငှင်း, အဖျော်ကိုငှင်း, ခဲဘွယ် စားဘွယ်ကိုငှင်း, ဘောဇဉ်အာဟာရကိုငှင်း အခြံအရံ အဖော်အပေါင်းနှင့်တကွ သုံးဆောင် စားသောက်ကြကုန်၏၊ ယွက်စေသည်ရှိသော်ကား တယောက်တည်း ပုန်းလျှိုး၍ ထွက်စေ၏။

(၃) မြတ်သောသူတို့သာ စားခြင်းငှါ ထိုက်တန်သော ထမင်းကိုငှင်း,အဖျော်ကိုငှင်း,ခဲဘွယ်စားဘွယ်ကိုငှင်း,ဘောဇဉ်အာဟာရကိုငှင်း နှစ်သက် မြတ်နိုးစွာစား၏၊ ထွက်စေသည်ရှိသော်ကား စက်ဆုပ် ရွံရှာ၏။

(၄) မြတ်သောသူတို့သာ စားခြင်းငှါ ထိုက်တန်သော ထမင်းသည်ငှင်း,အဖျော်သည်ငှင်း, ခဲဘွယ် စားဘွယ်သည်ငှင်း, ဘောဇဉ်အာဟာရသည်ငှင်း အလုံးစုံသော အာဟာရ

သည် တည္ဗွအောင်း ကာ ချ ဖြင့် ပုပ်သော အဖြစ်သို့ ရောက်လေ၏။ ဤသို့လျှင် ယို ထွက် သော အားဖြင့် စက်ဆုပ်ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၁၀) အချင်းခပ်သိမ်းလိမ်းကျံသောအားဖြင့် ဆင်ခြင်ပုံ

၃၀၄။ **အချင်းခပ်သိမ်း လိမ်းကျံသောအားဖြင့် စက်ဆုပ် ရွံရှာ အပ်သည့်အဖြစ်ကို အဘယ်သို့ ဆင်ခြင် အပ်သနည်း** ဟူမူကား—ဤအာဟာရသည် သုံးဆောင်သော ကာလ ၌လည်း လက်, နှုတ်ခမ်း, လျှာ, အာစောက်တို့ကို လိမ်းကျံပေရေ၏၊ ထို လက်, နှုတ်ခမ်း, လျှာ, အာစောက် တို့သည် ထိုအာဟာရဖြင့် လိမ်းကျံသည့်အဖြစ်ကြောင့် စက်ဆုပ် ရွံရှာဘွယ်ဖြစ်ကုန်၏၊ အကြင် လက်-အစရှိသည် တို့ကို ဆေး ကြော အပ် ကုန် သော် လည်း စိမ်းညှီသော အနံ့ကို ပယ်ခြင်းငှါ အဖန်တလဲလဲ ဆေးအပ်ကုန်၏။

သုံးဆောင်ပြီးသောအခါ **ဥပမာ**—ထမင်းချက် သည် ရှိသော် ဖွဲဆန်ကွဲဆန်ညွာတို့သည်ဝေ၍ လျှံ၍ ပေါ်၍ အိုးမျက်နှာ၀ အိုးဖုံး စလောင်းတို့ကို လိမ်းကျံဘိသကဲ့သို့ ဤအတူ အလုံးစုံသောကိုယ်ကို အစဥ်လျှောက်သော ဝမ်းမီးတေဇောကိုယ်ငွေ့ဖြင့် အမြှုပ်ထစေ၍ ကျက်ခြင်းသို့ရောက်၍ ဝေသည်ဖြစ်၍ သွားတို့ကို သွားချေး အဖြစ်ဖြင့်လိမ်းကျံ၏၊ လျှာ အာစောက်-စသည်တို့ကို တံထွေး သလိပ်-စသည်ဖြင့် လိမ်းကျံ၏၊ မျက်စိ, နား, နှာခေါင်း, အောက် ဒွါရ-စသည်တို့ကို မျက်ချေး, နဖာချေး, နှပ်, ကျင်ငယ်, ကျင်ကြီး စသည်တို့ အဖြစ်ဖြင့် လိမ်းကျံ၏၊ အကြင် အညစ်အကြေးတို့ဖြင့် လိမ်းကျံကုန်သော ဤ ခံတွင်းအစရှိသော ဒွါရတို့သည် နေ့တိုင်း နေ့တိုင်း ဆေးကြောပါကုန်သော်လည်း စင်ကြယ်သည်၊ နှလုံး မွေ့လျော်ဘွယ်ရှိသည် မဖြစ်ကုန်၊ အကြင်ဒွါရတို့တွင် အချို့ ပဿာဝမဂ်ကို ဆေး၍ တဖန် လက်ကို ရေဖြင့် ဆေးရပြန်၏၊ အချို့သောဝစ္စမဂ်ကို ဆေး၍ နှစ်ကြိမ် သုံးကြိမ် နွားချေးပြာဖြင့်၎င်း, မြေညက်ဖြင့်၎င်း, နံ့သာမှုန့်ဖြင့် ၎င်း ဆေး အပ် သော် လည်း

လက်သည့် စက်ဆုပ် ရွံရှာအပ်သောအဖြစ်မှ မကင်းမပျောက်၊ ဤသို့လျှင် လိမ်းကျံသောအားဖြင့် စက်ဆုပ်ရွံရှာအပ်သည့်အဖြစ်ကို ဆင်ခြင်အပ်၏။

၃၀၅။ ဤသို့ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် စက်ဆုပ် ရွံရှာ အပ်သည့်အဖြစ်ကို ဆင်ခြင်၍ ဝိတက်ဖြင့် ခေါက်သည်ကို ဝိတက်ဖြင့် အဖန်တလဲလဲ ခေါက်သည်ကိုပြုသော ထို ယောဂီပုဂ္ဂိုလ်အား စက်ဆုပ်အပ်သော အခြင်းအရာ၏ အစွမ်းဖြင့် ကဗဠီကာရ အာဟာရသည် ထင်လာ၏၊ ထိုယောဂီပုဂ္ဂိုလ်သည် ထိုထင်လာသောနိမိတ်ကို အဖန်တလဲလဲ မှီဝဲ၏, ပွါး၏, အကြိမ်များစွာ အလေ့ အလာပြု၏၊ ဤသို့ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား နီဝရဏတို့သည် ကွာကုန်၏၊ ကဗဠီကာရအာဟာရ၏ ပရမတ္ထသဘောဖြစ်၍ နက်နဲသည့်အဖြစ်ကြောင့် အပ္ပနာသို့ မရောက်သော ဥပစာရသမာဓိဖြင့် စိတ်သည် တည်ကြည်၏။

ဤကမ္မဋ္ဌာန်း၌ စက်ဆုပ် ရွံရှာအပ်သော အခြင်းအရာကို ယူသည့်အစွမ်းဖြင့် သညာသည် ထင်ရှား၏၊ ထို့ကြောင့် ဤ ကမ္မဋ္ဌာန်းကို အာဟာရေပဋိကူလသညာ ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဤအာဟာရေပဋိကူလသညာကို အဖန်တလဲလဲ အားထုတ် သောရဟန်းအား အရသာကို တပ်မက်သော တဏှာမှ စိတ်သည် တွန့်၏ ဖဲခွါ၏ နစ်၏၊ ထိုရဟန်းသည် ကန္တာရခရီးခဲမှ ကူးမြောက် လိုသောသူသည် သားငယ်၏အသားကို စားရ၏သို့ မာန်ယစ်ခြင်း ကင်းသည်ဖြစ်၍ အကြင်မျှလောက် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးငှါ အာဟာရကို သုံးဆောင် စားသောက်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်အား မပြုံမငြင်, ကဗဠီကာရာဟာရကို ပိုင်းခြား၍သိခြင်း အားဖြင့် ကာမဂုဏ်ငါးပါး၌ တပ်မက်သောရာဂကို ပိုင်းခြား၍ သိခြင်းသို့ ရောက်၏၊ ထိုရဟန်းသည် ကာမဂုဏ်ငါးပါးကို ပိုင်းခြား၍ သိခြင်း ဟူသော အကြောင်းကြောင့် ရူပက္ခန္ဓာကို

ပိုင်းခြား၍သိ၏၊ ထိုရဟန်းအား မကျက်သေးသော အစာ-အစ ရှိသောအားဖြင့် စက်ဆုပ် ရွံရှာဘွယ်၏အဖြစ်ကို သိမ်းဆည်းသည့် အစွမ်းဖြင့် ကာယဂတာသတိ ဘာဝနာသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏၊အသုဘဘာဝနာအား လျော်သောအကျင့်ကိုကျင့်သော မည်သည် ဖြစ်၏၊ ဤအာဟာရေပဋိကူလသညာ ဟူသော ကမ္မဋ္ဌာန်းအကျင့်ကိုအမှီပြု၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌ အမြိုက်နိဗ္ဗာန် ဟူသော အပြီးအဆုံးတိုင် အကျိုးရသည့်အဖြစ်သို့ မရောက်စေကာမူ သုဂတိဘဝသို့ လားရ၏။

အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်းအကျယ်
ဖွင့်ပြခြင်း ပြီး၏။

---

## စတုဓာတုဝဝတ္ထာနဘာဝနာ

၃၀၆။ ယခုအခါ အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်း၏ အခြားမဲ့၌ တခုသောဝဝတ္ထာန် ဟု အကျဉ်းပြအပ်သော ဓာတ်လေးပါးတို့ကို ပိုင်းခြား ဆုံးဖြတ်ခြင်း၏ဘာဝနာ နည်းကို အကျယ်ပြခြင်းသို့ အစဉ်ရောက်ပြီ။

ထိုစတုဓာတု ဝဝတ္ထာန ဟူသောပုဒ်၌ "ဝဝတ္ထာန်" ဆိုသည်ကား—သဘောလက္ခဏာကို မှတ်သောအားဖြင့် ဆုံးဖြတ်ခြင်း ပေတည်း၊ လေးပါးသော ဓာတ်တို့ကို ဆုံးဖြတ်ခြင်းသည် "စတုဓာတု ဝဝတ္ထာန" မည်၏၊ ဓာတ်ကို နှလုံးသွင်းခြင်း ဓာတုမနသိကာရ ဟူသောပုဒ်, ဓာတ်ကမ္မဋ္ဌာန်းဟူသောပုဒ်, ဓာတ်လေးပါးကို ပိုင်းခြားဆုံးဖြတ်ခြင်း စတု ဓာတု ဝဝတ္ထာန်ဟူသော ပုဒ်တို့သည် အနက်အဓိပ္ပါယ်တူ၏၊ ထိုဓာတ်လေးပါးကို ဆုံးဖြတ်ခြင်းသည် အကျဉ်းအားဖြင့်ရင်း, အကျယ်အားဖြင့်ရင်း နှစ်ပါး အပြားအားဖြင့် လာ၏၊ အကျဉ်းအားဖြင့် မဟာသတိပဋ္ဌာန် သုတ်၌လာ၏၊ အကျယ်အားဖြင့် မဟာဟတ္ထိပဒေါပမသုတ်, ရာဟုလောဝါဒသုတ်, ဓာတုဝိဘင်းတို့၌ လာ၏။

ထိုစတု ဓာတု ဝဝတ္ထာန်ကမ္မဋ္ဌာန်းသည်– "အို-ရဟန်းတို့, ဥပမာအားဖြင့် လိမ္မာသော နွားသတ်သမားသည်၎င်း,နွားသတ်သမား၏ တပည့်သည်၎င်း နွားကိုသတ်၍ လမ်းလေးခွ၌ အစုအစု ခွဲဝေခြင်းကိုပြု၍ နေသည် ဖြစ်ရာ၏၊ အို-ရဟန်းတို့, ဤအတူ ကမ္မဋ္ဌာန်းစီးဖြန်းသောရဟန်းသည် တည်သောအတိုင်း ထားသော အတိုင်း ဤကိုယ်ကို ဓာတ်အားဖြင့် ရှု၏၊ ဤကိုယ်၌ ပထဝီဓာတ်သည်၎င်း, အာပေါဓာတ်သည်၎င်း, တေဇောဓာတ်သည်၎င်း, ဝါယောဓာတ်သည်၎င်း ရှိ၏"ဟု ဤသို့ ထက်သော ပညာရှိသော ဓာတ်ကမ္မဋ္ဌာန်းရှုသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် မဟာသတိပဋ္ဌာန် သုတ်၌ အကျဉ်းအားဖြင့် လာ၏။

ထိုပါဠိတော်၏အနက်ကား–လိမ္မာသော နွားသတ်သမားသည်၎င်း,ထိုနွားသတ်သမား၏ ထမင်းရိက္ခာပေး၍မွေးအပ်သော တပည့်သည်၎င်း နွားကိုသတ်၍ ထိုးဖောက်၍ အရပ်လေးမျက်နှာ တို့မှ လာကုန်သော လမ်းမကြီးတို့အလယ်ဌာန လမ်းလေးခွ၌ အဘို့အစုပြု၍ နေသည် ဖြစ်ရာ၏၊ဤအတူ ရဟန်းသည် ဣရိယာပုထ် လေးပါးတို့တွင် အမှတ်မရှိ တခုခုသော အခြင်းအရာအားဖြင့် တည်သော ကြောင့် တည်သော အတိုင်း ထားသောအတိုင်း ကိုယ်ကို "ဤကိုယ်၌ ပထဝီဓာတ်သည် ရှိ၏၊ အာပေါဓာတ်သည် ရှိ၏၊ တေဇောဓာတ်သည် ရှိ၏၊ ဝါယောဓာတ်သည် ရှိ၏" ဟု ဤသို့ ဓာတ်အားဖြင့် ဆင်ခြင်၏။

အဘယ်သို့ ဆိုလိုသနည်း–နွားသတ်သမား၏ နွားကို အသား ပွါးစေရန် ကျွေးမွေးစဉ်၎င်း, သတ်ရာအရပ်သို့ ဆောင်ယူစဉ်၎င်း, ဆောင်၍ ထိုအရပ်၌ နှောင်ဖွဲ့ထားစဉ်၎င်း,သတ်စဉ်၎င်း,သတ်အပ် သည်ဖြစ်၍ သေသည်ကို မြင်စဉ်၎င်း အကြင်မျှလောက်သော ကာလပတ်လုံး ထိုနွားသေကိုလှီးဖြတ်၍ အစု အစု အားဖြင့် မဝေ ဘန်သေး၊ ထိုမျှလောက်ကာလပတ်လုံး နွားဟူသော အမှတ် သညာသည် မပျောက်သေး၊ ဝေဘန်၍နေသော နွားသတ်သမား အားမူကား နွားဟူသော အမှတ်သညာပျောက်၏၊ အသား ဟူသော အမှတ်သညာသည် ဖြစ်၏၊ ထိုနွားသတ်သမားအား

ငါသည် နွားကိုရောင်း၏၊ဤသူတို့သည် နွားကိုဆောင်ယူကြကုန်၏ ဟု ဤသို့သောစိတ်သည် မဖြစ်၊ စင်စစ်သော်ကား ထို နွားသတ် သမားအား ငါသည် အသားကိုရောင်း၏၊ ဤဝယ်သူတို့သည်လည်း အသားကို ဆောင်ယူကုန်၏ ဟူ၍သာလျှင် စိတ်သည် ဖြစ်၏။

ဤအတူ ဤယောဂီ ရဟန်းအားလည်း ရှေး ပုထုဇဉ်ဖြစ်သော အခါ၌ လူဖြစ်စဉ်ငှင်း, ကမ္မဋ္ဌာန်း မရှိသော ရဟန်းဖြစ်စဉ်ငှင်း, အကြင်မျှလောက် တည်တိုင်းသော ထားတိုင်းသော ဤ ကိုယ်ကို အစိုင်အခဲကို ခွဲခြမ်းဝေဘန်ခြင်းကိုပြု၍ ဓာတ်အားဖြင့် မဆင်ခြင် သေး၊ ထိုမျှလောက်ကာလပတ်လုံး သတ္တဝါဟူသော သညာသည် ငှင်း, ယောကျာ်းဟူသော သညာသည်ငှင်း, ပုဂ္ဂိုလ်ဟူသော သညာသည်ငှင်း မပျောက်မကွယ်၊ ဓာတ်အားဖြင့် ဆင်ခြင်သည် ရှိသော်ကား သတ္တဝါဟူသောအမှတ်သညာသည် ကွယ်ပျောက်၏၊ ဓာတ်၏ အစွမ်းဖြင့်သာလျှင် စိတ်သည် တည်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်– "အိုရဟန်းတို့, **ဥပမာအားဖြင့်** နွားသတ် သမားသည်ငှင်း····။ပ။····" အစရှိသော စကားကို မဟာ သတိပဋ္ဌာန်သုတ်၌ ဟောတော်မူအပ်၏။

၃၀၇။ မဟာ ဟတ္ထိ ပဒေါပမ သုတ်၌ကား– "အိုငါ့ရှင်တို့, မိမိ သန္တာန် အဇ္ဈတ္တ၌ ဖြစ်သော ပထဝီ ဓာတ်သည် အဘယ်နည်း ဟူမူကား၊ မိမိ၌ဖြစ်သော မိမိကိုစွဲ၍ ဖြစ်သော ခက်မာသော ကြမ်းတန်းသော မြဲစွာ စွဲလမ်း အပ်သော အကြင်တရားသဘောသည်ရှိ၏၊အဘယ်သည် တို့နည်းဟူမူကား–ဆံပင်တို့သည်ငှင်း, အမွေးတို့သည် ငှင်း,....။ပ။....အစာသစ်သည်ငှင်း, အစာဟောင်းသည် ငှင်း ထိုမှတပါး မိမိ၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော ခက်မာသော ကြမ်းတန်းသော မြဲစွာစွဲလမ်းအပ်သော အကြင် တစုံတခုသော တရားသဘောသည် ရှိ၏၊ အို- ငါ့ရှင်တို့, ဤအလုံးစုံသော တရားသဘောမျိုးကို အဇ္ဈတ္တ ပထဝီဓာတ် ဟူ၍ ဆိုအပ်၏ ဟူ၍ငှင်း—

အို-ငါ့ရှင်တို့, အဇ္ဈတ္တိက အာပေါဓာတ်သည် အဘယ်နည်း ဟူမူကား—မိမိသန္တာန် အဇ္ဈတ္တ၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော ယိုစီးတတ်သော အာပေါအပေါင်းတို့၌ အတွင်းဝင်သော မြဲစွာ စွဲလမ်းအပ်သော အကြင် တရားသဘောသည် ရှိ၏၊ အဘယ်သည် တို့နည်းဟူမူကား—သည်းခြေရည်း,...။ပ။...ကျင်ငယ်ရည်း ထိုမှတပါး မိမိ၌ဖြစ်သော မိမိကိုယ်ကိုစွဲ၍ဖြစ်သော ယိုစီးတတ်သော သဘော တို့၌ အတွင်းဝင်သော မြဲစွာစွဲလမ်းအပ်သော အကြင် အမှတ် မရှိသော တရားသဘောသည် ရှိ၏၊ အို-ငါ့ရှင်တို့, ဤ တရား သဘောကို အဇ္ဈတ္တိက အာပေါဓာတ် ဟူ၍ ဆိုအပ်၏ ဟူ၍ရည်း—

အို-ငါ့ရှင်တို့, အဇ္ဈတ္တိက တေဇောဓာတ်သည် အဘယ်နည်း ဟူမူကား—မိမိသန္တာန် အဇ္ဈတ္တ၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော ပူသောအဖြစ် လက္ခဏာရှိသော တေဇောအပေါင်း၌ အတွင်း ဝင်သော မြဲစွာစွဲလမ်းအပ်သော အကြင် တရား သဘော သည် ရှိ၏၊ အဘယ်သည်တို့နည်း ဟူမူကား—အကြင် သန္တာပန တေဇော ဓာတ်ဖြင့် ဤ ကိုယ်သည် တရက်ချန်ဖျားခြင်း စသော အပူရောက်၏ အကြင် ဇိရဏတေဇောဖြင့် ဤ ကိုယ်သည်ရင့်၏၊ အကြင် တေဇော ဓာတ်ဖြင့် ဤ ကိုယ်ကိုလောင်၏၊ အကြင် တေဇောဓာတ်ဖြင့် စား သောက်, ခဲ, လျက်အပ်သော အစာသည် ကောင်းစွာကျေကျက် ခြင်းသို့ ရောက်၏၊ ထိုမှတပါး မိမိ၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော ပူသော အဖြစ်လက္ခဏာရှိသော တေဇော အပေါင်း၌ အတွင်း ဝင်သော မြဲစွာစွဲလမ်းအပ်သော အကြင် အမှတ်မရှိသော တရား သဘောသည် ရှိ၏၊ အို-ငါ့ရှင်တို့, ဤ တရားသဘောကို အဇ္ဈတ္တိက တေဇောဓာတ် ဟူ၍ ဆိုအပ်၏။

အို-ငါ့ရှင်တို့, အဇ္ဈတ္တိက ဝါယောဓာတ်သည် အဘယ်နည်း ဟူမူကား—မိမိသန္တာန် အဇ္ဈတ္တ၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော လှုပ်ရှားတတ်သော ဝါယောဓာတ်အပေါင်း၌ အတွင်းဝင်သော မြဲစွာစွဲလမ်းအပ်သော အကြင် တရားသဘောသည် ရှိ၏၊ အဘယ်သည်တို့နည်း ဟူမူကား – အထက်သို့ ဆန်တက်သော လေရည်း, အောက်သို့စုန်သောလေရည်း, အူအပြင် ဝမ်းတွင်း၌

တည်သော လေဒင်း, အတွင်း၌တည်သော လေဒင်း, အင်္ဂါကြီးငယ်သို့လျှောက်သော လေဒင်း, ဝင်သက် ထွက်သက် လေဒင်း ထိုမှတပါး မိမိသန္တာန် အဇ္ဈတ္တ၌ဖြစ်သော မိမိကိုစွဲ၍ဖြစ်သော လှုပ်ရှားတတ်သော ဝါယောဓာတ် အပေါင်း၌ အတွင်းဝင်သော မြဲစွာစွဲလမ်းအပ်သော အကြင်အမှတ်မရှိသော တရားသဘောသည် ရှိ၏၊ အို-ငါ့ရှင်တို့, ဤအလုံးစုံသော တရားမျိုးကို ဝါယောဓာတ် ဟူ၍ ဆိုအပ်၏ ဟူ၍ငှင်း" ဤသို့လျှင် မထက်လွန်းသော ပညာရှိသော ဓာတ်ကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျယ်လာ၏၊ ဤသုတ်မှာလာသကဲ့သို့ပင် ရာဟုလောဝါဒ သုတ်, ဓာတုဝိဘင်းတို့၌လည်း လာ၏။

ထို မဟာဟတ္ထိပဒေါပမ သုတ် ၌ မထင် ရှား သော ပုဒ် တို့၏ အဖွင့်ကို ဆိုဦးအံ့။

ထိုပါဠိတော်ဘွင် "အဇ္ဈတ္တံ, ပစ္စတ္တံ" ဟူသော ပုဒ်နှစ်ခုသည် နိယကဇ္ဈတ္တ၏အမည်ဖြစ်သည်၊ မိမိ၌ဖြစ်သောတရားကို နိယက ခေါ်သည်၊ မိမိသန္တာန်၌ အကျုံးဝင်သောတရားဟု ဆိုလိုသည်၊ လောက၌ မိန်းမတို့၌ဖြစ်သောစကားကို "ဒဓိတ္ထိ" ဟူ၍ ပြောဆိုကြသကဲ့သို့ ဤအတူ မိမိ၌ဖြစ်သည့်အဖြစ်ကြောင့် အဇ္ဈတ္တ ဟူ၍ ဆိုသည်၊ မိမိ မိမိ၌ ဖြစ်သော ကြောင့် ပစ္စတ္တ ဟူ၍ ဆိုသည်၊ ထို့ကြောင့် ထို "အဇ္ဈတ္တ, ပစ္စတ္တ" ဟူသောပုဒ်ကို မိမိသန္တာန် အဇ္ဈတ္တ၌ ဖြစ်သော မိမိကိုစွဲ၍ ဖြစ် သော ဟု မြန်မာ ဘာသာ ပြန်ဆိုသည်။

"ခက်မာသော ကြမ်းတန်းသော" ဟူသော စကား၌ ငှမ စကားဖြင့် ပထဝီဓာတ်၏လက္ခဏာကို ပြသည်၊ ဒုတိယစကားဖြင့် ပထဝီဓာတ်၏ အခြင်းအရာကို ပြသည်၊ ထိုစကားမှန်၏၊ ပထဝီဓာတ်သည် ခက်မာသော လက္ခဏာရှိ၏၊ အတွေ့ကြမ်းသော အခြင်းအရာရှိ၏။

"မြဲစွာ စွဲလမ်းအပ်သော" ဆိုသည်ကား–ငါဟူ၍ငှင်း, ငါ့ဥစ္စာ (ငါ့ဟာ) ဟူ၍ငှင်း မြဲစွာ စွဲယူခြင်း မှားသောအားဖြင့် သုံးသပ်ခြင်းကို ဆိုလိုသည်။

"ထို့ပြင် အကြင်အမှတ်မရှိ တစုံတခုသောဟာရား" ဟူသော စကားဖြင့် ပထဝီဓာတ်မှ ကြွင်းသော အာပေါကောဋ္ဌာသ, တေဇောကောဋ္ဌာသ, ဝါယောကောဋ္ဌာသတို့၌ရှိသော ပထဝီဓာတ်ကို သိမ်းကျုံး ယူအပ်ကြောင်း ပြသည်။

ယိုစီးသော သဘောအားဖြင့် ထိုထိုဌာနသို့ ရွှေတတ် ရောက်တတ်သောကြောင့် "အာပ"ဟူ၍ ခေါ်သည်၊ ကမ္မသမုဋ္ဌာန် အစရှိသည်တို့၏ အစွမ်းဖြင့် အထူးထူး အပြားပြား များကုန်သော အာပေါဓာတ်တို့၌ အတွင်းဝင်သောကြောင့် "အာပေါဂတ" ဟူ၍ ဆိုသည်၊ အာပေါဓာတ် အပေါင်း၌ အကျုံးဝင်သော ကြွင်းသော ဘုတ်သုံးပါးကို ဖွဲ့စည်းခြင်း လက္ခဏာရှိသော အာပေါဓာတ်ကိုပင် ဆိုလိုသည်။

ထက်သည့် အဖြစ်ကြောင့် "တေဇော"ဟု ခေါ်သည် ဆိုခဲ့သောအတိုင်း ကမ္မသမုဋ္ဌာန် စသည်တို့၏အစွမ်းဖြင့် အထူးထူး အပြားပြား များကုန်သော တေဇောဓာတ်၌ အတွင်းဝင်သော ကြောင့်"တေဇောဂတ"ဟူ၍ ဆိုသည်၊တေဇောဓာတ်အပေါင်း၌ အကျုံးဝင်သော ပူသည့်အဖြစ် လက္ခဏာရှိသော တေဇောဓာတ် ကိုပင် ဆိုလိုသည်၊ အကြင် သန္တပ္ပန တေဇောဓာတ်ဖြင့် ပျက်စီး ချောက်ချားသော ဤကိုယ်သည် ပူ၏၊ တရက်ချန် ဖျားခြင်း စသည်ဖြင့် ပူသောအဖြစ်သို့ ရောက်၏၊ အကြင် ဇီရဏ တေဇော ဓာတ်ဖြင့် ဤကိုယ်သည် ရင့်၏၊ မျက်စိ, နား စသော ဣန္ဒြေ ချို့တဲ့သည့် အဖြစ်သို့ရင်း, ခွန်အားနည်းပါး ကုန်ခန်းခြင်းသို့ရင်း, အရေတွန့်ခြင်း, ဆံဖြူခြင်း, စသည်တို့၏ အဖြစ်သို့ရင်း ရောက်၏၊ ချောက်ချားသော အကြင် ဒါဟတေဇောဖြင့် ဤကိုယ်သည် ပူလောင်၏၊ ထိုဒါဟတေဇော ထကြွသောပုဂ္ဂိုလ်သည်"ပူလောင်၏, ပူလောင်လှ၏"ဟု မြည်တမ်းလျက် အကြိမ်များစွာ နွေး၍ ရေအေး၌ထည့်၍ ဆယ်အပ်သော ထောပတ်, ဂေါသီတ စန္ဒကူး စသည်တို့ဖြင့် လိမ်းကျံခြင်းကိုရင်း,ထန်းရွက်ယပ်ဖြင့် ခပ်အပ်သော လေကိုရင်း တောင့်တ၏၊ အကြင် ပါစက တေဇောဓာတ်ဖြင့် စားအပ်သော ထိုထမင်း အစရှိသော အာဟာရသည်ရင်း,

သောက်အပ်သော အဖျော်စသော အာဟာရသည်၎င်း, ခဲအပ်သော မုံ့ခဲဘွယ် အစရှိသော အာဟာရသည်၎င်း, လျက်အပ်သော သရက်သီးမှည့်, ပျားရည်, တင်လဲ အစရှိသော အာဟာရသည်၎င်း, ကောင်းစွာ အညီအညွတ် ကျေခြင်း ကျက်ခြင်းသို့ ရောက်၏၊ အရည်, အသွေး, အသား, အဆီ, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, သုက်တို့၏အစွမ်းဖြင့် အသီးအသီးအဖြစ် အချင်းချင်းမတူသော အဖြစ်သို့ ရောက်၏ဟု ဆိုလိုသည်၊ ဤ တေဇောဓာတ် လေးမျိုးတို့တွင် ရှေ့သုံးပါးသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်၏၊ နောက်ဆုံးဖြစ်သော ပါစကတေဇောသည် ကံ,ကြောင့်သာ ဖြစ်၏။

ရွေ့စေသည်၏ အစွမ်းဖြင့် ဝါယော မည်၏၊ ဆိုအပ်ပြီးသော နည်းအတိုင်း ကမ္မသမုဋ္ဌာန်စသော အထူးထူးသော ဝါယောတို့၌ အတွင်းဝင်သည့် အဖြစ်ကြောင့် ဝါယောဂတ မည်၏၊ ထိုဝါယောဂတ ဟူသည် ထောက်ပံ့ ခိုင်စေခြင်းလက္ခဏာရှိသော ဝါယောဓာတ်ပင်တည်း၊ အထက်သို့ဆန်သော လေ,ဆိုသည်ကား—ပျို့အန်ခြင်း, ရှုက်ငင်ခြင်း စသည်ကို ဖြစ်စေတတ်သော အထက်သို့ ဆန်တက်သော လေတည်း၊ အောက်သို့စုန်သော လေ,ဆိုသည်ကား— ကျင်ကြီး ကျင်ငယ် စသည်ကို ထုတ်တတ်သော အောက်သို့ စုန်စေတတ်သော လေတို့တည်း၊ ဝမ်း၌တည်သော ကုစ္ဆိသယလေ,ဆိုသည်ကား— အူတို့၏အပ၌ တည့်သော လေတို့တည်း၊ အတွင်း၌တည်သော ကောဋ္ဌာသယလေ,ဆိုသည်ကား—အူတွင်း၌ တည်သော လေတည်း။

အကြော တည်းဟူသော ကွန်ယက်အစဉ်ကို လျှောက်သဖြင့် တကိုယ်လုံး၌ အင်္ဂါကြီးငယ်တို့သို့ နှံ့သော ကွေးခြင်း,ဆန့်ခြင်း,တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း, ခြေကိုချီခြင်း, ခြေကိုရှေ့သို့ဆောင်ခြင်း အစရှိကုန်သော အလုံးစုံသော ကိုယ်အမူအရာကို ဖြစ်စေတတ်သော လေတို့သည် အင်္ဂါကြီးငယ်သို့ လျှောက်သော အင်္ဂမင်္ဂါနုသာရီ လေတည်း၊အတွင်းသို့ဝင်သော နှာခေါင်းလေကို "ဝင်သက်-အဿာသ လေ"အပသို့ ထွက်သော နှာခေါင်းလေကို

"ထွက်သက်-ပဿာသလေ" ဟု ဆိုသည်။ ဤ ဝါယောဓာတ်တို့တွင် ရှေ့ဝါယောဓာတ် ငါးမျိုးသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်ကုန်၏၊ ဝင်သက်,ထွက်သက်သည် စိတ်ကြောင့်သာ ဖြစ်၏။

အလုံးစုံသော အာပေါဓာတ် အစရှိသော သုံးပါးသော နိဒ္ဒေသတို့၌ "ထို့ပြင် အကြင် အမှတ်မရှိ တစုံတခုသောတရား" ဟူသော စကားဖြင့် မိမိကောဋ္ဌာသမှကြွင်းသော ကောဋ္ဌာသတို့၌ ရှိသော အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့ကို ပေါင်းရုံးရေတွက်အပ်သည့် အဖြစ်ကို ပြသည်။

ဤဆိုအပ်ခဲ့ပြီးသောအတိုင်း နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ပထဝီဓာတ်ကိုလည်း, တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် အာပေါဓာတ်ကိုလည်း,လေးပါးသောအခြင်းအရာတို့ဖြင့် တေဇောဓာတ်ကိုလည်း, ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ဝါယောဓာတ်ကိုလည်း ဤသို့ **လေးဆယ့်နှစ်ပါး**သော အခြင်းအရာတို့ဖြင့် ဓာတ်လေးပါးတို့ကို အကျယ်ချဲ့အပ်ကုန်၏၊ ဤသည်ကား ပါဠိတော်၏ အနက်ကို ဖွင့်ပြခြင်းပေတည်း။

## ဓာတ်ကမ္မဋ္ဌာန်းပွါးပုံ

၃၀၀။ ဤဓာတ်ကမ္မဋ္ဌာန်း၌ ဘာဝနာပွါးနည်းကား- ထက်မြက်သော ပညာရှိသော တိက္ခပညာ ရဟန်းအား "ဆံပင်တို့သည် ပထဝီဓာတ်တည်း၊ အမွေးတို့သည် ပထဝီဓာတ်တည်း" ဟု ဤသို့ အစရှိသောနည်းဖြင့် အကျယ် ဓာတ်ကမ္မဋ္ဌာန်းကို သိမ်းဆည်းခြင်းသည် နှေးနှေးဖြည်းဖြည်းအားဖြင့် ထင်၏။

အကြင် ခက်မာသော လက္ခဏာသည် ရှိ၏၊ ဤ ခက်မာသော လက္ခဏာရှိသော အရာကို ပထဝီဓာတ်ဟူ၍လည်း အကြင် ဖွဲ့စည်းတတ်သော လက္ခဏာသည် ရှိ၏၊ ဤ ဖွဲ့စည်းတတ်သောလက္ခဏာရှိသော အရာကို အာပေါဓာတ်ဟူ၍လည်း, အကြင် ရင့်ကျက်စေတတ်သော လက္ခဏာသည် ရှိ၏၊ ဤရင့်ကျက်စေတတ်သော

လက္ခဏာရှိသောအရာကို တေဇောဓာတ် ဟူ၍ငင်း, အကြင် ထောက်ပံ့ခိုင်စေတတ်သော လက္ခဏာသည် ရှိ၏၊ ဤ ထောက်ပံ့ ခိုင်စေတတ်သော လက္ခဏာရှိသော အရာကို ဝါယောဓာတ် ဟူ၍ငင်း ဤသို့ လက္ခဏာမျှဖြင့် နှလုံးသွင်းသော ထိုရဟန်းအား ကမ္မဋ္ဌာန်းသည် ထင်ရှား၏။

မထက်မြက် လွန်းသော ပညာရှိသော နာတိတိက္ခပညာ ပုဂ္ဂိုလ်အားကား ဤသို့ ဆိုခဲ့ပြီးသောနည်းဖြင့် နှလုံးသွင်းသည် ရှိသော် အမိုက်တိုက်ကဲ့သို့ဖြစ်၍ မထင်ရှားသည် ဖြစ်၏၊ ရှေးနည်း အတိုင်း အကျယ်အားဖြင့် နှလုံးသွင်းသော ပညာမထက်လွန်း သော ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းသည် ထင်ရှား၏၊ အဘယ်ကဲ့သို့ နည်းဟူမူကား—များသော ပေယျာလရှိသော **ပါဠိကို သရဇ္ဈာယ်** ကြကုန်သော နှစ်ဦးသော ရဟန်းတို့တွင် ထက်သော ပညာ ရှိသော ရဟန်းသည် တကြိမ်ငင်း, နှစ်ကြိမ်ငင်း ပေယျာလ တံခါးပေါက်ဖြစ်သော ဝါရကိုချဲ့၍ အကြွင်းမဲ့ သရဇ္ဈာယ်၍ ထို့နောက်မှ ထိုထိုဝါရ၏ အစအဆုံးဟု ဆိုအပ်သော နှစ်ပါးသော အစွန်းကို ယူသောအားဖြင့်သာလျှင် သရဇ္ဈာယ်ခြင်းကိုပြုလျက် သွား၏၊ ထိုသို့ တိက္ခပညာပုဂ္ဂိုလ် သရဇ္ဈာယ်ရာ၌ နာတိတိက္ခ ပညာ ပုဂ္ဂိုလ်သည် ဤသို့ ဆိုတတ်၏၊ "ဘယ့်နှယ် သရဇ္ဈာယ် ခြင်းလဲ ဤရဟန်းသည် နှုတ်ခမ်းတို့၏ ထိခြင်းမျှကို မပေး၊ ဤသို့ သရဇ္ဈာယ်ခြင်းကို ပြုသဖြင့် အဘယ်အခါ၌ ပါဠိကို လေ့လာသည် ဖြစ်ပါအံ့နည်း"ဟု ပြောဆိုတတ်၏၊ ထို နာတိတိက္ခ ပညာ ပုဂ္ဂိုလ်သည် လာတိုင်း လာတိုင်းသော ပေယျာလမုခကိုချဲ့၍ သရဇ္ဈာယ်ခြင်းကို ပြု၏။

ထိုရဟန်းကို တိက္ခပညာ ပုဂ္ဂိုလ် ရဟန်းက ဤသို့ ဆို၏၊ "ဘယ့်နှယ် သရဇ္ဈာယ်ခြင်းလဲ၊ ဤရဟန်းသည် အဆုံးသို့ ရောက် ခြင်းကို မပြု၊ ဤသို့သော အကုန်အစင် သရဇ္ဈာယ်ခြင်းကို ပြုသဖြင့် ဘယ်အခါ ပါဠိသည် အဆုံးသို့ရောက်ပါအံ့နည်း"ဟုဆို၏၊ ဤအတူ တိက္ခပညာ ပုဂ္ဂိုလ်အား ဆံပင်အစရှိသည်တို့၏ အစွမ်းဖြင့် ဓာတ်ကို သိမ်းဆည်းခြင်းသည်နှေးနှေး ဖြည်းဖြည်း ထင်၏၊အကြင်

ခက်မာသောလက္ခဏာသည် ရှိ၏၊ ဤ ခက်မာသော လက္ခဏာကို ပထဝီဓာတ်ကည်းဟု ဤသို့ အစရှိသောနည်းဖြင့် အကျဉ်းအားဖြင့် နှလုံးသွင်းသော တိက္ခပညာ ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းသည် ထင်ရှား၏၊ ဤပုဂ္ဂိုလ်မှတပါး နာတိတိက္ခ ပညာ ပုဂ္ဂိုလ်အား အကျဉ်းအားဖြင့် နှလုံးသွင်းခဲ့သော် အမိုက်တိုက်ကဲ့သို့ဖြစ်လျက် မထင်မရှား ဖြစ်၏၊ဆံပင်အစရှိသည်ဖြင့် အကျယ် နှလုံးသွင်းသော နာတိတိက္ခ ပညာ ပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းသည် ထင်ရှား၏။

ထို့ကြောင့် ဤဓာတ်ကမ္မဋ္ဌာန်းကို ပွါးလိုသော တိက္ခ ပညာ ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် အထူးထူးသော အာရုံမှ စိတ်ကိုတားမြစ်၍ အလုံးစုံသော မိမိ၏ကိုယ်ကာယကို ဆင်ခြင်စဉ်းစား နှလုံးထား၍ ဤကိုယ်ကာယ၌ အကြင်ခိုင်မာသည့်အဖြစ်ဟူသော လက္ခဏာသည် ရှိ၏၊ ဤခိုင်မာသည့် အဖြစ်ဟူသော လက္ခဏာသည် ပထဝီဓာတ်တည်း ဟူ၍ငင်း, တနည်း ကြမ်းတန်းသည့် အဖြစ် ဟူသော ဉာဏ်အား ထင်သော အခြင်းအရာသည် ရှိ၏၊ ဤ ခက်မာ ကြမ်းတန်းသည်ဟု ဉာဏ်အား ထင်သော အခြင်းအရာသည် ပထဝီဓာတ်တည်းဟူ၍ငင်း, အကြင် အရည်စိုစို ယိုစီးသည့်အဖြစ်ဟူသော လက္ခဏာသည် ရှိ၏၊ ဤလက္ခဏာသည် အာပေါဓာတ်တည်း ဟူ၍ငင်း, အကြင် ဘုတ်တပါးတို့ကို ဖရိုဖရဲ မကျဲရအောင် ဖွဲ့တတ်သည့်အဖြစ် ဟူသော ဉာဏ်အား ထင်သော အခြင်းအရာသည် ရှိ၏၊ ဤအခြင်းအရာသည် အာပေါဓာတ်တည်း ဟူ၍ငင်း, အကြင် အငွေ့ပူသည်၏ အဖြစ်ဟူသော လက္ခဏာသည် ရှိ၏၊ ဤလက္ခဏာသည် တေဇောဓာတ်တည်း ဟူ၍ငင်း, အကြင် ရင့်ကျက်စေသည့် အဖြစ် ဟူသော ဉာဏ်အား ထင်သော အခြင်းအရာသည် ရှိ၏၊ ဤအခြင်းအရာသည် တေဇောဓာတ်တည်း ဟူ၍ငင်း, အကြင် ခိုင်စေတတ်သော ထောက်ပံ့စေတတ်သော အဖြစ်ဟူသော လက္ခဏာသည် ရှိ၏၊ ဤလက္ခဏာသည် ဝါယောဓာတ်တည်းဟူ၍ငင်း, အကြင် ရွေ့စေတတ် တွန်းတတ် အဟုန်နှင့်တကွ သွားတတ်သောအဖြစ်ဟူ ဉာဏ်အားထင်သော အခြင်းအရာသည် ရှိ၏၊ ဤအခြင်းအရာ

သည် ဝါယောဓာတ်တည်း ဟူ၍၎င်း,ဤသို့လျှင် အကျဉ်းအားဖြင့် ဓာတ်တို့ကို လက္ခဏာ အားဖြင့်၎င်း, ကိစ္စ ရသ အားဖြင့်၎င်း ဉာဏ်ဖြင့် ပိုင်းခြားမှတ်သား သိမ်းဆည်း၍ ကာလအရာ အထောင်မက အကြိမ်ကြိမ်အဖန်ဖန် ပထဝီဓာတ်,အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူ၍ ဓာတ်မျှအားဖြင့် သတ္တဝါ မဟုတ်သော အားဖြင့် အသက်ဇီဝမဟုတ်သောအားဖြင့် အဖန်တလဲလဲ ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ရှုအပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ဘာဝနာ၌ ကောင်းစွာ ယှဉ်စေတတ်သော ထိုယောဂီပုဂ္ဂိုလ်အား မကြာမြင့်မီပင်လျှင် ပထဝီစသော ဓာတ်တို့၏ သဘောလက္ခဏာ အထူးကို ထွန်းလင်းခြင်းကိစ္စ ရှိသော ပညာဖြင့် ထက်ဝန်းကျင် သိမ်းဆည်းအပ်သော သဘာဝမျှလျှင် အာရုံရှိသည့်အဖြစ်ကြောင့် မဟဂ္ဂုတ်အဖြစ်သို့ မရောက်သော ဥပစာရမျှသာဖြစ်သော သမာဓိသည် ဖြစ်၏။

တနည်းကား—လေးပါးကုန်သော မဟာဘုတ်တို့၏ သတ္တဝါ မဟုတ်သည်၏အဖြစ်ကို ပြခြင်းငှါ တရားစစ်သူကြီး ဖြစ်တော်မူသော အသျှင်သာရိပုတြာသည်– "အရိုးကိုလည်း အစွဲပြု၍, အရိုးတို့ကို ဖွဲ့ယှက်တတ်သော အကြောတို့ကိုလည်း အစွဲပြု၍, ထိုအရိုးတို့ကိုပင် မွမ်းမံလိမ်းကျံလျက် တည်သော အသားတို့ကိုလည်း အစွဲပြု၍,တကိုယ်လုံးကို ဖုံးလွှမ်းရစ်ပတ်၍ တည်သော အရေကိုလည်း အစွဲပြု၍, အာကာသဓာတ်ဖြင့် ခြံရံအပ်သည်ကို ကိုယ်ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏"ဟု ဤသို့ လေးပါးသော ကောဋ္ဌာသတို့ကို ဟောအပ်ကုန်၏။

ထိုအရိုး, အကြော, အသား, အရေဟူသော လေးကောဋ္ဌာသတို့ကို ထိုထို ကောဋ္ဌာသတို့၏ အကြားသို့ အစဉ်လျှောက်သော ဉာဏ်တည်းဟူသော လက်ဖြင့် အကြိမ်များစွာ အသီးအသီး ခွဲခြမ်းသည်ကိုပြု၍ ထိုလေးပါးသော ကောဋ္ဌာသတို့၌ အကြင်ခိုင်မာသည့်အဖြစ်ဟူသော လက္ခဏာသည် ရှိ၏၊ ဤလက္ခဏာသည် ပထဝီဓာတ်တည်း ဟူ၍၎င်း, အကြင် ကြမ်းတန်းသည်ဟု

ဉာဏ်အား ထင်သော အခြင်းအရာသည် ရှိ၏၊ ဤအခြင်းအရာသည် ပထဝီဓာတ်တည်း ဟူ၍၎င်း ဤသို့ အစရှိသည်ဖြင့် ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း ဓာတ်တို့ကို သိမ်းဆည်း၍ အဖန်တလဲလဲ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟူ၍ ဓာတ်သဘောမျှဖြင့် သတ္တဝါ မဟုတ်သောအားဖြင့် အသက်ဇီဝ မဟုတ်သောအားဖြင့် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ရှုအပ်၏။

ဤသို့ အားထုတ်သောယောဂီပုဂ္ဂိုလ်အား မကြာမြင့်မီပင်ပထဝီစသော ဓာတ်တို့၏သဘောလက္ခဏာအထူးကိုထွန်းလင်းစေတတ်သော ကိစ္စရှိသောပညာဖြင့် ထက်ဝန်းကျင် သိမ်းဆည်းအပ်သော သဘာဝမျှလျှင် အာရုံရှိသည့်အဖြစ်ကြောင့် မဟဂ္ဂုတ်အဖြစ်သို့ မရောက်သော ဥပစာရမျှသာဖြစ်သော သမာဓိသည် ဖြစ်၏။ ဤနည်းသည် အကျဉ်းအားဖြင့်လာသော လေးပါးသော ဓာတ်တို့ကို ဆုံးဖြတ်ခြင်း၌ ဘာဝနာပွါးနည်းပေတည်း။

၃၀၉။ အကျယ်အားဖြင့်လာသော ဓာတ်လေးပါးတို့ကို ဆုံးဖြတ်ခြင်း၌ ဤဆိုလတ္တံ့သောအတိုင်း ဘာဝနာနည်းကို သိအပ်၏။

ဤဓာတ်ကမ္မဋ္ဌာန်းကို ပွါးလိုသောပညာဉာဏ် မထက်လွန်းသော "နာတိတိက္ခပညာ" ယောဂီပုဂ္ဂိုလ်သည် ဆရာ့ထံ၌ လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျယ်အားဖြင့် ဓာတ်တို့ကိုသင်၍ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောကျောင်း၌နေသည်ဖြစ်၍ ပလိဗောဓဖြတ်ခြင်း အစရှိသော အလုံးစုံပြုအပ်ပြီးသော ကိစ္စရှိသည်ဖြစ်၍ ဆိတ်ငြိမ်ရာသို့ ကပ်လျက် အထူးထူးသော အာရုံမှဆုတ်နစ်ပြီးလျှင် ကမ္မဋ္ဌာန်း၌ ကပ်ငြိသောစိတ်ရှိသည်ဖြစ်၍ ပထဝီ စသော သသမ္ဘာရနှင့်တကွ ဆံပင်စသည်တို့ကို အကျဉ်းချုံးသောအားဖြင့်၎င်း, ပထဝီ စသော သသမ္ဘာရနှင့်တကွ ဆံပင်စသည်တို့ကို ဝေဘန်သောအားဖြင့်၎င်း, လက္ခဏာနှင့်တကွ ဆံပင်စသည်တို့ကို အကျဉ်းချုံးသော

အားဖြင့်၎င်း၊လက္ခဏာနှင့်တကွ ဆံပင်စသည်တို့ကို ဝေဘန်သော အားဖြင့်၎င်း ဤသို့လေးပါးသော အခြင်းအရာတို့ဖြင့် ဓာတ်ကမ္မဋ္ဌာန်းကို ပွါးအပ်၏။

မှတ်ချက်။ ။ဆံပင်အစရှိသော နှစ်ဆယ်သော အခြင်းအရာတို့၌ ပထဝီဟု သိသော အသိဉာဏ်၊ ပထဝီဟူသောဝေါဟာရတို့သည် ခိုင်မာ ကြမ်းတန်းသည်၏ အဖြစ်တည်းဟူသော လက္ခဏာကိုစွဲ၍ဖြစ်သောကြောင့် ထိုကောဋ္ဌာသ နှစ်ဆယ်တို့၌ ပထဝီသည် သသမ္ဘာရ မည်၏ဟူ၍ မှတ်ရာ၏။

ထိုလေးပါးသော အခြင်းအရာတို့တွင် သသမ္ဘာရနှင့်တကွ ဆံပင်စသည်တို့ကို အကျဉ်းချုံးသောအားဖြင့် အဘယ်သို့ ပွါးသနည်းဟူမူကား — ဤ သာသနာတော်၌ ယောဂီ ရဟန်း သည် ဆံပင်စသော နှစ်ဆယ်သော ကောဋ္ဌာသတို့၌ ခိုင်မာသော အခြင်းအရာကို ပထဝီဓာတ် ဟူ၍ ဆုံးဖြတ် မှတ်သား၏၊ သည်းခြေစသော တဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ အရည်သဘောသို့ ရောက်သောရေ ဟု ဆိုအပ်သော ဖွဲ့တတ်သော အခြင်းအရာကို အာပေါဓာတ် ဟူ၍ ဆုံးဖြတ် မှတ်သား၏၊ လေးပါးသော ကောဋ္ဌာသတို့၌ ကျက်စေတတ် ရင့်စေတတ်သော အပူငွေ့ကို တေဇောဓာတ် ဟူ၍ ဆုံးဖြတ် မှတ်သား၏၊ ခြောက်ပါးသော ကောဋ္ဌာသတို့၌ ထောက်ပံ့ ခိုင်စေတတ်သော အခြင်းအရာကို ဝါယောဓာတ် ဟူ၍ ဆုံးဖြတ် မှတ်သား၏၊ ဤသို့ ဆုံးဖြတ် မှတ်သား စဉ် ပင် လျှင် ထိုယောဂီပုဂ္ဂိုလ်အား ဓာတ် တို့သည် ထင်ရှားကုန်သည် ဖြစ်ကုန်၏။ ထိုအဖန်တလဲလဲ ဆင်ခြင်သော နှလုံးသွင်းသော ထိုယောဂီပုဂ္ဂိုလ်အား ဆိုအပ်ပြီးသော နည်း အတိုင်း ဥပစာရသမာဓိသည် ဖြစ်၏။

၃၁၀။ အကြင်ပုဂ္ဂိုလ်အား မူကား ဤ သို့ သော သသမ္ဘာရ သင်္ခေပ အား ဖြင့် ပွါး သော် လည်း ကမ္မဋ္ဌာန်းသည် မပြည့်စုံသည် ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် သသမ္ဘာရ ဖြစ်သော ကေသာ လောမာ စသည်တို့ကို ခွဲဝေသော အားဖြင့် ပွါးအပ်၏။

**မှတ်ချက်။** ။ဤ၌ရှေ့ကား အကျဉ်းအားဖြင့် နှစ်ဆယ်သော ကောဋ္ဌာသတို့၌ ပထဝီဓာတ်ကို တဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ အာပေါဓာတ်ကို လေးပါးသော ကောဋ္ဌာသတို့၌ တေဇောဓာတ်ကို ခြောက်ပါးသော ကောဋ္ဌာသတို့၌ ဝါယောဓာတ်ကိုသိမ်းဆည်း၍ ကြမ်းတမ်းသောအခြင်းအရာကို ပထဝီဓာတ်၊ ဖွဲ့စည်းသောအခြင်းအရာကို အာပေါဓာတ်၊ ရင့်စေကျက်စေသော အခြင်းအရာကို တေဇောဓာတ်၊ ထောက်ပံ့နိုင်စေသော အခြင်းအရာကို ဝါယောဓာတ်ဟူ၍ ဓာတ်လေးပါးတို့ကို ပိုင်းခြား ဆုံးဖြတ်ခြင်းသည် သသမ္ဘာရသင်္ခေပအ ားဖြင့် ပွါးခြင်း မည်၏၊ ဤအခြင်းအရာဖြင့် အားထုတ်ပါသော်လည်း ဥပစာရသမာဓိ မဖြစ်ခဲ့သော် ဆံပင် စသော နှစ်ဆယ်သော ကောဋ္ဌာသတို့ကို တပေါင်းတည်းမယူမူ၍ အသီးအသီး ခွဲဝေစိတ်ဖြာသော အားဖြင့် ပိုင်းခြား မှတ်သား ဆုံးဖြတ်ခြင်းကို ပြုအပ်၏ဟူလိုသော်။ ။ ဤကား အမိပ္ပါယ် ဖော်ပြချက်တည်း။

အဘယ်သို့ ပွါးအပ်သနည်း ဟူမူကား–ထိုယောဂီရဟန်းသည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အကျယ်ပြရာ နိဒ္ဒေသ၌ ခုနစ်ပါး အပြားအားဖြင့် အကြင် ဥဂ္ဂဟကောသလ္လကိုငင်း, ဆယ်ပါးအပြားအားဖြင့်အကြင် မနသိကာရ ကောသလ္လကိုငင်းဆိုအပ်ပြီ၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ ရှေးဦးစွာ ထိုအလုံးစုံသော ကောသလ္လကို မယုတ်စေမူ၍ တစပဉ္စက စသည်တို့၏ အနုလုံ ပဋိလုံ အပြန်အလှန်အားဖြင့် နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းကို အစပြု၍ ထိုကာယဂတာသတိနိဒ္ဒေသ၌ အလုံးစုံသော ဆိုအပ်ပြီးသော အစီအရင်ကိုပြုအပ်၏၊ ဤသို့ ဆိုလတ္တံ့သည်ကား အထူးတည်း–

ထိုကာယဂတာ သတိ နိဒ္ဒေသ၌ အဆင်း, သဏ္ဌာန်, အထက်အောက် အရပ်, တည်ရာ, အပိုင်းအခြား၏အစွမ်းဖြင့် ဆံပင် အစရှိသည်တို့ကို နှလုံးသွင်းပြီး၍လည်း စက်ဆုပ်ရွံရှာဘွယ်၏အစွမ်းဖြင့် စိတ်ကို ထားအပ်၏၊ ဤဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း၌ ဓာတ်၏အစွမ်းဖြင့် စိတ်ကို ထားအပ်၏၊ ထို့ကြောင့် အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြား၏အစွမ်းဖြင့် ငါးပါး ငါးပါး အပြားအားဖြင့် ဆံပင် အစရှိသည်တို့ကို နှလုံးသွင်းပြီး၍အဆုံး၌ ဤဆိုလတ္တံ့သောနည်းဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

၃၁၁။ (၁) **ဤဆံပင်** တို့မည်သည်ကား–ဦးခေါင်းခွံကိုမြေးရစ်သော အရေထူ၌ ပေါက်ရောက်ကုန်၏၊ ထိုဆံပင်နှင့်

အရေ နှစ်မျိုးတို့တွင် တောင်ပို့ထိပ်၌ မြက်တို့သည် ပေါက်ကုန်သည် ရှိသော် တောင်ပို့ထိပ်သည် “ငါ၌ မြက်တို့သည် ပေါက်ကုန်၏” ဟူ၍ မသိ၊ မြက်တို့သည် လည်း “ငါတို့သည် တောင်ပို့ထိပ်၌ ပေါက်ကုန်၏” ဟူ၍ မသိသကဲ့သို့ ဤအတူ ဦးခေါင်း၌ မြွေးရစ်သော အရေ သည် “ငါ၌ ဆံပင်တို့သည် ပေါက်ရောက်ကုန်၏” ဟူ၍ မသိ၊ ဆံပင်တို့သည်လည်း “ငါတို့သည် ဦးခေါင်း၌ မြွေးရစ်သော အရေ၌ ပေါက်ရောက်ကုန်၏” ဟူ၍ မသိကုန်၊ ထိုဦးခေါင်းရေနှင့် ဆံပင် တည်းဟူသော ဘူတရုပ်, ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံး သွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသောအပြားအားဖြင့် ဆံပင်တို့မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ ထို့ကြောင့် သတ္တဝါမဟုတ်၊ ခိုင်မာကြမ်းတမ်း၏၊ ပထဝီ ဓာတ်တည်းဟု ဤသို့ နှလုံးသွင်းအပ်၏။

၁၀၂။ (၂) **အမွေး**တို့သည် ကိုယ်ကို မြွေးရစ်သော အရေထူ၌ ဖြစ်ပေါ်ပေါက်ရောက်ကုန်၏၊ ထိုအမွေးနှင့် အရေတို့တွင် လူသူဆိတ်ကင်းသော ရွာပျက်ကုန်း၌ နေဇာ မြက်တို့ သည် ပေါက်ရောက်ကုန်လတ်သော် လူသူဆိတ်ကင်း သော ရွာပျက်ကုန်းအရပ်သည် “ငါ၌ နေဇာမြက်တို့ သည် ပေါက်ကုန်၏” ဟူ၍ မသိ၊ နေဇာမြက်တို့သည် လည်း “ငါတို့သည် ရွာပျက်ကုန်းအရပ်၌ ပေါက်ကြ ကုန်၏” ဟု မသိကုန်သကဲ့သို့ ဤအတူ ကိုယ်ကို မြွေးရစ် သော အရေသည် “ငါ၌ အမွေးတို့ ပေါက်ရောက်ကုန်၏ ဟူ၍” မသိ၊ အမွေးတို့သည်လည်း “ငါတို့သည် ကိုယ်ကို မြွေးရစ်သော အရေ၌ ပေါက်ရောက်ကြရကုန်၏” ဟူ၍ မသိ၊ ဤအမွေးဟူသော ဘူတရုပ်, ဥပါဒါရုပ် တရားတို့

သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကြကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အမွေးတို့မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံးသွင်း အပ်၏။

၃၁၃။ (၃) **ခြေသည်းလက်သည်း** တို့သည် ခြေချောင်း လက်ချောင်းတို့၏ အဖျားတို့၌ ဖြစ်ကုန်၏၊ ထို လက်ချောင်း ခြေချောင်းနှင့် လက်သည်း ခြေသည်းတို့တွင် သူငယ်တို့သည် လှံတံတို့ဖြင့် သစ်မည်စည်စေ့တို့ကိုထိုး၍ ကစားကုန်သည်ရှိသော် လှံတံတို့သည် "ငါတို့၌သစ်မည်စည်စေ့တို့ကို ထားအပ်ကုန်၏" ဟု မသိကုန်၊ သစ်မည်စည်စေ့တို့သည်လည်း ငါတို့ကို လှံတံဖျား၌ ထားအပ်ကုန်၏" ဟူ၍ မသိကုန်သကဲ့သို့ ဤအတူ လက်ချောင်း ခြေချောင်းတို့သည် "ငါတို့၏ အဖျား၌ လက်သည်း ခြေသည်းတို့သည် ဖြစ်ကုန်၏"ဟူ၍ မသိကုန်၊လက်သည်း ခြေသည်း တို့သည်လည်း "ငါတို့သည် လက်ချောင်း ခြေချောင်းတို့၏ အဖျား၌ ဖြစ်ကုန်၏"ဟူ၍ မသိကုန်၊ ဤခြေသည်း လက်သည်းဟု ဆိုအပ်သော ဘူတရုပ်, ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကြကုန်၏။

ဤဆိုအပ်ပြီးသော အပြားအားဖြင့် ခြေသည်း လက်သည်းတို့မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၁၄။ (၄) **သွား** တို့သည် မေးရိုးတို့၌ ဖြစ်ကုန်၏၊ ထိုမေးရိုးနှင့် သွားနှစ်ပါးတို့တွင် လက်သမားတို့သည် ကျောက်ဆုံငယ်တို့၌ တစုံတခုသော အစေးဖြင့် ဖွဲ့၍ တိုင်တို့ကို ထားအပ်ကုန်သည်ရှိသော် ကျောက်ဆုံတို့သည် "ငါတို့၌ တိုင်တို့သည် တည်ကုန်၏" ဟူ၍ မသိကုန်၊ တိုင်တို့သည်လည်း "ငါတို့သည် ဆုံတို့၌ တည်ကုန်၏" ဟူ၍ မသိကုန် သကဲ့သို့ ဤအတူ မေးရိုးတို့သည် "ငါတို့၌သွားတို့သည် ဖြစ်ကုန်၏" ဟူ၍ မသိကုန်၊ သွားတို့သည်လည်း "ငါတို့သည် မေးရိုးတို့၌ ဖြစ်ကုန်၏" ဟူ၍ မသိကုန်၊ ဤမေးရိုး သွားဟု ဆိုအပ်သော ဘူတရုပ်, ဥပါဒါရုပ်တို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကြကုန်၏။

ဤဆိုအပ်ပြီးသော အပြားအားဖြင့် သွားတို့မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၁၅။ (၅) **အရေ** သည် ကိုယ်အလုံးကို မြှေးရှက်၍တည်၏၊ ထိုကိုယ်နှင့် အရေနှစ်ပါးတို့တွင် စောင်းကြီးကို စိုသော နွားရေဖြင့် ကြက်အပ်သည်ရှိသော် စောင်းကြီးသည် "ငါ့ကို စိုသော နွားရေသည် ကြက်အပ်၏" ဟူ၍ မသိ၊ စိုသော နွားရေသည်လည်း "ငါသည် စောင်းကြီးကို မြှေးရှက်အပ်၏" ဟူ၍ မသိသကဲ့သို့ ဤအတူ ကိုယ်သည် "ငါ့ကို အရေသည် မြှေးရှက်အပ်၏" ဟု မသိ၊ အရေသည်လည်း "ငါသည် ကိုယ်ကိုမြှေးရှက်အပ်၏" ဟု မသိ၊ ဤကိုယ်နှင့်အရေဟူသော ဘူတရုပ်, ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကြကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အရေမည်သည်ကား– ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊

အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခိုင်မာ ကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံး သွင်းအပ်၏။

၃၁၆။ (၆) **အသား** သည် အရိုးစုကို လိမ်းကျံ၍ တည်၏၊ ထို အရိုးနှင့် အသားတို့တွင် နံရံကို မြေဖြင့်ထူစွာ လိမ်းကျံ အပ်သည်ရှိသော် နံရံသည် "ငါ့ကို မြေဖြင့်ထူစွာ လိမ်းကျံ အပ်၏"ဟူ၍ မသိ၊ မြေသည်လည်း "ငါသည် နံရံကို လိမ်းကျံအပ်၏"ဟူ၍ မသိသကဲ့သို့ ဤအတူ အရိုးစုသည် "ငါ့ကို ကိုးရာအပြားရှိသော အသားတစ် အသားစိုင် တို့သည် လိမ်းကျံအပ်၏"ဟု မသိ၊ အသားတို့သည်လည်း "ငါတို့သည် အရိုးစုတို့ကို လိမ်းကျံအပ်၏"ဟူ၍ မသိ၊ ဤအရိုးစုအသားစိုင်ဟု ဆိုအပ်သော ဘူတရုပ်,ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကြကုန်၏။

ဤ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အသားမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံး သွင်းအပ်၏။

၃၁၇။ (၇) **အကြော**တို့သည် ကိုယ်အတွင်း၌အရိုးတို့ကို ဖွဲ့ချည် ကုန်လျက် တည်ကုန်၏၊ ထိုအကြောနှင့် အရိုးတို့တွင် နံရံခြေဖြစ်သော သစ်သားတို့ကို နွယ်တို့ဖြင့် မြေးရက် ဖွဲ့ချည်အပ်ကုန်သည်ရှိသော် နံရံခြေ သစ်သားတို့သည် "ငါတို့ကို နွယ်တို့သည် ဖွဲ့ချည်အပ်ကုန်၏"ဟူ၍ မသိ ကုန်၊ နွယ်တို့သည်လည်း "ငါတို့သည် သစ်သားတို့ကို ဖွဲ့ချည်ကုန်၏"ဟူ၍ မသိသကဲ့သို့ ဤအတူ အရိုးတို့သည် "ငါတို့ကို အကြောတို့သည် ဖွဲ့အပ်ကုန်၏"ဟု မသိ ကြကုန်၊ အကြောတို့သည်လည်း "ငါတို့သည် အရိုး တို့ကို ဖွဲ့ချည်အပ်ကုန်၏"ဟူ၍ မသိကြကုန်၊ ဤအရိုးနှင့်

အကြောဟု ဆိုအပ်သော ဘူတရုပ်, ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကြကုန်၏။

ဤ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အကြောမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၁၀။ (ဂ) **အရိုး** တို့တွင် ဖဗျောင့်ရိုးသည် ဖမျက်ရိုးကိုချီရွက်၍ တည်၏၊ ဖမျက်ရိုးသည် မြင်းခေါင်းရိုးကိုချီရွက်၍တည်၏၊ မြင်းခေါင်းရိုးသည် ပေါင်ရိုးကို ချီရွက်၍ တည်၏၊ ပေါင်ရိုးသည် ခါးရိုးကို ချီရွက်၍ တည်၏၊ ခါးရိုးသည် ကျောက်ဆစ်ရိုးကိုချီရွက်၍တည်၏၊ကျောက်ဆစ်ရိုးသည် လည်ပင်းရိုးကို ချီရွက်၍ တည်၏၊ လည်ပင်းရိုးသည် ဦးခေါင်းရိုးကို ချီရွက်၍ တည်၏၊ ဦးခေါင်းရိုးသည် လည်ပင်းရိုး၌ တည်၏၊ လည်ပင်းရိုးသည်လည်း ကျောက်ဆစ်ရိုး၌ တည်၏၊ကျောက်ဆစ်ရိုးသည်လည်း ခါးရိုး၌တည်၏၊ ခါးရိုးသည်လည်းပေါင်ရိုး၌တည်၏၊ ပေါင်ရိုးသည်လည်း မြင်းခေါင်းရိုး၌ တည်၏၊ မြင်းခေါင်းရိုးသည် ဖမျက်ရိုး၌ တည်၏၊ ဖမျက်ရိုးသည် ဖဗျောင့်ရိုး၌ တည်၏။

ထိုအရိုးတို့တွင် အုဋ်, သစ်, နွားချေး စသည်တို့၏ အပေါင်းအစုတို့၌ အောက်အောက်၌ တည်သော အုဋ်,သစ်,စသည်တို့သည် "ငါတို့ကား အထက်အထက်၌ တည်သော အုဋ်,သစ်,အစရှိသည်တို့ကို ချီရွက်၍ တည်ကုန်၏" ဟု မသိကုန်သကဲ့သို့ အထက်အထက်၌တည်သော အုဋ်,သစ် စသည်တို့သည်လည်း"ငါတို့ကား အောက်အောက်၌တည်သော အုဋ်,သစ်,စသည်တို့၌ တည်ကုန်၏" ဟု မသိကုန် သကဲ့သို့၊ ဤအတူ ဖမျက်ရိုးသည် ငါကား ဖဗျောင့်ရိုးကို ချီရွက်၍ တည်၏ ဟု မသိ၊ ဖဗျောင့်ရိုးသည်လည်း ငါသည်

မြင်းခေါင်းရိုးကို ချိုရွက်၍ တည်၏ဟု မသိ၊ မြင်းခေါင်းရိုးသည် ငါသည်ကား ပေါင်ရိုးကို ချိုရွက်၍ တည်၏ဟု မသိ၊ ပေါင်ရိုးသည် ငါသည်ကား ခါးရိုးကို ချိုရွက်၍ တည်၏ဟု မသိ၊ ခါးရိုးသည် ငါသည်ကား ကျောက်ဆစ်ရိုးကို ချိုရွက်၍ တည်၏ ဟု မသိ၊ ကျောက်ဆစ်ရိုးသည် ငါသည်ကား လည်ပင်းရိုးကို ချိုရွက်၍ တည်၏ဟု မသိ၊ လည်ပင်းရိုးသည် ငါသည်ကား ဦးခေါင်းရိုးကို ချိုရွက်၍ တည်၏ဟု မသိ။

ဦးခေါင်းရိုးသည် ငါသည်ကား လည်ပင်းရိုး၌ တည်၏ဟု မသိ၊ လည်ပင်းရိုးသည် ငါကား ကျောက်ဆစ်ရိုး၌ တည်၏ ဟု မသိ၊ ကျောက်ဆစ်ရိုးသည် ငါသည်ကား ခါးရိုး၌ တည်၏ဟု မသိ၊ ခါးရိုးသည် ငါသည်ကား ပေါင်ရိုး၌ တည်၏ဟူ၍ မသိ၊ ပေါင်ရိုးသည် ငါသည်ကား မြင်းခေါင်းရိုး၌ တည်၏ဟူ၍ မသိ၊ မြင်းခေါင်းရိုးသည် ငါသည်ကား ဖမျက်ရိုး၌ တည်၏ ဟူ၍ မသိ၊ ဖမျက်ရိုးသည် ငါသည်ကား ဖဗျောင့်ရိုး၌ တည်၏ ဟူ၍ မသိ၊ ဤအရိုးဟူသော ဘူတရုပ် ဥပါဒါရုပ်တို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အရိုးတို့မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာ ကြမ်းတမ်း၏၊ ပထဝီ ဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၁၉။ (၉) **ခြင်ဆီ**သည် ထိုထိုအရိုးတို့၏ အတွင်း၌ တည်၏၊ ထို အရိုးနှင့် ခြင်ဆီတို့တွင် ဝါးဆစ် စသည်တို့၏ အတွင်း၌ ပြုတ်ဖြော့ပြီးသော ကြိမ်ညွန့် စသည်တို့ကို ထည့်အပ်ကုန်သည် ရှိသော် ဝါးဆစ် စသည်တို့သည် "ငါတို့၌ ကြိမ်ညွန့် စသည်တို့ကို ထည့်အပ်ကုန်၏" ဟု မသိ သကဲ့သို့၊ ကြိမ်ညွန့် စသည်တို့သည်လည်း ငါတို့သည် ဝါးဆစ် စသည်တို့၌ တည်ကုန်၏ ဟူ၍ မသိသကဲ့သို့ ဤအတူ အရိုးတို့သည် ငါတို့၏အတွင်း၌ ခြင်ဆီသည်

တည်၏ဟု မသိကုန်၊ ခြင်ဆီသည်လည်း ငါသည် အရိုး၏ အတွင်း၌ တည်၏ဟု မသိကုန်၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ခြင်ဆီ မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခိုင်မာ ကြမ်းတန်း၏၊ ပထဝီ ဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၂၀။ (၁၀) **အညှို**သည် ရေမျို လည်ချောင်းမှ တက်သော တခုသောအမြစ်ရှိသော အတန်ငယ်သွား၍ နှစ်ဖြာ ကွဲသောအကြောကြီးဖြင့် ဖွဲ့ချည်အပ်သည် ဖြစ်၍ နှလုံးသားကို ခြံရံ၍ တည်၏၊ ထိုအညှိုနှင့် အကြောတို့တွင် သရက်သီး နှစ်လုံးပွတ်ကို အညှာဖြင့် ဖွဲ့အပ်သည်ရှိသော် အညှာသည် "ငါသည်ကား သရက်သီး နှစ်လုံးပွတ်ကို ဖွဲ့အပ်၏"ဟု မသိသကဲ့သို့ သရက်သီးနှစ်လုံးပွတ်သည် လည်း "ငါ့ကိုအညှာသည် ဖွဲ့အင်၏" ဟု မသိသကဲ့သို့ ဤအတူ အကြောကြီးသည် "ငါသည်ကား အညှိုကို ဖွဲ့အပ်၏" ဟုမသိ၊ ဤအညှိုသည်လည်း "ငါ့ကိုအကြောကြီးသည် ဖွဲ့အပ်၏"ဟူ၍မသိ၊ ဤအညှိုဟူသော ဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤအညှို မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခိုင်မာ ကြမ်းတန်း၏၊ ပထဝီ ဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၂၁။ (၁၁) **နှလုံး**သည် ကိုယ်တွင်း၌ ရင်ရိုးချိုင့် အလယ်ကိုမှီ၍ တည်၏၊ ထိုနှလုံးနှင့် ရင်ရိုးချိုင့်တို့တွင် ဆွေးမြေ့သော

သံလျင်းချိုင့်ကိုအမှီပြု၍ သားတစ်ကို ထားအပ်သည် ရှိသော် ဆွေးမြေ့သော သံလျင်းချိုင့် အတွင်းသည် "ငါ့ကိုအမှီပြု၍ သားတစ်ကိုထားအပ်၏"ဟု မသိသကဲ့သို့ သားတစ်သည်လည်း "ငါသည် ဆွေးမြေ့သော သံလျင်းချိုင့်အတွင်းကိုမှီ၍ တည်၏" ဟု မသိသကဲ့သို့ ဤအတူ ရင်ရိုးချိုင့်အတွင်းသည် "ငါ့ကိုအမှီပြု၍ နှလုံးသည် တည်၏" ဟု မသိ၊ နှလုံးသည်လည်း "ငါသည် ရင်ရိုးချိုင့်အတွင်းကိုမှီ၍ တည်၏" ဟု မသိ၊ ဤနှလုံးနှင့် ရင်ရိုးချိုင့်အတွင်း တည်းဟူသော ဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤ နှလုံးမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော တစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်း ဟု နှလုံးသွင်းအပ်၏။

၃၂၂၊ (၁၂) **အသည်း**သည် ကိုယ်တွင်း၌ နှစ်ခုသော သားမြတ်တည်ရာတို့၏ အတွင်းအလယ်၌ လကျ်ာနံပါးကိုမှီ၍ တည်၏၊ ထို အသည်းနှင့် နံပါးတို့တွင် အိုးကင်းနံပါး၌ အသားစိုင်အစုံသည် ငြိသည်ရှိသော် အိုးကင်းနံပါးသည် "ငါ၌ အသားစိုင်အစုံသည် ငြိလျက်တည်၏" ဟု မသိသကဲ့သို့ အသားစိုင်အစုံသည်လည်း "ငါသည် အိုးကင်းနံပါး၌ငြိ၏" ဟု မသိသကဲ့သို့ ဤအတူ သားမြတ်တို့၏ အတွင်း၌ လကျ်ာနံပါးသည် "ငါ့ကိုအမှီပြု၍ အသည်းသည် တည်၏" ဟု မသိ၊ အသည်းသည်လည်း "ငါသည် သားမြတ်၏အတွင်းလကျ်ာနံပါးကိုမှီ၍ တည်၏" ဟု မသိ၊ ဤ ဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤ အသည်းမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊စိတ် စေတနာမရှိ၊အဗျာကတ တရားစု၌ အကျုံးဝင်၏၊

အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာကြမ်းတမ်း၏၊ ပထဝီဓာတ်တည်း ဟု နှလုံးသွင်းအပ်၏။

၃၂၃။ (၁၃) **အမြေး**တို့တွင် ဖုံးလွှမ်းသော အမြေးသည် နှလုံးကိုင်း, အညှိကိုင်း ခြံရံ၍တည်၏၊ မဖုံးလွှမ်းသော အမြေးသည် ကိုယ်အလုံး၌ အရေ၏အောက်မှ အသားကို မြေးရှက်၍ တည်၏၊ ထိုအမြေး,အညှိ အစရှိသည်တို့တွင် အသားကိုဖြူသော အဆင်းရှိသော ပုဆိုးနွမ်းဖြင့် မြေးရစ် အပ်သည်ရှိသော် အသားသည် "ငါ့ကို ဖြူသော ပုဆိုး နွမ်းဖြင့် မြေးရှက်အပ်၏" ဟု မသိသကဲ့သို့ ပုဆိုးနွမ်း သည်လည်း "ငါသည် အသားကို မြေးရှက်အပ်၏" ဟု မသိသကဲ့သို့ ဤအတူ အညှိ နှလုံးသားတို့သည် "ငါတို့ကို ဖုံးလွှမ်းတတ်သော အမြေးသည် ဖုံးလွှမ်းအပ်ကုန်၏" ဟု မသိကုန်၊ ကိုယ်အလုံး၌ အသားသည်လည်း "ငါ့ကို မဖုံးလွှမ်းသော အပွင့်ရွှေနှ အမြေးဖြင့် ဖုံးလွှမ်းအပ်၏" ဟု မသိကုန်၊ အမြေးသည်လည်း "ငါသည်ကား အညှိ နှလုံးတို့ကိုင်း, တကိုယ်လုံး၌ရှိသော အသားကိုင်း ဖုလွှမ်းအပ်၏" ဟု မသိ၊ ဤဘုတ်ရပ် ဥပါဒါရုပ်တရား တို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤ ဆိုအပ်ခဲ့ပြီးသော အမြေးမည်သည်ကား ဤကိုယ်၌ အသီး အခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာ ကြမ်းတမ်း၏၊ ပထဝီ ဓာတ်တည်းဟူ၍ နှလုံးသွင်းအပ်၏။

၃၂၄။ (၁၄) **အဖျဉ်း**သည် နှလုံး၏လက်ဝဲဘက်နံပါး၌ ဝမ်းရေ လွှာ၏ အထက်နံပါးကိုမှီ၍ တည်၏၊ ထိုအဖျဉ်း နှင့် ဝမ်းရေလွှာ အထက်နံပါးတို့တွင် ကျီဆိုး၏ အတွင်း အကက်နံပါးကို အမှီပြု၍ နွားချေးစိုင်သည် တည်လတ် သော် ကျီဆိုး၏ အတွင်းနံရံသည် "နွားချေးစိုင်သည်

ငါ့ကိုအမှီပြု၍ တည်၏” ဟု မသိသကဲ့သို့ နွားချေးစိုင်သည်လည်း “ငါသည် ကျီဆိုး၏ အတွင်းနံရံကိုမှီ၍ တည်၏” ဟု မသိသကဲ့သို့ ဤအတူ ဝမ်းရေ၏ အထက်နံပါးသည် “အဖျဉ်းသည် ငါ့ကိုမှီ၍ တည်၏” ဟု မသိ၊ အဖျဉ်းသည်လည်း “ငါသည် ဝမ်းရေလွှာ၏ အထက်နံပါးကိုမှီ၍ တည်၏” ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကြကုန်၏။

ဤအဖျဉ်းမည်သည်ကား ဤကိုယ်၌ အသီးအခြား ဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာ ကြမ်းတန်း၏၊ ပထဝီဓာတ်တည်း ဟု နှလုံးသွင်းအပ်၏။

၃၂၅။ (၁၅) **အဆုတ်** သည် ကိုယ်တွင်း၌ သားမြတ်နှစ်ခုတည်ရာတို့၏အလယ် နှလုံးကိုင်း၊ အသည်းကိုင်းအထက်၌ ဖုံးလွှမ်း၍ တွဲလွဲဆွဲလျက် တည်၏၊ ထိုအဆုတ်နှလုံး အသည်းတို့တွင် ကျီဆိုး၏အတွင်း၌ စာပေါင်းသိုက်သည် တွဲလွဲဆွဲ၍ တည်လတ်သော် ကျီဆိုး၏အတွင်းသည် “ငါ၌ စာပေါင်းသိုက်သည် တွဲလွဲဆွဲလျက်တည်၏”ဟု မသိသကဲ့သို့ စာပေါင်းသိုက်သည်လည်း “ငါသည် ကျီဆိုး၏အတွင်း၌ တွဲလွဲဆွဲ၍ တည်၏”ဟု မသိသကဲ့သို့ ဤအတူ ထိုကိုယ်၏အတွင်းသည် “ငါ၌ အဆုတ်သည် တွဲလွဲဆွဲလျက် တည်၏”ဟု မသိ၊ အဆုတ်သည်လည်း “ငါသည် ဤသို့ သဘောရှိသော ကိုယ်၏အတွင်း၌ တွဲလွဲဆွဲလျက် တည်၏”ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤအဆုတ်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏

အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၂၆။ (၁၆) **အူမ** အခွေသည် အထက်ရေမျိုဟု ဆိုအပ်သော လည်ချောင်းတွင်းအောက် ကျင်ကြီးကြောင်း အဆုံးရှိသော ကိုယ်တွင်း၌ တည်၏၊ ထိုကိုယ်တွင်းနှင့် အူမတို့တွင် သွေးပြည့်သော စားကျင်း၌ ဦးခေါင်းပြတ်သော မြွေ၏ကိုယ်ကို ခွေ၍ ထားအပ်သည်ရှိသော် သွေးစားကျင်းသည် "ငါ၌ မြွေ၏ကိုယ်သည် တည်၏"ဟု မသိသကဲ့သို့ မြွေ၏ ကိုယ်ကောင်သည်လည်း "ငါသည် သွေးစားကျင်း၌ တည်၏"ဟု မသိသကဲ့သို့ ဤအတူ ကိုယ်၏အတွင်းသည် ငါ၌အူမသည် တည်၏ဟု မသိ၊ အူမသည်လည်း ငါသည် ကိုယ်၏အတွင်း၌ တည်၏ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤ အူမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၂၇။ (၁၇) **အူသိမ်** သည် အူမ၏အကြား၌ နှစ်ဆယ့်တခုသော အရပ်တို့၌ အောက်သို့ အခွေအခွေ ဖြစ်ကုန်သော အူခွေတို့ကိုဖွဲ့၍ တည်၏၊ ထိုအူသိမ်,အူမတို့တွင် ခြေသုတ်ကြိုးဝန်းကို ချုပ်၍ ကြိုးငယ်တို့သည် တည်ကုန်သည်ရှိသော် ခြေသုတ်ကြိုးဝန်းသည် "ကြိုးငယ်တို့သည် ငါ့ကို ချုပ်၍ တည်ကုန်၏"ဟု မသိသကဲ့သို့ ကြိုးငယ်တို့သည်လည်း "ငါတို့သည် ခြေသုတ် ကြိုးဝန်းကိုချုပ်၍ တည်ကုန်၏"ဟု မသိကုန်သကဲ့သို့ ဤအတူ အူမသည် "အူသိမ်သည် ငါ့ကို ချုပ်ဖွဲ့၍ တည်၏" ဟု မသိ၊ အူသိမ်သည်လည်း "ငါသည် အူမကို ချုပ်ဖွဲ့၍ တည်၏" ဟု မသိ၊

ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံး သွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤအူသိမ်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာ ကြမ်းတန်း၏၊ ပထဝီ ဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၂၀။ (၁၀) စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အာဟာရဟု ဆိုအပ်သော **အစာသစ်**သည် အစာသစ် အိမ်၌ တည်၏၊ ထိုအစာသစ်နှင့် တည်ရာ အိမ်တို့တွင် ခွေးစားကျင်း၌ ခွေးအန်ဖတ်သည် တည်သည် ရှိသော် ခွေးစားကျင်း ခွက်သည် "ငါ၌ ခွေးအန်ဖတ်သည် တည်၏" ဟု မသိသကဲ့သို့ ခွေးအန်ဖတ်သည်လည်း "ငါသည် ခွေးစားကျင်းခွက်၌တည်၏" ဟု မသိသကဲ့သို့ ဤအတူ အစာသစ်အိမ်သည် "ငါ၌ အစာသစ်သည် တည်၏" ဟု မသိ၊ အစာသစ်သည်လည်း "ငါသည် အစာသစ်အိမ်၌ တည်၏" ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကြကုန်၏။

ဤအစာသစ်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ အဗျာကတတရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာ ကြမ်းတန်း၏၊ ပထဝီ ဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၂၉။ (၁၉) **အစာဟောင်း**သည် အစာကျက်အိမ် ဟု ဆိုအပ် သော လက်ရှစ်သစ်ရှိသော ဝါးဆစ်နှင့်တူသော အူမ၏ အဆုံး၌ တည်၏၊ အစာဟောင်းနှင့် တည်ရာ အိမ်တို့တွင် ဝါးဆစ်၌ နယ်၍သိပ်မွှေဖြော့တော့သော မြေညက်ကို ထည့်အပ်သည်ရှိသော် ဝါးဆစ်သည် "ငါ၌ မြေညက်သည် တည်၏" ဟူ၍မသိသကဲ့သို့ မြေညက်သည်လည်း "ငါသည်

ဝါးဆစ်၌ တည်၏'' ဟူ၍ မသိသကဲ့သို့ ဤအတူ အစာဟောင်းအိမ်သည် "ငါ၌ အစာဟောင်းသည် တည်၏"ဟု မသိ၊ အစာဟောင်းသည်လည်း "ငါသည် အစာဟောင်းအိမ်၌ တည်၏"ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကြကုန်၏။

ဤအစာဟောင်း မည်သည်ကား ဤကိုယ်၌ အသီးအခြား ဖြစ်သောအစုတည်း၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊သတ္တဝါမဟုတ်၊ခိုင်မာကြမ်းတန်း၏၊ ပထဝီဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၃၀။ (၂၀) **ဦးနှောက်**သည် ဦးခေါင်းခွံအတွင်း၌ တည်၏၊ ထိုဦးနှောက် ဦးခေါင်းခွံအတွင်းတို့တွင် ဟောင်းနွမ်းသော ဗူးအုံ၌မုံ့ညက်စိုင်ကို ထည့်သည်ရှိသော် ဗူးအုံသည် "ငါ၌ မုံ့ညက်စိုင်သည် တည်၏"ဟု မသိသကဲ့သို့ မုံ့ညက်စိုင်သည်လည်း "ငါသည် ဗူးအုံ၌ တည်၏" ဟု မသိသကဲ့သို့ ဤအတူ ဦးခေါင်းခွံ၏အတွင်းသည် "ငါ၌ ဦးနှောက်သည် တည်၏'' ဟု မသိ, ဦးနှောက်သည်လည်း "ငါသည် ဦးခေါင်းခွံ၌ တည်၏"ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤဦးနှောက်မည်သည်ကား ဤကိုယ်၌ အသီးအခြား ဖြစ်သောအစုတည်း၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခိုင်မာကြမ်းတန်း၏၊ ပထဝီ ဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

ပထဝီဓာတ် ၂၀-ပြီး၏။

၃၃၁။ (၁) **သည်း**ခြေတို့တွင် အဗဒ္ဓသည်းခြေသည် ဇီဝိတိန္ဒြေနှင့် စပ်၍၊ ကိုယ်အလုံးကိုနှံ့၍ တည်၏၊ ဗဒ္ဓသည်းခြေသည် သပွတ်ခါးသီးအိမ်နှင့်တူသော သည်းခြေအိမ်၌ တည်၏၊ ထိုသည်းခြေနှစ်မျိုးတို့တွင် မှုံ့ကိုနှံ့၍ ဆီသည် တည်သည်ရှိသော် မှုံ့သည် "ဆီသည် ငါ့ကိုနှံ့၍ တည်၏" ဟု မသိသကဲ့သို့ ဆီသည်လည်း "ငါသည် မှုံ့ကိုနှံ့၍ တည်၏" ဟု မသိသကဲ့သို့ ဤအတူ ကိုယ်သည် "ငါ့ကို အဗဒ္ဓသည်းခြေသည် နှံ့၍တည်၏" ဟု မသိ၊ အဗဒ္ဓသည်းခြေသည်လည်း "ငါသည် ကိုယ်ကိုနှံ့၍ တည်၏" ဟု မသိ၊ သပွတ်ခါးသီးအိမ်သည် မိုဃ်းရေဖြင့် ပြည့်သည်ရှိသော် သပွတ်ခါးသီးအိမ်သည် "ငါ၌ မိုဃ်းရေသည် တည်၏" ဟု မသိ သကဲ့သို့ မိုဃ်းရေသည်လည်း "ငါသည်သပွတ်ခါးသီးအိမ်၌ တည်၏" ဟု မသိသကဲ့သို့ ဤအတူ သည်းခြေအိမ်သည် "ငါ၌ သည်းခြေသည် တည်၏" ဟု မသိ၊ သည်းခြေသည်လည်း "ငါသည် သည်းခြေ အိမ်၌ တည်၏" ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤသည်းခြေမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ဖြစ်သော ဖွဲ့သော အခြင်းအရာရှိသော အာပေါဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၃၂။ (၂) **သလိပ်**သည် တကွမ်းစား ပြည့်ရုံ ပမာဏရှိ၍ ဝမ်းရေလွှာ၌ တည်၏။ ထိုသလိပ်နှင့် ဝမ်းလွှာတို့တွင် တံစီးအိုင်သည် အထက်၌ အမြှုပ်လွှာ ဖြစ်သည်ရှိသော် "ငါ၌ အမြှုပ်လွှာသည် တည်၏" ဟု မသိသကဲ့သို့ ရေမြှုပ်လွှာသည်လည်း "ငါသည် တံစီးအိုင်၌တည်၏" ဟု မသိသကဲ့သို့ ဤအတူ ဝမ်းရေလွှာသည် "ငါ၌

သလိပ်သည် တည်၏” ဟု မသိ၊ သလိပ်သည်လည်း “ငါသည် ဝမ်းရေလွှာ၌ တည်၏” ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤသလိပ်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ ဖြစ်သော ဖွဲ့သော အခြင်းအရာရှိသော အာပေါဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၃၃။ (၃) **ပြည်**သည်မမြဲသော တည်ရာရှိ၏၊ အကြင် အကြင် သို့သော သစ်ငုတ် ဆူးငြောင့် လက်နက် မီးလျှံ-စသည်တို့ဖြင့် ထိပါး တိုက်ခိုက်မိသော ကိုယ်အစိတ်၌ သွေးသည် စုဝေး၍ ကျက်၏၊ အိုင်းနာ ထွတ်နာ စသည်တို့သည်လည်း ဖြစ်ကုန်၏။

ထိုထိုသွေးစု၍ ကျက်ရာ အိုင်းနာဖြစ်ရာအရပ်၌ တည်၏၊ ထို ပြည်နှင့် တည်ရာအရပ်တို့ဘွင် ပုဆိန်ဖြင့်ပေါက်ခြင်း အစရှိသည့် အစွမ်းဖြင့်သစ်ပင်သည် အစေး ယို-ထွက်လတ်သော် သစ်ပင်၏ ပေါက်ရာ ခုတ်ရာ-စသည်တို့သည် “ငါတို့၌ အစေးသည် တည်၏” ဟု မသိသကဲ့သို့ အစေးသည်လည်း “ငါသည် ပေါက်ရာ ခုတ်ရာ အရပ်တို့၌ တည်၏” ဟု မသိသကဲ့သို့ ဤအတူ ကိုယ်၏ ဆူးငြောင့် စသည်တို့ဖြင့် ထိမိသောအရပ်သည် “ငါတို့၌ ပြည်သည် တည်၏” ဟု မသိ၊ ပြည်သည်လည်း “ငါသည် ထိုထို ထိမိ ခိုက်မိရာအရပ်၌ တည်၏” ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤပြည်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ဖြစ်သော ဖွဲ့စည်းသော အခြင်းအရာရှိသော အာပေါဓာတ်တည်းဟု နှလုံးသွင်း အပ်၏။

၃၃၄။ (၄) **သွေး**တို့တွင် ရွှေရှားတတ်သော သံသရဏသွေး
သည် အဗဒ္ဓသည်းခြေကဲ့သို့ အလုံးစုံသော ကိုယ်အရပ်ကို
နှံ့၍တည်၏၊ စုဝေး၍တည်သောသွေးသည် အသည်း
တည်ရာအရပ်၏ အောက်အဘို့ကို ပြည့်စေ၍ တကွမ်းစား
ပြည့်လောက်ရုံမျှရှိသည်ဖြစ်၍ အညှို့, နှလုံး, အသည်း,
အဆုတ်တို့ကို စွတ်စိုစေလျက် တည်၏၊ ထို နှစ်မျိုးသော
သွေးတို့တွင် ရွှေသော သံသရဏသွေး၌ ဒႋဗဒ္ဓသည်းခြေ
နှင့်တူသော အဆုံးအဖြတ်ကို သိအပ်၏။

စုဝေး၍တည်သော သွေးသည်ကား ကွဲသော အိုးကင်းကို
မိုးစွတ်သည်ရှိသော် အိုးကင်း၌ တည်သောရေသည် အိုးကင်း
အောက်၌ အုန်ခဲပိုင်း-စသည်တို့ကို စွတ်စိုစေသည်ရှိသော်
အုန်ခဲပိုင်း-စသည်တို့သည် "ငါတို့ကို ရေသည် စွတ်စိုစေအပ်ကုန်
၏"ဟု မသိသကဲ့သို့ အိုးကင်း၌တည်သောရေသည်လည်း"ငါသည်
အုန်ခဲပိုင်း-စသည်တို့ကို စွတ်စိုစေ၏"ဟု မသိသကဲ့သို့ ဤအတူ
အသည်း၏ အောက်အဘို့အရပ်သည်"ငါ၌သွေးသည် တည်၏"ဟု
မသိ၊ အညှို့-စသည်တို့သည်သည်း "ငါတို့ကို စွတ်စိုစေလျက်
သွေးသည် တည်၏"ဟု မသိကုန်၊ သွေးသည်လည်း "ငါသည်
အသည်း၏ အောက်အဘို့ကို ပြည့်စေ၍ အညှို့-စသည်တို့ကို စွတ်စို
စေလျက် တည်၏"ဟု မသိ၊ ဤ ဘူတရုပ် ဥပါဒါရုပ်တရားတို့သည်
အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤသွေးမည်သည်ကား ဤကိုယ်၌ အသီးအခြား ဖြစ်သော
အစုတည်း၊စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်
၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ဖြစ်သော
ဖွဲ့စည်းသော အခြင်းအရာ ရှိသော အာပေါဓာတ် တည်း ဟု
နှလုံးသွင်းအပ်၏။

၃၃၅။ (၅) **ချွေး**သည် မီးပူသောအခါ- စသည်တို့၌ ဆံတွင်း
မွေးတွင်း အပေါက်တို့ကို ပြည့်စေ၍ တည်လည်း တည်၏၊
ယိုလည်း ယိုစီး၏၊ ထို တည်ရာအရပ် အပေါက်တို့တွင်
ကြာစွယ် ကြာရင်း ကုမုဒ္ဒရာကြာရိုး အစည်းတို့ကို ရေမှ

ဆယ်ထုတ်ကာမျှ ဖြစ်ကုန်လတ်သော် ကြာစွယ်-စသည်တို့၏ အပေါက်တို့သည် "ငါတို့မှ ရေသည် ယိုစီး၏"ဟု မသိသကဲ့သို့ ကြာစွယ်-စသော အပေါက်တို့မှ ယိုသော ရေသည်လည်း "ငါသည် ကြာစွယ်-စသော အပေါက်တို့မှ ယိုစီး၏" ဟု မသိသကဲ့သို့ ဤအတူ ဆံတွင်း မွေးတွင်း အပေါက်တို့သည် "ငါတို့မှ ချွေးသည် ယိုစီး၏ ဟူ၍ မသိကုန်၊ ချွေးသည်လည်း " ငါသည် ဆံတွင်း မွေးတွင်း အပေါက်တို့မှ ယိုစီး၏" ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤ ချွေးမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုဘည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ဖြစ်သော ဖွဲ့စည်းခြင်း လက္ခဏာရှိသော အာပေါဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၃၆။ (ဖ) **အဆီ**သည် ဆူဖြိုးသော သူ၏ ကိုယ်အလုံးကိုနှံ့၍ ပိန်ကြုံသော သူ၏ မြင်းခေါင်းသား-စသည်တို့ကို မှီ၍ တည်၏၊ အခဲအဖြစ်သို့ ရောက်သောအဆီတည်း၊ ထို နှစ်ပါးတို့တွင် အသားစုကို နန္နင်းဆိုးသောအဝတ်ဖြင့် ဖုံးလွှမ်းသည်ရှိသော် အသားစုသည် "ငါ့ကိုမှီ၍ နန္နင်းဆိုး အဝတ်သည် တည်၏" ဟု မသိသကဲ့သို့ နန္နင်းဆိုး အဝတ်သည်လည်း "ငါသည် အသားစုကိုမှီ၍ တည်၏"ဟု မသိသကဲ့သို့ ဤအတူ ကိုယ်အလုံး၌တည်သော အသား သည်ရင်း, မြင်းခေါင်း-စသည်တို့၌တည်သော အသား သည်ရင်း "ငါ့ကိုအမှီပြု၍ အဆီသည် တည်၏"ဟု မသိ၊ အဆီသည်လည်း "ငါသည် တကိုယ်လုံး၌ရှိသော အသား ကိုရင်း, မြင်းခေါင်း-စသည်တို့၌တည်သော အသား ကိုရင်း မှီ၍တည်၏" ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကြကုန်၏။

ဤအဆီမည်သည်ကား ဤကိုယ်၌ အသီးအခြား ဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ စေးစေး ပျစ်ပျစ် ခဲစုသော အရည်ဖြစ်သော ဖွဲ့စည်းသော အခြင်းအရာဖြစ်သော အာပေါ ဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၃၇။ (၇) **မျက်ရည်**သည် အကြင်အခါ ဖြစ်ပေါ်၏၊ ထိုအခါ မျက်စိတွင်းကို ပြည့်စေ၍ တည်သည်ငင်း, ယိုထွက်သည်ငင်း ဖြစ်၏၊ ထိုမျက်ရည်မျက်တွင်းတို့တွင် နေသော ထန်းစေ့ခွက်တို့သည် ရေဖြင့် ပြည့်ကုန်သည် ရှိသော် နေသောထန်းစေ့ခွက်သည် "ငါတို့၌ ရေသည်တည်၏"ဟု မသိသကဲ့သို့ နေသောထန်းစေ့ခွက်၌ တည်သောရေသည်လည်း "ငါသည် နေသော ထန်းစေ့ခွက်၌ တည်၏"ဟု မသိသကဲ့သို့ ဤအတူ မျက်စိတွင်းတို့သည် "ငါတို့၌ မျက်ရည်သည် တည်၏"ဟု မသိ၊ မျက်ရည်သည်လည်း "ငါသည် မျက်စိတွင်း၌ တည်၏"ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤ မျက်ရည်မည်သည်ကား ဤ ကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ ဖြစ်သော ဖွဲ့စည်းသော အခြင်းအရာရှိသော အာပေါဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၃၈။ (၈) **ဆီကြည်**သည် မီးပူသောအခါ အစရှိသောကာလ၌ လက်ဝါးအပြင်, လက်ဖမိုး, ခြေဘဝါးအပြင်, ခြေဖမိုး, နှာခေါင်းဖူး, နဖူး, ပခုံးစွန်းတို့၌ ကည်သော ကြည်စွာသော အဆီတည်း၊ ထိုဆီကြည်နှင့် တည်ရာတို့တွင် ထမင်းချိုး၌ ဆီထည့်သည် ရှိသော် ထမင်းချိုးသည် "ငါ့ကို ဆီသည် လွှမ်းမိုး၍ တည်၏"ဟု မသိ၊ ဆီသည်လည်း "ငါသည် ထမင်းချိုးကို လွှမ်းမိုး၍ တည်၏"ဟု

မသိသကဲ့သို့ ဤအတူ လက်ဝါးပြင် အစရှိသော အရပ်သည် "ငါ့ကို ဆီကြည်သည် လွှမ်းမိုး၍ တည်၏"ဟု မသိ၊ ဆီကြည်သည်လည်း "ငါသည် လက်ဝါးပြင် အစရှိသော အရပ်ကို လွှမ်းမိုး၍တည်၏''ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤဆီကြည်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အခုတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ ဖြစ်သော ဖွဲ့စည်းသော အခြင်းအရာရှိသော အာပေါဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၃၉။ (၉) **တံထွေး**သည် ထိုတံထွေးဖြစ်ခြင်းအား လျော်ကပတ်သော တံထွေး ဖြစ်ခြင်း၏ အကြောင်းသည်ရှိသော် ပါးစောင်နှစ်ဘက်တို့မှ သက်ဆင်း၍ လျှာပြင်၌တည်၏၊ ထို တံထွေးနှင့်တည်ရာတို့တွင် မပြတ်သော ရေရှိသော မြစ်နား၌ တူးသောတွင်းငယ်၌ တွင်းငယ်အပြင်သည် "ငါသည် တွင်းငယ်၌ တည်၏" ဟု မသိသကဲ့သို့ ရေသည်လည်း "ငါသည် တွင်းငယ်၌ တည်၏"ဟု မသိသကဲ့သို့၊ ဤအတူ လျှာအပြင်သည် ပါးစောင်နှစ်ဘက်တို့မှ သက်ဆင်း၍ "ငါ၌ တံထွေးသည် တည်၏"ဟု မသိ၊ တံထွေးသည်လည်း "ငါသည် ပါးစောင်နှစ်ဘက်တို့မှ သက်ဆင်း၍ လျှာအပြင်၌ တည်၏"ဟု မသိ၊ ဤဘူတရုပ် ဥပါဒါရုပ် တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤ တံထွေးမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုဘည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ ဖြစ်သော ဖွဲ့စည်းသော အခြင်းအရာရှိသော အာပေါ ဓာတ်တည်းဟု နှလုံး သွင်းအပ်၏။

၃၄၀။ (၁၀) **နှစ်**သည်အကြင်အခါ၌ဖြစ်၏၊ထိုအခါနှာခေါင်းဖုတို့ကို ပြည့်စေ၍ တည်သည်ရှင်း, ယိုထွက်သည်ရှင်း ဖြစ်၏၊ ထိုနှပ်နှင့် တည်ရာတို့တွင် ပုပ်သော နို့ခမ်းဖြင့် ပြည့်သော ယောက်သွား၌ ယောက်သွားသည် "ငါ၌ ပုပ်သော နို့ခမ်းသည် တည်၏" ဟု မသိသကဲ့သို့ ပုပ်သော နို့ခမ်းသည်လည်း "ငါသည် ယောက်သွား၌ တည်၏"ဟု မသိသကဲ့သို့ ဤအတူ နှာခေါင်းဖုတို့သည် "ငါတို့၌ နှပ်သည်တည်၏"ဟု မသိ၊ နှပ်သည်လည်း "ငါသည် နှာခေါင်းဖုတို့၌ တည်၏"ဟု မသိ၊ ဤ ဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤနှပ်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတတရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ဖြစ်သော ဖွဲ့စည်းသော အခြင်းအရာရှိသော အာပေါဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၄၁။ (၁၁) **အစေး**သည် အရိုးဆက်တို့၏ သုတ်ဆီကိစ္စကို ပြီးစေ၍ တည်၏၊ တရာ့ရှစ်ဆယ်သော အရိုးအဆက်တို့၌ တည်၏၊ ထိုအစေးနှင့် တည်ရာတို့တွင် ဝင်ရိုးတို့ကို ဆီဖြင့် သုတ်သည်ရှိသော် ဝင်ရိုးသည် "ငါ့ကို ဆီသည် သုတ်လိမ်း၍ တည်၏"ဟု မသိသကဲ့သို့ ဆီသည်လည်း "ငါသည် ဝင်ရိုးကိုသုတ်ဆီ ကိစ္စကိုပြီးစေ၍ တည်၏"ဟု မသိသကဲ့သို့ ဤအတူ တရာ့ရှစ်ဆယ်သော အရိုးဆက်တို့သည် အစေးသည်"ငါတို့ကို သုတ်လိမ်း၍တည်၏"ဟု မသိ၊ အစေးသည်လည်း"ငါသည် တရာ့ရှစ်ဆယ်သော အရိုးအဆက်တို့ကို လိမ်းကျံ၍ တည်၏"ဟု မသိ၊ ဤ ဘူတရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤအစေးမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုဟည်း၊ စိတ် စေဘနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်သဘောဖြစ်၍ ဖြစ်သော ဖွဲ့စည်းသောအခြင်းအရာဖြစ်သော အာပေါဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

၃၄၂။ (၁၂) **ကျင်ငယ်**သည် ဆီးအိမ် **စည်ပေါင်း**အတွင်း၌ တည်၏၊ ထိုကျင်ငယ်နှင့် စည်ပေါင်းတို့တွင် တံစိုးအိုင်၌ အဝမရှိသော အကွဲအနာ အဆာမရှိသော အိုးငယ်ကို ယည့်အပ်သည်ရှိသော် အပေါက်မရှိသော အိုးကို ဦးစောက် ယည့်အပ်သည်ရှိသော် အပေါက်မရှိသော အိုးသည် "ငါ၌ ကစိရည်သည် တည်၏"ဟု မသိသကဲ့သို့ ကစိရည်သည်လည်း "ငါသည် အပေါက်မရှိသောအိုး၌ တည်၏"ဟု မသိသကဲ့သို့ ဤအတူ စည်ပေါင်းသည် "ငါ၌ ကျင်ငယ်သည် တည်၏"ဟု မသိ၊ ကျင်ငယ်သည်လည်း "ငါသည် စည်ပေါင်း၌ တည်၏"ဟု မသိ၊ ဤဘူဘရုပ် ဥပါဒါရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။

ဤကျင်ငယ်မည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အခဲတည်း၊ စိတ် စေဘနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်ဖြစ်၍ ဖြစ်သော ဖွဲ့စည်းသော အခြင်းအရာဖြစ်သော အာပေါဓာတ်ကည်းဟု နှလုံးသွင်းအပ်၏။

အာပေါဓာတ် ၁၂-ပါး ပြီး၏။

---

၃၄၃။ ဤသို့သောနည်းဖြင့် ဆံပင် အစရှိသည်တို့၌ နှလုံးသွင်းခြင်းကို ဖြစ်စေပြီး၍ အကြင် တေဇောဓာတ်ဖြင့် တရက်ချုန် ဖျာ ခြင်း စသော အားဖြင့် အပူရောက်၏၊ ဤ **သန္တပ္ပနကိစ္စ တပ်သော တေဇော**ဓာတ်သည် ဤ

ကိုယ်၌ အသီးအခြားဖြစ်သော အစုတည်း၊စိတ်စေတနာ မရှိ၊အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ရင့်စေ ကျက်စေသော အခြင်းအရာ ရှိသော တေဇောဓာတ်တည်းဟု နှလုံးသွင်းအပ်၏။

အကြင် **ဇီရဏ တေဇော**ဖြင့် ကိုယ်သည် မျက်စိမွဲခြင်း, ဆံဖြူခြင်း စသော အားဖြင့် ရင့်၏၊....အကြင် **ဒါဟ တေဇောဓာတ်**ဖြင့် ကိုယ်သည် ပူလောင်၏၊....အကြင် **ပါစက တေဇောဓာတ်**ဖြင့် စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အစာသည် ကောင်းစွာ ကျက်ခြင်း ကြေခြင်းသို့ ရောက်၏၊ဤအာဟာရကို ကျက်စေ ကြေစေ တတ်သော ပါစက တေဇောဓာတ်သည် ဤကိုယ်၌ အသီးအခြား ဖြစ်သော အစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ရင့်ကျက်စေသော အခြင်းအရာရှိသော တေဇောဓာတ်တည်းဟု နှလုံးသွင်းအပ်၏၊ ဤသို့လျှင် တေဇောဓာတ်အစုတို့၌ နှလုံးသွင်းခြင်းကို ဖြစ်စေ အပ်၏။

တေဇောဓာတ် ၄-ပါး ပြီး၏။

---

၃၄၄။ ထို့နောက် အထက်သို့ ဆန်တက်သော ပျို့အန်ခြင်း ကြို့ထိုးခြင်း-စသော **လေ**တို့ကို အထက်သို့ **ဆန်သော လေ**၏အဖြစ်ဖြင့် သိမ်းဆည်း၍, အောက်သို့ **စုန်သော လေ**ကိုအောက်သို့စုန်သောလေအဖြစ်ဖြင့် သိမ်းဆည်း၍, **အူပြင်ဝမ်း၌ တည်သောလေ**ကို အူပြင်ဝမ်း၌တည်သော လေ၏အဖြစ်ဖြင့် သိမ်းဆည်း၍, အူတွင်း၌ တည်သော လေကို အူတွင်း၌ တည်သောအားဖြင့် သိမ်းဆည်း၍, **အင်္ဂါကြီးငယ်သို့ လျှောက်သောလေ**ကို အင်္ဂါကြီးငယ်သို့ လျှောက်သောအားဖြင့် သိမ်းဆည်း၍, **ဝင်သက် ထွက်သက်လေ**တို့ကို ဝင်သက် ထွက်သက် လေအားဖြင့် သိမ်းဆည်း၍ အထက်သို့ ဆန်တက်သော လေမည်သည် ကား ဤကိုယ်၌အသီးအခြားဖြစ်သော အစုတည်း၊ စိတ်

စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ထောက်ပံ့ နိုင်စေတတ်သော အခြင်းအရာရှိသော ဝါယောဓာတ်တည်း ဟု နှလုံးသွင်း အပ်၏။

အောက်သို့ စုန်သော လေမည်သည်ကား၊ ... အူပြင် ဝမ်း၌ တည်သော လေမည်သည်ကား၊....အူတွင်း၌ တည်သော လေ မည်သည်ကား၊ ...အင်္ဂါကြီးငယ်သို့ လျောက်သော လေမည် သည်ကား၊....ဝင်သက် ထွက်သက် လေမည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သောအစုတည်း၊ စိတ် စေတနာမရှိ၊ အဗျာကတ တရားစု၌ အကျုံးဝင်၏၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ထောက်ပံ့ နိုင်စေတတ်သော အခြင်းအရာရှိသော ဝါယောဓာတ် တည်းဟု နှလုံးသွင်းအပ်၏၊ ဤသို့လျှင် ဝါယောဓာတ်အစုတို့၌ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

ဝါယောဓာတ် ၆-ပါး ပြီး၏။

---

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်သော ထိုယောဂီပုဂ္ဂိုလ်အား လေးပါးသော ဓာတ်တို့သည် ထင်ရှားကုန်သည် ဖြစ်ကုန်၏၊ ထိုဓာတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်သော နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ဥပစာရသမာဓိသည် ဖြစ်၏။

၃၄၅။ အကြင် ယောဂီပုဂ္ဂိုလ်အား ကား ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ပွါးပါသော်လည်း ကမ္မဋ္ဌာန်းသည် မပြည့်စုံခဲ့အံ့၊ ထိုပုဂ္ဂိုလ်သည် လက္ခဏာနှင့်တကွ အကျဉ်း နည်းအားဖြင့် ပွါးအပ်၏၊ အဘယ်သို့ ပွါးအပ်သနည်း ဟူမူ၊ ဆံပင်အစ ဦးနှောက်အဆုံးရှိသော နှစ်ဆယ်သော အစုတို့၌ ကြမ်းတန်း ခတ်မာသောလက္ခဏာကို ပထဝီ ဓာတ် ဟူ၍ မှတ်သားအပ်၏။

ထို့အတူ ထိုနှစ်ဆယ်သောကောဋ္ဌာသတို့၌ပင်လျှင် ဖွဲ့စည်းခြင်း လက္ခဏာကို အာပေါဓာတ် ဟူ၍ ရင့်ကျက်ခြင်း လက္ခဏာကို

တေဇောခေတ် ဟူ၍ ထောက်ပံ့ခြင်းလက္ခဏာကို ဝါယောခေတ် ဟူ၍ မှတ်အပ်၏၊ သည်းခြေအစ ကျင်ငယ်အဆုံးရှိသော တဆယ့်နှစ်ပါးသောအစုတို့၌ ဖွဲ့စည်းခြင်းလက္ခဏာကို အာပေါခေတ် ဟူ၍ မှတ်အပ်၏၊ ထို တဆယ့်နှစ်ပါးသော အစုတို့၌ပင်လျှင် ရင့်ကျက်ခြင်းလက္ခဏာကို တေဇောခေတ် ဟူ၍ ထောက်ပံ့ နိုင်စေခြင်းလက္ခဏာကို ဝါယောခေတ် ဟူ၍ ကြမ်းတန်း ခက်မာခြင်းလက္ခဏာကို ပထဝီခေတ် ဟူ၍ မှတ်အပ်၏။

လေးပါးသော တေဇောအစုတို့တွင် ရင့်ကျက်ခြင်းလက္ခဏာကို တေဇောခေတ်ဟူ၍ မှတ်အပ်၏၊ ထို တေဇောခေတ်နှင့် မကင်းမူ၍ ဖြစ်သော ထောက်ပံ့တတ်သော လက္ခဏာကို ဝါယောခေတ်ဟူ၍ ကြမ်းတန်း ခက်မာသောလက္ခဏာကို ပထဝီခေတ်ဟူ၍ ဖွဲ့စည်းခြင်း လက္ခဏာကို အာပေါခေတ် ဟူ၍ မှတ်အပ်၏၊ ခြောက်ပါးသော ဝါယော ကောဋ္ဌာသတို့တွင် ထောက်ပံ့ နိုင်စေခြင်းလက္ခဏာကို ဝါယောခေတ် ဟူ၍ မှတ်အပ်၏၊ ထို ဝါယော ကောဋ္ဌာသတို့၌ ပင်လျှင် ကြမ်းတန်း ခက်မာသောလက္ခဏာကို ပထဝီခေတ် ဟူ၍ ဖွဲ့စည်းခြင်း လက္ခဏာကို အာပေါခေတ် ဟူ၍ ရင့်ကျက်စေခြင်း လက္ခဏာကို တေဇောခေတ် ဟူ၍ မှတ်အပ်၏။ ဤသို့ ဆိုအပ်ပြီးသောနည်းအတိုင်း မှတ်သော ထိုယောဂီပုဂ္ဂိုလ်အား ခေတ်တို့သည် ထင်ရှား သည်ဖြစ်ကုန်၏၊ ထို ထင်ရှားသော ခေတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်သော နှလုံးသွင်းသော ထို ပုဂ္ဂိုလ်အား ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် ဥပစာရသမာဓိသည် ဖြစ်၏။

၃၄၆။ အကြင် ပုဂ္ဂိုလ်အားကား ဤသို့ လက္ခဏာကို အကျဉ်းအားဖြင့် ခေတ်တို့ကို သိမ်းဆည်း၍ ပွါးပါသော်လည်း ကမ္မဋ္ဌာန်းသည် မပြည့်စုံအံ့၊ ထို ယောဂီ ပုဂ္ဂိုလ်သည် လက္ခဏာနှင့်တကွ ကောဋ္ဌာသတို့ကို ခွဲခြမ်းဝေဘန်သော အားဖြင့် ပွါးအပ်၏၊ အဘယ်သို့ ပွါးအပ်သနည်း ဟူမူကား—

ရှေးဖြစ်သော သသမ္ဘာရဝိဘတ္တိဘာဝနာ၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ဆံပင်အစရှိသည်တို့ကို သိမ်းဆည်း၍ ဆံပင်၌

ကြမ်းတန်းခိုင်မာသော လက္ခဏာကို ပထဝီဓာတ်ဟူ၍ မှတ်အပ်၏၊ ထိုဆံပင်၌ပင်လျှင် ဖွဲ့စည်းခြင်းလက္ခဏာကို အာပေါဓာတ် ဟူ၍ ရင့်ကျက်ခြင်းလက္ခဏာကို တေဇောဓာတ်ဟူ၍ ထောက်ပံ့နိုင်စေခြင်းလက္ခဏာကို ဝါယောဓာတ်ဟူ၍ မှတ်အပ်၏။ ဤသို့လျှင် အလုံးစုံသော ကောဋ္ဌာသ အစုတို့တွင် တခုတခုသော အစုကောဋ္ဌာသ၌ လေးပါးသောဓာတ်တို့ကို မှတ်အပ်ကုန်၏၊ ဤသို့ မှတ်သော ထိုယောဂီပုဂ္ဂိုလ်အား ဓာတ်တို့သည် ထင်ရှားသည် ဖြစ်ကုန်၏၊ ထိုထင်ရှားသော ဓာတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်သော နှလုံးသွင်းသော ပုဂ္ဂိုလ်အား ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ဥပစာရသမာဓိသည် ဖြစ်၏။

စင်စစ်သော်ကား—

(၁) ပထဝီစသော သဒ္ဒါတို့၏ အနက်အားဖြင့်၎င်း၊

(၂) ကလာပ်အားဖြင့်၎င်း၊

(၃) ထိုကလာပ်၌ အကျုံးဝင်သောတရားတို့ကို အသေး အသီး မှုန့်ချေသောအားဖြင့်၎င်း၊

(၄) လက္ခဏာ အစ ရှိသောအားဖြင့်၎င်း၊

(၅) ဖြစ်ကြောင်း သမုဋ္ဌာန်အားဖြင့်၎င်း၊

(၆) နာနတ္တ ဧကတ္တ နည်းအားဖြင့်၎င်း၊

(၇) အသီးအသီး ခွဲခြမ်း ဝေဘန်အပ် မဝေဘန်အပ်အား ဖြင့်၎င်း၊

(၈) သဘောတူ, မတူအားဖြင့်၎င်း၊

(၉) အဇ္ဈတ္တိက, ဗာဟိရအထူးအားဖြင့်၎င်း၊

(၁၀) ဓာတ်သင်္ဂဟ-စသောအားဖြင့်၎င်း၊

(၁၁) အချင်းချင်း ကျေးဇူးပြုသော အကြောင်း ပစ္စည်းအား ဖြင့်၎င်း၊

(၁၂) အချင်းချင်း နှလုံးမသွင်းတတ်သော အဗျာပါရနည်း အားဖြင့်၎င်း၊

(၁၃) ကျေးဇူးပြုတတ်သည့် အဖြစ်ဟူသော သတ္တိအထူးကို ဝေဘန်သောအားဖြင့်၎င်း၊

ဤသို့ တဆယ့်သုံးပါးသော အခြင်းအရာတို့ဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

ထိုတဆယ့်သုံးပါးသော အခြင်းအရာတို့တွင်—

၃၄၇။ (၁) သဒ္ဒါ၏ အနက်အားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် ကြီးကျယ်သည့်အဖြစ်ကြောင့် ပထဝီ မည်၏၊ ယိုစီးသော အားဖြင့် ထိုထို ဌာနသို့ ရောက်တတ်၏၊ ထို့ကြောင့် အာပေါ မည်၏၊ တနည်းကား–ခြောက်စေအပ်၏၊ ထို့ကြောင့် အာပေါမည်၏၊ တနည်းကား–ပွါးစေတတ်၏၊ ထို့ကြောင့် အာပေါ မည်၏။ ထက်စေတတ် ပူစေတတ်၏၊ ထို့ကြောင့် တေဇော မည်၏။ လှုပ်ရှားစေတတ် ရွေ့ရှားစေ တတ်၏၊ ထို့ကြောင့် ဝါယော မည်၏။ မထူးမခြား သာမန်အားဖြင့်ကား မိမိ မိမိတို့၏ သဘောလက္ခဏာကို ဆောင်တတ်သည့် အဖြစ်ကြောင့် ဓာတ် မည်၏၊ တနည်းသော်ကား–သံသရာဆင်းရဲကို စီရင်တတ်သည့် အဖြစ်ကြောင့် ဓာတ် မည်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော ဝိသေသ သာမညာ၏အစွမ်းဖြင့် သဒ္ဒါ၏ အနက်အားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၄၈။ (၂) ကလာပ်အားဖြင့် ဟူသည်ကား–ဆံပင်, အမွေး အစရှိသောနည်းဖြင့် နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် အကြင်ပထဝီဓာတ်ကို၎င်း,သည်းခြေသလိပ် အစရှိသော နည်းဖြင့် တဆယ့်နှစ်ပါးသော အခြင်းအရာ တို့ဖြင့် အကြင် အာပေါဓာတ်ကို၎င်း ပြအပ်ကုန်၏။

ထိုကောဋ္ဌာသတို့၌ အဆင်း၎င်း,အနံ့၎င်း,အရသာ၎င်း,ဩဇာ ၎င်း,လေးပါးသော ဓာတ်တို့၎င်း ဤရှစ်ပါးသော တရားအပေါင်းကိုစွဲ၍ ဆံပင်ဟု သမုတ်ခေါ်ဝေါ်ခြင်းသည် ဖြစ်၏၊ ထိုရှစ်ပါးသော

တရားတို့ကိုသာလျှင် အသီးအသီး ခွဲစိတ် ဝေဘန်ခြင်းကြောင့် ဆံပင်ဟု သမုတ်ခေါ်ဝေါ်ခြင်းသည် မရှိသည်သာတည်း၊ ထို့ကြောင့် ဆံပင်တို့သည်လည်း ရှစ်ပါးသော တရားအစုမျှသာတည်း၊ ဒေမွှား အစရှိသည်တို့သည်လည်း ထို့အတူပင်တည်း၊ ဤသို့ နှလုံးသွင်းအပ်ကုန်၏၊ အထူးကား—ဤကောဋ္ဌာသတို့တွင် ကံကြောင့်ဖြစ်သော အကြင်ကောဋ္ဌာသသည် ရှိ၏၊ ထိုကောဋ္ဌာသသည် ဇီဝိတိန္ဒြေနှင့်၎င်း, သဘာဝရုပ်နှင့်၎င်း အတူတကွ ဆယ်ပါးသော တရားအစု ဒသကမ္မကလာပ်သည် ဖြစ်၏၊ (နဝကမ္မကလာပ်သည်လည်း ဖြစ်၏။) ထိုသို့ဖြစ်သော်လည်း များသည် ပြောသည်၏ အစွမ်းအားဖြင့် ပထဝီဓာတ် အာပေါဓာတ် ဟူ၍ ခေါ်ဝေါ်ခြင်းသို့ရောက်၏၊ ဤသို့ ကလာပ်အားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၄၉။ (၃) မှုန့်ချေသော အားဖြင့် ဟူသည်ကား—ဤကိုယ်၌ အလုံး အရပ် အလတ် ပမာဏအားဖြင့် ပညာဖြင့် ကြိဆ၍ယူသည်ရှိသော် ပရမာဏုမြူ အပြားအားဖြင့် မှုန့်မှုန့်ညက်ညက်ဖြစ်၍ သိမ်မွေ့စွာသော မြူအဖြစ်သို့ ရောက်သော ပထဝီဓာတ်သည် အစိတ် အတိုင်း အရှည် ရှိသည်ဖြစ်ရာ၏။

မှတ်ချက်။ ။"သတ္တဒသမာသပမာဏံ ကေံ အဂုလံ၊ သတ္တဦကာပမာဏော ကော ဓညမာသော၊ သတ္တလိက္ခာပမာဏာ ကော ဦကာ၊ ဆတ္တိံသရထရေဏု ပမာဏာ ကော လိက္ခာ ဆတ္တိံသတဇ္ဇာရီပမာဏော ကော ရထရေဏု၊ ဆတ္တိံသအဏုပမာဏော ကော တဇ္ဇာရီ၊ ဆတ္တိံသပရမာဏုပမာဏော ကော အဏု" ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် အဏုမြူကို ၃၆-ပုံ ပြု၍ တပုံမျှလောက် အတိုင်းအရှည်သည် ပရမာဏုမြူ မည်၏၊ ထို ပရမာဏုမြူသည် ကောင်းကင် အဘို့၌ တည်၏၊ လူတို့ မျက်စိဖြင့် မမြင်နိုင်၊ နတ်မျက်စိဖြင့်သာ မြင်နိုင်သည်၊ ထို ပရမာဏုမြူအတိုင်း အရှည်ဖြင့် တကိုယ်လုံး၌ရှိသော ဆံပင်အမွေး အစရှိသော ပထဝီဓာတ် အပေါင်းကို မှုန့်မှုန့်ညက်ညက်ပြု၍ အလွန် သိမ်မွေ့သောအဖြစ်သို့ ရောက်လတ်သော် တဒေါဏမျှလောက် ဖြစ်ရာ၏၊ ထို ဒေါဏဟူသည် တဆယ့်ခြောက်ကွမ်းစား ရှိ၏။

ထိုပထဝီဓာတ်သည် ထိုပထဝီဓာတ်၏ ထက်ဝက်ပမာဏ ရှိသော အာပေါဓာတ်ဖြင့် ဖွဲ့စည်းပေါင်းရုံးအပ်၏၊ တေဇော ဓာတ်သည် အာပေါဓာတ်ကြောင့် အရည်မဖြစ်ရအောင် အစဉ် စောင့်ရှောက်အပ်၏၊ ဝါယောဓာတ်သည် ထောက်ပံ့ခိုင်ခံ့ခြင်းသို့ ရောက်စေအပ်သည်ဖြစ်၍ ဖရိုဖရဲ မကျဲ မပျက်စီး ဖရိုဖရဲ မလွင့် အပ်သည်ဖြစ်၍ မပျက်စီးသည်ဖြစ်၍ များသော အပြားရှိသော မိန်းမသဏ္ဌာန် ယောက်ျားသဏ္ဌာန် စသည်ဖြင့် အထူးထူး ကွဲပြားသည့်အဖြစ်သို့ ရောက်၏၊ သေးငယ်သည်, ကြီးဖွံ့သည်, မြင့်သည်, နိမ့်သည်, ခိုင်ခံ့ခက်မာသည်အစရှိသော အဖြစ်ကိုလည်း ပြ၏။

ထို့ပြင် ဤကိုယ်၌ကြေသော အရည်အဖြစ်သို့ရောက်သော ဖွဲ့စည်းတတ်သော အခြင်းအရာသို့ရောက်သော အာပေါဓာတ် သည် ပထဝီဓာတ်၌ တည်သည်ဖြစ်၍ တေဇောဓာတ်သည် လျောက်ပတ်စွာ စောင့်ရှောက်အပ်သည်ဖြစ်၍ ဝါယောဓာတ် သည် ထောက်ပံ့ခိုင်စေအပ်သည်ဖြစ်၍ မယိုမလျောကျ နံဘေး နံဘီ မစီးမကျ မယိုသည်ဖြစ်၍ မစီးသည်ဖြစ်၍ တဖြိုးဖြိုး တက်ပွါးသည် အဖြစ်ကို ပြ၏။

ထို့ပြင် ဤကိုယ်၌ စားအပ် သောက်အပ်သော အာဟာရ စသည်ကို ကျက်စေတတ်သော ကိုယ်၌ဖြစ်သော အပူ အငွေ့ အခြင်းအရာသို့ ရောက်သော ပူသည်၏အဖြစ် တည်းဟူသော လက္ခဏာရှိသော တေဇောဓာတ်သည် ပထဝီဓာတ်၌တည်၍, အာပေါဓာတ်သည် ဖွဲ့စည်းပေါင်းရုံး၍, ယူအပ်သည်ဖြစ်၍, ဝါယောဓာတ်သည် ထောက်ပံ့အပ်သည်ဖြစ်၍ ဤကိုယ်ကို ကောင်းစွာ ထက်စေ ကျက်စေ၏၊ ထိုကိုယ်၏အဆင်းနှင့်ပြည့်စုံခြင်း ကိုလည်း ဆောင်တတ်၏၊ ထိုတေဇောဓာတ်သည် ထက်စေ ကျက်စေအပ်သော ဤကိုယ်သည် ပုပ်သောအဖြစ်ကို မပြ။

ထို့ပြင် ဤကိုယ်၌ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော တွန်းခြင်း ထောက်ခြင်း လက္ခဏာရှိသော ဝါယောဓာတ်သည် ပထဝီဓာတ်၌တည်၍, အာပေါဓာတ်သည် ဖွဲ့စည်းပေါင်းရုံး၍,

ယူအပ်သည်ဖြစ်၍ တေဇောဓာတ်သည် စောင့်ရှောက်အပ်သည် ဖြစ်၍ ဤကိုယ်ကို ထောက်ပံ့၏ ခိုင်စေ၏၊ ထို ဝါယောဓာတ်သည် ထောက်ခံအပ်သည်ဖြစ်၍ ဤကိုယ်သည် မလည်းမကျ, မတ်မတ် ကောင်းစွာတည်၏၊ တပါးသော ဝါယောဓာတ်သည် တွန်းခတ်အပ်သည်ဖြစ်၍ သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်း ဣရိယာပုထ်တို့၌ ဝိညတ်ကို ပြ၏၊ ကွေး စေ၏၊ ကောင်း စွာ ဆန့် စေ၏၊ ခြေလက်ကို ထိုမှဤမှ ပြန်စေ၏၊ ဤ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် လှုမိုက်တို့ကို လှည့်ပတ်တတ်သော မျက်လှည့်ရုပ်နှင့်တူသော ကိုယ် ဟူသော ဓာတ်ယန္တရားစက်သည် ဣရိယာပုထ်အားဖြင့် ဖြစ်၏၊ ဤသို့လျှင် အလွန်သိမ်မွေ့သည့်အဖြစ်သို့ ရောက်သော အမှုန့်အားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၀။ (၄) လက္ခဏာ အစရှိသောအားဖြင့် ဆိုသည်ကား– ပထဝီဓာတ်သည် အဘယ်လက္ခဏာ ရှိသနည်း,အဘယ် ရသ ရှိသနည်း, အဘယ် ပစ္စုပဋ္ဌာန် ရှိသနည်း ဟု လေးပါးသောဓာတ်တို့ကို ဆင်ခြင်၍ ပထဝီဓာတ်သည် ကြမ်းတန်း ခက်မာသည်၏ အဖြစ် တည်း ဟူသော မှတ်ကြောင်းလက္ခဏာ ရှိ၏၊ . သဟဇာတ်တရားတို့၏ တည်ရာ၏ အဖြစ်တည်း ဟူသောကိစ္စ ရှိ၏၊ သဟဇာတ်တရားတို့ကို ခံလင့်သောအခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။

အာပေါဓာတ်သည် ယိုခြင်း, စီးသွားခြင်းလက္ခဏာ ရှိ၏၊ သဟဇာတ်တရားတို့ကို တိုးပွါးစေခြင်းကိစ္စ ရှိ၏၊ သဟဇာတ်တရားတို့ကိုဖွဲ့စည်းပေါင်းရုံး၍ ယူသောအခြင်းအရာဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။

တေဇောဓာတ်သည် ပူသည့်အဖြစ်တည်းဟူသော မှတ်ကြောင်း လက္ခဏာ ရှိ၏၊ ကျက်စေခြင်းကိစ္စ ရှိ၏၊သဟဇာတ် တရားတို့အား နူးညံ့သောအဖြစ်ကို လျော်စွာပေးသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။

ဝါယောဓာတ်သည် သဟဇာတ်တရားတို့ကို ထောက်ပံ့ နိုင်စေခြင်း မှတ်ကြောင်း လက္ခဏာရှိ၏၊ တွန်းကန်ခြင်းကိစ္စ ရှိ၏၊ ဘုတ်အပေါင်းကို ရွေးရွှ ဆောင်သော အခြင်းအရာအားဖြင့် ဉာဏ်အား ထင်တတ်၏၊ ဤသို့လျှင် လက္ခဏာ အစရှိသော အားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၁။ (၅) ဖြစ်ကြောင်း သမုဋ္ဌာန်အားဖြင့် ဆိုသည်ကား— ပထဝီဓာတ် အစရှိသည်တို့ကို အကျယ်အားဖြင့် ပြသည့် အစွမ်းဖြင့် ဆံပင် အစရှိကုန်သော အကြင် လေးဆယ့် နှစ်ပါးသော ကောဋ္ဌာသတို့ကို ပြအပ်ကုန်ပြီ၊ ထို လေးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့တွင် အစာသစ် သည်၎င်း, အစာဟောင်းသည်၎င်း, ပြည်သည်၎င်း, ကျင်ငယ်သည်၎င်း ဤ လေးမျိုးသော ကောဋ္ဌာသ တို့ သည် ဥတုကြောင့်သာလျှင် ဖြစ်ကုန်၏။

မျက်ရည်သည်၎င်း, ချွေးသည်၎င်း,တံတွေးသည်၎င်း,နှပ်သည် ၎င်း ဤလေးပါးသော ကောဋ္ဌာသသည် ဥတု စိတ်တို့ကြောင့် ဖြစ်ကုန်၏၊ စားအပ် ခဲအပ်သော အစာအာဟာရကို ကျက်စေ တတ်သော တေဇောဓာတ်သည် ကံကြောင့်သာလျှင် ဖြစ်၏၊ ဝင်သက်, ထွက်သက်လေသည် စိတ်ကြောင့်သာလျှင် ဖြစ်၏၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော ဆံပင်စသော နှစ်ဆယ့် လေးပါး, တေဇောကောဋ္ဌာသ အစသုံးပါး, ဝါယောကောဋ္ဌာသ ငါးပါးအားဖြင့် သုံးဆယ့် နှစ်ပါးသော အလုံးစုံသော ထို ကောဋ္ဌာသတို့သည် ကံအစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်သော ကြောင့် စတု သမုဋ္ဌာန မည်ကုန်၏၊ ဤသို့လျှင် သမုဋ္ဌာန်အားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၂။ (၆) နာနတ္တဧကတ္တ နည်းအားဖြင့် ဆိုသည်ကား— အလုံးစုံကုန်သောဓာတ်တို့၏ မိမိ မိမိတို့၏ အသီးအသီး သော လက္ခဏာ စသောအားဖြင့် အချင်းချင်းမတူ ထူးသည်၏အဖြစ်သည် ဖြစ်၏၊ ပထဝီဓာတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တို့သည် တခြားတည်း၊ အာပေါဓာတ်

အစရှိသည်တို့၏လည်း တခြားသာလျှင်တည်း။ ဤသို့ လက္ခဏာအစရှိသည်တို့၏ အစွမ်းဖြင့်၎င်း ကမ္မသမုဋ္ဌာန်စသည်တို့၏ အစွမ်းဖြင့်၎င်း ထူးသည်ဖြစ်ကုန်သော်လည်း ထိုလေးပါးသော ဓာတ်တို့၏ ရုပ်၏အဖြစ်, မဟာဘုတ်၏အဖြစ်, ဓာတ်၏အဖြစ်, ဓမ္မ၏အဖြစ်, အနိစ္စအဖြစ် အစရှိသည်တို့၏အစွမ်းဖြင့် တူသည်၏အဖြစ်သည် ဖြစ်၏။

ထိုစကားကို ထင်ရှားစေဦးအံ့–အလုံးစုံကုန်သော ဓာတ်တို့သည် ဖောက်ပြန်တတ်သော ရုပ္ပနသဘောကို မလွန်နိုင်ခြင်းကြောင့် ရုပ်တို့ မည်ကုန်၏၊ ကြီးသည်ဖြစ်၍ ထင်ရှားဖြစ်ခြင်း အစရှိကုန်သော အကြောင်းတို့ကြောင့် မဟာဘုတ် မည်ကုန်၏၊ ထိုဓာတ်တို့ကို ကြီးသည်ဖြစ်၍ ထင်ရှားဖြစ်ခြင်းကြောင့်၎င်း, မျက်လှည့်သည် ဘီလူးမဟုတ်သော မဟာဘုတ်နှင့်တူသည့်အဖြစ်ကြောင့်၎င်း, များစွာသော အကြောင်းတို့သည် ဆောင်အပ်သည့်အဖြစ်ကြောင့်၎င်း, ကြီးစွာသော ဖောက်ပြန်ခြင်း ရှိသည့်အဖြစ်ကြောင့်၎င်း, ကြီးစွာသောလုံ့လဖြင့် သိမ်းဆည်းအပ်သည်ဖြစ်၍ ကြီးကျယ်သည့် အဖြစ်ကြောင့်၎င်း, ထင်ရှားရှိသည့် အဖြစ်ကြောင့်၎င်း ဤသို့ ဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် မဟာဘုတ်ဟူ၍ ဆိုအပ်ကုန်၏။

ထိုအကြောင်းတို့တွင် **"ကြီးသည်ဖြစ်၍ ထင်ရှားဖြစ်ခြင်းကြောင့်"** ဆိုသည်ကား–ထိုမဟာဘုတ်တို့သည် အသက်မရှိသော အနုပါဒိန္နသန္တာန်၌၎င်း, အသက်ရှိသော ဥပါဒိန္နသန္တာန်၌၎င်း, ကြီးသည်ဖြစ်၍ ထင်ရှားဖြစ်ကုန်၏၊ ထိုမဟာဘုတ်တို့၏ အနုပါဒိန္နသန္တာန်၌ နှစ်သိန်းတို့၎င်း, လေးသောင်းတို့၎င်း ဤမျှအတိုင်းအရှည်ရှိသော အထုအားဖြင့် ဤမြေကို ဆိုအပ်၏၊ဤသို့အစရှိသော နည်းဖြင့် ကြီးသည်ဖြစ်၍ ထင်ရှားသည့်အဖြစ်ကို ဗုဒ္ဓါနုဿတိနိဒ္ဒေသ၌ ဆိုအပ်ပြီ။ ဥပါဒိန္နသန္တာန်၌လည်း ငါး, လိပ်, နတ်, အသုရာ-စသည်တို့၏ ကိုယ်ကောင်၏အစွမ်းဖြင့် ကြီးကုန်သည်သာလျှင်ဖြစ်၍ ထင်ရှားကုန်၏၊ ထိုစကားမှန်၏။

သန္တိ ဘိက္ခဝေ မဟာသမုဒ္ဒေ ယောဇနသတိကာ ပိ အတ္တဘာဝါ။

"အို-ရဟန်းတို့၊ မဟာသမုဒ္ဒရာ၌ ယူဇနာတရာ ရှိကုန်သည်လည်းဖြစ်သော အတ္တဘောနှင့် ပြည့်စုံသော သတ္တဝါတို့သည် ရှိကုန်၏"။ဤသို့အစရှိသောစကားကို ဟောတော်မူအပ်ပြီ။

**"မဟာဘုတ်နှင့် တူသည့်အဖြစ်ကြောင့်ရင်း"**ဆိုသည်ကား– မျက်လှည့်သမားသည် ပတ္တမြားမဟုတ်သော ရေကိုပတ္တမြားလုပ်၍ ပြသကဲ့သို့ရင်း, ရွှေမဟုတ်သော ကျောက်ခဲ အုဌ်ခဲကိုရွှေလုပ်၍ ပြသကဲ့သို့ရင်း, မိမိသည် ဘီလူးမဟုတ်ဘဲလျက်, ငှက်မဟုတ်ပါဘဲလျက်, ဘီလူးအဖြစ်, ငှက်အဖြစ်ကို ပြသကဲ့သို့ရင်း ဤအတူ ထိုမဟာဘုတ်တို့သည် မိမိတို့ကား မညိုကုန်သည်ဖြစ်လျက် ညိုသော ဥပါဒါရုပ်ကို ပြကုန်၏၊ မရွှေကုန်သည်ဖြစ်လျက်, မနီကုန်သည်ဖြစ်လျက်, မဖြူကုန်သည်ဖြစ်လျက်, ဖြူသော ဥပါဒါရုပ်တို့ကို ပြကုန်၏၊ ဤသို့ မျက်လှည့်သမားဟူသော မဟာဘုတ်နှင့်တူသည့်အဖြစ်ကြောင့် မဟာဘုတ် မည်ကုန်၏။

**တနည်းကား**–ဘီလူး-အစရှိကုန်သော မဟာဘုတ်တို့သည် အကြင်သတ္တဝါကို ဖမ်းကုန်၏၊ ထိုဖမ်းအပ်သော သတ္တဝါ၏ ကိုယ်တွင်း၌ ထိုဘီလူးတို့၏ တည်ရာကို မရအပ်၊ ကိုယ်ပ၌ တည်ရာကို မရအပ်၊ ထိုဖမ်းအပ်သော သတ္တဝါကိုအမှီပြု၍ မတည်သည်လည်း မဟုတ်သကဲ့သို့ ဤအတူ ထိုပထဝီ-စသော မဟာဘုတ်တို့သည်လည်း တပါးသည် တပါး၏အတွင်း၌ တည်ကုန်သည်ဖြစ်၍ ရအပ်သည်လည်း မဟုတ်ကုန်၊ အပ၌တည်ကုန်သည်ဖြစ်၍ ရအပ်သည်လည်း မဟုတ်ကုန်၊ အချင်းချင်းကိုမှီ၍ မတည်သည်လည်း မဟုတ်ကုန်၊ ဤသို့ မကြံစည်အပ်သော တည်ရာရှိသည့်အဖြစ်ဖြင့် ဘီးလူး-စသော မဟာဘုတ်နှင့် တူသည့်အဖြစ်ကြောင့်လည်း မဟာဘုတ် မည်ကုန်၏။

**တနည်းကား**–ဘီလူးမ ဟု ဆိုအပ်ကုန်သော မဟာဘုတ်တို့သည် နှလုံးကိုပွါးစေတတ်ကုန်သော အညို အရွှေ-စသော အဆင်း, ဝဝတုတ်တုတ် ပိန်ပိန်ပါးပါး-စသော သဏ္ဌာန်, လက်,

မျက်မှောင်-စသည်တို့ကို ပစ်မြှောက်ခြင်းတို့ဖြင့် ကြောက်လန့်ခြင်းကို ဖြစ်စေတတ်သောအဖြစ်ကို ဖုံးလွှမ်း၍ သတ္တဝါတို့ကို လှည့်ပတ်ကုန်သကဲ့သို့ ဤအတူ ထိုပထဝီ-စသော မဟာဘုတ်တို့သည်လည်း မိန်းမ ယောက်ျား ကိုယ်-စသည်တို့၌ နှလုံးကို ပွါးစေတတ် ချစ်နှစ်သက်စေတတ်သော အရေအဆင်းဖြင့်၎င်း, မိမိ၏ အင်္ဂါကြီးငယ် သဏ္ဌာန်ဖြင့်၎င်း, နှလုံးကို ပွါးစေတတ်သော လက်ချောင်း ခြေချောင်းလှုပ်ခြင်း မျက်မှောင်ချီခြင်းဖြင့်၎င်း မိမိ၏ တောင့်တင်း ခက်မာသည့်အဖြစ်-စသည် အပြားရှိသော သဘာဝဖြစ်သော လက္ခဏာကို ဖုံးလွှမ်း၍ မိုက်သောသတ္တဝါကို လှည့်ပတ်ကုန်၏၊ မိမိ၏သဘောကို မြင်ခြင်းငှါ မပေးကုန်၊ ဤသို့ လှည့်ပတ်တတ်သောအဖြစ်ဖြင့် ဘီလူးမဟု ဆိုအပ်သော မဟာဘုတ်နှင့် တူသည့်အဖြစ်ကြောင့်လည်း မဟာဘုတ် မည်ကုန်၏။

**"များစွာသော အကြောင်းတို့သည် ဆောင်အပ်သည့်အဖြစ်ကြောင့်၎င်း"** ဆိုသည်ကား—များစွာသော အကြောင်းပစ္စည်းတို့သည် ဆောင်အပ်သည့်အဖြစ်ကြောင့် မဟာဘုတ် မည်ကုန်၏၊ ထိုမဟာဘုတ်တို့သည် နေ့တိုင်းနေ့တိုင်း ဆောင်အပ်သည့်အဖြစ်ကြောင့် ကြီးကျယ်ကုန်သော အစားအဝတ်-စသည်တို့ဖြင့် ဖြစ်စေအပ်ကုန်၏၊ ထို့ကြောင့် မဟာဘုတ်တို့ မည်ကုန်၏၊ တနည်းကား—များစွာသောပစ္စည်းတို့ဖြင့် ဆောင်အပ်ကုန်သည် ဖြစ်၍ ဖြစ်ကုန်သည်တို့တည်း၊ ထို့ကြောင့် မဟာဘုတ်တို့ မည်ကုန်၏။

**"ကြီးစွာသော ဖောက်ပြန်ခြင်းရှိသည့် အဖြစ်ကြောင့်၎င်း"** ဆိုသည်ကား—ထိုမဟာဘုတ်တို့သည် အနုပါဒိန္န ဖြစ်ကုန်သော်၎င်း, ဥပါဒိန္န ဖြစ်ကုန်သော်၎င်း ကြီးစွာသော ဖောက်ပြန်ခြင်း ရှိကုန်၏၊ ထိုနှစ်ပါးတို့တွင် အနုပါဒိန္န မဟာဘုတ်တို့၏ ဖောက်ပြန်ခြင်း ကြီးသည့်အဖြစ်သည် ကမ္ဘာပျက်သောအခါ၌ ထင်ရှား၏၊ ဥပါဒိန္န ဖြစ်သော မဟာဘုတ်တို့၏ ဖောက်ပြန်ခြင်း

ကြီးသည့်အဖြစ်သည် ခတ်ချောက်ချားသောကာလ၌ ထင်ရှားသည်ဖြစ်၏၊ ထို့ကြောင့်သာလျှင်—

မီးသည် ဩကာသလောကကို လောင်အပ်သည်ရှိသော် မီး၏ မီးလျှံသည် မြေမှထ၍ မဟာဗြဟ္မာဘုံတိုင်အောင် တက်ပြေး၏။

အကြင်အခါ၌ ချောက်ချား ဖျက်ဆီးတတ်သောရေဖြင့် လောကသည် ပျက်စီး၏၊ ထိုအခါ ကုဋေတသိန်းသော တခုသောအာဏာခေတ် စကြဝဠာသည် ငံသောမိုးရေဖြင့် ကြေမွပျက်စီး၏။

အကြင်အခါ၌ လောကသည် ဝါယောခတ်ပျက်ခြင်းကြောင့် ပျက်စီး၏၊ ထိုအခါ၌ ကုဋေတသိန်းသော တခုသော အာဏာခေတ် စကြဝဠာသည် ကြေပျက်လွင့်ပျောက်လေ၏။

ကဋ္ဌမုခမြွေ ကိုက်အပ်သောကိုယ်သည် တောင့်တင်း မာကြောသည် ဖြစ်သကဲ့သို့ ဤအတူ ပထဝီခတ် ပျက်ခြင်းကြောင့် ဤကိုယ်သည် ကဋ္ဌမုခမြွေကိုက် သကဲ့သို့ တောင့်တင်း မာကြောသည် ဖြစ်၏။

ပုတိမုခမြွေ ကိုက်အပ်သော ကိုယ်သည် စက်ဆုပ်ဘွယ် ပုပ်နံ့ ထကြွသည်ဖြစ်သကဲ့သို့ ဤအတူ အာပေါခတ် ပျက်ခြင်းကြောင့် ဤအတူ ဤကိုယ်သည် ပုတိမုခ မြွေကိုက်သကဲ့သို့ ပုပ်ပွ ရောင်ရမ်းသည် ဖြစ်၏။

အဂ္ဂိမုခမြွေ ကိုက်အပ်သော ကိုယ်သည် အချင်းခပ်သိမ်း ပူလောင်သည် ဖြစ်ဘိသကဲ့သို့ ဤအတူ တေဇောခတ် ပျက်ခြင်းကြောင့် ဤကိုယ်သည် အဂ္ဂိမုခမြွေ ကိုက်သကဲ့သို့ ပူလောင်သည် ဖြစ်၏။

သတ္ထမုခမြွေ ကိုက်အပ်သော ကိုယ်သည် ထက်ဝန်းကျင် စုတ်ပြတ်သည်ဖြစ်သကဲ့သို့ ဤအတူ ဝါယောခတ်ပျက်ခြင်း

ကြောင့် ဤကိုယ်သည် သတ္တမုခ မြွေကိုက်သကဲ့သို့ ထက် ဝန်းကျင်အပိုင်းအပိုင်း ပြတ်သည် ဖြစ်၏။

ဤဆိုအပ်ပြီးသောနည်းဖြင့် ကြီးစွာသော ဖောက်ပြန်ခြင်း ရှိသည်ဖြစ်၍ ဖြစ်သောကြောင့် မဟာဘုတ်တို့ မည်ကုန်၏။

**''ကြီးစွာသောလုံ့လဖြင့်သိမ်းဆည်းအပ်သည်ဖြစ်၍ကြီးကျယ်သည့် အဖြစ်ကြောင့်၎င်း''** ဆိုသည်ကား – ထိုမဟာဘုတ်တို့သည် ကြီးစွာသော လုံ့လဖြင့် သိမ်းဆည်းအပ်သည့်အဖြစ်ကြောင့် ကြီးကျယ်ကုန်သည်လည်း ဖြစ်ကုန်၏၊ ထင်ရှားရှိသည့်အဖြစ်ကြောင့် ထင်ရှားရှိကုန်သည်လည်း ဖြစ်ကုန်၏၊ ဤသို့ ကြီးကျယ်သည့် အဖြစ်ကြောင့်၎င်း, ထင်ရှားရှိသည့်အဖြစ်ကြောင့်၎င်း မဟာဘုတ်တို့ မည်ကုန်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော ထိုဓာတ်တို့သည် ကြီးသည့်အဖြစ် ထင်ရှားရှိသည့်အဖြစ် အစ ရှိကုန်သော အကြောင်းတို့ကြောင့် မဟာဘုတ်တို့ မည်ကုန်၏။

ထို့ပြင် မိမိ မိမိတို့၏ သဘောလက္ခဏာကို ဆောင်တတ်သည့် အဖြစ်ကြောင့်၎င်း, သံသရာဆင်းရဲကို စီရင်တတ်သည့် အဖြစ်ကြောင့်၎င်း, အလုံးစုံသော ပထဝီ, အာပေါ, တေဇော, ဝါယော တို့သည် ဓာတ်၏လက္ခဏာကို မလွန်နိုင်သောကြောင့် ဓာတ် မည်ကုန်၏၊ မိမိတို့၏ သဘောလက္ခဏာကို ဆောင်ခြင်းကြောင့် ၎င်း, မိမိဟု ဆိုအပ်သော ရုပ်နာမ်၏ ခဏအားလျော်စွာ တည် ခြင်းကြောင့်၎င်း ဓမ္မမည်ကုန်၏၊ ကုန်တတ် ပျက်တတ်သည့် အဖြစ် ကြောင့် အနိစ္စ မည်ကုန်၏၊ ဖြစ်ခြင်း, ပျက်ခြင်း, နှိပ်စက်ခြင်း စသည့် ဘေးရှိသောကြောင့် ဒုက္ခ မည်ကုန်၏၊ အတ္တ ဟူသော အနှစ်ကင်းသည့်အဖြစ်ကြောင့် အနတ္တ မည်ကုန်၏၊ ဤသို့ အလုံး စုံသော ဓာတ်လေးပါးတို့သည် ရုပ်၏အဖြစ်, မဟာဘုတ်၏အဖြစ်, ဓာတ်၏အဖြစ်, ဓမ္မ၏အဖြစ်, အနိစ္စ စသည်တို့၏ အဖြစ်အားဖြင့် တူသည့်အဖြစ်သည် ဖြစ်၏၊ ဤသို့လျှင် နာနတ္တ ဧကတ္တ နည်း အားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၃။ (၇) “**အသီးအသီး ခွဲခြမ်းဝေဘန်အပ် မဝေဘန်အပ်အားဖြင့်ရင်း**” ဆိုသည့်ကား–ဤဓာတ်လေးပါးတို့သည် အတူတကွ ဖြစ်ကုန်သော် သာလျှင် အလုံးစုံအောက်ယုတ်သော တခုတခုသော ဥတု, စိတ်, အာဟာရ သမုဋ္ဌာန်တို့တွင် သုဒ္ဓဋ္ဌက ကလာပ်,ကမ္မဇတို့တွင် ဇီဝိတနဝကကလာပ်၌ အစိတ်အားဖြင့် အသီးအသီး မဝေဘန်အပ်ကုန်၊ ကဣဋ္ဌ အာဗန္ဓန စသော လက္ခဏာအားဖြင့်ကား အသီးအသီး ခွဲခြမ်းဝေဘန်အပ်ကုန်၏။

ဤသို့လျှင် ခွဲခြမ်းဝေဘန်အပ် မဝေဘန်အပ်အားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၄။ (၈) “**သဘောတူ မတူအားဖြင့်**” ဆိုသည်ကား–ဤဆိုအပ်ပြီးသောနည်းဖြင့် အသီးအသီး မခွဲခြမ်း မဝေဘန်အပ်ကုန်သော်လည်း ထိုလေးပါးသော ဓာတ်တို့တွင် ရှေးဖြစ်သော ပထဝီဓာတ် အာပေါဓာတ် နှစ်ပါးသည် လေးသည့်အဖြစ်ကြောင့် အချင်းချင်း တူသောအဘို့ ရှိကုန်၏၊ အချင်းချင်း သဘောတူကုန်၏။

နောက်ဖြစ်သော တေဇောဓာတ် ဝါယောဓာတ် နှစ်ပါးတို့သည် ပေါ့သောကြောင့် အချင်းချင်း သဘောတူကုန်၏၊ ထို့ပြင် ရှေးဖြစ်သော ဓာတ်နှစ်ပါးတို့သည် နောက်ဖြစ်သော ဓာတ်နှစ်ပါးတို့နှင့် လေးသောအဖြစ် ပေါ့သောအဖြစ်ကြောင့် သဘောချင်းမတူကုန်, ဝိသဘာဂ ဖြစ်ကုန်၏၊ ဤသို့ သဘောတူ မတူအားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၅။ (၉) “**အဇ္ဈတ္တိက ဗာဟိရ အထူးအားဖြင့်**” ဆိုသည်ကား–သတ္တဝါတို့ သန္တာန်၌ အကျုံးဝင်သော အဇ္ဈတ္တိက ဓာတ်တို့သည် စက္ခု စသော ခြောက်ပါးသော ဝိညာဏဝတ္ထု, နှစ်ပါးသော ဝိညတ်, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေတို့၏ မှီရာဖြစ်ကုန်၏၊ ဣရိယာပုထ်နှင့်တကွ ဖြစ်ကုန်၏။

ကံ, စိတ်, ဥတု, အာဟာရအကြောင်း လေးပါးကြောင့် ဖြစ်ကုန်၏၊ ဗာဟိရဓာတ်လေးပါးတို့သည် ဆိုပြီးသည်မှပြန်သော အပြားရှိကုန်၏၊ (ဝိညာဏဝဏ္ဏ၊, ဝိညတ်, ဣန္ဒြေတို့၏မှီရာ မဟုတ်ကုန်။) ဤသို့လျှင် အဇ္ဈတ္တိက ဗာဟိရ အထူးအားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၆။ (၁၀) **"ဇာတိသင်္ဂဟစသော အားဖြင့်"**ဆိုသည်ကား– ကမ္မသမုဋ္ဌာန်ဖြစ်သော ပထဝီဓာတ်သည် ကမ္မသမုဋ္ဌာန် ဖြစ်ကုန်သော အာပေါဓာတ်,တေဇောဓာတ်,ဝါယောဓာတ်တို့နှင့်တူသော ဇာတ်ရှိသောကြောင့် တပေါင်းတည်း ပေါင်း၍ ရေတွက်အပ်သည် ဖြစ်၏၊ သမုဋ္ဌာန် ထူးသောအဖြစ်၏ မရှိခြင်းကြောင့်တည်း။

ထို့အတူ စိတ်,ဥတု, အာဟာရလျှင် သမုဋ္ဌာန်ရှိသော ပထဝီဓာတ်သည် စိတ်, ဥတု, အာဟာရလျှင် သမုဋ္ဌာန်ရှိကုန်သော အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့နှင့် တူသော ဇာတ်ရှိသောကြောင့် တပေါင်းတည်းပေါင်း၍ ရေတွက်အပ်သည် ဖြစ်၏၊ သမုဋ္ဌာန် ထူးသောအဖြစ်၏ မရှိခြင်းကြောင့်တည်း၊ ဤသို့လျှင် ဇာတ်တူပေါင်း၍ ရေတွက်ခြင်းအားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၇။ (၁၁) **"အချင်းချင်း ကျေးဇူးပြုသောကြောင့် ပစ္စည်းအားဖြင့်"** ဆိုသည်ကား–ပထဝီဓာတ်သည်, အာပေါသည် ပေါင်းစုသောအားဖြင့် ယူအပ်သည်၊ တေဇောသည် ကျက်စေတတ်သော သတ္တိဖြင့် လျော်စွာစောင့်အပ်သည်၊ ဝါယောသည် တွန်းအပ် ထောက်အပ်သည် ဖြစ်၍ သုံးပါးသော မဟာဘုတ်၏ တည်ရာဖြစ်၍ သဟဇာတ စသော သတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏။

အာပေါဓာတ်သည်, ပထဝီ၌တည်သည်၊ တေဇောသည် စောင့်ရှောက်အပ်သည်၊ ဝါယောသည် ထောက်ကန်အပ်သည် ဖြစ်၍ သုံးပါးသော မဟာဘုတ်တို့အား ဖွဲ့တတ်သည်ဖြစ်၍

သဟဇာတ စသောသတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏၊ တေဇော ဓာတ်သည်, ပထဝီဓာတ်၌ တည်သည်၊ အာပေါဓာတ်ဖြင့် ဖွဲ့စည်း၍ ယူအပ်သည်၊ ဝါယောဓာတ်ဖြင့် ထောက်ကန်အပ်သည် ဖြစ်၍ သုံးပါးသော မဟာဘုတ်တို့အား ကျက်စေတတ် ထက်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုသည် ဖြစ်၏၊ ဝါယောဓာတ်သည် ပထဝီ၌ တည်သည်၊ အာပေါဓာတ်သည် ပေါင်းရုံး၍ ယူအပ်သည်၊ တေဇောသည် ကျက်စေအပ်သည်ဖြစ်၍ သုံးပါးသော မဟာဘုတ်တို့အား ထောက်ကန်တတ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သည် ဖြစ်၏၊ ဤသို့လျှင် အချင်းချင်း ကျေးဇူးပြုသောအားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၈။ (၁၂) "**အချင်းချင်း နှလုံးမသွင်းတတ်သော အဗျာပါရနည်းအားဖြင့်**" ဆိုသည်ကား–ဤဓာတ်လေးပါးတို့တွင် ပထဝီဓာတ်သည် ငါသည်ကား ပထဝီဓာတ်မည်၏ဟူ၍၎င်း, သုံးပါးသော မဟာဘုတ်တို့၏တည်ရာဖြစ်၍ ကျေးဇူးပြုသည်ဖြစ်၏ဟူ၍၎င်း မသိ၊ ပထဝီဓာတ်မှ တပါးကုန်သော ဓာတ်သုံးပါးတို့သည်လည်း ပထဝီဓာတ်သည် ငါတို့၏တည်ရာဖြစ်၍ ကျေးဇူးပြု၏ဟူ၍ မသိကုန်၊ အလုံးစုံသော ဓာတ်တို့၌ ဤနည်းကို မှတ်အပ်၏။

ဤသို့လျှင် အချင်းချင်း နှလုံးမသွင်းတတ်သော အဗျာပါရနည်းအားဖြင့် ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

၃၅၉။ (၁၃) "**ကျေးဇူးပြုတတ်သည့် အဖြစ်ဟူသော သတ္တိအထူးကို ဝေဘန်သောအားဖြင့်**" ဆိုသည်ကား ဓာတ်တို့အား ကံ, စိတ်, အာဟာရ, ဥတုဟူသော လေးပါး အကြောင်းတို့သည် ဖြစ်ကုန်၏၊ ထိုလေးပါးတို့တွင် ကမ္မသမုဋ္ဌာန်ဖြစ်သော ဓာတ်တို့အား ကံသည်သာလျှင် အကြောင်းပစ္စည်းဖြစ်၏၊ စိတ်, ဥတု, အာဟာရတို့သည် အကြောင်းပစ္စည်း မဟုတ်ကုန်၊ စိတ္တသမုဋ္ဌာန် စသည် ဖြစ်ကုန်သော ဓာတ်တို့အားလည်း စိတ် အစရှိသည်

တို့သည်သာလျှင် အကြောင်းပစ္စည်း ဖြစ်ကုန်၏၊ စိတ်စသည်မှ တပါးတို့သည် အကြောင်းပစ္စည်း မဟုတ်ကုန်။

ကမ္မ သမုဋ္ဌာန် ခေတ်တို့အား ကံသည် ဇနက အကြောင်း ပစ္စည်း ဖြစ်၏၊ ကမ္မ သမုဋ္ဌာန်မှ ကြွင်းသော စိတ်, ဥတု, အာဟာရ ခေတ်တို့အားကား သုတ္တန်နည်းအားဖြင့် ဥပနိဿယ ပစ္စည်း ဖြစ်၏။

စိတ္တ သမုဋ္ဌာန် ခေတ်တို့အား စိတ်သည် ဇနက အကြောင်း ပစ္စည်းဖြစ်၏၊ စိတ္တ သမုဋ္ဌာန်မှကြွင်းသော ကံ, ဥတု, အာဟာရ ခေတ်တို့အားကား ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုသည်ရင်း, အတ္ထိ ပစ္စည်းဖြင့် ကျေးဇူးပြုသည်ရင်း, အဝိဂတ ပစ္စည်းဖြင့် ကျေးဇူးပြုသည်ရင်း ဖြစ်၏။

အာဟာရ သမုဋ္ဌာန်ခေတ်တို့အား အာဟာရသည် ဇနက အကြောင်းပစ္စည်း ဖြစ်၏၊ အာဟာရ သမုဋ္ဌာန်မှ ကြွင်းသော ခေတ်တို့အား အာဟာရပစ္စည်းသည်ရင်း, အတ္ထိပစ္စည်းသည်ရင်း, အဝိဂတ ပစ္စည်းသည်ရင်း ဖြစ်၏။

ဥတု သမုဋ္ဌာန် ခေတ်တို့အား ဥတုသည် ဇနက အကြောင်း ပစ္စည်း ဖြစ်၏၊ ဥတု သမုဋ္ဌာန်မှ ကြွင်းသော ခေတ်တို့အား အတ္ထိ ပစ္စည်းသည်ရင်း, အဝိဂတ ပစ္စည်းသည်ရင်း ဖြစ်၏။

ကံကြောင့်ဖြစ်သော မဟာဘုတ်သည် ကံကြောင့်ဖြစ်ကုန်သော မဟာဘုတ်တို့အားရင်း, စိတ္တ သမုဋ္ဌာန်အစရှိသော မဟာဘုတ် တို့အားရင်း ကျေးဇူးပြုသည် ဖြစ်၏၊ ထို့အတူ စိတ်ကြောင့် ဖြစ်သော မဟာဘုတ်,....အာဟာရကြောင့်ဖြစ်သော မဟာဘုတ်, ဥတုကြောင့် ဖြစ်သော မဟာဘုတ်သည် ဥတုကြောင့်ဖြစ်သော မဟာဘုတ်တို့အားရင်း, ကမ္မသမုဋ္ဌာန် အစရှိသော မဟာဘုတ် တို့အားရင်း ကျေးဇူးပြုသည် ဖြစ်၏။

ထိုလေးပါးတို့တွင် ကံကြောင့်ဖြစ်သော ပထဝီခေတ်သည် ကံကြောင့်ဖြစ်ကုန်သော ပထဝီခေတ်မှ တပါးသောခေတ်သုံးပါး တို့အား သဟဇာတ သတ္တိ၊ အညမည သတ္တိ၊ အဇ္ဈိ သတ္တိ၊ နိဿယ

သတ္တိ၊ အဝိဂတ သတ္တိ၏အစွမ်းဖြင့်၎င်း, တည်ရာ၏ အစွမ်းဖြင့်၎င်း ကျေးဇူးပြုတတ်သည် ဖြစ်၏၊ ဇနက သတ္တိအစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်၊ ကမ္မသမုဋ္ဌာန်မှ တပါးကုန်သော ဥတု, စိတ်, အာဟာရ သမုဋ္ဌာန်အားဖြင့် တိသန္တတိ ဖြစ်ကုန်သော မဟာဘုတ် လေးပါးတို့အား နိဿယ သတ္တိ၊ နတ္ထိ သတ္တိ၊ အဝိဂတသတ္တိ၏ အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် ဖြစ်၏၊ တည်ရာ၏အစွမ်းဖြင့် ကျေးဇူးပြု တတ်သည် မဖြစ်၊ ဇနကသတ္တိဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်။

ဤကံကြောင့်ဖြစ်သော ကမ္မသမုဋ္ဌာန် မဟာဘုတ်တို့တွင် ကမ္မဇ အာပေါဓာတ်သည်ကား ကမ္မသမုဋ္ဌာန် အာပေါမှတပါး သုံးပါး သော မဟာဘုတ်တို့အား သဟဇာတ-စသည်တို့၏အစွမ်းဖြင့်၎င်း, ဖွဲ့စည်းသည်၏ အစွမ်းဖြင့်၎င်း ကျေးဇူးပြုတတ်သည် ဖြစ်၏၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်၊ ကမ္မသမုဋ္ဌာန်မှ တပါးကုန်သော တိသန္တတိ ဖြစ်ကုန်သော မဟာဘုတ်လေးပါး တို့အား နိဿယ သတ္တိ, အတ္ထိ သတ္တိ, အဝိဂတ သတ္တိ အစွမ်းဖြင့် သာလျှင် ကျေးဇူးပြုတတ်သည် ဖြစ်၏၊ ဖွဲ့စည်းသည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်၊ ဇနကအစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်။

ဤ ကမ္မသမုဋ္ဌာန် မဟာဘုတ်တို့တွင် ကမ္မဇတေဇောဓာတ် သည်လည်း ကမ္မသမုဋ္ဌာန် တေဇောမှတပါး သုံးပါးသော မဟာဘုတ်တို့အား သဟဇာတ-စသည်တို့၏ အစွမ်းဖြင့်၎င်း, ကျက်စေ ရင့်စေသည်၏ အစွမ်းဖြင့်၎င်း ကျေးဇူးပြုတတ်သည် ဖြစ်၏၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်၊ ကမ္မ- သမုဋ္ဌာန်မှ တပါးကုန်သော တိသန္တတိ ဖြစ်ကုန်သော မဟာဘုတ် လေးပါးတို့အား နိဿယ သတ္တိ, အတ္ထိ သတ္တိ, အဝိဂတ သတ္တိ အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် ဖြစ်၏၊ ရင့်စေ ကျက်စေသည်၏ အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်။

ဤကမ္မသမုဋ္ဌာန် မဟာဘုတ်တို့တွင် ကမ္မသမုဋ္ဌာန် ဝါယော ဓာတ်သည်လည်း ဝါယောဓာတ်မှ တပါးသော သုံးပါးသော ကမ္မသမုဋ္ဌာန် မဟာဘုတ်တို့အား သဟဇာတ-အစရှိသည်တို့၏ အစွမ်းဖြင့်၎င်း, ထောက်ပံ့နိုင်စေသည့် အစွမ်းဖြင့်၎င်း ကျေးဇူး ပြုတတ်သည် ဖြစ်၏၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် ... ၊ ဤကမ္မသမုဋ္ဌာန်မှ တပါးကုန်သော တိသန္တတိ ဖြစ်ကုန် ... မဟာဘုတ် လေးပါးတို့အား နိဿယ သတ္တိ, အတ္ထိ သတ္တိ, အဝိဂတ သတ္တိ၏ အစွမ်းဖြင့်သာလျှင် ကျေးဇူးပြုတတ်သည် ဖြစ်၏၊ ထောက်ပံ့ နိုင်စေ တတ် သော အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သည် မဖြစ်။

စိတ္တ သမုဋ္ဌာန်, အာဟာရ သမုဋ္ဌာန်, ဥတု သမုဋ္ဌာန် ပထဝီ ဓာတ်-စသည်တို့၌လည်း ဤနည်းအတိုင်း သိအပ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သဟဇာတ-အစရှိသော ပစ္စည်းတို့၏အစွမ်းဖြင့် ဖြစ်ကုန်သော ထိုဓာတ်လေးပါးတို့၌ ဤဆို လတ္တံ့သော အထူးကိုလည်း သိအပ်၏—

**ဧကံ ပဋိစ္စ တိဿော စတုဓာ၊ တိဿော ပဋိစ္စ ဧကော စ။**
**ဒွေ ဓာတုယော ပဋိစ္စ၊ ဒွေ ဆဓာ သမ္ပဝတ္တန္တိ။**

တခုသောဓာတ်ကို အစွဲပြု၍ သုံးပါးသော ဓာတ်တို့ သည် လေးပါးသောအပြားဖြင့် ဖြစ်ကုန်၏၊ သုံးပါးသော ဓာတ်တို့ကို အစွဲပြု၍ တခုသောဓာတ်သည် လေးပါးသော အပြားအားဖြင့် ဖြစ်ကုန်၏၊ နှစ်ပါးသော ဓာတ်တို့ကို အစွဲပြု၍ နှစ်ပါးသော ဓာတ်တို့သည် ခြောက်ပါးသော အပြားအားဖြင့် ဖြစ်ကုန်၏။

ထိုစကားကို အကျယ်ပြဦးအံ့—ပထဝီဓာတ်-အစရှိသည့်တို့ကို တခု တခုသောဓာတ်ကို အစွဲပြု၍ ဤပစ္စည်းမှ တပါးကုန်သော သုံးပါး သုံးပါးသော ဓာတ်တို့သည် ဖြစ်ကုန်၏၊ ဤသို့ တခုသော ဓာတ်ကိုစွဲ၍ သုံးပါးသော ဓာတ်တို့သည် လေးပါးအပြားအားဖြင့် ဖြစ်ကုန်၏၊ ထို့အတူ ပထဝီဓာတ်-စသည်တို့တွင် တခု တခုသော

ခုတ်သည် မိမိမှတပါးကုန်သော သုံးပါးသုံးပါးသော ဈာန်တို့ကို စွဲ၍ ဖြစ်၏၊ ဤသို့ သုံးပါးသော ဈာန်တို့ကိုစွဲ၍ တခုသောဈာန်သည် လေးပါးသော အပြားအားဖြင့် ဖြစ်၏၊ ထို့ပြင် ရှေ့ဖြစ်သော ဈာန်နှစ်ပါးကို စွဲ၍ နောက်ဖြစ်သော ဈာန်နှစ်ပါးသည်, နောက်ဖြစ်သော ဈာန်နှစ်ပါးကို စွဲ၍လည်း ရှေ့ဖြစ်သော ဈာန်နှစ်ပါးသည် ဖြစ်ကုန်၏၊ ပဌမဈာန် တတိယဈာန်တို့ကိုစွဲ၍ ဒုတိယဈာန် စတုတ္ထဈာန်တို့သည်, ဒုတိယဈာန် စတုတ္ထဈာန်တို့ကိုစွဲ၍ ပဌမဈာန် တတိယဈာန်တို့သည် ဖြစ်ကုန်၏၊ ဤသို့လျှင် နှစ်ပါးသော ဈာန်တို့ကိုစွဲ၍ နှစ်ပါးသော ဈာန်တို့သည် ခြောက်ပါးအပြားဖြင့် ဖြစ်ကုန်၏။

ထိုလေးပါးသော ဈာန်တို့တွင် ပထဝီဈာန်သည် ရှေ့သို့ ဘက်ခြင်း နောက်သို့ ဆုတ်ခြင်း-စသောကာလ၌ ခြေကိုနှိပ်ခြင်း၏ အကြောင်းသည် ဖြစ်၏၊ ထိုပထဝီဈာန်သည်ပင်လျှင် အာပေါ ဈာန်သည် အစဉ်လိုက်အပ်သည်ဖြစ်၍ ခြေကို တည်ထားခြင်း၏ အကြောင်းသည် ဖြစ်၏၊ ထို့ပြင် ပထဝီဈာန်နှင့်တကွဖြစ်သော အာပေါဈာန်သည် ခြေကိုအောက်သို့ ချခြင်း၏အကြောင်း ဖြစ်၏၊ ဝါယောဈာန်နှင့် တကွဖြစ်သော တေဇောဈာန်သည် ခြေကို ချီကြွခြင်း၏အကြောင်း ဖြစ်၏၊ တေဇောဈာန်နှင့် တကွဖြစ်သော ဝါယောဈာန်သည် ခြေကို ရှေ့သို့ဆောင်ခြင်း နံပါးသို့လွှဲ၍ ဆောင်ခြင်း၏အကြောင်း ဖြစ်၏၊ ဤသို့ ပစ္စယဓမ္မကို ဝေဘန်ခြင်း ပစ္စယဘာဝကို ဝေဘန်ခြင်းအားဖြင့် ဈာန်တို့ကို နှလုံးသွင်းအပ်ကုန်၏။

ဤ ဆိုအပ်ခဲ့ပြီး သော နည်း ဖြင့် ဝစနတ္ထ- အ စ ရှိ သည် တို့ ၏ အစွမ်းဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား တပါးတပါးသော ဈာန်တို့ကို သိမ်းဆည်းခြင်းအကြောင်းဖြင့် ဈာန်တို့သည် ထင်ရှားသည် ဖြစ်ကုန်၏၊ ထိုထင်ရှားသော ဈာန်တို့ကို အဖန်တလဲလဲ ဆင်ခြင်သော နှလုံးသွင်းသော ထိုယောဂီပုဂ္ဂိုလ်အား ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် ဥပစာရသမာဓိသည် ဖြစ်၏၊ ထို ဥပစာရသမာဓိသည် လေးပါးသော ဈာန်တို့ကို ဆုံးဖြတ်တတ်

သောညာဏ်၏ အာနုဘော်အားဖြင့် ဖြစ်ခြင်းကြောင့် စတုခာတု ဝဝတ္ထာန် ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

၇၃၀။ အကျိုးအာနိသင်ကို ဆိုဦးအံ့–ဤခာတ်လေးပါးတို့ကို သုံးဖြတ်ရာ ဆုံးဖြတ်ကြောင်းဖြစ်သော ဘာဝနာကို အဖန်တလဲလဲ လုံ့လပြုသော ရဟန်းသည် အတ္တမှ ဆိတ်သော အဖြစ်သို့ သက်ဝင်၏၊ ငါ, သူတပါး, ယောကျ်ား, မိန်းမဟူသော အမှတ်ပြုခြင်း မဟုတ် မမှန်သော သတ္တသညာကို နုတ်နိုင် ဖြတ်နိုင်၏။

ထိုယောဂီပုဂ္ဂိုလ်သည် သတ္တသညာကို နုတ်အပ် ဖြတ်အပ် ပြီးသည့်အဖြစ်ကြောင့် "ဤအကောင်တို့ကား ကျား ခြင်္သေ့ စသော သားရဲတို့တည်း၊ ဤအကောင်တို့ကား ဘီလူးရက္ခိုသ် တို့တည်း"ဟု အထူးအထွေ ခွဲဝေကြံစည်ခြင်းကို မပြုမူ၍ ဘေးငယ် ဘေးကြီးကို နှိပ်နင်းနိုင်သည် ဖြစ်၏၊ သမထ ဝိပဿနာဟူသော ကုသိုလ်တရားတို့၌ မပျော်ပိုက်ခြင်း,ကာမဂုဏ်ငါးပါး၌ ပျော်ပိုက် ခြင်းကို နှိပ်နင်းနိုင်သည်လည်း ဖြစ်၏၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ပေါ်လွင်ခြင်း တွန့်ရှုံ့ခြင်းသို့ မရောက်၊ ကြီးကျယ်သောပညာ ရှိသည်လည်း ဖြစ်၏၊ အမြိုက် နိဗ္ဗာန်လျှင် အဆုံးရှိသည်လည်း ဖြစ်၏၊ သုဂတိဘဝသို့ လားရသည်လည်း ဖြစ်၏။

ဤသို့သော နည်းဖြင့် ကြီးမြတ်သော အာနုဘော် ရှိသော လူသုံးဦးတို့တွင် ထူးမြတ်သော ဘုရားရှင် တည်း ဟူသော ခြင်္သေ့မင်း၏ ပစ္စဝေက္ခဏာဉာဏ်, ဒေသနာ ဉာဏ်ဖြင့် ကွန့်မြူးရာဖြစ်သော ဤစတုခာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းကို ပညာရှိသော ယောဂီပုဂ္ဂိုလ်သည် အမြဲ မပြတ် အထပ်ထပ်လျှင် မှီဝဲသုံးဆောင်ရာ၏။

ဤသည်ကား စတုခာတုဝဝတ္ထာန် **ကမ္မဋ္ဌာန်း၏** ဘာဝနာ ပွါးနည်းအကျယ် နိဒ္ဒေသ**တည်း။**

၃၆၁။ ဤမျှသော စကားအစဉ်ဖြင့် သမာဓိ၏ အကျယ်ကိုရင်း, ဘာဝနာပွါးနည်းကိုရင်း ပြခြင်းငှါ သမာဓိဟူသည် အဘယ်နည်း၊ အဘယ်အနက်ကြောင့် သမာဓိမည် သနည်း-အစရှိသောနည်းဖြင့် အမေးပုစ္ဆာတို့ကို ထုတ် အပ်၏၊ ထိုအမေးပုစ္ဆာတို့တွင် အဘယ်ကဲ့သို့ ပွါးအပ် သနည်းဟူသော ဤအမေးပုစ္ဆာ၏ ခပ်သိမ်းသော အခြင်း အရာအားဖြင့် အနက်ကို ဖွင့်ပြခြင်းသည် ပြီးပြည့်စုံပြီ။

ဥပစာရ သမာဓိရင်း, အပ္ပနာသမာဓိရင်း ဤ နှစ်ပါးသော သမာဓိကို ဤဘာဝနာအရာ၌ အလိုရှိအပ်၏၊ ထို နှစ်ပါးတို့တွင် ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ရင်း, ရှစ်ပါးသော အပ္ပနာဈာန် တို့၏ ပုဗ္ဗဘာဂ စိတ္တုပ္ပါဒ်တို့၌ရင်း ဧကဂ္ဂတာ စေတသိက်သည် ဥပစာရ သမာဓိ မည်၏၊ ကြွင်းသော သုံးဆယ်သော ကမ္မဋ္ဌာန်း တို့၌ စိတ္တေကဂ္ဂတာသည် အပ္ပနာသမာဓိ မည်၏၊ နှစ်ပါး အပြား ရှိသော ထိုသမာဓိသည် ထို ကမ္မဋ္ဌာန်းတို့ကို ပွါးသည့် အဖြစ် ကြောင့် ပွါးအပ်သည် ဖြစ်၏၊ ထို့ကြောင့် "အဘယ်ကဲ့သို့ ပွါးအပ် သနည်းဟူသော အမေးပုစ္ဆာ၏ ခပ်သိမ်းသော အခြင်းအရာ အားဖြင့် အနက်ကို ဖွင့်ပြခြင်းသည် ပြီးပြည့်စုံပြီ" ဟူသော စကားကို ဆိုအပ်၏။

၃၆၂။ **"သမာဓိ ဘာဝနာ၏ အကျိုးကား အဘယ်နည်း"** ဟူသော စကားကို ဆိုအပ်၏၊ ထိုစကား၌ ငါးပါးသော အပြားရှိသော မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်း အစရှိသော အကျိုးအာနိသင် သည် အပ္ပနာ သမာဓိကို ပွါးစေခြင်း၏အကျိုးအာနိသင် တည်း၊ ထိုစကားသည် မှန်၏၊ ကုန်ပြီးသော အာသဝေါ ရှိကုန်သော အကြွင်ရဟန္တာ ပုဂ္ဂိုလ်တို့သည် ဈာန် ဝင်စားကုန်၍ တည်ကြည်သော စိတ် ရှိသည်ဖြစ်၍ ချမ်းသာစွာ တနေ့ပတ်လုံး နေကုန်အံ့ဟု နှလုံးသွင်း၍ အပ္ပနာသမာဓိကို ပွါးကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိကို ပွါးစေခြင်းသည် မျက်မှောက်သော

> ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း အကျိုးအာနိသင် ရှိသည်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "အို-စုန္ဒ, ဤရှာန်တရားတို့ကို ငါ-ဘုရား၏ သာသနာတော်၌ ကိလေသာကို ခွါတတ် ခေါင်းပါးစေတတ်သော အကျင့် ဟူ၍ မဆိုအပ်ကုန်၊ ထို တရားတို့ကို ငါ-ဘုရား၏ သာသနာတော်၌ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေကြောင်းဖြစ်သော တရားတို့သာဟူ၍ ဆိုအပ်ကုန်၏" ဟု ဟောတော်မူ၏၊ သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာရှုကုန်အံ့ဟု နှလုံး သွင်း၍ ပွါးကုန်သော သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဝိပဿနာ၏ နီးစွာသော အကြောင်း၏ အဖြစ်ကြောင့် အပ္ပနာ သမာဓိဘာဝနာသည်၎င်း,တဏှာ သံကိလေသ စသည်ဖြင့် အလွန်ကျဉ်းမြောင်းသော သံသရာဝဋ်၌ အကျိုးစီးပွါးအား သင့်လျော်သော အခွင့်ကို ရသော နည်းဖြင့် ဥပစာရသမာဓိကို ပွါးခြင်းသည်၎င်း ဝိပဿနာ ဟူသော အကျိုးအာနိသင် ရှိသည်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "အို-ရဟန်းတို့, သမာဓိကိုပွါးကြ ကုန်လော့၊ အို-ရဟန်းတို့,ကောင်းစွာ အာရုံ၌ ထားအပ် သော စိတ်ရှိသောသူသည် ဟုတ်မှန်သော အတိုင်း သိ၏" ဟူ၍ ဟောတော်မူအပ်၏။

ထို့ပြင် အကြွင်းသူတို့သည် ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ သမာပတ်မှထပြီးလျှင်- "တယောက်သာဖြစ်လျက် များသော အပြားရှိသည်ဖြစ်၏" ဤသို့ အစရှိသည်ဖြင့် ဟောတော်မူအပ် သော နည်းရှိကုန်သော အဘိညာဉ်တို့ကို တောင့်တကုန်လျက် ဖြစ်စေကုန်၏၊ ထိုသူတို့အား ရှေးဘာဝက ပြီးသော အဘိညာဉ် ရခြင်းအကြောင်း အဓိကာရသည် ရှိခဲ့သော် အဘိညာဉ်၏ နီးစွာ သော အကြောင်း၏အဖြစ်ကြောင့် အပ္ပနာ သမာဓိ ဘာဝနာသည် အဘိညာဉ်ဟူသော အကျိုးအာနိသင်ရှိသည်ဖြစ်၏၊ ထို့ကြောင့်

မြတ်စွာဘုရားသည်– "ထိုပုဂ္ဂိုလ်သည် ထူးမြတ်သော ပညာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော အကြွင်းအကြွင်းပွါးစေအပ်, ထင်စွာပြုအပ်သောတရားကို ထူးမြတ်သော ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းငှါ အမိဋ္ဌာန်စိတ်ကို ရှေးရှုညွတ်စေ၏၊ အဘိညာဉ်ရခြင်းအကြောင်း အမိကာရသည် ရှိခဲ့သော် ထိုထို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရား၌သာလျှင် မျက်မှောက်ပြုခြင်းငှါ ထိုက်သည့်အဖြစ်သို့ရောက်၏" ဟူ၍ ဟောတော်မူ၏။

အကြွင်းပုဂ္ဂိုလ်တို့သည် မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ဘုံလောက၌ ဖြစ်ကုန်အံ့ဟု ဗြဟ္မာ့ဘုံ၌ဖြစ်ခြင်းကို တောင့်တသည်ဖြစ်၍၎င်း, မတောင့်တကုန်သော်၎င်း ပုထုဇဉ်တို့သည် ဈာန်သမာဓိမှ မယုတ်ကုန်သည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့၏ ဘဝအထူးကို ဆောင်တတ်သည့်အဖြစ်ကြောင့် အပ္ပနာ သမာဓိ ဘာဝနာသည် ဘဝအထူးသို့ ရောက်ခြင်း အကျိုးရှိသည် ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်– "ပဌမဈာန်ကို နည်းသော အာနုဘော်ရှိသည်ကိုပြု၍ ပွါး၍ အဘယ်ဘုံ၌ ဖြစ်သနည်း၊ ပါရိသဇ္ဇာ ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ကုန်၏" အစရှိသည်ဖြင့် ဟောတော်မူ၏၊ ထိုသို့ ဟောတော်မူသော်လည်း ဥပစာရ သမာဓိ ဘာဝနာသည်လည်း ကာမ သုဂတိ ဘဝအထူးကို ဆောင်သည်သာတည်း။

ဗို့ပြင် အကြွင်းအရိယာပုဂ္ဂိုလ်တို့သည် ရှစ်ပါးသော သမာပတ်တို့ကိုဖြစ်စေ၍ နိရောဓသမာပတ်ကို ဝင်စားပြီးလျှင် ခုနစ်ရက်တို့ပတ်လုံး စိတ်မရှိကုန်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချုပ်ခြင်းသို့, ငြိမ်းခြင်းသို့ရောက်၍ ချမ်းသာစွာ နေကုန်အံ့ ဟု ဈာန်သမာဓိကို ပွါးကုန်၏၊ ထိုအရိယာပုဂ္ဂိုလ်တို့၏ အပ္ပနာ သမာဓိ ဘာဝနာသည် နိရောဓသမာပတ် ဟူသော အကျိုးအာနိသင်ရှိသည် ဖြစ်၏၊ ထို့ကြောင့် တဆယ့်ခြောက်ပါးကုန်သော ဉာဏ်၏ဖြစ်ခြင်းတို့ဖြင့်၎င်း, ကိုးပါးကုန်သော သမာဓိ၏ ဖြစ်ခြင်းတို့ဖြင့်၎င်း လေ့လာသည့်အဖြစ်ကြောင့် သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်၌ ဉာဏ်ဟူ၍ ဆိုအပ်၏၊ ဤဆိုအပ်ခဲ့

ပြီးသောနည်းဖြင့် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်း-အစရှိသော ငါးပါးအပြားရှိသော ဤ အကျိုးအာနိသင်သည် သမာဓိကို ပွါးခြင်း၏အကျိုးအာနိသင်ပေတည်း၊ထို့ကြောင့် များစွာသော အကျိုးအာနိသင်ရှိသော ကိလေသာ အညစ်အကြေးကို ဆေးကျော် ဖျောက်လွှင့်တတ်သော သမာဓိဘာဝနာကို မပြတ်လုံ့လပြုခြင်း ယောဂီအလုပ်ကို ပညာရှိပုဂ္ဂိုလ်သည် မမေ့မလျော့ရာ။

၃၆၃။ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် "သီလေ ပတိဋ္ဌာယ နရော သပ္ပညော" ဟု အစရှိသော ဤဂါထာ၏ သီလ သမာဓိ ပညာ ဟူသော အမြွက်ဖြင့် ဟောအပ်သော ဝိသုဒ္ဓိမဂ်ကျမ်း၌ သမာဓိကိုလည်း ပြအပ်ပြီးသည် ဖြစ်၏။

ဤသို့လျှင် သူတော်ကောင်းတို့ ဝမ်းမြောက်စေခြင်းငှါ
ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း၌ သမာဓိ
နိဒ္ဒေသ အမည်ရှိသော ၁၁-ခုမြောက်
အပိုင်းသည် ပြီး၏။

**၁၁-သမာဓိ နိဒ္ဒေသ ပြီး၏။**

# ၁၂—ဈာန်ဝိဝိဇ နိဒ္ဒေသပိုင်း

၃၆၅။ ယခုအခါ ဒွါဒသမ နိဒ္ဒေသဖြစ်သော ဈာနဝိဓ နိဒ္ဒေသကို ဆိုပေအံ့၊ လောကီ အဘိညာဉ်တို့၏ အစွမ်းအားဖြင့် ဤသမာဓိဘာဝနာကို အဘိညာဉ်ဟူသော အကျိုးရှိ၏ဟူ၍ ဆိုအပ်၏၊ ထိုအဘိညာဉ်တို့ကို ပြည့်စုံစေခြင်းငှါ ပထဝီကသိုဏ်း စသည်တို့၌ ရအပ်ပြီးသော စတုတ္ထဈာန်ရှိသော ယောဂီပုဂ္ဂိုလ်သည် အားထုတ်ခြင်းကို ပြုအပ်၏၊ ဤသို့ အားထုတ်သည် ရှိသော် ထိုယောဂီပုဂ္ဂိုလ်အား ထိုသမာဓိ ဘာဝနာသည် အဘိညာဉ်ဟူသော အကျိုးကို ရသည်ရှင်း, အလွန် မြဲမြံခိုင် ခံ့သည် ရှင်း ဖြစ်လတ္တံ့၊ ထိုယောဂီပုဂ္ဂိုလ်သည် ရအပ်ပြီးသော အကျိုးရှိသော အလွန်မြဲမြံခိုင်ခံ့သော သမာဓိ ဘာဝနာနှင့် ပြည့်စုံသည် ဖြစ်၍ လွယ်ကူစွာသာလျှင် ပညာဘာဝနာကို ပြည့်မုံ စေလတ္တံ့၊ ထို့ကြောင့် ပညာဘာဝနာ အကြောင်းကို မဆိုမီ ရှေးဦးစွာ အဘိညာဉ်အကြောင်းကို ဆိုပေအံ့။

မြတ်စွာဘုရားသည် စတုတ္ထဈာန်သမာဓိကို ရပြီးကုန်သော အမျိုးကောင်းသားတို့အား သမာဓိ ဘာဝနာ၏ အကျိုးဖြစ်သော အဘိညာဉ်ကို ပြတော်မူခြင်းငှါရှင်း, မွန်မြတ်သည်ထက် အလွန် မွန်မြတ်သောတရားကို ဟောတော်မူခြင်းငှါရှင်း—

"သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မ-နိယေ ဌိတေ အနေဉ္ဇပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော အနေကဝိဟိတံ ပစ္စနုဘောတိ၊ ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ"—

ဤသို့ အစရှိသောနည်းဖြင့် ဣဒ္ဓိဝိဓအဘိညာဉ်, ဒိဗ္ဗသောတ အဘိညာဉ်, စေတောပရိယ အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်, သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကိုသိသော စုတူပပါတ အဘိညာဉ်ဟူသော လောကီအဘိညာဉ် ငါးပါးတို့ကို ဟောကြား တော်မူ၏။

## ပါဠိတော် မြန်မာပြန်

"ထိုပုဂ္ဂိုလ်သည် ဤသို့ စိတ်တည်ပြီးသော်, ထက်ဝန်းကျင် စင်ကြယ်ပြီးသော်, ထက်ဝန်းကျင် ဖြူစင်ပြီးသော်, ကိလေသာမရှိပြီးသော်, ကိလေသာ ကင်းပြီးသော်, နူးညံ့သောအဖြစ်သို့ ရောက်ပြီးသော်, အမှုခံ့ပြီးသော်, မြဲစွာတည်ပြီးသော်, မတုန်မလှုပ်သောအဖြစ်သို့ ရောက်ပြီးသော်, တန်ခိုးဖန်ဆင်းခြင်း ဣဒ္ဓိဝိဓ အဘိညာဉ်အလို့ငှါ စိတ်ကို ရှေးရှု ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုပုဂ္ဂိုလ်သည် အထူးထူး အပြားပြားများသော တန်ခိုးဖန်ဆင်းခြင်း ဣဒ္ဓိဝိဓ အဘိညာဉ်ကို ခံစား၏၊ တယောက်တည်းသာ ဖြစ်လျက် အရာအထောင်မက များသော အပြားရှိ၏"။

အမှာ။ ။ထိုပါဠိတော်၏အဖွင့် နောက်မှလာလိမ့်မည်။

ထိုအဘိညာဉ်ငါးပါးတို့တွင် "တယောက်တည်းသာ ဖြစ်လျက် အများဖြစ်၏"အစရှိသော တန်ခိုးအထူးကို ပြုလိုသော လက်ဦးအစဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ဩဒါတကသိုဏ်း အဆုံးရှိသော ကသိုဏ်းရှစ်ပါးတို့တွင် ကသိုဏ်းတခုခု၌ ရှစ်ပါး ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍—

(၁) ကသိုဏ်းတို့၏ အစဉ်အတိုင်း ကသိဏာနုလောမအားဖြင့်၎င်း၊

(၂) ကသိုဏ်းတို့၏ အစဉ်ကိုပြန်သော ကသိဏပဋိလုံအားဖြင့်၎င်း၊

(၃) ကသိုဏ်းတို့၏ အပြန်အလှန် ကသိဏာနုလောမ ပဋိလောမအားဖြင့်၎င်း၊

(၄) ဈာန်တို့၏ အစဉ်အတိုင်း ဈာနာနုလောမအားဖြင့်၎င်း၊

(၅) ဈာန်တို့၏ အစဉ်ပြန်သော ဈာနပဋိလောမအားဖြင့်၎င်း၊

(၆) ဈာန်တို့၏ အပြန်အလှန် ဈာနအနုလောမ-ပဋိလောမအားဖြင့်၎င်း၊

(၇) ချာန်အစဉ်ကို ခုန်ကျော်သော ဈာနုက္ကန္တိက အား ဖြင့်၎င်း၊

(၈) ကသိုဏ်း အစဉ်ကို ခုန်ကျော်သော ကသိဏုက္ကန္တိက အားဖြင့်၎င်း၊

(၉) ဈာန်ကသိုဏ်း အစဉ်ကို ခုန်ကျော်သော ဈာနကသိ-ဏုက္ကန္တိကအားဖြင့်၎င်း၊

(၁၀) အင်္ဂါကိုလွှန်သော အင်္ဂသင်္ကန္တိကအားဖြင့်၎င်း၊

(၁၁) အာရုံကို လွှန်သော အာရမ္မဏသင်္ကန္တိကအားဖြင့်၎င်း၊

(၁၂) အင်္ဂါအာရုံကို လွှန်သော အင်္ဂါရမ္မဏသင်္ကန္တိကအား ဖြင့်၎င်း၊

(၁၃) အင်္ဂါကို မှတ်သော အင်္ဂဝဝတ္ထာပနအားဖြင့်၎င်း၊

(၁၄) အာရုံကို မှတ်သော အာရမ္မဏဝဝတ္ထာပနအားဖြင့်၎င်း၊ ဤ တဆယ့်လေးပါး ကုန်သော အခြင်းအရာတို့ဖြင့် စိတ်ကိုဆုံးမအပ်၏။

ထိုတဆယ့်လေးပါးတို့တွင်(၁) **"ကသိုဏ်းတို့၏အစဉ်အတိုင်း အနုလုံအားဖြင့်"** ဆိုသည်ကား အဘယ်နည်း။····(လ) ··· (၁၄)**"အာရုံကို မှတ်သောအားဖြင့်"**ဆိုသည်ကား အဘယ်နည်း ဟူမူ—

၃၆၆။ (၁) ဤသာသနာတော်၌ ရဟန်းသည် ပထဝီကသိုဏ်း၌ ဈာန်လေးပါးတွင် တပါးပါးသောဈာန်ကို ဝင်စား၏၊ ထိုနောက် အာပေါကသိုဏ်း၌ ဈာန်တပါးပါးကို ဝင်စား ၏၊ ဤသို့ ကသိုဏ်းအစဉ်အားဖြင့် ရှစ်ပါးသော ကသိုဏ်းတို့၌ အကြိမ်အရာသော်၎င်း, အကြိမ်အထောင် သော်၎င်း ဈာန်ဝင်စား၏၊ ဤကား ကသိုဏ်းအစဉ် ဖြစ် သော ကသိဏာနုလောမ မည်၏။

(၂) ဒြဒါတကသိုဏ်းမှစ၍ ထို့အတူ နောက်ပြန်အားဖြင့် အစဉ်အတိုင်း ဈာန်ဝင်စားမှုသည် ကသိုဏ်းအစဉ် ပြန်သော ကသိဏပဋိလောမ မည်၏။

(၃) ပထဝီကသိုဏ်းမှစ၍ ဩဒါတကသိုဏ်းတိုင်အောင်၎င်း, ဩဒါတကသိုဏ်းမှစ၍ ပထဝီကသိုဏ်းတိုင်အောင်၎င်း အစဉ်သဖြင့် ရှေ့တိုးနောက်ဆုတ် အပြန်ပြန် အလှန်လှန် ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှုသည် ကသိုဏ်းတို့၏ အနုလုံ ပဋိလုံဖြစ်သော ကသိဏာနုလောမ ပဋိလောမ မည်၏။

(၄) ပဌမဈာန်ကစ၍ နေဝသညာ နာသညာယတနဈာန် တိုင်အောင် အစဉ်အတိုင်း ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှုသည် ဈာန်အစဉ်ဖြစ်သော ဈာနာနုလောမ မည်၏။

(၅) နေဝသညာ နာသညာယတန ဈာန်ကစ၍ ပဌမဈာန် တိုင်အောင် နောက်ဆုတ် ပြန်သောအားဖြင့် ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှုသည် ဈာန်တို့၏ အစဉ်ပြန်သော ဈာနပဋိလောမ မည်၏။

(၆) ပဌမဈာန်ကစ၍ နေဝသညာ နာသညာယတနဈာန် တိုင်အောင်၎င်း, နေဝသညာ နာသညာယတန ဈာန်ကစ၍ ပဌမဈာန်တိုင်အောင်၎င်း အစဉ်သဖြင့် အပြန်ပြန် အလှန်လှန် ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှုသည် ဈာန်တို့၏ အနုလုံ ပဋိလုံ ဖြစ်သော ဈာနာနုလောမ ပဋိလောမ မည်၏။

(၇) ပထဝီကသိုဏ်း၌ ပဌမဈာန်ကို ဝင်စားပြီး၍ ထို ကသိုဏ်း၌ပင် တတိယဈာန်ကို ဝင်စား၏၊ ထိုနောက် ထိုတတိယ ဈာန်မှထပြီးလျှင် ထိုပထဝီကသိုဏ်းကိုခွါ၍ အာကာသာနဉ္စာ-ယတန ဈာန်ကို ဝင်စား၏၊ ထိုနောက် အာကိဉ္စညာယတန ဈာန်ကို ဝင်စား၏၊ ဤသို့ ကသိုဏ်းစဉ်မပျက် ဈာန်တခုခြား တခုခြား အဖြစ်ဖြင့် ဝင်စားမှုသည် ဈာန်အစဉ်ကို ခုန်ကျော်သော ဈာနုက္ကန္တိက မည်၏၊ ဤသို့လျှင် အာပေါကသိုဏ်းစသည် မှလ ရှိသည်တို့၌လည်း ယှဉ်ခြင်းကို ပြုအပ်၏။

(၈) ပထဝီကသိုဏ်း၌ ပဌမဈာန်ကို ဝင်စားပြီး၍ တဖန် ထိုပဌမဈာန်ကိုပင် တေဇောကသိုဏ်း၌ ဝင်စား၍ ထိုနောက် နီလကသိုဏ်း၌၎င်း, ထိုနောက် လောဟိတကသိုဏ်း၌၎င်း ထို ပဌမဈာန်ကိုပင်လျှင် ဝင်စား၏၊ ဤနည်းဖြင့် ဈာန်စဉ်မပျက် မခုန် မကျော်မူ၍ ကသိုဏ်းကိုသာ တခြား တခြား ဝင်စားမှုသည် ကသိုဏ်းစဉ်ကို ခုန်ကျော်သော ကသိဏုက္ကန္တိက မည်၏။

(၉) ပထဝီကသိုဏ်း၌ ပဌမဈာန်ကို ဝင်စားပြီး၍ ထိုနောက် တေဇောကသိုဏ်း၌ တတိယဈာန်ကို ဝင်စား၏၊ နီလကသိုဏ်းကို ခွါ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၏၊ လောဟိတ ကသိုဏ်းမှ အာကိဉ္စညာယတနဈာန်ကို ဝင်စား၏၊ ဤနည်းဖြင့် ဈာန်တခြား တခြား ဝင်စားမှုသည်၎င်း, ကသိုဏ်း တခြား တခြား စီးဖြန်းမှုသည်၎င်း ဈာန်ကသိုဏ်းအစဉ်ကို ခုန်ကျော်၍ ဝင်စားသော ဈာန-ကသိဏုက္ကန္တိက မည်၏။

(၁၀) ပထဝီကသိုဏ်းတခုတည်း၌ပင် ပဌမဈာန်ကို ဝင်စား လျက် အခြားသော ဈာန်တို့ကိုလည်း ဝင်စားမှုသည် အင်္ဂါကို လွန်သော အင်္ဂသင်္ကန္တိက မည်၏။

(၁၁) ပထဝီကသိုဏ်း၌ ပဌမ ဈာန်ကိုဝင်စား၍ အာပေါ ကသိုဏ်း....(လ)... ဩဒါတကသိုဏ်းတို့၌လည်း ပဌမ ဈာန်ကိုပင် ဝင်စား၏၊ ဤသို့ ကသိုဏ်းအားလုံး၌ပင် ဈာန် တခုတည်းကိုသာ ဝင်စားမှုသည် အာရုံကိုလွန်သော အာရမ္မဏ သင်္ကန္တိက မည်၏။

(၁၂) ပထဝီကသိုဏ်း၌ ပဌမ ဈာန်ကိုဝင်စား၍ အာပေါ ကသိုဏ်း၌ ဒုတိယဈာန်ကို၊ တေဇောကသိုဏ်း၌ တတိယဈာန်ကို၊ ဝါယော ကသိုဏ်း၌ စတုတ္ထဈာန်ကို၊ နီလကသိုဏ်းကို ခွါ၍ အာကာသာနဉ္စာ ယတနဈာန်ကို၊ ပီတကသိုဏ်းမှ ဝိညာဏဉ္စာ ယတနဈာန်ကို၊ လောဟိတကသိုဏ်းမှ အာကိဉ္စညာ ယတန ဈာန်ကို၊ ဩဒါတကသိုဏ်းမှ နေဝသညာ နာသညာ ယတန ဈာန်ကို ဝင်စား၏၊ ဤသို့ တပေါင်းတည်း အင်္ဂါအာရုံတပါးသာ

ရှိသော ဝင်စားခြင်းအားဖြင့် အင်္ဂါကိုရှင်း, အာရုံကိုရှင်း ပြောင်း ရွှေ၍ ဝင်စားမှုသည် အင်္ဂါအာရုံကိုလွန်သော အင်္ဂါရမ္မဏာ-သင်္ကန္တိက မည်၏။

(၁၃) ပဌမဈာန်၌ အင်္ဂါ ၅-ပါး၊ ဒုတိယဈာန်၌ အင်္ဂါ ၃-ပါး၊ တတိယဈာန်၌ အင်္ဂါ ၂-ပါး၊ ထို့အတူ စတုတ္ထဈာန်၊ အာကာ-သာနဉ္စာ ယတနဈာန်၊ ဝိညာဏဉ္စာ ယတနဈာန်၊ အာကိဉ္စညာ ယတနဈာန်၊ နေဝသညာ နာသညာ ယတနဈာန်တို့၌ အင်္ဂါ ၂-ပါးစီ ရှိ၏ဟု ဈာန်အင်္ဂါမျှကိုသာ ပိုင်းခြား မှတ်သားမှုသည် အင်္ဂါကိုမှတ်သော အင်္ဂါဝဝတ္ထာပန မည်၏။

(၁၄) ဤ အာရုံကား ပထဝီကသိုဏ်းတည်း။ .... (လ) .... ဤ အာရုံကား ဩဒါတကသိုဏ်းတည်းဟု အာရုံမျှကိုသာ ပိုင်းခြား မှတ်သားမှုသည် အာရုံကိုမှတ်သော အာရမ္မဏ ဝဝတ္ထာပန မည်၏။

အင်္ဂါနှင့်အာရုံ တပေါင်းတည်း မှတ်သားမှု အင်္ဂါရမ္မဏ ဝဝတ္ထာပနကိုလည်း အချို့ဆရာတို့က အလိုရှိကြကုန်၏။ သို့သော်လည်း အဋ္ဌကထာကြီးတို့၌ မပြခြင်းကြောင့် ထို အင်္ဂါအာရုံ တပေါင်း[illegible]ည်း မှတ်ခြင်းသည် ဘာဝနာ၏ လိုရင်းအကြောင်း [illegible]စစ် မဖြစ်ချေ။

[illegible]၆၇။ ဤ တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို မဆုံးမရသေးဘဲ ဈာန်အဘိညာဉ်တို့၌ အားထုတ်ဘူးသည့် ဘာဝနာ မိကာရမရှိသော ကမ္မဋ္ဌာန်း အားထုတ်စ ယောဂီပုဂ္ဂိုလ်သည် တန်ခိုး ဖန်ဆင်းနိုင်ရန်အကြောင်း မရှိ၊ ထို အာဒိကမ္မိက ပုဂ္ဂိုလ်အား ကသိုဏ်းပရိကံ ပြုဘို့ရာပင် ဝန်လေး ခဲယဉ်းလှ၏၊ လူတရာမှာ တယောက် တထောင်မှာ တယောက်လောက်သာ ဖြစ်စွမ်းနိုင်၏။

ကသိုဏ်းပရိကံ ပြုပြီး၍ ဥဂ္ဂဟနိမိတ်ထင်သော ပုဂ္ဂိုလ်အား ပဋိဘာဂနိမိတ်ဖြစ်ဘို့ရာ ဝန်လေး ခဲယဉ်း၏၊ တရာမှာ တယောက် တထောင်မှာ တယောက်လောက်သာ ပဋိဘာဂနိမိတ် ထင်နိုင်၏၊

ပဋိဘာဂနိမိတ်ထင်သော်လည်း ထိုပဋိဘာဂနိမိတ်ကို ပွါးများအားထုတ်၍ အပ္ပနာဈာန်ကို ရဘိုရာ ဝန်လေး ခဲယဉ်းပြန်၏၊ တရာမှာတယောက် တထောင်မှာတယောက်လောက်သာ ဈာန်ရနိုင်၏၊ ဈာန်ရပြီးသောသူအား တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ဆုံးမမှုသည် ဝန်လေး ခက်ခဲ၏၊ တရာမှာ တယောက် တထောင်မှာတယောက်လောက်သာဆုံးမနိုင်၏၊တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ဆုံးမပြီးသော ပုဂ္ဂိုလ်အားလည်း တန်ခိုးဖန်ဆင်းမှုသည် ဝန်လေး ခက်ခဲပြန်၏၊ တရာမှာ တယောက် တထောင်မှာတယောက်လောက်သာ တန်ခိုးဖန်ဆင်းနိုင်၏၊ တန်ခိုးဖန်ဆင်းနိုင်သော သူအားလည်း လျင်မြန်စွာ ဈာန်ဝင်စားနိုင်သော ခိပ္ပနိသန္တိက ပုဂ္ဂိုလ် ဖြစ်ဘိုရာ ခဲယဉ်းဝန်လေးပြန်၏၊ တရာမှာတယောက် တထောင်မှာ တယောက်လောက်သာ လျင်မြန်စွာ ဈာန် ဝင်စားနိုင်၏။

**ထေရမ္ဗတ္ထလိုဏ်၌** နေသော **မဟာရောဟဏဂုတ္တမထေရ်**ထံသို့ သူနာပြုစုရန် အရပ်ရပ်မှ ကြွလာကုန်သော တန်ခိုးရှိသည့် **မထေရ်သုံးသောင်း**တို့တွင် ရှစ်ဝါသာရသေးသော **အရှင်ရက္ခိတမထေရ်** ကဲ့သို့ မှတ်အပ်၏၊ အရှင်ရက္ခိတမထေရ်၏ အာနုဘော်ကို ပထဝီကသိုဏ်း နိဒ္ဒေသ၌ ပြဆိုခဲ့ပြီးပြီ၊ ထိုအရှင်ရက္ခိတ မထေရ်၏ အာနုဘော်ကို မြင်သဖြင့် မဟာရောဟဏဂုတ္တမထေရ်ကြီးက "အို ငါ့ရှင်တို့, ရှင်ရက္ခိတမထေရ်သာ အကယ်၍ မရှိခဲ့လျှင် ဆည်းကပ်လာသော နဂါးမင်းကို ဂဠုန်ဘေးရန်မှ စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်ကြကုန် ဟူ၍ ငါတို့ အားလုံး အကဲ့ရဲ့ခံကြရကုန်လတ္တံ့၊ ထို့ကြောင့် အမြဲယူဆောင်သင့်သော လက်စွဲလက်နက်ဟူသမျှကို အညစ်အကြေးမတင်အောင် သုတ်သင်၍ သာလျှင် ယူဆောင် သွားလာသင့်ပေသည်" ဟူ၍ ဆုံးမတော်မူ၏၊ ထိုသုံးသောင်းသော ရဟန်းတို့သည်လည်း မဟာရောဟဏဂုတ္တမထေရ်၏ အဆုံးအမ၌ တည်ခြင်းကြောင့် သွက်သွက်လက်လက် လျင်လျင်မြန်မြန် ဈာန်ဝင်စားနိုင်သော ခိပ္ပနိသန္တိက ပုဂ္ဂိုလ်တို့ချည်း ဖြစ်ကြကုန်၏။

ဈာန်ဝင်စား လျင်မြန်သဖြင့် ဓိပ္ပနိသန္တိက ပုဂ္ဂိုလ်ဖြစ်သော်လည်း သူတပါး၏ဘေးရန်ကို ငြိမ်းနိုင်စေဘို့ရာ ဝန်လေးခဲခက်၏၊ တချာမှာ တယောက် တထောင်မှာ တယောက်လောက်သာ စွမ်းနိုင်၏၊ ဤအရာဝယ် **စေတီယတောင်နှင့်တကွ သီဟိုဠ်ကျွန်း တခုလုံး၌၎င်း, တယူဇနာတိုင်အောင်သော သမုဒ္ဒရာ၌၎င်း ဆီမီး ပူဇော်ပွဲကြီးကို** ပြုလုပ်ကြသောအခါ မာရ်နတ်မင်းက ရှာမီးခဲမိုးကြီး ရွာစေသည်ကို ကောင်းကင်၌ မြေပြင်ကြီးအဟန် ဖန်ဆင်း ကွယ်ကာ စောင့်ရှောက်နိုင်သော မထေရ်ကဲ့သို့ မှတ်အပ်၏။

ပါရမီ အဆောက်အဦ အလွန်ကြီးမားစွာ ရှိတော်မူကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက စသော အရှင်မြတ်တို့အား ပြဆိုအပ်ပြီးသော စိတ်ကို ဆုံးမမှု ဘာဝနာအစဉ်နှင့် ကင်း၍ အရဟတ္တဖိုလ်ကို ရခြင်းဖြင့်သာလျှင် ဤတန်ခိုးဖန်ဆင်းမှုသည်၎င်း, ထိုမှတပါး ပဋိသမ္ဘိဒါ စသည် အပြားရှိသော ဂုဏ်တို့သည်၎င်း ပြည့်စုံနိုင်ကုန်၏၊ ထို့ကြောင့် လက်ကောက်စသော တန်ဆာအထူးကိုပြုလိုသော ရွှေပန်းထိမ်သည်သည် မီး၌ ပူစေခြင်း, ခတ်ခြင်း, ထုခြင်း စသည်ဖြင့် ရွှေကို နူးညံ့ ပြေပျောင်းအောင် စီရင်ပြီးမှ ပြုလုပ်သကဲ့သို့ အိုးထူး အိုးဆန်း လုပ်လိုသော အိုးထိန်းသည်သည် မြေကို ကြိတ်နယ် ထောင်းထု နူးညံ့ ပြေပျောင်းအောင် ပြုပြီးမှ အိုးခွက်ကို ပြုလုပ်သကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းကာစ ပုဂ္ဂိုလ်သည် ဤတဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ဆုံးမပြီး၍ ပြုလိုသောဆန္ဒကို ဦးစီးခေါင်းဆောင် ပြု၍ စိတ်ကို ဦးစီးခေါင်းဆောင်ပြု၍ ဝီရိယကို ဦးစီးခေါင်းဆောင်ပြု၍ ဝိမံသကို ဦးစီးခေါင်းဆောင်ပြု၍ ဝင်စားခြင်း၏ အစွမ်းဖြင့်၎င်း, အာဝဇ္ဇန စသော လေ့လာမှု ဝသီဘော်၏ အစွမ်းဖြင့်၎င်း နူးညံ့စွာ တန်ခိုးဖန်ဆင်းနိုင်လောက်အောင် အမှု၌ ခံ့မှုကိုပြုလျက် ဣဒ္ဓိဝိဓအဘိညာဉ်ရဘို့ရာ ဘာဝနာ ပွါးများမှုကို ပြုအပ်၏၊ ရှေးအကြောင်းက ပါရမီဓာတ်ခံ ဉာဏ်ရင့်သန်သော ပုဂ္ဂိုလ်သည် ကား ကသိုဏ်းတို့၌ စတုတ္ထဈာန်မျှလောက်သာ လေ့လာသော

ဝသီဘော် ရှိသည်ဖြစ်၍လည်း ပြုသင့်၏၊ တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းရာ၌ ပြုအပ်သော အကြောင်းအရာ အစီအရင်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည် "သော ဧဝံ သမာဟိတေ စိတ္တေ" စသည်ကို ဟောတော်မူလေပြီ။

၃၆၀။ ထို ဇ္ဈာနဝိဓကို ပြီးစေရာ၌ ဤ ဆိုလတ္တံ့သည်ကား ပါဠိတော် နည်းအစဉ်အတိုင်း ဖြစ်သော အဆုံးအဖြတ်ပေတည်း။

## ပါဠိတော်နှင့် အဓိပ္ပါယ်အဖွင့် နိုးရန်

**ဇ္ဈာနဝိဓ ပါဠိတော် ပါဠ်နှင့် မြန်မာပြန်ကို ထပ်မံ ဖော်ပြသည်။**

"သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဇ္ဈာနဝိဓာယ စိတ္တံ အဘိနီဟရတိ, အဘိနိန္နာမေတိ၊ သော အနေကဝိဟိတံ ဇ္ဈာနဝိဓံ ပစ္စနုဘောတိ၊ ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ။···· (လ)····"။

"ထို ပုဂ္ဂိုလ်သည် ဤသို့ စိတ်တည်ပြီးသော်၊ ထက်ဝန်းကျင် စင်ကြယ်ပြီးသော်၊ ထက်ဝန်းကျင် ဖြူစင်ပြီးသော်၊ ကိလေသာ မရှိပြီးသော်၊ကိလေသာကင်းပြီးသော်၊ နူးညံ့သော အဖြစ်သို့ ရောက်ပြီးသော်၊ အမှု၌ ခံ့ပြီးသော်၊မြဲစွာတည်ပြီးသော်၊ မတုန်မလှုပ်သောအဖြစ်သို့ ရောက်ပြီးသော် တန်ခိုးဖန်ဆင်းခြင်း ဇ္ဈာနဝိဓ အဘိညာဉ် အလို့ငှါ စိတ်ကို ရှေးရှု ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုပုဂ္ဂိုလ်သည် အထူးထူး အပြားပြား များသော တန်ခိုး ဖန်ဆင်းခြင်း ဇ္ဈာနဝိဓ အဘိညာဉ်ကို ခံစား၏၊ တယောက်တည်းသာ ဖြစ်လျက် အရာအထောင်မက များသောအပြားရှိ၏။···· (လ) ···"။

ထို ပါဠိတော်၌ "ထို ပုဂ္ဂိုလ်သည်" ဆိုသည်ကား-စတုတ္ထဈာန်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ်တည်း။

"ဤသို"ဆိုသည့်ကား–စတုတ္ထဈာန် ရခြင်းအစဉ်ကိုပြကြောင်း ဖြစ်သော ပုဒ်တည်း၊ ပဌမဈာန်ကို ရခြင်းစသော အစဉ်ဖြင့် စတုတ္ထဈာန်ကို ရ၍ဟု ဆိုလိုသည်။

"စိတ် တည်ပြီးသော်" ဆိုသည့်ကား–ဤသို့ အောက်ဈာန် သုံးပါးကိုရခြင်း အစဉ်အားဖြင့် ပြီးခြင်းသဘောရှိသော စတုတ္ထ ဈာန် သမာဓိဖြင့် ကောင်းစွာတည်ပြီးသော်။

"စိတ်" ဆိုသည့်ကား–ရူပါဝစရစိတ်ကို ဆိုသည်။

"ထက်ဝန်းကျင် စင်ကြယ်ပြီးသော်"စသော စကား၌ကား– ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းဖြင့် ထက်ဝန်းကျင် စင်ကြယ်ပြီးသော်။

ထက်ဝန်းကျင် စင်ကြယ်သည်၏အဖြစ်ကြောင့် ထက်ဝန်းကျင် ဖြူစင်ပြီးသော်၊ ပြိုးပြိုးပြက် အရောင်ထွက်ပြီးသော်ဟု ဆိုလိုသည်။

သုခ-သောမနဿ, ဒုက္ခ-ဒေါမနဿ,ဟု ဆိုအပ် ကုန်သော ရာဂ၏ အကြောင်း ဒေါသ၏ အကြောင်းတို့ကို ခွါသဖြင့် ရာဂ ဒေါသ ဟူသော ကိလေသာကို ပယ်ဖျောက် ပြီးသောကြောင့် ကိလေသာ မရှိပြီးသော်။

ရာဂ ဒေါသ ဟူသော ကိလေသာ မရှိခြင်းကြောင့် ပူပန် နှိပ်စက်တတ်သော ကိလေသာ ကင်းပြီးသော်၊ ရာဂ စသော ကိလေသာသည် ထို စိတ်ကို ပူပန်စေတတ် နှိပ်စက်တတ်၏။

ကောင်းစွာ ပွါးစေအပ်သည်၏အဖြစ်ကြောင့် နူးညံ့ပြီးသော်၊ အလေ့အလာ ဝသီဘော်အဖြစ်သို့ ရောက်ပြီးသော်ဟု ဆိုလိုသည်။

မိမိအလိုသို့ လိုက်ပါသောစိတ်ကို လေ့လာအပ်သည်၏အဖြစ် သို့ ရောက်ခြင်းဖြင့် ထက်ဝန်းကျင် ကောင်းစွာ နယ်ပြီးသော သားရေကဲ့သို့၎င်း, ကောင်းစွာ ပြုပြင်ပြီးသော ချိပ်ကဲ့သို့၎င်း နူးညံ့ပြီးဟု ဆိုအပ်၏။

နူးညံ့ပြီးသည်၏ အဖြစ်ကြောင့် တန်ခိုးဖန်ဆင်းမှု၌ ခံ့ပြီးသော်၊ တန်ခိုး ဖန်ဆင်းမှုအား လျောက်ပတ်ပြီးသော်ဟု ဆိုလိုသည်။

ကောင်းစွာလှော်ပြီး ဦးပြီးသော ရွှေကဲ့သို့ နူးညံ့သော စိတ်သည် တန်ခိုးဖန်ဆင်းခြင်းငှါခံ့၏၊ထိုနူးညံ့ခြင်း ခံ့ခြင်း နှစ်ပါးသည်လည်း သမာဓိ ဘာဝနာကို ကောင်းစွာ ပွါးစေခြင်းကြောင့် သာလျှင် ဖြစ်၏၊ ဘုရားရှင်အဘယ်သို့ဟောတော်မူအပ်သနည်း ဟူမူကား—

"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဘာဝိတံ ဗဟုလီကတံ မုဒုဉ္စ ဟောတိ ကမ္မနိယဉ္စ ယထယိဒံ ဘိက္ခဝေ စိတ္တံ"။

"အို ရဟန်းတို့, ဤ စိတ်ကို ပွါးစေအပ်သည် ရှိသော် ကြိမ်ဖန်များစွာ လေ့လာအပ်သည် ရှိသော် နူးညံ့သည့် အမှု၌ခံ့သည် ဖြစ်သကဲ့သို့ ဤအတူ အကြင်သဘောတရား ကို ပွါးအပ်သည်ရှိသော် နူးညံ့၏၊ အမှု၌ခံ့၏၊ အို ရဟန်း တို့, စိတ်မှတပါး ဤသို့သဘောရှိသော တခုသော တရား ကိုမျှလည်း ငါဘုရားသည် တွေ့မြင်တော်မမူ"ဟူ၍ မြတ်စွာ ဘုရား ဟောတော်မူ၏။

ဤ စင်ကြယ်သော အဖြစ် စသည်တို့၌ တည်သောကြောင့် "တည်ပြီးသော်"ဟု ဆိုသည်။

တည်သောကြောင့်သာလျှင် မတုန်မလှုပ်သည်၏ အဖြစ်သို့ ရောက်၏၊ မတုန်မလှုပ် တုန်လှုပ်ခြင်း ကင်းပြီးသော် ဟု ဆိုလို၏။

**တနည်း**—နူးညံ့ခြင်း အမှု၌ခံ့ခြင်း၏အဖြစ်ဖြင့်လည်း မိမိအလို၌ တည်သောကြောင့် "ဌိတေ တည်ပြီးသော်"ဟု ဆို၏။

သဒ္ဓါစသော တရားတို့ဖြင့် သိမ်းဆည်းအပ်သည်၏ အဖြစ် ကြောင့်"အာနေဉ္ဇပ္ပတ္တေ မတုန်မလှုပ်သောအဖြစ်သို့ ရောက်သည် ရှိသော်"၊ ထိုစကားမှန်၏၊ သဒ္ဓါ ယုံကြည်ခြင်းဖြင့် သိမ်းဆည်း အပ် ထောက်ပံ့အပ်သောစိတ်သည် ဆန့်ကျင်ဘက် မယုံကြည်မှု အဿဒ္ဓိယကြောင့် မတုန်မလှုပ်နိုင်၊ အားကြီးသော ဝီရိယဖြင့် သိမ်းဆည်းအပ်သော စိတ်သည် ပျင်းရိခြင်း ကောသဇ္ဇကြောင့် မတုန်မလှုပ်နိုင်၊ သတိဖြင့် ထောက်ပံ့သိမ်းဆည်း အပ်သော စိတ်သည် မေ့လျော့ခြင်း ပမာဒကြောင့် မတုန်မလှုပ်နိုင်၊ သမာဓိ ဖြင့် ထောက်ပံ့ သိမ်းဆည်းအပ်သောစိတ်သည် ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ

ကြောင့် မတုန်မလှုပ်နိုင်၊ ပညာဖြင့်ထောက်ပံ့သိမ်းဆည်းအပ်သော စိတ်သည် မသိမှုအဝိဇ္ဇာကြောင့် မတုန်မလှုပ်နိုင်၊ ဉာဏ်ဟူသော အလင်းရောင်နှင့်တကွ ဖြစ်သောစိတ်သည် ကိလေသာ အမိုက်မှောင်ကြောင့် မတုန်မလှုပ်နိုင်၊ ဤခြောက်ပါးသော တရားတို့ဖြင့် သိမ်းဆည်း ထောက်ပံ့အပ်သော စိတ်သည် မတုန်မလှုပ်သည်၏ အဖြစ်သို့ ရောက်၏၊ ဤသို့အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောစိတ်သည် အဘိညာဉ်ဖြင့် မျက်မှောက် ပြုအပ်ကုန်သော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ ဣဒ္ဓိဝိဓ-စသောအကျိုးသို့ ရှေးရှုဆောင်ခြင်းငှါ ခံ့၏။

**တနည်းကား**—စတုတ္ထဈာန်သမာဓိဖြင့် ကောင်းစွာတည်ပြီးသော် နီဝရဏတို့မှဝေးသည်၏ အဖြစ်ကြောင့် ''ထက်ဝန်းကျင်စင်ကြယ်ပြီးသော်'' ဝိတက်စသည်ကို ကောင်းစွာ လွန်သဖြင့် ''ထက်ဝန်းကျင် ဖြူစင်ပြီးသော်'' ဈာန်ရခြင်း၏ ဆန့်ကျင်ဘက်ရန်သူဖြစ်ကုန်သော အလိုဆိုး မာယာ သာဌေယျ မာန-စသည်တို့၏ မရှိခြင်းကြောင့် ''ကိလေသာ ကင်းပြီးသော်''၊အဘိဇ္ဈာ အစရှိကုန်သော စိတ်ကို ပူပန်စေတတ်သော ကိလေသာတို့၏ ကင်းစင်ခြင်းကြောင့် ''ကိလေသာ ကင်းပြီးသော်''၊ ထို နှစ်ပါးစုံကိုလည်း အနင်္ဂဏသုတ် ဝတ္ထုသုတ်ကို အစဉ်မှီးသဖြင့် သိအပ်၏။

ဝသီဘော်သို့ ရောက်သဖြင့် ''နူးညံ့စွာ ဖြစ်ပြီးသော်'' တန်ခိုး၏ အခြေခံသို့ ရောက်သဖြင့် ''တန်ခိုး ဖန်ဆင်းမှု၌ ခံ့ပြီးသော်''၊ ဘာဝနာပွါးမှု ထက်ဝန်းကျင် ပြည့်စုံသည်၏အဖြစ်ကြောင့် မြတ်သည်၏အဖြစ်သို့ ရောက်၍ တည်လတ်သော် မတုန်မလှုပ်သည်၏ အဖြစ်သို့ ရောက်ပြီးသော်၊ ''အကြင်သို့သော အခြင်း အရာအားဖြင့် မတုန်မလှုပ်သော အဖြစ်သို့ ရောက်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် တည်၏''ဟု ဆိုလိုသည်၊ ဤသို့လျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော စိတ်သည် တန်ခိုး ဖန်ဆင်းခြင်း-စသော အကျိုးသို့ ရှေးရှုဆောင်ခြင်းငှါ ခံ့၏၊အဘိညာဉ်ဖြင့် မျက်မှောက်ပြုအပ်ကုန်သော တရားတို့ကို မျက်မှောက်ပြုခြင်း၏ အခြေခံ နီးစွာသော အကြောင်းလည်း ဖြစ်၏။

၃၆၉။ "တန်ခိုး ဖန်ဆင်းခြင်း၌ စိတ်ကို ရှေးရှုဆောင်၏၊ ရှေးရှု ညွတ်စေ၏"ဟု ဆိုရာ၌ ပြည့်စုံခြင်းဟူသော အနက်ကြောင့် တန်ခိုး ဣဒ္ဓိမည်၏၊ ပြီးခြင်း ဟူသော အနက် ရခြင်း ရောက်ခြင်းဟူသော အနက်ကြောင့် ဣဒ္ဓိမည်၏ဟု ဆိုလိုသည်၊ ဖြစ်ခြင်း ရခြင်းကို ပြည့်စုံခြင်းဟု ဆိုအပ်၏၊ ထို့ကြောင့်—

"ကာမံ ကာမယမာနဿ, တဿ စေတံ သမိဇ္ဈတိ" ဟူ၍၎င်း၊

"တထာ နေက္ခမ္မံ ဣဇ္ဈတီတိ ဣဒ္ဓိ၊ ပဋိဟရတီတိ ပါဋိဟာရိယံ၊ အရဟတ္တမဂ္ဂေါ ဣဇ္ဈတီတိ ဣဒ္ဓိ၊ ပဋိဟရတီတိ ပါဋိဟာရိယံ"ဟူ၍၎င်း မြတ်စွာဘုရား ဟောတော်မူပြီ။

"ဝတ္ထုကာမကို တောင့်တသော သတ္တဝါအား လိုအပ်သော ထိုဝတ္ထုကာမသည် အကယ်၍ ပြည့်စုံအံ့"ဟူ၍၎င်း၊ ထိုမှတပါး ရဟန်းအဖြစ်ကစ၍ ရဟန်း မဂ်သို့ တိုင်အောင်သော နေက္ခမ္မတရားသည် ပြည့်စုံ တတ်သောကြောင့် တန်ခိုး ဣဒ္ဓိမည်၏၊ မိမိဆန့်ကျင်ဘက်ကို ပယ်ဖျောက်တတ်သောကြောင့် ပါဋိဟာရိယ "ပြာဋိဟာ"မည်၏၊ အရဟတ္တမဂ်သည် ပြည့်စုံတတ်သောကြောင့် တန်ခိုး ဣဒ္ဓိ မည်၏၊ ဆန့်ကျင်ဘက်ကို ပယ်ဖျောက် တတ်သောကြောင့် ပါဋိဟာရိယ "ပြာဋိဟာ" မည်၏။ ဤကား ပါဠိတော် အဓိပ္ပါယ်။

**တနည်းကား**—အကျိုးကို ဖြစ်စေတတ်သော အနက်ကြောင့် တန်ခိုး ဣဒ္ဓိ မည်၏၊တန်ခိုး ဣဒ္ဓိ ဟူသော အမည်သည် ပြည့်စုံခြင်း အကြောင်း၏ အမည်ဖြစ်၏၊ ပြည့်စုံခြင်း အကြောင်းသည်ကား လိုအပ်သော အကျိုးကို ပွါးစေတတ်သည် ဖြစ်၏၊ ဘုရားအဘယ် သို့ ဟောတော်မူသနည်း။

"အယံ ခေါ စိတ္တော ဂဟပတိ သီလဝါ ကလျာဏ-ဓမ္မော သစေ ပဏိဒဟိဿတိ၊ အနာဂတမဒ္ဓါနံ ရာဇာ

အသာ စက္ခုဝတ္တိ၊ ဇုတိယီတီ ဟိ သီလဝတော စေတော ပဏိဓိဝိသုဒ္ဓတ္တာ”ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤစိတ္တ သုကြွယ်သည် သီလနှင့် ပြည့်စုံ၏၊ အကျင့်ကောင်း ရှိ၏၊ အကယ်၍ တောင့်တလျှင် နေဝင်ဖြစ်လတ္တံ့၊ ဘဝ၌ စကြဝတေးမင်း ဖြစ်ရာ၏၊ ထိုစကား မှန်၏၊ သီလရှိသော သူအား စိတ်၏ တောင့်တခြင်းသည် စင်ကြယ်သည်၏ အဖြစ်ကြောင့် ပြည့်စုံလတ္တံ့။ ဤကား အဓိပ္ပါယ်။

## တန်ခိုး ၁၀-ပါး

**တနည်းကား**—ဤ သဘော တရားဖြင့် သတ္တဝါ တို့သည် ကြီးပွါး တိုးတက်ကုန်၏၊ ထိုကြောင့် သတ္တဝါတို့၏ တိုးတက်ကြီးပွါးကြောင်းဖြစ်သော ထို သဘောတရားသည် တန်ခိုး ဣဒ္ဓိသည်၏၊ တန်ခိုး ဣဒ္ဓိ-ဟူသည်ကား ကြီးပွါး တိုးတက် ကုန်၏၊ လွန်ကဲ ထူးမြတ်ခြင်းသို့ ရောက်ကုန်၏ဟု ဆိုလိုသည်။ ထိုတန်ခိုး ဣဒ္ဓိသည် ဆယ်ပါး အပြားရှိ၏၊ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ “ဣဒ္ဓိယောတိ ဒသ ဣဒ္ဓိယော”ဟူ၍ ဖြစ်သည်၊ တဖန်ဟောတော်မူပြန်သည်မှာ—

“ကတမာ ဒသ ဣဒ္ဓိယော–အဓိဋ္ဌာနာဣဒ္ဓိ၊ ဝိကုဗ္ဗနာ ဣဒ္ဓိ၊ မနောမယာဣဒ္ဓိ၊ ဉာဏဝိပ္ဖါရာ ဣဒ္ဓိ၊ သမာဓိဝိပ္ဖါရာ ဣဒ္ဓိ၊ အရိယာ ဣဒ္ဓိ၊ကမ္မဝိပါကဇာ ဣဒ္ဓိ၊ ပုညဝတော ဣဒ္ဓိ၊ ဝိဇ္ဇာမယာ ဣဒ္ဓိ၊ တတ္ထ တတ္ထ သမ္မာပယောဂ ပစ္စယာ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ”ဟူ၍ဖြစ်သည်။

(၁) များသည်၏ အဖြစ် စသည်ကို ဓိဋ္ဌာန်သော အဓိဋ္ဌာန ဣဒ္ဓိ တန်ခိုး၊

(၂) ရုပ်အမျိုးမျိုးကို ဖန်ဆင်းသော ဝိကုဗ္ဗနာ ဣဒ္ဓိ တန်ခိုး၊

(၃) ဈာန်စိတ်ကြောင့်ပြီးသော ကိုယ်ကိုဖြစ်စေသော မနောမယဣဒ္ဓိတန်ခိုး၊

(၄) အရဟတ္တ မဂ်ဉာဏ်၏ ပုံ့ခြင်း အဟုန်ရှိသော ဉာဏ- ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး၊

(၅) သမာဓိ၏ ပုံ့ခြင်းအဟုန်ရှိသော သမာဓိ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး၊

(၆) အရိယာ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော အရိယာဣဒ္ဓိ တန်ခိုး၊

(၇) အမှတ် မထင်သော ကံ၏ အကျိုးကြောင့် ဖြစ်သော ကမ္မဝိပါကဇ ဣဒ္ဓိ တန်ခိုး၊

(၈) လွန်ကဲသော ဘုန်းကံ ပါရမီရှိသူတို့၏ အဖြစ် ဟူသော ပုညဝတော ဣဒ္ဓိ တန်ခိုး၊

(၉) အာတပ္ပန ကျမ်းအတတ်ကြောင့် ဖြစ်သော ဝိဇ္ဇာမယ ဣဒ္ဓိတန်ခိုး၊

(၁၀) ထိုတိုကိစ္စ ကြီးငယ်တို့၌ သင့်လျော်သော ဥပါယ်တမျဉ်ဖြင့် အားထုတ်ခြင်းကြောင့် ပြီးစီးပြည့်စုံသော သမ္မာ ပယောဂ ပစ္စယ ဣဒ္ဓိတန်ခိုးဟူ၍ ဖြစ်သည်။

၃၇၀။ (၁) ထို ဣဒ္ဓိတန်ခိုး ဆယ်မျိုးတို့တွင် ပကတိ သဘော အားဖြင့် တယောက်တည်းဖြစ်လျက် အများကိုဆင်ခြင်၏၊ တရာကိုငှင်း, တထောင်ကိုငှင်း, တသိန်းကိုငှင်း နှလုံး သွင်း၍ ကိုယ်ခန္ဓာအများဖြစ်ပါစေဟု အဘိညာဉ် ဉာဏ် ဖြင့် ဆောက်တည်၏၊ ဤသို့ ဝေဘန်၍ ပြအပ်သော တန်ခိုးသည် ဆောက်တည်သည်၏ အစွမ်းဖြင့် ပြီးသော ကြောင့် **"အဓိဋ္ဌာန ဣဒ္ဓိ တန်ခိုး"** မည်၏။

၃၇၁။ (၂) အဘိညာဉ် ရပြီးသောသူသည် မိမိ၏ ပြကတေ့ သော ရုပ်ဆင်းသဏ္ဌာန်ကိုစွန့်၍ သူငယ် သဏ္ဌာန်ကိုမူ လည်း ပြ၏၊ နဂါးသဏ္ဌာန် ဆင်သဏ္ဌာန်ကိုငှင်း,.... (လ)....အထူးထူး အပြားပြား များသော စစ်သည် ဗိုလ်ပါ အပေါင်းကိုငှင်း ပြ၏ ဟူ၍ ဤသို့ လာသော တန်ခိုးသည် မိမိ၏ ပြကတေ့ရုပ်ဆင်းကို စွန့်၍ ရုပ်ဆင်း

သဏ္ဌာန် ဖောက်ပြန်သည်၏အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် ရုပ်ဆင်း သဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းသော “**ဝိကုဗ္ဗနာ ဣဒ္ဓိ တန်ခိုး**”မည်၏။

၃၇၂။ (၃) “ဤ သာသနာတော်၌ ရဟန်းသည် ဤကရဇကာယကိုယ်မှ တန်ခိုးဖြင့်ပြီးသော ရုပ်ရှိသောအဘိညာဉ်စိတ်ဖြင့် ပြီးသော တပါးသောကိုယ်ကို ဖန်ဆင်း၏”၊ ဤနည်းဖြင့်လာသောတန်ခိုးသည် ကိုယ်တွင်း၌ သီးခြားဖြစ်သော အဘိညာဉ်စိတ်ဖြင့် ပြီးသောကိုယ်ကို ပြီးစေခြင်း၏အစွမ်းဖြင့်ဖြစ်သောကြောင့် အဘိညာဉ်စိတ်ဖြင့် ပြီးသော“**မနောမယ ဣဒ္ဓိ တန်ခိုး**”မည်၏။

၃၇၃။ (၄) အရဟတ္တမဂ်ဉာဏ်ဖြစ်သည်မှ ရှေးဝိပဿနာခဏ၌၎င်း,ထို အရဟတ္တမဂ်ဉာဏ် ဖြစ်ဆဲသော ခဏ၌၎င်း အရဟတ္တ မဂ်ဉာဏ်၏ အာနုဘော်ကြောင့် ဖြစ်သော အထူးသည် “**ဉာဏဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး**” မည်၏၊ ထိုစကားမှန်၏၊—အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်းကိစ္စသည် ပြည့်စုံ၏၊ ဤသို့ အရဟတ္တ မဂ်ဉာဏ်၏ အဟုန်ရှိသော တန်ခိုးဖြစ်၏။ ·· (လ)··· အရဟတ္တ မဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်းကိစ္စသည် ပြည့်စုံ၏၊ ဤသို့ ဉာဏ ဝိပ္ဖါရ ဣဒ္ဓိတန်ခိုးဖြစ်၏၊ အရှင်ဗာကုလမထေရ်အား ဉာဏ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုးဖြစ်၏၊ အရှင်သံကိစ္စမထေရ်အား၎င်း, အရှင်ဘူတပါလမထေရ်အား၎င်း ဉာဏ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုးဖြစ်၏။

ထိုအရှင် သုံးပါးတို့တွင် **အရှင်ဗာကုလမထေရ်**သည် ငယ်စဉ်က မင်္ဂလာနေ့ဝယ် မြစ်၌ရေချိုးရာ အထိန်းမိန်းမ၏မေ့လျော့ခြင်းကြောင့် ရေထဲသို့ မျောပါသွား၏၊ ထို ဗာကုလသူငယ်ကို ငါးမျို၍ ဗာရာဏသီမြစ်ဆိပ်သို့ ရောက်လေ၏၊ ထိုအရပ်၌ ထိုငါးကို တံငါသည်တို့က ဖမ်းပြီးလျှင် ဗာရာဏသီ သူဌေးအား ရောင်း၏၊ ထို သူဌေးမက ငါးကိုမြင်လျှင်မြင်ခြင်း ချစ်သဖြင့် “ငါကိုယ်တိုင် ငါးဟင်းချက်မည်”ဟု ကြံ၍ ဝမ်းခွဲသောအခါ ငါးဝမ်းထဲ၌ ရွှေရုပ်

ကဲ့သို့အဆင်းရှိသော သူငယ်ကိုမြင်လျှင် "ငါ့မှာ သားရတနာ ရပေပြီ"ဟု နှစ်သက်ရွှင်လန်း ဝမ်းမြောက်လေ၏၊ ဤသို့ ငါးဝမ်း ထဲ၌ ရောဂါတစုံတရာမရှိ၊ပကတိကျန်းမာခြင်းသည် ပစ္စုပ္ပန်ဘဝက ဖြစ်သော အရှင်ဗာကုလ၏ ထိုအတ္တဘောဖြင့်ပင် ရလတ္တံ့သော အရဟတ္တ မဂ်ဉာဏ်၏ အာနုဘော်အားဖြင့် ဖြစ်သောကြောင့် **"ဉာဏ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး"**မည်၏။ ။(အရှင် ဗာကုလ မထေရ်၏ဝတ္ထုကို ရှုအပ်၏)။

**အရှင် သံကိစ္စ မထေရ်**အားကား ပဋိသန္ဓေ ယူနေ ကိန်း အောင်းစဉ် ကိုယ်ဝန်ဖြင့် အမိသေလွန်၏၊ထိုအလောင်းကို ထင်းပုံ ထက်သို့တင်၍ တံရှူးဝါးတို့ဖြင့် ထိုးဆွပြီး မီးသင်္ဂြိုဟ်သောအခါ တံရှူးဝါးစွန်းဖြင့် သူငယ်၏မျက်ထောင့်ကိုထိုးမိ၍ သူငယ်ငိုသံကို ကြားကြ သောကြောင့် သူငယ်မသေ, အသက် ရှင်သေး၏ဟု ထင်းပုံထက်မှ အလောင်းကိုချ၍ အမိဝမ်းကို ခွဲလျက် သူငယ်ကို ထုတ်ယူပြီးလျှင် အဘွားမအား မွေးကျွေးရန် ပေး၏၊ ထိုသူငယ် သည် အဘွားမ၏ ကျွေးမွေးပြုစုခြင်းဖြင့် အရွယ် ရောက်သော အခါ ရှင်ပြု၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တ ဖိုလ်သို့ ရောက်၏၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် ထင်းပုံထက်၌ ရောဂါ ကင်းသောအဖြစ်သည် အရှင်သံကိစ္စမထေရ်၏ **"ဉာဏ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး"**မည်၏။

ရာဇဂြိုဟ်ပြည်၌ **ဘူတပါလ သူငယ်**၏ဘခင် လူဆင်းရဲသည် နံနက်စောစောက တောသို့သွား၍ ထင်းခွေပြီးလျှင် လှည်းပေါ် သို့ ထင်းများကိုတင်လျက် မြို့နားသို့ ညနေ ပြန်ရောက်လာသော အခါ နွားတို့သည် ထမ်းပိုးကိုစွန့်၍ မြို့တွင်းသို့ဝင်ပြေးကြကုန်၏၊ ထိုသူဆင်းရဲသည် လှည်းနား၌ သားငယ်ကိုထားခဲ့၍ နွားခြေရာ ခံလိုက်ရာ မြို့ထဲသို့ရောက်သွားသဖြင့် ပြန်မထွက်မီ မြို့တံခါး ပိတ် လေ၏၊ ကြမ်းကြုတ်သော ဘီလူး သားရဲတို့ သွားလာ ကျက်စား ရာ မြို့ပြင်၌ တညဉ့်လုံး တယောက်တည်း ကျန်ရစ်နေရှာသော သူငယ်၏ ရောဂါကင်းသော အဖြစ်သည် ပြဆိုပြီးသောနည်းဖြင့် **"ဉာဏ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး"**မည်၏။ (ဝတ္ထုကို ရှု၍သိအပ်၏။)

၃၇၄။ (၅) ပဌမဈာန် စသော သမာဓိမှ ရှေး ဥပစာရ ခဏ၌ဖြင်း,နောက်သမာပတ်လေ့ကျက်သည်၏ အဆုံး၌ဖြင်း, ထို သမာပတ်ဝင်စားဆဲခဏ၌ဖြင်း ထိုထိုဈာန်၌ သမာဓိ အစွမ်းကြောင့် ဖြစ်သော အထူးသည် "**သမာဓိ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး**"မည်၏၊ ထိုစကား မှန်၏၊ "ပဌမဈာနေန နီဝရဏာနံ....(လ)....သမာဓိ ဝိပ္ဖါရ ဣဒ္ဓိ" ဟူသော စကားကို ဆိုအပ်ပြီ။

ပဌမဈာန်ဖြင့် နီဝရဏတရားတို့ကိုပယ်ခြင်းကိစ္စပြည့်စုံသောကြောင့် သမာဓိဝိပ္ဖါရ ဣဒ္ဓိတန်ခိုးမည်၏၊....(လ).... နေဝသညာ နာသညာယတန ဈာန်သမာပတ်ဖြင့် အာကိဉ္စညာယတန ပညာကို ပယ်ခြင်း ကိစ္စ ပြည့်စုံသောကြောင့် "**သမာဓိ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး**"မည်၏။

**အရှင်သာရိပုတ္တရာမထေရ်မြတ်**အား သမာဓိ ဝိပ္ဖါရ တန်ခိုး ဖြစ်၏၊ **အရှင်သဉ္ဇီဝမထေရ်,အရှင် ခါဏုကောဏ္ဍညမထေရ်, ဥတ္တရာ ဥပါသိကာ, သာမာဝတီ ဥပါသိကာ**တို့ အားလည်း **သမာဓိ ဝိပ္ဖါရ တန်ခိုး** ဖြစ်ကြကုန်၏။

ထို ပုဂ္ဂိုလ်တို့တွင် **ကပေါတ ကန္ဒရ တောကျောင်း**၌ အရှင်မဟာမောဂ္ဂလာန်နှင့် အတူ သီတင်းသုံးတော်မူသော **အရှင်သာရိပုတ္တရာ**အား လ-ရောင်ရှိသောညဉ့်တညဉ့်၌ ဆံရိတ်ပြီးစ ဦးခေါင်းပြောင်ပြောင်ဖြင့် လွင်တီးခေါင်၌ နေတော်မူစဉ်ဘီလူး ကြမ်းတကောင်သည် အဖော် ဘီလူးက တားမြစ်ပါလျက် မနေ၊ ရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို ရိုက်ပုတ်၏၊ ထို ရိုက်ပုတ်သော အသံသည် မိုးခြိမ်းသံကဲ့သို့ မြည်၏၊ ထိုအခါ၌ အရှင်သာရိပုတ္တရာမထေရ်သည် ထိုဘီလူးရိုက်သောအခိုက်၌ သမာပတ်ဝင်စား၏၊ ထို ရှင်သာရိပုတ္တရာအား မိုးကြိုးပစ်သကဲ့သို့ ပြင်းထန်စွာ ရိုက်ပုတ်ခြင်းကြောင့် တစုံတရာမနာမကျင်သောအဖြစ်သည် "**သမာဓိ ဝိပ္ဖါရ ဣဒ္ဓိတန်ခိုး**" မည်၏။ ။(ထိုဝတ္ထုသည် ဥဒါန်းပါဠိတော်၌ လာ၏။)

ကကုသန်မြတ်စွာဘုရား၏ လက်ဝဲရံ အဂ္ဂသာဝက **အရှင်သဉ္စိဝ မထေရ်** နိရောဓ သမာပတ် ဝင်စားနေတော်မူသည်ကို နွား ကျောင်းသားတို့က သေပြီထင်မှတ်၍ မြက်, ထင်း,နွားချေးစသည် တို့ကို စုရုံးပြီးမီးရှို့ကြကုန်သော်လည်း မထေရ်၏ သင်္ကန်းချည်မျှင် ကိုမျှ မီးမလောင်ခြင်းသည် အစဉ် အတိုင်း ဝင်စားအပ်သော သမာပတ်၏ အစွမ်းဖြင့်ဖြစ်သော သမာဓိ၏အာနုဘော် ပြည့်စုံ သောကြောင့်“**သမာဓိ ဝိပ္ဖါရ ဇုဒ္ဓိ တန်ခိုး**” မည်၏။ ။(ဝိသုဒ္ဓိ ကား သုတ်၌ လာသည်။)

**ခါဏု ကောဏ္ဍည မထေရ်**သည် နဂိုရ်ပကတိကပင်သမာပတ် ဝင်စားခြင်းအလေ့များ၏၊ ထိုအရှင်သည် ညဉ့်တညဉ့်၌ တော တခုတွင် ညအခါ သမာပတ် ဝင်စား၍နေ၏၊ ခိုးသား ငါးရာ တို့သည် ဥစ္စာထုပ်ကို ခိုးယူလာကြ၍ “ယခု ငါတို့နောက်သို့ လိုက်ဖမ်းသူမရှိတော့ပြီ၊ဤနေရာမှာအမောဖြေနားနေရန် ဘဏ္ဍာ ထုပ်ကိုချထားဘို့ရာ ဤ မို့မို့သည်ကား သစ်ငုတ်တည်း”ဟု မှတ် ထင်ကြကုန်သည်ဖြစ်၍ မထေရ်၏အပေါ်၌ ပါသမျှ ဥစ္စာထုပ် အားလုံးကို တင်ထားကြကုန်၏၊ ခိုးသားငါးရာတို့သည် အမော ပြေ၍ သွားကုန်အံ့ဟု လက်ဦးဆုံး ထားသော ဥစ္စာထုပ်ကို နောက်ဆုံးယူကြသောအခါ၌ ကာလအပိုင်းအခြား၏ အစွမ်းဖြင့် မထေရ်သည် ဈာန်သမာပတ်မှထ၏၊ မထေရ်၏ လှုပ်ရှားသော အခြင်းအရာကိုမြင်၍ ခိုးသားတို့သည်ကြောက်လန့်သဖြင့် အော်ကြ ကုန်၏၊ မထေရ်က–“ဒါယကာတို့, မကြောက်ကြနှင့်၊ ငါသည် ရဟန်းတည်း”ဟု ဆို၏၊ ခိုးသားတို့သည် မထေရ်ထံသို့သွား၍ ရှိခိုးကြပြီးလျှင် မထေရ်အား အလွန်ကြည်ညိုကြသဖြင့် ရဟန်းပြု၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာချည်းဖြစ်ကြကုန်၏၊ ဤဝတ္ထု၌ ဥစ္စာထုပ်ငါးရာတို့ဖြင့် ဖိထားသောမထေရ်၏ တစုံတရာ မနာ မကျင်သောအဖြစ်သည် “**သမာဓိ ဝိပ္ဖါရ ဇုဒ္ဓိ တန်ခိုး**”မည်၏။

**ပြည့်တန်းဆာမ သီရိမာ**သည် တဏှာမာန်မှ ငြိစွန်းသည်ဖြစ်၍ ပုဏ္ဏသူဌေး၏သမီး **မယ်ဥတ္တရာ**၏ ဦးခေါင်းပေါ်၌ ကျိုက်ကျိုက် ဆူသော ဆီပူဖြင့် သွန်းလောင်း၏၊ ထိုအခိုက်တွင် မယ်ဥတ္တရာက

မေတ္တာချာန်ကို ဝင်စားသောကြောင့် ပိန်းကြာဖက်မှားရေမနား
သကဲ့သို့ ဆိပ်ပူသည် ပျော့ကျသွား၏၊ ဤသို့ ဆိပ်ပူမလောင်သော
အဖြစ်သည် မယ်ဥတ္တရာ၏"**သမာဓိ ဝိပ္ဖါရ ဣဒ္ဓိ တန်ခိုး**"မည်၏။
(ဝတ္ထုကို အကျယ် ရှုအပ်၏။)

**ဥတေနမင်း**၏ မိဖုယားခေါင်ကြီးကား **သာမာဝတီ** အမည်ရှိ
၏၊ **မာဂဏ္ဍီ** ပုဏ္ဏားသည် သမီးအမှတ်ထားသော တူမ မာဂဏ္ဍီကို
မိဖုရားခေါင်ကြီးဖြစ်စေချင်သောကြောင့် သာမာဝတီ၏ စောင်း
ခွက်ထဲ၌ မြွေဟောက်ကို သွတ်သွင်းစေ၍ "အရှင် မင်းကြီး,
သာမာဝတီသည် အရှင်မင်းကြီးကို သတ်လိုသဖြင့် မြွေဟောက်ကို
စောင်းခွက်တွင်းမှာထည့်လျက် သွားလေရာရာ ယူဆောင်၏"ဟု
မာဂဏ္ဍီမိဖုရားက ဥတေနမင်းအား ဂုံးတိုက်စကား လျှောက်
ထား၏၊ ဥတေန မင်းသည် ထိုမြွေကို မြင်၍ စိတ်ဆိုးသဖြင့်
သာမာဝတီကို သတ်မည်ဟု လေးကိုတင်၍ ဆိပ်လူးမြှားကိုတပ်၏။

သာမာဝတီသည် မိမိ အခြံအရံ ငါးရာနှင့်တကွ ဥတေနမင်းကို
မေတ္တာဖြင့် ပျံ့နှံ့စေ၏၊ မင်းသည် မြှားကို ပစ်လွှတ်ခြင်းငှါ မစွမ်း
နိုင်၊ လေးကိုလည်း မချနိုင်ဘဲ တဆတ်ဆတ် တုန်လှုပ်နေ၏၊
ထို့ကြောင့် "အရှင်မင်းကြီး, ပင်ပန်းတော် မူရှာသလား"ဟု
သာမာဝတီကမေးလျှောက်သဖြင့် "ရှင်မိဖုရား, အလွန်ပင်ပန်းလှ
ပါပြီ"ဟု ဥတေနမင်းက ဆိုသောအခါ ဤသို့ဖြစ်လျှင် "လေးကို
ချတော်မူပါ"ဟု ဆိုလေသော် မြှားသည် မင်းကြီး၏ ခြေရင်း၌
အလိုလိုကျလာ၏၊ ထိုနောက် မင်းကို သာမာဝတီက "အရှင်
မင်းကြီး, မပြစ်မှားကောင်းသော သူအား မပြစ်မှားသင့်"ဟု
ဆိုဆုံးမ၏၊ ဤသို့ ဥတေနမင်း မြှားကို မလွှတ်နိုင် ခြင်းသည်
သာမာဝတီ၏ **သမာဓိ ဝိပ္ဖါရ ဣဒ္ဓိတန်ခိုး** မည်၏။

၃၇၅။ (၆) စက်ဆုပ် ရွံရှာဘွယ်စသော အာရုံတို့၌ စက်ဆုပ်
ရွံရှာဘွယ် မဟုတ်ဟု အမှတ်ရှိသည် ဖြစ်၍ နေခြင်း
စသည်ကား—"**အရိယာ ဣဒ္ဓိ တန်ခိုး**"မည်၏၊ မြတ်စွာ
ဘုရား အဘယ်သို့ ဟောတော်မူသနည်း၊ "ကတမာ
အရိယာ ဣဒ္ဓိ၊ ဣဓ ဘိက္ခု သစေ အာကင်္ခတိ,ပဋိကူလေ

အပ္ပဋိကူလသညီ ဝိဟရေယျန္တိ၊ အပ္ပဋိကူလသညီ တတ္ထ ဝိဟရတိ....(လ)....သတော သမ္ပဇာနော”ဟု ဟော တော်မူ၏။

အရိယာတို့၏ ကိုယ်ပိုင်တန်ခိုးသည် အဘယ်နည်းဟူမူ ကား–ဤ သာသနာတော်၌ ရဟန်းသည် စက်ဆုပ်အပ် သော အာရုံ၌ မစက်ဆုပ်အပ်ဟု အမှတ်ပြု၍ နေခြင်းကို နေလိုငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်ဘွယ်မဟုတ်ဟု အမှတ် ရှိသည်ဖြစ်၍နေ၏....(လ)....ထို ဣဋ္ဌ, အနိဋ္ဌ ပြားသော အာရုံ၌ အင်္ဂါ ၆-ပါးရှိသော ဥပေက္ခာဖြင့် လျစ်လျူရှု၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ အဆင် အခြင် ဉာဏ်ပညာ ရှိသည်ဖြစ်၍ နေ၏။

ထိုစကားမှန်၏၊ စိတ်ကိုအစိုးရသော အဖြစ်ကို စိတ်၏ ဝသီ ဘော်သို့ ရောက်ကုန်သော ရဟန္တာတို့အားသာလျှင် ဖြစ်သင့် သောကြောင့် အရိယာ ဣဒ္ဓိ တန်ခိုးဟူ၍ ဆိုအပ်၏၊ ထိုအရိယာ တန်ခိုးနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် စက်ဆုပ်ဘွယ်သော အလိုမရှိအပ်သော ဝတ္ထု၌ မေတ္တာနှံ့စေခြင်းကိုဇ္ဈ,ဓာတ်အစုသာ ဟု ဆင်ခြင်ခြင်းကိုဇ္ဈ ပြုလျက် မစက်ဆုပ်အပ်ဟု အမှတ်ရှိသည် ဖြစ်၍နေ၏၊ မစက်ဆုပ်အပ် အလိုရှိအပ်သော ဣဋ္ဌာရုံ၌ အသုဘ ဘာဝနာအားဖြင့် နှလုံးသွင်းခြင်းကိုဇ္ဈ ပြုလျက် “ဤရုပ်သည် မမြဲသော သဘောသာတည်း”ဟု နှလုံးသွင်းခြင်းကိုဇ္ဈ စက်ဆုပ် အပ်သော အမှတ် ရှိသည်ဖြစ်၍ နေ၏၊ ထိုမှတပါး စက်ဆုပ် အပ်သော အနိဋ္ဌာရုံ မစက်ဆုပ်အပ်သော ဣဋ္ဌာရုံတို့၌ မေတ္တာဖြင့် နှံ့ခြင်း, ဓာတ်အစုသာဟု နှလုံးသွင်းခြင်းကိုပြုလျက် စက်ဆုပ်ဘွယ် မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏၊ မစက်ဆုပ်အပ်သော ဣဋ္ဌာရုံ စက်ဆုပ်အပ်သော အနိဋ္ဌာရုံတို့၌လည်း ထို အသုဘ ဘာဝနာဖြင့်ရှုခြင်း, အနိစ္စဟု နှလုံးသွင်းခြင်းကိုပြုလျက် စက်ဆုပ် ဘွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏။

မျက်စိဖြင့် ရူပါရုံကိုမြင်၍ ဝမ်းမမြောက်၊ ဤသို့စသော နည်းဖြင့် ဆိုအပ်သော အင်္ဂါခြောက်ပါးရှိသည့် တတြ မဇ္ဈတ္တုပေက္ခာ

ဥပေက္ခာကို ဖြစ်စေလျက် စက်ဆုပ်ဘွယ်သော အနိဋ္ဌာရုံ၌၎င်း, စက်ဆုပ်ဘွယ် မဟုတ်သော ဣဋ္ဌာရုံ၌၎င်း ထိုနှစ်ပါးစုံသော သောမနဿ ဒေါမနဿကို လွှမ်းမိုးကြဉ်ဖဲ၍ သတိနှင့်ပြည့်စုံသည် ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လည်း–"ကထံ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟရတိ၊ အနိဋ္ဌသ္မိံ ဝတ္ထုသ္မိံ မေတ္တာယ ဝါ ဖရတိ၊ ဓာတုတော ဝါ ဥပသံဟရတိ" ဤသို့ အစရှိသောနည်းဖြင့် ပြဆိုခဲ့ပြီးသော အနက်ကိုသာလျှင် ဝေဘန်အပ်၏၊ အဘယ်သို့လျှင် စက်ဆုပ်ဘွယ် အနိဋ္ဌာရုံ၌ မစက်ဆုပ်ဘွယ် ဣဋ္ဌာရုံဟု အမှတ်ရှိသည် ဖြစ်၍ နေသနည်း၊ အနိဋ္ဌာရုံ၌ မေတ္တာဖြင့်မူလည်း နှံ့စေ၏၊ ဓာတ်အားဖြင့်မူလည်း ကပ်၍ဆောင်၏၊ဤသို့ ဖြစ်ခြင်းကို စိတ်၏ ဝသီဘော်သို့ ရောက်ကုန်သော အရိယာတို့အားသာလျှင် ဖြစ်သင့်သောကြောင့် အရိယာဣဒ္ဓိတန်ခိုး ဟူ၍ ဆိုအပ်၏။

၃၇၆။ (၇) ငှက်စသည်တို့၏ ကောင်းကင်၌ ပျံသွားခြင်းစသော အဖြစ်သည် ကံ၏အကျိုးကြောင့်ဖြစ်သော **ကမ္မ ဝိပါကဇ ဣဒ္ဓိ တန်ခိုး** မည်၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်းဟူမူ—

"ကတမာ ကမ္မဝိပါကဇာ ဣဒ္ဓိ၊ သဗ္ဗေသံ ပက္ခီနံ သဗ္ဗေသံ ဒေဝါနံ ဧကစ္စာနံ မနုဿာနံ ဧကစ္စာနဉ္စ ဝိနိပါတိကာနံ အယံ ကမ္မဝိပါကဇာ ဣဒ္ဓိ"။

"ခပ်သိမ်းကုန်သော ငှက်တို့၏၎င်း, ခပ်သိမ်းကုန်သော နတ်တို့၏၎င်း, အချို့သော လူတို့၏၎င်း, အချို့သော ဝိနိပါတိက အသုရာတို့၏၎င်း, ကောင်းကင်၌ ပျံသွားခြင်း စသော အဖြစ်သည် ကံ၏ အကျိုးကြောင့်ဖြစ်သော ဣဒ္ဓိ တန်ခိုး မည်၏"ဟူ၍ ဟောတော်မူပြီ။

ထိုစကားမှန်၏–ခပ်သိမ်းကုန်သော ငှက်တို့အား ဈာန်လည်း မရဘဲ၊ ဝိပဿနာလည်းမရှိဘဲ ကောင်းကင်၌ ပျံသွားနိုင်ကြ၏။ ထို့အတူ ခပ်သိမ်းသောနတ်တို့သည်၎င်း,ကမ္ဘာဦးသူ အချို့သော

လူတို့သည်ငှင်း ကောင်းကင်၌သွားနိုင်ကြ၏၊ ထို့အတူ **ဝိယကာရ**၏ အမိ **ဘီလူးမ** သည်ငှင်း, **ဥတ္တရ**၏ အမိ **ဖုဿမိတ္တာ** မည်သော **မမ္မဂုတ္တာဘီလူးမ** သည်ငှင်း ဤသို့ အစရှိသော ဝိနိပါတိက အသုရာ တို့၏ ကောင်းကင်၌ သွားနိုင်ခြင်းသည် **ကမ္မ ဝိပါကဇ တန်ခိုး** မည်၏။

၃၇၇။ (ဂ) စကြဝတေးမင်း စသော လူတို့၏ ကောင်းကင်၌ သွားလာနိုင်ခြင်း စသော တန်ခိုးသည် **ပုညဝတ ဣဒ္ဓိ** ခေါ်သော ဘုန်းကံ ကြီးမားသောသူ၏ တန်ခိုး မည်၏၊ အဘယ်သို့ ဟော တော်မူသနည်း ဟူမူ—

"ကတမာ ပုညဝတော ဣဒ္ဓိ၊ ရာဇာ စက္ကဝတ္တီ ဝေဟာသံ ဂစ္ဆတိ သဒ္ဓိံ စတုရင်္ဂိနိယာ သေနာယ အန္တမသော အဿဗန္ဓ ဂေါဗန္ဓ ပုရိသေ ဥပါဒါယ၊ ဇောတိကဿ ဂဟပတိဿ ပုညဝတော ဣဒ္ဓိ၊ ဇဋိလဿ ဂဟပတိဿ ပုညဝတော ဣဒ္ဓိ၊ ဃောသကဿ ဂဟပတိဿ ပုညဝတော ဣဒ္ဓိ၊ မေဏ္ဍကဿ ဂဟပတိဿ ပုညဝတော ဣဒ္ဓိ၊ ပဉ္စန္နံ မဟာပုညာနံ ပုညဝတော ဣဒ္ဓိ"။

**စကြဝတေး** မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည် နှင့်တကွ ယုတ်စွအဆုံး မြင်းထိန်း, နွားထိန်းပါမကျန် ဆောင်ယူ၍ ကောင်းကင်၌ သွား၏၊ **ဇောတိကသူဌေး**၏ တန်ခိုးသည် ပုညဝတဣဒ္ဓိ မည်၏၊ **ဇဋိလသူဌေး**၏ တန်ခိုး သည် ပုညဝတဣဒ္ဓိ မည်၏၊ **ဃောသကသူဌေး**၏ တန်ခိုး သည် ပုညဝတဣဒ္ဓိ မည်၏၊ **မေဏ္ဍကသူဌေး**၏ တန်ခိုး သည် ပုညဝတဣဒ္ဓိ မည်၏၊ ဘုန်းကံ ကြီးသူ ငါးဦးတို့၏ တန်ခိုးသည် ပုညဝတဣဒ္ဓိ မည်၏ ဟူ၍ ဟောတော်မူ၏။

မှတ်ဘွယ် လိုရင်း အကျဉ်းချုပ်ကား—ကုသိုလ် ကောင်းမှု ဟူသော အကြောင်းသည် ရင့်ခြင်းသို့ ရောက်လတ်သော် ပြီးစီးပြည့် စုံသော အကျိုးထူးသည် ပုညဝတ ဣဒ္ဓိ မည်၏၊ သူဌေးကြီးတို့တွင် **ဇောတိကသူဌေး**၏ မြေကိုခွဲ၍ **ပဒ္မမြားပြာသာဒ်** ပေါက်ခြင်း,

**ပဒေသာခြောက်ဆယ့်လေးပင်** ပေါက်ခြင်းသည်ပုညဝတဇွိဒ္ဓိ မည်၏၊ **ဇဋိလသူဌေး**အား အတောင်ရှစ်ဆယ် မြင့်သော **ရွှေတောင်** ပေါက်ခြင်းသည် ပုညဝတ ဣဒ္ဓိ မည်၏၊ **ဃောသကသူဌေး** အား ခုနစ်ဌာနတို့၌ သေအောင်ပြုသော်လည်း နာကျင်ခြင်းမျှ မရှိသော အဖြစ်သည် ပုညဝတ ဣဒ္ဓိ မည်၏၊ **မေဏ္ဍကသူဌေး**အား တပယ် လောက် ကျယ်သော အရပ်၌ ရတနာခုနစ်ပါးဖြင့် ပြီးသော **ဆိတ်ရုပ်**တို့ ပေါ်ပေါက်လာသော အဖြစ်သည် ပုညဝတ တန်ခိုး မည်၏။

## ဘုန်းကံကြီးသူ ၅-ဦး

ဘုန်းကံကြီးသူ ငါးဦးကား—

(၁) မေဏ္ဍက သူဌေး၊
(၂) သူဌေးကတော် စန္ဒပဒုမသိရီ၊
(၃) သား ဓနဥ္စယ သူဌေး၊
(၄) ချွေးမ သုမနဒေဝီ၊
(၅) ကျွန်ရင်း မောင်ပုဏ္ဏတို့တည်း။

(၁) ထိုဘုန်းကံကြီးသူ ငါးဦးတို့တွင် **မေဏ္ဍက သူဌေးသည်** ဦးခေါင်းဆေးပြီးလျှင် ကောင်းကင်သို့ မော်ကြည့်သောအခါ၌ ကောင်းကင်မှ နိုသော **သလေးစပါးမိုးယ်း** ရွာသဖြင့် **တသောင်း နှစ်ထောင် ငါးရာသော ကျီတို့သည်** ပြည့်ကုန်၏။

(၂) သူဌေးကတော် **စန္ဒပဒုမသိရီ**သည် **ဆန်တပြည်ချက်မျှ သော ထမင်း**ကိုယူ၍ ဇမ္ဗူဒိပါတကျွန်းလုံးရှိ လူတို့ကို ကျွေးမွေး သော်လည်း ထမင်း မကုန်နိုင်။

(၃) **သား ဓနဥ္စယ သူဌေးသည် ငွေတထောင်အိတ်**ကို ကိုင်၍ ဇမ္ဗူဒိပ်တကျွန်းလုံးရှိ လူတို့အား ပေးဝေသော်လည်း ငွေ မကုန်နိုင်။

(၄) **ချွေးမ သုမနဒေဝီသည် စပါးတတောင်းကို** ယူ၍ ဇမ္ဗူဒိပ်ကျွန်းသူ လူအားလုံးကို ပေးငြားသော်လည်း စပါး မကုန်နိုင်။

(၅) ထယ်တချောင်းဖြင့် ထွန်သော ကျွန်**မောင်ပုဏ္ဏ**၏ လက်ဝဲဘက်မှ ခုနစ်ကြောင်း လက်ျာဘက်မှ ခုနစ်ကြောင်း ဤသို့ **ထွန်ကြောင်းဆဲ့လေးခု** ဖြစ်ကုန်၏၊ ဤအံ့ဘွယ်သည် ထိုဘုန်းရှင် ကံရှင် ငါးဦးတို့၏ ပုညဝတ ဣဒ္ဓိ မည်၏။

၃၇၀။ (၉) ဝိဇ္ဇာဓိုရ်စသည်တို့၏ ကောင်းကင်၌ ပျံသွားခြင်း စသော တန်ခိုးသည် အတတ်ပညာကြောင့် ဖြစ်သော တန်ခိုးမည်၏။ အဘယ်သို့ ဟောတော်မူသနည်းဟူမူ—

"ကတမာ ဝိဇ္ဇာမယာဣဒ္ဓိ၊ ဝိဇ္ဇာဓရာ ဝိဇ္ဇံ ပရိဇပ္ပေတွာ ဝေဟာသံ ဂစ္ဆန္တိ၊ အာကာသေ အန္တလိက္ခေ ဟတ္ထိမ္ပိ ဒဿေန္တိ....(လ)....ဝိဝိဓမ္ပိသေနာဗျူဟံ ဒဿေန္တိ"။

ဝိဇ္ဇာဓိုရ်တို့သည် ဂန္ဓာရီစသော မန္တန် မန္တရားကို မန်းမှုတ်သော အစဉ်ဖြင့်ရွတ်၍ ကောင်းကင်သို့ သွားကုန်၏၊ ကောင်းကင်၌ ဆင်ကိုလည်း ပြကုန်၏····(လ)···· အထူးထူး အပြားပြား များသော စစ်သည်အပေါင်းကို လည်း ပြကုန်၏ဟူ၍ ဟောတော်မူပြီ။

၃၇၉။ (၁၀) ထိုထိုသို့သော အခြင်းအရာဖြင့် သင့်လျော်သော အားထုတ်ခြင်းကြောင့် ထိုထိုအလိုရှိအပ်ပြီးစေအပ်သော အမှု၏ လိုတိုင်းပြည့်စုံခြင်းသည် "**တတ္ထ တတ္ထ သမ္မာ ပယောဂ ပစ္စယ**"တန်ခိုးမည်၏၊ အဘယ်သို့ ဟောတော် မူသနည်းဟူမူ—

"နေက္ခမ္မေန ကာမစ္ဆန္ဒဿ ပဟာနဋ္ဌော ဣဇ္ဈတီတိ တတ္ထ တတ္ထ သမ္မာ ပယောဂ ပစ္စယာ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ....(လ)....ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ"။

ပဌမဈာန်ဖြင့် ကာမစ္ဆန္ဒကို ပယ်ခြင်း၏ ပြည့်စုံခြင်း ကြောင့် တတ္ထ တတ္ထ သမ္မာ ပယောဂ ပစ္စယ တန်ခိုး မည်၏၊....(လ)....အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေ သာကိုပယ်သောအဖြစ်၏ ပြည့်စုံခြင်းကြောင့် တတ္ထ ကတ္ထ သမ္မာ ပယောဂပစ္စယ တန်ခိုးမည်၏ဟူ၍ ဟောတော် မူ၏။

ဤ ဒသမ ဇ္ဈာန် နိဒ္ဒေသသည်လည်း ပဋိပတ်ဟု ဆိုအပ်သော သမ္မာပယောဂကိုပြသည်၏ အစွမ်းဖြင့် ဧရး သမာဓိ ဝိပ္ပာရာ ဇ္ဈာန် စသည်တို့၏ နိဒ္ဒေသ ပါဠိနှင့် တူသည်သာတည်း။ အထူးကား အဋ္ဌကထာ၌ သကာဋ္ဌမှုပြုဟာ,စက္ကမှုပြုဟာ,ပဒုမမှုပြုဟာ-စသည်တို့ကို စီရင်သောအားဖြင့် တစုံတရာ အမှတ်မရှိသော စစ်ဆင်ခြင်း အတတ် ဂဏန်းအတတ်စသော အမှုသည်ငင်း, ဆေးသွားအတတ် တစုံတရာသည်ငင်း, ဗေဒင်သုံးပုံးတို့ကို သင်ကြားတတ်မြောက် ခြင်းသည်ငင်း, ပိဋကတ်သုံးပုံကို သင်ကြား တတ်မြောက်ခြင်း သည်ငင်း ယုတ်စွအဆုံး လယ်ထွန်ခြင်း စိုက်ပျိုးခြင်းတို့ကို အစပြု၍ ထိုထို အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်သဖြင့် ပြီးစီးပြည့်စုံသော အကျိုးထူးသည် **“တတ္ထ တတ္ထ သမ္မာ ပယောဂ ပစ္စယာ ဇ္ဈန္နဋ္ဌေန ဇ္ဈာန်”**မည်၏ဟု လာ၏။

ဤသို့ သဘောရှိသော တန်ခိုးဆယ်ပါးတို့တွင် ဇ္ဈာန်ဝိဓာယ-ဟူသောပုဒ်၌ အဓိဋ္ဌာန ဇ္ဈာန်တန်ခိုးသာလျှင်လာ၏၊ သို့သော်လည်း ဤဇ္ဈာန်ဝိဓအရာ၌ ဝိကုဗ္ဗန ဇ္ဈာန်တန်ခိုး၊ မနောမယ ဇ္ဈာန် တန်ခိုး တို့ကိုလည်း အလိုရှိအပ်သည်သာတည်း။

၃၇၀။ “တန်ခိုး ဖန်ဆင်းခြင်းငှါ” ဟူသည်ကား–တန်ခိုးအဘို့ အစုအလို့ငှါ၊ဝါ-အထူးထူး အပြားပြား များသော တန်ခိုး အလို့ငှါ-ဟု ဆိုလိုသည်။

“စိတ်ကို ရှေးရှုဆောင်၏, ရှေးရှုညွတ်စေ၏”ဆိုသည်ကား– အကြင် ရဟန်းသည် ဆိုအပ်ပြီးသော တဆယ့်လေးပါးအပြားဖြင့် စိတ်ကိုဆုံးမခြင်း သမာဟိတေ-စသော ရှစ်ပါးအပြား၏အစွမ်းဖြင့် ထို စတုတ္ထဈာန်စိတ်သည် အဘိညာဉ်၏အခြေခံ ပဒဋ္ဌာန်ဖြစ်သည် ရှိသော် ဇ္ဈာန်ဝိဓ အစရှိသော အဘိညာဉ်ကိုရခြင်းငှါ ပရိကံစိတ်ကို ရှေးရှုဆောင်၏၊ ကသိုဏ်းအာရုံမှ ဖဲခွါ၍ တန်ခိုးဖန်ဆင်းခြင်းသို့ ရှေးရှုစေလွှတ်၏။

“ရှေးရှုညွတ်စေ၏” ဟူသည်ကား–ရလတ္တံ့သော တန်ခိုးသို့ ညွတ်သည်ကို တန်ခိုးသို့ ကိုင်းရှိုင်းသည်ကို ပြု၏ ဆိုလိုသည်။

"ထိုပုဂ္ဂိုလ်" ဟူသည်ကား-ဤသို့ ပြုအပ်ပြီးသော စိတ်ကို ရှေးရှုဆောင်ခြင်းရှိသော ထိုရဟန်းတည်း။

"အထူးထူး အပြားပြားများသော" ဟူသည်ကား-တပါးမက အထူးထူး အထွေထွေများသော အပြားရှိသော ဆိုလို၏၊ "ဇ္ဈာဝိဓ အဘိညာဉ်ကို" ဟူသည်ကား-တန်ခိုးအဘို့ အစုကို ဆိုလို၏၊ "ခံစား၏" ဟူသည်ကား-ဝင်စား၏၊ တွေ့၏၊ မျက်မှောက်ပြု၏၊ ရောက်၏-ဟူသော အနက်အဓိပ္ပါယ်သာတည်း။

ယခုအခါ၌ ထို အဘိညာဉ်တန်ခိုး၏ တပါးမက များသော အပြားရှိသည်၏အဖြစ်ကို ပြလိုသည်ဖြစ်၍ "တယောက်တည်းသာ ဖြစ်လျက်" စသည်ကို ဆို၏၊ ထို စကား၌ "တယောက်တည်း ဖြစ်လျက်" ဟူသည်ကား-တန်ခိုးအဘိညာဉ်ကိုပြုသည်မှ ရှေးဦးက ပကတိသဘောအားဖြင့် တယောက်တည်းသာဖြစ်၍ ဆိုလိုသည်။ "များသော အပြားရှိ၏" ဟူသည်ကား-မိမိဖန်ဆင်းအပ်သော အများတို့၏ အနီး၌ စင်္ကြံသွားလိုသည်၎င်း, သရဇ္ဈာယ်ခြင်း ပြုလိုသည်၎င်း,ပုစ္ဆာမေးလိုသည်၎င်း, ဖြစ်၍ တရာသော်၎င်း,တထောင်သော်၎င်း ဖြစ်၏၊ အဘယ့်ကြောင့် ဤတန်ခိုးဖြစ်သနည်း ဟူမူကား-တန်ခိုး၏ဖြစ်ရာ ဘုံလေးပါးတို့ကို၎င်း, အခြေလေးပါးတို့ကို၎င်း ဆန္ဒ-စသော အကြောင်းရှစ်ပါးတို့ကို၎င်း, မူလပဒ တဆယ့်ခြောက်ပါးတို့ကို၎င်း, ပြည့်စုံစေ၍ ဉာဏ်ဖြင့်ဆောက်တည်သည့် အဖြစ်ကြောင့် ဖြစ်၏။

၃၇၁။ ထိုပြည့်စုံစေအပ်သော အကြောင်းတို့တွင် "တန်ခိုး၏ ဖြစ်ရာ ဘုံလေးပါး" ဟူသည်ကား-ဈာန်လေးပါးတို့ကို သိအပ်ကုန်၏၊ ထိုစကားမှန်၏၊ တရားစစ်သူကြီး အသျှင်သာရိပုတ္တရာသည်—

ဇ္ဈာဘူမိယော ကတမာ စတဿော ဘူမိယော၊ဝိဝေကဇာဘူမိ ပဌမံ ဈာနံ, ပီတိသုခဘူမိ ဒုတိယံ ဈာနံ, ဥပေက္ခာသုခဘူမိ တတိယံ ဈာနံ, အဒုက္ခမသုခဘူမိ စတုတ္ထံ ဈာနံ၊ ဇ္ဈာဘူမိယော ဇ္ဈာမာ စတဿော ဘူမိယော ဇ္ဈာလာဘာယ ဇ္ဈာပဋိလာ-

ဘာဝယ ဇ္ဈဒ္ဓိဝိကုဗ္ဗနတာယ ဇ္ဈဒ္ဓိဝိသဝိတာယ ဇ္ဈဒ္ဓိဝသိ-
တာယ ···(လ)···ဇ္ဈဒ္ဓိဝေသာရဇ္ဇာယ သံဝတ္တန္တိ"။

တန်ခိုး၏ဖြစ်ရာ ဘုံလေးပါးတို့သည် အဘယ်နည်း ဟူမူကား၊ ဝိဝေကဇ ဘူမိ မည်သော ပဌမဈာန်၎င်း, ပီတိ သုခ ဘူမိ မည်သော ဒုတိယဈာန်၎င်း, ဥပေက္ခာ သုခ ဘူမိ မည်သော တတိယဈာန်၎င်း, အဒုက္ခ မ သုခ ဘူမိ မည်သော စတုတ္ထဈာန်၎င်း တန်ခိုး၏ဖြစ်ရာဘုံ ဤဈာန် လေးပါးတို့သည် တန်ခိုးအဘိညာဉ်ကို ရခြင်းငှါ, တန်ခိုး အဘိညာဉ်ကို အဖန်တလဲလဲ ရှုခြင်းငှါ, တန်ခိုးဖြင့် အထူး ထူးသောရုပ်ကို ဖန်ဆင်းပြုလုပ်ခြင်းငှါ, တန်ခိုးဖြင့် အထူး ထူးသော အာနိသင်ကို ပွါးစေခြင်းငှါ, တန်ခိုး၏ ခိပ္ပနိသန္တိ စသောအဖြစ်ကို ဆောင်ရာ၌ ဝသီဘော်ရှိခြင်းအကျိုးငှါ, တန်ခိုး၌ ရွံ့ရှားခြင်းကင်း၍ ရဲရင့်ခြင်းအကျိုးငှါ ဖြစ်ကုန်၏- ဟူသောစကားကို ဆိုအပ်ပြီ။

ဤဈာန်လေးပါးတို့တွင် ရှေ့ဈာန်သုံးပါးတို့ကို ပီတိဖြင့် နှံ့စေခြင်းကြောင့်၎င်း, သုခဖြင့် နှံ့စေခြင်းကြောင့်၎င်း, ဈာန် ချမ်းသာနှင့်တကွဖြစ်သော သညာသို့၎င်း, ယှဉ်ဖော် ယှဉ်ဘက်နှင့် တကွဖြစ်သော လဟုကသညာသို့၎င်း သက်ဝင်၍ ပေါ့သော နူးညံ့သောအမှု၌ ခံ့သောကိုယ်ရှိသည်ဖြစ်၍ တန်ခိုးသို့ ရောက်၏၊ ထို့ကြောင့် ဤပရိယာယ်ဖြင့် တန်ခိုးအဘိညာဉ်ရခြင်းငှါ ဖြစ်ခြင်း ကြောင့် ပကတိဘုံ၏တည်ရာဖြစ်သော သမ္ဘာရဘုံတို့ ဟူ၍ သိအပ် ကုန်၏၊ စတုတ္ထဈာန်သည်ကား တန်ခိုးအဘိညာဉ်ကို ရခြင်းငှါ ပကတိဘုံပင်တည်း။

၃၀၂။ "အခြေလေးပါး" ဟူသောစကားဖြင့် ဇ္ဈဒ္ဓိပါဒ်လေးပါး တို့ကို သိအပ်ကုန်၏၊ ထိုစကားမှန်၏—

"ဇ္ဈဒ္ဓိယာ ကတမေ စတ္တာရော ပါဒါ၊ ဣဓ ဘိက္ခု ဆန္ဒ သမာဓိ ပဓာန သင်္ခါရသမန္နာဂတံ ဇ္ဈဒ္ဓိပ္ပါဒံ ဘာဝေတိ၊ ဝီရိယ စိတ္တ ဝီမံသာ သမာဓိ ပဓာန သင်္ခါရသမန္နာဂတံ

ဇဗ္ဗိပ္ပါဒံ ဘာဝေတိ၊ ဇဗ္ဗိယာ ဇမေ စတ္တာရော ပါဒါ ဇဗ္ဗိလာဘာယ ဇဗ္ဗိဝေသာရဇ္ဇာယ သံဝတ္တန္တိ"။

"တန်ခိုး၏ လေးပါးကုန်သော အခြေပါဒတို့သည် အဘယ်နည်းဟူမူကား—ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒလွန်ကဲသော သမာဓိ မြတ်သောလုံ့လနှင့် ပြည့်စုံသော ဇဗ္ဗိပါဒ်ကို ပွါးစေ၏၊ ဝီရိယလွန်ကဲသော သမာဓိ, စိတ်လွန်ကဲသော သမာဓိ, ပညာလွန်ကဲသော သမာဓိ မြတ်သောလုံ့လနှင့် ပြည့်စုံသော ဇဗ္ဗိပါဒ်ကို ပွါးစေ၏၊ တန်ခိုး ဇဗ္ဗိ၏အခြေ ဇဗ္ဗိပါဒ် ဤလေးပါးတို့သည် တန်ခိုး အဘိညာဉ်ကို ရခြင်းငှါ....(လ)....တန်ခိုး၌ ရှုံရှားခြင်း ကင်း၍ ရဲရင့်ခြင်းအကျိုးငှါ ဖြစ်ကုန်၏"ဟူ၍ ဟောတော်မူပြီ။

ဤပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဆန္ဒလျှင် အကြောင်းရင်းရှိသော ဝါ-ဆန္ဒလွန်ကဲသော သမာဓိသည် ဆန္ဒသမာဓိ မည်၏၊ ဆန္ဒသမာဓိ ဟူသော ဤအမည်သည် ပြုလိုသောဆန္ဒကို အကြီးအမှူး ပြု၍ ရအပ်သော သမာဓိ၏ အမည်တည်း၊ မြတ်သည် ဖြစ်၍ ဖြစ်ကုန်သော လုံ့လတို့ကို ပဓာနသင်္ခါရ ဟု ခေါ်သည်၊ ဤပဓာနသင်္ခါရ ဟူသော အမည်သည် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းစသော ကိစ္စလေးပါးကို ပြီးစေတတ်သော သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ၏ အမည်တည်း။

"ပြည့်စုံသော"ဟူသည်ကား—ဆန္ဒလွန်ကဲသော သမာဓိနှင့်၎င်း, မြတ်သောလုံ့လတို့နှင့်၎င်း ပြည့်စုံသော-ဟု ဆိုလိုသည်။ "တန်ခိုး၏အခြေ ဇဗ္ဗိပါဒ်"ဟူသည်ကား—ပြီးစီးခြင်း၏ ပရိယာယ် ဖြစ်သော ပြည့်စုံခြင်း အနက်အားဖြင့်၎င်း, ဤအခြေဖြင့် သတ္တဝါတို့သည် ပြီးစီးပြည့်စုံတတ်ကုန်၏၊ ပွါးစီးကြီးမြင့်ကုန်သည်၊ လွန်ကဲထူးမြတ်သောအဖြစ်သို့ ရောက်သည် ဖြစ်ကုန်၏၊ ဤသို့သော ပရိယာယ်အားဖြင့်၎င်း တန်ခိုး-ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်သော အဘိညာဉ်စိတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သော ဆန္ဒလွန်ကဲသောသမာဓိ မြတ်သောသမ္မပ္ပဓာန် လုံ့လတို့၏ တည်ရာဖြစ်သော

သဘောအားဖြင့် အခြေခံဖြစ်၍ ဖြစ်သော ကြွင်းသော စိတ် စေတသိက် တရားအစုကို ဆိုလိုသည်။

ထိုစကားမှန်၏— ''ဣဒ္ဓိပါဒေါတိ တထာဘူတဿ ဝေ-ဒနာက္ခန္ဓော....(လ)....ဝိညာဏက္ခန္ဓော''ဟူ၍ ဆိုအပ်ပြီ၊ တန်ခိုး၏ အခြေ ဣဒ္ဓိပါဒ်ဟူသည် ထိုဆိုအပ်ပြီးသော အပြားဖြင့် ဖြစ်သော ပုဂ္ဂိုလ်၏ ဝေဒနာက္ခန္ဓာသည်ငှင်း ····(လ)····ဝိညာဏက္ခန္ဓာ သည်ငှင်း၊ တနည်းကား–ဤဆန္ဒစသော အကြောင်းတရားဖြင့် လိုအပ်သောတန်ခိုးသို့ ရောက်အပ်၏၊ ထို့ကြောင့် ထိုအကြောင်း တရားသည် ပါဒ မည်၏၊ တန်ခိုးပြည့်စုံခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဣဒ္ဓိပါဒ မည်၏၊ ဤတန်ခိုးပြည့်စုံခြင်း၏ ရောက်ကြောင်း ဟူသော အမည်သည် ဆန္ဒ စသည်တို့၏ အမည် တည်း။

မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူသနည်းဟူမူ ကား—

''ဆန္ဒဉ္စေ ဘိက္ခုဝေ ဘိက္ခု နိဿာယ လဘတိ သမာဓိံ၊ လဘတိ စိတ္တဿေကဂ္ဂတံ၊ အယံ ဝုစ္စတိ ဆန္ဒသမာဓိ၊ သော အနုပ္ပန္နာနံ ပါပကာနံ····(လ)···· ပဒဟတိ၊ ဣမေ ဝုစ္စန္တိ ပဓာန သင်္ခါရာ၊ ဣတိ အယဉ္စ ဆန္ဒော, အယဉ္စ သမာဓိ, ဣမေ စ ပဓာနသင်္ခါရာ၊ အယံ ဝုစ္စတိ ဘိက္ခုဝေ ဆန္ဒသမာဓိ ပဓာနသင်္ခါရသမန္နာ-ဂတော ဣဒ္ဓိပါဒေါ''။

''အို-ရဟန်းတို့, ရဟန်းသည် ပြုလိုကာမျှဖြစ်သော ဆန္ဒကိုမှီ၍ သမာဓိကို အကယ်၍ရအံ့၊ စိတ်၏ တခုတည်း သောအာရုံ၌ တည်ကြည်ခြင်းကို အကယ်၍ရအံ့၊ ဤ သမာဓိကို ဆန္ဒသမာဓိဟူ၍ ဆိုအပ်၏၊ ထိုရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်မာသော အကုသိုလ်တရား တို့ကို မဖြစ်စေခြင်းငှါ အားထုတ်၏····(လ)····ဤ သမ္မပ္ပဓာန် လေးပါးတို့ကို ပဓာန သင်္ခါရတို့ဟူ၍

ဆိုအပ်ကုန်၏၊ ဤဆန္ဒသည်ငှင်း, ဤသမာဓိသည်ငှင်း, ဤဖြတ်သော သင်္ခါရတို့သည်ငှင်း ရှိကုန်၏၊ အို-ရဟန်းတို့, ထိုသမာဓိ ပဓာန သင်္ခါရတို့၏ မိုးရာအကြောင်းဖြစ်သော ဆန္ဒ သမာဓိ ပဓာနသင်္ခါရနှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ဟူ၍ ဆိုအပ်၏”ဟူ၍ ဟောတော်မူပြီ။

ကြွင်းသော ဣဒ္ဓိပါဒ်တို့၌လည်း ငှင်းနည်းတူ အနက်ကို သိအပ်၏။

၃၀၃။ “အကြောင်းရှစ်ပါးတို့” ဟူသည်ကား–ဆန္ဒနှင့် သမာဓိ တစုံ, ဝီရိယနှင့် သမာဓိတစုံ, စိတ္တနှင့် သမာဓိတစုံ, ဝီမံသနှင့် သမာဓိတစုံ၊ ဤလေးစုံဖြစ်သော ရှစ်ပါးသော တရားတို့ကို သိအပ်ကုန်၏။

ထိုစကားမှန်၏—

“ဣဒ္ဓိယာ ကတမာနိ အဋ္ဌပဒါနိ၊ ဆန္ဒဉ္စေ ဘိက္ခုဝေ ဘိက္ခု နိဿာယ လဘတိ သမာဓိံ၊ လဘတိ စိတ္တဿေကဂ္ဂတံ၊ ဆန္ဒော န သမာဓိ, သမာဓိ န ဆန္ဒော၊ အညော ဆန္ဒော, အညော သမာဓိ၊ ဝီရိယဉ္စေ ဘိက္ခု, စိတ္တဉ္စေ ဘိက္ခု, ဝီမံသဉ္စေ ဘိက္ခု နိဿာယ လဘတိ သမာဓိံ၊ လဘတိ စိတ္တဿေကဂ္ဂတံ၊ ဝီမံသာ န သမာဓိ, န သမာဓိ ဝီမံသာ၊ အညာ ဝီမံသာ, အညော သမာဓိ၊ ဣဒ္ဓိယာ ဣမာနိ အဋ္ဌပဒါနိ ဣဒ္ဓိလာဘာယ ဣဒ္ဓိဝေသာ-ရဇ္ဇာယ သံဝတ္တန္တိ။”

တန်ခိုး၏ဖြစ်ကြောင်း ရှစ်ပါးတို့သည် အဘယ်နည်း ဟူမူ–“အို ရဟန်းတို့, ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တခုတည်းသော အာရုံ၌ တည် ကြည်ခြင်းကို အကယ်၍ရအံ့၊ ဆန္ဒသည်သမာဓိ မဟုတ်၊ သမာဓိသည် ဆန္ဒမဟုတ်၊ ဆန္ဒသည်တခြား, သမာဓိသည် တခြား....(လ)....ဝီမံသသည် သမာဓိမဟုတ်၊ သမာဓိသည်

ဝိမံသမဟုတ်၊ ဝိမံသသည် တခြား, သမာဓိလည်း တခြားတည်း၊ တန်ခိုး၏ ဤလေးစုံရှစ်ပါး အကြောင်းတရားတို့သည် တန်ခိုးအဘိညာဉ်ကို ရခြင်းငှါ တန်ခိုး၌ ရွှံ့ရှားခြင်းကင်း၍ ရဲရင့်ခြင်းအကျိုးငှါ ဖြစ်ကုန်၏”ဟူ၍ ဟောတော်မူအပ်၏။

ဤပါဠိတော်၌ တန်ခိုးကို ဖြစ်စေလိုသောဆန္ဒသည် သမာဓိနှင့် တပေါင်းတည်း ယှဉ်တွဲ၍သာလျှင် တန်ခိုးအဘိညာဉ်ကို ရခြင်းငှါ ဖြစ်၏၊ဝီရိယ စသည်တို့သည်လည်း ထို့အတူပင်တည်း၊ ထို့ကြောင့် ဤ ၁၆ပါးတို့ကို အကြောင်းဟူ၍ ဆိုအပ်ကုန်၏ဟု သိအပ်ကုန်၏။

၃၀၄။ မူလပဒ တဆယ့်ခြောက်ပါးတို့ ဟူသည်ကား–တဆယ့်ခြောက်ပါးကုန်သော အခြင်းအရာတို့ဖြင့် စိတ်၏ တုန်လှုပ်ခြင်း ကင်းသည်၏အဖြစ်ကို သိအပ်၏၊ အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား—

“ဣဒ္ဓိယာ ကတိ မူလာနိ၊ သောဠသ မူလာနိ၊ အနောဏတံ စိတ္တံ ကောသဇ္ဇေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ အနုန္နတံ စိတ္တံ ဥဒ္ဓစ္စေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊အနဘိနတံ စိတ္တံ ရာဂေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ အနပနတံ စိတ္တံ ဗျာပါဒေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ အနိဿိတံ စိတ္တံ ဒိဋ္ဌိယာ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ အပ္ပဋိဗဒ္ဓံ စိတ္တံ ဆန္ဒရာဂေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ ဝိပ္ပမုတ္တံ စိတ္တံ ကာမရာဂေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ ဝိသံယုတ္တံ စိတ္တံ ကိလေသေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ ဝိပရိယာဒိကတံ စိတ္တံ ကိလေသပရိယာဒေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ ဧကတ္တဂတံ စိတ္တံ နာနတ္တကိလေသေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊သဒ္ဓါယ ပရိဂ္ဂဟိတံ စိတ္တံ အဿဒ္ဓိယေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ ဝီရိယေန ပရိဂ္ဂဟိတံ စိတ္တံ ကောသဇ္ဇေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ သတိယာ ပရိဂ္ဂဟိတံ စိတ္တံ ပမာဒေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊သမာဓိနာ ပရိဂ္ဂဟိတံ စိတ္တံ ဥဒ္ဓစ္စေ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ ပညာယ ပရိဂ္ဂဟိတံ စိတ္တံ အဝိဇ္ဇာယ န ဣဉ္ဇတီတိ အာနေဉ္ဇံ၊ ဩဘာသဂတံ

စိတ္တံ အဝိဇ္ဇာနုဂတာဝရေ န ဇာနတီတိ အာနေဉ္ဇံ၊ ဇာနိယာ ဇာမာနိ
သောဋသမူလာနိ ဇာနိလာဘာယ ဇာနိဝေသာရဇ္ဇာယ
သံဝတ္တန္တီတိ"။

တန်ခိုး၏ အရင်းအမြစ် မူလတို့သည် အဘယ်မျှရှိသနည်း၊
တဆယ့်ခြောက်ပါး ရှိ၏၊ ထိုတန်ခိုး၏ မူလ တဆယ့်ခြောက်
ပါးကား—

(၁) "ဝိရိယသည် ချိပင့်မြှောက်တင် အားပေးအပ်သည်
ဖြစ်၍ မဘွန်မဆုတ်သောစိတ်သည် ပျင်းသောသူ၏
အဖြစ်ဖြင့် မတုန်မလှုပ်သောကြောင့်အာနေဉ္ဇ မည်၏။

(၂) မပျံ့လွင့်သောစိတ်သည် ပျံ့လွင့်သောအဖြစ်ဖြင့် မတုန်
မလှုပ်သောကြောင့် အာနေဉ္ဇ မည်၏။

(၃) အဘိသင်္ဂအားဖြင့် မတပ် မညွတ်သော စိတ်သည်
တပ်မက် ကပ်ငြိသော ရာဂဖြင့် မတုန် မလှုပ်သော
ကြောင့် အာနေဉ္ဇ မည်၏။

(၄) ကောဓအားဖြင့် မပြစ်မှားသော စိတ်သည် ဖျက်ဆီး
လိုသော ဗျာပါဒဖြင့် မတုန် မလှုပ်သောကြောင့်
အာနေဉ္ဇ မည်၏။

(၅) ငါငါဟု ဒိဋ္ဌိနိဿယအားဖြင့် မမှီသောစိတ်သည် အယူ
မှားသော မိစ္ဆာဒိဋ္ဌိဖြင့် မတုန် မလှုပ်သောကြောင့်
အာနေဉ္ဇ မည်၏။

(၆) ဆန္ဒရာဂအားဖြင့် မဖွဲ့အပ်သောစိတ်သည် ဆန္ဒရာဂဖြင့်
မတုန်မလှုပ်သောကြောင့် အာနေဉ္ဇ မည်၏။

(၇) အထူးသဖြင့် လွတ်ကင်းသောဈာန်စိတ်သည် ကာမ
ရာဂဖြင့် မတုန်မလှုပ်သောကြောင့် အာနေဉ္ဇ မည်၏။

(၈) ယောဂလေးပါးတို့နှင့် မယှဉ်သောစိတ်သည် ကိလေ
သာဖြင့် မတုန်မလှုပ်သောကြောင့် အာနေဉ္ဇ မည်၏။

(၉) ကိလေသာ ဟူသော အပိုင်းအခြား ကင်းအောင် ကျင့်သော စိတ်သည် ကိလေသာ အပိုင်းအခြားဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

(၁၀) တခုတည်းသောအာရုံ ရှိသည်၏အဖြစ်သို့ ကပ်သော စိတ်သည် အထူးထူး အပြားပြားသော ကိလေသာဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

(၁၁) သဒ္ဓါဖြင့် ထောက်ပံ့အပ်သော စိတ်သည် မသဒ္ဓါခြင်းဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

(၁၂) ဝီရိယဖြင့် ထောက်ပံ့အပ်သော စိတ်သည် ပျင်းရိခြင်းဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

(၁၃) သတိဖြင့် ထောက်ပံ့အပ်သော စိတ်သည် မေ့လျော့ခြင်းဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

(၁၄) သမာဓိဖြင့် ထောက်ပံ့အပ်သော စိတ်သည် ပျံ့လွင့်ခြင်းဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

(၁၅) ပညာဖြင့် ထောက်ပံ့အပ်သော စိတ်သည် အာရုံကို ဖုံးလွှမ်းခြင်း အဝိဇ္ဇာဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

(၁၆) ပညာ အရောင်အလင်းနှင့်တကွ ဖြစ်သော စိတ်သည် အဝိဇ္ဇာ ဟူသော အမိုက်တိုက်ဖြင့် မတုန် မလှုပ်သောကြောင့် အာနေဥ္ဇ မည်၏။

တန်ခိုး၏ ဤမူလ တဆယ့်ခြောက်ပါး တို့သည် တန်ခိုးအဘိညာဉ်ကို ရခြင်းငှါ တန်ခိုး၌ ရှုံရှာခြင်းကင်း၍ ရရင့်ခြင်းငှါ ဖြစ်ကုန်၏”ဟူ၍ ဟောတော်မူ၏။

ပျင်းရိခြင်းစသော ဆန့်ကျင်ဘက် အကြောင်းကြောင့် စိတ်၏ တုန်လှုပ်ခြင်း ကင်းသည်၏အဖြစ် တည်းဟူသော ဤအနက်သည် “ဤသို့ ရူပါဝစရစိတ်ကို အာရုံ၌ ကောင်းစွာတည်ထားပြီးသော်”

စသောစကားဖြင့်ပင် ပြီးကောင်းသော်လည်း ပဌမရျာန် စသည်တို့၏ "ဤသည်တို့ကား တန်ခိုး၏ မူလမည်ကုန်၏" ဟု မူလအခြေကို ပြခြင်းအကျိုးငှါ တဖန်ဆိုရပြန်၏။

တနည်းကား–ရှေး၌ ပြဆိုပြီးသော နည်းသည် သုတ်၌လာသောနည်းတည်း၊ တဆယ့်ခြောက်ပါး အပြားဖြင့် ယခုပြသော ဤနည်း သည်ကား ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသောနည်းတည်း၊ ဤသို့ နည်းနှစ်ပါးတို့၌ မတွေဝေစိမ့်သောငှါလည်း ထပ်၍တဖန် ဆိုရပြန်၏။

၃၇၅။ "ဉာဏ်ဖြင့် ဆောက်တည်သည် ဖြစ်၍" ဟူသည်ကား– ထို ရဟန်းသည် တန်ခိုး၏ဘူမိပါဒ ပဒမူလ ဖြစ်ကုန်သော ဆိုခဲ့ပြီးသော တရားအပေါင်းတို့ကို ပြည့်စုံစေ၍ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထရျာန်ကို ဝင်စားပြီးလျှင် ရျာန်မှထ၍ ကိုယ်တရာ ဖြစ်စေလိုသည် ဖြစ်အံ့၊ "တရာ ဖြစ်လို၏, တရာဖြစ်လို၏" ဟု ကြိုးစည်တောင့်တခြင်း ပရိကံကိုပြု၍ အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထရျာန်ကို တဖန်ဝင်စားပြီးလျှင် ထို ရျာန်မှထ၍ အဓိဋ္ဌာန်ပြု၏၊ အဓိဋ္ဌာန်စိတ်နှင့်အတူ တကွပင်လျှင် တရာသော ကိုယ်ဖြစ်၏၊ ကိုယ်တထောင် စသည်တို့၌လည်း ဤနည်းအတိုင်း သိအပ်၏။

အဓိဋ္ဌာန်ပြုသည့်အတိုင်း အကယ်၍ မပြီးလျှင် တဖန်ပရိကံပြု၍ နှစ်ကြိမ်မြောက်လည်း ရျာန်ဝင်စားပြီးသော် ရျာန်မှထ၍ မိဋ္ဌာန်အပ်၏၊ သံယုတ္တနိကာယ် အဋ္ဌကထာ၌ကား "တကြိမ်ငှင်း,နှစ်ကြိမ်ငှင်း ဝင်စားသင့်သည်" ဟု ဆို၏၊ ထို နှစ်ပါးတို့တွင် ပါဒက ရျာန်စိတ်သည် ပဋိဘာဂ နိမိတ်ဟူသောအာရုံရှိ၏၊ ပရိကံစိတ်တို့သည် ဖန်ဆင်းအပ်သော ကိုယ်တရာ ကိုယ်တထောင် ဟူသော အာရုံရှိကုန်၏၊ စင်စစ်သော်ကား ထို အရာအထောင်သော ကိုယ်တို့ကို မိမိသည် ကြံအပ်သော အဆင်း၏ အစွမ်းဖြင့် အာရုံမပြုကုန်၊ အဘိညာဉ်စိတ်သည်လည်း ထို ပရိကံစိတ်နှင့်အတူပင်လျှင် အရာ

သော ကိုယ်ကိုင်း, အထောင်သောကိုယ်ကိုင်း အာရုံပြုကုန်၏၊ ထို အဘိဉာဉ်စိတ်သည် ရှေး၌ဆိုအပ်ပြီးသော အာဒိကမ္မိက ပုဂ္ဂိုလ်အား အပ္ပနာစိတ် တကြိမ်သာ ဖြစ်သကဲ့သို့ ဂေါတြဘူ စိတ်၏ အခြားမဲ့၌ တကြိမ်သာဖြစ်၏၊ ရူပါဝစရ စတုတ္ထဈာန်နှင့် ယှဉ်၏။

၃၀၆။ ထို စကားသင့်စွ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌–

"ပကတိယာ ဧကော ဗဟုကံ အာဝဇ္ဇတိ၊ သတံ ဝါ သဟဿံ ဝါ သတသဟဿံ ဝါ အာဝဇ္ဇိတွာ ဉာဏေန အဓိဋ္ဌာတိ၊ ဗဟုကော ဟောမီတိ ဗဟုကော ဟောတိ၊ ယထာ အာယသ္မာ စူဠပန္ထကော"။

ပကတိ သဘောအားဖြင့် တယောက်တည်းဖြစ်လျက် အများကို ကြံဆင်ခြင်၏၊ ကိုယ်ရာ ဖြစ်ပါစေ ဟူ၍ငင်း, ကိုယ်တထောင် ဖြစ်ပါစေဟူ၍ငင်း, ကိုယ်တသိန်း ဖြစ်ပါ စေဟူ၍ငင်း ကြံဆင်ခြင်၏၊ ကြံဆင်ခြင်၍ အဘိဉာဉ် ဉာဏ်ဖြင့်ပြီးစေ၏၊ "အများဖြစ်စေသတည်း"ဟု ကြံသည့် အတိုင်း အများဖြစ်၏၊ အရှင်စူဠပန်ထကရ်ကဲ့သို့တည်း" ဟူသော စကားကို ဆိုအပ်၏။

ထို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌"အများကို ဆင်ခြင်၏"ဟူသော စကားကို "သတံ ဟောမိ, သဟဿံ ဟောမိ"ဟု ပရိကံပြုသော ကာမာဝစရစိတ်၏ အစွမ်းဖြင့်သာလျှင် ဆိုအပ်၏၊ ဆင်ခြင်သည် ၏အစွမ်းဖြင့် ဆိုအပ်သည်မဟုတ်၊ "ဆင်ခြင်၍ ဉာဏ်ဖြင့် ဆောက် တည်၏" ဟူသော စကားကို အဘိဉာဉ် ဉာဏ်၏ အစွမ်းဖြင့် ဆိုအပ်၏၊ ထို့ကြောင့် အရာအထောင်စသော အများကို ကြံဆင် ခြင်၏၊ ထိုနောက်မှ ထို ပရိကံစိတ်တို့၏ အဆုံး၌လည်း ပါဒက ဈာန်ကို ဝင်စား၏၊ သမာပတ်မှထ၍ တဖန်"အများဖြစ်လို၏"ဟု ကြံ၍ ထိုကြံသည်မှ နောက်၌ဖြစ်ကုန်သော သုံးပါးသောပုဗ္ဗဘာဂ စိတ်တို့၏ငင်း, လေးပါးသော ပုဗ္ဗဘာဂစိတ်တို့၏ငင်း အကြား၌ ဖြစ်သော ပြီးစေသည်၏အစွမ်းဖြင့် အဓိဋ္ဌာန်ဟု အမည်ရသော

တကြိမ်သာလျှင် ဖြစ်သော အဘိညာဉ်ဉာဏ်ဖြင့် ပြီးစေ၏ဟူ၍ ဤပါဠိတော်၌ အနက်ကို မှတ်အပ်၏။

"အရှင် စူဠပန် မထေရ် ကဲ့သို့တည်း"ဟူသော အကြောင်းစကားကို ဆိုအပ်၏၊ ထိုစကားကို များသောအပြားဖြင့် ဖြစ်ခြင်း၏ ကိုယ်တိုင်သက်သေပြခြင်း အကျိုးငှါ ဆိုအပ်၏၊ ထို သက်သေအဖြစ်ကို **အရှင်စူဠပန်မထေရ်ဝတ္ထု**ဖြင့် ပြအပ်၏၊ ထို ညီနောင်နှစ်ဦးတို့သည် လမ်းခရီး၌ မွေးဖွားသောကြောင့် ပန္ထကဟူသော အမည်ကို ရကုန်၏၊ ထိုနှစ်ယောက်တို့တွင် အကြီးဖြစ်သော သူသည် မဟာပန္ထကမည်၏၊ ထို သူသည် ရဟန်းပြု၍ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၏၊ ရဟန္တာ ဖြစ်ပြီးမှ ညီတော်စူဠပန္ထကကို ရှင်ပြုစေ၍–

"ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လမဝီတ ဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာဒိစ္စမိဝန္တလိက္ခေ"။

ဟူသော ဂါထာကို သင်ပေး၏။

"ကောကနဒ အမည်ရသော ပဒုမာ ကြာပန်းသည် နံနက် နေတက်အခါ၌ ပွင့်သစ်စဖြစ်၍ ရနံ့တကြိုင်ကြိုင် ပျံ့လှိုင်ရှုဘွယ် တင့်တယ် သကဲ့သို့ အရဟတ္တမဂ်ဉာဏ်တည်းဟူသော နေရောင်နှင့် ပေါင်းမိ ခြင်းကြောင့် သဗ္ဗညုတဉာဏ်သို့ ရောက်သဖြင့် ပွင့်တော်မူသည်ဖြစ်၍ ကိုယ်တော်၏ ဂုဏ်ကျေးဇူးရနံ့ဖြင့် ကောင်းသောအနံ့ ရှိတော်မူသော၊ တန်ဆောင်မုန်းလအတွင်း ဆီးနှင်း, မြူ, တိမ်, သူရိန် မီးခိုး မှောင်မျိုး သန့်စင် ကောင်းကင်ပြင်၌ ကြည်လင်ပြောင်ဝင်း တောက်ပထွန်းလင်းသော နေမင်းကဲ့သို့ ကြီးမားသော တန်ခိုးတော်ဖြင့် ဇာတိ, အာဏာ, ဝိသယာဟု သုံးဖြာ ခေတ်၌ ပယ်လှစ် မိုက်မှောင် ပြောင်ပြောင်ပဝင်း ထွန်းလင်းတော်မူသော ကိုယ်တော်မှ

ပြုံးပြုံးပြက် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားကို သင်သည် ဝပ်တွား ကော်ရော် ဖူးမျှော်စမ်းပါလော့”။

ထို ဂါထာကို ရှင် စူဠပန်သည် လေးလကြာအောင် ကျက်၍ မရနိုင်သောကြောင့် နောင်တော် မဟာပန်ထေရ်က **“သင်သည် သာသနာတော်၌ မထိုက် မတန်”**ဟု ဆို၍ ရှင် စူဠပန်အား ကျောင်းမှ နှင်ထုတ်လေ၏၊ ထိုအခါ၌ မဟာပန် ထေရ်သည် ဆွမ်းညွှန်းရဟန်း ဖြစ်၏၊ ဆရာ ဇီဝကသည် မဟာပန် ထေရ်သို့ ကပ်၍–“အရှင်ဘုရား နက်ဖြန် မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ကို ပင့်ဆောင်ပြီးလျှင် အကျွန်ုပ်တို့၏ အိမ်၌ ဆွမ်းအလှူခံတော်မူပါ”ဟု လျှောက်၏၊ မဟာပန်မထေရ်သည် ရှင်စူဠပန်ကိုချန်ထား၍ ကြွင်းသောရဟန်းတို့၏ ဆွမ်းဘုဉ်းပေးရန်အတွက် ဝန်ခံ၏။

ရှင်စူဠပန်သည် တံခါးမုခ်၌ ရပ်၍ငိုနေသည်ကို မြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုဖြင့်မြင်၍ ထိုစူဠပန်ထံ ကြွလာပြီးလျှင်–“အဘယ့်ကြောင့် ငိုသနည်း”ဟု မေးတော်မူ၏၊ ရှင်စူဠပန်သည် ထိုအကြောင်းကို လျှောက်ကြား၏၊ သရဇ္ဈာယ်ခြင်းကို မပြုနိုင်ရုံမျှနှင့် ငါဘုရား၏သာသနာတော်၌ မထိုက်မတန်သောသူ မရှိ၊ “အို–ရဟန်း သင် မစိုးရိမ်နှင့်”ဟု မိန့်တော်မူပြီးလျှင် ရှင် စူဠပန်၏လက်ရုံးကို ကိုင်လျက် ကျောင်းသို့သွင်း၍ စင်ကြယ်သော ပုဆိုးပိုင်းကို တန်ခိုးတော်ဖြင့် ဖန်ဆင်းပြီးလျှင် ပေး၏၊ “အို ရဟန်း သခု ဤပုဆိုးပိုင်းကိုဆုပ်နယ်လျက်“ရဇောဟရဏံ,ရဇောဟရဏံ-မြူကို ဆောင်ခြင်း, မြူကို ဆောင်ခြင်း”ဟူ၍ အဖန် တလဲလဲ သရဇ္ဈာယ်ခြင်းကို ပြုလော့”ဟု မိန့်တော်မူ၏။

ရှင်စူဠပန်သည် မြတ်စွာဘုရားမိန့်တော်မူသည့်အတိုင်း“ရဇောဟရဏံ,ရဇောဟရဏံ”ဟု ကြိမ်ဖန်များစွာ ကမ္မဋ္ဌာန်း စီးဖြန်းစဉ် ထို ဆွတ်ဆွတ် ဖြူသော ပုဆိုးပိုင်းသည် မည်းညစ်သည် ဖြစ်၏၊ ပုဆိုးသည် ဆွတ်ဆွတ်ဖြူ စင်ကြယ်၏၊ ဤပုဆိုး၌ ဆိုစရာ အပြစ် မရှိ၊ စင်စစ်ကား ဤ မည်းညစ်သောအပြစ်သည်“အတ္တဘော ဟု

ဓေါသော ခန္ဓာငါးပါး၏ အပြစ်သာတည်း”ဟု ရှင်စူဠပန်သည် အသင့်လမ်းမှန်သော အကြောင်းဖြင့် အသုဘ သညာ, အနိစ္စ သညာကိုရ၍ ခန္ဓာ ငါးပါးတို့၌ ရုပ်နာမ်ကို သိမ်းဆည်းသော ဉာဏ်ကိုချ၍ ဝိပဿနာကိုပွါးစေ၍ ဉဒယဗ္ဗယစသော အစဉ်ဖြင့် အနုလောမ ဉာဏ်အားဖြင့် ဂေါတြဘူ အနီးသို့ ရောက်စေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်စူဠပန်အား—

“ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ ပဏ္ဍိတာ၊
ဝိဟရန္တိ တေ ဝိတရဇဿ သာသနေ၊
ဒေါသော ရဇော····(လ)····သာသနေ။
မောဟော ရဇော န စ ပန ရေဏု ဝုစ္စတိ,-ပ-သာသနေ”။

ဟူ၍ အရောင်လွှတ်ခြင်း ရှေးရှိသော ဩဘာသဂါထာတို့ကို ဟောတော်မူ၏။

“သာသနာတော်၌ ရာဂကို ရဇ = မြူဟူ၍ ဆိုအပ်၏၊ မြူမှုန့် ရေဏုကိုကား ရဇ = မြူဟူ၍ မဆိုအပ်၊ ရဇ = မြူ ဟူသော ဤအမည်သည် ရာဂ၏အမည်တည်း၊ ပညာရှိ တို့သည် ဤရာဂ ဟူသော မြူကို အရဟတ္တမဂ်ဉာဏ်ဖြင့် စွန့်၍ ထိုပုဂ္ဂိုလ်တို့သည် ရာဂစသော မြူကင်းတော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ နေကြကုန်၏။

ဒေါသကို ရဇ = မြူဟူ၍ဆိုအပ်၏။....(လ)····မောဟ ကို ရဇ = မြူဟူ၍ ဆိုအပ်၏၊ ရေဏု = မြူမှုန့်ကို ရဇ = မြူဟူ၍ မဆိုအပ်၏၊ ရဇ = မြူဟူသော ဤအမည်သည် မောဟ၏ အမည်တည်း၊ ပညာရှိတို့သည် ဤမောဟ ဟူသောမြူကို အရဟတ္တမဂ်ဉာဏ်ဖြင့်စွန့်၍ ထို သူတို့သည် ရာဂ စသော မြူ ကင်းတော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ နေကြကုန်၏”။

ဟောတော်မူသော ဂါထာ၏ အဆုံး၌ ပဋိသမ္ဘိဒါ လေးပါး အဘိညာ၌ခြောက်ပါးခြံရံအပ်သော လောကုတ္တရာတရား ကိုးပါး တို့သည် ရှင်စူဠပန်၏လက်သို့ ရောက်သည်ဖြစ်ကုန်၏။ နောက် တနေ့၌ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူတကွ ဇီဝက အိမ်သို့ ကြွရောက်လေ၏၊ အလှူ ရေစက်ချသောအဆုံး၌ ယာဂု ယက်မန်းရည်ကို ကပ်သည်ရှိသော် မြတ်စွာဘုရားသည် သပိတ် ကို လက်တော်ဖြင့်ပိတ်ထား၏၊ "အရှင်ဘုရား အဘယ်ကြောင့် ပိတ်တော်မူပါသနည်း"ဟု ဇီဝကက လျှောက်ရာ "ကျောင်း၌ ရဟန်းတပါး ကျန်ရှိသေးသည်"ဟု မိန့်တော်မူ၏၊ ဇီဝကသည် အစေခံတယောက်ကို"သင် သွားချေ့,ကျောင်း၌ရှိသော အရှင်ကို ပင့်ဆောင်၍ မြန်မြန်လာခဲ့"ဟု ခိုင်းလိုက်၏။

မြတ်စွာဘုရားသည် ဇီဝကအိမ်သို့ ဆွမ်းဘုဉ်းပေးရန်ကျောင်း တော်မှ ထွက်ကြွတော်မူပြီးနောက် ဇီဝက၏အစေခံက ဆွမ်းစာ လာပင့်သော အချိန်ကာလအတွင်းမှာပင် ရှင်စူဠပန်သည် မိမိ ကိုယ်ကို ကိုယ်ပေါင်းတထောင်လောက် ဖန်ဆင်း၍ ပျော်မွေ့စရာ ကောင်းသော သရက်တောကျောင်း၌ နေတော်မူ၏၊ ထိုအခါ ထို အစေခံယောက်ျားသည် သွား၍ သင်္ကန်းရောင်တို့ဖြင့် တပြိုင် နက် တောက်ပနေသောအရံကိုမြင်သဖြင့် ပြန်လာပြီးလျှင်"အရှင် ဘုရား, ကျောင်းအရံသည် ရဟန်းတို့ဖြင့် ပြည့်၍နေပါ၏၊အဘယ် အရှင်သည် စူဠပန်မထေရ်ဟူ၍ မသိပါ"ဟု လျှောက်၏၊ ထို အစေခံယောက်ျားကို မြတ်စွာဘုရားသည် "သွားချေဦး,လက်ဦး မြင်သောရဟန်း၏ သင်္ကန်းစွန်းကို ကိုင်ပြီးလျှင် အရှင့်ကို မြတ်စွာ ဘုရား ခေါ်တော်မူသည်ဆို၍ ပင့်ခဲ့"ဟု မိန့်တော်မူ၏၊ထိုသူသည် သွား၍ ရှင်စူဠပန်၏ သင်္ကန်းစွန်းကို ကိုင်မိသောခဏ၌ပင်လျှင် ဖန်ဆင်းအပ်သော "နိမ္မိတ"ရဟန်းပွါး အားလုံး ကွယ်ပျောက် ကုန်၏။

ရှင်စူဠပန်သည် ထိုသူကို "သင် သွားနှင့်တော့"ဟု လွှတ် လိုက်၍ မျက်နှာသစ်ခြင်း စသော ကိုယ်ကိစ္စကို ပြုပြီးမှ ကြွရာ ထိုသူမရောက်မီ ရောက်၍ မိမိနေရာ၌ နေလေ၏၊ ဤသို့ ကိုယ်ပွါး

တထောင် အခွဲပြည့်အောင် ဖန်ဆင်းခြင်းကိုရည်၍ "ရှင်စူဠပန်မထေရ်ကဲ့သို့တည်း"ဟူသော စကားကို ဆိုအပ်၏။

ထို ရာထောင် ကိုယ်ပွါး အများ ဖန်ဆင်းရာ၌ ထို အရာအထောင် များစွာမြောင်သော ကိုယ်ပွါးတို့သည် အဆင်း သဏ္ဌာန်ကိုယ်ဟန် လက္ခဏာ ပရိက္ခရာအထူး အမှုအရာအထူး စသည်တို့ဖြင့် အမှတ်မပြုဘဲ ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် အဆင်းတတ်သော တန်ခိုးရှင်နှင့်သာ တူကြကုန်၏၊ ရပ်ခြင်း ထိုင်ခြင်းစသော ဣရိယာပုထ်တို့၌လည်းကောင်း, စကားပြောခြင်း မပြောခြင်းစသည်တို့တွင်လည်းကောင်း တန်ခိုးရှင်က ဖြစ်စေလို ပြုစေလိုသော ထိုထိုဣရိယာပုထ် ထိုထို အမှုအရာတို့ကိုသာလျှင် ဖန်ဆင်းအပ်သော ကိုယ်ပွါးတို့သည် ဖြစ်ကုန်၏။

အထူးထူး အပြားပြား များသော အဆင်း သဏ္ဌာန်တို့ကို အကယ်၍ ပြုလိုသည် ဖြစ်အံ့၊ အချို့ ပဌမအရွယ်ရှိသည်ကို, အချို့ ဒုတိယ အရွယ်ရှိသည်ကို,အချို့ တတိယ အရွယ် ရှိသည်ကို, အချို့ ခေါင်းတဝက် ရိတ်ပြီးသည်ကို,အချို့ ခေါင်းရိတ်ပြီးသည်ကို,ဆံပင်ဖြူနက် ရောသည်ကို,အနီတဝက် အရွှေတဝက်စသည်တွင် အဆင်းအမျိုးမျိုးရှိသော သင်္ကန်းရှိသည်တို့ကို,ဖြော့တော့သော သင်္ကန်းအဆင်းရှိသည်တို့ကို ပုဒ်အားဖြင့် အနက်ကိုသိစေသော ပါဠိကိုရွတ်ခြင်း၊ ပရိကထာ စသောအားဖြင့် တရား ပြောဟောခြင်း၊ အသံဖြင့် သုတ်စသည်ကို ရွတ်ခြင်း၊ မေးခြင်း၊ ဖြေခြင်း၊ ဆိုးရည်ကျိုခြင်း၊ သင်္ကန်း ချုပ်ခြင်း၊ သင်္ကန်းဖွပ်ခြင်းစသည်တို့ကို ပြုလိုငြားအံ့၊ဆိုအပ်ပြီးသည်မှတပါး အမြင့် အနိမ့် အဆူ အကြုံစသော အထူးထူး အပြားပြားတို့ကို ပြုလိုငြားအံ့၊ ထိုရဟန်းသည် ပါဒကဈာန်မှထ၍ "ဤမျှကုန်သော ရဟန်းတို့သည် ပဌမအရွယ်ဖြစ်ကြပါစေ"ဤသို့ အစရှိသောနည်းဖြင့် ပရိကံပြု၍ တဖန်ဈာန်ဝင်စားပြီးလျှင် ဈာန်မှထပြီးနောက် မိဋ္ဌာန်အပ်၏၊ အဘိညာဉ်စိတ်နှင့်တကွ မိမိအလိုရှိတိုင်း အထူးထူး အပြားပြား ဖြစ်ကုန်၏။

ဤ ဆိုအပ်ခဲ့ပြီးသော နည်းကို "အများဖြစ်လျက် တယောက်တည်းဖြစ်၏"စသော အဓိဋ္ဌာန် အရာတို့၌လည်း ယူအပ်၏၊ ဤ

ဆိုလတ္တံ့သည်ကား အထူးတည်း၊ ဤတန်ခိုးကြီးသော ရဟန်းသည် ပြဆိုပြီးသော အခြင်းအရာအားဖြင့် များသော အတ္တဘောကို ဖန်ဆင်းပြီးနောက် တဖန် "တယောက်တည်းသာဖြစ်၍ စင်္ကြံသွားအံ့, သရဇ္ဈာယ်အံ့,ပုစ္ဆာမေးအံ့,ပြဿနာ ဖြေအံ့"စသည်ဖြင့် ကြံ၍ရင်း "ဤကျောင်းသည် ရဟန်းနည်း၏၊ အာဂန္တုရဟန်းတို့ အကယ်၍ လာကုန်အံ့၊ တယောက်တည်းနှင့်သာတူသော ဤမျှလောက် များပြားသော ရဟန်းတို့ ဘယ်အရပ်က လာနိုင်မည်နည်း၊ စင်စစ်သော်ကား ဤအဖြစ်သည် မထေရ်၏ အာနုဘော်သာဖြစ်ရာ၏၊ဤသို့ ငါ့ကိုတန်ခိုးကြီးသောပုဂ္ဂိုလ်မြတ်ဟု ထင်မှတ်ကြကုန်လတ္တံ့"ဟု ဤသို့ အလိုနည်းသည်၏ အဖြစ်ကြောင့်ရင်း ပိုင်းခြားအပ်သော ကာလအတွင်း၌သာလျှင် တယောက်အထီးတည်းဖြစ်လို၏ဟု တောင့်တသဖြင့် ပါဒက ဈာန်ကို ဝင်စား၍ ဈာန်မှထပြီးနောက် "တယောက်တည်း ဖြစ်လို၏"ဟု ပရိကံပြု၍ တဖန် ဈာန်ဝင်စားပြီးလျှင် ဈာန်မှ ထလျက် "တယောက်တည်း ဖြစ်စေသတည်း"ဟု ဓိဋ္ဌာန်အပ်၏၊ ဓိဋ္ဌာန်သော အဘိညာဉ်စိတ်နှင့်အတူတကွသာလျှင် တယောက်တည်း ဖြစ်ပြန်၏၊ ဤသို့ အကြား၌ အဓိဋ္ဌာန်မပြုမူကား အကြင်ပိုင်းခြားအပ်သော ကာလ၏အစွမ်းဖြင့် အလိုလိုပင်လျှင် တယောက်တည်း ဖြစ်၏။

၃၀၇။ "ထင်ရှားသော အဖြစ်,ဖုံးကွယ်သော အဖြစ်"ဟုဆိုရာ၌ မျက်မှောက်သောအဖြစ် နံရံ မီးတား အခြားမရှိသော အဖြစ်ကို အာဝိဘာဝ ထင်ရှားသောအဖြစ်ဟု မှတ်၊ မျက်ကွယ်၏ အဖြစ် နံရံ မီးတား အခြားရှိသော အဖြစ်ကို တိရောဘာဝ ဖုံးကွယ်သောအဖြစ်ဟု မှတ်အပ်၏။

ထိုစကား သင့်စွ၊ ဤ အာဝိဘာဝကရဏ, တိရောဘာဝကရဏကိုသာလျှင် ရည်၍ ပဋိသမ္ဘိဒါမဂ်၌—

"အာဝိဘာဝန္တိ ကေနစိ-အနာဝဋံ ဟောတိ အပ္ပဋိစ္ဆန္နံ ဝိဝဋံ ပါကဋံ။ တိရောဘာဝန္တိ ကေနစိ အာဝဋံ ဟောတိ ပဋိစ္ဆန္နံ ပိဟိတံ ပဋိကုဇ္ဇိတံ။

"ထင်ရှားသော အဖြစ်ကို" ဟူသည်ကား–တစုံ တခုသော နံရံ မီးတား စသည်ဖြင့် မပိတ် မကွယ် အပ်သည့် မဖုံးလွှမ်းအပ်သည် ဟင်းလင်းပွင့်သည့် ထင်မြင်သည်ဖြစ်၏၊ "ဖုံးကွယ်သော အဖြစ်" ဟူသည်ကား–ဖုံးလွှမ်းအပ်သည် ပိတ်ဆို့အပ်သည် မှောက်ထားအပ်သည်ဖြစ်၏"ဟု မိန့်တော်မူ၏။

ထို ထင်ရှားသော အဖြစ်ကို ပြုခြင်း,ဖုံးကွယ်သော အဖြစ်ကို ပြုခြင်း၌ ဤတန်ခိုးရှိသော ပုဂ္ဂိုလ်သည် မျက်မှောက် ထင်ရှားသောအဖြစ်ကို ပြုလိုသည်ဖြစ်၍ အမိုက်မှောင်ကိုမူလည်း အလင်းရောင်ပြု၏၊ နံရံ မီးတား တံခါးရွက်စသည်ဖြင့် ဖုံးလွှမ်းအပ်သည်ကိုမူလည်း ဟင်းလင်းပွင့်သည်ကို ပြု၏၊ ဝေးလွန်း သိမ်မွေ့လွန်းစသဖြင့် မထင်ရှားသည်ကိုလည်း လက်တွင်တင်ထား ပတ္တမြားသို့ ထင်ရှားမြင်အောင် ပြု၏၊ အဘယ်သို့ ပြုသနည်းဟူမူကား– အကြင် အခြင်းအရာဖြင့် ပြုသည်ရှိသော် ဖုံးလွှမ်း အပ်သော်၎င်း အဝေး၌ တည်သော်၎င်း မိမိလည်း မြင်၏, သူတပါးလည်းမြင်၏၊ ထိုအခြင်းအရာဖြင့် မိမိကို၎င်း,သူတပါးကို၎င်း ပြုလိုသည်ဖြစ်၍ ပါဒကဈာန်မှထ၍ "ဤ အမိုက်မှောင်ရှိရာ အရပ်သည် အလင်းဖြစ်စေသတည်းဟူ၍၎င်း, ဤဖုံးလွှမ်းအပ်သော အရပ်သည် ဟင်းလင်းပွင့်စေသတည်းဟူ၍၎င်း,ဤမမြင်နိုင်သော အရပ်သည် မျက်ဝါးဆင်ထင် မြင်စေသတည်းဟူ၍၎င်း"ဆင်ခြင်လျက် ပရိကံပြု၍ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်သော အဘိညာဉ်စိတ်နှင့် အတူ တကွ ဓိဋ္ဌာန်သော အတိုင်းသာလျှင် ဖြစ်၏၊ ဝေးသောအရပ်၌တည်လျက်ပင် သူတပါးတို့သည်မြင်ကုန်၏၊ မိမိက မြင်ချင်လျှင်လည်း မြင်ရ၏။

၃၀၀။ ဤ အာဝိဘာဝ ပြာဋိဟာကို အဘယ်သူ ပြုဘူးသနည်းဟူမူ–မြတ်စွာဘုရား ပြုဘူး၏၊ ထို စကား မှန်သည်၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် **အနာထပိဏ် သူဌေး၏သမီး စူဠသုဘဒ္ဒါ** ပင့်လျှောက်အပ်သည် ဖြစ်၍

**သာဝတ္ထိ**ပြည်မှ **ခုနစ်ယူဇနာ**ဝေးကွာသော**သင်္ကဿ**မြို့သို့ ဝိသာခါနက္ခတ်သား ဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာတို့ဖြင့်ကြွတော်မူရာ၌ ထိုအခြင်းအရာဖြင့် ဓိဋ္ဌာန်တော်မူခြင်းကြောင့် သင်္ကဿမြို့၌နေကုန်သောသူတို့သည် သာဝတ္ထိပြည်သူတို့ကို မြင်ကုန်၏၊ သာဝတ္ထိပြည်သူတို့သည်လည်း သင်္ကဿမြို့နေသူတို့ကို မြင်ရကုန်၏၊ သင်္ကဿမြို့လယ်၌ ဆင်းသက်တော်မူ၍မြေကို နှစ်ခြမ်း ခွဲပြီးလျှင် အဝီစိ တိုင်အောင် ပြတော် မူ၏၊ ကောင်းကင်ကိုလည်း နှစ်ခြမ်းဖြာဖယ်ရှားပြီးလျှင် ဗြဟ္မာ့ပြည်တိုင်အောင် ပြတော်မူ၏။

ထိုမှတပါး တာဝတိံသာမှသက်တော်မူသောအခါ ပြတော်မူသော ပြာဋိဟာဖြင့်လည်း ဤအချက်ကို ထင်ရှားစေအပ်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရေမီး အစုံ အစုံ ဖြစ်သော ယမိုက် ပြာဋိဟာကိုပြ၍ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်စေတော်မူပြီးလျှင် "ရှေးနောင်တော်ဘုရားတို့သည် ယမိုက် ပြာဋိဟာကို ပြပြီးသောအဆုံး၌ အဘယ် အရပ်သို့ ကြွတော် မူသနည်း"ဟု ဆင်ခြင်တော်မူလတ်သော် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကြသည်ကို မြင်တော်မူလေ၏၊ထိုအခါ လက်ဝဲ ခြေဖဝါးတော်ဖြင့် မြေပြင်ကိုနင်း၍ လက်ျာခြေဖဝါးတော်ကို ယုဂန္ဓိုရ်တောင်ထိပ်၌ တည်စေတော်မူ၍ တဖန် လက်ဝဲခြေဘဝါးတော်ကိုချီ၍ မြင်းမိုရ်တောင်ထိပ်၌ နင်းတော်မူပြီးလျှင် ထို တာဝတိံသာနတ်ပြည်၌ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာအပြင်ဝယ် ဝါကပ်တော် မူလျက် စကြဝဠာတသောင်းမှ စည်းဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" အစရှိသော အဘိဓမ္မာ ဒေသနာတော်ကို အစမှအဆုံးတိုင် ဟောတော်မူ၏၊ ဆွမ်းခံချိန်၌ကား ဖန်ဆင်းအပ်သော နိမ္မိတဘုရားက ကိုယ်တော်စား ဟောတော်မူ၏။

မြတ်စွာ ဘုရားသည် နဂါးပြည်မှ ဖြစ်သော နွယ် ဒန်ပူကို သုံးဆောင်တော်မူ၍ အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူ၏။ ထိုလျှင် မြောက်ကျွန်း၌ ဆွမ်းခံ၍ အနဝတတ်အိုင် ကမ်းပါး စန္ဒကူး တော ဆေးဒန်း မြင်းသီလာ ကျောက်ဖျာထက်၌ ဆွမ်းဘုဉ်းပေး တော်မူ၏၊ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံသို့ ကြွ၍ ရှိခိုးဝတ်ပြုလေ၏၊ "သာရိပုတ္တရာ, ယနေ့ ဤမျှ ဟောက် သော တရားကို ငါ ဟောခဲ့ပြီ"ဟု အရှင်သာရိပုတ္တရာမထေရ် အား မြတ်စွာဘုရားသည် နည်းပေး သဘော ဟောတော်မူ၏။

ဤသို့ ဝါတွင်းသုံးလပတ်လုံး နေ့-ညမပြတ် အဘိဓမ္မာ တရား ကို ဟောတော်မူ၏၊ ထို အဘိဓမ္မာတရားကို ကြားနာကြရသဖြင့် ကုဋေရှစ်ဆယ်သော နတ် ဗြဟ္မာတို့သည် အကျွတ်တရားရကြ ကုန်၏၊ ယမိုက်ပြာဋိဟာ ပြတော်မူသောအခါ၌ စည်းဝေးသော အချင်း တဆယ့်နှစ်ယူဇနာ, အဝန်း သုံးဆယ့်ခြောက်ယူဇနာ ရှိသောပရိသတ်တို့သည်လည်း "မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာ ပြန်ကုန်အံ့"ဟု သစ်တပ်ဖွဲ့၍ တည်နေကြကုန်၏၊ ထိုပရိသတ်ကို စူဠအနာထပိဏ်သူဌေးသည်အလုံးစုံသောပစ္စည်းတို့ဖြင့်လုပ်ကျွေး ၏၊ မြတ်စွာဘုရား ဘယ်အရပ်သို့ ကြွတော်မူမည်နည်းဟု သိခြင်း ငှါ လူအပေါင်းတို့သည် ရှင်အနုရုဒ္ဓါမထေရ်ထံ တောင်းပန်ကြ ကုန်၏၊ ရှင်အနုရုဒ္ဓါမထေရ်သည် အာလောက ကသိုဏ်းကိုပွါးစေ တော်မူ၍ တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသော မြတ်စွာ ဘုရားကို ဒိဗ္ဗစက္ခုဖြင့်မြင်၍ လူတို့အားပြောကြား၏၊ ထို လူတို့ သည် မြတ်စွာ ဘုရာအား ဖူးမျှော်ရအောင် အရှင် မဟာ မောဂ္ဂလာန်ကို တောင်းပန်ကြကုန်၏။

**အရှင်မောဂ္ဂလာန်**သည် ပရိသတ်အလယ်မှလျှင်မြေ၌ငုပ်လျှိုး ၍ မြင့်မိုရ်တောင်ကို ထွင်းဖောက်သွားပြီးလျှင် မြတ်စွာဘုရား၏ ခြေရင်း၌ မြတ်စွာဘုရား၏ ခြေတော်စုံကို ရှိခိုးလျက်ပေါ်၍ "အရှင် ဘုရား, ဇမ္ဗူဒိပ် ကျွန်းသူ လူအပေါင်းတို့သည် မြတ်စွာဘုရား၏ ခြေတော်ကို ရှိခိုး၍ ဖူးမျှော်ပြီးမှသာ ပြန်သွားလိုကြပါသည်"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် "အို-ချစ်သား မောဂ္ဂလာန်,

သင့်နောင်တော် တရားစစ်သူကြီး သာရိပုတ္တရာသည် အဘယ် အရပ်မှာ နေသနည်း”ဟု မေးတော်မူ၏။ “သက်ဿနဂိုရ်မြို့မှာ နေပါသည်ဘုရား”ဟု လျှောက်၏။ “အို ချစ်သားမောဂ္ဂလာန်, ငါဘုရားကို ဖူးမျှော် လိုသူတို့သည် နက်ဖြန် သက်ဿနဂိုရ်မြို့သို့ ရောက်ကြစေကုန်၊ နက်ဖြန် သီတင်းကျွတ်လပြည့် မဟာပဝါရဏာ နေ့၌ သက်ဿမြို့သို့ ငါဘုရားဆင်းသက်အံ့”ဟု မိန့်တော်မူ၏။

ရှင်မောဂ္ဂလာန်မထေရ်သည်“ကောင်းလှပါပြီဘုရား”ဟု ဝန်ခံ၍မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် လာခဲ့သောမြင့်မိုရ်တောင်အတွင်း ခရီးဖြင့်ပင် သက်ဆင်း၍ လူတို့ထံသို့ ခဏချင်း ရောက်လာ၏၊ သွားသောအခါ လာသော အခါ၌လည်း **ပတ္တမြား အတွင်း မြကြိုးသွင်း**သို့ လင်းလင်းထင်ထင် ဝင်သွားရာ မြင့်မိုရ်တောင်ကို လူအပေါင်းတို့ ကောင်းစွာမြင်နိုင်သော အခြင်းအရာဖြင့် မိဋ္ဌာန် တော်မူ၏၊ဤအာဝိဘာဝအရာ၌ အရှင်မောဂ္ဂလာန်သည် အပိတ် အပင် မရှိသော ဤပြာဋိဟာကို ရှေးဦးစွာ ပြတော်မူ၏၊ ထို အရှင်မောဂ္ဂလာန်သည် ဆိုခဲ့ပြီးသောနည်းဖြင့် ကြွလာ၍ ထို ဘုရားအမိန့်တော်အတိုင်း လူတို့အား ပြောကြား၍“ဝေးသည်ဟု မအောက်မေ့ကြလင့်, နံနက်ထမင်းစားပြီးလျှင် သာဝတ္ထိပြည်မှ ထွက်ကြ”ဟု အမိန့်ပေးတော်မူ၏၊ မြတ်စွာဘုရားသည် သိကြား မင်းအား “အို သိကြားမင်း, ငါဘုရားသည် နက်ဖြန် လူ့ပြည်သို့ ကြွအံ့”ဟု မိန့်ကြားတော်မူ၏။

သိကြားမင်း သည်လည်း ဝိသကြုံနတ်သားကို “အမောင် နတ်သား, မြတ်စွာဘုရားသည် လူ့ပြည်သို့ နက်ဖြန် ကြွတော်မူ လတ္တံ့၊ ရွှေစောင်းတန်း တခု, ငွေစောင်းတန်း တခု, ပတ္တမြား စောင်းတန်းတခု ဤသုံးသွယ်သော စောင်းတန်း အစဉ်တို့ကို ဖန်ဆင်းချေ”ဟု အမိန့်ပေး၏၊ဝိသကြုံနတ်သားသည် သိကြားမင်း အမိန့်ရှိတိုင်း ဖန်ဆင်း၏၊ မြတ်စွာဘုရားသည် နောက်တနေ့၌ မြင့်မိုရ်တောင် ထိပ်၌ ရပ်တော်မူ၍ အရှေ့ လောကဓာတ်ကို ကြည့်တော်မူလျှင် စကြာဝဠာတသောင်းတို့သည် ဟင်းလင်းပွင့်၍ တခုတည်းသော အပြင်ကဲ့သို့ ထင်ထင်ရှားရှား မြင်နိုင်ကြကုန်၏၊

အရှေ့မျက်နှာအရပ်၌ ဟင်းလင်းအပြင်မြင်ရသကဲ့သို့, အနောက်မျက်နှာအရပ်, မြောက်မျက်နှာအရပ်, တောင်မျက်နှာ အရပ်၌လည်း အလုံးစုံသော စကြဝဠာကို ဟင်းလင်းအပြင် မြင်ကြရကုန်၏၊ အောက်ကိုလည်း အဝီစိတိုင်အောင်, အထက်ကိုဘဝဂ်ဘုံတိုင်အောင် မပိတ်မပင် ဟင်းလင်းမြင်ရကုန်၏၊ ထိုနေ့၌ အဆီးအတားမရှိ၊ ဟင်းလင်းပွင့်သော လောကဝိဝရဏ ပြာဋိဟာမည်သည် ဖြစ်သတတ်။

လူတို့သည်လည်း နတ်တို့ကိုမြင်ရကုန်၏၊ နတ်တို့သည်လည်း လူတို့ကို မြင်ရကုန်၏၊ ထိုသို့မြင်ကြရာ၌ လူတို့ကလည်း အထက်သို့ မော်၍ မကြည့်ရကုန်၊ နတ်တို့ကလည်း ငုံ၍မကြည့်ရကုန်၊ လူ နတ် အားလုံးပင် ရှေးရှု တူရူ မျက်မှောက် အချင်းချင်း မြင်ကြရကုန်၏၊ မြတ်စွာဘုရားသည် အလယ်ဖြစ်သော ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက် တော်မူ၏၊ နတ်ပြည် ခြောက်ထပ်မှ နတ်တို့သည် လက်ဝဲဘက် ငွေစောင်းတန်းဖြင့် ဆင်းသက်ကုန်၏၊ သုဒ္ဓါဝါသ ဗြဟ္မာတို့သည်၎င်း, သဟံပတိစသော မဟာဗြဟ္မာတို့သည်၎င်း လက်ျာဘက် ရွှေစောင်းတန်းဖြင့် ဆင်းသက်ကုန်၏၊ သိကြား မင်းသည် သပိတ်သင်္ကန်းတော်ကိုလွယ်၏၊ သဟံပတိဗြဟ္မာကြီးသည် သုံးယူဇနာရှိသောထီးဖြူကို ဆောင်းမိုးလျက် လိုက်ပါ၏၊ သုယာမ နတ်မင်းသည် စမရီ သားမြီးယပ်ဖြင့် ယပ်ခတ်လျက် လိုက်ပါ၏၊ ပဉ္စသိခနတ်သားသည် သုံးဂါဝုတ်ရှိသော ဗေလုဝ စောင်းကိုယူ၍ စောင်းသံဖြင့် ပူဇော်လျက် ဆင်းသက်၏၊ ထိုနေ့၌ ဘုရားကိုဖူးမြင်ရသူတို့သည် ဘုရားဆုမတောင်းသူမရှိ၊ ဤအရာ၌ မြတ်စွာဘုရားသည် အာဝိဘာဝ ပြာဋိဟာကို ပြတော်မူ၏။

တနည်းတုံ-**သိဃိုဠ်ကျွန်း ဝါလကံရအရပ်၌** သီတင်းသုံးသော **ဓမ္မဒိန္နထေရ်**သည်လည်း **တိဿကျောင်းတိုက်** စေတီပြင်၌ နေ၍ "တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အပဏ္ဏကပဋိပဒံ ပဋိပန္နော ဟောတိ"အစရှိသော အပဏ္ဏကသုတ်ကို ဟောလျက် ယပ်တောင်ကို ချထားလိုက်၏၊ အဝီစိတိုင်အောင် တပြင်တည်း

ကဲ့သို့ ဟင်းလင်း ပွင့်၏၊ ထို့နောက် ယပ်တောင်ကို အထက်သို့ မြှောက်လိုက် သောအခါ ဗြဟ္မာ့ပြည်တိုင်အောင် တပြင်တည်း ဟင်းလင်း ပွင့်၏၊ အရှင်မဟာမောဂ္ဂလ္လာန်ထေရ်သည် ငရဲဘေးဖြင့် ခြိမ်းခြောက်၍ရင်း, နတ်ပြည်ချမ်းသာဖြင့် ဖြားယောင်း၍ရင်း တရားဟောတော်မူ၏၊ အချို့သောသူတို့သည် သောတာပန် ဖြစ်ကုန်၏၊ အချို့သကဒါဂါမ် အနာဂါမ် ရဟန္တာတို့ ဖြစ်ကြကုန်၏။

၃၇၉။ တံတိုင်း နံရံ စသည်ဖြင့် ဖုံးလွှမ်းသော တိရောဘာဝ ကရဏပြာဋိဟာကို ပြလိုသောရဟန်းသည် အလင်းရောင် ရှိရာကိုမူလည်း အမိုက်မှောင် ပြု၏၊ မဖုံးလွှမ်းသော အရာကိုမူလည်း ဖုံးလွှမ်း၏၊ ထင်ရှားသည်ကိုမူလည်း မထင်ရှားအောင်ပြု၏၊ ခွဲဦးအံ့–အကြင် အခြင်းအရာဖြင့် ပြုသည်ရှိသော် မဖုံးလွှမ်းအပ်သော်ရင်း, အနီး၌ တည်သော်ရင်း မမြင်နိုင်၊ ထိုအခြင်းအရာဖြင့် မိမိကိုရင်း, သူတပါးကိုရင်း ပြုလို၍ ပါဒကဈာန်မှထပြီးလျှင် ဤ အလင်းရောင် ရှိရာအရပ်သည် အမိုက်မှောင် ဖြစ်စေသတည်း ဟူ၍ရင်း, ဤမဖုံးလွှမ်းသော အရပ်သည် ဖုံးလွှမ်းပါစေသတည်း ဟူ၍ရင်း, ဤထင်သော အာရုံသည် မထင်ပါစေသတည်း ဟူ၍ရင်း ဆင်ခြင်၍ ပရိကံ ပြုလျက် ဆိုခဲ့ပြီးသော နည်းဖြင့် ဓိဋ္ဌာန်၏၊ အဓိဋ္ဌာန် ပြုသော အဘိညာဉ်စိတ်နှင့် အတူတကွ ဓိဋ္ဌာန်တိုင်း ဖြစ်၏၊ သူတပါးတို့သည် အနီး၌ တည်လျက်လည်း မမြင် ကုန်၊ မိမိသည်လည်း မမြင်ချင်လျှင် မမြင်နိုင်။

၃၈၀။ ဤတိရောဘာဝ ပြာဋိဟာကို အဘယ်သူ ပြုဘူးသနည်း၊ မြတ်စွာဘုရားသည် ပြုတော်မူဘူး၏။ မြတ်စွာဘုရားသည် **ယသ သတို့သား**ကို အနီး၌ နေပါလျက်ပင် **ဘခင် သူဌေးကြီး** မမြင်အောင် ပြုတော်မူ၏၊ ထိုမှတပါး **ယူဇနာ တရာ့နှစ်ဆယ်** တိုင်အောင် **မဟာကပ္ပိနမင်း**

အား ဆီးကြို၍ ထိုမင်းကို အနာဂါမိ ဖိုလ်၌ဌပင်း, အမတ် တထောင်ကိုလည်း သောတာပတ္တိဖိုလ်၌ဌပင်း ကည့်စေပြီး၍ ထိုမင်း၏ ခရီးစဉ်အတိုင်း လိုက်လာသော အမတ်ကတော် တထောင်ခြံရံသော **အနောဇာ မိဖုရား** သည် လာ၍ မင်း၏အနီး၌ နေသော်လည်း မိမိ အခြံအရံနှင့်တကွ ဖြစ်သော မင်းကိုမမြင်အောင် ပြုလားတော်မူသဖြင့် "အရှင်ဘုရား, မဟာကပ္ပိန မင်းကို မြင်တော်မူပါသလော"ဟု မေးလျှောက်ရာ "အို အနောဇာ မိဖုရား, သင်တို့သည် မင်းကိုရှာခြင်းက မြတ်သလော, သို့မဟုတ် မိမိကိုယ်ကို ရှာခြင်းက မြတ်သလော"ဟု မေးတော်မူရာ၊ "အရှင်ဘုရား, မိမိကိုယ်ကို ရှာခြင်းက မြတ်ပါသည် ဘုရား"ဟု လျှောက်ကြား၍ ထိုင်နေသော ထို အနောဇာ မိဖုရားအား အကြင်သို့သော အခြင်းအရာဖြင့် တရားဟောသည်ရှိသော် ထို အနောဇာမိဖုရားသည် အမတ်ကတော် တထောင်နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည်ရာ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် တရားကို ဟောတော်မူ၏၊ အမတ်တထောင်တို့သည် အနာဂါမိ ဖိုလ်၌ တည်၏၊ မဟာကပ္ပိနမင်းသည် အရဟတ္တဖိုလ်၌ တည်၏၊ ဤသို့ မြတ်စွာဘုရား ပြုတော်မူဘူး၏။

သီဟိုဠ်ကျွန်းသို့ ရောက်သောနေ့၌ မိမိနှင့်တကွ အတူကြွလာကြသော ဣဋ္ဋိယထေရ် စသည်တို့ကို **ဒေဝါနံ ပိယတိဿမင်း** မမြင်နိုင်အောင် ထိုထို အခြင်းအရာအားဖြင့် ပြုတော်မူသော **ရှင်မဟိန္ဒထေရ်** သည်လည်း ဤ တိရောဘာဝ ပြာဋိဟာကို ပြုတော်မူဘူး၏။

၃၉၁။ တနည်းကား—ဇုဒ္ဒိမန္တပုဂ္ဂိုလ် ထင်ရှားရှိသော ပြာဋိဟာသည် အာဝိဘာဝ ပြာဋိဟာ မည်၏၊ ဇုဒ္ဒိမန္တပုဂ္ဂိုလ် ထင်ရှား မရှိသော ပြာဋိဟာသည် တိရောဘာဝ ပြာဋိဟာ မည်၏၊ ထိုနှစ်ပါးတို့တွင် ထင်ရှားသော

ပြာဋိဟာ၌ တန်ခိုးသည်လည်း ထင်ရှား၏၊ တန်ခိုးရှိသော ပုဂ္ဂိုလ်သည်လည်း ထင်ရှား၏၊ ထိုပါကဋ ပြာဋိဟာကို ယမိုက်ပြာဋိဟာဖြင့် ညွှန်ပြအပ်၏၊ ထိုစကား သင့်စွ၊ ထို ယမိုက်ပြာဋိဟာ၌—

"ဣဓ တထာဂတော ယမက ပါဋိဟာရိယံ ကရောတိ အသာဓာရဏံ သာဝကေဟိ-ဥပရိမကာယတော အဂ္ဂိက္ခန္ဓော ပဝတ္တတိ, ဟေဋ္ဌိမကာယတော ဥဒကဓာရာ ပဝတ္တတိ"။

"ဤ သာသနာတော်၌ မြတ်စွာဘုရားသည် တပည့်သာဝကတို့နှင့် မဆက်ဆံသော ယမိုက် ပြာဋိဟာကို ပြုတော်မူ၏၊ ကိုယ်တော် အထက်ပိုင်းက မီးပုံကြီးဖြစ်၍ ကိုယ်တော် အောက်ပိုင်းက ရေအယဉ်ဖြစ်၏"ဟူ၍ ဤဣဒ္ဓိ, ဣဒ္ဓိမန္တ နှစ်ပါးစုံသည် ထင်၏။

မထင်ရှားသော ပြာဋိဟာ၌ တန်ခိုးကား ထင်၏၊ တန်ခိုးရှိသောပုဂ္ဂိုလ်ကား မထင်၊ ထိုအပါကဋ ပြာဋိဟာကို သဠာယတနဝဂ္ဂ သံယုတ်ပိုင်း၊ စိတ္တ ဂဟပတိ သံယုတ်၊ ၄-မဟာကထေရ သုတ်ဖြင့်၎င်း၊ မူလပဏ္ဏာသပါဠိတော်၊ စူဠယမကဝဂ်၊ ၉-ဗြဟ္မနိမန္တနိကသုတ်ဖြင့်၎င်း ညွှန်ပြအပ်၏၊ ထိုသုတ်၌ **အရှင်မဟာကမထေရ်**၏၎င်း, မြတ်စွာဘုရား၏၎င်း တန်ခိုးသည်ထင်၏၊ ဣဒ္ဓိမန္တ ပုဂ္ဂိုလ်ကား မထင်။

"ကေမန္တံ နိသိန္နော ခေါ စိတ္တော ဂဟပတိ အာယသ္မန္တံ မဟာကံ ဧတဒဝေါစ၊ သာဓု မေ ဘန္တေ အယျော မဟကော ဥတ္တရိမနုဿဓမ္မာ ဣဒ္ဓိပါဋိဟာရိယံ ဒဿေတူတိ၊ တေန ဟိ တွံ ဂဟပတိ အာဠိန္ဒေ ဥတ္တရာသင်္ဂံ ပညာပေတွာ၊ တိဏကလာပံ ဩကာသေဟီတိ၊ ဧဝံ ဘန္တေတိ ခေါ စိတ္တော ဂဟပတိ အာယသ္မတော မဟာကဿ ပဋိဿုတွာ အာဠိန္ဒေ ဥတ္တရာသင်္ဂံ ပညာပေတွာ တိဏကလာပံ ဩကာသေသိ၊ အထ ခေါ အာယသ္မာ

မဟာကော ဝိဟာရံ ပဝိသိတွာ တထာရူပံ ဣဒ္ဓါဘိသင်္ခါရံ အဘိသင်္ခါသိ၊ ယထာ တာလစ္ဆိဂ္ဂဠေန စ အဂ္ဂဠန္တရိကာယ စ အစ္စိ နိက္ခမိတွာ တိဏာနိ ဈာပေသိ, ဥတ္တရာသင်္ဂံ န ဈာပေသိ။”

“တင့်အပ်လျောက်ပတ်စွာ နေပြီးသော **စိတ္တသူကြွယ်** သည် အရှင် **မဟာက** မထေရ်ကို ဤသို့ လျှောက်၏၊ “အရှင်ဘုရား, အကျွန်ုပ် တောင်းပန်ပါ၏၊ အရှင်မဟာကသည် လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို အကျွန်ုပ်အား ပြတော်မူစေချင်၏”ဟု လျှောက်၏။ “အို သူကြွယ်, သင်သည်ကျောင်းဦး၌ အပေါ်ရုံတဘက်ကိုခင်း၍ မြက်စည်းကို ကြဲဖြန့်လော့”ဟု မိန့်ဆို၏။ “အရှင်ဘုရား,ကောင်းပါပြီ”ဟု စိတ္တ သူကြွယ်သည် အရှင်မဟာက၏စကားကို ဝန်ခံ၍ ကျောင်းဦး၌ တဘက်ကိုခင်း၍ မြက်စည်းကို ကြဲဖြန့်သောအခါ အရှင်မဟာကသည် ကျောင်းသို့ဝင်၍ အကြင်သို့သော သဘောရှိသော သင်္ခါရဖြင့် သံကောက်ပေါက်မှရင်း, တံခါးပေါက်ကြားမှရင်း မီးလျှံထွက်၍ မြက်တို့ကိုသာလောင်၏၊ တဘက်ကိုမလောင်၊ထိုသို့သော တန်ခိုးဖန်ဆင်းခြင်းကိုပြုပြီ”စသည်ဖြင့် ဘုရားဟောတော်မူပြီ—

“အထခွါဟံ ဘိက္ခဝေ တထာရူပံ ဣဒ္ဓါဘိသင်္ခါရံ အဘိသင်္ခါသိံ၊ ယာဝတာ ဗြဟ္မာ စ ဗြဟ္မပရိသာ စ ဗြဟ္မပါရိသဇ္ဇာ စ သဒ္ဒမေဝ သောဿန္တိ၊ န စ မံ ဒက္ခိံသု အန္တရဟိတော ဣမံ ဂါထံ အဘာသိ။”

‘‘ဘဝေဝါဟံ ဘယံ ဒိသွာ၊
ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊
နန္ဒိဉ္စ န ဥပါဒိယိန္တိ”။

"အို-ရဟန်းတို့, ထိုသို့ ဖြဟ္မာ့ဘုံသို့ ရောက်သောအခါ၌ ငါဘုရားသည် ထိုသို့ သဘောရှိသော တန်ခိုးဖန်ဆင်း ခြင်းကိုပြုပြီး၊ ဤမျှသော တန်ခိုးဖန်ဆင်းခြင်းဖြင့် ဗက ဗြဟ္မာသည်၎င်း, ဗကဗြဟ္မာ၏ ပရိသတ်သည်၎င်း, ဗြဟ္မ- ပါရိသဇ္ဇာ ဗြဟ္မာတို့သည်၎င်း ငါ့အသံကိုသာ ကြားကုန် လတ္တံ့၊ ငါဘုရားကိုကား မမြင်ကုန်လတ္တံ့"ဟု နှလုံးပိုက် တော်မူ၍ ကွယ်တော်မူလိုသဖြင့်—

''ဘဝေဝါဟံ ဘယံ ဒိသွာ၊
ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊
နန္ဒိဉ္စ န ဥပါဒိယိံ''။

ဟူသော ဂါထာကို ရွတ်တော်မူ၏။

''ငါဘုရားသည် သံသရာ၌ ဇာတိဇရာစသော ဘေး အပေါင်းကို မြင်သောကြောင့်သာလျှင် ဘဝသုံးပါးကို လည်း ဘဝ၏ကင်းရာကိုသာရှာပါလျက် အဖန်တလဲလဲ သံသရာဝဲထဲ၌သာလျှင် မြေကိုစက်ဆုပ်၍ ခုန်သော ယုန် ကဲ့သို့ မြင်ပြန်ရသောကြောင့် တစုံတခုသော ဘဝကိုမျှ တဏှာဒိဋ္ဌိအားဖြင့် မချီးမွမ်းသတည်း၊ ဘဝတဏှာကို လည်း မစွဲလန်းသတည်း"ဟူ၍ ဟောတော်မူပြီ။

၃၉၂။ "ကောင်းကင်၌ သွားသကဲ့သို့ ထို့အတူ နံရံတဘက်သို့ ၎င်း, တံတိုင်းတဘက်သို့၎င်း, တောင်တဘက်သို့၎င်း, မငြိမရှက်ဘဲ သွား၏''ဟူသောစကား၌ "နံရံတဘက်" ဟူသည်ကား နံရံ၏အပြင်သို့ နံရံ၏အပြင်အဘို့သို့-ဟု ဆိုလိုသည်၊ ''တံတိုင်းတဘက် တောင်တဘက်''တို့၌ လည်း ဤနည်းကဲ့သို့ သိအပ်၏။

"နံရံ" ဟူသည်ကား—အိမ်နံရံ၏အမည်တည်း။ "တံတိုင်း' ဟူသည်ကား—အိမ် ကျောင်း ရွာ စသည်တို့၏ အရံအတား ဖြစ်သောတံတိုင်းတည်း၊'တောင်' ဆိုသည်ကား—မြေသားတောင်

ကျောက်တောင်တည်း၊ "မငြိမရှက်"ဟူသည့်ကား မကပ်မငြိမှု၍ ဆိုလိုသည်။

ဤသို့သွားလိုသော ဇုဠဝိမန္ဓ ပုဂ္ဂိုလ်သည် အာကာသ ကသိုဏ်းကို ဝင်စား၍ ဈာန်မှထပြီးသော် နံရံကိုငှင်း, တံတိုင်းကိုငှင်း, မြင့်မိုရ်တောင် စကြဝဠာတောင်တို့တွင် တပါးပါးသော တောင်ကိုငှင်း ဆင်ခြင်၍ ပရိကံပြုပြီးသော်"ဟင်းလင်းအပြင် ကောင်းကင် ဖြစ်ပါစေသတည်း" ဟု မိဋ္ဌာန်အပ်၏၊ ကောင်းကင်သာ ဖြစ်၏၊ အောက်သို့ ဆင်းလိုသူအားငှင်း, အထက်သို့ တက်လိုသူအားငှင်း အခေါင်း ဖြစ်၏၊ ဖောက်ထွင်းသွားလိုသူအား အပေါက် ဖြစ်၏၊ ထိုတန်ခိုးရှိသူသည် ထိုအခေါင်း အပေါက်ရှိသော တံတိုင်းတောင်တို့၌ မငြိမကပ်ဘဲ သွားရ၏။

ဤအရာ၌ **တိပိဋက စူဠာဘယထေရ်**သည် "အို-ငါ့ရှင်တို့, အာကာသ ကသိုဏ်းကို ဝင်စားခြင်းသည် အဘယ်အကျိုးရှိသနည်း၊ ဆင် မြင်း စသည်တို့ကို ဖန်ဆင်းလိုသောသူသည် ဆင်ကသိုဏ်း မြင်းကသိုဏ်း-စသည်တို့ကို ဝင်စားသလော၊ပထဝီကသိုဏ်းစသည်တို့တွင် အမှတ်မရှိ၊ ကသိုဏ်းတခုခု၌ ဝင်စားပြီး ပရိကံပြု၍ "ကောင်းကင် ဖြစ်စေသတည်း" ဟု မိဋ္ဌာန်ကောင်းသည် မဟုတ်လော၊ သမာပတ်ရှစ်ပါး၌ လေ့လာခြင်းရှိသောသူ၏အဖြစ်သည်သာလျှင် လိုရင်းမဟုတ်လော၊ ထို့ကြောင့် အကြင်အကြင် အာကာသ စသည်တို့ကို အလိုရှိ၏၊ ထိုထိုအလိုရှိသမျှအတိုင်း ဖြစ်သည်မဟုတ်လော"ဟူ၍ မိန့်ဆို၏၊ ရဟန်းတို့က "အရှင်ဘုရား, ပါဠိတော်၌ အာကာသကသိုဏ်းသာ လာသောကြောင့် ထိုနံရံတံတိုင်း စသည့်သို့သွားသော ပြာဋိဟာကိုပြုရာ၌ ဤအာကာသ ကသိုဏ်းဝင်စားခြင်းကို ဆိုသင့်၏"ဟု ပြန်လျှောက်ကြကုန်၏။

ထိုစကား၌ ဆိုလတ္တံ့သည့်ကား ပါဠိတော်တည်း—

ပကတိသဘောအားဖြင့် အာကာသကသိုဏ်း သမာပတ်ကို ရ၏၊ အိမ်နံရံတဘက်ကို, တံတိုင်းတဘက်ကို,

တောင်တဘက်ကို ဆင်ခြင်ပြီးမှဉာဏ်ဖြင့် “ကောင်းကင် ဖြစ်စေသတည်း”ဟု မိဋ္ဌာန်၏၊ ကောင်းကင်ဖြစ်၏၊ နံရံ တဘက်သို့, တံတိုင်းတဘက်သို့, တောင်တဘက်သို့ မငြိ မကပ်ဘဲ သွားရ၏၊ ပကတိအားဖြင့် တန်ခိုးမရှိသော လူတို့သည် တစုံတရာ အရံအကာ အဆီးအတားမရှိသော အရပ်၌ မငြိမကပ်ဘဲ သွားကုန်သကဲ့သို့ ထို့အတူ တန်ခိုး ရှိ၍ သမာပတ်ရစ်ပါး၌ လေ့လာပြီးသောပုဂ္ဂိုလ်သည် နံရံတဘက်သို့, တံတိုင်းတဘက်သို့, တောင်တဘက်သို့ မငြိမကပ်ဘဲ သွားရသကဲ့သို့ ကောင်းကင်၌ မငြိမကပ်ဘဲ သွား၏။

ဤကား ပါဠိတော်် အလိုတည်း။

မိဋ္ဌာန်၍သွားသော ထိုရဟန်းအား အကြား၌ တောင်သည် ရှင်း, သစ်ပင်သည်ရှင်း အကယ်၍ ပေါက်အံ့၊ တဖန်ဝင်စား၍ မိဋ္ဌာန်ရဦးမည်လော-ဟု မေးမူ၊ တဖန် ဝင်စား၍ မိဋ္ဌာန်ခြင်း၌ အပြစ်မရှိ၊ တဖန် ဝင်စား၍ မိဋ္ဌာန်ခြင်းသည် ဥပဇ္ဈာယ်ထံ၌ နိဿယည်းယူသည်နှင့်တူ၏၊ တစုံတခုသော အကြား၌ တောင် စသော ဝတ္ထုသည် ပေါက်စေကာမူ ဤရဟန်းသည်“ကောင်းကင် ဖြစ်စေ သတည်း”ဟု မိဋ္ဌာန် ပြီးသောကြောင့် ကောင်းကင် သာလျှင်ဖြစ်၏၊ ရှေးအမိဋ္ဌာန်၏ အစွမ်းဖြင့်သာလျှင် ထို ပုဂ္ဂိုလ် အား အကြား၌ ဥတုကြောင့် ဖြစ်သော တောင် သစ်ပင် ပေါက်ခြင်းစသော အကြောင်းမရှိ၊ တန်ခိုးရှိသူ တယောက်က ဖန်ဆင်းသည် ရှိသော်် ရှေးဦးစွာ ဖန်ဆင်းကြောင်း ဖြစ်သော တန်ခိုးသည် အားရှိအံ့၊ ရဟန်းတယောက်က နောက်တဖန် ဖန်ဆင်းအပ်သော သစ်ပင် တောင်သည် ထိုရှေးဦးဖန်ဆင်းသော ဟင်းလင်းအပြင်၏ အထက်သို့ဖြစ်စေ, အောက်သို့ဖြစ်စေ သွား လေရာ၏။

၃၉၃။ **“မြေ၌သော်လည်း ပေါ်ခြင်း ငုပ်ခြင်းကို ပြု၏”** ဟူသောစကား၌ မြေမှ အထက်သို့ပေါ်ခြင်းကိုပေါ်ခြင်း

ဟု ဆို၏၊ မြေအောက်သို့နစ်ခြင်း ငုပ်ခြင်းကို ငုပ်ခြင်း ဟုဆို၏၊ မြေမှပေါ်ခြင်း ငုပ်ခြင်းကို ပြုလိုသောရဟန်းသည် အာပေါကသိုဏ်းကို ဝင်စားပြီးလျှင် ဈာန်မှထ၍ "ဤ မျှလောက်သော အရပ်၌ မြေသည် ရေဖြစ်စေသတည်း"ဟု အလိုရှိအပ်သော အရပ်ကို ပိုင်းခြား၍ ပရိကံပြု၍ ဆိုခဲ့ပြီးသောနည်းဖြင့် မိဋ္ဌာန်အပ်၏၊ မိဋ္ဌာန်ခြင်းနှင့်အတူတကွ ပိုင်းခြားတိုင်းသောအရပ်၌ မြေသည် ရေအတိသာဖြစ်၏၊ ထိုရဟန်းသည် ထိုရေ၌ပေါ်ခြင်း ငုပ်ခြင်းကို ပြု၏။

ထိုမြေကို "ရေဖြစ်စေ"ဟု မိဋ္ဌာန်ရာ၌ ဤဆိုလတ္တံ့သည်ကား ပါဠိတော်တည်း—

"ပကတိအားဖြင့် အာပေါကသိုဏ်း သမာပတ်ကို ရသည်ဖြစ်၏၊ ပထဝီကသိုဏ်းကို ဝင်စားပြီးလျှင် "ရေဖြစ်စေ"ဟု ဉာဏ်ဖြင့်မိဋ္ဌာန်၏, ရေဖြစ်၏၊ တန်ခိုးရှိသော ထိုပုဂ္ဂိုလ်သည် မြေ၌ပေါ်ခြင်း ငုပ်ခြင်းကိုပြု၏၊ ပကတိအားဖြင့် တန်ခိုးမရှိသော လူတို့သည် ရေ၌ပေါ်ခြင်း ငုပ်ခြင်းကို ပြုသကဲ့သို့ ထို့အတူ တန်ခိုးရှိ၍ သမာပတ်ရှစ်ပါး၌ လေ့လာပြီးသော ပုဂ္ဂိုလ်သည် မြေ၌ ပေါ်ခြင်း ငုပ်ခြင်းကို ပြု၏"။

စင်စစ်သော်ကား ပေါ်ခြင်းငုပ်ခြင်းကိုသာ ပြုသည်မဟုတ်သေး၊ရေချိုးခြင်း,သောက်ခြင်း,မျက်နှာသစ်ခြင်း, သက်နံးဖွပ်ခြင်း စသည်တို့တွင် အလိုရှိသမျှကိုပြု၏၊ ရေသက်သက်ဖြစ်ရုံသာ မကသေး၊ ထောပတ်, ဆီ, ပျား, တင်လဲ စသည်တို့တွင်လည်း ထိုထို အလိုရှိအပ်သော ဝတ္ထုသည် "ဤမည်သော ဤမည်သော ဝတ္ထုသည် ဤမျှလောက်ဖြစ်စေသတည်း"ဟု ဆင်ခြင်ပြီးလျှင် ပရိကံပြု၍ မိဋ္ဌာန်သောရဟန်းအား မိဋ္ဌာန်တိုင်းသာလျှင်ဖြစ်၏၊ နှိုက်ယူ၍ အိုးခွက်ထဲမှာ ထည့်ထားသော ရဟန်းအား မိဋ္ဌာန်အပ်သော ထောပတ်သည် ထောပတ်သာဖြစ်၏၊ မိဋ္ဌာန်အပ်သော ဆီစ

သည့်တို့သည် ဆီအစရှိသည့်တို့သာ ဖြစ်ကုန်၏၊ မိဋ္ဌာန်အပ်သော ရေသည် ရေသာဖြစ်၏။

ထို တန်ခိုးရှင်သည် ထိုရေ၌ စွတ်စိုစေလိုမှသာလျှင် စိုစွတ်၏၊ မစွတ်စိုစေချင်လျှင် မစွတ် မစိုနိုင်၊ ထို တန်ခိုးရှင်အားသာလျှင် ထိုမြေသည် ရေဖြစ်၏၊ အခြားသူတို့မှာကား မြေပြင်ပင်ဖြစ်၏၊ ထိုမြေပြင်၌ လူတို့သည် ခြေကျင်သွားကြ၏၊ ယာဉ်စသည်တို့ဖြင့်လည်း သွားကြ၏၊ လယ်ထွန်ခြင်း စသော အလုပ်တို့ကိုလည်း ပြုလုပ်ကြကုန်၏၊ ဤတန်ခိုးရှင်က အခြားသူတို့အားလည်း မြေကို ရေဖြစ်ရန် အကယ်၍အလိုရှိအံ့၊ ရေဖြစ်သည်သာတည်း၊ ပိုင်းခြားအပ်သော အရပ်ကိုလွန်၍ အိုး တဘက်ဆည်းကန် စသည်တို့၌ တန်ခိုးဖြင့် မဖန်ဆင်းအပ်သော ပကတိရေမှကြွင်းသော အရပ်သည် မြေပင်ဖြစ်၏။

၃၉၄။ **"မကွဲ မပျက်သောရေ"** ဟူရာ၌ နင်း၍ နစ်မြုပ်သော ရေကို ကွဲသောရေဟု ဆိုအပ်၏၊ထိုမှ ပြန်သောအားဖြင့် နင်းသူ မနစ်မမြုပ်သောရေကို မကွဲမပျက်သော ရေဟု ဆိုအပ်၏၊ ဤသို့သွားလိုသောသူသည် ပထဝီကသိုဏ်း ဈာန်ကို ဝင်စားပြီး ဈာန်မှထ၍ "ဤအရပ်၌ ရေသည် မြေဖြစ်စေသော"ဟု ဉာဏ်ဖြင့် ပိုင်းခြားလျက် ပရိကံပြု၍ ယခင်နည်းဖြင့် မိဋ္ဌာန်အပ်၏၊ မိဋ္ဌာန်သောအဘိညာဉ်စိတ်နှင့်အတူတကွ ပိုင်းခြားတိုင်းသောအရပ်၌ ရေသည် မြေအတိဖြစ်၏၊ထို တန်ခိုးရှင်သည် ထိုမြေကိုနင်းသွား၏၊ ထိုရေကို မြေဖြစ်စေဟု မိဋ္ဌာန်ရာ၌ ဤဆိုလတ္တံ့သည်ကား ပါဠိတော်တည်း။

"ပကတိအားဖြင့် ပထဝီကသိုဏ်းသမာပတ်ကိုရသော ကြောင့် အာပေါကသိုဏ်းကို ဝင်စားပြီးလျှင် "မြေဖြစ်စေ"ဟု ဉာဏ်ဖြင့် မိဋ္ဌာန်၏၊ မြေဖြစ်၏၊ ထိုတန်ခိုးရှင်သည် မကွဲမပျက်သော ရေ၌ သွား၏၊ ပကတိအားဖြင့် တန်ခိုး မရှိသော လူတို့သည် မကွဲမပျက်သော မြေ၌

သွားကုန်သကဲ့သို့ ထို့အတူ တန်ခိုးရှိ၍ သမာပတ်ရှစ်ပါး၌ လေ့လာပြီးသောပုဂ္ဂိုလ်သည် မကွဲ မပျက် မနစ် မမြုပ်သောရေ၌ သွား၏”။

စင်စစ်သော်ကား သွားရုံသာ မဟုတ်သေး၊ မိမိပြု လိုသော ဣရိယာပုထ်ကို ပြုနိုင်၏၊စင်စစ်သော်ကား မြေသက်သက်ကိုသာ ပြုသည် မဟုတ်သေး၊ ပတ္တမြား ရွှေတောင် သစ်ပင် စသည်တို့တွင်လည်း ထိုသို့ အလိုရှိအပ်သော ပတ္တမြား စသည်ကို ယခင်နည်းဖြင့် ဆင်ခြင်၍ ဓိဋ္ဌာန်၏၊ ဓိဋ္ဌာန်တိုင်းသာလျှင် ဖြစ်၏၊ ထိုတန်ခိုးရှင်အားသာလျှင် ထိုရေသည် မြေ ဖြစ်၏၊ တန်ခိုးရှင်မှ ကြွင်းသော အခြားသူတို့အား ရေသာလျှင် ဖြစ်၏၊ ငါးလိပ်တို့သည်၎င်း, တင်ကျီးစသော ငှက်တို့သည်၎င်း အလိုရှိတိုင်း သွားကုန်၏၊ ဤတန်ခိုးရှင်က အခြားသူတို့အားလည်း ရေကို မြေဖြစ်ရန် အကယ်၍ အလိုရှိအံ့၊ ရေကို မြေဖြစ်အောင် ပြုနိုင်သည်သာတည်း၊ ပိုင်းခြားအပ်သော ကာလလွန်သော်ကား ရေဖြစ်မြဲတိုင်းသာ ဖြစ်၏။

၃၉၅။ **“အတောင်ရှိသောငှက်ကဲ့သို့ ကောင်းကင်၌ ယက်ဝယ်ဖွဲ့ခွေ၍ သွား၏”**ဟူသည်ကား-ထက်ဝယ် ဖွဲ့ခွေ ထိုင်နေ၍ သွား၏၊ အတောင်နှင့်ယှဉ်သော ငှက်ကဲ့သို့ဆိုလိုသည်၊ ဤသို့ ပြုလိုသူသည် ပထဝီကသိုဏ်းကို ဝင်စားပြီးရာန်မှ ထ၍ ထိုင်လျက် သွားလိုအံ့၊ ထက်ဝယ် ပလ္လင်အတိုင်းအရှည်ရှိသော အရပ်ကိုပိုင်းခြား၍ မြေဖြစ်စေဟု ပရိကံ ပြုပြီးလျှင် ယခင်နည်းဖြင့် ဓိဋ္ဌာန်အပ်၏၊ လျောင်းလျက် သွားလိုအံ့၊ ညောင်စောင်းလောက်ရှိသော အရပ်ကို၎င်း,ခြေလျင်သွားလိုအံ့၊ လမ်းလောက်ရှိသော အရပ်ကို၎င်း ဤသို့ မိမိ အလိုအားလျော်သော အရပ်ကို ဉာဏ်ဖြင့် ပိုင်းခြား၍ ရှေးနည်းဖြင့် “မြေဖြစ်စေ”ဟု ဓိဋ္ဌာန်အပ်၏၊ ဓိဋ္ဌာန်သော အဘိညာဉ်စိတ်နှင့်တကွ မြေ ပကတိ ဖြစ်၏၊ ထိုကောင်းကင်ကိုမြေဖြစ်စေရာ၌ ဤ ဆိုလတ္တံ့သည်ကား ပါဠိတော်တည်း—

"အတောင်ရှိသောငှက်ကဲ့သို့ ကောင်းကင်၌ တင်ပြင်ခွေ၍ သွား၏၊ ပကတိအားဖြင့် ပထဝီကသိဏ်းသမာပတ်ကို ရသောကြောင့် အာကာသကသိဏ်းကို ဆင်ခြင်ပြီးလျှင် "မြေဖြစ်စေ"ဟု ဉာဏ်ဖြင့် မိဋ္ဌာန်၏၊ မြေဖြစ်၏၊ ထိုတန်ခိုးရှင်သည် အန္တလိက္ခ မည်သော ကောင်းကင်၌ စင်္ကြံသွား၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ အိပ်လည်း အိပ်၏၊ ပကတိအားဖြင့် တန်ခိုးမရှိသော လူတို့သည် မြေပြင်၌ သွားကုန် ရပ်ကုန် ထိုင်ကုန် အိပ်ကုန်သကဲ့သို့ ထို့အတူ သမာပတ်ရှစ်ပါး၌ လေ့လာပြီးသော တန်ခိုးရှင်သည် အန္တလိက္ခ မည်သော ကောင်းကင်၌ သွားလည်း သွား၏။....(လ)....အိပ်လည်း အိပ်၏၊ ဤကား ပါဠိတော်သဘောတည်း။

ကောင်းကင်၌ သွားလိုသောရဟန်းသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရရှိပြီး ဖြစ်ရာ၏၊ အဘယ့်ကြောင့်နည်းဟူမူကား–ပိုင်းခြားအပ်သော အရပ်၏ အတွင်း၌ ဥတုကြောင့်ဖြစ်ကုန်သော တောင်သစ်ပင် စသည်တို့မူလည်း ဖြစ်ကုန်အံ့၊ နဂါး ဂဠုန်တို့သည် ငြူစူကုန်၍ တောင် သစ်ပင်စသည်တို့ကိုမူလည်း ဖန်ဆင်း ကုန်အံ့၊ ထို တောင် သစ်ပင်စသည်တို့ကိုမြင်ခြင်းငှါ ဖြစ်ရာ၏၊ ထိုတောင်သစ်ပင်စသည်တို့ကိုမြင်လျှင် အဘယ်သို့ပြုအပ်သနည်းဟူမူ၊ ပါဒကဈာန်ကိုဝင်စား၍ ဈာန်မှထပြီးသော် "ကောင်းကင် ဖြစ်စေ"ဟု ပရိကံပြု၍ မိဋ္ဌာန် အပ်၏။ **တိပိဋက စူဠာဘယထေရ်**ကလည်း "အို–ငါ့ရှင်တို့, တဖန် သမာပတ် ဝင်စားပြန်ခြင်းသည် ဘယ်အကျိုးရှိသနည်း၊တန်ခိုးရှင်၏ ပြာဋိဟာအစွမ်းကြောင့် ဖြစ်သောစိတ်သည် စင်စစ် အာရုံ၌ ကောင်းစွာ ထားအပ်သည်သာမဟုတ်လော၊ ထိုစိတ်ဖြင့် ထိုထို မိဋ္ဌာန်အပ်သော အရပ်သည် ကောင်းကင်အတိသာ ဖြစ်သည်မဟုတ်လော"ဟု မိန့်ဆို၏၊ ထိုသို့ မိန့်ဆိုငြားသော်လည်း တိရောကုဋ္ဋပြာဋိဟာ၌ ပြဆိုပြီးသော နည်းဖြင့်သာလျှင် ကျင့်အပ်၏။

တနည်းကား—တင့်အပ်သော အရပ်၌ သက်ခြင်း၄ါလည်း ဤကောင်းကင်သွားလိုသောရဟန်းသည် ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရရှိပြီး ဖြစ်ရာ၏၊ အဘယ်ကြောင့်နည်းဟူမူ ၄က်ကြီး အသွင် ကောင်းကင်သွားသောရဟန်းသည် မသင့်မတင့်သော ရေချိုး ဆိပ်၌ဖြစ်စေ, ရွာတံခါး၌ ဖြစ်စေ အကယ်၍ သက်ချေအံ၊ လူအများ သိမြင်ကုန်လတ္တံ့၊ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့် ကြည့်ပြီးမှ မသင့်သောအရပ်ကိုရှောင်၍ သင့်သော အရပ်၌ သက်အပ်၏။

၃၉၆။ "ဤသို့ တန်ခိုးကြီးကုန်သော ကြီးသော အာနုဘော် ရှိကုန်သော ဤ လ-နေတို့ကို လက်ဖြင့် သုံးသပ်၏၊ဆုပ်နယ်၏"ဟူရာ၌—လ-နေတို့၏ ယူဇနာ လေးသောင်း နှစ်ထောင်ထက်၌ သွားခြင်းကြောင့် တန်ခိုးကြီးသော အဖြစ်ကို သိအပ်၏၊ ကျွန်းကြီး သုံးကျွန်း၌ တပြိုင်နက် လင်းစေနိုင်ခြင်းကြောင့် အာနုဘော်ကြီးသောအဖြစ်ကို သိအပ်၏၊ဤသို့ ယူဇနာလေးသောင်း နှစ်ထောင်ထက်၌ သွားခြင်း သုံးကျွန်းလုံးကို တပြိုင်နက် လင်းစေနိုင်ခြင်း ဖြင့် တန်ခိုးကြီးကုန်သော ကြီးသောအာနုဘော် ရှိကုန် သော"ဟု ဆိုသည်။ "သုံးသပ်၏" ဟူသည် ကား-ကိုင်၏, တစိတ်တဒေသ၌ ထိ၏။"ဆုပ်နယ်၏"ဟူသည် ကား—ထက်ဝန်းကျင်မှ ကြေးမုံမှန်အပြင်ကဲ့သို့ ပွတ်၏ ဆိုလိုသည်။

ထိုတန်ခိုးရှင်၏ နေ-လကိုသုံးသပ်သော တန်ခိုးသည်ကား အမှတ်မရှိသော အဘိညာဉ်ပါဒကဈာန်၏ အစွမ်းဖြင့်သာလျှင် ပြည့်စုံ၏၊ ဤအရာ၌ ကသိုဏ်းသမာပတ်ကို အမြဲမှတ်ခြင်း မရှိ၊ ထိုစကား မှန်၏၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ဣမေ စန္ဒိမ-သူရိယေ····(လ)····ပရိမဇ္ဇတိ"ဟူသောစကားကို ဟောတော် မူ၏။

"ဤ လ-နေတို့ကို သုံးသပ်၏'' ဟူသည်ကား—ဤ သာသနာတော်၌ အဘိညာဉ်ကို ရပြီးသော ထို တန်ခိုး ရှင်သည် လ-နေတို့ကိုဆင်ခြင်၍ "နှစ်တောင်ထွာ ဟတ္ထ-

ပါသ်အတွင်း၌ ဖြစ်စေ''ဟု ဉာဏ်ဖြင့် မိဋ္ဌာန်၏၊ လဝန်းနေဝန်းသည် ဟတ္ထပါသ်အတွင်းဖြစ်၏၊ထိုတန်ခိုးရှင်သည် ထိုင်လျက်ဖြစ်စေ, လျောင်းလျက် ဖြစ်စေ နေ-လတို့ကို လက်ဖြင့် ကိုင်၏၊ သုံးသပ်၏၊ ယက်ဝန်းကျင်မှ ပွတ်၏၊ ပကတိအားဖြင့် တန်ခိုးမရှိသောလူတို့သည် ဟတ္ထပါသ်၌ တည်သော ခွက် ကြုတ်စသော ဝတ္ထုတစုံတရာကို ကိုင်သကဲ့သို့ သုံးသပ်သကဲ့သို့ ယက်ဝန်းကျင် ပွတ်နယ်သကဲ့သို့ ပင်တည်း။ ဤအတူ… (လ)….သုံးသပ်နိုင်၏''။

ထို တန်ခိုးရှင်သည် သွား၍ သုံးသပ်လိုလျှင် သွား၍ သုံးသပ်နိုင်၏၊ဤ လူ့ပြည်၌ ထိုင်လျက်ငင်း, လျောင်းလျက်ငင်း သုံးသပ်လိုလျှင် "ဟတ္ထပါသ် အတွင်း ဖြစ်စေ''ဟု ပြုသော အဓိဋ္ဌာန်၏ အာနုဘော်ကြောင့် အညှာမှကြွေသော ထန်းသီးကဲ့သို့ ဟတ္ထ-ပါသ် အတွင်းသို့ ရောက်လာသော လ-နေတို့ကို သုံးသပ်၏၊ လက်ကိုမူလည်း ရှည်လျားကြီးပွါးစေ၍ သုံးသပ်၏၊ လက်ကို ကြီးပွါးစေသော တန်ခိုးရှင်အား **ဥပါဒိန္နကရုပ်သည် ပွါးသလော၊ အနုပါဒိန္နကရုပ်သည် ပွါးသလောဟူမူ ဥပါဒိန္နကရုပ်ကိုမှီ၍ အနုပါဒိန္နကရုပ်သည် ပွါး၏။**

ထိုသို့ပွါးစေရာ၌ **တိပိဋက စူဠနာဂ ထေရ်သည်** "ဒို-ငါ့ရှင်တို့, ဥပါဒိန္နကရုပ်သည် ငယ်စေလိုလျှင် ငယ်နိုင်၏၊ကြီးစေလိုလျှင် ကြီးနိုင်၏၊ သံကောက်ပေါက်မှ ယွက်သော ရဟန်း၏ ဥပါဒိန္နကရုပ်သည် ငယ်၏မဟုတ်လော၊ ကြီးသော အတ္တဘော ကိုပြုလျှင် ကြီး၏မဟုတ်လော၊ အသျှင်မောဂ္ဂလာန်၏ နန္ဒော-ပနန္ဒနဂါးမင်းကို ဆုံးမသောအခါ၌ကဲ့သို့တည်း''ဟု မိန့်တော်မူဘူးပြီ။

တနေ့သ၌ **အနာထပိဏ် သူဋ္ဌေးသည်** မြတ်စွာ ဘုရား၏ တရားတော်ကိုနာပြီး၍ "အသျှင်ဘုရား, နက်ဖြန် ရဟန်းငါးရာနှင့် တကွ အကျွန်ုပ်တို့၏အိမ်၌ ဆွမ်းအလှူကို ခံတော်မူပါဘုရား''ဟု **ပင့်ဖိတ်သွား**၏၊ မြတ်စွာဘုရားသည် နောက်တနေ့ နံနက်

**စောစော၌** တငေ ၁င်းသော လောကဓာတ်ကို ကြည့်တော်မူရာ **နန္ဒောပနန္ဒ** **နဂါးမင်း**သည် မြတ်စွာဘုရား၏ ဉာဏ်တော်ဝင်ထင်လာ၏။

မြတ်စွာဘုရားသည် "ဤနဂါးမင်းအား ဥပနိဿယ ရှိအံ့လော"ဟု ဆင်ခြင်လတ်သော် "ဤနဂါးသည် အယူ ""ား၏၊ ရတနာသုံးပါးကို မကြည်ညို''ဟု မြင်တော်မူသဖြင့် ' ၁ယ်သူသည် ဤ နဂါးကို မှားသောအယူမှ လွတ်စေနိုင်အံ့နည်း"ဟု ဆင်ခြင်ပြန်သော် **အသျှင်မဟာမောဂ္ဂလာန် မထေရ်**ကိုမြင်တော်မူ၏၊ ထိုနောက် မိုးလင်းလတ်သော် ကိုယ်လက်သုတ်သင်ပြီးလျှင် **အသျှင် အာနန္ဒာ**ကို"အို-အာနန္ဒာ မြတ်စွာဘုရားသည် နတ်ရွာခရီးဖြင့် လှည့်လည်တော်မူလတ္တံ့"ဟု ရဟန်း ငါးရာတို့အား ပြောကြားလေ"ဟု မိန့်တော်မူ၏၊ ထိုနေ့၌လည်း နန္ဒောပနန္ဒနဂါးမင်း၏ စားပွဲသောက်ပွဲ ပျော်ပွဲသဘင်ဆင်ယင်ကုန်၏၊ ထိုနဂါးမင်းသည် နတ်၌ဖြစ်သော ရတနာပလ္လင်၌ နတ်၌ဖြစ်သော ထီးဖြူဖြင့် ဆောင်းမိုးလျက် အခွယ်သုံးပါး ပြားကုန်သော ကချေသည်မတို့ဖြင့်၎င်း, နဂါးပရိသတ်ဖြင့်၎င်း ခြံရံလျက် နတ်၌ ဖြစ်သော ရတနာခွက်တို့၌ ထည့်အပ်သော ထမင်းအဖျော် အစီအရင်ကို ကြည့်မြော် စီရင်လျက် ထိုင်နေ၏။

ဤအခါမြတ်စွာဘုရားသည် နဂါးမင်းမြင်နိုင်သော အခြင်းအရာကိုပြု၍ နဂါးမင်း၏ မျက်နှာကြက်အထက်၌သာလျှင် ရဟန်းငါးရာနှင့်တကွ တာဝတိံသာနတ်ပြည်သို့ ရှေးရှုကြွတော်မူ၏၊ ထိုအခါ နန္ဒောပနန္ဒနဂါးမင်းအား ဤသို့ ယုတ်မာသောမိစ္ဆာအယူသည် ထင်ရှားဖြစ်ပေါ်၏–"ဤဦးပြည်းရဟန်းယုတ်တို့သည် ငါတို့၏ထိပ်ထက်၌တည်သော ဗိမာန်အရပ်ဖြင့် တာဝတိံသာနတ်တို့၏ဗိမာန်သို့ ဝင်လည်းဝင်ကုန်ဘိ၏၊ ထွက်လည်း ထွက်ကုန်ဘိ၏တကား၊ ယနေ့မှစ၍ ဤရဟန်းယုတ်တို့အား ငါတို့၏ ထိပ်ပေါ်၌ ဘဝါးမြေမှုန့်ကို ကြဲကုန်လျက် မသွားစေအံ့"ဟု အမျက်ထွက်၍ထပြီးလျှင် မြင့်မိုရ်တောင်ခြေသို့သွား၍ **မြင့်မိုရ်တောင်ကို**

**ခုနစ်ထပ်ကိုယ်အခွေတို့ဖြင့် ရစ်ပတ်၍ တောင်ထိပ်၌ ပါးပျဉ်းကို ဖြန့်၍ တာဝတိံသာနတ်ပြည်ကို ဖုံးလွှမ်းသောပါးပျဉ်းဖြင့် သိမ်းယူ၍ မမြင်နိုင်အောင်ပြု၏။**

ထိုအခါ **အသျှင်ရဋ္ဌပါလမထေရ်**သည် မြတ်စွာဘုရားကို ဤသို့ လျှောက်၏၊ "အရှင်ဘုရား, ဤအရပ်၌တည်လျက် မြင့်မိုရ်တောင်ကို မြင်ရ၏၊ တောင်ခါးပန်းကို မြင်ရ၏၊ အာလိန်ငါးဆင့်ကို မြင်ရ၏၊ တာဝတိံသာနတ်ပြည်ကို မြင်ရ၏၊ ဝေဇယန္တာပြာသာဒ်ကို မြင်ရ၏၊ ပြာသာဒ်အထက်တံခွန်ကို မြင်ရ၏၊ ယခုမူကား မြင့်မိုရ်တောင်ကိုရင်း....(လ....)ပြာသာဒ်၏တံခွန်ကိုရင်း အဘယ့်ကြောင့် မမြင်ရပါသနည်း၊ ထို မမြင်ရသောအကြောင်းကား အဘယ်နည်း" ဟု မေးလျှောက်၏၊ "အို-ရဋ္ဌပါလ, နန္ဒောပနန္ဒနဂါးမင်းသည် သင်တို့အား အမျက်ထွက်သည် ဖြစ်၍ မြင့်မိုရ်တောင်ထိပ်ကို ပါးပျဉ်းဖြင့်ဖုံးလွှမ်း၍ အမိုက်တိုက်ကိုပြု၍ တည်၏"ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား, ထိုနဂါးကို တပည့်တော် ဆုံးမပါအံ့" ဟု ခွင့်တောင်းရာ မြတ်စွာဘုရားက ခွင့်ပြုတော်မမူ၊ **အသျှင်ဘဒ္ဒိယထေရ်, အသျှင်ရာဟုလာထေရ်** စသော ရဟန်းငါးရာတို့ကလည်း အစဉ်သဖြင့်ထ၍ ခွင့်တောင်းကြကုန်သော်လည်း ခွင့်ပြုတော်မမူချေ၊ နောက်ဆုံး၌ **အသျှင်မဟာမောဂ္ဂလာန်မထေရ်က** "အသျှင်ဘုရား ထိုနဂါးကို တပည့်တော် ဆုံးမပါရစေ"ဟု ခွင့်တောင်းမှ "အို-ချစ်သားမောဂ္ဂလာန်, သင် ဆုံးမချေလော့"ဟု ခွင့်ပြုတော်မူ၏။

အသျှင်မဟာမောဂ္ဂလာန်သည် ပကတိ လူ အတ္တဘောကို စွန့်၍ ကြီးစွာသော နဂါးမင်းသဏ္ဌာန်ကို ဖန်ဆင်း၍ နန္ဒောပနန္ဒ နဂါးကို တဆယ့်လေးပတ်အခွေတို့ဖြင့် ရစ်ပတ်၍ နဂါး၏ ပါးပျဉ်း ပေါ်၌ မိမိ၏ပါးပျဉ်းကိုထား၍ မြင့်မိုရ်တောင်နှင့် ဖိညှပ်၏၊ နဂါးမင်းသည် အခိုးလွှတ်၏၊ အသျှင်မောဂ္ဂလာန်ကလည်း "သင်၌သာ အခိုးရှိသည်မဟုတ်၊ ငါ၌လည်း အခိုးရှိ၏"ဟု အခိုး လွှတ်၏၊ နဂါးအခိုးသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏ အခိုးသည်ကား နဂါးကိုပင်ပန်းကာမျှ ဖြစ်စေ၏၊ **ထိုနောက်**

နဂါးမင်းသည် အလျှံလွှတ်၏၊ မထေရ်ကလည်း အလျှံလွှတ်ပြန်၏၊ နဂါးမင်း၏အလျှံသည် မထေရ်ကိုမနှိပ်စက်နိုင်၊ မထေရ်၏ အလျှံသည်ကား နဂါးမင်းကို ကျင်နာပင်ပန်းစေ၏။

နဂါးမင်းသည် "ဤသူသည် ငါ့ကိုမြင့်မိုရ်တောင်နှင့် ဖိညှပ်၍ အခိုးလည်းလွှတ်၏၊ အလျှံလည်းလွှတ်၏"ဟု ကြံ၍ "အို-အသျှင်, သင်သည် အဘယ်သူဖြစ်သနည်း" ဟု မေး၏၊ "အို နန္ဒောပနန္ဒ နဂါး, ငါကား မောဂ္ဂလာန်တည်း"ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား, မိမိ၏ရဟန်းအသွင်ဖြင့် တည်တော်မူပါ"ဟု လျှောက်၏၊ အသျှင် မောဂ္ဂလာန် မထေရ်သည် ဖန်ဆင်းအပ်သော နဂါး အတ္တဘောကိုစွန့်၍ သိမ်မွေ့သော အတ္တဘောကို ဖန်ဆင်းပြီးလျှင် နဂါးမင်း၏ လကျ်ာနားတွင်းဖြင့်ဝင်၍ လက်ဝဲနားတွင်းမှ ထွက်၏၊ လက်ဝဲနားတွင်းဖြင့်ဝင်၍ လကျ်ာနားတွင်းမှ ထွက်၏၊ လကျ်ာနှာခေါင်းဖြင့်ဝင်၍ လက်ဝဲနှာခေါင်းမှ ထွက်၏၊ လက်ဝဲနှာခေါင်းဖြင့်ဝင်၍ လကျ်ာနှာခေါင်းမှ ထွက်၏။ ထိုနောက် နဂါးမင်းက "ငါ့ခံတွင်းသို့ ဝင်လာသော ရဟန်းကိုကျွတ်ကျွတ်ဝါး၍ စားအံ့"ဟု ခံတွင်းကို ဖွင့်ဟ၏၊ မထေရ်သည် ခံတွင်းဖြင့်ဝင်၍ ဝမ်းတွင်း၌ အရှေ့အနောက် တုံ့ခေါက်ပြန်ကာ စင်္ကြံကြွ၏။

မြတ်စွာဘုရားသည် "ချစ်သား မောဂ္ဂလာန် ဤနဂါးသည် တန်ခိုးကြီးလှ၏၊ ဇုမ္ဗိပါဒ်ကို နှလုံးသွင်းလေ"ဟု မိန့်တော်မူ၏၊ မထေရ်သည် "အသျှင်ဘုရား, တပည့်တော်သည် စင်စစ် ဇုမ္ဗိပါဒ် လေ့ပါးကို ပွါးစေအပ်ကုန်ပြီ၊ အကြိမ်များစွာ လေ့လာအပ်ကုန်ပြီ၊ ယာဉ်ကဲ့သို့ ပြုအပ်ကုန်ပြီ၊ တည်ရာကဲ့သို့ ပြုအပ်ကုန်ပြီ၊ တဖန် မလျှော့မကြွစေအပ်ကုန်ပြီ၊ လေ့ကျက်အပ်ကုန်ပြီ၊ ကောင်းစွာ အားထုတ်အပ်ကုန်ပြီ၊ အသျှင်ဘုရား, တပည့်တော်သည် နန္ဒောပနန္ဒနဂါးတကောင်ကို မဆိုထားလင့်၊ ဤနဂါးနှင့် တန်ခိုးတူကုန်သော နဂါးပေါင်းတရာ တထောင်တို့ကိုသော်လည်း ဆုံးမနိုင်ပါ၏"ဟု လျှောက်၏။

နဂါးမင်းက ဤသို့ကြံပြန်၏—"ဝင်သွားသော သျှင်မောဂ္ဂလာန်ကို ငါမမြင်ရမူကား ရှိစေဦး၊ ထွက်လာသောအခါမှ ထိုရဟန်းကို

အစွယ်ကြား၌ထည့်၍ မှုန့်မှုန့်ညက်ညက်ဝါးအံ့” ဟု ကြံပြီး၍ ‘‘အသျှင်ဘုရား ထွက်ပါဦး,ဝမ်းတွင်း၌ စကြံကြွလျက် ကျွန်ုပ်ကို မနှိပ်စက်ပါနှင့်” ဟု ဆို၏၊ မထေရ်သည်ထွက်၍ အပြင်၌တည်၏၊ နဂါးမင်းသည် “ဤသူကား ထိုရဟန်းပင်တည်း” ဟု နှာခေါင်းလေကိုလွှတ်၏၊ မထေရ်သည် စတုတ္ထဈာန်ကို ဝင်စား၏၊ နဂါးက မှုတ်သောနှာခေါင်းလေသည် မထေရ်၏ မွေးညှင်းတပင်ကိုမျှ လှုပ်အောင်မတတ်နိုင်။

**အသျှင်မောဂ္ဂလာန်မှ ကြွင်းသော ရဟန်းတို့သည်လည်း အသျှင်မောဂ္ဂလာန် ပြုသော တန်ခိုးပြာဋိဟာ အစမှစ၍ ခပ်သိမ်းသော ပြာဋိဟာတို့ကို ပြုစွမ်းနိုင်ကြကုန်၏၊ ဤ နှာခေါင်းလေ လွှတ်သောအရာသို့ ရောက် ... အခါ၌ကား အသျှင်မောဂ္ဂလာန်နှင့် ရည်တူချာန်စဉ်ဖြင့် ကသုဏ်းအာရုံကို လျင်စွာရ၍ ဝင်စားခြင်းငှါ မစွမ်းနိုင်ကြကုန်လတ္တံ့၊ ထို့ကြောင့် ထိုရဟန်းတို့အား နဂါးမင်းကို ဆုံးမခြင်းငှါ မြတ်စွာဘုရား ခွင့်ပြုတော်မမူ။**

နဂါးမင်းသည်–“ငါသည်ကား နှာခေါင်းလေဖြင့် ဤရဟန်း၏ မွေးညှင်း တပင်ကိုမျှလည်း မလှုပ်စေနိုင်ခဲ့တကား၊ ရဟန်းသည် ငါ့ထက် တန်းခိုးကြီးပေ၏၊ သို့စဉ် တန်းခိုးကြီးသော ဤရဟန်း အား လက်စားချေခြင်းငှါ ငါမတတ်နိုင်ရာ”ဟု ကြံ၍ ကြောက် သဖြင့် ပြေးလေသော နဂါးမင်းကို မထေရ်သည် မိမိ အတ္တဘောကို စွန့်၍ ဂဠုန်အသွင် ဖန်ဆင်းပြီးလျှင် အတောင်နှစ်ဘက် ဟူးဟူး မြည်၍ ပျံတက်သော ဂဠုန်လေကိုပြုလျက် လိုက်၏၊ နဂါးမင်းသည် ထိုအတ္တဘောကိုစွန့်၍ သူငယ်အသွင် ဖန်ဆင်းပြီးလျှင်– “အသျှင် ဘုရား, အရှင်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏”ဟု ဆိုလျက် မထေရ်၏ ခြေတော်စုံကို ရှိခိုး၏၊ အသျှင်မောဂ္ဂလာန် မထေရ် သည် ‘‘အိုး-နန္ဒောပနန္ဒနဂါး, မြတ်စွာဘုရား ကြွတော်မူလာ၏၊ လာလှည့်,ဘုရားထံသို့ သွားကုန်အံ့”ဟု ဆို၍ နဂါးမင်းကို ဆုံးမ၍ အဆိပ်ကုန်အောင်ပြုပြီးလျှင် ခေါ်ဆောင်၍ ဘုရားရှင်ထံတော်သို့ ရောက်လေ၏။

နန္ဒောပနန္ဒနဂါးသည် မြတ်စွာဘုရားကိုရှိခိုး၍ "အသျှင်ဘုရား အရှင်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"ဟု လျှောက်၏၊ အို-နဂါးမင်း, ချမ်းသာခြင်းနှင့် ပြည့်စုံစေ"ဟု ဆုပေးတော်မူပြီးလျှင် ရဟန်းအပေါင်းခြံရံလျက် အနာထပိဏ်သူဌေးကြီး၏ အိမ်သို့ကြွတော်မူလေ၏၊ အနာထပိဏ်သူဌေးသည် "အသျှင်ဘုရား အဘယ့်ကြောင့်နေမြင့်မှ ကြွလာပါသနည်း"ဟု ခမေးလျှောက်ရာ "မောဂ္ဂလာန်နှင့် နန္ဒောပနန္ဒနဂါးစစ်တိုက်ပွဲ ဖြစ်နေသောကြောင့်"ဟု မိန့်တော်မူ၏၊ "ဘယ်သူနိုင်၍ ဘယ်သူရှုံးပါသနည်း" ဟု ထပ်လျှောက်ရာ "မောဂ္ဂလာန်ကနိုင်၍ နန္ဒောပနန္ဒနဂါးက ရှုံး၏"ဟု မိန့်တော်မူ၏။

"အနာထပိဏ်သူဌေးသည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါသော မြတ်စွာဘုရား, နေ့စဉ်ရက်ဆက် ခုနစ်ရက်ပတ်လုံး အကျွန်ုပ်၏ဆွမ်းကို သည်းခံတော်မူပါ၊ အသျှင်မောဂ္ဂလာန်မထေရ်အား ခုနစ်ရက်ပတ်လုံး ပူဇော်သက္ကာရကို ပြုပါအံ့"ဟု ပင့်လျှောက်၍ ဘုရားအမှူးရှိသော ရဟန်းငါးရာတို့အား ကြီးစွာသော ပူဇော်သက္ကာရကိုပြု၏၊ ဤနန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာ၌ ပြုအပ်သော ကြီးစွာသောအတ္တဘောကို ရည်၍"အတ္တဘောကို ကြီးစေလိုလျှင် ကြီး၏မဟုတ်လော၊ အသျှင်မောဂ္ဂလာန်၏ တန်ခိုးကဲ့သို့တည်း"ဟူသောစကားကို ဆိုအပ်ပြီ။

ဤသို့ ဆိုပါသော်လည်း ရဟန်းတို့သည် "ဥပါဒိဏ္ဏကရုပ်ကို မှီ၍ အနုပါဒိဏ္ဏကရုပ်သည်သာလျှင် ပွါး၏"ဟု လျှောက်ဆိုကြကုန်၏၊ ဤဥပါဒိဏ္ဏကကိုမှီ၍ အနုပါဒိဏ္ဏကရုပ်၏ ပွါးခြင်းသည်သာလျှင် လက်ကိုရှည်လျား ကြီးပွါးစေခြင်းစသော ပြာဋိဟာဉ်လည်း သဘောသင့်၏၊ ထိုတန်ခိုးရှင်သည် ဆိုအပ်ပြီးသော အခြင်းအရာဖြင့် မိမိလက်ကိုမူလည်း ရှည်လျား ကြီးပွါးစေ၍ ထိုလ-နေတို့ကိုမူလည်း ဟတ္ထပါသ်၌တည်လာစေ၍ လ-နေတို့ကို သက်သက် သုံးသပ်နိုင်ရုံမျှမကသေး၊ အကယ်၍ အလိုရှိအံ့၊ ခြေပွတ်အိုးခြမ်းလုပ်၍ ခြေရင်း၌ ထားနိုင်၏၊ အင်းပျဉ်လုပ်၍

ထိုင်နိုင်၏၊ ညောင်စောင်းလုပ်၍ အိပ်နိုင်၏၊ တံကဲပျဉ်လုပ်၍ မှီနိုင်၏၊ တန်ခိုးရှင် ရဟန်းတပါးကပြုသကဲ့သို့ အခြားသော တန်ခိုးရှင်ကလည်း ပြုနိုင်၏။

ထိုစကားမှန်၏၊ ရဟန်းတသိန်းတို့ကလည်း ဤသို့ ပြုကုန်သည် ရှိသော် ထိုရဟန်းတို့တွင်လည်း အသီးအသီး တယောက် ယောက်အား မိမိတို့တောင့်တတိုင်းသာလျှင် ပြည့်စုံ၏၊ လ-နေ တို့၏ သွားခြင်းသည်၎င်း, အလင်းရောင်ကို ပြုခြင်းသည်၎င်း ထို ရှေးအတူသာလျှင် ပြီးပြည့်စုံ၏၊ ဥပမာကား-ရေဖြင့်ပြည့်သော ခွက်တထောင်တို့၌လည်း လဝန်းတို့သည် ထင်ကုန်၏၊ လ၏ သွားခြင်းသည်၎င်း, အလင်းရောင်ပြုခြင်းသည်၎င်း ပြကတေ့ သာလျှင်ဖြစ်သကဲ့သို့ ထိုပြာဋိဟာသည် ထိုဥပမာနှင့်တူ၏။

၃၉၇။ **"ဗြဟ္မာ့ဘုံတိုင်အောင်လည်း"** ဟူသည်ကား-ဗြဟ္မာ့ပြည် ကိုလည်း အပိုင်းအခြားကိုပြု၍ "ကိုယ်ဖြင့် အလိုသို့ ဖြစ်စေ၏"ဆိုသောစကား၌ ဗြဟ္မာ့ဘုံတို့ကို မိမိကိုယ်ဖြင့် မိမိ၏အလိုသို့ လိုက်စေနိုင်၏၊ "ထိုဗြဟ္မာ့ဘုံတိုင်အောင်" **ဟူသော** ပုဒ်၏အနက်ကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်သို့ **ပညာဖြင့်လျှောက်၍** သိအပ်၏၊ ဤဆိုလတ္တံ့သည်ကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်တည်း၊—

**"ဗြဟ္မာ့ဘုံတိုင်အောင်လည်း ကိုယ်ဖြင့် အလိုသို့လိုက်၏"** ဟူသည်ကား-အဘိညာဉ်ရပြီးသော ထိုတန်ခိုးရှင်သည် ဗြဟ္မာ့ ပြည်သို့ အကယ်၍ သွားလိုအံ့၊ ဝေးသောအရပ်ကိုလည်း အနီး ဖြစ်စေ-ဟု မိဋ္ဌာန်အံ့၊ အနီးဖြစ်လာ၏၊ အနီးကိုလည်း အဝေး ဖြစ်စေ-ဟု မိဋ္ဌာန်အံ့၊ အဝေးဖြစ်၏၊ အများကိုလည်း အနည်းငယ် ဖြစ်စေ-ဟု မိဋ္ဌာန်အံ့၊ အနည်းငယ်ဖြစ်၏၊ အနည်းငယ်ကိုလည်း အများဖြစ်စေ-ဟု မိဋ္ဌာန်အံ့၊ အများဖြစ်၏၊ ဒိဗ္ဗစက္ခုဖြင့် ထို ဗြဟ္မာ၏အဆင်းကို မြင်၏၊ ဒိဗ္ဗ သောတ အဘိညာဉ်ဖြင့် ထို ဗြဟ္မာ၏အသံကို ကြား၏၊ စေတောပရိယ အဘိညာဉ်ဖြင့် ထို ဗြဟ္မာ၏စိတ်ကို သိ၏။

အဘိညာဉ် ရပြီးသော ထိုတန်ခိုးရှင်သည် ထင်ရှားသော ကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ အကယ်၍ သွားလိုအံ့၊ ကိုယ်၏အစွမ်းဖြင့် စိတ်ကိုညွတ်စေ၏၊ တင်၏၊ ကိုယ်၏အစွမ်းဖြင့် စိတ်ကိုမိဋ္ဌာန်၏၊ ကိုယ်၏အစွမ်းဖြင့် စိတ်ကိုတင်၍ ကိုယ်၏အစွမ်းဖြင့် စိတ်ကို မိဋ္ဌာန်၍ ဥပေက္ခာ သမ္ပယုတ်ဖြစ်သော သညာသို့ရင်း, ပေါ့သည့် အဖြစ်ဖြင့် မှတ်အပ်သော သညာသို့ရင်း သက်ဝင်၍ ထင်ရှားသော ကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ သွား၏၊ အဘိညာဉ်ရပြီးသော ထို တန်ခိုးရှင်သည် မထင်ရှားသောကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ အကယ်၍ သွားလိုအံ့၊ စိတ်၏အစွမ်းဖြင့် ကိုယ်ကိုညွတ်စေ၏၊ တင်၏၊ စိတ်၏ အစွမ်းဖြင့် ကိုယ်ကို မိဋ္ဌာန်၏၊ စိတ်၏အစွမ်းဖြင့် ကိုယ်ကိုတင်၍ စိတ်၏အစွမ်းဖြင့် ကိုယ်ကို မိဋ္ဌာန်၍ ဥပေက္ခာ သမ္ပယုတ်ဖြစ်သော သညာသို့ရင်း, ပေါ့သည်၏အဖြစ်ဖြင့် မှတ်အပ်သောသညာသို့ ရင်း သက်ဝင်၍ မထင်ရှားသော ကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ သွား၏။

ထိုတန်ခိုးရှင်သည် ထိုဗြဟ္မာ၏ ရှေ့၌ ဈာန်စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အားလုံးပြည့်စုံသော စက္ခုစသောဣန္ဒြေ မယုတ် သော အဆင်းသဏ္ဌာန်ကို ဖန်ဆင်း၏၊ ထိုတန်ခိုးရှင်သည် အကယ်၍ စင်္ကြံသွားအံ့၊ ဖန်ဆင်းအပ်သော နိမ္မိတရုပ်သည်လည်း ထိုအရပ်၌ စင်္ကြံသွား၏၊ ထိုတန်ခိုးရှင်သည် အကယ်၍ ရပ်အံ့, ထိုင်အံ့, အိပ်အံ့၊ ဖန်ဆင်းအပ်သော နိမ္မိတရုပ်သည်လည်း ထို အရပ်၌ ရပ်၏, ထိုင်၏, အိပ်၏၊ ထိုတန်ခိုးရှင်သည် အကယ်၍ အခိုး လွှတ်အံ့ အလျှံလွှတ်အံ့၊ တရား ဟောအံ့၊ ပြဿနာ မေးအံ့၊ ပြဿနာကို ဖြေအံ့၊ ဖန်ဆင်းအပ်သော နိမ္မိတရုပ်ပွါးသည်လည်း ထိုအရပ်၌ မေးအပ်သော ပြဿနာကို ဖြေ၏၊ ထိုတန်ခိုးရှင်သည် ထိုဗြဟ္မာနှင့်တကွ အကယ်၍ ကောင်းစွာ တည်အံ့၊ ပြန်လှန် နှုတ်ဆက် ပြောဆိုအံ့၊ ဆွေးနွေးအံ့၊ နိမ္မိတရုပ်ပွါးသည်လည်း ထို အရပ်၌ ထိုဗြဟ္မာနှင့်တကွ ကောင်းစွာ တည်၏၊ ပြန်လှန် နှုတ်ဆက် ပြောဆို၏၊ ဆွေးနွေး၏၊ ထိုတန်ခိုးရှင်က ပြုသမျှအမှုကို သာလျှင် နိမ္မိတရုပ်ပွါးကလည်း လိုက်ပြုသည်သာတည်း။

ထို ပါဠိတော်၌ "ဝေးသောအရပ်ကိုလည်း အနီးဖြစ်အောင် ဓိဋ္ဌာန်၏"ဟူသည်ကား–ပါဒကဈာန်မှ ထပြီးလျှင် ဝေးလှစွာသောနတ်ပြည်ကိုငင်း,ဗြဟ္မာ့ပြည်ကိုငင်း အနီးဖြစ်စေဟု ဆင်ခြင်၍ ပရိကံပြု၍ တဖန် ဝင်စား၍ အနီးဖြစ်စေဟု ဉာဏ်ဖြင့် ဓိဋ္ဌာန်အံ့၊ အနီး ဖြစ်လာ၏၊ကြွင်းသော ပုဒ်တို့၌လည်း ဤနည်းကို သိအပ်၏၊ ထိုဖန်ဆင်းမှု၌ အဘယ်သူသည် အဝေးကိုအနီး ပြုဘူးသနည်း ဟူမူ မြတ်စွာဘုရား ပြုဘူး၏။

မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာကို ပြုပြီးသော် အဆုံး၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလတ်သော် ယုဂန္ဓိုရ်တောင်ကိုငင်း, မြင့်မိုရ်တောင်ကိုငင်း နီးအောင် ပြုတော်မူ၍ မြေပြင်မှ လက်ျာခြေဘဝါးတော်တဘက်ကို ယုဂန္ဓိုရ်တောင်ထိပ်၌ နင်း၍ လက်ဝဲခြေဘဝါးတော် တဘက်ကို မြင့်မိုရ်တောင်ထိပ်၌ ထားတော်မူ၏၊ **အသျှင် မဟာမောဂ္ဂလာန်မထေရ်**လည်း ပြုဘူး၏၊ နံနက်စာ ထမင်းစားပြီးလျှင် သာဝတ္ထိပြည်မှထွက်သော ဆယ့်နှစ်ယူဇနာရှိသောပရိသတ်ကို ယူဇနာသုံးဆယ်ဝေးသော သင်္ကဿနဂိုရ်ပြည်သို့ သွားသောခရီးကို ချုံးတော်မူ၍ ထိုခဏ၌ပင်လျှင် အရှင်မောဂ္ဂလာန်ထေရ်သည် ရောက်စေတော်မူပြီ။

သီဟိုဠ်ကျွန်း၌ **စူဠသမုဒ္ဒမထေရ်**သည်လည်း ပြုဘူး၏၊ သီဟိုဠ်ကျွန်းတွင် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်သောအခါ နံနက် စောစောကပင်လျှင် စူဠသမုဒ္ဒမထေရ်၏ အထံသို့ ရဟန်း ခုနစ်ရာတို့ ရောက်ကုန်၏၊ မထေရ်သည် "ရဟန်းအပေါင်းသည် အလွန် များလှ၏၊ အဘယ်အရပ်၌ ဆွမ်းခံရွာ ဖြစ်ပါအံ့နည်း"ဟု ကြံသည် ရှိသော် သီဟိုဠ်ကျွန်း၌မမြင်၍ "ဇမ္ဗူဒိပ်ကျွန်း **ပါဋလိပုတ်ပြည်၌** ဆွမ်းခံရွာဖြစ်လတ္တံ့"ဟုမြင်တော်မူ၍ ရဟန်းတို့အား မိမိတို့ သပိတ်သင်္ကန်းတို့ကို ယူစေ၍ "အို–ငါ့ရှင်တို့, လာကြ ဆွမ်းခံရွာသို့ ကြွအံ့"ဟုဆို၍ မြေကြော ရှုံ့၍ ပါဋလိပုတ်ပြည်သို့ ချက်ခြင်း ရောက်တော်မူ၏။

ရဟန်းတို့က "အရှင်ဘုရား ဤမြို့သည် အဘယ်မြို့နည်း"ဟု မေးလျှောက်ရာ "ပါဋလိပုတ်ပြည်တည်း"ဟု မိန့်တော်မူ လေ

သော် "အသျှင်ဘုရား ပါဋလိပုတ်ပြည်သည် ဝေးလှ၏ မဟုတ်လော"ဟု လျှောက်ကြပြန်သဖြင့် "အို-ငါ့ရှင်တို့, ခေါင်းဆောင်ဦးစီး မထေရ်ကြီးတို့ မည်သည်ကား ဝေးသော အရပ်ကိုလည်း နီးအောင် ပြုတတ်ကုန်၏"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား, **မဟာ သမုဒ္ဒရာ** အဘယ်မှာနည်း"ဟု မေးလျှောက်ကြပြန်ရာ "အို-ငါ့ရှင်တို့, ပါဋလိပုတ်ပြည်သို့ရောက်ကာနီး ခရီး အကြား၌ အဆင်း **ညိုသော မြောင်းတခု**ကိုကျော်၍ လာခဲ့ကြသည် မဟုတ်လော"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား, မြောင်းငယ်ကလေးကို ကျော်၍လာခဲ့ရသည် မှန်ပါ၏၊ သို့သော်လည်း မဟာသမုဒ္ဒရာကား အလွန်ကြီးသည်မဟုတ်လော"ဟု စောကြောကြပြန်သော် "အို-ငါ့ရှင်တို့, သက်ကြီးရဟန်းအိုတို့မည်သည်ကား ကြီးသည်ကိုလည်း ငယ်အောင် ပြုနိုင်ကုန်၏"ဟု မိန့်တော်မူ၏၊ ဤ အရှင်**စူဠ**သမုဒ္ဒထေရ်ကဲ့သို့နည်းတူ**အသျှင်တိဿဒတ္တမထေရ်**သည်လည်း ညချမ်းအခါ ရေသပ္ပါယ်၍ သင်းပိုင်ကိုယ်ဝတ်တို့ကို ဝတ်ပြီးသော် "**အပွရာဇိတပလ္လင်**တည်ရာ မဟာဗောဓိပင်ကို ရှိခိုးအံ့"ဟု စိတ်ဖြစ်သည်နှင့်တပြိုင်နက် မဟာဗောဓိပင်ကို နီးအောင်ပြု၏။

အနီးကို ဝေးအောင် ဘယ်သူ ပြုဘူးသနည်းဟူမူ၊ မြတ်စွာဘုရား ပြုဘူး၏၊ မြတ်စွာဘုရားသည် ကိုယ်တော်၏ရင်း, အင်္ဂုလိမာလ၏ရင်း အကြား ဖြစ်သော အနီးကိုလည်း ဝေးအောင် ပြုတော်မူ၏။ အများကိုအနည်းဖြစ်အောင် ဘယ်သူပြုဘူးသနည်းဟူမူ၊**အသျှင်မဟာကဿပထေရ်**ပြုဘူး၏၊ရာဇဂြိုဟ်ပြည်ဝယ်နက္ခတ်ပွဲသဘင်နေ့၌ အမျိုးသမီးငါးရာတို့သည် လ-မုံ့တို့ကိုယူ၍ နက္ခတ်သဘင်ပျော်ရွှင်ကစားခြင်းငှါ သွားကုန်သည်ရှိသော် မြတ်စွာဘုရားကိုမြင်ပါလျက်လည်း တစုံတခုသော မုံ့ကိုမျှ မလှူကြကုန်၊ နောက်မှ ကြွလာသော အသျှင် မဟာကဿပထေရ်ကို မြင်မှ "ငါတို့၏ သခင်မထေရ် ကြွလာပေပြီ၊ မုံ့လှူကုန်အံ့"ဟု သူငယ်မ အားလုံးတို့သည် ကိုယ်စီ ကိုယ်စီ မုံ့တောင်းချီ၍ မထေရ်သို့ ကပ်လာကုန်၏၊ အသျှင် မဟာကဿပထေရ်သည် သပိတ်ကို ထုတ်၍ သူငယ်မငါးရာတို့ လှူသော မုံ့အားလုံးကိုသပိတ်ပြည့်ရုံမျှ

ပြုတော်မူ၏၊ မြတ်စွာဘုရားသည် မထေရ်ကိုငံ့လျက် ရွှေမှ နေတော်မူလင့်၏၊ မထေရ်သည် မြတ်စွာဘုရားအား မှီလျှုလေ၏။

**ဇုလ္လိသသူဌေး** ဝတ္ထု၌လည်း **အသျှင်မဟာမောဂ္ဂလာန်**သည် အနည်းငယ်ကို များအောင်ပြုတော်မူ၏။ ကာကဝလိယ ဝတ္ထု၌လည်း မြတ်စွာဘုရားသည် အနည်းကို အများ ပြုတော်မူ၏၊ အသျှင်မဟာကဿပ မထေရ်သည် နိရောဓ သမာပတ်ဖြင့် ခုနစ်ရက်ကို လွန်စေ၍ ဆင်းရဲသူအား ချီးမြှောက် လိုသဖြင့် ကာကဝလိယမည်သော သူဆင်းရဲ၏ အိမ်တံခါး၌ ရပ်တော်မူ၏၊ ထိုမောင်ကာက၏ဇနီးသည် မထေရ်ကိုမြင်၍ လင့်အတွက် ချက်အပ်သော ဆားကင်းသည့် ဟင်းစပ်ယာဂုကို သပိတ်၌ လောင်း၏၊ မထေရ်သည် ထိုယာဂုကိုယူ၍ မြတ်စွာဘုရား၏ ရွှေလက်တော်သို့ကပ်၏၊မြတ်စွာဘုရားသည် များစွာသောရဟန်း အပေါင်းအား မျှလောက်အောင်ပြု၍ မိန့်တော်မူ၏၊ သပိတ် တလုံးဖြင့် ဆောင်ခဲ့သော ယာဂုသည် ကျောင်းတော်ရှိ ရဟန်း အကုန် လောက်ငှ၏၊ **မောင်ကာက သည်လည်း ခုနစ်ရက် မြောက်သောနေ့၌ သူဌေးအရာကို ရလေ၏။**

**စင်စစ်သော်**ကား အနည်းကိုများအောင်ပြုရုံသာမဟုတ်သေး၊ ကောင်းသည်ကိုလည်း မကောင်းအောင် ပြုခြင်း စသည်တို့၌ လည်း တန်ခိုးရှင် ပြုလိုသမျှ အလုံးစုံပြီးမြောက်၏၊ **အသျှင်မဟာ အနုဋမထေရ်**သည် ရဟန်းများစွာတို့ ဆွမ်းခံရာမှ ဟင်းလျာမပါ ဆွမ်းချည်းသာရ၍ ဂင်္ဂါမြစ်နား၌ ဘုဉ်းပေးနေကြသော ရဟန်း တို့ကို မြင်သဖြင့်“**ဤ ဂင်္ဂါရေသည် ထောပတ်ကြည် ဖြစ်စေ**”ဟု မိန့်၍ ထောပတ်ကို မြင်အောင် သာမဏေတို့အား အမှတ် သညာကို ပေးတော်မူ၏၊ ထို သာမဏေတို့သည် ခွက်တို့ဖြင့် ယူဆောင်၍ ရဟန်းသံဃာတော်အား ကပ်ကုန်၏၊ ရဟန်း သာမဏေအားလုံးတို့သည် ကောင်းမွန်သော ထောပတ်ကြည် ဖြင့် သုံးဆောင်ကြရကုန်၏။

“**ဒီဃံ ဝါ ရဿံ ဉာဏ်ဖြင့်**”ဆိုသည်ကား–ဤလူ့ပြည်၌ သာလျှင် တည်လျက် အလင်းကိုပွါးစေ၍ မိမိကမြင်လိုသော ထိုဗြဟ္မာ၏

အဆင်းကိုမြင်၏၊ လူ့ပြည်၌သာလျှင်တည်လျက် စကားပြောသော ထိုမြဟ္မာ၏အသံအားလုံးကို ဒိဗ္ဗသောတ နားဖြင့်ကြား၏၊ မြဟ္မာ၏စိတ်ကို စေတောပရိယ အဘိညာဉ်ဖြင့်သိ၏။ "ကိုယ်၏အစွမ်းဖြင့် စိတ်ကိုညွတ်၏" ဟူသည်ကား-မဟာဘုတ်လေးပါးကို မှီ၍ ဖြစ်သော ရူပကာယ၏ အစွမ်းဖြင့် ပါဒကဈာန်စိတ်ကို တင်၏၊ ပါဒကဈာန်စိတ်ကိုယူ၍ ရူပကာယ၌တင်၏။ ရူပကာယသို့အစဉ် လိုက်ခြင်းရှိသည်ကိုပြု၏၊ နှေးသောသွားခြင်းရှိသည်ကိုပြု၏၊ ထို စကားမှန်၏၊ ရူပကာယ၏သွားခြင်းသည် နှေး၏။ "သုခသညာ သို့ငှင်း, လဟုကသညာသို့ငှင်း သက်ဝင်၏" ဟူသည်ကား-ပါဒက ဈာန်လျှင် အာရုံရှိသော တန်ခိုးအဘိညာဉ်စိတ်နှင့်တကွဖြစ်သော သုခ သဟဂုတ် သညာသို့ငှင်း, ပေါ့သောအဖြစ်ဖြင့် မှတ်အပ် သော သညာသို့ငှင်း သက်ဝင်၏ တွေ့၏၊ ကောင်းစွာရောက်၏ ဆိုလိုသည်။

ဥပေက္ခာနှင့် သမ္ပယုတ်ဖြစ်သော သညာသည် သုခ သညာ မည်၏၊ ထို စကားမှန်၏။ ငြိမ်သက်သည်၏အစွမ်းကြောင့်ဖြစ်သော ဥပေက္ခာကို "သုခ" ဟူ၍ဆိုအပ်၏၊ ထို သုခ သဟဂုတ် သညာကို သာလျှင် နီဝရဏတို့မှငှင်း,ဝိတက်အစရှိကုန်သော ဆန့်ကျင်ဘက် တို့မှငှင်း လွတ်သည်၏အဖြစ်ကြောင့် လဟုက သညာဟု သိအပ် ကုန်၏၊ ထို သုခသညာ လဟုကသညာသို့ အစဉ်အားဖြင့် ရောက်သော ထိုယောဂီပုဂ္ဂိုလ်၏ ရူပကာယသည်လည်း လဲဝါဂွမ်း ကဲ့သို့ အလွန်ပေါ့၏၊ ထို ယောဂီသည် ဤဆိုပြီးသော နည်းဖြင့် လေအဟုန်ကြောင့် လွင့်သော လဲ-ဝါဂွမ်းကဲ့သို့ ပေါ့လှစွာသော ထင်ရှားသော ရူပကာယဖြင့် မြဟ္မာ့ပြည်သို့ သွား၏၊ ဤသို့ သွားသော ယောဂီသည်လည်း အကယ်၍ အလိုရှိအံ့၊ ပထဝီ ကသိုဏ်းအစွမ်းဖြင့် ကောင်းကင်၌ပင်လျှင် လမ်း ဖန်ဆင်းလျက် သွား၏၊ အကယ်၍ အလိုရှိအံ့၊ ဝါယောကသိုဏ်း အစွမ်းဖြင့် လေကိုဓိဋ္ဌာန်၍ လေဖြင့် လဲ-ဝါဂွမ်းလွင့်သကဲ့သို့ သွား၏၊ စင်စစ် သော်ကား ဤထင်ရှားသောကိုယ်ဖြင့် သွားရာ၌ သွားလိုသော အဖြစ်သည်သာလျှင် လိုရင်းတည်း။

ထင်ရှားစေအံ့၊ သွားလိုသော အဖြစ်သည်ရှိခဲ့သော် ဤသို့သော နည်းဖြင့် ပြုအပ်ပြီးသော စိတ်ကို မိဋ္ဌာန်ခြင်းရှိသော ထိုယောဂီသည် အဓိဋ္ဌာန်၏ အဟုန်သည် ပစ်လွှင့်အပ်သည်ဖြစ်၍ လေးသမားပစ်သော မြှားကဲ့သို့ ထင်ရှားသောကိုယ်ဖြင့် သွား၏။ "စိတ်၏အစွမ်းဖြင့် ကိုယ်ကိုညွတ်စေ၏၊ တင်၏"ဟူသည်ကား–ကရဇကာယကို အာရုံပြုသောအားဖြင့် ပရိကံစိတ်ဖြင့်ယူ၍ စိတ်၌ တင်၏၊ စိတ်သို့လိုက်သော အလားရှိသည်ကိုပြု၏၊ လျင်စွာသွားခြင်းကိုပြု၏၊ စိတ်၏သွားခြင်းသည် အလွန်လျင်မြန်၏။

**"သုခသညာသို့ရင်း, လဟုကသညာသို့ရင်း သက်ဝင်၏"** ဟူသည်ကား–ရူပကာယလျှင် အာရုံရှိသော တန်ခိုးအဘိညာဉ်စိတ်နှင့်တကွဖြစ်သော သုခသဟဂုတ်သညာသို့ရင်း, ပေါ့သောအဖြစ်ဖြင့် မှတ်အပ်သောသညာသို့ရင်း သက်ဝင်၏၊ ကြွင်းသောစကားကို ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏၊ ဤပြာဋိဟာသည်ကား စိတ်နှင့်တူသော သွားခြင်းရှိ၏၊ ဤသို့မထင်ရှားသောကိုယ်ဖြင့် သွားလိုသော ဤယောဂီသည်ကား **"ထိုအဓိဋ္ဌာန်စိတ်၏ ဥပါဒ်ခဏ၌ သွားသလော၊ သို့မဟုတ် ဌီခဏ၌ သွားသလော၊ ဘင်ခဏ၌ သွားသလော"**ဟု စောဒကဝင်ချေသော် **"ခဏသုံးပါးတို့၌ပင်လျှင် သွား၏"**ဟု အဋ္ဌကထာဆရာမထေရ်က မိန့်ဆို၏။ **"ကိုယ်တိုင်သွားသလော၊ နိမ္မိတရုပ်ပွါးကို စေလွှတ်သလော** ဟု မေးမြန်းမှု **သွားချင်သလိုသွားနိုင်သည်"**ဟု ဖြေအပ်၏၊ ပြာဋိဟာကို ခွဲခြမ်း၍ ဟောတော်မူသော ဤပါဠိတော်၌ကား ထိုယောဂီ၏ ကိုယ်တိုင်သွားခြင်းသည်သာလျှင် လာ၏။

**"စိတ်ဖြင့်ပြီး၏"** ဟူသည်ကား–အဓိဋ္ဌာန်စိတ်ဖြင့် ဖန်ဆင်းအပ်သည်၏အဖြစ်ကြောင့် အဘိညာဉ်စိတ်ဖြင့် ပြီး၏။ "မယုတ်သော ဣန္ဒြေရှိ၏"ဟူသည်ကား–မျက်စိ နား-စသော အင်္ဂါတို့၏ သဏ္ဌာန်အစွမ်းဖြင့် ဆိုအပ်၏၊ **နိမ္မိတရုပ်၌ ပသာဒရုပ် မည်သည် မရှိ။**

**“တန်ခိုးရှင်သည် အကယ်၍ စကြံသွားအံ့၊ နိမ္မိတရုပ်သည်လည်း ထိုအရပ်၌ စကြံသွား၏”** အစရှိသော စကားအလုံးစုံကို သာဝကတို့ ဖန်ဆင်းအပ်သော ရုပ်ပွါးကိုရည်၍ ဆိုအပ်၏၊ **မြတ်စွာဘုရား ဖန်ဆင်းအပ်သော ရုပ်ပွါးသည်ကား** ဘုရားပြုလိုမှု ဟူသမျှကိုလည်း ပြု၏၊ ဘုရားအလိုတော်၏အစွမ်းဖြင့် ဘုရားပြုတော်မူသည်မှ တပါးသော အမှုကိုလည်း ပြု၏။

ဤပါဠိတော်၌ ထိုတန်ခိုးရှင်သည် ဤလူ့ပြည်၌သာလျှင် တည်လျက် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ဗြဟ္မာ့အဆင်းကို မြင်၏၊ ဒိဗ္ဗ သောတ အဘိညာဉ်ဖြင့် ဗြဟ္မာ့အသံကို ကြား၏၊ စေတော-ပရိယ အဘိညာဉ်ဖြင့် ဗြဟ္မာ့စိတ်ကို သိ၏၊ ဤသို့မြင်ခြင်း ကြားခြင်း သိခြင်းကြောင့် ရူပကာယဖြင့် အလိုသို့လိုက်စေနိုင်သည် မမည်သေး၊ ထိုတန်ခိုးရှင်သည် ဤလူ့ပြည်၌လျှင် တည်လျက် ထိုဗြဟ္မာနှင့် အတူတကွ တည်မှုလည်း တည်၏၊ ပြောဟောမှုလည်း ပြောဟော၏၊ ဆွေးနွေးမှုလည်း ဆွေးနွေး၏၊ ဤမျှဘောက် တည်ခြင်း-စသော အမှုအရာကြောင့်လည်း ကိုယ်ဖြင့် အလိုသို့ လိုက်စေနိုင်သည် မမည်သေး၊ “ဝေးသောအရပ်၌လည်း နီးအောင် ဓိဋ္ဌာန်၏” အစရှိသော အဓိဋ္ဌာန်ကို ပြုကာမျှကြောင့်လည်း ကိုယ်ဖြင့် အလိုသို့ လိုက်စေနိုင်သည် မမည်သေး၊ ထင်ရှားသော ကိုယ်ဖြင့်ရင်း, မထင်ရှားသော ကိုယ်ဖြင့်ရင်း ဗြဟ္မာ့ပြည်သို့ သွားနိုင်ကာမျှကြောင့်လည်း ကိုယ်ဖြင့် အလိုသို့ လိုက်စေနိုင်သည် မမည်သေး၊ စင်စစ်သော်ကား ထိုယောဂီသည် မိမိကို ပြုင်လိုသော ထိုဗြဟ္မာ၏ရှေ့၌ အဆင်းသဏ္ဍာန်ကို ဖန်ဆင်း၏၊ ဤသို့ အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပြာဋိဟာသည်သာလျှင် ရူပကာယဖြင့် အလိုသို့ လိုက်စေနိုင်သည် မည်၏၊ ဤပြာဋိဟာ၌ ကြွင်းသော စကားအပေါင်းသည် ရူပကာယဖြင့် အလိုသို့လိုက်စေခြင်း၏ ရှေ့အဘို့ဖြစ်သော ပြာဋိဟာကိုပြခြင်းငှါ ဆိုအပ်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ရှေးဦးစွာသော အဓိဋ္ဌာနိဒ္ဓိတန်ခိုး မည်၏။

၃၉၈။ ဤဆိုလတ္တံ့သည်ကား—ဝိကုဗ္ဗန တန်ခိုးနှင့် မနောမယ တန်ခိုး၏ ထူးခြားပုံတည်း၊ ရှေးဦးစွာ ဝိကုဗ္ဗန တန်ခိုးကို

ပြုလိုသောသူသည် မိမိ၏ ပကတိ အဆင်းသဏ္ဌာန်ကို ပယ်၍ သူငယ်သဏ္ဌာန်ကိုမူလည်း ပြ၏၊ နဂါးသဏ္ဌာန်ကို မူလည်း ပြ၏၊ ဂဠုန်သဏ္ဌာန်ကိုမူလည်း ပြ၏၊ အသုရာ သဏ္ဌာန်ကိုမူလည်း ပြ၏၊ သိကြားသဏ္ဌာန်ကိုမူလည်း ပြ၏၊ နတ်သဏ္ဌာန်ကိုမူလည်း ပြ၏၊ ဗြဟ္မာသဏ္ဌာန်ကို မူလည်း ပြ၏၊ သမုဒ္ဒရာသဏ္ဌာန်ကိုမူလည်း ပြ၏၊ တောင်သဏ္ဌာန်ကိုမူလည်း ပြ၏၊ ခြင်္သေ့သဏ္ဌာန်ကို မူလည်း ပြ၏၊ ကျားသဏ္ဌာန်ကိုမူလည်း ပြ၏၊ သစ်ကျွတ် သဏ္ဌာန်ကိုမူလည်း ပြ၏၊ ဆင်ကိုလည်း ပြ၏၊ မြင်းကို လည်း ပြ၏၊ ရထားကိုလည်း ပြ၏၊ ခြေသည်ကိုလည်း ပြ၏၊ အထူးထူးသော စစ်သည်အပေါင်းကိုလည်း ပြ၏၊ ဤသို့ ဟောတော်မူအပ်ကုန်သော သူငယ်သဏ္ဌာန်- စသည်တို့တွင် ထိုထိုအလိုရှိသမျှသဏ္ဌာန်ကို မိဋ္ဌာန် အပ်၏။

မိဋ္ဌာန်သော ယောဂီသည် ပထဝီကသိုဏ်း-စသည်တို့တွင် ကသိုဏ်းတပါးပါးလျှင် အာရုံရှိသော အဘိညာဉ်၏ အခြေ ဖြစ်သော စတုတ္ထဈာန်မှထ၍ မိမိ၏ သူငယ်အဆင်းသဏ္ဌာန်ကို ဆင်ခြင်ပြီးမှ ပရိကံ၏အဆုံး၌ တဖန် ဈာန်ဝင်စား၍ထပြီးလျှင် “ဤသို့ သဘောရှိသော သူငယ်ဖြစ်စေ” ဟု မိဋ္ဌာန်အပ်၏၊ အမိဋ္ဌာန် ပြုသော အဘိညာဉ်စိတ်နှင့်တကွ သူငယ်သဏ္ဌာန် ဖြစ်၏၊ အဘယ်သူကဲ့သို့နည်း၊ ဒေဝဒတ်ကဲ့သို့တည်း၊ အလုံးစုံ နဂါး သဏ္ဌာန်-စသည် ဖန်ဆင်းရာတို့၌လည်း ဤနည်းကို သိအပ်၏။

ဤဝိကုဗ္ဗန တန်ခိုး၌ “**ဆင်ကိုလည်း ပြ၏**” အစရှိသောစကားကို အပြင်အပ၌လည်း ဆင်စသည်ကို ဖန်ဆင်း၍ ပြသည်၏အစွမ်း အားဖြင့် ဆိုအပ်၏၊ ထိုဆင်စသည်ကို ပြရာ၌ “ဆင်ဖြစ်၏” ဟု အမိဋ္ဌာန် မပြုမူ၍ “ဆင်ဖြစ်စေသတည်း” ဟု မိဋ္ဌာန်အပ်၏၊ မြင်း စသည်တို့ကို ဖန်ဆင်းရာ၌လည်း ဤနည်းကိုသာလျှင် သိအပ်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ဝိကုဗ္ဗန တန်ခိုး မည်၏။

၃၉၉။ စိတ်တန်ခိုးဖြင့် ပြီးသော ကိုယ်ကို ပြုလိုသူသည် ပါဒက ဈာန်မှထ၍ မိမိ၏ကိုယ်ကို ရှေးဦးစွာ ဆင်ခြင်၍ ဆိုအပ် ပြီးသောနည်းဖြင့် "ဤကိုယ်သည် ဦးခေါင်းရှိသည် ဖြစ်စေသတည်း"ဟု ဓိဋ္ဌာန်အံ့၊ ဦးခေါင်းရှိသည်ဖြစ်၏၊ ထိုအခါ ဓိဋ္ဌာန်သူ၏ ကိုယ်တွင်း၌ အခြားသော မိမိ ဖန်ဆင်းလိုသော ကိုယ်ကို ဆင်ခြင်၍ ပရိကံပြုပြီးလျှင် "အခေါင်းဖြစ်စေသတည်း" စသောနည်းဖြင့် ဓိဋ္ဌာန်၏၊ တန်ခိုးရှင်၏ ကိုယ်တွင်း၌ အခြားတပါးသောကိုယ်သည် ဖြစ်၏၊ ထိုယောဂီသည် ထိုတန်ခိုးဖြင့်ပြီးသော ကိုယ်ကို ဖြူဆံမြက်မှ ဖြူဆံညှောက်ကို ထုတ်သကဲ့သို့၎င်း၊ သန်လျက် အိမ်မှ သန်လျက်ကို ထုတ်သကဲ့သို့၎င်း၊ မြွေပခြုတ်မှ မြွေကို ထုတ်သကဲ့သို့၎င်း ထုတ်၏၊ ထို့ကြောင့် "ဣဓ ဘိက္ခု ဣမမှာ ကာယာ အညံ ကာယံ....(လ)....ပဝါဠ္ဟာ" စသော စကားကို ဆိုအပ်၏။

"ဤသာသနာတော်၌ ရဟန်းသည် ဤမိမိကိုယ်မှ တပါးသောရုပ်ရှိသော တန်ခိုးစိတ်ဖြင့်ပြီးသော အလုံးစုံ အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော မယုတ်သော ဣန္ဒြေရှိသော ကိုယ်ကို ဖန်ဆင်း၏၊ ဥပမာကား–ယောကျ်ားသည် ဖြူဆံ မြက်မှ ဖြူဆံညှောက်ကို ထုတ်ငင်ရာသကဲ့သို့ ထိုယောကျ်ား အား ဤသို့သော စိတ်ဖြစ်၏၊ "ဤကား ဖြူဆံမြက်တည်း၊ ဤကား ဖြူဆံညှောက်တည်း၊ ဖြူဆံမြက်ကားတခြားတည်း၊ ဖြူဆံညှောက်ကား တခြားတည်း၊ ဖြူဆံမြက်မှသာလျှင် ဖြူဆံညှောက်ကို ငင်နုတ်အပ်၏"ဟု စိတ်သည်ဖြစ်ရာ၏။

ဤမနောမယ တန်ခိုး၌ ဖြူဆံမြက်-စသည်တို့နှင့် တူကုန်သကဲ့သို့ ထို့အတူ စိတ်တန်ခိုးဖြင့်ပြီးသောအဆင်းသဏ္ဌာန်သည် တန်ခိုးရှင် နှင့် တူသည်သာလျှင်တည်း။ ဤသို့ပြခြင်းအကျိုးငှါ ထိုဥပမာတို့ကို မိန့်အပ်ကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား မနောမယတန်ခိုး မည်၏။

ဤသို့လျှင်သူတော်ကောင်းတို့ ဝမ်းမြောက်စေခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂကျမ်း၌ ဣဒ္ဓိဝိဓ နိဒ္ဒေသ အမည်ရှိသော ၁၂-ခုမြောက်အပိုင်း ပြီး၏။

# ၁၃-အဘိညာ နိဒ္ဒေသပိုင်း

## ၁-ဒိဗ္ဗသောတ အဘိညာဉ်

၄၀၀။ ယခုအခါ၌ ဒိဗ္ဗသောတဓာတ်၏ နိဒ္ဒေသကို ပြဆိုရန် အစဉ်ရောက်ပြီ၊ ထိုဒိဗ္ဗသောတဓာတ်၏ နိဒ္ဒေသ၌၎င်း, ထိုဒိဗ္ဗသောတပါဠိမှ နောက်ဖြစ်သော အဘိညာဉ်သုံးပါး၏ပါဠိတို့၌၎င်း "ထိုပုဂ္ဂိုလ်သည် ဤသို့ ပြဆိုပြီးသောအစဉ်ဖြင့် ရူပါဝစရစိတ်ကို အာရုံ၌ကောင်းစွာ ထားပြီးသော်" အစရှိသော ပုဒ်တို့၏အနက်ကို ဣဒ္ဓိဝိဓ နိဒ္ဒေသ၌ ဘွင့်အပ်ပြီးသောနည်းဖြင့်သာလျှင် သိအပ်၏၊ အလုံးစုံသောပါဌ်၌ အထူးကိုသာလျှင် ဖွင့်ကုန်အံ့။

"ဒိဗ္ဗသောတဓာတ်" ဟူသောစကား၌ နတ်တို့၏ နားနှင့် တူသည်၏အဖြစ်ကြောင့် ဒိဗ္ဗ မည်၏၊ နတ်တို့အား ကောင်းစွာ ကျင့်အပ်သော ဇနကကံကြောင့်ဖြစ်သော သည်းခြေ သလိပ် သွေး လေ-စသည်တို့သည် မဖြေးယှက် မနှိပ်စက်အပ်သည်ဖြစ်၍ ညစ်ညူးကြောင်း အပြစ်ဒေါသမှ ကင်းသည်၏အဖြစ်ကြောင့် ဝေးသောအရပ်၌သော်လည်း အာရုံကိုခံခြင်းငှါ စွမ်းနိုင်သော နတ်၌ဖြစ်သော ပသာဒသောတဓာတ်သည် ဖြစ်၏၊ ဤရဟန်း၏ ဝီရိယဘာဝနာ၏ အစွမ်းကြောင့်ဖြစ်သော ဤဒိဗ္ဗသောတ အဘိညာဉ်ဟူသော နားဓာတ်သည် ထိုနတ်တို့၏ပသာဒသောတ ဓာတ်နှင့် တူသည်သာလျှင်တည်း၊ ဤသို့နတ်တို့၏ သောတ ဓာတ်နှင့်တူသောကြောင့် ဒိဗ္ဗ မည်၏၊ ဒိဗ္ဗဝိဟာရမည်သော ဈာန်လေးပါးတို့၏အစွမ်းဖြင့် ရအပ်သည်၏ အဖြစ်ကြောင့်လည်း ဒိဗ္ဗ မည်၏၊ မိမိသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသဖြင့် အထွဋ်အထိပ်သို့ရောက်သော ပါဒကဈာန်ဟူသော ဒိဗ္ဗဝိဟာရကိုမှီ၍ ဖြစ်သောကြောင့်လည်း ဒိဗ္ဗ မည်၏။

သဒ္ဒါရုံကို ယူတတ်သော အနက်သဘောကြောင့်၎င်း, ဇီဝ မဟုတ်သော အနက်သဘောကြောင့်၎င်း သောတဓာတ် မည်၏၊

သောတဓာတ်၏ကိစ္စကို ပြုခြင်းဖြင့် နတ်တို့၏ ပသာဒသောတဓာတ်နှင့် တူသော အနက်သဘောကြောင့်လည်း သောတဓာတ်မည်၏၊ ထိုဒိဗ္ဗသောတဓာတ် အဘိဉာဉ်ဖြင့် ဆိုလိုသည်။ ''စင်ကြယ်ပြီးသော'' ဟူသည်ကား-ညစ်ညူးကြောင်း ဥပက္ကိလေသမှ ကင်းသည်ဖြစ်၍ ထက်ဝန်းကျင် စင်ကြယ်သော။''လူတို့၏နားကြားခြင်းထက်လွန်သော'' ဟူသည်ကား-လူတို့၏ကျက်စားအပ်သော ကျင်လည်အပ်သော အရပ်ကိုလွန်၍ အသံကိုကြားခြင်းဖြင့် လူတို့၏ ဥစ္စာဖြစ်သော မံသ သောတဓာတ်နားကြားခြင်းကိုလွန်သော လွန်၍တည်သော။ ''နှစ်ပါးသော အသံတို့ကိုကြား၏'' ဟူသည်ကား-နတ်ပြည်၌ အကျုံးဝင်သော အသံတို့ကိုလည်းကောင်း, လူတို့၏ဥစ္စာဖြစ်သော အသံတို့ကိုလည်းကောင်းကြား၏၊ နတ်တို့၏အသံတို့ကိုလည်းကောင်း, လူတို့၏အသံတို့ကိုလည်းကောင်း ကြား၏-ဟု ဆိုလိုသည်။

''နှစ်ပါးသော အသံတို့ကို''ဟူသော စကားဖြင့် တစိတ်သော အသံ၌ ယူခြင်းကို သိအပ်၏။ ''ဝေးသောအသံ, နီးသောအသံတို့ကို''ဟူသည်ကား-ဝေးသောစကြဝဠာတပါး၌ ဖြစ်သောအသံတို့ကိုလည်းကောင်း, အနီး၌ဖြစ်သော အသံတို့ကိုလည်းကောင်း, ယုတ်စွအဆုံး မိမိကိုယ်ကိုမှီသော ပိုးသံတို့ကိုလည်းကောင်း ကြား၏ဟုဆိုလိုသည်၊ ဤဝေးသောအသံ နီးသောအသံဟူသော စကားဖြင့် အကြွင်းမဲ့အသံကို ယူခြင်းကို သိအပ်၏။

ဤ ဒိဗ္ဗသောတ နားဓာတ်ကို အဘယ်အကြောင်းဖြင့် ဖြစ်စေအပ်သနည်း၊ ထို ဒိဗ္ဗသောတ နားဓာတ်ကို ရလိုသောရဟန်းသည် စတုတ္ထဈာန်ကို ဝင်စား၍ ဈာန်မှ ထပြီးလျှင် ပရိကံဖြစ်သော သမာဓိစိတ်ဖြင့် လက်ဦးစွာ ပကတိ သောတပသာဒ၏ လမ်းဖြစ်သော ဝေးသော ရုန့်ရင်းသော တော၌ ခြင်္သေ့တို့၏ အသံကို ဆင်ခြင်အပ်၏၊ ကျောင်း၌ ခေါင်းလောင်းသံ, ကျောက်စည်သံ, စည်ကြီးသံ, ခရုသင်းသံ, အားကုန်ဟစ်၍ သရဇ္ဈာယ်သော သာမဏေရဟန်းငယ်တို့အသံ, မည်သို့ မည်ဝါ စသဖြင့် ပကတိစကားဆိုသော သူတို့၏အသံ, ငှက်သံ, လေသံ, ခြေသံ, ရေနွေးဆူသံ, ထန်းရွက်ခြောက်သံ, ပိုးရွခြပိုးတို့၏အသံ၊ ဤသို့အလုံးစုံ

ထက် ရှန့်ရှင်းသောအသံမှစ၍ အစဥ်အတိုင်း သိမ်မွေ့သည်ထက် သိမ်မွေ့သောအသံတို့ကို ဆင်ခြင်အပ်ကုန်၏။

ထိုယောဂီသည် အရှေ့အရပ်၌ အသံတို့၏အကြောင်းကို နှလုံးသွင်းအပ်၏၊ အနောက်အရပ်၌, မြောက်အရပ်၌, တောင်အရပ်၌, အရှေ့တောင်,အနောက်တောင်,အရှေ့မြောက်,အနောက်မြောက်, အောက်အရပ်, အထက်အရပ်၌အသံတို့၏ အကြောင်းကို ရှန့်ရှင်းသော အသံ, သိမ်မွေ့သောအသံတို့၏ အကြောင်းကို နှလုံးသွင်းအပ်၏၊ ထိုယောဂီ၏ အလုံးစုံထက် ရှန့်ရှင်းသော အသံမှစ၍ ဆိုအပ်ပြီးသော အသံတို့သည် ပကတိ စိတ်အားလည်း ထင်ရှားကုန်၏။

ပရိကံဟူသော သမာဓိနှင့်ယှဥ်သော စိတ်အားမူကား အလွန်လျှင် ထင်ရှားကုန်၏၊ ဤနည်းဖြင့် သဒ္ဒနိမိတ်ကို နှလုံးသွင်းသော ထို ယောဂီအား ယခုအခါ ဒိဗ္ဗသောတ နားဓာတ် အဘိညာဥ် ဖြစ်လတ္တံ့၊ ဤသို့ဖြစ်သော် ထိုအသံတို့တွင် တခုခုသော အသံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းသည် ဖြစ်၏၊ ထို မနောဒွါရာဝဇ္ဇန်း ချုပ်ပြီးသော် လေးကြိမ်, ငါးကြိမ်သော ဇောတို့သည်စောကုန်၏၊ အကြင်လေးကြိမ်, ငါးကြိမ်သော ဇောတို့တွင် ရှေ့ဇောသုံးကြိမ်, လေးကြိမ်တို့သည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ အမည်ရှိကုန်သော ကာမာဝစရ ဇောတို့ဖြစ်ကုန်၏၊လေးကြိမ်မြောက်သော ဇော,ငါးကြိမ်မြောက်သော ဇောတို့သည်ကား ရူပါဝစရ စတုတ္ထဈာန်နှင့် ယှဥ်သော အပ္ပနာစိတ်ဖြစ်၏၊ ထိုဇောစိတ်တို့တွင် ထို အပ္ပနာ ဇောစိတ်နှင့်တကွ ဖြစ်သော ဉာဏ်သည် ဒိဗ္ဗသောတ နားဓာတ် အဘိညာဥ် မည်၏။

ထို အပ္ပနာ ဖြစ်ပြီးနောက်မှ ထိုဉာဏသောတ၌ ကျသည် ဖြစ်၏၊ ထို ဒိဗ္ဗသောတ နားဓာတ်ကို မြဲမြံသည်၏ အဖြစ်သို့ ရောက်အောင် ပြုလိုသော ယောဂီသည် "ဤမျှလောက်သော အတွင်း၌ အသံကိုကြားလို၏"ဟု လက်တသစ်မျှ အတိုင်းအရှည်ရှိသောအရပ်ကို ပိုင်းခြား၍ ပါဒကဈာန်၏အာရုံကိုပွါးစေအပ်၏၊ ထို့နောက် လက်နှစ်သစ်,လက်လေးသစ်, လက်ရှစ်သစ်, တထွာ,

တတောင်, အခန်းတွင်း, ကျောင်းဦးပြာသာဒ်, ပရိဝုဏ်,သံဃအရံ, ဆွမ်းခံရွာ,ဇနပုဒ် စသည်တို့၏ အစွမ်းဖြင့် စကြဝဠာတိုင်အောင် ၎င်း, ထို့ထက် အလွန့်အလွန်၎င်း ပိုင်းခြား ပိုင်းခြား၍ ပွါးစေအပ်၏။

ဤသို့ အဘိညာဉ်ရပြီးသော ယောဂီသည် ပါဒက ဈာန်၏ အာရုံဖြစ်သော ကသိုဏ်းနိမိတ်ဖြင့် ထိအပ် နှံ့အပ်သော အရပ်၏ အတွင်း၌တည်သော အသံတို့ကိုလည်း ပါဒကဈာန် တဖန် မဝင်စားဘဲ အဘိညာဉ်ဉာဏ်ဖြင့် ကြားသည် သာလျှင်တည်း၊ ဤသို့ ပိုင်းခြား၍ ကြားခြင်းသည် လေ့လာအပ်ပြီးသော အဘိညာဉ် ရှိသဖြင့် ကြားသည်ဖြစ်၍သာလျှင် ဗြဟ္မာ့ပြည် တိုင်အောင် ခရုသင်း, စည်ကြီး, ထက်စည် စသည်တို့၏အသံတို့ဖြင့် အုတ်အုတ် ကျက်ကျက် တပြိုင်နက် အကယ်၍ဖြစ်စေကာမူ တပေါင်းတည်း ဖြစ်ကုန်သော်လည်း အသီး အသီး ပိုင်းခြား မှတ်သား ခြင်း၌ အလိုရှိခဲ့သော် "ဤအသံကား ခရုသင်းအသံ,ဤကား စည်ကြီးသံ" စသည်ဖြင့် ပိုင်းခြား၍ သိနိုင်သည်သာတည်း။

(၁) ဒိဗ္ဗသောတအဘိညာဉ် ပြီး၏။

## (၂) စေတောပရိယ အဘိညာဉ်

၄၀၁။ **စေတောပရိယ** အဘိညာဉ်ဉာဏ် အကြောင်း၌ "**စေတော ပရိယ ဉာဏ်**"ဟူသည်ကား—သရာဂစသည်တို့၏ အဖြစ် ဖြင့် ပိုင်းခြား၍ သိတတ်သောကြောင့် ပရိယမည်၏၊ ပိုင်းခြား၍သိတတ်၏ဟု ဆိုလိုသည်၊ သူတပါး၏စိတ်ကို ပိုင်းခြား၍သိတတ်သောကြောင့် စေတောပရိယမည်၏၊ သူတပါး၏ စိတ်ကို သရာဂ စသည်တို့၏ အဖြစ်ဖြင့် ပိုင်းခြား၍ သိတတ်သော ဉာဏ်သည် စေတောပရိယ ဉာဏ်မည်၏၊ ထိုဉာဏ်ကို ရခြင်းအလို့ငှါ ဆိုလိုသည်။

"တပါးသော သတ္တဝါတို့၏" ဟူသည်ကား—မိမိ ကိုယ်ကို ချန်ထား၍ မိမိမှကြွင်းသော သတ္တဝါတို့၏ "တပါးသောပုဂ္ဂိုလ် တို့၏"ဟူသည်လည်း အနက်တူ၏၊ **ဝေနေယျ၏ အစွမ်းဖြင့်၎င်း,**

ဒေသနာကို တန်းဆာဆင်သည်၏ အစွမ်းဖြင့်ရင်း **သဒ္ဒါအားဖြင့်** သာ ထူးသည်၏အဖြစ်ကိုပြ၏။ "စိတ်ဖြင့် စိတ်ကို" ဟူသည်**ကား**— မိမိစိတ်ဖြင့် မိမိမှတပါးသော သတ္တဝါတို့၏စိတ်ကို။ "ပိုင်းခြား၍ သိ၏" ဟူသည်ကား—ပိုင်းခြား၍ သရာဂစသည်တို့၏ အစွမ်းဖြင့် အထူးထူး အပြားပြားအားဖြင့် သိ၏ ဆိုလိုသည်။

အဘယ်အကြောင်းဖြင့် ထိုစေတောပရိယဉာဏ်ကို ဖြစ်စေအပ် သနည်းဟူမူကား၊ ဤစေတောပရိယဉာဏ်သည် ဒိဗ္ဗစက္ခု၏အစွမ်း ဖြင့် ပြည့်စုံ၏၊ထို ဒိဗ္ဗစက္ခု ဉာဏ်သည် ဤစေတောပရိယ ဉာဏ်၏ ဖြစ်စေခြင်း၌ ပရိကံတည်း၊ ထို့ကြောင့် စေတောပရိယဉာဏ်ကို ဖြစ်စေလိုသော ရဟန်းသည် အလင်းကို ပွါးစေ၍ ဒိဗ္ဗစက္ခု ဉာဏ်ဖြင့် သူတပါး၏နှလုံးသားကိုမှီ၍ဖြစ်သော သွေး၏အဆင်း ကို အဖန်တလဲလဲရှု၍ စိတ်ကို ရှာအပ်၏။

ထင်ရှားစေအံ့၊—အကြင် အခါ သောမနဿ သဟဂုတ်စိတ် ဖြစ်၏၊ ထိုအခါ နှလုံးသွေးသည် နီမြန်းသဖြင့် ပညောင်**သီး** မှည့်နှင့် တူ၏၊ အကြင်အခါ ဒေါမနဿ သဟဂုတ်စိတ် ဖြစ်၏၊ ထိုအခါ နှလုံးသွေးမည်းသဖြင့် သပြေသီးမှည့်နှင့်တူ၏၊ အကြင် အခါ ဥပေက္ခာ သဟဂုတ်စိတ်ဖြစ်၏၊ ထိုအခါ နှလုံးသွေးကြည် လင်သဖြင့် ချက်ပြီးသော နှမ်းဆီနှင့်တူ၏၊ ထို့ကြောင့် ထိုရဟန်း သည် "ဤရုပ်သည် သောမနဿိန္ဒြေကြောင့် ဖြစ်၏၊ ဤရုပ်သည် ဒေါမနဿိန္ဒြေကြောင့် ဖြစ်၏၊ ဤရုပ်သည် ဥပေက္ခိန္ဒြေကြောင့် ဖြစ်၏"ဟု သူတပါး၏နှလုံးသားကိုမှီ၍တည်သော သွေးအဆင်း ကိုရှု၍ စိတ်ကို ရှာသည်ဖြစ်၍ စေတောပရိယဉာဏ်ကို မြဲမြံ ခိုင်ခံ့ သော အားအစွမ်းသို့ ရောက်သည်တိုင်အောင် ပွါးသင့်၏။

ထို စေတောပရိယ ဉာဏ်သည် ဤသို့ မြဲမြံခိုင်ခံ့သည်ရှိသော် အလုံးစုံ ကာမာဝစရစိတ် ငါးဆယ့်လေးပါးကိုရင်း, ရူပါဝစရ စိတ်, အရူပါဝစရ စိတ်ကိုရင်း အစဉ်သဖြင့် အထူးထူးအပြားပြား သိ၏၊ စိတ်တခုမှ စိတ်တခုသို့ ဉာဏ်ဖြင့်ပြောင်းကပ်၍ နှလုံးသား ၏အဆင်းကို မြင်ခြင်းနှင့် ကင်း၍လည်း **သိသည်သာလျှင်တည်း**၊ ထိုစကား မှန်၏၊—

"အာရုပ္ပေ ပရဿ စိတ္တံ ဇာနိတုကာမော ကဿ
ဟဒယရူပံ ပဿတိ၊ ကဿိန္ဒြိယဝိကာရံ ဩလောကေ-
တီတိ။ န ကဿစိ၊ ဣဒ္ဓိမတော ဝိသယော ဧသ, ယဒိဒံ
ယတ္ထ ကဿစိ စိတ္တံ အာဝဇ္ဇန္တော သောဠသပ္ပဘေဒံ
စိတ္တံ ဇာနာတိ၊ အကတာဘိနိဝေသဿ ပန ဝသေန
အယံ ကထာ။"

ဟူသော ဤစကားကို အဋ္ဌကထာ၌ ဆိုအပ်၏။

**အဓိပ္ပါယ်ကား**

အရူပဘုံ၌ သူတပါးစိတ်ကို သိလိုသော သူသည် အဘယ်သူ၏ နှလုံးသားအဆင်းကို မြင်သနည်း၊ အဘယ်သူ၏ ဣန္ဒြေ ဖောက်ပြန်ခြင်းကို ကြည့်သနည်း၊ တစုံတယောက်သော သူ၏ နှလုံးသွေး အဆင်းကို မမြင် မကြည့်၊ အမှတ်မရှိသော ပဉ္စဝေါကာရ စတုဝေါကာရ ဘုံ၌ ဤစိတ်ကို ဆင်ခြင်သည်ဖြစ်၍ တဆယ့်ခြောက်ပါး အပြားရှိသော စိတ်ကို သိ၏၊ ဤသို့ အပြားရှိသော စိတ်သည် တန်ခိုးရှိသောပုဂ္ဂိုလ်၏ အရာတည်း၊ သို့သော်လည်း အဘိညာဉ်၌ နှလုံး မသွင်းရသေးသော အာဒိကမ္မိက ပုဂ္ဂိုလ်၏ အစွမ်းဖြင့် "အလင်းကို ပွါးစေ၍"စသည်ဖြင့် ဟောအပ်သော ဤစကားသည် ဖြစ်၏။

"ရာဂနှင့်တကွ ဖြစ်သော စိတ်ကို" အစရှိသော စကားတို့၌ လောဘ သဟဂုတ်စိတ် ၈-ခုသည် ရာဂနှင့်တကွဖြစ်သော စိတ်မည်၏၊ကြွင်းသော ဘုံလေးပါး၌ဖြစ်သော ကုသိုလ် အဗျာကတ စိတ်သည် ရာဂနှင့်မယှဉ်သောစိတ်မည်၏၊ ဒေါမနဿ သဟဂုတ် စိတ် နှစ်ခု, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စစိတ် နှစ်ခု ဤ စိတ်လေးခုတို့သည် ဤဒုက၌ ပေါင်း၍မယူအပ်ကုန်၊ အချို့သော မထေရ်တို့ကမူကား ထို စိတ်လေးပါးတို့ကို ပေါင်း၍ယူကုန်၏၊ ဒေါမနဿ သဟဂုတ် စိတ်နှစ်ခုသည် သဒေါသစိတ် မည်၏၊ ကြွင်းသော စတုဘူမိက ကုသိုလ် အဗျာကတစိတ်သည် ဝီတ ဒေါသစိတ် မည်၏၊ဒေါသ

မှုဒွေးမှ ကြွင်းသော အကုသိုလ်စိတ် ဆယ်ခုတို့သည် ဤဒုကဥ္စ ပေါင်း၍ မယူအပ်ကုန်၊ အချို့သော မထေရ်တို့မှုကား ထို စိတ်တို့ကိုပေါင်း၍ ယူကုန်၏၊ မောဟနှင့်တကွဖြစ်သောစိတ်,မောဟကင်းသောစိတ်ဟူသော ဤဒုကဥ္စကား တသီးတခြားဖြစ်သော ပုဂ္ဂလိကနည်းဖြင့် ဝိစိကိစ္ဆာ သဟဂုတ်, ဥဒ္ဒစ္စ သဟဂုတ် နှစ်ခုသည်သာလျှင် သမောဟ စိတ် မည်၏၊ ထို့ပြင် မောဟ၏ အကုသိုလ်စိတ် ဆယ့်နှစ်ခုတို့၌ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် အကုသိုလ်စိတ်ဆယ့်နှစ်ခုသည်သမောဟစိတ်မည်၏၊အကုသိုလ်မှ ကြွင်းသောစိတ်သည် ဝီတ မောဟစိတ် မည်၏။

ထိနမိဒ္ဓသို့ အစဉ်လိုက်၍ဖြစ်သော သသင်္ခါရိက အကုသိုလ် စိတ် ငါးခုသည် အာရုံ၌ တွန့်သောအားဖြင့် ဖြစ်ခြင်းကြောင့် သံခိတ္တစိတ် မည်၏၊ ဥဒ္ဒစ္စသို့ အစဉ်လိုက်၍ ဖြစ်သော စိတ်သည် ပျံ့လွင့်သော ဝိက္ခိတ္တစိတ်မည်၏၊ရူပါဝစရ အရူပါဝစရစိတ်သည် မဟဂ္ဂတစိတ် မည်၏၊ ကြွင်းသော စိတ်သည် အမဟဂ္ဂတစိတ် မည်၏၊အလုံးစုံသော တေဘူမကစိတ်သည် သဉတ္တရစိတ်မည်၏၊ လောကုတ္တရာ စိတ်သည် အနုတ္တရ စိတ် မည်၏၊ ဥပစာရသို့ ရောက်သော စိတ်သည်၎င်း,အပ္ပနာသို့ရောက်သောစိတ်သည်၎င်း သမာဟိတစိတ် မည်၏၊ဥပစာရ အပ္ပနာနှစ်ပါးသို့ မရောက်သော စိတ်သည် အသမာဟိတစိတ် မည်၏၊ တဒင်္ဂဝိမုတ်, ဝိက္ခမ္ဘန ဝိမုတ်, သမုစ္ဆေဒဝိမုတ်, ပဋိပ္ပဿဒ္ဓိဝိမုတ်, နိဿရဏဝိမုတ်သို့ ရောက်သော စိတ်သည် ဝိမုတ္တစိတ် မည်၏၊ ဝိမုတ် ငါးပါးသို့ မရောက်သောစိတ်သည် အဝိမုတ္တစိတ် မည်၏။ ဤသို့သောနည်းဖြင့် စေတောပရိယဉာဏ်ကိုရသောရဟန်းသည် အလုံးစုံ အပြားရှိသော ဤစိတ်ကို သရာဂစိတ်ကိုလည်း သရာဂ စိတ်ဟု သိ၏၊ ....(လ)....အဝိမုတ္တစိတ်ကိုလည်း အဝိမုတ္တစိတ်ဟု သိ၏။

၂-စေတောပရိယ အဘိညာဉ် ပြီး၏။

## (၃) ပုဗ္ဗေ နိဝါသာ နုဿတိ အဘိညာဉ်

၄၀၂။ ပုဗ္ဗေ နိဝါသာ နုဿတိ အဘိညာဉ်ဉာဏ် အကြောင်း၌ **"ပုဗ္ဗေ နိဝါသာ နုဿတိ ဉာဏ်"**ဟူသည်ကား—ရှေး ဘဝ၌ နေဘူး သုံးဆောင် ခံစားဘူးသော ခန္ဓာအစဉ် ကို အောက်မေ့သော သတိနှင့် ယှဉ်သော ဉာဏ်ကို ရခြင်းငှါ ဆိုလိုသည်။ "ရှေးက နေခဲ့ဘူးသော"ဟူသည် ကား—ရှေးလွန်လေ ကုန်ပြီးသော ဘဝတို့၌ မှီဝဲဘူး သုံးဆောင် ခံစားဘူးသော ခန္ဓာတို့တည်း။ "မှီဝဲဘူး သုံးဆောင် ခံစားဘူး"ဟူသည်ကား—မိမိ သန္တာန်၌ ဖြစ်ပြီးကုန်သော သုံးဆောင် ခံစားကုန်ပြီးသော၊ ဝါ-မိမိ၏ သန္တာန်၌ ဖြစ်ပြီး၍ ချုပ်ပြီးကုန်သော တရား တို့တည်း။ ဝါ-ကျက်စားသော အစွမ်းအားဖြင့် မှီဝဲဘူး သုံးဆောင်ဘူးသော တရားတို့သည် နိဝုတ္ထ မည်ကုန်၏။

"နိဝုတ္ထ"ဟူသည်ကား—ဂေါစရာသေဝနအားဖြင့် မှီဝဲ သုံး ဆောင်ဘူးသော မိမိ၏ဝိညာဉ်ဖြင့် သိအပ်ကုန်ပြီးသော အမျိုး၊ အမည်၊ အနွယ်၊ အဆင်း၊ အသွင်၊ အခြင်းအရာ စသော အထူး တို့ဖြင့် ပိုင်းခြား၍ယူအပ်သောတရားတို့သည် နိဝုတ္ထမည်ကုန်၏၊ ဝါ-သံသရာဝဋ် ပြတ်ပြီးကုန်သော အရှင်တို့ကို အောက်မေ့ခြင်း စသည်တို့၌ သူတပါးတို့၏ဝိညာဉ်ဖြင့် သိအပ်ကုန်သော သူတပါး တို့သည် ပိုင်းခြား၍ ယူအပ်ကုန်သော တရားတို့သည် နိဝုတ္ထ မည်ကုန်၏၊ ထိုပရဝိညာဏ ဝိညာတ ဓမ္မတို့ကို ဘုရားရှင်တို့သည် သာလျှင် သိအပ်ကုန်၏။

**"ပုဗ္ဗေ နိဝါသာ နုဿတိ"**ဟူသည်ကား—ရှေးဘဝ၌ မှီဝဲဘူး သုံးဆောင် ခံစားဘူးသော ခန္ဓာအစဉ်ကို အောက်မေ့သော သတိသည် ပုဗ္ဗေ နိဝါသာ နုဿတိမည်၏ ။"ဉာဏ်"ဟူသည် ကား—ထိုသတိနှင့် ယှဉ်သော ဉာဏ်တည်း၊ ဤသို့ ပုဗ္ဗေ နိဝါသာ နုဿတိဉာဏ်၏ အကျိုးငှါ ပုဗ္ဗေ နိဝါသာ နုဿတိဉာဏ်အလို့ငှါ၊ ထိုဉာဏ်ကိုရခြင်းငှါ ရောက်ခြင်းငှါ-ဟု ဆိုလိုသည်။

“များသော အပြား ရှိသော”ဟူသည်ကား–အထူးထူးသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ-စသည်တို့၏ အစွမ်းအားဖြင့် များပြားသော၊ ဝါ-များစွာကုန်သောအကြောင်းတို့နှင့်တကွဖြစ်စေအပ်သော ချဲ့အပ်သောဟု ဆိုလိုသည်။ “ရှေး၌ဖြစ်ဘူးသော ခန္ဓာ အစဉ်ကို”ဟူသည်ကား–အခြားမဲ့ လွန်လေပြီးသောဘဝကို အစပြု၍ ဘဝထိုထို၌ မှီဝဲ သုံးဆောင် ခံစားဘူးသော ခန္ဓာအစဉ်ကို။ ‘‘အောက်မေ့၏’’ဟူသည်ကား–ခန္ဓာ**အစဉ်**၏ အစွမ်းဖြင့်၎င်း၊ စုတိပဋိသန္ဓေကို အာရုံပြုသောအားဖြင့် **ဉာဏ်**ဖြင့်၎င်း လျှောက်၍ လျှောက်၍ အောက်မေ့၏။

၌ ရှေးကဖြစ်ဘူးသော ခန္ဓာအစဉ်ကို ခြောက်ဦးသော သူတို့သည် **အောက်**မေ့နိုင်ကြကုန်၏–

**တိတ္ထိ**… တို့သည်၎င်း၊ **ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေက ဗုဒ္ဓါ၊ သဗ္ဗညုဘုရား**တို့သည်၎င်း **အောက်**မေ့နိုင်ကုန်၏။ ထို ခြောက်ဦးတို့တွင် ကမ္မဝါဒီ ကိရိယ-ဝါဒီ ရသေ့စသော **အညတိတ္ထိ**တို့သည် ပညာစွမ်း အားနည်းသည်၏အဖြစ်ကြောင့် **ကမ္ဘာလေးဆယ်**တို့ကိုသာလျှင် အောက်**မေ့**နိုင်ကုန်၏၊ ထို့ထက် အလွန် မမြင်နိုင်၊ ထိုစကား မှန်သည်၊ ထိုတိ**တ္ထိတို့အား နာမ်ရုပ်**ကိုပိုင်းခြား၍ ဝိပဿနာအားထုတ်ခြင်းကင်းသောကြောင့် **ပညာ**အားနည်း၏၊ **ပကတိသာဝက**တို့သည် ပညာအား**ကြီး**သောကြောင့် **ကမ္ဘာရာ-ထောင်**ကိုသော်လည်း အောက်မေ့နိုင်ကြကုန်၏။

**မဟာသာဝက** ရှစ်ကျိပ်တို့သည် **ကမ္ဘာတသိန်း**တို့ကိုအောက်မေ့နိုင်ကုန်၏။ **အဂ္ဂသာဝက**နှစ်ပါးတို့သည် **တသင်္ချေနှင့် ကမ္ဘာတသိန်း**တို့ကို အောက်မေ့နိုင်ကုန်၏။ **ပစ္စေကဗုဒ္ဓါ**တို့သည် **နှစ်-သင်္ချေနှင့် ကမ္ဘာတသိန်း**တို့ကို အောက်မေ့နိုင်ကုန်၏၊ ထို အရှင်တို့၏ဆုတောင်းရာကာလသည် ဤမျှ ကမ္ဘာ ပမာဏသာ ရှိ၏။ **သဗ္ဗညုဘုရားရှင်**တို့အားကား **ကမ္ဘာအသင်္ချေ** အပိုင်းအခြား**မရှိ**။

**တိတ္ထိ**တို့သည်လည်း ခန္ဓာအစဉ်ကိုသာလျှင် အောက်မေ့နိုင်ကုန်၏၊ ခန္ဓာအစဉ်ကိုလွှတ်၍ စုတိ ပဋိသန္ဓေကို အာရုံပြုသောအားဖြင့် မအောက်မေ့နိုင်ကုန်၊ သူကန်းတို့အား လိုရာအရပ်သို့ ရောက်နိုင်ခြင်း မရှိသကဲ့သို့ ထို တိတ္ထိတို့အား အလိုရှိသောအရာကို ကောက်ကာ ငင်ကာ အောက်မေ့နိုင်ခြင်း မရှိ၊ သူကန်းတို့သည် တောင်ဝှေးကို မလွှတ်မူ၍သာလျှင် သွားကုန်သကဲ့သို့ ဤအတူ တိတ္ထိတို့သည်လည်း ခန္ဓာအစဉ်ကို မလွှတ်မူ၍သာလျှင် အောက်မေ့နိုင်ကုန်၏။

**ပကတိ သာဝက**တို့သည် ခန္ဓာ အစဉ်ကိုလည်း အောက်မေ့နိုင်ကုန်၏၊ စုတိ ပဋိသန္ဓေ၏ အစွမ်းဖြင့်လည်း ပြောင်းကာ ပြောင်းကာ အောက်မေ့နိုင်ကုန်၏၊ ထို့အတူ **မဟာသာဝက** တို့သည် ခန္ဓာ အစဉ်ကိုရင်း၊ စုတိ ပဋိသန္ဓေကိုရင်း အောက်မေ့နိုင်ကုန်၏။ **အဂ္ဂသာဝက**နှစ်ဦးတို့အား ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကိစ္စ မရှိ၊ အတ္တဘောတခု၏ စုတိကိုမြင်၍ ပဋိသန္ဓေကို မြင်ကုန်၏၊ တဖန် အခြားသော အတ္တဘော၏ စုတိကို မြင်၍ ပဋိသန္ဓေကို မြင်ကုန်၏၊ ဤသို့ စုတိ ပဋိသန္ဓေတို့၏ အစွမ်းဖြင့်သာလျှင် ပြောင်းကာ ပြောင်းကာ သွားကုန်၏။ **ပစ္စေကဗုဒ္ဓါ** တို့သည် အဂ္ဂသာဝကတို့ကဲ့သို့သာ အောက်မေ့နိုင်ကုန်၏။

**သဗ္ဗညုဘုရားရှင်**တို့အားမူကား ခန္ဓာအစဉ်အားဖြင့် အောက်မေ့ခြင်း ကိစ္စ မရှိ၊ စုတိ ပဋိသန္ဓေအားဖြင့် အတ္တဘော တခုမှ တခုသို့ ပြောင်းခြင်း ကိစ္စ မရှိ၊ ထို ဘုရားရှင်တို့အား များစွာကုန်သော ကမ္ဘာ ကုဋေတို့၌ အောက်သို့ရင်း၊ အထက်သို့ရင်း အောက်မေ့လိုသမျှသော အကြောင်းအရာသည် ထင်ရှားသည်သာလျှင် ဖြစ်၏၊ ထို့ကြောင့် ပေယျာလရှိသောပါဠိကို ရွတ်သူတို့သည် ချုံး၍ ရွတ်ကုန်သကဲ့သို့ များစွာကုန်သော ကမ္ဘာကုဋေတို့ကို ချုံးပြီးလျှင် ထိုထို သိလိုသမျှသော ကမ္ဘာ ဘဝ အကြောင်းအရာ တရား၌သာ ဉာဏ်ဖြင့် သက်ကုန် သက်ကုန် လျက် ခြင်္သေ့မင်းကဲ့သို့ ခုန်ကျော်သည့်အစွမ်းအားဖြင့် ဉာဏဂတိဖြင့် သွားကုန်၏။

ဤသို့ ဉာဏဂတိဖြင့် သွားကုန်သော ထိုဘုရားရှင်တို့၏ ဉာဏ်တော်သည် အဘယ်အရာနှင့် ဥပမာ တူသနည်းဟူမူ ခုနစ်စိတ်ခွဲအပ်သော သားမြီး၏ အစွန်းတခုဖြင့် အစွန်းတခုကို ပြိုင်ဆိုင်ထိုးပစ်ခြင်းငှါ လေ့လာခြင်းရှိသော သရဘင်္ဂလေးသွားကျော်နှင့်တူသော လေးသွား၏ပစ်လွှတ်အပ်သော မြှားသည် အကြားတွင်သစ်ပင် နွယ် စသည်တို့၌ မငြိတွယ်မူ၍ လက်မှန်းတိုင်း စက်တိုင်၌သာလျှင်ကျသကဲ့သို့ အကြား၌ ငြိတွယ် ကပ်စွဲခြင်း မရှိသကဲ့သို့မချွတ်မယွင်းသကဲ့သို့ ထို့အတူ ထိုထို ဘဝ၏ အကြား အကြားဖြစ်ကုန်သောဘဝတို့၌ မငြိ မချွတ်ယွင်း၊ မငြိမူ၍ မချွတ်ယွင်းမူ၍အလိုရှိသမျှသော အရာကိုသာလျှင် ယူ၏။

ဤ ပုဗ္ဗေနိဝါသကို အောက်မေ့သောပုဂ္ဂိုလ်တို့တွင် တိတ္ထိတို့၏ပုဗ္ဗေနိဝါသဉာဏ် အမြင်သည် ပိုးစုန်းကြူး အရောင်နှင့် တူသည်ဖြစ်၍ ထင်၏၊ ပကတိသာဝကတို့၏ ဉာဏ်အမြင်သည် ပကတိဆီမီးရောင်နှင့် တူသည်ဖြစ်၍ ထင်၏၊ မဟာသာဝကတို့၏ ဉာဏ်အမြင်သည် မီးရှူး တန်ဆောင် အရောင်နှင့် တူသည်ဖြစ်၍ ထင်၏၊အဂ္ဂသာဝကတို့၏ ဉာဏ်အမြင်သည် သောက်ရှူး ကြယ်ရောင်နှင့်တူ၏၊ ပစ္စေကဗုဒ္ဓါတို့၏ ဉာဏ်အမြင်သည် လ-ရောင်နှင့် တူ၏၊ဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသဉာဏ်အမြင်သည် ရောင်ခြည်တထောင်တို့ဖြင့် ဖန်းဆာဆင်လျက် တန်ဆောင်မုန်းလအခါတက်သောနေရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

တိတ္ထိတို့၏ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းသည် သူကန်းတို့၏ တောင်ဝှေးစွန်းဖြင့် သွားခြင်းနှင့် တူ၏။ ပကတိ သာဝကတို့၏ အောက်မေ့ခြင်းသည် တုံးတခုသာခင်းသော တံတားကိုလျှောက်သွားသည်နှင့် တူ၏။ မဟာသာဝကတို့၏ အောက်မေ့ခြင်းသည် ပျဉ်ခင်းတံတားကြီးသို့ လျှောက်သွားသည်နှင့် တူ၏။အဂ္ဂသာဝကတို့၏အောက်မေ့ခြင်းသည် လှည်း-ရထား သွားနိုင်သောတံတားသို့ လျှောက်သွားသည်နှင့် တူ၏။ ပစ္စေကဗုဒ္ဓါတို့၏အောက်မေ့ခြင်းသည် ခြေကျင်ခရီးသည်အပေါင်းတို့ သွားသော

လမ်းခရီးသို့ လျှောက်သွားသည်နှင့် တူ၏။ ဘုရားရှင်တို့၏ အောက်မေ့ခြင်းသည် လှည်းများစွာတို့၏ တပေါင်းတည်းသွား လောက်သော ခရီးမသို့ သွားသည်နှင့် တူ၏။

၌ **"စိတ္တံ ပညဉ္စ ဘာဝယံ"**ဟု စိတ်ကို ခေါင်းဆောင်ပြု၍ ပြအပ်သော သမာဓိ ဘာဝနာအရာ၌ သာဝကတို့၏ ပုဗ္ဗေနိဝါသ၌ အောက်မေ့ခြင်းကို အလိုရှိအပ်၏၊ထို့ကြောင့် "အနုဿရတီတိ ခန္ဓ ပဋိပါဋိဝသေန, စုတိပဋိသန္ဓိဝသေန ဝါ အနုဂန္တွာ အနုဂန္တွာ သရတိ"ဟူသော စကားကို ဆိုအပ်ပြီ။

၄၀၃။ ဤသို့ သာဝကတို့ အောက်မေ့သော အခြင်းအရာအားဖြင့် အောက်မေ့လိုသော အာဒိကမ္မိက ရဟန်းသည် ဆွမ်းစားပြီးနောက် ဆိတ်ငြိမ်ရာသို့ ကပ်၍ တခုတည်းသောအာရုံ၌သာ စိတ်ကို ကောင်းစွာထားလျက် အစဉ်အတိုင်း ဈာန်လေးပါးတို့ကိုဝင်စား၍ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်မှ ထ၍ အလုံးစုံတို့၏ နောက်ဆုံးဖြစ်သော ထိုင်ခြင်း ဣရိယာပုထ်ကို ဆင်ခြင်အပ်၏၊ ထို့နောင်မှ နေရာ ခင်းခြင်းကို, ကျောင်းသို့ဝင်ခြင်းကို, သပိတ် သင်္ကန်း သိုမှီးခြင်းကို, ဆွမ်းစားရာကာလကို, ရွာမှ ပြန်လာသောကာလကို, ရွာ၌ ဆွမ်းခံခြင်းကို, ဆွမ်းခံသွားသော ကာလကို,ကျောင်းမှ ထွက်သော ကာလကို, စေတီပြင် ဗောဓိပြင်၌ ရှိခိုးသော ကာလကို, သပိတ်ဆေးသော ကာလကို, သပိတ်ကို လှမ်းယူသည်မှ မျက်နှာသစ်သော ကာလတိုင်အောင် ပြုအပ်သော ကိစ္စကို, မိုးသောက်အခါ၌ ပြုအပ်သော ကာလကို, မဇ္ဈိမယာမ်၌ ပြုအပ်သောကာလကို, ပဌမယာမ်၌ ပြုအပ်သော ကာလကို, ဤသို့ပြန်သော အစဉ်ဖြင့် အလုံးစုံသော ညဉ့်,နေ့ပတ်လုံးပြုအပ်သော ကိစ္စကို ဆင်ခြင်အပ်၏၊ ဤမျှသောကိစ္စသည် ပကတိသော **စိတ်အားလည်း** ထင်နိုင်၏၊ ပရိကံဖြစ်သော သမာဓိ

စိတ်အားဘား အလွန်ထင်သည်သာလျှင်ဖြစ်၏၊ ဤကိစ္စ အပေါင်းတို့တွင် တစုံတခုသောကိစ္စသည် အကယ်၍ မထင်အံ့၊ ပါဒကဈာန်ကို တဖန်ဝင်စား၍ ဈာန်မှထပြီးမှ ဆင်ခြင်အပ်၏၊ ဤပါဒကဈာန် ဝင်စားကာမျှဖြင့် ဆီမီး ညှိထွန်းသကဲ့သို့ ထင်ရှား၏။

ဤသို့ပြန်သော အစဉ်ဖြင့်သာလျှင် ဒုတိယနေ့၌ငင်း၊တတိယ, စတုတ္ထ,ပဉ္စမနေ့၌ငင်း၊ ဆယ်ရက်,ဆယ့်ငါးရက်,တလ,၌ငင်း၊တနှစ် ပတ်လုံးငင်း ပြုအပ်သောကိစ္စကို ဆင်ခြင်အပ်၏၊ ဤနည်းဖြင့် ဆယ်နှစ်,အနှစ်-နှစ်ဆယ်ပတ်လုံးငင်း ပြုအပ်သောကိစ္စကို ဆင်ခြင် အပ်၏၊ဤဘဝ၌ မိမိ၏ပဋိသန္ဓေတည်နေသော ကာလတိုင်အောင် ဆင်ခြင်သည်ဖြစ်၍ ရှေးဘဝ၌ စုတိခဏဝယ် အကြောင်းတရား တို့သည် ဖြစ်စေအပ်သောနာမ်ရုပ်ကို ဆင်ခြင်အပ်၏၊ အဘိညာဉ် ဘာဝနာ၌ လေ့လာပြီးသော ပညာရှိရဟန်းသည် လက်ဦးဆုံး အကြိမ်ဖြင့်သာလျှင် ပဋိသန္ဓေကို ခွါလှစ်၍ စုတိခဏ၌ နာမ်ရုပ် ကိုအာရုံပြုခြင်းငှါ စွမ်းနိုင်၏။

အကြင်ကြောင့် ရှေးဘဝ၌ နာမ်ရုပ်သည်အကြွင်းမဲ့ချုပ်လေပြီ၊ ကံတပါးကြောင့် ဖြစ်သော နာမ်ရုပ်သာ ဖြစ်၏၊ ထို့ကြောင့် "ထိုနိကွေပဋ္ဌာနသည် ကျဉ်းမြောင်း၏၊ အဂ်ါလေးပါးနှင့် ပြည့်စုံ သော အမိုက်မှောင်ကဲ့သို့ ဖြစ်၏"ဟု ဝန်ချခြင်းကို မပြုသင့်၊ဒုပ္ပည ပုဂ္ဂိုလ်သည် မြင်နိုင်ခဲ၏၊ထိုဒုပ္ပညပုဂ္ဂိုလ်ပင်သော်လည်း "ငါသည် ပဋိသန္ဓေကိုခွါ၍ စုတိခဏ၌ဖြစ်သော နာမ်ရုပ်ကိုအာရုံပြုခြင်းငှါ မတတ်နိုင်"ဟု ဝန်ချခြင်းကို မပြုသင့်၊ ထိုပါဒကဈာန်ကိုသာလျှင် အဖန်တလဲလဲ ဝင်စားအပ်၏၊ ထိုပါဒကဈာန်မှလည်း ထ၍ ထ၍ ထိုထားသောအရာကို ဆင်ခြင်အပ်၏။

ဤသို့ပြုသောယောဂီသည် ဥပမာအားဖြင့် ခွန်အားကောင်း သောယောကျ်ားသည် စုလစ် မွန်ချွန် တပ်သော ပြာသာဒ်၏ အထွဋ်အလိုငှါ သစ်ပင်ကြီးကိုဖြတ်သည်ရှိသော် အကိုင်းအခက် အရွက်ကိုဖြတ်ကာမျှဖြင့်လျှင် ပုဆိန်သွားပဲ့သဖြင့် သစ်ပင်ကြီးကို မဖြတ်နိုင်သော်လည်း လက်မလျှော့ဘဲသာလျှင် ပန်းဘဲဖိုသို့

သွား၍ ထက်သောပုဆိန်ကိုပြုစေ၍ တဖန်လာပြန်၍ ဖြတ်သကဲ့သို့
တဖန် ပွဲကြွေပြန်သော် ရှေးနည်းတူ ကောင်းအောင်တဖန်ပြုပြင်၍
ဖြတ်ပြန်သကဲ့သို့ ဤသို့ အကြိမ်ကြိမ်ဖြတ်သည်ရှိသော် ဖြတ်ပြီး
ပြတ်ပြီးသော အရာကို တဖန် ဖြတ်ဘွယ်မရှိသောကြောင့်၎င်း,
မဖြတ်ရသေး မပြတ်သေးသော အရာကို ဖြတ်ခြင်းကြောင့်၎င်း
မကြာမြင့်မီပင်လျှင် သစ်ပင်ကြီးကို လှဲချရာသကဲ့သို့ ထို့အတူ
ပါဒကဈာန်မှထ၍ ရှေးက ဆင်ခြင်ပြီးသော အရာကို တဖန်
မဆင်ခြင်ဘဲ ပဋိသန္ဓေကိုသာလျှင် ဆင်ခြင်သည်ရှိသော် မကြာ
မြင့်မီ ပဋိသန္ဓေကိုခွါ၍ စုတိခဏ၌ဖြစ်သော နာမ်ရုပ်ကို အာရုံ
ပြုခြင်းငှါ စွမ်းနိုင်ရာ၏၊ ထင်းခွဲသောယောက်ျား ဥပမာ, ဆံရိတ်
သော ရဟန်းဥပမာစသည်တို့ဖြင့်လည်း ဤအနက်ကို ပြအပ်၏။

ထိုစကား အစဉ်၌ အားထုတ်အံ့ဟု နောက်ဆုံး ထိုင်ခြင်း
ကိုစွမှစ၍ ဤ ဘဝ ပဋိသန္ဓေတိုင်အောင် အာရုံပြု၍ဖြစ်သော
ဉာဏ်သည် ပုဗ္ဗေ နိဝါသဉာဏ် မမည်၊ ထိုဉာဏ်သည် ပုဗ္ဗေ
နိဝါသာနုဿတိဉာဏ်၏ ပရိကံအဖြစ်ဖြင့် ဖြစ်သော သမာဓိနှင့်
ယှဉ်သောဉာဏ် မည်၏၊ အတီတံသဉာဏ်မည်၏ဟူ၍လည်း အချို့
ဆရာတို့ ဆိုကြကုန်၏၊ ထိုဆရာတို့စကားသည် ရူပါဝစရဖြစ်သော
အတီတံသဉာဏ်ကိုရည်၍ ဆိုလျှင် မသင့်၊ အကြင်အခါ၌ ထိုရဟန်း
အား ဤဘဝ ပဋိသန္ဓေကလွန်၍ စုတိခဏ၌ဖြစ်သော နာမ်ရုပ်ကို
အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်ပြီး၍ချုပ်သည်ရှိသော်
ထိုနာမ်ရုပ်ကိုပင်လျှင် အာရုံပြု၍ လေးကြိမ် ငါးကြိမ် ဇောစော
ကုန်၏၊ အကြင် လေးကြိမ် ငါးကြိမ်သော ဇောတို့တွင် ယခင်
နည်းဖြင့် ရှေ့ဇောတို့သည် ပရိကံစသည် အမည်ရှိကုန်သော
ကာမာဝစရဇောတို့ ဖြစ်ကုန်၏၊ နောက်ဆုံး ဇောသည်သာ
ရူပါဝစရ စတုတ္ထဈာန်နှင့်ယှဉ်သော အပ္ပနာဇောစိတ် ဖြစ်၏။

ထိုအခါ၌ ထိုရဟန်းအား အပ္ပနာဇောစိတ်နှင့်တကွဖြစ်သော
ထို ဉာဏ်သည်သာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်မည်၏၊ ထိုဉာဏ်
နှင့်တကွ ယှဉ်သော သတိဖြင့် များသောအပြားရှိသော ရှေး၌
ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အဖန်တလဲလဲ အောက်မေ့၏၊ ဤခန္ဓာ

အစဉ်သည် အဘယ်နည်းဟူမူ၊ တဘာဝ၌ အကျုံးဝင်သော ခန္ဓာအစဉ်ကိုရင်း, နှစ်ဘဝ၌အကျုံးဝင်သောခန္ဓာအစဉ်ကိုရင်း၊....(လ) ဤသို့အခြင်းအရာနှင့်တကွ ညွှန်းပြအပ်သော များသောအပြားရှိသော ရေးကဖြစ်ဘူးသော ခန္ဓာအစဉ်ကို အဖန်တလဲလဲ အောက်မေ့နိုင်၏။

၁၄။ ထိုပါဠိတော်၌ "**တဘာဝကို**" ဆိုသည်ကား–ပဋိသန္ဓေအစ စုတိစိတ် အဆုံးရှိသော တဘာဝ၌ အကျုံးဝင်သော တခုသော ခန္ဓာအစဉ်ကို ဆိုလို၏၊ နှစ်ဘဝ စသည်တို့၌လည်း ဤနည်းကို သိအပ်၏။

ထိုမှတပါး များစွာသော သံဝဋ္ဋကပ် စသည်တို့၌ ကုန်ဆဲပျက်ဆဲသော အသင်္ချေယျ ကပ်သည် **သံဝဋ္ဋကပ်** မည်၏၊ ပွါးဆဲဖြစ်ဆဲသော အသင်္ချေယျ ကပ်သည် **ဝိဝဋ္ဋကပ်** မည်၏။ ထိုနှစ်ပါးတို့တွင် သံဝဋ္ဋကပ်ဖြင့် **သံဝဋ္ဋဋ္ဌာယီ** ကပ်ကိုလည်း ယူအပ်၏၊ အကြောင်းကား ထိုသံဝဋ္ဋ ကပ်လျှင် အရင်းရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဝိဝဋ္ဋ ကပ်ဖြင့်လည်း **ဝိဝဋ္ဋဋ္ဌာယီ** ကပ်ကို ယူအပ်၏၊ ဤ သံဝဋ္ဋဋ္ဌာယီ,ဝိဝဋ္ဋဋ္ဌာယီ ကပ်ကို ယူအပ်သည်ရှိသော်"**စတ္တာရိမာနိ ဘိက္ခဝေ ကပ္ပဿ အသင်္ချေယျာနိ၊ ကတမာနိ စတ္တာရိ–သံဝဋ္ဋော သံဝဋ္ဋဋ္ဌာယီ ဝိဝဋ္ဋော ဝိဝဋ္ဋဋ္ဌာယီ**" ဟူ၍ ဟောတော်မူအပ်ကုန်သော ထိုကပ်တို့ကို သိမ်းယူအပ်ကုန်၏။

ထိုပါဠိ၌ ပျက်ခြင်း သံဝဋ္ဋ ကပ်သည်–

(၁) ရေဖြင့် ပျက်ခြင်း, (၂) မီးဖြင့် ပျက်ခြင်း, (၃) လေဖြင့် ပျက်ခြင်း, ဟူ၍ ဤသို့ ပျက်ခြင်း သုံးပါးရှိ၏။

ပျက်ခြင်း အပိုင်းအခြားတို့သည်–

(၁) အာဘဿရဘုံ, (၂) သုဘကိဏှာဘုံ, ၃ ဝေဟပ္ဖိုလ်ဘုံ, ဟူ၍ အပိုင်းအခြား သုံးပါးရှိ၏။

အကြင်အခါ ကမ္ဘာသည် မီးဖြင့်ပျက်၏၊ အာဘဿရဘုံမှ အောက်ဘုံတို့ကို မီးလောင်၏။

အကြင်အခါ ကမ္ဘာသည် ရေဖြင့်ပျက်၏၊ သုဘကိဏှာ ဘုံမှ **အောက်ဘုံတို့သည် ရေဖြင့် ကြေပျက်၏။**

အကြင်အခါ ကမ္ဘာသည် လေဖြင့်ပျက်၏၊ ဝေဟပ္ဖိုလ် ဘုံမှ **အောက်ဘုံတို့သည် လေဖြင့် ကြေပျက် ပျောက်လွင့်၏။**

အကျယ်အားဖြင့်ကား-အခါခပ်သိမ်း တခုသော ဗုဒ္ဓခေတ် **သည်** ပျက်၏၊ ဗုဒ္ဓခေတ် မည်သည်ကား-

(၁) ဇာတိခေတ်, (၂) အာဏာခေတ်, (၃) ဝိသယခေတ် ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုဗုဒ္ဓခေတ် သုံးပါးတို့တွင် မြတ်စွာဘုရား ပဋိသန္ဓေနေသောအခါစသည်တို့၌ တုန်လှုပ်သော စကြဝဠာ **တသောင်း**သည် "ဇာတိခေတ်"မည်၏၊စကြဝဠာ **ကုဋေတသိန်း** အပိုင်းအခြားရှိသော အရပ်သည် "အာဏာခေတ်"မည်၏၊ ထိုခေတ်၌ ရတနသုတ် ခန္ဓပရိတ်၊ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ မောရပရိတ်ဟူသော ပရိတ်တော်တို့၏ အာနုဘော်သည် ပျံ့နှံ့၏၊ "ဝိသယခေတ်" သည်ကား-**အပိုင်းအခြားမရှိ၊** အတိုင်းအရှည် မရှိ၊ ဝိသယခေတ်ကိုရည်၍ "ယာဝတာ ပန အာကင်္ခေယျ" ဟု မြတ်စွာဘုရားဟောတော်မူပြီ၊ ထိုဝိသယခေတ်၌ ထိုထိုသိလိုသမျှသော ဉေယျမံတရားကို မြတ်စွာဘုရားသည် ထင်ရှားစွာသိတော်မူ၏။

ထိုဗုဒ္ဓခေတ် သုံးပါးတို့တွင် အာဏာခေတ် တခုပျက်သည်ရှိသော် ဇာတိခေတ်သည်လည်း ပျက်ပြီးဖြစ်၏၊ ပျက်သောအခါလည်း တပြိုင်နက်ပျက်၏၊ တည်သောအခါလည်း တပြိုင်နက် တည်၏၊ ထိုအာဏာခေတ်၏ ပျက်ခြင်း တည်ခြင်းကို ဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။

### မီးဖျက်သော ကမ္ဘာ

၄၀၅။ အကြင်အခါ ကာလ၌ ကပ်ကမ္ဘာသည် မီးဖြင့်ပျက်၏၊ ကမ္ဘာဖျက် မိုဃ်းကြီးသည် ရှေးဦးစွာ ထ၍ စကြဝဠာ ကုဋေတသိန်းအတွင်း တပြိုင်နက် သည်းထန်စွာရွာ၏၊

လူတို့သည် နှစ်သက် ရွှင်လန်းကြကုန်၍ ရှိသမျှသော မျိုးစေ့တို့ကိုထုတ်၍ ကြဲကြကုန်၏၊ ကောက်ပင်တို့သည် နွားများ စားလောက်အောင် ကြီးပြင်းလာသောအခါ မြည်းသံကဲ့သို့ မြည်လျက် မိုဃ်းတပေါက်မျှမရွာ၊ ထိုအခါ က စ၍ မိုဃ်းပြတ်တော့၏၊ ဤမိုဃ်းပြတ်သည်ကိုရည်၍ မြတ်စွာဘုရားသည်—

"**ဟောတိ သော** ဘိက္ခဝေ သမယော, ယံ ဗဟူနိ ဝဿာနိ ဗဟူနိ ဝဿသတာနိ ဗဟူနိ ဝဿသဟဿာနိ ဗဟူနိ ဝဿသတသဟဿာနိ ဒေဝေါ န ဝဿတိ"။

"အို ရဟန်းတို့ များစွာသော နှစ်တို့ပတ်လုံးငှင်း, အနှစ်အရာပတ်လုံးငှင်း,နှစ်ပေါင်း အထောင်ပတ်လုံးငှင်း, နှစ်ပေါင်းအသိန်းပတ်လုံးငှင်း မိုဃ်းမရွာသောအခါသည် ဖြစ်သလျှင်ကတည်း"ဟု ဟောတော်မူပြီ။

မိုဃ်းကိုမှီ၍ အသက်ရှင်ကုန်သော သတ္တဝါတို့သည် သေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏၊အပွင့်အသီးကိုမှီ၍ အသက်ရှင်ကုန်သော နတ်တို့သည်လည်းသေ၍ ဗြဟ္မာ့ပြည်၌ဖြစ်ကုန်၏၊ ဤသို့ ရှည်စွာသော အခွန့်သည် လွန်သည်ရှိသော် ထိုထိုအရပ်၌ ရေကုန်ခန်း၏၊ ထိုနောက်မှ အစဉ်သဖြင့် ငါးလိပ်တို့သည်သေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြကုန်၏၊ ငရဲသားတို့သည်လည်းသေ၍ ဗြဟ္မာ့ပြည်၌ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့တွင် ငရဲသူ ငရဲသားတို့သည် "နေ့ခုနစ်စင်း ထွက်ပေါ်မှသာ ပျက်ကုန်၏"ဟု အချို့ဆရာတို့က ဆိုကုန်၏၊ ဈာန်နှင့်ကင်း၍ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းမည်သည် မရှိ။

ထိုသတ္တဝါတို့တွင်လည်း အချို့သောသတ္တဝါတို့သည် ငတ်မွတ်ခြင်းဘေးဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ သေကုန်၏၊ အချို့သော သတ္တဝါတို့သည် ဈာန်ရခြင်းငှါမထိုက်ကုန်၊ ထို သတ္တဝါတို့သည် အဘယ် အကြောင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဖြစ်ကုန်အံ့နည်းဟူမူ၊ နတ်ပြည်၌ရအပ်သော ဈာန်၏အစွမ်းဖြင့် ဖြစ်ကုန်၏၊ ထိုကမ္ဘာ ပျက်ကာနီး၌ နောင်အနှစ်တသိန်းလွန်လျှင် ကမ္ဘာပျက်လတ္တံ့ဟု သိကုန်သော လောကဗျူဟာ အမည်ရှိကုန်သော ကာမာဝစရ

နတ်တို့သည် ဆံပင်ဖားလျားချ၍ ဖရိုဖရဲ ဆံပင်ပြန့်ကြဲ ရှိကုန်သည် ဖြစ်၍ ငိုသောမျက်နှာ ရှိကုန်သည်ဖြစ်၍ မျက်ရေတို့ကို လက်ဖြင့် သုတ်ကုန်လျက် အဝတ်နီကြီးကို ဝတ်ကုန်လျက် ဖောက်ပြန်သော အဆင်းကို ဆောင်ကုန်သည် ဖြစ်၍ လူတို့သွားရာ လမ်းခရီး၌ လှည့်လည်ကုန်လျက် ဤသို့ ပြောကြားကုန်၏။

''အို အချင်းတို့ နောက်နှစ်ပေါင်း တသိန်းလွန်သော အခါ၌ ကမ္ဘာဖျက်မိုးကြီး ရွာလတ္တံ့၊ ဤလောကသည် ပျက်လတ္တံ့၊ မဟာသမုဒ္ဒရာလည်း ခန်းခြောက်လတ္တံ့၊ ဤမြေကြီးနှင့် မြင့်မိုရ်တောင် သည်လည်း မီးလောင် ပျက်စီးလတ္တံ့၊ ဗြဟ္မာ့ပြည် တိုင်အောင် လောကဓာတ်သည် ပျက်လတ္တံ့၊ အို အချင်းတို့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ကိုပွါးကြကုန်၊ အမိကို ပြုစုလုပ်ကျွေးကြကုန်၊ အဘကို ပြုစုလုပ်ကျွေးကြကုန်၊ အမျိုး၌ ကြီးသောသူတို့ကို ရိုသေကြကုန်''ဟု နှိုးဆော်ကုန်၏။

ထို နတ်တို့၏ စကားကိုကြား၍ များသောအားဖြင့် လူတို့ သည်၎င်း,ဘုမ္မစိုးနတ်တို့သည်၎င်း ထိတ်လန့် သံဝေဂဖြစ်ကုန်ကြ၍ အချင်းချင်း နူးညံ့သော စိတ်ရှိကုန်၍ မေတ္တာစသော ကာမာဝစရ ကုသိုလ်တို့ကိုပြု၍ နတ်ပြည်၌ဖြစ်ကုန်၏၊ ထို နတ်ပြည်၌ဖြစ်သော သုဓာဘုတ်ကိုစား၍ ဝါယောကသိုဏ်း၌ ပရိကံပြုသဖြင့် ဈာန်ရ ကုန်၏၊ လူ, ဘုမ္မစိုးနတ်မှ တပါးသော အပါယ်ဘုံသားတို့သည် ကား အပရာပရိယ ဝေဒနီယကံဖြင့် နတ်ပြည်၌ဖြစ်ကုန်၏၊ အပရာ ပရိယ ဝေဒနီယကံနှင့်ကင်း၍ သံသရာ၌ ကျင်လည်သောသတ္တဝါ မည်သည်မရှိ၊ ထို အပါယ်ဘုံသားတို့သည်လည်း ထို နတ်ပြည်၌ ရှေးနည်းတူပင် ဈာန်ရကုန်၏၊ ဤသို့ နတ်ပြည်၌ ရအပ်သော ဈာန်၏အစွမ်းဖြင့် သတ္တဝါ အားလုံးတို့သည်လည်း ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏။

ကမ္ဘာဖျက်မိုးကြီး ပြတ်ပြီးနောက် အခွန့်ရှည်စွာ လွန်သော အခါ၌ နေ နှစ်စင်းထွက်ပေါ်၏၊ မြတ်စွာဘုရားသည် ''ဟောတိ သော ဘိက္ခဝေ သမယော'' အစရှိသည်ဖြင့် ဟောအပ်သော သတ္တသူရိယသုတ်ကို ချဲ့အပ်၏။

ထို **ဒုတိယ နေဝန်း** ထွက်ပေါ်သောအခါ နေ့-ည၌ အပိုင်း အခြားဟူ၍မထင်၊ နေတစင်းထွက်လျှင် နေတစင်းဝင်၏၊ လောက ဓာတ်သည် အမြဲမပြတ်နေပူ၏၊ ကမ္ဘာဦးက ပေါ်လာသော နေဗိမာန်၌ နေနတ်သား ရှိသကဲ့သို့ ကမ္ဘာဖျက် နေဗိမာန်၌ နေနတ်သားမရှိ၊ ထို နေ နှစ်စင်းတို့တွင် ပကတိနေသည် တက် လတ်သော် ကောင်းကင်၌ တိမ်တိုက်တို့သည်၎င်း, အခိုး အညွန့် တို့သည်၎င်း သွားကုန်၏၊ ကမ္ဘာဖျက်နေဝန်း တက်လတ်သော် ကား ကောင်းကင်သည် ကြေးမုံပြင်ကဲ့သို့ အခိုး တိမ်တိုက်စသော အညစ်အကြေးကင်း၏၊ မြစ်ကြီးငါးစင်းတို့မှ ကြွင်းသော မြစ်ငယ် စသည်တို့၌ ရေခန်းခြောက်ကုန်၏။

ဒုတိယ နေဝန်းပေါ်ပြီးနောက် အခွန့်ရှည်စွာလွန်သောအခါ၌ **တတိယ နေဝန်း** ပေါ်ထွန်းလာသောကြောင့် မြစ်ကြီးငါးစင်း တို့သည် ခန်းခြောက်ကုန်၏၊ နေ သုံးစင်းပေါ်ပြီးနောက် အခွန့် ရှည်စွာ လွန်သောအခါ၌ **စတုတ္ထ နေဝန်း** ပေါ်ထွန်းလာသော ကြောင့် ဟိမဝန္တာ၌ မြစ်ကြီးငါးစင်းတို့၏ အမွန်ဖြစ်ကုန်သော သီဟပါတနအိုင်, ဟံသပါတနမည်သော အိုင်, မန္ဒာကိနီအိုင်, ကဏ္ဏမုဏ္ဍကအိုင်, ရထကာရအိုင်, အနောတတ္တအိုင်, ဆဒ္ဒန္တအိုင်, ကုဏာလအိုင် ဤအိုင်ကြီး ခုနစ်အိုင်တို့သည် ခန်းခြောက်ကုန်၏။

နေလေးစင်း ထွက်ပြီးနောက် အခွန့်ရှည်စွာ လွန်သောအခါ၌ **ပဉ္စမ နေဝန်း** ပေါ်ထွန်းလာသောကြောင့် အစဉ်သဖြင့်ကုန်ခန်း ၍ မဟာသမုဒ္ဒရာ၌ လက်တသစ် စွတ်လောက်ရုံမျှလည်း ရေ မတည်၊ နေငါးစင်းထွက်ပြီးနောက် အခွန့်ရှည်စွာလွန်သောအခါ၌ **ဆဋ္ဌမ နေဝန်း** ပေါ်ထွန်း လာသောကြောင့် စကြဝဠာတိုက် အလုံးသည် တပြိုင်နက် အခိုးထ၏၊ ထို အခိုးကြောင့် အစေး အာပေါဓာတ်ခြောက်ကပ်၏၊ ဤစကြဝဠာကဲ့သို့နည်းတူ **စကြဝဠာ ကုဋေတသိန်း** တို့ကိုလည်း သိအပ်ကုန်၏။

နေခြောက်စင်း ထွက်ပြီးနောက် အခွန့်ရှည်စွာ လွန်သောအခါ ၌ **သတ္တမ နေဝန်း** ပေါ်ထွန်းလာသောကြောင့် စကြဝဠာ ကုဋေ တသိန်းနှင့်တကွ အလုံးစုံသော စကြဝဠာသည် တပြိုင်နက်

အလျှံတက်၏၊ ယူဇနာ တရာစသည် အပြားရှိသော မြင့်မိုရ်တောင်ထွင့် တို့သည်လည်း ပြတ်ကျ၍ ကောင်းကင် ၌လျှင် ကွယ်ပျောက်ကုန်၏၊ ထိုမီးလျှံသည် တက်လတ်၍ စကုမဟာရာဇ်နတ်ပြည်တို့ကို စွဲလောင်၍ ရွှေဗိမာန်, ရတနာဗိမာန်, ပတ္တမြားဗိမာန်တို့ကို လောင်ပြီးနောက် တာဝတိံသာ နတ်ပြည်ကို စွဲလောင်ပြန်၏၊ ဤနည်းဖြင့်သာလျှင် ပဌမဈာန် ဘုံတိုင်အောင် စွဲ၍ ပဌမဈာန်သုံးဘုံကို လောင်ပြီးနောက် အာဘဿရဘုံကို ဆိုက်၍ တည်၏။

ဘူတရုပ် ဥပါဒါရုပ် စသည် အပြားရှိသော သင်္ခါရအပေါင်းသည် အနုမြူမျှလောက် ကြွင်းကျန်သေးသည်တိုင်အောင် ထိုမီးလျှံ မငြိမ်းသေး၊ လောင်အပ်သော သင်္ခါရတို့၏ အလုံးစုံကုန်ခြင်းကြောင့်ကား ထောပတ်, ဆီဖြင့်လောင်းသော မီးလျှံကဲ့သို့ ပြာမျှ မကြွင်းဘဲ ငြိမ်း၏၊ အောက် ကောင်းကင်နှင့် တကွ အထက် ကောင်းကင်သည် တစပ်တည်းဖြစ်၍ အမိုက်မှောင်ကြီး အတိဖြစ်၏။

၄၀၆။ ထို့နောက် သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ဟူသော ရှည်မြင့်စွာသော ကာလ လွန်သောအခါ၌ ကမ္ဘာပြု မိုဃ်းကြီးသည် တက်လတ်၍ လက်ဦးဆုံးအစသိမ်မွေ့စွာ ရွာ၏၊ အစဉ်သဖြင့် ကြာရိုး, လှံတံ, ကျည်ပွေ့, ထန်းလုံးစသည် ပမာဏ ရှိကုန်သော မိုဃ်းရေအယဉ် တို့ဖြင့် ရွာလျက် စကြဝဠာ ကုဋေတသိန်း အတွင်း၌ အလုံးစုံ ကမ္ဘာမီးလောင်ရာ အရပ်ကို ပြည့်စေ၍ ကွယ်၏၊ ထို အာဘဿရ ဗြဟ္မာ့ဘုံ တိုင်အောင် ပြည့်သောရေကို အောက်၌ရင်း, ဖီလာ အရပ်၌ရင်း လေပြင်းထ၍ တပေါင်းတည်းပြု၏၊ ပဒုမာကြာရွက်၌ ရေပေါက်ကဲ့သို့ ထက်ဝန်းကျင် လုံးနေအောင် ပြု၏၊ ထို မျှလောက်ကြီးသောရေထုကို ဘယ်သို့တပေါင်းတည်း ပြုသနည်းဟူမူ၊ အကြားအပေါက်ကို ပေးသောအားဖြင့် တလုံးတည်း ပြု၏။

ထိုရေသည် လေအား ထိုထိုအရပ်၌အကြားအပေါက်ကိုပေး၏၊ ဤသို့လေသည် ပေါင်းစည်းအပ်သော တခဲနက်လုံးသည်ကို ပြုအပ်သော ထိုရေသည် ခန်းလတ်သော် အစဉ်သဖြင့် တရွေ့ရွေ့အောက်သို့သက်၏၊ ရေသည် တရွေ့ရွေ့ သက်လတ်သော် ယခင် ဖြဟ္မာ့ပြည် တည်ရာအရပ်၌ ပဌမဈာန် ဗြဟ္မာ့ပြည်သည် ထင်ရှား ဖြစ်ပေ၏၊ ဟာဝတီ°သာ နတ်ပြည်မှ အထက် လေးထပ်သော နတ်ပြည် တည်ရာ အရပ်၌လည်း နတ်ပြည်တို့ဖြစ်ကုန်၏၊ ရှေးယခင် ကမ္ဘာ ာည်ရာအရပ်သို့ သက်သည်ရှိသော် လေပြင်းမုန်တိုင်း ထကုန်၏၊ ထိုလေပြင်းတို့သည် ထိုရေကို အဝကပိတ်ထားသော ဓမ္မကရိုဏ် ၌ တည်သောရေကဲ့သို့ ထွက်ရာမရှိအောင်ပြု၍ ချုပ်ငြိမ်းကုန်၏၊ အရသာ ချိုမြိန်သော ရေသည် တရွေ့ရွေ့ ခန်းသည်ရှိသော် အပေါ်၌ **ရသပထဝီ**ကို ဖြစ်စေ၏၊ ထိုရသပထဝီသည် အဆင်း, အနံ့, အရသာနှင့်ပြည့်စုံ၏၊ ရေမရောသော နို့ဂဏာ၏ အပေါ်၌ ဖြစ်သော အဆီလွှာနှင့် တူ၏။

ထို လူ့ပြည် တည်သော အခါ၌ အာဘဿရ ဗြဟ္မာ့ဘုံမှ ရှေးဦးစွာဖြစ်လင့်ကုန်သော ထိုသတ္တဝါတို့သည် အသက်ကုန်ခြင်း ကြောင့်ရင်း, ကံကုန်ခြင်းကြောင့်ရင်း ထိုဘုံမှစုတေ၍ ဤလူ့ပြည် ၌ ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် မိမိကိုယ်ရောင်ဖြင့် လင်းကုန်၍ ကောင်းကင်ပြင်၌ သွားနိုင်ကုန်၏၊ **အဂ္ဂညသုတ်**၌ ဟောတော်မူသောနည်းဖြင့် ထိုသတ္တဝါတို့သည် ထိုရသပထဝီကို လျက်၍ ရသတဏှာနှိပ်စက်အပ်ကုန်သဖြင့် အလုပ်အလွေးပြု၍ သုံးဆောင်ကြကုန်၏၊ ထိုမြေဆီ မြေလွှာကိုစားသောကာလ၌ ကမ္ဘာဦး သူတို့၏ ကိုယ်ရောင်ကိုယ်ဝါ ကွယ်လေ၏၊ အမိုက်တိုက် ဖြစ်၏၊ အမိုက်မှောင်ကို မြင်၍ ကြောက်ကုန်၏၊ ထိုနောင်မှ ကမ္ဘာဦး သူတို့၏ ကြောက်ခြင်းဘေးရန်ကိုဖျောက်၍ ရဲရင့်ခြင်းကို ဖြစ်စေလျက် **ယူဇနာ ငါးဆယ်**ပြည့်သော **နေဝန်း**သည် ထင်ရှား ဖြစ်ပေ၏။

ထိုသူတို့သည် နေဝန်းကိုမြင်သဖြင့် "အလင်းရောင်ရပေပြီ"ဟု အလွန် ရွှင်လန်းကြကုန်သည်ဖြစ်၍ "ဤအလင်းသည် ငါတို့၏

ကြောက်ခြင်းကိုဖျောက်၍ ရဲရင့်ခြင်းကိုဖြစ်စေလျက် တက်သော ကြောင့် **သူရိယ** အမည် ဖြစ်စေသတည်း''ဟု ထို နေဝန်းကို **သူရိယ**အမည် မှည့်ကုန်၏၊ နေဝန်းသည် တနေ့လုံး ထွန်းလင်း၍ ဝင်လတ်သော် ''ငါတို့ရသော အလင်းသည် ပျောက်ကွယ် လေပြီ''ဟု ကြောက်ကြပြန်သဖြင့် အခြားသော အလင်းကို တောင့်တကြသော သူတို့၏စိတ်ကို သိသကဲ့သို့ **လေးဆယ့်ကိုး ယူဇနာ**ရှိသော **လဝန်း**သည် ထင်ရှားဖြစ်ပေါ်လာ၏၊ ဤသူတို့ သည် လဝန်းကိုမြင်သဖြင့် အလွန့်အလွန် ရွှင်လန်းဝမ်းမြောက် ကုန်သည်ဖြစ်၍ ''ဤအလင်းသည် ငါတို့၏အလိုကို သိသကဲ့သို့ တက်လာပေသောကြောင့် **ဆန္ဒ**အမည်ဖြစ်စေသတည်း''ဟု ထို လဝန်းကို **ဆန္ဒ**အမည် မှည့်ကုန်၏။

ဤသို့ လဝန်း နေဝန်းတို့ ထင်ရှားဖြစ်ကုန်လတ်သော် နက္ခတ်, ကြယ်,တာရာအပေါင်းတို့သည်လည်း ထင်ရှားဖြစ်ကုန်၏၊ထို နေ, လ,နက္ခတ်တို့ ပေါ်သည်မှစ၍ ညဥ့်,နေ့ အပိုင်းအခြားတို့သည် ထင်ရှားကုန်၏၊ အစဉ်သဖြင့် လခွဲ, တလ, ဥတု, နှစ် အပိုင်း အခြားတို့သည်လည်း ထင်ရှားကုန်၏၊နေ့,လတို့ ထွက်ပေါ်သော နေ့၌သာလျှင် မြင့်မိုရ်,စကြဝဠာတံတိုင်း,ဟိမဝန္တာတောင်, ကျွန်း ကြီး လေးကျွန်း, သမုဒ္ဒရာလေးစင်းတို့သည် ထင်ရှား ဖြစ်ကုန်၏၊ ထို နေ, လ, နက္ခတ်, တာရာ, မြင့်မိုရ်, စကြဝဠာ, ဟိမဝန္တာ, ကျွန်း, သမုဒ္ဒရာတို့သည်လည်း **တပေါင်းလပြည့်**နေ့၌သာလျှင် မရှေး မနှောင်း တပြိုင်နက် ထင်ရှားဖြစ်ကုန်၏။

**ဥပမာကား**-ဆတ်ထမင်းကို ချက်သော အခါ တပြိုင်နက် အပွက်ထကုန်၏၊ အချို့သော အရပ်တို့သည် စုန့်ရရုန့်တက်ကုန် သကဲ့သို့, အချို့ နိမ့်ရရိမ့်ရှိကုန်သကဲ့သို့, အချို့ အညီအမျှရှိကုန် သကဲ့သို့ ထို့အတူ မြင့်ရာ မြင့်ရာ၌ **တောင်**ဖြစ်ကုန်၏၊ နိမ့်ရာ နိမ့်ရာ၌ **သမုဒ္ဒရာ**ဖြစ်ကုန်၏၊ ညီရာ ညီရာ၌ **ကျွန်း** ဖြစ်ကုန်၏။

ထို့နောင်မှ ရသပထဝီကို သုံးဆောင်ကုန်သော သူတို့တွင် အစဉ်သဖြင့် အချို့ အဆင်းလှကုန်၏၊ အချို့ အဆင်းမလှကုန်၊ ထိုသူတို့တွင် အဆင်းလှသူတို့က အရုပ်ဆိုးသူတို့ကို ကဲ့ရဲ့ ရှုတ်ချ

ကုန်၏၊ ထိုလူလူတို့၏ အလွန်မာန်မူခြင်းဟူသော အကြောင်းကြောင့် **မြေဆီ ကွယ်ပျောက်ပြီးလျှင် မြေလွှာ** ပေါ်ပေါက်လာ၏၊ ထိုအခါ၌လည်း ထိုသူတို့အား ယခင်နည်းဖြင့်သာလျှင် မြေလွှာ, မြေသင်းခဲ ကွယ်ပျောက်ပြီးလျှင် **"ပဒါလတာ"**မည်သောနွယ်သည် ထင်ရှားဖြစ်ပေါ်လာ၏၊ ယခင်နည်းဖြင့်သာလျှင် ထိုပဒါလတာနွယ်သည်လည်း ကွယ်ပျောက်ပြန်၏၊ ထို့နောက် ထင်းမီးဖြင့်မချက်ရသော အခွံ,အကာ,ဆန်ကွဲမရှိ ဖွဲမရှိဘဲ ဖြူစင်သော ကောင်းသောအနံ့ရှိသော **သလေးဆန်**သည် ထင်ရှားဖြစ်၏။

ထိုသလေးဆန် ဖြစ်သည်မှ စ၍ ထိုသူတို့အား အိုးခွက်တို့ဖြစ်ကုန်၏၊ လူတို့သည် သလေးဆန်ကို အိုး၌ထည့်၍ ကျောက်အပြင်၌ တည်ကုန်၏၊ မီးလျှံသည် အလိုလိုတက်လတ်၍ ထိုဆန်ကိုချက်၏၊ ထိုထမင်းသည် မြတ်လေးပန်းနှင့် တူ၏၊ ထိုသလေးထမင်းအား ဟင်းဖြင့်ငှင်း,ဟင်းလျာဖြင့်ငှင်း ပြုပြင်စရာမရှိ၊ မိမိစားလိုသော ထိုထိုအရသာသည် ဖြစ်၏၊ ထိုကမ္ဘာဦးသူတို့အား ရုန့်ရင်းသော ထိုအာဟာရကို သုံးဆောင်သောအခါမှစ၍ ကျင်ကြီး ကျင်ငယ်တို့ ဖြစ်ကုန်၏၊ ထိုသို့ ကျင်ကြီးဖြစ်သောအခါ၌ ထိုသူတို့အား ကျင်ကြီးထွက်ဘို့ရာ အမာဝနှင့်တူသောအပေါက်တို့ ဖြစ်ကုန်၏၊ ယောကျ်ားအား ပုရိသ္ဆော ဖြစ်၏၊ မိန်းမအား ဣတ္ထိဘောဖြစ်၏၊ မိန်းမက ယောကျ်ားကို, ယောကျ်ားက မိန်းမကို အတန်ကြာအောင် တစိမ်းစိမ်း ရှု၏၊ ထို မိန်းမ ယောကျ်ားတို့အား ကြာမြင့်အောင် စူးစူးစိုက်စိုက် တစိမ်းစိမ်းရှုခြင်းကြောင့် ကာမစိတ် ပူပန်ခြင်း ဖြစ်၏။

ထိုကာမစိတ်ဖြင့် ပူပန်ခြင်းကြောင့် မေထုန်အကျင့်ကို မှီဝဲကြကုန်၏၊ ထိုသတ္တဝါတို့သည် မသူတော်တို့၏ အကျင့်မှီဝဲခြင်းကြောင့် ပညာရှိတို့က ကဲ့ရဲ့ရှုတ်ချကုန်လတ်သော်, ညှဉ်းဆဲကုန်လတ်သော် ထိုအကျင့်ကို ဖုံးလွှမ်းလိုသောကြောင့် အိမ်ဆောက်ကြကုန်၏၊ ထိုသူတို့သည် အိမ်၌နေကုန်လျက် အစဉ်သဖြင့် လူပျင်းတယောက်၏အတုကိုလိုက်ကြသောသူတို့သည် သိုမှီးခြင်းကို

ပြုကုန်၏၊ ထိုသို့ အစာကို သိမ်းသောအခါမှစ၍ ဆန်ခွဲသည်ရှင်း, **အခွံဖွဲ့သည်ရှင်း** ဆန်ကို မွေးရစ်၏၊ရိတ်ဖြတ်ရာသည်လည်း ထပ်မံ မပေါက်၊ ထိုသူတို့သည် စည်းဝေး၍ အကြိမ်ကြိမ် စိုးရိမ်စကား ညည်းတွားကုန်၏–"အို–အချင်းတို့, သတ္တဝါတို့၌ ယုတ်မာသော အကျင့်တို့ထင်ရှားဖြစ်ပေါ်ကုန်ပြီတကား,ငါတို့သည် ရှေးတုန်းက စိတ် အလိုအတိုင်း ပြီးစီး ပြည့်စုံကြသည် ဖြစ်ကုန်၏"၊ ဤသို့ **အဂ္ဂညသုတ်**၌ ဟောတော်မူသောနည်းအတိုင်း ချဲ့အပ်၏။

ထိုနောင်မှ သူ့အခင်း,ငါ့အခင်းဟု သလေးခင်းကို ပိုင်းခြား ကြကုန်၏၊ ထိုအခါ၌ လူတယောက်က အခြားသူ၏အဘို့ကိုအရှင် မပေးဘဲ ခိုးယူ၏၊ထိုလက်ဦးပေါ်သောသူခိုးကို နှစ်ကြိမ်,သုံးကြိမ် ဆဲရေး၍ သုံးကြိမ်မြောက်၌ လက်,အုပ်,ကျောက်,လှံတံ စသည်တို့ ဖြင့် ပုတ်ခတ်ကုန်၏၊ ထိုသူတို့သည် ဤသို့ခိုးခြင်း၊ ကဲ့ရဲ့ခြင်း၊ မုသားဆိုခြင်း၊ ထုတ်,လှံတံ,စွဲကိုင် ပုတ်ခတ်ခြင်းတို့ ဖြစ်ကြသော အခါ စည်းဝေး၍–"ငါတို့တွင် အကြင်သူသည် အကြောင်းအား လျော်စွာ ရှုတ်ချထိုက်သူကို ရှုတ်ချရာ၏၊ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ ရာ၏၊ နှင်ထုတ်ထိုက်သူကိုနှင်ထုတ်ရာ၏၊ ထိုသူ တဦးတယောက် ကို အမှုပိုင်နင်း**"မင်း"**ဟု သမုတ်ကြရလျှင် ကောင်းလိမ့်မည်၊ ထို သုံးမပေးသော မင်းအား**ဆယ်ဘို့တဘို့သော သလေး**ကို လျော်စွာ ပေးဆက်ကြကုန်အံ့"ဟု တိုင်ပင်ကြကုန်၏။

ဤသို့စည်းဝေးဆုံးဖြတ်ကြသောသူတို့တွင် ဤ ဘဒ္ဒကပ်ကမ္ဘာ ၌ ဤငါတို့မြတ်စွာဘုရားသည် ဘုရားလောင်းဖြစ်လျက် ထိုစဉ် အခါ ထိုသူတို့ထက် အလွန်အဆင်းလှ၏၊ အလွန်ရှုချင်ဘွယ်ရှိ၏၊ ဘုန်းတန်ခိုးလည်း အလွန်ကြီး၏၊ အဆင်အခြင် ဉာဏ်ပညာနှင့် ပြည့်စုံ၏၊ နှိပ်ကွပ်ခြင်း ချီးမြှောက်ခြင်းကို ပြုနိုင်သော စွမ်းရည် ရှိ၏၊ ထို့ကြောင့် ထိုသူတို့သည် ဘုရားလောင်းကို ကပ်၍ တောင်းပန်ပြီးလျှင် ကွပ်ညှပ်ပိုင်နင်းမင်းဟု သမုတ်ကြကုန်၏၊ ထို လူအပေါင်းတို့က မင်းဟုသမုတ်ကြသောကြောင့် ဘုရားလောင်း သည်**"မဟာသမ္မတ"**မည်၏၊ လယ်တို့၏အရှင် လယ်တို့ကို အစိုးရ သောကြောင့် **"ခတ္တိယ"**မည်၏၊ မင်းကျင့်တရားနှင့် ညီညွတ်သော

ကိုယ်, နှုတ်, နှလုံးအမှုဖြင့် သူတပါးတို့ကို နှစ်သက်စေတတ်သော ကြောင့် "**ရာဇာ**" မည်၏၊ ဤအမည်သုံးပါးဖြင့် ထင်ရှား၏၊ လူ့ပြည်၌ ထိုထို ထူးဆန်း အံ့ဩဘွယ်သော အကြောင်းအရာ ဟူသမျှမှာ ဘုရားလောင်းသည်သာလျှင် အစလက်ဦး ပုဂ္ဂိုလ်ထူး ဖြစ်မြဲတည်း၊ ဤသို့ ဘုရားလောင်းကို အစပြု၍ မင်းမျိုး စဉ်ဆက် မပျက်အရှည် တည်လတ်သော် အစဉ်သဖြင့် ပုဏ္ဏားမျိုး စသော အမျိုးတို့သည်လည်း တည်ကုန်၏။

ထိုကပ်လေးပါးတို့တွင် ကမ္ဘာဖျက်မိုဃ်းကြီး ရွာသောအခါမှ စ၍ မီးလျှံ ပြတ်စဲသောအခါ တိုင်အောင်သော အသင်္ချေယျကပ် တကပ်ကို "**သံဝဋ္ဋကပ်**"ဟု ဆိုအပ်၏။ ကမ္ဘာဖျက်မီးလျှံ ပြတ်စဲ သည်မှစ၍ ကုဋေတသိန်းသော စကြဝဠာတိုက်ကို ပြည့်စေလျက် ကမ္ဘာပြုမိုဃ်းကြီး ရွာသောအခါတိုင်အောင် နှစ်ခုမြောက်ဖြစ် သော အသင်္ချေယျကပ်ကို "**သံဝဋ္ဋဋ္ဌာယီကပ်**" ဟူ၍ ဆိုအပ်၏၊ ကမ္ဘာပြု မိုဃ်းကြီး ရွာသောအခါမှစ၍ နေ, လ, နက္ခတ်တို့ပေါ် သော အခါတိုင်အောင် သုံးခုမြောက်ဖြစ်သော အသင်္ချေယျ ကပ်ကို "**ဝိဝဋ္ဋကပ်**"ဟု ဆိုအပ်၏၊ နေ, လ ပေါ်သည်မှစ၍ တဖန် ကမ္ဘာဖျက်မိုဃ်းကြီး ရွာသောအခါတိုင်အောင် စတုတ္ထမြောက် အသင်္ချေယျကပ်ကို "**ဝိဝဋ္ဋဋ္ဌာယီကပ်**"ဟုဆိုအပ်၏၊ ဤ**အသင်္ချေယျ ကပ် လေးကပ်**တို့သည် မဟာကပ်ခေါ်သော "**တကမ္ဘာ**" မည်၏၊ ဤသို့ ရှေးဦးစွာ မီးဖြင့် ပျက်ခြင်းကိုရင်း, တည်ခြင်းကိုရင်း သိအပ်၏။

## ရေဖျက်သောကမ္ဘာ

၄၀၇။ မီးဖျက်သော ကမ္ဘာမှတပါး ရေဖျက်သော ကမ္ဘာကို ဆိုအံ့၊ ကမ္ဘာသည် ရေဖြင့်ဖျက်သောအခါ၌ "ကမ္ဘာဖျက် မိုဃ်းကြီးသည် ရှေးဦးစွာထ၍" ဤသို့အစရှိသောစကား ကို ယခင်ဆိုခဲ့ပြီးသော နည်းဖြင့် ချဲ့အပ်၏၊ ဤဆိုလတ္တံ့ သည်ကား အထူးတည်း၊ ထိုမီးဖျက်သော ကမ္ဘာ၌ ဒုတိယနေဝန်း ပေါ်သကဲ့သို့ ထို့အတူ ဤရေဖျက်သော

> ကမ္ဘာ၌ ကမ္ဘာကို ဖျက်ဆီးတတ်သော ငန်လှစွာသော မိုးသည်းကြီးသည်ရွာ၏၊ ထို ကမ္ဘာဖျက် မိုးသည်းငန်ကြီးသည် လက်မွန်အစမှာ အလွန်သိမ်မွေ့စွာ ရွာလျက် အစဉ် အတိုင်း တစ တစ ကြီးစွာသော ရေအယဉ် တို့ဖြင့် **စကြဝဠာ ကုဋေတသိန်း**တို့ကို ပြည့်စေလျက် ရွာ၏၊ အလွန် ငန်လှစွာသောရေဖြင့် ထိတိုင်း ထိတိုင်းသော မြေ့တောင် အစရှိသည်တို့သည် မြည့်မြည့် ကြေကုန်၏။

ကမ္ဘာဖျက်ရေကို ထက်ဝန်းကျင် အဘို့အားဖြင့် လေတို့က ဆောင်ကုန်၏၊ မြေအောက် အစွန်းမှစ၍ ဒုတိယ ဈာန်ဘုံ တိုင်အောင်သော အရပ်ကို ကမ္ဘာဖျက်ရေသည် ဖုံးလွှမ်း၏၊ ထို ဗြဟ္မာ့ပြည်၌ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာဘာ ဗြဟ္မာသုံးဘုံတို့ကိုလည်း ကြေစေ၍ **သုဘကိဏှာ** ဘုံတို့ကိုထိ၍ တည်၏၊ ဘူတရုပ် ဥပါဒါရုပ် အပြားရှိသော သင်္ခါရအပေါင်း တို့သည် အဏုမြူမျှလောက် ကြွင်းကျန်သေးသည် တိုင်အောင် ထိုမိုးသည်းမစဲသေး၊ ကမ္ဘာဖျက်ရေငန်ဖြင့် တွေ့ထိအပ်သော သင်္ခါရ အပေါင်းတို့ အလုံးစုံ ကုန်သည်တိုင်အောင် ကြေပျောက်စေ၍ အဆောတလျင်ငြိမ်း၏၊ကွယ်ပျောက်၏၊ အောက်ကောင်းကင်နှင့် အထက်ကောင်းကင်သည် တစပ်တည်းဖြစ်လျက် အမိုက်မှောင် ကြီး ဖြစ်၏၊ ဤသို့ အစရှိသော စကားအလုံးစုံသည် ယခင် ဆိုခဲ့ ပြီးသည်နှင့် ဟူ၏၊ စင်စစ်သော်ကား ဤရေဖျက်သော ကမ္ဘာ၌ **အာဘဿရဗြဟ္မာ့ဘုံ**ကို အစပြု၍ လောကဓာတ်သည် ထင်ရှား ဖြစ်၏၊ သုဘကိဏှာဘုံမှ စုတေ၍ အာဘဿရဘုံ စသည်တည်ရာ အရပ်တို့၌ သတ္တဝါတို့ ဖြစ်ကုန်၏။

ထိုရေဖျက်သောကမ္ဘာ၌ ကမ္ဘာဖျက်မိုးသည်းကြီး ရွာသည်မှ စ၍ ကမ္ဘာဖျက်ရေ ပြတ်စဲသည်တိုင်အောင် အသင်္ချေယျကပ်တခုသည် "**သံဝဋ္ဋ အသင်္ချေယျကပ်**"မည်၏၊ ကမ္ဘာဖျက်ရေ ခန်းခြောက် သည်မှစ၍ ကမ္ဘာပြုမိုးသည်းကြီးရွာသည်တိုင်အောင် နှစ်ခုမြောက် အသင်္ချေယျကပ်သည် "**သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်**"မည်၏၊

ကမ္ဘာပြုမိုးကြီး ရွာသော အခါမှစ၍ နေ,လတို့ ပေါ်သည် တိုင်အောင် သုံးခုမြောက် အသင်္ချေယျကပ်သည် "**ဝိဝဋ္ဋကပ်**" မည်၏၊ နေ,လတို့ **ပေါ်သော**အခါမှစ၍ တဖန် ကမ္ဘာဖျက်မိုး ကြီးရွာသည်တိုင်**အောင် လေး**ခုမြောက် အသင်္ချေယျကပ်သည် **"ဝိဝဋ္ဋဋ္ဌာယီကပ်"မည်၏၊ ဤအသ**င်္ချေယျကပ် လေးကပ်တို့သည် **မဟာကပ်**ခေါ်သော "**တကမ္ဘာ**"မည်၏၊ဤသို့ ရေဖြင့်ပျက်ခြင်း ကိုရှင်း,တည်ခြင်းကိုရှင်း သိအပ်၏။

## လေဖျက်သော ကမ္ဘာ

၄၀၀။ ကပ်ကမ္ဘာသည် လေဖြင့်ပျက်သောအခါ၌ "ကမ္ဘာဖျက် မိုးကြီးသည် ရှေးဦးစွာထ၍" ဤသို့အစရှိသော စကား ကို ယခင်ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် ချဲ့အပ်၏၊ အထူးကား–မီးဖျက်သောကမ္ဘာ၌ ဒုတိယနေဝန်း ပေါ် သကဲ့သို့ ထို့အတူ **ဤလေဖျက်သောကမ္ဘာ၌** ကမ္ဘာကို ဖျက်ခြင်းငှါ လေပြင်းမုန်**တိုင်းကြီး ထ၏**၊ ထိုကမ္ဘာဖျက် လေသည် ရှေ့ရှင်းသောမြူကို လက်ဦး**ဆုံး** လွင့်တက်စေ ပြီးနောက် သိမ်မွေ့သော မြူကို, သိမ်မွေ့သော သဲကို, ရှေ့ရှင်းသော သဲကို, ကျောက်ပြွတ်, ကျောက်ခဲ စသည် တို့ကို ဤသို့အစဉ်သဖြင့် ကျောက်ဖျာ**ကြီး**တို့ကို, ချောက် ကမ်းပါး၌တည်သောသစ်ပင်ကြီးတို့ကို လွင့်တ**က်စေ၏**၊ ထိုအလုံးစုံတို့သည် မြေအပြင်မှ ကောင်းကင်သို့ လွင့် တက်ပြီးနောက် မြေသို့ ပြန်မကျကုန်၊ မှုန့်မှုန့်ညက်ညက် ဖြစ်၍ ကောင်းကင်၌သာ ပျောက်ပျက်ကြကုန်၏။

ထိုသို့ လွင့်ကြကုန်သော် အစဉ်သဖြင့် မြေအောက်မှ ကမ္ဘာ ဖျက်လေသည် ထ၍ မြေကို ထက်အောက် ပြောင်းပြန်လှန်ပြီးလျှင် ကောင်းကင်သို့ ပစ်လွှင့်၏၊ယူဇနာ တရာ,နှစ်ရာ,သုံးရာ,လေးရာ, ငါးရာလောက် ရှိသော မြေစိုင်, မြေခဲကြီးတို့သည် ကွဲ၍ ပွဲ၍ လေအဟုန်ကြောင့် မှုန့်မှုန့်ညက်ညက် ဖြစ်ပြီးလျှင် ကောင်းကင် ၌သာ ပျောက်ပျက်ကုန်၏၊ လေသည် စကြဝဠာတောင်, မြင့်မိုရ်

တောင်တို့ကို ချိပင့်၍ ကောင်းကင်သို့ ပစ်လွှင့်ပြန်ရာ ထိုတောင်တို့သည် အချင်းချင်းထိခိုက်ကြသဖြင့် မှုန့်မှုန့်ညက်ညက် ကြေပျက်ပျောက်လွင့်ကုန်၏။

ဤနည်းဖြင့် ဘုမ္မစိုးနတ်ဗိမာန်တို့ကိုငင်း, အာကာသဋ္ဌ နတ်ဗိမာန်တို့ကိုငင်း ဖျက်ဆီးလျက် နတ်ပြည်ခြောက်ထပ်တို့ကို ပျက်စေ၍ **ကုဋေတသိန်း**သော စကြဝဠာတို့ကို ဖျက်ဆီး၏၊ ထိုကုဋေတသိန်းသော လောကဓာတ်အတွင်း၌ စကြဝဠာတောင်,မြင့်မိုရ်တောင်,ဟိမဝန္တာတောင်တို့သည် အချင်းချင်း ပေါင်းဆုံတိုက်ခိုက်ကြသဖြင့် မှုန့်မှုန့်ညက်ညက် ကြေပျက် လွင့်ပျောက်ကုန်၏၊ ထိုလေသည် မြေပြင်မှ တတိယဈာန် ဘုံတိုင်အောင်သော အရပ်ကို ဖျက်ဆီး၏၊ထိုတတိယဈာန် သုံးဘုံကိုပျက်စေလျက် **ဝေဟပ္ဖိုလ်ဘုံ**ကိုဆိုက်၍ တည်၏။

ဤသို့ မြေကိုခံသောရေ,ထိုရေကိုခံသောလေ ဤအလုံးစုံသော သင်္ခါရအပေါင်းကို ပျက်စေပြီးလျှင် မိမိ ဟူသော ထိုကမ္ဘာဖျက်လေသည်လည်း တည်ရာမရှိသဖြင့် ပျောက်ပျက်လေ၏၊"အောက်ကောင်းကင်နှင့် အထက်ကောင်းကင်သည် တစပ်ထည်း တည်လျက် အမိုက်မှောင်ကြီး ဖြစ်၏"၊ဤသို့ အစရှိသော စကားအလုံးစုံသည် ယခင်ဆိုခဲ့ပြီးသည်နှင့် တူ၏၊ အထူးကား–ဤ လေဖျက်သောကမ္ဘာ၌ **သုဘကိဏှာ ဗြဟ္မာ့ပြည်**ကို အစပြု၍ လောကသည် ထင်ရှားဖြစ်၏၊ သတ္တဝါတို့သည် ဝေဟပ္ဖိုလ်ဘုံမှစုတေ၍ သုဘကိဏှာစသော ဘုံတို့၌ ဖြစ်ကုန်၏။

ထိုလေဖျက်သောကမ္ဘာ၌ ကမ္ဘာဖျက်မိုဃ်းကြီးရွာသည်မှစ၍ ကမ္ဘာဖျက်လေ ပြတ်စဲသည် တိုင်အောင်သော အသင်္ချေယျကပ်သည် **"သံဝဋ္ဋကပ်"**တခု မည်၏၊ ကမ္ဘာဖျက်လေ ပြတ်သည်မှ ကမ္ဘာပြုမိုဃ်းကြီး ရွာသည်တိုင်အောင်သော ကာလ အသင်္ချေယျကပ်သည် နှစ်ခုမြောက်ဖြစ်သော **"သံဝဋ္ဋဋ္ဌာယီကပ်"** မည်၏၊ ကမ္ဘာပြုမိုဃ်းကြီး ရွာသည်မှ နေ,လတို့ ပေါ်သည်တိုင်အောင်သော ကာလ အသင်္ချေယျကပ်သည် သုံးခုမြောက် ဖြစ်သော

"**ဝိဝဋ္ဋကပ်**"မည်၏။ နေ့လတို့ပေါ်သည်မှ **တဝန်** **ကမ္ဘာ**ဖျက် မိုးကြီးရွာသည်တိုင်အောင်သော ကာလ အသင်္ချေယျကပ်သည် လေးခုမြောက် ဖြစ်သော "**ဝိဝဋ္ဋဋ္ဌာယီကပ်**" မည်၏။ ဤသို့ အသင်္ချေယျကပ် လေးကပ်တို့သည် မဟာကပ် **ခေါ်သော** "တကမ္ဘာ"မည်၏၊ ဤသို့ လေဖြင့် ပျက်ခြင်းကိုရင်း, **တည်ခြင်း** ကိုရင်း သိအပ်၏။

၄၀၉။ အဘယ်အကြောင်းကြောင့် ဤဆိုအပ်ပြီးသောနည်း**ဖြင့်** လောကသည် ပျက်သနည်း၊ အကုသိုလ်မူလ ဟူသော အကြောင်းကြောင့် လောကသည် ပျက်၏၊ အကျယ် **ဖြေအံ့**–အကုသိုလ် မူလ သုံးပါးတို့သည် လွန်ကဲလွန်း **အားကြီး**ကုန်သည်ရှိသော် ဆိုအပ်ပြီးသောနည်းအ**တိုင်း** လောကသည် ပျက်၏၊ သတ္တဝါတို့သည် **ရာဂ** လွန်ကဲ သောအခါ၌ လောကသည် **မီးဖြင့်** ပျက်၏၊ ဒေါသ လွန်ကဲသောအခါ၌ ရေဖြင့် ပျက်၏၊ **ကေစိ ဆရာတို့က** "ဒေါသလွန်ကဲသောအခါ မီးဖြင့် ပျက်၏၊ ရာဂလွန်ကဲ သောအခါ ရေဖြင့် ပျက်၏"ဟု ဆိုကြကုန်၏၊ **မောဟ** လွန်ကဲသောအခါ **လေဖြင့်** ပျက်၏၊ ဤ အကြောင်း သုံးပါးကြောင့် လောကပျက်ရာ၌လည်း မခြားမပြတ် ခုနစ်ကြိမ်တိုင်အောင် မီးဖြင့် ပျက်၏၊ ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်၏၊ တဖန် ခုနစ်ကြိမ် မီးဖြင့် ပျက်၏၊ ရှစ်ကြိမ် မြောက်၌ ရေဖြင့် ပျက်၏၊ ဤနည်းဖြင့် ရှစ်ကြိမ်မြောက်, ရှစ်ကြိမ်မြောက်၌ ပျက်သောကမ္ဘာသည် ခုနစ်ကြိမ် ရေ ဖြင့် ပျက်၍ တဖန် ခုနစ်ကြိမ်တိုင်အောင် မီးဖြင့်ပျက်၏၊ ဤမျှ အတိုင်းအရှည်ရှိသော အကြိမ်ဖြင့် မီး(၅၆)ကြိမ်, ရေ(၇)ကြိမ်အားဖြင့်၊ (၆၃) ကမ္ဘာတို့သည် လွန်ကုန်၏၊ ဤအတွင်း၌ ရေဖြင့် ပျက်သင့်သောအကြိမ်သို့ ရောက် **သော်လည်း** တားမြစ်၍ အခွင့်ရသော လေသည် (၆၄) ကမ္ဘာ **အသက်**ရှည်သော သုဘကိဏှာဘုံတို့ကို ပျက် **စေလျက် လောကဓာတ်ကို ဖျက်ဆီး**၏။

၄၁၀။ **စကားဆက်ဦးအံ့–ရှေးက ဖြစ်ဘူးသော ခန္ဓာ အစဉ်ကို အောက်မေ့ သော်လည်း ကပ်ကို အောက်မေ့သော ရဟန်းသည် ထိုကပ်တို့တွင် များစွာကုန်သော သံဝဋ္ဋ ကပ်တို့ကိုရင်း, များစွာကုန်သော ဝိဝဋ္ဋကပ်တို့ကိုရင်း, များစွာကုန်သော သံဝဋ္ဋ,ဝိဝဋ္ဋကပ်တို့ကိုရင်း အောက်မေ့နိုင်၏၊ အဘယ်သို့ အောက်မေ့နိုင်သနည်း၊ "အမုတြာသိံ"အစရှိသောနည်းဖြင့် အောက်မေ့နိုင်၏။**

ထိုပါဠိတော်၌ ''အမုတြာသိံ''ဟူသည်ကား–ဤမည်သော သံဝဋ္ဋကပ်၌ ငါသည် ဤမည်သော ကာမဘဝစသော ဘဝ၌ရင်း, အဏ္ဍဇစသော ဤမည်သော ယောနိ၌ရင်း, ဤမည်သော ဂတိ၌ရင်း, နာနတ္တ ကာယ နာနတ္တ သညီ စသော ဤမည်သော ဝိညာဏဋ္ဌိတိ၌ရင်း, ဤမည်သော သတ္တာဝါသ၌ရင်း, ခတ္တိယ, ဗြာဟ္မဏစသော ဤမည်သော သတ္တနိကာယ၌ရင်း ဖြစ်ဘူးပြီ။ "ဤသို့ အမည်ရှိ၏"ဟူသည်ကား–တိဿအမည်သည်ရင်း, ဖုဿ အမည်သည်ရင်း ငါ ဖြစ်ဘူးပြီ။

"ဤသို့ အနွယ်ရှိ၏" ဟူသည်ကား–ကစ္စည်း အနွယ်သည်ရင်း, ကဿပအနွယ်သည်ရင်း ဖြစ်ဘူးပြီ၊ "ဤအမည် ရှိ၏, ဤအနွယ် ရှိ၏"ဟူသောစကားကို ထိုရဟန်းသည် ရှေးဘဝ၌ မိမိ၏အမည်, အနွယ်တို့ကို အဖန်ဖန် အောက်မေ့သည်၏ အစွမ်း အားဖြင့် ဟောအပ်၏၊ ထိုကာလ၌ မိမိ၏ အဆင်းလှခြင်းကိုရင်း, အသက်မွေး ခေါင်းပါးခြင်း, အသက်မွေး မြတ်ခြင်းကိုရင်း, ချမ်းသာ များခြင်း,ဆင်းရဲ များခြင်းကိုရင်း, အသက်တိုခြင်း,ရှည်ခြင်းကိုရင်း အကယ်၍ အောက်မေ့လိုငြားအံ့၊ ထိုအလုံးစုံကိုလည်း အောက်မေ့နိုင်သည်သာတည်း၊ ထို့ကြောင့် "ဧဝံ ဝဏ္ဏော....(လ)....ဧဝ-မာယုပရိယန္တော"ဟူသော စကားကို ဟောတော်မူ၏။

ထိုပါဠိတော်၌ "ဤသို့ အဆင်းရှိ၏" ဟူသည်ကား–ဖြူသော အဆင်း သည်ရင်း, ရွှေသော အဆင်းရှိသည်ရင်း ဖြစ်ဘူးပြီ၊ "ဤသို့သော အာဟာရရှိ၏" ဟူသည်ကား–သလေး ထမင်း သားပွဲမ်း ထမင်း အစာရှိသည်ရင်း, ကြွေကျသော သစ်သီး

အစာ ရှိသည့်ရင်း ဖြစ်ဘူးပြီ၊ "ဤသို့သောချမ်းသာဆင်းရဲကို ခံစားဘူးပြီ" ဆိုသည်ကား–အထူးထူး အပြားပြား များသောအားဖြင့် ကိုယ်၌ စိတ်၌ဖြစ်ကုန်သော အာမိသကင်း,မကင်းစသည် အပြား ရှိကုန်သော ချမ်းသာခြင်း, ဆင်းရဲခြင်းတို့ကို ခံစားဘူးပြီ။

"ဤသို့ အသက်အပိုင်းအခြားရှိ၏" ဟူသည်ကား–ဤသို့ အနှစ် တရာ အသက် အပိုင်းအခြားရှိသည့်ရင်း, ကမ္ဘာ ရှစ်သောင်း လေးထောင် အသက် အပိုင်းအခြား ရှိသည့်ရင်း ဖြစ်ဘူးပြီ၊ "ငါသည် ထို ဘဝမှ စုတေသော် ဤမည်သော ဘဝ၌ ဖြစ်ပြီ" ဟူသည်ကား–ထို ငါသည် ထို ဘဝမှရင်း, ထိုထို ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ, သတ္တနိကာယမှရင်း,စုတေခဲ့ပြီးနောက် တဖန် ဤမည်သော ဘဝ၌ရင်း, ဤမည်သော ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ,သတ္တနိကာယ၌ရင်းဖြစ်ဘူးပြီ၊ "ထိုဘဝ ၌လည်း ဖြစ်ဘူးပြီ"ဟူသည်ကား–ထိုမှ နောက်၌ ထိုဘဝ၌ရင်း, ထိုထို ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ, သတ္တနိကာယ၌ရင်း တဖန်ဖြစ်ဘူးပြီ၊ "ဤအမည်ရှိ၏" စသော စကားသည် ရှေးနည်းနှင့် တူပြီ။

တနည်းတုံ–"ဤ မည်သော ဘဝ၌ ဖြစ်ဘူးပြီ" ဟူသော ဤ အောက်မေ့ခြင်းသည် အစဉ်အတိုင်း ပဋိလုံအားဖြင့် ပုဗ္ဗေနိဝါသ သို့ ဉာဏ်ဖြင့် တက်သော ရဟန်း၏ အလိုရှိသမျှ အဖန်ဖန် အောက်မေ့ခြင်း သာတည်း၊ ထို "သူသည် ထိုဘဝမှ စုတေ ပြီးသော်" ဟု အဖန်ဖန် ဆင်ခြင်ခြင်းသည် တဖန် ပြန်နစ်ခဲ့သော ရဟန်း၏ အောက်မေ့ပြီးသော ပုဗ္ဗေနိဝါသကို ထပ်ခါ ဖန်ဖန် ပြန်လှန် ဆင်ခြင် ခြင်းသာတည်း၊ အသစ် အောက်မေ့ခြင်း မဟုတ်၊ ထို့ကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ဤ ပဋိသန္ဓေ၏ အခြားမရှိ သည့်သာလျှင်ဖြစ်သော ထိုရဟန်း၏ ပဋိသန္ဓေတည်ရာ အရပ်ကို ရည်၍ "ဤမည်သော ဘဝ၌ ဖြစ်လာပြန်ပြီ" ဟူသော စကားကို ဟောတော်မူ၏။

"ထို ဘဝ၌လည်း ဖြစ်ဘူးပြီ"ဤသို့ အစရှိသော စကားကိုကား ထိုရဟန်း၏ ဤပစ္စုပ္ပန်ပဋိသန္ဓေ၏ အခြားမဲ့ဖြစ်သော ထိုပဋိသန္ဓေ

တည်နေရာ အရပ်၌ အမည်, အနွယ်စသည်တို့ကို အောက်မေ့ခြင်း ကိုပြရန် ဟောတော်မူ၏၊ "ထို ငါသည် ထိုဘဝမှ စုတေသော် ဤဘဝ၌ ဖြစ်လာပြန်ပြီ"ဟူသည်ကား—"ထို ငါသည် ထိုအခြားမဲ့ ဖြစ်သော ပဋိသန္ဓေတည်ရာဌာနမှ စုတေခဲ့၍ ဤပစ္စုပ္ပန် ဘဝ၌ ဤမည်သော မင်းမျိုး, ပုဏ္ဏားမျိုးတို့၌ ဖြစ်လာ၏"ဟု ဆိုလိုသည်။

"အခြင်းအရာနှင့်တကွ ညွှန်ပြကြောင်းနှင့် တကွ" ဟူသည်ကား—အမည်,အနွယ်၏ အစွမ်းအားဖြင့် ညွှန်ပြကြောင်းနှင့်တကွ ဖြစ်သော အဆင်း စသည်တို့၏ အစွမ်းအားဖြင့် မညွှန်းဘဲ သိကြောင်းနှင့် တကွဖြစ်သော ဆိုလိုသည်၊ ထိုစကား မှန်၏၊ အမည်,အနွယ်၏အစွမ်းအားဖြင့် သတ္တဝါကို"ဤသူကားတိဿတဲ့၊ ဤသူကား ကဿပအနွယ်တဲ့"ဟူ၍ ဤသို့ ထုတ်ဆို ညွှန်ပြအပ်၏၊ အဆင်း,အာဟာရ,စည်းစိမ်,အသက်အပိုင်းအခြားတို့ဖြင့် ဖြူသော သူ၊ ရွှေသောသူဟု အထူးထူးသော သဘောအားဖြင့် မညွှန်မပြောရ၊ မြင်ကာမျှဖြင့် သိအပ်၏၊ ထို့ကြောင့် အမည်, အနွယ်သည် ညွှန်ပြကြောင်း မည်၏၊ အဆင်းစသည် တို့သည် အခြင်းအရာမည်၏၊ "တပါးမက များစွာသော ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏" ဟူသော ဤစကားသည် ပေါ်လွင်ထင်ရှားသော အဓိပ္ပါယ်ရှိ၏။

၃-ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ပြီး၏။

## (၄) စုတူပပါတအဘိညာဉ်

၄၁၁။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသောဉာဏ်ကို ဟောရာ၌ "သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသော ဉာဏ်အလို့ငှါ" ဟူသည်ကား—စုတိ၏ အနီး၌ရင်း, ပဋိသန္ဓေ အနီး၌ရင်း သိသော ဉာဏ်အလို့ငှါ၊ အကြင် ဉာဏ်ဖြင့် သတ္တဝါတို့၏ စုတိအနီးကိုရင်း, ပဋိသန္ဓေ အနီးကိုရင်း သိ၏၊ ထိုဉာဏ်အလို့ငှါ၊ ဒိဗ္ဗစက္ခုဉာဏ် အလို့ငှါဟု ဆိုလိုသည်၊ "စိတ်ကို ရှေးရှုဆောင်၏, ရှေးရှုညွှတ်စေ၏"

ဟူသည်ကား–ပရိကံ ဖြစ်သော စိတ်ကို ရှေးရှုလည်း ညွတ်၏၊ “ထိုသူ”ဆိုသည်ကား–စိတ်ကိုရှေးရှုဆောင်ခြင်း ပြုပြီးသော ရဟန်းကို ဆိုသည်။

“ဒိဗ္ဗေန စက္ခုနာ” စသော စကားတို့၌ကား နတ်၌ဖြစ်သော ပသာဒစက္ခုနှင့် တူသည်၏ အဖြစ်ကြောင့် ဒိဗ္ဗမည်၏၊ နတ်တို့အား သုစရိုက်ကြောင့်ဖြစ်သော, သည်းခြေ, သလိပ်, လေ, ရောဂါ စသည်တို့ မနှိပ်စက် မမြေးယှက်အပ်သည်ဖြစ်၍ ညစ်ညူးကြောင်း အပြစ်ဒေါသမှ ကင်းလွတ်သောကြောင့် အဝေး၌လည်း အာရုံကို ခံယူခြင်းငှါ စွမ်းနိုင်သော နတ်တို့၏ ပသာဒစက္ခုသည် ဖြစ်၏၊ ဝီရိယဟူသော ဘာဝနာအား၏အစွမ်းဖြင့်ပြီးသော ဤအဘိညာဉ် ဉာဏ်မျက်စိသည်လည်း ထို နတ်မျက်စိနှင့် တူ၏၊ ထိုကြောင့် ဒိဗ္ဗ မည်၏။

တနည်းကား–ဒိဗ္ဗဝိဟာရဟု ဆိုအပ်သော ဈာန်လေးပါးတို့၏ အစွမ်းဖြင့် ရအပ်သည်၏အဖြစ်ကြောင့်၎င်း, မိမိသည် ဒိဗ္ဗဝိဟာရ ကို မှီ၍ ဖြစ်သောကြောင့်၎င်း ဒိဗ္ဗမည်၏၊အာလောက ကသိုဏ်း ကို သိမ်းဆည်းခြင်းဖြင့် ကြီးကျယ်သောအရောင်အလင်းရှိသည်၏ အဖြစ်ကြောင့်လည်း ဒိဗ္ဗမည်၏၊ နံရံတဘက် စသည်၌တည်သော ရူပါရုံကို မြင်ခြင်းဖြင့် အလွန် အံ့ဩဖွယ် ဖြစ်သောကြောင့်လည်း ဒိဗ္ဗမည်၏၊ ထိုအလုံးစုံကို သဒ္ဒါကျမ်းကိုမှီ၍ သိအပ်၏။

ရူပါရုံကို မြင်တတ်သောအနက်ကြောင့် စက္ခုမည်၏၊မျက်စိ၏ ကိစ္စကို ဆောင်ရွက်သဖြင့် မျက်စိနှင့်တူသော အနက်ကြောင့် လည်း စက္ခုမည်၏၊ စုတိပဋိသန္ဓေကို မြင်ခြင်းဖြင့် အယူစင်ကြယ် ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဝိသုဒ္ဓိမည်၏၊ ထိုစကား မှန်သည်၊ စုတိ၏ အနီးမျှကိုသာမြင်၍ ပဋိသန္ဓေအနီးကိုမမြင်သော သူသည် ဥစ္ဆေဒ မိစ္ဆာဒိဋ္ဌိကိုယူ၏၊ ပဋိသန္ဓေ၏ အနီးကိုသာမြင်၍ စုတိ၏အနီးကို မမြင်သောသူသည် သတ္တဝါအသစ် ထင်ရှားဖြစ်၏

**ဟူသော** မိစ္ဆာအယူကို ယူ၏၊ **စုတိ, ပဋိသန္ဓေ** နှစ်ပါးလုံးကို **မြင်သော**သူသည်ကား ထိုမိစ္ဆာဒိဋ္ဌိ **နှစ်ပါးကို** လွန်နိုင်၏။

**ထို့ကြောင့် ထိုနှစ်ပါးစုံကိုမြင်သောသူ၏** ဒိဗ္ဗစက္ခု ဉာဏ်အမြင်သည် အယူစင်ကြယ်ခြင်း၏ အကြောင်းဖြစ်၏၊ ဤနှစ်ပါးစုံကိုပင် ဘုရားသားတော်တို့သည် မြင်ကြကုန်၏၊ ထို့ကြောင့် "စုတိ, ပဋိသန္ဓေကို မြင်ခြင်းဖြင့် အယူစင်ကြယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိသုဒ္ဓိမည်၏"ဟူသော စကားကို ဆိုခဲ့ပြီ၊ လူတို့၏ ဒဿနုပစာရဖြစ်သော ရုန့်ရင်းသော အာရုံကို လွန်၍ နတ်၌ဖြစ်သော ရူပါရုံ, တိရောကုဋ္ဋ, အတိသုခုမစသည် အပြားရှိသော ရူပါရုံကို မြင်ခြင်းကြောင့် လူတို့၏ မျက်စိမြင်ခြင်းကို လွန်သည် မည်၏၊ ဝါ-လူတို့၏ မံသစက္ခု အမြင်ကို လွန်သည်၏ အဖြစ်ကြောင့် လူတို့၏ မျက်စိအမြင်ထက် လွန်သည်မည်၏။

နတ်၌ဖြစ်သော ပသာဒ စက္ခုနှင့် တူသော ဝါ-ဒိဗ္ဗဝိဟာရအားဖြင့် ရအပ်သော ဝါ-ဒိဗ္ဗဝိဟာရကိုမှီသော ဝါ-ကြီးစွာသော အရောင် အလင်းရှိသော အလွန်အံ့ဩဖွယ်ဖြစ်သော အယူနှစ်ပါးမှ စင်ကြယ်ခြင်း၏အကြောင်းဖြစ်သော လူတို့၏ကျက်စားရာ ရုန့်ရင်းသော ရူပါရုံကိုလွန်၍ အတိသုခုမ စသော ရူပါရုံကို မြင်စွမ်း နိုင်သော ဝါ-လူတို့၏ မံသစက္ခုကို လွန်သော ထိုအဘိညာဉ် မျက်စိဖြင့် ဆိုလိုသည်။

"သတ္တဝါတို့ကို ကြည့်မြင်၏"ဟူသည်ကား—လူတို့၏ မံသစက္ခုဖြင့် ကြည့်သကဲ့သို့ သတ္တဝါတို့ကို ကြည့်၏၊ "စုတေဆဲဖြစ်သော သတ္တဝါတို့ကိုပင်း, ပဋိသန္ဓေနေဆဲ ဖြစ်သော သတ္တဝါတို့ကိုရင်း" ဆိုရာ၌ စုတိခဏ, ပဋိသန္ဓေခဏ၌ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်လည်း မမြင်နိုင်ချေ၊ စုတေကာနီးဖြစ်၍ ယခုပင်လျှင် စုတေလတ္တံ့သော သတ္တဝါတို့သည် စုတေဆဲသတ္တဝါမည်၏၊ ပဋိသန္ဓေတည်ပြီးဖြစ်၍ ယခုပင်လျှင် ပဋိသန္ဓေတည်နေပြီးစ အသစ်စက်စက် ဖြစ်သော သတ္တဝါတို့သည် ပဋိသန္ဓေနေဆဲ သတ္တဝါမည်၏၊ ဤသို့ စုတေကာနီး ဖြစ်ကုန်သော သတ္တဝါတို့ကို, ပဋိသန္ဓေ တည်နေပြီးကာစ ဖြစ်သော သတ္တဝါကိုကို မြင်၏ဟူသော အနက်ကို ပြတော်မူ၏။

"ယုတ်သော ဘဝ၌"ဟူသည်ကား–မောဟ၏ အကျိုးဆက်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့် ယုတ်ညံ့သော ဇာတ်, အမျိုး, စည်းစိမ်စသည်တို့၏အစွမ်းဖြင့် ကဲ့ရဲ့အပ်,အထူးကဲ့ရဲ့အပ်ကုန်သော ယုတ်မာသော အားဖြင့် သိအပ် မထေမဲ့မြင် သိအပ်ကုန်သော ဆိုလိုသည်။ "မြတ်သော ဘဝ၌" ဟူသည်ကား- အမောဟ၏ အကျိုးဆက်နှင့်ယှဉ်သည်၏ အဖြစ်ကြောင့် မယုတ်ညံ့ခြင်း စသည်ဖြင့် ထိုအယုတ်မှ ပြန်သော အကျိုးရှိကုန်သော ဆိုလိုသည်။

"လှသော အဆင်း ရှိကုန်သော" ဟူသည်ကား–အဒေါသ ဥပနိဿယ ပစ္စည်းရသော ကံ၏အကျိုးဆက်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့် အလိုရှိအပ် ရှာမှီးအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အဆင်းရှိကုန်သော။ "အဆင်းမလှကုန်သော" ဟူသည်ကား–ဒေါသမှ ဥပနိဿယပစ္စည်းရသော ကံ၏ အကျိုးဆက်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့် အလိုမရှိအပ် မရှာမှီးအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အဆင်းနှင့် ယှဉ်ကုန်သော ထူးသောသဏ္ဌာန်ရှိကုန်သော မကောင်းသဖြင့်ဖောက်ပြန်သော သဏ္ဌာန်ရှိကုန်သော ဟူလို။

"ကောင်းသောလားခြင်း ရှိကုန်သော"ဟူသည်ကား–သုဂတိဘုံသို့ လားကုန်သော ဝါ-အလောဘ ဥပနိဿယပစ္စည်းရသော ကံ၏အကျိုးဆက်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့် ကြွယ်ဝကုန်သော ဥစ္စာများစွာ ရှိကုန်သော။ "မကောင်းသော လားခြင်း" ဟူသည်ကား-ဒုဂ္ဂတိဘုံ၌ ဖြစ်ကုန်သော ဝါ-လောဘ ဥပနိဿယ ပစ္စည်းရသော ကံ၏အကျိုးဆက်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့် ဆင်းရဲနွမ်းပါးကုန်သောထမင်းအဖျော်နည်းပါးကုန်သော။"ထိုထိုကံဖြင့် ကပ်ကုန်သော"ဟူသည်ကား–အကျိုးကို ဆောင်နိုင်သည်၏အဖြစ်ဖြင့် ဆည်းပူး ပြုလုပ်အပ်သော ကံဖြင့် ထိုထို ဘဝသို့ ကပ်ကုန်သော ဆိုလိုသည်။

ထို ပုဒ်တို့တွင် ရှေး၌ဖြစ်ကုန်သော စဝမာန စသည်တို့ဖြင့် ဒိဗ္ဗစက္ခုညာဏ်ကိစ္စကို ဆိုအပ်၏၊ "ထိုထို ကံဖြင့် ကပ်ကုန်သော"

ဟူသော ဤဝါကျဖြင့်ကား–ယထာကမ္မုပဂ ဉာဏ်ကိစ္စကို ဆိုအပ်၏၊ ထို ယထာကမ္မုပဂဉာဏ်၏ ဖြစ်စဉ်ကို ဆိုအံ့။

ဤသာသနာတော်၌ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရပြီးသောရဟန်းသည် အောက်အဘို့အားဖြင့် ငရဲသို့ ရှေးရှု အလင်း ကိုပွါးစေ၍ ဆင်းရဲကြီးစွာ ခံစားနေရရှာသော ငရဲသူတို့ကို ကြည့်၍ မြင်ခြင်းသည်ကား ဒိဗ္ဗစက္ခုဉာဏ်ကိစ္စသာတည်း၊ ထိုရဟန်းသည် "ဤငရဲသူတို့ကား ဘယ်လိုကံကိုပြုမိသဖြင့် ထိုဆင်းရဲကြီးကို ခံစားရကုန်သနည်း"ဟု နှလုံးသွင်းသော ရဟန်းအား "ဤမည်သောကံကို ပြုမိသောကြောင့်"ဟု နှလုံးသွင်း၏၊ ထိုသို့ သိမြင်၏၊ ထိုသို့ ငရဲ၌ ဖြစ်စေတတ်သော ကံကို သိမြင်ခြင်းလျှင် အာရုံရှိသော ယထာကမ္မုပဂဉာဏ်သည် ဖြစ်၏။

ထို့အတူ အထက်၌ နတ်ပြည်သို့ ရှေးရှု အလင်းကို ပွါးစေ၍ နန္ဒဝန်ဥယျာဉ်, မိဿကဥယျာဉ်, ဖာရုသကဥယျာဉ် စသည်တို့၌ နတ်စည်းစိမ်ကြီးများ ခံစားနေကုန်သော သတ္တဝါတို့ကို ကြည့်မြင်ခြင်းသည်ကား ဒိဗ္ဗစက္ခုဉာဏ် ကိစ္စသာတည်း။ "ဤနတ်တို့သည် ဘယ်လိုကံကို ပြုမိသဖြင့် ထိုစည်းစိမ်ကြီးများကို ခံစားရကုန်သနည်း''ဟု နှလုံးသွင်းသော ထိုရဟန်းအား "ဤမည်သောကံကို ပြုမိသောကြောင့်"ဟု ထိုနတ်ပြည်၌ ဖြစ်စေတတ်သောကံကို သိမြင်ခြင်းလျှင် အာရုံရှိသော ယထာကမ္မုပဂဉာဏ်သည် ဖြစ်၏၊ ဤအကြောင်းကို သိမြင်တတ်သောဉာဏ်သည် ယထာကမ္မုပဂဉာဏ် မည်၏။

ဤယထာကမ္မုပဂဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်နှင့်ကင်း၍ ပရိကံ တသီးတခြား မဖြစ်နိုင်၊ ထို့အတူ အနာဂတံသဉာဏ်သည်လည်း ဒိဗ္ဗစက္ခုဉာဏ်နှင့် ကင်း၍ တသီးတခြား ပရိကံမဖြစ်၊ ဤ ယထာကမ္မုပဂဉာဏ်, အနာဂတံသဉာဏ်တို့သည် ဒိဗ္ဗစက္ခုဉာဏ်ကိုသာ အခြေခံ ပြုရကုန်၏၊ ဒိဗ္ဗစက္ခုဉာဏ်နှင့် အတူတကွသာလျှင်ပြည့်စုံကုန်၏။

ကာယဒုစရိုက် အစရှိသည်တို့၌ ရုန့်ရင်းကြမ်းကြုတ်စွာ ပြုအပ်ကျင့်အပ်သောကြောင့်"ဒုစရိုက်"မည်၏၊ဝါ-ကိလေသာဟူသော

အပုဝ်ရှိသည်အဖြစ်ကြောင့် **မတင့်တယ် မကောင်းမြတ်**သော အကျင့်သည် ဒုစရိုက်မည်၏၊ **ကာယဒွါရ**ဖြင့် ရုန့်ရင်းကြမ်းကြုတ်စွာ ကျင့်အပ်သောကြောင့်"ကာယဒုစရိုက်"မည်၏၊ဝါ-ကာယဒွါရမှဖြစ်သော ကိလေသာ အပုပ် ရှိသည်ဖြစ်၍ မတင့်တယ် မကောင်းမြတ်သော အကျင့် ဖြစ်ခြင်းကြောင့် ကာယဒုစရိုက်မည်၏၊ ဝစီဒုစရိုက်,မနောဒုစရိုက်တို့၌လည်း နည်းတူ သိအပ်၏။

"ပြည့်စုံကုန်သော"ဟူသည်ကား-တကွဖြစ်၍ ဖြစ်ကုန်သော ပြည့်စုံသည်ဖြစ်၍ ဖြစ်ကုန်သော။ "အရိယာတို့ကို စွပ်စွဲခြင်း" ဟူသည်ကား-ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက ဟူသော အရိယာတို့အား ယုတ်စွအဆုံး လူသောတာပန်တို့အားလည်း အကျိုးမဲ့ဖြစ်အောင် အန္တိမဝတ္ထုဖြင့်၎င်း, ထင်ရှားလက်ရှိ ဈာန် စသော ဂုဏ်ကို ဖျက်ဆီးသဖြင့်၎င်း စွပ်စွဲတတ်ကုန်သော ဆဲရေးတတ်ကုန်သော ကဲ့ရဲ့တတ်ကုန်သော ဟူလို။

ထိုနှစ်ပါးတို့တွင် "ဤရဟန်းတို့အား ရဟန်း အကျင့်သီလမရှိ၊ ရဟန်းစစ်မဟုတ်"စသည်ဖြင့် ဆိုသောသူသည် အန္တိမဝတ္ထုဖြင့် စွပ်စွဲသည် မည်၏၊ ဤရဟန်းတို့အား "ဈာန်သည်၎င်း,ဝိမောက္ခသည်၎င်း,မဂ်သည်၎င်း,ဖိုလ်သည်၎င်း မရှိ" ဤသို့ စသည်ဖြင့် ဆိုသောသူသည် ဂုဏ်ကို ဖျက်ဆီးသဖြင့် စွပ်စွဲသည် မည်၏။

ထို စွပ်စွဲသူသည် အရိယာဖြစ်မှန်း သိလျက်ပင် စွပ်စွဲသည် ဖြစ်စေ,အရိယာမှန်းမသိ၍ စွပ်စွဲမိသည်ဖြစ်စေ အရိယာကို စွပ်စွဲခြင်း အရိယူပဝါဒကံ ဖြစ်သည်သာတည်း၊ ဤကံသည် ပဉ္စာနန္တရိယကံနှင့် တူသည်ဖြစ်၍ ဝန်လေးလှ၏၊ နတ်ပြည်ကိုလည်း တားမြစ်တတ်၏၊ အရိယမဂ်ကိုလည်း တားမြစ်တတ်၏၊ သို့သော်လည်း အပြစ်ဖော်ပြ၍ တောင်းပန်ဝန်ချလျက် သည်းခံစေသဖြင့် ကုစားကောင်း၏၊ ထိုအရိယူပဝါဒကံ၏ အလွန် အပြစ် ကြီးကြောင်းကို ထင်ရှားစေခြင်းငှါ ဤဝတ္ထုကို သိအပ်၏။

**ရွာတရွာ၌ ရဟန္တာတပါးနှင့် ရဟန်းငယ်တပါး** ဆွမ်းခံဝင်ကြရာ လက်ဦးဆုံး အိမ်တအိမ်ကလျှ၍ ယာဂုနွေးနွေး တမှုတ်

စိလောက် ရကြကုန်၏၊ ရဟန္တာ **မထေရ်ကြီးအားကား** လေ ရောဂါထခိုက်ဖြစ်၍ လေရောဂါငြိမ်း**စေရန် "ဤယာဂုဓာဖျော်ရည်အားပ** **ခပ်နွေးနွေးပင် သောက်မှသင့်မည်"**ဟု **ကြံလျက်** လူတို့သည် တံခါးခုံ လုပ်ဘို့ရာ ဆောင်အပ်သော သစ်တုံးပေါ်၌ ထိုင်၍ သောက်သည်ကို ပဥ္စင်းငယ်ကမြင်သဖြင့် ထိုအပြုအမူကို စက်ဆုပ် သည်ဖြစ်၍ "**သက်ကြားအိုကြီးသည် ဝတ်မှတ်လွန်းစွတကား, ငါတို့၏ရှက်စရာအမှုကို ပြုဘိ၏တကား**"ဟု ဆို၏။

ရွာ၌ဆွမ်းခံပြီး၍ ကျောင်းသို့ပြန်ရောက်ကြသောအခါ "ဒို ငါ့ရှင်, သင့်အား ဤသာသနာတော်၌ တည်ရာရရှိပြီလော"ဟု **မထေရ်ကြီးက** မေးတော်မူသဖြင့် "အရှင်ဘုရား, တည်ရာ ရရှိပါပြီ၊ **အကျွန်ုပ်သည်** သောတာပန်ဖြစ်ပါပြီ"ဟု ပဥ္စင်းငယ်က လျှောက် ၏၊ "ဒို ငါ့ရှင်,သောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီးလျှင်လည်း ဤဘဝတွင် အထက်မဂ်ကို ရအောင် အားမထုတ်နှင့်တော့"ဟု ဆို၏၊ "အရှင် ဘုရား, အဘယ်ကြောင့်နည်း"ဟုမေးသော် "ဒို ငါ့ရှင်, သင် သည် ရဟန္တာကို စွပ်စွဲ၏"ဟုဆိုသဖြင့် ပဥ္စင်းငယ်က ရဟန္တာ မထေရ်ကြီးကို ကန်တော့ ဝန်ချခြင်းကြောင့် ထို ပဥ္စင်းငယ်၏ အရိယူပဝါဒကံသည် ပြကတေ့ အတိုင်းသာ ဖြစ်၏၊ အပြစ်မှ လွတ်၏။

ထိုသို့ ဝန်လေးလှသော ကံဖြစ်သောကြောင့် အရိယာကိုစွပ်စွဲ ကဲ့ရဲ့မိသောသူသည် အကယ်၍ သီတင်းကြီးပုဂ္ဂိုလ်ဖြစ်အံ့၊ သွား၍ အနီး၌ ဆောင့်ကြောင့်ထိုင်ပြီးလျှင်–"**ငါ့ရှင်ကို ဤမည် ဤမည် သောစကားကို ဆိုမိပါ၏၊ ငါ၏ ထိုနှုတ်ပြစ်ကို သည်းခံ ပါလော့**"ဟုဆို၍ ဝန်ချတောင်းပန်အပ်၏၊ အကယ်၍ သီတင်း ငယ်ဖြစ်အံ့၊သွား၍ ရှိခိုးလျက် အနီး၌ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီသဖြင့် "အရှင်ဘုရား, အကျွန်ုပ်သည် ရှင်ပင်တို့ကို ဤမည် ဤမည်သောစကားတို့ဖြင့်စွပ်စွဲပြောဆိုမိပါ၏၊အကျွန်ုပ်၏ ထိုနှုတ်ပြစ်ကို သည်းခံတော်မူပါလော့"ဟု တောင်းပန် ဝန်ချ ကန်တော့အပ်၏။

စွပ်စွဲခံရသောရဟန်းသည် အရပ်တပါးသို့ အကယ်၍ကြွသွား အံ့၊ ကိုယ်တိုင်သွား၍၎င်း, သဒ္ဓိဝိဟာရိက တပည့်တို့ကို စေလွှတ် ၍၎င်း သည်းခံစေအပ်၏၊ ကိုယ်တိုင်လည်း မသွားနိုင်၊ တပည့် စသည်တို့ကိုလည်း မစေလွှတ်နိုင်အံ့၊ ထိုမထေရ်၏ ကျောင်း၌ ယခုရှိနေသော ရဟန်းတို့ထံသို့ သွား၍ မိမိက သီတင်းကြီး ဖြစ်လျှင် ဆောင့်ကြောင့်ထိုင်၍ မိမိက သီတင်းငယ် ဖြစ်လျှင် ထိုမထေရ်ကြီးတို့ကို ဆိုခဲ့ပြီးသောနည်းဖြင့် ကျင့်၍–"အရှင်ဘုရား တို့, အကျွန်ုပ်သည် ဤအမည်ရှိသောအရှင်ကို ဤမည် ဤမည် သောစကားကို စွပ်စွဲပြောဆိုမိပါ၏၊ ထိုအရှင်သည် အကျွန်ုပ်၏ ထိုအပြစ်ကို သည်းခံစေချင်ပါ၏"ဟု ဆို၍ ကန်တော့အပ်၏၊ ရှေ့တွင် မျက်မှောက် သည်းမခံရာ၌လည်း ထို အစီ အရင်ကို သာလျှင် ပြုအပ်၏။

တပါးတည်း ကျင့်လေ့ရှိသော ဧကစာရီ ရဟန်းဖြစ်အံ့၊ ထို ရဟန်း၏ နေရာသည်လည်း ထင်ရှားမရှိအံ့၊ သွားရာအရပ် လည်း မထင်ရှားအံ့၊ဆွမ်းခံ ရဟန်း တပါးထံသို့သွား၍ "အရှင် ဘုရား,အကျွန်ုပ်သည် ဤမည်သော အရှင်ကို ဤမည် ဤမည်သော စကားပြောကြား စွပ်စွဲမိပါ၏၊ ထိုစွပ်စွဲမိသော စကားကို သတိ ရတိုင်း ရတိုင်း စိတ်မချမ်းမြေ့ပါ၊ ဘယ်သို့ ပြုလုပ်ရပါအံ့နည်း" ဟုလျှောက်အပ်၏၊ ထိုပညာရှိ ဆွမ်းခံ ရဟန်းက–"အိုငါ့ရှင်, မစိုးရိမ် မကြောင့်ကြလင့်၊ အရှင်မြတ်သည် သင်တို့အား သည်းခံ ပါ၏၊ နှလုံး မသာယာခြင်း ဒေါမနဿနှင့် ယှဉ်သော စိတ်ကို ငြိမ်းစေကုန်လော့"ဆိုလတ္တံ့။

ထို နှုတ်လွန်မိသော ရဟန်းသည် မိမိ ပြစ်မှားအပ်သော အရိယာ၏ သွားလေသော အရပ်မျက်နှာသို့ ရှေးရှုသည်ဖြစ်၍ လက်အုပ်ချီပြီးလျှင်"သည်းခံတော်မူပါ"ဟု ဆိုအပ်၏၊ ထိုအရိယာ သည် ပရိနိဗ္ဗာန်ပြုပြီးသည် ဖြစ်အံ့၊ ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်း ရှိရာအရပ်သို့ သွား၍ သင်းချိုင်းတိုင်အောင် သွား၍လည်း ကန်တော့အပ်၏။ ဤပြဆိုပြီးသော နည်းအတိုင်း ပြုသည်ရှိသော်

နတ်ပြည်ကိုလည်း မတားမြစ်နိုင်၊ အရိယမဂ်ကိုလည်း မတားမြစ်နိုင်၊ ပြကတေ့အတိုင်းသာ ဖြစ်၏။

"မှားသော အယူရှိကုန်သော" ဟူသည်ကား-ဖောက်ပြန်မှားယွင်းသော အယူရှိကုန်သော။ "မိစ္ဆာဒိဋ္ဌိကံကို ဆောက်တည်ကုန်သော" ဟူသည်ကား-မိစ္ဆာဒိဋ္ဌိ၏ အစွမ်းဖြင့် အထူးထူးအပြားပြား ဆောက်တည်သည့် ကံရှိကုန်သော အကြင်သူတို့သည်လည်း မိစ္ဆာဒိဋ္ဌိလျှင် အကြောင်းရင်းရှိသော ကာယကံစသည်တို့၌ တပါးသော သူတို့ကိုလည်း ဆောက်တည်စေကုန်၏၊ ထိုတိုက်တွန်းတတ်သော သူတို့သည်လည်း မိစ္ဆာဒိဋ္ဌိ ကမ္မသမာဒါန မည်ကုန်၏။

ဤပုဒ်တို့တွင် ဝစီဒုစရိုက် စကားဖြင့်ပင်လျှင် အရိယာကို စွပ်စွဲသော အရိယူပဝါဒကံကို ယူအပ်ပြီးပါလျက် မနောဒုစရိုက်စကားဖြင့်ပင်လျှင် မိစ္ဆာဒိဋ္ဌိကံကို ယူအပ်ပြီးဖြစ်ပါလျက် ဤအရိယူပဝါဒကံ မိစ္ဆာဒိဋ္ဌိကံနှစ်ပါးကို တဖန် ဟောတော်မူခြင်းသည် ဤကံနှစ်ပါးတို့၏ အပြစ်ကြီးကြောင်းကို ပြခြင်းအကျိုးရှိ၏၊ အရိယူပဝါဒကံသည် အနန္တရိယကံနှင့် တူသောကြောင့် အပြစ်ကြီးလှ၏။

"သေယျထာပိ သာရိပုတ္တ....(လ)....ဧဝံ နိရယေ"ဟု မြတ်စွာဘုရား ဟောတော်မူပြီ။ "အို-သာရိပုတ္တရာ, မဂ်သီလ, မဂ်သမာဓိ,မဂ်ဉာဏ်နှင့် ပြည့်စုံသော ရဟန်းသည် မျက်မှောက်သောကိုယ်၌ပင်လျှင် အရဟတ္တဖိုလ်ကို ပြီးစီးပြည့်စုံ ရောက်စေကုန်သကဲ့သို့ ဤအရိယူပဝါဒကံကို မချွတ်စင်စစ် ဒုပါယ်ပဋိသန္ဓေဖြစ်ခြင်း ရှိ၏-ဟု ငါဘုရားဟောတော်မူ၏၊ ထိုအရိယူပဝါဒကို မစွန့်မူ၍ ထိုစိတ်ကိုမစွန့်မူ၍ ထိုမိစ္ဆာအယူကို မစွန့်မူ၍ ငရဲထိန်းတို့သည် ငရဲသူသတ္တဝါကိုဆောင်၍ ငရဲ၌ချသကဲ့သို့ ထို့အတူ အရိယူပဝါဒကံသင့်သောသူကို ငရဲ၌ ချထားအပ်၏။

**မိစ္ဆာဒိဋ္ဌိထက် ပိုလွန်၍ အပြစ်ကြီးသော တပါးသော ကံမည်သည်မရှိ၊** အဘယ်သို့ ဘုရားဟောတော်မူသနည်းဟူမူကား-

“အို-ရဟန်းတို့၊ **ဤမိစ္ဆာ**ဒိဋ္ဌိကံသည် အလွန်အပြစ်**ကြီး၏၊ ထို** မိစ္ဆာဒိဋ္ဌိကံကဲ့သို့ **အပြစ်ကြီးသော** တပါးသော အကုသိုလ်ကံကို မျှလည်း ငါဘုရား**မြင်တော်မမူ၊ အို-ရဟန်းတို့,** အပြစ်ရှိသော တရားတို့သည် **မိစ္ဆာဒိဋ္ဌိသာလျှင် အကြီးအမှူး ဖြစ်ကုန်၏**”ဟု ဟောတော်မူ၏။

“ခန္ဓာကိုယ်ပျက်သည်မှ” ဟူသည်ကား–ဥပါဒိဏ္ဏက ဖြစ်သော ခန္ဓာငါးပါးကို စွန့်သည်မှ။ “သေပြီးနောက်” ဟူသည်ကား–ထိုသေသည်၏ အခြားမဲ့၌ အသစ်ဖြစ်သောခန္ဓာကို စွဲလမ်းခြင်း၌။ တနည်းတံ့–“ခန္ဓာကိုယ်ပျက်သည်မှ” ဟူသည်ကား–ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းကို ဆိုလို၏။ “သေပြီးနောက်”ဟူသည်ကား–စုတိစိတ်မှ အထက်ဖြစ်သော နောက်ကာလ၌ ဆိုလို၏။

“အပါယ်ဘုံသို့” အစရှိသော စကားအလုံးစုံသည် ငရဲ၏ ပရိယာယ်ဝေဝုစ်ချည်းတည်း၊ **“ငရဲ”သည်ကား**– နတ်ရွာနိဗ္ဗာန် ရောက်ကြောင်းဖြစ်သော ကောင်းမှုဟု **သမုတ်အပ်သော** ကုသိုလ် ချမ်းသာမှ ကင်းသည်၏ အဖြစ်ကြောင့်၊ **ဝါ**–ချမ်းသာအပေါင်း တို့၏ဖြစ်ကြောင်း လားကြောင်း ကောင်းမှုမရှိခြင်းကြောင့် “ငရဲ” ကို “အပါယ”ဟူ၍ ဆိုအပ်၏၊ ဆင်းရဲဒုက္ခ၏ လည်းလျောင်းရာ တည်ရာဖြစ်သောကြောင့် “ဒုဂ္ဂတိ”မည်၏၊ **ဝါ–ဒေါသများ**သည်၏ အဖြစ်ကြောင့် မကောင်းသော ဒေါသသည် **ဖျက်ဆီးအပ်သော** ကံဖြင့်ပြီးစေအပ်သော လားရာဂတိ ဖြစ်သောကြောင့် ဒုဂ္ဂတိ မည်၏၊ မကောင်းမှုကို ပြုလေ့ရှိသောသူတို့သည် မိမိတို့အလို မရှိဘဲ ထိုငရဲ၌ကျရာဖြစ်သောသတ္တိကြောင့် “ဝိနိပါတ” မည်၏၊ ဝါ–ဤငရဲ၌ အင်္ဂါကြီးငယ် စုတ်ပြတ် ပျက်စီးကုန်သည်ဖြစ်၍ ကျတတ်သောကြောင့် ဝိနိပါတ မည်၏၊ ဤငရဲ၌ သာယာအပ်သော သုခမရှိသောကြောင့် “နိရယ” (ငရဲ) မည်၏။

တနည်းတံ့–အပါယသဒ္ဒါကို ဆိုသဖြင့် တိရစ္ဆာန်မျိုးကိုလည်း ပြ၏၊ တိရစ္ဆာန်မျိုးသည် သုဂတိမှ ကင်းသည်၏အဖြစ်ကြောင့် အပါယ မည်၏၊ ဒုဂ္ဂတိကား မမည်၊ တန်ခိုးကြီးကုန်သော နဂါးမင်း ဂဠုန်မင်း စသည်တို့ ဖြစ်သင့်သောကြောင့်တည်း၊

**ဒုဂ္ဂတိသဒ္ဒါ**ဖြင့် ပြိတ္တာဘုံကိုလည်း **ပြ၏၊** ထိုပြိတ္တာဘုံသည် **အပါယလည်း** မည်၏၊ ဒုဂ္ဂတိလည်း **မည်၏၊** သုဂတိဘုံမှ **ကင်းသည်**၏အဖြစ်ကြောင့်၎င်း, **ဆင်းရဲ၏ ဖြစ်ရာဖြစ်**သောကြောင့် **၎င်းတည်း၊** ပြိတ္တာအသုရာတို့နှင့်အတူ **စုတ်ပြတ်ပျက်စီးသော ကိုယ်ဖြင့်**ကျရာ မဟုတ်သောကြောင့် ဝိနိပါတ မမည်၊ ဝိနိပါတ သဒ္ဒါဖြင့် အသုရကာယ်ဘုံကို ပြ၏၊ ထိုအသုရကာယ်ကို ဆိုအပ် ပြီးသောအနက်ဖြင့် အပါယ ဟူ၍၎င်း, ဒုဂ္ဂတိ ဟူ၍၎င်း အလုံးစုံ သော သမ္ပတ္တိအပေါင်းတို့မှ ချိုတဲ့ချွတ်ယွင်း စင်ကျသည်၏ အဖြစ် ကြောင့် ဝိနိပါတ ဟူ၍၎င်း ဆိုအပ်၏၊ နိရယသဒ္ဒါဖြင့် အဝီစိ စသည်များသော အပြားရှိသော ဘုံကိုသာလျှင် ပြ၏။

"ဖြစ်ကုန်၏" ဟူသည်ကား-ကပ်ကုန်၏၊ ရောက်ကုန်၏၊ ထိုဘုံ၌ဖြစ်ကုန်၏ ဟူလို။ ဆိုအပ်ပြီးသော ဒုစရိုက်အကြောင်း စကားတို့ကို ပြန်သောအားဖြင့် သုစရိုက်အကြောင်းသုက္ကပက္ခကို သိအပ်၏၊ ထူးခြားပုံကား-ထို သုက္ကပက္ခ၌ သုဂတိသဒ္ဒါဖြင့် မနုဿဂတိကိုလည်း ပေါင်းယူအပ်၏၊ သဂ္ဂသဒ္ဒါဖြင့် ဒေဝဂတိ ကိုသာလျှင် ယူအပ်၏၊ ထိုနှစ်ပါးတို့တွင် ကောင်းသောလားခြင်း ရောက်ခြင်းကြောင့် သုဂတိ မည်၏၊ ရူပါရုံစသော အာရုံတို့ဖြင့် လွန်စွာမြတ်သောကြောင့် သဂ္ဂ မည်၏၊ ထိုအလုံးစုံသည်လည်း ပျက်တတ် အဖန်တလဲလဲ ပျက်တတ်သောသတ္တိကြောင့်"လောက" မည်၏၊ "ဣတိဒိဗ္ဗေန စက္ခုနာ"စသော စကားအလုံးစုံသည် နိဂုံးစကားတည်း၊ဤသို့ ဒိဗ္ဗစက္ခု အဘိဉာဉ်ဖြင့် မြင်၏ဟူသော ဝါကျ၌ ပြဆိုပြီးသောအနက်ကား အကျဉ်းမျှသာတည်း။

၄၁၂။ ဤဆိုခဲ့ပြီးသောနည်းဖြင့် မြင်လိုသော အာဒိကမ္မိက အမျိုး ကောင်းသားသည် ကသိုဏ်းရှစ်ပါးလျှင် အာရုံရှိသော အဘိဉာဉ်၏ အခြေဖြစ်သည့် စတုတ္ထဈာန်ကို ခပ်သိမ်း သော အခြင်းအရာဖြင့် ဒိဗ္ဗစက္ခု အဘိဉာဉ်သို့ စိတ်ကို စေလွှတ်ခြင်းငှါခံသည်ကိုပြု၍ တေဇောကသိုဏ်း,ဩဒါတ ကသိုဏ်း, အာလောကကသိုဏ်း သုံးပါးတို့တွင် တပါး ပါးသော ကသိုဏ်းကို ဒိဗ္ဗစက္ခုဉာဏ်ဖြစ်ခြင်း၏ နီးစွာ

သော အကြောင်းဖြစ်အောင် ပြုအပ်၏။ **ဥပစာရဈာန်၏** အာရုံကိုပြု၍ ပွါးစေ၍ ထားအပ်၏၊ ထိုပွါးစေအပ်သော ကသိုဏ်းအာရုံ၌ ဈာန်အားဖြင့် မဖြစ်စေအပ်၊ အကယ်၍ ဈာန် ဖြစ်စေမူကား ပါဒက ဈာန်၏မှီရာ အာရုံဖြစ်၏၊ ပရိကံ၏မှီရာ အာရုံမဖြစ်။

ဤကသိုဏ်း သုံးပါးတို့တွင် အာလောက ကသိုဏ်းသည်သာ လျှင် အထူးသဖြင့် ချီးမွမ်းထိုက်သောကြောင့် ထိုအာလောက ကသိုဏ်းကိုရင်း, တေဇော, ဩဒါတ ကသိုဏ်းနှစ်ပါးတွင် တပါး ပါးကိုရင်း ကသိဏနိဒ္ဒေသ၌ ဆိုခဲ့ပြီးသောနည်းဖြင့် ဈာန်ကို ဖြစ်စေ၍ ဥပစာရဈာန်၌သာလျှင် တည်၍ပွါးစေအပ်၏၊ ထို ပဋိဘာဂနိမိတ် ပွါးစေသောနည်းကိုလည်း ကသိဏနိဒ္ဒေသ၌ ပြဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် သိအပ်၏။

ပွါးစေအပ်သော အရပ်၏အတွင်း၌ တည်သော ရူပါရုံကို သာလျှင် ရှုအပ်၏၊ အပ၌တည်သော ရူပါရုံကို ရှုသောရဟန်း အား ပရိကံ၏ဝါရသည် လွန်၏၊ ထိုပရိကံဝါရ လွန်ခြင်းကြောင့် အလင်းရောင်ကွယ်၏၊ ထိုအလင်း ကွယ်ခဲ့သော အတွင်း၌တည် သော ရူပါရုံသည်လည်း မထင်၊ ထိုသို့ မထင်လတ်သော် ပါဒက ဈာန်ကိုသာလျှင် အဖန်တလဲလဲ ဝင်စား၍ ထိုဈာန်မှထပြီးလျှင် အလင်းကို နှံ့စေအပ်၏၊ ဤသို့သောနည်းဖြင့် အစဉ်အတိုင်း အလင်းရောင်သည် မြဲမြံခြင်းသို့ ရောက်၏၊ ဤမျှသောအရပ်၌ အလင်းဖြစ်စေသတည်းဟု ပိုင်းခြားတိုင်းသောအရပ်၌ အလင်း ရောင် တည်သည်သာလျှင်တည်း၊ တနေ့လုံးထိုင်နေ၍ ရှုသော သူအား ရူပါရုံကို မြင်ရ၏။

ဤအရာ၌ **ဥပမာကား**—မိုက်မှောင်ကျသော ညဉ့်အခါဝယ် မြက်-မီးရှူးဖြင့် ခရီးသွားသူ၏ ထိုမြက်-မီးရှူးသည် ငြိမ်းလတ်သော် ထို ခရီးသွားအား မြေညီသည် မညီသည်ကို မထင်မြင်နိုင်၊ ထိုသူသည် ထိုမြက်-မီးရှူးကို မြေ၌ပွတ်၍ တဖန် တောက်စေ၏၊ ထိုမြက်-မီးရှူးသည် တောက်၍ ရှေးယခင် အလင်းထက်ပိုလွန် ကြီးမြတ်သောအလင်းကို ပြု၏၊ ဤသို့ အဖန်တလဲလဲငြိမ်းသော

မီးရှူးကို တောက်ပြန်စေသောသူအား အစဉ်သဖြင့် နေထွက်လာ၏၊ နေထွက်လာသော် မီးရှူးဖြင့် ပြုဘွယ်ကိစ္စ မရှိပြီ၊ ဤသို့ နှလုံးပိုက်၍ ထိုမီးရှူးကို စွန့်ပြီးလျှင် တနေ့လုံးလည်း ခရီးသွား၏။

ထိုဥပမာ၌ မီးရှူးရောင်ကဲ့သို့ ပရိကံပြုသောကာလ ကသိဏ်းရောင်ကို မှတ်အပ်၏၊ မီးရှူးငြိမ်းသဖြင့် မြေညီမညီကို မမြင်ခြင်းကဲ့သို့ ရူပါရုံကိုရှုသော ရဟန်းအား ပရိကံ၏ဝါရကို လွန်သဖြင့် အလင်း ကွယ်ခြင်းကြောင့် ပိုင်းခြားအပ်သော အရပ်အတွင်း၌ တည်သော ရူပါရုံမမြင်ခြင်းကို မှတ်အပ်၏၊ မြက်-မီးရှူးကို မြေ၌ ပွတ်ခြင်းကဲ့သို့ အဖန်တလဲလဲ ပါဒကဈာန် ဝင်စားခြင်းကို မှတ်အပ်၏၊ မီးရှူး၏ ရှေးအလင်းထက် ပိုလွန်ကြီးမြတ်သော အလင်းကို ပြုခြင်းကဲ့သို့ ပရိကံကို တဖန်ပြုပြန်သော ရဟန်း၏ အလွန်ကြီးမားသော အလင်းရောင် နှံ့စေခြင်းကို မှတ်အပ်၏၊ နေထွက်လာခြင်းကဲ့သို့ မြဲမြံသော အလင်းကို ပိုင်းခြားတိုင်းသောအရပ်ဖြင့် သက်၍ တည်ခြင်းကို မှတ်အပ်၏၊ မီးရှူးကိုစွန့်၍ တနေ့လုံး သွားခြင်းကဲ့သို့ တာရှည် မတည်သော အလင်းကို စွန့်၍ မြဲမြံစွာရှည်စွာ တည်သော အလင်းဖြင့် တနေ့လုံး ရူပါရုံရှုခြင်းကို မှတ်အပ်၏။

ထိုဒိဗ္ဗစက္ခုဉာဏ်၏ ပရိကံ ပြုရာ၌ ထိုရဟန်း၏ မံသစက္ခုအား ထင်ခြင်းသို့ မရောက်သေးသော ဝမ်းတွင်း၌ တည်သော ရူပါရုံငှင်း, ဟဒယ ဝတ္ထုရုပ်ကိုမှီသော ရူပါရုံငှင်း, အောက် မြေပြင်ကိုမှီသော ရူပါရုံငှင်း, နံရံ, တောင်, တံတိုင်းတဘက်၌ တည်သော ရူပါရုံငှင်း, အခြားစကြဝဠာ၌ တည်သော ရူပါရုံငှင်း ဤသို့သော ရူပါရုံသည် အကြင်အခါ၌ ဉာဏ စက္ခုအား ထင်၏၊ မံသ စက္ခုအား မြင်သကဲ့သို့ ထင်၏၊ ထိုအခါ၌ ဒိဗ္ဗစက္ခု အဘိညာဉ် ဖြစ်၏၊ ထို ရူပါရုံကို အကြောင်းပြု၍ ဖြစ်သော စိတ်တို့တွင် ထို ဒိဗ္ဗစက္ခု အဘိညာဉ်သည်သာ ရူပါရုံကို သဘောအားဖြင့် ထင်စွာပြခြင်းငှါ စွမ်းနိုင်၏၊ အာဝဇ္ဇန်း ပရိကံဟု ဆိုအပ်သော ပုဗ္ဗဘာဂ စိတ်တို့သည် ရူပါရုံကို သဘောအားဖြင့် ထင်စွာပြခြင်းငှါ မစွမ်းနိုင်ကုန်။

ထိုဒိဗ္ဗစက္ခု အဘိညာဉ်သည်ကား ပုထုဇန်အား အန္တရာယ်ပြုတတ်၏၊ ထိုပုထုဇန်သည် အကြင်အကြင် အရပ်၌ အလင်း

ဖြစ်စေသတည်းဟု မိဋ္ဌာန်၏၊ ထိုထိုမိဋ္ဌာန်အပ်သော အရပ်သည် မြေ, သမုဒ္ဒရာ, တောင်တို့ကို ထုတ်ချင်း ထွင်း၍လည်း တပြိုင်နက် လင်း၏၊ ထိုသို့ အလင်းဖြစ်လတ်သော် ထိုအလင်းနှံ့ရာအရပ်၌ ကြောက်ဘွယ်ကောင်းသော ဘီလူး, ရက္ခိုသ် စသည်တို့၏ အဆင်းကို မြင်ရသော ပုထုဇန်အား ကြောက်ခြင်း ဖြစ်တတ်၏၊ ကြောက်ခြင်းကြောင့် စိတ်ပျံ့လွင့်ခြင်းသို့ရောက်၍ ဈာန်ဘာဝနာ အကြောင်းရင်းဖြင့် ရူးခြင်းသို့ ရောက်တတ်ချေသောကြောင့် ရူပါရုံကို မြင်ခြင်း၌ မမေ့မလျော့ ဖြစ်သင့်၏။

ဒိဗ္ဗစက္ခု အဘိညာဉ်၏ ဖြစ်စဉ်ကို ဆိုဦးအံ့-"အထူးထူး အပြားပြား ဆိုအပ်ခဲ့ပြီးသော ထိုရူပါရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း စိတ်သည် ဖြစ်ပြီး၍ ချုပ်သည်ရှိသော် ထိုရူပါရုံကို ပင်လျှင် အာရုံပြု၍ လေးကြိမ်, ငါးကြိမ်သော ဇောတို့သည် ဖြစ်ကုန်၏" ဤသို့ အစရှိသောစကား အလုံးစုံကို ရှေးနည်းဖြင့် သာလျှင် သိအပ်၏၊ ဤဝီထိ၌လည်း ရှေ့အဘို့၌ ဖြစ်သော အာဝဇ္ဇန်း စသော စိတ်တို့သည် သဝိတက္က သဝိစာရစိတ် ကာမာဝစရစိတ်တို့သာ ဖြစ်ကုန်၏၊ နောက်ဆုံး၌ ရူပါရုံမြင်ခြင်း အကျိုးကို ပြီးစေတတ်သော စိတ်သည် စတုတ္ထဈာန်နှင့် ယှဉ်၏၊ ရူပါဝစရစိတ်မည်၏၊ ထိုအဋ္ဌ သာကေ စိတ်နှင့်တကွဖြစ်သော ဉာဏ်ကို သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသောစုတူပပါတဉာဏ် ဟူ၍ရင်း, ဒိဗ္ဗစက္ခုဉာဏ် ဟူ၍ရင်း ဆိုအပ်၏။

**၄-စုတူပပါတ** အဘိညာဉ် ပြီး၏။

---

## ပကိဏ္ဏက ကထာ

၄၁၃။ ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ခန္ဓာငါးပါးကို လွန်ကဲစွာ သိတော်မူပြီးသော မြတ်စွာဘုရားသည် အဘိညာဉ်ငါးပါးတို့ကို ဟောတော်မူပြီ၊ ထိုအဘိညာဉ် ကိုသိ၍ အဘိညာဉ်ငါးပါးတို့၌ ဆိုလတ္တံ့သော ပြီးပွမ်း အဆုံးအဖြတ်ကိုလည်း သိသင့်၏။

**ထို**အဘိညာဉ် ငါးပါးတို့တွင် စုတူပပါတညာဏ်ဟု ဆိုအပ်**သော** ဒိဗ္ဗစက္ခုညာဏ်၏ အခြံအရံဖြစ်သော ညာဏ်တို့ကား အနာဂတံသညာဏ်, ယထာကမ္မုပဂညာဏ် နှစ်ပါးတို့ ဖြစ်ကုန်၏၊ ဤ အခြံအရံဖြစ်သော ညာဏ်နှစ်ပါး, ဣဒ္ဓိဝိဓအဘိညာဉ် စသောအဘိညာဉ် ငါးပါး ဤခုနစ်ပါးသော အဘိညာဉ် ညာဏ်တို့သည် ဤအရာ၌ လာကုန်၏။

ထို ခုနစ်ပါးသော အဘိညာဉ်တို့၏ အာရုံကို ခွဲခြမ်း ဝေဘန်ခြင်း၌ မတွေဝေစေခြင်းငှါ မြတ်စွာဘုရားသည် လေးပါးသော အာရမ္မဏတိက်တို့ကို ဟောတော်မူအပ်ကုန်၏၊ ထိုအာရမ္မဏတိက်တို့၌ ခုနစ်ပါးသော အဘိညာဉ်ညာဏ်တို့၏ ဖြစ်ခြင်းကို ပြရာ၏၊ ဟောတော်မူအပ်ကုန်သော အာရမ္မဏတိက် လေးပါး တို့ကား—

(၁) ပရိတ္တာရမ္မဏတိက်,

(၂) မဂ္ဂါရမ္မဏတိက်,

(၃) အတီတာရမ္မဏတိက်,

(၄) အဇ္ဈတ္တာရမ္မဏတိက် ဟူသည်တည်း။

၄၁၄။ ထိုအဘိညာဉ် ညာဏ်ခုနစ်ပါးတို့တွင် ဣဒ္ဓိဝိဓညာဏ်သည် ပရိတ္တာရုံ, မဟဂ္ဂတာရုံ, အတီတာရုံ, အနာဂတာရုံ, ပစ္စုပ္ပန္နာရုံ, အဇ္ဈတ္တာရုံ, ဗဟိဒ္ဓါရုံတို့၏ အစွမ်းအားဖြင့် ခုနစ်ပါးသော အာရုံတို့၌ဖြစ်၏၊ ဖြစ်ပုံကား—ထိုဣဒ္ဓိဝိဓ ညာဏ်သည် အကြင်အခါ ကရဇကာယ၌ ပါဒကဈာန်စိတ်ကိုအမှီပြု၍ မထင်ရှားသောကိုယ်ဖြင့် သွားလိုသည် ဖြစ်၍ ပါဒကဈာန်စိတ်၏ အစွမ်းဖြင့် ကိုယ်ကိုသွင်း၏၊ မဟဂ္ဂုတ် စိတ်၌ ပေါင်း၏၊ ကောင်းစွာတင်၏၊ ထိုအခါ၌ ကာယသည် အာရုံဖြစ်၏၊ ဤသို့သော အကြောင်းဖြင့် ရူပကာယ၏ ဝဏ္ဏဟူသော အာရုံ ရှိသောကြောင့် ပရိတ္တာရုံ ရှိသည်ဖြစ်၏။

အကြင်အခါ၌ ပါဒကဈာန်စိတ်ကို ရူပကာယ၌ မှီသည်ကိုပြု၍ ထင်ရှားသောကိုယ်ဖြင့် သွားလိုသည်ဖြစ်၍ ရူပကာယ၏အစွမ်း ဖြင့် ပါဒက ဈာန်စိတ်ကိုသွင်း၏၊ ပါဒကဈာန်စိတ်ကို ရူပကာယ ၌ပေါင်း၏၊ ကောင်းစွာတင်၏၊ ထိုအခါ၌ ပါဒကဈာန်စိတ်သည် အာရုံဖြစ်၏၊ ဤသို့သော အကြောင်းဖြင့် မဟဂ္ဂုတ်စိတ်ဟူသော အာရုံရှိသည်၏ အဖြစ်ကြောင့် မဟဂ္ဂုတ် အာရုံရှိသည် ဖြစ်၏၊ အကြင့်ကြောင့် အတိတ်ဖြစ်၍ ချုပ်လေပြီးသော ထိုပါဒက ဈာန် စိတ်ကိုသာလျှင် အာရုံပြု၏၊ ထိုကြောင့် အတိတ်အာရုံ ရှိသည် ဖြစ်၏။

များမြတ်သော ဓာတ်တော်ကို ဌာပနာရာ မြေအိမ်မဏ္ဍပ်၌ အနာဂတ်ကို မိန့်ဘ္ဘာကုန်သော **မဟာကဿပထေရ်** စသည်တို့၏ ဣဒ္ဓိဝိဥာဏ်တော်ကဲ့သို့ အနာဂတ်အာရုံ ရှိသည်ဖြစ်၏၊ **အရှင်** မဟာကဿပ မထေရ်သည် ဓာတ်တော်များစွာတို့ကို ဌာပနာရာ မြေအိမ်မဏ္ဍပ်ကို ပြုသည်ရှိသော် "နောင်(၂၁၈) နှစ်ရာ့တဆယ့် ရှစ်နှစ်တိုင်အောင် ဤနံ့သာတို့သည် မခြောက်စေကုန်သတည်း, ဤပန်းတို့သည် မညှိုးမနွမ်း စေကုန်သတည်း, ဤဆီမီးတို့သည် မငြိမ်းစေကုန်သတည်း"ဟု မိန့်ဘ္ဘာန်၏၊ ထို အလုံးစုံသည် မိန့်ဘ္ဘာန် တော်မူသည့် အတိုင်းပင် ဖြစ်သတတ်။

**အရှင်အဿဂုတ္တ ထေရ်**သည် ဝိဇ္ဇုဒ္ဓဝါ တောကျောင်း၌ ဟင်းလျာမပါ ဆွမ်းချည်းသက်သက် ဘုဉ်းပေးနေသော ရဟန်း တို့ကိုမြင်၍"ဤ ထုံးအိုင်ရေသည် နေ့စဉ်နံနက်တိုင်း နို့ဓမ်းအရသာ ဖြစ်စေသတည်း"ဟု မိန့်ဘ္ဘာန်၏၊ နံနက်အခါ၌ ယူအပ်သည်ရှိသော် နို့ဓမ်းအရသာဖြစ်၏၊ မွန်းလွဲသောအခါ၌ ယူလျှင် ရေပကတိသာ ဖြစ်၏။

ရူပကာယကို ပါဒကဈာန်စိတ်၌ မှီသည်ကိုပြု၍ မထင်ရှား သောကိုယ်ဖြင့် သွားသောကာလ၌ ပစ္စုပ္ပန်အာရုံရှိသည်ဖြစ်၏၊ ရူပကာယ၏အစွမ်းဖြင့် ပါဒကဈာန်စိတ်ကို ဈာန်စိတ်၏အစွမ်း ဖြင့်လည်း ရူပကာယကို သွင်းသောအခါ၌ငှင်း, မိမိ၏ သူငယ် သဏ္ဍာန်စသည်ကို ဖန်ဆင်းသောအခါ၌ငှင်း, မိမိ၏ ရူပကာယ

ကိုင်း, ပါဒကချာန်စိတ်ကိုင်း အာရုံပြုသောကြောင့် အဇ္ဈတ္တာရုံ ရှိသည်ဖြစ်၏၊ ဆင်,မြင်းစသည်ကို ဖန်ဆင်း၍ ပြသောကာလ၌ ဗဟိဒ္ဓါရုံရှိသည်ဖြစ်၏၊ ဤသို့ ဣဒ္ဓိဝိဓဉာဏ်၏ အာရုံခုနစ်ပါး၌ ဖြစ်ခြင်းကို ရှေးဦးစွာသိအပ်၏။

၄၁၅။ ဒိဗ္ဗသောတ အဘိညာဉ်သည် ပရိတ္တာရုံ, ပစ္စုပ္ပန္နာရုံ, အဇ္ဈတ္တာရုံ,ဗဟိဒ္ဓါရုံတို့၏အစွမ်းအားဖြင့် လေးပါးသော အာရုံတို့၌ ဖြစ်၏၊ ထို ဒိဗ္ဗသောတ အဘိညာဉ်သည် အသံကို အာရုံပြု၏၊ အသံသည်လည်း ကာမာဝစရ သာတည်း၊ထို့ကြောင့် ပရိတ္တာရုံရှိသည်ဖြစ်၏၊ ထင်ရှား ရှိသောအသံကို အာရုံပြု၍ ဖြစ်သောကြောင့် ပစ္စုပ္ပန် အာရုံရှိသည်ဖြစ်၏၊ ထိုဒိဗ္ဗသောတအဘိညာဉ်သည် မိမိ ၏ ဝမ်းရုပ်သံကိုကြားသောကာလ၌ အဇ္ဈတ္တာရုံရှိသည် ဖြစ်၏၊ သူတပါးတို့၏အသံကို ကြားသော ကာလ၌ ဗဟိဒ္ဓါရုံ ရှိသည်ဖြစ်၏၊ ဤသို့ ဒိဗ္ဗသောတအဘိညာဉ် ဉာဏ်၏ အာရုံလေးပါးတို့၌ဖြစ်ခြင်းကို သိအပ်၏။

၄၁၆။ စေတောပရိယဉာဏ်သည် ပရိတ္တာရုံ, မဟဂ္ဂတာရုံ,အပ္ပ-မာဏာရုံ,မဂ္ဂါရုံ,အတီတာရုံ,အနာဂတာရုံ,ပစ္စုပ္ပန္နာရုံ, ဗဟိဒ္ဓါရုံတို့၏အစွမ်းအားဖြင့် ရှစ်ပါးသော အာရုံတို့၌ ဖြစ်၏၊ ထို စေတောပရိယဉာဏ်သည် သူတပါးတို့၏ ကာမာဝစရစိတ်ဖြစ်သောကာလ၌ ပရိတ္တာရုံ ရှိသည် ဖြစ်၏၊ရူပါဝစရစိတ်,အရူပါဝစရစိတ်ဖြစ်သော ကာလ၌ မဟဂ္ဂုတ်အာရုံရှိသည်ဖြစ်၏၊မဂ်ဖိုလ်ကိုသိသော ကာလ၌ အပ္ပမာဏာရုံရှိသည် ဖြစ်၏၊ ဤမဂ်ဖိုလ်ကိုသိရာ၌ ပုထုဇန်သည် သောတာပန်ပုဂ္ဂိုလ်၏ မဂ်စိတ် ဖိုလ်စိတ် ကို မသိ၊ သောတာပန်သည်လည်း သကဒါဂါမိပုဂ္ဂိုလ် ၏စိတ်ကို မသိ၊ ဤနည်းဖြင့် ရဟန္တာပုဂ္ဂိုလ်၏ တသီး ပုဂ္ဂလ မဂ်စိတ် ဖိုလ်စိတ်တိုင်အောင် ဆောင်အပ်၏၊ ရဟန္တာသည် ခပ်သိမ်းသောပုဂ္ဂိုလ်တို့၏ စိတ်ကို သိ၏၊ အနာဂါမိစသော အထက်ပုဂ္ဂိုလ်တို့ကလည်း သကဒါ-

ဂါမ်စသော အောက်အောက်ပုဂ္ဂိုလ်တို့၏စိတ်ကို သိ၏၊
ဤသို့သော အထူးကိုလည်း မှတ်အပ်၏။

မဂ်စိတ်အာရုံပြုသောကာလ၌ မဂ်လျှင် အာရုံရှိသည် ဖြစ်၏၊ လွန်ခဲ့သော ခုနစ်ရက်အတွင်း၌၎င်း, နောင်ဖြစ်လတ္တံ့ ခုနစ်ရက် အတွင်း၌၎င်း သူတပါးတို့၏စိတ်ကို သိသောအခါ၌ အတီတာရုံ ဖြစ်၏၊ အနာဂတာရုံလည်း ဖြစ်၏၊ ပစ္စုပ္ပန္နာရုံ ဘယ်သို့ ဖြစ် သနည်းဟူမူ၊ ပစ္စုပ္ပန်မည်သည်ကား—

(၁) ခဏပစ္စုပ္ပန်,
(၂) သန္တတိပစ္စုပ္ပန်,
(၃) အဒ္ဓါပစ္စုပ္ပန်ဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင် ဥပါဒ်, ဌီ, ဘင်သို့ရောက်သောတရားသည် ခဏပစ္စုပ္ပန်မည်၏၊ ရုပ်၏ သန္တတိ ဝါရ တခုနှစ်ခု၌ အကြုံးဝင် သောတရားသည် သန္တတိပစ္စုပ္ပန်မည်၏၊ထိုသန္တတိဝါရစကား၌ မှောင်မိုက်ထဲကနေ၍ လင်းရာ အရပ်သို့ ရောက်သောသူအား ရောက်ကာမျှဖြင့် အာရုံသည် မထင်ရှားသေး၊ အကြင်မျှလောက် သောကာလ၌ ထိုအာရုံသည် ထင်ရှား၏၊ ဤ မထင်ရှားမီက ထင်ရှားသော ကာလအတွင်း၌ဖြစ်သော ရုပ်၏ သန္တတိဝါရတို့ သည် သန္တတိဝါရတခု, သန္တတိဝါရနှစ်ခုမည်ကုန်၏။

လင်းရာအရပ်၌ကျက်စားသွားလာပြီးမှ တိုက်ခန်းသို့ ဝင်သော သူအားလည်း ထိုဝင်ကာမျှ၌ ရူပါရုံသည် အဆောတလျင် မထင် ရှားသေး၊ အကြင်မျှလောက်သောကာလ၌ကား ထိုရူပါရုံသည် ထင်ရှား၏၊ ဤ မထင်ရှားသည်မှ ထင်ရှားသည် တိုင်အောင် အတွင်း၌ ဖြစ်ကုန်သော ရုပ်၏ သန္တတိ ဝါရတို့ကို သန္တတိဝါရ တခု, သန္တတိဝါရနှစ်ခုဖြစ်၏ဟု သိအပ်ကုန်၏၊ ဝေးသောအရပ်၌ တည်၍ ခဝါသည်တို့၏ လက် ဖောက်ပြန်သည်ကို၎င်း, ခေါင်း လောင်းထိုးခြင်း, စည်ကြီးတီးခြင်းစသော လက်ဖောက်ပြန်သည် ကို၎င်း မြင်သော်လည်း အသံကို ချက်ခြင်းမကြားနိုင်၊အနည်းငယ် ကြာမှ ကြားနိုင်၏၊ ထိုအသံ မကြားရသေးသရွေ့ အတွင်း၌

ဖြစ်ကုန်သော သင်္ကတိဝါရ တခု, သင်္ကတိဝါရနှစ်ခုတို့ကို သိအပ်ကုန်၏၊ ဤသို့ **မဇ္ဈိမနိကာယ်ကို ဆောင်ကုန်သော ဆရာတို့က** ဆိုကုန်၏။

**သံယုတ္တ နိကာယ်ကို ဆောင်သော ဆရာတို့ကသော်**—''ရူပသင်္ကတိ, အရူပသင်္ကတိဟု သင်္ကတိနှစ်ပါးပြဆို၍"ရေကို နင်းသွားသောသူ၏ ကမ်းနား၌ ပဌမနင်းရာ အရပ်မှ နောက်ကျသော ရေအယဉ်သည် အကြင်မျှလောက် ကာလအတွင်း မကြည်သေး၊ ခရီးဝေးမှ လာသောသူအား ကိုယ်၌ အပူရှိန်သည် အကြင်မျှလောက် မငြိမ်းအေးသေး၊ နေပူမှလာ၍ အခန်းတွင်းသို့ဝင်သောသူအား မှောင်သောအဖြစ်သည် အကြင်မျှလောက် မကင်းသေး၊ အခန်းတွင်း၌ ကမ္မဋ္ဌာန်းရှု၍ နေ့အခါ ပြူတင်းပေါက်ဖွင့်ကြည့်သောသူအား မျက်စိကျိန်းဖန်သောအဖြစ်သည် အကြင်မျှလောက် မပျောက်သေး၊ ဤပြဆိုခဲ့သော သင်္ကတိသည် ရူပသင်္ကတိမည်၏၊ နှစ်ကြိမ်,သုံးကြိမ်သော ကာမာဝစရဇောတို့သည် အရူပသင်္ကတိမည်၏''ဟု ဆို၍ ထိုရူပသင်္ကတိ,အရူပသင်္ကတိနှစ်ပါးသည်လည်း **သင်္ကတိပစ္စုပ္ပန်**သာတည်း''ဟူ၍ ဆိုကုန်၏၊ ပဋ္ဌသန္တေ, စုတိဖြင့်ပိုင်းခြားအပ်သော တဘဝ အတွင်းန၌ အကြီးဝင်သည့် တရားအပေါင်းသည် အဒ္ဓါပစ္စုပ္ပန် မည်၏၊ ဤအဒ္ဓါပစ္စုပ္ပန်ကို ရည်၍ **ဘဒ္ဒေကရတ္တသုတ်၌**—

> "ယောစာဝုသော မနော, ယေ စ ဓမ္မာ၊ ဥဘယမေတံ ပစ္စုပ္ပန္နံ၊ တသ္မိံ ပစ္စုပ္ပန္နေ ဆန္ဒရာဂပဋိဗဒ္ဓံ ဟောတိ ဝိညာဏံ၊ ဆန္ဒရာဂပဋိဗဒ္ဓတ္တာ ဝိညာဏဿ တဒဘိနန္ဒတိ၊ တဒဘိနန္ဒန္တော ပစ္စုပ္ပန္နေသု ဓမ္မေသု သံဟာရတီတိ"။

"အို-ငါ့ရှင်တို့, အကြင် သမ္ပယုတ်နှင့်တကွ ဖြစ်သော ဝိညာဉ်သည်၎င်း, အာရုံတရားတို့သည်၎င်း ဤ မနနှင့်ဓမ္မဟူသော နှစ်ပါးစုံသည် အဒ္ဓါပစ္စုပ္ပန် မည်၏၊ မနဓမ္မဟူသော ထိုအဒ္ဓါပစ္စုပ္ပန်၌ နိကန္တိ ဝိညာဉ်သည် ဆန္ဒ

> ရာဂနှင့်စပ်၍ ကပ်ငြိ၏၊ နိကန္တိ ဝိညာဉ်၏ ဆန္ဒရာဂဖြင့် ကပ်ငြိသည်၏အဖြစ်ကြောင့် ထို အဒ္ဓါပစ္စုပ္ပန် တရားကို တဏှာဘိနန္ဒန ဒိဋ္ဌာဘိနန္ဒနအားဖြင့် နှစ်သက်၏၊ထိုအဒ္ဓါ ပစ္စုပ္ပန်ကို နှစ်သက်သော သူသည် ပစ္စုပ္ပန်တရားတို့၌ ကွန့်၏၊တဏှာ ဒိဋ္ဌိတို့သည် ဆွဲငင်အပ်၏”ဟူ၍ ဆိုအပ်ပြီ။

ဤ သုံးပါးသော ပစ္စုပ္ပန်တို့တွင် သန္တတိ ပစ္စုပ္ပန်သည် အဋ္ဌကထာတို့၌ လာ၏၊ အဒ္ဓါပစ္စုပ္ပန်သည် သုတ္တန်ပါဠိတော်၌ လာ၏၊ ထို ပစ္စုပ္ပန်သုံးပါးတို့တွင် “ခဏပစ္စုပ္ပန်ဖြစ်သော စိတ်သည် စေတောပရိယ ဉာဏ်၏ အာရုံ ဖြစ်၏”ဟု အဘယဂိရိ ကျောင်းတိုက်နေ ကေစိ ဆရာတို့က ဆိုကုန်၏၊ အကြောင်း သော်ကား–တန်ခိုးရှိသူ၏ငှင်း,တန်ခိုးမရှိသော အခြားသူ၏ငှင်း ပြိုင်နက်သောခဏ၌ စိတ်သည် ဖြစ်၏၊ ထို့ကြောင့်တည်း။

ထိုသို့ ဇဝနဒ္ဒိစိတ်ဖြစ်သည်နှင့်ညီမျှသောကာလ၌ပင် အခြားသူ၏ စိတ် ဖြစ်နိုင်သောကြောင့် ထိုစကား သင့်၏ဟု အကြောင်းပြ ကြကုန်၏၊ ထို ကေစိဆရာတို့က တင်ပြသော **ဥပမာကား**– ကောင်းကင်သို့ ပန်းပွင့်တဆုပ်ကို ပစ်ကြဲလိုက်သည်ရှိသော် ပန်း တပွင့်၏အညှာဖြင့် အခြားပန်းတပွင့်၏အညှာကို မချွတ်မယွင်း ထိုးမိသကဲ့သို့ ထို နည်းတူ “သူတပါး၏ စိတ်ကို သိရအံ့”ဟု အပေါင်းအစု၏ အစွမ်းဖြင့် လူအများ၏ စိတ်ကို ဆင်ခြင်သည် ရှိသော် လူတယောက်၏ စိတ်ကို တခုသောစိတ်ဖြင့် ဥပါဒ်ခဏ ၌ငှင်း, ဌီခဏ၌ငှင်း, ဘင်ခဏ၌ငှင်း မချွတ် သိ၏။

ထိုကေစိဆရာတို့ စကားကို ရှေးအဋ္ဌကထာတို့၌ ပယ်အပ်ပြီ၊ နှစ်ပေါင်း တရာ, နှစ်ပေါင်း တထောင်ပတ်လုံး ဆင်ခြင်သော သူအား အကြင်စိတ်ဖြင့် ဆင်ခြင်၏၊ အကြင်စိတ်ဖြင့်လည်း သိ၏၊ ထိုစိတ်နှစ်ပါးတို့၏ တကွတည်ခြင်းမရှိသောကြောင့်ငှင်း,ဖလဝိထိ မဂ္ဂဝိထိမှတပါး အလိုမရှိကောင်းသော အရာ၌ အထူးထူးသော အာရုံရှိသည်၏အဖြစ်သို့ ရောက်သော အပြစ်ရှိသောကြောင့်ငှင်း ကေစိဝါဒကို မသင့်ဟု ပယ်အပ်ပြီ။

သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်တို့သည် စေတောပရိယဉာဏ်၏ အာရုံဖြစ်၏၊ ထိုနှစ်ပါးတို့တွင် ပစ္စုပ္ပန်ဖြစ်ဆဲဖြစ်သော ဇောဝီထိမှ ရှေ့, နောက်, အတိတ်, အနာဂတ်၏ အစွမ်းအားဖြင့် နှစ်ဝီထိ သုံးဝီထိ ဇောတိုင်အောင်သော ကာလ၌ သူတပါး၏စိတ်သည် ဖြစ်၏၊ အလုံးစုံသော ထိုစိတ်အစဉ်သည် သန္တတိပစ္စုပ္ပန်မည်၏၊ အဒ္ဓါ ပစ္စုပ္ပန်ကိုကား ဇောဝါရဖြင့် ပြအပ်၏ဟု သံယုတ် အဋ္ဌကထာ၌ပြဆိုသော စကားသည် အလွန်ကောင်းလှပေ၏။

ထို သန္တတိ ပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်စကား၌ တန်ခိုးရှင်သည် သူတပါး၏စိတ်ကို သိလို၍ ဆင်ခြင်၏၊ အာဝဇ္ဇန်းသည် ခဏ ပစ္စုပ္ပန်ကို အာရုံပြု၍ ထိုအာရုံဖြစ်သော ပစ္စုပ္ပန်စိတ်နှင့် တကွ သာလျှင် ချုပ်၏၊ ထို့နောက်မှ ဇော လေးကြိမ် ငါးကြိမ် ဇော ကုန်၏၊ ထို ဇောတို့တွင် နောက်ဆုံးဖြစ်သော ဇောသည် ဣဒ္ဓိ စိတ် မည်၏၊ အဆုံးဇောမှကြွင်းသော ရှေ့ဇောတို့သည် ကာမာ ဝစရဇော မည်ကုန်၏၊ အလုံးစုံသော ထိုဇောတို့၏ အာရုံသည် ချုပ်ပြီးသော ထိုအာဝဇ္ဇန်း၏အာရုံဖြစ်သော သူတပါးစိတ်သာ လျှင် ဖြစ်၏။

ထိုဣဒ္ဓိစိတ်မှကြွင်းသော အာဝဇ္ဇန်းဇောစိတ် အားလုံးတို့သည် အဒ္ဓါ၏အစွမ်းဖြင့် ပစ္စုပ္ပန် အာရုံသာ ရှိသည်၏ အဖြစ်ကြောင့် အထူးထူးသော အာရုံ ရှိသည့် မဖြစ်ကုန်၊ တခုသော အာရုံ၏ အဖြစ်သည် ရှိသော်လည်း ဣဒ္ဓိ စိတ်သည်သာလျှင် သူတပါး၏ စိတ်ကိုပိုင်းခြား၍ သိနိုင်၏၊ ဣဒ္ဓိစိတ်မှတပါးသော အာဝဇ္ဇန်းစိတ် ပရိကံစိတ်တို့သည် မသိနိုင်ကုန်၊ စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဉ် စိတ်သည်သာလျှင် ရူပါရုံကို မြင်၍ အာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းစသော စိတ်တို့သည် ရူပါရုံကို မမြင်နိုင်သကဲ့သို့တည်း၊ ဤသို့ စေတော ပရိယ အဘိညာဉ်သည် သန္တတိပစ္စုပ္ပန်၏အစွမ်းဖြင့်၎င်း, အဒ္ဓါ ပစ္စုပ္ပန်၏အစွမ်းဖြင့်၎င်း ပစ္စုပ္ပန်အာရုံရှိသည် ဖြစ်၏။

တနည်းကား၊သန္တတိ ပစ္စုပ္ပန်သည်လည်း အဒ္ဓါပစ္စုပ္ပန်၌သာလျှင် ကျသောကြောင့် ထို စေတော ပရိယ ဉာဏ်သည် အဒ္ဓါပစ္စုပ္ပန် ဖြင့်သာ ပစ္စုပ္ပန်အာရုံသည် ဖြစ်၏ဟု သိအပ်၏၊ သူတပါး၏

စိတ်ဟူသော အာရုံရှိသည်၏ အဖြစ်ကြောင့်သာလျှင် ဗဟိဒ္ဓါရုံ ရှိသည် ဖြစ်၏၊ ဤသို့ စေတောပရိယဉာဏ်၏ ရှစ်ပါးသော အာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၃၁၇။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် ပရိတ္တာရုံ,မဟဂ္ဂတာရုံ, အပ္ပမာဏာရုံ,မဂ္ဂါရုံ, အတီတာရုံ, အဇ္ဈတ္တာရုံ, ဗဟိဒ္ဓါရုံ, နဝတ္တဗ္ဗာရုံတို့၏ အစွမ်းအားဖြင့် အာရုံရှစ်ပါးတို့၌ ဖြစ်၏၊ ဖြစ်ပုံကား—ထိုပုဗ္ဗေနိဝါသဉာဏ်သည် ကာမာဝစရဖြစ်သောခန္ဓာကို အောက်မေ့သောကာလ၌ ပရိတ္တာရုံဖြစ်၏၊ ရူပါဝစရ, အရူပါဝစရခန္ဓာကို အောက်မေ့သောကာလ၌ မဟဂ္ဂတာရုံ ဖြစ်၏၊ လွန်ခဲ့သောဘဝ၌ မိမိသည်၎င်း, သူတပါးသည်၎င်း ပွါးများဘူးသောမဂ်ကိုဖြစ်စေ မျက်မှောက်ပြုပြီးသော ဖိုလ်ကိုဖြစ်စေ အောက်မေ့သောကာလ၌ အပ္ပမာဏာရုံဖြစ်၏၊ ပွါးစေအပ်ပြီးသောမဂ်ကိုသာလျှင် အောက်မေ့သောကာလ၌ မဂ္ဂါရုံဖြစ်၏၊ မြဲသောသဘောအားဖြင့်ကား ဤပုဗ္ဗေနိဝါသဉာဏ်သည် အတီတာရုံစင်စစ်သာဖြစ်၏။

ထိုဉာဏ်တို့တွင် စေတောပရိယဉာဏ်, ယထာကမ္မုပဂဉာဏ်တို့သည်လည်း အတီတာရုံပင် ဖြစ်လင့်ကစား လွန်ပြီးသော ခုနစ်ရက်အတွင်း၌ အာရုံပြုသောစိတ်သည်သာလျှင် စေတောပရိယဉာဏ်၏ အာရုံဖြစ်၏၊ ထိုစကားမှန်၏၊ စေတောပရိယဉာဏ်သည် ခုနစ်ရက်အတွင်း လွန်ပြီးသောစိတ်မှ တပါးသော ခန္ဓာကို၎င်း, ခန္ဓာနှင့်စပ်သော အမည်အမျိုး စသည်ကို၎င်းမသိ၊ ထိုသို့ မသိသော်လည်း မဂ်နှင့်ယှဉ်သော စိတ်အာရုံရှိသည်၏ အဖြစ်ကြောင့် ပရိယာယ်အားဖြင့် မဂ်အာရုံရှိသည် ဟု ဆိုအပ်၏။

အတိတ် ကုသိုလ်စေတနာမျှသည်သာလျှင် ယထာကမ္မုပဂဉာဏ်၏ အာရုံဖြစ်၏၊ အတိတ်ခန္ဓာတို့သည်၎င်း, ခန္ဓာနှင့်စပ်သော အမည်, အနွယ်တို့သည်၎င်း ပုဗ္ဗေနိဝါသဉာဏ်၏ အာရုံမဟုတ်သောတရားမည်သည် တစုံတခုမျှမရှိ၊ ထိုစကားမှန်၏၊ ထိုပုဗ္ဗေနိဝါသဉာဏ်သည် အတိတ်ခန္ဓာ, ခန္ဓာနှင့်စပ်ကုန်သော နိဗ္ဗာန်နှင့်

တကွ အလုံးစုံသော တရားတို့၌ သဗ္ဗညုတဉာဏ် အလားရှိသည် ဖြစ်၏၊ ဤသို့သောအထူးကို သိအပ်၏၊ ဤနည်းသည် ဤအရာ၌ အဋ္ဌကထာနည်းတည်း၊ ထိုသို့ အဋ္ဌကထာနည်းပင်ဖြစ်သော်လည်း အကြင့်ကြောင့် "ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတော-ပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မုပဂ-ဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူ၍ ပဋ္ဌာန်းကျမ်းကြီး၌ ဘုရားဟောတော်မူအပ်၏၊ ထို့ကြောင့် ခန္ဓာလေးပါးတို့သည်လည်း စေတောပရိယဉာဏ်, ယထာကမ္မုပဂ-ဉာဏ်တို့၏ အာရုံဖြစ်ကုန်၏။

ထိုဉာဏ်နှစ်ပါးတို့တွင်လည်း ကုသိုလ် အကုသိုလ်ခန္ဓာတို့သည် သာလျှင် ယထာကမ္မုပဂဉာဏ်၏ အာရုံ ဖြစ်ကုန်၏၊ မိမိ၏ လွန်လေပြီးသော ခန္ဓာကို အောက်မေ့သောကာလ၌ ဤပုဗ္ဗေ နိဝါသဉာဏ်သည် အဇ္ဈတ္တာရုံ ဖြစ်၏၊ သူတပါး၏ ခန္ဓာကို အောက်မေ့သောကာလ၌ ဗဟိဒ္ဓါရုံ ဖြစ်၏။

လွန်လေပြီးသောအခါ၌ ဝိပဿီဘုရားပွင့်တော်မူပြီ၊ ဘုရား မယ်တော်ကား–ဗန္ဓုမတီ အမည်ရှိ၏၊ ခမည်းတော်ကား–ဗန္ဓုမ အမည်ရှိ၏၊ ဤသို့ အစရှိသောနည်းဖြင့် အမည်, အနွယ်, မြေ, နိမိတ်စသည်ကို အောက်မေ့သောကာလ၌ နဝတ္တဗ္ဗာရုံ ဟူသော ပညတ်အာရုံဖြစ်၏၊ အမည်, အနွယ်ဟူသော စကား၌ ခန္ဓာနှင့် စပ်၍ သမုတ်ခြင်းဖြင့် ပြီးသောသဒ္ဒါ၏အနက်ကို အမည်, အနွယ် ဟု မှတ်အပ်၏၊ နာမ, ဂေါတ္တဟူသော သဒ္ဒါကို မမှတ်အပ်၊ သဒ္ဒါသည် သဒ္ဒါယတနဖြင့် ရေတွက်အပ်သည်၏ အဖြစ်ကြောင့် ကာမာဝစရတရားသာ ဖြစ်၏၊ နိရုတ္တိပဋိသမ္ဘိဒါသည် ပရိတ္တာရုံ သာဖြစ်၏ဟု ဘုရားဟောတော်မူပြီ၊ ဤအရာ၌ ဤသို့ဆုံးဖြတ် ခြင်းသည် ငါတို့သဘောကျ အဆုံးအဖြတ်တည်း၊ ဤသို့ ပုဗ္ဗေနိဝါသ ဉာဏ်၏ ရှစ်ပါးသောအာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၁၀။ ဒိဗ္ဗစက္ခုဉာဏ်သည် ပရိတ္တာရုံ, ပစ္စုပ္ပန္နာရုံ, အဇ္ဈတ္တာရုံ, ဗဟိဒ္ဓါရုံတို့၏ အစွမ်းအားဖြင့် အာရုံလေးပါးတို့၌ ဖြစ်၏၊ ဖြစ်ပုံကား—ထိုဒိဗ္ဗစက္ခုဉာဏ်သည် ကာမာဝစရတရား

ဖြစ်သော ရူပါရုံကိုသာ အာရုံပြုသောကြောင့် ပရိတ္တာရုံ ရှိသည်ဖြစ်၏၊ ထင်ရှားရှိသော ရူပါရုံ၌သာလျှင်ဖြစ်သော ကြောင့် ပစ္စုပ္ပန္နာရုံ ဖြစ်၏၊ မိမိ၏ ဝမ်း၌တည်သော ရူပါရုံစသည်ကို မြင်သောအခါ၌ အဇ္ဈတ္တာရုံ ဖြစ်၏၊ သူတပါး၏ ရူပါရုံကို မြင်သောအခါ၌ ဗဟိဒ္ဓါရုံ ဖြစ်၏၊ ဤသို့ ဒိဗ္ဗစက္ခုဉာဏ်၏ လေးပါးသော အာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၁၉။ အနာဂတံသဉာဏ်သည် ပရိတ္တာရုံ, မဟဂ္ဂတာရုံ, အပ္ပမာဏာရုံ, မဂ္ဂါရုံ, အနာဂတာရုံ, အဇ္ဈတ္တာရုံ, ဗဟိဒ္ဓါရုံ, နဝတ္တဗ္ဗာရုံတို့၏အစွမ်းဖြင့် အာရုံရှစ်ပါးတို့၌ ဖြစ်၏၊ ဖြစ်ပုံကား—"ဤသူကား နောင်အနာဂတ်ကာလ၌ ကာမာဝစရဘုံမှာ ဖြစ်လတ္တံ့"ဟု ဖြစ်အံ့သောခန္ဓာကို သိသောအခါ ထိုအနာဂတံသဉာဏ်သည် ပရိတ္တာရုံ ဖြစ်၏၊ "ရူပါဝစရဘုံ၌ငင်း, အရူပါဝစရဘုံ၌ငင်း ဖြစ်လတ္တံ့"ဟု သိသောအခါ မဟဂ္ဂတာရုံ ဖြစ်၏၊ "မဂ်ကို ပွါးလတ္တံ့၊ ဖိုလ်ကိုမျက်မှောက် ပြုလတ္တံ့"ဟု သိသော အခါ အပ္ပမာဏာရုံ ဖြစ်၏။

ပွါးအပ်ပြီးသော မဂ်ကိုသာလျှင် ပွါးစေလတ္တံ့ဟု သိသော အခါ မဂ္ဂါရုံ ဖြစ်၏၊ မြဲသောသဘောအားဖြင့်ကား ထိုဉာဏ်သည် အနာဂတာရုံသာ စင်စစ်ဖြစ်၏၊ ထိုဉာဏ်တို့တွင် စေတောပရိယ ဉာဏ်သည်လည်း အနာဂတာရုံပင် ဖြစ်စေကာမူ လာလတ္တံ့သော ခုနစ်ရက်အတွင်း၌ ဖြစ်သောစိတ်သည်သာလျှင် ထိုစေတောပရိယ ဉာဏ်၏အာရုံဖြစ်၏၊ ထိုစကားမှန်၏၊ ထိုစေတောပရိယဉာဏ် သည် စိတ်မှတပါး ခန္ဓာကိုငင်း, ခန္ဓာနှင့်စပ်သော အမည်, အနွယ် စသည်ကိုငင်း မသိ။

ပုဗ္ဗေနိဝါသဉာဏ်၌ ဆိုခဲ့ပြီးသောနည်းဖြင့် နောင်အခါ၌ အနာဂတံသဉာဏ်၏ အာရုံမဟုတ်သောတရား တစုံတခုမျှမရှိ၊ "ငါသည် ဤမည်သောဘဝ၌ ဖြစ်ရလတ္တံ့"ဟု သိသောအခါ အဇ္ဈတ္တာရုံဖြစ်၏၊ "ဤသူသည် ဤမည်သောဘုံ၌ ဖြစ်ရလတ္တံ့"ဟု

သိသောအခါ ဗဟိဒ္ဓါရုံဖြစ်၏၊ နောင်အခါ၌ မေတ္တေယျဘုရား ပွင့်လတ္တံ့၊ ခမည်းတော်သည် သုဗြဟ္မာ အမည်ရှိလတ္တံ့၊ မယ်တော်ကား ဗြဟ္မဝတီ အမည်ရှိလတ္တံ့၊ ဤသို့ အစရှိသောနည်းဖြင့် အမည်, အနွယ်တို့ကို သိသောအခါ ပုဗ္ဗေနိဝါသဉာဏ်၌ ပြဆိုပြီးသောနည်းဖြင့်သာလျှင် နဝတ္တဗ္ဗာရုံ ဖြစ်၏၊ ဤသို့ အနာဂတံသဉာဏ်၏ရှစ်ပါးသောအာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၂၀။ ယထာကမ္မုပဂ ဉာဏ်သည် ပရိတ္တာရုံ, မဟဂ္ဂတာရုံ, အတီတာရုံ, အဇ္ဈတ္တာရုံ, ဗဟိဒ္ဓါရုံတို့၏ အစွမ်းအားဖြင့် ငါးပါးသော အာရုံတို့၌ဖြစ်၏၊ ဖြစ်ပုံကား-ထို ယထာ-ကမ္မုပဂဉာဏ်သည် ကာမာဝစရကံကို သိသောအခါ၌ ပရိတ္တာရုံဖြစ်၏၊ ရူပါဝစရ, အရူပါဝစရကံကို သိသောအခါ၌ မဟဂ္ဂတာရုံ ဖြစ်၏၊ အတိတ်ကံကိုသာလျှင် သိသောကြောင့် အတီတာရုံ ဖြစ်၏၊ မိမိ၏ကံကိုသိသောအခါ၌ အဇ္ဈတ္တာရုံဖြစ်၏၊ သူတပါး၏ကံကို သိသောအခါ၌ ဗဟိဒ္ဓါရုံ ဖြစ်၏၊ ဤသို့လျှင် ယထာကမ္မုပဂဉာဏ်၏ ငါးပါးသော အာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

ဤ အဇ္ဈတ္တာရမ္မဏ တိက်၏အစွမ်းဖြင့် အဘိညာဉ် ဉာဏ်တို့၏ အာရုံကို စိစစ်ရာ၌ "အဇ္ဈတ္တာရုံလည်းဖြစ်၏, ဗဟိဒ္ဓါရုံလည်းဖြစ်၏"ဟု တပေါင်းတည်းယူ၍ ရှေးအဋ္ဌကထာ၌ ဆိုအပ်၏၊ ထိုစကားကို "ရံခါ အဇ္ဈတ္တ တရားကို, ရံခါ ဗဟိဒ္ဓ တရားကို သိသောအခါ၌ ရံခါ အဇ္ဈတ္တာရုံ, ရံခါ ဗဟိဒ္ဓါရုံ ဖြစ်ကောင်းသည်သာတည်း"ဟူသော အလိုဖြင့် ဆိုအပ်၏။

ဤသို့လျှင် သူတော်ကောင်းတို့၏ ဝမ်းမြောက်စေခြင်းငှါ
ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ္ဂ ကျမ်း၌
အဘိညာ နိဒ္ဒေသ
အမည်ရှိသော ၁၃-ခုမြောက် အပိုင်းသည် ပြီး၏။

**၁၃-အဘိညာ နိဒ္ဒေသ ပြီး၏။**

# ၁၄-ခန္ဓနိဒ္ဒေသပိုင်း

၄၂၁။ **ဆိုခဲ့ပြီးသော** နည်းအတိုင်း အဘိညာဉ်၏ **အစွမ်းအားဖြင့်** ရအပ်ပြီးသော အာနိသင်ရှိသည်ဖြစ်၍ အလွန်မြဲမြံခိုင်ခံ့သော သမာဓိ ဘာဝနာနှင့် ပြည့်စုံသော ရဟန်းသည် "သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ"ဟူသော ပါဠိ၌ စိတ်ကို ပဓာနပြုသဖြင့် ပြအပ်သော သမာဓိကို ခပ်သိမ်း ဥဿုံ အလုံးစုံသော ဘာဝနာ အခြင်းအရာအားဖြင့် ပွါးစေအပ်၏၊ ထို သမာဓိ ကိစ္စကို ပြီးစေပြီးသော အခြားမဲ့၌ ပညာကို ပွါးစေအပ်၏၊ ထိုပညာကို အလွန်ကျဉ်းလွန်းစွာ ဘုရား ဟောတော်မူသောကြောင့် သဘော သရုပ်အားဖြင့် သေသေချာချာ သိဘို့ရာ မလွယ်ချေ၊ ပွါးများခြင်းငှါ အဘယ်မျှ ခဲယဉ်းမည်ဟု ဆိုဘွယ်မရှိတော့ပြီ၊ ထို့ကြောင့် ထိုပညာ၏ အကျယ်ကိုင်း, ဘာဝနာပွါးများနည်းကိုင်း ပြဆိုခြင်းငှါ အောက်ပါ အမေးပုစ္ဆာသည် ဖြစ်၏–

(၁) ပညာဟူသည် အဘယ်နည်း၊
(၂) **အဘယ်အနက်**ကြောင့် ပညာဟု ဆိုအပ်သနည်း၊
(၃) **ထိုပညာ၏ လက္ခဏာ**, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား **အဘယ်နည်း**၊
(၄) **ပညာသည် အဘယ်** နှစ်ပါး အပြားရှိသနည်း၊
(၅) ပညာ**ကို** အဘယ်သို့ ပွါးများစေအပ်သနည်း၊
(၆) ပညာကိုပွါးခြင်း၏ အကျိုးအာနိသင်ကား **အဘယ်**နည်း။

## (၁) ပညာ

၄၂၂။ **"ပညာဟူသည် အဘယ်နည်း"** ဟူရာ၌ ပညာသည် ကုသိုလ်စသောအားဖြင့် များသောအပြားရှိ၏၊ အတ္တဇာတ စသော အပြား, သုတမယဉာဏ် စသော အပြား

**အားဖြင့် အထူးထူး အထွေထွေ အရေအတွက် များလှ** စွာ၏၊ ထိုပညာ ဝိဘာဂ ရှိရှိသမျှကို ထင်စွာပြခြင်းငှါ အဖွင့်ကို ခွဲ၍ဆိုနေပါလျှင် လိုရင်းဖြစ်သော ဝိပဿနာ ဘာဝနာ မဂ္ဂဘာဝနာ ဟူသော အကျိုးကိုလည်း မပြီးစေရာ၊ ဤအပြစ်မျှ မကသေး၊ ပို၍လွှင့်ခြင်းငှါလည်း ဖြစ်ရာ၏။

ထို့ကြောင့် ဤပညာ ဘာဝနာအရာ၌ လိုရင်းပညာကို သာလျှင် ရည်ရွယ်၍ ဆိုပေအံ့၊ ကုသိုလ်စိတ်နှင့် ယှဉ်သော ဝိပဿနာ ဉာဏ်သည် ဤအရာ၌ လိုရင်းဖြစ်သော ပညာမည်၏။

## (၂) ပညာ၏အနက်

၄၂၃။ **“ဘယ်အနက်ကြောင့် ပညာဟု ဆိုအပ်သနည်း”** ဟူရာ၌ အထူးထူး အပြားပြားအားဖြင့် သိခြင်းဟူသော အနက်ကြောင့် ပညာဟု ဆိုအပ်၏၊ ဤအပြားအားဖြင့် သိခြင်းမည်သည်ကား – သညာ၏သိခြင်း, ဝိညာဉ်၏ သိခြင်း ထို့ထက် လွန်ကဲထူးမြတ်သည့် အထူးအထူး သော အခြင်းအရာအားဖြင့် သိခြင်းတည်း၊ သညာ, ဝိညာဉ်, ပညာတို့၏ သိတတ်သောအဖြစ် တူသော်လည်း သညာသည် အညို, အရွှေ အစရှိသော အာရုံကို အမှတ် နိမိတ်ပြု၍ သာမည သိခြင်းသာတည်း၊ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာရေး သုံးပါးကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်၊ ဝိညာဉ်သည် အညို, အရွှေ စသည်ဖြင့် အာရုံကိုလည်းသိ၏၊လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍လည်း သိ၏၊ ဥဒယဗ္ဗယဉာဏ် အစဉ်ဖြင့် အားထုတ်၍ မဂ်သို့ရောက်စေခြင်းငှါ မတတ်နိုင်၊ ပညာ သည်ကား ဆိုအပ်ပြီးသော နည်းဖြင့် အာရုံကိုလည်း သိ၏၊ လက္ခဏာရေးသုံးပါးကိုလည်း ထိုးထွင်း၍သိ၏၊ ဥဒယဗ္ဗယ ဉာဏ်အစဉ်ဖြင့် အားထုတ်၍ မဂ်ကိုရခြင်း အဖြစ်သို့လည်း ရောက်စေနိုင်၏။

**ဥပမာကား**—ပွဲမင်းပျဉ်ချပ်ပေါ်၌ ထားအပ်သော အသပြာ စုကို ဝေါဟာရ၌ မလိမ္မာသေးသော ကလေး တယောက်, ရွာသားလူကြီးတယောက်, ပွဲမင်း တယောက် ဤလူသုံးယောက် တို့က မြင်ကြသော် အသပြာတို့၏ နှစ်သက်ဘွယ်သော အဖြစ်, ဆန်းကြယ်သောအဖြစ်, အရှည်လေးထောင့် အဝိုင်း စသည်ကို သာ လူငယ်ကလေးက သိ၏၊ ဤအသပြာသည် လူတို့၏ အတွင်း အပ အသုံးအဆောင်တို့ကို ရထိုက်သည့် ရတနာဟု သမုတ်အပ် သော ဝတ္ထုတည်းဟုမသိ၊ အရပ်သား လူကြီးကား နှစ်သက်ဘွယ် ဆန်းကြယ်သည်စသော အဖြစ်ကိုလည်း သိ၏၊ လူတို့၏ အတွင်း အပ အသုံးအဆောင်ကို ရထိုက်သော ရတနာဟူ၍လည်း သိ၏၊ "ဤအသပြာသည် အနှစ်သာရ များစွာရှိ၏၊ ကြေးနီ စသည်ဖြင့် ပြီးသော အသပြာတုတည်း၊ ဤအသပြာသည် ငွေသား တဝက် လောက်သာပါ၏" စသည်ဖြင့် ခွဲခြမ်းဝေဘန်၍မသိ၊ ငွေမှုတ်သမား ဖြစ်သောပွဲမင်းကား ဆိုခဲ့ပြီးသော ထိုထိုအခြင်းအရာ အားလုံးကို လည်း သိ၏၊ သိသောပွဲမင်းသည် အသပြာကို မြင်၍လည်းသိ၏၊ တီးခေါက်သော အသံကိုကြား၍လည်း သိ၏၊ အနံ့ကိုနမ်း၍လည်း သိ၏၊ အရသာကို လျက်၍လည်း သိ၏၊ လက်ဆဖြင့်လည်း သိ၏၊ ဤမည်သောရွာ, နိဂုံး, မြို့, တောင်, မြစ်ဆိပ်၌ပင်း ပြုလုပ်သော အသပြာတည်းဟုလည်း သိ၏၊ ဤမည်သော ဆရာသည် ပြုလုပ် သော အသပြာတည်း ဟုလည်း သိ၏။

ဤဥပမာ၌ သညာ၏ သိခြင်းသည် ဝေါဟာရ၌ မလိမ္မာ သေးသော သူငယ်၏ သိခြင်းနှင့် တူ၏၊ အကြောင်းကား—အညို စသည်တို့၏ အစွမ်းအားဖြင့် အာရုံ၏ ထင်တိုင်းသော အခြင်း အရာမျှကို ယူခြင်း ကြောင့်တည်း၊ ဝိညာဉ်၏ သိခြင်းသည် အသပြာကိုမြင်သော အရပ်သား လူကြီး၏ သိခြင်းနှင့်တူ၏၊ အကြောင်းကား—အညို စသည်တို့၏ အစွမ်းအားဖြင့် အာရုံ၏ အခြင်းအရာကို ယူသည်၏ အဖြစ်ကြောင့်ပင်း, ထို့ထက် အလွန် လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍ သိခြင်းသို့ ရောက်စေတတ် သောကြောင့်ပင်းတည်း၊ ပညာသည်ကား အသပြာကို မြင်သော ပွဲမင်း၏ သိခြင်းနှင့်တူ၏၊ အကြောင်းကား—အညို စသည်တို့၏

အစွမ်းဖြင့် အာရုံ၏ အခြင်းအရာကို ယူသဖြင့်၎င်း, လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍ သိခြင်းကြောင့်၎င်း, ထို့ထက် အလွန်လည်း မဂ်သို့ ရောက်စေခြင်းကြောင့်၎င်းတည်း။

ထို့ကြောင့် သဉ္ဇာနန ဝိဇာနန အခြင်း အရာတို့ထက် လွန်ကဲထူးမြတ်သော အထူးထူး အပြားပြားသော အခြင်း အရာအားဖြင့် သိခြင်းကို ပဇာနနဟူ၍ မှတ်အပ်၏၊ ဤပဇာနနကို ရည်၍ "အထူးထူး အပြားပြား အားဖြင့် သိခြင်းဟူသောအနက်ကြောင့် ပညာဟု ဆိုအပ်၏" ဟူသောစကားကို ပြဆိုခဲ့ပြီ၊ ထိုပညာသည် စင်စစ်အားဖြင့်သော် သညာ, ဝိညာဉ်တို့ဖြစ်သော စိတ္တုပ္ပါဒ်၌ မဖြစ်၊ရံခါ ဖြစ်သောအခါ၌ကား ထိုသညာ,ဝိညာဉ်တို့နှင့် တသီးတခြား တကွဲတပြား မဝေဘန်ကောင်း၊ ဝါ-မကွေ မကွာသာယှဉ်၏၊ "ဤတရားကား သညာတည်း၊ ဤတရားကား ဝိညာဉ်တည်း၊ ဤတရားကား ပညာတည်း" ဟု ခွဲခြမ်းဝေဘန်၍ မရနိုင်၊ မသိနိုင်၊ ထူးသောသဘော ရှိကုန်၏၊ သိမ်မွေ့ကုန်၏၊ မြင်ခြင်းငှါ ခဲယဉ်းကုန်၏။

ထို့ကြောင့် အရှင်နာဂသိန်သည် "**ဒုက္ကရံ မဟာရာဇ ဘဂဝတာ ကတံ**" ဟုမိန့်တော်မူပြီ၊ "မြတ်သောမင်းကြီး, မြတ်စွာဘုရားသည် ခဲယဉ်းသည်ကို ပြုတော်မူ၏၊" မြတ်စွာဘုရားသည် အဘယ်သို့ ပြုတော်မူသနည်း၊ အိုမင်းမြတ်, တခုသောအာရုံ၌ ဖြစ်ကုန်သော စိတ် စေတသိက် ဖြစ်ကုန်သော နာမ်တရားတို့တွင် "ဤသဘောကား ဖဿတည်း, ဤသဘောကား ဝေဒနာတည်း, ဤကား သညာတည်း, ဤကား စေတနာတည်း, ဤကား စိတ်တည်း" ဟု ဆုံးဖြတ် ပိုင်းခြားမှတ်သားခြင်းကို ဟောတော်မူ၏၊ ထို ဆုံးဖြတ်ခြင်း ဟူသော ခဲယဉ်းမှုကို မြတ်စွာဘုရား ပြုတော်မူ၏" ဟူ၍ မိလိန္ဒမင်းအား ဟောကြားတော်မူပြီ။

## (၃) ပညာ၏လက္ခဏာ ရသ စသည်

၄၂၄။ "**ထိုပညာ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကား အဘယ်နည်း**" ဟူရာ၌ ပညာသည် ပထဝီဖဿ စသော

တရားတို့၏ ကဏ္ဍ ဖုသန စသော ဝိသေသလက္ခဏာ, အနိစ္စတာ စသော သာမညလက္ခဏာကို မဖောက်မပြန် အဟုတ်အမှန် ထိုးထွင်း၍သိခြင်း လက္ခဏာရှိ၏၊ တရားတို့၏ သဘောကို ဖုံးလွှမ်းတတ်သည့် မောဟ အမိုက်မှောင်ကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ တရားသဘော၌ မတွေဝေသော အခြင်းအရာဖြင့် ယောဂီ၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏၊မြဲမြံတည်ကြည်သော သမာဓိရှိသူသည် ဟုတ်တိုင်းမှန်ရာကို သိ၏”ဟု ဘုရားဟောတော်မူသောကြောင့် သမာဓိသည် ထိုပညာ၏ နီးစွာသော အကြောင်း ပဒဋ္ဌာန်တည်း။

## (၄) ပညာ၏အပြား

၄၂၅။ **“ပညာသည် အဘယ်နှစ်ပါး အပြားရှိသနည်း”**ဟူရာ၌ ဝိသေသလက္ခဏာ သာမညလက္ခဏာကို မဖောက်မပြန် အဟုတ်အမှန် ထိုးထွင်း၍ သိခြင်း လက္ခဏာအားဖြင့် ရှေးဦးစွာ တပါးအဘို့ ရှိ၏၊ လောကီပညာ, လောကုတ္တရာပညာ၏ အစွမ်းဖြင့် နှစ်ပါးရှိ၏။

အာသဝေါ၏ အာရုံဖြစ်သော ပညာ, အာသဝေါ၏ အာရုံမဟုတ်သော ပညာစသည်တို့၏ အစွမ်းဖြင့်၎င်း, နာမ်ကိုပိုင်းခြားတတ်သော ပညာ, ရုပ်ကို ပိုင်းခြားတတ်သော ပညာ၏ အစွမ်းဖြင့်၎င်း, သောမနဿ သဟဂုတ်ပညာ, ဥပေက္ခာသဟဂုတ်ပညာ၏ အစွမ်းဖြင့်၎င်း, ဒဿနဘူမိ ပညာ,ဘာဝနာဘူမိပညာ၏ အစွမ်းဖြင့်၎င်း နှစ်ပါးစီ ရှိ၏၊ စိန္တာမယပညာ, သုတမယပညာ, ဘာဝနာမယ ပညာ၏ အစွမ်းဖြင့် သုံးပါးရှိ၏၊ ကာမတရားလျှင် အာရုံရှိသော ပရိတ္တာရုံ ပညာ, မဟဂ္ဂုတ်တရားလျှင် အာရုံရှိသော မဟဂ္ဂတာရုံ ပညာ,လောကုတ္တရာ တရားလျှင် အာရုံရှိသော အပ္ပမာဏာရုံ ပညာ၏ အစွမ်းဖြင့်၎င်း, အစီးအပွါး၌ လိမ္မာသည်၏အဖြစ် အာယကောသလ္လပညာ, အစီးအပွါးမဟုတ်သည်၌ လိမ္မာသည်၏အဖြစ် **အပါယကောသလ္လပညာ**, ထိုထို

ကိစ္စပြီးခြင်း၏ အကြောင်း၌ လိမ္မာသည်၏ အဖြစ် ဥပါယ ကောသလ္လပညာ၏ အစွမ်းဖြင့်ဧင်း, အဇ္ဈတ္တသန္တာန်၌ နှလုံး သွင်းခြင်း ကျင့်ခြင်းရှိသောပညာ, ဗဟိဒ္ဓသန္တာန်၌ နှလုံးသွင်းခြင်း ကျင့်ခြင်း ရှိသောပညာ, အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါး၌ နှလုံးသွင်းခြင်း ကျင့်ခြင်းရှိသော ပညာ၏ အစွမ်းဖြင့် သုံးပါးစီရှိ၏၊ သစ္စာ လေးပါး၌သိသော ဉာဏ်၏ အစွမ်းဖြင့်ဧင်း, ပဋိသမ္ဘိဒါလေးပါး၏ အစွမ်းဖြင့်ဧင်း လေးပါးစီရှိ၏၊ ဤသို့ မှတ်အပ်၏။

၃၂၆။ ထို ကောဋ္ဌာသတို့တွင် ဧကဝိဓ ကောဋ္ဌာသ တပါး စုသည် ပေါ်လွင် ထင်ရှားသော အနက် ရှိပြီ၊ နှစ်ပါး စုတွင် လောကီ ကုသိုလ်စိတ္တုပ္ပါဒ်တို့၌ မဂ်နှင့်ယှဉ်သော ပညာသည် လောကီ ပညာမည်၏၊ လောကုတ္တရာ ကုသိုလ် စိတ္တုပ္ပါဒ်တို့၌ မဂ်နှင့်ယှဉ်သော ပညာသည် လောကုတ္တရာ ပညာ မည်၏၊ ဤသို့ လောကီ လောကုတ္တရာ၏ အစွမ်းအားဖြင့် နှစ်ပါးရှိ၏။

အာသဝေါ တရားတို့၏ အာရုံဖြစ်၍ ဖြစ်သော ပညာသည် သာသဝ ပညာမည်၏၊ ထို အာသဝေါ တရားတို့၏ အာရုံ မဟုတ်သော ပညာသည် အနာသဝ ပညာမည်၏၊ အနက် သဘော သရုပ်အားဖြင့်ကား ဤသာသဝပညာ, အနာသဝပညာ သည် လောကီပညာ, လောကုတ္တရာပညာသည်သာလျှင် ဖြစ်၏၊ "အာသ... ဝသမ္ပယုတ္တာ သာသဝါ အာသဝဝိပ္ပယုတ္တာ အနာသဝါ" အစရှိသ... ...တို့၌လည်း ဤနည်းကိုသာလျှင် သိအပ်၏၊ ဤသို့ သာ... ...ပညာ, အနာသဝပညာ၏ အစွမ်းအားဖြင့် နှစ်ပါးရှိ၏။

ဝိပဿနာကို အားထုတ်လိုသော ပုဂ္ဂိုလ်၏ နာမက္ခန္ဓာ လေးပါးတို့ကို ပိုင်းခြား မှတ်သားခြင်း၌ဖြစ်သော ပညာသည် နာမဝဝတ္ထာပနပညာ မည်၏၊ ရူပက္ခန္ဓာကို ပိုင်းခြား မှတ်သား ခြင်း၌ဖြစ်သော ပညာသည် ရူပဝဝတ္ထာပနပညာ မည်၏၊ ဤသို့ နာမ်ရုပ်ကိုပိုင်းခြား၍ သိသည်၏အစွမ်းအားဖြင့် နှစ်ပါးရှိ၏။

ကာမာဝစရ ကုသိုလ်စိတ် နှစ်ပါးတို့၌၎င်း, ပဉ္စကနည်းဖြင့် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နှင့်ယှဉ်ကုန်သော မဂ်စိတ် တဆယ့်ခြောက်ပါးတို့၌၎င်း ဖြစ်သောဉာဏ်သည် သောမနဿ သဟဂုတ်ပညာ မည်၏၊ ကာမာဝစရကုသိုလ်နှစ်ခုတို့၌၎င်း, ပဉ္စမဈာန်နှင့် ယှဉ်သော မဂ်စိတ် လေးခုတို့၌၎င်း ဖြစ်သောပညာသည် ဥပေက္ခာ သဟဂုတ်ပညာ မည်၏၊ ဤသို့ သောမနဿ သဟဂုတ် ပညာ, ဥပေက္ခာ သဟဂုတ် ပညာ၏ အစွမ်းအားဖြင့် နှစ်ပါး ရှိ၏၊ သောတာပတ္တိမဂ် ပညာသည် ဒဿနဘူမိ ပညာ မည်၏၊ ကြွင်းသော အထက်မဂ် သုံးပါး အပေါင်း၏ ပညာသည် ဘာဝနာဘူမိ ပညာ မည်၏၊ ဤသို့ ဒဿနဘူမိပညာ, ဘာဝနာဘူမိပညာ၏အစွမ်းဖြင့် နှစ်ပါး ရှိ၏။

၄၂၇။ သုံးပါးစုတို့တွင် ပဌမတိက်၌ သူတပါးထံမှ နည်းမရဘဲ သိအပ် ရအပ်သောပညာသည် မိမိ၏ စိတ်အကြံအစည်ဖြင့်ပြီးခြင်းကြောင့်“စိန္တာမယ ပညာ”မည်၏၊ သူတပါး နည်းကိုမှီ၍ ရအပ် သိအပ်သော ပညာသည် ကြားမှု မြင်မှု၏အစွမ်းဖြင့် ပြီးခြင်းကြောင့် “သုတမယ ပညာ” မည်၏၊ သူတပါးနည်းကို ကြားဘူး မြင်ဘူးသည်ဖြစ်စေ, မကြားဘူး မမြင်ဘူးသည် ဖြစ်စေ မိမိ အလိုလိုသာ ဘာဝနာကို အားထုတ်သည်၏ အစွမ်းဖြင့် ပြီးသော အပ္ပနာသို့ ရောက်သော ပညာသည် “ဘာဝနာမယ ပညာ”မည်၏၊ ထိုစကား မှန်၏၊ “တတ္ထ ကတမာ စိန္တာမယာ ပညာ၊ ....(လ).... ဘာဝနာမယာ ပညာ” ဟူ**သောစကားကိုဟော**ကြားတော်မူအပ်ပြီ။

## ပါဠိတော်၏အဓိပ္ပါယ်ကား

ထိုသုံးပါးတို့တွင် စိန္တာမယ ပညာသည် အဘယ်နည်းဟူ ငြားအံ့၊ ပညာဖြင့်စီရင်အပ်ကုန်သော ပညာဖြင့် ညွတ်စေအပ်ကုန်သော သင့်လျော်သည့်အကြောင်းဖြင့် ပြီးစေအပ်ကုန်သော

**အသက်မွေးခြင်း၏** အကြောင်းဖြစ်သော လယ်ထွန်ခြင်း, ကုန်ကူးခြင်းစသောအမှုတို့၌ဖြစ်စေ၊ပညာဖြင့် စီရင်အပ် ညွှတ်စေအပ်ကုန်သော အသက်မွေးခြင်း၏ အကြောင်းဖြစ်သော လက်မှုပညာစသော အတတ်တို့၌ဖြစ်စေ၊ ပညာဖြင့် စီရင်အပ် ညွှတ်စေအပ် သင့်လျော်သည့် အကြောင်းဖြင့် ပြီးစေအပ်ကုန်သော အသက်မွေးခြင်း၏ အကြောင်းဖြစ်သော သက်ကြည့် ဗေဒင်, ဆေးဝါး,မန္တန်စသော အတတ်တို့၌ဖြစ်စေ၊ တတ်သိ ကျွမ်းကျင်သောဉာဏ်သည်၎င်း၊ "ဤကံသည် သတ္တဝါတို့၏ ဥစ္စာတည်း၊ ဤကံသည် သတ္တဝါတို့၏ ကိုယ်ပိုင်ဥစ္စာ မဟုတ်"ဟု သိသော ကမ္မဿကတဉာဏ်သည်၎င်း၊ "ရုပ်သည် မြဲသော သဘောမရှိ၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ဝိညာဉ်သည် မြဲသော သဘောမရှိ"စသော အခြင်းအရာအားဖြင့် ဖြစ်သော သစ္စပ္ပဋိ-ဝေအား လျော်သည့် ဝိပဿနာဟူသော သစ္စာနုလောမိကဉာဏ်သည်၎င်း၊ ဤသို့ အောက်၌ပြဆိုအပ်ပြီးသော ကမ္မာယတနစသည်တို့အား မဆန့်ကျင်သဖြင့် လျော်သော သတ္တဝါတို့၏ အကျိုး စီးပွါးကိုကျင့်ခြင်းအားဖြင့်၎င်း၊ မဂ္ဂသစ္စာ,ပရမတ္ထသစ္စာ, နိဗ္ဗာန်အားမဆန့်ကျင်သဖြင့် လျော်သောပြဆိုပြီးသည့် အကြောင်းအရာအလုံးစုံတို့ကို သိမြင်ခြင်း၄ါ စွမ်းနိုင်သည်ဖြစ်၍ ခံ့သော နတ်စက်လွှတ်သို့ မချွတ် မြင်တတ်သော နှစ်သက်တတ်သော မှန်ကန် ရမိ သိရှိတတ်သော သင့်-မသင့်ကို နှိုင်းချင့် ရှုကြည့်တတ်သော ထိုထို ကမ္မာယတန စသော တရားတို့၏ ရှုခြင်းကို ခံ့ကြောင်းဖြစ်သော ဓမ္မနိဇ္ဈာနက္ခန္တိဉာဏ်သည်၎င်း ရှိ၏၊ထိုဉာဏ်ကို သူတပါးနည်းကိုမရဘဲ မိမိအလိုလိုကြံသဖြင့် ရအပ် သိအပ်သော "စိန္တာမယပညာ"ဟု ဆိုအပ်၏၊....(လ)....သူတပါးနည်းကို ရ၍ သိအပ်သော ပညာကို "သုတမယ ပညာ"ဟု ဆိုအပ်၏၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသူ၏ ပညာဉာဏ် အားလုံးသည် "ဘာဝနာမယပညာ"မည်၏။

ဤသို့ စိန္တာမယပညာ, သုတမယပညာ, ဘာဝနာမယပညာ၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိ၏။

ဒုတိယတိက်၌ ကာမာဝစရ တရားတို့ကို အကြောင်း ပြု၍ ဖြစ်သော ပညာသည် ပရိတ္တာရုံပညာမည်၏၊ ရူပါဝစရ, အရူပါ ဝစရတို့ကိုအကြောင်းပြု၍ဖြစ်သောပညာသည် မဟဂ္ဂတာရုံပညာ မည်၏၊ ထိုပရိတ္တာရုံပညာ, မဟဂ္ဂတာရုံပညာသည် လောကိယ ဝိပဿနာ မည်၏၊ နိဗ္ဗာန်ကိုအကြောင်းပြု၍ဖြစ်သောပညာသည် အပ္ပမာဏာရုံ ပညာ မည်၏၊ ထို အပ္ပမာဏာရုံ ပညာသည် လောကုတ္တရာဝိပဿနာမည်၏၊ဤသို့ ပရိတ္တာရုံပညာ,မဟဂ္ဂတာရုံ ပညာ,အပ္ပမာဏာရုံပညာ၏ အစွမ်းဖြင့် သုံးပါး အပြားရှိ၏။

တတိယတိက်၌ သမ္ပတ္တိတို့၏ ပွါးစီးကြောင်း လာကြောင်း ဖြစ်ကြောင်း တရားသည် "အာယ"မည်၏၊ ထို အာယသည် အကျိုးမဲ့၏ပျောက်ပျက်ခြင်းအားဖြင့်၎င်း,အကျိုးစီးပွါး၏ဖြစ်ခြင်း အားဖြင့်၎င်း နှစ်ပါးရှိ၏၊ ထို အနတ္ထဟာနိ အတ္ထုပ္ပတ္တိလက္ခဏာ နှစ်ပါးရှိသော ပွါးစီးကြောင်း၌ လိမ္မာသောသူ၏အဖြစ်ဟူသော တတ်ပွန် သိမ်မွေ့ လေ့လာ ကျွမ်းကျင်သောပညာသည် "အာယ-ကောသလ္လ ပညာ"မည်၏၊ ဘုရားဟောတော်မူသည်မှာကား—

"တတ္ထ ကတမံ အာယကောသလ္လံ၊ ဣမေ ဓမ္မေ မနသိ ကရောတော....(လ)....ကောသလ္လံ"ဟူ၍ ဖြစ်သည်။

## ပါဠိတော်၏အဓိပ္ပါယ်ကား

ထို နှစ်ပါးတို့တွင် အာယကောသလ္လသည် အဘယ် နည်း၊ ဤတရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ် ကုန်သေးသော အကုသိုလ်တရားတို့သည်လည်းမဖြစ်ကုန်၊ ဖြစ်မိ ပြုမိကုန်ပြီးသော အကုသိုလ် တရားတို့သည်လည်း ပျောက်ပျက်ကုန်၏၊ ဤ တရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်ကုန်သေးသော ကုသိုလ် တရားတို့သည် ဖြစ်ကုန်၏၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့သည်လည်း လွန်စွာ ပွါးခြင်းငှါ ပြန့်ပြောခြင်းငှါ ဘာဝနာ၏ ပြည့်စုံ ခြင်းငှါ ဖြစ်ကုန်၏၊ ထို တရားတို့၌ အကြင်အပြားအားဖြင့် သိခြင်းသည် အကြင်အပြားအားဖြင့်သိသော အခြင်းအရာ

သည်၊····(လ)····မတွေမဝေ သိသောသဘောသည့်,ဓမ္မကို စိစစ်တတ်သော သဘောသည်, အမှန်အားဖြင့် မြင်၍ ချီးမွမ်းအပ်သော တရားသည်ရှိ၏၊ ဤသဘောတရားတို့၌ ကျွမ်းကျင်လိမ္မာသော ပညာကို "အာယ ကောသလ္လ ပညာ"ဟု ဆိုအပ်၏။

သမ္ပတ္တိတို့၏ မပွါးမစီး ဆုတ်ယုတ် ပျက်စီးကြောင်းသည် "အပါယ" မည်၏၊ ထို အပါယသည်လည်း အကျိုးစီးပွါး၏ ပျောက်ပျက် ဆုတ်ယုတ်ခြင်း အတ္ထဟာနိအားဖြင့်၎င်း,အကျိုးမဲ့၏ ဖြစ်ထွန်းပွါးများခြင်း အနတ္ထုပ္ပတ္တိအားဖြင့်၎င်း နှစ်ပါးရှိ၏၊ ထို နှစ်ပါးသော လက္ခဏာရှိသည့် အပါယ၌ လိမ္မာကျွမ်းကျင်သော ဉာဏ်သည် "အပါယ ကောသလ္လ ပညာ" မည်၏၊ ဘုရားဟောတော်မူသည်မှာကား—

"တတ္ထ ကတမံ အပါယ ကောသလ္လံ၊····(လ)····

ဥပ္ပဇ္ဇန္တိ" အစရှိသည်ဖြင့် ဟောတော်မူ၏။

ပါဠိတော်၏ အဓိပ္ပါယ်ကား၊ အာယ ကောသလ္လ ပညာမှ ပြန်လှန်သောအားဖြင့် သိလောက်ပြီ။

ထိုထို သတ္တဝါတို့၏ စီးပွါး ချမ်းသာ တရားအားလုံးတို့၏ ဖြစ်ခြင်း ပြီးခြင်း အကြောင်းတို့၌ ထိုခဏ၌သာလျှင် ဖြစ်သော အကြောင်းအရာအားဖြင့် သာလျှင် ရုတ်တရက် ဖြစ်ပေါ်သော လိမ္မာ ကျွမ်းကျင်သူ၏ အဖြစ်ဟူသော ဉာဏ်သည် ဥပါယ် တမျဉ်၌ လိမ္မာသော "ဥပါယ ကောသလ္လပညာ" မည်၏။

"သဗ္ဗာပိ တတြုပါယာ ပညာ ဥပါယကောသလ္လံ" ဟု ထိုထိုကိစ္စ ဟူသမျှ၌ အကျိုးပြီးစီးကြောင်းဖြစ်၍ လိမ္မာသောဉာဏ်သည် ဥပါယ ကောသလ္လပညာ မည်၏ဟူ၍ ဘုရားဟောတော်မူလေပြီ၊ ဤသို့ အာယ ကောသလ္လ ပညာ, အပါယ ကောသလ္လ ပညာ, ဥပါယကောသလ္လ ပညာအားဖြင့် သုံးပါးရှိ၏။

စတုတ္ထ တိက်၌ မိမိခန္ဓာတို့ကို "ဤသည်ကား ရုပ်တည်း, ရုပ်ကား ဤမျှသာတည်း"စသည်ဖြင့် သိမ်းဆည်းသည်၏ အစွမ်းအားဖြင့် ယှဉ်၍ အားထုတ်အပ်သော ဝိပဿနာ ပညာသည် အဇ္ဈတ္တသန္တာန်၌ နှလုံးသွင်းခြင်း ရှိသော အဇ္ဈတ္တာဘိနိဝေသ ပညာမည်၏၊ သူတပါး၏ ခန္ဓာတို့ကို၎င်း, ဗာဟိရ ဖြစ်သော အနိန္ဒြိယ ဗဒ္ဓရုပ်ကို၎င်း သိမ်းဆည်း၍ အားထုတ်အပ်သော ဝိပဿနာ ပညာသည် ဗဟိဒ္ဓါဘိနိဝေသ ပညာမည်၏၊ အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံကို အစဉ်အတိုင်းအားဖြင့် သိမ်းဆည်း၍ အားထုတ်အပ်သော ဝိပဿနာ ပညာသည် အဇ္ဈတ္တဗဟိဒ္ဓါ ဘိနိဝေသ ပညာမည်၏၊ဤသို့ အဇ္ဈတ္တာ ဘိနိဝေသပညာ, ဗဟိဒ္ဓါ ဘိနိဝေသ ပညာ, အဇ္ဈတ္တ ဗဟိဒ္ဓါ ဘိနိဝေသ ပညာအားဖြင့် သုံးပါးရှိ၏။

၄၂၀။ ပဌမ စတုက္က၌ ဒုက္ခသစ္စာကို အာရုံပြု၍ ဖြစ်သော ဉာဏ်သည် ဒုက္ခသစ္စာ၌သိသော ပညာမည်၏၊ ဒုက္ခ၏ အကြောင်း သမုဒယ သစ္စာကို အာရုံပြု၍ ဖြစ်သော ဉာဏ်သည် သမုဒယ သစ္စာ၌ သိသော ပညာမည်၏၊ ဒုက္ခ၏ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော ဉာဏ်သည် နိရောဓသစ္စာ၌သိသောပညာမည်၏၊ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို အာရုံပြု၍ဖြစ်သော ဉာဏ်သည် မဂ္ဂသစ္စာ၌ သိသော ပညာမည်၏၊ ဤသို့ သစ္စာ လေးပါးတို့၌ သိသော ဉာဏ်အားဖြင့် လေးပါးရှိ၏။

ဒုတိယ စတုက္က၌ အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာနတို့၌ အထူးထူး အပြားပြားသို့ ရောက်ကုန် သိကုန်သော ဉာဏ် လေးပါးတို့သည် ပဋိသမ္ဘိဒါ လေးပါးတို့မည်ကုန်၏၊ ဝိပါက်, ကြိယာ, နိဗ္ဗာန်, ပစ္စယုပ္ပန်, ဘာသိတတ္ထဟူသော အကျိုးငါးပါး၌ ဖြစ်သော ဉာဏ်သည် "အတ္ထ,ပဋိသမ္ဘိဒါ" မည်၏၊ ကုသိုလ်, အကုသိုလ်, မဂ်လေးတန်, ပစ္စယ, ဘာသိတ ဟူသော အကြောင်းငါးပါး၌ ဖြစ်သောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏၊ ထို အတ္ထဓမ္မကို မဖောက်မပြန် ရွတ်ဆိုအပ်သော သဘာဝ နိရုတ္တိ၌ ဖြစ်သော

ဉာဏ်သည် "နိရုတ္တိ ပဋိသမ္ဘိဒါ" မည်၏၊ အတ္ထ ပဋိသမ္ဘိဒါ, ဓမ္မ ပဋိသမ္ဘိဒါ, နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်တို့၌ စင်ကြယ်စွာ ထိုးထွင်း၍ သိသောဉာဏ်သည်"ပဋိဘာန ပဋိသမ္ဘိဒါ"မည်၏ဟု ပဋိသမ္ဘိဒါ မဂ်၌ ဟောတော်မူလေပြီ။

ထို ပါဠိတော်၌ "အတ္ထ" ဟူသည်ကား–အကျဉ်း အားဖြင့် အကျိုး၏ အမည်တည်း၊ အကြောင်း၏အကျိုးကို အကြောင်း သုံးပါး၌ အစဉ်လျှောက်သော ဉာဏ်ဖြင့် ရအပ်သိအပ် ရောက် အပ်သောကြောင့် "အတ္ထ"ဟူ၍ ဆိုအပ်၏။

**မှတ်ချက်။** ။နိဗ္ဗတ္တက အကြောင်း, ဉာပက အကြောင်း, သမ္ပာပက အကြောင်းကို အကြောင်း ၃-ပါးယူ။

အစိတ်စိတ် အမွှာမွှာ ခွဲဝေသော အားဖြင့်ကား အမှတ်မရှိ တစုံတခုသော ပစ္စည်းတရားကြောင့် ဖြစ်သော ပစ္စယုပ္ပန်တရား ငှင်း, နိဗ္ဗာန်ငှင်း, ဘာသိတဟူသော သဒ္ဒါ၏ အနက် ဝစ္စငှင်း, ဝိပါက်ငှင်း, ကြိယာငှင်း ဤငါးပါးကုန်သော အကျိုးတရားတို့ကို "အတ္ထ"ဟူ၍ သိအပ်ကုန်၏၊ ထို အကျိုးငါးပါးကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ထို အကျိုးငါးပါး၌ စိတ်ဖြာဝေဖန်လျက် ထိုးထွင်း သိမြင်သောဉာဏ်သည် အတ္ထ ပဋိသမ္ဘိဒါ မည်၏။

"ဓမ္မ"ဟူသည်လည်း အကျဉ်းအားဖြင့် "အကြောင်း" ၏ အမည်တည်း၊ ထိုထို အကျိုးတရားတို့ကို စီရင်တတ် ဖြစ်စေတတ် ရောက်စေတတ်သောကြောင့် အကြောင်းပစ္စည်းကို "ဓမ္မ" ဟူ၍ ဆိုအပ်၏၊ အစိတ်စိတ် အပြားပြား ဝေဘန်သောအားဖြင့်ကား အမှတ်မရှိ အကျိုးတစုံတရာကို ဖြစ်စေတတ်သော အကြောင်း တရားငှင်း, သမ္မာဒိဋ္ဌိစသော အရိယမဂ်ငှင်း, ဟောအပ်သော ပါဠိသဒ္ဒါငှင်း,ကုသိုလ်ငှင်း, အကုသိုလ်ငှင်း ဤငါးပါးကုန်သော အကြောင်းတရားတို့ကို "ဓမ္မ"ဟူ၍ သိအပ်ကုန်၏၊ ထို အကြောင်း တရားငါးပါးကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ထို အကြောင်းငါးပါး ၌ စိတ်ဖြာ ခွဲခြမ်းလျက် ထိုးထွင်းသိမြင်သော ဉာဏ်သည် ဓမ္မ ပဋိသမ္ဘိဒါ မည်၏။

ပြဆိုခဲ့ပြီးသော အနက်ကိုပင်လျှင် အဘိဓမ္မာ ပါဠိတော်၌ "ဒုက္ခေဉာဏံ····(လ) ···အတ္ထပဋိသမ္ဘိဒါ" စသော နည်းဖြင့် ဝေဘန်၍ ပြတော်မူလေပြီ။

**အဓိပ္ပါယ်ကား**

"ဒုက္ခသစ္စာ ဟူသော အကျိုးဖြစ်သော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏၊ ဒုက္ခသစ္စာ၏အကြောင်းဖြစ်သော သမုဒယသစ္စာ၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာ၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာ၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ အကြောင်း၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ အကြောင်း၏ အကျိုး၌သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏၊ အကြင်သဘော တရားတို့သည် ဖြစ်ကုန်၏၊ သဘောသို့ ရောက်ကုန်၏၊ အကြောင်းညီညွတ်သဖြင့် ဖြစ်ကုန်၏၊ အထူးအားဖြင့် ဥပါဒ်ခဏသို့ ရောက်ကုန်၏၊ သဘောသို့ ရောက်သော အားဖြင့် ထင်စွာ ဖြစ်ကုန်၏၊ ဤအကျိုးတရားတို့၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏၊ ပြဆိုပြီးသော အကျိုးတို့ကို ဖြစ်ပေါ်စေတတ်သော ထိုထို အကြောင်းတရားတို့၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ ဇရာမရဏ၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏၊ ဇရာ မရဏ၌ ဖြစ်ခြင်း၏အကြောင်း၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏၊....(လ)....ပုညာဘိသင်္ခါရစသည်တို့၏ ချုပ်ရာနိဗ္ဗာန်၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏၊ ပုညာဘိသင်္ခါရ စသည်တို့ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်မဂ်၌သိသောဉာဏ်သည် ဓမ္မပဋိ-သမ္ဘိဒါ မည်၏၊ ဤသာသနာတော်၌ ရဟန်းသည် ပါဠိကို သိ၏၊ သုတ်ကို သိ၏၊ ဂေယျကို သိ၏၊....(လ)....ဝေဒလ္လကို သိ၏၊ ဤအင်္ဂါကိုးပါး၌ သိသောဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါ

ဟူ၍ ဆိုအပ်၏၊ ထိုရဟန်းသည် ထိုထိုသုတ္တ, ဂေယျစသော ပါဠိမွေ့ဖွင့်သောလျှင် "ဤအနက်သည် ဤပါဠိ၏ အနက်တည်း၊ ဤသဘောတရားသည် ဤပါဠိ၏အနက်သဘောတည်း" ဟု ဤသို့ပါဠိ၏ အနက်အဓိပ္ပါယ်ကို သိသော ဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဟူ၍ ဆိုအပ်၏၊ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း၊ အကြင်သမယ၌စိတ်လေးပါးနှင့် ပြည့်စုံသောခဏ၌ ကာမာဝစရ ကုသိုလ် ဖြစ်သော စိတ်သည် ခဏတ္တယသို့ ရောက်သည်ဖြစ်၍ ထင်ရှား၏....(လ)....ဤတရားတို့သည် ကုသိုလ် မည်ကုန်၏၊ ဤကုသိုလ်တရားတို့၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ ထို ကုသိုလ်တရားတို့၏ အကျိုးဝိပါက်၌ သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏"။

အစရှိသည်ဖြင့် ဝေဘန်၍ ဟောတော်မူ၏။

"အတ္ထဓမ္မကို မဖောက်မပြန် ရွတ်ဆိုအပ်သော သဘာဝ နိရုတ္တိ၌ ဖြစ်သောဉာဏ်" ဟူသည်ကား— ထို အကျိုးငါးပါး၌ရင်း, ထို အကြောင်းငါးပါး၌ရင်း အကြင် မဖောက်မပြန်သော ဘာသာစကား သဘာဝ နိရုတ္တိသည် ထိုထို အနက်ကို သိစေခြင်း၌ အစဉ်မပြတ်စပ်ခြင်းရှိသော သဒ္ဒဝေါဟာရသည် ရှိ၏၊ ထိုသဘာဝ နိရုတ္တိ ဟု မှတ်အပ်သော ဘယ်အခါမှ ပျက်စီးခြင်းမရှိသော သဒ္ဒဝေါဟာရကို ရွတ်သည်ရှိသော် ထိုမာဂဓဘာသာ သဘာဝ နိရုတ္တိကို ရွတ်ဆိုခြင်း၌ ဟောအပ် ရွတ်အပ် နှုတ်မြွက်အပ်သော ထို မဖောက်မပြန်သော မာဂဓဘာသာ သဘာဝ နိရုတ္တိ ပရမတ္ထ သဒ္ဒါကို ကြားတည့်လျှင်ပင် "ဤသဒ္ဒါသည် သဘာဝ နိရုတ္တိတည်း, ဤသဒ္ဒါသည် သဘာဝ နိရုတ္တိမဟုတ်" ဟု ဤသို့သော အခြင်းအရာအားဖြင့် မာဂဓတိုင်း၌ ထင်သော သတ္တဝါအားလုံးတို့၏ အမြစ်အရင်းဘာသာဖြစ်သော ဓမ္မနိရုတ္တိဟု မှတ်အပ်သော ထိုသဘာဝ နိရုတ္တိ၌ အထူးထူး အပြားပြားကို ခွဲခြမ်းစိတ်ဖြာလျက် ထိုးထွင်း၍ သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ မည်၏။

ထိုစကားမှန်၏–နိရုတ္တိ ပဋိသမ္ဘိဒါသို့ ရောက်သောပုဂ္ဂိုလ်သည် "ဖဿော, ဝေဒနာ စသော စကားကို ကြားရလျှင်ပင် ဤဖဿော, ဝေဒနာစသည်ကား မဖောက်မပြန်သော သဘာဝနိရုတ္တိတည်း"ဟု သိ၏၊ဖဿာ,ဝေဒနော စသောစကားကို ကြားရမူကား"ဤဖဿာ,ဝေဒနောစသော စကားသည် သဘာဝနိရုတ္တိ မဟုတ်"ဟု သိ၏။

အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိသမ္ဘိဒါဉာဏ်တို့၌ သိသောဉာဏ်ဟူသည်ကား–အလုံးစုံသော အတ္ထ, ဓမ္မ, နိရုတ္တိဟူသော အာရုံ၌ အသီးအသီး တခုစီဖြစ်သော ပဋိသမ္ဘိဒါဉာဏ်လေးပါးကို အာရုံပြု၍ ဆင်ခြင်သောသူ၏ ဉာဏ်လေးပါးလျှင် အာရုံရှိသော ဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါ မည်၏၊ တနည်းတုံ၊ ဆိုအပ်ပြီးသော ရှေ့ဉာဏ်သုံးပါးတို့၌ မိမိတို့အာရုံကိစ္စ စသည်တို့၏အစွမ်းဖြင့် "ဤဉာဏ်သည် ဤမည်သောအာရုံကို အာရုံပြု၍ဖြစ်၏၊ ဤသို့သော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှိ၏" ဟု အကျယ်ဆုံး နယ်ချဲ့ပြီးသိသောဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါ မည်၏။

၄၂၉။ ထိုပဋိသမ္ဘိဒါလေးပါးတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော အောက်မဂ် အောက်ဖိုလ်တို့ဖြင့် ထုံအပ်သော စိတ် အစဉ်မည်သော သေက္ခဘုံ၌ရင်း, အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ဖြင့် ထုံအပ်သော စိတ်အစဉ်မည်သော အသေက္ခဘုံ၌ရင်း ဤနှစ်ဘုံတို့၌ အထူးထူး အပြားပြားကို သိစွမ်းနိုင်သော အဖြစ်သို့ ရောက်ကုန်၏၊ ထိုနှစ်ပါးတို့တွင် အဂ္ဂသာဝက, မဟာသာဝကတို့၏ ပဋိသမ္ဘိဒါတို့သည် အသေက္ခဘုံ၌ အထူးထူး အပြားပြား သိစွမ်းနိုင်သောအဖြစ်သို့ ရောက်ကုန်၏၊ အရှင်အာနန္ဒာမထေရ်, စိတ္တသူကြွယ်, ဓမ္မိက ဥပါသကာ, ဥပါလိသူကြွယ်, ခုဇ္ဇုတ္တရာ ဥပါသိကာမ တို့သည် သေက္ခဘုံ၌ အထူးထူး အပြားပြား သိစွမ်းနိုင်သောအဖြစ်သို့ ရောက်ကုန်၏။

ဤပြဆိုပြီးသောနည်းဖြင့် ဘုံနှစ်ပါးတို့၌ အထူးထူး အပြားပြား သိသောအဖြစ်သို့ ရောက်ကုန်သော်လည်း ထိုပဋိသမ္ဘိဒါတို့သည် အရဟတ္တဖိုလ်ကို ရခြင်းကြောင့်၎င်း, ပိဋကတ်ပါဠိတော်သက်သက်ကိုသင်ခြင်း, သရဇ္ဈာယ်ခြင်းကြောင့်၎င်း, ထိုပါဠိ၏အနက်အဋ္ဌကထာကိုသင်ခြင်း, နာခြင်း, တရားနာခြင်းကြောင့်၎င်း, အဆုံးအဖြတ် စကားကြောင့်၎င်း, ရှေးဘုရားတို့ သာသနာ၌ ဘာဝနာကို အားထုတ်ဘူးခြင်းကြောင့်၎င်း ဤငါးပါးသော အကြောင်းတို့ကြောင့်သာ ဉာဏ်အမြင် စင်ကြယ်သန့်ရှင်းကုန်၏။

ထိုအကြောင်းငါးပါးတို့တွင် အရဟတ္တဖိုလ်ကို ရခြင်းသည် "အဓိဂမ" မည်၏၊ ဘုရားစကားတော်ဖြစ်သော ပိဋကတ်သုံးပုံကို သင်ခြင်း, သရဇ္ဈာယ်ခြင်းသည် "ပရိယတ္တိ" မည်၏၊ ရိုရိုသေသေ လေးလေးမြတ်မြတ်ပြု၍ သူတော်ကောင်းတရားကို နာခြင်းသည် ''သဝန'' မည်၏၊ ပါဠိအဋ္ဌကထာ စသည်တို့၌ ပုဒ်အနက် ပဒတ္ထအားဖြင့် သိခက်သောပုဒ်၊ အဓိပ္ပါယ် အနက်အားဖြင့် သိခက်သော ပုဒ်တို့ကို အကျယ်ဝေဘန်၍ ဆုံးဖြတ်ကြောင်းဖြစ်သော စကားသည် "ပရိပုစ္ဆာ"မည်၏၊ ရှေးဘုရားတို့၏ သာသနာတော်၌ အသွားဆောင်ခြင်း, အပြန်ဆောင်ခြင်း, အသွားအပြန် ဆောင်ခြင်း ကျင့်ဝတ်ရှိသည်၏အဖြစ်ဖြင့် အနုလုံ ဂေါတြဘူအနီး မှန်စွာ ကမ္မဋ္ဌာနဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင် ဝိပဿနာကို အားထုတ်ဘူးခြင်းသည် "ပုဗ္ဗယောဂ" မည်၏၊ **အပရေရဆရာ**တို့ကမူ—

(၁) ပုဗ္ဗယောဂ,
(၂) အကြားအမြင်များသော သူ၏အဖြစ်,
(၃) ထိုထို အရပ်ဒေသ ဘာသာစကားကို တတ်မြောက်ခြင်း,
(၄) ပါဠိတော်သင်ခြင်း,
(၅) အနက်အဆုံးအဖြတ်ကို မေးခြင်း,
(၆) ဖိုလ်လေးတန် ရခြင်း,
(၇) ဆရာကောင်းထံ နည်းခံ၍ နေရခြင်း,
(၈) ကလျာဏ မိတ်ကောင်း ပေါင်းရခြင်း,

ဤ ရှစ်ပါးတို့သည် ပဋိသမ္ဘိဒါရခြင်း၏ အကြောင်းတို့တည်းဟု ဆိုကုန်၏။

(၁) ထို ရှစ်ပါးတို့တွင် ပုဗ္ဗယောဂသည် ပြဆိုပြီးသော နည်း အတိုင်းသာတည်း။

(၂) ကောင်းကျိုးကို ဆောင်တတ်သည်ဖြစ်၍ အပြစ် ကင်း သော ထိုထို ကျမ်းစာတို့၌၎င်း, အပြစ်ကင်းသော အသက် မွေးကြောင်း အတတ်အမျိုးမျိုး၌၎င်း ကျွမ်းကျင် လိမ္မာသောသူ၏ အဖြစ်သည် "ဗာဟုသစ္စ"မည်၏။

(၃) တရာ့တပါးသော လူ အမျိုးမျိုးတို့၏ ဝေါဟာရစကား အမျိုးမျိုး၌ လိမ္မာကျွမ်းကျင်သောသူ၏ အဖြစ်သည် "ဒေသ ဘာသာ" မည်၏၊ အထူးအားဖြင့်ကား မာဂဓ ဘာသာ၌ ကျွမ်းကျင် လိမ္မာသောသူ၏ အဖြစ်သည်"ဒေသဘာသာ"မည်၏။

(၄) ယုတ်စွအဆုံး မူလပဏ္ဏာသ၌ လာသော ယမက ဝဂ်မျှ လောက် ဖြစ်သော ဘုရားစကားတော်ကို သင်ခြင်းသည် အာဂမ မည်၏။

(၅) အနည်းဆုံးအားဖြင့် တဂါထာ၏လည်း အနက်ကို မေးခြင်း အဆုံးအဖြတ်ကို မေးခြင်းသည် ပရိပုစ္ဆာ မည်၏။

(၆) သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်သည် "အဓိဂမ" မည်၏။

(၇) အကြား အမြင် များ၍ ဉာဏ် အမြင်သန်သော ဆရာ ကောင်းတို့၏ အထံ၌ ကျိုးနွံစွာ ဆည်းကပ်၍ နည်းခံနေခြင်း သည် "ဂရုသန္နိဿယ" မည်၏။

(၈) ထိုသို့ သုတ ပဋိဘာန် ထက်သန်သော ကလျာဏ မိတ် တို့ကို ပေါင်းဖော်ရခြင်းသည် "မိတ္တသမ္ပတ္တိ" မည်၏။

ထိုငါးပါး ရှစ်ပါးတို့တွင် မြတ်စွာဘုရား, ရှင်ပစ္စေကဗုဒ္ဓါ တို့သည် ပုဗ္ဗယောဂကို၎င်း, အဓိဂမကို၎င်း မှီ၍ ပဋိသမ္ဘိဒါ ဉာဏ်၏ စင်ကြယ်ခြင်းသို့ ရောက်တော်မူကုန်၏။ သာဝကတို့မှာ

မှုကား ထိုငါးပါး ရှစ်ပါးသော အကြောင်းအားလုံးတို့ကို မှီ၍ ပဋိသမ္ဘိဒါဉာဏ်၏ စင်ကြယ်ခြင်းသို့ ရောက်ကြကုန်၏၊ အသီး အခြားဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရခြင်းမည်သည် မရှိ၊ သေက္ခ ပုဂ္ဂိုလ်တို့၏ ပဋိသမ္ဘိဒါသို့ ရောက်ခြင်းသည် သေက္ခဖိုလ် ဟူသော ဝိမောက္ခ၏ အဆုံး၌သာ ဖြစ်၏၊ အသေက္ခ ပုဂ္ဂိုလ်တို့၏ ပဋိသမ္ဘိဒါသို့ ရောက်ခြင်းသည်လည်း အသေက္ခဖိုလ် ဟူသော ဝိမောက္ခ၏ အဆုံး၌သာလျှင် ဖြစ်၏၊ မြတ်စွာဘုရား တို့၏ ဒသဗလ ဉာဏ်တော်တို့သည် အရဟတ္တဖိုလ်ဖြင့်သာလျှင် ပြည့်စုံသကဲ့သို့ အရိယာတို့၏ ပဋိသမ္ဘိဒါတို့သည် မိမိတို့၏ အရိယ ဖိုလ်ဖြင့်သာလျှင် ပြည့်စုံကုန်၏၊ ဤပဋိသမ္ဘိဒါ လေးပါးတို့ကို ရည်၍ "ပဋိသမ္ဘိဒါ လေးပါး၏အစွမ်းဖြင့် လေးပါး အပြားရှိ၏" ဟူသောစကားကို ဆို၏။

## (၅) ပညာကိုပွါးစေခြင်း

၄၃၀။ **"ပညာကို အဘယ်သို့ ပွါးစေအပ်သနည်း"** ဟူရာ၌ ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည် အပြားရှိကုန်သော သဘောတရားတို့သည် ဤဝိပဿနာပညာ၏ မိမိတို့ လက္ခဏာ စသည်ကို မှတ် ခြင်း၏အစွမ်းဖြင့် ဖြစ်ရာဌာန ဖြစ်သောကြောင့် ဤ ဝိပဿနာပညာ၏ ဘုံမည်၏။

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ နှစ်ပါးတို့သည် တည်ရာ၏ အဖြစ် ကြောင့် ပညာ၏အခြေ အမြစ် "မူလ"မည်၏၊ ဒိဋ္ဌိ ဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါ-ဉာဏဒဿန ဝိသုဒ္ဓိ, ဉာဏဒဿန ဝိသုဒ္ဓိ ဤဝိသုဒ္ဓိ ငါးပါး တို့သည် ပွါးစေအပ်သည်၏ အဖြစ်ကြောင့် "ကိုယ်" မည်၏၊ ထိုကြောင့် ဘုံဖြစ်ကုန်သော ထိုခန္ဓာစသော တရားတို့၌ သင်ခြင်း မေးမြန်းခြင်း၏အစွမ်းဖြင့် ဉာဏ်ဖြင့်လေ့ကျက်ခြင်းကိုပြု၍ အခြေ အမြစ်ဖြစ်ကုန်သော ဝိသုဒ္ဓိနှစ်ပါးတို့ကို ပြည့်စုံစေ၍ ကိုယ်ဖြစ်၍ ဖြစ်ကုန်သော ဝိသုဒ္ဓိ ငါးပါးတို့ကို လုံလုံလောက်လောက်ပြီး မြောက်စေလျက် ပွါးများစေအပ်၏၊ ဤသည်ကား အကျဉ်းတည်း။

၄၃၁။ ဤ **ဆိုလတ္တံ့သည်ကား အကျယ်တည်း၊**—ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည် အပြားရှိသော တရားတို့ကို ဘုံဟူ၍ ဆိုအပ်၏။

ဤစကားရပ်၌ ခန္ဓာဟူသည်ကား—ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူ၍ ခန္ဓာငါးပါးရှိ၏။

၄၃၂။ ထိုခန္ဓာငါးပါးတို့တွင် ချမ်းခြင်း, ပူခြင်း, ဆာလောင်ခြင်း, သောက်လိုခြင်း စသည်တို့ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာရှိသော သဘောတရား အားလုံးကို ဉာဏ်ဖြင့် တစု တပေါင်းတည်းပြု၍ ရုပ်အစု “ရူပက္ခန္ဓာ” ဟု သိအပ်၏။

ထို ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သော ရုပ်ဟု လက္ခဏာ အားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ဘူတရုပ်, ဥပါဒါရုပ် အားဖြင့် နှစ်ပါး အပြားရှိ၏၊ ထို နှစ်ပါးတို့တွင် ဘူတရုပ်သည် ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် အားဖြင့် လေးပါး အပြားရှိ၏၊ ထို ဓာတ်လေးပါးတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို စတုဓာတု ဝဝတ္ထာန် အပိုင်း၌ ပြဆိုခဲ့ပြီ၊ မဆိုရသေးသည့် စကားမှာမူ ပဒဋ္ဌာန်အားဖြင့် ဓာတ် လေးပါး အားလုံးတို့သည်လည်း မိမိမိမိမှကြွင်းသော ဓာတ် သုံးပါးလျှင် နီးစွာသော အကြောင်းရှိကုန်၏။

ဥပါဒါရုပ်သည် စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,ရူပ,သဒ္ဒ, ဂန္ဓ, ရသ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, ဟဒယဝတ္ထု, ကာယ-ဝိညတ်, ဝစီဝိညတ်, အာကာသဓာတ်, ရူပဿလဟုတာ, ရူပဿ-မုဒုတာ, ရူပဿ ကမ္မညတာ, ရူပဿ ဥပစယ, ရူပဿ သန္တတိ, ရူပဿ ဇရတာ,ရူပဿ အနိစ္စတာ, ကဗဠီကာရာဟာရအားဖြင့် နှစ်ဆယ့်လေးပါး အပြားရှိ၏။

၄၃၃။ ထို နှစ်ဆယ့်လေးပါးတို့တွင် “စက္ခု” သည် ရူပါရုံ၌ ရှေးရှု ထိခတ်ခြင်းငှါ ထိုက်သော မဟာဘုတ်တို့ကို ကြည်လင် စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ မှတ်အပ်သော

လက္ခဏာရှိ၏၊ တနည်းကား–ရူပါရုံကိုမြင်ခြင်းငှါ အလို ရှိသော သူ၏ အဖြစ်တည်း ဟူသော ရူပတဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်သော မဟာဘုတ် တို့ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘော တရားသည် စက္ခုမည်၏၊ ရူပါရုံတို့၌ အာဝဇ္ဇန်းစသော ဝိညာဉ်ကို ဆွဲငင် ဆောင်သွားခြင်းကိစ္စ ရှိ၏၊ စက္ခု ဝိညာဉ်၏ တည်ရာ၏အဖြစ်ဖြင့် ရှုသောသူ၏ဉာဏ်အား ရှေးရှုထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ မြင်လိုသူ၏ အဖြစ် ဟူသော ရူပတဏှာလျှင် အကြောင်းရှိ၍ ကံကြောင့် ဖြစ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

"သောတ"သည် သဒ္ဒါရုံ၌ ရှေးရှု ထိခတ်ခြင်းငှါ ထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ မှတ် အပ်သော လက္ခဏာ ရှိ၏။ တနည်း–သဒ္ဒါရုံကို နာလိုသူ၏အဖြစ် ဟူသော သဒ္ဒတဏှာလျှင် အကြောင်းရှိသဖြင့် ကံကြောင့်ဖြစ် သော မဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘောတရားသည် သောတမည်၏၊ သဒ္ဒါရုံတို့၌ အာဝဇ္ဇန်း စသော ဝိညာဉ်ကို ဆွဲငင်ဆောင်သွားခြင်းကိစ္စ ရှိ၏၊ သောတ ဝိညာဉ်၏ တည်ရာ၏အဖြစ်ဖြင့် ရှုသောသူ၏ ဉာဏ်အား ရှေးရှု ထင်တတ်၏၊ ကြားနာလိုသူ၏ အဖြစ် ဟူသော သဒ္ဒတဏှာလျှင် အကြောင်းရှိ၍ ကံကြောင့်ဖြစ်သောမဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

"ဃာန"သည် ဂန္ဓာရုံ၌ ရှေးရှု ထိခတ်ခြင်းငှါ ထိုက်သော မဟာဘုတ်ကိုကြည်စေခြင်းလျှင် မှတ်ကြောင်း လက္ခဏာ မှတ် အပ်သော လက္ခဏာရှိ၏၊ တနည်း–ဂန္ဓာရုံကို နမ်းလိုသူ အဖြစ် ဟူသော ဂန္ဓတဏှာလျှင် အကြောင်းရှိသဖြင့် ကံကြောင့်ဖြစ် သော မဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘောတရားသည် ဃာနမည်၏၊ဂန္ဓာရုံတို့၌ အာဝဇ္ဇန်းစသော ဝိညာဉ်ကို ဆွဲငင် ဆောင်သွားခြင်း ကိစ္စ ရှိ၏၊ ဃာနဝိညာဉ်

တည်ရာ၏အဖြစ်ဖြင့် ရှုသော သူ၏ဉာဏ်အား ရှေးရှုထင်တတ်၏၊ နမ်းလိုသူ၏အဖြစ် ဟူသော ဂန္ဓတဏှာလျှင် အကြောင်းရှိသဖြင့် ကမ္မဇမဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

"ဇိဝှါ"သည် ရသာရုံ၌ ရှေးရှု ထင်ခြင်းငှါ ထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ မှတ်အပ်သော လက္ခဏာ ရှိ၏၊ တနည်း–ရသာရုံကို လျက်လိုသူ၏ အဖြစ်ဟူသော ရသ တဏှာလျှင် အကြောင်းရှိသော ကမ္မဇ မဟာဘုတ်ကို ကြည်စေတတ်သည်ဖြစ်၍ မှတ်အပ်သော သဘော တရားသည် ဇိဝှါမည်၏၊ ရသာရုံတို့၌ အာဝဇ္ဇန်းစသော ဝိညာဉ် ကို ဆွဲငင်ဆောင်သွားခြင်းကိစ္စ ရှိ၏၊ ဇိဝှါဝိညာဉ်၏ တည်ရာ အဖြစ်ဖြင့် ရှုသောသူ၏ ဉာဏ်အား ရှေးရှုထင်၏၊ လျက်လိုသူ၏ အဖြစ်ဟူသော ရသတဏှာလျှင် အကြောင်းရှိသော ကမ္မဇ မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

"ကာယ"သည် ဖောဋ္ဌဗ္ဗာရုံ၌ ထိခတ်ခြင်းငှါ ထိုက်သော **မဟာဘုတ်ကို** ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ မှတ် **အပ်သော လက္ခဏာ**ရှိ၏၊ တနည်း–ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလို **သူ၏အဖြစ်ဟူ**သော ဖောဋ္ဌဗ္ဗ တဏှာလျှင် အကြောင်းရှိသော ကမ္မဇမဟာဘုတ်ကို ကြည်စေတတ်သည် ဖြစ်၍ မှတ်အပ်သော သဘောတရားသည် ကာယမည်၏၊ ဖောဋ္ဌဗ္ဗာရုံတို့၌ အာဝဇ္ဇန်း စသော ဝိညာဉ်ကို ဆွဲငင်ဆောင်သွားခြင်း ကိစ္စ ရှိ၏၊ ကာယ ဝိညာဉ်၏ တည်ရာအဖြစ်ဖြင့် ရှုသော သူ၏ဉာဏ်အား ရှေးရှု ထင်၏၊ တွေ့ထိလိုသူ၏ အဖြစ်ဟူသော ဖောဋ္ဌဗ္ဗ တဏှာလျှင် အကြောင်းရှိသော ကမ္မဇမဟာဘုတ်လျှင် နီးစွာသောအကြောင်း ရှိ၏။

၄၃၄။ **မဟာသံဃိကအနွယ်ဝင် "ဝသုဓမ္မ"**စသော ကေစိဆရာ တို့က"စက္ခုသည် တေဇောလွန်ကဲသော မဟာဘုတ် တို့ကို ကြည်စေတတ်၏၊ သောတ,ဃာန,ဇိဝှါတို့သည် ဝါယော, ပထဝီ,အာပေါ လွန်ကဲသော မဟာဘုတ်

တို့ကို ကြည်စေတတ်ကုန်၏၊ ကာယသည် တူညီ မျှတ ကုန်သောမဟာဘုတ် အားလုံးတို့ကို ကြည်စေတတ် ကုန်၏”ဟုဆိုကုန်၏။

**အပရေဆရာ**တို့က–“စက္ခုသည် တေဇော လွန်ကုန်သော ဘုတ်တို့ကို ကြည်စေတတ်၏၊သောတ,ဃာန,ဇိဝှါ,ကာယတို့သည် အာကာသဓာတ်,ဝါယော,အာပေါ,ပထဝီလွန်ကုန်သော ဘုတ်တို့ကို ကြည်စေတတ်ကုန်၏”ဟု ဆိုကုန်၏။

ထို ကေစိ,အပရေ အယူရှိသောဆရာတို့သည် အကိုးအကား ပါဠိ သာဓက တပုဒ် တဂါထာမျှ ထုတ်မပြနိုင်၊ ထိုသို့ သက်သေ တင်မပြနိုင်သော်လည်း“တေဇောစသည်တို့၏ဂုဏ်ဖြစ်ကုန်သော ရူပါရုံစသည်တို့က အာရုံကိုယူခြင်း၌ ကျေးဇူးပြုအပ် ချီးမြှောက် အပ်သည်၏အဖြစ်ကြောင့်တည်း”ဟု အကြောင်းဟိတ်ကိုပြဆိုကြ ကုန်၏၊ “ရူပါရုံ စသည်တို့သည် တေဇော စသည်တို့၏ ဂုဏ် ဖြစ်ကြောင်းကို ဘယ်ဆရာများက ဟောကြားဘူးသနည်း”ဟု ကေစိရှင်ပင်တို့ကို ပြန်မေးအပ်၏၊ အကြောင်းကား–မခွဲခြမ်း အပ်သော ဖြစ်ခြင်းရှိကုန်သောဘုတ်တို့တွင် “ဤဘုတ်သည် ဤ ဘုတ်၏ ဂုဏ်တည်း၊ ထိုဘုတ်သည် ထိုဘုတ်၏ ဂုဏ်တည်း”ဟု မဆိုနိုင်သောကြောင့်တည်း။

ထိုထို ထောက်ပံ့တတ်သည့် အဆောက်အဦဖြစ်သော စတု သမုဋ္ဌာနိကရုပ်တို့၏ အစဉ်၌ ထိုထို ဘုတ်၏ လွန်သောကြောင့် ပထဝီစသည်တို့၏ သဟဇာတ်ရုပ်တို့ကို ကောင်းစွာ ဆောင်ခြင်း ခံခြင်းရှိကုန်သောကိစ္စတို့ကို **သင်္ဃုဋ္ဌဝါဒီဆရာ** တို့ကအလိုရှိကုန် သကဲ့သို့ထို့အတူ တေဇောစသည်လွန်ကုန်သောစတုသမုဋ္ဌာနိက ရုပ်အစဉ်တို့၌ ရူပါရုံစသည်တို့၏ လွန်သောအဖြစ်ကို မြင်ခြင်း ကြောင့် (ရူပါရုံစသည်တို့သည် ထိုတေဇောစသည်တို့၏ ဂုဏ်တို့ တည်း)ဟူသော ဤငါတို့စကားကို “သင် သုဋ္ဌဝါဒီ ဆရာတို့သည် အလိုရှိသင့် ယူသင့်ပါသေး၏” ဟု ထိုကေစိ ဆရာတို့က စကား ညွှန့် တက်ပြန်ပါမူကား–

အာပေါဓာတ် လွန်သော ရှည်ကြာလေးမြင့်စွာ ထုံအပ်သော သေရည်၏ အနံ့ထက် ပထဝီဓာတ်လွန်သော အနံ့သည် သာလွန်၍ နံသည်ဖြစ်ရာ၏၊ တေဇောဓာတ် လွန်သော ရေပူ၏ အဆင်းအောက်လည်း ရေချမ်း၏အဆင်းသည် အကယ်၍ ယုတ်ရာ၏၊ ဤသို့ဖြစ်သည်ရှိသော် "ရူပါရုံ စသည်တို့သည် တေဇော စသည်တို့၏ ဂုဏ်တည်း" ဟု ဆိုသော သင်ကေစိတို့ စကားကို သုဒ္ဓဝါဒီဆရာ ငါတို့သည် အလိုရှိကောင်း ရှိပေလိမ့်မည်၊ သေရည်နံ့ထက် သာလွန်သည်၏အဖြစ် ရေပူ၏ အဆင်းအောက် ရေချမ်း၏ အဆင်းက ယုတ်လျော့သည်၏ အဖြစ် မရှိသောကြောင့် မိရာဖြစ်ကုန်သော ထိုဘုတ်တို့၏ ထိုကဲ့သို့ ထွေထွေထူးထူး မစူးမစမ်း ဆင်ကန်းတောတိုး အကြံမျိုးကို သင် ပရဝါဒီတို့က စွန့်လွှတ်လိုက်ကြကုန်ရာ၏။

တခုသောကလာပ်၌ မဟာဘုတ်တို့၏ အထူးမရှိသောအဖြစ်သည် ရှိသော်လည်း ရူပ, ရသ စသည်တို့သည် အချင်းချင်း မတူကြကုန်သကဲ့သို့ ထို့အတူ စက္ခုပသာဒစသည်တို့သည် အကြောင်းထူး တပါး မရှိငြားသော်လည်း အချင်းချင်းမတူ ထူးထူးခြားခြား ဖြစ်ကြကုန်၏ဟူ၍သာ ယူအပ်၏၊ အချင်းချင်း တပါးသည် တပါးနှင့် မဆက်ဆံသော ထိုအကြောင်းကား အဘယ်နည်းဟူမူ၊ ထို စက္ခု, သောတ စသည်တို့၏ အကြောင်းထူးကား ကံသာလျှင်တည်း၊ ထိုသို့ ကံထူးသည်၏ အဖြစ်ကြောင့် ထို စက္ခု, သောတ စသည်တို့၏ အချင်းချင်းမတူ ထူးသောအဖြစ်ကို မှတ်အပ်၏၊ ဘုတ် ထူးသောကြောင့် ထို စက္ခု, သောတ စသည်တို့ ထူး၏ဟု မမှတ်အပ်။

မဟာဘုတ် ထူးသည်ရှိသော် ပသာဒသည်ပင်လျှင် မဖြစ်နိုင်၊ မဟာဘုတ်တို့ တူညီမျှတမှသာလျှင် ပသာဒဖြစ်နိုင်၏၊ "**မဟာဘုတ်တို့ မညီမမျှလျှင် ပသာဒအဖြစ်ကို မဖြစ်နိုင်**" ဟု ရှေးဆရာ ပညာရှိကြီးတို့က ဆိုကုန်၏၊ ဤဆိုအပ်ပြီးသော နည်းဖြင့် ကံ၏ ထူးသည်အဖြစ်ကြောင့် အထူးရှိကုန်သော ထို စက္ခု, သောတ စသည်တို့တွင် စက္ခု, သောတတို့သည် မရောက်သေးသောအာရုံ

ကို ယူတတ်ကုန်၏၊ အဘယ်ကြောင့်နည်းဟူမူ၊ မိမိဟု ဆိုအပ်သော စက္ခု, သောတ၏မှီရာ မဟာဘုတ်ကို မငြိ မရောက်သော အမှီရှိသည့် ရူပ, သဒ္ဒ ဟူသော အာရုံ၌ စက္ခုဝိညာဉ်, သောတဝိညာဉ် ဖြစ်ခြင်းကြောင့်ပေတည်း။

ဃာန, ဇိဝှါ, ကာယတို့သည် မိမိသို့ရောက်သော အာရုံကို ယူတတ်ကုန်၏၊ ဂန္ဓ, ရသတို့၏မှီရာ မဟာဘုတ်၏ အစွမ်းဖြင့်ရင်း, ဃာန, ဇိဝှါ၏မှီရာ မဟာဘုတ်ကို ငြိရောက်သော ဂန္ဓ, ရသ ဟူသော အာရုံ၌ ဖောဋ္ဌဗ္ဗမဟာဘုတ်ဟူသောမိမိကိုယ်တိုင်လည်း ကာယ၏မှီရာ မဟာဘုတ်ကို ငြိသည်သာလျှင်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ ဃာန, ဇိဝှါ,ကာယဝိညာဉ် ဖြစ်ခြင်း၏အကြောင်း၏ အဖြစ်ကြောင့်ရင်းတည်း။

၄၃၆။ ဤ ပြဆိုပြီးသော ဥပါဒါရုပ် ငါးပါးတို့တွင် စက္ခုသည် လောက၌သိသောမျက်မွေးဖြင့် ထက်ဝန်းကျင်ပွမ်းသော မျက်မည်း,မျက်ဖြူ အဝန်းတို့ဖြင့် ဆန်းကြယ်သော ကြာညို ပွင့်ချပ်နှင့်တူသော အသားစိုင်ကို စက္ခု(မျက်လုံး) ဟူ၍ ဆိုအပ်၏။

ထောက်ပံ့တတ်သော အကြောင်း အဆောက်အဦနှင့် တကွဖြစ်သော ထိုအသားစိုင် မျက်လုံး၏ မျက်ဖြူဝန်းတို့ဖြင့် ခြံရံသော မျက်နက်ဝန်း၏ အလယ်၌ ရှေးရှုတည်ကုန်သော သူတို့၏ ကိုယ်သဏ္ဌာန် အရိပ်ထင်ရာအရပ်၌ ဝါဂွမ်းလွှာ ခုနစ်ထပ်ဝယ် သွန်းလောင်းအပ်သော ဆီသည် ဝါဂွမ်းလွှာ ခုနစ်ထပ်တို့ကို နှံ့စေသကဲ့သို့ မျက်လွှာခုနစ်ထပ်တို့ကို နှံ့စေ၍ ချီပိုးခြင်း, ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ယပ်လေခပ်ခြင်း ကိစ္စလေးပါးကို ဆောင်ကုန်သော နို့ထိန်း မိန်းမလေးဦးတို့က ပြုစုမွေးမြူခြင်းရှိသော မင်းသားကဲ့သို့ ကောင်းစွာခံခြင်း, ဖွဲ့ခြင်း, ရင့်စေခြင်း, လှုပ်ရှားခြင်း ကိစ္စရှိကုန်သော သဟဇာတ် ဓာတ်လေးပါးတို့ကကျေးဇူးပြုအပ်သည်ဖြစ်၍ ရုပ်ကလာပ်ခြားဖြစ်သော ဥတု, စိတ်, အာဟာရတို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ သဟဇာတ် ဇီဝိတိန္ဒြေသည် စောင့်ရှောက်အပ်သည်ဖြစ်၍ သဟဇာတ် ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာတို့သည်

ခြိရံအပ်သည်ဖြစ်၍ သန်းဦးခေါင်း ပမာဏ အရပ်၌ဖြစ်၍ စက္ခု ဝိညာဉ် စသည်တို့၏ ထိုက်သည့်အလျောက် ဝတ္ထုအဖြစ် ဒွါရ အဖြစ်ကို ပြီးစေလျက်တည်၏။ ဤအကြောင်းကို တရားစစ်သူကြီး အရှင်သာရိပုတြာသည် "အကြင် စက္ခုပသာဒဖြင့် ရူပါရုံတို့ကိုမြင် ၏၊ ထိုစက္ခုပသာဒသည် ငယ်လှစွာ၏,သိမ်မွေ့၏,သန်းဦးခေါင်း ပမာဏရှိ၏" ဟု ဟောတော်မူ၏။

သောတပသာဒသည် ထောက်ပံ့တတ်သော အဆောက်အဦ နှင့် တကွဖြစ်၍ သသမ္ဘာရ သောတဟု ဆိုအပ်သော နားပေါက် ၏ အတွင်း၌ သိမ်မွေ့ စိုပြေ နုပျိုသော နီစွာသော အမွေးစီရရီ ပေါက်ရောက်သဖြင့် လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရပ်၌ ဆိုခဲ့ ပြီးသော အခြင်းအရာရှိသည့် ဓာတ်လေးပါးတို့က ကျေးဇူးပြုအပ် သည်ဖြစ်၍ ဥတု, စိတ်, အာဟာရတို့ဖြင့် ထောက်ပံ့အပ်သည်ဖြစ်၍ ဇီဝိတိန္ဒြေသည် စောင့်ရှောက်အပ်သည်ဖြစ်၍ သဟဇာတ ဝဏ္ဏ စသည်တို့က ခြိရံအပ်သည်ဖြစ်၍ သောတဝိညာဉ် စသည်တို့၏ ထိုက်သည်အားလျော်စွာ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေလျက် တည်၏။

ဃာန ပသာဒသည် သသမ္ဘာရ ဃာနဟု ဆိုအပ်သော နှာခေါင်း၏အတွင်းဝယ် ဆိတ်ခွါသဏ္ဌာန်ရှိသော အရပ်၌ ပြဆို ပြီးသော အခြင်းအရာ အကြောင်းတရားတို့သည် ကျေးဇူးပြုအပ် ထောက်ပံ့အပ် စောင့်ရှောက်အပ် ခြိရံအပ်သည်ဖြစ်၍ ဃာန ဝိညာဉ် စသည်တို့၏ ထိုက်သည်အလျောက် ဝတ္ထုအဖြစ် ဒွါရ အဖြစ်ကို ပြီးစေလျက် တည်၏။

ဇိဝှါ ပသာဒသည် သသမ္ဘာရ ဇိဝှါဟုဆိုအပ်သော လျှာလယ် ၏ အထက်၌ ကြာရွက်ဖျားသဏ္ဌာန်ရှိသော အရပ်ဝယ် ပြဆိုပြီး သော အခြင်းအရာ အကြောင်း တရားတို့က ကျေးဇူးပြုအပ် ထောက်ပံ့အပ် စောင့်ရှောက်အပ် ခြိရံအပ်သည် ဖြစ်၍ ဇိဝှါ ဝိညာဉ် စသည်တို့၏ ထိုက်သည်အလျောက် ဝတ္ထုအဖြစ် ဒွါရ အဖြစ်ကို ပြီးစေလျက်တည်၏။

ဤကိုယ်၌ ကမ္ဘဇ တေဇောဓာတ်၏ တည်ရာကို၎င်း,ဆံဖျား, **အမွေးဖျား**, ခြေသည်းလက်သည်းဖျား,အနာဖေးကို၎င်း ချန်ထား၍ ကြွင်းသော အရပ်တို့၌ ဥပါဒိဏ္ဏကရုပ်သည် တည်၍ရှိ၏၊ ထို ဥပါဒိဏ္ဏကရုပ် ပျံ့နှံ့တည်ရှိရာ အလုံးစုံသော အရပ်၌ ကာယ ပသာဒသည် ဝါဂွမ်းလွှာ၌ ဆီကဲ့သို့ ပြဆိုပြီးသော အခြင်း အရာ **အကြောင်းတရားတို့က** ကျေးဇူးပြုအပ် ထောက်ပံ့အပ် စောင့် **ရှောက်အပ်** ခြီရံအပ်သည်ဖြစ်၍ ကာယဝိညာဉ် စသည်တို့၏ **ထိုက်သည်**အလျောက် ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေလျက် တည်၏။

မြွေ, မိကျောင်း, ငှက်, အိမ်ခွေး, မြေခွေးတို့သည် တောင်ပို့ **ခေါင်း**, ရေနက်ဝှမ်းရာ, ကောင်းကင်,ရွာတွင်း,အာမက သုသာန် **ဟု** ဆိုအပ်သော မိမိတို့ ကျက်စားရာသို့ ညွတ်သော စိတ်ရှိကုန် သကဲ့သို့ စက္ခုစသော ပသာဒ ငါးပါးတို့သည်လည်း ရူပါရုံ အစ ရှိသော မိမိတို့၏ အာရုံသို့သာလျှင် ညွတ်ကုန်၏။

၄၃၇။ ထို ပသာဒရုပ်မှ နောက်ဖြစ်ကုန်သော ရူပါရုံစသော ဝိသယရုပ်တို့တွင် ရူပါရုံသည် စက္ခုပသာဒ၌ ထိခတ်ခြင်းလျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊ စက္ခုဝိညာဉ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏၊ ထို စက္ခုဝိညာဉ်၏ ကျက်စားရာ အာရုံ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ မဟာဘုတ် လေးပါးလျှင် နီးစွာသောအကြောင်းရှိ၏၊ ထို ရူပါရုံသည် မဟာဘုတ် လေးပါးလျှင် နီးစွာသောအကြောင်းရှိသကဲ့သို့ အလုံးစုံသော ဥပါဒါ ရုပ်တို့သည်လည်း မဟာဘုတ် လေးပါးသာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

ထူးသည်ကို ဆိုအံ့–အကြင် ကာယဝိညတ်စသည်၌ ထူးသော အချက်သည်ရှိ၏၊ ထို အထူးကို ငါတို့သည်ဆိုကုန်အံ့၊ ထို ရူပါရုံသည် အညို,အရွှေ စသည်တို့၏ အစွမ်းဖြင့် များသောအပြားရှိ၏၊ သဒ္ဒါရုံသည် သောတပသာဒ၌ ထိပါးခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ သောတဝိညာဉ်အား အာရမ္မဏပစ္စယသတ္တိဖြင့်

ကျေးဇူးပြုခြင်းကိစ္စရှိ၏၊ ထိုသောတဝိညာဉ်၏ ကျက်စားရာ အာရုံ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ စည်ကြီးသံ, မုရိုးစည်သံ စသောနည်းဖြင့် များသောအပြားရှိ၏။

ဂန္ဓာရုံသည် ဃာနပသာဒ၌ ထိပါးခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ဃာနဝိညာဉ်အား အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏၊ ထိုဃာနဝိညာဉ်၏ ကျက်စားရာ အာရုံ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ အမြစ် နံ့သာ စသောနည်း ဖြင့် များသော အပြားရှိ၏။

ရသာရုံသည် ဇိဝှါပသာဒ၌ ထိပါးခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိ၏။ ဇိဝှါဝိညာဉ်အား အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏၊ ထိုဇိဝှါ ဝိညာဉ်၏ အာရုံ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ အမြစ်အရသာ,ပင်စည်အရသာ စသည် ဖြင့် များသော အပြားရှိ၏။

၄၃၀။ ဣတ္ထိန္ဒြေသည် မိန်းမ၏ အဖြစ်တည်းဟူသော ဣတ္ထိဘော လျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊ "ဤသူကား မိန်းမ" ဟု ပြခြင်း ကိစ္စရှိ၏၊ ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိ အာကပ္ပတို့၏ အကြောင်း၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏။

ပုရိသိန္ဒြေသည် ယောကျ်ား၏ အဖြစ်တည်းဟူသော ပုမ္ဘော လျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊ "ဤသူကား ယောကျ်ား" ဟု ပြခြင်း ကိစ္စရှိ၏၊ ပုရိသ လိင်, ပုရိသ နိမိတ္တ, ပုရိသကုတ္တ, ပုရိသ အာကပ္ပတို့၏ အကြောင်း၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ထိုဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ နှစ်ပါးတို့သည်လည်း ကာယပသာဒသည် တကိုယ်လုံးကို ပျံ့နှံ့၍ တည်သကဲ့သို့ တကိုယ်လုံးကို ပျံ့နှံ့၍ တည်သည် သာလျှင်တည်း၊ သို့ရာတွင် ကာယပသာဒ တည်သော အရပ်၌သာတည်၏ ဟူ၍လည်း ဤသို့မဆိုအပ်၊ ရူပါရုံ, ရသာရုံ စသည်တို့မှာ အချင်းချင်း မရောယှက်ကုန်သကဲ့သို့ အချင်းချင်း ရောယှက်ခြင်းမရှိ။

၄၃၉။ ဇီဝိတိန္ဒြေသည် မိမိနှင့်တကွဖြစ်သော ကမ္မဇ ရုပ်တို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိ၏၊ ထိုသဟဇ ရုပ်တို့ကို မျှတ ညီညွတ်စေခြင်း, ရှင်စေခြင်း ကိစ္စရှိ၏၊ ထိုသဟဇ ရုပ်တို့ကိုသာလျှင်ထားခြင်း,တည်စေခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏၊ မိမိသည် အစဉ်စောင့် သည်၏အစွမ်းဖြင့်မျှစေအပ်,ရှင်စေအပ်သောသဟဇာတ် မဟာဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏၊အစဉ်စောင့် ခြင်း လက္ခဏာစသော အစီ အရင်သည် ရှိသော်လည်း စောင့်အပ်သော ရုပ်တို့၏ ရှိသောခဏ၌သာလျှင် ထို ဇီဝိတိန္ဒြေသည် သဟဇရုပ်တို့ကို အစဉ်စောင့်၏၊ ရေသည် ကြာပင်တို့ကို အစဉ်စောင့်သကဲ့သို့တည်း။

မိမိ ဥစ္စာဖြစ်သော ကံဟူသော ပစ္စည်းကြောင့် ဖြစ်ကုန်သော် လည်း ကမ္မဇရုပ်တရားတို့ကို နို့ထိန်းမိန်းမသည် မင်းသားကို စောင့်ရှောက်သကဲ့သို့ စောင့်၏၊ မိမိသည်လည်း မျှစေအပ် ရှင်စေအပ်သော တရားနှင့်စပ်သဖြင့်သာလျှင် မျှ၏, ရှင်၏၊ တမံ သူကြီးသည် မိမိကိုယ်တိုင် ရောက်စေအပ်သော လှေသင်္ဘောနှင့် စပ်သဖြင့်သာလျှင် ရောက်သကဲ့သို့တည်း၊ဘင်မှအထက်ဖြစ်သော နောက်ကာလ၌ မမျှစေနိုင်, မရှင် စေနိုင်၊ အကြောင်းကား မိမိ၏ ၎င်း, မျှစေအပ်သော တရားတို့၏၎င်း မရှိခြင်းကြောင့်တည်း၊ ဘင်ခဏ၌လည်း မထားနိုင်, မတည်စေနိုင်၊ မိမိဟု ဆိုအပ်သော ဇီဝိတိန္ဒြေ၏ ပျက်ဆဲအဖြစ်ကြောင့်တည်း၊ ကုန်ဆဲသော ဆီမီးစာ သည် ဆီမီးလျှံကို မတောက်ပစေနိုင် သကဲ့သို့တည်း၊ သို့သော် လည်း အစဉ်စောင့်ရှောက်ခြင်း, မျှစေ ရှင်စေခြင်း, ထားခြင်း, တည်စေခြင်း အာနုဘော်မှ လုံးလုံးကင်းသည်မဟုတ်၊ ဆိုအပ်ပြီး သော ခဏ၌ ထိုထိုအစဉ်စောင့်ခြင်း, မျှစေ ရှင်စေခြင်းစသော ကိစ္စကို ပြီးစေခြင်းကြောင့်တည်း၊ ဤသို့သော အဆုံးအဖြတ်ကို မှတ်အပ်၏။

၄၄၀။ ဟဒယဝတ္ထုသည် မနောဓာတ်, မနောဝိညာဏဓာတ် တို့၏ မှီရာ၏ အဖြစ် တည်းဟူသော မှတ်ကြောင်း

လက္ခဏာရှိ၏၊ ထို ဓာတ်နှစ်ပါးတို့ကိုသာလျှင် နိဿယ ပစ္စည်းအဖြစ်ဖြင့် လွန်စွာဆောင်ခြင်း ကိစ္စရှိ၏၊ နိဿယ ပစ္စည်း၏အဖြစ်ကြောင့် ထိုဓာတ်နှစ်ပါးတို့ကို မိမိအပေါ်၌ တင်၍ ထမ်းပိုး ရွက်ဆောင်သကဲ့သို့ ဉာဏ်အား ရှေးရှု ထင်၏။

နှလုံးသား၏အတွင်း၌ ကာယဂတာသတိ အကြောင်းတွင် ပြဆိုပြီးသော အပြားရှိသော တလက်ဖက်မျှသော သွေးကို အမှီပြု၍ ကောင်းစွာဆောင်ခြင်းစသည် ကိစ္စရှိကုန်သော မဟာဘုတ် တို့သည် ကျေးဇူးပြုအပ်သည်ဖြစ်၍ ဥတု, စိတ်, အာဟာရတို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ ဇီဝိတိန္ဒြေက စောင့်ရှောက်အပ်သည် ဖြစ်၍ မနောဓာတ်,မနောဝိညာဏဓာတ်တို့၏၎င်း, ထိုဓာတ်နှင့် ယှဉ်သော တရားတို့၏၎င်း မှီရာဝတ္ထု၏အဖြစ်ကို ပြီးစေလျက် တည်၏။

၄၄၁။ ရှေ့သို့တက်ခြင်း စသည်ကို ဖြစ်စေတတ်သော စိတ္တဇ ဝါယောဓာတ်၏ တက္ကဖြစ်သောရူပကာယကို ထောက်ပံ့ ခိုင်စေခြင်း, ကောင်းစွာတည်စေခြင်း, လှုပ်စေခြင်းကိစ္စ အား ကျေးဇူးပြုတတ်သော ဝါယောဓာတ် လွန်သော စိတ္တဇမဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာ အထူးသည် ကာယဝိညတ် မည်၏၊ လှုပ်သောသူ၏ အလိုကို သူတပါးအား ပြခြင်းကိစ္စရှိ၏၊ ကိုယ်လှုပ်ခြင်း အကြောင်း၏ အဖြစ်ဖြင့် ရှုသော ဉာဏ်အား ရှေးရှု ထင်၏၊ စိတ္တဇ ဝါယောဓာတ်လျှင် နီးစွာသော အကြောင်း ရှိ၏၊ လှုပ်သော ကိုယ်ဖြင့် မိမိအလိုကို သူတပါးအား သိစေခြင်းအကြောင်း၏ အဖြစ်ကြောင့် ကာယဝိညတ်ဟူ၍ ဆိုအပ်၏၊လှုပ်သောကိုယ်ဖြင့် မိမိကို သိအပ်သည်၏ အဖြစ်ကြောင့်လည်း ကာယဝိညတ်ဟု ဆိုအပ်၏၊ ထို ကာယဝိညတ်က လှုပ်စေအပ် ကုန်သော စိတ္တဇရုပ်တို့နှင့် အတူတကွ ဆက်စပ်ကုန်သော ဥတုဇ

ရုပ် စသည်တို့၏လည်း လှုပ်ခြင်းကြောင့် ရွေ့သို့တက်ခြင်း စသည်တို့ ဖြစ်ကုန်၏။

တိဿ,ဖုဿစသော ဝစီဝိညတ်အထူးကို ဖြစ်စေတတ်သော စိတ္တ သမုဋ္ဌာန် ပထဝီဓာတ် အကွရာ ဖြစ်ရာ လည်ချောင်း အာစောက် စသော ဌာန်၌ တည်သော ကမ္မဇ ပထဝီဓာတ်ကို ထိခိုက်ခြင်းအား သဟကာရိကာရဏအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပထဝီဓာတ်လွန်သော စိတ္တဇမဟာဘုတ်တို့၏ဖောက်ပြန်သော အခြင်းအရာအထူးသည် ဝစီဝိညတ် မည်၏၊ ပြောသူ၏ အလိုကို သူတပါးအား ပြခြင်းကိစ္စ ရှိ၏၊ စကားသံ၏ အကြောင်း အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ စိတ္တသမုဋ္ဌာန် ပထဝီဓာတ်လျှင် နီးစွာသောအကြောင်းရှိ၏၊ စကားသံဖြင့် အလိုကို သိစေခြင်းအကြောင်း၏ အဖြစ်ကြောင့်၎င်း, မိမိကိုလည်း ဝစီဃောသ ဟုဆိုအပ်သော ထိုစကားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်၎င်း ဝစီဝိညတ်ဟူ၍ ဆိုအပ်၏၊ ဥပမာကား တော၌စိုက်ထောင် ဖွဲ့စည်းထားအပ်သော နွားဦးခေါင်းရိုးစသော,ရေကို သိကြောင်း အမှတ်ကိုမြင်၍ ဤအရပ်၌ ရေရှိ၏ဟု သိအပ်သကဲ့သို့ လှုပ်သော ကိုယ်ကို၎င်း,စကားသံကို၎င်း မြင်၍ ကြား၍ ကာယဝိညတ် ဝစီ ဝိညတ်တို့ကိုလည်း သိအပ်ကုန်၏။

၄၄၂။ အာကာသဓာတ်သည် စက္ခုဒသက စသော ကလာပ် တခုခု၌ တည်သောရုပ်တို့ကို ကလာပ်တပါးပါးတို့နှင့် မရော မယှက် စေသော အားဖြင့် ပိုင်းခြားခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ဤကား ရုပ်တို့၏ အောက် အဘို့,အထက် အဘို့,ရှေ့,နောက်,ဝဲ,ယာ,ဗီလာ အဘိုဟု ရုပ်တို့၏ အစွန်းအဆုံး အပိုင်း အခြားကို ပြခြင်း ကိစ္စ ရှိ၏၊ ရုပ်တို့၏အပိုင်းအခြားမျှဖြစ်၍ ဉာဏ်အား ရှေးရှု ထင်၏။

တနည်း—ဘုတ်တို့သည် မထိအပ်သည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏၊ဘုတ်တို့၏ အပေါက် အကြား အဝ၏ အဖြစ်ကို ဖြစ်စေတတ်၏၊ မိမိ ပိုင်းခြားအပ်သော ရုပ်လျှင် နီးစွာသော

အကြောင်းရှိ၏၊ အကြင် အာကာသဓာတ်သည် ပိုင်းခြားအပ်သောရုပ်တို့၌ ဤကား ပိုင်းခြားအပ်သော ကလာပ်မှ အထက်အဘို့ဟူ၍၎င်း, ဤကား အောက်အဘို့ဟူ၍၎င်း, ဤကား ရှေ့,နောက်,ဝဲ,ယာ,ဖီလာအဘို့ဟူ၍၎င်း ထင်ရှား၏။

၄၄၃။ ရူပဿ လဟုတာသည် စိတ်,ဥတု,အာဟာရ ဟူသော တိသမုဋ္ဌာနိက မဟာဘုတ် နိပ္ဖန္နရုပ်တို့၏ မလေး မနုံ့သောအဖြစ်လျှင် လက္ခဏာရှိ၏၊ ရုပ်တို့၏လေးနုံ့သော အဖြစ်ကို ဖျောက်ပယ်ခြင်း ကိစ္စ ရှိ၏၊ နိပ္ဖန္နရုပ်တို့၏ ပေါ့ပေါ့ ပါးပါး ပြောင်းရွှေ့ ပြန်လှန်ခြင်း ရှိသည်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏၊ ပေါ့ပါးသောရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ရူပဿမုဒုတာသည် တိသမုဋ္ဌာနိက မဟာဘုတ် နိပ္ဖန္နရုပ်တို့၏ ကြမ်းတမ်း ခက်တရော်မရှိခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ရုပ်တို့၏ ကြမ်းတမ်းခက်မာသောအဖြစ်ကို ဖျောက်ပယ်ခြင်းကိစ္စရှိ၏၊ ကိုယ်ဖြင့်ပြုအပ်သော အမှုအလုံးစုံတို့၌ မဆန့်ကျင်သည်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏၊ နူးညံ့သောရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏။

ရူပဿ ကမ္မညတာသည် ကိုယ်ဖြင့် ပြုအပ်သော အမှု ကိစ္စတို့အားလျော်သဖြင့် အမှု၌ ကောင်းသည်၏ အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ အမှု၌ မကောင်းသဖြင့် မခံ့သည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏၊ ရုပ်တို့၏ အားမနည်းသည်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏၊ အမှု၌ ကောင်းသောရုပ်,ခံ့သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ရူပဿ လဟုတာ,မုဒုတာ,ကမ္မညတာ ထိုရုပ် သုံးခုတို့သည် အချင်းချင်း မစွန့်ကြကုန်၊ သို့သော်လည်း အနာကင်းသူ၏ ကိုယ်လက်ပေါ့ပါးသကဲ့သို့ ရုပ်တို့၏ ပေါ့ပါးခြင်း၏ အဖြစ်ဟု ဆိုအပ်သော မလေးမနုံ့သောအဖြစ်, ပေါ့ပါးလျင်မြန်စွာ ပြောင်းရွှေ့ ပြန်လှန်နိုင်ခြင်း, အထူး အပြားရှိသော ရုပ်၏ လေးလံခြင်းကို

ပြုတတ်သော ခေတ်ချောက်ချားခြင်း၏ဆန့်ကျင်ဘက် အကြောင်းကြောင့်ဖြစ်သော ရုပ်၏ဖောက်ပြန်ခြင်းသည် ရူပဿ လဟုတာမည်၏။

ကောင်းစွာနယ်ပြီးသော သားရေ၏ နူးညံ့သောအဖြစ်ကဲ့သို့ ရုပ်တို့၏ နူးညံ့သောအဖြစ်ဟူသော အလုံးစုံကိုယ်ဖြင့်ပြုအပ်သော ကိစ္စ အထူးတို့၌ အလိုသို့လိုက်ခြင်း၊ နူးညံ့ခြင်း အထူး အပြား ရှိသော ရုပ်၏ ကြမ်းတမ်းခက်မာခြင်းကို ပြုတတ်သော ခေတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းကြောင့်ဖြစ်သော ရုပ်ဖောက်ပြန်ခြင်းသည် ရူပဿ မုဒုတာမည်၏။

ကောင်းစွာ လျှော်ပြီးသော ရွှေစင်၏ တန်ဆာ ကြိုး-ငယ်ပြုလုပ်ရန် လျော်သည်၏ အဖြစ်ကဲ့သို့ ရုပ်တို့၏ အမှု၌ ကောင်းသည် လျော်သည်၏ အဖြစ်ဟူသော ကိုယ်ဖြင့် ပြုအပ်သော အမှုတို့၌ လျော်ခြင်း ခံ့ခြင်း အထူးထူး အပြားပြားရှိသော ကိုယ်ဖြင့် ပြုအပ်သောအမှုတို့အား မလျော်ခြင်းကို ပြုတတ်သော ခေတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းကြောင့် ဖြစ်သော ရုပ်ဖောက်ပြန်ခြင်းသည် ရူပဿ ကမ္မညတာ မည်၏၊ ဤသို့ ထိုရုပ်သုံးပါးတို့၏ အထူးကို သိအပ်၏။

၄၄၄။ နိပ္ဖန္နရုပ်၏ ရှေးဦးစွာ ဖြစ်ခြင်း အထက်သို့ ပွါးစေခြင်းသည် လက်ဦးအစဖြစ်ခြင်း လက္ခဏာရှိ၏၊ ရှေ့ဖြစ်သော အနာဂတ်အဘို့မှ ရုပ်တို့ကို ပေါ်လာစေခြင်း ကိစ္စရှိ၏၊ ဤသည်ကား ရုပ်တရားတို့ဟူ၍ ထိုရုပ်တို့ကိုဆောင်နှင်းသကဲ့သို့ ဉာဏ်အား ရှေးရှုထင်၏၊ ဝါ-ရုပ်၏ ပြည့်စုံခြင်းအဖြစ်ကို ရှေးရှု ထင်စေတတ်၏၊ ရှေးဦးဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

နိပ္ဖန္နရုပ်၏ဖြစ်စဉ်ကို ရုပ်တို့၏ ဆက်ကာဆက်ကာ မပြတ်ဖြစ်ခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ရှေ့နောက် အစွမ်းအားဖြင့် အစဉ်မပြတ် အဆင့် ဆင့် စပ်ခြင်း ကိစ္စ ရှိ၏၊ အစဉ်မပြတ် စေ့စပ် ဖွဲ့ယှက်ခြင်းဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏၊ အစဉ်မပြတ် ဖွဲ့စပ်သကဲ့သို့သောရုပ်လျှင် နီးစွာသော အကြောင်းရှိ၏၊ ရူပဿ

ဥပစယ ရူပဿ သန္တတိ ဟူသော ဤရုပ်နှစ်ပါး၏၊ အမည်သည် ဇာတိရုပ်၏သာလျှင် အမည်တည်း၊ သို့သော်လည်း အထူးထူး အပြားပြားဖြစ်သော အခြင်းအရာအားဖြင့်၎င်း, ဝေနေယျတို့၏ အလိုအားဖြင့်၎င်း ဥပစယ သန္တတိ ဟူ၍ ညွှန်ပြအပ်သော ဒေသနာကို မြတ်စွာဘုရား ပြုတော်မူ၏၊ ဤ ဥပစယ သန္တတိ နှစ်ပါးတို့၌ သရုပ် သဘော အနက်အားဖြင့် မထူးခြားသော ကြောင့် ဤပုဒ်တို့၏ နိဒ္ဒေသ၌ "ယော အာယတနာနံ အာစယော, သော ရူပဿ ဥပစယော၊ ယော ရူပဿ ဥပစယော, သာ ရူပဿ သန္တတိ" ဟူ၍ မြတ်စွာဘုရား ဟောတော်မူပြီ။

### အဓိပ္ပါယ်ကား

အခွဲနှင့်တကွ တဆယ့်တပါးသော ရုပ် အာယတန တို့၏ အကြင် ဥပါဒ်ဖြစ်သော ရှေးဦးအစ အဝတ္ထာကို အာစယဟူ၍ ဟောအပ်၏၊ ထိုအာစယဟု ဟောအပ်သော ဥပါဒ်ဖြစ်သော အဝတ္ထာသည်ပင် ရူပဿ ဥပစယ မည်၏၊ ထိုတဆယ့်တပါးခွဲသော ရုပ် အာယတနတို့တွင်သာလျှင် နောက်ထပ်ဖြစ်ကုန်သော အာယတနတို့၏ အကြင် ဥပါဒ် ဖြစ်သော အဝတ္ထာကို ရူပဿ ဥပစယ ဟူ၍ ဟောတော် မူအပ်၏၊ ထို ဥပစယဟု ဟောအပ်သော ဖြစ်ခြင်း အဝတ္ထာ သည်ပင် သန္တတိ မည်၏။

မဟာ အဋ္ဌကထာ၌လည်း "ရှေးဦးအစဖြစ်ခြင်းသည် အာစယ မည်၏၊ အထက်၌ ပွါးခြင်းသည် ဥပစယ မည်၏၊ အစဉ်မပြတ် စေ့စပ် ဖွဲ့ယှက်လျက် ဖြစ်ခြင်းသည် သန္တတိ မည်၏" ဟု ဆိုပြီးမှ၊ "မြစ်ကမ်း သဲခုံ၌ တူးအပ်သော လက်ယက်တွင်းဝယ် ရေထွက်ရာ ကာလကဲ့သို့ ရုပ်တို့ဖြစ်စ အာစယကို မှတ်အပ်၏၊ တစ တစ ရေပြည့်လာသကဲ့သို့ ရုပ်တို့၏အထက်၌ ပွါးခြင်း ဥပစယကို မှတ်အပ်၏၊ ရေလွှမ်းလျှံ၍ စီးသွားသော ကာလကဲ့သို့ အစဉ်မပြတ် စေ့စပ် ဖွဲ့ယှက်လျက်ဖြစ်ခြင်း သန္တတိကို မှတ်အပ်၏" ဟု ဥပမာ ပြ၏။

ဤ ဥပမာကို ထုတ်ပြပြီးသော အဆုံး၌လည်း "ယော အာယ တနာခံ အာစယော" စသော နိဒ္ဒေသဖြင့် ဘယ်အနက်ကို ဟောသနည်း၊ "အာယတနဖြင့် အာစယကို ဟော၏၊ အာစယ ဖြင့် အာယတနကို ဟော၏" ဟု ဤသို့ အဋ္ဌကထာ ဆရာတို့ ဆိုကုန်၏၊ ထို့ကြောင့် တဆယ့်တပါးခွဲသော အာယတနရုပ်တို့၏ ရှေးဦးအစ ပဌမ အသစ်စက်စက် ဖြစ်ခြင်းသည် အာစယ မည်၏၊ ထိုတဘဝတွင် လက်ဦးဖြစ်စ ပဌမရုပ်တို့၏ အထက်၌ဖြစ်ကုန်သော တပါးသော ရုပ်တို့၏လည်း ရှေးဦးဖြစ်စ ဥပ္ပါဒ အဝတ္ထာသည် ရှေးဖြစ်နေဆဲသော ရုပ်ပေါ်တွင်ပွါးစီးသော အခြင်းအရာဖြင့် ဉာဏ်အားထင်သည်၏အဖြစ်ကြောင့် ဥပစယမည်၏၊ ထိုနှစ်ကြိမ် မြောက်ဖြစ်သော ရုပ်၏လည်း အထက်၌ အဖန်ဖန်တလဲလဲ တတိယအကြိမ်မှ စုတိ ကျအောင်ဖြစ်ကုန်သော တပါးသော ရုပ်တို့၏ လက်ဦးဖြစ်စ ဥပ္ပါဒ အဝတ္ထာသည် အစဉ်မပြတ် စေ့စပ် ဖွဲ့ယှက်သော အခြင်းအရာဖြင့် ဉာဏ်အားထင်သည်၏ အဖြစ် ကြောင့်သန္တတိ မည်၏၊ ဤသို့လည်းဆိုသင့်သေး၏ဟုမှတ်အပ်၏။

ဇရတာသည် ရုပ်တို့၏ ရင့်ခြင်း ဟောင်းခြင်း ဌီတိ အဝတ္ထာ လျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ဘင်၏အနီးသို့ ဆောင်ခြင်း ကိစ္စရှိ၏၊ ကက္ခဋတ္တ စသော သဘော မကင်းသော်လည်း အသစ်၏အဖြစ်ဟု ဆိုအပ်သော ဖြစ်စမှကင်းခြင်း၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ စပါး၏ ဟောင်းမြင်းသော အဖြစ်ကဲ့သို့ တည်း၊ ရင့်ဆဲဟောင်းဆဲသော ရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏၊ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း စသည်ဖြင့် သွား စသည်တို့၌ ဖောက်ပြန်ခြင်းတို့ကို ဝိဘင်း ပါဠိတော်ဝယ် ပြအပ် ကုန်ပြီ၊ ဤ သွားကျိုးခြင်း စသည်ဖြင့် ထင်ရှားသော ရုပ်ဇရာကို ရည်၍ ဟောအပ်၏၊ သို့သော်လည်း နာမ်တရားတို့၏ ဖုံးလွှမ်း အပ်သော ဇရာအား သွားကျိုးခြင်း စသော ဖောက်ပြန်ခြင်းမရှိ၊ မြေ, ရေ, တော, တောင်, နေ, လ စသည်တို့၌ အဝိစိ ဇရာ မည်သည်ရှိ၏၊ ထိုအဝိစိ ဇရာအားလည်း သွားကျိုးခြင်း စသော ဖောက်ပြန်ခြင်း မရှိ။

ရူပသ အနိစ္စတာသည် ရုပ်တို့၏ **ထက်ဝန်းကျင်အားဖြင့်** ပျက်စီးခြင်းဘင် အဝတ္ထာလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ဤသို့ ရောက်ပြီးသော ရုပ်ကို ဖျက်ဆီးခြင်းဖြင့် ရုပ်တို့ကို **နစ်စေခြင်း** ကိစ္စရှိ၏၊ ရုပ်တို့၏ ကုန်ခြင်း ပျက်ခြင်းဟူသော အခြင်းအရာ အားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ထက်ဝန်းကျင်အားဖြင့် ပျက်ဆဲ သော ရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏။

၄၄၅။ **ကဗဠီကာရာ ဟာရ**သည် ကိုယ်၏အထောက်အပံ့အားကို ပြုတတ်သော မျိုအပ်သော အာဟာရ၏ အစေး အဆီ အနှစ်သာရဟူသော ဩဇာလျှင် မှတ်ကြောင်းလက္ခဏာ ရှိ၏၊ ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်ကို ဆောင်ခြင်း **ကိစ္စ** ရှိ၏၊ ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေသော အားဖြင့် ရူပကာယကို ထောက်ပံ့ ခိုင်စေတတ်သော သဘော ဖြစ်၍ ဉာဏ်အား ရှေးရှု ထင်၏၊ အလုပ်အလွေ့ပြု၍ ဆောင်အပ်သော ဝတ္ထုလျှင် နီးစွာသော အကြောင်း ရှိ၏။

အကြင်ဩဇာဖြင့် သတ္တဝါတို့သည် အသက် ရှည်ကုန်၏၊ ကဗဠီကာရာဟာရဟူသော အမည်သည် ထိုဩဇာ၏ အမည် တည်း။

၄၄၆။ ဤသို့ ပြဆိုပြီးသော ရုပ် နှစ်ဆယ့်ရှစ်ခုတို့ကား ပါဠိ တော်လာ ရုပ်တို့သာတည်း၊ **အဋ္ဌကထာ**၌ကား–အား အစွမ်းဟူသော ဗလရုပ်,သမ္ဘဝရုပ်, ဇာတိရုပ်,ရောဂရုပ် ဟု လေးပါး ထပ်မံ၍ ပြ၏၊ **အဘယဂိရိဝါသီ ကေစ္စ** ဆရာတို့ အလိုအားဖြင့် မိဒ္ဓရုပ်ဟု ပြ၏၊ ဤသို့ ပါဠိတော်မှ တပါးသော ရုပ် ငါးပါးတို့ကို ဆောင်၍ "အဒ္ဓါ မုနိသိ သမ္ဗုဒ္ဓေါ, နတ္ထိ နီဝရဏာ တဝ"စသော ပါဠိတို့ကိုဆို၍ မိဒ္ဓရုပ် မရှိကြောင်းကို လက်ဦးဆုံး ပယ်အပ်၏။

ပါဠိတော်၏ အဓိပ္ပါယ်ကား—

"ရှင်တော်ဘုရား, သခင် ဘုရားသည် သစ္စာလေးပါး ဥပေယျမ် တရားငါးပါးကို အလိုလိုကိုယ်တိုင် မချွတ်သိတော်မူပြီးသော သမ္ဗုဒ္ဓဘုရား စင်စစ် ဖြစ်တော်မူပေပြီ၊ ရှင်ပင်ဘုရားအား နီဝရဏတရားတို့ မရှိကုန်ပြီ"။

မိဒ္ဓရုပ်မှ တပါးသော ဗလရုပ် စသည်တို့တွင် ဇရတာ အနိစ္စတာကို ယူသဖြင့် ရောဂရုပ်ကို ယူအပ်ပြီးသည် သာတည်း၊ ဥပစယသန္တတိကို ယူသဖြင့် ဇာတိရုပ်ကို ယူအပ်ပြီးသည်သာတည်း၊ အာပေါဓာတ်ကို ယူသဖြင့် သမ္ဘဝရုပ်ကို ယူအပ်ပြီးသည်သာတည်း၊ ဝါယောဓာတ်ကို ယူသဖြင့် ဗလရုပ်ကို ယူအပ်ပြီးသည်သာတည်း၊ ထို့ကြောင့်ထို ဗလရုပ် စသည်တို့တွင် အသီးအခြား တခုခုမျှမရှိဟု ဆုံးဖြတ်ခြင်းကို ပြုအပ်၏၊ ဤသို့ ပြဆိုပြီးသော စကားအစဉ်ဖြင့် ဘူတရုပ်လေးခု ဥပါဒါရုပ် နှစ်ဆယ့်လေးခု အားဖြင့် ရုပ်သည် နှစ်ဆယ့် ရှစ်ပါး အပြားရှိ၏၊ နှစ်ဆယ့်ရှစ်ပါးမှ အပို,အလျော့ မရှိ။

၄၄၇။ ထိုရုပ် နှစ်ဆယ့်ရှစ်ခုသည်လည်း လောဘ စသော ဟိတ် မဟုတ်၊ သမ္ပယုတ်ဟိတ် မရှိ၊ ဟိတ်နှင့်မယှဉ်၊ ကံ,စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းနှင့်တကွ ဖြစ်၏၊ လောကဍ္ဍ အကျုံးဝင်၏၊ အာသဝေါတရားနှင့်တကွ ဖြစ်သည်သာလျှင်တည်း၊ ဤသို့ အစရှိသောနည်းဖြင့် တပါး အဘို့ ရှိ၏၊ အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ်၊ ဩဠာရိကရုပ်, သုခုမရုပ်၊ ဒူရေရုပ်, သန္တိကေရုပ်၊ နိပ္ဖန္နရုပ်, အနိပ္ဖန္နရုပ်၊ ပသာဒရုပ်, နပသာဒရုပ်၊ ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်၊ ဥပါဒိဏ္ဏရုပ်, အနုပါဒိဏ္ဏရုပ် အစရှိသည်တို့၏ အစွမ်းဖြင့် နှစ်ပါးစီ အပြားရှိ၏။

ထိုရုပ် နှစ်ပါးစုတို့တွင် စက္ခု စသော ရုပ်ငါးခုသည် အတ္တဘောကို စွဲ၍ ဖြစ်သောကြောင့် "အဇ္ဈတ္တိကရုပ်" မည်၏၊ ကြွင်းသော ရုပ် နှစ်ဆယ့်သုံးခုသည် အဇ္ဈတ္တိကမှ အပဍ္ဍ ဖြစ်သောကြောင့် "ဗာဟိရရုပ်" မည်၏၊ စက္ခု စသော ရုပ်ကိုးပါး, အာပေါ ကြဉ်သော ဓာတ်သုံးပါး ပေါင်း ရုပ်တဆယ့်နှစ်ခုသည် ဝိသယိ

ဝိသယ ဖြစ်၍ ထိခိုက်သည်၏အစွမ်းဖြင့် **ယူအပ်သောကြောင့်** "ဩဠာရိကရုပ်"မည်၏၊ ကြွင်းသော ရုပ် တဆယ့်ခြောက်ပါးသည် ထိခိုက်သည်၏ အစွမ်းဖြင့် မယူအပ်သောကြောင့် "သုခုမရုပ်" မည်၏။

ထို သုခုမရုပ်သည်ပင်လျှင် သိမ်မွေ့သဖြင့် ထိုးထွင်း၍ သိနိုင်ခဲသော သဘောရှိသည်၏အဖြစ်ကြောင့် **ဉာဏ်နှင့်ဝေးသော** "ဒူရေရုပ်" မည်၏။ ဩဠာရိက ရုပ်သည်ပင် ရုန့်ရင်းသဖြင့် ထိုးထွင်း၍ သိလွယ်သောသဘော ရှိသည်၏အဖြစ်ကြောင့် **ဉာဏ်**နှင့် နီးသော "သန္တိကေရုပ်" မည်၏။

ခေတ်လေးပါး,စက္ခုစသော ရုပ်တဆယ့်သုံးပါး, ကဗဠီကာရာဟာရဘပါး၊ ဤ တဆယ့်ရှစ်ပါးသောရုပ်သည် ပရိစ္ဆေဒ အဖြစ်, ဝိကာရအဖြစ်, လက္ခဏာအဖြစ်ကိုလွန်၍ မိမိ၏ ကက္ခဠတ္တ စသော သဘောအားဖြင့် သာလျှင် ဉာဏ်ဖြင့် ပိုင်းခြား၍ ယူအပ်သောကြောင့် ကံစသော အကြောင်းတို့က ပြီးစေအပ်သော "နိပ္ဖန္နရုပ်" မည်၏၊ ကြွင်းသော ရုပ်ဆယ်ပါးသည် ထိုမှ ပြန်သောအားဖြင့် ဉာဏ်နှင့်ပိုင်းခြား၍ မယူအပ်သောကြောင့် ကံစသော အကြောင်းတို့က မပြီးစေအပ်သော အနိပ္ဖန္နရုပ် မည်၏။

စက္ခုစသော ရုပ်ငါးပါးသည် ရူပါရုံစသည်တို့ကို ယူခြင်းအကြောင်း၏အဖြစ်ဖြင့် ကြေးမုံအပြင်ကဲ့သို့ အထူး ကြည်လင်သည်၏အဖြစ်ကြောင့် "ပသာဒရုပ်" မည်၏၊ ကြွင်းသောရုပ်နှစ်ဆယ့်သုံးပါးသည် ထိုမှပြန်သော သဘောရှိသည်၏ အဖြစ်ကြောင့် "နပသာဒရုပ်" မည်၏။

ပသာဒရုပ်ငါးခု, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ,သုံးခု ဤရုပ်ရှစ်ခုသည် အစိုးရသည်၏ အဖြစ်ကြောင့် "ဣန္ဒြိယရုပ်" မည်၏၊ ကြွင်းသော ရုပ်နှစ်ဆယ်သည် ထိုမှပြန်သော သဘောရှိသည်၏ အဖြစ်ကြောင့် "အနိန္ဒြိယရုပ်" မည်၏။

ကမ္မဇရုပ်အကြောင်းကို နောက်မှ ပြဆိုအံ့၊ ထိုကမ္မဇရုပ်သည် တဏှာ ဒိဋ္ဌိတို့က အာရုံပြုသောအားဖြင့် ကပ်အပ်သော ကံသည်

မိမိ၏အကျိုး၏အဖြစ်ဖြင့် ယူအပ်သောကြောင့် "ဥပါဒိန္နရုပ်" မည်၏၊ ကြွင်းသော ရုပ်ဆယ်ခုသည် ဝါ–တိဇရုပ်သည် ထိုမှ ပြန်သော သဘောရှိသည်၏အဖြစ်ကြောင့် "အနုပါဒိန္နရုပ်" မည်၏။

၄၄၀။ တဖန် ရုပ် နှစ်ဆယ့်ရှစ်ခုသည် သနိဒဿန တိက်, ကမ္မဇ တိက် စသော တိက်တို့၏ အစွမ်းအားဖြင့် သုံးပါး အပြား ရှိ၏၊ ထိုတိက်တို့တွင် ဩဠာရိကရုပ် တဆယ့်နှစ်ခု၌ ရူပါရုံသည် မြင်အပ် ထိပါးအပ်သည်နှင့် တကွဖြစ်သော "သနိဒဿန = သပ္ပဋိဃရုပ်" မည်၏၊ ကြွင်းသော ဩဠာရိကရုပ် တဆယ့်တခုသည် မြင်အပ်သည်မရှိ, ထိပါးအပ်သည်နှင့် တကွဖြစ်သော "အနိဒဿန = သပ္ပဋိဃရုပ်" မည်၏၊ သုခုမရုပ် တဆယ့်ခြောက်ခုသည် မြင်အပ်သည်၏ ဒအဖြစ်မရှိ၊ ထိပါးအပ်သည်၏ အဖြစ် လည်း မရှိသော "အနိဒဿနအပ္ပဋိဃရုပ်" မည်၏။

ကမ္မဇစသော တိက်၏အစွမ်းအားဖြင့် ကံကြောင့်ဖြစ်သော ဣန္ဒြိယရုပ်ရှစ်ခု, ဟဒယရုပ်တခု, အာကာသဓာတ်တခု, ကမ္မသမုဋ္ဌာန အဝိနိဗ္ဘောဂရုပ်ရှစ်ခု ဤတဆယ့်ရှစ်ပါးသော ရုပ်သည် ကမ္မဇရုပ် မည်၏၊ ကံမှတပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်သည် အကမ္မဇရုပ်မည်၏၊ တစုံတခုသော အကြောင်းကြောင့် မဖြစ်သော လက္ခဏာရုပ်လေးခုသည် "နေဝကမ္မဇ = နာကမ္မဇ ရုပ်"မည်၏။

စိတ်ကြောင့်ဖြစ်သော ဝိညတ်ရုပ် နှစ်ခု, သဒ္ဒရုပ်, အာကာသ ဓာတ်, လဟုတာ, မုဒုတာ, ကမ္မညတာ, စိတ္တသမုဋ္ဌာန် အဝိ- နိဗ္ဘောဂရုပ် ရှစ်ခု ဤတဆယ့်ငါးပါးသော ရုပ်သည် "စိတ္တဇရုပ်" မည်၏၊ စိတ်မှ တပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်သည် "အစိတ္တဇရုပ်"မည်၏၊ တစုံတခုသော အကြောင်း ကြောင့် မဖြစ်သော လက္ခဏာရုပ် လေးခုသည် "နေဝ စိတ္တဇ– နာစိတ္တဇရုပ်" မည်၏။

အာဟာရကြောင့် ဖြစ်သော အာကာသဓာတ်, လဟုတာ-ဒိတ္တယ, အာဟာရသမုဋ္ဌာန်, အဝိနိဗ္ဘောဂရုပ် ဤတဆယ့်နှစ်ပါးသော ရုပ်သည် "အာဟာရဇရုပ်" မည်၏၊ အာဟာရမှတပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်သည် "အနာဟာရ-ဇရုပ်" မည်၏၊ တစုံတခုသော အကြောင်းကြောင့် မဖြစ်သော ရုပ်သည် "နေဝအာဟာရဇ = နအနာဟာရဇရုပ်" မည်၏။

ဥတုကြောင့်ဖြစ်သော သဒ္ဒရုပ်, အာကာသဓာတ်, ဥတု-သမုဋ္ဌာန် အဝိနိဗ္ဘောဂရုပ် ဤဆယ်ပါးသောရုပ်သည် "ဥတုဇရုပ်" မည်၏၊ ဥတုမှ တပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်သည် "အနုတုဇရုပ်" မည်၏၊ တစုံတခုသော အကြောင်းကြောင့် မဖြစ်သော ရုပ်သည် "နေဝဥတုဇ = နအနုတုဇရုပ်" မည်၏၊ ဤသို့ ကမ္မစသော တိက်တို့၏ အစွမ်းအားဖြင့် သုံးပါးစီ အပြားရှိ၏။

၄၄၉။ တဖန် ဒိဋ္ဌာဒိစတုက္က, ရူပရူပါဒိစတုက္က, ဝတ္ထာဒိစတုက္က တို့၏ အစွမ်းအားဖြင့် လေးပါးစီရှိ၏၊ ထိုလေးပါးစုတို့၌ ရူပါယတနသည် စက္ခုဝိညာဉ်၏ အာရုံဖြစ်သောကြောင့် ဒိဋ္ဌရုပ်မည်၏၊ သဒ္ဒါယတနသည် သောတဝိညာဉ်၏ အာရုံဖြစ်သောကြောင့် သုတရုပ်မည်၏၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန ဟူသော ရုပ်သုံးခု အပေါင်းသည် ရောက်သောအာရုံကို ယူတတ်သော ဃာနိန္ဒြေ၊ဇိဝှိန္ဒြေ၊ကာယိန္ဒြေတို့၏အာရုံဖြစ်သောကြောင့် မုတရုပ်မည်၏၊ကြွင်းသော ရုပ်နှစ်ဆယ့်တခုသည် မနော ဝိညာဉ်၏ အာရုံသာ ဖြစ်သောကြောင့် ဝိညာတရုပ် မည်၏၊ ဤသို့ ဒိဋ္ဌာဒိစတုက္ကအားဖြင့် လေးပါးရှိ၏။

နိပ္ဖန္နရုပ် တဆယ့်ရှစ်ခုသည်ပင်လျှင် ရူပရုပ်မည်၏၊ အာကာသ ဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏၊ ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ ဤရုပ်ငါးခုသည်

ဝိကာရရုပ် မည်၏၊ ဇာတိ, ဇရတာ, အနိစ္စတာသည် လက္ခဏာရုပ် မည်၏၊ ဤသို့ ရူပရုပ်စသော အစွမ်းအားဖြင့် လေးပါးရှိ၏။

ဟဒယရုပ်သည် ဝတ္ထုရုပ်မည်၏၊ ဒွါရရုပ်မမည်၊ ဝိညတ်ဒွေသည် ဒွါရရုပ်မည်၏၊ ဝတ္ထုရုပ်မမည်၊ ပသာဒရုပ်ငါးခုသည် ဝတ္ထုရုပ်လည်း မည်၏၊ ဒွါရရုပ်လည်း မည်၏၊ ကြွင်းသောရုပ်နှစ်ဆယ်သည် ဝတ္ထုရုပ်လည်းမမည်, ဒွါရရုပ်လည်း မမည်၊ ဤသို့ ဝတ္ထာဒိ စတုက္ကအစွမ်းဖြင့် လေးပါးရှိ၏။

၄၅၀။ တဖန်တုံ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ န ကုတောစိဇာတရုပ်တို့၏ အစွမ်းဖြင့် ငါးပါးရှိ၏၊ ထို ငါးပါးစုဖြင့် ကံသက်သက်ကြောင့်ဖြစ်သော ရုပ်သည်ငှင်း, စိတ်သက်သက်ကြောင့် ဖြစ်သောရုပ်သည်ငှင်း ကမ္မဇရုပ် မည်၏၊ ဟဒယဝတ္ထုနှင့်တကွ ဣန္ဒြိယရုပ်ရှစ်ခုသည် ကံ တပါးတည်းကြောင့်သာ ဖြစ်၏၊ ဝိညတ်ဒွေသည် စိတ် ကြောင့်သာ ဖြစ်၏၊ ရံခါစိတ်ကြောင့်ဖြစ်၍ ရံခါဥတု ကြောင့်ဖြစ်သောရုပ်သည် ဥတုဇရုပ် မည်၏၊ ထိုဥတုဇရုပ်သည် သဒ္ဒါယတနပင်တည်း၊ ဥတု, စိတ်, အာဟာရအကြောင်း သုံးပါးတို့ကြောင့် ဖြစ်သောရုပ်သည် တိဇရုပ် မည်၏၊ ထိုတိဇရုပ်သည်ကား လဟုတာဒိတ္တယပင်တည်း။

ကံ, စိတ်, ဥတု, အာဟာရအကြောင်းလေးပါးတို့ကြောင့် ဖြစ်သောရုပ်သည် စတုဇရုပ် မည်၏၊ ထိုစတုဇရုပ်သည်ကား လက္ခဏာရုပ်ကြဉ်အပ်သော အဝိနိဗ္ဘောဂရုပ်နှင့်တကွ အာကာသ ဓာတ်ပင်တည်း၊ တစုံတခုသော အကြောင်းကြောင့်မျှမဖြစ်သော လက္ခဏာရုပ်လေးခုသည် နကုတောစိရုပ်မည်၏၊ ဥပါဒ်၏ ဥပါဒ် သည်မရှိ၊ ဥပါဒ်ပြီးသောရုပ်၊ ဝါ-ဥပါဒ်ဆဲမဟုတ်သောရုပ်လည်း ရင့်ခြင်း ပျက်ခြင်းမျှဖြစ်၍ ဇာတိမှ တပါးသော ဇရာမရဏ ရုပ်နှစ်ပါးအပေါင်းသာ ဖြစ်၏၊ ထို့ကြောင့် လက္ခဏာရုပ်သည် တစုံတခုသောအကြောင်းကြောင့် မဖြစ်။

ရူပါယတနံ၊ သဒ္ဒါယတနံ....(လ)....ဗ္ဗမေ ဓမ္မာ စိတ္တသမုဋ္ဌာနာ-အစရှိသည်တို့၌ တစုံတခုသောအကြောင်းကြောင့် ဇာတိဖြစ်သည်၏အဖြစ်ကို ၃င့်ပြုတော်မူအပ်၏၊ ထိုဇာတိ၏အဖြစ်ကိုလည်း ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့၏ကိစ္စကို ပြီးစေသော အာနုဘော် ထင်ရှားရှိသောခဏ၌ မြင်အပ်သည်၏အဖြစ်ကြောင့်သာ ခွင့်ပြုတော်မူအပ်၏ ဟု မှတ်သင့်၏။

ရူပက္ခန္ဓာနိဒ္ဒေသ ပြီး၏။

---

## ဝိညာဏက္ခန္ဓာကို ပြခြင်း

၄၅၁။ ရူပက္ခန္ဓာမှ တပါးသော နာမက္ခန္ဓာလေးပါးတို့တွင် အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိသောသဘောတရားအလုံးစုံကို ဤတာဖြင့် တပေါင်းတစုတည်းပြု၍ ဝေဒနာက္ခန္ဓာ မည်၏ ဟု သိအပ်၏၊ အမှတ်ပြု၍သိခြင်း အာရုံကို ယူခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဤတာဖြင့် တပေါင်းတည်းပြု၍ သညာက္ခန္ဓာ မည်၏ ဟု သိအပ်၏၊ ပြုပြင်စီရင်ခြင်း အားထုတ်ခြင်း ကြောင့်ကြဗျာပါရသို့ ရောက်ခြင်း လက္ခဏာရှိသော သဘောတရားအလုံးစုံကို ဤတာဖြင့် တပေါင်းတည်းပြု၍ သင်္ခါရက္ခန္ဓာ မည်၏ ဟု သိအပ်၏၊ သညာ၏သိခြင်းထက် ထူးသော အာရုံကို ရခြင်း ယူခြင်း သိခြင်း လက္ခဏာရှိသော သဘောတရားအလုံးစုံကို ဤတာဖြင့် တပေါင်းတည်းပြု၍ ဝိညာဏက္ခန္ဓာ မည်၏ ဟု သိအပ်၏၊ ထိုနာမက္ခန္ဓာလေးပါး တို့တွင် ဝိညာဏက္ခန္ဓာကို သိပြီး ခဲ့သော် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ကို လွယ်လွယ်ကူကူ သိနိုင်မည်ဖြစ်သောကြောင့် ဝိညာဏက္ခန္ဓာကို လက်ဦးဆုံး ဖွင့်ပြပေအံ့။

ပြဆိုခဲ့ပြီးသောစကား၌ သညာ၏သိခြင်းထက် ထူးသော အာရုံကို ရခြင်း ယူခြင်း သိခြင်း လက္ခဏာဟူသည် အဘယ်နည်း၊

ဝိညာဉ်သာတည်း။ "ဝိဇာနာတီတိ ခေါ အာဝုသော တသ္မာ ဝိညာဏန္တိ ဝုစ္စတိ" ဟု ဟောတော်မူပြီ။ အဓိပ္ပါယ်ကား–"အို ငါ့ရှင်တို့ သညာ၏သိခြင်းမှ ထူးသော အခြင်းအရာအားဖြင့် သိတတ်၏၊ထို့ကြောင့် စိတ်ကို ဝိညာဉ်ဟူ၍ဆိုအပ်၏"။ ဝိညာဏံ, စိတ္တံ, မနော-ဟူသော ပုဒ်သုံးခုသည် အနက်သဘောအားဖြင့် အတူတူပင်ဖြစ်၏၊ ထိုဝိညာဉ်သည် ဝိဇာနန လက္ခဏာအားဖြင့် အာရုံကို ယူခြင်းသဘောရှိသောကြောင့် တပါးအဘို့သာ ရှိသော်လည်း ဇာတိဘေဒအစွမ်းဖြင့် ကုသိုလ်, အကုသိုလ်, အဗျာကတ ဟူ၍ သုံးပါးအပြားရှိ၏။

၃၅၂။ ထိုကုသိုလ်သည် ဘူမိဘေဒအားဖြင့် ကာမာဝစရ ကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်ဟူ၍ လေးပါးရှိ၏၊ ထိုလေးပါးတို့တွင် ကာမာဝစရကုသိုလ်သည် သောမနဿ, ဥပေက္ခာ, အပြား၊ ဉာဏ် အပြား၊ သင်္ခါရအပြားအားဖြင့် ရှစ်ပါး ရှိ၏။ ရှစ်ပါးဟူသော်ကား—

| | | | |
|---|---|---|---|
| သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | ။ | သသင်္ခါရိက | (၁) |
| ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | ။ | သသင်္ခါရိက | (၁) |
| ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | ။ | သသင်္ခါရိက | (၁) |
| ။ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | ။ | သသင်္ခါရိက | (၁) |

ဟူ၍ ရှစ်ပါးတည်း။

**ထင်ရှားစေအံ့**–အကြင်အခါ၌ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့၏ ပြည့်စုံခြင်းကိုလည်း, အခြားသော သောမနဿဖြစ်ခြင်းအကြောင်း ကိုလည်း စွဲ၍အလွန် **ရွှင်လန်းသဖြင့်** "အလှူ၏အကျိုးသည်ရှိ၏"

စသောနည်းဖြင့်ဖြစ်သော **သမ္မာဒိဋ္ဌိကို** ရှေ့သွားပြုလျက် **မဆုတ်** မနစ်မူ၍ သူတပါးတို့က **မတိုက်တွန်းဘဲ** ဒါနစသော ကောင်းမှုကို ပြု၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့်ယှဉ်သော ကုသိုလ်စိတ်သည် မတိုက်တွန်းအပ်သော "အသင်္ခါရိက"ဖြစ်၏၊ ဆိုအပ်ပြီးသောနည်းဖြင့် အလွန်ရွှင်လန်းသည်ဖြစ်၍ သမ္မာဒိဋ္ဌိကို ရှေ့သွားပြုလျက် လွတ်လွတ်စွန့်ကြဲခြင်း မရှိသည်၏ အစွမ်းဖြင့်ဆုတ်နစ်၍ငင်း, သူတပါးတို့က တိုက်တွန်း၍ငင်း ကောင်းမှုကို ပြုသောအခါ၌ ထိုပုဂ္ဂိုလ်၏ ထိုသောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် စိတ်သည်ပင်လျှင် "သသင်္ခါရိက" ဖြစ်၏။

ဤအရာ၌"**တိုက်တွန်းခြင်းရှိ၏**"ဟူသော စကားသည် မိမိ၏ငင်း, သူတပါးတို့၏ငင်း အစွမ်းအားဖြင့်ဖြစ်သော ပုညကြိယာ၌ တွန့်တိုခြင်းမှ ကင်းစေ၍ ကောင်းစွာ အားထုတ်စေတတ်သော စိတ္တပယောဂ၏အမည်တည်း၊ အကြင်အခါ၌ကား မိဘစသော ဆွေမျိုးအပေါင်း၏ ပေးလှူ ပူဇော်ခြင်းစသော အကျင့်ကို မြင်သဖြင့် အလေ့အထရှိကုန်သော သူငယ်ကလေးတို့သည် ရဟန်းတို့ကိုမြင်၍ ဝမ်းမြောက်သဖြင့် လက်ရှိဝတ္ထု တစုံတခုကို အဆောတလျင် လှူမူလည်း လှူကုန်၏၊ ရှိခိုးမူလည်း ရှိခိုးကုန်၏၊ ထိုအခါ၌ ထိုစိတ်သည် တတိယ **မဟာ**ကုသိုလ်စိတ် ဖြစ်၏။"လှူကြ,ရှိခိုးကြ" ဟု ဆွေမျိုးတို့က တိုက်တွန်းအပ်သည်ဖြစ်၍ ပေးလှူခြင်းစသည်ကို ပြုသောအခါ၌ စတုတ္ထ မဟာကုသိုလ်စိတ်ဖြစ်၏။ အကြင်အခါ၌ကား အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်စသည်တို့၏ မပြည့်စုံခြင်းကိုငင်း, **အခြား**သော သောမနဿ ဖြစ်ခြင်းအကြောင်း မရှိခြင်းကိုငင်း စွဲ၍ လေးဝိကပ် စိတ်လေးခုတို့၌ပင် သောမနဿမှ ကင်းကုန်သည်ဖြစ်၍ ကောင်းမှုကိုပြုကုန်၏၊ ထိုအခါ၌ ဥပေက္ခာသဟဂုတ် စိတ်လေးပါးတို့သည် ဖြစ်ကုန်၏၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့် သောမနဿ, ဥပေက္ခာ, ဉာဏသမ္ပယုတ်, ဝိပ္ပယုတ်, အသင်္ခါရိက, သသင်္ခါရိက အပြားအားဖြင့် ရှစ်ပါးသော ကာမာဝစရ ကုသိုလ်စိတ်ကို သိအပ်၏။

ရူပါဝစရ ကုသိုလ်စိတ်သည်ကား ဈာန် အင်္ဂါနှင့်ယှဉ်သော အားဖြင့် ငါးပါးအပြားရှိ၏၊ငါးပါးဟူသော်ကား ဝိတက်,ဝိစာရ, ပီတိ, သုခ, သမာဓိနှင့်ယှဉ်သော ပဌမဈာန်စိတ်ငှ်း၊ ဝိတက်ကို လွန်သော ဒုတိယ ဈာန်စိတ်ငှ်း၊ ဝိတက်, ဝိစာရကို လွန်သော တတိယဈာန်စိတ်ငှ်း၊ တတိယဈာန်စိတ်မှ စက်ဆုပ်အပ်သော ပီတိရှိသော စတုတ္ထဈာန်စိတ်ငှ်း၊ ချုပ်ပြီးသော သုခရှိသော ဥပေက္ခာ,သမာဓိနှင့်ယှဉ်သော ပဉ္စမဈာန်စိတ်ငှ်း၊ ဤသို့ ငါးပါး အပြားရှိ၏။

အရူပါဝစရ ကုသိုလ်သည် ဥပေက္ခာ, သမာဓိဟု ဆိုအပ်သော လေးပါးကုန်သော အာရုပ္ပဈာန်တို့နှင့် ယှဉ်ခြင်း၏ အစွမ်းအားဖြင့် လေးပါးရှိ၏၊ အောက်အာရုပ္ပကထာ၌ ဆိုအပ်ပြီးသော အပြားအားဖြင့် အာကာသာနဉ္စာယတနဈာန်နှင့် ယှဉ်သော ပဌမ အရူပါဝစရကုသိုလ်စိတ်ငှ်း၊ ဝိညာဏဉ္စာယတနဈာန် စသည်တို့နှင့်ယှဉ်ကုန်သော ဒုတိယ,တတိယ,စတုတ္ထ အရူပါဝစရ ကုသိုလ်စိတ်တို့ငှ်း ဤသို့ လေးပါးအပြားရှိ၏။

လောကုတ္တရာ ကုသိုလ်စိတ်သည် လေးပါးသော အရိယာ မဂ်နှင့်ယှဉ်သောအားဖြင့် လေးပါးအပြားရှိ၏၊ ဤသို့သောနည်း ဖြင့် ကုသိုလ်စိတ်သည် နှစ်ဆယ့်တပါး အပြားရှိ၏။

၄၅၃။ အကုသိုလ်စိတ်သည် ဘူမိဘေဒအားဖြင့် တပါးအတို ရှိ၏၊ ကာမာဝစရသာတည်း၊ လောဘမူ, ဒေါသမူ, မောဟမူ ဟူသော မူလအားဖြင့် သုံးပါးရှိ၏၊ ထိုတွင် လောဘမူစိတ်သည် သောမနဿ, ဥပေက္ခာ, ဒိဋ္ဌိဂတ သမ္ပယုတ်, ဝိပ္ပယုတ်, အသင်္ခါရိက, သသင်္ခါရိကတို့၏ အပြားအားဖြင့် ရှစ်ပါးရှိ၏၊ ရှစ်ပါးဟူသော်ကား–

| | | | |
|---|---|---|---|
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | ။ | သသင်္ခါရိက | (၁) |
| ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | ။ | သသင်္ခါရိက | (၁) |

| | | | |
|---|---|---|---|
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | **အသင်္ခါရိက** | **(၁)** |
| ။ | ။ | **သသင်္ခါရိက** | **(၁)** |
| ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | ။ | သသင်္ခါရိက | (၁) |

ဤသို့ ရှစ်ပါးရှိ၏။

**ထင်ရှားစေအံ့**–အကြင်အခါ "ကာမဂုဏ်တို့၌ အပြစ်မရှိ" စသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိအယူကို ရှေ့သွားပြု၍ နှစ်သက်ရွှင်လန်း သဖြင့် လောဘ မိစ္ဆာဘိနိဝေသ အစွမ်းကြောင့် သာလျှင် ထက်သော မတိုက်တွန်းအပ်သော စိတ်ဖြင့် ကာမဂုဏ်တို့ကို မူလည်း သုံးဆောင်၏၊ ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုမူလည်း အမြတ် တနိုး ယုံကြည်၏၊ ထို အခါ၌ ပဌမ လောဘမူ အကုသိုလ်စိတ် ဖြစ်၏။

အကြင်အခါ၌ နုံ့သည်ဖြစ်၍ မိမိ, သူတပါးတို့က တိုက်တွန်း အပ်သော စိတ်ဖြင့် မိစ္ဆာအယူကို ရှေ့သွားပြု၍ နှစ်သက်ရွှင်လန်း သဖြင့် ကာမဂုဏ်တို့ကိုမူလည်း သုံးဆောင်၏၊ ဒိဋ္ဌမင်္ဂလာစသည် တို့ကိုမူလည်း အမြတ်တနိုး ယုံကြည်၏၊ထိုအခါ၌ ဒုတိယအကုသိုလ် စိတ် ဖြစ်၏။

မိစ္ဆာအယူကို ရှေ့သွားမပြုဘဲ သက်သက်ရွှင်လန်းသည်ဖြစ်၍ သဘောအားဖြင့် ထက်သောကြောင့် မတိုက်တွန်းအပ်သော စိတ်ဖြင့် မေထုန်မှီဝဲ၏၊သူ့စည်းစိမ်ကိုလည်း ရေးရှုကြံ၏၊သူ့ဥစ္စာ ကိုမူလည်း ခိုးယူ၏၊ ထိုအခါ၌ တတိယ အကုသိုလ်စိတ်ဖြစ်၏။

နုံ့သည်ဖြစ်၍ တိုက်တွန်းအပ်သောစိတ်ဖြင့် ထိုမကောင်းမှုကို ပြုသောအခါ၌ စတုတ္ထအကုသိုလ်စိတ် ဖြစ်၏။

အကြင်အခါ၌ကား ကာမဂုဏ်တို့၏မပြည့်စုံခြင်းကိုစွဲ၍ အခြား သော သောမနဿဖြစ်ခြင်း အကြောင်းမရှိခြင်းကြောင့် လေးပါး သော ဝိကပ်တို့၌ သောမနဿမှ ကင်းကုန်သည်ဖြစ်၍ မကောင်း မှုကို ပြုကုန်၏၊ ထိုအခါ၌ ဥပေက္ခာ သဟဂုတ် လောဘမူ အကု

**သိုလ်စိတ်** လေးပါးတို့ ဖြစ်ကုန်၏၊ ဤသို့လျှင် သောမနဿ, **ဥပေက္ခာ,** ဒိဋ္ဌိဂတသမ္ပယုတ်, ဝိပ္ပယုတ်, အသင်္ခါရိက, သသင်္ခါရိက အပြားအားဖြင့် လောဘမူစိတ် ရှစ်ပါးကို သိအပ်၏။

ဒေါသမူ စိတ်သည်–

| | | | | |
|---|---|---|---|---|
| ဒေါမနဿ | သဟဂုတ် | ပဋိဃသမ္ပယုတ် | အသင်္ခါရိက | (၁) |
| ။ | | ။ | သသင်္ခါရိက | (၁) |

ဟူ၍ နှစ်ပါး အပြားရှိ၏။

ထိုဒေါသမူအကုသိုလ်သည် သူ့အသက်သတ်ခြင်း စသည်တို့၌ ထက်သောကာလ နုံ့သောကာလ၌ ဖြစ်ခြင်းကို သိအပ်၏။

မောဟမူ အကုသိုလ်သည်–

| | | |
|---|---|---|
| ဥပေက္ခာသဟဂုတ် | ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | (၁) |
| ။ | ဥဒ္ဓစ္စ သမ္ပယုတ်စိတ် | (၁) |

ဟူ၍ နှစ်ပါး အပြားရှိ၏။

အာရုံကိုမဆုံးဖြတ်နိုင်သော ကာလ, ပျံ့လွင့်သော ကာလ၌ ထိုမောဟမူစိတ်၏ ဖြစ်ခြင်းကိုသိအပ်၏၊ ပြဆိုခဲ့ပြီးသော ဤနည်းဖြင့် အကုသိုလ်ဝိညာဉ်သည် တဆယ့်နှစ်ပါး အပြားရှိ၏။

၄၅၄။ အဗျာကတစိတ်သည် ဇာတိဘေဒအားဖြင့် ဝိပါက် အဗျာကတ, ကြိယာအဗျာကတဟူ၍ နှစ်ပါး ရှိ၏၊ ထိုတွင် ဝိပါက်စိတ်သည် ဘူမိဘေဒအားဖြင့် ကာမာဝစရ ဝိပါက်, ရူပါဝစရ ဝိပါက်, အရူပါဝစရ ဝိပါက်, လောကုတ္တရာ ဝိပါက်ဟူ၍ လေးပါး ရှိ၏၊ ထိုတွင် ကာမာဝစရဝိပါက်သည် ကုသလဝိပါက်, အကုသလဝိပါက်ဟု နှစ်ပါး ရှိ၏၊ ကုသလဝိပါက်သည်လည်း အဟိတ် ကုသလဝိပါက်, သဟိတ် ကုသလ ဝိပါက်ဟု နှစ်ပါးရှိ၏၊ ထိုတွင် အလောဘစသော ဝိပါက်ဟိတ်မှ

ကင်းသော ကုသလ **ဝိပါက် ဝိညာဉ်သည်** အဟိတ် ကုသလ ဝိပါက် မည်၏၊ ထို အဟိတ်ကုသလ ဝိပါက် ဝိညာဉ်သည်–

(၁) စက္ခုဝိညာဉ်၊

(၂) သောတဝိညာဉ်၊

(၃) ဃာနဝိညာဉ်၊

(၄) ဇိဝှါဝိညာဉ်၊

(၅) ကာယဝိညာဉ်၊

(၆) သမ္ပဋိစ္ဆိုန်း ကိစ္စတပ်သော မနောဓာတ်၊

(၇-၈) **သန္တီရဏ,** တဒါရုံစသော ကိစ္စတပ်သော **သောမနဿသဟဂုတ်,** ဥပေက္ခာသဟဂုတ်အားဖြင့် **နှစ်ပါး သော မနောဝိညာဏဓာတ်တို့ပင်း ဤသို့လျှင် ရှစ်ပါးရှိ၏။**

ထိုရှစ်ပါးတို့တွင် (၁) စက္ခုဝိညာဉ်သည် စက္ခုဝတ္ထုကိုမှီ၍ ရူပါရုံကို သိခြင်းလက္ခဏာရှိ၏၊ ရူပါရုံမျှကိုသာ အာရုံပြုခြင်း ကိစ္စရှိ၏၊ ရူပါရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ဉာဏ်အားထင်၏၊ ရူပါရုံလျှင် အာရုံရှိသော ကြိယာ မနောဓာတ် ပဉ္စဒွါရာဝဇ္ဇန်း၏ ဖဲခြင်း ချုပ်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

(၂-၃-၄-၅) သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်တို့သည် သောတဝတ္ထု စသည်တို့ကိုမှီ၍ သဒ္ဒါရုံ စသည်ကို သိခြင်း လက္ခဏာရှိ၏၊ သဒ္ဒါရုံစသည်မျှကို အာရုံပြုခြင်း ကိစ္စ ရှိကုန်၏၊ သဒ္ဒါရုံစသည်သို့ ရှေးရှုသည်၏အဖြစ်ဖြင့် ဉာဏ်အား ထင်၏၊ သဒ္ဒါရုံစသည်လျှင် အာရုံရှိကုန်သော ကြိယာမနော ဓာတ် ပဉ္စဒွါရာဝဇ္ဇန်း၏ ဖဲခြင်း ချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိကုန်၏။

(၆) ဝိပါက်မနောဓာတ်သည် စက္ခုဝိညာဉ် စသည်တို့၏ အခြားမဲ့၌ ရူပါရုံစသော ပဉ္စာရုံကို သိခြင်း လက္ခဏာရှိ၏၊ရူပါရုံ

စသော ပဋ္ဌာရုံကို ခံခြင်း ကိစ္စ ရှိ၏၊ ထိုပဋ္ဌာရုံကို ခံတတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ စက္ခုဝိညာဉ် စသည်တို့၏ ကင်းခြင်း ချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

(၇-၈) သန္တိရဏကိစ္စ, တဒါရုံကိစ္စစသည် တပ်ကုန်သော အဟိတ် ကုသလ ဝိပါက် သောမနဿ သဟဂုတ် မနောဝိညာဏ ဓာတ်, ဥပေက္ခာသဟဂုတ် မနောဝိညာဏဓာတ်တို့သည် အာရုံ ခြောက်ပါးကို သိခြင်း လက္ခဏာရှိကုန်၏၊ ထိုက်သည်အား လျော်စွာ သန္တိရဏကိစ္စ, တဒါရုံကိစ္စ, ပဋိသန္ဓေကိစ္စ, စုတိကိစ္စ, ဘဝင်ကိစ္စ တပ်ကုန်၏၊ ထိုသန္တိရဏ စသော ကိစ္စ တပ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်၏၊ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်း ရှိ၏။

**အထူးကား**–သောမနဿ, ဥပေက္ခာနှင့် ယှဉ်သောကြောင့် ၎င်း, နှစ်ဌာန, ငါးဌာန အပြားအားဖြင့်၎င်း, ထိုသန္တိရဏ မနောဝိညာဏဓာတ်၏ ဒုဝိဟူသော အထူးသည် ဖြစ်၏၊ ထင်ရှားစေအံ့၊ ထို မနောဝိညာဏဓာတ်တို့တွင် တခုသော သောမနဿ သန္တိရဏ မနော ဝိညာဏဓာတ်သည် စင်စစ် အားဖြင့် ဣဋ္ဌာရုံ၌ ထင်ရှားဖြစ်ခြင်းကြောင့် သောမနဿနှင့် ယှဉ်သည်ဖြစ်၍ သန္တိရဏ, တဒါရုံ၏အစွမ်းဖြင့် ပဉ္စဒွါရ၌၎င်း, ဇော၏ အဆုံး၌၎င်း ဖြစ်သောကြောင့် နှစ်ဌာန ရှိ၏။

တခုသော ဥပေက္ခာ သန္တိရဏ မနောဝိညာဏ ဓာတ်သည် ဣဋ္ဌ မဇ္ဈတ္တာရုံ၌ ထင်ရှားဖြစ်ခြင်းကြောင့် ဥပေက္ခာနှင့်ယှဉ်သည် ဖြစ်၍ သန္တိရဏကိစ္စ,တဒါရုံကိစ္စ,ပဋိသန္ဓေကိစ္စ,စုတိကိစ္စ, ဘဝင် ကိစ္စတို့၏အစွမ်းဖြင့် ဖြစ်သောကြောင့် ငါးဌာန ရှိ၏။

ရှစ်ပါးအပြားရှိသော ထိုအဟိတ် ကုသလဝိပါက် ဝိညာဉ်သည် မြသော အာရုံ, မမြသော အာရုံရှိသည် အဖြစ်ကြောင့် နှစ်ပါး အပြားရှိ၏၊ ဥပေက္ခာဝေဒနာ,သုခဝေဒနာ,သောမနဿဝေဒနာ အပြားအားဖြင့် သုံးပါး ရှိ၏။

ဤရှစ်ပါးတို့တွင် စက္ခုစသော ဝိညာဉ်ငါးပါးအပေါင်းသည် အစဉ်အတိုင်း ရူပါရုံ စသည်တို့၌ သာလျှင် ဖြစ်သောကြောင့် မြဲသော အာရုံရှိ၏၊ ကြွင်းသော အဟိတ် ကုသလဝိပါက် သုံးခုသည် မမြဲသောအာရုံရှိ၏၊ ထိုသုံးပါးတို့တွင် မနောဓာတ်သည် ရူပါရုံစသော အာရုံငါးပါးတို့၌ ဖြစ်၏၊ မနောဝိညာဏဓာတ် နှစ်ခုသည် အာရုံခြောက်ပါးတို့၌ ဖြစ်၏။

ဤရှစ်ပါးတို့တွင် ကာယဝိညာဉ်သည် သုခဝေဒနာနှင့် ယှဉ်၏၊ နှစ်ဌာနတပ်သော မနောဝိညာဏဓာတ်သည် သောမနဿနှင့် ယှဉ်၏၊ အကြွင်းခြောက်ပါးသည် ဥပေက္ခာနှင့်ယှဉ်၏၊ ဤ ပြဆိုပြီးသောနည်းဖြင့် အဟိတ် ကုသလဝိပါက် ဝိညာဉ်ကို ရှစ်ပါး အပြား ရှိ၏ဟူ၍ သိအပ်၏။

အလောဘစသော ဝိပါက်ဟိတ်နှင့် ယှဉ်သော ဝိညာဉ်သည် သဟိတ် ကုသလဝိပါက် ဝိညာဉ်မည်၏၊ ထို သဟိတ်ဝိပါက် ဝိညာဉ်သည် ကာမာဝစရ ကုသိုလ်ကဲ့သို့ သောမနဿ စသည် တို့၏ အပြားအားဖြင့် ရှစ်ပါးရှိ၏၊ အထူးကား–မဟာကုသိုလ်သည် ဒါန စသည်တို့၏ အစွမ်းအားဖြင့် အာရုံ ခြောက်ပါး၌ ဖြစ်သကဲ့သို့ ဤ သဟိတ် ကာမာဝစရ ဝိပါက်စိတ်သည် ဒါန စသည်တို့၏အစွမ်းအားဖြင့် အာရုံခြောက်ပါး၌ မဖြစ်၊ ပဋိသန္ဓေ, ဘဝင်,စုတိ,တဒါရုံတို့၏ အစွမ်းအားဖြင့် ကာမာဝစရ၌ အကျုံးဝင်ကုန်သော အာရုံ ခြောက်ပါးတို့၌သာ ဖြစ်၏၊ ဤသဟိတ် ဝိပါက် စိတ်ရှစ်ခုတို့၌ အသင်္ခါရအဖြစ်, သသင်္ခါရအဖြစ်ကို အာရုံ ပစ္စယတို့၏အစွမ်းအားဖြင့် သိအပ်၏။

သရုပ်အားဖြင့်ပြသော သမ္ပယုတ်တရားတို့၏ အထူးမရှိသော်လည်း ကြေးမုံအပြင်စသည်တို့၌ မျက်နှာ အရိပ် ထင်သကဲ့သို့ ဝိပါက်သည် ပုထုဇဉ်တို့၏ သန္တာန်၌ အကျိုးကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော ဗျာပါရ ကင်း၏၊ ကုသိုလ်သည် မျက်နှာကဲ့သို့ ပုထုဇဉ်တို့၏ သန္တာန်၌ အကျိုးကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သော ဗျာပါရ ရှိ၏၊ အကုသလ ဝိပါက် စိတ်သည် ဟိတ်နှင့် မရော

မယှက် သက်သက် အဟိတ် စင်းစင်းသာတည်း၊ ထိုအကုသလ ဝိပါက်စိတ်သည် စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်, သမ္ပဋိစ္ဆိုန်းကိစ္စ တပ်သော မနောဓာတ် သန္တီရဏစသည်ဖြင့် ငါးကိစ္စ ငါးဌာန ဝပ်သော မနောဝိညာဏဓာတ်ဟူ၍ ခုနစ်ပါးရှိ၏၊ ထိုအကုသလ ဝိပါက်ကို လက္ခဏာ စသောအားဖြင့် အဟိတ် ကုသလဝိပါက်၌ ပြဆို ပြီးသောနည်းဖြင့်သာလျှင် သိအပ်၏။

**အထူးကား**-အဟိတ် ကုသလ ဝိပါက်တို့သည် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံသက်သက်ကိုသာ အာရုံပြုကုန်၏၊ ဤအကုသလဝိပါက် တို့သည် အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈတ္တာရုံကိုသာ အာရုံပြုကုန်၏၊အဟိတ် ကုသလ ဝိပါက်တို့သည် ဥပေက္ခာသဟဂုတ်, သုခသဟဂုတ်, သောမနဿသဟဂုတ်အားဖြင့် သုံးပါး ရှိကုန်၏၊ အကုသလ ဝိပါက်တို့သည် ဒုက္ခသဟဂုတ်, ဥပေက္ခာသဟဂုတ်အားဖြင့် နှစ်ပါးရှိကုန်၏၊ဤအကုသလ ဝိပါက် ခုနစ်ခုတို့၌ ကာယဝိညာဉ် သည် ဒုက္ခသဟဂုတ် ဖြစ်၏၊ ကြွင်းခြောက်ခုသည် ဥပေက္ခာ သဟဂုတ်ဖြစ်၏၊ ထိုဥပေက္ခာခြောက်ခုသည်လည်း ယုတ်ညံ့၏၊ ဒုက္ခသည် အလွန်ထက်သကဲ့သို့ ဥပေက္ခာသည် မထက်လွန်း၊ အဟိတ် ကုသလ ဝိပါက်တို့၌ ဥပေက္ခာသည် မြတ်၏၊ သုခသည် အလွန်ထက်သကဲ့သို့ ဤဥပေက္ခာသည် မထက်လွန်း၊ ဤ ဆိုပြီး သောနည်းဖြင့် အကုသလ ဝိပါက် ခုနစ်ခု အဟိတ် ကုသလ ဝိပါက် ရှစ်ခု သဟိတ် ကုသလ ဝိပါက်ရှစ်ခုဟူသော ကာမာ-ဝစရ ဝိပါက်ဝိညာဉ်သည် နှစ်ဆယ့်သုံးပါးဖြစ်၏။

ရူပါဝစရ ဝိပါက်ဝိညာဉ်သည် ရူပါဝစရ ကုသိုလ် ကဲ့သို့ပင် ငါးပါးရှိ၏၊ရူပါဝစရ ကုသိုလ် ဝိညာဉ်သည် သမာပတ်၏ အစွမ်း အားဖြင့် ဇောဝီထိ၌ဖြစ်၏၊ ဤရူပါဝစရ ဝိညာဉ်သည် ဥပပတ္တိ ဘဝ၌ ပဋိသန္ဓေ,ဘဝင်,စုတိတို့၏ အစွမ်းအားဖြင့် ဖြစ်၏။

အရူပါဝစရ ဝိပါက် ဝိညာဉ်သည်လည်း အရူပါဝစရ ကုသိုလ် ဝိညာဉ်ကဲ့သို့ လေးပါး ရှိ၏၊ ထိုအရူပါဝစရ ဝိပါက် ဝိညာဉ်၏ အထူးဖြစ်ခြင်းသည်လည်း ရူပါဝစရဝိညာဉ်၌ ပြဆိုပြီးသောနည်း

အတိုင်း သာ၏တည်း၊ လောကုတ္တရာ ဝိပါက် ဝိညာဉ်သည်လည်း မဂ်လေးပါးတို့နှင့်ယှဉ်သော ကုသိုလ်၏ အကျိုးဖြစ်သောကြောင့် လေးပါးရှိ၏၊ ထိုလောကုတ္တရာ ဝိပါက်ဝိညာဉ်သည် မဂ္ဂဝီထိ၏ အစွမ်းအားဖြင့်ရင်း, သမာပတ်၏ အစွမ်းအားဖြင့်ရင်း နှစ်ပါး အပြားရှိ၏။ ဤဆိုအပ်ပြီးသော နည်းဖြင့် အလုံးစုံ ဘုံလေးပါး တို့၌ သုံးဆယ့်ခြောက်ပါး အပြားရှိသော ဝိပါက် ဝိညာဉ်သည် ဖြစ်၏။

ကြိယာ ဝိညာဉ်သည် ဘူမိဘေဒ အားဖြင့် ကာမာဝစရ ကြိယာ, ရူပါဝစရကြိယာ, အရူပါဝစရကြိယာဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် ကာမာဝစရ ကြိယာသည် အဟိတ် ကြိယာ, သဟိတ်ကြိယာဟူ၍ နှစ်ပါးရှိ၏၊ ထိုတွင် အလောဘ စသော ဟိတ်ကင်းသော ကြိယာသည် အဟိတ်ကြိယာဝိညာဉ် မည်၏၊ ထိုအဟိတ် ကြိယာသည် မနောဓာတ်, မနော ဝိညာဏဓာတ် အားဖြင့် နှစ်ပါးရှိ၏၊ ထိုတွင် မနောဓာတ်သည် စက္ခုဝိညာဉ် စသည်တို့၏ ရှေ့သွားဖြစ်၍ ရူပါရုံစသော အာရုံတို့ကို သိခြင်း လက္ခဏာရှိ၏၊ နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကိစ္စ ရှိ၏၊ ရူပါရုံ စသည်သို့ ရှေးရှုသည်၏အဖြစ်ဖြင့် ဉာဏ်အား ထင်၏၊ ဘဝင် အစဉ်ပြတ်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏၊ထိုမနောဓာတ် သည် ဥပေက္ခာ သမ္ပယုတ်သာဖြစ်၏။

မနောဝိညာဏဓာတ်သည် ပုထုဇဉ် သေက္ခ အသေက္ခတို့နှင့် ဆက်ဆံသော သာဓာရဏ မနော ဝိညာဏဓာတ်, ဒ ခြား တပါးနှင့် မဆက်ဆံဘဲ အသေက္ခတို့၏ အာဝေနိက ဖြစ်သော အသာဓာရဏ မနောဝိညာဏဓာတ်အားဖြင့် နှစ်ပါးရှိ၏၊ထိုတွင် သာဓာရဏ ဥပေက္ခာ သဟဂုတ် အဟိတ် ကြိယာသည် အာရုံ ခြောက်ပါးကို သိခြင်းလက္ခဏာရှိ၏၊ ကိစ္စ၏အစွမ်းဖြင့် ပဉ္စဒွါရ မနောဒွါရတို့၌ ဝုဋ္ဌောကိစ္စ အာဝဇ္ဇန်းကိစ္စ တပ်၏၊ ပဉ္စဒွါရ မနောဒွါရတို့၌ စုံစမ်းအပ်ပြီးသော အာရုံကို မှတ်တတ် ဆင်ခြင် တတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်၏။

ဝုဋ္ဌောဖြစ်သော ကာလ သန္တိရဏ ကိစ္စ တပ်ကုန်သော အဟိတ် ဝိပါက် မနော ဝိညာဏ ဓာတ်သုံးပါး, အာဝဇ္ဇန်းကိစ္စ တပ်သောကာလ အမှတ်မရှိသော ဘဝင် တို့တွင် တပါးပါး၏ ကင်းခြင်း ချုပ်ခြင်းလျှင် နီးသော အကြောင်းရှိ၏၊အသာဓာရဏ သောမနဿ သဟဂုတ် အဟိတ် ကြိယာသည် အာရုံ ခြောက်ပါး ကို သိခြင်း လက္ခဏာ ရှိ၏၊ ကိစ္စ၏ အစွမ်းဖြင့် မမြတ်သော အရိုးစု ပြိတ္တာ အဆင်းစသော အာရုံတို့၌ ရဟန္တာတို့၏ ပြုံးရွှင်ခြင်းကိုသာလျှင် ဖြစ်စေခြင်းကိစ္စ ရှိ၏၊ထိုသို့ ပြုံးရွှင်ခြင်းကို ဖြစ်စေတတ်သောအဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ စင်စစ်အားဖြင့် ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏၊ဤသို့လျှင် အဟိတ် ကာမာဝစရ ကြိယာ ဝိညာဉ်သည် သုံးပါးဖြစ်၏။

သဟိတ် ကာမာဝစရ ကြိယာသည် သောမနဿ စသော အပြားအားဖြင့် ကာမာဝစရ ကုသိုလ် ကဲ့သို့ပင် ရှစ်ပါး ရှိ၏၊ **အထူးကား**–ကာမာဝစရကုသိုလ်သည် ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်အား ဖြစ်၏၊ဤသဟိတ် ကာမာဝစရ ကြိယာရှစ်ခုသည် အသေက္ခ ပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်၏၊ ဤသို့ ပုထုဇဉ် သေက္ခတို့အား ဖြစ်သော ကြိယာသည် ဝိပါက်ကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်, ရဟန္တာတို့အားဖြစ်သော ကြိယာသည် ဝိပါက်ကိုဖြစ်စေခြင်းငှါ သတ္တိမရှိသော အဖြစ်သည် ဤကုသိုလ် ကြိယာ ဝိညာဉ်တို့၌ ထူးသော အချက်တည်း၊ ပြဆိုအပ်ပြီးသော ဤနည်းဖြင့် ကာမာဝစရ ကြိယာသည် တဆယ့်တပါး ရှိ၏။

ရူပါဝစရ ကြိယာသည် ရူပါဝစရကုသိုလ်ကဲ့သို့ ငါးပါး ရှိ၏၊ အရူပါဝစရကြိယာသည် အရူပါဝစရကုသိုလ်ကဲ့သို့ လေးပါးရှိ၏၊ ရဟန္တာတို့အား ဖြစ်သောအစွမ်းအားဖြင့်သာလျှင် ကုသိုလ်မှ ထိုကြိယာဝိညာဉ်၏ ထူးသောအဖြစ်ကိုသိအပ်၏၊ပြဆိုပြီးသောနည်းဖြင့် ဘုံသုံးပါးတို့၌ ကြိယာ ဝိညာဉ်ပေါင်း နှစ်ဆယ်ဖြစ်၏။

၄၅၅။ ဤသို့လျှင် ကုသိုလ်နှစ်ဆယ့်တပါး, အကုသိုလ် တဆယ့်နှစ်ပါး, ဝိပါက် သုံးဆယ့်ခြောက်ပါး, ကြိယာ နှစ်ဆယ် အားဖြင့် ဝိညာဉ်ပေါင်း ရှစ်ဆယ့်ကိုးပါး ဖြစ်ကုန်၏။

ဤဝိညာဉ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆိုင်းကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စတို့၏ အစွမ်းအားဖြင့် တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ဖြစ်ကုန်၏၊ **ဖြစ်ပုံကား—**

အကြင်အခါ ကာမာဝစရ ကုသိုလ်ရှစ်ခုတို့၏ အာနုဘော်ကြောင့် လူပြည် နတ်ပြည်တို့၌ သတ္တဝါတို့သည် ဖြစ်ကုန်၏၊ ထိုအခါ ထို သတ္တဝါတို့အား သေခါနီးကာလ၌ ရှေးရှုထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသော အာရုံကို အာရုံပြု၍ သဟိတ် ကာမာဝစရ ဝိပါက် ရှစ်ခုတို့ရင်း, လူတို့၌ ပဏ္ဍုက်စသည် ဖြစ်ကုန်သော သတ္တဝါတို့အား အားနည်းသော ဒွိဟိတ်ကုသိုလ်၏ အကျိုးဖြစ်သော ဥပေက္ခာ သဟဂုတ် အဟိတ် မနောဝိညာဏဓာတ်ရင်း ဤဝိပါက်စိတ် ကိုးပါးတို့သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဖြစ်ကုန်၏။

အကြင်အခါ ရူပါဝစရ ကုသိုလ်, အရူပါဝစရ ကုသိုလ်တို့၏ အာနုဘော်ကြောင့် ရူပဘုံ အရူပဘုံ၌ ဖြစ်ကုန်၏၊ ထိုအခါ ထို သတ္တဝါတို့အား သေခါနီးကာလ၌ ရှေးရှုထင်လာသော ပထဝီ ကသိုဏ်းစသော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ရူပါဝစရ, အရူပါဝစရ ဝိပါက်ကိုးခုတို့သည် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

အကြင် အခါ၌ကား အကုသိုလ်၏ အာနုဘော်ကြောင့် အပါယ်လေးပါး၌ ဖြစ်ကုန်၏၊ ထိုအခါ သတ္တဝါတို့အားသေခါနီး ကာလ၌ ရှေးရှုထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ အကုသလဝိပါက် အဟိတ် မနောဝိညာဏဓာတ်သည် ပဋိသန္ဓေအစွမ်းအားဖြင့်ဖြစ်၏၊ ဤသို့ ပြဆိုပြီးသောနည်းဖြင့် ဤဝိညာဏက္ခန္ဓာ နိဒ္ဒေသ၌ ဝိပါက်ဝိညာဉ် တဆယ့်ကိုးပါးတို့၏ ပဋိသန္ဓေအစွမ်းဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏။

ပဋိသန္ဓေဝိညာဉ်သည် ချုပ်ပြီးသည်ရှိသော် ထိုထို ချုပ်ပြီးသော ပဋိသန္ဓေ ဝိညာဉ်သို့ အစဉ်လိုက်သော ထိုထိုပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏သာလျှင် အကျိုးဖြစ်သော ထို ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသော အာရုံ၌သာလျှင် ထို ပဋိသန္ဓေ ဝိညာဉ်နှင့် ဟေတုသမ္ပယုတ္တ ဓမ္မအားဖြင့်တူသော ဘဝင်ဝိညာဉ်မည်သည် ဖြစ်၏၊ တဖန်လည်း–ထိုပဋိသန္ဓေဝိညာဉ်နှင့် ဟေတုသမ္ပယုတ္တ ဓမ္မအားဖြင့်တူသော ဘဝင်ဝိညာဉ်ဖြစ်ပြန်၏၊ ဤနည်းဖြင့် ဘဝင်အစဉ်ကို နှစ်စေတတ်သော ဘဝင်မှ တပါးသော အာဝဇ္ဇန်း စိတ္တုပ္ပါဒ်သည် မရှိခဲ့သော် မြစ်ရေအယဉ်ကဲ့သို့ အိပ်မက်မမက်ဘဲ အိပ်ပျော်သောအခါ စသည်တို့၌ အရေအတွက် အတိုင်းအရှည်မရှိ ဘဝင်ဖြစ်၏၊ ဤနည်းဖြင့် ထို ပဋိသန္ဓေဝိညာဉ်တို့၏ ဘဝင်, အစွမ်းအားဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏။

ပြဆိုပြီးသော နည်းဖြင့် ဘဝင်အစဉ်သည် ဖြစ်လတ်သော် အကြင်အခါ၌ သတ္တဝါတို့အား စက္ခုစသောဣန္ဒြေတို့သည် ရူပါရုံစသော အာရုံကို ယူခြင်းငှါ စွမ်းနိုင်ကုန်၏၊ ထိုအခါ၌ စက္ခုန္ဒြေအား ရူပါရုံသည် ထင်ခြင်းသို့ရောက်သည်ရှိသော် ရူပါရုံကိုစွဲ၍ စက္ခုပသာဒအား ထိပါးခြင်းဖြစ်၏၊ ထိုထိပါးခြင်း၏ အခြားမဲ့၌ ထိပါးခြင်း၏အာနုဘော်ကြောင့် ဘဝင်လှုပ်၏၊ထိုဘဝင်ချုပ်သည်ရှိသော် ဘဝင်လှုပ်ခြင်း၏ အကြောင်းဖြစ်သော ထိုရူပါရုံကိုပင် အာရုံပြု၍ ဘဝင်၏အယဉ်ကို ဖြတ်သကဲ့သို့ အာဝဇ္ဇန်း ကိစ္စကို ပြီးစေလျက် ကြိယာမနောဓာတ်ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းဖြစ်၏၊ သောတဒွါရစသည်တို့၌လည်း ဤနည်းတူ သိအပ်၏။

မနောဒွါရ၌ကား အာရုံခြောက်ပါးသည် ထင်လတ်သော် ဘဝင်လှုပ်သည်၏ အခြားမဲ့၌ ဘဝင်ကို ဖြတ်သကဲ့သို့ အာဝဇ္ဇန်း ကိစ္စကိုပြီးစေလျက် ဥပေက္ခာ သဟဂုတ် အဟိတ် ကြိယာ မနော ဝိညာဏဓာတ် ဖြစ်၏၊ ဤသို့ နှစ်ကြိမ် ကြိယာ ဝိညာဉ်တို့၏ အာဝဇ္ဇန်းကိစ္စအားဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏၊ ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ကား ရှေးဦးစွာ စက္ခုဒွါရ၌ ဒဿနကိစ္စကို ပြီးစေ

လျက် စက္ခုပသာဒလျှင် မှီရာဝတ္ထုရှိသော စက္ခုဝိညာဉ်သည် ဖြစ်၏၊ သောတဒွါရစသည်တို့၌ သဝနစသော ကိစ္စတို့ကိုပြီးစေလျက် သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်တို့သည် ဖြစ်ကုန်၏၊ ထိုပဉ္စဝိညာဉ်တို့သည် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ ကုသလ ဝိပါက်တို့သည် ဖြစ်ကုန်၏၊ အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံတို့၌ အကုသလဝိပါက်တို့သည် ဖြစ်ကုန်၏၊ ဤသို့ဆယ်ပါးကုန်သော ဝိပါက်ဝိညာဉ်တို့၏ ဒဿန၊ သဝန၊ ဃာယန၊ သာယန၊ ဖုသန ကိစ္စ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏။

"စက္ခုဝိညာဏ ဓာတ်၏ ဖြစ်၍ ချုပ်ပြီးသော အခြားမဲ့၌ သိတတ်သော မာနသဟု ဆိုအပ်သော ထို စက္ခုဝိညာဉ်အား လျောက်ပတ်သော မနောဓာတ်မည်သော စိတ်သည်ဖြစ်၏"ဟု ဟောတော်မူသောကြောင့် စက္ခုဝိညာဉ် စသည်တို့၏ အခြားမဲ့၌ ထိုပဉ္စဝိညာဉ် တို့၏ အာရုံကို သာလျှင် ခံလင့်သကဲ့သို့သော ကုသလဝိပါက် ပဉ္စဝိညာဉ်၏ အခြားမဲ့၌ ကုသလဝိပါက် မနောဓာတ်သည်၎င်း, အကုသလဝိပါက် ပဉ္စဝိညာဉ်၏ အခြားမဲ့၌ အကုသလဝိပါက် မနောဓာတ်သည်၎င်း ဖြစ်၏၊ ဤသို့နှစ်ပါးကုန်သော ဝိပါက်ဝိညာဉ်တို့၏ သမ္ပဋိစ္ဆိုန်းအစွမ်းဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏၊ "ဝိပါက် မနောဓာတ်၏လည်း ဖြစ်၍ ချုပ်ပြီးသည်၏ အခြားမဲ့၌ သိတတ်သော မာနသဟုဆိုအပ်သော ထို မနောဝိညာဉ်အား လျောက်ပတ်သော မနော ဝိညာဏဓာတ်မည်သော စိတ်သည် ဖြစ်၏"ဟု ဟောတော် မူသောကြောင့် ဝိပါက် မနောဓာတ်သည် ခံအပ်သော အာရုံကိုပင်လျှင် စုံစမ်းလျက် အကုသလဝိပါက် မနောဓာတ်၏ အခြားမဲ့၌ အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံ၌ အကုသိုလ်၏ အကျိုးဖြစ်သော ဝိပါက် အဟိတ် မနော ဝိညာဏဓာတ်သည်၎င်း, ကုသလ ဝိပါက် မနောဓာတ်၏ အခြားမဲ့၌ ဣဋ္ဌာရုံ၌ ကုသိုလ်၏ အကျိုးဖြစ်သော သောမနဿသဟဂုတ်ဝိပါက် အဟိတ် မနောဝိညာဏ ဓာတ်သည်၎င်း, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ သဟဂုတ် ဝိပါက် အဟိတ်

မနောဝိညာဏဓာတ်သည်၎င်းဖြစ်၏၊ ဤသို့လျှင် သုံးပါးကုန်သော ဝိပါက် ဝိညာဉ်တို့၏ သန္တီရဏ အစွမ်းဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏။

သန္တီရဏ၏အခြားမဲ့၌ ထိုစုံစမ်းပြီးသော အာရုံကိုပင်လျှင် ကောင်းစွာ ပိုင်းခြားမှတ်သားလျက် ဥပေက္ခာသဟဂုတ်ကြိယာ အဟိတ်မနောဝိညာဏဓာတ်သည် ဖြစ်၏၊ ဤသို့လျှင် တခုတည်းသာလျှင်ဖြစ်သော ကြိယာဝိညာဉ်၏ ဝုဋ္ဌောအစွမ်းအားဖြင့် ဖြစ်ခြင်းကိုသိအပ်၏၊ဝုဋ္ဌော၏အခြားမဲ့၌ ရူပါရုံစသည်သည် အကယ်၍ မဟန္တာရုံဖြစ်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် ဝုဋ္ဌောသည် မှတ်အပ်ပြီးသော အာရုံ၌ ကာမာဝစရကုသိုလ်စိတ် ရှစ်ခုတို့တွင်၎င်း, အကုသိုလ်စိတ် တဆယ့်နှစ်ခုတို့တွင်၎င်း, အာဝဇ္ဇန်းဝုဋ္ဌောမှ ကြွင်းသော ကာမာဝစရ ကြိယာကိုးခုတို့တွင်၎င်း အမှတ်မရှိ တပါးပါးသောအစွမ်းဖြင့် ခြောက်ကြိမ်, ခုနစ်ကြိမ်သော ဇော တို့သည် ဇောကုန်၏၊ ဤနည်းသည် ရှေးဦးစွာ ပဉ္စဒွါရ၌ပြ်သော နည်းတည်း။ **ပဉ္စဒွါရဝီထိဖြစ်ပုံတည်း။**

မနောဒွါရ၌ကား မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ပြဆိုပြီးသော ထိုကာမာဝစရ ဇောနှစ်ဆယ့်ကိုးခုတို့သည်၎င်း, ဝေါ-ဋ္ဌဗ္ဗ ပရိကံ ဝေါဒါန်မှ အထက်၌ဖြစ်သော ရူပါဝစရကုသိုလ် ငါးခု, ကြိယာ ငါးခု, အရူပါဝစရ ကုသိုလ်လေးခု, ကြိယာလေးခု, လောကုတ္တရာ မဂ်စိတ်လေးခု, ဖိုလ်စိတ် လေးခု ဤမဟဂ္ဂုတ် လောကုတ္တရာဇောနှစ်ဆယ့်ခြောက်ခုတို့သည်၎င်း,အားလုံးပေါင်း ထိုဇော ငါးဆယ့်ငါးပါးတို့တွင် အကြင် အကြင် ယောနိသော မနသိကာရ စသည်တို့၏အစွမ်းဖြင့် အထောက်အပံ့ အကြောင်း ပစ္စည်းကို ရခြင်းရှိသော ထိုထို ဇောသည် ဇော၏၊ ဤသို့လျှင် ကုသိုလ်, အကုသိုလ်, ကြိယာ, ဝိပါက် ဝိညာဉ် ငါးဆယ့်ငါးပါး တို့၏ ဇောအစွမ်းဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏။

ဇော၏အဆုံး၌ကား ပဉ္စဒွါရဝယ် အလွန်ဝိထိ စိတ္တုပ္ပါဒ်များသော အတိမဟန္တာရုံသည်၎င်း, မနောဒွါရ၌လည်း ထင်သော ဝိဘူတာရုံသည်၎င်းအကယ်၍ဖြစ်လတ်သော် ကာမာဝစရသတ္တဝါ

တို့အား ကာမာဝစရ ဇောရ၏အဆုံး၌ ဇုဋ္ဌာရုံစသည်တို့ အစွမ်းဖြင့် ၎င်း, ရှေးဘဝက ပြုအပ်သောကံ, ဇောစိတ်စသည်တို့၏ အစွမ်းဖြင့်၎င်း အကြင်အကြင် အကြောင်းပစ္စည်းကိုရအပ်၏၊ ထိုထိုရအပ်ပြီးသော အကြောင်းပစ္စည်း၏ အစွမ်းဖြင့် သဟိတ် ကာမာဝစရ ဝိပါက် ရှစ်ခုတို့တွင်၎င်း, အဟိတ် ဝိပါက် မနောဝိညာဏဓာတ် သုံးခုတို့တွင်၎င်း တပါးပါးသော ဝိပါက် ဝိညာဉ်သည် အညာသို့ ဆန်တက်သောလှေကို စိုးစဉ်းမျှ အစဉ်လိုက်သော လှိုင်းယက်ရေ ကဲ့သို့ ဘဝင်စိတ်၏အာရုံမှ အခြားတပါးသော အာရုံ၌စောသော ဇောသို့ အစဉ်လိုက်လျက် တကြိမ်, နှစ်ကြိမ်ဖြစ်၏။

ထိုဝိပါက် ဝိညာဉ်ကို ဇော၏ အဆုံး၌ မူလဘဝင်၏ အာရုံဝယ် ဖြစ်ထိုက် ဖြစ်သင့်ငြားသော်လည်း ထိုဇော၏ အာရုံကိုပင် မိမိ၏ အာရုံပြု၍ ဖြစ်သောကြောင့် ''တဒါရုံ'' ဟူ၍ ဆိုအပ်၏၊ ဤသို့လျှင် ဝိပါက် ဝိညာဉ် တဆယ့်တပါးတို့၏ တဒါရုံအစွမ်းဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏၊ တဒါရုံ၏ အဆုံး၌ကား တဖန်-ဘဝင် ကျသည်သာလျှင်ဖြစ်၏၊ ဘဝင် ပြတ်ပြီးနောက် တဖန်-အာဝဇ္ဇန်း စသော ဝီထိစိတ်တို့သည် ဖြစ်ကြပြန်ကုန်၏၊ ဤသို့လျှင် အထောက်အပံ့ အကြောင်းပစ္စည်း ရရှိပြီးသော စိတ်အစဉ်သည် ဘဝင်၏ အခြားမဲ့၌ အာဝဇ္ဇန်းဖြစ်၏၊ အာဝဇ္ဇန်း၏ အခြားမဲ့၌ ဒဿနကိစ္စ စသည် တပ်သောစိတ်ဖြစ်၏ဟု စိတ္တနိယာမ၏ အစွမ်းဖြင့်သာလျှင် တဘဝလုံး၌ဖြစ်သည့် ဘဝင်ပြတ်စဲကုန်ဆုံးသည့်တိုင်အောင် အဖန်တလဲလဲ ဖြစ်၏။

တခုသောဘဝ၌ အလုံးစုံသော ဝီထိစိတ်တို့၏ နောက်ဆုံးဖြစ်သော အကြင်ဘဝင်စိတ်သည် ရှိ၏၊ ထိုဘဝင်စိတ်ကိုပင် ထိုဘဝမှ ရွေ့လျောသည်၏အဖြစ်ကြောင့် ''စုတိ'' ဟူ၍ ဆိုအပ်၏၊ ထို့ကြောင့် ထိုစုတိစိတ်သည်လည်း တဆယ့်ကိုးပါးရှိသည်သာလျှင် ဖြစ်၏၊ ဤသို့လျှင် တဆယ့်ကိုးပါးကုန်သော ဝိပါက် ဝိညာဉ်တို့၏ စုတိအစွမ်းဖြင့် ဖြစ်ခြင်းကို သိအပ်ကုန်၏၊ စုတိမှ နောက်၌ တဖန် ပဋိသန္ဓေဖြစ်၏၊ ပဋိသန္ဓေဖြစ်ပြီးနောက် တဖန် ဘဝင်ဖြစ်၏၊ ဤကဲ့သို့ နည်းချည်းနှင်နှင်အားဖြင့် ဘဝသုံးပါး, ဂတိ

ငါးပါး, ဝိညာဏဋ္ဌိတိခုနစ်ပါး, သတ္တဝါသ ဘုံကိုးပါးတို့၌ ၎င်းတို့ ပေါ်တို့ တလုံလဲလဲ ကျင်လည်ကုန်သော သတ္တဝါတို့အား မပြတ်မစဲ စိတ်အစဉ်ဖြစ်မြဲ ဖြစ်သည်သာလျှင်တည်း။

သံသရာ စက်ရဟတ်တန့်ရပ် ကင်းပြတ်ပုံကို ပြအံ့-ပြဆိုပြီးသောနည်းဖြင့် တပြောင်းပြန်ပြန် ကျင်လည်ကုန်သော ထိုသတ္တဝါတို့တွင် ပါရမီရင့်ကျက်ပြည့်စုံပြီးသော သတ္တဝါသည် မဂ္ဂဗြဟ္မပဋိပတ်ကောင်းမြတ်သော အကျင့်ကိုစွဲ၍ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုသံသရာ စက်ရဟတ် ပြတ်ပြီးသော ရဟန္တာ၏ စုတိစိတ်ချုပ်ငြိမ်းသည့်ရှိသော် စိတ်အားလုံး ချုပ်ငြိမ်း ပျောက်ပျက်သည်သာလျှင် ဖြစ်၏။

ဝိညာဏက္ခန္ဓာ အကျယ်ဖော်ပြသော စကားရပ် ပြီး၏။

---

## ဝေဒနာက္ခန္ဓာကို ပြခြင်း

၄၅၆။ "အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့် တပေါင်းတစုတည်း ပြု၍ "ဝေဒနာက္ခန္ဓာ မည်၏"ဟု သိအပ်၏"ဟူ၍ အကြင်စကားကို ဆိုအပ်ပြီ၊ ဤစကား၌လည်း အာရုံ၏ အရသာကို ခံစားသည့် အခြင်းအရာအားဖြင့် မှတ်အပ်သော ဝေဒယိတ လက္ခဏာ မည်သည် ဝေဒနာပင်တည်း၊ "ဝေဒယတိ ဝေဒယတီတိ ခေါ အာဝုသော တသ္မာ ဝေဒနာတိ ဝုစ္စတိ"ဟု ဟောတော်မူပြီ၊ "အို-ငါ့ရှင်၊ အာရုံကို မစဲမငြိမ် အကြိမ်ကြိမ် ခံစားတတ်သော သတ္တိကြောင့် ဝေဒနာ"ဟူ၍ ဆိုအပ်၏၊ ဤကား အဓိပ္ပါယ်။

ထိုဝေဒနာသည်လည်း အာရုံကို ခံစားခြင်း ဟူသော သဘောလက္ခဏာအားဖြင့် တပါးတည်းသာရှိသော်လည်း ဇာတိဘေဒ အစွမ်းအားဖြင့် ကုသိုလ်, အကုသိုလ်, အဗျာကတ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုတွင် "ကာမာဝစရ ကုသိုလ်သည် သောမနဿ, ဥပေက္ခာ အပြား၊ ဉာဏ်အပြား၊ သင်္ခါရအပြားအားဖြင့် ရှစ်ပါး

ရှိ၏”ဟု ဤသို့ အစရှိသောနည်းဖြင့် ဆိုခဲ့ပြီးသော ကုသိုလ်ဝိညာဉ်နှင့် ယှဉ်သော ဝေဒနာသည် ကုသိုလ်ဝေဒနာ မည်၏၊ အကုသိုလ်ဝိညာဉ်နှင့် ယှဉ်သော ဝေဒနာသည် အကုသိုလ်ဝေဒနာ မည်၏၊ အဗျာကတ ဝိညာဉ်နှင့် ယှဉ်သော ဝေဒနာသည် အဗျာကတ ဝေဒနာ မည်၏။

ထိုဝေဒနာသည် သဘောတရားသက်သက် အစွမ်းအားဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာဟု ငါးပါးအပြားရှိ၏၊ ထိုဝေဒနာတို့တွင် အဟိတ် ကုသလဝိပါက် ကာယဝိညာဉ်နှင့် ယှဉ်သောဝေဒနာသည် သုခမည်၏၊ အကုသလ ဝိပါက် ကာယဝိညာဉ်နှင့်ယှဉ်သော ဝေဒနာသည် ဒုက္ခမည်၏၊ မဟာကုသိုလ် သောမနဿသဟဂုတ် လေးခု, မဟာဝိပါက် သောမနဿသဟဂုတ် လေးခု, မဟာကြိယာ သောမနဿသဟဂုတ် လေးခု, အဟိတ် ကာမာဝစရဝိပါက် သောမနဿသဟဂုတ် တခု, အဟိတ် ကာမာဝစရ ကြိယာသောမနဿ သဟဂုတ် တခု, အကုသိုလ် သောမနဿ သဟဂုတ် လေးခု, ရူပါဝစရမှ ပဉ္စမဈာန်ဝိညာဉ်ကို ကြဉ်ထား၍ ကုသိုလ် လေးခု, ဝိပါက် လေးခု, ကြိယာ လေးခုအားဖြင့် ရူပါဝစရ သောမနဿ သဟဂုတ် တဆယ့်နှစ်ခု၊ လောကုတ္တရာ စိတ်၌ကား ဈာန်မယှဉ်သော စိတ်မည်သည် မရှိ၊ ထို့ကြောင့် လောကုတ္တရာစိတ် ရှစ်ပါးတို့သည် ဈာန်ငါးပါးတို့၏ အစွမ်းဖြင့် လေးဆယ်ဖြစ်ကုန်၏၊ ထိုလေးဆယ်တို့တွင် ပဉ္စမဈာန်မှ ကြွင်းကုန်သော သုံးဆယ့်နှစ်ပါးသော ကုသိုလ် ဝိပါက်စိတ်တို့သည် သောမနဿ သဟဂုတ် သုံးဆယ့်နှစ်ခုဖြစ်၏၊ ဤဝိညာဉ်ခြောက်ဆယ့်နှစ်ပါးတို့နှင့် ယှဉ်သော ဝေဒနာသည် သောမနဿမည်၏၊ အကုသိုလ် ဒေါသမူဒွေနှင့်ယှဉ်သော ဝေဒနာသည် ဒေါမနဿမည်၏၊ ပြဆိုပြီးသည်မှ ကြွင်းသော ဝိညာဉ် ငါးဆယ့်ငါးပါးတို့နှင့် ယှဉ်သော ဝေဒနာသည် ဥပေက္ခာမည်၏။

ထိုဝေဒနာ ငါးပါးတို့တွင် သုခဝေဒနာသည် ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ် တရားတို့ကို လွန်စွာ ပွါးစေခြင်းကိစ္စရှိ၏၊ ကိုယ်၌ဖြစ်၍ သာယာအပ်သည်၏

**အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ကာယိန္ဒြေလျှင် နီးစွာသော အကြောင်းရှိ၏၊** ဒုက္ခဝေဒနာသည် အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊ သမ္ပယုတ် တရားတို့ကို ညှိုးနွမ်းကြုံလှီစေခြင်း ကိစ္စရှိ၏၊ ကိုယ်၌ဖြစ်၍ နှိပ်စက်တတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏၊ ကာယိန္ဒြေလျှင် နီးစွာသော အကြောင်း ရှိ၏။

သောမနဿ ဝေဒနာသည် သဘာဝအားဖြင့် ဣဋ္ဌာရုံကို ပရိကပ္ပအားဖြင့်လည်း ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ဣဋ္ဌာရုံကို ဣဋ္ဌ အခြင်းအရာအားဖြင့် အဖန်ဖန် သုံးဆောင်ခြင်းကိစ္စရှိ၏၊ စိတ်၌ဖြစ်၍ သာယာအပ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ပဿဒ္ဓိလျှင် နီးစွာသော အကြောင်းရှိ၏၊ ဒေါမနဿ ဝေဒနာသည် သဘာဝ အားဖြင့် အနိဋ္ဌာရုံ, ပရိကပ္ပ အားဖြင့်လည်း အနိဋ္ဌာရုံကို ခံစား ခြင်း လက္ခဏာရှိ၏၊ ဟုတ်ဟုတ် မဟုတ်ဟုတ် အနိဋ္ဌာရုံကို အနိဋ္ဌ အခြင်းအရာအားဖြင့် အဖန်ဖန် သုံးဆောင်ခြင်း ကိစ္စရှိ၏၊ စိတ်၌ ဖြစ်၍ နှိပ်စက်တတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏၊ စင်စစ်အားဖြင့် ဟဒယ ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏၊ ဥပေက္ခာဝေဒနာသည် မဇ္ဈတ္တာရုံကို လျစ်လျူပြု၍ ခံစားခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ် တရားတို့ကို ပွါးလည်းမပွါးစေလွန်း၊ ညှိုးလည်း မညှိုးကြုံစေလွန်းသော ကိစ္စရှိ၏၊ ငြိမ်သက်သော အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ပီတိကင်းသောစိတ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဝေဒနာက္ခန္ဓာနှင့်စပ်သော စကားရပ် ပြီး၏။

---

## သညာက္ခန္ဓာကို ပြခြင်း

၄၅၇။ "အမှတ်ပြု၍သိခြင်း အာရုံကိုယူခြင်း လက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့် တပေါင်းတည်းပြု၍ သညာက္ခန္ဓာမည်၏ဟု သိအပ်၏" ဟူသော ဤစကား၌ အညီစသည် အပြားရှိသောအာရုံကို အမှတ်ပြု၍ သိခြင်း

လက္ခဏာရှိသော တရားမည်သည် သညာပင်လျှင်တည်း၊ "သဉ္ဇာနာတိ သဉ္ဇာနာတီတိ ခေါ် အာဝုသော တသ္မာ သညာတိ ဝုစ္စတိ" ဟု ဟောတော်မူ၏၊ "အို ငါ့ရှင်, မစဲမပြိမ် အကြိမ်ကြိမ် အမှတ်ပြု၍ သိတတ်သော သတ္တိကြောင့် သညာဟူ၍ ဆိုအပ်၏၊" ဤသညာသည် အမှတ်ပြု၍ သိခြင်းလက္ခဏာဟူသော သဘောအားဖြင့် တပါးတည်းသာ ရှိသော်လည်း ဇာတိ ဘေဒအားဖြင့် ကုသိုလ်, အကုသိုလ်, အဗျာကတဟူ၍ သုံးပါးရှိ၏။

ထိုတွင် ကုသိုလ် ဝိညာဉ်နှင့်ယှဉ်သော သညာသည် ကုသိုလ် သညာမည်၏၊ အကုသိုလ် ဝိညာဉ်နှင့်ယှဉ်သော သညာသည် အကုသိုလ်သညာ မည်၏၊ အဗျာကတ ဝိညာဉ်နှင့် ယှဉ်သော သညာသည် အဗျာကတ သညာမည်၏၊ သညာနှင့်မယှဉ်သော ဝိညာဉ်ဟူ၍ မရှိ၊ ထို့ကြောင့် ဝိညာဉ်အပြား များစွာရှိသလောက် သညာအပြားလည်း များစွာ ရှိ၏၊ ပြဆိုပြီးသော ဤနည်းဖြင့် ထိုသညာသည် ဝိညာဉ်နှင့် တူညီသော အပြားရှိသော်လည်း လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် မတူချေ။

**ထူးပုံကား**–အလုံးစုံ စတုဘူမိက သညာသည် အညိုစသော အာရုံကို အမှတ်ပြု၍ သိခြင်းလက္ခဏာ ရှိ၏၊ "ဤဝတ္ထုအာရုံသည် ရှေးက မှတ်ဘူးသော ထိုဝတ္ထု အာရုံပင်တည်း ဟု တဖန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ် နိမိတ်ကို ပြုခြင်းကိစ္စ ရှိ၏၊ သစ်-စသည်တို့၌ တစည်းရွေသမားစသော သူတို့ကဲ့သို့တည်း၊ ယူဘူး မှတ်ဘူးသော ဝါ-ယူတိုင်း မှတ်တိုင်းသော နိမိတ်၏ အစွမ်း အားဖြင့် "ဤသည်သာလျှင် အမှန်တည်း" ဟု အမှား နှလုံးသွင်း ခြင်းလျှင် ညဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏၊ *ဆံခြေ, မန်းဝန်း, တံမြက်စွန်းဖြင့် ဆင်ညွှန်းသော သူကန်းတို့ကဲ့သို့တည်း၊

---

မှတ်ချက်။ ။ * ဆင်ဟူသည် အဘယ်သို့နည်း ဟု မေးရာ-မမြင်ဘူးဘဲ ဆင်၏ခြေကို စမ်းဘူးသော သူကန်းက "ဆင်ဟူသည် ဆုံနှင့်တူသည်" ဟူ၍၎င်း၊ နားကိုစမ်းဘူးသော သူကန်းက "မန်းနှင့်တူသည်" ဟူ၍၎င်း၊ အမြီးဖျားကို စမ်းဘူးသူက "ဆင်သည် တံမြက်စွန်းကဲ့သို့ တည်း" ဟူ၍၎င်း ဆင်ကိုပြသော သူကန်းတို့နှင့် တူသည်ဟူလို။

မှတ်တိုင်း ထင်တိုင်းသော ထိုထိုအာရုံလျှင် နီးစွာသော အကြောင်း ရှိ၏၊ မြက်ဖြင့်လုပ်သော လယ်စောင့်ယောက်ျားရုပ်တို့၌ သမင်ငယ်တို့က လယ်စောင့်ယောက်ျား အစစ်ဟု မှတ်ထင်သကဲ့သို့တည်း။

သညာက္ခန္ဓာနှင့်စပ်သော စကားရပ် ပြီး၏။

---

## သင်္ခါရက္ခန္ဓာကို ပြခြင်း

၄၅၀။ ပြုပြင်စီရင်ခြင်း အားထုတ်ခြင်း ကြောင့်ကြ ဗျာပါရသို့ ရောက်ခြင်း လက္ခဏာရှိသော သဘောတရား အလုံးစုံကို ဉာဏ်ဖြင့် တပေါင်းတည်းပြု၍ သင်္ခါရက္ခန္ဓာ မည်၏ ဟု သိအပ်၏”ဟူ၍ ဆိုအပ်သော စကား၌ ပြုပြင်စီရင်ခြင်း အားထုတ်ခြင်း ကြောင့်ကြဗျာပါရသို့ ရောက်ခြင်း လက္ခဏာမည်သည်ကား အပေါင်းအစု ပြုခြင်း သဘောလက္ခဏာရှိသော တရားတည်း၊ ထို ပေါင်းခြင်း လက္ခဏာရှိသော တရားသည် အဘယ်နည်း၊ သင်္ခါရ တရားတို့ပင်တည်း၊ဘုရားဘယ်သို့ ဟောတော်မူသနည်း- “သင်္ခတ မဘိသင်္ခရောန္တီတိ ခေါ ဘိက္ခဝေ, တသ္မာ သင်္ခါရာတိ ဝုစ္စတိ”။ “အို ရဟန်းတို့, အကြောင်း အားလျော်စွာ ပြီးစေအပ်သော အကျိုးတရားကို ပြုပြင်စီရင်တတ် ပြီးစေတတ်၏၊ ထို့ကြောင့် သင်္ခါရဟူ၍ ဆိုအပ်ကုန်၏”ဟု ဟောတော်မူပြီ။

ထို သင်္ခါရတို့သည် ပေါင်းစည်းခြင်းလက္ခဏာ ရှိ၏၊ ပေါင်းစုရုံးစည်း အားထုတ်ခြင်းကိစ္စ ရှိ၏၊ အကျိုးကိုပြုပြင်ခြင်း ပြီးစေခြင်း ဗျာပါရရှိသော အဖြစ်လျှင် ဉာဏ်အား ရှေးရှု ထင်၏၊ ဝေဒနာ, သညာ, ဝိညာဏက္ခန္ဓာလျှင် နီးစွာသောအကြောင်း ရှိ၏၊ ဤသို့ လက္ခဏာ စသည်အားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ဇာတိ ဘေဒအားဖြင့် ကုသိုလ်, အကုသိုလ်, အဗျာကတဟူ၍ သုံးပါး အပြားရှိ၏၊ ထိုတွင် ကုသိုလ်ဝိညာဉ်နှင့်ယှဉ်သော သင်္ခါရသည် ကုသိုလ်သင်္ခါရ မည်၏၊ အကုသိုလ် ဝိညာဉ်နှင့်ယှဉ်သော

သညာရသည် အကုသိုလ်သင်္ခါရ မည်၏၊ အဗျာကတ ဝိညာဉ်နှင့် ယှဉ်သော သင်္ခါရသည် အဗျာကတသင်္ခါရ မည်၏။

ထိုတွင် ကာမာဝစရ ပဌမ ကုသိုလ်ဝိညာဉ်နှင့် ယှဉ်သော သင်္ခါရတို့သည် အမြဲ နိယတဖြစ်သော သရုပ်အားဖြင့် လာသော နှစ်ဆယ့် ခုနစ်ပါးတို့ရင်း, သရုပ်အားဖြင့် မလာ (အကြင်သို့ သဘောရှိသော)ဟူသော ပုဒ်ဖြင့် ဟောအပ်ကုန်သော လေးပါး တို့ရင်း, အမြဲမရှိ အနိယတ အဖြစ်ဖြင့် ငါးပါးရင်း ဤသို့သော အပြားအားဖြင့် သုံးဆယ့်ခြောက်ပါး ဖြစ်ကုန်၏၊ ထိုသုံးဆယ့် ခြောက်ပါးတို့တွင် ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, ဇီဝိတိန္ဒြေ, သမာဓိ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, အမောဟ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယ-လဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယ-ကမ္မညတာ, စိတ္တကမ္မညတာ,ကာယပါဂုညတာ,စိတ္တပါဂုညတာ, ကာယုဇုကတာ,စိတ္တုဇုကတာဟူ၍ သရုပ်အားဖြင့် လာကုန်သော သင်္ခါရတို့သည် နှစ်ဆယ့်ခုနစ်ပါး ရှိကုန်၏၊ ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ဟူ၍ ယေဝါ ပနက သင်္ခါရတို့သည် လေးပါး ရှိကုန်၏၊ ကရုဏာ, မုဒိတာ, ကာယ ဒုစ္စရိတ ဝိရတိ, ဝစီ ဒုစ္စရိတ ဝိရတိ, မိစ္ဆာဇီဝ ဝိရတိ ဟူသော အနိယတ သင်္ခါရ တို့သည် ငါးပါးရှိကုန်၏၊ထိုငါးပါးတို့သည် ရံခါသာ ဖြစ်ကုန်၏၊ ရံခါ ဖြစ်ရာ၌လည်း တပေါင်းတည်း မဖြစ်ကုန်၊ ထို့ကြောင့် "အနိယတ" မည်ကုန်၏။

၄၅၉။ ထို သုံးဆယ့်ခြောက်ပါးသော သင်္ခါရက္ခန္ဓာတို့၌ အာရုံကို တွေ့ထိတတ်သော သဘောတရားသည်"ဖဿ"မည်၏။

ထိုဖဿသည် အာရုံကိုတွေ့ထိခြင်း လက္ခဏာရှိ၏၊ ဝတ္ထုအာရုံ တို့၏ ပေါင်းဆုံထိခိုက်ခြင်း ကိစ္စရှိ၏၊ ဝတ္ထု, အာရုံ, ဝိညာဉ် သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့်ဖြစ်သော တရားဟူ၍ ဉာဏ် အားရှေးရှုထင်၏၊ထင်ခြင်းသို့ရောက်သော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏၊ ဤဖဿသည် နာမ်တရားပင်ဖြစ်သော်လည်း အာရုံ၌တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်၏၊ ထိုမှတပါး

တစိတ်တဒေသအားဖြင့် မကပ်ငြိမထိခိုက်သော်လည်း **စိတ်ကိုရင်း**, အာရုံကိုရင်း, ကပ်ငြိ ထိခိုက် ပုတ်ခတ်သကဲ့သို့ ဖြစ်၏၊ ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်သကဲ့သို့ရင်း,သဒ္ဒါရုံသည် သောတ ပသာဒကို ထိခိုက်သကဲ့သို့ရင်းတည်း၊ ဝတ္ထု, အာရုံ, ဝိညာဉ် သုံးပါး ပေါင်းဆုံ **စုဝေးခြင်း**ဟု ဆိုအပ်သော မိမိ၏အကြောင်း၏ အစွမ်းဖြင့် **သိစေအပ်သည်**၏ အဖြစ်ကြောင့် ထို ပေါင်းဆုံခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏၊ ထိုဖဿအား ပျော်သောအကြောင်း ဖြစ်သည့် အာဝဇ္ဇန်းသည်ရင်း, စက္ခု စသော ဣန္ဒြေသည်ရင်း ပြုပြင်အပ်သောအာရုံ၌ အန္တရာယ်မရှိသဖြင့် ဖြစ်သောကြောင့် ထင်ခြင်းသို့ရောက်သောအာရုံလျှင် နီးစွာသောအကြောင်းရှိ၏ဟု ဆိုအပ်၏၊ အထူးအားဖြင့် ဝေဒနာ၏တည်ရာ ဖြစ်သောကြောင့် **အရေကွာသော နွားမ** ကဲ့သို့ မှတ်အပ်၏။

၄၆၀။ မိမိနှင့်တကွ သမ္ပယုတ် တရားတို့ကို အာရုံ၌ စေ့စပ် နှိုးဆော်တတ်သော သဘောတရားသည် "စေတနာ" မည်၏။

ထိုစေတနာသည် နှိုးဆော်ကြောင့်ကြ ဗျာပါရ အဖြစ်လျှင် လက္ခဏာရှိ၏၊ သမ္ပယုတ် တရားတို့ကို မိမိတို့ကိစ္စ၌ ဖရိုဖရဲ မကွဲ မပြားအောင် စုရုံး စေ့စပ်စေခြင်း ကိစ္စရှိ၏၊ စီရင်တတ်သော တရားဟု ဉာဏ်အား ရှေးရှုထင်၏၊ မိမိကိစ္စ သူတပါးကိစ္စကို ပြီးစေတတ်သော တပည့်ကြီး လက်သမားဆရာကြီး စသော သူတို့ ကဲ့သို့ မှတ်အပ်၏၊ ရှောင်တခင်ပြုအပ်သော အမှုကို အောက်မေ့ခြင်း စသည်တို့၌ ဤစေတနာသည် သမ္ပယုတ် တရားတို့ကို အလေးဂရု ပြုစေသည်၏အဖြစ်ဖြင့် ဖြစ်သည်ဖြစ်၍ ထင်ရှား၏၊ ဝိတက်, ဝိစာရ, ပီတိတို့၏အကြောင်းကို ပထဝီကသိုဏ်း နိဒ္ဒေသ ပဌမစျာန်အဖွင့်၌ ပြဆိုခဲ့ပြီ။

၄၆၁။ အားထုတ် ဆောင်စွမ်းနိုင်သော သူ၏ အဖြစ်သည် "ဝီရိယ"မည်၏။

ထိုဝီရိယသည် ထိုထိုကိစ္စကို ကောင်းစွာ အားထုတ်ခြင်း လက္ခဏာရှိ၏၊ သဟဇာတ် တရားတို့ကို ထောက်ပံ့အားပေး

ချီးပင့်ခြင်းကိစ္စ ရှိ၏၊ ဆုတ်နစ်ခြင်း၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ "ထိတ်လန့်သော သံဝေဂ ရသူသည် အသင့်အားဖြင့် အားထုတ်တတ်၏" ဟု ဟောတော်မူသောကြောင့် ထိတ်လန့်ခြင်း သံဝေဂ ဉာဏ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ဝါ–ဝီရိယဟု ဆိုအပ်သော အာရမ္ဘ၏ အကြောင်း ရှစ်ပါးလျှင် နီးစွာသော အကြောင်းရှိ၏၊ တရားသဖြင့် နည်းဖြောင့် လမ်းမှန်စွာ အားထုတ်အပ်သော ဝီရိယသည် အလုံးစုံသော စည်းစိမ်ချမ်းသာတို့၏ အခြေအမြစ် မူလအကြောင်း ဖြစ်၏။

၄၆၂။ ထိုအသက်ဖြင့် သမ္ပယုတ် တရားတို့သည် ရှင်တတ်ကုန်၏၊ ဝါ–မိမိသည် ရှင်တတ်၏၊ ဝါ–ရှင်ခြင်း မျှသည်သာ ဖြစ်၏၊ ထိုကြောင့် ထိုအသက်သည် "ဇီဝိတ" မည်၏။

ထို ဇီဝိတိန္ဒြေ၏ လက္ခဏာစသည်တို့သည်ကိုကား ရုပ်ဇီဝိတ၌ ပြဆိုပြီးသော နည်းဖြင့်သာလျှင် သိအပ်၏၊ **အထူးကား**– ထို– ရုပ်ဇီဝိတိန္ဒြေသည် ရုပ်တရားတို့၏ အသက်ဖြစ်၏၊ဤနာမ်ဇီဝိတိန္ဒြေသည် နာမ်တရားတို့၏ အသက်ဖြစ်၏၊ ဤသည်လျှင် အထူးတည်း။

၄၆၃။ အကြင် သဘောတရားသည် အာရုံ၌ ညီညီမျှမျှ ထားတတ်၏၊ ဝါ–ကောင်းစွာ ထားတတ်၏၊ ဝါ-ထိုသဘောတရားသည် စိတ်ကို ညီညီ ညွတ်ညွတ် ကောင်းစွာ ထားခြင်းမျှ ဖြစ်၏၊ ထို့ကြောင့် ထို သဘောတရားသည် "သမာဓိ" မည်၏။

ထိုသမာဓိသည် မရွေ့မရှား မပျံ့လွင့်ခြင်း လက္ခဏာရှိ၏၊ ဝါ-သမ္ပယုတ်တရားတို့၏ မပျံ့လွင့်ကြောင်းအဖြစ်လျှင် လက္ခဏာရှိ၏၊ သဟဇာတ်တရားတို့ကို ပေါင်းစုခြင်း ကိစ္စရှိ၏၊ ရေချိုးကသယ်မှုန့်တို့ကို ပေါင်းစပ်သကဲ့သို့တည်း၊ စိတ်၏ငြိမ်သက်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ များသောအားဖြင့် သုခဝေဒနာလျှင် နီးစွာသောအကြောင်းရှိ၏၊ လေငြိမ်သော အရပ်၌ ဆီးမီးလျှံတို့၏ တည်ခြင်းကဲ့သို့ စိတ်၏ တည်ကြည် ငြိမ်သက်ခြင်းကို မှတ်အပ်၏။

၄၆၄။ အကြင်သဘောတရားဖြင့် **သမ္ပယုတ်တရားတို့သည်** ဝါ- ထိုသဒ္ဓါနှင့် ပြည့်စုံသော **ပုဂ္ဂိုလ်တို့သည်** ယုံကြည်တတ်ကုန်၏၊ ဝါ-မိမိသည် **ယုံကြည်တတ်၏**၊ ဝါ-ဤသဘောတရားသည် ယုံကြည်ခြင်းမျှပင်တည်း၊ ထို့ကြောင့် ထိုသဘောတရားသည် "သဒ္ဓါ"မည်၏။

ထိုသဒ္ဓါသည် ရတနာသုံးပါး၏ ဂုဏ်စသော သဒ္ဓေယျ ဝတ္ထုကို ယုံကြည်ခြင်းလက္ခဏာရှိ၏၊ ဝါ-ဤဝတ္ထုသည် ဤသို့ သဘောရှိ၏ဟု သဒ္ဓေယျဝတ္ထုသို့သက်ဝင်၍ **ကြံစည်**ယုံကြည်ခြင်းလက္ခဏာရှိ၏၊ ရေနောက် မြူနယ်ကိုကြည်စေတတ်သော စက္ကဝတ်မင်းများ၏ ပတ္တမြား ရတနာကဲ့သို့ နောက်ကျုခြင်း ဟူသော အညစ်အကြေးကိုပယ်ထုတ်၍ သမ္ပယုတ်တရားတို့ကို ကြည်စေခြင်းကိစ္စရှိ၏၊ ဝါ-မိကျောင်း မကင်းစသည်ပြွမ်းသော ရေအယဉ်ကို မကြောက်မရွံ့ မဆုတ်မနစ် ကူးခတ်ဝံ့သောသူကဲ့သို့ ဒါနစသည်တို့၌ မသက်ဝင်နိုင်သည်ဖြစ်၍ ဆုတ်နစ်သော သဟဇာတ်တရားတို့ကို အာရုံသို့ မဆုတ်မနစ် စူးစူးစိုက်စိုက် သက်ဝင်စေခြင်းကိစ္စရှိ၏၊ သမ္ပယုတ်တရားတို့၏ မနောက်ကျုသည့်အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်၏၊ ဝါ-အဆုံးဒွိယ မိစ္ဆာဓိမုတ္တိ၏ ဆန့်ကျင်ဘက်ဖြစ်၍ သဒ္ဓေယျဝတ္ထု၌တည်လျက် ဆုံးဖြတ်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏၊ ရတနာသုံးပါး,ကံ,ကံ၏အကျိုးဟူသော သဒ္ဓေယျဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏၊ ဝါ-သဒ္ဓမ္မသဝနစသော သောတာပတ္တိအင်္ဂါလျှင် နီးစွာသော အကြောင်းရှိ၏၊ ကုသိုလ်တရားတို့ကို ယူခြင်း၌ လက်နှင့် တူ၏၊ အလုံးစုံသော စည်းစိမ်ကို ပြီးစီးပြည့်စုံစေခြင်း၌ ဥစ္စာနှင့်တူ၏၊ အမြိုက်နိဗ္ဗာန်ကို သိစေခြင်း၌ မျိုးစေ့နှင့်တူ၏ဟူ၍ မှတ်အပ်၏။

၄၆၅။ ထိုသဘောတရားဖြင့် သမ္ပယုတ်တရားတို့သည် အောက်မေ့တတ်ကုန်၏၊ ဝါ-မိမိသည် အောက်မေ့ တတ်၏၊ ဝါ-ဤသဘောတရားသည် အောက်မေ့ခြင်းမျှပင်တည်း၊ ထို့ကြောင့် ထိုသဘောတရားသည် "သတိ"မည်၏။

ထိုသတိသည် သမ္ပယုတ်တရားတို့ကို ဗူးတောင်းကဲ့သို့ မပေါ စေခြင်း, ကျောက်ဖျာကဲ့သို့ မလှုပ်မရှား မြဲစွာ အောက်မေ့ စေခြင်းလက္ခဏာရှိ၏၊ မေ့လျော့ခြင်းကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏၊ စိတ်ကို စောင့်ရှောက်တတ်သော တရားဟု ဉာဏ်အား ရှေးရှု ထင်၏၊ ဝါ-ဘပါးသို့ မသွားမူ၍ စိတ်၏အာရုံ၌ ဖြစ်ကြောင်း တရားဟု ဉာဏ်အား ရှေးရှုထင်၏၊ မြဲမြံသော သညာလျှင် နီးစွာသော အကြောင်းရှိ၏၊ ဝါ-ကာယစသော သတိပဋ္ဌာန်လျှင် နီးစွာသောအကြောင်းရှိ၏၊ အာရုံ၌ မြဲစွာကျတတ်သည်၏ အဖြစ် ကြောင့် တံခါးတိုင်နှင့် တူ၏၊ စက္ခုဒွါရစသည်ကို စောင့်ရှောက် တတ်သောကြောင့် တံခါးမှူးနှင့်လည်း တူ၏။

၄၆၆။ ကာယ ဒုစရိုက် စသည်တို့မှ ရှက်သော အခြင်းအရာ အားဖြင့် စက်ဆုပ်တတ်သောကြောင့် "ဟိရီ"မည်၏။

ဟိရီဟူသော ဤအမည်သည် ရှက်ခြင်း၏ အမည်တည်း၊ ထို ကာယ ဒုစရိုက်စသည်တို့မှ လန့်တတ်သောကြောင့် "ဩတ္တပ္ပ" မည်၏၊ ထိုဩတ္တပ္ပသည် မကောင်းမှုမှ ထိတ်လန့်ခြင်း၏ အမည် တည်း၊ ထိုတွင် ဟိရီသည် မကောင်းမှုမှ စက်ဆုပ်ခြင်းလက္ခဏာ ရှိ၏၊ ဩတ္တပ္ပသည် မကောင်းမှုမှ ထိတ်လန့်ခြင်း လက္ခဏာရှိ၏၊ ဟိရီသည် ရှက်သော အခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏၊ ဩတ္တပ္ပသည် ထိတ်လန့်သော အခြင်းအရာ အားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏၊ ထို ဟိရီ,ဩတ္တပ္ပတို့ သည် ပြဆိုပြီးသော အခြင်းအရာအားဖြင့်သာလျှင် မီးသို့ကျသော ကြက်တောင် ကဲ့သို့ မပျံ့မူ၍ မကောင်းမှုမှ တွန့်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏၊ မိမိကို ရိုသေသောအဖြစ်, သူတပါးကို ရိုသေသောအဖြစ်လျှင် နီးစွာသော အကြောင်းရှိကုန်၏၊ ထင်ရှား စေအံ့-အမျိုးကောင်းသမီးကဲ့သို့ မိမိကိုယ်ကို အလေးအမြတ် ပြု၍ အမျိုးကောင်းသားသည် အရှက်ရှိသဖြင့် မကောင်းမှုကို မပြု စွန့်၏၊ ပြည့်တန်းဆာမကဲ့သို့ သူတပါးကို အလေး အမြတ်ပြု၍ အမျိုးကောင်းသားသည် အကြောက်ရှိသဖြင့် မကောင်းမှုကို မပြု

စွန်း၏၊ ဤ ဟိရီ,ဩတ္တပ္ပနှစ်ပါးတို့ကို **"လောကကို စောင့်ရှောက်တတ်သော တရားတို့"**ဟူ၍ မှတ်အပ်ကုန်၏။

၄၆၇။ ထိုသဘောတရားဖြင့် မငြိမကပ် မတပ်မက်ကုန်၊ ဝါ-မိမိသည် မတပ်မက်မောာ၊ ဝါ-ထို သဘောတရားသည် မတပ်မက်မောခြင်းမျှသာတည်း၊ထို့ကြောင့် ထိုသဘောတရားသည် "အလောဘ"မည်၏။

အဒေါသ, အမောဟတို့၌လည်း ဤနည်းကိုသာလျှင် သိအပ်၏၊ ထိုသုံးပါးတို့တွင် အလောဘသည် အာရုံ၌စိတ်၏မတပ်မက်မလိုချင်ခြင်း လက္ခဏာ ရှိ၏၊ ဝါ-မကပ် မငြိသော အဖြစ်လျှင် လက္ခဏာရှိ၏၊ ကြာရွက်ဖျား၌ ရေပေါက်သည် မကပ် မငြိနိုင်သကဲ့သို့တည်း၊ ကိလေသာမှ ကင်းလွတ်သော ရဟန္တာကဲ့သို့ ပစ္စည်း တစုံတခုကိုမျှ ငါ့ဟာ ငါ့ဥစ္စာဟု စွဲလမ်းခြင်းကင်းသဖြင့် မသိမ်းဆည်းခြင်းကိစ္စရှိ၏၊ မကပ်ငြိခြင်းကို အလိုရှိသောတရားဟု ဉာဏ်အား ရှေးရှုထင်၏၊ ကျင်ကြီးတွင်း၌ ကျသော သူသည် မကပ်ငြိလိုသကဲ့သို့တည်း။

၄၆၈။ အဒေါသသည် ကြမ်းတန်းသည်၏ အဖြစ်တည်းဟူသော ကောပ၏ ဆန့်ကျင်ဘက် လက္ခဏာ ရှိ၏၊ ဝါ-မဆန့်ကျင်ခြင်း လက္ခဏာရှိ၏၊ အလိုသို့လိုက်လျောသော အဆွေခင်ပွန်းကောင်းကဲ့သို့တည်း၊ ရန်ငြိုးကို ဖျောက်ခြင်းကိစ္စရှိ၏၊ ဝါ-ဂေါသီတ စန္ဒကူးကဲ့သို့ ပူပန်ခြင်းကို ဖျောက်ဖျက် ငြိမ်းအေးစေခြင်းကိစ္စ ရှိ၏၊ ချမ်းအေးသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ လပြည့်ဝန်းကဲ့သို့တည်း။

၄၆၉။ အမောဟသည် သဘော တရားတို့၏ အနိစ္စစသော သာမညလက္ခဏာ, ကက္ခဠတ္တ, ဖုသန စသော ဝိသေသလက္ခဏာကို ထိုးထွင်း၍ သိခြင်း လက္ခဏာရှိ၏၊ ဝါ-လိမ္မာသောလေးသမားသည် ပစ်လွှတ်အပ်သောမြှား၏ စူးဝင်ခြင်း ကဲ့သို့ မချော်မချွတ် ထိုးထွင်း၍ သိခြင်း

လက္ခဏာရှိ၏၊ဆီမီးကဲ့သို့ အာရုံကိုထွန်းပြခြင်း လင်းစေခြင်း ကိစ္စရှိ၏၊တော၌ကျင်လည်သော ခရီးသွန်ကောင်းကဲ့သို့ တစုံတခုသော အာရုံ၌ မတွေဝေသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ထို တရားသုံးပါးတို့ကို အလုံးစုံသော စတုဘူမိက ကုသိုလ်တရားတို့၏ တည်ရာ အခြေအမြစ် မူလ ဖြစ်ကုန်၏ဟူ၍ မှတ်အပ်၏။

၄၇၀။ ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း၏ ပူပန်ခြင်းကို ငြိမ်းစေတတ်သောတရားသည်"ကာယပဿဒ္ဓိ"မည်၏။ စိတ်၏ ပူပန်ခြင်းကို ငြိမ်းစေတတ်သော တရားသည် "စိတ္တပဿဒ္ဓိ" မည်၏၊ ဤ၌ ကာယဟူသည် ဝေဒနာစသော ခန္ဓာသုံးပါးတို့တည်း။

ထို ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးတို့ကို တပေါင်းတည်းပြု၍ နာမကာယနှင့် စိတ်ကို ပူပန်စေတတ်သော ဒေါမနဿအကြောင်းခံကုန်သော ဥဒ္ဓစ္စလွှန်သော ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာ၊ နာမကာယနှင့် စိတ်ကို ပူပန်စေတတ်သော ဒေါမနဿ အကြောင်းခံကုန်သော ဥဒ္ဓစ္စလွှန်သော ကိလေသာတို့ကို နှိပ်နင်း ဖျက်ဆီးခြင်းကိစ္စ ရှိကုန်၏၊ ကာယစိတ္တတို့၏ ပူပန်ခြင်းကိုနှိပ်နင်းသဖြင့် တုန်လှုပ်ခြင်းကင်းသည်ဖြစ်၍ ချမ်းသည်၏ အဖြစ်တည်းဟူသော အကျိုးကို ဖြစ်စေတတ်သည်ဟု ဉာဏ်အား ရှေးရှုထင်ကုန်၏၊ ကာယနှင့်စိတ်လျှင် နီးစွာသော အကြောင်းရှိကုန်၏၊ ကာယစိတ္တတို့၏ မငြိမ်သက်သည်ကို ပြုတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟု မှတ်အပ်ကုန်၏။

ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း၏ ပေါ့သောအဖြစ်သည် "ကာယလဟုတာ"မည်၏၊ စိတ်၏ပေါ့သော အဖြစ်သည် "စိတ္တလဟုတာ" မည်၏၊ ထို ကာယလဟုတာ, စိတ္တလဟုတာတို့သည် ကိုယ်-စိတ်တို့၏ လေးလံသော အဖြစ်, ထိန-မိဒ္ဓလွှန်သော ကိလေသာတို့ကို ငြိမ်းစေခြင်းလက္ခဏာ ရှိကုန်၏၊ ထို

ကိလေသာတို့ကို နှိပ်နင်းခြင်းကိစ္စရှိကုန်၏၊ ထို ကိလေသာတို့၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏၊ ကိုယ်-စိတ်လျှင်နီးစွာသော အကြောင်းရှိ၏၊ ကိုယ်-စိတ်တို့၏ လေးလံခြင်းကို ပြုတတ်သော ထိန-မိဒ္ဓ စသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟု မှတ်အပ်ကုန်၏။

နာမကာယ၏ နူးညံ့သော အဖြစ်သည် "ကာယ မုဒုတာ" မည်၏၊ စိတ်၏နူးညံ့သောအဖြစ်သည် "စိတ္တ မုဒုတာ" မည်၏၊ ထို ကာယ မုဒုတာ, စိတ္တမုဒုတာတို့သည် ကိုယ်-စိတ်တို့၏ ခက်ထန်ခိုင်မာသောအဖြစ်ဟူသော ဒိဋ္ဌိ-မာနလွန်သော ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာရှိကုန်၏၊ ကိုယ်-စိတ်၏ ခက်ထန်ခိုင်မာသော အဖြစ်ဟူသော ဒိဋ္ဌိ-မာနလွန်သော ကိလေသာတို့ကို နှိပ်နင်းခြင်းကိစ္စရှိကုန်၏၊ ခက်ထန်သောအဖြစ်ကို နှိပ်နင်းနိုင်သောကြောင့် တစုံတခုသောအာရုံ၌ မထိခိုက်သော အခြင်းအရာအားဖြင့် ဉာဏ်အားရှေးရှုထင်၏၊ ကိုယ်-စိတ်လျှင် နီးစွာသော အကြောင်းရှိကုန်၏၊ ထို ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟု မှတ်အပ်ကုန်၏။

နာမကာယ၏ အမှု၌ကောင်းသောအဖြစ်သည် "ကာယ ကမ္မညတာ"မည်၏၊ စိတ်၏ အမှု၌ကောင်းသောအဖြစ်သည် "စိတ္တ ကမ္မညတာ"မည်၏၊ ထို စေတသိက်နှစ်ခုတို့သည်ကိုယ်-စိတ် တို့၏ ဒါန သီလ စသော ပုညကြိယာ၌ မကောင်းသော အဖြစ်, မလျောက်ပတ်သော အဖြစ်ဟူသော ကာမစ္ဆန္ဒ ပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာရှိကုန်၏၊ ထို ကိလေသာတို့ကို နှိပ်နင်းခြင်း ကိစ္စရှိကုန်၏၊ အမှု၌ခံ့သော အဖြစ်ကြောင့်ပင်လျှင် ပြည့်စုံလျောက်ပတ်သော အခြင်းအရာအားဖြင့် ဉာဏ်အားရှေးရှုထင်ကုန်၏၊ ကိုယ်-စိတ်တို့၏ အမှု၌ မကောင်းသော အဖြစ်ကို ပြုတတ်ကုန်သော ထို ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်ကုန်၏၊ ကြည်ညိုအပ်သော ရတနာသုံးပါးတို့၌ ကြည်ညိုခြင်းကို ဆောင်တတ်ကုန်၏၊ အစီးအပွါးကို ပြုခြင်း၌ ယှဉ်ခြင်းငှါ

ခံ့သောအဖြစ်, သင့်လျော်သော အဖြစ်ကို ဆောင်တတ်ကုန်၏၊ ဦးသစ်စ ရွှေစင်နှင့် တူကုန်၏ဟု မှတ်အပ်ကုန်၏။

နာမကာယ၏ လေ့လာစွမ်းနိုင်သော အဖြစ်သည် "ကာယပါဂုညတာ" မည်၏၊ စိတ်၏ လေ့လာစွမ်းနိုင်သော အဖြစ်သည် "စိတ္တပါဂုညတာ"မည်၏၊ ထိုစေတသိက် နှစ်ပါးတို့သည် ကိုယ်-စိတ်တို့၏ ကြင်နာသော အဖြစ်ဟူသော အဿဒ္ဓိယ စသော မကောင်းမှု တဒေကဋ္ဌ အကုသိုလ်တရားတို့နှင့် ဆန့်ကျင်ဘက် မကြင်နာသော လက္ခဏာရှိကုန်၏၊ ထိုပါပဓမ္မတို့ကို နှိပ်နင်းခြင်း ကိစ္စရှိကုန်၏၊ ဆိုခဲ့ပြီးသော ကြင်နာသောအဖြစ်, ဂေလညကို နှိပ်နင်းခြင်းကြောင့် အပြစ်ကင်းသောအဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ကိုယ်-စိတ်လျှင် နီးစွာသော အကြောင်းရှိကုန်၏၊ ကိုယ်-စိတ်တို့၏ ကြင်နာသည်၏အဖြစ်ကိုပြုတတ်ကုန်သော ပါပဓမ္မတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟု မှတ်အပ်ကုန်၏။

နာမကာယ၏ ဖြောင့်မတ်သော အဖြစ်သည် "ကာယုဇ္ဇုကတာ"မည်၏၊ စိတ်၏ ဖြောင့်မတ်သော အဖြစ်သည် "စိတ္တုဇ္ဇုကတာ"မည်၏၊ ထို စေတသိက်နှစ်ပါးတို့သည် ကိုယ်-စိတ်တို့၏ ဖြောင့်သော အဖြစ်လျှင် လက္ခဏာရှိကုန်၏၊ ကိုယ်-စိတ် တို့၏ အကောက် သုံးပါးတို့ကို နှိပ်နင်း ဖျက်ဆီးခြင်းကိစ္စ ရှိကုန်၏၊ ကောက်သောအဖြစ်ကို ဖျောက်သောကြောင့်သာလျှင် အချင်းခပ်သိမ်း မကောက်သည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ကိုယ်-စိတ်လျှင် နီးစွာသောအကြောင်းရှိကုန်၏၊ ကိုယ်-စိတ်တို့၏ ကောက်ခြင်းကိုပြုတတ်ကုန်သော မာယာ သာဌေယျ စသည်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟု မှတ်အပ်ကုန်၏။

၄၇၁။ "ဆန္ဒ"ဟူသော အမည်သည် အာရုံပြုခြင်းငှါ အလိုရှိသော အဖြစ်၏အမည်တည်း၊ ထို့ကြောင့် ထိုဆန္ဒသည် အာရုံပြုခြင်းငှါ အဖြစ်လျှင် လက္ခဏာရှိ၏၊ အာရုံကို ရှာခြင်းကိစ္စရှိ၏၊ အာရုံကို အလိုရှိသော အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏။

ထိုလိုအပ်သော အာရုံသည်သာလျှင် နီးစွာသောအကြောင်း ဖြစ်၏၊ ဤ ဆန္ဒသည် စိတ်၏အာရုံကိုယူခြင်း၌ အမိုက်မှောင်တွင် ဥစ္စာထုပ်ကိုယူရန် ဖြန့်စမ်းသော ခိုးသူ၏လက်နှင့် တူ၏ဟု မှတ်အပ်၏။

၄၇၂။ အာရုံကို ဆုံးဖြတ်ခြင်းသည် "အဓိမောက္ခ" မည်၏၊ ထို အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏၊ မဆုံးဖြတ်နိုင်သောရွေ့ရှားခြင်းသံသယ၏ဆန့်ကျင်ဘက် ကိစ္စရှိ၏၊ ဆုံးဖြတ်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

အာရုံကို ဆုံးဖြတ်အပ်သောတရားလျှင် နီးစွာသော အကြောင်း ရှိ၏၊အာရုံ၌တုန်လှုပ်ခြင်းကင်းသည်၏အဖြစ်ဖြင့် မြဲမြံစွာ စိုက်အပ်သော တံခါးတိုင်ကဲ့သို့ မှတ်အပ်၏။

၄၇၃။ စိတ်၌ အာရုံကိုပြုခြင်းသည် "မနသိကာရ" မည်၏၊ ရှေး ဖြစ်သော ဘဝင်စိတ်မှ မတူသော ဝီထိစိတ် ဇောစိတ်ကို ပြုတတ်၏၊ ဤအနက်ကြောင့်လည်း မနသိကာရမည်၏။

ဤမနသိကာရသည် အာရုံကို စီရင်တတ် ထင်စေတတ်သော မနသိကာရ စေတသိက်၎င်း,ဝီထိစိတ်ကို စီရင်တတ် ထင်စေတတ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်၎င်း, ဇောကို စီရင်တတ် ထင်စေတတ်သော မနောဒွါရာဝဇ္ဇန်း စိတ်ကို၎င်း ဤသို့ သုံးပါးအပြားရှိ၏၊ ထိုတွင် အာရုံကို စီရင်တတ်သော မနသိကာရသည် စိတ်၌ အာရုံကို ပြုတတ် သောကြောင့် မနသိကာရ မည်၏၊ ထို မနသိကာရသည် သမ္ပယုတ် တရားတို့ကို အာရုံသို့ ရှေးရှု ပြေးစေသကဲ့သို့ ဖြစ်ခြင်းလက္ခဏာရှိ၏၊ သမ္ပယုတ်တရားတို့ကို အာရုံ၌ ယှဉ်စေခြင်းကိစ္စ ရှိ၏၊ အာရုံသို့သာ ရှေးရှုဖြစ်၍ ဖြစ်ကောင်းသောတရား ဟု ဉာဏ်အားထင်သော အခြင်းအရာရှိ၏၊ အာရုံလျှင် နီးစွာသောအကြောင်း ရှိ၏၊ သင်္ခါရက္ခန္ဓာ၌ အကျုံး ဝင်၏၊ အာရုံကို စီရင်တတ်သည့်အဖြစ်ကြောင့် မြင်းကို နှင်တတ်သော ရထားထိန်းကဲ့သို့ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှု

နှင်တတ် ပြေးစေတတ်သောတရားဟူ၍ မှတ်အပ်၏၊ ဝီထိစိတ်ကို စီရင်တတ်သော မနသိကာရဟူသည် ပဉ္စဒွါရာဝဇ္ဇန်း၏ အမည် တည်း၊ ဇောကိုစီရင်တတ်သော မနသိကာရဟူသည် မနောဒွါရာ ဝဇ္ဇန်း၏ အမည်တည်း၊ ထိုနှစ်ပါးကို ဤအရာ၌ မလိုအပ်ကုန်။

၄၇၄။ သမ္မယုတ်ဖြစ်သော ထိုထိုစိတ်စေတသိက် တရားတို့၌ အလယ်တည့်တည့်မတ်မတ် သဘောရှိသူ၏အဖြစ်သည် "တတြမဇ္ဈတ္တတာ"မည်၏။

ထိုတတြမဇ္ဈတ္တတာသည် သမ္မယုတ် စိတ် စေတသိက်တို့ကို ညီညီမျှမျှ မိမိတို့ကိစ္စ၌ ဖြစ်စေခြင်းလက္ခဏာရှိ၏၊ လွန်သော အဖြစ် ယုတ်သောအဖြစ်ကို မြစ်ခြင်းကိစ္စရှိ၏၊ ဝါ-အသင်းအပင်း၌ ကျခြင်းကို မြစ်ခြင်းကိစ္စရှိ၏၊ အလယ်အကြား၏ အဖြစ်ဟူ၍ ဉာဏ်အား ရှေးရှုထင်၏၊ စိတ်စေတသိက်တို့ကို လျစ်လျူရှုသည်၏ အဖြစ်ဖြင့် မယုတ်မလွန် အညီအမျှ ဖြစ်ကုန်သော အာဇာနည် မြင်းတို့ကို လျစ်လျူရှုသော ရထားထိန်းနှင့်တူ၏ဟူ၍ မှတ်အပ်၏။

ကရုဏာ, မုဒိတာတို့ကို ဗြဟ္မဝိဟာရ နိဒ္ဒေသ၌ ဆိုအပ်ခဲ့ပြီး သောနည်းဖြင့်သာလျှင် သိအပ်ကုန်၏၊ အထူးကား—ထိုဗြဟ္မ-ဝိဟာရ နိဒ္ဒေသ၌ဆိုသော ကရုဏာ, မုဒိတာတို့သည် အပ္ပနာသို့ ရောက်သည်ဖြစ်၍ ရူပါဝစရ မည်ကုန်၏၊ ဤကရုဏာ, မုဒိတာ တို့သည်ကား—ကာမာဝစရ မည်ကုန်၏၊ ဤသို့ကာမ,ရူပ နှစ်ပါး ကွဲပြား ထူးခြားကုန်၏။ **ကေစိဆရာတို့ကား**—မေတ္တာ, ဥပေက္ခာ တို့ကိုလည်း အနိယတစေတသိက်တို့၌ အလိုရှိကြကုန်၏၊ ထို ကေစိဆရာတို့စကားကို မယူအပ် မမှတ်အပ်၊ သရုပ်တရားကိုယ် အားဖြင့် အဒေါသသည်ပင်လျှင် "မေတ္တာ" ဖြစ်၏၊ တတြ-မဇ္ဈတ္တုပေက္ခာသည်ပင်လျှင် "ဥပေက္ခာ"ဖြစ်သောကြောင့်တည်း။

၄၇၅။ ကာယဒုစရိုက်မှ ကြဉ်တတ်သောတရားသည် "ကာယ ဒုစ္စရိတ ဝိရတိ"မည်၏၊ ကြွင်းသော ဝိရတီလေးပါး တို့၌လည်း ဤနည်းအတိုင်း သိအပ်၏၊ လက္ခဏာစသည် တို့ဖြင့်ကား ဝိရတီသုံးပါးတို့သည် သူ့ဥအသက်,သူ့ဥစ္စာ,

သူ့မယား စသော ကာယ ဒုစ္စရိတဝတ္ထုတို့ကို မလွန်ကျူးခြင်း မနင်းနယ်ခြင်းလက္ခဏာ ရှိကုန်၏၊ ကာယဒုစရိုက် စသောဝတ္ထုမှ တွန့်ဆုတ်ခြင်းကိစ္စ ရှိကုန်၏၊ ကာယ ဒုစရိုက် စသည်တို့ကို မပြုခြင်းအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ အစ ရှိသော ဂုဏ်လျှင် နီးစွာသောအကြောင်းရှိ၏၊ မကောင်းမှုကို ပြုခြင်းမှ မျက်နှာလွှဲသော စိတ်၏အဖြစ်ဖြင့် ဖြစ်တတ်ကုန်၏ ဟု မှတ်အပ်၏။

၄၇၆။ ဤသင်္ခါရ သုံးဆယ့်ခြောက်ပါးတို့သည်သာလျှင် ပဌမကာမာဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထို့အတူ ဒုတိယ ကာမာဝစရကုသိုလ် ဝိညာဉ်နှင့်လည်း ဤသင်္ခါရ သုံးဆယ့်ခြောက်ပါးတို့သည် ယှဉ်ကုန်၏၊ . သသင်္ခါရိက အဖြစ်မျှသည်သာလျှင် ထူး၏၊ အမောဟမှ ကြွင်းသော ဤသင်္ခါရ သုံးဆယ့်ငါးပါးတို့သည် တတိယ ကာမာဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထိုသုံးဆယ့်ငါးပါးသော သင်္ခါရတို့သည်ပင် စတုတ္ထ ကာမာဝစရကုသိုလ် ဝိညာဉ်နှင့်လည်း ယှဉ်ကုန်၏၊ ဤ၌လည်း သသင်္ခါရိကအဖြစ်မျှသာ ထူး၏၊ ပဌမ ကာမာဝစရ ကုသိုလ်နှင့် ယှဉ်သော သုံးဆယ့်ခြောက်ပါးတို့၌ ပီတိကိုထား၍ ပီတိမှ ကြွင်းသော သင်္ခါရသုံးဆယ့် ငါးပါးတို့သည် ပဉ္စမ ကာမာဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထို့အတူ ဤသင်္ခါရ သုံးဆယ့်ငါးပါးတို့သည်ပင် ဆဋ္ဌမကာမာဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ သသင်္ခါရိကမျှသာ ထူး၏၊ ပဌမ သုံးဆယ့်ခြောက်ပါးတွင် အမောဟ, ပီတိတို့ကိုထား၍ ကြွင်းသော သင်္ခါရ သုံးဆယ့်လေးပါးတို့သည် သတ္တမ, အဋ္ဌမ ကာမာဝစရကုသိုလ် ဝိညာဉ်တို့နှင့် ယှဉ်ကုန်၏၊ သသင်္ခါရိက အဖြစ်မျှသာ ထူး၏

ပဌမ ကာမာဝစရကုသိုလ် ဝိညာဉ်၌ ပြဆိုပြီးသော သင်္ခါရ သုံးဆယ့်ခြောက်ပါးတွင် ဝိရတီသုံးပါးကို ကြဉ်၍ ကြွင်းသော

သင်္ခါရ သုံးဆယ့်သုံးပါးတို့သည် ပဌမ ရူပါဝစရကုသိုလ် ဝိညာဉ်နှင့်ယှဉ်ကုန်၏၊ ထို သုံးဆယ့်သုံးပါးတွင် ဝိတက်မှကြွင်းသော သင်္ခါရ သုံးဆယ့်နှစ်ပါးတို့သည် ဒုတိယ ရူပါဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထိုတွင် ဝိစာရကို ကြဉ်၍ ဝိစာရမှ ကြွင်းသော သင်္ခါရသုံးဆယ့်တပါးတို့သည် တတိယ ရူပါဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထိုတွင် ပီတိမှ ကြွင်းသော သင်္ခါရသုံးဆယ်တို့သည် စတုတ္ထ ရူပါဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထိုတွင် ကရုဏာ, မုဒိတာမှ ကြွင်းသော သင်္ခါရနှစ်ဆယ့် ရှစ်ပါးတို့သည် ပဥ္စမ ရူပါဝစရကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထို သင်္ခါရနှစ်ဆယ့် ရှစ်ပါးတို့သည်သာလျှင် အရူပါဝစရ ကုသိုလ် ဝိညာဉ်လေးခုတို့၌ ယှဉ်ကုန်၏၊ ဤအရာ၌ အရူပါဝစရ၏အဖြစ်သည်သာလျှင် ထူး၏။

လောကုတ္တရာကုသိုလ် ဝိညာဉ်နှစ်ဆယ်တို့တွင် ပဌမဈာန်မဂ် ဝိညာဉ်၌ ရူပါဝစရ ပဌမဝိညာဉ်မှာ ပြဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် သိအပ်ကုန်၏၊ ဒုတိယဈာန်စသော မဂ်ဝိညာဉ်တို့၌လည်း ရူပါဝစရ ဒုတိယဈာန် ဝိညာဉ် စသည်တို့နှင့် အကုန်တူ၏။ **အထူးကား**—ဤအရာ၌ ကရုဏာ, မုဒိတာတို့၏ မရှိသော အဖြစ်သည်၎င်း, မြဲသော ဝိရတီရှိသော အဖြစ်သည်၎င်း, လောကုတ္တရာ၏ အဖြစ်သည်၎င်း ဤမျှသည်သာလျှင် ထူး၏၊ ဤသို့လျှင် ကုသိုလ်သင်္ခါရတို့ကို ရှေးဦးစွာ သိအပ်ကုန်၏။

၄၇၇။ အကုသိုလ် ဝိညာဉ်တို့တွင် ရှေးဦးစွာ လောဘမူ ဝိညာဉ်၌ သင်္ခါရတို့ကို ပြဆိုအပ်ကုန်၏၊ လောဘမူ ဝိညာဉ် ရှစ်ခုတွင် ပဌမ အကုသိုလ်ဝိညာဉ်၌ သရုပ်အားဖြင့် လာသော နိယတသင်္ခါရ တဆယ့်သုံးပါးတို့၎င်း, ယေဝါပနက သင်္ခါရလေးပါးတို့၎င်း ဤသင်္ခါရ တဆယ့်ခုနစ်ပါးတို့သည် ယှဉ်ကုန်၏၊ ထိုတဆယ့်ခုနစ်ပါးတို့တွင် ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, ဇီဝိတိန္ဒြေ, သမာဓိ, အဟိရိက, အနောတ္တပ္ပ, လောဘ, မောဟ, မိစ္ဆာဒိဋ္ဌိ ဤ တဆယ့်သုံးပါးသော သင်္ခါရတို့သည် သရုပ်

အားဖြင့် လာကုန်၏၊ ဆန္ဒ, အဓိမောက္ခ, ဥဒ္ဓစ္စ, မနသိကာရ ဤလေးပါးသော သင်္ခါရတို့သည် ယေဝါပနက ဖြစ်ကုန်၏။

၄၇၀။ ထိုတဆယ့်ခုနစ်ပါးတို့တွင် မရှက်တတ် မစက်ဆုပ်တတ်သောကြောင့် အဟိရိက မည်၏၊ မရှက်တတ်သော ပုဂ္ဂိုလ်၏အဖြစ်သည် အဟိရိက မည်၏၊ ဩတ္တပ္ပမဟုတ်သောကြောင့် အနောတ္တပ္ပ မည်၏။

ထိုနှစ်ပါးတို့တွင် အဟိရိကသည် ကာယဒုစရိုက် စသည်တို့ကို မစက်ဆုပ်ခြင်း လက္ခဏာရှိ၏၊ ဝါ-မရှက်ခြင်း လက္ခဏာရှိ၏၊ အနောတ္တပ္ပသည် ကာယဒုစရိုက် စသည်တို့ကို ကြောက်ရွံ့ခြင်းကင်းသော လက္ခဏာရှိ၏၊ ဝါ-ထိတ်လန့်ခြင်းကင်းသော အဖြစ်လျှင် လက္ခဏာရှိ၏၊ ဤကား အကျဉ်းတည်း၊ အကျယ်ကိုကား ဟိရီ, ဩတ္တပ္ပ၌ ပြဆိုပြီးသောစကားတို့ကို ပဋိပက္ခ ပြန်လှန်သော အစွမ်းအားဖြင့် သိအပ်၏။

၄၇၉။ ထိုသဘောတရားဖြင့် သမ္ပယုတ်တရားတို့သည် တပ်မက်တတ်ကုန်၏၊ ဝါ-မိမိသည် တပ်မက်၏၊ ဝါ-ထိုသဘောတရားသည် တပ်မက်ခြင်းမျှသာတည်း၊ ထို့ကြောင့် ထိုသဘောတရားသည် "လောဘ" မည်၏၊ ထိုသဘောတရားဖြင့် သမ္ပယုတ်တရားတို့သည် တွေဝေသဖြင့် မသိတတ်ကုန်၊ ဝါ-မိမိသည် တွေဝေတတ်၏၊ ဝါ-ထိုသဘောတရားသည် တွေဝေခြင်းမျှသာတည်း၊ ထို့ကြောင့် "မောဟ" မည်၏။

ထိုနှစ်ပါးတို့တွင် လောဘသည် ငါ့ဟာ, ငါ့ဥစ္စာ ဟု အာရုံကို ယူခြင်း, စွဲလမ်းခြင်းလက္ခဏာရှိ၏၊ မျောက်နဲ့စေးကဲ့သို့တည်း၊ အာရုံ၌ ရေးရှုကပ်ငြိခြင်းကိစ္စရှိ၏၊ အိုးကင်းပူ၌ ချအပ်သော သားတစ်ကဲ့သို့တည်း၊ မစွန့်မလွှတ် မြဲစွာစွဲလျက် လွှတ်စေကျွတ်စေနိုင်ခဲသည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ဆီ, မင်-စွန်းသကဲ့သို့တည်း၊သံယောဇဉ်၏ အာရုံဖြစ်သော တရားတို့၌ သာယာသည်၏ အစွမ်းအားဖြင့် ရှုခြင်းလျှင် နီးစွာသော

အကြောင်းရှိ၏၊ တဏှာမြစ်၏အဖြစ်ဖြင့် စည်ပင်ပွါးစီး ကြီးမား လတ်သော် ရေအယဉ် လျင်မြန်သောမြစ်သည် မိမိအပေါ်၌ ကျရောက်သော ဝတ္ထုကိုယူဆောင်၍ သမုဒ္ဒရာသို့ သွားသကဲ့သို့ သတ္တဝါတို့ကိုယူ၍ အပါယ်သို့သာလျှင် သွား၏ဟု မှတ်အပ်၏။

၄ဝဝ။ မောဟသည် စိတ်၏ ပညာမျက်စိကန်းသောအဖြစ်လျှင် လက္ခဏာရှိ၏၊ ဝါ-ဉာဏ်၏ ဆန့်ကျင်ဘက်အဖြစ်လျှင် လက္ခဏာရှိ၏၊ ကောင်းစွာထိုးထွင်း၍ သိခြင်းငှါ မစွမ်း နိုင်သောအဖြစ်လျှင် ကိစ္စရှိ၏၊ ဝါ-အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းကိစ္စရှိ၏၊ မသင့်မလျော်သော အကျင့်ကို ရှေးရှုဖြစ်စေတတ်၏၊ ဝါ-ပညာမျက်စိ ကန်းသောအခြင်း အရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ မသင့်မတင့် သော နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏၊ အလုံးစုံသော အကုသိုလ်တို့၏ အခြေအမြစ်မူလဟူ၍ မှတ်အပ်၏။

၄ဝ၁။ ထိုသဘောတရားဖြင့် ဖောက်ပြန် မှားယွင်းသော အားဖြင့် သမ္မယုတ်တရားတို့သည် ရှုတတ်ကုန်၏၊ ဝါ- မိမိသည် မှားသောအားဖြင့် ရှု၏၊ ဝါ-၍သဘော တရားသည် ဖောက်ပြန် မှားယွင်းသောအားဖြင့် ရှုခြင်း မျှသာတည်း၊ ထို့ကြောင့် "မိစ္ဆာဒိဋ္ဌိ" မည်၏။

ထိုမိစ္ဆာဒိဋ္ဌိသည် မသင့်မတင့်သော အကြောင်းအနုပါယ, လမ်းရိုးမမှန်သော ဥပ္ပထအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏၊ မှားသောအားဖြင့် သုံးသပ်ခြင်းကိစ္စရှိ၏၊ အလွဲအမှားကို နှလုံးသွင်းခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏၊ ဘုရားစသော အရိယာတို့ကို မဖူးမြင်ချင်ခြင်း စသောအဖြစ်လျှင် နီးစွာသော အကြောင်းရှိ၏၊ လွန်ကဲသောအပြစ်ဟူ၍ မှတ်အပ်၏။

၄ဝ၂။ အထက်၌တုန်လှုပ်သော စိတ်၏အဖြစ်သည် "ဥဒ္ဓစ္စ" မည်၏၊ ထိုဥဒ္ဓစ္စသည် မငြိမ်သက်ခြင်း လက္ခဏာရှိ၏၊ လေတိုက်ခတ်သဖြင့် တုန်လှုပ်သော ရေကဲ့သို့တည်း၊ အမြဲမတည် လှုပ်ရှားခြင်းကိစ္စရှိ၏၊ လေတိုက်ခတ်သဖြင့်

လျှပ်သော တမ်းခွန်ကုဏ္ဍားကဲ့သို့တည်း၊ ထက်ဝန်းကျင်ပြည့်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ကျောက်ဖြင့် ခတ်အပ်သည်ဖြစ်၍ ထက်ဝန်းကျင်လွှင့်တက်သော ပြာကဲ့သို့တည်း၊ စိတ်၏မငြိမ်သက်ခြင်း၌မသင့်မတင့်သော အကြောင်း အနုပါယ, လမ်းရိုးမမှန်သော ဥပ္ပဿအားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏၊ စိတ်၏ ပျံ့လွင့်ကြောင်းဟူ၍ မှတ်အပ်၏။

ကြွင်းသော အကုသိုလ်သင်္ခါရ၌ ပြဆိုပြီးသောနည်းဖြင့်သာလျှင် သိအပ်ကုန်၏၊ အထူးကား—အကုသိုလ်၏ အဖြစ်သည်လျှင် ၎င်း, အကုသိုလ်အဖြစ်ကြောင့် ယုတ်မာသော အဖြစ်သည်၎င်း ကုသိုလ်မှ ထူး၏။

၄၇၃။ ဤသို့လျှင် သင်္ခါရတဆယ့်ခုနစ်ပါးတို့သည် ပဌမ အကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ဤသင်္ခါရတဆယ့်ခုနစ်ပါးတို့သည်ပင် ဒုတိယ အကုသိုလ် ဝိညာဉ်နှင့်လည်း ယှဉ်၏၊ ဤ၌ သသင်္ခါရိကအဖြစ်သည်၎င်း, ထိနမိဒ္ဓ၏ မမြဲသောအဖြစ်သည်၎င်း ထူး၏။

ထိုထိန, မိဒ္ဓ နှစ်ပါးတို့တွင် အားထုတ်ခြင်းကင်းသည့်အဖြစ်, တွန့်တို ဆုတ်နစ်သောအဖြစ်သည် ဝါ-ပျင်းသောအဖြစ်သည် ဝါ-စိတ်၏မခံ့သောအဖြစ်သည် "ထိန" မည်၏၊ မစွမ်းဆောင်နိုင်သည်၏အဖြစ်, ပင်ပန်းသည်ဖြစ်၍ အမှု၌ မကောင်းသောအဖြစ်သည် "မိဒ္ဓ" မည်၏၊ အားထုတ်ခြင်းကင်း၍ တွန့်သည်၏အဖြစ်သည်၎င်း, သတ္တိကင်း၍ ပင်ပန်းသည်၏အဖြစ်သည်၎င်းဟု ဆိုလိုသည်၊ ထိုနှစ်ပါးတို့တွင် ထိနသည် အားထုတ်ခြင်းကင်းသောအဖြစ်လျှင် လက္ခဏာရှိ၏၊ ဝီရိယကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ သမ္ပယုတ်တရားတို့ကို ဆုတ်နစ်စေသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ မိဒ္ဓသည် အမှု၌မကောင်းသည်၏အဖြစ်, မခံ့သည်၏အဖြစ်လျှင် လက္ခဏာရှိ၏၊ ဝိညာဉ်ဒွါရတို့ကို ပိတ်ခြင်းကိစ္စရှိ၏၊ အာရုံကိုယူခြင်း၌ တွန့်သောအခြင်းအရာဖြင့်

ဉာဏ်အား ရေးရှုထင်၏၊ ဝါ-မျက်လှည့်တလှုပ်လှုပ် မှိတ်တုတ် မှိတ်တုတ် အိပ်ငိုက်ခြင်းကို ဖြစ်စေတတ်၏၊ ထိန, မိဒ္ဓ နှစ်ပါးစုံ သည်လည်း ဆိတ်ငြိမ်ရာဝယ် သမထဝိပဿနာတို့၌ မမွေ့လျော် ခြင်း, ပျင်းရိခြင်း, ကိုယ်တဆန့်ငင်ငင်ရှိခြင်းဖြင့် မသင့်လျော်သော နှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

ထိုသင်္ခါရ တဆယ့်ခုနစ်ပါးတွင် မိစ္ဆာဒိဋ္ဌိကို ကြဉ်၍ မိစ္ဆာဒိဋ္ဌိမှ ကြွင်းသော သင်္ခါရတဆယ့်ခြောက်ပါးတို့သည် တတိယ အကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ **အထူးကား**—ဤတတိယ အကုသိုလ် ဝိညာဉ်၌ မာနသည် အမြဲမယှဉ်၊ ထိုမာနသည် ထောင်လွှား တက်ကြွခြင်း လက္ခဏာရှိ၏၊ ချီးမြှောက်ခြင်းကိစ္စရှိ၏၊ တမ်းခွန် မှန်ကင်းကဲ့သို့ မိမိကို အထက်ကထား၍ လွှားလိုသောအဖြစ်လျှင် ဉာဏ်အား ရေးရှုထင်၏၊ ဒိဋ္ဌိဝိပ္ပယုတ်ဖြစ်သော လောဘလျှင် နီးစွာ သောအကြောင်းရှိ၏၊ သူရူးကဲ့သို့ မှတ်အပ်၏၊ ဒုတိယ အကုသိုလ် ဝိညာဉ်နှင့် ယှဉ်သော သင်္ခါရတဆယ့်ခုနစ်ပါးတွင် မိစ္ဆာဒိဋ္ဌိမှ ကြွင်းသော သင်္ခါရတဆယ့်ခြောက်ပါးတို့သည် စတုတ္ထ အကုသိုလ် ဝိညာဉ်နှင့် ယှဉ်၏၊ဤစတုတ္ထအကုသိုလ်ဝိညာဉ်၌လည်း မာန,ထိန, မိဒ္ဓတို့သည် အမြဲမယှဉ်ကုန်၊ ပဉ္စမ အကုသိုလ်၌ ယှဉ်သော သင်္ခါရ တဆယ့်ခုနစ်ပါးတွင် ပီတိမှကြွင်းသော သင်္ခါရ တဆယ့်ခြောက် ပါးတို့သည် ပဉ္စမ အကုသိုလ်ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ဤ တဆယ့် ခြောက်ပါးတို့သည်ပင် ဆဋ္ဌမ အကုသိုလ်ဝိညာဉ်နှင့်လည်း ယှဉ် ကုန်၏၊ ဤ ဆဋ္ဌမ ဝိညာဉ်၌ သသင်္ခါရိက အဖြစ်သည်၄င်း, ထိန မိဒ္ဓ၏ အမြဲမယှဉ်သော အဖြစ်သည်၄င်း ထူး၏၊ ပဉ္စမ အကုသိုလ်၌ ယှဉ်သော သင်္ခါရ တဆယ့်ခြောက်ပါးတို့တွင် ဒိဋ္ဌိမှကြွင်းသော သင်္ခါရ တဆယ့်ခြောက်ပါးတို့သည် သတ္တမ အကုသိုလ်ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ဤ၌လည်း မာနသည် အမြဲမယှဉ် ရံခါသာယှဉ်၏၊ ဆဋ္ဌမ အကုသိုလ်၌ယှဉ်သော သင်္ခါရ တဆယ့်ခြောက်ပါးတို့တွင် ဒိဋ္ဌိမှကြွင်းသော သင်္ခါရ တဆယ့်ငါးပါးတို့သည် အဋ္ဌမ အကုသိုလ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ဤ၌လည်း မာနသည်၄င်း, ထိန-မိဒ္ဓ သည်၄င်း အမြဲမယှဉ်ကုန်။

၄၇၄။ ဒေါသမူ ဒွေတို့တွင် အမြဲယှဉ်သည်ဖြစ်၍ သရုပ်အားဖြင့် လာကုန်သော သင်္ခါရ တဆယ့်တပါး, ယေဝါပနက အားဖြင့် လာကုန်သော သင်္ခါရ လေးပါး, အမြဲမယှဉ် ကုန်သော အနိယတ သင်္ခါရ သုံးပါး ဤ တဆယ့်ရှစ်ပါး သော သင်္ခါရတို့သည် ရှေးဦးစွာ ပဌမ ဒေါသမူဝိညာဉ်နှင့် ယှဉ်ကုန်၏၊ ထိုတွင် ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ဝီရိယ, ဇီဝိတိန္ဒြေ, သမာဓိ, အဟိရိက, အနောတ္တပ္ပ, ဒေါသ, မောဟ ဤ တဆယ့်တပါးသော သင်္ခါရတို့သည် အမြဲ နိယတ ယှဉ်သည်ဖြစ်၍ သရုပ်အားဖြင့် လာကုန်၏၊ ဆန္ဒ, အဓိမောက္ခ, ဥဒ္ဓစ္စ, မနသိကာရ ဤ သင်္ခါရ လေးပါး တို့သည် ယေဝါပနကအားဖြင့် လာကုန်၏၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဤသင်္ခါရသုံးပါးတို့သည် အနိယတ အားဖြင့် လာကုန်၏။

၄၇၅။ ထိုတဆယ့်ရှစ်ပါးတို့တွင် ထိုသဘောတရားဖြင့် သမ္ပယုတ် တရားတို့သည် ဖျက်ဆီးတတ်ကုန်၏၊ဝါ-မိမိသည် ဖျက်ဆီး တတ်၏၊ ဝါ-ထိုသဘောတရားသည် ဖျက်ဆီးခြင်းမျှ သာတည်း၊ ထို့ကြောင့် ဒေါသမည်၏၊ ထိုဒေါသသည် အမျက်ထွက်ခြင်း လက္ခဏာရှိ၏၊ လှံတံဖြင့် ပုတ်ခတ် အပ်သော မြွေဟောက်နှင့် တူ၏၊ အနိဋ္ဌရုပ်ကို ဖြစ်စေ သောအားဖြင့် ကိုယ်ကို တုန်လှုပ်စေခြင်း, ဖောက်ပြန်၍ ပျံ့နှံ့စေခြင်းကိစ္စ ရှိ၏၊ မြွေဆိပ် မြွေဆိပ် ကျရောက် သည်နှင့်တူ၏၊ ဝါ-မိမိ၏ မှီရာ ဟဒယဝတ္ထုကို လောင် ခြင်းကိစ္စရှိ၏၊ တောမီးကဲ့သို့တည်း၊ မိမိကိုင်ငင်း သူတပါး ကိုင်ငင်း ဖျက်ဆီးတတ်သော တရားဟု ဉာဏ်အား ရှေးရှု ထင်၏၊ မကောင်းပြုခွင့် ရသော ရန်သူကဲ့သို့တည်း၊ အာဃာတ ဝတ္ထုကိုးပါးလျှင် နီးစွာသော အကြောင်း ရှိ၏၊ အဆိပ်နှင့် ရောနှောသော ကျင်ငယ်ပုပ်ကဲ့သို့ မှတ်အပ်၏။

၄၇၆။ ငြူစူတတ်သော သဘောသည် "ဣဿာ"မည်၏။

ထိုဇူသာသည် သူတပါး စည်းစိမ်တို့ကို ပြုစုခြင်း လက္ခဏာ ရှိ၏၊ ထိုသူတပါးစည်းစိမ်တို့၌သာလျှင် မမွေ့မလျော်ခြင်း ကိစ္စ ရှိ၏၊ ထိုသူတပါးစည်းစိမ်မှ မရှုစိမ့်ဘဲ မျက်နှာလွှဲသောအဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်၏၊ သူတပါး စည်းစိမ်လျှင် နီးစွာသော အကြောင်း ရှိ၏။

၄၇၇။ သံယောဇဉ်ကြီးဘစင်း ဟူ၍ မှတ်အပ်၏၊ ဝန်တိုသော သူ၏ အဖြစ်သည် "မစ္ဆရိယ" မည်၏။

ထိုမစ္ဆရိယသည် ရပြီးရဆဲ ရလတ္တံ့သော မိမိ၏ စည်းစိမ်တို့ကို လျှို့ဝှက်ခြင်း လက္ခဏာရှိ၏၊ မိမိစည်းစိမ်တို့နှင့် သူတပါးတို့ ဆက်ဆံသည်၏အဖြစ်ကို သည်းမခံနိုင်ခြင်း ကိစ္စရှိ၏၊ သူတပါးနှင့် ဆက်ဆံသည်ကို မနှစ်သက်သော အခြင်းအရာဖြင့် တွန့်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏၊ ဝါ-စပ်ခါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏၊ မိမိစည်းစိမ်လျှင် နီးစွာသော အကြောင်းရှိ၏၊ စိတ်ဖောက်ပြန်သဖြင့် မလှသော အဖြစ်တည်းဟု မှတ်အပ်၏၊

၄၇၈။ စက်ဆုပ်ရွံရှာအပ်သောအမှုသည် ကုကတ မည်၏၊ ပြုပြီးသော ဒုစရိုက်, မပြုရသေးသော သုစရိုက် အမှုတို့ကို အာရုံပြု၍ ရွံရှာစက်ဆုပ်သဖြင့် နှလုံးမသာယာသော စိတ်အပြား၏ ဖြစ်ခြင်းသည် "ကုက္ကုစ္စ" မည်၏။

ထိုကုက္ကုစ္စသည် နောင်တ တဖန် ပူပန်စေခြင်း နှိပ်စက်ညှဉ်းဆဲခြင်း လက္ခဏာရှိ၏၊ ပြုကျင့်လွန်ကျူးမိသော ဒုစရိုက်, မပြုမိ မကျင့်မိသေးသော သုစရိုက် တရားတို့ကို အဖန်တလဲလဲ အောက်မေ့ စိုးရိမ်ခြင်း ကိစ္စရှိ၏၊ အဖန်တလဲလဲ စိုးရိမ်သဖြင့် နှလုံးမသာယာခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏၊ ပြုပြီးသော ဒုစရိုက်, မပြုမိသေးသော သုစရိုက်အမှုလျှင် နီးစွာသောအကြောင်းရှိ၏၊ ကျွန်၏ အဖြစ်ကဲ့သို့ မှတ်အပ်၏၊ ကြွင်းသော သင်္ခါရတို့ကား ယခင် ပြဆိုပြီးသော နည်းအတိုင်း သာလျှင်တည်း၊ ဤသို့ တဆယ့်ရှစ်ပါးသော သင်္ခါရတို့သည် ပဌမ ဒေါသမူနှင့် ယှဉ်ကုန်၏၊ ဒုတိယ

ဒေါသမူ ဝိညာဉ်၌လည်း ထိုသင်္ခါရ တဆယ့်ရှစ်ပါးတို့သည် သာလျှင် ယှဉ်ကုန်၏၊ ဤ၌ သသင်္ခါရိက အဖြစ်သည်ငှင်း, အနိယတ, ဣဿာ စသည်တို့၌ ထိန, မိဒ္ဓ၏ အဖြစ်သည်ငှင်း ထူး၏။

၄၇၉။ မောဟမူ ဒွေတို့တွင် ဝိစိကိစ္ဆာ သမ္ပယုတ် စိတ်နှင့်, ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ဝီရိယ, ဇီဝိတိန္ဒြေ, စိတ္တဋ္ဌိတိ ဟူသော ဧကဂ္ဂတာ, အဟိရိက, အနောတ္တပ္ပ, မောဟ, ဝိစိကိစ္ဆာ ဟူ၍ သရုပ်အားဖြင့် လာကုန်သော သင်္ခါရ တဆယ့်တပါး၊ ဥဒ္ဓစ္စ, မနသိကာရ ဟူသော ယေဝါပနက နှစ်ပါး၊ ဤသင်္ခါရ တဆယ့်သုံးပါးတို့သည် ယှဉ်ကုန်၏။

၄၈၀။ ထိုတွင် "စိတ္တဋ္ဌိတိ"ဟူသည်ကား ခဏဋ္ဌီမျှသာတည်း၊ အားနည်းသော သမာဓိ ဆိုလိုသည်၊ ဤဏ်ဟူသော ကုစားခြင်းမှ ကင်းသောကြောင့် ဝိစိကိစ္ဆာ မည်၏၊ ထိုဝိစိကိစ္ဆာသည် ယုံမှားခြင်း လက္ခဏာ ရှိ၏၊ အထူး ထူးသောအာရုံ၌ စိတ်၏တုန်လှုပ်ခြင်းကိစ္စရှိ၏၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်း နှလုံးနှစ်ခွဖြစ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏၊ ဝါ-အာရုံ၌ ကေန်မဟုတ်၊ အထူးထူးသော သဘောကို ယူသော အခြင်းအရာ အားဖြင့် ဉာဏ်အား ရှေးရှု ထင်၏၊ မသင့်မတင့်သော နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏၊ ကျင့်ဝတ် ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သော တရားဟု မှတ်အပ်၏။

ထိုသင်္ခါရ တဆယ့်သုံးပါးတို့တွင် ဝိစိကိစ္ဆာ သင်္ခါရကို ကြဉ်၍ ကြွင်းသော သင်္ခါရ တဆယ့်နှစ်ပါးတို့သည် ဥဒ္ဓစ္စ သမ္ပယုတ် ဝိညာဉ်နှင့် ယှဉ်ကုန်၏၊အထူးကား-ဤဥဒ္ဓစ္စသမ္ပယုတ်၌ ဝိစိကိစ္ဆာ မရှိခြင်းကြောင့် အာရုံကို ဆုံးဖြတ်နိုင်သော အဓိမောက္ခ ဖြစ်၏၊ ထို အဓိမောက္ခနှင့်တကွ သင်္ခါရ တဆယ့်သုံးပါး ဖြစ်ကုန်၏၊ အဓိမောက္ခ ဖြစ်သောကြောင့်လည်း အားရှိမြင့်မြတ်သော သမာဓိ ဖြစ်၏၊ ဤဥဒ္ဓစ္စ သမ္ပယုတ်ဝိညာဉ်၌ဖြစ်သော ဥဒ္ဓစ္စ သင်္ခါရသည် သရုပ်အားဖြင့် လာ၏၊ အဓိမောက္ခ, မနသိကာရတို့သည် ယေဝါ

ပနကအားဖြင့် လာကုန်၏၊ ဤသို့လျှင် အကုသိုလ် သင်္ခါရတို့ကို သိအပ်ကုန်၏။

၃၉၁။ အဗျာကတ သင်္ခါရတို့တွင် ဝိပါက် အဗျာကတတို့သည် အဟိတ်, သဟိတ်တို့၏ အပြားအားဖြင့် နှစ်ပါးရှိ၏၊ ထိုတွင် အဟိတ်ဝိပါက်ဝိညာဉ်နှင့် ယှဉ်သော သင်္ခါရတို့သည် အဟိတ်ဝိပါက် အဗျာကတ သင်္ခါရတို့မည်ကုန်၏၊ ထိုအဟိတ်ဝိပါက်တို့တွင် ကုသလ ဝိပါက် စက္ခုဝိညာဉ်, အကုသလဝိပါက် စက္ခုဝိညာဉ်နှင့် ယှဉ်သော သင်္ခါရတို့သည် ဖဿ, စေတနာ, ဇီဝိတိန္ဒြေ, စိတ္တဋ္ဌိတိဟု သရုပ်အားဖြင့် လာကုန်သော သင်္ခါရလေးပါး၊ ယေဝါ ပနကအားဖြင့် လာကုန်သော မနသိကာရတပါး ဤငါးပါးတို့ဖြစ်ကုန်၏၊ သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ် ကာယဝိညာဉ်နှင့် ယှဉ်သော သင်္ခါရတို့သည်လည်း ဤငါးပါးတို့ပင်တည်း၊ နှစ်ပါးသော ကုသလဝိပါက်, အကုသလဝိပါက်, မနောဓာတ်နှင့် ယှဉ်သော သင်္ခါရတို့သည် ဖဿ, စေတနာ, ဇီဝိတိန္ဒြေ, စိတ္တဋ္ဌိတိဟူသော ဧကဂ္ဂတာ, မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ ဤရှစ်ပါးတို့တည်း၊ အဟိတ် မနောဝိညာဏဓာတ် သုံးပါးနှင့် ယှဉ်သော သင်္ခါရတို့သည်လည်း ထိုရှစ်ပါးတို့ပင်တည်း၊ အထူးကား–ဤသုံးပါးတို့တွင် သောမနဿ သဟဂုတ်သန္တီရဏ အဟိတ် မနောဝိညာဏဓာတ်နှင့်တကွ ပီတိသည် လွန်ကဲ၏။

သဟိတ် ဝိပါက်ဝိညာဉ်နှင့် ယှဉ်သော သင်္ခါရတို့သည် သဟိတ်ဝိပါက်အဗျာကတ သင်္ခါရတို့မည်ကုန်၏၊ ထို သဟိတ်ဝိပါက် သင်္ခါရတို့တွင် ရှေးဦးစွာ ကာမာဝစရဝိပါက် ရှစ်ခုနှင့်ယှဉ်သော သင်္ခါရတို့သည် ကာမာဝစရ ကုသိုလ်ရှစ်ခုတို့နှင့် သမ္ပယုတ် သင်္ခါရတူကြကုန်၏၊ အထူးကား–အနိယတ ယောဂီ စေတသိက် တို့တွင် ကရုဏာ, မုဒိတာတို့သည် သတ္တဝါပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် ဝိပါက် ဝိညာဉ်တို့၌ ကရုဏာ, မုဒိတာမရှိ၊

ကာမာဝစရ ဝိပါက်တို့သည် စင်စစ်အားဖြင့် ပရိတ္တ တရားလျှင် အာရုံ ရှိကုန်သောကြောင့်တည်း၊ စင်စစ်အားဖြင့် ကရုဏာ, မုဒိတာတို့ မရှိရုံမျှမကသေး၊ ဝိရတီတို့သည်လည်း ဝိပါက်ဝိညာဉ် တို့၌ မရှိကုန်၊“သိက္ခာပုဒ်ငါးပါးတို့သည် ကုသိုလ်စင်စစ်သာလျှင် တည်း”ဟု ဟောတော်မူအပ်ပြီ၊ ရူပါဝစရ အရူပါဝစရ လောကုတ္တရာ ဝိပါက်ဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့သည်လည်း ကာမာဝစရ ကုသိုလ်ဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့နှင့် တူကုန် သည်သာတည်း။

၄၉၂။ ကြိယာ အဗျာကတ သင်္ခါရတို့သည်လည်း အဟိတ်, သဟိတ်အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် အဟိတ် ကြိယာ ဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့သည် အဟိတ် ကြိယာ အဗျာကတမည်ကုန်၏၊ ထို အဟိတ် ကြိယာ အဗျာကတ သင်္ခါရတို့သည်ကား ကုသလဝိပါက် မနောဓာတ်, အဟိတ် မနော ဝိညာဏဓာတ် နှစ်ခုနှင့် ယှဉ်သော သင်္ခါရတို့နှင့်တူကုန်၏၊ **အထူးကား**-မနော ဝိညာဏဓာတ်နှစ်ခု၌ ဝီရိယလွန်ကဲ၏၊ ဝီရိယ ထင်ရှား ရှိသောကြောင့် ဖိုလ်သို့ရောက်သော သမာဓိဖြစ်၏၊ ဤသို့ ထူး၏။

သဟိတ် ကြိယာ ဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့သည် သဟိတ် ကြိယာ အဗျာကတမည်ကုန်၏၊ ထို သဟိတ်အဗျာကတ သင်္ခါရ တို့တွင် ရှေးဦးစွာ ကာမာဝစရ ကြိယာဝိညာဉ်နှင့် ယှဉ်သော သင်္ခါရတို့သည် ကာမာဝစရကုသိုလ်နှင့် ယှဉ်သော သင်္ခါရတို့တွင် ဝိရတီကြဉ်၍ ကြွင်းသောသင်္ခါရတို့နှင့် တူကုန်၏၊ရူပါဝစရ,အရူပါ ဝစရ ကြိယာဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့သည်လည်း အလုံးစုံ သော အခြင်းအရာအားဖြင့် ရူပါဝစရ ကုသိုလ်, အရူပါဝစရ ကုသိုလ် ဝိညာဉ်နှင့်ယှဉ်သော သင်္ခါရတို့နှင့်တူကုန်သည်သာလျှင် တည်း။ ဤသို့ အဗျာကတ သင်္ခါရတို့ကိုလည်း သိအပ်ကုန်၏။

သင်္ခါရက္ခန္ဓာနှင့် စပ်သော အကျယ်စကားရပ် ပြီး၏။

ဤ ဆိုအပ်ပြီးသော အကြောင်းသည် အဘိဓမ္မာ ဘာဇနီ နည်းဖြင့် ရှေးဦးစွာ ခန္ဓာငါးပါးတို့၌ အကျယ် ပြသော အကြောင်းတည်း။

## အတိတ်စသည်ကိုပြခြင်း

၄၉၃။ မြတ်စွာဘုရားသည် "ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါဝါ။....(လ)....ဝိညာဏက္ခန္ဓော" ဟူ၍ ခန္ဓာငါးပါးတို့ကို ချဲ၍ ဟောတော်မူအပ်၏။

## အဓိပ္ပါယ်ကား

"အကြင် အလုံးစုံသောရုပ်သည် အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်, အဇ္ဈတ္တရုပ်, ဗဟိဒ္ဓရုပ်, ဩဠာရိကရုပ်, သုခုမရုပ်, ဟီနရုပ်, ပဏီတရုပ်, ဒူရေရုပ်, သန္တိကေရုပ်၊ ထို တဆယ့်တပါး သော ဩကာသ၌ ပြအပ်သောရုပ် အားလုံးကို ရုပ္ပန လက္ခဏာ တခု၌ တပေါင်းတည်းပြု၍ ရုံးစု၍ ချုံး၍ ရူပက္ခန္ဓာဟု ဆိုအပ်၏၊ အမှတ်မရှိ, အလုံးစုံသော ဝေဒနာ, အလုံးစုံသော သညာ, အလုံးစုံသော သင်္ခါရ, အလုံးစုံသော ဝိညာဉ်သည် ရှိ၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန်စသော အခြင်းအရာ တဆယ့်တပါးစီ ကွဲပြား သော ထိုဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် အားလုံးတို့ကို အသီး အသီးဆိုင်ရာ လက္ခဏာအားဖြင့် တပေါင်းတည်း ပြု၍ ရုံးစု၍ ချုံး၍ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု ဆိုအပ်ကုန်၏။

၄၉၄။ ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့တွင် ရုပ်သည် အဒ္ဓါ၊ သန္တတိ၊ သမယ၊ ခဏတို့၏ အစွမ်း အားဖြင့် အတိတ်လေးပါး, အနာဂတ်လေးပါး, ပစ္စုပ္ပန် လေးပါးစီ ဖြစ်၏၊ ထိုတွင် ရှေးဦးစွာ အဒ္ဓါဟူသော အခွန့်၏ အစွမ်းအားဖြင့် သတ္တဝါတဦး၏ တဘဝ၌ ပဋိသန္ဓေမှ ရှေး၌ဖြစ်ပြီးသော ရုပ်သည် အတိတ်မည်၏၊ စုတိမှ အထက်ဟူသော နောက်ကာလ၌ ဖြစ်သော

ရုပ်သည် အနာဂတ်မည်၏၊ စုတိ, ပဋိသန္ဓေ အကြား၌ ဖြစ်ဆဲရုပ်သည် ပစ္စုပ္ပန်မည်၏။

သန္တတိဟူသော ရှေ့နောက် အစဉ်၏ အစွမ်းအားဖြင့် တူသော အဘိုရှိသော တခုသော အခြင်းအရာ ရှိသော ဥတုလျှင် ဖြစ်ကြောင်းရှိသောရုပ်သည်၎င်း,တူသောအာဟာရလျှင်ဖြစ်ကြောင်း ရှိသော ရုပ်သည်၎င်း ရှေး၌ဖြစ်သည်, နောက်၌ ဖြစ်သည်၏ အစွမ်းအားဖြင့် ဖြစ်သော်လည်း ပစ္စုပ္ပန်သာမည်၏၊ ထိုပစ္စုပ္ပန် ကာလ၌ ရှေး၌မတူသော အဘိုရှိသော ဥတု, အာဟာရလျှင် ဖြစ်ကြောင်းရှိသောရုပ်သည် အတိတ်မည်၏၊နောက်၌မတူသော အဘိုရှိသောဥတု, အာဟာရလျှင် ဖြစ်ကြောင်းရှိသောရုပ်သည် အနာဂတ်မည်၏။

တခုသော ပဉ္စဒွါရဝီထိ, တခုသော မနောဒွါရဇောဝီထိ, တခုသော သမာပတ်လျှင် ဖြစ်ကြောင်းရှိသော စိတ္တဇရုပ်သည် ပစ္စုပ္ပန်မည်၏၊ထိုပစ္စုပ္ပန်မှ ရှေး၌ဖြစ်သောရုပ်သည် အတိတ်မည်၏၊ ထိုပစ္စုပ္ပန်မှ နောက်၌ဖြစ်သော ရုပ်သည် အနာဂတ်မည်၏၊ သန္တတိဟူသော ရှေ့-နောက်အစဉ်၏ အစွမ်းအားဖြင့် ကမ္မသမုဋ္ဌာန်ရုပ်၌ အသီးအခြားဖြစ်သော အတိတ် အနာဂတ် ပစ္စုပ္ပန် အပြားမရှိ၊ ထိုသို့မရှိသော်လည်း ထို ဥတုသမုဋ္ဌာန်,အာဟာရသမုဋ္ဌာန်,စိတ္တသမုဋ္ဌာန်ရုပ်တို့ကိုသာလျှင် ထောက်ပံ့ ခိုင်ခံ့စေသည်၏ အစွမ်းအားဖြင့် ထိုကမ္မသမုဋ္ဌာန်ရုပ်၏ အတိတ်စသည်ကို သိအပ်၏။

သမယ၏ အစွမ်းအားဖြင့် တခုသော မုဟုတ္တ, နံနက်အဘို, ညအဘို, ညဉ့်, နေ့ အစရှိကုန်သော သမယတို့၌ သန္တာန်၏ အစွမ်းအားဖြင့်ဖြစ်သော ထိုထို သမယရုပ်သည် ပစ္စုပ္ပန်မည်၏၊ ထိုပစ္စုပ္ပန်မှ ရှေး၌ဖြစ်သော ရုပ်သည် အတိတ်မည်၏၊ နောက်၌ ဖြစ်သော ရုပ်သည် အနာဂတ်မည်၏။

ခဏ၏အစွမ်းအားဖြင့် ဥပါဒ်, ဌီ, ဘင် ခဏငယ် သုံးပါး၌ အကြုံးဝင်သောရုပ်သည် ပစ္စုပ္ပန်၏၊ထိုခဏတ္တယသို့ ရောက်သည်မှ ရှေး၌ ဖြစ်အံ့သော ရုပ်သည် မဖြစ် သေးသောကြောင့်

အနာဂတ် မည်၏၊ ထိုခဏတ္တယမှ နောက်၌ဖြစ်သော ရုပ်သည် ခဏတ္တယကို လွန်ပြီးသည်၏ အဖြစ်ကြောင့် အတိတ် မည်၏။ တနည်းကား–လွန်ပြီးသော ဟေတုကိစ္စ, ပစ္စယကိစ္စ ရှိသော ရုပ်သည် အတိတ်မည်၏၊ပြီးပြီးသော ဟေတုကိစ္စ,မပြီးသေးသော ပစ္စယကိစ္စရှိသောရုပ်သည် ပစ္စုပ္ပန်မည်၏၊ ဟေတုကိစ္စ, ပစ္စယကိစ္စနှစ်ပါးသို့ မရောက်သေးသော ရုပ်သည် အနာဂတ် မည်၏၊ ဝါ-မိမိ၏ကိစ္စနှင့်တကွ ဖြစ်ဆဲခဏ၌ ပစ္စုပ္ပန်မည်၏၊ ထိုခဏမှ ရှေး၌ အနာဂတ် မည်၏၊ နောက်၌ အတိတ် မည်၏။

ဤ အတီတတိက်၌ ခဏအကြောင်း, ကိစ္စအကြောင်းသည် သာလျှင် ပရိယာယ်မဟုတ်, မုချအကြောင်းတည်း၊ ကြွင်းသော အဒ္ဓါ သန္တတိ သမယအကြောင်းတို့သည်ကား မုချလိုရင်းမဟုတ်, ပရိယာယ်အကြောင်းတို့တည်း။

၄၉၅။ အဇ္ဈတ္တ ဗဟိဒ္ဓအပြားသည် ပြပြီးသော နည်းအတိုင်း သာတည်း။

တနည်းကား–ဤသုတ္တန်နည်း၌ နိယကဇ္ဈတ္တကိုလည်း အဇ္ဈတ္တဟု သိအပ်၏၊ ပုဂ္ဂိုလ်တပါး၏ ဥစ္စာကိုလည်း ဗဟိဒ္ဓဟုသိအပ်၏၊ ဩဠာရိက သုခုမအပြားကို ပြဆိုပြီးသောနည်းအတိုင်းသာ မှတ်အပ်၏။

ဟီန ပဏီတအပြားကို ပရိယာယ်အားဖြင့်ရင်း, မုချအားဖြင့်ရင်း နှစ်ပါးအပြားအားဖြင့် သိအပ်၏။

ထိုနှစ်ပါးတို့တွင် အကနိဋ္ဌ ဗြဟ္မာတို့၏ ရုပ်အောက် သုဒဿီ ဗြဟ္မာတို့၏ရုပ်သည် ယုတ်ညံ့၏၊ ထိုသုဒဿီဗြဟ္မာတို့၏ရုပ်သည် ပင်လျှင် သုဒဿာဗြဟ္မာတို့၏ ရုပ်ထက် မြတ်၏၊ ဤနည်းကဲ့သို့ ချည်း ငရဲသူ သတ္တဝါတို့၏ ရုပ်သို့ ရောက်သည် တိုင်အောင် ပရိယာယ်အားဖြင့် ဟီန ပဏီတအဖြစ်ကို သိအပ်၏၊ မုချအား ဖြင့်ကား–အကုသလ ဝိပါက် ဝိညာဉ်၏အာရုံဖြစ်သော ရုပ်သည် ယုတ်ညံ့၏၊ ကုသလ ဝိပါက် ဝိညာဉ်၏ အာရုံဖြစ်သော ရုပ်သည် မြတ်၏၊ဒူရ သန္တိကရုပ်ဟူသော စကားသည်လည်း ပြဆိုပြီးသော

နည်း အပိုင်းသာလျှင်တည်း၊ တနည်းသော်ကား—ဩကာသ အားဖြင့် ပြည့်စုံ ... ရူပကဒုက်၌ ထောက်၍ ထောက်၍ ဒူရ သန္တိက ရုပ်အဖြစ်ကို သိအပ်၏။

၄၉၇။ “ထိုရုပ်အားလုံးကို တပေါင်းတည်းပြု၍ စုရုံး၍ ချုံး၍” ဟူသည်ကား—အတိတ် အစရှိသော ပုဒ်တို့ဖြင့် အသီး အသီး ညွှန်ပြအပ်သော အလုံးစုံ ရှိသမျှသော ရုပ်ကို ရုပ္ပနလက္ခဏာ ဟူသော တခုတည်းသော အဖြစ်၌ ပညာဖြင့်အစုပြု၍ ရူပက္ခန္ဓာဟုဆိုအပ်၏။

ဤကား “ပဒဘာဇနီ”ဖြစ်သော ဝါကျ၌ လိုရင်းအနက်သဘော တည်း၊ ဤဝါကျဖြင့် ရှိရှိသမျှ ရုပ်အားလုံးသည် ဖောက်ပြန်သော လက္ခဏာ၌ အပုံ၏ အဖြစ်သို့ရောက်ခြင်းကြောင့် ရူပက္ခန္ဓာမည်၏ ဟု ပြအပ်သည် ဟူလို၊ ထိုစကား မှန်၏၊ ရုပ်မှ တပါးသော ရူပက္ခန္ဓာမည်သည် မရှိ။

၄၉၈။ ရုပ်ကို ရုပ္ပနလက္ခဏာဖြင့်ပြသကဲ့သို့ ဝေဒနာစသည်တို့ ကိုလည်း ဝေဒယိတ လက္ခဏာစသည်တို့၌ အစု၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ဝေဒနာက္ခန္ဓာစသည်တို့ မည်ကုန်၏ဟု ပြအပ်ကုန်၏။

ထိုစကား မှန်၏၊ ဝေဒနာ စသည်တို့မှ တပါးကုန်သော ဝေဒနာက္ခန္ဓာ စသည် မည်ကုန်သော ခန္ဓာတို့ မရှိကုန်၊ အထူး ကား—ဤဝေဒနာက္ခန္ဓနိဒ္ဒေသ၌ အတိတ်စသည်ကို ဝေဘန်ရာဝယ် ရှေး-နောက်အစဉ်၏ အစွမ်းအားဖြင့်၎င်း, ခဏကိစ္စ၏ အစွမ်း အားဖြင့်၎င်း ဝေဒနာ၏ အတိတ် အနာဂတ် ပစ္စုပ္ပန်အဖြစ်ကို သိအပ်၏။

ထို သန္တတိ ခဏစသည်တို့တွင် ရှေး-နောက်အစဉ်၏ အစွမ်း အားဖြင့် တခုသော ပဉ္စဒွါရ ဝီထိ, တခုသော မနောဒွါရဝီထိ, တကြိမ်သော သမာပတ်၌ အကြုံးဝင်သော ဝေဒနာသည်၎င်း, ဘုရား စသော အဆင်းတော် တရားသံ စသော အာရုံ တခု၌ သဒ္ဓါစသည်နှင့်တကွယှဉ်၍ဖြစ်သော ဝေဒနာသည်၎င်း ပစ္စုပ္ပန်

မည်၏၊ ထိုပစ္စုပ္ပန်မှ ရှေး၌ အတိတ်မည်၏၊ နောက်၌ အနာဂတ် မည်၏။

ခဏစသည်တို့၏ အစွမ်းအားဖြင့် ခဏသုံးပါး၌ အကြုံးဝင် သည်လည်း ဖြစ်သော ခဏတွယ်၏ ရှေ့အဘို့, နောက်အဘို့ အတိတ် အနာဂတ်၏ အလယ်၌မူလည်းဖြစ်သော မိမိ ကိစ္စကို ပြုဆဲလည်းဖြစ်သော ဝေဒနာသည် ပစ္စုပ္ပန်မည်၏၊ ထိုပစ္စုပ္ပန်မှ ရှေး၌ အတိတ်မည်၏၊ နောက်၌ အနာဂတ်မည်၏၊ အဇ္ဈတ္တဗဟိဒ္ဓ အပြားကို နိယက အဇ္ဈတ္တ၏အစွမ်းဖြင့် သိအပ်၏။

၄၉၉။ ဩဠာရိက သုခုမအပြားကို ''အကုသိုလ် ဝေဒနာသည် ရုန့်ရင်း၏၊ ကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာသည် သိမ်မွေ့၏''ဤသို့စသောနည်းဖြင့် ဝိဘင်း၌ ဟောတော် မူအပ်သော ဇာတိ,သဘာဝ,ပုဂ္ဂိုလ်,လောကီ, လော ကုတ္တရာ၏ အစွမ်းအားဖြင့် သိအပ်၏။

ရှေးဦးစွာ ဇာတိ အစွမ်းအားဖြင့် အကုသိုလ် ဝေဒနာသည် ကဲ့ရဲ့အပ်သောအဖြစ် အမူအရာ၏ အကြောင်း၏ အဖြစ်ကြောင့် ၎င်း, ကိလေသာဟူသော မီးဖြင့် ပူလောင်ခြင်းရှိသည်၏ အဖြစ် ကြောင့်၎င်း အပူမငြိမ်းသော ဖြစ်ခြင်းရှိ၏၊ထို့ကြောင့်ကိလေသာ မီး ပူပန်ခြင်း ငြိမ်းအေးသောသဘောရှိသည့် ကုသိုလ် ဝေဒနာ အောက် ရုန့်ရင်း၏၊ ကြောင့်ကြ ဗျာပါဒနှင့် တကွ ဖြစ်သော ကြောင့်၎င်း, ဝိပါက်ကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သော သတ္တိနှင့် တကွ ဖြစ်သောကြောင့်၎င်း, ဝိပါက် ထင်ရှား ရှိသည်၏ အဖြစ် ကြောင့်၎င်း, ကိလေသာမီးဖြင့် ပူလောင်ခြင်းရှိသောကြောင့်၎င်း, ကဲ့ရဲ့အပ်သော အပြစ်နှင့် တကွ ဖြစ်သောကြောင့်၎င်း, ဝိပါက် အဗျာကတ ဝေဒနာအောက် ရုန့်ရင်း၏၊ ဝိပါက်ကို ဖြစ်စေတတ် သောကြောင့်၎င်း, ကိလေသာမီးဖြင့် ပူလောင်ခြင်း ရှိသော ကြောင့်၎င်း, ကိလေသာ ဒုက္ခဖြင့် ဒုက္ခမကင်းသောကြောင့်၎င်း, ကဲ့ရဲ့အပ်သည့် အပြစ်နှင့် တကွ ဖြစ်သောကြောင့်၎င်း ကြိယာ အဗျာကတ ဝေဒနာအောက် ရုန့်ရင်း၏။

ကုသိုလ်ဝေဒနာ,အဗျာကတ ဝေဒနာတို့သည် ပြဆိုပြီးသော စကားမှ ပြန်လှန်သောအားဖြင့် အကုသိုလ်ဝေဒနာထက် သိမ်မွေ့၏၊ ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာ နှစ်ပါးတို့သည်လည်း ကြောင့်ကြ ဗျာပါဒနှင့်တကွ ဖြစ်သောကြောင့်ရင်း, ဝိပါက်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သောသတ္တိနှင့်တကွဖြစ်သောကြောင့်ရင်း, ဝိပါက် ထင်ရှား ရှိသည်၏ အဖြစ်ကြောင့်ရင်း, ယှဉ်သင့်သည် အားလျော်စွာ ဝိပါက် အဗျာကတ, နှစ်ပါးအောက် ရုန့်ရင်းကုန်၏၊ ဤမှ ပြန်သောအားဖြင့် 'ဤဝိပါက် အဗျာကတ, ကြိယာ အဗျာကတနှစ်ပါးတို့သည် ထိုကုသိုလ်ဝေဒနာအကုသိုလ်ဝေဒနာ နှစ်ပါးတို့ထက် သိမ်မွေ့ကုန်၏၊ ဤသို့ ရှေးဦးစွာ ဇာတိအစွမ်း အားဖြင့် ဩဠာရိက သုခုမအဖြစ်ကို သိအပ်၏။

၅၀၀။ သဘောလက္ခဏာ၏ အစွမ်းအားဖြင့် ဒုက္ခဝေဒနာသည် သာယာအပ်သော သဘောမရှိသည်၏ အဖြစ်ကြောင့်ရင်း, မငြိမ်မသက် တုန်လှုပ်ခြင်းရှိသောကြောင့်ရင်း, ချောက်ချားခြင်းကိုပြုတတ်သောကြောင့်ရင်း, ထိတ်လန့်ဘွယ် ရှိသောကြောင့်ရင်း, နှိပ်စက် လွှမ်းမိုးတတ်သောကြောင့်ရင်း, သုခဝေဒနာ, ဥပေက္ခာ ဝေဒနာတို့ထက် ရုန့်ရင်း၏၊ သုခဝေဒနာ, ဥပေက္ခာ ဝေဒနာတို့သည် သာယာအပ်သည်၏ အဖြစ်ကြောင့်ရင်း, ငြိမ်သက်သောကြောင့်ရင်း, မွန်မြတ်သောကြောင့်ရင်း, နှလုံးကို ပွါးစေတတ်သောကြောင့်ရင်း, လျစ်လျူ ရှုတတ်သောကြောင့်ရင်း ယှဉ်သင့်သည်အားလျော်စွာ ဒုက္ခ ဝေဒနာထက် သိမ်မွေ့ကုန်၏။

သုခဝေဒနာ, ဒုက္ခဝေဒနာတို့သည် တုန်လှုပ်ခြင်း ရှိသောကြောင့်ရင်း, ချောက်ချား ခြင်းကို ပြုတတ်သောကြောင့်ရင်း, ထင်ရှားသောကြောင့်ရင်းအဒုက္ခမသုခဝေဒနာထက် ရုန့်ရင်းကုန်၏၊ ထိုအဒုက္ခမသုခဝေဒနာသည် ဆိုပြီးသည်မှပြန်သောအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာတို့ထက် သိမ်မွေ့၏၊ ဤသို့ သဘော လက္ခဏာ၏အစွမ်းအားဖြင့် ဩဠာရိကသုခုမအဖြစ်ကို သိအပ်၏။

၅၀၁။ ပုဂ္ဂိုလ်၏အစွမ်းအားဖြင့်ကား သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် အာရုံအထူးထူး၌ ပျံ့လွင့်သည်၏အဖြစ်ကြောင့် သမာပတ် ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာထက် ရုန့်ရင်း၏၊ ဆိုပြီးသည်မှ ပြန်သော အားဖြင့် သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ဝေဒနာသည် သိမ်မွေ့၏၊ ဤသို့ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဩဠာရိက သုခုမအဖြစ်ကို သိအပ်၏။

လောကီ လောကုတ္တရာ၏ အစွမ်းအားဖြင့်လည်း အာသဝေါ၏ အာရုံဖြစ်သော ဝေဒနာသည် လောကီဝေဒနာမည်၏၊ ထိုလောကီဝေဒနာသည် အာသဝေါဖြစ်ခြင်း အကြောင်း၏ အဖြစ်ကြောင့်၎င်း, ဩဃလေးပါးတို့သည် အာရုံပြု၍ လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်၎င်း, ယောဂလေးပါးတို့သည် အာရုံပြု၍ လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်၎င်း, အာရုံ၏အဖြစ်ဖြင့် ဖြစ်တတ်သည်ဖြစ်၍ ဂန္ထတရား၏ အစီးအပွါး ဖြစ်သောကြောင့်၎င်း, နီဝရဏတရားတို့သည် အာရုံ ပြုသောအားဖြင့် မြေးယှက် ပိတ်ဖုံးအပ်သည်၏အဖြစ်ကြောင့်၎င်း, ဥပါဒါန်တရားတို့၏ အစီးအပွါး၏ အဖြစ်ကြောင့်၎င်း, ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါ ထိုက်သည်၏ အဖြစ်ကြောင့်၎င်း, ပုထုဇဉ် ပုဂ္ဂိုလ်တို့အားဆက်ဆံသည်၏အဖြစ်ကြောင့်၎င်းအနာသဝဝေဒနာထက် ရုန့်ရင်း၏၊ ထိုအနာသဝဝေဒနာသည် ဆိုပြီးသည်မှ ပြန်သော အားဖြင့် အာသဝ ဝေဒနာထက် သိမ်မွေ့၏၊ ဤသို့ လောကီ လောကုတ္တရာ၏ အစွမ်းအားဖြင့် ဩဠာရိက သုခုမ အဖြစ်ကို သိအပ်၏။

၅၀၂။ ယခင်က ပြဆိုခဲ့ပြီးသော ဩဠာရိက သုခုမအဖြစ်၌ ဇာတိစသည်တို့၏အစွမ်းဖြင့် ရောယှက်ခြင်းကို ဖြေရှင်းအပ်၏၊ထင်ရှားစေအံ့–အကုသလဝိပါက်ကာယဝိညာဉ်နှင့်ယှဉ်သောဝေဒနာသည် အဗျာကတ၏အဖြစ်ကြောင့် ဇာတိအစွမ်းဖြင့် သိမ်မွေ့သော်လည်း သဘာဝ,ပုဂ္ဂလ, လောကီတို့၏ အစွမ်းအားဖြင့် ရုန့်ရင်း၏။

"အဗျာကတာ ဝေဒနာ သုခုမာ၊ ဒုက္ခာ ဝေဒနာ ဩဠာရိကာ၊ သမာပန္နဿ ဝေဒနာ သုခုမာ၊ အသမာပန္နဿ ဝေဒနာ ဩဠာရိကာ၊ အနာသဝါ ဝေဒနာ သုခုမာ၊ သာသဝါ ဝေဒနာ ဩဠာရိကာ"။

"အဗျာကတဝေဒနာသည် သိမ်မွေ့၏၊ ဒုက္ခဝေဒနာသည် ရုန့်ရင်း၏၊သမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ ဝေဒနာသည် သိမ်မွေ့၏၊ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် ရုန့်ရင်း၏၊အနာသဝဝေဒနာသည် သိမ်မွေ့၏၊သာသဝဝေဒနာသည် ရုန့်ရင်း၏"။

ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်၏။

ဒုက္ခ ဝေဒနာသည် ဇာတိ အစွမ်းဖြင့် သိမ်မွေ့သော်လည်း သဘော လက္ခဏာစသည်တို့၏ အစွမ်းအားဖြင့် ရုန့်ရင်းသကဲ့သို့ ဤအတူ သုခစသော ဝေဒနာတို့သည်လည်း ဇာတိ အစွမ်းဖြင့် ရုန့်ရင်းကုန်သော်လည်း သဘော လက္ခဏာ စသည်တို့၏ အစွမ်းဖြင့် သိမ်မွေ့ကုန်၏၊ ထို့ကြောင့် ဇာတိ စသည်တို့၏ အစွမ်းအားဖြင့် ရောယှက်ခြင်း အခြင်းအရာ မဖြစ်၊ထိုမရောမယှက်သော အခြင်းအရာအားဖြင့် ဝေဒနာတို့၏ ဩဠာရိက သုခုမ အဖြစ်ကို သိအပ်ကုန်၏။

ဤမရောမယှက်သော အခြင်းအရာဟူသည် အဘယ်နည်း၊ အဗျာကတ ဝေဒနာသည် ဇာတိအစွမ်းဖြင့် ကုသိုလ် ဝေဒနာ, အကုသိုလ်ဝေဒနာတို့ထက် သိမ်မွေ့၏၊ ထိုစကား၌ အဘယ် အဗျာကတ ဝေဒနာနည်း၊ ဒုက္ခဝေဒနာလော၊ သုခဝေဒနာလော၊သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ဝေဒနာလော၊သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာလော၊ သာသဝဝေဒနာလော၊ အနာသဝဝေဒနာလော၊ ဤသို့ အဗျာကတဝေဒနာ၏ သဘော လက္ခဏာစသည် အပြားကို မသုံးသပ်အပ်၊ ကုသိုလ်အကြောင်း, အကုသိုလ်အကြောင်း စသော အလုံးစုံတို့၌လည်း ဤနည်းကိုသာ သိအပ်၏။

တနည်းတုံ–"ထိုထို ဝေဒနာကို ထောက်၍ထောက်၍ ဝေဒနာကို ခြဲခွာရိက သုခမဟု မှတ်အပ်၏"ဤသို့ ဘုရား ဟောတော်မူသောကြောင့် အကုသိုလ် ဝေဒနာစသည့်တို့တွင်လည်း လောဘသဟဂုတ်ဝေဒနာထက် ဒေါသသဟဂုတ် ဝေဒနာသည် မိမိ၏ မှီရာ ဟဒယဝတ္ထုကို မီးကဲ့သို့လောင်တတ်သောကြောင့် ရုန့်ရင်း၏၊ လောဘသဟဂုတ်ဝေဒနာသည် ဒေါသသဟဂုတ်ဝေဒနာထက် သိမ်မွေ့၏၊ ဒေါသသဟဂုတ်ဝေဒနာသည်လည်း နိယတမိစ္ဆာဒိဋ္ဌိဝေဒနာထက် ရုန့်ရင်း၏၊အနိယတ မိစ္ဆာဒိဋ္ဌိဝေဒနာသည် သိမ်မွေ့၏၊ အနန္တရိယကံ အဖြစ်သို့ ရောက်သော မိစ္ဆတ္တနိယတဝေဒနာသည်လည်း တကမ္ဘာပတ်လုံး ငရဲ၌ တည်ကောင်းသောအကျိုးရှိသည့်ဝေဒနာသည် ရုန့်ရင်း၏၊ ကပ္ပဋ္ဌိတိကမဟုတ်သောဝေဒနာသည် သိမ်မွေ့၏၊ကပ္ပဋ္ဌိတိကဝေဒနာတို့တွင်လည်း အသင်္ခါရိကဝေဒနာသည် ရုန့်ရင်း၏၊သသင်္ခါရိကဝေဒနာသည် သိမ်မွေ့၏။

ထိုမှတပါး လောဘသဟဂုတ် ဝေဒနာသည် ဒိဋ္ဌိဂုတ သမ္ပယုတ်ဖြစ်မှု ရုန့်ရင်း၏၊ ဒိဋ္ဌိဂုတ ဝိပ္ပယုတ်ဖြစ်မှု သိမ်မွေ့၏၊ ထိုဒိဋ္ဌိဂုတ သမ္ပယုတ်ဝေဒနာသည်လည်း နိယတမိစ္ဆာဒိဋ္ဌိဖြစ်မှု ရုန့်ရင်း၏၊ အနိယတမိစ္ဆာဒိဋ္ဌိဖြစ်မှု သိမ်မွေ့၏၊ နိယတမိစ္ဆာဒိဋ္ဌိ ဝေဒနာသည်လည်း ကပ္ပဋ္ဌိတိက ဝေဒနာသည် ရုန့်ရင်း၏၊ ကပ္ပဋ္ဌိတိက မဟုတ်သော ဝေဒနာသည် သိမ်မွေ့၏၊ ကပ္ပဋ္ဌိတိက ဝေဒနာတို့တွင်လည်း အသင်္ခါရိက ဝေဒနာသည် ရုန့်ရင်း၏၊ သသင်္ခါရိက ဝေဒနာသည် သိမ်မွေ့၏၊ လောဘသဟဂုတ် ဒေါသသဟဂုတ် ဟု မခွဲမခြားဘဲ သာမညအားဖြင့် အကုသိုလ်ဝေဒနာသည် အပြစ်များမှု ရုန့်ရင်း၏၊ အပြစ်နည်းမှု သိမ်မွေ့၏၊ ကုသိုလ်ဝေဒနာသည်လည်း ကောင်းကျိုးနည်းမှု ရုန့်ရင်း၏၊ ကောင်းကျိုးများမှု သိမ်မွေ့၏။

တနည်းတုံ–ကာမာဝစရ ကုသိုလ် ဝေဒနာသည် ရုန့်ရင်း၏၊ ရူပါဝစရ ကုသိုလ် ဝေဒနာသည် သိမ်မွေ့၏၊ ထိုရူပါဝစရ ကုသိုလ်ထက် အရူပါဝစရကုသိုလ်ဝေဒနာသည် သိမ်မွေ့၏၊ ထို အရူပါ

ဝစရကုသိုလ်ဝေဒနာထက် လောကုတ္တရာကုသိုလ်ဝေဒနာသည် သိမ်မွေ့၏၊ ကာမာဝစရ ကုသိုလ် ဝေဒနာတွင်လည်း ဒါနမယ ကုသိုလ်ဝေဒနာထက် သီလမယကုသိုလ်ဝေဒနာသည် သိမ်မွေ့၏၊ ထိုသီလမယကုသိုလ်ဝေဒနာထက် ဘာဝနာမယကုသိုလ်ဝေဒနာ သည် သိမ်မွေ့၏၊ဘာဝနာမယကုသိုလ်ဝေဒနာသည်လည်း ဒွိဟိတ် ဖြစ်မူ ရုန့်ရင်း၏၊ တိဟိတ်ဖြစ်မူ သိမ်မွေ့၏၊ တိဟိတ်သည်လည်း သသင်္ခါရိက တိဟိတ် ဝေဒနာဖြစ်မူ ရုန့်ရင်း၏၊အသင်္ခါရိက တိဟိတ် ဝေဒနာဖြစ်မူ သိမ်မွေ့၏။

ထိုမှတပါး ရူပါဝစရ ပဌမဈာန် ကုသိုလ် ဝေဒနာသည် ရုန့်ရင်း၏၊....(လ)....ပဉ္စမဈာန် ကုသိုလ် ဝေဒနာသည် သိမ်မွေ့၏၊ အရူပါဝစရ ကုသိုလ်သည်လည်း အာကာသာနဉ္စာယတနဈာန် သည် ရုန့်ရင်း၏၊....(လ)....နေဝသညာနာသညာယတန ဈာန် သည် သိမ်မွေ့၏၊ လောကုတ္တရာ ကုသိုလ်သည်လည်း သောတာ- ပတ္တိမဂ်နှင့် ယှဉ်သော ဝေဒနာသည် ရုန့်ရင်း၏၊....(လ)....အရဟတ္တ မဂ်နှင့် ယှဉ်သော ဝေဒနာသည် သိမ်မွေ့သည်သာတည်း၊ ထိုထို ဘုံ၌ဖြစ်သော ဝိပါက်ဝေဒနာ, ကြိယာဝေဒနာတို့၌ရင်း၊ ဒုက္ခ စသည်, အသမာပန္န စသည်, သာသဝ စသည်တို့၏ အစွမ်း အားဖြင့် ဆိုအပ်ပြီးသော ဝေဒနာတို့၌ရင်း၊ ဤနည်းအတိုင်းသာ မှတ်အပ်၏။

ဩကာသလောက၏ အစွမ်းအားဖြင့်လည်း ငရဲ၌ဖြစ်သော ဒုက္ခဝေဒနာသည် ရုန့်ရင်း၏၊ တိရစ္ဆာန်ဘုံ၌ဖြစ်သော ဝေဒနာ သည် သိမ်မွေ့၏၊....(လ)....ပရနိမ္မိတ ဝသဝတ္တီဘုံ၌ဖြစ်သော ဒုက္ခ ဝေဒနာသည် သိမ်မွေ့သည်သာလျှင်တည်း၊ ဒုက္ခဝေဒနာကို ယှဉ် အပ်သကဲ့သို့ ထို့အတူ သုခဝေဒနာကိုလည်း အလုံးစုံဘုံသုံးပါး တို့၌ ယှဉ်သင့်သည်အားလျော်စွာ ယှဉ်အပ်ကုန်၏။

ဝတ္ထုအစွမ်းအားဖြင့်လည်း ယုတ်သော ဝတ္ထုကို အာရုံပြု၍ ဖြစ်သော အမှတ်မရှိသော ဝေဒနာသည် ရုန့်ရင်း၏၊ မြတ်သော ဝတ္ထုကို အာရုံပြု၍ဖြစ်သော အမှတ်မရှိသော ဝေဒနာသည်

သိမ်မွေ့၏၊ ဟီန ပဏီတ အပြား၌ ရှုန့်ရင်းသော ဝေဒနာသည် ယုတ်ညံ့၏၊ သိမ်မွေ့သော ဝေဒနာသည် မြတ်၏ဟု မှတ်အပ်၏။

၅၀၃။ "ဒူရ, သန္တိက အစွမ်းအားဖြင့်လည်း အကုသိုလ် ဝေဒနာသည် ကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာတို့မှ ဝေး၏၊ အကုသိုလ် ဝေဒနာသည် အကုသိုလ် ဝေဒနာနှင့် နီး၏" ဤသို့ အစရှိသောနည်းဖြင့် ဝိဘင်းပါဠိတော်၌ ဝေဘန်အပ်သောကြောင့် အကုသိုလ် ဝေဒနာသည် ဇာတိ စသောအားဖြင့် မတူသော အဘို့ရှိသောကြောင့်၎င်း, ဒုက္ခဝိပါကတာ စသောအားဖြင့် မတူသောကိစ္စရှိသဖြင့် မနီးနှောသောကြောင့်၎င်း, မတူသော သဘောလက္ခဏာရှိသောကြောင့်၎င်း ကုသိုလ်ဝေဒနာ အဗျာကတ ဝေဒနာတို့မှ ဝေး၏၊ ထို့အတူ ကုသိုလ် အဗျာကတ ဝေဒနာတို့သည် အကုသိုလ် ဝေဒနာမှ ဝေးကုန်၏၊ ဩဠာရိက သုခုမ အပြား၌ ပြဆိုပြီးသောနည်းကို မှီးသဖြင့် ခပ်သိမ်းသော ဝါရတို့၌လည်း ဤနည်းအတိုင်း သိအပ်၏၊ အကုသိုလ် ဝေဒနာသည် ဇာတိစသော အားဖြင့် တူသော အဘို့ရှိသောကြောင့်၎င်း, ဒုက္ခဝိပါကတာစသောအားဖြင့် သဘောလက္ခဏာ တူသောကြောင့်၎င်း အကုသိုလ်ဝေဒနာနှင့် နီး၏။

ဤသည်လျှင် ဝေဒနာက္ခန္ဓာ၏ **အတိတ်** စသောအဖြစ်ကို
ဝေဘန်ရာ၌ အကျယ်ဖွင့်ပြခြင်း ပြီး၏။

ထိုထို ဝေဒနာနှင့် ယှဉ်ကုန်သော သညာ စသည်တို့၏လည်း အတိတ် စသည်ကို ဝေဘန်ရာ၌ ဤ ဝိပ္ပာရစကားနည်းတူသာလျှင် သိအပ်၏။

---

## ဖြစ်ပုံအစဉ်စသည်ကို ပြခြင်း

၅၀၄။ ဤသို့ သိပြီး၍ တဖန် ထိုခန္ဓာငါးပါးတို့၌သာလျှင် အထူးထူး အပြားပြားသော ဉာဏ်၏ဖြစ်ခြင်းအကျိုးငှါ—

(၁) ဟောတော်မူသော အစဉ် "ဒေသနာက္ကမ" အားဖြင့်ရင်း၊

(၂) ခန္ဓာ, ဥပါဒါနက္ခန္ဓာတို့ကို အထူးဝေဘန်သောအားဖြင့်ရင်း၊

(၃) မယုတ်မလွန် ငါးပါးတိတိရှိသော အဖြစ်အားဖြင့်ရင်း၊

(၄) ဥပမာအားဖြင့်ရင်း၊

(၅) နှစ်ပါးသော အခြင်းအရာတို့ကို ပညာမျက်စိဖြင့် ရှုကြည့်အပ်သော အဖြစ်အားဖြင့်ရင်း၊

ဤသို့ အကျဉ်းအကျယ်အားဖြင့် ရှုသောပုဂ္ဂိုလ်အား လိုအပ်သော အကျိုးပြီးစီးစေနိုင်သော အဆုံးအဖြတ်နည်းကို ပညာရှိသည် ကောင်းစွာ သိအပ်၏။

ထိုဂါထာတို့၌ **"ဟောတော်မူသော အစဉ် ဒေသနာက္ကမအားဖြင့်"** ဟူသည်ကား—အစဉ်သည်-(က) ဖြစ်စဉ်၊ (ခ) ပယ်စဉ်၊ (ဂ) ကျင့်စဉ်၊ (ဃ) ဘုံစဉ်၊ (င) ဒေသနာအစဉ်စသည်ဖြင့် များစွာရှိ၏၊ ထိုတွင်—

(က) "ပဌမံ ကလလံ ဟောတိ, ကလလာ ဟောတိ အဗ္ဗုဒံ" "ရှေးဦးစွာ ကလလရေကြည် ဖြစ်၏၊ ကလလရေကြည် ဖြစ်ပြီးမှ အမြှုပ်သည် ဖြစ်၏" ဤသို့ အစရှိသော အစဉ်သည် "ဥပ္ပတ္တိက္ကမ = ဖြစ်စဉ်" မည်၏။

(ခ) "ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ"။ "သောတာပတ္တိ မဂ်သည် ပယ်အပ်သော တရား, အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သော တရား" ဤသို့ အစရှိသော အစဉ်သည် "ပဟာနက္ကမ = ပယ်စဉ်" မည်၏။

(ဂ) "သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ" "အကျင့်သီလ၏ စင်ကြယ်ခြင်း, စိတ်၏ စင်ကြယ်ခြင်း" ဤသို့ အစရှိသော အစဉ်သည် "ပဋိပတ္တိက္ကမ = ကျင့်စဉ်" မည်၏။

(ဃ) "ကာမာဝစရာ, ရူပါဝစရာ" "ကာမာဝစရဘုံ, ရူပါ-စဝရဘုံ" ဤသို့ အစရှိသော အစဉ်သည် "ဘူမိက္ကမ = ဘုံစဉ်" မည်၏။

(င) "စတ္တာရော သတိပဋ္ဌာနာ, စတ္တာရော သမ္မပ္ပဓာနာ" ဟူ၍၎င်း, "ဒါနကထံ, သီလကထံ" ဟူ၍၎င်း ဤသို့ အစရှိသော အစဉ်သည် "ဒေသနာက္ကမ = ဒေသနာ အစဉ်" မည်၏။

(က) ထို အစဉ်တို့တွင် ဤအရာ၌ ဥပ္ပတ္တိက္ကမသည် မသင့်၊ အဘယ့်ကြောင့်နည်း၊ ကလလ ရေကြည် စသည်တို့ ကဲ့သို့ ခန္ဓာတို့၏ ရှေ့-နောက် ဖြစ်စဉ်ကို မှတ်ခြင်း အားဖြင့် မဖြစ်ခြင်းကြောင့်တည်း။

(ခ) ပဟာနက္ကမသည်လည်း မသင့်၊ ကုသိုလ် အဗျာကတ တို့၏ မပယ်အပ်သည်၏ အဖြစ်ကြောင့်တည်း။

(ဂ) ပဋိပတ္တိက္ကမ သည်လည်း မသင့်၊ အကုသိုလ်တို့ကို မဆောက်တည်အပ် မကျင့်အပ်သည်၏ အဖြစ်ကြောင့် တည်း။

(ဃ) ဘူမိက္ကမသည်လည်း မသင့်၊ ဝေဒနာ စသည်တို့သည် ဘုံလေးပါး၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်တည်း။

(င) ဒေသနာက္ကမသည်သာလျှင် သင့်၏၊ ထင်ရှားစေ အံ့၊ ရုပ် စသည်တို့၏ ခွဲခြားဝေဘန်ခြင်းကို မပြုမူ၍ တပေါင်းတည်းယူသဖြင့် ခန္ဓာငါးပါးတို့၌ ကိုယ်ဟု စွဲလမ်းတတ်သည့် ဒိဋ္ဌေသဿ၌ ကျသော သတ္တဝါ အပေါင်းကို ရုပ်မှ နာမ်ကို တသီးတခြား ဝေဘန်လျက် နာမ်အပေါင်း၌ တခဲတလုံးတည်း ဝေဘန်၍ ပြသဖြင့် ကိုယ်ဟု စွဲလမ်းခြင်းမှ လွတ်စေလိုသော မြတ်စွာ ဘုရားသည် သတ္တဝါတို့၏ အကျိုးစီးပွါးကို အလိုရှိသည် ဖြစ်၍ ယူလွယ် မှတ်လွယ်စေခြင်း အကျိုးငှါ စကျူ

စသော ပဋိဃနှေးတို့၏လည်း အာရုံဖြစ်၍ ဖြစ်သော ရုန့်ရင်းသော ရူပက္ခန္ဓာကို ရှေးတည် လက်ဦး ဟောတော်မူ၏။

ထိုနောင်မှ ဇုဋ္ဌရုပ် အနိဋ္ဌရုပ်ကို ခံစားတတ်သော ဝေဒနာကို ဟောတော်မူ၏၊ အကြင် အာရုံကို ခံစား၏၊ ထို အာရုံကို အမှတ်ပြု၍ သိ၏၊ ဤသို့ ယခင် ဆိုပြီးသောနည်းဖြင့် ဝေဒနာအာရုံ၏ အခြင်းအရာကို ယူတတ်သော သညာက္ခန္ဓာကို ဟောတော်မူ၏၊ သညာ၏ အစွမ်းအားဖြင့် ပြုပြင် စီရင်တတ်ကုန်သော သင်္ခါရတို့ကို ဟောတော်မူ၏၊ ထို ဝေဒနာစသည်တို့၏ နိဿယပစ္စည်းဖြစ်သော ထို ဝေဒနာ စသည်တို့၏ အကြီးအမှူး ဖြစ်၍လည်း ဖြစ်သော ဝိညာဏက္ခန္ဓာကို ဟောတော်မူ၏၊ ဤသို့ အစဉ်အားဖြင့် ဆုံးဖြတ်နည်းကို သိအပ်၏။

၅၀၅။ **"အထူးဝေဘန်သောအားဖြင့်"** ဟူသည်ကား ခန္ဓာတို့၏ငှင်း, ဥပါဒါနက္ခန္ဓာတို့၏ငှင်း အထူးအားဖြင့် ဟုဆိုလိုသည်၊ ထို ခန္ဓာ, ဥပါဒါနက္ခန္ဓာ တို့၏ အထူးသည် အဘယ်နည်း၊ ခန္ဓာတို့ကို သာသဝ, ဥပါဒါနိယဟု အထူးမပြုဘဲ သာမညအားဖြင့် ရှေးဦးစွာ ဆိုအပ်ကုန်၏၊ ဥပါဒါနက္ခန္ဓာတို့ကို သာသဝ, ဥပါဒါနိယ ဟူသော အာသဝေါ တရားတို့၏ အာရုအဖြစ်ဖြင့်ငှင်း, ဥပါဒါန်တရားတို့၏ အာရုံအဖြစ်ဖြင့်ငှင်း အထူးပြု၍ ဆိုအပ်ကုန်၏။

"ပဉ္စ စေဝ ဝေါ ဘိက္ခဝေ ခန္ဓေ ဒေသေဿာမိ....(လ)....ပဉ္စုပါဒါနက္ခန္ဓာ" ဟူ၍ ဟောတော်မူ၏။

### အဓိပ္ပါယ်ကား

အိုရဟန်းတို့, ငါးပါးသော ခန္ဓာတို့ကိုငှင်း, ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုငှင်း သင်တို့အား ဟောပေအံ့၊ ထို ဒေသနာကို ကောင်းစွာ နာကြကုန်၊ ခန္ဓာငါးပါးတို့သည် အဘယ်နည်း ဟူမူကား၊ အကြင် အမှတ်မရှိ အလုံးစုံသော

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော....(လ)....သန္တိက ရုပ်လည်းဖြစ်သော ရုပ်သည် ရှိ၏၊ ဤဖောက်ပြန်ခြင်း ရုပ္ပန လက္ခဏာရှိသော သဘောတရား အားလုံးကို ရူပက္ခန္ဓာ ဟူ၍ ဆိုအပ်၏၊အကြင် အမှတ်မရှိ အလုံးစုံသော ဝေဒနာသည် ရှိ၏ ··(လ)··· အနီးမှုလည်း ဖြစ်သော ဝိညာဉ်သည် ရှိ၏၊ ဤဝိဇာနန လက္ခဏာရှိသော ဝိညာဉ် ဟူသမျှ အားလုံးကို ဝိညာဏက္ခန္ဓာ ဟူ၍ ဆိုအပ်၏၊ အို ရဟန်းတို့, ဤတရား ငါးပါးတို့ကို ခန္ဓာ ငါးပါးတို့ဟူ၍ ဆိုအပ်ကုန်၏။

အို ရဟန်းတို့, ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် အဘယ် နည်းဟူမူကား အကြင် အမှတ်မရှိ အလုံးစုံသော ရုပ်သည် ရှိ၏....(လ)....အနီးဖြစ်သော အာသဝေါ တရားတို့၏ အာရုံဖြစ်သော ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏၊ ဤ အာသဝ ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ်ကို ရူပုပါဒါနက္ခန္ဓာ ဟူ၍ ဆိုအပ်၏၊ အမှတ်မရှိ အလုံး စုံသော ဝေဒနာသည် ရှိ၏....(လ)....အမှတ်မရှိ အလုံး စုံသော....(လ)....အနီးလည်းဖြစ်သော အာသဝေါ တရား တို့၏ အာရုံဖြစ်သော ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော ဝိညာဉ်သည် ရှိ၏၊ ဤ ဝိညာဉ်ဟူသမျှ အားလုံးကို ဝိညာဏုပါဒါနက္ခန္ဓာ ဟူ၍ ဆိုအပ်၏၊ အို ရဟန်းတို့, ဤ အာသဝ ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို ပဉ္စုပါဒါနက္ခန္ဓာ ဟူ၍ ဆိုအပ်ကုန်၏။

ဤပါဠိတော်၌လည်း အာသဝေါ တရားတို့၏ အာရုံ မဟုတ် သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် ရှိသကဲ့သို့ အာသဝေါ၏ အာရုံမဟုတ်သော ရုပ် မရှိ၊ ထိုသို့ မရှိသော်လည်း ထိုရုပ်၏ အစုဟူသော အနက်အားဖြင့် ခန္ဓာ၏ အဖြစ်သည် သင့်၏၊ ထို့ကြောင့် ရုပ်ကို ခန္ဓာတို့၌ ဆိုအပ်၏၊ အစုအားဖြင့် ၎င်း,အာသဝေါ၏ အာရုံ ဟူသောအနက်အားဖြင့်၎င်း ထိုရုပ်၏

ဥပါဒါနက္ခန္ဓာ၏ အဖြစ်သည် သင့်၏၊ ထို့ကြောင့် ထိုရုပ်ကို ဥပါဒါနက္ခန္ဓာတို့၌ ဆိုအပ်၏၊ သို့မဟုတ် အာသဝေါ၏ အာရုံ မဟုတ်သော ဝေဒနာ စသည်တို့ကို ခန္ဓာတို့၌သာလျှင် ဆိုအပ် ကုန်၏၊ အာသဝေါ၏ အာရုံဖြစ်သော ဝေဒနာစသည်တို့ကို ဥပါဒါနက္ခန္ဓာတို့၌ ဆိုအပ်ကုန်၏၊ ဥပါဒါနက္ခန္ဓာဟူသော ဤ ပုဒ်၌ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့ဟူသော အနက်ကို မှတ်အပ်၏၊ ဤဝိသုဒ္ဓိမဂ်ကျမ်း၌ အကြွင်းအကျန်မရှိ အလုံးစုံသော ထိုခန္ဓာ ဥပါဒါနက္ခန္ဓာတို့ကို တပေါင်းတည်းပြု၍ ခန္ဓာဟူ၍ အလိုရှိအပ်ကုန်၏။

၅၀၆။ **"မယုတ်မလွန် ငါးပါးတိတိ ရှိသော အဖြစ်အားဖြင့်"** ဆိုရာ၌ ငါးပါးအောက် မယုတ်၊ ငါးပါးထက် မလွန်ဘဲ ငါးပါးတိတိသာ ဖြစ်ကုန်သော ခန္ဓာတို့ကို မြတ်စွာ ဘုရားသည် အဘယ့်ကြောင့် ဟောတော်မူကုန်သနည်း၊ အလုံးစုံသော သင်္ခတတရားတို့ကို တူသောအဘို့အား ဖြင့် ပေါင်းစု၍ ယူခြင်းကြောင့်၎င်း, ငါ့ကိုယ် ငါ့ဉစ္စာဟု စွဲလမ်းခြင်း အကြောင်း၏ ထိုငါးပါးသော အတိုင်း အရှည် ရှိသည်၏ အဖြစ်ကြောင်း၎င်း, တပါးကုန်သော သီလက္ခန္ဓ, သမာဓိက္ခန္ဓ စသည်တို့၏ ထိုခန္ဓာငါးပါး တို့၌သာ ဝင်သည်၏ အဖြစ်ကြောင့်၎င်း ခန္ဓာငါးပါး တိတိကိုသာလျှင် ဟောတော်မူအပ်ကုန်၏။

ဤဉီးအံ့၊ များသော အပြားရှိကုန်သော သင်္ခတတရားတို့ကို ရုပ္ပနလက္ခဏာ စသော တူသောအဘို့၏အစွမ်းအားဖြင့် ပေါင်း၍ ယူအပ်ကုန်သည်ရှိသော် ရုပ္ပနလက္ခဏာရှိသော သဘောတရား သည် ရုပ္ပနလက္ခဏာဟူသော တူသောအဘို့အားဖြင့် ပေါင်းစု၍ ယူခြင်း၏အစွမ်းအားဖြင့် တခုသောခန္ဓာသည် ဖြစ်၏၊ အာရုံကို ခံစားခြင်းလက္ခဏာရှိသော သဘောတရားသည် ဝေဒယိတ လက္ခဏာဟူသော တူသောအဘို့အားဖြင့် ပေါင်းစု၍ ယူခြင်း၏ အစွမ်းအားဖြင့် ခန္ဓာတခုဖြစ်၏၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့၌

လည်း ဤနည်း အတိုင်းမှတ်အပ်၏၊ ခပ်သိမ်းသော သင်္ခတတရား တို့ကို သဘောလက္ခဏာ တူရာပေါင်းစု၍ ယူအပ်သောကြောင့် ခန္ဓာငါးပါးတိတိတို့ကိုသာလျှင် ဟောတော်မူအပ်ကုန်၏။

ထိုမှတပါး ငါ့ကိုယ် ငါ့ဥစ္စာဟု စွဲလမ်းခြင်း အကြောင်း ဖြစ်သော ရုပ်စသော တရားငါးပါးအပေါင်းသည် ဤရွေ့ဤမျှ ငါးပါး တိတိ အတိုင်းအရှည်ရှိ၏၊ "ရူပေ ခေါ ဘိက္ခဝေ သတိ ရူပ ဥပါဒါယ ရူပ....(လ)....ဧသော မေ အတ္တာ"ဟူ၍ မြတ်စွာ ဘုရား ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား**

"အိုရဟန်းတို့, စင်စစ်ရုပ်ရှိသော် ရုပ်ကိုပင် မှားသောအားဖြင့် နှလုံးသွင်း၍ "ဤရုပ်သည် ငါ့ဥစ္စာတည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏အတ္တတည်း"ဟု ဤသို့ အယူမှား၏၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌ ဤနည်း သိလေ၊ ဝိညာဉ်ရှိသော် ဝိညာဉ်ကို စွဲ၍ ဝိညာဉ်ကိုပင် မှားသောအားဖြင့် နှလုံးသွင်း၍ "ဤဝိညာဉ် သည် ငါ့ဥစ္စာတည်း၊ ဤဝိညာဉ်သည် ငါဖြစ်၏၊ ဤဝိညာဉ်သည် ငါ၏ အတ္တတည်း"ဟု ဤသို့ အယူမှား၏။

ငါ့ကိုယ် ငါ့ဥစ္စာဟု စွဲလမ်းခြင်း အကြောင်း၏ ထိုငါးပါး သော အတိုင်းအရှည်ရှိသည်၏ အဖြစ်ကြောင့်လည်း ငါးပါးတိတိ တို့ကိုသာလျှင် ဟောအပ်ကုန်၏၊ ထိုမှတပါး အခြားသော သီလက္ခန္ဓ စသော ငါးပါးစု တရားတို့ကို ဟောအပ်ကုန်၏၊ ထိုသီလက္ခန္ဓ စသော ငါးပါးစု တရားတို့သည်လည်း သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် ဤခန္ဓာငါးပါး အတွင်း၌ သာလျှင် ဝင်ခြင်းသို့ ရောက်ကုန်၏၊ အခြားတပါးသောသီလက္ခန္ဓ စသော ငါးပါးစု တရားတို့၏ ထို ခန္ဓာ ငါးပါးတို့၌သာ အကျုံးဝင် သောကြောင့်လည်း ခန္ဓာငါးပါး တိတိကိုသာလျှင် ဟောတော် မူအပ်ကုန်၏၊ ဤသို့ ငါးပါးအောက် မယုတ်၊ ငါးပါးထက်မပို မလွန်သောအားဖြင့် ဆုံးဖြတ်နည်းကို သိအပ်၏။

၅၀၇။ **"ဥပမာအားဖြင့်"**ဟူသည်ကား–ရူပက္ခန္ဓာသည် သူနာစရပ်နှင့်တူ၏၊ ဝါ-ဆေးရုံကြီးနှင့်တူ၏၊ အဘယ့်ကြောင့်နည်း၊ သူနာနှင့်တူသော ဝိညာဏုပါဒါနက္ခန္ဓာ၏ မှီရာတည်ရာ အာရုံတို့၏အစွမ်းအားဖြင့် နေရာဌာန၏အဖြစ်ကြောင့်တည်း၊ ဝေဒနုပါဒါနက္ခန္ဓာသည် အနာရောဂါနှင့်တူ၏၊ အဘယ့်ကြောင့်နည်း၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ အဖြစ်၏အစွမ်းဖြင့် နှိပ်စက် ညှဉ်းဆဲတတ်သော ကြောင့်တည်း၊ သညုပါဒါနက္ခန္ဓာ သည် သလိပ် သည်းခြေ လေစသော အနာရောဂါဖြစ်ခြင်း၏ အကြောင်းနှင့် တူ၏၊ အဘယ့်ကြောင့်နည်း၊ ကာမသညာ စသည်တို့၏ အစွမ်းအားဖြင့် ရာဂစသည်တို့နှင့်ယှဉ်သောဝေဒနာ ဖြစ်သင့်သောကြောင့်တည်း။

သင်္ခါရုပါဒါနက္ခန္ဓာသည် မသင့်တင့် မလျောက်ပတ်သော ဥတုဘောဇဉ်စသည်ကို မှီဝဲသည်နှင့်တူ၏၊ အဘယ့်ကြောင့်နည်း၊ ဝေဒနာဟူသောအနာရောဂါ၏ အကြောင်းရင်း၏ အဖြစ်ကြောင့်တည်း၊ "ဝေဒနာကို ခံစားခြင်းငှါ ပြုပြင်ကုန်၏" ဟူ၍ငှင်း "အကုသိုလ်ကံသည် ပြုလုပ်အပ်သည်၏အဖြစ်, ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် ဒုက္ခသဟဂုတ်ဖြစ်သော ဝိပါက်ကာယဝိညာဉ်သည် ခဏတ္တယသို့ ရောက်သည်ဖြစ်၏ ဟူ၍ငှင်း" ဟောတော်မူအပ်၏၊ ဝိညာဏုပါဒါနက္ခန္ဓာသည် သူနာနှင့်တူ၏၊ အဘယ့်ကြောင့်နည်း၊ ဝေဒနာဟူသော အနာရောဂါမှ မလွတ်သည်၏ အဖြစ်ကြောင့်တည်း။

တနည်းတုံ ထို ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် နှောင်အိမ်၊ သုံးဆယ့်နှစ်ပါးသော ညှဉ်းဆဲခြင်း၊ လွန်ကျူးသောအပြစ်၊ ညှဉ်းဆဲတတ်သော အာဏာသား၊ အပြစ်လွန်ကျူးသူတို့နှင့် တူကုန်၏၊ စားခွက်၊ ဘောဇဉ်၊ စဖိုသည်၊ ဟင်းလျာ၊ စားသောသူတို့နှင့်တူကုန်၏၊ ဤသို့ ဥပမာအားဖြင့် ဆုံးဖြတ်နည်းကို သိအပ်၏။

၅၀၀။ **"နှစ်ပါးသော အခြင်းအရာ တို့ဖြင့် ရှုအပ်သော ကြောင့်"** ဟူသည်ကား—အကျဉ်းအားဖြင့်၎င်း,အကျယ် အားဖြင့်၎င်း ဤသို့ နှစ်ပါးသော အခြင်းအရာတို့ဖြင့် ရှုအပ်သည်၏အဖြစ်ဖြင့်လည်း ဤဥပါဒါနက္ခန္ဓာ ငါးပါး တို့၌ အဆုံးအဖြတ်နည်းကို သိအပ်၏၊ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို **အာသီဝိသူပမသုတ်** ၌ ဟောတော်မူသောနည်းဖြင့် သန်လျက်ကိုင်ထားသော ရန်သူနှင့်တူသောအဖြစ်ဖြင့် မှတ်အပ်ကုန်၏၊**ဘာရသုတ်** ၏ အစွမ်းဖြင့် လေးလံသော၀န်နှင့်တူသော အဖြစ်ဖြင့် မှတ်အပ်ကုန်၏၊ **ခဇ္ဇနီယဒေသနာ**၏ အစွမ်းဖြင့် စားအံ့ သော ဘီလူးနှင့် တူသောအဖြစ်ဖြင့် မှတ်အပ်ကုန်၏၊ **ယမသုတ်**၏အစွမ်းဖြင့် အနိစ္စ၏ အဖြစ်, ဒုက္ခ၏ အဖြစ်, အနတ္တ၏အဖြစ်, သင်္ခတ၏အဖြစ်, သူသတ်နှင့်တူသော အဖြစ်ဖြင့် မှတ်အပ်ကုန်၏။

အကျယ်အားဖြင့်ကား—ဤ ဥပါဒါနက္ခန္ဓာ ငါးပါးတို့တွင် ရူပု ပါဒါနက္ခန္ဓာကို ရေမြှုပ်စိုင်ကဲ့သို့ မှတ်အပ်၏၊ ဆုပ်နယ်ခြင်းငှါ မခံ့သည်၏ အဖြစ်ကြောင့်တည်း၊ ဝေဒနုပါဒါနက္ခန္ဓာကို ရေပွက် ကဲ့သို့ မှတ်အပ်၏၊ တခဏမျှသာ မွေ့လျော်အပ်သည်၏ အဖြစ် ကြောင့်တည်း၊ သညုပါဒါနက္ခန္ဓာကို တံလျှပ်ကဲ့သို့ မှတ်အပ်၏၊ ချွတ်ချွတ်ယွင်းယွင်း ဆိုမြည်ယောင်ယမ်းစေတတ်သည်၏ အဖြစ် ကြောင့်တည်း၊ သင်္ခါရုပါဒါနက္ခန္ဓာကို ငှက်ပျောတုံးကဲ့သို့ မှတ်အပ် ၏၊ အနှစ်သာရမရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဝိညာဏုပါဒါ နက္ခန္ဓာကို မျက်လှည့်ပြသော အရုပ်ကဲ့သို့ မှတ်အပ်၏၊ လှည့်ပတ် တတ်သည်၏ အဖြစ်ကြောင့်တည်း။

အထူးအားဖြင့်ကား—အလွန် မြတ်သော်လည်း အဇ္ဈတ္တိက ရုပ်ကို အသုဘဟူ၍ မှတ်အပ်၏၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရ ဒုက္ခဟူသော သဘောအဖြစ် သုံးပါးတို့မှ မလွတ်သည်၏ အဖြစ်ကြောင့် ဝေဒနာကို ဒုက္ခဟုမှတ်အပ်၏၊ ပြုပြင်စီရင်ခြင်းငှါ

မတတ်ကောင်း သည်၏အဖြစ်, အစိုးမရသည်၏အဖြစ်ကြောင့် သညာ သင်္ခါရတို့ကို အနတ္တဟု မှတ်အပ်ကုန်၏၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသည်၏အဖြစ်ကြောင့် ဝိညာဉ်ကို အနိစ္စဟုမှတ်အပ်၏။

၅၀၉။ **“ဤသို့ အကျဉ်းအကျယ်အားဖြင့် ရှုသော ပုဂ္ဂိုလ်အား လိုရာအကျိုး ပြီးစေနိုင်သောအားဖြင့်”**ဟူသည်ကား— ဤသို့ အကျဉ်းအကျယ် နှစ်ပါးသော အတိုတို့၏ အစွမ်း အားဖြင့်ရှုသော ယောဂီပုဂ္ဂိုလ်အား အလိုရှိအပ်တော င့် တအပ်သော အကျိုးပြီးခြင်းသည် ဖြစ်၏၊ ထိုအကျိုး၏ပြီး ခြင်းအားဖြင့်လည်း အဆုံးအဖြတ်နည်းကို သိအပ်၏။

ထိုအကျိုး၏ပြီးခြင်း အဆုံးအဖြတ်ကား အဘယ်နည်း၊ အကျဉ်း အားဖြင့် ရှေးဦးစွာ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို“သန်လျက် ကိုင် ထားသော ရန်သူနှင့်တူ၏” အစရှိသည်ဖြင့် ရှုသော ယောဂီကို ခန္ဓာတို့သည် မ ညှဉ်းဆဲအပ်၊ အကျယ်အားဖြင့်ကား၊ ရူပက္ခန္ဓာ စသည်တို့ကို ရေမြှုပ်စိုင်စသည်နှင့် တူသော အဖြစ်ဖြင့် ရှုသော ယောဂီသည် အနှစ်သာရမရှိသော ခန္ဓာငါးပါးတို့၌ အနှစ်သာရ ရှိ၏ဟု ရှုလေ့မရှိ၊ အထူးအားဖြင့်လည်း အဇ္ဈတ္တိကရုပ်ကို အသုဘ ဟု ရှုသော ယောဂီသည် ကဗဠီကာရာဟာရကို ပိုင်းခြား၍ သိ၏၊ အသုဘဖြစ်သော အဇ္ဈတ္တိကရုပ်၌ သုဘဟု မှတ်မှားသော သညာ ဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသကို စွန့်ပယ်နိုင်၏၊ ကာမောဃကို ကူးခပ်နိုင်၏၊ ကာမယောဂနှင့် မယှဉ်၊ ကာမာ သဝအားဖြင့် အာသဝေါကင်း၏၊ အဘိဇ္ဈာဟူသော ကာယဂန္ထ ကို ဖျက်ဆီးနိုင်၏၊ ကာမုပါဒါန်ဖြင့် မစွဲလမ်း။

ဝေဒနာကို ဒုက္ခအားဖြင့် ရှုသောယောဂီသည် ဖဿာဟာရကို ပိုင်းခြား၍သိ၏၊ ဒုက္ခ၌ သုခဟု မှတ်မှားသော ဝိပလ္လာသ သုံးပါး ကို ပယ်စွန့်နိုင်၏၊ ဘဝေါဃကို ကူးခပ်နိုင်၏၊ ဘဝယောဂနှင့် မယှဉ်၊ ဘဝါသဝအားဖြင့် အာသဝေါကင်း၏၊ ဗျာပါဒကာယဂန္ထ ကို ဖျက်ဆီးနိုင်၏၊ သီလဗ္ဗတုပါဒါန်ဖြင့် မစွဲလမ်း၊ သညာကိုရင်း, သင်္ခါရကိုရင်း အနတ္တအားဖြင့် ရှုသောယောဂီသည် မနောသဉ္စေ- တနာဟာရကို ပိုင်းခြား၍သိ၏၊ **အတ္တမဟုတ်သည်၌ အတ္တဟု**

မှတ်မှားသော ဝိပလ္လာသသုံးပါးကို ပယ်စွန့်နိုင်၏၊ ဒိဋ္ဌောဃကို ကူးခပ်နိုင်၏၊ ဒိဋ္ဌိယောဂနှင့်မယှဉ်၊ ဒိဋ္ဌာသဝအားဖြင့် အာသဝေါ ကင်း၏၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကို ဖျက်ဆီးနိုင်၏၊ အတ္တဝါဒုပါဒါန်ဖြင့် မစွဲလမ်း။

ဝိညာဉ်ကို အနိစ္စအားဖြင့် ရှုသော ယောဂီသည် ဝိညာဏာဟာရကို ပိုင်းခြား၍သိ၏၊ အနိစ္စ၌ နိစ္စဟုမှတ်မှားသော ဝိပလ္လာသသုံးပါးကို ပယ်စွန့်နိုင်၏၊ အဝိဇ္ဇောဃကို ကူးခပ်နိုင်၏၊ အဝိဇ္ဇာယောဂနှင့်မယှဉ်၊ အဝိဇ္ဇာသဝအားဖြင့် အာသဝေါ ကင်း၏၊ သီလဗ္ဗတပရာမာသ ကာယဂန္ထကို ဖျက်ဆီးနိုင်၏၊ ဒိဋ္ဌုပါဒါန်ဖြင့် မစွဲလမ်း၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့် သန့်လျက်ကိုင်စွဲထားသော ရန်သူနှင့် တူခြင်းစသည်တို့၏ အစွမ်းအားဖြင့် ပညာမျက်စိနှင့် ရှုခြင်းသည် ပြန့်ပြောကြီးမား တိုးပွါးသော အာနိသင်ရှိ၏၊ ထို့ကြောင့် ခန္ဓာငါးပါးတို့ကို ပညာရှိ သူတော်ကောင်းသည် သန့်လျက်ကိုင်စွဲသော ရန်သူ သူသတ်နှင့် တူခြင်းစသည်တို့၏ အစွမ်းအားဖြင့် ရှုကြည့်ရာ၏။

ဤသို့လျှင် သူတော်ကောင်းတို့၏ နှစ်သက်ဝမ်းမြောက်စေခြင်း အကျိုးငှါ ပြုစီရင်အပ်သော ''ဝိသုဒ္ဓိမဂ္ဂ'' ကျမ်း၌ ပညာဘာဝနာကို ဖော်ပြကြောင်းဖြစ်သော ၁၄-ခုမြောက် အပိုင်း ခန္ဓနိဒ္ဒေသ ပြီး၏။

**ခန္ဓနိဒ္ဒေသ ပြီး၏။**

# ၁၅-အာယတန ဓာတုနိဒ္ဒေသပိုင်း

## ၁-အာယတနနိဒ္ဒေသ

### အာယတနတို့၏ သင်္ခေပသဟဇ္ဇ၊ အဆုံးအဖြတ်

၅၁၀။ အာယတနတို့သည် စက္ခာယတန, ရူပါယတန, သောတာယတန, သဒ္ဒါယတန, ဃာနာယတန, ဂန္ဓာယတန, ဇိဝှါယတန, ရသာယတန, ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန, ဓမ္မာယတနဟူ၍ တဆယ့်နှစ်ပါး အပြားရှိကုန်၏။

ထိုအာယတနတဆယ့်နှစ်ပါးတို့၌ သင်္ခေပ, လက္ခဏာ, ထိုသို့ တဆယ့်နှစ်ပါးသာ အတိုင်းအရှည်ရှိသည်၏အဖြစ်ဖြင့်ငှင်း, အစဉ်, အကျဉ်း, အကျယ်အားဖြင့်ငှင်း, ပညာစက္ခုဖြင့် ရှုအပ်သည်၏အဖြစ်ဖြင့်ငှင်း အဆုံးအဖြတ်ကို သိအပ်၏။

ထိုသင်္ခေပ, လက္ခဏာစသည်တို့တွင် စက္ခုစသော သဒ္ဒါ၏ ထူးသောအနက်အားဖြင့် ရှေးဦးစွာဆိုအပ်၏။

(၁) အကြင် သဘောတရားသည် သာယာတတ်၏။ ထို့ကြောင့် ထိုသဘောတရားသည် "စက္ခု" မည်၏၊ ရူပါရုံကို သာယာတတ်၏၊ ထင်ရှားပြတတ်၏ဟူလို။

(၂) အကြင် ဝဏ္ဏာယတနသည် ပြတတ်၏၊ ထို့ကြောင့် ထိုဝဏ္ဏာယတနသည် "ရူပ" မည်၏၊ တပ်မက်ခြင်း အမျက်ထွက်ခြင်းစသော ကာလတို့၌ ပုတ်သင်ညို၏ အဆင်းကဲ့သို့ငှင်း, ဖျံ၏အဆင်းကဲ့သို့ငှင်း အဆင်း၏ ဖောက်ပြန်ခြင်းသို့ ရောက်သည်ဖြစ်၍ အဆင်းဖောက်ပြန်သောသူ၏နှလုံး၌ ဖြစ်သော အလိုကို ထင်ရှားပြတတ်၏ဟူလို။

(၃) နာယူတတ် နားထောင်တတ်သောကြောင့် "သောတ" မည်၏။

(၄) ရှုတ်ဆိုအပ်သောကြောင့် "သဒ္ဒ" မည်၏။

(၅) နမ်းတတ်သောကြောင့် "ဃာန" မည်၏။

(၆) ပြတတ်သောကြောင့် "ဂန္ဓ" မည်၏၊ မိမိ၏တည်ရာဝတ္ထုကိုသိအောင် ပြတတ်၏ဟု ဆိုလိုသည်။

(၇) ဇီဝိတိန္ဒြေ၏ အကြောင်းဖြစ်သော အာဟာရ ရသကိုခေါ်သကဲ့သို့ ဖြစ်တတ်သောကြောင့် ဇိဝှါမည်၏။

(၈) ထိုအာရုံကို သတ္တဝါတို့သည် သာယာတတ်ကုန်၏၊ ထိုသို့ သာယာအပ်သည်၏ အဖြစ်ကြောင့် ထိုအာရုံသည် "ရသ" မည်၏၊သာယာ နှစ်သက်တတ်ကုန်၏ဟူလို။

(၉) စက်ဆုပ်အပ်ကုန်သော အာသဝေါတရားတို့၏ ဖြစ်ခြင်းတည်ရာဌာနတည်း၊ ထို့ကြောင့် "ကာယ" မည်၏၊ ဖြစ်ခြင်းအကြောင်းတည်း၊ ဖြစ်ရာဌာနတည်းဟူလို။

(၁၀) အကြင် အာရုံကို တွေ့ထိအပ်၏၊ ထို့ကြောင့် ထိုအာရုံသည် "ဖောဋ္ဌဗ္ဗ" မည်၏။

(၁၁) အကြင် သဘောတရားသည် သိတတ်၏၊ ထို့ကြောင့် ထိုသဘောတရားသည် "မန" မည်၏။

(၁၂) အကြင် သဘောတရားတို့သည် မိမိ၏ သဘောလက္ခဏာကို ဆောင်တတ်ကုန်၏၊ ထို့ကြောင့် ထိုသဘောတရားတို့သည် "ဓမ္မ"မည်ကုန်၏။

၅၁၁။ သာမညအားဖြင့် စိတ်စေတသိက်တို့၏ မိမိ မိမိတို့ကိစ္စကို အားထုတ်တတ်သည်၏ အဖြစ်ကြောင့်၎င်း, အားထုတ်တတ်သည်ဖြစ်၍ အာယ မည်ကုန်သော စိတ် စေတသိက်

တို့ကို ချဲ့တတ်သည်၏ အဖြစ်ကြောင့်၎င်း, အနမတဂ္ဂ သံသရာ၌ဖြစ်၍ ရှည်ညွှာသော ဝဋ်ဆင်းရဲကို ဆောင်တတ် သည့်အဖြစ်ကြောင့်၎င်း “အာယတန” မည်၏။

ချဲ့ဦးအံ့–စက္ခု အစရှိသော ဒွါရ ရူပါရုံ အစရှိသော အာရုံတို့၌ ထိုထို ဒွါရ ထိုထို အာရုံ၌ ဖြစ်ကုန်သော စိတ် စေတသိက်တရား တို့သည် မိမိ မိမိဥစ္စာဖြစ်သော အစဉ်ခံစားခြင်း စသော ကိစ္စဖြင့် ထတုန်၏၊ စေ့ဆော်ကုန်၏၊ အားထုတ် ပြုလုပ်ကုန်၏ ဟု ဆိုလို သည်၊ ထို့ပြင် ထိုထို ဒွါရ ထိုထို အာရုံ၌ ဖြစ်တတ်ကုန်သော ထို စိတ် စေတသိက်တရားတို့ကို ထိုစက္ခု စသည်တို့က ချဲ့တတ်ကုန် ၏ ဟု ဆိုလိုသည်။

ထို့ပြင် အစမရှိသော သံသရာ၌ဖြစ်သော အလွန်ရှည်စွာသော ဤသံသရာဝဋ်ဆင်းရဲသည် အကြင် မျှလောက် မနစ်မမြုပ် မချုပ် သေး၊ ထိုမျှလောက် ဆောင်ကုန်သကဲ့သို့ ဖြစ်စေတတ်ကုန်၏ ဟု ဆိုလိုသည်၊ ဤသို့လျှင် ခပ်သိမ်းကုန်သော ဤစက္ခု စသော **တရား တို့သည်** မိမိ မိမိတို့ကိစ္စကို အားထုတ်သည့်အဖြစ်ကြောင့်၎င်း, **အာယ**မည်ကုန်သော စိတ် စေတသိက် တို့ကို ချဲ့တတ်သည့် **အဖြစ်**ကြောင့်၎င်း, ရှည်ကြာစွာသော ဝဋ်ဆင်းရဲကို ဆောင်တတ် **သည့်**အဖြစ်ကြောင့်၎င်း အာယတန ဟူ၍ ဆိုအပ်ကုန်၏။

၅၁၂။ နည်းတဖုံကား–နေရာဌာနဟူသော အနက်ကြောင့်၎င်း, ပွင့်ရာ တည်ရာဟူသော အနက်ကြောင့်၎င်း, စုဝေးရာ အရပ်ဟူသော အနက်ကြောင့်၎င်း, ဖြစ်ရာဒေသဟူသော အနက်ကြောင့်၎င်း အကြောင်းဟူသော အနက်ကြောင့် ၎င်း အာယတနမည်၏ဟူ၍ သိအပ်၏။

ချဲ့ဦးအံ့–လောကကြောင်း၌ “ဣဿရာယတနံ၊ ဝါသုဒေဝါ- ယတနံ” ဤသို့ အစရှိသည်တို့၌ နေရာဌာနကို အာယတန ဟု ဆိုအပ်၏၊ ပရမိဿရ နတ်မင်း၏နေရာ, ဗိဿနိုး နတ်မင်း၏နေရာ, “သုဝဏ္ဏာယတနံ ရဇတာယတနံ” စသည်တို့၌ တည်ရာကို **အာယတန** ဟု ဆိုအပ်၏၊ ရွှေဖြင့်ပွင့်ရာ, ရွှေ၏တည်ရာ, ငွေဖြင့်

ပွင့်မြန်းရာ ငွေ၏တည်ရာ, ပွင့်မြန်းရာ၊ သာသနာကြောင်းဝယ်“မနောရမေ့ အာယတနေ၊ သေဝန္တိ နံ ဝိဟင်္ဂမာ” ဤသို့ အစရှိသည်တို့၌ စုဝေးရာအရပ်ကို အာယတနဟု ဆိုအပ်၏၊ နှလုံးမွေ့လျော်ဘွယ်ရှိသည်ဖြစ်၍ ရဟန်းသူမြတ်တည်းဟူသော ငှက်အပေါင်းတို့၏ စုဝေးရာ, အင်ကြင်းတောနှင့်တူသော ဘုရားသာသနာတော်၌ ရဟန်းသူမြတ် တည်းဟူသော ငှက်အပေါင်းတို့သည် ထိုသီလ, ပညာ, သမာဓိကွန် ဂုဏ်ဖြင့် လွှမ်း၍ သူမွန်သူမြတ်ဟု ဆိုအပ်သော တောစိုးသစ်ပင်ကြီးကို မှီဝဲကုန်၏။

“ဒက္ခိဏာပထော ဂုန္နံ အာယတနံ” ဤသို့ အစရှိသည်တို့၌ ဖြစ်ပွါးရာဒေသကို အာယတနဟူ၍ ဆိုအပ်၏၊ ဂင်္ဂါမြစ်၏တောင်ဘက် ဒက္ခိဏာပထတိုင်းသည် နွားတို့၏ဖြစ်ရာတည်း၊ “တတြ တတြေဝ သက္ခိတဗ္ဗတံ ပါပုဏာတိ၊ “သတိ သတိအာယတနေ” ဤသို့ အစရှိသည်၌ အကြောင်းကို အာယတနဟူ၍ ဆိုအပ်၏၊ ရှေးဘဝ၌ လေ့ကျက်ဘူးသောအားဖြင့် မိမိသန္တာန်၌ ထင်ရှားဖြစ်ဘူးသော ဈာန်ဝိဇ္ဇာ စသော အဘိညာဉ်အား လျောက်ပတ်သည့် အဓိကာရ အကြောင်းသည် ရှိလတ်သော် ထိုထို ဈာန်ဝိဇ္ဇာ စသော အရာ၌လျှင် သက်သေထိုက်သည်၏ အဖြစ်သို့ ရောက်၏။

စက္ခု စသည်တို့၌လည်း ထိုထိုစိတ် စေတသိက် တရားတို့သည် ထိုစက္ခု စသည်တို့နှင့် စပ်၍ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့် နေကုန်သကဲ့သို့ ဖြစ်ကုန်၏၊ ထို့ကြောင့် စက္ခုစသည်တို့သည်လည်း ထို စိတ် စေတသိက် တရားတို့၏ နေရာဌာန ဖြစ်၏၊ ထိုမှတပါး ထိုစက္ခုစသည်တို့ကို မှီသည်၏ အဖြစ်ကြောင့်၎င်း, ထိုရူပါရုံစသည်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်၎င်း စက္ခု စသည်တို့၌ ထိုစိတ် စေတသိက် တရားတို့သည် ပွင့်မြန်းကုန်၏၊ ထို့ကြောင့် စက္ခုစသည်တို့သည် ထိုစိတ် စေတသိက်တို့၏ ပွင့်မြန်းရာဖြစ်၏၊ ထိုမှတပါး စက္ခုစသည်တို့သည် ထိုစိတ် စေတသိက်တို့၏ စုဝေးရာဌာနဖြစ်၏၊ အဘယ့်ကြောင့်နည်း၊ ထိုထို စက္ခုစသော ဝတ္ထု, ရူပါရုံ စသော အာရုံ၌ ဝတ္ထု, ဒွါရ, အာရုံ၏အဖြစ်ဖြင့် စုဝေးသည်၏ အဖြစ်ကြောင့်တည်း။

ထိုမှတပါး စက္ခုစသည်တို့သည် ထို စိတ်စေတသိက် တရားတို့၏ ဖြစ်ရာဒေသတည်း၊ အဘယ့်ကြောင့်နည်း၊ ထိုစက္ခုစသည်လျှင် မှီရာရှိသည်၏အဖြစ်, ထို ရူပါရုံစသည်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့် ထို စက္ခု စသည် ရူပါရုံစသည်တို့၌သာလျှင် ဖြစ်ခြင်းကြောင့်တည်း၊ ထိုမှတပါး စက္ခုစသည်တို့သည် ထို စိတ်စေတသိက်တို့၏ အကြောင်းဖြစ်၏၊ အဘယ့်ကြောင့်နည်း၊ ထို စက္ခု စသည်တို့၏ မရှိလတ်သော် ထို စိတ်စေတသိက်တို့ မဖြစ်နိုင်ခြင်းကြောင့်တည်း၊ ဤသို့လျှင် နေရာဌာန ဟူသော အနက်ကြောင့်၎င်း, ပွမ်းရာဟူသော အနက်ကြောင့်၎င်း, စုဝေးရာဟူသော အနက်ကြောင့်၎င်း, ဖြစ်ရာဒေသဟူသော အနက်ကြောင့်၎င်း, ဖြစ်ခြင်းအကြောင်း ဟူသော အနက်ကြောင့်၎င်း ဤသို့ ဤအကြောင်းကြောင်းတို့ကြောင့်လည်း ထို စက္ခုစသော တရားတို့ကို အာယတန ဟူ၍ ဆိုအပ်ကုန်၏။

ထို့ကြောင့် အကြင်အကြင် ဆိုအပ်ပြီးသော အနက်ကြောင့် စက္ခုလည်း မည်၏၊ ထို စက္ခု မည်သော တရားသည် အာယတနလည်း မည်၏၊ ထို နှစ်ပါးသော သဘောကြောင့် ''စက္ခာယတန'' မည်၏....(လ)....မိမိ၏ သဘောလက္ခဏာကို ဆောင်တတ်သောကြောင့် ''ဓမ္မ'' မည်၏။ ထို ဓမ္မမည်သော သဘောသည်ပင် အာယတနလည်း မည်၏၊ ထို နှစ်ပါးသော သဘောကြောင့် ''ဓမ္မာယတန'' မည်၏၊ ဤသို့ ရှေးဦးစွာ ဤ တဆယ့်နှစ်ပါးသော အာယတနတို့၌ သဒ္ဒါ၏အနက် သဒ္ဒတ္ထအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၁၃။ ''**လက္ခဏာ**'' ဟူသည်ကား- စက္ခုစသည်တို့၏ ထိုထို လက္ခဏာတို့ကို ခန္ဓနိဒ္ဒေသ၌ ပြဆိုပြီးသော နည်းဖြင့်သာလျှင် သိအပ်ကုန်၏၊ ''**ထိုသို့ တဆယ့်နှစ်ပါးမျှသာ အတိုင်း အရှည် ရှိသည်၏ အဖြစ်ဖြင့်**'' ဟူသည်ကား အာယတန တဆယ့်နှစ်ပါးသာ ရှိ၏၊ အယုတ်အလွန် မရှိဟု ဆိုလိုသည်။ ထိုစကား၌ သင့်စွ၊

စက္ခု စသည်တို့သည်လည်း မိမိ မိမိတို့၏ သဘော လက္ခဏာကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် ဓမ္မ မည်ကုန်သည်ချည်းတည်း၊ ဤသို့ ဓမ္မချည်းသာ ဖြစ်ပါ လျက် ဓမ္မာယတန တခုတည်းသာ မဟောဘဲ အာယ တန တဆယ့်နှစ်ပါးဟူ၍ အဘယ့်ကြောင့် ဟောတော် မူသနည်းဟု ဤသို့ ယုတ္တိသဘော စောကြောခြင်းအံ့၊ ဝိညာဏကာယ ခြောက်ပါးတို့၏ ဖြစ်ရာ ဒွါရ, အာရုံ၏ အဖြစ်ဖြင့် ပိုင်းခြား မှတ်သားခြင်းကြောင့် ဟောတော် မူအပ်ကုန်၏၊ ဤ အာယတနဒ္ဒေသ၌ ဝိညာဏကာယ ခြောက်ပါးတို့၏ ဒွါရအဖြစ်ဖြင့်၎င်း, အာရုံအဖြစ်ဖြင့် ၎င်း အာယတနတို့ကို မှတ်ခြင်း ပိုင်းခြားခြင်းကြောင့် ထို အာယတနတို့၏ ဤ တဆယ့်နှစ်ပါး အပြားသည် ဖြစ်၏၊ ထို့ကြောင့် အာယတန တဆယ့်နှစ်ပါးဟူ၍ ဟောတော် မူအပ်ကုန်၏။

ချဲဦးအံ့– စက္ခုဝိညာဏဝီထိ၌ အကျုံးဝင်သော ဝိညာဏ ကာယ၏ စက္ခာယတနသည်ပင်လျှင် ဖြစ်ရာ ဒွါရ ဖြစ်၏၊ ရူပါ ယတနသည်ပင်လျှင် ကျက်စားရာ အာရုံဖြစ်၏၊ ထိုနည်းတူ သောတာယတန, သဒ္ဒါယတန စသည်တို့သည်လည်း သောတာ ဝိညာဏဝီထိ စသည်၌ အကျုံးဝင်ကုန်သော ဝိညာဏကာယ စသည်တို့၏ သောတာယတန စသည်တို့ပင်လျှင် ဖြစ်ရာ ဒွါရ ဖြစ်ကုန်၏၊ သဒ္ဒါရုံ စသည်တို့ပင်လျှင် ကျက်စားရာ အာရုံ ဖြစ်ကုန်၏၊ အထူးကား– မနောဝိညာဏဝီထိ၌ အကျုံးဝင်သော ဝိညာဏကာယ၏ နှစ်ကြိမ်လှုပ်၍ ပြတ်သော ဘဝင်စိတ်ဟူသော မနာယတန တစိတ်သည်ပင်လျှင် ဖြစ်ရာ ဒွါရ လည်းဖြစ်၏၊ စက္ခု ဝိညာဉ်စသည်တို့နှင့် မဆက်ဆံသော ဓမ္မာယတန ဟူသော အာရုံသည်ပင်လျှင် ကျက်စားရာ အာရုံဖြစ်၏၊ ဤသို့ ဝိညာဏ ကာယ ခြောက်ပါးတို့၏ ဖြစ်ရာ ဒွါရ ကျက်စားရာ အာရုံအဖြစ်ဖြင့် အာယတနတို့ကို ပိုင်းခြားခြင်းကြောင့် အာယတန တဆယ့်နှစ်ပါး ဟူ၍ ဟောတော်မူအပ်ကုန်၏၊ ဤသို့ ဤ အာယတန စကား၌

ဤမျှ တဆယ့်နှစ်ပါးသာ အတိုင်းအရှည်ရှိသော အဖြစ်အားဖြင့် ဟူသော အဆုံးအဖြတ်ကို သိအပ်၏။

၅၁၄။ **"အစဉ်အားဖြင့်"**ဟူသည်ကား-ဤ အာယတန နိဒ္ဒေသ ၌လည်း ရှေးခန္ဓနိဒ္ဒေသ၌ ပြဆိုပြီးသော အစဉ်တို့တွင် ဒေသနာက္ကမ အားဖြင့်သာလျှင် သင့်၏၊ ချဲ့ဦးအံ့- အဇ္ဈတ္တိကအာယတနတို့တွင် သနိဒဿနသပ္ပဋိဃ ဖြစ် သော ရူပါရုံလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် စက္ခာ ယတနသည် ထင်ရှား၏၊ ထို့ကြောင့် စက္ခာယတနကို ရှေးဦးစွာ ဟောတော်မူအပ်၏၊ ထို့နောင်မှ အနိဒဿန သပ္ပဋိဃ ဖြစ်သော သဒ္ဒါရုံ စသည်လျှင် အာရုံရှိသော သောတာယတန စသည်တို့ကို ဟောတော် မူအပ် ကုန်၏။

တနည်းကား-မြတ်သော မြင်ခြင်း ဒဿနာနုတ္တရိယတရား, မြတ်သောကြားခြင်း သဝနာနုတ္တရိယတရားတို့၏ အကြောင်း၏ အဖြစ်ကြောင့် ကျေးဇူးများသည်ဖြစ်၍ အဇ္ဈတ္တိကာယတနတို့တွင် စက္ခာယတန, သောတာယတနတို့ကို ရှေးဦးစွာ ဟောတော် မူအပ်ကုန်၏၊ ထို့နောင်မှ ဃာန စသော အာယတနသုံးပါး တို့ကို ဟောတော်မူအပ်ကုန်၏၊ စက္ခုစသော ငါးပါးတို့၏လည်း ကျက်စားရာ အာရုံ ရှိသည်၏အဖြစ်ကြောင့် အဆုံး၌ မနာယတနကို ဟောတော်မူ၏၊ ထိုမှတပါး စက္ခာယတနစသော အဇ္ဈတ္တိ ကာယတနတို့၏ ကျက်စားရာ အာရုံ၏ အဖြစ်ကြောင့် ထိုထို အဇ္ဈတ္တိကာယတန၏ အကြား အကြား၌ ဖြစ်ကုန်သော ဗာဟိရာ ယတနတို့တွင် ရူပါယတန စသည်တို့ကို ဟောတော်မူအပ်ကုန်၏။

တနည်းတံ-စက္ခုဝိညာဉ် စသည်တို့၏ ဖြစ်ခြင်း၏ အကြောင်း ၏ ပိုင်းခြား မှတ်သားအပ်သည်၏ အဖြစ်အားဖြင့်လည်း ထို အာယတနတို့၏ ဤအစဉ်ကို သိအပ်၏၊ "စက္ခုံ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ....(လ)....မနံ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ၊ "စက္ခုကိုစွဲ၍ ရူပါရုံသည်၎င်း, စက္ခုဝိညာဉ်သည်၎င်း ဖြစ်၏။....(လ)....မနကိုစွဲ၍ ဓမ္မာရုံသည်၎င်း, မနောဝိညာဉ်သည်

၎င်း ဖြစ်၏"ဟု ဘုရားဟောတော်မူပြီ၊ ဤသို့အစဉ်အားဖြင့်လည်း ဤ အာယတန နိဒ္ဒေသ၌ အဆုံး အဖြတ်ကို သိအပ်၏။

၅၁၅။ **"အကျဉ်းအကျယ်အားဖြင့်"** ဟူသည်ကား—**အကျဉ်းအားဖြင့်** မနာယတန၏၎င်း, ဓမ္မာယတန တစိတ်တဒေသ၏၎င်း နာမ်၏ အဖြစ်ဖြင့် ရေတွက်အပ်သည်၏ အဖြစ်ကြောင့် ထိုဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော အာယတနတို့၏လည်း ရုပ်၏အဖြစ်ဖြင့် ရေတွက်အပ်သည်၏ အဖြစ်ကြောင့် အာယတန တဆယ့်နှစ်ပါးတို့သည်နာမ်, ရုပ်နှစ်ပါးသာဖြစ်ကုန်၏၊ **အကျယ်အားဖြင့်ကား** အဇ္ဈတ္တိကာယတနတို့တွင် ရှေးဦးစွာ စက္ခာယတနသည်ဇာတိ၏ အစွမ်းအားဖြင့် စက္ခုပသာဒမျှသာတည်း၊ ပစ္စယဘေဒ, ဂတိဘေဒ, နိကာယဘေဒ, ပုဂ္ဂလဘေဒ အားဖြင့်ကား အဆုံး အပိုင်း အခြားမရှိ, မရေ မတွက်နိုင်အောင်များသော အပြားရှိကုန်၏၊သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့သည်လည်း စက္ခာယတနကဲ့သို့ပင် အရေအတွက်များသော အပြားရှိကုန်၏၊ မနာယတနသည် ကုသိုလ်,အကုသိုလ်, ဝိပါက်,ကြိယာ,ဝိညာဉ်အပြားအားဖြင့် ရှစ်ဆယ့်ကိုးပါး ရှိ၏၊ ဝါ·တရာ့ နှစ်ဆယ့်တပါး အပြားရှိ၏။

စက္ခုစသော ဝတ္ထုတို့၏အပြား, ဒုက္ခပဋိပဒါစသော ပဋိပဒါ စသည်တို့၏ အပြားအားဖြင့်ကား အဆုံး အပိုင်းအခြား မရှိ, မရေမတွက်နိုင်အောင် များသော အပြားရှိ၏၊ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတနတို့သည် ဝိသဘာဂ ပစ္စည်း စသည်တို့၏ အပြားအားဖြင့် အတိုင်းမသိ များသော အပြားရှိကုန်၏၊ ဖောဋ္ဌဗ္ဗာယတနသည် ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိ၏၊ ပစ္စည်း စသည်တို့၏ အပြားအားဖြင့် များသော အပြားရှိ၏၊ ဓမ္မာယတနသည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ,

သုခုမရုပ်, နိဗ္ဗာန်တို့၏ သဘာဝအပြား, နာနတ္တအပြားအားဖြင့် များသော အပြားရှိ၏၊ ဤသို့ အကျဉ်းအကျယ်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၁၆။ **"ပညာစက္ခုဖြင့် ရှုအပ်၏"** ဟူသည်ကား—ဤအာယတနအရာ၌ သင်္ခတဖြစ်ကုန်သော အာယတနအားလုံးတို့ကို မလာသောအားဖြင့်၎င်း, မထွက်သွားသောအားဖြင့်၎င်း ရှုအပ် မှတ်အပ်ကုန်၏၊ ချဲ့ဦးအံ့—ကိုအာယတနတို့သည် ဥပါဒ်ခဏမှ ရှေး၌ တစုံတခုသောအရပ်မှ မလာကြကုန်၊ ဘင်ခဏမှ နောက်၌ တစုံတခုသော အရပ်သို့ သွားလည်း မသွားကုန်၊ စင်စစ်သော်ကား—ဥပါဒ်ခဏမှ ရှေး၌ မရအပ်သော သဘောရှိကုန်၏၊ ဘင်ခဏမှ အယက်ဖြစ်သော နောက်၌ ပျက်သော သဘောရှိကုန်၏၊ ရှေ့အဘို့ နောက်အဘို့တို့၏ အလယ်၌ အကြောင်းနှင့် စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် တစုံတယောက်သော သူ၏ အလိုသို့မလိုက်တတ်ကုန်သည်ဖြစ်၍ ဖြစ်ကုန်၏၊ ထို့ကြောင့် မလာသော အားဖြင့်၎င်း, ထွက်မသွားသော အားဖြင့်၎င်း ရှုအပ်ကုန်၏၊ ထိုမှတပါး တုန်လှုပ်ခြင်းနှင့်တကွသော အမူအရာ၏အစွမ်းဖြင့် အားထုတ်ခြင်းကင်းသောအားဖြင့်၎င်း, ကြံသောအားဖြင့် ကြောင့်ကြ ဗျာပါရ ပြုခြင်း ကင်းသည်၏အဖြစ်ဖြင့်၎င်း ရှုအပ်ကုန်၏။

ချဲ့ဦးအံ့—စက္ခာယတန ရူပါရုံစသည်တို့၏ "ငါတို့၏ ညီညွတ်ခြင်းရှိသော် ဝိညာဉ်မည်သည်ဖြစ်ပါမူ ကောင်းလေစွ" ဟူသော အကြံမဖြစ်၊ ထိုစက္ခာယတန ရူပါရုံတို့သည် ဝိညာဉ်ဖြစ်ခြင်းအကျိုးငှါ ဒွါရအဖြစ်ဖြင့်၎င်း, ဝတ္ထုအဖြစ်ဖြင့်၎င်း, အာရုံအဖြစ်ဖြင့်၎င်း ကြံစည်ကြောင့်ကြ ဗျာပါရ ပြုခြင်းသို့လည်း မရောက်ကုန်၊ စင်စစ်သော်ကား—ဤစက္ခာယတန ရူပါရုံ စသည်တို့၏ ညီညွတ်သည်ရှိသော် စက္ခုဝိညာဉ် စသည်တို့သည် ကောင်းစွာဖြစ်ကုန်၏၊ ဤသို့ ဖြစ်ခြင်းသည် ဓမ္မတာသဘောတည်း၊ ဤသို့ ဆိုအပ်၏၊

ထို့ကြောင့် အားထုတ်ခြင်းကင်းသောအားဖြင့်ရင်း, ကြောင့်ကြ ဗျာပါရကင်းသောအားဖြင့်ရင်း ရှုအပ်ကုန်၏။

တနည်းကား–အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ကို မြသည်၏အဖြစ်, ဘင့်တယ်သည်၏အဖြစ်, ချမ်းသာသည်၏အဖြစ်, အနှစ်သာရ အဖွ၏အဖြစ်မှ ကင်းဆိတ်သောကြောင့် လူမရှိသောရွာကဲ့သို့ ရှုအပ်ကုန်၏၊ ဗာဟိရာယတန ခြောက်ပါးတို့ကို အဇ္ဈတ္တိကာယတနတို့ကို ညှဉ်းဆဲ သတ်ဖြတ်တတ်သောကြောင့် ရွာကို ဖျက်တတ်သော ယားပြ ခိုးသူတို့ကဲ့သို့ ရှုအပ်ကုန်၏၊ "စက္ခု ဘိက္ခဝေ ဟညတိ မနာပါမနာပေဟိ ရူပေဟိ"။ "အို ရဟန်းတို့, စက္ခာယတနကို မနာပ အမနာပဖြစ်ကုန်သော ရူပါရုံတို့သည် ညှဉ်းဆဲအပ်ကုန်၏"ဟု ဘုရားဟောတော်မူပြီ၊ ဤသို့ အကျယ်ကို ဆောင်အပ်၏။

တနည်းကား–အဇ္ဈတ္တိကာယတနတို့ကို မြွေ, မိကျောင်း, ငှက်, အိမ်ခွေး, မြေခွေး, မျောက်သတ္တဝါ ခြောက်ကောင်တို့ကဲ့သို့ ရှုအပ်ကုန်၏၊ ဗာဟိရာယတနတို့ကို ထိုသတ္တဝါ ခြောက်ကောင်တို့၏ မတူသော ကျက်စားရာအရပ်တို့ကဲ့သို့ ရှုအပ်ကုန်၏၊ ပြဆိုခဲ့ပြီးသော ဤနည်းဖြင့် ဤအာယတန အရာ၌ ပညာစက္ခုဖြင့် ရှုအပ်၏ဟူသော အဆုံး အဖြတ်ကို သိအပ်၏။

ဤသည်လျှင် အာယတနတို့ကို အကျယ်ဆိုသော
အကြောင်း ပြီး၏။

---

## ၂-ဓာတုနိဒ္ဒေသ

၅၁၇။ ထိုအာယတနကထာ၏ အခြားမဲ့၌ ဓာတ်တို့ဟူသည်ကား–ဓာတ်တို့သည် စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်, သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ်, ဃာနဓာတ်, ဂန္ဓဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဓာတ်, ရသဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်,

မနောဓာတ်, ဓမ္မဓာတ်, မနောဝိညာဏဓာတ် အားဖြင့် တဆယ့်ရှစ်ပါး ရှိကုန်၏။

ထိုဓာတ် တဆယ့်ရှစ်ပါးတို့၌ ဝစနတ္ထအားဖြင့်၎င်း, လက္ခဏာစသည် တို့ဖြင့်၎င်း, [illegible] အားဖြင့်၎င်း, ထိုမျှ တဆယ့်ရှစ်ပါး အတိုင်းအရှည်ရှိသည်၏ အဖြစ်အားဖြင့်၎င်း, ရေတွက်ခြင်းအားဖြင့်၎င်း, ပစ္စည်းအားဖြင့်၎င်း, ပညာစက္ခုဖြင့် [illegible]သောအဖြစ်အားဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏။

ထိုဓာတ် တဆယ့်ရှစ်ပါးတို့၌ "ဝစနတ္ထအားဖြင့်" ကား- သာယ[illegible], ထင်စွာပြတတ်သောကြောင့် "စက္ခု" မည်၏၊ ပြတတ်သောကြောင့် "ရူပ" မည်၏၊ အသာဓာရဏ အကြောင်းဖြစ်သော စက္ခု၏ ဝိညာဉ်သည် စက္ခုဝိညာဉ် မည်၏၊ ဤသို့ အစရှိသောနည်းဖြင့် [illegible] စက္ခုစသည်တို့၏ အလှူးဖြစ်သော ဝစနတ္ထအားဖြင့် အဆုံး[illegible] သိအပ်၏၊ [illegible]အားဖြင့် ကား ဓိရင်တတ်သောကြောင့် "ဓာတ်" မည်၏၊ ဆောင်အပ်သောကြောင့် ဓာတ် မည်၏၊ ဓိရင်ခြင်းကြောင့် ဓာတ်မည်၏၊ [illegible] စသော သဘောဖြင့် ဓိရင်အပ် ထားအပ်သောကြောင့် [illegible] မည်၏။

ချဲ့ဦးအံ့-လောကီ ဖြစ်ကုန်သော ဓာတ်[illegible] အကြောင်း၏ အဖြစ်ဖြင့် မ[illegible]သက်အောင် ပိုင်းခြားအပ်ကုန်[illegible]ရွှေ, ငွေစသော ဓာတ်တို့သည် ရွှေ,ငွေ စသည်ကို ဖြစ်စေကုန်သကဲ့သို့ မရေမတွက်နိုင်အောင် များသော သံသရာဆင်းရဲကို ဖြစ်စေတတ်ကုန်၏၊ ဝန်ထမ်းသမားတို့သည် ဝန်ကို ဆောင်အပ်သကဲ့သို့ သတ္တဝါတို့သည် ဆောင်[illegible]ဆိုလိုသတည်း။

ဤသဘောတရားသည် အလိုသို့ မလိုက်တတ်သည်၏ အဖြစ်ကြောင့် ဆင်းရဲကို ဓိရင်ခြင်း[illegible]ည်း၊ အကြောင်းဖြစ်၍ ဖြစ်ကုန်သော ဤလောကီဓာတ်တို့[illegible]ဝါတို့သည် သံသရာဆင်းရဲကို ဓိရင်အပ်၏၊ ထိုမှတပါး ထိုသို့သော အခြင်းအရာအားဖြင့် ဓိရင်အပ်ပြီးသော ထိုသံသရာဆင်းရဲကို စက္ခုစသော

သဘောတရားတို့၌သာလျှင် ထားအပ်၏ဟူသတည်း၊ ဤသို့ စက္ခု စသည်တို့၌ တခုတခုသော သဘောတရားသည် ဖြစ်သင့်သည် အားလျော်စွာ စီရင်အပ်၏, ဆောင်အပ်၏၊ ဤသို့ အစရှိသော အနက်သဘောကြောင့် "ဓာတ်" ဟူ၍ ဆိုအပ်၏။

၅၁၀။ တနည်းကား–တိတ္ထိတို့၏ အတ္တ မည်သည် သဘော အားဖြင့် မရှိသကဲ့သို့ ဤစက္ခုစသော သဘောတရား တို့သည် သဘာဝဓမ္မအားဖြင့် မရှိကုန်သည်မဟုတ်, ထင်ရှား ရှိကုန်၏၊ ဤ တရားသဘောတို့သည် မိမိ၏ သဘောကို ဆောင်တတ်ကုန်၏၊ ထို့ကြောင့် ဓာတ် မည်ကုန်၏၊ လောက၌ ဆန်းကြယ်ကုန်သော ဆေးဒါန်း မြင်းသီလာ စသော ကျောက်၏ အစိတ်တို့ကို ဓာတ်ဟု ဆိုအပ်ကုန်သကဲ့သို့ ထို့အတူ ထိုစက္ခု စသည်တို့သည် လည်း ကျောက်၏ အစိတ်ဓာတ်နှင့်တူကုန်သောကြောင့် ဓာတ်တို့မည်ကုန်၏၊ ဆန်းကြယ် ကုန်သော ဤ စက္ခု စသည်တို့သည် ဉာဏ်,ဉေယျတို့၏ အစိတ်ဖြစ်ကုန်သော ဓာတ်မျှတို့သာ ဖြစ်သောကြောင့် ဓာတ်တို့မည်ကုန်၏။

တနည်းကား–ကိုယ်ဟု ဆိုအပ်သော ခန္ဓာပဉ္စက အပေါင်း၏ အစိတ်ဖြစ်၍ ဖြစ်ကုန်သော အချင်းချင်း ဝိသဘာဂလက္ခဏာ ဖြင့် ပိုင်းခြားအပ်ကုန်သော အဆီ,အရည်, အသွေး စသည်တို့၌ ဓာတ်ဟူသောအမည်ဖြစ်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါးအပေါင်း ဟု ဆိုအပ်သော အတ္တဘော၏ အစိတ်ဖြစ်ကုန်သော ထိုစက္ခု စသည်တို့၌လည်း အချင်းချင်း ဝိသဘာဂလက္ခဏာဖြင့် ပိုင်းခြား အပ်ကုန်သောကြောင့် ဓာတ်ဟူသော အမည်တို့ကို သိအပ် ကုန်၏။

တနည်းကား–ဓာတ်ဟူသော ဤစကားသည် အသက်မဟုတ် သော သဘောတရားမျှ၏ အမည်သာတည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည် "အို ရဟန်း, ဓာတ် ခြောက်ပါးတို့ကို ယောက်ျားဟူ၍ ခေါ်ဝေါ်ကြကုန်၏" အစရှိသဖြင့် ဟောတော် မူသော ပါဠိတော်တို့၌ အသက်ဟူ၍ ဖောက်ပြန် မှတ်မှားသော

သညာကို နှုတ်ပယ်ခြင်း၄၊ ဓာတုဒေသနာကို ဟောတော်မူ၏၊ ထို့ကြောင့် ပြဆိုပြီးသော ဝစနတ္ထဖြင့် စက္ခုလည်းမည်၏၊ ထိုစက္ခုသည်ပင် "ဓာတ်" လည်းမည်၏၊ ထို နှစ်ပါးသော သတ္တိကြောင့် "စက္ခုဓာတ်"မည်၏၊....(လ)...."မနောဝိညာဉ်" လည်းမည်၏၊ ထို မနောဝိညာဉ်သည်ပင် "ဓာတ်" လည်းမည်၏၊ ထိုနှစ်ပါးသော သတ္တိကြောင့် "မနောဝိညာဏဓာတ်" မည်၏၊ ဤသို့လျှင် ရှေးဦးစွာ ဤဓာတ်အရာ၌ စကား၏ အနက် ဝစနတ္ထအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၁၉။ **"လက္ခဏာ စသည်တို့ဖြင့်"** ဟူသည်ကား–ဤစက္ခုစသောဓာတ်တို့၌ ထိုစက္ခုစသည်တို့၏ လက္ခဏာစသည်တို့ကိုလည်း ခန္ဓနိဒ္ဒေသ၌ ပြဆိုပြီးသော နည်းဖြင့်သာလျှင် သိအပ်ကုန်၏။

**"အစဉ်အားဖြင့်"** ဟူသည်ကား–ဤ ဓာတုဒေသနာ၌လည်း ယခင် ခန္ဓနိဒ္ဒေသဝယ် ပြဆိုပြီးသော ဥပ္ပတ္တိက္ကမ စသည်တို့တွင် ဒေသနာက္ကမ သည်သာလျှင် သင့်၏၊ ထိုဒေသနာက္ကမကိုကား အကြောင်း အကျိုးတို့၏ အစဉ်ကို မှတ်ခြင်း အစွမ်းအားဖြင့် ဟောတော်မူ၏၊ စက္ခုဓာတ်, ရူပဓာတ်ဟူသော ဤ ဓာတ်နှစ်ပါး အပေါင်းသည် စက္ခုဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းမည်၏၊ စက္ခုဝိညာဏဓာတ်သည် အကျိုးမည်၏၊ သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ် စသော ဓာတ်အားလုံးတို့၌လည်း ဤနည်းတူပင်တည်း။

၅၂၀။ **"ထိုမျှ တဆယ့်ရှစ်ပါး အတိုင်းအရှည်ရှိသည်၏ အဖြစ်အားဖြင့်"**ဟူသည်ကား–ထိုတဆယ့်ရှစ်ပါးမျှသာရှိသည်၏ အဖြစ်ဖြင့်ဟု ဆိုလိုသည်၊ထိုထို သုတ္တန်အဘိဓမ္မာပါဠိတော်တို့၌ အာဘာဓာတ်၊ သုဘဓာတ်၊ အာကာသာနဉ္စာယတနဓာတ်၊ ဝိညာဏဉ္စာယတနဓာတ်၊ အာကိဉ္စညာယတနဓာတ်၊ နေဝသညာ နာသညာယတနဓာတ် သညာဝေဒယိတနိရောဓဓာတ်၊ ကာမဓာတ်၊ ဗျာပါဒဓာတ်၊ ဝိဟိံသာဓာတ်၊နေက္ခမ္မဓာတ်၊ အဗျာပါဒဓာတ်

အဝိဟိံသာဓာတ်၊ သုခဓာတ်၊ ဒုက္ခဓာတ်၊ သောမနဿဓာတ်၊ ဒေါမနဿဓာတ်၊ ဥပေက္ခာဓာတ်၊ အဝိဇ္ဇာဓာတ်၊ အာရမ္ဘဓာတ်၊ နိက္ကမဓာတ်၊ ပရက္ကမဓာတ်၊ ဟီနဓာတ်၊ မဇ္ဈိမဓာတ်၊ ပဏီတဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်၊ သင်္ခတဓာတ်၊ အသင်္ခတဓာတ်၊ အနေကဓာတုလောက၊ နာနာဓာတုလောက ဤသို့ အစရှိကုန်သော အဋ္ဌာရသဓာတ်မှ တပါးသော ဓာတ်တို့သည် ထင်ကုန်၏၊ သို့ဖြစ်ပါလျက် အလုံးစုံသော ဓာတ်တို့၏ အစွမ်းအားဖြင့် အပိုင်းအခြားကို မပြုဘဲ ဓာတ်တဆယ့်ရှစ်ပါးဟု အပိုင်းအခြားကို အဘယ့်ကြောင့်ပြုဘိသနည်းဟူမူ ပရမတ္ထသဘောအားဖြင့် ထင်ရှား ရှိကုန်သော အလုံးစုံသော ဓာတ်တို့သည် ထိုဓာတ် တဆယ့်ရှစ်ပါးတို့၌သာ အတွင်းဝင်သည်၏ အဖြစ်ကြောင့် ပြုအပ်၏။

အတွင်းဝင်ပုံကား—ရူပဓာတ်သည်ပင် အာဘာဓာတ် မည်၏၊ ရာဂဝတ္ထု၏ အဖြစ်ဖြင့် ယူအပ်သော သုဘအခြင်းအရာဟုဆိုအပ်သော သုဘဓာတ်သည် ရူပဓာတ် စသည်တို့နှင့် စပ်၏၊ အဘယ့်ကြောင့်နည်း။ ရာဂဖြစ်ပွါးကြောင်း တင့်တယ်၏ဟု ရှုသော အခြင်း အရာ၏ အဖြစ်ကြောင့်တည်း၊ ရာဂ ဖြစ်ပွါးခြင်း၏ အကြောင်းဖြစ်သော သုဘအခြင်းအရာသည် သုဘဓာတ် မည်၏၊ ထို ရာဂဖြစ်ပွါးကြောင်း အခြင်းအရာသည်လည်း ရူပဓာတ်, သဒ္ဒဓာတ်စသည်တို့မှ အလွတ်မရှိ၊ တနည်းသော်၊ ကုသလဝိပါက်၏ အာရုံဖြစ်ကုန်သော ရူပ, သဒ္ဒ စသည်တို့သာလျှင် သုဘဓာတ်မည်၏၊ ထို့ကြောင့် ဤသုဘဓာတ်သည် ရူပ, သဒ္ဒ စသည်မျှပင်တည်း၊ အာကာသာနဉ္စာယတနဓာတ် စသည်တို့၌ စိတ်သည် မနောဝိညာဏဓာတ်ပင်တည်း၊ စိတ်မှကြွင်းသော သမ္ပယုတ်တရားတို့သည် ဓမ္မဓာတ်မည်၏။

သညာဝေဒယိတနိရောဓ ဓာတ်သည်ကား ပရမတ္ထ သဘော **အားဖြင့် မရှိ၊ ထိုဓာတ်သည် မနောဝိညာဏဓာတ်, ဓမ္မဓာတ်**

နှစ်ပါးတို့၏ ချုပ်ခြင်းမျှသာတည်း၊ ကာမဓာတ်သည် ဓမ္မဓာတ် မျှပင်သာတည်း၊ "တတ္ထ ကတမာ ကာမဓာတု၊ ကာမပဋိ- သံယုတ္တော တက္ကော,ဝိတက္ကော,မိစ္ဆာသင်္ကပ္ပေါ"။ ။"ထိုကာမ ဓာတ်စကား၌ ကာမဓာတ်သည် အဘယ်နည်း၊ အာရုံပြုသော အားဖြင့် ကာမဂုဏ်နှင့်စပ်သောအကြံသည် မှားသောအကြံသည် ကာမဓာတ် မည်၏"ဟု မြတ်စွာဘုရား ဟောတော်မူ၏။

တနည်းကား—ဓာတ် တဆယ့်ရှစ်ပါး တို့သည်လည်း ကာမ ဓာတ်မည်၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း၊ "ဟေဋ္ဌတော အဝီစိနိရယံ ပရိယန္တံ ကရိတွာ ဥပရိတော ပရ- နိမ္မိတဝသဝတ္တိဒေဝေ အန္တောကရိတွာ ယံ....(လ)....အယံ ဝုစ္စတိ ကာမဓာတု"။ ။"အောက်ကို အဝီစိတိုင်အောင် အပိုင်းအခြားပြု၍ အထက်ကို ပရနိမ္မိတဝသဝတ္တီ နတ်ပြည်တိုင်အောင် အတွင်းပြု၍ ဤသို့ ပိုင်းခြားအပ်သော အရပ်အတွင်း၌ ဤနယ်အတွင်းသက်ဝင် ၍ ကျင်လည်တတ်ကုန်သော တပါးသောအရပ်၌ ကျင်လည်ငြား သော်လည်း ဤ ကာမနယ်၌သာ အကြုံးဝင်ကုန်သော ခန္ဓာ၊ အာယတန၊ ဓာတ်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်တို့ကို ကာမဓာတ်ဟူ၍ ဆိုအပ်၏"။

နေက္ခမ္မဓာတ်သည် ဝိတက်အဘို့၌ ဓမ္မဓာတ်သာလျှင်တည်း၊ "သဗ္ဗေပိ ကုသလာ ဓမ္မာ နေက္ခမ္မဓာတု"။ ။"အလုံးစုံသော ကုသိုလ် တရားတို့သည် ဓမ္မဓာတ်သာ မည်ကုန်၏"ဟု ဘုရား ဟောတော်မူသောကြောင့် မနောဝိညာဏဓာတ်သည်လည်း နေက္ခမ္မဓာတ်မည်သည်သာလျှင်တည်း၊ ဗျာပါဒဓာတ်၊ ဝိဟိံသာ ဓာတ်၊ အဗျာပါဒဓာတ်၊ အဝိဟိံသာဓာတ်၊ သုခဓာတ်၊ ဒုက္ခ ဓာတ်၊ သောမနဿဓာတ်၊ ဒေါမနဿဓာတ်၊ ဥပေက္ခာဓာတ်၊ အဝိဇ္ဇာဓာတ်၊အာရမ္ဘဓာတ်၊ နိက္ကမဓာတ်၊ပရက္ကမဓာတ်တို့သည် ဓမ္မဓာတ်ပင်တည်း၊ ဟီနဓာတ်၊မဇ္ဈိမဓာတ်၊ပဏီတဓာတ်တို့သည် အဋ္ဌာရသဓာတ်မျှသာတည်း။

သင့်ပေစွ၊ ကဲ့ရဲ့ ရှုတ်ချအပ်ကုန်သော စက္ခု စသည် တို့သည် ဟီနဓာတ် မည်၏၊ ချီးမွမ်းအပ် တောခင့်တအပ် မြတ်ကုန်သော

စက္ခုစသည်တို့သည် မဇ္ဈိမဓာတ်လည်း မည်ကုန်၏၊ ပဏီတဓာတ်လည်း မည်ကုန်၏၊ စင်စစ်မှုချအားဖြင့်ကား အကုသိုလ်ဖြစ်ကုန်သော ဓမ္မဓာတ်, မနောဝိညာဏဓာတ်တို့သည် ဟီနဓာတ်မည်၏၊ လောကီကုသိုလ် အဗျာကတဖြစ်ကုန်သော ဓမ္မဓာတ်, မနောဝိညာဏဓာတ်တို့သည်၎င်း,စက္ခုစသောဓာတ်တို့သည်၎င်း မဇ္ဈိမဓာတ်မည်၏၊လောကုတ္တရာဖြစ်ကုန်သော ဓမ္မဓာတ်,မနော-ဝိညာဏဓာတ်တို့သည်ကား ပဏီတဓာတ်မည်၏၊ ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့သည် ဖောဋ္ဌဗ္ဗဓာတ်သာလျှင်တည်း၊ အာပေါဓာတ်, အာကာသဓာတ်တို့သည် ဓမ္မဓာတ်သာလျှင်တည်း၊ ဝိညာဏဓာတ်သည် စက္ခုစသော ဝိညာဏဓာတ် ခုနစ်ပါးတို့၏ အကျဉ်းပင်တည်း။

တဆယ့်ခုနစ်ပါးသော ဓာတ်တို့သည်၎င်း, ဓမ္မဓာတ် တစိတ်တဒေသသည်၎င်း သင်္ခတဓာတ် မည်၏၊ အသင်္ခတဓာတ်သည်လည်း ဓမ္မဓာတ် တစိတ် တဒေသပင်တည်း၊ အနေကဓာတုလောက, နာနာဓာတုလောကသည်ကား အဋ္ဌာရသ ဓာတ် အထူးအပြားမျှပင်တည်း၊ဤသို့ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိကုန်သော အလုံးစုံသော ဓာတ်တို့သည် ထိုဓာတ် တဆယ့်ရှစ်ပါးတို့၌သာ အတွင်းဝင်သည်၏အဖြစ်ကြောင့် တဆယ့်ရှစ်ပါး တိတိကိုသာ ဟောတော်မူအပ်ကုန်၏။

၅၂၁။ တနည်းကား—အထူးသဖြင့် အာရုံကို သိခြင်း သဘောရှိသော ဝိညာဉ်၌ ဇီဝ (အသက်) ဟု မှတ်မှားသော သညာရှိသူတို့၏ ဝိပလ္လာသ သညာကို ပယ်ခွါ နုတ်ပစ်ခြင်း အကျိုးငှါလည်း ဓာတ် တဆယ့်ရှစ်ပါးတို့ကိုသာ ဟောတော်မူအပ်ကုန်၏၊အထူးသဖြင့် အာရုံကို သိခြင်း သဘောရှိသော ဝိညာဉ်၌ ဇီဝ(အသက်)ဟု မှတ်မှားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ ထို သတ္တဝါတို့အား စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ....(လ)... မနောဝိညာဏ ဓာတ်တို့ကို ဝေဘန် ခွဲခြမ်းသဖြင့် ထိုဝိညာဉ်၏ များသောအဖြစ်ကို၎င်း,စက္ခု ရူပါရုံ

စသော ပစ္စည်းနှင့် စပ်သောအဖြစ်ကြောင့် အမြဲ မရှိသည်၏အဖြစ်ကိုပင်း ထင်ရှားပြတော်မူ၍ ရှည်မြင့်စွာသော ညဉ့်နေ့ပတ်လုံး အဖန်တလဲလဲကိန်းသော ဇီဝ (အသက်)ဟု မှတ်မှားသောသညာကို ပယ်ခွါ နုတ်ပစ်တော်မူလိုသောမြတ်စွာဘုရားသည် ဓာတ် တဆယ့်ရှစ်ပါးတို့ကိုသာ ပြတော်မူအပ်ကုန်၏။

စကားဆိုဘွယ် အနည်းငယ်ရှိသေး၏၊ ထိုသို့သော ဝေနေယျတို့၏ အဇ္ဈာသယအစွမ်းအားဖြင့်လည်း ဓာတ်တဆယ့်ရှစ်ပါးတို့ကိုသာ ပြအပ်ကုန်၏၊ ထင်ရှားစေအပ်-မကျဉ်းလွန်း, မကျယ်လွန်းသော ဤဓာတုဒေသနာဖြင့် ဆုံးမထိုက်သော သတ္တဝါတို့သည် ရှိကုန်၏၊ ထိုဆုံးမထိုက်သော ဝေနေယျတို့၏ အဇ္ဈာသယ အစွမ်းအားဖြင့်လည်း ဓာတ် တဆယ့်ရှစ်ပါးတို့ကို သာလျှင် ပြတော်မူအပ်ကုန်၏။

ဤသို့ ပြတော်မူသည် ရှိသော် ထိုမြတ်စွာဘုရား၏ သူတော်ကောင်းတရား၏ အစွမ်းဖြင့် ပယ်ဖျောက် အပ်သည်ဖြစ်၍ ဟောတော်မူသော ခဏာ၌ပင်လျှင် ဝေနေယျသတ္တဝါတို့၏ စိတ်နှလုံးတို့၌ အဝိဇ္ဇာဟူသောမှောင်သည် ကြေပျက် ကင်းပျောက်ခြင်းသို့ ရောက်၏၊ ထိုထို သမ္ပဒေပနည်း,ဝိဘင်္ဂရနည်းအားဖြင့် ထိုမြတ်စွာဘုရားသည် တရားတော်ကို ဟုတ်တိုင်းမှန်စွာ ဟောတော်မူ၏။

ဤသို့လျှင် ဤဓာတုဒေသနာ၌ ထိုမျှ တဆယ့်ရှစ်ပါးတိတိသာ ရှိသည်၏အဖြစ်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၁၂၂။ **"ရေတွက်ခြင်းအားဖြင့်"**ဟူသည်ကား-ရှေးဦးစွာ စက္ခုဓာတ်သည် စက္ခုဇာတ်အားဖြင့် တခုသောတရားဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏၊ ဂဏ္ဍပသာဒပင်တည်း၊ ထို့အတူ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ ဓာတ်တို့သည်လည်း သောတ ပသာဒ စသည်တို့၏ အစွမ်းအားဖြင့် တခုတခုသော တရားဟူ၍

သာလျှင် ရေတွက်ခြင်းသို့ ရောက်ကုန်၏၊ဓောဋ္ဌဗ္ဗဓာတ်သည်ကား ပထဝီ, တေဇော, ဝါယော၏ အစွမ်းဖြင့် သုံးပါးသော တရားတို့ဟူ၍ ရေတွက်ခြင်းသို့ ရောက်၏၊ စက္ခုဝိညာဏဓာတ်သည် ကုသလဝိပါက်, အကုသလ ဝိပါက်၏ အစွမ်းအားဖြင့် နှစ်ပါးသော တရားဟူ၍ ရေတွက်ခြင်းသို့ ရောက်၏။

ထို့အတူ သောတဝိညာဏဓာတ်၊ဃာနဝိညာဏဓာတ်၊ဇိဝှါ ဝိညာဏဓာတ်၊ ကာယဝိညာဏ ဓာတ်တို့သည် နှစ်ပါးသော တရားတို့ဟူ၍ ရေတွက်ခြင်းသို့ ရောက်၏၊မနောဓာတ်သည်ကား ပဉ္စဒွါရာဝဇ္ဇန်း, ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း, အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း၏ အစွမ်းအားဖြင့် သုံးပါးသော တရားတို့ ဟူ၍ ရေတွက်ခြင်းသို့ ရောက်၏၊ ဓမ္မဓာတ်သည် နာမက္ခန္ဓာသုံးပါး, သုခုမရုပ် တဆယ့်ခြောက်ပါး, အသင်္ခတ ဓမ္မဓာတ် တပါးတို့၏ အစွမ်းအားဖြင့် နှစ်ဆယ်သော တရားတို့ဟူ၍ ရေတွက်ခြင်းသို့ ရောက်၏၊ မနောဝိညာဏဓာတ်သည် ကုသိုလ်, အကုသိုလ်, ကြွင်းသော အဗျာကတဝိညာဉ်တို့၏ အစွမ်းဖြင့် ခုနစ်ဆယ့် ခြောက်ပါးသောတရားတို့ဟူ၍ ရေတွက်ခြင်းသို့ရောက်၏၊ ဤသို့ လျှင် ဤဓာတုဒေသနာ၌ ရေတွက်ခြင်းအားဖြင့် အဆုံးအဖြတ် ကို သိအပ်၏။

၅၂၃။ **"ပစ္စည်းအားဖြင့်"**ဟူသည်ကား–အထူးကိုသာ ဆိုအံ့၊ ဤဓာတုကထာ၌ ရှေးဦးစွာ စက္ခုဓာတ်သည် စက္ခု ဝိညာဏဓာတ်အား ဝိပ္ပယုတ္တပစ္စည်း၊ပုရေဇာတပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း၊ နိဿယပစ္စည်း၊ ဣန္ဒြိယ ပစ္စည်းတို့၏အစွမ်းအားဖြင့် ခြောက်ပါးသော ပစ္စည်း တို့ဖြင့် ကျေးဇူးပြု၏၊ ရူပဓာတ်သည် စက္ခုဝိညာဏ ဓာတ်အား ပုရေဇာတပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတ ပစ္စည်း၊အာရမ္မဏပစ္စည်းတို့၏အစွမ်းအားဖြင့် လေးပါး သောပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏၊ ထို့အတူ သောတ

ဝိညာဏဓာတ် စသည်တို့အား သောတဓာတ် သဒ္ဒဓာတ် စသည်တို့သည် ကျေးဇူးပြုတတ်ကုန်၏။

ထိုပဉ္စဝိညာဉ်တို့အား အာဝဇ္ဇန်းဖြစ်သော မနောဓာတ်သည် အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း၊ အနန္တရူပနိဿယ ပစ္စည်းတို့၏ အစွမ်းအားဖြင့် ငါးပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏၊ ထိုပဉ္စဝိညာဏဓာတ်တို့သည်လည်း သမ္ပဋိစ္ဆိုန်းဖြစ်သော မနောဓာတ်အား ငါးပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်၏၊ သမ္ပဋိစ္ဆိုန်းဖြစ်သော မနောဓာတ်သည် သန္တီရဏဖြစ်သော မနောဝိညာဏဓာတ်အား ထို့အတူ ငါးပါးသောပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏၊ ထိုသန္တီရဏဖြစ်သော မနော-ဝိညာဏ ဓာတ်သည်လည်း ဝုဋ္ဌောဖြစ်သော မနောဝိညာဏ ဓာတ်အား ထို့အတူ ငါးပါးသောပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏၊ ဝုဋ္ဌော ဖြစ်သော မနောဝိညာဏ ဓာတ်သည်လည်း ဇော ဖြစ်သော မနောဝိညာဏဓာတ်အား ထို့အတူ ငါးပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

အထူးတက်အံ့–ဇောဖြစ်သော မနောဝိညာဏ ဓာတ်သည် မိမိ၏ အခြားမဲ့၌ ဖြစ်သော ဇောဖြစ်သည့် မနောဝိညာဏ ဓာတ်အား ထိုအနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အနန္တရူပ နိဿယပစ္စည်း ငါးပါးတို့ဖြင့်၎င်း, အာသေဝနပစ္စည်းဖြင့်၎င်း ဤသို့ ခြောက်ပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏၊ ပြဆိုပြီးသော ဤနည်းသည် ရှေးဦးစွာ ပဉ္စဒွါရ၌ ဖြစ်သောနည်းတည်း။

မနောဒွါရ၌ကား ဘဝင်ဖြစ်သော မနောဝိညာဏဓာတ်သည် အာဝဇ္ဇန်းဖြစ်သော မနောဝိညာဏ ဓာတ်အား၎င်း, အာဝဇ္ဇန်း ဖြစ်သော မနောဝိညာဏ ဓာတ်သည်လည်း ဇောဖြစ်သော မနော ဝိညာဏဓာတ်အား၎င်း အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အနန္တရူပနိဿယ ပစ္စည်းငါးပါးတို့ဖြင့် ကျေးဇူးပြု၏၊ သဟဇာတ် ဖြစ်သည့် ဝေဒနာစသော နာမက္ခန္ဓာ ဓမ္မဓာတ်သည်ကား ဝိညာဏဓာတ် ခုနစ်ပါးတို့အား သဟဇာတပစ္စည်း၊ အညမည

ပစ္စည်း၊ နိဿယပစ္စည်း၊ သမ္ပယုတ္တပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း စသည်တို့ဖြင့် များသော အပြားအားဖြင့် ကျေးဇူးပြု၏။

စက္ခုဓာတ် စသည်တို့သည်ရင်း အချို့သော သုခုမရုပ်,နိဗ္ဗာန် စသော ဓမ္မဓာတ်သည်ရင်း အချို့သော မနောဝိညာဏဓာတ်အား အာရမ္မဏပစ္စည်း စသည်တို့ဖြင့် ကျေးဇူးပြုတပ်ကုန်၏၊ စက္ခုဝိညာဏဓာတ် စသည်တို့အား စက္ခုဓာတ်, ရူပဓာတ် စသည်တို့သည်သာလျှင် သက်သက် ကျေးဇူးပြုကုန်သည်မဟုတ်ကုန်၊စင်စစ် သော်ကား အလင်းရောင် စသည်လည်း ကျေးဇူးပြုကုန်သေး၏။

ထို့ကြောင့် ရှေးဆရာမြတ်တို့သည်—

"စက္ခုရူပါလောကမနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ သောတသဒ္ဒဝိဝရမနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ ဃာနဂန္ဓဝါယုမနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ဇိဝှါရသအာပမနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။ကာယဖောဋ္ဌဗ္ဗပထဝီမနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ဘဝင်္ဂမနဓမ္မမနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"။

"စက္ခုပသာဒ, ရူပါရုံ, အလင်း, နှလုံးသွင်းခြင်းတို့ကို စွဲ၍ စက္ခုဝိညာဉ်သည် ဖြစ်၏။ သောတပသာဒ, သဒ္ဒါရုံ, အပေါက်, မနသိကာရတို့ကို စွဲ၍ သောတဝိညာဉ်သည် ဖြစ်၏။ ဃာနပသာဒ, ဂန္ဓာရုံ, အနံ့ကိုဆောင်တတ်သော လေ, မနသိကာရတို့ကို စွဲ၍ ဃာနဝိညာဉ်သည် ဖြစ်၏။ ဇိဝှါပသာဒ, ရသာရုံ, အာပေါဓာတ်, မနသိကာရတို့ကို စွဲ၍ ဇိဝှါဝိညာဉ်သည်ဖြစ်၏။ ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ပထဝီဓာတ်, မနသိကာရတို့ကို စွဲ၍ ကာယဝိညာဉ်သည် ဖြစ်၏။ နှစ်ကြိမ်လှုပ်သော ဘဝင်စိတ်, ဓမ္မာရုံ, မနသိကာရတို့ကို စွဲ၍ မနောဝိညာဉ်သည် ဖြစ်၏" ဟူသော စကားကို ဆိုကုန်ပြီ။

ဤကား အကျဉ်းတည်း၊ အကျယ် အားဖြင့်ကား–ပစ္စည်း အပြားသည် ပဋိစ္စသမုပ္ပါဒ်နိဒ္ဒေသ၌ ထင်ရှားစွာ ဖြစ်လတ္တံ့၊ ဤသို့လျှင် ဤဓာတုဒေသနာ၌ ပစ္စည်းအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၂၄။ "**ရှုအပ်သော အားဖြင့်**" ဟူသည်ကား–ဤဓာတ် တို့၌ ပညာမျက်စိဖြင့် ရှုအပ်သည်၏ အဖြစ်ဖြင့်လည်း အဆုံး အဖြတ်ကို သိအပ်၏ဟု ဆိုလိုသည်၊ ချဲ့ဦးအံ့–အလုံးစုံ ရေတွက်အပ်ကုန်သော ဓာတ်တို့ကို လွန်ပြီးသော အခွန့် လာလတ္တံ့သော အခွန့်ကို၌ သဘောမှ ဆိတ်သည်၏ အဖြစ်ဖြင့်ငှင်း, ဓုဝအဖြစ်၊ သုဘအဖြစ်၊ သုခအဖြစ်၊ အတ္တအဖြစ်မှ ဆိတ်သည်၏ အဖြစ်ဖြင့်ငှင်း, ကံစသည့် အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသော အဖြစ်ဖြင့်ငှင်း ရှုအပ်ကုန်၏။

အထူးအားဖြင့်ကား–ဤ တဆယ့်ရှစ်ပါးသော ဓာတ်တို့တွင် စက္ခုဓာတ်ကို စည်မျက်နှာပြင်ကဲ့သို့ ရှုအပ်၏၊ ရူပဓာတ်ကို စည် လက်ခတ်ကဲ့သို့ရှုအပ်၏၊စက္ခုဝိညာဏဓာတ်ကို စည်သံကဲ့သို့ရှုအပ် ၏၊ ထိုမှတပါး စက္ခုဓာတ်ကို ကြေးမုံအပြင်ကဲ့သို့ မှတ်အပ်၏၊ ရူပ ဓာတ်ကို မျက်နှာကဲ့သို့ မှတ်အပ်၏၊စက္ခုဝိညာဏဓာတ်ကို မျက်နှာ ရိပ်ကဲ့သို့ မှတ်အပ်၏၊ ထိုမှတပါး စက္ခုဓာတ်ကို ကြံ,နှမ်းတို့ကဲ့သို့ မှတ်အပ်၏၊ ရူပဓာတ်ကို ကြံကြိတ်သော စက်, နှမ်းပွတ်သော ဆီဆုံ၌ဖွဲ့သော ကျည်ပွေ့ကဲ့သို့ မှတ်အပ်၏၊ ထိုမှတပါး စက္ခု-ဝိညာဏဓာတ်ကို ကြံရည်, နှမ်းဆီတို့ကဲ့သို့ မှတ်အပ်၏၊ ထိုမှတပါး စက္ခုဓာတ်ကို မီးပွတ်ခုံကဲ့သို့ မှတ်အပ်၏၊ ရူပဓာတ်ကို မီးပွတ်တံ ကဲ့သို့ မှတ်အပ်၏၊ စက္ခုဝိညာဏဓာတ်ကို မီးကဲ့သို့ မှတ်အပ်၏၊ သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ် စသည်တို့၌ ဤနည်းကဲ့သို့ပင် မှတ်အပ်၏။

မနောဓာတ်ကိုကား ဖြစ်သင့်သည်အားလျော်စွာ စက္ခု-ဝိညာဏဓာတ် စသည်တို့၏ ရှေ့သွားနောက်လိုက် ဖြစ်ကုန်သကဲ့သို့ မှတ်အပ်ကုန်၏၊ဓမ္မဓာတ်၌ ဝေဒနာက္ခန္ဓာကို မြားငြောင့်ကဲ့သို့ငှင်း

တံကျင်ကဲ့သို့၎င်း မှတ်အပ်၏၊ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို မြှားငြောင့် တံကျင်သဘွယ်ဖြစ်သော ရောဂါရှိသည်၏အဖြစ်ကြောင့် တကိုယ်လုံး အနာဖြင့်ပြည့်သော ရောဂါသည်တို့ကဲ့သို့ မှတ်အပ်ကုန်၏။

တနည်းကား–ပုထုဇဉ်တို့၏ သညာကိုတောင့်တ၍ မရခြင်းကြောင့်ဖြစ်သော ဆင်းရဲကို ဖြစ်စေတတ်သောကြောင့် အချည်းနှီးသော လက်ဆုပ်ကဲ့သို့၎င်း, မဟုတ်မမှန်သော အာရုံ၏ အမှတ်နိမိတ်ကို ယူတတ်သောကြောင့် တောသမင်ကဲ့သို့၎င်း မှတ်အပ်၏၊ သင်္ခါရတို့ကို ပဋိသန္ဓေ၌ ပစ်ချတတ်သည်၏အဖြစ်ကြောင့် မီးကျီးတွင်း၌ ပစ်ချတတ်သော ရန်သူယောကျ်ားကဲ့သို့၎င်း, ဇာတိဒုက္ခသည် အစဉ်လိုက်အပ်သည်၏အဖြစ်ကြောင့် မင်း၏ရဲမက်တော်တို့က အစဉ်လိုက်၍ ဖမ်းနေသော ခိုးသူတို့ကဲ့သို့၎င်း, အလုံးစုံအကျိုးစီးပွါးမဲ့ကို ဆောင်တတ်သော ခန္ဓာအစဉ်၏ အကြောင်း၏အဖြစ်ကြောင့် အဆိပ်ပင်ကြီး၏မျိုးစေ့ကဲ့သို့၎င်း မှတ်အပ်ကုန်၏၊ ရုပ်ကိုအထူးထူး အပြားပြား နှိပ်စက်ညှဉ်းဆဲတတ်သော ဥပဒ္ဒဝေါ၏ အကြောင်း၏အဖြစ်ကြောင့် အသွားထက်သော သင်ဓုန်းစက်ကဲ့သို့ မှတ်အပ်၏။

အသင်္ခတဓာတ် နိဗ္ဗာန်ကိုကား အမြိုက်ဆေးနှင့်တူသော အာ ဖြင့်၎င်း, ပူပန်မလိမ်း ငြိမ်းသောအားဖြင့်၎င်း, ဘေးဥပါဒ်ကင်းသောအားဖြင့်၎င်း မှတ်အပ်ကုန်၏၊ အဘယ့်ကြောင့်နည်း၊ အလုံးစုံအကျိုးမဲ့ကို ဖြစ်စေတတ်သည့် ရာဂစသော အဆိပ်, ဇာတိစသော အဆိပ်နှင့်တူသော တရားအပေါင်း၏ ဆန့်ကျင်ဘက်အဖြစ်ကြောင့်တည်း၊ မနောဝိညာဏဓာတ်ကို "အာရုံတို့တွင် ဤအာရုံသည် ဤဝိညာဉ်၏အာရုံတည်း" ဟု အမှတ်မရှိသည်၏အဖြစ်ကြောင့် တောမျောက်ကဲ့သို့၎င်း, ဆုံးမခက်သည်၏အဖြစ်ကြောင့် အရိုးပေါက်အောင်ထိုးသော်လည်း မယဉ်ကျေးသော မြင်းကြမ်းကဲ့သို့၎င်း, အမှတ်မရှိသော အာရုံကာမဂုဏ်၌ကျတတ်သောကြောင့် ကောင်းကင်သို့ ပစ်လွှတ်အပ်သော တုတ်ကဲ့သို့၎င်း, လောဘ ဒေါသစသည်ဖြင့်အထူးထူး အပြားပြားများသော

ကိလေသာအသွင်နှင့် ယှဉ်ခြင်းကြောင့် ကပ္ပဲသဘင်၌ အထူးထူးသောအသွင်ကို ဆောင်တတ်သော ကချေသည်ကဲ့သို့ရှင်းမှတ်အပ်ကုန်၏။

ဤသို့လျှင် သူတော်ကောင်းတို့ ဝမ်းမြောက်ခြင်းအကျိုးငှါ ပြုစီရင်အပ်သော
ဝိသုဒ္ဓိမဂ်ကျမ်း ပညာဘာဝနာကို ဆိုရာ၌ အာယတနဓာတ်တို့ကို
ဖော်ပြကြောင်းဖြစ်၍ အာယတနဓာတုနိဒ္ဒေသ မည်သော
၁၅-ခုမြောက်အပိုင်းသည် ပြီးပြီ။

**အာယတနဓာတုနိဒ္ဒေသ ပြီး၏။**

# ၁၆—ဣန္ဒြိယ သစ္စနိဒ္ဒေသပိုင်း

## ၁-ဣန္ဒြိယနိဒ္ဒေသ

၅၂၅။ ခေတ်တို့၏ အခြားမဲ့၌ ပြအပ်သော ဣန္ဒြေတို့သည် စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ ဟူ၍ နှစ်ဆယ့်နှစ်ပါး အပြားရှိကုန်၏။

ထို နှစ်ဆယ့်နှစ်ပါးသော ဣန္ဒြေတို့၌—

(၁) သာခရဏ, အသာခရဏ အနက်အားဖြင့်၎င်း၊
(၂) လက္ခဏာ စသည်တို့ဖြင့်၎င်း၊
(၃) အစဉ်အားဖြင့်၎င်း၊
(၄) ဘေဒ, အဘေဒ အားဖြင့်၎င်း၊
(၅) မိမိတို့၏ ကိစ္စအားဖြင့်၎င်း၊
(၆) ဖြစ်ရာ ဘုံအားဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏။

ထိုတွင် ရှေးဦးစွာ စက္ခုစသည်တို့၏ "ပြတတ်သောကြောင့် စက္ခုမည်၏" အစရှိသောနည်းဖြင့် အနက်ကို ထင်ရှား ပြပြီးပြီ၊ အလူးကိုသာ ဆိုအံ့၊ နောက်ဖြစ်သော အနညာတညဿာမိ-တိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ သုံးပါးတို့တွင် ပဌမဖြစ်သော အနညာတညဿာမိတိန္ဒြေကို အရိယမဂ်၏ ရှေ့အဘို့၌ မသိဘူး မရဘူးသေးသော သေခြင်း ကင်းကြောင်း ဖြစ်သော နိဗ္ဗာန်ကို ဝါ-သစ္စာလေးပါးကို သိအောင် ပြုအံ့ဟု ကျင့်သောပုဂ္ဂိုလ်အား ဖြစ်ခြင်းကြောင့်၎င်း, ဣန္ဒြေ၏ အနက်သဘော ဖြစ်သင့်သော ကြောင့်၎င်း အနညာတညဿာမိတိန္ဒြေဟူ၍ ဆိုအပ်၏။

ဒုတိယ အညိန္ဒြေကို ပဌမမဂ်ဖြင့် မြင်အပ်ပြီးသော အပိုင်းအခြားကို မလွန်မူ၍ ထို မဂ်ဖြင့် သိအပ်ပြီးသော သစ္စာလေးပါးကိုတဖန် သိခြင်းကြောင့်၎င်း, ဣန္ဒြေ၏ အနက်သဘော ဖြစ်သင့်သောကြောင့်၎င်း အညိန္ဒြေဟူ၍ ဆိုအပ်၏၊ တတိယ အညာတာဝိန္ဒြေကို သစ္စာလေးပါး တရားကို သိပြီးသော သစ္စာလေးပါးတို့၌ သိခြင်းကိစ္စ ပြီးပြီးသော ရဟန္တာအားဖြစ်ခြင်းကြောင့်၎င်း, ဣန္ဒြေ၏ အနက်သဘော ဖြစ်သင့်သောကြောင့်၎င်း အညာတာဝိန္ဒြေ ဟူ၍ ဆိုအပ်၏။

ဤဣန္ဒြိယ၏ အနက်သဘော မည်သည် အဘယ်နည်း၊ ဣန္ဒ မည်သော ကုသိုလ်, အကုသိုလ်ကံကို ပြတတ်သော တရား၏ သဘောသည် ဣန္ဒြိယဋ္ဌ မည်၏၊ ဣန္ဒ မည်သော သဗ္ဗညုဘုရားသည် ဟောအပ်သော တရား၏ အနက်သဘောသည် ဣန္ဒြိယဋ္ဌ မည်၏၊ ဣန္ဒ မည်သော သဗ္ဗညုဘုရားသည် မြင်တော်မူအပ်သော တရား၏ အနက်သဘောသည် ဣန္ဒြိယဋ္ဌ မည်၏၊ ဣန္ဒ မည်သော ကံသည် စီရင်အပ် ဖြစ်စေအပ်သော တရား၏ အနက်သဘောသည် ဣန္ဒြိယဋ္ဌ မည်၏၊ ဣန္ဒ မည်သော သဗ္ဗညုဘုရားသည် မှီဝဲအပ်သော တရား၏ အနက်သဘောသည် ဣန္ဒြိယဋ္ဌ မည်၏၊ ဝါ-ဣန္ဒြေ၏ သဘော မည်၏၊ ဝါ-ဣန္ဒြိယသဒ္ဒါ၏အနက် မည်၏၊ အလုံးစုံသော ထိုထို အနက်သဘောသည် ဤဣန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့၌ ယှဉ်သင့်သည်အားလျော်စွာ ယှဉ်အပ်၏။

ချဲ့ဦးအံ့—သစ္စာ ဥဒ္ဒေ ယျ မြတ်စွာကို တစ မကျန် မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူပြီးသော သဗ္ဗညုဘုရားသည် လွန်ကဲသော အစိုးရခြင်း ရှိတော်မူသည်၏ အဖြစ်ကြောင့် ဣန္ဒ မည်တော်မူ၏၊ ကုသိုလ်,အကုသိုလ်ကံသည်လည်း ကံတို့၌ တစုံတယောက်သော သူ၏ အစိုးရသော အဖြစ် မရှိခြင်းကြောင့် ဣန္ဒ မည်၏။

ထိုသို့ ဘုရား၏၎င်း,ကံ၏၎င်း ဣန္ဒ မည်သည်၏ အဖြစ်ကြောင့် ထိုဣန္ဒြေ နှစ်ဆယ့် နှစ်ပါးတို့တွင် ရှေးဦးစွာ ကံသည် ဖြစ်စေအပ်ကုန်သော စက္ခုစသော ဣန္ဒြေတို့သည် ကုသိုလ်ကံ, အကုသိုလ်ကံကို သိစေတတ်ကုန်၏၊ ပြတတ်ကုန်၏၊ ထိုကုသိုလ်,အကုသိုလ်

ဏှာံသည်လည်း စီရင်အပ်, ဖြစ်စေအပ်ကုန်၏၊ ဤသို့ ဉာဏ်မည်သော ကံသည် ပြုတတ်သော' သဘောကြောင့်ရင်း, ပြုတတ်သည် ဟူသော အနက်ကြောင့်ရင်း, ဉာဏ်မည်သော ကံသည် စီရင်အပ်, ဖြစ်စေအပ်သော သဘောကြောင့်ရင်း, စီရင်အပ်, ဖြစ်စေအပ်သည် ဟူသော အနက်ကြောင့်ရင်း ဉာဏ်ခြေတို့ မည်ကုန်၏။

ထိုမှတပါး ဉာဏ်မည်သော မြတ်စွာဘုရားသည် အလုံးစုံသော ဉာဏ်ခြေ နှစ်ဆယ့်နှစ်ပါးတို့ကို ဟုတ်မှန်သော သဘောအားဖြင့် ဟောကြားဖူး ပြုသအပ်ကုန်၏၊ ထူးသော သဗ္ဗညုတဉာဏ်ဖြင့် ကိုယ်တိုင်လည်း သိတော်မူအပ်ကုန်၏၊ ဤသို့ ဉာဏ်မည်သော ဘုရားသည် ဟောတော်မူအပ်သည်၏ အဖြစ်တည်းဟူသော သဘောကြောင့်ရင်း, ဉာဏ်မည်သောဘုရားသည် မြင်တော်မူအပ်သည်၏ အဖြစ်တည်းဟူသော သဘောကြောင့်ရင်း ဉာဏ်ခြေမည်ကုန်၏။

မုနိငါးပါးတို့ကို အစိုးရတော်မူသော ဉာဏ်မည်သော ထိုမြတ်စွာဘုရားသည်ပင်လျှင် အာရုံပြုသောအားဖြင့် မှိဝဲခြင်းဖြင့် အချို့သော ဉာဏ်ခြေတို့ကို ပွါးစေသောအားဖြင့် မှိဝဲခြင်းဖြင့် မှိဝဲအပ်ကုန်၏၊ ဤသို့ ဉာဏ်မည်သော မြတ်စွာဘုရားသည် ဂေါစရာသေဝန ဘာဝနာသေဝနအားဖြင့် မှိဝဲအပ်သည်၏ အဖြစ်ဟူသော သဘောကြောင့်လည်း ဉာဏ်ခြေမည်ကုန်၏။

တနည်းကား—အစိုးရသည်၏အဖြစ် ဟု ဆိုအပ်သော အစိုးရသည်၏ အဖြစ်ဟူသော သဘောကြောင့်လည်း ထိုနှစ်ဆယ့်နှစ်ပါးတို့သည် ဉာဏ်ခြေမည်ကုန်၏၊ ထိုစကားမှန်၏၊ စက္ခုဝိညာဉ်စသည်တို့၏ ဖြစ်ခြင်း၌ ထိုစက္ခု စသည်သည် ထက်သည်ရှိသော် ထိုစက္ခုဝိညာဉ်စသည်တို့၏ ထက်သည်၏ အဖြစ်ကြောင့် နုံ့သည်ရှိသော် နုံ့သည်၏ အဖြစ်ကြောင့် စက္ခုစသည်တို့၏ အစိုးရသော အဖြစ်သည် ပြီး၏၊ ထို့ကြောင့် ဉာဏ်ခြေမည်ကုန်၏၊ ဤဆိုအပ်ပြီးသည်ကား ထိုဉာဏ်ခြေတို့၌ ရှေးဦးစွာ သာဓာရဏ အသာဓာရဏ ဝစနတ္ထအားဖြင့် အဆုံးအဖြတ်တည်း။

**"လက္ခဏာစသည်တို့ဖြင့်"** ဟူသည်ကား-လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ဖြင့်လည်း စက္ခုစသည်တို့၏ အဆုံးအဖြတ်ကို သိရာ၏ဟု ဆိုလိုသည်၊ ထိုစက္ခုစသည်တို့၏ ထိုလက္ခဏာစသည်တို့ကို ခန္ဓနိဒ္ဒေသ၌ ပြဆိုခဲ့ပြီ၊ ပညိန္ဒြေ, အနညာတညဿာမိ-တိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ ဤလေးပါးတို့သည် သရုပ်တရားကိုယ်အားဖြင့် အမောဟပင်တည်း၊ အသီးအခြား တရားလေးပါး မဟုတ်ကုန်၊ ပညိန္ဒြေစသည်မှ ကြွင်းသော ဣန္ဒြေတို့သည်ကား ထိုခန္ဓနိဒ္ဒေသ၌ သရုပ်အားဖြင့် လာကုန်၏။

၅၂၆။ **"အစဉ်အားဖြင့်"** ဟူသည်ကား-ဤအစဉ်သည်လည်း ဒေသနာက္ကမ အစဉ်သာလျှင်တည်း၊ ထိုဣန္ဒြေတို့တွင် အဇ္ဈတ္တဓမ္မကို ပိုင်းခြား၍ သိခြင်းကြောင့် အရိယာဘုံကို ရခြင်းသည် ဖြစ်၏၊ ထို့ကြောင့် အတ္တဘော၌ အကျုံးဝင်ကုန်သော စက္ခုဣန္ဒြေစသည်တို့ကို ရှေးဦးစွာ ဟောတော်မူအပ်ကုန်၏၊ ထိုအတ္တဘောသည်လည်း အကြင်တရားကို အစွဲပြု၍ မိန်းမဟူ၍၎င်း, ယောကျ်ားဟူ၍၎င်း ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ထိုယောကျ်ား, မိန်းမဟု ခေါ်ဝေါ်ခြင်း၏ အကြောင်းဖြစ်သော တရားသည်ကား ဤတရားပင်တည်းဟု ပြခြင်းအကျိုးငှါ ထိုစက္ခုန္ဒြေစသည်မှ နောက်၌ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေကို ဟောတော်မူ၏၊ ထိုဣန္ဒြေ နှစ်ပါးသည်လည်း ဇီဝိတိန္ဒြေနှင့်စပ်သော ဖြစ်ခြင်းရှိ၏ဟု သိစေခြင်းအကျိုးငှါ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ၏ နောက်၌ ဇီဝိတိန္ဒြေကို ဟောတော်မူ၏။

အမှတ်မရှိ အလုံးစုံသော ထိုဝေဒနာဟူသမျှသည်လည်း ဒုက္ခသာတည်း၊ ရုပ်အတ္တဘော နာမ်အတ္တဘောကို စောင့်တတ်သော ထိုဇီဝိတိန္ဒြေ၏ မပြတ်မစဲသမျှ ကာလပတ်လုံး ဒုက္ခဖြစ်၍ ဖြစ်သော ဝေဒနာတို့၏ မဆုတ်မနစ်ခြင်းသည် ဖြစ်၏ဟု သိစေခြင်းအကျိုးငှါ ထိုဇီဝိတိန္ဒြေမှ နောက်၌ သုခိန္ဒြေ စသည်တို့ကို ဟောတော်မူအပ်ကုန်၏။

ထိုမှတပါး ထိုပဿဒ္ဓိခြေတို့၏ ချုပ်ခြင်း၄ါ ထိုသင်္ခါရစသော တရားတို့ကို ပွါးစေအပ်ကုန်၏ဟု ပုဗ္ဗဘာဂဖြစ်သော အကျင့်ကို ပြခြင်း၄ါ ထိုဥပေက္ခာခြေမှ နောက်၌ သင်္ခါရ စသည်တို့ကို ဟောတော်မူအပ်ကုန်၏၊ ဤအကျင့်ဖြင့် ဤအနုလောမတည်ဿာမိတိခြေ သည် ရှေးဦးစွာ မိမိ၌ ထင်ရှားဖြစ်၏၊ ဤသို့ အကျင့်၏အချည်းနှီး မဟုတ်သော အဖြစ်ကို ပြခြင်း၄ါ ထိုပညိခြေနောက်မှ အနုလော တည်ဿာမိတ်ခြေကို ဟောတော်မူ၏။

ထိုအနုလောတည်ဿာမိတိခြေ၏ သာလျှင် အကျိုး၏ အဖြစ် ကြောင့် ထိုအနုလောတည်ဿာမိတိခြေကို ပွါးသည်၏ အခြားမဲ့၌ ပွါးစေအပ်သည်၏ အဖြစ်ကြောင့် ထိုအနုလောတည်ဿာမိတ်ခြေမှ နောက်၌ အညိခြေ ကို ဟောတော်မူ၏၊ ထိုအညိခြေမှ နောက်၌ ပွါးများခြင်းဖြင့် ဤတရားကို ရ၏၊ ဤအရဟတ္တဖိုလ်တရားကို ရပြီးသော်ကား အလွန်ပြုဘွယ်ကိစ္စသည် စိုးစဉ်းမျှ မရှိတော့ပြီဟု သိစေခြင်းအကျိုး၄ါ အဆုံး၌ အလွန်သက်သာရာ ဖြစ်၍ဖြစ်သော အညာတာဝိခြေကို ဟောတော်မူ၏၊ ဤ ပြဆိုပြီးသည်ကား ဤ ဣခြေ နှစ်ဆယ့်နှစ်ပါးတို့၌ ဒေသနာက္ကမ ဟောစဉ်တည်း။

“**ဘေဒအဘေဒအားဖြင့်**”ဟူသည်ကား—အထူးကိုသာဆိုအံ့၊ ဤဣခြေတို့တွင် ဇီဝိတိခြေ၏ သာလျှင် အထူးအပြား ရှိ၏၊ ထင်ရှားစေအံ့—ထိုဇီဝိတိခြေသည် ရုပ်ဇီဝိတိခြေ, နာမ်ဇီဝိတိခြေ ဟူ၍နှစ်ပါး ရှိ၏၊ ကြွင်းသော ဣခြေတို့၌ အကွဲအပြားမရှိ၊ ဤသို့ ဤဣန္ဒြိယဒေသနာ၌ ဘေဒ အဘေဒအားဖြင့် အဆုံးအဖြတ်ကို သိရာ၏။

၁၂၇။ “**ကိစ္စအားဖြင့်**”ဟူသည်ကား—ဣခြေတို့၏ ကိစ္စဟူသည် အဘယ်နည်း၊ ရှေးဦးစွာ စက္ခုခြေ၏ “စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော”ဟု ဘုရားဟောတော်မူသော ကြောင့် ဣန္ဒြိယပစ္စည်း၏ အဖြစ်ဖြင့် ပြီးစေအပ်သော ဓမ္မဟု ဆိုအပ်သော စက္ခုခြေ၏ ထက်သည် နံ့သည် စသော အဖြစ်သည် ရှိသော် စက္ခုဝိညာဉ်စသော

တရားတို့ကို အကြင် ထက်သည် နုံ့သည် စသည်ဟု ဆိုအပ်သော မိမိ၏ အခြင်းအရာသို့ လိုက်စေခြင်းသည် ရှိ၏၊ ဤဇုန္ဒြိယပစ္စည်း၏ အဖြစ်ဖြင့် ပြီးစေအပ်သော မိမိ၏ အခြင်းအရာသို့ လိုက်စေခြင်းသည် ကိစ္စမည်၏။

သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့၏ ကိစ္စကိုလည်း ထိုနည်းတူ သိအပ်၏၊ မန်န္ဒြေ၏ကား ဇုန္ဒြိယပစ္စည်းဖြင့် ပြီးစေအပ်သော သဟဇာတ် တရားတို့ကို မိမိ၏အလိုသို့ လိုက်စေခြင်းသည် ကိစ္စမည်၏၊ ဇီဝိတိန္ဒြေ၏ သဟဇာတ်ဖြစ်သော ရုပ်နာမ် တရားတို့ကို အစဉ်မပြတ် စောင့်ရှောက်ခြင်းသည် ကိစ္စမည်၏။

မိန်းမ, ယောကျ်ားတို့၏ အသွင်အပြင် ပုံသဏ္ဌာန် နိမိတ် လက္ခဏာပြုမူပုံ အခြင်းအရာများသည် ဇုတ္ထိန္ဒြေ၏ကိစ္စ ပုရိသိန္ဒြေ၏ ကိစ္စမည်၏၊ သဟဇာတ် တရားတို့ကို နှိပ်နင်း၍ အကြင်အကြင် မိမိဥစ္စာဖြစ်သော ရုန့်ရင်းသော အခြင်းအရာသို့ ရောက်စေခြင်း သည် သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေတို့၏ ကိစ္စမည်၏၊ ငြိမ်သက်မွန်မြတ်သော လျစ်လျူသောအခြင်းအရာသို့ ရောက်စေခြင်းသည် ဥပေက္ခိန္ဒြေ၏ကိစ္စ မည်၏၊ အသဒ္ဓိယ စသော ဆန့်ကျင်ဘက်တရားတို့ကို နှိပ်နင်းခြင်းသည်၎င်း, သမ္ပယုတ်တရား တို့ကို ကြည်လင်စေသော အခြင်းအရာ, ချီးပင့်သောအခြင်းအရာ, အာရုံသို့ ကပ်၍တည်သောအခြင်းအရာ, အာရုံ၌ ကောင်းစွာ ထားသောအခြင်းအရာ,အာရုံကိုရှုသောအခြင်းအရာသို့ ရောက်စေ ခြင်းသည်၎င်း သဒ္ဓိန္ဒြေစသည်တို့၏ ကိစ္စမည်၏။

သံယောဇဉ် သုံးပါးအပေါင်းကို ပယ်ခြင်းသည်၎င်း, သမ္ပယုတ် တရားတို့ကို ထိုသံယောဇဉ်သုံးပါးကို ပယ်ခြင်းသို့ ရှေးရှုသည်၏ အဖြစ်ကို ပြုခြင်းသည်၎င်း အနညာတညဿာမိတိန္ဒြေ၏ကိစ္စ မည်၏၊ ကာမရာဂ ဗျာပါဒစသည်တို့ကို ခေါင်းပါးအောင် ပြုသဖြင့် ပယ်ခြင်းသည်၎င်း, သဟဇာတ်တရားတို့ကို မိမိ၏ အလိုသို့လိုက်စေခြင်းသည်၎င်း အညိန္ဒြေ၏ ကိစ္စမည်၏၊ အလုံးစုံ သောကိစ္စတို့၌ လုံ့လမပြုခြင်းသည်၎င်း, အမြိုက် နိဗ္ဗာန်သို့ ရှေးရှု

ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်သည်၎င်း အညာတာဝိန္ဒြေ၏ကိစ္စ မည်၏၊ ဤသို့လျှင် ဤဣန္ဒြိယဒေသနာ၌ ကိစ္စအားဖြင့် အဆုံး အဖြတ်ကို သိရာ၏။

၅၂၀။ **"ဖြစ်ရာဘုံအားဖြင့်"** ဟူသည်ကား— ဤဣန္ဒြေတို့တွင် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေတို့သည် ကာမာဝစရ တရားတို့သည်သာ တည်း။ မနိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ ဥပေက္ခိန္ဒြေတို့သည်၎င်း၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ တို့သည်၎င်း ဘုံလေးပါး၌ အကျုံးဝင်ကုန်၏၊ သော-မနဿိန္ဒြေသည် ကာမာဝစရ,**ရူပါဝစရ**,လောကုတ္တရာ၏ အစွမ်းအားဖြင့် ဘုံသုံးပါး၌ အကျုံးဝင်၏၊ အဆုံးသုံးပါး သော ဣန္ဒြေတို့သည်ကား လောကုတ္တရာတရားတို့သာ တည်း၊ ဤသို့လျှင် ဣန္ဒြိယနိဒ္ဒေသ၌ ဘုံအားဖြင့် အဆုံး အဖြတ်ကို သိရာ၏။

အကျိုးထူးကား—ပြဆိုပြီးသောနည်းဖြင့် ပိုင်းခြား၍ သိသော သံဝေဂများပြားသော ရဟန်းသည် ဣန္ဒြိယ သံဝရသီလ၌တည်လျက် ဣန္ဒြေတို့ကို ပိုင်းခြား၍ သိပြီးသော ကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို မျက် မှောက်ပြုရပေလတ္တံ့။

ဣန္ဒြေတို့၏အကျယ်ကို ဖော်ပြခြင်း ပြီး၏။

## ၂-သစ္စနိဒ္ဒေသ

၅၂၉။ ထိုဣန္ဒြေတို့၏အခြားမဲ့၌ အကျဉ်းပြဆိုပြီးသော သစ္စာတို့ သည် ဒုက္ခဖြစ်သောအရိယသစ္စာ, ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သော သမုဒယအရိယသစ္စာ, ဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော နိရောဓအရိယသစ္စာ, ဒုက္ခ၏ချုပ် ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂအရိယသစ္စာဟူ၍ လေးပါးရှိကုန်၏။

ထိုသို့ အကျဉ်းပြပြီးသော သာသနက္ကမ သစ္စာ အရိယ ဒေသနာ၌—

(၁) ခွဲခြမ်း ဝေဘန်သောအားဖြင့်ငင်း၊
(၂) စကားအဓိပ္ပါယ် လက္ခဏာ စသည်တို့၏ **အပြား** အားဖြင့် ငင်း၊
(၃) သစ္စာ၏ အနက်သဘော ထိုသစ္စာ၏အနက်ကို ထုတ်သောအားဖြင့်ငင်း၊
(၄) မယုတ်မလွန်သောအားဖြင့်ငင်း၊
(၅) အစဉ်အားဖြင့်ငင်း၊
(၆) ဇာတိစသည်တို့ကို ဆုံးဖြတ်သောအားဖြင့်ငင်း၊
(၇) သစ္စာဉာဏ်၏ ကိစ္စအားဖြင့်ငင်း၊
(၈) အတွင်းဝင်သော တရားတို့၏ အပြားအားဖြင့်ငင်း၊
(၉) ဥပမာအားဖြင့်ငင်း၊
(၁၀) စတုက္ကအားဖြင့်ငင်း။
(၁၁) သုညတအားဖြင့်ငင်း၊
(၁၂) ဧကဝိဓစသည်တို့ဖြင့်ငင်း၊
(၁၃) သဘာဂ, ဝိသဘာဂအားဖြင့်ငင်း အဆုံးအဖြတ်ကို ပညာရှိသည် သိအပ်၏။

## သစ္စာအနက် ၁၆-ချက်

(၁) **"ခွဲခြမ်းဝေဘန်သောအားဖြင့်"** ဟူသည်ကား–ဒုက္ခ စသည်တို့ကို ထူးသောဉာဏ်ဖြင့် အသင့်သိကုန်သော အရိယာ အရှင်တို့သည် အကြင်သဘောတို့ကို ထူးသောဉာဏ်ဖြင့် အသင့် သိအပ်ကုန်၏၊ ဒုက္ခစသည်တို့၏ လေးပါးစီ လေးပါးစီတို့ဟူ၍ မြတ်စွာဘုရားသည် ဝေဘန်အပ်ကုန်သော ထိုသဘောတို့သည် မှန်ကုန်၏၊ မချွတ်မယွင်းသော သဘောဖြစ်ကုန်၏၊ အဗာနေ စသော တပါးသော အခြင်းအရာမှ ကင်းကုန်၏၊ အဘယ်သို့ မြတ်စွာဘုရားဟောတော်မူသနည်းဟူမူကား—

"ဒုက္ခဿ ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော၊ ဣမေ စတ္တာရော ဒုက္ခဿ ဒုက္ခဋ္ဌာ တထာ, အဝိတထာ, အနညထာ။

သမုဒယဿ အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သံယောဂဋ္ဌော, ပလိဗောဓဋ္ဌော။ နိရောဓဿ နိဿရဏဋ္ဌော, ဝိဝေကဋ္ဌော, အသင်္ခတဋ္ဌော, အမတဋ္ဌော။ မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော၊ ဣမေ စတ္တာရော မဂ္ဂဿ မဂ္ဂဋ္ဌာ တထာ, အဝိတထာ, အနညထာ"။

ဟူ၍ ဟောတော်မူ၏။ ။အဓိပ္ပါယ်ကား—

## ဒုက္ခအနက် ၄-ချက်

(၁) ဒုက္ခသစ္စာ၏ ဒုက္ခဒုက္ခ၏အဖြစ် ထိုဒုက္ခဒုက္ခ၏ အကြောင်း၏ အဖြစ်ထို့ဖြင့် ဒုက္ခသမင်္ဂီပုဂ္ဂိုလ်ကို နှိပ်စက်ညှဉ်းဆဲခြင်းသဘော၊

(၂) အကြောင်းတရားတို့သည် အညီအညွတ်တကွဖြစ်၍ ပြုပြင်အပ်သည်၏ အဖြစ် ဟူသောသဘော၊

(၃) ဒုက္ခဒုက္ခ၏အဖြစ် ထိုဒုက္ခဒုက္ခ၏ အကြောင်း၏အဖြစ် တို့ဖြင့် ထက်ဝန်းကျင် ပူလောင်စေခြင်းသဘော၊

(၄) ဇရာမရဏ ဟူသော အဘို့နှစ်ပါးတို့ဖြင့် ဖောက်ပြန်စေအပ်သည်၏အဖြစ် ဟူသောသဘော၊

ဤပြဆိုပြီးသော ဒုက္ခသစ္စာ၏ ဒုက္ခ၏အဖြစ်ဟူသော သဘောလေးပါးတို့သည် မှန်ကုန်၏၊မချွတ်မယွင်းသော သဘောဖြစ်ကုန်၏၊ အဗ္ဗာမနေစသော တပါးသောအခြင်းအရာမှ ကင်းကုန်၏။

## သမုဒယအနက် ၄-ချက်

(၁) သမုဒယသစ္စာ၏ ထိုထို အာရုံ ဘုံဘဝတို့၌ အလွန်နှစ်သက်သည်၏အစွမ်းဖြင့် နှံ၍ ဒုက္ခစည်ပင် ပြန့်ပွါး

ခြင်းများအောင် ဆင်းရဲအပေါင်းအစုကို ဖြစ်စေခြင်း သဘော၊

(၂) ဤကား ထိုဒုက္ခပင်တည်းဟု ဆင်းရဲကို ညွှန်ပြသကဲ့သို့ ဖြစ်စေခြင်း သဘော၊ ဝါ-ဒုက္ခကို ဆောင်နှင်း၏သို့ ဖြစ်စေခြင်း သဘော၊

(၃) ဝဋ်တွင်းသား သတ္တဝါကို သံသရာဆင်းရဲနှင့် ယှဉ်စေခြင်း သဘော၊

(၄) မဂ်ဖိုလ်ရခြင်းကို နှောက်ယှက် တားဆီး ပိတ်ပင်တတ်သော သဘော၊

သမုဒယသစ္စာ၏ ဤပြဆိုပြီးသော သမုဒယ၏ အဖြစ်သဘော လေးပါးတို့သည် မှန်ကုန်၏၊ မချွတ်မယွင်းသော သဘောဖြစ်ကုန်၏၊ အဗာဓနေစသော တပါးသောအခြင်းအရာမှ ကင်းကုန်၏။

## နိရောဓအနက် ၄-ချက်

(၁) နိရောဓသစ္စာ၏ သတ္တဝါတို့ သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ရာဖြစ်သော သဘော၊

(၂) ဥပဓိတို့မှ ဆိတ်၍ သမုဒယတို့မှကင်းသော သဘော၊

(၃) အကြောင်းတရားတို့သည် မပြုပြင်အပ်သည်၏ အဖြစ်ဟူသော သဘော၊

(၄) ပျက်စီးခြင်း ကင်းသည်၏ အဖြစ်ဟူသော သဘော၊

ဤ နိရောဓသစ္စာ၏ ပြဆိုပြီးသော နိရောဓ၏အဖြစ် သဘော လေးပါးတို့သည် မှန်ကုန်၏၊ မချွတ်မယွင်းသော သဘောဖြစ်ကုန်၏, အဗာဓနေစသော တပါးသော အခြင်းအရာမှ ကင်းကုန်၏။

## မဂ္ဂအနက် ၄-ချက်

(၁) မဂ္ဂသစ္စာ၏ သံသရာမှ ထွက်မြောက်ခြင်းသဘော၊

(၂) နိဗ္ဗာန်သို့ ရောက်ကြောင်း၏ အဖြစ်သဘော၊

(၃) နိဗ္ဗာန်ကို မြင်ခြင်း သဘော၊
(၄) ကိလေသဒုက္ခဟူသော ပူပန်ခြင်းကို ငြိမ်းအေးစေရာ ဝယ် သမ္မယုတ်တရားတို့၌ မိမိက အစိုးရသောအဖြစ် ကို ပြုတတ်သည်၏ အဖြစ်သဘော၊ ဝါ-အာရမ္မဏာ ဓိပတိအဖြစ် သဘော၊

ဤ မဂ္ဂသစ္စာ၏ ပြဆိုပြီးသော မဂ်၏အဖြစ်သဘော လေးပါး တို့သည် မှန်ကုန်၏၊ မချွတ်မယွင်းသော သဘော ဖြစ်ကုန်၏၊ အဗာဓနစသော တပါးသောအခြင်းအရာမှ ကင်းကုန်၏။

ထိုမှတပါး—

"ဒုက္ခဿ ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော, အဘိသမယဋ္ဌော"····

အစရှိသည်ကို ဟောတော်မူပြီ။.

## အဝိပ္ပါယ်ကား

(၁) သတ္တဝါတို့ကို နှိပ်စက်ညှဉ်းဆဲခြင်း သဘော၊
(၂) အကြောင်းတရားတို့သည် ပြုပြင်စီရင်ခြင်း သဘော၊
(၃) ထက်ဝန်းကျင် ပူလောင်စေခြင်း သဘော၊
(၄) ဖောက်ပြန်စေခြင်း သဘော၊

ဒုက္ခသစ္စာ၏ ဤလေးပါးသော သဘောတို့သည် ထူးသော ဉာဏ်ဖြင့်သိအပ်သည်၏အဖြစ်တည်းဟူသောသဘောဖြစ်ကုန်၏။

ဤသို့ ပြဆိုပြီးသောနည်းဖြင့် ဝေဘန်အပ်ကုန်သော လေးပါး လေးပါးစီရှိကုန်သော သဘောတို့၏ အစွမ်းအားဖြင့် ဒုက္ခသစ္စာ စသည်တို့ကို သိအပ်ကုန်၏၊ ဤကား ဤသစ္စနိဒ္ဒေသ၌ သစ္စာ တို့၏ သဘောကို ခွဲခြမ်း ဝေဘန်သော အဆုံးအဖြတ်တည်း။

## သစ္စာ ၄-ပါးတို့၏ဝစနတ္ထ

၅၃၀။ "**စကား၏ အနက် အားဖြင့်**"ဟူသည်ကား—ဤဒုက္ခ ဟူသောပါဠ်၌ "ဒု"သဒ္ဒါသည် စက်ဆုပ်အပ်သော

အနက်၌ ထင်၏၊ ကွဲရှဲအပ် စက်ဆုပ်အပ်သောသားဆိုး ကို "ဒုပ္ပုတ္တ"စက်ဆုပ်အပ်သောသားမိုက်ဟု ဆိုကြကုန် ၏၊ "ခ"သဒ္ဒါသည် အချည်းနှီး ဟူသော အနက်၌ ထင်၏၊ အချည်းနှီးသော ကောင်းကင်ကို "ခံ"ဟူ၍ ဆိုအပ်၏၊ လက်ဦးအစဖြစ်သော ဤဒုက္ခသစ္စာသည် များစွာသော ဥပဒ္ဒဝေါတို့၏ တည်ရာအဖြစ်ကြောင့် စက်ဆုပ်အပ် ကွဲရှဲအပ်သည်လည်း ဖြစ်၏၊ မိစ္ဆာဆက်ဆံ ဉာဏ်မသန့်သူ လူမိုက်တို့သည် ကြံဆအပ်သော ခိုင်မြဲ သည်, တင့်တယ်သည်, ချမ်းသာသည်,အစိုးရသည်အဖြစ် ဟူသော ဓုဝ,သုဘ,သုခ, အတ္တသဘောမှ ဆိတ်သည် ကင်းသည်၏ အဖြစ်ကြောင့် အချည်းနှီးသည်လည်း ဖြစ်၏၊ ထို နှစ်ပါးသော သတ္တိကြောင့် "ဒုက္ခ" ဟူ၍ ဆိုအပ်၏။

သမုဒယဟူသော ပါဠိ၌ "သံ" သဒ္ဒါသည် "သမာဂမော သမေတံ"စသော ပါဠိတို့၌ တကွ ယှဉ်ခြင်းအနက်ကို ပြ၏၊ "ဥ" သဒ္ဒါသည် "ဥပ္ပန္နံ ဥဒိတံ"စသည်တို့၌ ဖြစ်ခြင်း အနက်ကို ပြ၏၊ "အယ"သဒ္ဒါသည် အကြောင်းဟူသော အနက်ကို ပြ၏၊ ဤ သမုဒယ သစ္စာသည်လည်း မိမိမှ ကြွင်းသော ကုသိုလ်ကံ, အကုသိုလ်ကံဟူသောအကြောင်းနှင့်ပေါင်းယှဉ်ခြင်းသည်ရှိသော် ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ်၏၊ ဤသို့ မိမိမှ ကြွင်းသော အကြောင်းနှင့် ပေါင်းယှဉ်ခြင်းရှိသော် ဒုက္ခသစ္စာ ဖြစ်ခြင်း အကြောင်း၏ အဖြစ်ကြောင့် "ဒုက္ခသမုဒယ"ဟူ၍ ဆိုအပ်၏။

နိရောဓသစ္စာ၌ "နိ" သဒ္ဒါသည် မရှိခြင်း အနက်ကို ပြ၏၊ "ရောဓ"သဒ္ဒါသည် သံသရာ နှောင်အိမ်ဟူသော အနက်ကိုပြ၏၊ ထိုသို့ "နိ"သဒ္ဒါ၏ မရှိခြင်း အနက်ကို "ရောဓ"သဒ္ဒါ၏ သံသရာ နှောင်အိမ်ဟူသော အနက်ကို ပြသောကြောင့် ဤအသခ်တဓာတ် ၌ သံသရာနှောင်အိမ်ဟူသော ဒုက္ခ အနှောင်အဖွဲ့၏ မရှိသော အဖြစ်သည် အလုံးစုံသော ဂတိငါးပါးမှ ဆိတ်သည်၏ အဖြစ် ကြောင့် "နိရောဓ သစ္စာ"မည်၏။

တနည်းကား–ထိုနိဗ္ဗာန်ကို ရသည်ရှိသော် ထိုအသခ်တခေတ်ကိုရပြီးသောပုဂ္ဂိုလ်အား သံသရာနှောင်အိမ်ဟုဆိုအပ်သော ဒုက္ခအနှောင်အဖွဲ့၏ မရှိခြင်းသည် ဖြစ်၏၊ အဘယ့်ကြောင့်နည်း၊ ထိုသံသရာဖြစ်သောနှောင်အိမ်၏ ဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်ကို သိသည်၏ အဖြစ်ကြောင့်တည်း၊ ဤသို့သော အနက်ကြောင့်လည်း "ဒုက္ခ နိရောဓ"ဟူ၍ ဆိုအပ်၏။ တနည်းကား–ဝဋ်ဆင်းရဲ၏ တဖန် မဖြစ်ပြန်ခြင်း တည်းဟူသော အနုပ္ပါဒ နိရောဓ၏ အကြောင်း အဖြစ်ကြောင့် ဒုက္ခနိရောဓဟူ၍ ဆိုအပ်၏။

"မဂ္ဂသစ္စာ"သည်ကား ဤ ဒုက္ခနိရောဓဖြစ်သော အသခ်တခေတ်သို့ အာရုံပြုသည်၏ အစွမ်းအားဖြင့် ထို ဒုက္ခနိရောဓသို့ ရှေးရှုဖြစ်သောအဖြစ်ဖြင့် ရောက်တတ်၏၊ ဒုက္ခနိရောဓသို့ ရောက်ခြင်း၏ ရောက်ကြောင်းအကျင့်သည်လည်း ဖြစ်၏၊ ထို့ကြောင့် "ဒုက္ခနိရောဓဂါမိနိပဋိပဒါ"ဟူ၍ ဆိုအပ်၏။

၅၃၁။ ဆက်ဆံသည်ကို ဆိုအံ့၊ ဤ သစ္စာလေးပါးတို့ကို ဘုရားအစရှိကုန်သော အရိယာတို့သည် အထူးအားဖြင့် ထိုးထွင်း၍ သိမြင်တော်မူကြကုန်၏၊ ထို့ကြောင့် "အရိယသစ္စာ"ဟူ၍ ဆိုအပ်ကုန်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း။

"စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ။ ကတမာနိ ....(ပ)....ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယသစ္စာနိ။ အရိယာ ဣမာနိ ပဋိဝိဇ္ဈန္တိ၊ တသ္မာ အရိယသစ္စာနီတိ ဝုစ္စန္တိ"။

**အဓိပ္ပါယ်ကား**

"အို ရဟန်းတို့ အရိယသစ္စာတို့သည် လေးပါးရှိကုန်၏၊ လေးပါးဟူသော်ကား ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့တည်း၊ဤလေးပါးသော သစ္စာတို့ကို ဘုရားအစရှိသော အရိယာအရှင်တို့သည် အထူး

အားဖြင့် ထိုးထွင်း၍ သိမြင်တော်မူကြကုန်၏၊ ထို့ကြောင့် "အရိယသစ္စာ"မည်ကုန်၏။

ဟူ၍ ဟောတော်မူပြီ။

တနည်းကား–အရိယာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သစ္စာတို့တည်း၊ ထို့ကြောင့်လည်း "အရိယသစ္စာ" မည်ကုန်၏၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်းဟူမူကား—

"သဒေဝကေ ဘိက္ခဝေ လောကေ....(ပ)....မနုဿာယ တထာဂတော အရိယော၊ တသ္မာ အရိယသစ္စာနီတိ ဝုစ္စန္တိ"။

"အိုရဟန်းတို့ နတ်နှင့်တကွသော လူ၌....(ပ)....လူ အပေါင်းထက် မြတ်စွာဘုရားသည်အရိယ မည်တော်မူ၏၊ ထိုသို့ မြတ်စွာဘုရားသည် အရိယမည်သည်၏ အဖြစ်ကြောင့် ထိုအရိယ မည်သော ဘုရား၏ သစ္စာတို့တည်း၊ ထို့ကြောင့်လည်း "အရိယသစ္စာ" မည်ကုန်၏။"

ဟူ၍ ဟောတော်မူ၏။

တနည်းကား–ထို သစ္စာလေးပါး တရားတို့၏ ထိုးထွင်း၍ သိအပ်သည်၏ အဖြစ်ဖြင့် အရိယာအဖြစ်၏ ပြီးခြင်းကြောင့်လည်း "အရိယသစ္စာ" ဟူ၍ ဆိုအပ်ကုန်၏၊ ဘုရားအဘယ်သို့ ဟောတော် မူသနည်း။

"ဣမေသံ ခေါ ဘိက္ခဝေ စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဘိသမ္ဗုဒ္ဓတ္တာ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ အရိယောတိ ဝုစ္စတိ"။

"အိုရဟန်းတို့, လေးပါးကုန်သော အရိယသစ္စာတို့ကို ဟုတ်မှန်သောအတိုင်း သဗ္ဗညုတဉာဏ်ဖြင့် ထိုးထွင်း၍ ကိုယ်တိုင် သိတော်မူသည်၏ အဖြစ်ကြောင့် ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို "အရိယ" ဟူ၍ ဆိုအပ်၏"။

ဟူ၍ ဟောတော်မူ၏။

တနည်းကား–မဖောက်မပြန် မှန်ကန်သည်၏ အဖြစ်ဖြင့် သိအပ်ကုန်သော သစ္စာတို့တည်း၊ ထို့ကြောင့်လည်း "အရိယ-သစ္စာ" တို့ မည်ကုန်၏၊ "အရိယာ"ဆိုသည်ကား၊ ဟုတ်မှန်ကုန်သော မဖောက်မပြန်ကုန်သော မချွတ်မယွင်းစေတတ်ကုန်သောဟု ဆိုလိုသည်၊ ဘုရားအဘယ်သို့ ဟောတော်မူသနည်း။

"ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယသစ္စာနိ တထာနိ, အဝိတထာနိ, အနညထာနိ၊ တသ္မာ အရိယ-သစ္စာနီတိ ဝုစ္စန္တိ"။

"အို ရဟန်းတို့, ဤ အရိယသစ္စာ လေးပါးတို့သည် စင်စစ် ဟုတ်မှန်ကုန်၏, မဖောက်မပြန်ကုန်, တပါးသော အခြင်းအရာဖြင့် မဖြစ်ကုန်၊ ထို့ကြောင့် "အရိယသစ္စာ" တို့ဟူ၍ ဆိုအပ်ကုန်၏ဟု ဟောတော်မူပြီ။

ဤသို့ ဤ သစ္စနိဒ္ဒေသ၌ စကားအနက် အဓိပ္ပါယ်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၃၂။ **"လက္ခဏာ စသည်တို့၏ အပြားအားဖြင့်"**ဟူသည်ကား–ဤသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာသည် နှိပ်စက်ခြင်းလက္ခဏာရှိ၏၊ ဒုက္ခသမင်္ဂီပုဂ္ဂိုလ်ကို ပူပန်စေခြင်းကိစ္စ ရှိ၏၊ ပဝတ္တိ,နိဝတ္တိ နှစ်ပါးတို့တွင် ပဝတ္တိဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏။သမုဒယသစ္စာသည် ဒုက္ခ မပြတ်မစဲဖြစ်ကြောင်း အမွန်အစ၏ အဖြစ် တည်းဟူသောလက္ခဏာရှိ၏၊ အဖန်တလဲလဲ ဒုက္ခကိုဖြစ်စေခြင်း ဒုက္ခမပြတ်မစဲဖြစ်အောင် ပြုခြင်းကိစ္စရှိ၏၊ဘဝမှထွက်မြောက်ခြင်းကို တားမြစ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။

နိရောဓသစ္စာသည် ရာဂကုန်ခြင်း စသည်တို့၏ အဖြစ်ဖြင့် အလုံးစုံသော ဝဋ်ဆင်းရဲအပူကို ငြိမ်းအေးစေခြင်း သန္တိလက္ခဏာရှိ၏၊ မချွတ်ခြင်းကိစ္စ ရှိ၏၊ ခန္ဓာငါးပါးဟူသောနိမိတ်မှ ဆိတ်သောကြောင့် ကိုယ်အထည် လုံးလုံးလျောင်းလျောင်းမရကောင်း

သည်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏၊ မဂ္ဂသစ္စာသည် အနုသယကို အကြွင်းမဲ့ဖြတ်သဖြင့် သံသရာနှောင်အိမ်မှ ထွက်မြောက်ကြောင်း၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ ကိလေသာတို့ကို ပယ်ခြင်းကိစ္စရှိ၏၊ ပဋ္ဌက္ကန္ဒာဟူသော နိမိတ်မှ ဝါ–သံသရာဟူသော ပဝတ္တိမှ စိတ်၏ ထကြောင်းဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏။

တနည်းကား–အစဉ်အတိုင်း အားဖြင့် မပြတ်မစဲ ဖြစ်တတ်သော ဝဋ္ဋဒုက္ခ၏အဖြစ်, မပြတ်မစဲဖြစ်စေတတ်သော ဝဋ္ဋဒုက္ခ၏ ပဘဝအကြောင်းရင်း၏ အဖြစ်,ဝဋ္ဋဒုက္ခမှ ဆုတ်နစ် ပြန်လည်တတ်သောတရား၏အဖြစ်, ဆုတ်နစ်ပြန်လည်စေတတ်သော တရား၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏၊ထိုမှတပါး ပြုပြင်အပ်သည်၏ အဖြစ်,တောင့်တ မက်မောတတ်သည်၏ အဖြစ်, ပြုပြင်ခြင်းကင်းသောအဖြစ်, သစ္စာလေးပါး တရားကို သိမြင်တတ်သည်၏အဖြစ် တည်းဟူသောလက္ခဏာရှိကုန်၏၊ဤသို့ဤသစ္စနိဒ္ဒေသ၌လက္ခဏာ စသည်တို့၏ အပြားအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၃၃။ **"သစ္စာ၏ အနက်သဘော ထိုသစ္စာ၏ အနက်ကိုထုတ်သောအားဖြင့်"** ဟူသည်ကား—ရှေးဦးစွာ အနက်သဘောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏၊ သစ္စာ၏ အနက်သဘောဟူသည် အဘယ်နည်း၊ အကြင် မချွတ် မယွင်းသော မဖောက် မပြန်သော ဟုတ်မှန်သော သဘောသည် ပညာမျက်စိဖြင့် ကပ်၍ ထက်ဝန်းကျင် စုံစမ်းဆင်ခြင်ကုန်သော သူတို့၏ဉာဏ်၌ မျက်လှည့်သည် ကဲ့သို့ ဖောက်ပြန်သည်မဖြစ်၊ တံလျှပ်ကဲ့သို့ မချွတ်မယွင်းစေ၊ တိတ္ထိတို့သည် ကြံဆအပ်သော အတ္တကဲ့သို့ ပရမတ္ထအားဖြင့် မရအပ်သော သဘောလည်းမဟုတ်၊ အမှန်စင်စစ်သော်ကား နှိပ်စက်ခြင်း၊ ဒုက္ခဖြစ်ခြင်းအကြောင်းရင်း၊ ငြိမ်သက်ချမ်းခြေင်း၊ ထွက်မြောက်ခြင်း အပြားဟု ဆိုအပ်သော မချွတ် မယွင်းသည်၏ အဖြစ်, မဖောက်မပြန်သည်၏အဖြစ်, ဟုတ်မှန်သည်၏အဖြစ်ဖြင့် အရိယာတို့၏ ဉာဏ်၏ ကျက်စားရာ ဖြစ်သည်သာလျှင်တည်း၊

မီး၏ ပူခြင်းလက္ခဏာကဲ့သို့ရင်း, လောက၏ ပြကတေ့ကဲ့သို့ရင်း ထို မချွတ်မယွင်းသော မဖောက် မပြန်သော ဟုတ်မှန်သော သဘောသည် သစ္စာ၏ အနက်သဘောမည်၏၊ ဘုရားအဘယ်သို့ ဟောတော်မူသနည်း။

“ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ တထမေတံ, အဝိတထမေတံ, အနညထမေတံ”။

“အိုရဟန်းတို့, ထို ဒုက္ခသည် မဖောက်မပြန် ဟုတ်မှန်၏, ထို ဒုက္ခသည် မချွတ်မယွင်း, ထို ဒုက္ခသည် တပါးသော အခြင်းအရာမှုကင်း၏”ဟု ဟောတော်မူပြီ၊ ဤသို့ အကျယ်ကို သိအပ်၏။

တနည်းကား–အကြင့်ကြောင့် ဒုက္ခသည် မနှိပ်စက်တတ်သည်မဟုတ်၊ ဒုက္ခမှ တပါးသော နှိပ်စက်တတ်သော တရားသည်မရှိ၊ ထို့ကြောင့် ဒုက္ခ၌ နှိပ်စက်တတ်သော အဖြစ် မြဲသောအားဖြင့် နှိပ်စက်တတ်သည်၏ ဒုက္ခအဖြစ်၌ မြဲသောအားဖြင့် ဤဒုက္ခကို သစ္စာဟူ၍ သိအပ်၏။

ထို တဏှာကိုကြဉ်၍ တပါးသော အကြောင်းကြောင့် ဒုက္ခသည်မဖြစ်၊ တဏှာကြောင့် ထိုဒုက္ခသည် မဖြစ်သည် မဟုတ်၊ ထို့ကြောင့် ဒုက္ခဟေတု အဖြစ်၏ သမုဒယ၌ မြဲသောအားဖြင့်, ဒုက္ခဟေတု အဖြစ်၌ သမုဒယ၏ မြဲသော အားဖြင့် တဏှာကို သစ္စာဟူ၍ သိအပ်၏။

နိဗ္ဗာန်မှတပါးသော ပူပန်ခပ်သိမ်း ငြိမ်းရာသည်မရှိ၊ ထို နိဗ္ဗာန်သည် ငြိမ်းရာ မဟုတ်သည်လည်း မဖြစ်၊ ထို့ကြောင့် သန္တအဖြစ်၏ နိဗ္ဗာန်၌မြဲသောအားဖြင့်, သန္တအဖြစ်၌ နိဗ္ဗာန်၏ မြဲသောအားဖြင့် ဤ နိဗ္ဗာန်ကို သစ္စာဟူ၍ သိအပ်၏။

အရိယမဂ်မှ တပါးသော သံသရာနှောင်အိမ်မှ ထွက်မြောက်ကြောင်းမရှိ၊ ထို မဂ်သည် ထွက်မြောက်ကြောင်း မဟုတ်သည်လည်းမဖြစ်၊ ထို့ကြောင့် နှစ်ပါးပြားသော

နိယမဖြင့်လည်း မချွတ်မယွင်း ဟုတ်မှန်သော နိယျာန အဖြစ်ရှိသည်၏ အဖြစ်ကြောင့် ထိုမဂ်ကို သစ္စာဟု သမုတ်အပ်၏။

ဤသို့ ပြဆိုအပ်ပြီးသော နည်းဖြင့် မချွတ်မယွင်းသော သဘော ဟုတ်မှန်သော သဘောကို သစ္စာလေးပါးတို့၌ သာမညအားဖြင့် သစ္စာ၏သဘောဟူ၍ ပညာရှိတို့ဆိုကြကုန်ပြီ၊ ဤ သို့ သစ္စာ၏ အဒိပ္ပါယ် သဘောအားဖြင့်အဆုံးအဖြတ်ကို သိအပ်၏။

၅၃၄။ **"သစ္စသဒ္ဒါ၏ ဖြစ်သင့်သော အနက်ကို ထုတ်သောအားဖြင့်"**ကား-အဘယ်သို့နည်း၊ ဤ သစ္စနိဒ္ဒေသ၌ ဤသစ္စသဒ္ဒါသည် များစွာကုန်သော အနက်တို့၌ ထင်၏၊ အဘယ်အနက်တို့နည်းဟူမူ-"သစ္စံ ဘဏေ န ကုဇ္ဈေယျ" စသည်တို့၌"စကားမှန်ပြောခြင်း""ဝစီသစ္စာ"၌ထင်၏၊ "သစ္စေ ဌိတာ သမဏဗြာဟ္မဏာစ"စသည်တို့၌"မုသာဝါဒမှကြဉ်ရှောင်ခြင်း" "ဝိရတိသစ္စာ"၌ထင်၏၊ "ကသ္မာ နု သစ္စာနိ ဝဒန္တိ နာနာ ပဝါဒိယာသေ ကုသလာဝဒါနာ"စသည်တို့၌ "အယူဝါဒ" ဟူသော "ဒိဋ္ဌိသစ္စာ၌" ထင်၏၊ "ဧကံ ဟိ သစ္စံ န ဒုတိယံ" အစရှိသည်တို့၌ "သဘောတရားကိုယ်"ထင်ရှားရှိသော"ပရမတ္ထသစ္စာ" ၌ ထင်၏၊ နိဗ္ဗာန်၌၎င်း, မဂ်၌၎င်း ထင်၏ဟူလို၊ "စတုန္နံ အရိယသစ္စာနံ ကတိ ကုသလာ" စသည်တို့၌ မဖောက်မပြန် "ဟုတ်မှန်"သော "အရိယသစ္စာ"၌ ထင်၏၊ ထိုသစ္စသဒ္ဒါသည် ဤအရာ၌လည်း အရိယသစ္စာ၌သာ ဖြစ်၏၊ဤသို့ ဤသစ္စနိဒ္ဒေသ၌ သစ္စသဒ္ဒါ၏ ဖြစ်သင့်သော အနက်ကို ထုတ်သော အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၃၅။ **"မယုတ်မလွန်သော အားဖြင့်"**ဟူသည်ကား-လေးပါးအောက် မယုတ်ကုန်သော လေးပါးထက် မလွန်ကုန်သောအရိယသစ္စာလေးပါးတိတိကိုသာအဘယ့်ကြောင့်

ဟောတော် မူကုန်သနည်း၊ လေးပါးမှတပါး သစ္စာ မဖြစ်သင့်သောကြောင့်ရင်း, ထိုလေးပါးတို့တွင် သစ္စာ တပါးပါး၏ မပယ်အပ် သည်၏ အဖြစ်ကြောင့်ရင်း လေးပါးသာ ဟောအပ်၏။

ချဲ့ဦးအံ့–ထိုလေးပါးတို့မှတပါး အလွန်လည်း မဖြစ်သင့်၊ ထို လေးပါးတို့တွင် တပါးပါးကိုမျှလည်း မပယ်ကောင်း၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း–

"ဣဓ ဘိက္ခဝေ အာဂစ္ဆေယျ သမဏော ဝါ ဗြာဟ္မဏော ဝါ၊ နေတံ ဒုက္ခံ အရိယသစ္စံ,အညံ ဒုက္ခံ အရိယသစ္စံ, အဟမေတံ ဒုက္ခံ အရိယသစ္စံ ဌပေတွာ အညံ ဒုက္ခံ အရိယ-သစ္စံ ပညာပေဿာမီတိ နေတံ ဌာနံ ဝိဇ္ဇတိ"။

"အိုရဟန်းတို့, ဤလောကၖ တစုံတယောက်သော ရဟန်းသည်ရင်း သူမြတ်သည်ရင်း "ရဟန်းဂေါတမသည် အကြင်သစ္စာကို ဒုက္ခသစ္စာဟု ဟောအပ်ပြီ၊ ဤရဟန်း ဂေါတမ ဟောသော သစ္စာသည် ဒုက္ခဖြစ်သော အရိယ သစ္စာမဟုတ်၊ဒုက္ခသစ္စာသည် တခြားတပါးဖြစ်၏၊ငါသည် ဤ ရှင်ဂေါတမပညတ်သော ဒုက္ခအရိယသစ္စာကို ပယ် ထား၍ အခြားသော ဒုက္ခအရိယသစ္စာကို ပညတ်အံ့''ဟု ဤသို့ စိတ်ရှိသည်ဖြစ်၍ အကယ်တန္တု လာစေကာမူ ထိုသို့ပင် ဖြစ်စနိုးထင်၍ လာငြားသော်လည်း ဤ မိမိဝါဒ ကို တည်စေနိုင်သော အကြောင်းသည် အလျင်းမရှိ"။

ဤသို့အစရှိသည်ဖြင့် ဟောတော်မူပြီ၊ တမျိုးတဖုံ ဘယ်လို ဟောသေးသနည်း—

"ယောဟိ ကောစိ ဘိက္ခဝေ သမဏောဝါ ဗြာဟ္မ-ဏောဝါ ဧဝံ ဝဒေယျ၊ နေတံ ဒုက္ခံ ပဌမံ အရိယသစ္စံ၊ ယံ သမဏေန ဂေါတမေန ဒေသိတံ၊ အဟမေတံ ဒုက္ခံ ပဌမံ အရိယသစ္စံ ပစ္စက္ခာယ၊ အညံ ဒုက္ခံ ပဌမံ အရိယသစ္စံ ပညာပေဿာမီတိ နေတံ ဌာနံ ဝိဇ္ဇတိ"။

"အို-ရဟန်းတို့ အမှတ်မရှိသော ရဟန်းသည်၎င်း သူမြတ်သည်၎င်း "ရဟန်းဂေါတမသည် အကြင်ပဌမ ဒုက္ခသစ္စာကို ဟောအပ်ပြီ၊ အရှင်ဂေါတမ ဟောအပ်သော ဒုက္ခသည် ပဌမအရိယသစ္စာမဟုတ်၊ ငါသည် ဤအရှင် ဂေါတမ ဟောအပ်သော ပဌမဒုက္ခသစ္စာကိုပယ်၍ တပါး သော ပဌမဒုက္ခသစ္စာကို ပညတ်အံ့"ဟု ဤသို့သောစကား ကို အကယ်၍ ဆိုစေကာမူ ထိုသို့ပင် ဆိုသော်လည်း ဤ မိမိ ဝါဒကို တည်စေနိုင်သောအကြောင်းသည် အလျင်းမရှိ''။

ဤသို့ အစရှိသည်ဖြင့် ဘုရားဟောတော်မူပြီ။

တနည်းလည်း-စက်ရဟတ်သို့ မပြတ်မစဲ တလဲလဲဖြစ်သော သံသရာဝဋ္ဋကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် အကြောင်းသမုဒယနှင့်တကွ ဟောကြားတော်မူ၏၊ ဝဋ္ဋတရားမှ ဆုတ်နစ်သော နိရောဓကိုလည်း အကြောင်းဥပါယမဂ်နှင့်တကွ ဟောကြားတော်မူ၏၊ ဤသို့ဝဋ္ဋ, ဝဋ္ဋမှနစ်သောနိရောဓ, ထို နှစ်ပါးတို့၏အကြောင်း ထိုသို့လေးပါးသာလျှင် အတိုင်းအရှည် ရှိသည်၏အဖြစ်ကြောင့် လေးပါးတို့ကိုသာလျှင် ဟောတော်မူ အပ်ကုန်၏။

ထိုမှတပါး ပိုင်းခြား၍ သိအပ်သောတရား, ပယ်အပ်သော တရား, မျက်မှောက်ပြုအပ်သောတရား, ပွါးစေအပ်သောတရား တို့၏၎င်း၊ တဏှာ၏တည်ရာ, တဏှာ, တဏှာ၏ချုပ်ရာ, တဏှာ၏ ချုပ်ရာနိရောဓသို့ ရောက်ကြောင်းတို့၏၎င်း၊ ကာမဂုဏ်ငါးပါးဟု ဆိုအပ်သော အာလယ, ထိုအာလယ၌ မွေ့လျော်သည်၏အဖြစ်, ထိုအာလယကို အကြွင်းမဲ့နုတ်ဖျက် ဥါလှစ်ရာ, ထိုအာလယကို အကြွင်းမဲ့ နုတ်ဖျက် ဥါလှစ်ခြင်း၏အကြောင်းတို့၏၎င်း အစွမ်း အားဖြင့်လည်း လေးပါးတို့ကိုသာလျှင် ဟောတော်မူအပ်ကုန်၏၊ ဤသို့ ဤသစ္စနိဒ္ဒေသ၌ မယုတ်မလွန်သောအားဖြင့် အဆုံး အဖြတ်ကို သိအပ်၏။

၅၃၆။ **"အစဉ်အားဖြင့်"** ဟူသည်ကား—ဤအစဉ်သည်လည်း ဒေသနာအစဉ်ပင်တည်း၊ ဤသစ္စာလေးပါးတို့တွင် ရုန့်ရင်းသည်၏ အဖြစ်ကြောင့်၎င်း, သတ္တဝါအားလုံးတို့အား ဆက်ဆံသည်၏ အဖြစ်ကြောင့်၎င်း,သိလွယ်သောကြောင့်၎င်း ဒုက္ခသစ္စာကို ရှေးဦးစွာဟောတော်မူ၏၊ ထိုဒုက္ခသစ္စာ၏သာလျှင် အကြောင်းကို ပြခြင်းငှါ ဒုက္ခသစ္စာ၏ အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူ၏၊ အကြောင်း၏ချုပ်ခြင်းကြောင့် အကျိုး၏ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ ပြခြင်းအကျိုးငှါ ထိုသမုဒယသစ္စာမှ နောက်၌ နိရောဓသစ္စာကို ဟောတော်မူ၏၊ ထိုနိရောဓသစ္စာကို ရခြင်း သိခြင်း၏အကြောင်းကို ပြခြင်းငှါ အဆုံး၌ မဂ္ဂသစ္စာကို ဟောတော်မူ၏။

တနည်းကား–ဘဝချမ်းသာကို သာယာမက်မောကုန်သော သတ္တဝါတို့၏ ထိတ်လန့်ခြင်းကို ဖြစ်စိမ့်သောငှါ ရှေးဦးစွာ ဒုက္ခသစ္စာကို ဟောတော်မူ၏၊ ထိုဒုက္ခသစ္စာသည် ပြုပြင်တတ်သော အကြောင်းမရှိဘဲ မဖြစ်လာနိုင်၊ ပရမေသွာ ဖန်ဆင်းခြင်းအစ ရှိသော အကြောင်းကြောင့်မဖြစ်၊ အမှန်စင်စစ်သော်ကား ဤသမုဒယသစ္စာကြောင့် ဖြစ်၏၊ ဤသို့ သိစေခြင်းငှါ ထိုဒုက္ခသစ္စာ၏ အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူ၏။

ထို့နောင်မှ အကြောင်းနှင့်တကွသော ဒုက္ခသည် ပြင်းစွာ နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ထိတ်လန့်သော နှလုံးရှိသည် ဖြစ်၍ ဒုက္ခ၏ထွက်မြောက်ရာကို ရှာကုန်သောသူတို့အား ထွက်မြောက်ရာကို ပြသဖြင့် သက်သာရာကို ရစေခြင်းငှါ နိရောဓသစ္စာကို ဟောတော်မူ၏၊ ထို့နောင်မှ နိရောဓကို ရခြင်းငှါ နိရောဓသို့ ရောက်စေတတ်သော မဂ္ဂသစ္စာကို ဟောတော်မူ၏၊ ဤသို့ ဤသစ္စနိဒ္ဒေသ၌ အစဉ်အားဖြင့် အဆုံး အဖြတ်ကို သိအပ်၏။

## ဇာတိဆိုင်ရာ အဆုံးအဖြတ်

၅၃၇။ **"ဇာတိ စသည်တို့ကို ဆုံးဖြတ်သောအားဖြင့်"** ဟူသည်ကား–အရိယသစ္စာတို့ကို အကျယ်ပြတော်မူသော မြတ်စွာဘုရားသည်—

"ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"

ဟူ၍ ဒုက္ခနိဒ္ဒေသ၌ ဟောတော်မူအပ်ကုန်သော တရားတဆယ့်နှစ်ပါးတို့ရင်း,

"ယာယံ တဏှာ ပေါနောဗ္ဘဝိကာ, နန္ဒီရာဂသဟဂတာ, တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ"

ဟူ၍ သမုဒယနိဒ္ဒေသ၌ ဟောတော်မူအပ်ကုန်သော တဏှာ သုံးပါးတို့ရင်း,

"ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော"

ဟူ၍ နိရောဓနိဒ္ဒေသ၌ ဟောတော်မူအပ်သော တရားကိုယ်အားဖြင့် တပါးတည်းသာဖြစ်သော နိဗ္ဗာန်ရင်း,

"ကတမံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ....(လ)....သမ္မာသမာဓိ"

ဟူ၍ မဂ္ဂနိဒ္ဒေသ၌ ဟောတော်မူအပ်ကုန်သော တရားရှစ်ပါးတို့ရင်း ဤသို့ သစ္စာလေးပါးတို့၏ နိဒ္ဒေသ၌ ဇာတိအစရှိကုန်သော ထိုတရားတို့ကို ဟောတော်မူအပ်ကုန်ပြီ၊ ထိုဇာတိစသည်တို့ကို ဆုံးဖြတ်သောအားဖြင့်လည်း ဤသစ္စနိဒ္ဒေသ၌ အဆုံးအဖြတ်ကို သိအပ်၏။

## ဒုက္ခနိဒ္ဒေသကထာ ဇာတိနိဒ္ဒေသ

ဤအဆုံးအဖြတ်ဟူသည် အဘယ်နည်း၊ ဤ ဇာတိသဒ္ဒါသည် အနက်များစွာ ရှိ၏၊ ထိုစကားမှန်၏၊ ထိုဇာတိသဒ္ဒါသည်"ဧကမ္ပိ ဇာတိံ ဒွေပိ ဇာတိယော" ဟူသော ဒေသနာ၌"ဘဝ"၌လာ၏၊ "အတ္ထိ ဝိသာခေ နိဂဏ္ဌာ နာမ သမဏ ဇာတိ" ဟူသော ဒေသနာ၌"နိကာယ" အပေါင်းဟူသော အနက်၌လာ၏၊ ဇာတိ ဒွိဟိ ခန္ဓေဟိ သင်္ဂဟိတာ"ဟူသောပါဠ်၌ အမှတ်မရှိသော "ရုပ် နာမ်၏ ဥပါဒ်"၌လာ၏၊ "ယံ မာတုကုစ္ဆိသ္မိံ ပဌမံ စိတ္တံ ဥပ္ပန္နံ၊ ပဌမံ ဝိညာဏံ ပါတုဘူတံ၊ တဒုပါဒါယ သာဝဿ ဇာတိ" ဟူသောပါဠ်၌ ပဋိသန္ဓေဟူသော "ခန္ဓာငါးပါး၌" လာ၏၊ "သမ္ပတိဇာတော အာနန္ဒ ဗောဓိသတ္တော"ဟူသောပါဠိ၌"သားဖွားခြင်း" အနက်၌လာ၏၊ "အက္ခိတ္တော အနုပကုဋ္ဌော ဇာတိဝါဒေန"ဟူသော ဤပါဠိ၌ "အမျိုး"ဟူသော အနက်၌ လာ၏၊ "ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော"ဤပါဠိ၌ အရိယာ အဖြစ်ကို ပြုတတ်သော "စတုပါရိ သုဒ္ဓိသီလ"၌ လာ၏။

၅၃၀။ ဤဇာတိသဒ္ဒါသည် ဤသစ္စနိဒ္ဒေသ၌ အမိဝမ်းလျှင် ကိန်းဝပ်ရာရှိသော သတ္တဝါတို့၏ ပဋိသန္ဓေ နေသည်မှ စ၍ မွေးဖွားသော ကာလတိုင်အောင် ဖြစ်ကုန်သော ခန္ဓာတို့၌ သင့်၏၊ အဏ္ဍဇ, ဇလာဗုဇမှ တပါးကုန်သော သံသေဒဇ, ဩပပါတိကတို့အား ပဋိသန္ဓေ ခန္ဓာတို့၌ သာလျှင် သင့်၏၊ ဤသို့ မှတ်အပ်၏။

ဤပဋိသန္ဓေ ခန္ဓာတို့၌သာလျှင် ဆိုသော စကားသည်လည်း ပရိယာယ်စကားသာလျှင်တည်း၊ မုချ အမှန်အားဖြင့်ကား ထိုထို ဘဝ၌ဖြစ်ကုန်သော သတ္တဝါတို့အား အကြင်အကြင် ဧကဝေါကာရ စသော ခန္ဓာတို့သည် ထင်ရှား ဖြစ်ကုန်၏၊ ထိုထို ဧကဝေါကာရစသော ခန္ဓာတို့၏ လက်မွန်အစ ထင်ရှားဖြစ်ခြင်း အဝတ္ထာသည် "ဇာတိ"မည်၏။

ထိုပဋိသန္ဓေ ခန္ဓာဟူသော ဇာတိသည် ထိုထို ကေဝေါကာရ စသော ဘဝ၌ တခုသောဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာ အစဉ်၏ လက်မွန် အသစ်ဖြစ်ခြင်း လက္ခဏာရှိ၏၊ တခုသော ဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်ကို ဝင့်သားသတ္တဝါအား "ယော့,ယူလှည့်"ဟု ပေးအပ်ဆောင်နှင်းသကဲ့သို့ဖြစ်ခြင်း ကိစ္စ ရှိ၏၊ အနန္တရ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာအစဉ်၏ပေါ် လာခြင်းဖြစ်၍ ဥာဏ်အား ရှေးရှုထင်၏၊ ဝါ-ဒုက္ခအပေါင်း၏ ဆန်းကြယ်သော အဖြစ်တည်းဟူသော ဒုက္ခအထူး ဒုက္ခအစ်တ်ကို ရှေးရှုဖြစ်စေတတ်၏။

## ဒုက္ခအပြား

၅၃၉။ ထိုဇာတိသည်အဘယ့်ကြောင့် ဒုက္ခမည်သနည်း၊ များစွာ ကုန်သော ဒုက္ခတို့၏ တည်ရာ၏ အဖြစ်ကြောင့် ဇာတိ သည် ဒုက္ခမည်၏၊ များစွာသော ဒုက္ခတို့ဟူသည် အဘယ် သည်တို့နည်း၊ ဒုက္ခဒုက္ခရင်း, ဝိပရိဏာမဒုက္ခရင်း, သင်္ခါရ ဒုက္ခရင်း, ပဋိစ္ဆန္နဒုက္ခရင်း, အပ္ပဋိစ္ဆန္နဒုက္ခရင်း, ပရိယာယ ဒုက္ခရင်း, နိပ္ပရိယာယဒုက္ခရင်း ဤသည်တို့တည်း။

ထို ဒုက္ခဒုက္ခစသည်တို့တွင် ကာယိကဒုက္ခ, စေတသိကဒုက္ခ ဖြစ်သော ဝေဒနာကို သဘောအားဖြင့်ရင်း, အမည်အားဖြင့်ရင်း ဒုက္ခ မည်သည်၏ အဖြစ်ကြောင့် "ဒုက္ခ ဒုက္ခ" ဟူ၍ ဆိုအပ်၏။

သုခဖြစ်သော ဝေဒနာသည် ဖောက်ပြန်ပျက်စီးသောအားဖြင့် စေတသိကဒုက္ခ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် "ဝိပရိ-ဏာမဒုက္ခ"မည်၏။

ဥပေက္ခာဝေဒနာသည်ရင်း, သုခ ဒုက္ခ ဥပေက္ခာမှ ကြွင်းသော ဘုံသုံးပါး၌ ဖြစ်ကုန်သော သင်္ခါရတို့သည်ရင်း ဖြစ်ခြင်း ပျက်ခြင်း သည် အဖန်တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် "သင်္ခါရ ဒုက္ခ" မည်၏။

နားကိုက်ခြင်း, သွားကိုက်ခြင်း, ရာဂကြောင့်ဖြစ်သော ပူပန်ခြင်း, ဒေါသကြောင့်ဖြစ်သော ပူပန်ခြင်းအစရှိသော ကိုယ်စိတ်ကို မှီသော အနာသည် မေး၍ သိအပ်သည်၏ အဖြစ်ကြောင့်၎င်း, ညှဥ်းဆဲနှိပ်စက်ခြင်း ပယောဂ၏ မထင်ရှားသည်၏အဖြစ်ကြောင့်၎င်း "ပဋိစ္ဆန္နဒုက္ခ" မည်၏၊ ဖုံးလွှမ်းသည်ဖြစ်၍ မထင်ရှားသော ဒုက္ခ ဟူ၍လည်း ဆိုအပ်၏။

သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ အလျောက် ညှဥ်းဆဲခြင်း စသည်ကြောင့် ဖြစ်သော အနာသည် မမေးဘဲ သိအပ်သည်၏ အဖြစ်ကြောင့်၎င်း, ညှဥ်းဆဲခြင်းပယောဂ၏ ထင်ရှားသည်၏ အဖြစ်ကြောင့်၎င်း "အပ္ပဋိစ္ဆန္နဒုက္ခ"မည်၏၊ မဖုံးလွှမ်းသည်ဖြစ်၍ ထင်ရှားသောဒုက္ခ ဟူ၍လည်း ဆိုအပ်၏။

ဒုက္ခ,ဒေါမနဿ,ဥပါယာသကို ထား၍ ဒုက္ခ ဒုက္ခမှကြွင်းသော ဒုက္ခသစ္စ ဝိဘင်း၌ လာသော ဇာတိစသော အလုံးစုံသည်လည်း ထိုထို ဒုက္ခ၏ တည်ရာ၏ အဖြစ်ကြောင့်"ပရိယာယဒုက္ခ"မည်၏၊ ဒုက္ခဒုက္ခကို "နိပ္ပရိယာယ ဒုက္ခ"ဟူ၍ ဆိုအပ်၏။

ထိုဇာတိဇရာစသော တရားအပေါင်းတို့တွင် ဤဇာတိသည် ဗာလပဏ္ဍိတသုတ် စသည်တို့၌ သဗ္ဗညုဘုရားရှင်သော်လည်း ဥပမာ၏ အစွမ်းအားဖြင့် ပြတော်မူအပ်သော အပါယ်၌ဖြစ်သော ဒုက္ခသည် ရှိ၏၊ သုဂတိ ဘုံ၌သော်လည်း လူ့ပြည်၌ အမိဝမ်းသို့ သက်ဝင်ခြင်းလျှင် အရင်းရှိသော ဒုက္ခစသည် အပြားရှိသော ဒုက္ခသည်လည်းဖြစ်၏၊ ထိုဒုက္ခမျိုးစုံ၏ တည်ရာ၏ အဖြစ်ကြောင့် ဒုက္ခမည်၏၊ ထိုအပါယ်ဒုက္ခ, အမိဝမ်းသို့ သက်ဝင်ခြင်း အရင်းရှိသော ဒုက္ခအပေါင်းတို့တွင် ဤဆိုလတ္တံ့သည်ကား အမိဝမ်းသို့ သက်ဝင်ခြင်း အရင်းစသည် အပြားရှိသော ဒုက္ခတည်း။

## ပဋိသန္ဓေနေရခြင်းဆင်းရဲပုံ

၅၄၀။ ချဲ့ဦးအံ့–ဤလူသတ္တဝါသည် အမိဝမ်း၌ ဖြစ်သည်ရှိသော် ဥပ္ပလကြာမျိုး, ပဒုမာကြာမျိုး, ပုဏ္ဍရိကကြာမျိုး စသည်တို့၌ ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား အစာသစ်

အိမ်၏ အောက်, အစာကျက်အိမ်၏ အထက်အဘို့ ဖြစ်သော ဝမ်းလွှာကျောက်ဆူးရိုးတို့၏ အလယ်ဖြစ်သော အလွန် ကျဉ်းမြောင်းစွာသော အလွန် ထူထပ်သော အမိုက်တိုက်ဖြစ်သော သည်းခြေ, သလိပ်, ပြည်, သွေး, အစာသစ်,အစာဟောင်းစသော အထူးထူးသော ၎အပုပ် တို့၏ မကောင်းနံ့ဖြင့် ကြာမြင့်စွာ ထုံအပ်သော လှုံ့စွာ မကောင်းသော အနံ့ရှိသော ဝမ်းလေတို့၏ သွားလာရာ ဖြစ်သော ကာလ ရှည်လျားစွာ သုံးသော ရေအိမ်ပမာ လွန်မင်းစွာ စက်ဆုပ်ဘွယ်ရှိသော အမိဝမ်းခေါင်း အရပ်၌ ငါးပုပ်, မုယောမှုံ့ပုပ်, တံစီးအိုင် စသည်တို့၌ ပိုးလောက်ဖြစ်သကဲ့သို့ ဖြစ်၏။

ထိုအမိဝမ်းတိုက်၌ ဖြစ်သော ထိုသူငယ်သည် ဆယ်လတိုင်တိုင် အမိဝမ်း၌ဖြစ်သော တေဇောဓာတ်ငွေ့ဖြင့် ချက်ပြုတ်အပ်သော ဟင်းမျိုးစသော အထုပ်ကဲ့သို့ ကျက်သည်ဖြစ်၍ ပေါင်းတင်သော မုံ့ညက်စိုင်ပမာ ပေါင်းတင်သကဲ့သို့ ဖြစ်၍ ကွေးခြင်း ဆန့်ခြင်း စသည်မှ ကင်းသည်ဖြစ်၍ အလွန်ပြင်းထန်သော ဆင်းရဲကို ခံရ ရှာ၏။ ဤဆိုအပ်ပြီးသော ဒုက္ခသည် ရှေးဦးစွာ အမိဝမ်းသို့ သက်ဝင်ခြင်းလျှင် အရင်းရှိသော ဒုက္ခတည်း။

ထိုအမိဝမ်း၌ ကိန်းသော သတ္တဝါသည် အမိ၏ အဆော တလျဉ် ချော်ချွတ်ခြင်း, မဖြည်းမညှဉ်း ကတိုက်ကရိုက်သွားခြင်း, ထိုင်ခြင်း, ထခြင်း, လူးလည်းပြန်လှန်ခြင်းစသည်တို့၌ အရက်သမား လက်သို့ ရောက်သော ဆိတ်သူငယ်ကဲ့သို့၎င်း,အလမ္ဗာယ်လက်သို့ ရောက်သော မြွေငယ်ကဲ့သို့၎င်း ရှေးရှုငင်ခြင်း, ထက်ဝန်းကျင် အဘို့အားဖြင့်ငင်ခြင်း,အောက်သို့ခါခြင်း,ဗီလာခါခြင်း စသည်နှင့် တူသော ပယောဂဖြင့် အလွန်ပြင်းထန်သော ဆင်းရဲခြင်းကို ခံစားရရှာ၏။

အမိ၏ အလွန်လေ့စွာသောရေကို သောက်သောအခါ၌ အလွန်အေးသော လောကန္တရိက် ငရဲ၌ ဖြစ်သကဲ့သို့,ယာဂုပူ,ထမင်းပူ စသည်ကို မျိုသောအခါ၌ မီးကျီးမိုဃ်းဖြင့် ပွမ်းသကဲ့သို့, အငန်

အချဉ် စသော အစာကို စားမျိုသောအခါ၌ ပဲခွပ်ဖြင့် ရွေး၍ အငန်ရေ ပက်ဖြန်းခြင်းစသော ကမ္မကရဏာသို့ ရောက်သကဲ့သို့ အလွန် ထက်မြက်သော ဆင်းရဲကိုလည်း ခံစားရရှာ၏၊ ဤ ဆိုအပ်ပြီးသော ဒုက္ခသည် ကိုယ်ဝန်ဆောင်ခြင်း အရင်းရှိသော ဒုက္ခတည်း။

ထိုသူငယ်အား အဖြောင့်မသွား လမ်းမှားသော ကိုယ်ဝန် ရှိသော အမိ၏ အဆွေခင်ပွန်း, ကိစ္စကြီးငယ်၌ အတူတကွ ပြုဘက် ဖြစ်သောသူ, နှလုံး အကျွမ်းဝင်သောသူ စသည်တို့သည်လည်း ကြည့်ရှုခြင်းငှါ မထိုက်သော ဆင်းရဲဖြစ်ရာ အရပ်၌ ဖြတ်ခြင်း ခွဲခြင်း စသည်တို့ဖြင့် ဆင်းရဲသည် ဖြစ်၏၊ ဤ ဆိုအပ်ပြီးသော ဒုက္ခသည် ကိုယ်ဝန် ပျက်ခြင်းလျှင် အရင်းရှိသော ဒုက္ခတည်း။

သားဖွားသော အမိ၏ ကံကြောင့်ဖြစ်သော လေတို့သည် ထို ကိုယ်ဝန်ကို ဦးခေါင်းစောက်ထိုး ခြေ မိုးမြှော်အားဖြင့် ပြန်လှန်၍ နရက်ချောက်သို့ ကျစေသကဲ့သို့ အလွန် ကြောက်မက်ဘွယ် ရှိသော အမိ၏ ယောနိဝသို့ ချအပ်သည်ဖြစ်၍ အလွန် ကျဉ်း မြောင်းသော အမိယောနိဝဖြင့် ငင်ထုတ်အပ်သော သူငယ်အား ဒုက္ခသည် ဖြစ်၏၊ ဥပမာကား—အလွန်ကျဉ်းစွာသော သံကောက် ပေါက်ဖြင့် ငင်ထုတ်အပ်သော ဆင်ပြောင်ကြီးအား ဆင်းရဲခြင်း ဖြစ်သကဲ့သို့ငှင်း, တောင်ကြီးတို့ဖြင့် ကြိတ်သောကြောင့် မှုန့်မှုန့် ညက်ညက် ကြေသော ငရဲသူ သတ္တဝါအား ဆင်းရဲခြင်းဖြစ်သကဲ့သို့ ငှင်းတည်း၊ ဤဆိုအပ်ပြီးသော ဒုက္ခသည် မွေးဖွားခြင်းလျှင် အရင်းရှိသော ဒုက္ခတည်း။

မွေးဖွားကာစ ဖြစ်၍ အသားနု တက်သစ်သော အနာနှင့် တူသော အလွန်သိမ်မွေ့ နူးညံ့သော ကိုယ်ရှိသော သူငယ်ကို လက်ဖြင့် ကိုင်ခြင်း, ရေချိုးခြင်း, လက်ခြေစသည်ကို ဆေးခြင်း, အညစ်အကြေးကို အနှီးဖြင့် သုတ်ခြင်းစသော ကာလ၌ အပ်ဖျား သင်ခုန်းသွားတို့ဖြင့် ထိုးဆွ ခွဲမွှမ်းသည်နှင့်တူသော ဒုက္ခသည် ဖြစ်၏၊ ဤဆိုပြီးသော ဒုက္ခသည် အမိဝမ်းမှ မွေးဖွားခြင်းလျှင် အရင်းရှိသော ဒုက္ခတည်း။

ထိုမွေးဖွားပြီးမှနောက် ပဝတ္တိအခါ၌ မိမိသည်ပင်လျှင် မိမိကိုယ်ကို သတ်သော သူအားရင်း အစေလကတက္ကဒွန်းတို့၏ အကျင့်ကို ကျင့်ခြင်းစသည်တို့၏ အစွမ်းဖြင့် နေသို့ ရှေးရှုကျင့်သဖြင့် ပူစေခြင်း,ငါးပါးသောအပူဖြင့် ပူစေသော အကျင့်၌ အဖန်တလဲလဲ အားထုတ်ခြင်းကို အားထုတ်သော သူအားရင်း, အမျက်ထွက်သည်၏ အစွမ်းဖြင့် မစားမသောက်ဘဲ နေသောသူအားရင်း, ဆွဲကြိုးချသေသောသူအားရင်း ဆင်းရဲခြင်းသည် ဖြစ်၏၊ ဤဆိုပြီးသော ဒုက္ခသည် မိမိလို့လျှင် အရင်းရှိသောဒုက္ခတည်း။

သူတပါး၏ သတ်ခြင်း နှောင်ဖွဲ့ခြင်း စသည်တို့ကို ခံစားရသောသူအား ဆင်းရဲခြင်းသည် ဖြစ်၏၊ ဤဒုက္ခသည် သူတပါးလို့လျှင် အရင်းရှိသော ဒုက္ခတည်း၊ ဤနည်းဖြင့် ဤဇာတိသည် အလုံးစုံသော ဒုက္ခအပေါင်း၏ အကြောင်းရင်းသ[illegible]သာ ဖြစ်၏။

၅၄၁။ ထို့ကြောင့်—

(၁)"ဇာယေထ နော စေ နရကေသု သတ္တော၊
တတ္ထဂ္ဂိဒါဟာဒိက'မပ္ပသယှံ။
လဘေထ ဒုက္ခံ နု ကုဟိံ ပတိဋ္ဌံ၊
ဣစ္စာဟ ဒုက္ခာတိ မုနီဓ ဇာတိံ။

(၂) ဒုက္ခံ တိရစ္ဆေသု ကသာပတောဒ၊
ဒဏ္ဍာဘိဃာတာဒိဘဝံ အနေကံ။
ယန္တံ ကထံ တတ္ထ ဘဝေယျ ဇာတိံ၊
ဝိနာ တဟိံ ဇာတိ တတောပိ ဒုက္ခာ။

(၃) ပေတေသု ဒုက္ခံ ပန ခုပ္ပိပါသာ၊
ဝါတာတပါဒိပ္ပဘဝံ ဝိစိတ္တံ။
ယသ္မာ အဇာတဿ န တတ္ထ အတ္ထိ၊
တသ္မာပိ ဒုက္ခံ မုနိ ဇာတိမာဟ။

(၄) တိဗ္ဗန္ဓကာရေ စ အသယှသီတေ၊
လောကန္တရေ ယံ အသုရေသု ဒုက္ခံ။
န တံ ဘဝေ တတ္ထ န စဿ ဇာတိ၊
ယတော အယံ ဇာတိ တတောပိ ဒုက္ခာ။

(၅) ယဉ္စာပိ ဂူထနရကေ ဝိယ မာတုဂစ္ဆေ၊
သတ္တော ဝသံ စိရမတော ဗဟိ နိက္ခမန္တ။
ပပ္ပေါတိ ဒုက္ခမတိဃောရမိဒမ္ပိ နတ္ထိ၊
ဇာတိံ ဝိနာ ဣတိပိ ဇာတိ အယမ္ပိ ဒုက္ခာ။

(၆) ကိံ ဘာသိတေန ဗဟုနာ နနု ယံ ကုဟိဉ္စိ၊
အတ္ထီဓ ကိဉ္စိရပိ ဒုက္ခမိဒံ ကဒါစိ။
နေဝတ္ထိ ဇာတိဝိရဟေန ယတော မဟေသိ၊
ဒုက္ခာတိ သဗ္ဗပဌမံ ဣမမာဟ ဇာတိံ”။

(၁) “သတ္တဝါသည် ငရဲဘုံတို့၌ အကယ်၍ မဖြစ်ငြားအံ့၊ ဤသို့ မဖြစ်သည်ရှိသော် ထိုအပါယ်ငရဲ၌ ငရဲမီး လောင်ခြင်း စသည်တို့ကြောင့် ဖြစ်သော သည်းညည်း မခံနိုင်သော ဒုက္ခသည် အဘယ်မှာလျှင် တည်ရာကို ရတော့အံ့နည်း၊ ပဋိသန္ဓေနေခြင်း ဇာတ်နှင့်ကင်း၍ ထိုဆင်းရဲ၏တည်ရာသည်မရှိ၊ထို့ကြောင့် ဤလောက၌ သဗ္ဗညုရှင်တော်ဘုရားသည် ပဋိသန္ဓေနေခြင်းကို ဆင်းရဲ ခြင်း၏ အကြောင်းရင်း ဆင်းရဲခြင်း၏တည်ရာဟူ၍ ဟောတော်မူပေပြီ။

(၂) တိရစ္ဆာန်ဘုံ၌ ကြိမ်လုံးနှင်တံတုတ်တို့ဖြင့် ပုတ်ခတ်ခြင်း စသည်တို့ကြောင့်ဖြစ်သော များစွာသော ဒုက္ခသည် ရှိ၏၊ ထိုတိရစ္ဆာန်ဘုံ၌ ပဋိသန္ဓေနေခြင်း ဇာတိကို ကြဉ်၍ ထိုဒုက္ခသည် အဘယ်မှာဖြစ်လေတော့အံ့နည်း၊ ထို့ကြောင့်လည်း ဇာတိသည် ဆင်းရဲခြင်း မည်၏။

(၃) ပြိတ္တာဘုံတို့၌ အစာငတ်မွတ်ခြင်း, ရေသိပ်ခြင်း, လေ နေပူစသည်တို့ကြောင့်ဖြစ်သော အထူးထူး အထွေထွေ ဆန်းကြယ်၍ အံ့ဘွယ်သရဲရှိသော ဆင်းရဲခြင်းသည် ထိုပြိတ္တာဘုံ၌မဖြစ်သော သတ္တဝါအား′ ရှိ၊ ယို့ကြောင့် လည်း မြတ်စွာဘုရားသည် ပဋိသန္ဓေနေရခြင်းကို ဆင်းရဲ ခြင်း ဟူ၍ ဟောတော်မူ၏။

(၄) လ၊ နေ၊ ပတ္တမြားရောင်၊ မီးရောင် (**စသည့်**) **အရောင်** မရှိခြင်းကြောင့် အလွန် ထူထပ်သော **အမိုက်မှောင်** အတိဖြစ်သော သည်းမခံနိုင်အောင် **ကြောက်စရာ** ချမ်းလှေစွာသော လောကန္တရိက်၌၎င်း, **အသုရကာယ်** တို့၌၎င်း ဒုက္ခသည်ရှိ၏၊ ထိုလောကန္တရိက်, အသုရာ ဘုံတို့၌ အကယ်၍ ပဋိသန္ဓေမနေအံ့၊ ထိုဒုက္ခသည် မဖြစ်ရာ၊ ထို့ကြောင့်လည်း ဤဇာတိသည် ဒုက္ခမည်၏။

(၅) ဘင်စုငရဲ၌ ကြာမြင့်စွာနေရသကဲ့သို့ အမိဝမ်းတိုက်၌ ကြာမြင့်စွာနေရသည်လည်းဖြစ်သော ထိုအမိဝမ်းတိုက်မှ ပြင်ပသို့ ထွက်ရသည်လည်းဖြစ်သော သတ္တဝါသည် အလွန်ပြင်းပြ ကြမ်းကြုတ်သော ဆင်းရဲခြင်းသို့လည်း ရောက်၏၊ ဤဒုက္ခသည်လည်း **ဇာတိကိုကင်း၍** မဖြစ်၊ ထို့ကြောင့်လည်း ဤဇာတိသည် ဒုက္ခမည်၏။

(၆) စကားများစွာဆိုသဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဤလောကဝယ် အမှတ်မရှိသောအရပ်၌ ရှိရှိသမျှ အလုံးစုံသော ဆင်းရဲအပေါင်းသည်လည်း ပဋိသန္ဓေ နေခြင်း ကင်းလတ်သော် တရံတဆစ်မျှ တစုံတရာ မရှိ ရာသည်မဟုတ်လော၊ ထို့ကြောင့် မြတ်စွာဘုရားသည် အလုံးစုံတို့၏ ရှေးဦးစွာ ဤဇာတိကို ဒုက္ခဟူ၍ ဟောတော်မူပြီ”။

ဟူသော ထိုစကားကို ရှေးဆရာတို့သည် ဆိုအပ်ကုန်၏။

ဇာတိအဆုံးအဖြတ် ပြီး၏။

---

## ဇရာ နိဒ္ဒေသ

၁၄၂။ “ဇရာပိ ဒုက္ခာ” ဟူသောပုဒ်၌“ဇရာ”သည် သခ်ိတတရား တို့၏ ဌီလက္ခဏာ၎င်း, ခဏ္ဍိစ္စ၊ ပါလိစ္စ၊ ဝလိတ္တစတာ စသည်ဖြင့် သမုတ်အပ်သော ခန္ဓာအစဉ်၌ တခုသော ဘဝဝယ် အကျုံးဝင်သော ခန္ဓာတို့၏ ဟောင်းမြင်း

ရင့်ရော်သည်၏အဖြစ်၎င်း ဤသို့ နှစ်ပါးအပြားရှိ၏၊ ထိုတွင် ဤ "ဇရာပိ ဒုက္ခာ" ဟူသောပုဒ်၌ ထိုခန္ဓာတို့၏ ဟောင်းမြင်းသည်၏အဖြစ်ဟု သမုတ်အပ်သော ထင်ရှားသော ဇရာကိုသာ အလိုရှိအပ်၏၊ ထိုထင်ရှားသော ဇရာသည် တခုသောဘဝ၌ အကျုံးဝင်သော ခန္ဓာတို့၏ ရင့်ရော် ဟောင်းမြင်းသည်၏အဖြစ်ဟု မှတ်ကြောင်း လက္ခဏာရှိ၏၊ သေခြင်းအနီးသို့ ဆောင်ခြင်းကိစ္စ ရှိ၏၊ အဆင်းအရွယ် ကောင်းသည်၏အဖြစ်ကို ဖျက်ဆီးတတ်သော သဘောဟူ၍ ဉာဏ်အား ရှေ့ရှုထင်တတ်၏။

ထိုဇရာသည် သင်္ခါရဒုက္ခ၏အဖြစ်ကြောင့်၎င်း, ဒုက္ခ၏တည်ရာ ဒုက္ခ၏ အကြောင်း၏အဖြစ်ကြောင့်၎င်း ဆင်းရဲခြင်း မည်၏။ ထိုစကားမှန်၏၊ အင်္ဂါကြီးငယ်တို့၏ လျော့သည်အဖြစ်၊ စက္ခုစသော ဣန္ဒြေတို့၏ ဖောက်ပြန်သည်၏အဖြစ်၊ ရှုက်ပက်ရှုံ့တွ အဆင်းမလှသည်၏အဖြစ်၊ အရွယ်ပျက်စီးခြင်း၊ ခွန်အားပျက်စီးခြင်း၊ သတိ, သုတ, ဝီရိယစသည်တို့၏ ကင်းခြင်း၊ သား, မယား, ကျေးကျွန်စသော သူတပါးတို့က "သက်ကြားအို" ဟု မရိုမသေ မထေမဲ့မြင်ပြုခြင်း၊ နှိပ်စက်ခြင်းစသော များစွာသော အကြောင်းရှိသော ကိုယ်စိတ်၌ဖြစ်သော ဒုက္ခသည် ဖြစ်၏၊ ဇရာသည် ထိုဒုက္ခ၏ တည်ရာအကြောင်း ဖြစ်၏။

(၁) **"အင်္ဂါနံ သိထိလီဘာဝါ၊**
**ဣန္ဒြိယာနံ ဝိကာရတော။**
**ယောဗ္ဗနဿ ဝိနာသေန၊**
**ဗလဿ ဥပဃာတတော။**

(၂) **ဝိပ္ပဝါသာ သတာဒီနံ၊**
**ပုတ္တဒါရေဟိ အတ္တနော။**
**အပဿာဒနီယတော စေဝ၊**
**ဘိယျော ဗာလတ္တပတ္တိယာ။**

(၃) **ပဝ္ဝေါတိ ဒုက္ခံ ယံ မဇ္ဈေ၊**
**ကာယိကံ မာနသံ တထာ။**
**သဗ္ဗမေတံ ဇရာဟေတု၊**
**ယသ္မာ တသ္မာ ဇရာ ဒုခါ"။**

(၁) "အင်္ဂါကြီးငယ်တို့၏ လျော့သည်၏အဖြစ်ကြောင့်၎င်း, စက္ခုစသော ဣန္ဒြေတို့၏ ဖောက်ပြန်သည်၏အဖြစ်ကြောင့်၎င်း, ပျိုမြစ်တင့်တယ်သော အရွယ်၏ပျက်စီးခြင်းကြောင့်၎င်း, ခွန်အား၏ ဆုတ်ယုတ်ခြင်းကြောင့်၎င်း၊

(၂) သတိ, သုတ, ဝီရိယ, ပညာစသည်တို့၏ ပျောက်ကင်းခြင်းကြောင့်၎င်း, မိမိ၏ သားမယားတို့က "သက်ကြီးအို"ဟု မရှိမသေ တစီးတစောင်း မောင်းမဲ မြည်တွန်အပ်သည်၏ အဖြစ်ကြောင့်၎င်း, အလွန်ကြီးသော သူငယ်ပြန်ခြင်းကြောင့်၎င်း၊

(၃) သတ္တဝါသည် ကာယိကဒုက္ခ စေတသိကဒုက္ခသို့ ရောက်၏၊ ဤအလုံးစုံသော ဒုက္ခသည် ဇရာဟူသောအကြောင်းကြောင့်ဖြစ်၏၊ ထို့ကြောင့် ဇရာသည် ဒုက္ခမည်၏"။

ဟူသော ဤစကားကို ရှေးဆရာတို့သည် ဆိုကုန်၏။

ဇရာ၏အဆုံးအဖြတ် ပြီး၏။

---

## မရဏ နိဒ္ဒေသ

၅၄၃။ "မရဏမ္ပိ ဒုက္ခံ"ဟူသောပုဒ်၌သည်း"မရဏ"သည် နှစ်မျိုးရှိ၏၊ ဘင်တည်းဟူသော သင်္ခတလက္ခဏာ၎င်း, ဤဘင်ဟူသော ခဏိကမရဏကိုရည်၍ "ဇရာမရဏံ ဒွိဟိ ခန္ဓေဟိ သင်္ဂဟိတံ"ဟု ဟောတော်မူ၏၊ တခုသောဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ၏ အစဉ်ပြတ်ခြင်း၎င်း ဤဇီဝိတိန္ဒြေ ပြတ်ခြင်း ထင်ရှားသော မရဏကိုရည်၍ "ဒိဋ္ဌံ မရဏ-

တော ဘယံ” “အမြဲသေခြင်းကြောင့်ဘေးဖြစ်၏”ဟု ဟောတော်မူ၏၊ ဤသို့ နှစ်ပါးအပြားရှိ၏၊ ထိုတွင် ဤ “မရဏမ္ပိ ဒုက္ခံ”ဟူသော ပါဠ်၌ ထိုဇီဝိတိန္ဒြေပြတ်ခြင်း ထင်ရှားသော မရဏကိုသာ အလိုရှိအပ်၏။

ဇာတိဟူသော အကြောင်းကြောင့် ဖြစ်သော သေခြင်းငှင်း ပယောဂ လို့လဖြင့်သေခြင်းငှင်း, မိမိသဘောအားဖြင့် သေခြင်းငှင်း, အသက်ကုန်၍ သေခြင်းငှင်း, ဘုန်းကံကုန်၍ သေခြင်းငှင်း ဤသို့သော အမည်အပေါင်းသည်လည်း ထိုဇီဝိတိန္ဒြေ ပြတ်ခြင်း အမှတ် ထင်ရှားသော သေခြင်း၏အမည်သာတည်း၊ ထိုသေခြင်း မရဏသည် တခုသောဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်၏ ရွေ့ရှားခြင်း လက္ခဏာရှိ၏၊ ပြည့်စုံသော ဘဝခန္ဓာတို့မှ ကင်းစေခြင်းကိစ္စ ရှိ၏၊ အကြင် အကြင် ရောက်ဆဲသောဂတိမှ ကင်းကွာစေသည်၏ အစွမ်းအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ဆင်းရဲခြင်း၏အကြောင်း၏အဖြစ်ကြောင့် ဒုက္ခဟူ၍သိအပ်၏၊ထို့ကြောင့်—

(၁) “ပါပဿ ပါပကမ္မာဒိ–နိမိတ္တမနုပဿတော။
ဘဒ္ဒဿာ’ပသဟန္တဿ၊ ဝိယောဂံ ပိယဝတ္ထုကံ။

(၂) မီယမာနဿ ယံ ဒုက္ခံ၊ မာနသံ အဝိသေသတော။
သဗ္ဗေသဉ္စာပိ ယံ သန္ဓိ–ဗန္ဓနစ္ဆေဒနာဒိကံ။

(၃) ဝိတုဇ္ဇမာနမမ္မာနံ၊ ဟောတိ ဒုက္ခံ သရီရဇံ။
အသယှမပ္ပတိကာရံ၊ ဒုက္ခဿေတဿိဒံ ယတော။
မရဏံ ဝတ္ထု တေနေတံ၊ ဒုက္ခမိစ္စေဝ ဘာသိတံ”။

(၁) “အကုသိုလ်ကံစသော ကမ္မနိမိတ်,ဂတိနိမိတ်ကို ရှေး ပုပ် လည်ဆွဲ အဖန်တလဲလဲ မြင်ရသော သေဝပါးနိုး ရောက်သော မကောင်းမှုကံရှိသော ပုဂ္ဂိုလ်အား စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည် ဖြစ်၏။

(၂-၃) ကွေကွင်းခြင်းကိုသည်းမခံနိုင်သော သေဝပါးနိုးရောက် သော ပြုအပ်ပြီးသော ကောင်းမှု ကုသိုလ်ကံရှိသောသူ အားလည်း ချစ်အပ်သော ဝတ္ထုဖြစ်သော သတ္တဝါ

သဠါရတို့နှင့် ကွေကွင်းခြင်းလျှင် အကြောင်းရှိသော စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည် ဖြစ်၏၊ သာမညအားဖြင့် အလုံးစုံလည်းဖြစ်ကုန်သော အစပ် အဆက် အဖွဲ့တို့ကို ဖြတ်တတ်သောလေသည် ထိုးကျင့်အပ်သော ကြင်နာရာရှာ ရှိကုန်သော သတ္တဝါတို့အား အစပ်အဖွဲ့တို့၏ ပြတ်ခြင်းကြောင့်ဖြစ်သော ဆင်းရဲ အစရှိသော ကိုယ်၌ဖြစ်သော သည်းမခံနိုင်အောင် ကြင်နာသော နတ်ဆေး နတ်ဝါး နတ်မန္တရားတို့ဖြင့် ကုစား၍ သော်လည်း မရကောင်းသော ဆင်းရဲခြင်းသည် ဖြစ်၏၊ ဤသေခြင်းသည် ထိုဒုက္ခအပေါင်း၏ တည်ရာ ဖြစ်၏၊ ထို့ကြောင့် ထိုသေခြင်းကို ဒုက္ခ၏အကြောင်းဟူ၍သာလျှင် ဟောတော်မူအပ်၏”။

ဟူသော ထိုစကားကို ဆိုအပ်၏။

မရဏ အဆုံးအဖြတ် ပြီး၏။

---

## သောကာဒိနိဒ္ဒေသ

၁၉၄။ “**သောက**”စသည်တို့တွင် ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်တို့ဖြင့် နှိပ်စက်အပ်သောသူ၏ စိတ်၏ ပူပန်ခြင်းသည် “**သောက**”မည်၏၊ ထို“သောက”သည် သဘောအားဖြင့် ဒေါမနဿ ဝေဒနာသည်သာလျှင် အကယ်စင်စစ်ဖြစ်၏ရှင့်၊ ဤသို့ သဘောအားဖြင့် ဒေါမနဿပင် ဖြစ်သော်လည်း အတွင်း၌သာလျှင် တွန့်လျက် ကြံခြင်း လက္ခဏာရှိ၏၊ တနည်း–စိတ်၏ပူပန်ခြင်းလက္ခဏာရှိ၏၊ စိတ်ကို ထက်ဝန်းကျင်မှ လောင်ခြင်းကိစ္စရှိ၏၊ အဖန်တလဲလဲစိုးရိမ်ခြင်းဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ ဆင်းရဲခြင်း၏ အကြောင်းရင်း အဖြစ်ကြောင့်၎င်း, ဆင်းရဲခြင်း၏ တည်ရာ၏ အဖြစ်ကြောင့်၎င်း “ဒုက္ခ”မည်၏။

ထို့ကြောင့်—

**(၁) "သတ္တာနံ ဟဒယံ သောကော၊ ဝိသသလ္လံဝ တုဇ္ဇတိ။
အဂ္ဂိတတ္တောဝ နာရာစော၊ ဘုသံဝ ဒဟတေ ပုန။**

**(၂) သမာဝဟတိ စ ဗျာဓိ-ဇရာမရဏဘေဒနံ။
ဒုက္ခမ္ပိ ဝိဝိဓံ ယသ္မာ၊ တသ္မာ ဒုက္ခောတိ ဝုစ္စတိ"။**

(၁) ''သတ္တဝါတို့၏ နှလုံးကို စိုးရိမ်ခြင်းသည် ဆိပ်လူးမြှားသည် စူးဝင်သကဲ့သို့ စူးဝင် တတ်၏၊ မီးရဲရဲ ပူသော စဉ်းသွားကဲ့သို့ အဖန်တလဲလဲ ပြင်းစွာပူလောင်တတ်၏။

(၂) ဖျားနာခြင်းကို လွန်စွာ ဆောင်တတ်၏၊ အိုခြင်း, သေခြင်း,ပျက်စီးခြင်းလျှင် အကြောင်းရှိသော အထူးထူး အထွေထွေ ရှုပ်ပွေသောဆင်းရဲကိုလည်း လွန်စွာဆောင်တတ်၏၊ ထို့ကြောင့် ဒုက္ခဟူ၍ ဆိုအပ်၏"။

ဟူသော ထိုစကားကို ဆိုအပ်၏။

**သောက အဆုံးအဖြတ် ပြီး၏။**

---

## ပရိဒေဝနိဒ္ဒေသ

၅၄၅။ "**ပရိဒေဝ**"မည်သည်ကား-ဉာတိဗျသန စသည်တို့ဖြင့် နှိပ်စက်အပ်သောသူ၏အချည်းနှီးငိုကြွေးမြည်တမ်းသော အသံသည် "ပရိဒေဝ"မည်၏၊ ထိုပရိဒေဝသည် အဖန်ဖန် မြည်တမ်းခြင်းလက္ခဏာရှိ၏၊ ဂုဏ်ကျေးဇူးအပြစ်ကို ပြောကြားခြင်းကိစ္စရှိ၏၊စီးပွါးရှိသည် မရှိသည်ကို၎င်း, ရှက်ကြောက်သင့်သောသူကို၎င်း မစိစစ်မူ၍ ပုဂ္ဂိုလ်၏ ဝေနောက်သော အဖြစ်ဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏၊ သင်္ခါရဒုက္ခ၏ အဖြစ်ကြောင့်၎င်း, ဆင်းရဲခြင်း၏ တည်ရာ အကြောင်း၏အဖြစ်ကြောင့်၎င်း ဒုက္ခမည်၏၊

ထို့ကြောင့်—

**"ယံ သောကသလ္လဝိဟတော ပရိဒေဝမာနော၊**
**ကဏ္ဌောဋ္ဌ တာလု တလ သောသဇမ္ပုသယှံ။**
**ဘိယျောဓိမတ္တမဓိဂစ္ဆတိယေဝ ဒုက္ခံ၊**
**ဒုက္ခောတိ တေန ဘဂဝါ ပရိဒေဝမာဟ"။**

"သောက ဟူသော မြှားငြောင့်သည် နှိပ်စက်ညှဉ်းဆဲအပ်သည် ဖြစ်၍ ငိုကြွေးသော သူသည် လည်ချောင်း, နှုတ်ခမ်း, အာစောက်အပြင်တို့၏ သွေ့ခြောက်ခြင်းကြောင့် ဖြစ်သော သည်းမခံနိုင်လောက်အောင် စိုးရိမ်ခြင်း ဆင်းရဲ၏၊ အထက်၌ လွန်ကဲသော အတိုင်းအရှည် ရှိသော ဆင်းရဲကို ရသည်သာတည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည် ပရိဒေဝကို ဒုက္ခဟူ၍ ဟောတော်မူ၏"။

ဟူ၍ ဆိုအပ်၏။

ပရိဒေဝ အဆုံးအဖြတ် ပြီး၏။

---

## ဒုက္ခနိဒ္ဒေသ

၁၄၆။ **"ဒုက္ခ"** မည်သည်ကား–ကိုယ်၌ဖြစ်သော ဆင်းရဲခြင်း "ဒုက္ခ" တည်း၊ ထို "ကာယိကဒုက္ခ" သည် ကိုယ်ကို နှိပ်စက်ခြင်း လက္ခဏာရှိ၏၊ ပညာမဲ့တို့၏ နှလုံးမသာခြင်းကို ပြုခြင်းကိစ္စရှိ၏၊ ကိုယ်၌မှီသော အနာဟူ၍ ဉာဏ်အား ရှေးရှုထင်၏၊ဒုက္ခဒုက္ခ၏ အဖြစ်ကြောင့်၎င်း, စေတသိက ဒုက္ခကို ဆောင်တတ်သည်၏အဖြစ်ကြောင့် ၎င်း ဒုက္ခမည်၏။

ထို့ကြောင့်–

(၁) **"ပီဠေတိ ကာယိကမိဒံ၊**
**ဒုက္ခဉ္စ မာနသံ ဘိယျော။**
**ဇနယတိ ယသ္မာ တသ္မာ၊**
**ဒုက္ခန္တိ ဝိသေသတော ဝုတ္တံ"။**

(၁) "ကိုယ်၌ဖြစ်သော ဤဒုက္ခသည် သမ္ပယုတ်တရားတို့ကို နှိပ်စက် ညှဉ်းဆဲတတ်၏၊ စိတ်၌ဖြစ်သောဒုက္ခကိုလည်း လွန်စွာ ဖြစ်စေတတ်၏၊ ထို့ကြောင့် အထူးအားဖြင့် ဒုက္ခဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏"။

ဟူ၍ ဆိုအပ်၏။

ဒုက္ခ အဆုံးအဖြတ် ပြီး၏။

---

## ဒေါမနဿနိဒ္ဒေသ

၁၄၇။ "**ဒေါမနဿ**"မည်သည်ကား—စိတ်၌ဖြစ်သော ဆင်းရဲခြင်းတည်း၊ ထို"ဒေါမနဿ"သည် စိတ်ကိုနှိပ်စက်ခြင်း လက္ခဏာရှိ၏၊ ဗျာပါဒနှင့်ယှဉ်သည်၏ အစွမ်းအားဖြင့် စိတ်ကို ညှဉ်းဆဲခြင်းကိစ္စရှိ၏၊ နှလုံး၌ဖြစ်သော အနာဟူ၍ ဉာဏ်အား ရှေးရှုထင်၏၊ ဒုက္ခဒုက္ခ၏ အဖြစ်ကြောင့်၎င်း, ကာယိကဒုက္ခကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း ဒုက္ခမည်၏၊ ထိုစကားမှန်၏၊ စိတ်၏ဆင်းရဲခြင်းနှင့်ပြည့်စုံသော သတ္တဝါတို့သည် ဆံပင်တို့ကို ကြဲဖြန့်၍ ငိုယိုမြည်တမ်းကုန်၏၊ ရင်ဘတ်တို့ကို တီးခတ်ကြိတ်နှိပ်ကုန်၏၊ ရှေးရှု လူးလည်းကုန်၏၊ ဘယ်ပြန် ညာပြန် ကိုယ်ကိုလှိမ့်ကုန်၏၊ ခြေမိုးမြှော် လည်းကုန်၏၊ လက်နက်ကို ဆောင်ကုန်၏၊ အဆိပ်ကို စားကုန်၏၊ ကြိုးဆွဲချ၍ သေကုန်၏၊ မီးပုံတွင်းသို့ ခုန်ဆင်းကုန်၏၊ ဤသို့ အထူးထူး အပြားပြားရှိသော ထို ဆင်းရဲကို ခံစားရကုန်၏။

ထို့ကြောင့်—

(၁) "**ပီဠေတိ ယတော စိတ္တံ၊**
**ကာယဿ စ ပီဠနံ သမာဝဟတိ။**
**ဒုက္ခန္တိ ဒေါမနဿံ၊**
**ဝိဒေါမနဿာ တတော အာဟု**"။

(၁) "ဒေါမနဿသည် စိတ်ကိုလည်း နှိပ်စက်တတ်၏၊ ကိုယ်ကိုလည်း နှိပ်စက်ခြင်းကို မပြတ်ဆောင်တတ်၏၊ ထို့ကြောင့် ဒေါမနဿကင်းကုန်သော ဘုရားစသော အရိယာသခင်တို့သည် ဒေါမနဿကို ဒုက္ခဟူ၍ ဟော တော်မူကုန်၏"။

ဟူ၍ ဆိုအပ်၏။

ဤကား ဒေါမနဿ အဆုံးအဖြတ်တည်း။

---

## ဥပါယာသနိဒ္ဒေသ

၁၄၀။ "**ဥပါယာသ**"မည်သည်ကား–ဉာတိဗျသန စသည်တို့ဖြင့် နှိပ်စက်အပ်သောသူ၏ လွန်စွာသောစိတ်၏ဆင်းရဲခြင်းသည် ဖြစ်စေအပ်သော ဒေါသသည်ပင်လျှင် "ဥပါယာသ"မည်၏၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော အကုသိုလ် စေတသိက် တဆယ့်လေးခုမှ တပါးသော တခုသောတရားဟူ၍ အချို့ဆရာတို့ဆိုကုန်၏၊ ထိုဥပါယာသသည် စိတ်ကို ထက်ဝန်းကျင်မှ လောင်ခြင်း လက္ခဏာရှိ၏၊ ညည်းတွားခြင်းကို ပြုခြင်းကိစ္စရှိ၏၊ ကိုယ်စိတ်၏ မပြန့်ခြင်းကို ဖြစ်စေတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏၊ သင်္ခါရဒုက္ခ၏ အဖြစ်ကြောင့်၎င်း, စိတ်ကို ထက်ဝန်းကျင် လောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း, ကိုယ်၏မပြန့်ခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်၎င်း ဒုက္ခမည်၏၊ ထို့ကြောင့်–

(၁) "**စိတ္တဿ စ ပရိဒဟနာ၊**
**ကာယဿ ဝိသာဒနာ စ အဓိမတ္တံ။**
**ယံ ဒုက္ခမုပါယာသော၊**
**ဇနေတိ ဒုက္ခော တတော ဝုတ္တော**"။

ဟူသော အရိယဂါထာကို ဆိုအပ်၏။

(၁) "စိတ်ကို ပူလောင်းခြင်းကြောင့်၎င်း,ကိုယ်ကိုပြင်းပြစွာ ဖောက်ပြန်သောအားဖြင့် နှစ်စေခြင်းကြောင့်၎င်း ဥပါယာသသည် လွန်စွာသော ကာယိကဒုက္ခကို စေတသိကဒုက္ခကို ဖြစ်စေ၏၊ ထို့ကြောင့် ဥပါယာသကို ဒုက္ခဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူ၏"။

**သောက, ပရိဒေဝ,ဥပါယာသတို့၏ ထူးခြားမှု ဥပမာကား**

ဤ **သောက** စသည်တို့တွင် အားနည်းသော **မီး**ဖြင့် အိုးတွင်း၌လျှင်**ကျက်သော** ရေကဲ့သို့ "သောက"ကို မှတ်အပ်၏၊ ပြင်းစွာသော **မီးဖြင့် ကျက်**သော ရေ၏ အိုးပြင်ပသို့ ဆူဝေဖိတ်လျှံခြင်းကဲ့သို့ "**ပရိဒေဝ**"ကို မှတ်အပ်၏၊ ပြင်ပသို့ဖိတ်လျှံ ဝေကျသည်မှ ကြွင်း**သော မဖိတ်**နိုင်လောက်သော ရေ၏ အိုးတွင်း၌ သာလျှင် ခန်း**ခြောက်**သည်တိုင်အောင် ကျက်သောရေကဲ့သို့ "ဥပါယာသ" ကို **မှတ်**အပ်၏။

ဤကား ဥပါယာသ အဆုံးအဖြတ်တည်း။

---

**အပ္ပိယ သမ္ပယောဂ**

၁၄၉။ **မချစ်နှစ်သက်အပ်သော အရာတို့နှင့် ပေါင်းယှဉ်ရခြင်း အပ္ပိယ သမ္ပယောဂ** မည်သည်ကား-စိတ်နှလုံးကို မပွါးစေတတ်ကုန်သော သတ္တဝါ, သင်္ခါရတို့နှင့် တွေ့ကြုံပေါင်းဆုံရခြင်းသည် "အပ္ပိယသမ္ပယောဂ"မည်၏၊ ထို အပ္ပိယသမ္ပယောဂသည် အနိဋ္ဌာရုံနှင့် တွေ့ကြုံပေါင်းဆုံခြင်း လက္ခဏာရှိ၏၊စိတ်၏ ပင်ပန်းဆင်းရဲခြင်းကို ပြုခြင်းကိစ္စရှိ၏၊ အကျိုးမဲ့တို့၏ ထင်ရှားရှိသည်၏ အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်၏၊ ဆင်းရဲခြင်း အကြောင်း, ဆင်းရဲခြင်း၏ တည်ရာ၏ အဖြစ်ကြောင့် ဒုက္ခမည်၏။
ထို့ကြောင့်-

**(၁) "ဒိသွာဝ ဒွေပိယေ ဒုက္ခံ၊**
**ပဌမံ ဟောတိ စေတသိ။**
**တဒုပက္ကမသမ္ဘူတ၊**
**မထ ကာယေ ယတော ဣဓ။**

**(၂) တတော ဒုက္ခဒွယဿာပိ၊**
**ဝတ္ထုတော သော မဟေသိနာ။**
**ဒုက္ခော ဝုတ္တောတိ ဝိညေယျော၊**
**အပ္ပိယေဟိ သမာဂမော"။**

(၁-၂) "မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့ကို မြင်ရလျှင်ပင် ဤလောက၌ ရှေးဦးစွာ စိတ်ဆင်းရဲ၏၊ ထိုနောက်မှ ကိုယ်၌ ထိုမနှစ်လိုအပ်သော **သတ္တဝါ** သင်္ခါရတို့၏ ပယောဂကြောင့်ဖြစ်သော ဆင်းရဲသည် ဖြစ်၏၊ ထို့ကြောင့် ကာယိကဒုက္ခ, စေတသိ**ကဒုက္ခ** နှစ်ပါးစုံ၏လည်း အကြောင်း၏ အဖြစ်ကြောင့် ထိုအပ္ပိယသမ္ပယောဂကို ရှင်တော်ဘုရားသည် ဤ **ဒုက္ခ** သစ္စာနိဒ္ဒေသ၌ ဒုက္ခအစစ်ဟူ၍ ဟောတော်**မူအပ်**၏၊ ဤသို့ အပ္ပိယ သမ္ပယောဂကို သိအပ်၏"။

ဟူ၍ ဆိုအပ်၏။

ဤကား အပ္ပိယသမ္ပယောဂ အဆုံးအဖြတ်တည်း။

## ပိယဝိပ္ပယောဂ

၅၅၀။ **ချစ်နှစ်သက်အပ်သော အရာတို့နှင့် ကွေကွင်းခြင်း ပိယဝိပ္ပယောဂ** မည်သည်ကား-စိတ်နှလုံးကို ပွါး**စေတတ်**ကုန်သော သတ္တဝါ, သင်္ခါရတို့နှင့် ကွေကွင်း ခြင်းသည် "ပိယဝိပ္ပယောဂ'' မည်၏၊ ထို ပိယဝိပ္ပယောဂသည် ဣဋ္ဌာရုံနှင့် ကွေကွင်းခြင်း လက္ခဏာရှိ**၏၊ စိုးရိမ်**ခြင်းကို ဖြစ်စေခြင်း ကိစ္စရှိ၏၊ ဆွေမျိုးတို့၏ ပျက်စီး**ခြင်းစသည်**ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ **စိုးရိမ်ခြင်း** ဆင်းရဲ၏ **အကြောင်း၏ အဖြစ်ကြောင့် ဒုက္ခမည်၏။**

ထို့ကြောင့်-

**"ဉာတိဓနာဒိဝိယောဂါ၊**
**လောကသရုသမပ္ပိတာ ဝိတုဇ္ဇန္တိ။**
**ဗာလာ ယတော တတောယံ၊**
**ဒုက္ခောတိ မတော ဝိယဝိပ္ပယောဂေါ"။**

"ဆွေမျိုးဥစ္စာ စသည်တို့နှင့် ကွေကွင်းခြင်းကြောင့် သောကဟူသော မြားသည် စူးဝင်အပ်ကုန်သော မလိမ္မာသော သူတို့သည် နှလုံးတုန်ဆတ် အသည်းပြတ်မျှ နာကျင်ကုန်၏၊ ထို့ကြောင့် ဤ ပိယဝိပ္ပယောဂကို ဒုက္ခဟူ၍ သိအပ်၏"။

ဟူ၍ ဆိုအပ်၏။

ဤကား ပိယဝိပ္ပယောဂ အဆုံးအဖြတ်တည်း။

---

## ဣစ္ဆိတာလာဘ

၅၅၁။ **"အလိုရှိသော ဝတ္ထုကို မရ"**ဟု ဆိုရာ၌–"ငါတို့သည် ပဋိသန္ဓေနေခြင်း သဘောမရှိသျှင် ကောင်းလေစွ"အစ ရှိကုန်သော တောင့်တ၍ မရကောင်းသော ဝတ္ထုတို့၌ အလိုကိုပင်လျှင် (ယမ္ပိစ္ဆံ န လဘတိ, တမ္ပိ ဒုက္ခံ) "အလို ရှိသော ဝတ္ထုကို တောင့်တ၍ မရခြင်းသည် ဆင်းရဲ၏" ဟု ရှင်တော်ဘုရား ဟောကြားတော်မူ၏၊ ထိုမရကောင်းသည်၌ တောင့်တသော အလိုသည် တောင့်တ၍ မရကောင်းသော ဝတ္ထုကို လိုချင်ခြင်း လက္ခဏာရှိ၏၊ ထို မရစကောင်းသော ဝတ္ထုကို ရှာခြင်း ကိစ္စရှိ၏၊ ထို မရကောင်းသော ဝတ္ထုတို့သို့ မရောက်နိုင် မရနိုင်သည် ဖြစ်၍ ဉာဏ်အား ရှေးရှုထင်၏၊ဆင်းရဲခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် ဒုက္ခမည်၏၊ ထို့ကြောင့်–

(၁) **"တံတံ ပတ္ထယမာနာနံ၊**
**တဿ တဿ အလာဘတော။**
**ယံ ဝိဃာတမယံ ဒုက္ခံ၊**
**သတ္တာနံ ဣဓ ဇာယတိ။**

(၂) **အလဗ္ဘနေယျဝတ္ထူနံ၊**
**ပတ္ထနာ တဿ ကာရဏံ။**
**ယသ္မာ တသ္မာ ဇိနောဒုက္ခံ၊**
**ဣစ္ဆိတာလာဘမဗြဝိ**”။

(၁) “ဤလူ့ပြည်၌ ထိုထို ဝတ္ထုကို တောင့်တကုန်သော သတ္တဝါတို့အား ထိုထို အလိုရှိသော ဝတ္ထုကို မရခြင်း ကြောင့် စိတ်ပင်ပန်းခြင်းကြောင့် ဖြစ်သော အကြင် ကာယိကဒုက္ခဒေါမနဿသည် ဖြစ်၏။

(၂) တောင့်တ၍ မရကောင်းသော ဝတ္ထုတို့ကို တောင့်တ ခြင်းသည် ထို ကာယိကဒုက္ခ, စေတသိကဒုက္ခ၏ အကြောင်းသည် ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရား သည် မရကောင်းသောဝတ္ထု၌ တောင့်တခြင်းကို ဒုက္ခ ၏ အကြောင်းဟူ၍ ဟောတော်မူ၏”။

ဟူ၍ ဆိုအပ်၏။

ဣစ္ဆိတာလာဘ အဆုံးအဖြတ် ပြီး၏။

---

## ပဉ္စုပါဒါနက္ခန္ဓနိဒ္ဒေသ

၅၅၂။ **“သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ” “အကျဉ်း ချုပ် အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် လည်း ဆင်းရဲခြင်း အစစ်တို့တည်း”** ဆိုရာ၌ကား— (၁) ဓလောကမံ တို့ကြောင့် တုန်လှုပ်ခြင်း မရှိသော ရှင်တော်ဘုရားသည် ဤဒုက္ခသစ္စာနိဒ္ဒေသ၌ ဇာတိမှစ၍ ဖြစ်သော ဒုက္ခအမျိုးမျိုးကို သရုပ်အားဖြင့် ဟောတော် မူအပ်ပြီ၊ အကြင်ဒုက္ခကိုလည်း တပါးသောဒုက္ခက္ခန္ဓသုတ် ဗာလပဏ္ဍိတသုတ် စသည်တို့၌ ဟောတော် မူပြီးသော် လည်း ဤ ဒုက္ခသစ္စာနိဒ္ဒေသ၌ မဟောအပ်သေး။ (၂) ထို ဟောပြီး မဟောသေးသော အလုံးစုံရှိရှိသမျှ ဒုက္ခ အပေါင်းသည် ဤ ဥပါဒါနက္ခန္ဓာတို့ကို ကြဉ်ကင်း၍

မရှိနိုင် မဖြစ်နိုင်၊ ထို့ကြောင့် ဒုက္ခ၏ဆုံးရာ နိဗ္ဗာန်ကို သိပြီး၍ ခရီးသွန်တော်မူတတ်သောရှင်တော်ဘုရားသည် အကျဉ်းချုပ် အားဖြင့် ဤ ဥပါဒါနက္ခန္ဓာတို့ကို ဒုက္ခ ဟူ၍ ဟောတော်မူအပ်ကုန်၏။

ထိုစကားကို ချဲ့ဦးအံ့–မီးသည် မီးစာကို နှိပ်စက်သကဲ့သို့ရင်း, လက်နက်တို့သည် လက်မှန်တိုင်ကို နှိပ်စက်ကုန်သကဲ့သို့ရင်း, မှက်, ခြင် စသည်တို့သည် နွားအပေါင်းကို နှိပ်စက်ကုန်သကဲ့သို့ရင်း, စပါးရိတ်သော သူတို့သည် ကောက်ပင်ကို နှိပ်စက်ကုန်သကဲ့သို့ ရင်း, မြို့ရွာဖျက်ဆီးသော ခိုးသားတို့သည် မြို့ရွာကို နှိပ်စက်ကုန် သကဲ့သို့ရင်း ဇာတိစသည်တို့သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို သာလျှင် အထူးထူး အပြားပြားတို့ဖြင့် နှိပ်စက်ကုန်သည် ဖြစ်၍ မြက်နွယ်စသည်တို့သည် မြေ၌ ဖြစ်ကုန်သကဲ့သို့ရင်း, အပွင့် အသီး အညွန့်တို့သည် သစ်ပင်တို့၌ ဖြစ်ကုန်သကဲ့သို့ရင်း ဥပါဒါနက္ခန္ဓာ တို့၌သာလျှင် ဖြစ်ကုန်၏။

ဇာတိသည် ဥပါဒါနက္ခန္ဓာတို့၏ အစဆင်းရဲတည်း၊ ဇရာသည် အလယ်၌ ဆင်းရဲတည်း၊ မရဏသည် အဆုံး ဆင်းရဲတည်း၊ သေခါနီး၌ဖြစ်သော ဒုက္ခသည် အလွန် နှိပ်စက်ခြင်းကြောင့် စိုးရိမ် ပူလောင်သောဆင်းရဲသည် "သောက"မည်၏၊ ထိုသောဝ ပါးနီး အားကြီးသော ဆင်းရဲကို သည်းမခံနိုင်ခြင်းကြောင့် အထွေထွေ ယောင်ရမ်းမြည်တမ်းခြင်းဟူသော ဆင်းရဲသည်ကား "ပရိဒေဝ"မည်၏၊ ထိုပရိဒေဝထက် အလွန် လည်ချောင်းခြောက် သွေ့ခြင်းစသည်, အရိုးဆက်တို့၏ အစပ်ကို ဖြတ်ခြင်း စသည်ကို ဖြစ်စေတတ်သော သလိပ်, သည်းခြေ, သွေး, လေမညီ ပထဝီ စသော ဓာတ်ချောက်ချားခြင်းဟု ဆိုအပ်သော အလိုမရှိအပ် သော ဖောဋ္ဌဗ္ဗာရုံနှင့်တွေ့ကြုံခြင်းကြောင့် ကိုယ်၏ နာကျင်ခြင်း ဆင်းရဲသည်ကား "ဒုက္ခ"မည်၏။

ထိုကာယိကဒုက္ခသည် နှိပ်စက်အပ်ကုန်သော ပုထုဇဉ်တို့အား ထို ကာယိကဒုက္ခ၌ ဒေါသဖြစ်ခြင်းကြောင့် စိတ်၏ နာကျင်ခြင်း ဆင်းရဲသည်"ဒေါမနဿ"မည်၏၊ သောကစသည်တို့၏ ပွါးခြင်း

သည် ဖြစ်စေအပ်သော ပြင်းပြစွာနာကုန်သောသူတို့၏ အတွင်း၌ လောင်ကျွမ်းခြင်းဆင်းရဲသည်ကား "ဥပါယာသ" မည်၏၊ နှလုံး အလို ပျက်ခြင်းသို့ ရောက်ကုန်သောသူတို့အား အလို မပြည့် ပျက်ခြင်းကြောင့်ဖြစ်သော ဆင်းရဲသည် "ဣစ္ဆိတာလာဘ" အလို ရှိအပ်သည်ကို မရခြင်းမည်၏၊ ဤသို့ အထူးထူး အပြားပြားအား ဖြင့် ဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်အပ်ကုန်သည် ရှိသော် ဥပါဒါ- နက္ခန္ဓာတို့သည်သာလျှင် ဒုက္ခမည်ကုန်၏ဟု မှတ်အပ်၏။

အကြင် အကြင် ဒုက္ခကို တပါးစီ တခုစီပြ၍ ဟောအပ်သည် ရှိသော် များစွာသော ကပ်ကမ္ဘာတို့ ပတ်လုံး အကြွင်း အကျန် မရှိသောအားဖြင့် ဟောခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် အလုံးစုံ ရှိရှိသမျှ ဒုက္ခအပေါင်းကို သမုဒ္ဒရာရေ တစက်တပေါက်၌ အလုံးစုံသော သမုဒ္ဒရာရေ၏ အရသာကိုချုံး၍ပြသကဲ့သို့ အကြင် အမှတ်မရှိသော ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌"အလုံးစုံသော ဒုက္ခသည်လည်း ဤသို့ သဘောရှိသည်သာလျှင်တည်း"ဟု အကျဉ်း ချုံးကာ စုရုံး၍ပြခြင်းငှါ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ" ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပေပြီ။

ဤကား ဥပါဒါနက္ခန္ဓာတို့၌ အဆုံးအဖြတ်တည်း။

ဒုက္ခနိဒ္ဒေသ ပြီး၏။

---

## သမုဒယနိဒ္ဒေသ

၅၅၃။ **သမုဒယနိဒ္ဒေသ၌ "အကြင် တဏှာ"**ဟူသည်ကား– အကြင် ဤတဏှာသည်။ "ပေါနောဗ္ဘဝိကာ" ဟူသည် ကား–တဖန် အသစ်ဘဝကိုပြုခြင်းသည် "ပုနောဗ္ဘဝ" မည်၏၊ ထိုတဏှာ၏ တဖန် ဘဝအသစ်ကို ပြုခြင်းဟု ဆိုအပ်သော သဘောအလေ့သည် ရှိ၏၊ ထို့ကြောင့် ထိုတဏှာသည် "ပေါနောဗ္ဘဝိက" မည်၏၊ နှစ်သက် စုံမက် တပ်စွမ်းတတ်သော လောဘနှင့်အတူတကွ သရုပ် တရားကိုယ်အားဖြင့် တူသည်၏ အဖြစ်သို့ ရောက်သော

ကြောင့် "နန္ဒိရာဂသဟဂတာ"မည်၏၊ နှစ်သက် စုံမက်တပ်စွမ်းတတ်သော လောဘ နန္ဒီရာဂနှင့်ကဲ့ အနက်သဘော သရုပ်တရားကိုယ်အားဖြင့် တူသည်၏ အဖြစ်သို့သာလျှင် ရောက်၏ဟု ဆိုလိုသည်။

**"တတြ တတြာဘိနန္ဒိနီ"**ဟူသည်ကား—အကြင် အကြင် ဘဝ, ယောနိ,ဂတိ, သတ္တဝါသတို့၌ အတ္တဘောသည် ဖြစ်၏၊ ထို ထို အတ္တဘော၏ဖြစ်ရာ ဘဝ, ယောနိ, ဂတိ, သတ္တဝါသစသည်၌ အလွန် ရှေးရှုနှစ်သက်တတ်၏။ "သေယျထိဒံ"ဟူသော ဤသဒ္ဒါသည် နိပါတ်ပုဒ်တည်း၊ ထို သေယျထိဒံဟူသော နိပါတ်ပုဒ်ဖြင့် ထိုတဏှာသည် ဘယ်မျှရှိသနည်းဟု ဆိုလို၏၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးပါးအပြားရှိ၏၊ ဤတဏှာသုံးပါးတို့သည် ပဋိစ္စသမုပ္ပါဒ်နိဒ္ဒေသ၌ ထင်ရှားစွာ ဖြစ်လတ္တံ့၊ ဤသမုဒယသစ္စနိဒ္ဒေသ၌ သုံးပါး အပြားရှိသော ဤ တဏှာကိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော သဘောဖြင့် တခုတည်း၏အဖြစ်သို့ ဆောင်၍ "ဒုက္ခသမုဒယ အရိယသစ္စာ"ဟူ၍ ဟောတော်မူအပ်ကုန်၏။

ဒုက္ခသမုဒယသန္နိဋ္ဌာန [illegible] အဖွင့်အကျယ် ပြီး၏။

---

## နိရောဓနိဒ္ဒေသ

၅၅၄။ ဒုက္ခနိရောဓနိဒ္ဒေသ၌"ယော တဿာယေဝ တဏှာယ" အစရှိသောနည်းဖြင့် အကြင် သမုဒယနိရောဓသစ္စာကို ဟောတော် မူအပ်၏၊ ထို သမုဒယနိရောဓသစ္စာကို (တဿေဝ ဒုက္ခဿ နိရောဓော)ဟု မဟောဘဲ (တဿာယေဝ တဏှာယ)ဟု အဘယ့်ကြောင့် ဟောတော်မူသနည်း၊ ဤသို့ အကယ်၍ မေးငြားအံ့၊ အကြောင်းဖြစ်သော သမုဒယ၏ ချုပ်ခြင်းကြောင့် အကျိုးဖြစ်သော ဒုက္ခ၏ချုပ်ခြင်းသည် ဖြစ်၏၊ ထိုစကားမှန်၏—သမုဒယ ချုပ်ခြင်းကြောင့် ဒုက္ခသည် ချုပ်၏၊ တပါးသော အကြောင်းကြောင့် မချုပ်၊ ထို့ကြောင့်—

**"ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊**
**ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။**
**ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊**
**နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ"။**

"ရေသောက်မြစ်သည် ဥပဒ္ဒဝေါ တစုံတရာမျှမရှိသည် ဖြစ်၍ မြဲမြံ ခိုင်ခံ့နေသည်ရှိသော် အကိုင်း အခက်တို့ကို ဖြတ်အပ်သော်လည်း သစ်ပင်သည် တဖန် ပေါက်ရောက် မြဲပေါက်ရောက် စည်ကားပြန်သကဲ့သို့ ဤနည်းတူ တဏှာ နုသယကို မပယ် မဖြတ်နိုင်သေးသည် ရှိသော် ဤ ဒုက္ခ အပေါင်းသည် အဖန်တလဲလဲ ဖြစ်မြဲ ဖြစ်ပြန်၏"။

ဟူ၍ မြတ်စွာဘုရား ဟောတော်မူပြီ။

ဤသို့ သမုဒယချုပ်ခြင်းကြောင့်သာလျှင် ဒုက္ခသည် ချုပ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဒုက္ခ၏ချုပ်ခြင်းကို ဟောတော် မူသည်ရှိသော် သမုဒယချုပ်ခြင်းဖြင့်သာလျှင် ဟောတော်မူ၏၊ ထိုစကား မှန်၏-မြတ်စွာဘုရားတို့သည် ကေသရာဇာခြင်္သေ့မင်း နှင့်တူသော အကျင့်ရှိကုန်၏၊ ထိုခြင်္သေ့အသွင် ဘုရားရှင်တို့ သည် ဒုက္ခကို ချုပ်စေကုန်သော်၎င်း, ဒုက္ခ၏ချုပ်ခြင်းကို ဟော တော်မူကုန်သော်၎င်း အကြောင်း၌သာ ကျင့်တော်မူကုန်၏၊ အကျိုး၌ ကျင့်တော်မမူကုန်၊ တိတ္ထိတို့သည်ကား ခွေးနှင့်တူသော အကျင့်ရှိကုန်၏၊ ထိုခွေးနှင့် တူဘိ တိတ္ထိတို့သည် ဒုက္ခကို ချုပ်စေ ကုန်သော်၎င်း ဒုက္ခ၏ ချုပ်ခြင်းကို ပြောဟော ကုန်သော်၎င်း အတ္တကိလမထာနုယောဂ ဒေသနာစသည်တို့ဖြင့် အကျိုး၌ ကျင့် ကုန်၏၊ အကြောင်း၌ မကျင့်ကုန်၊ ဤသို့သောနည်းဖြင့် ရှေးဦးစွာ ဒုက္ခ၏ချုပ်ခြင်းကို သမုဒယချုပ်သည်၏ အစွမ်းအားဖြင့် ဟော တော်မူခြင်း၏အကျိုးကို သိအပ်၏။

၅၅၅။ ဤဆိုလတ္တံ့သည်ကား—အနက်သဘောတည်း၊ "ထို တဏှာ၏သာလျှင်"ဆိုသည်ကား-ထိုတဖန် ဘဝသစ်ကို ဖြစ်စေတတ်သောဟု ဆိုပြီး၍ ကာမတဏှာစသည်တို့၏

အစွမ်းအားဖြင့် ဝေဘန်အပ်သော တဏှာ၏ဟု ဆိုလိုသည်၊ မင်္ဂကို"ဝိရာဂ"ဟူ၍ ဆိုအပ်၏၊ ထိုစကားမှန်၏၊ သမုဒယတဏှာ၏ ပြတ်ကြောင်းဖြစ်သော အရိယမင်္ဂကြောင့် ဒုက္ခအပေါင်းမှလွတ်သည့် ဝိမုတ္တိမည်သော ဖိုလ်ဖြစ်၏၊ ဝိရာဂါ ဝိမုစ္စတိ ဟု ဟောတော်မူအပ်၏၊ ဝိရာဂ ဟူသော အရိယမင်္ဂဖြင့်ချုပ်ခြင်းသည် "ဝိရာဂ-နိရောဓ"မည်၏၊ အနုသယကို အကြွင်းမဲ့ဖြတ်ခြင်းကြောင့် အလုံးစုံ အကြွင်းအကျန်မရှိသော မင်္ဂဖြင့်ချုပ်ခြင်းသည် "အသေသဝိရာဂနိရောဓ" မည်၏။

တနည်းကား–ပယ်ခြင်းကို ဝိရာဂဟူ၍ ဆိုအပ်၏၊ ထိုသို့ ဝိရာဂ သဒ္ဒါ နိရောဓသဒ္ဒါတို့၏ ပယ်ခြင်း ပဟာန ပရိယာယ်ချည်းဖြစ်သောကြောင့် အကြွင်းမဲ့ ဖြတ်ခြင်း ပယ်ခြင်း အကြွင်းမဲ့ချုပ်ခြင်း ဟူ၍ ဤသို့လည်း ဤအသေသဝိရာဂနိရောဓ-ဟူသောပုဒ်၌ သမာသ် ယှဉ်တွဲခြင်းကို မှတ်အပ်၏၊ ထိုသို့ ပယ်ခြင်း ချုပ်ခြင်းဟု"ဘော" အနက်ကို ဟောသော်လည်း သရုပ်တရားကိုယ် ပရမတ္ထအားဖြင့် အလုံးစုံဖြစ်ကုန်သော ဤ"ဝိရာဂေါ, နိရောဓော, စာဂေါ, ပဋိ-နိဿဂ္ဂေါ, မုတ္တိ, အနာလယော" ဟူသောပုဒ်တို့သည် နိဗ္ဗာန်၏ ပရိယာယ်ဝေဝုစ် နှင်နှင်တို့တည်း။

ထိုစကားသင့်စွ–ပရမတ္ထအားဖြင့် နိဗ္ဗာန်ကို ဒုက္ခနိရောဓ အရိယသစ္စာဟု ဆိုအပ်၏၊ ဆင်းရဲ၏ချုပ်ခြင်းမျှကို မဆိုအပ်၊ ထို့ကြောင့် တဏှာယ ဝိရာဂ နိရောဓ-စသော ပုဒ်တို့သည်လည်း နိဗ္ဗာန်၏ ပရိယာယ်ချည်းသာတည်း၊ ထိုနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်၍ တဏှာသည် အရိယမင်္ဂ၏အစွမ်းဖြင့် ကုန်ခြင်းသို့ရောက်၍ ကင်းလည်းကင်း၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်သည်၏အစွမ်းဖြင့် ချုပ်လည်း ချုပ်၏၊ ထို့ကြောင့် ဝိရာဂဟူ၍၎င်း, နိရောဓဟူ၍၎င်း ဆိုအပ်၏။

ထိုနိဗ္ဗာန်ကိုသာလျှင် အာရုံပြု၍ ထိုတဏှာကို စွန့်ခြင်းစသည်တို့သည် ဖြစ်ကုန်၏၊ ဤနိဗ္ဗာန်၌ ကာမဂုဏ်ဟူသော အာလယ

စသည်တို့တွင် အာလယတခုမျှမရှိ၊ ထို့ကြောင့် နိဗ္ဗာန်ကို စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ မုတ္တိ၊ အနာလယော-ဟူ၍လည်း ဆိုအပ်၏။

၅၅၆။ ထိုနိဗ္ဗာန်သည် အလုံးစုံသော ဝဋ်ဆင်းရဲ အပူဟူသမျှကို ငြိမ်းစေခြင်းလက္ခဏာရှိ၏၊ မရွေ့ရှားခြင်းဟူသော ရသ ရှိ၏၊ တနည်းကား-သံသရာဒုက္ခမှ ငြိမ်းအေးသောသူအား သက်သာခြင်းကို ပြုခြင်းကိစ္စရှိ၏၊ ခန္ဓာငါးပါးဟူသော နိမိတ်မှ ဆိတ်သည်၏အဖြစ်ကြောင့် ကိုယ် အထည် ဒြပ် လုံးလုံး လျောင်းလျောင်း မရကောင်းသည်၏အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်၏၊ ဝါ-သံသရာဒုက္ခ အစမဆုံး နိုင်အောင် ချဲ့ထွင် ကျယ်ပွါးစေတတ်သော တဏှာ၊ ဒိဋ္ဌိ၊ မာန ဟူသော ပပဉ္စတရား ကင်းသည်၏အဖြစ်ကို ဖြစ်စေ တတ်၏။

## နိဗ္ဗာနကထာ

၅၅၇။ "ယုန်၏ချို ဆိုသကဲ့သို့ မရအပ် မသိအပ်သည်၏အဖြစ် ကြောင့် နိဗ္ဗာန်သည်မရှိသည်သာလျှင်တည်း" ဟု ဤသို့ အကယ်၍ စောဒနာငြားအံ့၊ နိဗ္ဗာန်သည် မရှိသည်ကား မဟုတ်၊ ရှိသည်သာလျှင်တည်း၊ အဘယ့်ကြောင့်နည်း၊ သမ္မာပဋိပတ်ဟူသော သင့်လျော်သော အကြောင်းဖြင့် အရိယာအရှင်တို့သည် သိအပ် ရအပ်သည်၏အဖြစ် ကြောင့်တည်း၊ ထိုစကားသင့်ပေစွ-ထိုနိဗ္ဗာန်ကို ထို နိဗ္ဗာန်အား လျော်သော သမ္မာပဋိပတ် ဟု ဆိုအပ်သော သင့်သောအကြောင်းဖြင့် သိအပ် ရအပ်၏၊ အဘယ် ကဲ့သို့နည်း ဟူမူ-စေတောပရိယဉာဏ်ဖြင့် သူတပါးတို့၏ လောကုတ္တရာစိတ်ကို သိအပ်သကဲ့သို့တည်း၊ ထို့ကြောင့် "မရအပ် မသိအပ်သည်၏အဖြစ်" ဟူသော စကားကို သင် စောဒကဆရာသည် မဆိုသင့်၊ ထိုစကား မှန်၏၊ အကြင်နိဗ္ဗာန်ကို ဗာလပုထုဇဉ်တို့သည် မသိနိုင်ကုန်၊ ထိုနိဗ္ဗာန်ကို မရှိဟူ၍ မဆိုသင့်။

၅၅၈။ တကြောင်းလည်း "နိဗ္ဗာန်သည်မရှိ" ဟူ၍ မဆိုအပ်၊ အဘယ့်ကြောင့်နည်း–နိဗ္ဗာန်သို့ ရောက်ရာ သမ္မာပဋိပတ် အကျင့်၏ အကျိုးမရှိ မြိသည်၏အဖြစ်သို့ ရောက်ခြင်း ကြောင့်ပေတည်း၊ ထင်ရှားစေအံ့–နိဗ္ဗာန်သည် မရှိခဲ့ သော် သမ္မာဒိဋ္ဌိ ရှေ့သွားရှိသော သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ သုံးပါးဖြင့် သင်္ဂြိုဟ်အပ်သော အကျင့်မြတ်၏ မကျိုးမရှိဘဲ မြိသည်၏အဖြစ်သည် ဖြစ်ခဲ့ရာ၏၊ ဤ သမ္မာပဋိပတ် အကျင့်မြတ်သည် နိဗ္ဗာန်သို့ ရောက်သည်၏ အဖြစ်ကြောင့် မမြိနိုင်၊ ထို့ကြောင့် နိဗ္ဗာန်သည် မရှိဟု မဆိုသင့်။

အကျင့်မြတ်ဖြင့် ကိလေသာဖြတ်ခြင်းကို အကြောင်းရင်း ပြုလျက် ခန္ဓာတို့၏ မရှိသောအဖြစ်သို့ ရောက်စေသည်၏အဖြစ် ကြောင့် သမ္မာပဋိပတ် အကျင့်မြတ်၏ မြိသည်၏အဖြစ်သို့ ရောက် ခြင်းသည်လည်း မဖြစ်သင့် ဟု ဤသို့ သင် ဆိုသည်ဖြစ်အံ့၊ ထိုသို့ လည်း မဆိုသင့်၊ အဘယ့်ကြောင့်နည်း–အတိတ် အနာဂတ် ခန္ဓာတို့၏ မရှိခြင်း အဘာဝ၌လည်း နိဗ္ဗာန်သို့ ရောက်ခြင်း၏ မရှိသောကြောင့်တည်း၊ ပစ္စုပ္ပန်ခန္ဓာတို့၏ မရှိခြင်းသည် နိဗ္ဗာန် တည်းဟု ဤသို့ သင် စောဒကသည် ဆိုငြားအံ့၊ ထိုစကားကို မဆိုသင့်၊ အဘယ့်ကြောင့်နည်း၊ ထိုပစ္စုပ္ပန်ခန္ဓာတို့၏ မရှိခြင်း အဘာဝ၏ မဖြစ်သင့်သောကြောင့်တည်း၊ မရှိသော်လည်း ပစ္စုပ္ပန် မဟုတ်သော အဖြစ်သို့ ရောက်သောကြောင့်တည်း၊ ပစ္စုပ္ပန် ခန္ဓာကိုမှီသော မဂ်ခဏ၌ သဉပါဒိသေသနိဗ္ဗာနဓာတ်သို့ ရောက် ခြင်း၏ မရှိဟူသော အဖြစ်ရှိသောကြောင့် မဆိုအပ်။

ထိုမဂ်ခဏ၌ ကိလေသာတို့၏ ပစ္စုပ္ပန်မဟုတ်သည်၏အဖြစ် ကြောင့်တည်း၊ ထို့ကြောင့် ဆိုအပ်ပြီးသော အပြစ်၏မရှိခြင်း ဖြစ်၏၊ ဤသို့ သင် စောဒကဆရာသည် အညွန့်တက်၍ ဆိုတုံအံ့၊ ထိုစကားကိုလည်း သင် မဆိုသင့်၊ ဝါ–အပြစ်မရှိသည်မဟုတ်၊ အပြစ်များစွာ ရှိသည်သာတည်း၊ အဘယ့်ကြောင့်နည်းဟူမူ– အရိယမဂ်၏ အကျိုးမဲ့အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း၊ ထို

စကားသင့်ပေစွ–ဤမဂ်ခဏ၌ ကိလေသာတို့၏ မရှိခြင်း နိဗ္ဗာန် မည်သော အဖြစ်သည်ရှိခဲ့သော် အရိယမဂ်ဖြစ်သောခဏမှ ရှေး အဘို့၌လည်း ကိလေသာတို့ မရှိကုန်၊ ထို့ကြောင့် အရိယမဂ်၏ အကျိုးမဲ့အဖြစ်သည် ရောက်၏၊ ထိုသို့ နိဗ္ဗာန်၏ မရအပ်သော အဖြစ် မရှိကာမျှသောအဖြစ်၏ မဖြစ်သင့်ခြင်းစသောအကြောင်း ကြောင့် သင်စောဒက ရေရွတ်ပြောဆိုအပ်သော ဆင်ခြေစကား တို့သည် သင့်သောအကြောင်းယုတ္တိ မရှိ။

၅၁၉။ “ယော ခေါ အာဝုသော ရာဂက္ခယော” စသည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် “ရာဂ, ဒေါသ, မောဟ တို့၏ ကုန်ခြင်းသည် နိဗ္ဗာန်မည်၏”ဟု ဤသို့သောစကားကို သင်သည် အကယ်၍ ဆိုတုံငြားအံ့၊ ထိုစကားကို သင်သည် မဆိုအပ်၊ အဘယ့်ကြောင့်နည်း ဟူမူကား–အရဟတ္တဖိုလ်၏လည်း ကုန်ခြင်းခဏ၏အဖြစ် မျှသို့ ရောက်ခြင်းကြောင့်တည်း၊ သင့်ပေစွ၊ ထိုအရဟတ္တ ဖိုလ်ကိုလည်း “ယော ခေါ အာဝုသော ရာဂက္ခယော” စသော နည်းဖြင့် ညွှန်ပြအပ်ပြီ။

သင့်စကား၌အပြစ်ဆိုစရာ လွန်စွာများသေး၏၊ အပြစ်များပုံ ကား–နိဗ္ဗာန်၏ တိုသောကာလရှိသော အဖြစ်သို့ ရောက်ခြင်း စသော အပြစ်များစွာရှိသည်၏ အဖြစ်ကြောင့်တည်း၊ ထင်ရှား စေဦးအံ့၊ ဤသို့ နိဗ္ဗာန်၏ ရာဂကုန်ကာမျှအဖြစ် ရှိလတ်သော် နိဗ္ဗာန်သည် တိုသောကာလရှိသော အဖြစ်သို့၎င်း, သင်္ခတ လက္ခဏာမရှိသော အဖြစ်သို့၎င်း, သမ္မာဝါယာမ ပယောဂကို ငဲ့ကွက်ခြင်းကင်း၍ မိမိ သဘောအားဖြင့် သိအပ် ရအပ်သည် ၏အဖြစ်သို့၎င်း ကျရောက်ခဲ့ရာ၏၊ သင်္ခတလက္ခဏာရှိသည်၏ အဖြစ်ကြောင့်သာလျှင် သင်္ခတတရားအပေါင်း၌ အကျုံးဝင် သည်၏ အဖြစ်ကြောင့် ရာဂ အစရှိကုန်သော မီး တဆယ့်တပါး တို့သည် ပြင်းစွာလောင်အပ်၏၊မီးတဆယ့်တပါးတို့သည် ပြင်းစွာ လောင်အပ်သည်၏ အဖြစ်ကြောင့်လည်း ဒုက္ခ မည်သည်လည်း

ဖြစ်၏၊ ဤသို့သော အပြစ်သို့လည်း ကျရောက်ရာ၏၊ ထို့ကြောင့် ''ခယော နိဗ္ဗာနံ၊ ရာဂ ကုန်ကာမျှသည် နိဗ္ဗာန် မည်၏''ဟူသော စကားကို သင် မဆိုသင့်။

အကြင့်ကြောင့် ရာဂ စသည် အလုံးစုံတို့၏ အဆုံးဖြစ်သော ကုန်ခြင်းမှစ၍ အထက်၌ ရာဂစသည်တို့၏ ဖြစ်ခြင်းမည်သည် မဖြစ်၊ ထိုအလုံးစုံတို့၏ အဆုံး၌ ရာဂ စသည်တို့ ကုန်ခြင်း၏ နိဗ္ဗာန်၏ အဖြစ်ကြောင့် အပြစ် မရှိဟု အကယ်၍ ထုချေချက် သွင်းပြန်ငြားအံ့၊ ထိုစကားကိုလည်း သင် မဆိုသင့်၊ အဘယ့်ကြောင့်နည်းဟူမူ— ထိုသို့ သဘောရှိသော အလုံးစုံတို့၏ အဆုံး၌ ရာဂ စသည်တို့ ကုန်ခြင်း၏ မဖြစ်သင့်သောကြောင့်တည်း၊ ထိုသို့ သဘောရှိသော ကုန်ခြင်းသည် ဖြစ်သော်လည်း ထိုသို့သော ခယ၏ ဆိုအပ်ပြီးသော အပြားရှိသော အပြစ်ကို မလွန်နိုင်ခြင်းကြောင့် "အပြစ်မရှိ" ဟူသော စကားကို သင် မဆိုအပ်။

အရိယမဂ်၏ နိဗ္ဗာန် မည်သည်၏အဖြစ်သို့ ရောက်ခြင်းကြောင့် လည်း သင် မဆိုအပ်၊ ရှုဦးအံ့—အရိယမဂ်သည် ရာဂ စသော အပြစ်တို့ကို ကုန်စေတတ်၏၊ ထို့ကြောင့် ခယမည်၏ဟု ဆိုအပ်၏၊ ထို အရိယမဂ် ဖြစ်သည်မှစ၍ အထက်၌ ရာဂစသော အပြစ်တို့၏ ဖြစ်ခြင်းသည် မရှိ၊ထို့ကြောင့် ခယဟူ၍ ဆိုအပ်၏၊ တဖန် မဖြစ်ခြင်း သာလျှင် ဖြစ်သော နိရောဓဟု ဆိုအပ်သော ခယ၏ ပရိယာယ် အားဖြင့် ဥပနိဿယ မည်သည်၏ အဖြစ်ကြောင့် အကြင် ခယ၏ မိရာသည် ဖြစ်၏၊ ထို ခယ၏ ဖလူပစာရအားဖြင့် နိဗ္ဗာန်ကို ခယ ဟူ၍ တရားစစ်သူကြီး အရှင်သာရိပုတ္တရာသည် ဇမ္ဗုခါဒက သုတ်၌ ဟောတော်မူ၏။

နိဗ္ဗာန်ကို သရုပ်အားဖြင့် အဘယ့်ကြောင့် ဟောတော် မမူ သနည်း၊ အလွန်သိမ်မွေ့သည်၏ အဖြစ်ကြောင့် သရုပ်အားဖြင့် ဟောတော်မမူ၊ ထို နိဗ္ဗာန်၏ အလွန်သိမ်မွေ့သော အဖြစ်သည် လည်း မြတ်စွာဘုရား၏တရား မဟောဘဲ ကြောင့်ကြမဲ့ နေလို သည်၏ အဖြစ်ကို ဆောင်ခြင်းကြောင့်၎င်း, အရိယာတို့၏ ဥစ္စာ

ဖြစ်သော မျက်စိသဘွယ်ဖြစ်သော မဂ်ဉာဏ်ဖြင့် အရိယာသခင်တို့သာ မြင်အပ်သည်၏ အဖြစ်ကြောင့်ငင်း ထင်ရှား၏၊ ဤသို့ မှတ်အပ်၏။

၅၆၀။ ထိုနိဗ္ဗာန်သည် အရိယမဂ်နှင့်ပြည့်စုံသော သခင်သည်သာ ရောက်အပ် **သိအပ်သော** တရား၏အဖြစ်ကြောင့် မြင်မြင် ဝါးဝါး ခပ်**သိမ်းသော ပုထုဇဉ်**တို့အား မဆက်ဆံ၊ ဤမည်သော ဘုရား**လက်ထက်**တော်၌ ဖြစ်၏ဟု ရှေ့အစွန်း၏ မရှိသောကြောင့် အစလက်မွှန် မရှိ၊ အရိယမဂ်ရှိလတ်သော်သာ ရှိသောကြောင့် အကြောင်း အမွှန်အစမရှိသည် မဟုတ်၊ ဤသို့ အကယ်၍ စောဒနာ တက်လာပြန်အံ့၊ အကြောင်းအမွှန်အစ မရှိသည်မဟုတ် ဟူသောစကားကိုလည်း သင် မဆိုသင့်၊ အဘယ့်ကြောင့်နည်း- အရိယမဂ်သည် မဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်တည်း။

ဤနိဗ္ဗာန်သည် အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော တရားသာတည်း၊ ဖြစ်စေအပ်သော တရားမဟုတ်၊ ထို့ကြောင့် အကြောင်းအမွှန်အစ မရှိသည်သာတည်း၊အကြောင်းအမွှန်အစ မရှိသည်၏ အဖြစ်ကြောင့် အိုခြင်း သေခြင်းလည်းမရှိ၊ အကြောင်း အမွှန်အစ ဖြစ်သော အိုခြင်း သေခြင်းတို့၏ မရှိခြင်းကြောင့် နိဗ္ဗာန်သည် မြဲ၏။

**နိဗ္ဗာန်**၏ မြဲသောအဖြစ်သို့ ရောက်ခြင်းကဲ့သို့ အဏုမြူပကတိကာလ ပုရိသ စသည်တို့၏လည်း "မြဲသောအဖြစ်သို့ ရောက်ခြင်းသည် ဖြစ်ကောင်းပါ၏"ဟု ဤသို့ စောဒနာငြားအံ့၊ ထိုသို့ မစောဒနာအပ်၊ အဘယ့်ကြောင့်နည်း၊ အသင့်အားဖြင့် ထိုအဏုမြူစသည်တို့၏ မြဲသောအဖြစ်ကို ပြီးစေတတ်သော အကြောင်း၏မရှိခြင်းကြောင့်တည်း၊ နိဗ္ဗာန်၏ မြဲခြင်းကြောင့် ထိုအဏုမြူပကတိ ကာလ ပုရိသ စသည်တို့သည် မြဲကုန်၏၊ ဤသို့ အကယ်၍ စောဒနာငြားအံ့၊ ထိုသို့လည်း မဆိုသင့်၊ အဘယ့်ကြောင့်နည်း-အကြောင်းဟူသော **လက္ခဏာ**၏ မဖြစ်သင့်သောကြောင့်တည်း။

နိဗ္ဗာန်သည် မြဲသကဲ့သို့ ထိုအတူမြဲ စသည်တို့သည် ဥပ္ပါဒလက္ခဏာ စသည်တို့၏ မရှိသောကြောင့် မြဲကုန်၏၊ဤသို့ စောဒနာ ငြားအံ့၊ ထိုသို့လည်း မဆိုအပ်၊ အဘယ့်ကြောင့်နည်း–အတူမြဲ စသည်တို့၏ နိဗ္ဗာန်ကဲ့သို့ ပရမတ္ထအားဖြင့် သဘောမထင်သည်၏ အဖြစ်ကြောင့်တည်း။

၅၆၁။ သင့်လျော်သည်ကို ဆိုအံ့၊ ပြဆိုခဲ့ပြီးသော အပြားရှိသော အကြောင်း အမွှန်အစ မရှိဟူသော ယုတ္တိရှိသည်၏ အဖြစ်ကြောင့် ဤအသခ်တဓာတ် နိဗ္ဗာန်သည်သာလျှင် မြဲ၏။ ရုပ်၏သဘောကို လွန်ခြင်းကြောင့် ရုပ်မဟုတ်၊ ရုပ်၏ သဘောမရှိ၊ ဘုရား အစရှိသော အရိယာသခင်တို့၏ ပြီးခြင်း ဆုံးဖြတ်ခြင်း၏ အထူးမရှိသောကြောင့် တပါးသာ ဖြစ်သော ပြီးခြင်း ဆုံးဖြတ်ခြင်းသည် ဖြစ်၏၊ အကြင်သူသည် အရိယမဂ်ကိုပွါးစေသဖြင့် သိအပ်ရောက်အပ်၏၊ ထိုသူ၏ ကိလေသာ ငြိမ်းခြင်းကိုငှင်း, ကိလေသာတိုမှ ကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိကိုငှင်းစွဲ၍ သိစေအပ်သည်၏အဖြစ်ကြောင့် အကြင်နိဗ္ဗာန်ကို ကိလေသာမှ ကြွင်းသော ဥပါဒိနှင့်တကွ သိစေအပ်၏၊ ထို့ကြောင့် ထို နိဗ္ဗာန်သည် "သဥပါဒိသေသ" မည်၏။

ထိုမှတပါး ထိုအရိယာသခင်တို့သည် ကဏှာသမုဒယကို ပယ်သဖြင့် အကြင် ကံ၏အကျိုး ကိလေသာမှ ကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိကို ဖျက်ဆီးအပ် ပယ်အပ်၏၊ အဆုံး စုတိစိတ်မှ နောက်၌ ပဝတ္တိဖြစ်သော ခန္ဓာတို့၏ မဖြစ်ခြင်းကြောင့်ငှင်း, ဖြစ်ကုန်ပြီးသော ခန္ဓာတို့၏ ကွယ်ခြင်းကြောင့်ငှင်း အကြင်ကိလေသာမှ ကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိ၏ မရှိခြင်းသည်လည်း ဖြစ်၏၊ ထို ဥပါဒိ၏မရှိခြင်းကိုစွဲ၍ သိစေအပ်သည်၏အဖြစ်ကြောင့် ဤနိဗ္ဗာန်၌ ကိလေသာမှ ကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိသည် မရှိ၊ ထို့ကြောင့် ထိုနိဗ္ဗာန်သည်"အနုပါဒိသေသ" မည်၏။

**အပြော့စား** အညှိစားမဟုတ်၊ တင်းမာသည့် ဝီရိယကြောင့် **ပြီးသော** လောကီမှထူးသော လောကုတ္တရာဉာဏ်ဖြင့် **သိအပ်**သည်၏ အဖြစ်ကြောင့်ငှင်း, သဗ္ဗညုဘုရား ဟောကြား**တော်**မူသည်၏ အဖြစ်ကြောင့်ငှင်း, ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ငှင်း နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသည် မဟုတ်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်သာတည်း။

ထို့ကြောင့်—

**"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ"** ဟူ၍ မြတ်စွာဘုရား ဟောတော်မူပြီ။

**အဓိပ္ပါယ်ကား**

"အိုရဟန်းတို့,ဝေဒနာစသည်ကဲ့သို့ ဟေတု,ပစ္စယသမဝါယဟုဆိုအပ်သော အကြောင်းနှင့်ကင်း၍ အလိုလိုသာလျှင် ထင်ရှားဖြစ်သည်လည်း မဟုတ်သော တစုံတခုသော အကြောင်းသည်လည်း မဟုတ်သော သင်္ခတမဟုတ် အသင်္ခတဖြစ်သော တရားသည် ရှိ၏"။

ဤသို့ ဟောတော်မူပြီ။

ဒုက္ခနိရောဓ နိဒ္ဒေသ၌ အဆုံးအဖြတ် ပြီး၏။

---

**မဂ္ဂနိဒ္ဒေသ**

၅၆၂။ သမ္မာဒိဋ္ဌိ အစရှိကုန်သော မဂ္ဂင်တရားကိုယ် ရှစ်ပါးတို့ကို ခန္ဓနိဒ္ဒေသ၌ အနက် ပြဆိုခဲ့ပြီးသည်ကား မှန်၏၊ သို့ပင် ပြဆိုခဲ့ပြီးဖြစ်သော်လည်း ဤဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-သစ္စနိဒ္ဒေသ၌ တခုသောခဏ၌ ဖြစ်ကုန်သော ထိုရှစ်ပါးသော တရားတို့၏ ပဋိပက္ခဖြစ်သော ကိလေသာတို့ကို သတ်ခြင်း အစရှိသော ပဝတ္တိအာကာရ အထူးကို သိစေခြင်းငှါ ထပ်၍ ပြဆိုပါအံ့။

အကျဉ်းအားဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း၄ါ ကျင့်သော ယောဂီ၏နိဗ္ဗာန်လျှင် အာရုံရှိသော အဝိဇ္ဇာနုသယကို အကြွင်းမဲ့ဖြတ်တတ်သော ပညာမျက်စိသည် "သမ္မာဒိဋ္ဌိ"မည်၏၊ ထို သမ္မာဒိဋ္ဌိသည် မဖောက်မပြန် သစ္စာကို မြင်ခြင်းလက္ခဏာရှိ၏၊ ပရမတ္ထခေတ်ဖြစ်သော သစ္စာလေးပါးကို ထင်စွာ ပြခြင်းကိစ္စရှိ၏၊ အဝိဇ္ဇာဟူသော အမိုက်မှောင်ကို ဖျက်ဆီးခြင်းဖြင့် ဉာဏ်အား ရှေးရှုထင်၏။

အဝိဇ္ဇာနုသယကို အကြွင်းမဲ့ဖြတ်သော အခြင်းအရာအားဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ထိုမဂ်သမ္မာဒိဋ္ဌိနှင့် သမ္ပယုတ်ဖြစ်သော မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ ဖြတ်တတ် သတ်တတ်သော စိတ်ကို နိဗ္ဗာန်ဟူသော အာရုံသို့ ရှေးရှုတတ် စေတတ်သော မဂ္ဂင်သည် "သမ္မာသင်္ကပ္ပ" မည်၏၊ ထို သမ္မာသင်္ကပ္ပသည် မဖောက်မပြန် သမ္ပယုတ်စိတ်ကို နိဗ္ဗာန်အာရုံသို့ ရှေးရှုတက်စေခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌ သွင်းခြင်း ကိစ္စ ရှိ၏၊ မိစ္ဆာသင်္ကပ္ပကိုပယ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။

ဆိုအပ်ပြီးသော အပြားရှိသော မဂ်သမ္မာဒိဋ္ဌိဖြင့် ရှုသည်လည်း ဖြစ်ထသော ဆိုအပ်ပြီးသော အပြားရှိသော သမ္မာသင်္ကပ္ပဖြင့် နိဗ္ဗာန်အာရုံ၌ စိတ်ကိုတက်စေသည်လည်း ဖြစ်ထသော ယောဂီ၏ ထိုသမ္မာသင်္ကပ္ပနှင့်သာလျှင် သမ္ပယုတ်ဖြစ်သော ဝစီဒုစရိုက်ကို အကြွင်းမဲ့ ဖြတ်တတ် သတ်တတ်သော မိစ္ဆာဝါစာမှ ကြဉ်တတ်သော တရား,ကြဉ်ခြင်းတရား, ကြဉ်ကြောင်းဖြစ်သောတရားသည် "သမ္မာဝါစာ"မည်၏၊ ထို သမ္မာဝါစာသည် နားထောင် နာယူသော သူတို့ကိုငင်း, သမ္ပယုတ်တရားတို့ကိုငင်း သိမ်းဆည်းခြင်း လက္ခဏာရှိ၏၊ မိစ္ဆာဝါစာမှကြဉ်ခြင်းကိစ္စ ရှိ၏၊ မိစ္ဆာဝါစာကို ပယ်ခြင်းလျှင် ဉာဏ်အား ရှေးရှု ထင်သော အခြင်းအရာရှိ၏။

ထို ဆိုအပ်ပြီးသော အပြားရှိသော သမ္မာဝါစာဖြင့်ကြဉ်သော ယောဂီ၏ ထိုဆိုအပ်ပြီးသော မဂ္ဂင်နှင့်ယှဉ်သည်သာလျှင်ဖြစ်သော မိစ္ဆာကမ္မန္တကို အကြွင်းမဲ့ဖြတ်တတ်သော ပါဏာတိပါတစသည် အပြား သုံးပါးသော ကာယဒုစရိုက်တို့မှ ကြဉ်တတ်သောတရား,

ကြဉ်ခြင်းတရား, ကြဉ်ကြောင်းဖြစ်သော တရားသည် "သမ္မာကမ္မန္တ"မည်၏၊ ထိုသမ္မာကမ္မန္တသည် အပြစ်ကင်းသော ကိုယ်ဖြင့် ပြုအပ်သောအမှုကို ကောင်းစွာဖြစ်စေခြင်း လက္ခဏာရှိ၏၊ မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းကိစ္စ ရှိ၏၊ မိစ္ဆာကမ္မန္တကို ပယ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏။

ထို ယောဂီ၏ ထိုဆိုအပ်ပြီးသော သမ္မာဝါစာ, သမ္မာကမ္မန္တတို့၏ အထူးသဖြင့် စင်ကြယ်ကြောင်းဖြစ်၍ ဖြစ်သော ထိုဆိုအပ်ပြီးသော မဂ္ဂင်တို့နှင့် ယှဉ်သည်သာလျှင်ဖြစ်သော ကုဟနစသော ယုတ်မာ မှားယွင်းသော ပယောဂကို လွန်စွာ ဖြတ်တတ်သော် အကြင် မိစ္ဆာဇီဝမှ ကြဉ်တတ်သော တရားသည် ရှိ၏၊ ထိုမိစ္ဆာမှ ကြဉ်တတ်သောတရား, ကြဉ်ခြင်းတရား, ကြဉ်ကြောင်းဖြစ်သော တရားသည် "သမ္မာအာဇီဝ" မည်၏၊ ထို သမ္မာအာဇီဝသည် ကိုယ်နှုတ်တို့ကို စင်ကြယ်စေခြင်းလက္ခဏာ ရှိ၏၊ ရှင်တော်ဘုရား စက်ဆုပ်တော်မမူအပ်သော ကောင်းသော အသက်မွေးခြင်းကို ဖြစ်စေခြင်းကိစ္စ ရှိ၏၊ မိစ္ဆာဇီဝကို ပယ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏။

ထိုအခါ၌ သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝဟု ဆိုအပ်သော ထိုသီလဟူသောမြေ၌ တည်ပြီးသော ထိုယောဂီပုဂ္ဂိုလ်၏ ထိုဆိုပြီးသော မဂ္ဂင်အား လျော်သော ထိုမဂ္ဂင်နှင့် ယှဉ်သည်သာလျှင် ဖြစ်သော ပျင်းရိခြင်းကို ဖြတ်တတ်သော ဝီရိယာရမ္ဘသည် "သမ္မာဝါယာမ"မည်၏၊ ထိုသမ္မာဝါယာမသည် သမ္ပယုတ်တရားတို့ကို ချီးပင့်ခြင်းလက္ခဏာ ရှိ၏၊ မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းကိစ္စ ရှိ၏၊ မိစ္ဆာဝါယာမမှ ကြဉ်ရှောင်ခြင်းလျှင် ဉာဏ်အား ရှေးရှု ထင်သော အခြင်းအရာ ရှိ၏။

ဤဆိုအပ်ပြီးသောနည်းဖြင့် အားထုတ်သောပုဂ္ဂိုလ်၏ ထိုပြဆိုပြီးသော မဂ္ဂင်တို့နှင့် ယှဉ်သည်သာလျှင်ဖြစ်သော ကာယဝေဒနာစသည်တို့၌ သုဘ စသော အခြင်းအရာကို မှတ်သည်၏အစွမ်းဖြင့် ဖြစ်သော သုဘသညာ စသည်လျှင် ရှေ့သွားရှိသော အကုသိုလ်ခန္ဓာဟူသော မိစ္ဆာသတိကို အကြွင်းမဲ့ ဖျက်ဆီးတတ်သောစိတ်၏

မေ့လျော့ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော မမေ့မလျော့ခြင်းသည် "သမ္မာသတိ"မည်၏၊ ထို သမ္မာသတိသည် ရှည်မြင့်စွာက ပြုလုပ်ဘူးသော ပြောဆိုဘူးသော အာရုံသို့ကပ်၍ တည်ခြင်းလက္ခဏာရှိ၏၊ ဝါ-အာရုံကို သဘောအလျောက် မဖောက်မယွင်း မှတ်နိုင်ခြင်း လက္ခဏာရှိ၏၊ ကောင်းသောအာရုံကို မမေ့မလျော့ခြင်းကိစ္စရှိ၏၊ မိစ္ဆာသတိကို ပယ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။

ဤ ဆိုအပ်ပြီးသောနည်းဖြင့် လောကုတ္တရာဖြစ်သော သတိသည် ကောင်းစွာစောင့်ရှောက်အပ်သော စိတ်ရှိသော ယောဂီ၏ ထိုပြဆိုပြီးသော မဂ္ဂင်နှင့် ယှဉ်သည်သာလျှင် ဖြစ်သော မိစ္ဆာသမာဓိကို အကြွင်းမဲ့ ဖျက်ဆီးတတ်သော တခုတည်းသော အာရုံ၌ စိတ်၏ တည်ကြည်ခြင်းသည်"သမ္မာသမာဓိ"မည်၏၊ ထို သမ္မာသမာဓိသည် မပျံ့မလွင့်ခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ်စိတ်ကို အညီအညွတ် အာရုံ၌ ကောင်းစွာထားခြင်း ကိစ္စ ရှိ၏၊ မိစ္ဆာသမာဓိကို ပယ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏၊ဤကား ဒုက္ခနိရောဓဂါမိနီ ပဋိပဒါနိဒ္ဒေသ၌ ဖွင့်ပြအပ်သော နည်းတည်း။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ဤ သစ္စနိဒ္ဒေသ၌
ဇာတိ စသည်တို့၏ အဆုံးအဖြတ်ကို သိအပ်၏။

---

၅၆၃။ **"သစ္စဉာဏ်၏ကိစ္စအားဖြင့်"** ဟူသည်ကား–သစ္စာတို့ကို အာရုံပြု၍ ဖြစ်သော ဉာဏ်၏ ကိစ္စအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏၊ ရှဲဦးအံ့-သစ္စာတို့ကို အာရုံပြု၍ ဖြစ်သော ဉာဏ်သည် အကြိမ်ကြိမ် အဖန်ဖန် သိသော အနုဗောဓဉာဏ်ရင်း, ထိုးထွင်း၍ သိသော ပဋိဝေဓဉာဏ်ရင်း ဤသို့ နှစ်ပါးအပြားရှိ၏၊ ထိုတွင် အနုဗောဓဉာဏ်သည် လောကီ ဖြစ်၍ အနုဿဝ စသည်တို့၏ အစွမ်းအားဖြင့် နိရောဓသစ္စာ၌ရင်း, မဂ္ဂသစ္စာ၌ရင်း ဖြစ်၏၊ ပဋိဝေဓဉာဏ်သည် လောကုတ္တရာ ဖြစ်၍ နိရောဓ

သစ္စာကို အာရုံပြု၍ ပိုင်းခြား၍ သိခြင်း, ပယ်ခြင်း, ပွါးစေခြင်း, မျက်မှောက်ပြုခြင်း ကိစ္စအားဖြင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိ၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်း–

''ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒမ္ပိ ပဿတိ''။

ဤသို့ဟောတော်မူ၏။

''အိုရဟန်းတို့, အကြင် ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို သိမြင်၏၊ ထို ပုဂ္ဂိုလ်သည် ဒုက္ခ၏ အကြောင်း ဖြစ်သော သမုဒယ သစ္စာကိုလည်း သိမြင်၏၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ ဖြစ်သော နိရောဓသစ္စာကိုလည်း သိမြင်၏၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာ ကိုလည်း သိမြင်၏''။

အလုံးစုံသော သုတ်ကို ထုတ်ဆိုအပ်၏။

ထိုပဋိဝေဓဉာဏ်၏ ထိုသစ္စာလေးပါးတို့ကို ပိုင်းခြား၍ သိခြင်း, ပယ်ခြင်း, ပွါးများစေခြင်း, မျက်မှောက်ပြုခြင်း ပရိညာယျစသော ကိစ္စသည် ဉာဏဒဿနဝိသုဒ္ဓိကထာ၌ ထင်ရှားစွာ ဖြစ်လတ္တံ့၊ လောကီဖြစ်သော အကြင်သစ္စဉာဏ်သည် ရှိ၏၊ ထိုလောကီသစ္စဉာဏ်၌ ဒုက္ခသစ္စာကို သိသော ဉာဏ်သည် ပရိယုဋ္ဌာန်ဟုဆိုအပ်သော အလွန်ဖိစီး နှိပ်စက်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော သက္ကာယဒိဋ္ဌိ ပရိယုဋ္ဌာန်ကို နှစ်စေ၏၊ သက်သက်သော သင်္ခါရအစုမျှကို ရှုခြင်းကြောင့်တည်း။

သမုဒယသစ္စာကို သိသော ဉာဏ်သည် အကြောင်း အကျိုး စပ်ခြင်း၏ မပြတ်ခြင်းကို ရှုမြင်ခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို နှစ်စေ၏၊ နိရောဓသစ္စာကို သိသော ဉာဏ်သည် အကြောင်းချုပ်ခြင်းကြောင့် အကျိုး ချုပ်သည်ကို ရှုမြင်ခြင်းကြောင့် သဿတဒိဋ္ဌိကိုနှစ်စေ၏၊

မဂ္ဂသစ္စာကိုသိသောဉာဏ်သည်မိမိပြုအပ်သောကိစ္စကိုမျက်မှောက်ပြုခြင်းကြောင့် အကာရိယင်္ဂကို နှစ်စေ၏။

တနည်းကား–ဒုက္ခသစ္စာကို သိသော ဉာဏ်သည် မြဲသော အဖြစ်, တင့်တယ်သော အဖြစ်, ချမ်းသာသော အဖြစ်, အတ္တ အဖြစ်တို့ကင်းကုန်သော ခန္ဓာတို့၌ ဓုဝအဖြစ်, သုဘအဖြစ်, သုခ အဖြစ်,အတ္တအဖြစ်ကို အမှားမှတ်တတ်သော အကျိုး၌ဖောက်ပြန် မှားယွင်းသော အကျင့်ကို နှစ်စေ၏၊ သမုဒယသစ္စာကို သိသော ဉာဏ်သည် ပရမိဿရ, ဗြဟ္မာမင်း စသော ဇာဿရအကြောင်း, ပကတိ, အဏုတ္တဟူသော ပဓာနအကြောင်း, ကာလအကြောင်း, သဘာဝအကြောင်း စသည်တို့ဖြင့် လောကသည် ဖြစ်၏၊ ဤသို့ အကြောင်းမဟုတ်ရာ၌ အကြောင်းရင်းဟု အမှတ် မှားသော အားဖြင့် ဖြစ်သော အကြောင်းရင်း အကြောင်းမှန်၌ ဖောက်ပြန် မှားယွင်းသော အကျင့်ကိုနှစ်စေ၏။

နိရောဓသစ္စာကို သိသောဉာဏ်သည် အရူပဘုံ, ရုပ်ရှိသော လောက၏ အထွဋ်ဖြစ် ထိပ်ဖျားဖြစ်သော အသညသတ်ဘုံ စသည် တို့၌ သဒ္ဓါရတို့၏ ကင်းရာ မောက္ခနိဗ္ဗာန်ဟု စွဲလမ်း ယူမှားသည် ဖြစ်၍ ဖြစ်သော နိဗ္ဗာန်၌ ဖောက်ပြန် မှားယွင်းသော အကျင့်ကို နှစ်စေ၏။

မဂ္ဂသစ္စာကို သိသောဉာဏ်သည် ကိလေသာ ကာမနှင့် ယှဉ် သောသုခ၌ ကပ်ငြိသောအကျင့်ကို အားထုတ်ခြင်း, ကိုယ်ကို ပင်ပန်းဆင်းရဲစေတတ်သော အကျင့်ကို အားထုတ်ခြင်း အပြားရှိ သော နိဗ္ဗာန်၏အကြောင်း မဟုတ်သည်၌ စင်ကြယ်ရာ စင်ကြယ် ကြောင်း နိဗ္ဗာန်၏ အကြောင်းဟု စွဲလမ်းမှတ်မှားသည်၏ အစွမ်း ဖြင့်ဖြစ်သော အကြောင်း၌ ဖောက်ပြန်မှားယွင်းသော အကျင့်ကို နှစ်စေ၏၊ ထို့ကြောင့်--

**"လောကေ လောကပ္ပဘဝေ၊**
**လောကတ္ထဂမေ သိဝေ စ တဒုပါယေ။**
**သံမုယှတိ တာဝ နရော၊**
**န ဝိဇာနာတိ ယာဝ သစ္စာနိ"။**

''အို ရဟန်းတို့-အကြင်သူသည် အကြင်မျှလောက် သစ္စာတို့ကို မသိသေး၊ ထိုသူသည် ထိုမျှလောက် ဒုက္ခ သစ္စာ၌၎င်း, ဒုက္ခ၏အကြောင်းအမှန် သမုဒယသစ္စာ၌၎င်း ပူပန်ခပ်သိမ်း မကပ်လိမ်း၍ ငြိမ်းချမ်းမြွေသော ဒုက္ခ၏ ချုပ်ရာ နိရောဓသစ္စာ၌၎င်း, ထိုနိရောဓသစ္စာသို့ ရောက် ကြောင်း ဖြစ်သော မဂ္ဂသစ္စာ၌၎င်း ပြင်းစွာတွေဝေ၏''။

ဟူ၍ ဘုရားဟောတော်မူ၏။

သစ္စဉာဏ်၏ ကိစ္စအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

၆၄။ **''အတွင်းဝင်သော တရားတို့၏ အပြားအားဖြင့်''** ဟူသည်ကား-တဏှာကို၎င်း, အာသဝေါတို့၏ အာရုံ မဟုတ်သော လောကုတ္တရာတရားတို့ကို၎င်း ထား၍ ကြွင်းကုန်သော လောကီတရား အားလုံးတို့သည် ဒုက္ခ သစ္စာ၌ အတွင်းဝင်ကုန်၏၊ သုံးဆယ့်ခြောက်ပါးသော တဏှာဝိစရိုက်တို့သည် သမုဒယသစ္စာ၌ အတွင်းဝင် ကုန်၏၊ နိရောဓသစ္စာသည် တပါးတည်းဖြစ်၍ တစုံ တခုသောတရားနှင့် မရောနှော၊ မဂ္ဂသစ္စာ၌ သမ္မာဒိဋ္ဌိကို ပဓာနပြုသဖြင့် ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မ- ဝိစယသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏၊ သမ္မာ- သင်္ကပ္ပကိုညွှန်းသဖြင့် သုံးပါးကုန်သော နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသ ဝိတက်တို့သည် အတွင်း ဝင်ကုန်၏၊ သမ္မာဝါစာကို ညွှန်းသဖြင့် ဝစီသုစရိုက် လေးပါးတို့သည် အတွင်းဝင်ကုန်၏၊ သမ္မာကမ္မန္တကို ညွှန်းပြသဖြင့် ကာယသုစရိုက်သုံးပါးတို့သည် အတွင်း ဝင်ကုန်၏၊ သမ္မာအာဇီဝကို အကြောင်းရင်း ပြုသဖြင့် အလိုနည်းသော အပ္ပိစ္ဆတာသည်၎င်း,ရသမျှနှင့်ရောင့်ရဲ လွယ်သော သန္တုဋ္ဌိသည်၎င်း အတွင်းဝင်ကုန်၏။

တနည်းကား—အလုံးစုံသောလျှင် ဖြစ်သော ထို သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့၏ အရိယာတို့သည် ချစ်နှစ်သက်အပ်သော သီလ၏အဖြစ်ကြောင့်ငှင်း, အရိယာတို့ နှစ်သက်အပ်သော အရိယကန္တ သီလ၏သဒ္ဓါလက်ဖြင့် သိမ်းယူအပ်သည်၏အဖြစ်ကြောင့်ငှင်း ထို သဒ္ဓိန္ဒြေစသည့်တို့၏ ရှိသည်၏အဖြစ်ဖြင့် သီလ၏ ရှိသည်၏အဖြစ်ကြောင့် သဒ္ဓိန္ဒြေ,သဒ္ဓါဗိုလ်,ဆန္ဒိဒ္ဓိပါဒ်တို့သည် အတွင်းဝင်ကုန်၏၊ သမ္မာဝါယာမကိုညွှန်းသဖြင့် သမ္မပ္ပဓာန်လေးပါး,ဝီရိယိန္ဒြေ,ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏၊ သမ္မာသတိကို ညွှန်းသဖြင့် သတိပဋ္ဌာန်လေးပါး, သတိန္ဒြေ,သတိဗိုလ်,သတိသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏၊ သမ္မာသမာဓိကိုညွှန်းသဖြင့် သဝိတက္က သဝိစာရသမာဓိ အစရှိကုန်သော သမာဓိသုံးပါး, စိတ္တသမာဓိ,သမာဓိန္ဒြေ,သမာဓိဗိုလ်, ပီတိ,ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏၊ ဤသို့ ဤသစ္စနိဒ္ဒေသ၌ အတွင်းဝင်ကုန်သောတရားတို့၏ အပြားအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

အန္တောဂဓ ပဘေဒ အဆုံးအဖြတ် ပြီး၏။

---

၅၆၅။ “**ဥပမာအားဖြင့်**”ဟူသည်ကား—ဝန်ထုပ်ကဲ့သို့ ဒုက္ခသစ္စာကို မှတ်အပ်၏၊ ဝန်ကိုယူခြင်း စုရုံးခြင်းကဲ့သို့ သမုဒယသစ္စာကို မှတ်အပ်၏၊ ဝန်ကို ပစ်ချခြင်းကဲ့သို့ နိရောဓသစ္စာကို မှတ်အပ်၏၊ ဝန်ကို ပစ်ချခြင်း၏ အကြောင်း ပယောဂကဲ့သို့ မဂ္ဂသစ္စာကို မှတ်အပ်၏။

တနည်းကား—အနာရောဂါကဲ့သို့ ဒုက္ခသစ္စာကို မှတ်အပ်၏၊ အနာရောဂါ၏ ဖြစ်ခြင်းအကြောင်းဖြစ်သော မသင့်မတင့်သော အာဟာရစသည်ကို မှီဝဲခြင်းကဲ့သို့ သမုဒယသစ္စာကိုမှတ်အပ်၏၊ အနာရောဂါ၏ ငြိမ်းအေး ပျောက်ကင်းခြင်းကဲ့သို့ နိရောဓသစ္စာကို မှတ်အပ်၏၊ အနာရောဂါပျောက်ကြောင်း ဆေးစွမ်းကောင်းကဲ့သို့ မဂ္ဂသစ္စာကို မှတ်အပ်၏။

တနည်းသော်-ငတ်မွတ် ဖျားပါး အစားအစာမလှဲလောက်သောအခါကဲ့သို့ ဒုက္ခသစ္စာကို မှတ်အပ်၏၊ မိုးမရွာသောအခါ မိုးရွာလွန်းသော အခါကဲ့သို့ သမုဒယသစ္စာကို မှတ်အပ်၏၊ အစားအစာပြည့်စုံသောအခါကဲ့သို့ နိရောဓသစ္စာကို မှတ်အပ်၏၊ လုပ်ချိန် အခါ၌ သင့်တင့်လျောက်ပတ်စွာ မိုးရွာခြင်း ကဲ့သို့ မဂ္ဂသစ္စာကို မှတ်အပ်၏။

ထို့ပြင် ရန်ရှိသောသူ, ရန်၏အကြောင်းရင်း,ရန်ကို အကြွင်းမဲ့ သတ်ရာ ခွါရာ, ရန်ကို အကြွင်းမဲ့ သတ်ခြင်း ခွါခြင်း၏အကြောင်းရင်းတို့နှင့်၎င်း၊ အဆိပ်ပင်, အဆိပ်ပင်၏ရေသောက်မြစ်, ရေသောက်မြစ်ပြတ်ခြင်း, ထိုရေသောက်မြစ်ပြတ်ခြင်း၏ အကြောင်းရင်းတို့နှင့်၎င်း၊ ဘေး, ဘေးဖြစ်ခြင်း အကြောင်း, ဘေးကင်းခြင်း, ထိုဘေးကင်းရာသို့ ရောက်ခြင်း,သိခြင်းအကြောင်းရင်းတို့နှင့်၎င်း၊ ဤမှာ ဘက်ကမ်း, ပြင်းထန်သော ရေအယဉ်, ထိုမှာဘက်ကမ်း, ထိုမှာဘက်ကမ်းသို့ ရောက်စေတတ်သော အကြောင်းရင်းတို့နှင့်၎င်း အသီးအသီး ဆိုင်ရာ ယှဉ်တွဲ၍လည်း ထို သစ္စာလေးပါးတို့ကို ဥပမာအားဖြင့် သိအပ်ကုန်၏။

သစ္စနိဒ္ဒေသ၌ ဥပမာအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

၃၆၆။ **"စတုက္ကအားဖြင့်"**ဟူသည်ကား-ဤသစ္စာလေးပါးတို့၌ ဒုက္ခသာ မည်၍ အရိယသစ္စာ မမည်သော တရား၊ အရိယသစ္စာသာမည်၍ ဒုက္ခမမည်သော တရား၊ ဒုက္ခလည်းမည်၍ အရိယာသစ္စာလည်း မည်သော တရား၊ ဒုက္ခလည်း မမည်, အရိယသစ္စာလည်း မမည်သော တရားသည် ရှိ၏၊ သမုဒယစသည်တို့၌လည်း ဤနည်းအတိုင်း သိအပ်၏၊ ထို စတုက္က၌ မဂ်နှင့်ယှဉ်ကုန်သော မဂ္ဂင်ရှစ်ပါး ကြဉ်သောမဂ်စိတ်ပြုပွါးနှစ်ဆယ့်ကိုးခုတို့သည်၎င်း, မဂ်၏ အကျိုးဖြစ်ကုန်သော ဖိုလ်စိတ်ပြုပွါး သုံးဆယ့်ခုနစ်ခုတို့သည်၎င်း, "အကြင် သဘောတရား

သည် မမြဲ၊ ထို မမြဲသော သဘောတရားသည်ပင်း ဒုက္ခ မည်၏”ဤသို့ ဘုရားဟောတော်မူသောကြောင့် သင်္ခါရ ဒုက္ခ၏အဖြစ်ဖြင့် ဒုက္ခသာမည်၏၊ အရိယသစ္စာ မမည်။

နိဗ္ဗာန်သည် အရိယသစ္စာမည်၏၊ ဒုက္ခမမည်၊ ဤ ဆိုအပ်ခဲ့ပြီးသည်မှ တပါးသော သမုဒယသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့သည် အနိစ္စ၏အဖြစ်ကြောင့် သင်္ခါရဒုက္ခ၏ အဖြစ်ဖြင့် ဒုက္ခ မည်သည် ဖြစ်ကောင်း၏၊ သို့သော်လည်း အကြင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရား အထံတော်၌ မြတ်သော အကျင့်ကို ကျင့်သုံး၏၊ ထို ဒုက္ခသစ္စာ၏ မဖောက်မပြန် မှန်သော ပရိညေယျ သဘောဟူသောအဖြစ်ဖြင့် ဒုက္ခမည်သည် မဖြစ်ရာ၊ မဖြစ်ကောင်း၊ ခပ်သိမ်းသောအပြားအားဖြင့် တဏှာ ကြဉ်သော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး အပေါင်းသည် ဒုက္ခလည်း မည်၏၊ အရိယသစ္စာလည်း မည်၏၊ မဂ်နှင့်ယှဉ်သော တရားတို့သည်ပင်း, ဖိုလ်စိတ္တုပ္ပါဒ် သုံးဆယ့် ခုနစ်ခုတို့သည်ပင်း အကြင် သဘော တရားတို့ကိုပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရား၌ မြတ်သော အကျင့်ကို ကျင့်သုံး၏၊ ထို သဘော တရား၏ မဖောက်မပြန် မှန်သောအားဖြင့် ဒုက္ခလည်း မမည်၊ အရိယသစ္စာလည်း မမည် သည်သာတည်း၊ ဤသို့သောနည်းဖြင့် သမုဒယသစ္စာ စသည်တို့၌ လည်း ယှဉ်သင့်သည်အားလျော်စွာ ယှဉ်၍ ဤ သစ္စာလေးပါး တို့၌ စတုက္ကအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

စတုက္ကအားဖြင့် အဆုံးအဖြတ် ပြီး၏။

---

၅၆၇။ **“သုညတ အားဖြင့်”**ဟူသည်ကား–ပရမတ္ထ အားဖြင့် အလုံးစုံသော သစ္စာတို့သည် ခံစားတတ်သော သူ, ပြုတတ်သောသူ,ငြိမ်းတတ်သောသူ, သွားတတ်သောသူ မရှိခြင်းကြောင့် ဗာဟိရက တိတ္ထိတို့သည် ကြံဆအပ်ကုန်သော ခံစားတတ်သူစသည်တို့မှ ဆိတ်ကုန်၏ဟု သိအပ်ကုန်၏။ ထို့ကြောင့်—

**"ဒုက္ခမေဝ ဟိ န ကောစိ ဒုက္ခိတော၊**
**ကာရကော န ကိရိယာဝ ဝိဇ္ဇတိ။**
**အတ္ထိ နိဗ္ဗုတိ န နိဗ္ဗုတော ပုမာ၊**
**မဂ္ဂမတ္ထိ ဂမကော န ဝိဇ္ဇတိ"။**

"ဒုက္ခသည်သာရှိ၏၊ ဒုက္ခကို ခံစားတတ်သောသူ တစုံတယောက်မျှမရှိ၊ ပြုပြင်ခြင်းသည်သာလျှင်ရှိ၏၊ ပြုတတ်သူမရှိ၊ ငြိမ်းရာနိဗ္ဗာန်သည် ရှိ၏၊ ငြိမ်းတတ်သောယောက်ျားသည် မရှိ၊ နိဗ္ဗာန်သို့ သွားရာသွားကြောင်း အကျင့်ခရီးသည် ရှိ၏၊ နိဗ္ဗာန်သို့ သွားတတ်သောယောက်ျားသည် မရှိ"။

ဟု ဟောတော်မူပြီ။

တနည်းတုံ–ရှေးဖြစ်သော ဒုက္ခ,သမုဒယသစ္စာနှစ်ပါး အပေါင်းသည် မြဲသောသဘော,တင့်တယ်သောသဘော, ချမ်းသာသောသဘော, အတ္တဟူသောသဘောမှ ဆိတ်၏၊ အမြိုက်နိဗ္ဗာန်သည် အတ္တမှ ဆိတ်၏၊ မဂ္ဂသစ္စာသည် မြဲသောသဘော, ချမ်းသာသောသဘော, ကိုယ်ဟူသောသဘောမှ ကင်း၏၊ ဤသို့ ထိုသစ္စာလေးပါးတရားတို့၌ ဆိတ်သည်၏အဖြစ်ကို သိအပ်၏။

တနည်းကား–ဤသစ္စာလေးပါးတို့တွင် သုံးပါးသော သစ္စာတို့သည် နိရောဓသစ္စာမှ ဆိတ်ကုန်၏၊ နိဗ္ဗာန်သည်လည်း ကြွင်းသော ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာသုံးပါးမှ ဆိတ်၏၊ တနည်းကား–ဤသစ္စာလေးပါးတို့တွင် သမုဒယသစ္စာ, မဂ္ဂသစ္စာနှစ်ပါးသည် ဒုက္ခသစ္စာ, နိရောဓသစ္စာဟူသော အကျိုးသစ္စာမှ ဆိတ်၏၊ အဘယ့်ကြောင့်နည်း၊ ပေါနောဗ္ဘဝိကတဏှာဟူသော သမုဒယ၌ နောက်နောင် တဖန် ဖြစ်လတ္တံ့သောဒုက္ခ၏ မရှိခြင်းကြောင့်၎င်း, မဂ်၌ နိရောဓ၏ မရှိခြင်းကြောင့်၎င်းတည်း။

ပကတိဝါဒရှိသော တိတ္ထိတို့၏ ပကတိသဘောသည် မဟန္တ အဝိသေသစသော ဖောက်ပြန်ခြင်းဖြင့် မျိုးရှိသကဲ့သို့ ထို့အတူ

အကြောင်းသစ္စာသည် အကျိုးသစ္စာဖြင့် မျိုးရှိသည်မဟုတ်၊ ဒုက္ခသမုဒယတို့၏ရင်း, နိရောဓမဂ္ဂတို့၏ရင်း အညီအညွတ်တကွမဖြစ်ခြင်းကြောင့် အကျိုးသစ္စာသည် အကြောင်းသစ္စာမှ ဆိတ်သည်လည်း ဖြစ်၏။

သမဝါယဝါဒီ တိတ္ထိတို့၏အယူ၌ ပရမာဏုမျိုကဲ့သို့ သိမ်မွေ့သော ပထဝီစသော မဟာဘုတ်ဟု ဆိုအပ်သော အကြောင်းနှစ်ခုရှိသော တခုသောအကျိုး စသည်သည် အကြောင်းနှင့်တကွ တည်သည်၊ အကြောင်းနှင့်တကွ တခုတည်းကဲ့သို့ဖြစ်၍ စပ်သည်ဖြစ်သကဲ့သို့ အကြောင်း၏ အကျိုးသစ္စာသည် အကြောင်းသစ္စာနှင့်တကွ တည်သည်၊ တခုတည်းကဲ့သို့ဖြစ်၍ စပ်သည်မဖြစ်၊ ထို့ကြောင့်—

**"တယမိဒ နိရောဓသုညံ၊**
**တယေန တေနာပိ နိဗ္ဗုတိ သုညာ။**
**သုညော ဖလေန ဟေတု၊**
**ဖလမ္ပိ တံဟေတုနာ သုညံ"**။

ဟူ၍ ဟောတော်မူပြီ။

"ဤသစ္စာလေးပါး၌ ဒုက္ခ,သမုဒယ, မဂ္ဂသစ္စာသုံးပါး အပေါင်းသည် နိရောဓသစ္စာမှ ဆိတ်၏၊ နိရောဓသစ္စာသည်လည်း ထိုဆိုအပ်ပြီးသော သစ္စာသုံးပါးမှ ဆိတ်၏၊ အကြောင်းသစ္စာသည် အကျိုးသစ္စာမှ ဆိတ်၏၊ ထိုအကျိုးသစ္စာသည်လည်း ထိုအကြောင်းသစ္စာမှ ဆိတ်၏"။

သုညတ အဆုံးအဖြတ် ပြီး၏။

---

## ကေဝိဓာဒိဝိနိစ္ဆယ

၅၆၈။ **"ဧကဝိဓာဒိတို့ဖြင့်"** ဟူသည်ကား—ဤသစ္စာလေးပါးတို့တွင် အလုံးစုံသော ဒုက္ခဟူသမျှသည် သံသရာ၏ ကြိမ်ဖန်ထပ်ထပ် မပြတ်မလတ် ဖြစ်တတ်သော သဘော

ကြောင့် တပါးသောအဘိုရှိ၏၊နာမ်,ရုပ်အားဖြင့် နှစ်ပါး အပြားရှိ၏၊ ကာမ, ရူပ, အရူပ ဟူသော ဥပပတ္တိ အပြား အားဖြင့် သုံးပါးရှိ၏၊ လေးပါးသော အာဟာရအားဖြင့် လေးပါးရှိ၏၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၏ အပြား အားဖြင့် ငါးပါးအပြားရှိ၏။

သမုဒယသစ္စာသည်လည်း ပဝတ္တိဟု ဆိုအပ်သော ဒုက္ခသစ္စာကို ဖြစ်စေတတ်သော သဘောအားဖြင့် အဘိုတပါးသာရှိ၏၊ ဒိဋ္ဌိ- သမ္ပယုတ်, ဒိဋ္ဌိဝိပ္ပယုတ်အားဖြင့် နှစ်ပါးရှိ၏၊ ကာမတဏှာ, ဘဝ တဏှာ, ဝိဘဝတဏှာအားဖြင့် သုံးပါးရှိ၏၊ မဂ်လေးပါးတို့သည် ပယ်အပ်သည်၏အဖြစ်အားဖြင့် လေးပါးရှိ၏၊ ရူပါရုံ၌တပ်သော တဏှာအစရှိသောအပြားအားဖြင့် ငါးပါးအပြားရှိ၏၊ ခြောက် ပါးသော တဏှာကာယ အပြားအားဖြင့် ခြောက်ပါးရှိ၏။

နိရောဓသစ္စာသည်လည်း အသင်္ခတဓာတ်၏အဖြစ်ဖြင့် တပါး တည်းသာ ရှိ၏၊ အကြောင်း အမြွက်အားဖြင့်ကား—ဥပါဒါနက္ခန္ဓာ ဟု ဆိုအပ်သော ကိလေသာတို့မှ ကြွင်းသည်နှင့်တကွဖြစ်သော "သဉပါဒိသေသ နိဗ္ဗာနဓာတ်" ဥပါဒါနက္ခန္ဓာ ဟူသော ကိလေ သာတို့မှ အကြွင်းမရှိသော "အနုပါဒိသေသ နိဗ္ဗာနဓာတ်" အားဖြင့် နှစ်ပါးရှိ၏၊ ဘဝသုံးပါးအပေါင်း၏ ငြိမ်းရာ၏အဖြစ်ဖြင့် သုံးပါး ရှိ၏၊ မဂ်လေးပါးတို့သည် သိအပ်သည်၏ အဖြစ်ဖြင့် လေးပါးရှိ၏၊ ရူပါရုံ၌တပ်သော တဏှာစသည်တို့၏ ငြိမ်းရာ၏ အဖြစ်ဖြင့် ငါးပါးရှိ၏၊ ခြောက်ပါးသော တဏှာကာယတို့၏ ငြိမ်းရာ,ကုန်ရာ၏အဖြစ်ဟူသော အပြားအားဖြင့် ခြောက်ပါးရှိ၏။

မဂ္ဂသစ္စာသည်လည်း ပွါးစေအပ်သည်၏အဖြစ်ဟူသော သာ- မညလက္ခဏာအားဖြင့် တပါးတည်းသာ ရှိ၏၊ သမထ,ဝိပဿနာ အပြားအားဖြင့် နှစ်ပါးရှိ၏၊ ဝါ-ဒဿန, ဘာဝနာအပြားအားဖြင့် နှစ်ပါးရှိ၏၊ သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓသုံးပါးတို့၏ အပေါင်းအားဖြင့် သုံးပါးရှိ၏၊ထိုစကားသင့်စွ-ဤမဂ်ကို သီလက္ခန္ဓ စသည်တို့၏ အစိတ်၏အဖြစ်ကြောင့် မှီကို မင်း၏နေပြည်တော်

နိုင်ငံဖြင့် ရေတွက်အပ်သကဲ့သို့ ကြွင်းသော အစိတ်မရှိကုန်သော ခန္ဓာသုံးပါးတို့ဖြင့် ရေတွက်အပ်၏၊ ဘုရားအဘယ်သို့ ဟောတော်မူသနည်း—

"န ခေါ အာဝုသော ဝိသာခ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန တယော ခန္ဓာ သင်္ဂဟိတာ၊ တီဟိ စ ခေါ အာဝုသော ဝိသာခ ခန္ဓေဟိ အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ဂဟိတော၊ ယာ စာဝုသော ဝိသာခ သမ္မာဝါစာ၊ ယော စ သမ္မာကမ္မန္တော၊ ယော စ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ၊ ယော စ သမ္မာဝါယာမော၊ ယာ စ သမ္မာသတိ၊ ယော စ သမ္မာသမာဓိ၊ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ၊ ယာ စ သမ္မာဒိဋ္ဌိ၊ ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ"။

"အို-ဒါယကာဝိသာခ အရိယာဖြစ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောမဂ်ဖြင့် ခန္ဓာသုံးပါးတို့ကို စင်စစ်မရေတွက်အပ်ကုန်၊ ခန္ဓာသုံးပါးတို့ဖြင့်သာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ကို စင်စစ်ရေတွက်အပ်၏၊ အို ဒါယကာဝိသာခ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ-အာဇီဝ သုံးပါးတို့ကို သီလက္ခန္ဓဖြင့် ရေတွက်အပ်ကုန်၏၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ သုံးပါးတို့ကို သမာဓိက္ခန္ဓဖြင့် ရေတွက်အပ်ကုန်၏၊ သမ္မာဒိဋ္ဌိ, သမ္မာ-သင်္ကပ္ပ နှစ်ပါးတို့ကို ပညာက္ခန္ဓဖြင့် ရေတွက်အပ်ကုန်၏"။

ဟု ဟောတော်မူပြီ။

ဤမဂ္ဂင်ရှစ်ပါး၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဤသုံးပါးတို့သည် သီလပင်တည်း၊ ထို့ကြောင့် ထိုသုံးပါးတို့ကို ဝစီဒုစရိတ ဝိရတီစသော အပြားတို့၌တူသော သီလဇာတိအားဖြင့် သီလကျေးဇူးဟူသော သီလက္ခန္ဓဖြင့် ရေတွက်အပ်ကုန်၏၊ ထိုစကားမှန်၏—ပါဠိတော်၌ "သီလက္ခန္ဓေ" ဟု သတ္တမီဝိဘတ်ဖြင့်ညွှန်ခြင်းကို အကယ်၍ကား ပြုအပ်၏၊ သို့သော်လည်း

တတိယာ ဝိဘတ်၏ အစွမ်းဖြင့်သာလျှင် **အနက်သဘောကို သိအပ်၏။**

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ သုံးပါးတွင် သမာဓိသည် **မိမိ၏သဘောအားဖြင့်** အာရုံ၌ တခုတည်းသော အာရုံ၌ တည်ကြည်သည်၏အဖြစ်ဖြင့် သက်ဝင်ခြင်းငှါ မစွမ်းနိုင်၊ သို့သော်လည်း ဝီရိယသည် သမ္မယုတ်တရားတို့ကို ချီးပင့်ခြင်းကိစ္စကို ပြီးစေသည်ရှိသော် ရအပ်သော ကျေးဇူးပြုခြင်းရှိသည်ဖြစ်၍ သက်ဝင်ခြင်းငှါ စွမ်းနိုင်၏။

ထိုသို့ စွမ်းနိုင်ရာ၌ နှိုင်းပြစရာ ဥပမာကား-နက္ခတ်သဘင် ပျော်ပွဲဆင်၍ တွင်တွင်ကြီးကစားကြမည်ဟု ဥယျာဉ်သို့ဝင်ကုန်သော မိတ်ဆွေ သုံးယောက်တို့တွင် ပဌမလူက လှိုင်လှိုင်ပွင့်သော စကားပင်ကိုမြင်၍ လက်လှမ်းခူးရာ မမှီနိုင်သဖြင့် ဒုတိယလူက ခါးကုန်းပေး၍ မိမိ ကျောက်ကုန်းပေါ်သို့ တက်စေ၏၊ ပဌမလူသည် ဒုတိယလူ၏ ကျောက်ကုန်းပေါ်၌ တက်ရပ်ပြီး ဆွတ်ခူးရာ မြဲမြံခိုင်ခံ့စွာ ငြိမ်ငြိမ်ရပ်မနေနိုင်ဘဲ တုန်တုန်ရီရီ ဖြစ်နေသဖြင့် ပန်းခူး၍ မရနိုင်ဖြစ်နေစဉ် တတိယလူက မိမိပခုံးစွန်းကိုကိုင်ရန် ဒုတိယလူ၏ အနားမှာကပ်လျက် ရပ်တည်ပေး၏၊ ပဌမလူသည် ဒုတိယလူ၏ ကျောက်ကုန်းပေါ်၌ရပ်လျက် တတိယလူ၏ ပခုံးစွန်းကို လက်တဘက်ကကိုင်၍ လိုသောပန်းပွင့်ကို ဆွတ်ခူးပြီးလျှင် မိတ်ဆွေသုံးယောက်လုံး ပန်ဆင်ကြလျက် နက္ခတ်သဘင် ပျော်ရွှင်စွာ ကစားကြရကုန်သကဲ့သို့ ထို့အတူ ဤဥပမာ၏ ပြည့်စုံခြင်းကို မှတ်အပ်၏။

တူပုံကား-တပေါင်းတည်း ဥယျာဉ်သို့ဝင်ကုန်သော မိတ်ဆွေ သုံးယောက်ကဲ့သို့ တပေါင်းတည်းဖြစ်ကုန်သော သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤတရားသုံးပါးတို့ကို မှတ်အပ်ကုန်၏၊ ကောင်းစွာပွင့်သော စကားပင်ကဲ့သို့ အာရုံကို မှတ်အပ်၏၊ ပန်းပွင့်ကို လက်လှမ်းခူးသော ပဌမမိတ်ဆွေကဲ့သို့ မိမိ၏ သဘောအားဖြင့် အာရုံ၌ တခုတည်းသော အာရုံ၌ တည်ကြည်သည်၏ အဖြစ်ဖြင့် သက်ဝင်ခြင်းငှါ မစွမ်းနိုင်သောသမာဓိကို မှတ်အပ်၏၊

ခါးကုန်းပေးသော ဒုတိယမိတ်ဆွေကဲ့သို့ သမ္မာဝါယာမကို မှတ်အပ်၏၊ ပခုံးကိုကိုင်ရန် အနားကရပ်နေသော တတိယမိတ်ဆွေကဲ့သို့ သမ္မာသတိကို မှတ်အပ်၏။

ထိုမိတ်ဆွေ သွေးသောက် သုံးယောက်တို့တွင် ဒုတိယမိတ်ဆွေ၏ ကျောက်ကုန်းပေါ်၌ ရပ်၍ တတိယမိတ်ဆွေ၏ ပခုံးကိုကိုင်လျက် ပန်းဆွတ်ခူးသော ပဌမမိတ်ဆွေသည် အလိုရှိတိုင်း ပန်းကိုခူးခြင်းငှါ စွမ်းနိုင်သကဲ့သို့ ဝီရိယသည် ချီးမြှောက်အပ်သော ကိစ္စကို ပြီးစေသည်ရှိသော် သတိသည်လည်း မမေ့မလျော့ခြင်း, နိုင်မာစေခြင်းကိစ္စကို ပြီးစေသည်ရှိသော် အထောက်အပံ့ ရရှိသည်ဖြစ်၍ သမာဓိသည် အာရုံ၌ မပျံ့လွင့်ခြင်း တည်ကြည်ခြင်းအဖြစ်ဖြင့် သက်ဝင်ခြင်းငှါ စွမ်းနိုင်၏၊ ထို့ကြောင့် ဤသုံးပါးသော တရားတို့တွင် သမာဓိကိုသာလျှင် သဝိတက္က သဝိစာရစသည် ပြားသော သမာဓိတို့၌တူသော သမာဓိ၏ သမာဓာန သဘောဟူသော ဇာတ်အားဖြင့် သမာဓိက္ခန္ဓဖြင့် ရေတွက်အပ်၏၊ သမ္မာဝါယာမ သမ္မာသတိတို့သည်ကား သမာဓိအား ကျေးဇူးပြုသော သမာဓိအား လျော်သော ကိစ္စအားဖြင့် သမာဓိက္ခန္ဓဖြင့် ရေတွက်အပ်ကုန်၏။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့တွင်လည်း ပညာသည် မိမိ၏ သဘောအားဖြင့် အနိစ္စ,ဒုက္ခ, အနတ္တဟု အာရုံကို မဆုံးဖြတ်နိုင်၊ ဝိတက်သည်ကားခေါက်၍ခေါက်၍ ပေးသည်ရှိသော်သာ ဆုံးဖြတ်ခြင်းငှါ စွမ်းနိုင်၏၊ အဘယ်သို့ စွမ်းနိုင်သနည်း၊ပွဲစားသည် ငွေကို လက်ဝါးဘွင် တင်ထား၍ အလုံးစုံသောအဘို့တို့၌ ကြည့်လိုသော်လည်း မျက်စိအပြင်ဖြင့်သာလျှင် ထိုမှ ဤမှ ထက်အောက်ဘယ်ညာ ပြန်လှန်ခြင်းငှါ မတတ်နိုင်၊ လက်ချောင်းတို့ဖြင့်သာ လှန်၍ လှန်၍ ဤမှ ထိုမှလည်း ကြည့်ခြင်းငှါ စွမ်းနိုင်သကဲ့သို့ ထို့အတူ ပညာသည် မိမိ၏သဘောအားဖြင့် အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် အာရုံကို ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်။

သို့သော်လည်း သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေးရှု တက်စေခြင်း လက္ခဏာရှိသော ရှေးရှု ခေါက်ခြင်း အဖန်တလဲလဲ

ခေါက်ခြင်း ထက်ဝန်းကျင် ခေါက်ခြင်းကိစ္စရှိသော ဝိတက်သည် အနိစ္စ အနိစ္စစသည်ဖြင့် ပညာ၏ကိစ္စနှင့်တူသော ကိစ္စဖြင့် ထက်ဝန်းကျင်မှ အဖန်တလဲလဲ ခေါက်သကဲ့သို့၎င်း, "အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန" စသည်ဖြင့် လှန်လှောသကဲ့သို့၎င်း, ကြံ၍ကြံ၍ ပေးအပ်သော အာရုံကိုသာလျှင် ပညာသည် ဆုံးဖြတ်ခြင်းငှါ စွမ်းနိုင်၏၊ ထို့ကြောင့် ဤသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့တွင်လည်း သမ္မာဒိဋ္ဌိကိုသာလျှင်"ဒုက္ခေ ဉာဏံ"စသည်တို့၌ တူသော ပဇာနနသဘောဟူသော ပညာ၏ဇာတ်အားဖြင့် ပညာက္ခန္ဓဖြင့် ရေတွက်အပ်၏၊ သမ္မာသင်္ကပ္ပသည်ကား ပညာ၏ကိစ္စနှင့် တူသော ကိစ္စအားဖြင့် ရေတွက်ခြင်းသည် ဖြစ်၏။

ဤသို့ ဤခန္ဓသုံးပါးတို့ဖြင့် မဂ်သည်ရေတွက်ခြင်းသို့ ရောက်၏၊ ထို့ကြောင့် ခန္ဓသုံးပါးတို့၏အပေါင်း၏ အပြားအားဖြင့် သုံးပါးရှိ၏ဟူ၍ ဆိုခဲ့ပြီ၊ သောတာပတ္တိမဂ် စသည်တို့၏အစွမ်းအားဖြင့် ပင်လျှင် လေးပါးအပြားရှိ၏၊ တနည်းလည်း–အလုံးစုံရှိရှိသမျှသော သတ္တဝါတို့သည် မဖောက်မပြန်မှန်သည်၏အဖြစ်ကြောင့်၎င်း, ရှေးရှုမျက်မှောက် သိအပ်သည်၏ အဖြစ်ကြောင့်၎င်း အဘိုတပါးသာရှိကုန်၏၊ လောကီသစ္စာ, လောကုတ္တရာ သစ္စာအားဖြင့်၎င်း, သင်္ခတ,အသင်္ခတအားဖြင့်၎င်း နှစ်ပါးရှိကုန်၏၊ ဒဿန, ဘာဝနာတို့ဖြင့် ပယ်အပ်သည်၏ အဖြစ်အားဖြင့်၎င်း, မပယ်အပ်သည်၏ အဖြစ်အား၎င်း သုံးပါးရှိကုန်၏၊ ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ,ဘာဝေတဗ္ဗအပြားအားဖြင့် လေးပါးအပြား ရှိကုန်၏။

ကောဋ္ဌ စသည်တို့၏ အဆုံးအဖြတ် ပြီး၏။

---

၅၆၉။ **"သဘာဂ, ဝိသဘာဂအားဖြင့်"**ဟူသည်ကား–အလုံးစုံသော သစ္စာတို့သည် အချင်းချင်း တူသော သဘောရှိကုန်၏၊ အဘယ့်ကြောင့်နည်း၊ မဖောက်မပြန် မှန်ကန်သည်၏ အဖြစ်ကြောင့်၎င်း, အတ္တမှဆိတ်သည်၏ အဖြစ်ကြောင့်၎င်း,ထိုးထွင်း၍ သိခြင်းငှါ ခဲယဉ်းသည်၏ အဖြစ်

ကြောင့်ရင်းတည်း။ ဘုရား အဘယ်သို့ ဟောတော်မူသနည်း—

"တံ ကိံ မညသိ အာနန္ဒ ကတမံ နု ခေါ ဒုက္ကရတရံဝါ၊ ဒုရဘိသမ္ဘဝတရံ ဝါ၊ ယော ဝါ ဒူရတော သုခုမေန တာဠစ္ဆိဂ္ဂဠေန အသနံ အတိပါတေယျ ပေါင်္ခါနုပေါင်္ခံ အဝိရာဓိတံ၊ ယော ဝါ သတဓာ ဘိန္နဿ ဝါလဿ ကောဋိယာ ကောဋိံ ပဋိဝိဇ္ဈေယျာတိ။ ဧတဒေဝ ဘန္တေ, ဒုက္ကရတရဉ္စေဝ ဒုရာဘိသမ္ဘဝတရဉ္စ၊ ယော ဝါ သတဓာ ဘိန္နဿ ဝါလဿ ကောဋိယာ ကောဋိံ ပဋိဝိဇ္ဈေယျာတိ။ တတော ခေါ တေ အာနန္ဒ ဒုပ္ပဋိဝိဇ္ဈတရံ ပဋိဝိဇ္ဈန္တိ, ယေ ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဋိဝိဇ္ဈန္တိ....(လ)....အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဋိဝိဇ္ဈန္တိ"တိ။

"အိုအာနန္ဒာ,အကြင် စကားကို ငါဘုရား ဟောကြားတော်မူမည်၊ ထိုစကားကို သင်အဘယ်သို့မှတ်ထင်မည်နည်း၊ အိုအာနန္ဒာ, အကြင်သူသည် အဝေးကြီးကနေ၍ အလွန်ကျဉ်းသော သံကောက်ပေါက်ဖြင့် မြှားကို အဆင့်ဆင့်ပစ်လွှတ်ရာ၏၊ အကြင်သူ တယောက်သည်မူလည်း အစိတ်တရာ စိတ်အပ်သော သားမြီး၏မြှားဖျား၌ တစ်အပ်သော သားမြီးစွန်းဖြင့် အခြားသားမြီးစွန်းတခုကို တွေ့စပ်မိအောင် ပစ်ရာ၏၊ထိုလေးသည်ကျော်နှစ်ဦးတို့တွင် အဘယ်သူ၏အဘယ်အမှုသည် အလွန်ပြုနိုင်ခဲသနည်း၊ ဖြစ်စိမ့်ပြီးစိမ့်သောငှါ အလွန်တတ်နိုင်ခဲသနည်း" ဟု မြတ်စွာဘုရား မေးတော်မူ၏။ "ရှေ့ဘုန်းတော်ရှင်သခင်ဘုရား, အကြင်သူ ဒုတိယလူသည် အစိတ်တရာစိတ်အပ်သော သားမြီးစွန်းဖြင့် အခြားသားမြီးစွန်းတခုကို တွေ့စပ်မိအောင်ပစ်ရာ၏၊ ထိုဝါလဝေဓိ လေးသည်ကျော်၏ ထိုအမှုသည်သာလျှင် အလွန်ပြုနိုင်ခဲပါသည်၊ ဖြစ်စိမ့်ပြီးစိမ့်သောငှါ အလွန်စွမ်းနိုင်ခဲပါသည်ဘုရား" ဟု လျှောက်သည်ရှိသော် "အို-အာနန္ဒာ, အကြင် သူတို့သည် ဤ တဏှာကြဉ်သော

တေဘုမ္မကတရားသည် ဒုက္ခသစ္စာမည်၏ဟု မဖောက်မပြန် အမှန်အကန် ထိုးထွင်း၍ သိကုန်၏၊....(လ)....ဤသမ္မာဒိဋ္ဌိစသော အရိယမဂ်သည် ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်း အကျင့်မြတ်မည်၏ဟု မဖောက်မပြန် မှန်မှန်ကန်ကန် ထိုးထွင်း၍ သိကုန်၏၊ သစ္စာလေးထွေ ခွဲဝေတိတိ အမှန်သိနိုင်သော ထိုသူတို့သည်သာလျှင် ထိုဝါလဝေဓိလေးသည်ကျော်၏အမှုထက် စင်စစ်ခဲယဉ်းကုန်၏၊ အလွန်ထိုးထွင်း၍ သိနိုင်ခဲသည်ကို ထိုးထွင်း၍ သိပေကုန်၏''ဟု မိန့်တော်မူ၏။

ဟူ၍ ဟောတော်မူပြီ။

မိမိမိမိတို့၏ လက္ခဏာတို့ကို ပိုင်းခြားခြင်းအားဖြင့် တူသော သဘောရှိသည်မဟုတ်ကုန်၊ တနည်း–ရှေးဖြစ်ကုန်သော ဒုက္ခ, သမုဒယသစ္စာနှစ်ပါးတို့သည် ဗိဋ္ဌနစသော အာယူဟနစသော သဘောအားဖြင့် "ဤကား ဒုက္ခ၊ ဤကား ဒုက္ခဖြစ်ကြောင်း"ဟု အမှန်အကန်အားဖြင့် သက်ဝင်ခြင်းငှါ ခဲယဉ်းသည်ဖြစ်၍ နက်နဲသည်၏အဖြစ်ကြောင့်၎င်း, လောကီနှင့်သာ စပ်သည်၏အဖြစ်ကြောင့်၎င်း, အာသဝေါတို့၏ တည်ရာဖြစ်သောကြောင့်၎င်း ဟူသောသဘောရှိကုန်၏၊ အကျိုးအကြောင်းအထူးအားဖြင့်၎င်း, ပိုင်းခြား၍ သိခြင်း ပယ်ခြင်းအားဖြင့်၎င်း တူသောသဘော မရှိကုန်။

နောက် ဖြစ်ကုန်သော နိရောဓသစ္စာ မဂ္ဂသစ္စာ နှစ်ပါးတို့သည်လည်း သဏှ သုခုမ ဓမ္မဖြစ်၍ တရားကိုယ် သရုပ်အားဖြင့်ပင် နက်နဲသည်၏အဖြစ်ဖြင့် သက်ဝင်ခြင်းငှါ ခဲယဉ်းသည်၏အဖြစ်ကြောင့်၎င်း, လောကုတ္တရာ၏ အဖြစ်ကြောင့်၎င်း, အာသဝေါ ကင်းသည်၏အဖြစ်ကြောင့်၎င်း တူသောသဘောရှိကုန်၏၊ ဝိသယ ဝိသယီ အပြားအားဖြင့်၎င်း, မျက်မှောက်ပြုအပ် ပွါးများအပ်သောအားဖြင့်၎င်း တူသော သဘောရှိသည်မဟုတ်ကုန်၊ ဝါ- သဘောမတူကုန်။

ဒုက္ခသစ္စာ နိရောဓသစ္စာ နှစ်ပါးတို့သည်လည်း အကျိုးတရားဟူ၍ ညွှန်းအပ်သော အားဖြင့် သဘောတူကုန်၏၊ သင်္ခတ အသင်္ခတအားဖြင့် သဘောမတူကုန်၊ သမုဒယသစ္စာ မဂ္ဂသစ္စာ နှစ်ပါးတို့သည်လည်း အကြောင်းတရားဟူ၍ ညွှန်းအပ်သော အားဖြင့် သဘောတူကုန်၏၊စင်စစ် ကုသိုလ်,အကုသိုလ်အားဖြင့် သဘောမတူကုန်။

ဒုက္ခသစ္စာ မဂ္ဂသစ္စာ နှစ်ပါးတို့သည်လည်း သင်္ခတအားဖြင့် သဘောတူကုန်၏၊ လောကီ လောကုတ္တရာအားဖြင့် သဘော မတူကုန်၊ သမုဒယသစ္စာ နိရောဓသစ္စာ နှစ်ပါးတို့သည်လည်း နေဝသေက္ခာ နာသေက္ခအားဖြင့် သဘောတူကုန်၏၊ သာရမ္မဏ အနာရမ္မဏအားဖြင့်သဘောမတူကုန်။ဤသို့သောအစဉ်ဖြင့်ဝင်း၊ ဤသို့ အထူးထူး အပြားပြားရှိသော နည်းတို့ဖြင့်ဝင်း ပညာရှိ သူတော်မြတ်သည် အရိယသစ္စာတို့၏ သဘောတူသော အဖြစ်, သဘောမတူသောအဖြစ်ကို သိအောင် ပြုရာ၏။

ဤသို့လျှင် သူတော်ကောင်းတို့ ဝမ်းမြောက်ခြင်းငှါ
ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်းပညာကို ပွါးရာ
အစီအရင်ကိုပြရာ၌ ဣန္ဒြိယသစ္စနိဒ္ဒေသ
အမည်ရှိသော ၁၆-ခုမြောက်
အပိုင်းသည် ပြီးပြီ။
ဣန္ဒြိယ သစ္စ နိဒ္ဒေသ ပြီး၏။

**ဒုတိယတွဲ ပြီးပြီ။**

## မြန်မာဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

# မှတ်သားဘွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကုသိုလ်မူလသုံးပါး | ၂၈၈ |
| အင်္ဂါကြီးငယ်သို့ လျှောက်သောလေ | ၁၅၉ |
| အင်္ဂါကိုလွန်ခြင်းမရှိ | ၁၀၅ |
| အင်္ဂုမုခမြေကိုက်အပ်သော | ၁၇၁ |
| အစာအာဟာရ၏တည်ရာ | ၁၁၇ |
| အစာရှာသွားသောအားဖြင့် | ၁၁၂ |
| အဇ္ဈတ္တိကဗာဟိရအထူး | ၁၇၃ |
| အဇ္ဈာသယ၏ အစွမ်းအားဖြင့် | ၄၃၇ |
| အတ္တအဖြစ်မှ ဆိတ်သည်၏အဖြစ် | ၄၄၁ |
| အတ္တဘောတခု၏ စုတိ | ၂၆၉ |
| အတ္တမှ ဆိတ်၏ | ၁၄၉ |
| အတင်ရှင်ဦး | ၄၀ |
| အထူးဝေဘန်သောအားဖြင့် | ၄၁၃ |
| အနမတဂ္ဂသုတ် | ၂၇ |
| အနာသဝဝေဒနာ | ၄၀၇ |
| အနီးကို ဝေးအောင်ပြုတော်မူ၏ | ၂၅၃ |
| အပ္ပနာဇောစိတ် | ၂၇၃ |
| အပ္ပနာသို့ရောက်သောစိတ် | ၃၆ |
| အဗျာကတတရားစု၌ အကျုံးဝင်၏ | ၁၄၅ |
| အမာဝကို ထိုးဆွသကဲ့သို့ | ၇၆ |
| အမျက်ဒေါသထွက်ခြင်း | ၁ |
| အမိုက်မှောင်ကြီးအတိ | ၂၇၉ |
| အရိယမဂ်၏ ရှေ့အဘို့ | ၄၄၄ |
| အရိယမည်သည်၏ အဖြစ် | ၄၅၇ |
| အရိယာဣဒ္ဓိတန်ခိုး | ၂၀၄ |
| [ အ ] | |
| အရှင်ရက္ခိတမထေရ် | ၁၉၁ |
| အရှင်သခင်ဖြစ်သော အမျက်ဒေါသ | ၁၇ |
| အလုံးစုံရှိသမျှဒုက္ခအပေါင်း | ၄၈၅ |
| အလျှုဝတ္ထုအလှူခံပုဂ္ဂိုလ် | ၃၅၇ |
| အသခေါ်ယျကပ်လေးကပ် | ၂၈၄ |
| [ အာ ] | |
| အာကာသနိမိတ်လျှင် အာရုံ | ၈၁ |
| အာဘဿရဗြဟ္မာ့ဘုံ | ၂၈၅ |
| အာရုံကိုယူခြင်း သဘောရှိသောကြောင့် | ၃၅၇ |
| အာဝိဘာဝပြာဋိဟာ | ၂၂၇ |
| အာသဝေါ၏အာရုံဖြစ်သော | ၄၀၆ |
| အာဟာရသမုဋ္ဌာန်ဓာတ် | ၁၇၆ |
| အာဋ္ဌာရ ရသေ့ | ၈၅ |
| [ ဣ-ဤ ] | |
| ဣဒ္ဓိဝိဓကို ပြီးစေရာ၌ | ၁၉၃ |
| ဣန္ဒမည်သောကံ | ၄၄၅ |
| ဣန္ဒြေဖောက်ပြန်ခြင်း | ၂၆၅ |
| ဣဿရ အကြောင်း | ၅၀၂ |
| ဤသုဘဝိမောက္ခလျှင် | ၇၃ |
| [ ဥ ] | |
| ဥတုသမုဋ္ဌာန်ဓာတ် | ၁၇၆ |
| ဥပက္ကိလေသမှ ကင်းသည် | ၂၆၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဉ ]** | |
| ဉပဒ္ဒဝေါ၏အကြောင်း | ၄၄၂ |
| ဉပပါတ်ဗြဟ္မာ | ၆၄ |
| ဉပါဒ် အပိုင်းအခြား | |
| ဘင်အပိုင်းအခြား | ၈၈ |
| ဉပါဒိဏ္ဏကရုပ်ကိုမှီ၍ | ၂၄၄ |
| ဉပေက္ခာဗြဟ္မဝိဟာရ | ၅၅ |
| ဉပ္ပတ္တိက္ကမဖြစ်စဉ် | ၄၁၁ |
| ဉယျာဉ်သို့ ဝင်ကုန်သော | |
| မိတ်ဆွေသုံးယောက် | ၅၁၀ |
| ဉဿဒ္ဒငရဲတဆယ့်ခြောက်ရပ် | ၁၃ |
| ဉီးခေါင်းရိုးကို ချိရွက်၍ | ၁၄၃ |
| **[ ဩ ]** | |
| ဩကာသလောက၏အစွမ်း | ၄၀၉ |
| ဩဠာရိကသုခုမအပြား | ၄၀၄ |
| **[ က ]** | |
| ကံသာလျှင်ဉစ္စာရှိသည့်အဖြစ် | ၁၈ |
| ကဋ္ဌမှုခမြေကိုက်အပ်သော | ၁၇၁ |
| ကပ္ပဋ္ဌိတိကဝေဒနာ | ၄၀၈ |
| ကဗဠီကာရအာဟာရ | ၁၁၀ |
| ကမ္မောဇတိုင်း | ၉၄ |
| ကမ္မာဖျက်မိုးကြီး | ၂၇၇ |
| ကမ္မဝိပါကဇဣဒ္ဓိတန်ခိုး | ၂၀၆ |
| ကမ္မသမုဋ္ဌာန်ခေတ် | ၁၇၆ |
| ကရဇရုပ်၌ အပြစ်ကိုမြင်၍ | ၇၇ |
| ကရုဏာနှင့်တကွ ဖြစ်သောစိတ် | ၄၉ |
| ကလာပ်အားဖြင့် | ၁၆၃ |
| ကသိဏာနုလောမ | ၁၀၆ |
| ကာမဂုဏ်ငါးပါးဟုဆိုအပ်သော | |
| အာလယ | ၄၆၃ |
| **[ က ]** | |
| ကာယဂတာသတိကမ္မဋ္ဌာန်း | ၁၃၇ |
| ကိလေသာမှ ကြွင်းသော | |
| ဉပါဒိနှင့်တကွ | ၄၉၆ |
| ကျက်ကျေပြီးသည့် အဖြစ်ဖြင့် | ၁၁၉ |
| ကြံဆအပ်သောအတ္တ | ၄၅၉ |
| ကြီးစွာသော ဖောက်ပြန်ခြင်း | ၁၇၀ |
| ကြေးမုံအပြင် စသည်၌ | ၃၆၄ |
| ကြောင့်ကြဗျာပါရ | |
| ပူခြင်းကင်းသည် | ၄၂၉ |
| **[ ခ ]** | |
| ခဏ၏အစွမ်းအားဖြင့် | ၄၀၁ |
| ခန္တီဝါဒဇာတ် | ၂၂ |
| ခပ်သိမ်းကုန်သော-ဟူသောစကား | ၃၉ |
| ခုနစ်ပါးသောအခြင်းအရာ | ၄၂ |
| ခြသေ့ အသွင် ဘုရားရှင် | ၄၈၉ |
| ခြောက်ပါးသော တဏှာကာယ | ၅၀၉ |
| **[ ဂ-င ]** | |
| ဂေါစရဇ္ဈတ္တ ဟူသော ကမ္မဋ္ဌာန်း | ၆၉ |
| ဂေါစရသေဝနအားဖြင့် | ၂၆၇ |
| ငါးကိစ္စ ငါးဌာန တပ်သော | ၃၆၅ |
| ငါးပါးအောက်မယုတ် | ၄၁၅ |
| ငါးပါးသောအခြင်းအရာ | ၄၂ |
| ငါးရာ့နှစ်ဆယ် ရှစ်သွယ်သော | |
| မေတ္တာ | ၄၃ |
| ငြိမ်သက်သောအားဖြင့် | ၉၈ |
| ငိုယိုသောမျက်နှာရှိကြသူ | ၁၆ |
| **[ စ ]** | |
| စကြဝဠာကုဋေ့ဘသိန်း | ၂၇၈ |
| စတုက္ကစျာန် ပဉ္စကစျာန်၏အစွမ်း | ၇၁ |

အက္ခရာစဉ် စာမျက်နှာ

[ စ ]

စမွေယျနဂါးမင်း ၂၅
စည်းဝေးသောရဟန်းသံဃာ ၉၃
စိတ်ကို ဆုံးမပြီးသောပုဂ္ဂိုလ် ၁၉၁
စိတ်ကို ထက်ဝန်းကျင်မှ
လောင်ခြင်း ၄၀၁
စိတ္တုပယောဂ၏အမည်တည်း ၃၅၀
စိတ္တလတောင်ကျောင်း ၄၆
စိတ္တသမ္ဘုန်ဓာတ် ၁၇၆
စူဠဓမ္မပါလဇာတ် ၂၂
စူဠသမုဒ္ဒမထေရ် ၂၅၂
စေတောပရိယအဘိညာဉ် ၂၆၃
စုန်သောလေအဖြစ် ၁၅၉

[ ဆ ]

ဆံပင်အစ ဦးဏှောက်အဆုံး ၁၆၀
ဆန္ဒလွန်ကဲသောသမာဓိ ၂၀၃
ဆေးစွမ်းကောင်းကဲ့သို့မဂ္ဂသစ္စာ ၅၀၄
ဆင်စွယ်ကြုတ်၊ ဆင်စွယ်ပုတီး ၉၉
ဆင်းရဲကို စီရင်ခြင်းမျှသာ ၄၃၁
ဆန်သောလေ၏ အဖြစ် ၁၅၉
ဆယ်ပါးသော အခြင်းအရာ ၁၁၁
ဆယ်ဘို့တဘို့သောသလေး ၂၀၃

[ ဇ-ဈ ]

ဇာတိသင်္ဂဟစသောအားဖြင့် ၁၇၄
ဇိရဏတေဇောဓာတ် ၁၂၉
ဇီဝိတိန္ဒြေ၏အကြောင်း ၄၂၂
ဈာနသမ္ပယုတ်ဖြင့်တွေ့၏ ၉၁
ဈာနာနုလောမ ၁၀၆
ဈာန်၏ ကွန့်မြူးစံပယ်ခြင်း ၃၅

[ ဉ ]

ဉာဏဝိပ္ပါရဂ္ဂဒ္ဒိတန်ခိုး ၂၀၁
ညောင်စောင်းလောက် ရှိသော
အရပ် ၂၄၁

[ တ ]

တစ္ဆေကြောက်တတ်သူ ၇၉
တဆယ့်လေးပါးသော
အခြင်းအရာ ၃၉၀
တဆယ့်လေးပါးကုန်သော
အခြင်းအရာ ၁၀၇
တန်ခိုး၏ဖြစ်ရာ ဘုံလေးပါး ၂၁၂
တန်ခိုး၏ဖြစ်ကြောင်းရှစ်ပါး ၂၁၅
တန်ခိုး ၁၀-ပါး ၁၉၀
တတိယာရူပ္ပသမာပတ် ၉၇
တပ်စွန်းကပ်ငြိတတ်သောရာဂ ၃၉
တပေါင်းလပြည့်နေ့ဉ်သာလျှင် ၂၀၁
တိက္ခပညာပုဂ္ဂိုလ် ၁၃၃
တိရောဘာဝပြာဋိဟာ ၂၃၂
တောင့်တ၍ မရကောင်းသော
ဝတ္ထု ၄၀၄

[ ထ ]

ထင်းကုလားတုံးနှင့် တူသောဥပမာ ၁၁
ထိတ်လန့်ခြင်းကို ဖြစ်စိမ့်
သောငှါ ၄၆၄
ထိုင်ခြင်း စသော ဣရိယာပုထ် ၂၂၅

[ ဒ ]

ဒါဟတေဇောဓာတ် ၁၂၉
ဒိဗ္ဗသောတဓာတ် ၂၆၀
ဒုက္ခ၏ဆုံးရာနိဗ္ဗာန် ၄၀၆
ဒုက္ခသမင်္ဂီပုဂ္ဂိုလ် ၄၅၀

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ ဒ-ဓ ] | |
| ဒုတိယနေဝန်း ထွက်ပေါ်သောခါ | ၂၇၈ |
| ဒေဝါယတနခေါ်သကဲ့သို့ | ၉၂ |
| ဒေသနာက္ကမဟောစဉ် | ၄၁၂ |
| ဒေါင်းမြီးစည်းကဲ့သို့ | ၁၁၃ |
| ဓမ္မချည်းသာ ဖြစ်ပါလျက် | ၄၂၆ |
| ဓာတုဒေသနာ | ၄၃၃ |
| [ န ] | |
| နကုတောစိရုပ် | ၃၅၅ |
| နန္ဒောပနန္ဒနဂါးမင်း | ၂၄၅ |
| နာတိတိက္ခပညာပုဂ္ဂိုလ် | ၁၃၅ |
| နာနတ္တကေတ္တနည်း | ၁၆၇ |
| နာမ်ရုပ်နှစ်ပါးသာဖြစ်ကုန်၏ | ၄၂၈ |
| နိပ္ဖန္နရုပ်တဆယ့်ရှစ်ခု | ၃၅၄ |
| နိဗ္ဗာန်အားလျော်သော သမ္မာပဋိပတ် | ၄၉၀ |
| နိဗ္ဗိဒါဉာဏ်သို့ရောက်ခြင်း၄ါ | ၁၀၂ |
| နိရောဓဟုဆိုအပ်သောခယ | ၄၉၄ |
| နေရာဌာနဟူသော အနက်ကြောင့် | ၄၂၅ |
| နေဝစိတ္တနာဝစိတ္တမည်၏ | ၁၀၁ |
| နှလုံးတုန်ဆတ် အသည်းပြတ်မျ | ၄၀၄ |
| နှစ်ဆယ့်ခုနစ်ပါးသောသညာ | ၀၇ |
| နှစ်သက်စုံမက်မှုနန္ဒီ | ၃၉ |
| [ ပ ] | |
| ပကတိဝါဒပျိုသောတိတ္ထိ | ၅၀၇ |
| ပစ္စေကဗုဒ္ဓါတို့၏ဉာဏ်အမြင် | ၂၇၀ |
| ပဉ္စာရုံကို ခြင်းကိစ္စ | ၃၆၃ |
| ပဋိဃသညာတို့၏ချုပ်ခြင်းကြောင့် | ၈၄ |
| ပဋိပက္ခဖြစ်သော ကိလေသာ | ၄၉၇ |
| ပဋိပတ္တိက္ကမကျင့်စဉ် | ၄၁၁ |
| ပဋိသန္ဓေကို ခွါလှစ်၍ | ၂၇၂ |
| ပဋိသမ္ဘိဒါမဂ်၌ | ၃၆ |
| ပတ္တမြားအတွင်း မြကြိုးသွင်း | ၂၃၀ |
| ပဒါလတာမည်သောနွယ် | ၂၈၂ |
| ပရိညေယျစသောကိစ္စ | ၅၀၁ |
| ပလိဗောဓ ကြောင့်ကြကြီးငယ် | ၁ |
| ပဟာနပရိယာယ်ချည်း | ၄၉၀ |
| ပါကဋ္ဌပြာဋိဟာ | ၂၃၄ |
| ပါစကတေဇောဓာတ် | ၁၃၀ |
| ပိဋကပါတိကမထေရ် | ၃၁ |
| ပုတိမုခမြွေကိုက်အပ်သော | ၁၇၁ |
| ပုဗ္ဗဘာဂဖြစ်သောအကျင့် | ၄၄၈ |
| ပြီးစေအပ်သော အကျိုးအားဖြင့် | ၁၁၉ |
| ပွဲစားသည် ငွေကို လက်ဝါးတွင် တင်ထား၍ | ၅၁၂ |
| [ ဖ-ဗ ] | |
| ဖကျောင့်ရိုးကို ချိရွက်၍ | ၁၄၂ |
| ဖန်ဆင်းအပ်သော နိမ္မိတရုပ် | ၂၅၁ |
| ဖရိုဖရဲ မကျဲရအောင် | ၁၃၃ |
| ဖဿဟာရကို ပိုင်းခြား၍ သိအပ်၏ | ၄၁၉ |
| ဗာလပုထုဇဉ်တို့သည် မသိနိုင် | ၄၉၀ |
| ဗာဟိရကတိတ္ထိတို့သည် ကြံဆအပ်ကုန်သော | ၅၀၆ |
| ဗုဒ္ဓခေတ်သုံးပါး | ၂၇၅ |
| ဗြဟ္မဝိဟာရပေက္ခာ | ၆၈ |
| ဗြဟ္မာ့အဆင်းကိုမြင်၏ | ၂၅၇ |
| ဗြဟ္မာ့ဘုံတိုင်အောင် | ၂၅၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ဘ]** | |
| ဘဝအသစ်ကို ပြုခြင်း | ၄၇၇ |
| ဘဝတဏှာကိုလည်း မစွဲလမ်း | ၂၃၆ |
| ဘဝယောနိဂတိသတ္တာဝါသ | ၄၈၈ |
| ဘဝင်အစဉ်ပြတ်ခြင်းလျှင် | ၃၆၆ |
| ဘီလူးမဟုတ်သောမဟာဘုတ် | ၁၆၈ |
| ဘုံလေးဆင့်ရှိသောပြာသာဒ် | ၁၀၅ |
| ဘုန်းကံကြီးသူ ၅-ဦး | ၂၀၈ |
| ဘုရားရှင်တို့၏အောက်မေ့ခြင်း | ၂၇၁ |
| ဘူမိက္ကမ-ဘုံစဉ် | ၄၁၂ |
| ဘူရိဒတ်အမည်ရှိသောနဂါးမင်း | ၂၄ |
| **[မ]** | |
| မကွဲမပျက်သောရေ | ၂၄၀ |
| မကျက်မကျေသောအားဖြင့် | ၁၁၈ |
| မချွတ်မယွင်းသော သဘော | ၄၅၃ |
| မဂ်နှင့် ယှဉ်ကုန်သော မဂ္ဂင်ရှစ်ပါး | ၅၀၅ |
| မင်းကို အပြစ်မြင်သော်လည်း | ၁၀၈ |
| မဏ္ဍပ်၌ ဆုံသောယောကျ်ား | ၁၀၇ |
| မနောမယတန်ခိုး | ၂၅၉ |
| မနောမယဣဒ္ဓိတန်ခိုး | ၂၀၀ |
| မဟာဟတ္ထိပဒေါပမသုတ် | ၁၂၆ |
| မာတုပေါသကဇာတ် | ၂၆ |
| မိစ္ဆာအယူကို ရှေးသွားပြု၍ | ၃၆၀ |
| မိတ္တအာရုံ၌ ဖြစ်တတ်သောကြောင့် | ၅၇ |
| မိမိကအစိုးရသောအဖြစ် | ၄၅၄ |
| မိမိ၌ မေတ္တာကို ပွါးအပ်၏ | ၄ |
| မီးပွတ်ခုံကဲ့သို့ မှတ်အပ်၏ | ၄၄၁ |
| မုဒိတာကို ဖြစ်စေအပ်၏ | ၅၄ |
| မူလပဒတဆယ့်ခြောက်ပါး | ၂၁၁ |
| မေတ္တာ၏အကျိုးအာနိသင် | ၂၈ |
| **[မ]** | |
| မေတ္တာစေတောဝိမုတ္တိ | ၆၀ |
| မျက်စိသဖွယ်ဖြစ်သောမဂ်ဉာဏ် | ၄၉၅ |
| မြဲစွာစွဲယူခြင်း | ၁၂၈ |
| မြေကို ကြောက်တတ်သော ယောကျ်ား | ၇၇ |
| **[ယ-ရ]** | |
| ယမိုက်ပြာဋိဟာကိုပြ၍ | ၂၂၈ |
| ယိုစီး၍ ထွက်သောအားဖြင့် | ၁၂၀ |
| ရန်သူနှစ်သက်ဝမ်းသာကြောင်း | ၉ |
| ရသပထဝီကို ဖြစ်စေ၏ | ၂၈၀ |
| ရသမျှနှင့်ရောင့်ရဲလွယ်သော သန္တုဋ္ဌိ | ၅၀၃ |
| ရှုန့်ရင်းသော သင်္ခါရ | ၁၀၀ |
| ရုပ်အတ္တဘော နာမ်အတ္တဘော | ၄၄၇ |
| ရေဥပမာအားဖြင့် | ၁၀၃ |
| ရေမြှုပ်စိုင်ကဲ့သို့ မှတ်အပ်၏ | ၄၁၈ |
| ရှေးကဖြစ်ဘူးသောခန္ဓာအစဉ် | ၂၆၈ |
| ရှစ်ပါးသောသမာပတ် | ၁၈၂ |
| ရွာပျက်ကုန်းအရပ် | ၁၃၈ |
| ရွှေ့ရှားတတ်သော သံသရဏ သွေး | ၁၅၃ |
| **[လ]** | |
| လိမ္မာသောနွားသတ်သမား | ၁၂၅ |
| လိမ်းကျံသောအားဖြင့် | ၁၂၂ |
| လေဖြင့် ပျက်သောအခါ | ၂၈၆ |
| လေးဆယ့်နှစ်ပါးသော အခြင်းအရာ | ၁၃၁ |
| လောကဗျူဟာ | ၂၇၆ |
| လောကီအဘိညာဉ်ငါးပါး | ၁၈၅ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ လ ]** | |
| လောကုတ္တရာဖြစ်သောသတိ | ၅၀၀ |
| လျစ်လျူရှုအပ်သော | |
| မဇ္ဈတ္တပုဂ္ဂိုလ် | ၅၁ |
| လှည့်ဉပမာအဆုံးအမ | ၈ |
| **[ ဝ ]** | |
| ဝင်သက်ထွက်သက်လေ | ၁၅၉ |
| ဝင္ဆင်းရဲကို | |
| ဆောင်တတ်သည့်အဖြစ် | ၄၂၃ |
| ဝဋ်မှ နစ်သော နိရောဓ | ၄၆၃ |
| ဝဝတ္ထာန်ဆိုသည်ကား | ၁၂၄ |
| ဝါယောကသိုဏ်း၏အစွမ်း | ၂၅၅ |
| ဝိ ကုဗ္ဗနာဣဒ္ဓိတန်ခိုး | ၂၀၀ |
| ဝိညာဉ်ပေါင်းရှစ်ဆယ့်ကိုးပါး | ၃၆၇ |
| ဝိတက်ဖြင့် ရှေးရှုခေါက်၏ | ၈၀ |
| ဝိပါကဇိနမည်သော ရဟန္တာ | ၆၂ |
| ဝိပါက်မနောဓာတ် | ၃၆၂ |
| ဝိမုတ်ငါးပါးသို့မရောက်သောစိတ် | ၂၆၆ |
| ဝိဝဋ္ဋကပ် | ၂၇၄ |
| ဝိသာခသူကြွယ် | ၄၄ |
| ဝေဒနာဟူသော အနာရောဂါ | ၄၁၇ |
| ဝေရီပုဂ္ဂိုလ်သည်ပင်မရှိ | ၇ |
| ဝေဟပ္ဖိုလ်ဘုံကိုအာရုံ | ၂၈၇ |
| **[ သ ]** | |
| သံဝဋ္ဋကပ် | ၂၉၄ |
| သံသရာနှောင်အိမ် | ၄၅၅ |
| သခ်ၤတဓာတ် | ၄၃၆ |
| သခ်ၤါ ၂နဂါးမင်း | ၂၅ |
| သစ္စသဒ္ဒါ၏ ဖြစ်သင့်သောအနက် | ၄၆၁ |
| သစ္စာဉေ ယျ မြတ်ဓမ္မ | ၄၄၅ |
| သညာကိုပဓာနပြု၍ | ၈၂ |
| **[ သ ]** | |
| သညာဝေဒယိတနိရောဓဓာတ် | ၄၃၄ |
| သညာသည် ရောဂါနှင့်တူ၏ | ၉၆ |
| သည်းခံခြင်း၏အကျိုး | ၂ |
| သည်းခြေစသော အာသယ | ၁၁၇ |
| သတ္တဝါကို ဖမ်းကုန်၏ | ၁၆၉ |
| သတ္တဝါခြောက်ကောင်တို့ကဲ့သို့ | ၄၃၀ |
| သတ္တဝါသခ်ၤါရတို့ကို မြင်ရလျှင် | ၄၈၃ |
| သတ္တမုခမြေကိုက်အပ်သော | ၁၇၁ |
| သတ္တုဂုဏ်သတ္တိ | ၄၀ |
| သန္တပ္ပနတေဇောဓာတ် | ၁၂၉ |
| သပိတ်သုတ်သောဆီ | ၁၀၂ |
| သမဝါယဝါဒီတိတ္ထိ | ၅၀၈ |
| သမာဓိဘာဝနာ၏အကျိုး | ၁၈၁ |
| သမာဓိဝိပ္ဖါရဣဒ္ဓိတန်ခိုး | ၂၀၂ |
| သသမ္ဘာရဝိဘတ္တိဘာဝနာ | ၁၆၁ |
| သိမ်မွေ့သော မှုမှုန့်ကို | ၂၀ |
| သိမသမ္ဘေဒကိုပြု၍ | ၅၁ |
| သုံးဆောင်ခြင်းအားဖြင့် | ၁၁၅ |
| သုခသညာ လဟုကသညာ | ၂၅၅ |
| သုခုမရုပ်တဆယ့်ခြောက်ခု | ၃၅၃ |
| သုဘကိဏှာဗြဟ္မာ့ပြည် | ၂၈၇ |
| သောဏ္ဍသဟာယ ဟူ၍ ဆို၏ | ၅၂ |
| သားငယ်ရှိသော နွားမဝတ္ထု | ၄၇ |
| သားလေးယောက်တို့၌ | |
| ကျင့်သကဲ့သို့ | ၆၆ |
| သွေးအဆင်းကို ရှု၍ | ၂၆၄ |
| သျှင်မောဂ္ဂလာန်၏တန်ခိုး | ၂၄၉ |
| **[ ဟ ]** | |
| ဟလိဒ္ဒဝသနသုတ် | ၇၂ |
| ဟီနပဏီတအပြားကို | ၄၀၂ |
| ဟေတုကိစ္စ ပစ္စယကိစ္စ | ၄၀၂ |

အလိမ္မာ စာမှာရှိသည်

လူကောင်းလူတော် ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး စရိုက်ကောင်းများကို ဖော်ဆောင်မည့်

# မြန်မာပြန်ပိဋကတ်များကို ဖတ်ပါ

မြန်မာစာဖတ်တတ်သူတိုင်း ဗုဒ္ဓရှင်တော်ဘုရား၏ နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော်

၅၂—ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ

## မြန်မာပြန်ကျမ်းများ

| | | | | |
|---|---|---|---|---|
| ၁။ ဒီဃနိကာယ် | (သုတ္တန်) | ပါဒုံတ | (၃-ကျမ်း) | ၃-အုပ် |
| ၂။ မဇ္ဈိမနိကာယ် | (သုတ္တန်) | ။ | (၃-ကျမ်း) | ၃-အုပ် |
| ၃။ သံယုတ္တနိကာယ် | (သုတ္တန်) | ။ | (၅-ကျမ်း) | ၃-အုပ် |
| ၄။ အင်္ဂုတ္တရနိကာယ် | (သုတ္တန်) | ။ | (၁၁-ကျမ်း) | ၃-အုပ် |
| ၅။ ခုဒ္ဒကနိကာယ် (ကျမ်း-၃၀) မှ | | ဝိနည်း | (၅-ကျမ်း) | ၅-အုပ် |
| | | အဘိဓမ္မာ | (၈-ကျမ်း) | ၅-အုပ် |
| | | အခြားသုတ္တန် | (၁၄-ကျမ်း) | ၇-အုပ် |

**တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကြီး**

အတွဲ ၁၀ တွဲ ထွက်ပြီ။

**မဟာဗုဒ္ဓဝင်**

ဗုဒ္ဓဝင် ပထမတွဲ မှ ဆဋ္ဌမတွဲထိ (၆)တွဲ (၈)အုပ် ထွက်ပြီ။